
ရွှေဘိုမြို့
ပခန်းကျောင်းတိုက်၊ ပဓာန နာယက
နိုင်ငံတော်သံဃမဟာနာယက (အဖွဲ့ဝင်)

# ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ပရိယတ္တိသာသနဟိတ ဓမ္မာစရိယသာသနဓဇဓမ္မာစရိယ
ဒီဃနိကာယပါဠိပါရဂူအရှင်မြတ်
စီစဉ်ရေးသားသော

# အမျိုးသားဆိုင်ရာ ဓမ္မပဒဝတ္ထုများ

(၂) တွဲ



(သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅၊ ခရစ် ၂၀၀၃ ခုနှစ်)

ပန်းချီထွန်းသေ

ရွှေဘိုမြို့

ပုခန်းကျောင်းတိုက်၊ ပဓာန နာယက

နိုင်ငံတော်သံဃမဟာနာယက (အဖွဲ့ဝင်)

**ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ**

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ သာသနဓဇဓမ္မာစရိယ

ဒီဃနိကာယပါဠိပါဠိရဂူအရှင်မြတ်

စီစဉ်ရေးသားအပ်သော

# အမျိုးသားဆိုင်ရာ ဓမ္မပဒ ဝတ္ထုများ

( သာသနာ ၂၅၄၈၊ ကောဇာ ၁၃၆၆၊ ခရစ် ၂၀၀၅ ခုနှစ် )

အမှတ် ၂၇၂၆
သုတေသနစာကြည့်တိုက်

ပထမအကြိမ်

အုပ်ရေ ၁၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဦးစီးဌာနအတွက်
ဦးရဲမြင့် (မြ-၀၆၁၀၃) "ချမ်းသာ" ရောင်စုံပုံနှိပ်တိုက်၊
အမှတ် ၅၃/၆၊ ၅၅ လမ်း၊ ပုဇွန်တောင်မြို့နယ်တွင် ရိုက်နှိပ်၍
ညွှန်ကြားရေးမှူး ဦးညွန့်မောင်၊
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅)က ထုတ်ဝေသည်။

## ဤကျမ်းစာရိုက်နှိပ်ရာတွင် ကုန်ကျစရိတ်အားလုံးကို

ဗိုလ်မှူးကြီး စိုးမြင့်(ငြိမ်း) + ဇနီး ဒေါ်ချိုချိုသန်း မိသားစု၊ ရန်ကုန်။
ဘဒ္ဒန္တဓမ္မိက(လော)။
ဦးဘိုကြီး+ဒေါ်တင်နု မိသားစု၊ ရုပ်ပျိုဆေးတိုက်၊ ရွှေဘိုမြို့။
ဦးကျော်သန်း + ဒေါ်သန်းစိန် မိသားစု၊ (ရွှေပန်းတိမ် )၊ ရွှေဘို။
မောင်ထိန်လင်းသူ + မဥမ္မာလွင် မိသားစု၊ (တော်ဝင် ပိုးတွဲ)၊ ရွှေဘို။
တို့က ကုသိုလ်ပြုကြပါသည်။

## ဓမ္မပဒအဋ္ဌကထာ ပထမတွဲ
## အမျိုးသားဆိုင်ရာ ဝတ္ထုများ

## မာတိကာ

၁၃၇၁ -ခုနှစ်

၁။ ယမကဝဂ္ဂ

၁။ စက္ခုပါလထေရ် ဝတ္ထု (စက္ခုပါလထေရ်အကြောင်း)
သားဆုတောင်းခြင်း၊ သားရရှိခြင်း
ရှေးကဝင့်ကျွေးပြေးမလွတ်ခြင်း
မိန်းမအသံကြောင့် သီလပျက်စီးရခြင်း
ပြောင်းလွဲခြင်းမရှိသော သူတော်ကောင်းသဘော

၂။ မဋ္ဌကုဏ္ဍလီ ဝတ္ထု (နားဆောင်းချောရှိသူအကြောင်း) ၃၃
နှမြောလွန်းသူ
မရနိုင်တာကို တမ်းတ
စိတ်ကြည်ညိုရုံဖြင့် နတ်ပြည်ရောက်

၃။ တိဿထေရ် ဝတ္ထု ၅၀
ကိုယ့်ပြစ်မမြင် သူ့ပြစ်တင်ကိုယ်ပင်စိတ်ဆင်းရဲတွေ့

၄။ ကောသမ္ဗက ဝတ္ထု (ကောသမ္ဗီရဟန်းများအကြောင်း) ၅၃
စိတ်နေစခန်း မဖြောင့်တန်းရဟန်းကောသမ္ဗီ
အကောက်ဉာဏ်ဆင်ပြုပြောလျှင် မခင်ကွဲကြသည်
လက်နက်ကိုင်ဆင် ရန်သူပင် အစဉ်ညီညွတ်သည်
ဘုရားဟောပြ ဩဝါဒ လုံးဝမနာပြီ
အဖော်မမှီး တစ်ပါးတည်း ခရီးထွက်ခဲ့သည်
ပလလဲဆင် နေ့ညဥ့်ပင် ကုန်စင်ပြုစုပြီ
ဆွမ်းကို မပေး၊ စိတ်မလေး အရေးယူကြသည်
ဒကာများစွာ ညီညာစိတ်ဓာတ်၊ ဆွမ်းဒဏ်ခတ် ငတ်ပြတ်ကြတော့သည်
အငတ်မခံညီညွတ်ရန် စီမံကြတော့သည်

၅။ မဟာကာဠထေရ် ဝတ္ထု (ဦးညိုကြီးထေရ်အကြောင်း) ၇၀
လူ့အရိယာတို့နေထိုင်ကြပုံ
ကာမဂုဏ် အပြစ်
တကယ့် ဒုလ္လဘရဟန်း
ကမ်းပါးပြတ် သစ်ပင်ပမာ

၆။ ဒေဝဒတ္တ ဝတ္ထု ၈၆
ဘောဂ သမ္ပတ္တိ ပရိဝါရ သမ္ပတ္တိရပုံ
အမြင်မတော် ဆင်တော်နှင့်ခလောက်
သူယုတ်မာ၏ အကြံ
ဖန်ရည်ဆိုး အဝတ် ဝတ်သင့် မဝတ်သင့်
၇။ သာရိပုတ္တထေရ်ဝတ္ထု ၉၁
ဗျာဒိတ်ခံရာ ဘုရား နှစ်ကျိပ်လေးဆူ
ဗုဒ္ဓဝင် အကျဉ်း
ရေဖြည့်ခံအိုးကြီးဘဝမှ လက်ငင်အိုးဘဝ မပြောင်းနိုင်
ဘုရားကိုပင် မျက်နှာလိုက်သူထင်
ရသင့်လို့ ရကြသည်
၈။ နန္ဒတ္ထေရ ဝတ္ထု ၁၁၈
နတ်သမီးကို ရလိုလို့ တရားအားထုတ်
မိန်းမချော့တော့ပျော့
၉။ စုန္ဒသူကရိကဝတ္ထု (စုန္ဒဝက်သတ်သမားအကြောင်း) ၁၂၈
ငရဲမီးအပူရှိန်
ရက်စက်သမျှခံနေရ
အကုသိုလ်ကံ မကုန်သေးလျှင် မလွတ်
၁၀။ ဓမ္မိက ဉပါသက ဝတ္ထု (တရားရှိသော ဉပါသကာအကြောင်း) ၁၃၁
ဖြစ်လိုရာနတ်ပြည်၌ ဖြစ်နိုင်သည်
အနုဇာတ သားသမီးများ
၁၁။ ဒေဝဒတ္တ ဝတ္ထု ၁၃၅
ထမင်းဖြစ်ရာ မသိသူများ
မာနကို နှိမ်ချသူ
သူတစ်ပါးကောင်းစားသည်ကို မနာလို
ဒေဝဒတ်၏ မကောင်းကြံပုံများ
၁၂။ ဒွေသဟာယက ဘိက္ခုဝတ္ထု (ရဟန်းမိတ်ဆွေ နှစ်ပါးအကြောင်း) ၁၅၁
ကျမ်းတတ်နှင့် (ဝါ) စာတတ်နှင့် တရားတတ် ကွာခြားပုံ

## ၂။ အပ္ပမာဒဝဂ္ဂ


၁၃။ စူဠပန္ထက ထေရ် ဝတ္ထု (ပန္ထကငယ်ထေရ်အကြောင်း) ၁၅၅
သမီးကိုမချစ်သော်လည်း မြေးကိုချစ်ကြသည်
အခံစာတ်နှင့်အကြံပဟပ်မှအမြန်တရားကပ်ပုံ
၁၄။ ဗာလနက္ခတ္တ သဃုဋ္ဌသတ္တု ၁၆၈
(လူမိုက်တို့နက္ခတ်ကြွေးကြော်ခြင်းအကြောင်း)
ယခုလူမိုက်ရှေးကလူမိုက်ကိုမမီ
သူတော်ကောင်းတို့စောင့်ရှောက်ပုံ
၁၅။ မဟာကဿပထေရ်ဝတ္ထု ၁၇၀
မမေ့မလျော့သာနေပါ
၁၆။ ပမတ္တာပမတ္တဒွေသဟာယကဝတ္ထု ၁၇၁
(မမေ့လျော့မိတ်ဆွေ၊ မေ့လျော့မိတ်ဆွေနှစ်ဦးအကြောင်း)
ပရိယာယ်သမားနှင့် တကယ်သမား
၁၇။ အညတရဘိက္ခုဝတ္ထု (မထင်ရှားသောရဟန်းတစ်ပါးအကြောင်း) ၁၇၃
အမြင်ကိုဆင်ခြင်၍ တရားမြင်သူ
၁၈။ နိဂမဝါသီတိဿထေရ်ဝတ္ထု (နိဂုံးရွာနေ တိဿထေရ်အကြောင်း) ၁၇၄
အလိုနည်းပါးနိဗ္ဗာန်နား


## ၃။ စိတ္တဝဂ္ဂ


၁၉။ မေဃိယထေရ်ဝတ္ထု ၁၇၇
ဝိတက်တွေပွားဘုရားကာပြန်
၂၀။ အညတရဥက္ကဏ္ဌိတ ဘိက္ခုဝတ္ထု ၁၇၉
(မထင်ရှားသောငြီးငွေ့ရဟန်းတစ်ပါးအကြောင်း)
စိတ်တစ်ခုသာ စောင့်ရှောက်ပါ သင့်မှာချမ်းသာမည်
၂၁။ သံဃရက္ခိတ ဘာဂိနေယျ ထေ္ထရဝတ္ထု ၁၈၂
(တူဖြစ်သူသံဃရက္ခိတထေရ်အကြောင်း)
စိတ်ကူးနှင့်ပျော် ဦးရီးတော်ခေါင်းပေါ် ယပ်ရောက်သည်
၂၂။ စိတ္တဟတ္ထထေရ်ဝတ္ထု ၁၈၅
တကယ်ငြီးငွေ့ ကာမတွေ့ မမွေ့နိုင်တော့ပြီ
၂၃။ ပဉ္စသဟဘိက္ခုဝတ္ထု ၁၉၂
မေတ္တာစိတ်ဓာတ်လွှမ်းဖုံးလတ် လူနတ်ကူညီမည်
၂၄။ ပူတိဂတ္တတိဿထေရ်ဝတ္ထု (ကိုယ်ပုတ် တိဿထေရအကြောင်း) ၁၉၆
မိမိကံသာစီမံရာ ခံပါမိမိသာ
၂၅။ နန္ဒဝတ္ထု (နန္ဒနွားထိန်းသမားအကြောင်း) ၂၀၀
စိတ်နေမှားယွင်းထားမိခြင်း သေမင်းခေါ်လေပြီ

## ၄။ ပုပ္ဖဝဂ္ဂ


၂၆။ ပထဝီကထာပသုတ ပဉ္စသတဘိက္ခုဝတ္ထု ၂၀၂
(မြေကြီးကိုလေ့လာပြောသည့်ရဟန်းငါးရာအကြောင်း)
အတွင်းမြေကို သာလေ့လာပါ
၂၇။ မရီစိကမ္မဋ္ဌာနိကထေရ်ဝတ္ထု ၂၀၄
ရေမြုပ်စိုင်နှင့်တံလျှပ်ပမာ ဤခန္ဓာ
၂၈။ ဝိဋူဋဘဝတ္ထု ၂၀၅
သဒ္ဓါစောင့်ရှာအရှင်အာနန္ဒာ
ရဟန်းတော်များကပ်သင့်မကပ်သင့်
အကျွမ်းဝင်မှုနေသားကျ
သာကီဝင်တို့မာနကြောင့်ပျက်စီးရ
အတုန့်အပြန်ခံကြရသည်
စိတ်ထားတက်သည့်မိန်းမမြတ်
၂၉။ မစ္ဆရိယ ကောသိယသေဋ္ဌိဝတ္ထု ၂၂၄
(နှမြောသူကောသိယသူဌေးအကြောင်း)
ကြံဖန်နှမြောသူနှင့်ကြံဖန်ဆုံးမသူ
၃၀။ ပါဝေယျကာဇီဝကဝတ္ထု (ပါဝါပြည်သားတက္ကတွန်းအကြောင်း) ၂၃၀
သူများစကားမယောင်မှား ပြုလား-မပြုလား မစဉ်းစား, ပြုသင့်-မပြုသင့် ကိုယ်သာချင့်,
၃၁။ ဆတ္တပါဏိဥပါသကာဝတ္ထု (ထီးလက်ကိုင်ထားဥပါသကာအကြောင်း) ၂၃၃
အနာဂါမ်လူတို့၏မေတ္တာသဘော
မင်းတို့၏မာန
ရှိသေစွာနာယူမှုအကျိုးရှိ
၃၂။ အာနန္ဒထေရ်ပညာရှာဝတ္ထု ၂၃၇
သူတော်ကောင်းနံ့၊ တိုင်းလုံးနှံ့၊ သင်းပျံ့လှိုင်လေသည်။
၃၃။ မဟာကဿပထေရ်ပိဏ္ဍပါတဒိန္နဝတ္ထု ၂၄၀
(မဟာကဿပထေရ်အားဆွမ်းအလှူဝတ္ထု)
သာသနာတွင်းအလှူရှင်နှင့်သာသနာပအလှူရှင်တို့ကွာခြားပုံ
သီလရနံ့တိုင်းလုံးပျံ့
၃၄။ ဂေါဓိကထေရ် ပရိနိဗ္ဗာန်ဝတ္ထု (ဂေါဓိကထေရ်ပရိနိဗ္ဗာန်ပြုခြင်းအကြောင်း) ၂၄၅
ပရိနိဗ္ဗာန်စံသူ၏ဝိညာဏ်ကိုမာနတ်ရှာမတွေ့
၃၅။ ဂရဟဒိန္နဝတ္ထု ၂၄၉
တကယ်ယုံ၍တကယ်လုပ်သူ
တကယ့်ဘုရား

## ၅။ တာလဝဂ္ဂ


၃၆။ မဟာကဿပထေရ်သဒ္ဓိဝိဟာရိကဝတ္ထု ၂၅၈
(မဟာကဿပထေရ်၏အတူနေတပည့်အကြောင်း)
တကယ်တပည့်၊ ပရိယာယ်တပည့်
၃၇။ အာနန္ဒသေဋ္ဌိဝတ္ထု (အာနန္ဒာသူဌေးအကြောင်း) ၂၆၃
မစ္ဆေရအားကြီးသူတို့ဘဝ
မိမိကိုယ်သည်မိမိအတွက်မရှိ
၃၈။ ဂဏ္ဌိဘေဒကစောရဝတ္ထု (အထုပ်ဖြည်သူခိုးအကြောင်း) ၂၆၆
အတူနေသော်လည်း စိတ်ထားမတူ
မိမိကိုယ် မိမိမလိမ္မာမှန်းသိလျှင် လူလိမ္မာဖြစ်နိုင်
၃၉။ ဥဒါယိထေရ်ဝတ္ထု ၂၆၇
ဟင်းမွှေယောင်းမနှင့်တူသူ
၄၀။ တိံသမတ္တပါဝေယျကဘိက္ခုဝတ္ထု ၂၆၈
(ပါဝါပြည့်သားရဟန်း သုံးကျိပ်အကြောင်း)
လျှာ (ရှာ) နှင့်တူသူ
၄၁။ သုပ္ပဗုဒ္ဓ ကုဋ္ဌိဝတ္ထု (သုပ္ပဗုဒ္ဓလူနူအကြောင်း) ၂၆၉
ဥစ္စာအစစ်အမှန်ရှိသူ
မကောင်းပြု၍မကောင်းခံရ
၄၂။ ကဿကဝတ္ထု (လယ်လုပ်သားသမားအကြောင်း) ၂၇၂
စိတ်မရိုး၍ သူခိုးဖြစ်ရ
၄၃။ သုမနမာလာကာရဝတ္ထု (သုမနပန်းသည်အကြောင်း) ၂၇၅
သတ်လိုကသတ်စေတော့ ပူဇော်ရတော့မည်
၄၄။ ဇမ္ဗုကထေရ်ဝတ္ထု ၂၈၁
စိတ်ယုတ်မာ နှုတ်စကား ရဟန်းတရားမကယ်နိုင်
ကိုယ့်ပြစ်ဒဏ်ကိုယ်ခံရ
၄၅။ အဟိပေတဝတ္ထု ၂၉၁
သံဃာ့ဥစ္စာ ကြောက်စရာ ယခုဘဝအပြစ်ရ
၄၆။ သဋ္ဌိကူဋပေတဝတ္ထု (အထွတ်ခြောက်ဆယ်ပြိတ္တာ အကြောင်း) ၂၉၅
ကိုယ့်အတတ်ကိုယ့်ပြန်သတ်
၄၇။ စိတ္တဂဟပတိဝတ္ထု (စိတ္တသူကြွယ်အကြောင်း) ၂၉၉
အတုယူထိုက်သူနှင့် မစ္ဆရိယအားကြီးသောရဟန်း
၄၈။ ဝနဝါသီတိဿသာမဏေဝတ္ထု (တောနေတိဿ သာမဏေအကြောင်း) ၃၀၆
ဘဝမခြားဒါန၏ ကောင်းကျိုးတရားရသူ
လာဘ်ရဖို့အကျင့်နှင့် နိဗ္ဗာန်ရဖို့အကျင့်တခြားစီ

## ၆။ ပဏ္ဏာသတဝဂ္ဂ

၄၉။ ရာဓထေရ်ဝတ္ထု ၃၂၃
ဆွမ်းတစ်ဇွန်းကျေးဇူး
အပြစ်ကိုပြ၍ဆုံးမသူကို ဆည်းကပ်ရာ၏
၅၀။ အဿဇိပုနဗ္ဗသုကဝတ္ထု ၃၂၇
ဆုံးမသူကို သူတော်ကောင်းတို့နှစ်သက်
၅၁။ ဆန္နထေရ်ဝတ္ထု ၃၂၈
သခင်အားကိုးနှင့် ရမ်းသည်
၅၂။ မဟာကပ္ပိနထေရ်ဝတ္ထု ၃၃၀
အရပ်တိုင်းမှာ အကျွမ်းဝင်သူရှိမှ
သတင်းကောင်းကို ငွေပေးယူ
ရတနာအစစ်၊ သဒ္ဓါစစ်ကြောင့်ရေမနစ်
၅၃။ ပဏ္ဍိတသာမဏေဝတ္ထု ၃၄၁
သမ္ပဒါနှစ်မျိုးလုံးကို ရလိုသူ
ဗလာမဟုတ် မဟာဒုဂ်
လူစွမ်းလို့နတ်မသည်
ပါရမီရှိသူ ဘုရားကူ
၅၄။ လကုဏ္ဍကဘဒ္ဒိယထေရ်ဝတ္ထု ၃၅၇
ရဟန္တာတို့သဘော
၅၅။ ပဉ္စသတဘိက္ခုဝတ္ထု (ရဟန်းငါးရာအကြောင်း) ၃၅၈
သူတောင်းစားထမင်းဝတော့
၅၆။ ဓမ္မိကထေရ်ဝတ္ထု ၃၆၀
မိန်းမစကားနားမထောင်
တရားကိုသာ အားထားသင့်သည်
၅၇။ ဓမ္မဿဝန ဝတ္ထု (တရားနာဝတ္ထု) ၃၆၃
တစ်ဘက်ကမ်းရောက်သူနည်းပါး
၅၈။ ပဉ္စသတအာဂန္တုကဘိက္ခုဝတ္ထု (ဧည့်ရဟန်းငါးရာအကြောင်း) ၃၆၄
နိဗ္ဗာန်နှစ်မျိုး

## ၇။ အရဟန္တဝဂ္ဂ


၅၉။ ဇီဝကပဥ္စဝတ္ထု (ဇီဝကအမေး) ၃၆၆
ခရီးလမ်းနှစ်သွယ်
၆၀။ မဟာကဿပထေရ် ဝတ္ထု (ဇီဝကအမေး) ၃၆၈
ကြုံကြုံဖန်ဖန်ကဲ့ရဲ့ရန်
၆၁။ ဗေလဋ္ဌသီသထေရ် ဝတ္ထု ၃၇၁
အာဟာရ၌ ပရိညာသုံးဖြာ
ကောင်းကင်သွားလာ ငှက်ခြေရာပမာရဟန္တာ
၆၂။ အနုရုဒ္ဓထေရ်ဝတ္ထု ၃၇၃
ရဟန္တာတို့ဘဝတစ်ခွင်သွားရာမမြင်
၆၃။ မဟာကစ္စာယန ထေရ် ဝတ္ထု ၃၇၅
နတ်လူတို့ ချစ်မြတ်နိုးမှုခံယူရသူ
၆၄။ သာရိပုတ္တ ထေရ် ဝတ္ထု ၃၇၇
ရှင်သာရိပုတ္တထေရ်၏ ဂုဏ်နှင့်စပ်၍ မှတ်သားဖွယ်ဥပမာများ
၆၅။ ကောသမ္ဗိဝါသီ တိဿထေရ်သာမဏေဝတ္ထု ၃၈၀
(ကောသမ္ဗီနေ တိဿထေရ်နှင့် သာမဏေအကြောင်း)
ကြောက်ဖွယ်ကောင်းသော ပုထုဇဉ်တို့သဘော
အံ့သြဖွယ်ကောင်းသော ရဟန္တာတို့သဘော
၆၆။ သာရိပုတ္တထေရ်ဝတ္ထု ၃၈၃
သူများအပြောဖြင့် မယုံပါနှင့်
ကိုယ်တွေ့အသိဖြင့် သာယုံပါ
၆၇။ ခဒိရဝနိယရေဝတထေရ်ဝတ္ထု ၃၈၅
(ရှားတောနေရေဝတထေရ်အကြောင်း)
အိုခြင်းသဘောကိုဆင်းရဲမထင်သူနှင့်ထင်သူ
မြတ်စွာဘုရားသည်တပည့်သားတို့၏ကုသိုလ်စွမ်းအားကို ဖော်ထုတ်တော်မူသည်။
မွေ့လျော်ဖွယ်ရာအရပ်
ရှေးကဝင်္ကကျေးပြေးမလွတ်

## ၈။ သဟဿဝဂ္ဂ


၆၈။ တမ္ဗဒါဌိက စောရဃာတက ဝတ္ထု ၃၉၃
(ကြင်စွယ်နီလူသတ်ယောက်ျားအကြောင်း)
ဝိပဿနာအားထုတ်သူတို့အားကျဖွယ်
၆၉။ ဗာဟိယ ဒါရုစိရိယထေရ်ဝတ္ထု ၃၉၈
အသက်ကိုစွန့်၍တရားအားထုတ်ကြသောရဟန်းတော်ခုနစ်ပါး
၇၀။ အနတ္ထပုစ္ဆကဗြာဟ္မဏဝတ္ထု ၄၀၃
အကျိုးမဲ့ဖြစ်ခြင်းအကြောင်းများ၊ အစစ်အမှန်အောင်မြင်သူ
၇၁။ သာရိပုတ္တထေရ်ဿမာတုလ ဗြာဟ္မဏဝတ္ထု ၄၀၅
(ဿရိပုတ္တထေရ်၏ ဦးရီးတော်အကြောင်း)
အမြတ်ဆုံးပူဇော်နည်း
၇၂။ သာရိပုတ္တထေရ်ဿ ဘာဂိနေယျဝတ္ထု ၄၀၇
(သာရိပုတ္တထေရ်၏ တူပုဏ္ဏားအကြောင်း)
အမြတ်ဆုံးပူဇော်နည်း
၇၃။ ဿရိပုတ္တထေရ်ဿ သဟာယကဗြာဟ္မဏဝတ္ထု ၄၀၈
(သာရိပုတ္တထေရ်၏ မိတ်ဆွေအကြောင်း)
အမြတ်ဆုံးရှိခိုးနည်း
၇၄။ အာယုဝဍ္ဎန ကုမာရဝတ္ထု ၄၀၉
အာယုဝဏ္ဏသုခဗလပွားတိုးကြောင်း
၇၅။ သံကိစ္စသာမဏေရဝတ္ထု ၄၁၃
ကိုယ့်အသက်ကြောင့် ကျေးဇူးကိုထည့်မတွက်
မည်သူသေသေငတေမာပြီးရော
၇၆။ ခါဏုကောဏ္ဍညထေရ် ဝတ္ထု ၄၂၂
ရဟန်းပြုရန်အကြောင်းခံ
၇၇။ သပ္ပဒါသထေရ် ဝတ္ထု ၄၂၄
အဆိပ်ပြင်းသည့် မြွေမကိုက်ခြင်းအကြောင်း
မြောက်သော ခြေမြေ၌မကျမီ ရဟန္တာဖြစ်နိုင်ကြောင်း


**အမျိုးသားဆိုင်ရာ ဓမ္မပဒဝတ္ထုများ ပထမတွဲ မာတိကာပြီး၏။**

## အမျိုးသားဆိုင်ရာဓမ္မပဒဝတ္ထုများ
## နမောတဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## ပဏာမာဒိဂါထာ

၁။ မဟာမောဟ တမောနဒ္ဓေ၊ လောကေလောကန္တဒဿိနာ။
ယေနသဒ္ဓမ္မပဇ္ဇောတော၊ ဇာလိတော ဇလိတိဒ္ဓိနာ။
၂။ တဿပါဒေနမဿိတွာ၊ သမ္ဗုဒ္ဓဿ သိရီမတော။
သဒ္ဓမ္မဉ္စဿ ပူဇေတွာ၊ ကတွာသံဃဿ စဉ္စလိံ။
၃။ တံ တံ ကာရဏမာဂမ္မ၊ ဓမ္မာ ဓမ္မေသု ကောဝိဒေါ။
သမ္ပတ္တ သဒ္ဓမ္မပဒေါ၊ သတ္ထာ ဓမ္မပဒံ သုဘံ။
၄။ ဒေသေသိ ကရုဏာဝေဂ၊ သမုဿာဟိတမာနသော။
ယံ ဝေ ဒေဝမနုဿာနံ၊ ပီတိပါမောဇ္ဇ ဝဍ္ဎနံ။
၅။ အတ္ထဝဏ္ဏနာယံတဿ၊ အတ္ထိဝတ္ထုနိ သဗ္ဗသော။
ပုမာနံ ယေဝ ဝတ္ထုနိ၊ ဒဿယိဿာမိ သုန္ဒရန္တိ။

**၁။** (အဟံ) ယထာရဟ မလည်စ်ကြေး ကင်းဝေးစင်လတ် ဂုဏ်သကတ်ကြောင့် မြင့်မြတ်နွယ်ဝင် ငါအရှင်သည်၊ မဟာမောဟ တမောနဒ္ဓေ ကြီးမားကျယ်ပြန့်ထူထပ်သော မောဟတည်းဟူသောအမိုက်ဓာတ်သည် လွှမ်းပတ်အုပ်ဖုံးထားအပ်သော၊ လောကေ - ပြဟ္မာလူနတ် သုံးစုသတ်မှတ် လောကဓာတ်၌၊ လောကန္တဒဿိနာ-သင်္ခါရ လောကဿအန္တောနိဗ္ဗာန် - ထုတ်ပြန်ဟောပြ လောက၏အဆုံးကိုမြင်သိတော်မူသော၊ ယေနသမ္ဗုဒ္ဓေန - အကြင်မြတ်စွာဘုရားသည်၊ ဇလိဟိဒ္ဓိနာ - မိုက်မှောင်ပယ်ခွင်း ထွန်းလင်းတောက်ဖြိုး တန်ခိုးတော်ဖြင့်၊ သဒ္ဓမ္မပဇ္ဇောတော - ဗောဓိပက္ခိယ တရားသုံးဆယ့်ခုနစ်ပါး သူတော်ကောင်းတရားတည်းဟူသော အလင်းရောင်တော်ကို၊ ဇာလိတော - မိုက်မှောင်ပယ်ခွင်း တဝင်းဝင်းဖြင့် ထွန်းလင်းစေအပ်တော်မူပြီ။

၂။ သိရီမတော- ဘုန်းကျက်သရေအဖုံဖုံ ပြည့်စုံတော်မူသော၊ တဿ-သမ္ဗုဒ္ဓဿ-ထိုမြတ်စွာဘုရား၏၊ ပါဒေ- တစ်ရာ့ရှစ်ကွက် ပြိုးပြိုးပြက်သည့် စက်လက္ခဏာ ဝေဖြာနေသော် ခြေတော်တို့ကို၊ နမဿိတွာ- ကာယဝစီ မနောချီလျက် သုံးလီပမာဏ ဂါရဝရိုကျိုး ရှိခိုးပြီး၍၊ အဿ-ထိုမြတ်စွာဘုရား၏၊ သဒ္ဓမ္မဉ္စ- မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်း၊ ပူဇေတွာ - စိတ်ဖြင့်ရည်မြော် ပူဇော်ပြီး၍၊ သံဃဿစ - ထိုမြတ်စွာဘုရား၏ တပည့်သားအစစ် ဖြစ်တော်မူသော သံဃာတော်မြတ်အားလည်း၊ အဉ္စလိံ-ရှိခိုးခြင်းရာ ဖော်ပြရာမှတ် ဆယ်ဖြာလက်ချောင်း စုပေါင်းရုံးကာ ပဒုမ္မာချပ်အုပ်လက်ခုပ်ကို၊ ကတွာ - ရိုသေမှုသရုပ်ပြု လုပ်ပြီး၍။

၃။ ဓမ္မာဓမ္မေသု - တရားစစ် တရားတု၊ တရားမှန်၊ တရားမှား အစားစားတို့၌၊ ကောဝိဒေါ - တုဖက်မရှိ သိလိမ္မာတော်သော၊ သမ္ပတ္တ သဒ္ဓမ္မပဒေါ - ယုတ်လျော့မရှိ ပြည့်စုံကောင်းမြတ်သော၊ တရားအစုရှိတော်မူသော၊ သတ္ထာ - သတ္တဝါတို့ကို ဒေသနာထုံး အသုံးချလျက် ဆုံးမပေးတတ်ဘုရားမြတ်သည်၊ တံ တံ ကာရဏံ - ဆင်းရဲချမ်းသာအဖြာဖြာ စုပေါင်း၊ ထိုထိုအကြောင်းကို၊ အာဂမ္မ -

ဟောဖို့ရာဟု အကြောင်းပြု၍၊ ကရုဏာ ဝေဂ သမုဿာဟိတမာနသော - ကြီးမားသော ကရုဏာတော် အဟုန်ဓာတ်ရိုက်ခတ် တိုက်တွန်းအပ်သော စိတ်ရှိတော်မူသည်။ (ဟုတွာ)ဖြစ်၍၊ ဒေဝမနုဿာနံ - ပြဟ္မာ၊ နတ်လူ သုံးဘုံသူတို့၏၊ ဝေပီတိပါမောဇ္ဇ ဝဍ္ဎနံ - နှစ်သက်ဝမ်းမြောက်မှု တရားစင်စစ် ဖြစ်ထွန်းတိုးပွား စေတတ်သော၊ ယံဓမ္မ ပဒံ - ထွေရာ ရောပြု အကြင်တရားအစုကို၊ ဒေသေသိ - ကရုဏာရှေ့သွား နှုတ်သံထား၍ ဟောကြားခဲ့လေတော်မူပြီ။

၄။ တဿ - ဓမ္မပဒဿ - ရှင်တော်ဗုဒ္ဓ ထုတ်ဖော်ဟောပြ ထိုဓမ္မပဒ၏၊ အတ္ထဝဏ္ဏနာယံ - အနှစ်အသား တရားသာမက ထိုကာလဖြစ်ခဲ့သမျှကြောင်းခြင်းတပါ ဖွင့်ပြသေချာ အဋ္ဌကထာ၌၊ ဝတ္ထုနိ - ပုဂ္ဂိုလ် ဒြပ်ယုတ်အမြတ်တို့ ဖြစ်ရပ်ပေါင်းဖြာ အကြောင်းအရာတို့သည်၊ သဗ္ဗသော - အယုတ်၊ အလတ်၊ အမြတ်အဖုံဖုံ ဖြစ်မျိုးစုံ၊ အတ္ထိ - ထင်စွာပီပြင် ပါဝင်ခဲ့ကုန်ပြီ။

တေသု - အမျိုးမျိုးစု ထိုဝတ္ထုတို့တွင်၊ ပုမာနံ ယေဝဝတ္ထုနိ - ဇာတ်ဝတ္ထုထဲတွင် အမျိုးသမီးပါဝင်သော် လည်း အမျိုးသားတို့၏ ဖြစ်ရပ်အသွယ်သွယ် ဦးတည်၍သာဟောအပ်သည့် တရားအစုဖြစ်သော ကြောင့် အမျိုးသားတို့၏ ကောင်းစွာ ပေါင်းစုအကြောင်း ဝတ္ထုတို့ကိုသာ၊ သုန္ဒရံ - သဘော အဓိပ္ပာယ် ထင်မြင်လွယ်သဖြင့် ဖတ်ချင်စဖွယ် တင့်တယ်ကြောင်းဖြာ ကောင်းမွန်စွာ၊ ဒဿယိဿာမိ - ချီးမြှောက် သောအား အလေးထားကာ ရေးသားပြဆိုပေအံ့။ ဣတိ - ဤကား ရတနတ္တယပဏာမစသည်ကိုပြဆို လိုက်ခြင်းတည်း။

# အမျိုးသားဆိုင်ရာဓမ္မပဒဝတ္ထုများ

## ၁။ ယမကဝဂ္ဂ

### ၁။ စက္ခုပါလ ထေရ်ဝတ္ထု

### ရဟန္တာဖြစ်သော်လည်း ဝဋ်ကျွေးခံရခြင်း

အတုယူထိုက်သော ဘုရားကျောင်းဒါယကာ ၊ ကျောင်းဒါယိကာမတို့အား မြတ်စွာဘုရား ချီးမြှောက်တော်မူခြင်း -

ကျွန်ုပ်တို့၏ အားထားကိုးကွယ်ရာ မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁ဝ၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့ အရှေ့အရပ်မှ လဝန်းပေါ်ထွက်၍ အနောက် အရပ်၌ နေဝန်းကွယ်ချိန် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားတော်ကို ဟောတော်မူသည်။

ထိုအချိန်မှ နောက်ကာလတွင် မြို့ရွာခရီးစဉ်အားဖြင့် ကြွလာတော်မူကာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်။

**ထိုစကားကို အကျယ်ချဲ့ဦးအံ့ -**

မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်တို့သည် မယ်တော်ဘက်မှ ရှစ်သောင်း အရေအတွက်ရှိ၍ ခမည်းတော်ဘက်မှ ရှစ်သောင်း အရေအတွက် ရှိသည်။ နှစ်ဘက်ပေါင်းလျှင် ဆွေတော်တစ်သိန်းခြောက်သောင်း မျိုးတော်ပေါင်းရှိသည်။ ထိုဆွေတော်မျိုးတော်တို့ ဆောက်လုပ်လှူဒါန်းအပ်သော နိဂြောဓကျောင်းတော်ကြီး၌ တစ်ဝါမျှသာ ဝါကပ်သီတင်းသုံးတော်မူသည်။

အနာထပိဏ်သူဌေးသည် ၄၅-ကုဋေ အသပြာငွေတို့ကို စွန့်ကြဲ ဆောက်လုပ် လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်၌ (၁၉) ဝါ, ဝါကပ်သီတင်းသုံးတော်မူသည်။ ဝိသာခါကျောင်းအမသည် (၂၇)ကုဋေ အသပြာငွေတို့ကို စွန့်ကြဲ ဆောက်လုပ်လှူဒါန်းအပ်သော သာဝတ္ထိမြို့ အရှေ့ကျောင်း အာရာမ် (ပုဗ္ဗာရာမ)၌ (၆)ဝါ - ဝါကပ်သီတင်းသုံးတော်မူသည်။

မြတ်စွာဘုရားသည် သီတင်းသုံးတော်မူရာ အရပ်ဒေသ၊ ဌာနတိုင်းမှာပင် များစွာသောလူတို့ကို နတ်ပြည်ခရီးနှင့် မဂ်ဖိုလ်နိဗ္ဗာန်ခရီး၌ တည်စေတော်မူ သည်ချည်းသာ ဖြစ်တော်မူသည်။ သို့သော်လည်း အနာထပိဏ်ကျောင်း ဒါယကာနှင့် ဝိသာခါကျောင်းအမတို့၏ ကျေးဇူးဂုဏ်ကြီးမားမှုကို အကြောင်းပြုပြီး ဖော်ပြခဲ့သည့် နှစ်(ဝါ)ကြာရှည်စွာ ဇေတဝန်ကျောင်း ပုဗ္ဗာရာမကျောင်းတို့၌ သီတင်းသုံးတော်မူခြင်းဖြစ်သည်။

ကျေးဇူးဂုဏ်ကြီးမားကြပုံမှာ - အနာထပိဏ် ကျောင်းဒကာနှင့် ဝိသာခါကျောင်းအမတို့သည် - သူတို့ဆောက်လုပ်လှူဒါန်းထားရာ ကျောင်းအသီးသီး၌ မြတ်စွာဘုရား သီတင်းသုံးနေဆဲအချိန်မှာဖြစ်စေ- မြတ်စွာဘုရား ဒေသစာရီ ကြွချီနေဆဲဖြစ်၍ ကျောင်း၌ သီတင်းသုံးနေဆဲ မဟုတ်ရာ အချိန်မှာဖြစ်စေ နေ့စဉ်နေ့တိုင်း ကျောင်းသို့နှစ်ကြိမ်သွားရောက်ပြီး မြတ်စွာဘုရားရှိနေလျှင် မြတ်စွာဘုရားထံ ဆည်းကပ်ပူဇော်၍ မြတ်စွာဘုရားမရှိခိုက်ဖြစ်လျှင် သံဃာတော်များထံ ဆည်းကပ်ပူဇော်ကြသည်။

## ဆေးပစ္စည်း ငါးမျိုး၊ ဖျော်ရည်ရှစ်မျိုး

ကျောင်းသို့သွားစဉ်အချိန်တွင် သာမဏေငယ်လေးများက ငါတို့ လက်ကိုကြည့်ကြပေလိမ့်မည်။ တစ်စုံတစ်ခု လှူဒါန်းဖွယ်မပါလျှင် မသင့်ပါလားဟု စိတ်ကူးအကြံကြောင့် လက်ချည်းသက်သက် သွားသည့် အခါဟု မရှိခဲ့။ မွန်းမတည့်မီ နံနက်ပိုင်းအချိန်မှာသွားလျှင် - ဘုဉ်းပေးသုံးဆောင်စရာ ခဲဖွယ်ဘောဇဉ်တို့ကို ကိုင်ယူ၍သာ သွားကြသည်။ မွန်းတည့်ပြီးနောက်ပိုင်း အချိန်မှာသွားလျှင် -

၁။ ထောပတ်

၂။ ဆီဦး

၃။ ဆီ

၄။ ပျားရည်

၅။ တင်းလဲ - စသည့် ဆေးပစ္စည်း ၅- မျိုးနှင့်

၁။ သပြေသီး ဖျော်ရည်

၂။ သရက်သီး ဖျော်ရည်

၃။ မုဒ္ဒရက်သီး ဖျော်ရည်

၄။ ဖက်သက်သီး ဖျော်ရည်

၅။ သစ်မြေဆီသီး ဖျော်ရည်

၆။ တောငှက်ပျော ဖျော်ရည်

၇။ အိမ်ငှက်ပျော ဖျော်ရည်

၈။ ကြာစွယ် ဖျော်ရည် စသည့် ဖျော်ရည် - ရှစ်မျိုးတို့တွင် သင့်လျော်ရာ ရရာဆေးပစ္စည်းနှင့် ဖျော်ရည်တို့ကို ယူဆောင်၍ သွားလေ့ရှိကြသည်။

ကျောင်းဒကာ အနာထပိဏ်နှင့် ကျောင်းအမ ဝိသာခါတို့ နေအိမ်အသီးသီး၌ အမြဲတမ်း ရဟန်း နှစ်ထောင်စီ ထိုင်နေလောက်အောင် နေရာများကို ခင်းထားကြသည်။ ကြွလာကြသည့် ရဟန်းတော်များသည် မိမိတို့အလိုရှိရာ ဆွမ်းကိုသော်လည်းကောင်း၊ ဆေးပစ္စည်းကိုသော်လည်းကောင်း၊ ဖျော်ရည်သော် လည်းကောင်း အပြည့်အစုံ အလှူခံရယူ ပြန်ကြွတော်မူကြသည်။ ထူးခြားမှုရှိသည်မှာ အနာထပိဏ် ကျောင်းဒကာသည် ကျောင်းသို့နေ့စဉ်သွားနေသော်လည်း တစ်နေ့၊ တစ်ရက်မှာမျှ မြတ်စွာဘုရားကို တစ်စုံ တစ်ခု မေးမြန်းလျှောက်ထားမှုကို မပြုဘူးသူဖြစ်သည်။ သူ၏ စိတ်နေသဘောထားက -

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသဖြင့်လည်း သိမ်မွေ့နူးညံ့တော်မူသည်။ မင်းမျိုးစစ်မှ ဖွားမြင်ကာ မင်းသားဖြစ်တော်မူသဖြင့်လည်း သိမ်မွေ့နူးညံ့တော်မူသည်။ ဤကျောင်းဒါယကာသူကြွယ်သည် ငါဘုရား၏ ကျေးဇူးများသူ ဖြစ်ပေသည်ဟူသော စိတ်ထားတော်ဖြင့် ငါ့အား တရားဟောတော်မူလျှင် ပင်ပန်းတော်မူလိမ့်မည်ဟု မြတ်စွာဘုရားအပေါ်၌ လွန်လွန်ကဲကဲ ချစ်ခင်မြတ်နိုးသည့် စိတ်နေသဘောထား ရှိရှာလေသည်။

ထိုစိတ်နေသဘောထားကြောင့် တစ်စုံတစ်ရာပြဿနာကို မေးမြန်း လျှောက်ထားခြင်းမပြုပါချေ။

မြတ်စွာဘုရား၏ စိတ်သဘောတော်မှာ - ငါဘုရားသည် အသင်္ချေလေးရပ် ကမ္ဘာကပ်တစ်သိန်း ကာလပတ်လုံး တန်ဆာဆင်ထားသည့် ငါ၏ ဦးခေါင်းကို ဖြတ်လှူ၊ မျက်လုံးတွေကို ထုတ်လှူ၊ နှလုံးသားကို

ဖွင့်ခွာလှူ အသက်တမျှ ချစ်လှစွာသော ဇနီးမယား၊ သားသမီးတို့ကို စွန့်လွှတ်ပေးလှူခြင်းဖြင့် ပါရမီတွေကို ဖြည့်ကျင့်ဆည်းပူးခဲ့ခြင်းသည် မိမိမှတစ်ပါး အခြားသူတို့အား တရားဟောပြရန် ဖြစ်ပေသည်။ သို့ပါသော်လည်း ဤကျောင်းဒါယကာသည် - ငါဘုရားကို မစောင့်ရှောက်သင့်သည့်အရာ၌ စောင့်ရှောက်နေသည်ဟူသော စိတ်သဘောတော်ဖြင့် ကျောင်းဒါယကာ ကျောင်းသို့ရောက်၍ ဘုရားရှေ့တော်၌ ထိုင်နေကာမျှမှာပင် တရားတစ်ခုကို ဟောပြတော်မူသည်သာ ဖြစ်လေသည်။

## သာဝတ္ထိမြို့သူမြို့သားများနှင့် နေ့စဉ်လုပ်ငန်း

မြတ်စွာဘုရား သက်တော်ထင်ရှားရှိနေချိန်က - သာဝတ္ထိမြို့၌ မြို့နေလူသား ခုနစ်ကုဋေရှိလေ၏။ ထိုခုနစ်ကုဋေတို့တွင် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာကျင့်သုံးသဖြင့် အရိယာသာဝကဖြစ်သူ လူအရေအတွက်သည် ငါးကုဋေမျှရှိသည်။ ပုထုဇဉ် လူအရေအတွက်မှာ နှစ်ကုဋေမျှဖြစ်သည်။

ခုနစ်ကုဋေ အရေအတွက်ရှိသူ ထိုလူတို့တွင် ငါးကုဋေမျှသော အရိယာ သာဝကလူတို့၏ နေ့စဉ် အလုပ်ကိစ္စမှာ နှစ်မျိုးသာရှိလေ၏ ။

တစ်မျိုးမှာ - နံနက်ပိုင်းအချိန်၌ ဆွမ်းလောင်းလှူခြင်းကိစ္စနှင့်

တစ်မျိုးမှာ - ညနေပိုင်းအချိန်၌ ပန်းစည်းနှင့် အမွှေးတိုင်တို့ကို ကိုင်ယူ၊ သက်နီးလျာအဝတ်နှင့် ဆေးပစ္စည်း၊ အဖျော် စသည်တို့ကို ကိုင်ယူကြကာ တရားနာသွားခြင်း ကိစ္စအားဖြင့် အလုပ်ကိစ္စ နှစ်မျိုးသာ ရှိလေ၏ ။

## သားဆုတောင်းခြင်း - သားရရှိခြင်း

ကိုကြီးရွှေ

ဘာလဲ မငွေ

ကျမအနား ခဏလာပါဦး - တိုးတိုးပြောစရာရှိလို့ -

အံမယ် မငွေကလဲ - တစ်အိမ်လုံးမှ နှစ်ယောက်ထဲနေတာ -

တိုးတိုးပြောစရာ လိုသေးသလား

အော် - ကိုရွှေကလဲ လာပါဆို လာရောပေါ့

ကဲ - လာပါပြီဗျာ - တိုးတိုး ပြောပြော၊ ကျယ်ကျယ် ပြောပြော, ပြောလိုရာ ပြောဗျာ

ကျမမှာ နှုတ်ငုံ့ရှိလာပြီတော့

ဟာ - ဝမ်းသာလိုက်တာ မငွေရယ် - ဧကန် ရက္ခစိုးနတ်ကြီး ကြည့်ရှုစောင်မတော့တာပဲ၊

ကိုကြီးရွှေ ကြုံကြုံဖန်ဖန် ပြောရော့မယ် - ဘယ်က ရက္ခစိုးနတ်ကြီး ကြည့်ရှုစောင်မရမှာလဲ၊

အော် - မငွေကို ကိုကြီးရွှေ မပြောမိဘူးထင်တယ် - မငွေကတော့ အမှတ်မဲ့ဖြစ်နေမှာ ကိုကြီးရွှေက အမြဲသတိပြု စိတ်ကူးနေခဲ့ရတာ။

ဘာတွေကို သတိပြု စိတ်ကူးနေခဲ့ရတာလဲ . . .

ကိုကြီးရွှေနဲ့ မငွေ - ယခုအချိန်ထိဆိုရင် အိမ်ထောင်သက်(၁၀)နှစ် ကျော်လာပြီမဟုတ်လား။

ဟုတ်ပါတယ် - ကိုကြီးရွှေက အသက်နှစ်ဆယ် - ကျမက ဆယ့်ရှစ်နှစ်အရွယ်က

တို့နှစ်ယောက်ဟာ ဒီသာဝတ္ထိမြို့မှာ ပစ္စည်းဥစ္စာပေါများပြည့်စုံတဲ့ လူအတန်းစားထဲပါရဲ့ မဟုတ်လား၊

ဟုတ်ပါတယ်

ဒီလိုပစ္စည်းဥစ္စာပေါများပြည့်စုံတဲ့ အိမ်ထောင်ရှင်များမှာ - သားသမီး အထောက်အခံမရှိခဲ့လျှင် ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေဟာ - အမွေခံယူသူ မရှိတော့ အချည်းအနှီးဖြစ်ရစ်တော့တာပဲ - တစ်ဦးအပေါ်တစ်ဦး အသက်ပူးပမာ မေတ္တာကူးလူးနေကြသူများဖြစ်ကြပေမယ့် ပြောသင့်တဲ့ စကားကိုသာ ပြောဆိုကြည်နူးကြမှ အိမ်ထောင်ရှင်နှစ်ဦး အိမ်ထောင်ရေး အဆင်ပြေကြမှာ။ သို့မဟုတ်ပဲ တစ်ဦးဦးမှာ သံသယဝင်လာလျှင် မကောင်းကြပေဘူး။

အို - ကိုကြီးရွှေကလဲ အတွေးအခေါ်တွေများလှချည့်လား။ ရုက္ခစိုးနတ်ကြီးက ကြည့်ရှုစောင်မတယ် ဆိုတာကိုသာ ပြောပြစမ်းပါ -

ဒီလိုကွဲ့ မငွေရဲ့. . . နေ့ရက် အတိအကျကိုတော့ မမှတ်မိတော့ဘူး။ ခုနှယ်က ပြောခဲ့တယ် မဟုတ်လား။ ကိုကြီးရွှေက အမြဲသတိပြု စိတ်ကူးနေခဲ့ရတာ - လို့ . . .

ဟုတ်ပါတယ်

အဲဒီ သတိပြုစိတ်ကူးဆိုတာ တခြားမဟုတ်ဘူးဗျာ။ သားသမီး အမွေခံရချင်လွန်းလို့ ဘယ်လိုလုပ် ရပ့ါမလဲလို့ သတိပြုစိတ်ကူးခဲ့တာ။ လွန်ခဲ့တဲ့ တစ်လကျော်ကျော်လောက်က ကိုကြီးရွှေဟာ - တပည့်နောက်ပါ လူတစ်စုနဲ့ အိမ်ကထွက်ပြီး ရေချိုးဆိပ်ကိုသွားကြတော့ လမ်းမှာ - ပင်စည်လုံးပတ် ပုဆိုးတစ်ပတ်မက ကြီးထွားပြီး၊ ကိုင်းကြီးကိုင်းသေး အခက်အရွက် အပြည့်အစုံ အရိပ်အာဝါသနဲ့ ပြည့်စုံတဲ့ ဝနပ္ပတိခေါ် တောစိုးသစ်ပင်ကြီးတစ်ပင်ကို မြင်တွေ့ရတယ်။ အော်, ဒီသစ်ပင်ကြီးဟာ စည်ပင်ခိုင်မာကြီးထွားလိုက်တာ ဒီသစ်ပင်ကြီးကို ထိန်းသိမ်းအုပ်စိုးနေတဲ့ ရုက္ခစိုးနတ်ဟာ တန်ခိုးကြီးတဲ့ နတ်ဖြစ်ရမှာပဲ - ရေချိုးရာကပြန်မှ ပူဇော်ပသပြီး ငါလိုချင်တဲ့ဆုကို တောင်းဦးမှပဲလို့ စိတ်ကူးထားပြီး ရေချိုးဆိပ်ကပြန်လာတော့ - တပည့်တွေနဲ့ သစ်ပင်ကြီးအောက်ဝင် - အရွက်ခြောက်သစ်ကိုင်းကြီး၊ အမှိုက်၊ သရိုက်တွေရှင်းလင်း အကာအရံလုပ်၊ သဲခင်းပြီးမှ တံခွန်ကုက္ကားတွေကို သစ်ပင်ကြီးပတ်လည်မှာစိုက်ထူ, သစ်ပင်ကြီးကို တန်ဆာဆင်ပြီးတဲ့အခါ ရိုရိုသေသေထိုင် လက်အုပ်ချီပြီး ဆုတောင်းခဲ့တယ်။

ဘယ်လိုဆုတောင်းခဲ့တာလဲ . . .

ဒီ တောစိုးသစ်ပင်ကြီးမှာ အုပ်စိုးနေထိုင်တဲ့. . . အို - ရုက္ခစိုးနတ်မင်း - ယခုကျွန်ုပ်သည် အရှင် ရုက္ခစိုးနတ်, အုပ်စိုးရာသစ်ပင်ကြီးအောက်မှာ ရှုချင်စဖွယ်ဖြစ်အောင် စီမံဆောင်ရွက်မှုဖြင့် အရှင်နတ်မင်းအား ပူဇော်သက္ကာရပြုပါ၏၊ ကျွန်ုပ်သည်, သားကိုသော်လည်းကောင်း၊ သမီးကိုသော်လည်းကောင်း ရရှိလိုပါ၏။ အကယ်၍ သားကိုသော်လည်းကောင်း၊ သမီးကိုသော်လည်းကောင်းရရှိခဲ့သော် - အရှင်နတ်မင်းအား ကြီးကျယ်သော ပူဇော်သက္ကာရကိုပြုပါမည် အရှင်နတ်မင်း. . . , ဒီလိုဆုတောင်းခဲ့ရတာ - မငွေရဲ့

ကိုကြီးရွှေ ဒီလိုဆုတောင်းခဲ့တာနဲ့ ကျွန်မက ကိုယ်ဝန်ဆောင်ရော့လား ကိုကြီးရွှေပြောတာက - ရုက္ခစိုးနတ်ကြီးက ကြည့်ရှုစောင်မတာဆို. . . ရှင့် ရုက္ခစိုးနတ်ကြီးက ကျမကို ကြည့်လည်းမကြည့်ပါ၊ ရှုလည်း မရှုပါ၊ စောင်ကိုလည်း မ, မ ပါပဲလား။

အော်, မငွေကလဲ - ဒီလိုဘယ်ဟုတ်ပ့ါမလဲကွယ် - နတ်ဆိုတာ လူတွေရဲ့ စိတ်အကြံအစည်တွေ ပြောသံဆိုသံတွေကို သိကြားနိုင်တဲ့တန်ခိုးရှိတယ် - လုပ်ကိုင်နေတာတွေကိုလဲမြင်တယ်၊ သူတို့ကို အရိုအသေ ပေးတာ လေးစားတာတွေကိုလဲ သိကြတယ်။ ဒီတော့ - ကိုကြီးရွှေက အရိုအသေလေးစားမှုတွေပြုပြီး သားသမီးရဖို့ ဆုတောင်းလိုက်တော့ - သားသမီးရနိုင်ခွင့် ရှိ မရှိ သူတို့ နတ်တန်ခိုးနဲ့ကြည့်လိမ့်မယ်၊

သားသမီးရနိုင်ခွင့်ရှိတာကို မြင်တွေ့တဲ့အခါ သူတို့က ကြည့်ရှုစောင်မတော့တာပါပဲ။

ခုနှယ်က ကျမပြောခဲ့ပြီပဲ - ကြည့်လဲ့မကြည့်ရှု စောင်ကိုလဲ မ,မပါဘူးလို့

အဲဒီလို အကြည့်အရှုအစောင် အမ မဟုတ်ဘူး မငွေရဲ့ - မငွေရဲ့ ခန္ဓာကိုယ်သွေးသား ဓာတ်ကြီးလေးပါး မျှတအောင် နေဖို့ ထိုင်ဖို့ သွားဖို့ လာဖို့ စားဖို့ သောက်ဖို့ စိတ်ကူးကောင်းတွေ စိတ်ကူးပေါ်လာအောင် နတ်က တန်ခိုးနဲ့ပြုပြင်ပေးနေတော့ - မငွေက သွားတာလာတာ နေတာထိုင်တာတွေကို ဆင်ခြင်ပြီး သင့်တော်အောင် သွားလာနေထိုင်တယ်၊ သင့်လျော်တဲ့ အစားအစာကို စားချင်စိတ်ပေါ်လာပြီး စားတယ် ဆိုတော့ ဓာတ်ကြီးလေးပါးမျှတလာတော့. . . အင်း သန္ဓေသား စွဲကပ်လာတာပါပဲကွယ်"

ကိုကြီးရွှေပြောတာကို ကျမ နားလည်သဘောကျပါတယ် -

× × × ×

မငွေရေ - စ စ ဦး ဖွားမြင်ရရှိလာတဲ့ ဒို့သားလေးရဲ့နာမည်ကို ငါတို့ စောင့်ရှောက်လာတဲ့ တောစိုး သစ်ပင်ကြီးကို အကြောင်းပြုပြီး မောင်ပါလိတလို့ မှည့်ခေါ်ကြစို့ -

ကောင်းပါတယ် ကိုကြီးရွှေ။

ဟော - နောက်ထပ်ရလာတဲ့ သားငယ်လေးရဲ့ နာမည်ကိုလဲ ပါလိတလို့ပဲ မှည့်ခေါ်ကြစို့၊ ဒါပေမယ့် သားကြီးနှင့်သားငယ်ကို ခွဲခြားပြီး အကြီးသားကို မဟာပါလိတ၊ အငယ်သားကို စူဠပါလိတလို့ နာမည်ခွဲခေါ်ကြစို့။

× × × ×

ဟော့ - ညီ စူဠပါလိတ, ဒို့ညီအစ်ကို အရွယ်ရောက်လာကြလို့ မိဘနှစ်ပါးသဘောတူကျေနပ်မှုဖြင့် ကိုယ့်အိမ်နှင့်ကိုယ်ဖြစ်လာကြပြီး မိဘနှစ်ပါးကွယ်လွန်သွားကြတော့ မိဘတို့ရဲ့အမွေပစ္စည်းနှင့် - ဒို့ရဲ့ လက်ထက်ပွားပစ္စည်းပါဆိုတော့၊ ဒို့နေတဲ့ သာဝတ္ထိမြို့ပေါ်မှာ ဒို့ညီအစ်ကိုဟာ သူဌေးဘွဲ့ထူးကို မရကြပေမယ့် အထက်တန်းစား ပစ္စည်းရှင်များဖြစ်ကြတယ်ကွယ့်၊ ဒီသဘောကို ငါ့ညီသိထားပါ၊

ကောင်းပါပြီ ကိုကြီး ပါလိတ၊

× × × ×

## တရားနာခြင်း - သံဝေဂဖြစ်ခြင်း

ဟာ, လူတွေပါလား ၊ ဘယ်ကိုသွားကြမှာပါလိမ့် - တချို့က ပန်းစည်းကိုကိုင်၊ တချို့က အမွှေးတိုင်တွေကိုကိုင်၊ တချို့က အဝတ်အစားတွေကို ခေါက်လျက်ကိုင်၊ တချို့က ထောပတ်တင်းလဲဗူးတွေကိုကိုင်၊ တချို့က လဲလက်ဆွဲချိုင့်တွေ ဆွဲလို့ပါလား မေးကြည့်ဦးမှပဲ။

ဦးတို့ - အဒေါ်တို့ ဘယ်ကိုသွားကြမလို့ပါလဲ -

အော်, မောင်ပါလိတကြီး မင်းက ဒီနေ့မှာမှမေးရသလား၊ ဒို့နေ့စဉ် သွားနေကြတာပဲကွယ် - ဒို့သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သတင်းသုံးနေတော်မူတာကို မင်းမသိဘူးလား၊ ညနေပိုင်းအချိန်ဆိုတော့ တရားနာသွားကြတာကွယ့်၊

ဟုတ်ပါရဲ့ဗျာ - အိမ်မှုကိစ္စတွေကိုချည်း လုပ်နေတဲ့လူဆိုတော့ ကျွန်တော် မသိတာအမှန်ပါ. . . တရားနာဖို့ ကျွန်တော်လဲ လိုက်ခဲ့ပါဦးမယ် . . .

အေး - အေး လိုက်ခဲ့လိုက်ခဲ့ - ကောင်းတယ် - ကောင်းတယ်၊

အင်း ငါဟာ ပစ္စည်းဥစ္စာပြည့်စုံလုံလောက်သူတစ်ယောက်ဖြစ်ပေမယ့် ဟိုအချိန်တွေတုန်းက - တရားနာရကောင်းမှန်း မသိခဲ့ပါလား - ယခု မြတ်စွာဘုရား ဟောလိုက်တဲ့တရားတွေကလဲ စုံနေတာပါပဲ၊ ဒါနရဲ့ အကျိုးတရားတွေကို ငါဘုရားသိထားသလို သတ္တဝါတွေ သိထားကြမည်ဆိုလျှင် မပေးဘဲ မလှူဘဲ စားရက်ကြမှာ မဟုတ်ဖူးတဲ့ - နှမြောတွန့်တိုတဲ့ မစ္ဆေရအညစ်အကြေးတွေ ဖုံးလွှမ်းတဲ့စိတ်လဲရှိကြမှာ မဟုတ်ဖူးတဲ့ -

ငါဘုရား - ဗျာဒိတ်ရစအချိန်က ဘုရားဖြစ်နိုင်ကြောင်း ဘယ်တရားပါရမီကို အစဦးဖြည့်ကျင့်ရပါမလဲလို့ ဆင်ခြင်ကြည့်ရှုလိုက်တာ ပေးကမ်းလှူဒါန်းမှု ဒါနပါရမီကို စစဦးဖြည့်ကျင့်ရမှာကို မြင်ခဲ့လို့ တိရစ္ဆာန်ဘဝတွေမှာ ဖြစ်ရစဉ်ကလဲ ဘဝနှင့်လျော်တဲ့ ပေးကမ်းလှူဒါန်းမှုကိုပြုခဲ့တာပဲတဲ့ - ယုန်သတ္တဝါဖြစ်ရစဉ်က ဘာမျှမစားရလို့ ဆာလောင်လှပါတယ်ဆိုတဲ့ အလျှုခံပုဏ္ဏားအား ကိုယ့်အသက်ကိုစွန့်, မီးပုံထဲခုန်ချပြီး ခန္ဓာကိုယ်ကို ပေးလှူခဲ့သတဲ့ . . . အံ့ဩလောက်ပါပေရဲ့ -

မကောင်းတဲ့အလုပ်၊ မကောင်းတဲ့အပြောတွေကို ပြုလုပ်ပြောဆိုတယ်ဆိုတာ သီလမရှိတဲ့ လူတွေရဲ့ အလုပ်တဲ့ - သီလရှိတဲ့ လူဆိုတာ မကောင်းတာ မလုပ်၊ မကောင်းတာ မပြောဘူးတဲ့။ သီလနှင့် ပြည့်စုံခဲ့တဲ့ လူဟာ အနာရောဂါကင်းတယ်၊ အသက်ရှည်တယ်၊ သက်တမ်းပြည့်နေရသတဲ့၊ ငါဘုရားဟာ တိရစ္ဆာန်ဘဝတွေမှာ ဖြစ်ခဲ့ရစဉ်ကလဲ သီလကိုထိန်းသိမ်းစောင့်ရှောက်ခဲ့တာပဲတဲ့။

ကိုယ့်ကျင့်တရားကောင်းကောင်းနှင့် ပေးကမ်းလှူဒါန်းမှုပြုတဲ့လူမှာ နတ်ပြည်ရောက်ဖို့ မခဲယဉ်းဘူးတဲ့ နတ်ပြည်လမ်း ဖြောင့်တန်းနေသတဲ့၊ လူတို့ရဲ့ စည်းစိမ်ချမ်းသာထက် နတ်ပြည်စည်းစိမ်ချမ်းသာက သာလွန်မြင့်မြတ်သတဲ့၊ နတ်တို့ရဲ့သက်တမ်းက လူတို့ရဲ့သက်တမ်းထက် ပိုရှည်သတဲ့။

နတ်ပြည်ရောက်ရောက်ခြင်း နတ်သားဆိုလျှင် အသက်နှစ်ဆယ်ရွယ်၊ နတ်သမီးဆိုလျှင် ဆယ့်ခြောက်နှစ်အရွယ် အဝတ်တန်ဆာ ဘုံဗိမာန် အခြွေအရံအပြည့်အစုံနဲ့ ဖြုန်းကနဲဖြစ်လာသတဲ့၊ လူတွေလို မိခင်ဝမ်းတွင်းက ထွက်လာပြီး တစစကြီးလာရတာမဟုတ်ဖူးတဲ့၊ တော်တော်ကောင်းစားမည့်ဘဝပဲ။

ဒါပေမယ့် - ဘယ်လောက်ချမ်းသာတဲ့ နတ်ချမ်းသာပဲဖြစ်ဖြစ်၊ လူဘဝ ချမ်းသာပဲဖြစ်ဖြစ် - တစ်နေ့ကျတော့ ပျက်စီးကြရတာချည်းပဲတဲ့၊ လူဘဝစည်းစိမ် ချမ်းသာပိုင်ရှင်တွေထဲက စည်းစိမ်တွေပစ်ပြီး ကွယ်လွန်ကြတာလဲရှိ၊ လူက အသက်ထင်ရှားရှိနေပေမယ့် စည်းစိမ်တွေက ပျက်စီးဆုံးရှုံးသွားတာတွေလဲရှိတယ်၊ မရှိသေးတဲ့ စည်းစိမ်ဥစ္စာတွေကို ရရှိအောင် ရှာဖွေရတဲ့ ဆင်းရဲ, ရှိလာပြန်တော့ ရန်သူမျိုးတွေ မနှိပ်စက်မဖျက်ဆီးအောင် စောင့်ရှောက်ထိန်းသိမ်းရတဲ့ ဆင်းရဲတွေကလဲ မနည်းလှဘူးတဲ့၊ လူရဲ့ကာမဂုဏ်အတွက်ဆိုရင် အသက်ကိုပင် စွန့်ရသည်အထိ အရှက်မဲ့စွာ ကြံစည်ပြောဆိုပြုလုပ်နေကြတာတွေဟာ တော်တော်ယုတ်ညံ့တဲ့သဘော ညစ်နွမ်းတဲ့သဘောတွေဆိုပါလား။

အင်း ဟုတ်ပေတယ်၊ ဟုတ်ပေတယ်။

ကာမဂုဏ်မျိုးစုံကို သာယာမက်မောတဲ့ တဏှာလောဘဟာ ဆင်းရဲမျိုးစုံဖြစ်ပွားကြောင်း သမုဒယပဲ သမုဒယအားကြီးတော့ - ဆင်းရဲကို ဆင်းရဲမှန်းမသိ၊ ချမ်းသာလို့ထင်နေကြတယ်၊ ဆင်းရဲမျိုးစုံငြိမ်းသွားစေချင်လျှင် ဆင်းရဲကြောင်းဖြစ်တဲ့တဏှာ၊ သမုဒယ လုံးဝပြတ်ကင်းမှဖြစ်မည်၊ တဏှာသမုဒယ ပြတ်ကင်းဖို့က သီလသမာဓိ ပညာသိက္ခာသုံးရပ် အကျင့်မြတ်ကို အပြည့်အစုံဖြစ်အောင် ကျင့်သုံးပွားများနိုင်မှဖြစ်မည်၊ သိက္ခာသုံးရပ်ဖြင့် သတ်မှတ်ထားတဲ့ အကျင့်မြတ်ပြည့်စုံဖို့ လူ့ဘောင်ခွာရှောင်ပြီး သာသနာတော်ဘောင်မှာ ရဟန်းအဖြစ်နှင့် ကျင့်သုံးပွားများမှ တဏှာသမုဒယတွေ လုံးဝပြတ်ပြီး ဒုက္ခဇာတ်ငြိမ်းမည်လို့ ဟောတော်မူ

လိုက်တာ ကြက်သီးတွေထလာသည်အထိ ငါ့မှာ ခံစားချက်တွေဖြစ်လာပါတကား -

လက်ရှိဘဝမှ ကွယ်လွန်ပြီး တမလွန်လောကသွားသူနောက် သားသမီး စည်းစိမ်ဥစ္စာ ညီအစ်ကို မောင်နှမ ဘာတစ်ခုမျှ လိုက်ပါသွားသည်မရှိ၊ ကိုယ့်ခန္ဓာကိုယ်ကြီးပင် မလိုက်မပါနိုင်ပဲ၊ တစ်ယောက်ထည်း တည်း သွားရမှာပဲ၊ ဒီတော့ ငါ့မှာ အိမ်ယာတည်ထောင် လူ့ဘောင်မှာနေလို့ ဘာအကျိုးရှိမှာလဲ၊ လူ့ဘောင်ခွာ ရှောင်ပြီး ရဟန်းဘောင်ရောက်အောင် ရဟန်းပြုမှ တော်ပေတော့မည်။

ဟော, ငါစဉ်းစားကြံစည်စိတ်ကူးတွေဖြစ်နေလိုက်တာ တရားပွဲသိမ်း တရားနာပရိတ်သတ်တွေတောင် ပြန်ကြလို့ လူတော်တော်ရှင်းနေပြီ၊ မြတ်စွာဘုရားထံသွားပြီး ငါဖြစ်ချင်တာကို လျှောက်ထားမှပဲ -

× × × ×

မြတ်စွာဘုရား, တပည့်တော် မြတ်စွာဘုရားထံတော်မှာ ရှင်ရဟန်းပြုလိုပါသည်ဘုရား၊

သင့်မှာ ပန်ကြားပြောဆိုသင့်တဲ့ ဆွေးမျိုးတစ်ဦးတစ်ယောက်ရှိရဲ့လား -

မြတ်စွာဘုရား, တပည့်တော်မှာ ညီတစ်ယောက်ရှိပါတယ်ဘုရား -

ကောင်းပြီ, သင့်ညီကိုပန်ကြားပြောဆိုချေဦး။

မှန်လှပါ - ဘုရားတပည့် လက်ဆယ်ဖြာထိပ်မှာမိုးလို့ မြတ်စွာဘုရားအား ရှိခိုးပါ၏၊ ပန်ကြားခွင့်ပြုတော်မူပါဘုရား။

× × × ×

အော် - ညီပါလိတပါလား

ဟုတ်ပါတယ် အစ်ကို, အစ်ကိုမှာလိုက်တယ်ပြောလို့ အိမ်ကအမြန်လာခဲ့ပါတယ်အစ်ကို၊

အေး, အစ်ကို့မှာ အရေးတကြီးတိုင်ပင်စရာရှိနေတယ်၊ တိုင်ပင်စရာလူက အစ်ကို့မှာ ငါ့ညီကလွဲလို့ ဒီပြင်လူမရှိဘူး။

ဟုတ်ကဲ့ အစ်ကို တိုင်ပင်စရာကိုသာ တိုင်ပင်ပြောဆိုပါ။

ဒီလိုကွဲ - ငါ့ညီ - မနေ့ညနေပိုင်းအချိန်က ဒို့သာဝတ္ထိမြို့တွင်းက လူအရိယာပုဂ္ဂိုလ်တွေနဲ့အတူ အစ်ကို မြတ်စွာဘုရားကျောင်းတော်ကိုလိုက်ပြီး တရားနာခဲ့ရတယ် - အစ်ကိုဟာ တရားထဲ စိတ်ဝင်စားပြီး နာယူလိုက်တာ တရားပွဲလဲ သိမ်းရော - အစ်ကိုလည်း မြတ်စွာဘုရားအား လျှောက်ထားတောင်းဆိုတော့ တာပဲကွယ်၊

အစ်ကိုက ဘာကိုလျှောက်ထားတောင်းဆိုခဲ့တာလဲ -

ရဟန်းပြုပေးဖို့ တောင်းဆိုလိုက်တာပဲ - ဒီတော့ မြတ်စွာဘုရားက ခွင့်ပန်ကြားသင့်သူရှိသလားလို့ မေးတော်မူတယ်၊ ညီတစ်ယောက်ရှိပါတယ်ဘုရားလို့လျှောက်ထားတဲ့အခါ ဒီလိုဖြစ်လျှင် သင့်ညီကို ပန်ကြား ချေဦးလို့ မိန့်တော်မူလိုက်လို့ အိမ်ပြန်ရောက်တော့ နက်မိုးလင်းလင်းချင်း ငါ့ညီကို အခေါ်လွှတ်လိုက် တာပါပဲ. . .

ဒီတော့ အစ်ကိုအိမ်မှာရှိတဲ့ သက်ရှိသက်မဲ့ပစ္စည်းအားလုံးကို ငါ့ညီအားလွှဲအပ်ပါတယ်၊ ငါ့ညီ သဘောကျ စီမံခန့်ခွဲအသုံးပြုပေတော့ -

ဟာ - ဘယ်လိုပြောလိုက်တာလဲ အစ်ကိုရယ်၊ ကျွန်တော်မှာ မိဘနှစ်ပါးကွယ်လွန်သွားကတည်းက အစ်ကိုဟာ ကျွန်တော့်ဖခင်လည်းဟုတ်၊ မိခင်လည်းဟုတ်ပါတယ်၊ အစ်ကို့အိမ်မှာ စည်းစိမ်ဥစ္စာတွေ အများကြီးပါ၊ အိမ်မှာအုပ်ချုပ်နေထိုင်းရင်း ကောင်းမှုကုသိုလ်တွေကို ပြုလုပ်နိုင်တာပါပဲ ပစ္စည်းတွေအားလုံး

အပ်နှံထားခဲ့ပြီး ရဟန်းပြုမသွားပါနဲ့အစ်ကို - ညီတောင်းပန်ပါတယ်။

ချစ်ညီ - အစ်ကိုမှာ မြတ်စွာဘုရားရဲ့တရားတော်ကို နာကြားလိုက်ရပြီးကတည်းက အိမ်မှာနေချင်စိတ် မရှိတော့ဘူး၊ မြတ်စွာဘုရား ဟောတော်မူလိုက်တဲ့ တရားတော်က အလွန်သိမ်မွေ့တယ်ကွယ်၊ အနိစ္စ အနိစ္စ လက္ခဏာ ဒုက္ခ ဒုက္ခလက္ခဏာ အနတ္တ အနတ္တလက္ခဏာဆိုတာတွေကို ရှင်းလင်းဟောပြလိုက်တာ အစ်ကို့မှာ ကြက်သီးတွေတဖြန်းဖြန်းထလာသည်အထိ ခံစားလိုက်ရတယ် တရားတော်က အစမှာရော အလယ်မှာပါ အဆုံးမကျန်သာအောင် ကလျာဏ(ကောင်း)ဂုဏ်တွေနဲ့ ပြည့်စုံတဲ့ တရားတော်ပဲ၊ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ် အကျင့်မြတ်ဆိုတာ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့လူ ဖြည့်ကျင့်နိုင်တဲ့ အကျင့်မျိုး မဟုတ်ဖူးကွယ့် ရဟန်းအဖြစ်နဲ့မှ အပြည့်အစုံကျင့်ယူနိုင်တဲ့ တရားမျိုးဖြစ်တယ်၊ ဒီတရားမျိုးနှင့် ပြည့်စုံချင်နေတဲ့ အစ်ကိုကတော့ ရဟန်းကိုပြုရမှာပဲ ငါ့ညီ . . .

အစ်ကိုကြီး ပါလိတ - ညီငယ် ပြောစမ်းပါရစေ၊ အစ်ကိုဟာ အသက်သိပ်မကြီးသေးပါဘူး၊ ငယ်ရွယ် တုန်းအချိန်ပါ - ဒီအချိန်မှာ လူ့ရဲ့စည်းစိမ်ခံစားနေပါဦး၊ အရွယ်ရင့်ကြီးလာချိန်ကျတော့ ရဟန်းပြုတာပ။

ချစ်ညီ ပါလိတ - အရွယ်ရင့်ကြီးတဲ့ လူရဲ့ လက်တွေခြေတွေဟာ အိုမင်းဟောင်းနွမ်းနေပြီဖြစ်တော့ လူရဲ့အလိုကို မလိုက်နိုင်ကြတော့ဘူး၊ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် မဟုတ်ကြတော့ဘူး၊ ကိုယ့်ခန္ဓာကိုယ်က လက်တွေခြေတွေကတောင် ကိုယ့်အလို မလိုက်ကြမှတော့ - ဆွေမျိုးဉာတကာဆိုတာ - ဘာပြောစရာရှိတော့မှာလဲ - အစ်ကိုကြီးတော့ ချစ်ညီရဲ့စကားကို မလိုက်နာနိုင်ဘူးကွာ၊ မင်းဘယ်လို ငိုယိုတမ်းတ တားဆီးပေမယ့် ငါမနေနိုင်ဘူး၊ သမဏပဋိပတ်ရဟန်း အကျင့်မြတ် ကျင့်နိုင်အောင် ရဟန်းပြုရမှာပဲ ကဲ ငါ့ညီနေရစ်ပေတော့၊

## မဟာပါလိတ ရဟန်းပြုခြင်း
## (ရဟန်းလုပ်ငန်းနှစ်မျိုးနှင့်အားထုတ်ခြင်း)

မြတ်စွာဘုရား - ဘုရားတပည့် မဟာပါလိတ၊ ညီ စူဠပါလိတထံမှ ရဟန်းပြုရန် ခွင့်ပန်ခဲ့ပါပြီ ဘုရား၊

ရဟန်းတော်များ အို ချစ်သားတို့ - မဟာပါလိတကို ရှင်ရဟန်းပြုပေးလိုက်ကြပါ . . .

× × × ×

ကဲ ငါဖြစ်လိုတဲ့ - ရဟန်းအဖြစ်ကိုလဲရခဲ့ပြီ၊ ဆရာဥပဇ္ဈာယ်များထံမှာ - ငါးနှစ် ငါးဝါပတ်လုံး ဝတ်ကြီး ဝတ်ငယ်ပြု - ရဟန်းဘဝမှာ နေနည်းထိုင်နည်း နိဿရည်းတွေကိုလဲ သင်ယူလေ့လာကျင့်သုံးခဲ့ရပြီ အရေးကြီးတဲ့ ဩဝါဒမိန့်ခွန်းကို နာယူဦးမှပဲ။

## ဓုရ နှစ်မျိုး

ဘုန်းတော်ကြီးမား, ရှင်တော်မြတ်ဘုရား - ရှင်တော်မြတ်ဘုရား၏ သာသနာတော်မှာ သာသနာ့ ဝန်ထမ်းရဟန်းတို့ ပြုကျင့်ဆောင်ရွက်ရမည့် လုပ်ငန်း(ဓုရ)အဘယ်မျှရှိပါသနည်းဘုရား -

အိုရဟန်း - ငါဘုရား၏ သာသနာတော်မှာ ရဟန်းတို့ ပြုကျင့်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စ နှစ်မျိုးသာရှိတယ် -

နှစ်မျိုးက (၁) ဂန္ထဓူရ
(၂) ဝိပဿနာဓူရ ဒီနှစ်မျိုးပဲ။

မှန်ပါ့ဘုရား - ရှင်တော်ဘုရား မိန့်ကြားတော်မူတဲ့ ဂန္ထဓူရ၊ ဝိပဿနာဓူရရှိတာ ဘယ်ဟာတွေပါလဲ ဘုရား

(၁) ရဟန်း - ငါဘုရား သာသနာတော်မှာ ရဟန်းပြုနေသူဟာ မိမိရဲ့ အသိဉာဏ်အလိုက် နိကာယ်တစ်ခုကိုသော်လည်းကောင်း၊ နိကာယ်နှစ်ခုကိုသော်လည်းကောင်း(သို့မဟုတ်)ပိဋကသုံးပုံခေါ် ငါဘုရား စကားအားလုံးကိုသော်လည်းကောင်း ထေရ်ဆရာတို့ထံမှာ သင်ယူပြီး ငါဘုရား၏ စကားတော်ကို နှုတ်တက်အာဂုံဆောင်ထားခြင်း, နှုတ်ဖြင့်ပြန်လှန်ရွတ်ဆိုခြင်း၊ တခြားသူအားပို့ချပေးခြင်းကို ဂန္ထဓူရခေါ်တယ်။

(၂) ရဟန်းပြုလာသည်နှင့်အညီ ပေါ့သောအသက်မွေးခြင်း(လွယ်ကူသောအသက်မွေးခြင်း)ဖြင့် မိမိခန္ဓာကိုယ်အင်အားကိုဖြစ်စေကာ တောရကျောင်းမှာ နေထိုင်လျက် မိမိခန္ဓာကိုယ်ဖြစ်တဲ့ - ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ရဲ့ ဖြစ်မှုပျက်မှုအပေါ်မှာ ဉာဏ်ဖြင့် စူးစူးစိုက်စိုက် မပြတ်ရှုကြည့်မှု ဝိပဿနာကိုပွားများပြီး အရဟတ္တဖိုလ်ဆိုတဲ့ လောကုတ္တရာအထွတ်အထိပ် သာသနာ့ အောင်လံတော်ကို အရယူကိုင်ဆောင်မှုကို ဝိပဿနာဓူရခေါ်တယ်။

မြတ်စွာဘုရား တပည့်တော်က အသက်အရွယ်ခပ်ကြီးကြီးရောက်မှ - ရဟန်းပြုခဲ့ရသူဖြစ်လို့ ဂန္ထဓူရကို ဖြည့်ကျင့်နိုင်စွမ်းမရှိတော့ပါ၊ ဝိပဿနာဓူရကို ဖြည့်ကျင့်ပါမည် - တပည့်တော်အား အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းတရားကို ဟောကြားချီးမြှောက်တော်မူပါဘုရား။

## အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းတရားတော်

ချစ်သား မဟာပါလိတ -

သင့်ရဲ့ခန္ဓာကိုယ်မှာ - ရုပ် - ဝေဒနာ - သညာ - သင်္ခါရ - ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးမျိုးရှိတယ်၊ အဲဒီ တရားငါးမျိုးကို အကျဉ်းချုံးကြည့်လိုက်ရင် အဆင်းအသံစတဲ့ အာရုံကိုမသိတတ်တဲ့ - ရုပ်နဲ့, အဆင်း, အသံစတဲ့ အာရုံကို သိတတ်တဲ့ နာမ် - ဆိုတဲ့ ရုပ်နာမ်တရားနှစ်မျိုးကို အသိဉာဏ်နဲ့ မြင်တွေ့ရလိမ့်မယ်။

အဲဒီ ရုပ်နဲ့နာမ်တရားနှစ်မျိုးကို သင့်ဉာဏ်နဲ့သက်ဝင်ပြီး ထင်မြင်အောင်ကြည့်ပါ. . . ကြည့်လိုက်တဲ့ အခါ အဲဒီ ရုပ်နဲ့နာမ်ဟာ စောစောကဖြစ်ပေါ်မနေဘဲ ရှုကြည့်နေဆဲမှာပဲ ဖြစ်ပေါ်လာတာ၊ ဖြစ်ပေါ်ပြီး ကွယ်ပျောက်သွားတာကို မြင်တွေ့ရလိမ့်မယ်၊ ဒီလိုမြင်တွေ့ရတာဟာ အဲဒီရုပ်နာမ်တို့ အမြဲဖြစ်ရှိမနေလို့- မမြဲလို့ မြင်တွေ့နေရတာပဲ၊ အဲဒီမမြဲတဲ့ ရုပ်နာမ်တရားဟာ ဆင်းရဲပဲ, ဆင်းရဲဖြစ်တဲ့ရုပ်နာမ်တရားဟာ အတ္တမဟုတ်ဖူး အနတ္တပဲဖြစ်တယ်၊ ကိုယ့်အလိုအတိုင်း မဖြစ်တဲ့တရား၊ ကိုယ့်အလိုကိုမလိုက်တဲ့တရား သူ့ဆိုင်ရာအကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီး၊ ကွယ်ပျောက်သွားတဲ့ တရားတွေပဲ၊ ငါ့ဥစ္စာလဲမဟုတ်ဖူး၊ ငါလဲ မဟုတ်ဖူး၊ ငါရဲ့ အတ္တလဲမဟုတ်ဖူး၊ အဲဒီလိုမပြတ်ရှုမြင်ခဲ့လျှင် ရုပ်တရားအပေါ်မှာရော - နာမ်တရား ဖြစ်တဲ့ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တရားတွေအပေါ်မှာရော ငြီးငွေ့ရွံမုန်းလာလိမ့်မယ်၊ ငြီးငွေ့ရွံမုန်းဖန် များလာတော့ အဲဒီရုပ်နာမ်တရားတွေအပေါ်မှာ တပ်မက်သာယာမှုကင်းလိမ့်မယ်။ (မဂ်)

တပ်မက်သာယာမှုကင်းလေတော့ - ကိလေသာအားလုံးမှ လွတ်မြောက်လိမ့်မယ်(ဖိုလ်)၊ ကိလေ⌒ာ အားလုံးမှ လွတ်မြောက်သွားတဲ့အခါ လွတ်မြောက်ပြီဖြစ်မှုကုန်ပြီ - အကျင့်အမြတ်အားလုံးကို ကျင့်သုံးပြီးပြီ၊ လွတ်မြောက်ဖို့ပြုဖွယ် အားလုံးကိုပြုပြီးပြီ၊ နောက်ထပ်ပြုစရာမရှိပြီလို့ စဉ်းစားဆင်ခြင်မိလိမ့်မယ် (ပစ္စဝေက္ခဏာဉာဏ်)။

အဲဒီလို ဆင်ခြင်မိချိန်မှစပြီး အရဟတ္တဖိုလ်ထိ ပေါက်ရောက်ပြီးဖြစ်လို့ သတ္တလောကအတွင်းမှာ အဂ္ဂဒက္ခိဏေယျ - အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်ဖြစ်ပြီး လက်ရှိ ရုပ်နာမ်တွေ ချုပ်ဆုံးတဲ့အခါ(ပရိနိဗ္ဗာနစုတိ) လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝဆိုတဲ့ ဘဝတွေမှာ ဘယ်ဘဝမှာမှ မဖြစ်တော့ဘူး၊ ကိလေသာအားလုံး ငြိမ်းခဲ့ပြီး ဖြစ်လို့ ဘဝခန္ဓာအားလုံးငြိမ်းတော့တာပဲ - ချစ်သား မဟာပါလိတ -

ကောင်းလှပါပြီ မြတ်စွာဘုရား။

မြတ်စွာဘုရားထံက အရဟတ္တဖိုလ်ပေါက်ရောက်သည်အထိ ကမ္မဋ္ဌာန်းကို တောင်းဆိုနာယူ မှတ်သားခဲ့ပြီ၊ ငါနဲ့သဘောတူ မြို့နီးကျောင်းကထွက်ခွာပြီး တိုင်းစွန်ပြည်ဖျားအရောက်သွား တရား အားထုတ်မည့်သတင်းသုံးဖော် ရဟန်းတော်များကို တိုင်ပင်စုရုံးလိုက်တာ - ရဟန်းခြောက်ကျိပ်ရလာပြီ - ဝါဆိုချိန်လည်းနီးလာပြီ။

## တောဝင်တရားအားထုတ်ကြခြင်း

ကဲ - ငါ့ရှင်တို့ ခရီးထွက်ကြစို့ -

ကောင်းပါပြီ အရှင်မဟာပါလိတ -

ငါ့ရှင်တို့ သာဝတ္ထိမြို့က ထွက်ခွာလာခဲ့ကြတာ ယူဇနာတစ်ရာ့နှစ်ဆယ်ခရီးပေါက်ရောက်ပြီး ရွာကြီးတစ်ရွာအနီး ရောက်လာကြပြီ၊ ဒီရွာကြီးထဲဝင်ပြီး ဆွမ်းခံလှည့်ကြရအောင်

ကောင်းပါပြီ အရှင်မဟာပါလိတ၊

ဟာ - ရဟန်းတော်တွေ ဆွမ်းခံကြွလာလိုက်တာ - ကြည်ညိုဖွယ်ရှိပါပေတယ်၊ စက္ခုက္ကန္ဒြေရရ - မျက်လွှာချ ရှေ့ကိုလေးတောင်ခန့်မျှ ရှုကြည့်ပိပိရိရိ သတိရှိရှိ တုဏှိဘာဝ တန်းစီကြွလာတော်မူကြတယ်၊ လာကြဟေ့ - မိတ်ဆွေတို့ - သံဃာတော်များကို ကိုယ်တတ်နိုင်သလောက်ပင့်ကြပါ -

ကောင်းပါပြီ - ကောင်းပါပြီ

နေရာအသီးသီးခင်းထားပြီးကြပါပြီ - ကြွတော်မူကြပါဘုရား - ကြွတော်မူကြပါဘုရား၊ တပည့်တော် များ မွန်မြတ်သည့်ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းကြပါသည်ဘုရား။

× × × ×

သံဃာတော်များ ဆွမ်းဘုဉ်းပေး မှုတပြီးကြပြီ - လျှောက်ထားဦးမှပဲ - အရှင်မြတ်များ ဘယ်ဌာနကြွကြ မှာပါလဲဘုရား -

ဒါယကာတို့ - သင့်လျော်မျှတ ချမ်းသာရမည့်ဌာန ကြွကြမလို့ -

အော် - အရှင်ကောင်းများ ဝါဆိုဖို့ကျောင်းနေရာ ရှာတော်မူကြတာပဲ။

အရှင်မြတ်တို့ ဘုရား - တပည့်တော်များ လျှောက်ထားခွင့်ပြုတော်မူကြပါ။

တပည့်တော်များ နေထိုင်ရာ ဤရပ်ရွာမှာ အရှင်မြတ်များ ယခုဝါတွင်းသုံးလပတ်လုံး ဝါကပ် သီတင်းသုံးတော်မူကြပါလျှင် - တပည့်တော်တို့ ရွာသူရွာသား - ဒကာ၊ ဒကာမများအားလုံး ကိုးကွယ်ရာ ရတနာသုံးပါး၌ ယုံကြည်မှု သဒ္ဓါတရား အသိဉာဏ်တို့ဖြင့် ရပ်တည်ကြပြီး ငါးပါးသီလ - ရှစ်ပါးသီလများကို ခံယူထိန်းသိမ်းကျင့်သုံးနေထိုင်ကြရမှာပါဘုရား။

အင်း ငါတို့ ရဟန်းတော်များ ဒီရွာ၊ ဒီဒကာ၊ ဒကာမတွေကို အမှီပြုနေကြလျှင် ဘဝလွတ်မြောက်မှုကို ပြုနိုင်ကြသိမ့်မည် -

သူတို့ဆန္ဒကိုလိုက်လျှောပြီး သီတင်းသုံးနေကြမှပဲ -
အင်း အင်း ကောင်းပါပြီ ဒကာတို့ -

× × × ×

ဟော - အရှင်မြတ်တွေ ဆွမ်းခံဝင်လာကြပြီ - ကြိုတင်လျှောက်ထားဦးမှပဲ
အရှင်မြတ်များဘုရား ခေတ္တဆိုင်းငံ့တော်မူကြပါ - တပည့်တော်က ဒီရွာမှာ ဆေးဆရာပါဘုရား။ အများစုပေါင်း နေထိုင်ရာဌာနမှာ - ကျန်းမာရေးချို့တဲ့မှုဖြစ်တတ်ပါတယ်၊ တပည့်တော်အား အမိန့်ရှိတော်မူကြပါ၊ တပည့်တော် ဆေးပစ္စည်း လှူဒါန်းကုသပေးပါမည်ဘုရား၊

× × × ×

ငါ့ရှင်တို့ - ဒီနေ့ ဝါဆိုလပြည့်ကျော်တစ်ရက် - ဝါဆိုရမည့်နေ့ဖြစ်တယ်၊ ငါ့ရှင်တို့အား မေးမြန်းလျှောက်ထားလိုတာရှိပါတယ်၊
မေးမြန်းတော်မူပါ - အရှင်မဟာပါလိတ -
ဝါဆိုပြီးချိန်ကစပြီး ဒီနှစ်ဝါတွင်းသုံးလပတ်လုံး လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ် လေးပါးမှာ ဘယ်ဣရိယာပုတ်နဲ့ သီတင်းသုံးနေကြမှာလဲ။
အရှင်မဟာပါလိတဘုရား - တပည့်တော်များ ဣရိယာပုတ်လေးပါးလုံးနဲ့ ဝါတွင်းအချိန်ကို လွန်မြောက်စေကြမှာပါဘုရား -
ဘယ်လိုလဲ - ငါ့ရှင်တို့ - ငါ့ရှင်တို့ပြောတဲ့ ဣရိယာပုတ် လေးပါးလုံးနဲ့ ဝါတွင်းအချိန်ကို လွန်မြောက်စေကြမည်ဆိုတာ သင့်တော်ပါ့မလား။ မမေ့မပေ့ါ သတိရှိရှိဖြစ်နေဖို့သင့်ပါတယ်။
တပည့်တော် နည်းနည်းဖွင့်ဆို လျှောက်ထားပါမည်၊ တပည့်တော်တို့အားလုံး သက်တော်ထင်ရှားမြတ်ဘုရားအထံတော်က အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းကို တောင်းဆိုခံယူပြီး ဒီနေရာထိလာ ခဲ့ကြတာပါ၊ ငါတို့သည် မေ့မေ့လျော့လျော့ ပေ့ါပေ့ါတန်တန်နေထိုင်မှုဖြင့် မြတ်စွာဘုရားရဲ့ စိတ်နှလုံးတော်ကို နှစ်သက်စေနိုင်ကြမည်မဟုတ်ပါ - ငါ့ရှင်တို့ အားလုံးအတွင်း အဇ္ဈာသယ စိတ်ထားကောင်းကောင်းနဲ့ ရှင်တော်မြတ်ရဲ့ စိတ်နှလုံးတော်ကို နှစ်သက်စေထိုက်ကြပါတယ်၊ ဝီရိယလျော့ပါး စိတ်အားနည်းနည်း တရားထဲမှာ ဖွဲ့မထားသူအဖို့ အပါယ်လေးပါးဟာ မိမိနေရာ ကျောင်းဂေဟာနဲ့ တူနေပါတယ်၊ ဝီရိယပြင်းပြင်း စိတ်ထားတင်းတင်း တရားတွင်းမှာ ဖွဲ့သွင်းပြီး- သီတင်းသုံးတော်မူကြပါ ငါ့ရှင်တို့ -

## အိပ်ခြင်းဣရိယာပုတ်ကို စွန့်ပယ်အားထုတ်ခြင်း

အရှင် မဟာပါလိတဘုရား - အရှင်ဘုရားတို့က ဘယ်ဣရိယာပုတ်နဲ့ သီတင်းသုံးနေမှာပါလဲဘုရား၊
ငါ့ရှင်တို့ - ငါသည် သွား၊ ထိုင်၊ ရပ်၊ ဣရိယာပထ သုံးရပ်ဖြင့် ဝါတွင်းအချိန်ကို လွန်မြောက်စေမည်၊ ငါ၏ကျောပြင်ကို အိပ်ယာတွင်းမှာ လုံးဝခင်းမည် မဟုတ်ဖူး ငါ့ရှင်တို့။
ကောင်းလှပါပြီ အရှင်ဘုရား - သတိမပြတ် ဝီရိယဓာတ် - ဖွဲ့အား ကပ်,တော်မူပါဘုရား၊
ဟင် - ဝါခေါင်လပြည့်ကျော်လာပြီ၊ ဝါဆိုပြီးချိန်ကစပြီး အိပ်ခြင်း၊ ဣရိယာပုတ်ကို လုံးဝအသုံးမပြုဘဲ ငါတရားအားထုတ်လာလိုက်တာ တစ်လကျော်လာတဲ့အချိန်မှာ ငါ့မျက်စိတွေ ကြည့်လို့မကောင်းဘူး၊ မျက်စိရောဂါဖြစ်လာတာပဲ - မျက်စိထဲက မျက်ရည်တွေလဲ အလိုလိုစီးကျလာတယ်။ ညဥ့်သုံးယံပတ်လုံး တရားအားထုတ်လာလိုက်တာ အရုဏ်တောင်တက်လာပြီ ကျောင်းခန်းတွင်း ဝင်နေဦးမှပဲ

အရှင်မဟာပါလိတဘုရား - ဆွမ်းခံဝင်ချိန်ရောက်ပါပြီ ဘုရား -

ငါ့ရှင်တို့ သပိတ်ကိုယ်စီ ကိုင်ကြပေတော့ - တပည့်တော်လည်း သပိတ်ကိုင်ပြီး ကျောင်းခန်းတွင်းက ထွက်ခဲ့ပါပြီ။

မှန်ပါဘုရား - ဟင် - အရှင်မဟာပါလိတ, အရှင်ဘုရားရဲ့ မျက်လုံးနှစ်ဖက်က မျက်ရည်တွေ စီးထွက်နေပါလား, ဘယ်လိုဖြစ်ပါသလဲ ဘုရား -

ငါ့ရှင်တို့ - တပည့်တော်ရဲ့ မျက်လုံးနှစ်ဖက်ကို အတွင်းက လေတွေတွန်းထိုးနေတယ်။

အရှင်ဘုရား - ဆေးဆရာက ဆေးဖြင့် ဖိတ်ကြားထားတာပဲ - ဆေးဆရာ အိမ်အနီးရောက်တဲ့အခါ ဆေးဆရာအား အကြောင်းကြားလျှင် ကောင်းမည်ထင်ပါဘုရား။

ကောင်းပါတယ် - အကြောင်းကြားပေးကြပါ။

ဟော ဆေးဆရာအိမ်အနီးရောက်လာကြပြီ - ဆေးဆရာနှင့်လည်း အခန့်သင့်တွေ့ရတယ်၊ အကြောင်းစကားပြောမှပဲ၊

ဆေးဒါယကာရေ - ငါ့တို့ခေါင်းဆောင် ထေရ်အရှင် မဟာပါလိတမှာ မျက်စိရောဂါဖြစ်နေပါတယ်။

မှန်ပါ - တပည့်တော် ဆေးမျက်စဉ်းဆီချက်ပြီး ကျောင်းကိုပို့လိုက်ပါမည်။

× × × ×

အော် - ဆေးဒကာဆီက မျက်စဉ်းဆီဆေးလား။

မှန်ပါဘုရား -

အေး - အေး၊ ပေးခဲ့ - ပေးခဲ့ . . .

အင်း - ဆရာပေးလိုက်တဲ့ ဆီဆေးကို နှာခေါင်းတွင်း ထည့်သွင်းတဲ့အခါ ငါကအိပ်ခြင်း ဣရိယာပုတ်ကို အမိဋ္ဌာန်နဲ့ အသုံးမပြုတော့၊ ထိုင်လျက်နဲ့ပဲ နှာခေါင်းတွင်း ထည့်သွင်းရတော့မှာပဲ။

× × × ×

ဟော - သံဃာတော်များ ဆွမ်းခံကြွလာကြပြီ - မျက်စိရောဂါရှင်အား မေးလျှောက်ဦးမှပဲ၊ အရှင်ဘုရား အရှင်ဘုရားရဲ့ မျက်လုံးနှစ်ဖက်ကို လေတွန်းထိုးနေပါသေးသလားဘုရား။

ဥပါသကာရေ - လေတွေက တွန်းတုံးပါပဲ -

တပည့်တော် မျက်စဉ်းဆီပို့လိုက်ပါတယ် - အရှင်ဘုရားရဲ့ နှာခေါင်းတွင်းမှာ ထည့်သွင်းပါ သလားဘုရား -

ထည့်ပါတယ် ဥပါသကာ -

အခုဘယ်လိုနေပါသေးသလဲ ဘုရား

ထိုးမြဲ ထိုးနေတာပဲ ဥပါသကာ

ဘယ့်နှယ်တုန်း - တစ်ကြိမ်ထည့်ရုံနဲ့ မျက်စိရောဂါပျောက်ကင်းစေနိုင်တဲ့ မျက်စဉ်းဆီကို ငါပို့ လိုက်တာပဲ ဘာကြောင့်ရောဂါမပျောက် မငြိမ်းပါလိမ့် - အင်း မေးလျှောက်ဦးမှပဲ -

အရှင်ဘုရား ထိုင်လျက် မျက်စဉ်းဆီကို ထည့်ပါသလား - သို့မဟုတ် - လဲလျောင်းပြီးမှ ထည့်ပါသလား။

အရှင်ဘုရား - တပည့်တော် မေးလျှောက်နေပါတယ် ဘုရား။

အရှင်ဘုရား - တပည့်တော် မေးလျှောက်နေပါတယ် ဘုရား။

ခက်ပြီ - ငါသုံးကြိမ်တောင် မေးလျှောက်နေတာ - ဒီကိုယ်တော် ဘယ်လိုမှ ပြန်မမိန့်ပါဘဲလား -

အင်း ကျောင်းကိုသွားပြီး ဒီထေရ်ကိုယ်တော်ရဲ့ နေရာထိုင်ခင်းကို ကြည့်ဦးမှပဲ။

အရှင်ဘုရား - တပည့်တော် မေးလျှောက်တာ သုံးကြိမ်ရှိပါပြီ - အရှင်ဘုရားက ပြန်အမိန့်မရှိမှတော့ ရှေ့ဆက်လက်ကြွတော်မူကြပါတော့ဘုရား။

× × × ×

ဟာ - အရှင်မဟာ ပါလိတထေရ် သတင်းသုံးနေထိုင်ရာကို လှည့်လည်ကြည့်လိုက်တော့ စင်္ကြံသွားတဲ့ နေရာနဲ့ ထိုင်တဲ့နေရာကိုသာ တွေ့ရတယ်၊ အိပ်တဲ့နေရာကို မတွေ့ရပါပဲလား - လျှောက်ထားကြည့်ဦးမှပဲ

အရှင်ဘုရား၊ အရှင်ဘုရားများ ထိုင်လျက်မျက်စဉ်းဆီကို လောင်းထည့်ပါသလား၊ အိပ်ပြီးမှ လောင်းထည့်ပါသလား။

အင်း အခုလဲ ဘာမှပြန်အမိန့်မရှိပုံထောက်တော့ ထိုင်လျက် မျက်စဉ်းဆီကို နှာခေါင်းတွင်းထည့်တာ သေချာပြီ. . .

အရှင်ဘုရား - ဒီလိုမပြုသင့်ပါဘုရား - ရဟန်းတရား အားထုတ်တယ်ဆိုတာ ခန္ဓာကိုယ်ကို မျှတအောင်ပြုပြီး အားထုတ်သင့်ပါတယ်ဘုရား -

ပက်လက်အိပ်ပြီးမှ မျက်စဉ်းဆီကို နှာခေါင်းတွင်း ထည့်သွင်းတော်မူပါဘုရား။ အရှင်ဘုရား၊ တပည့်တော် တောင်းပန်လျှောက်ထားပါတယ်၊ ပက်လက်အိပ်ပြီးမှ မျက်စဉ်းဆီကို နှာခေါင်းတွင်း ထည့်သွင်းတော်မူပါဘုရား၊

အို ဥပါသကာ - ဆေးဆရာ - သင်သွားပေဦးတော့ - တိုင်ပင်သင့်သူနဲ့ တိုင်ပင်ပြီးမှ ပက်လက်အိပ်ပြီး ထည့်သင့်၊ မထည့်သင့်သိရမှာ - ကဲ - ကဲ သွားတော့ - သွားတော့။

× × × ×

ဆေးဆရာတော့ပြန်သွားပြီ - ကဲ တိုင်ပင်ဦးမှပဲ -

ငါ့အဖို့ ဒီနေရာဒေသမှာ ဆွေမျိုးသားချင်းရယ်လို့ တစ်ဦးတစ်ယောက်မျှမရှိဘူး၊ ဘယ်သူနဲ့ တိုင်ပင်ရပ့်၊ ငါ့ရဲ့ခန္ဓာကိုယ်နဲ့တိုင်ပင်မှပဲ။

ငါ့ရှင်ပါလိတ - ပြောစမ်းပါဦး - သင်ဟာမျက်လုံးနှစ်ဖက်ကိုကြည့်မှာလား၊ ဒါမှမဟုတ် ဗုဒ္ဓရဲ့ အဆုံးအမ သာသနာတော်ကိုကြည့်မှာလား၊ သင်စဉ်းစားပါ၊ အစမထင်တဲ့ သံသရာတခွင်မှာ သင့်ရဲ့ မျက်စိကန်းခဲ့ရတဲ့ ဘဝဟာမရေမတွက်နိုင်အောင်များခဲ့ပြီ၊ အရာထောင်မကများလှတဲ့ ဘုရားတွေလည်း ပွင့်ပြီးတော်မူကြပြီ၊ ပွင့်တော်မူတဲ့ ဘုရားတွေထဲမှာ ဘုရားတစ်ဆူကိုမျှ သင်မဖူးမတွေ့ခဲ့ရဘူး - အခု ဒီဝါတွင်း သုံးလလုံးလုံး ငါမအိပ်တော့ဘဲ - သုံးလလုံးလုံး စွဲမြဲတဲ့ အားထုတ်မှုဝီရိယကို ငါပြုပေအံ့၊ ဒါကြောင့် သင့်ရဲ့မျက်လုံးတွေ ကွဲလိုက ကွဲ၊ ပျက်လိုက ပျက်ကြစေ၊ ဗုဒ္ဓသာသနာကိုသာ ငါဆောင်ယူမည်၊ မျက်လုံးတွေကို မဆောင်တော့ပြီ။

× × × ×

ကိုင်း ဒီနေ့မှာလဲ ထိုင်လျက်ပဲ ဆရာပေးတဲ့ဆေးကို ထည့်လိုက်ဦးမည်၊ ကိုင်း - ဆွမ်းခံဝင်မည်။

အရှင်ဘုရား - နှာနပ်(နှာခေါင်းတွင်းဆီထည့်သွင်း)မှုကို ပြုပါရဲ့လား ဥပါသကာပြုပါရဲ့။

ဘယ်လိုနေပါသေးသလဲ ဘုရား။

မျက်လုံးတွေကတော့ ကိုက်မြဲကိုက်နေတာပါပဲ ဥပါသကာ။

အရှင်ဘုရား - ထိုင်လျက်နှာနပ်ပါသလား၊ ဒါမှမဟုတ် ပက်လက်အိပ်, နှာနပ်ပါသလား။

အရှင်ဘုရား - တပည့်တော်လျှောက်ထားနေပါတယ် ဘုရား၊

တပည့်တော် လျှောက်ထားနေပါတယ် ဘုရား၊

အင်း ငါသုံးကြိမ် မေးလျှောက်ပေမယ့် - ပါလိတထေရ်ဘာမျှ ပြန်မပြော တုဏှီဘောနေတယ် - စကားကုန်လျှောက်ထားလိုက်မှပဲ၊

အရှင်ဘုရား - အရှင်ဘုရားက ရောဂါနဲ့ သင့်တော်အောင် မပြုမလုပ်မှတော့ ဒီနေ့ကစပြီး ဒီဆရာက ငါ့အတွက် မျက်စဉ်းဆီပေးတယ်လို့ မိန့်တော်မမူပါနဲ့, တပည့်တော်ကလဲ အရှင်ပါလိတအတွက် မျက်စဉ်းဆီ ပေးတယ်လို့ မပြောတော့ပါဘုရား။

ဟော့ ပါလိတ - သင့်ကိုဆေးဆရာက စွန့်ပစ်သွားပြီ - ကိုင်းကျောင်းကို ပြန်ကြွမှပဲ . . .

အို ဆေးဆရာက ဆေးမကုတော့ဘဲ သင့်ကို စွန့်ပစ်သွားပြီ၊ သေမင်းကတော့ သင့်ကိုမပစ် မစွန့်ဘူး၊ တစ်နေ့မှာ သေရမှာသေချာတယ်၊ မသေမီအချိန်မှာ သင်မိဌာန်မြဲအတိုင်း မိဌာန်ပြီး တရားအားထုတ်ပေတော့။

× × × ×

## မျက်စိလည်းကွယ် - ရဟန္တာလည်းဖြစ်

. ဟာ-စကြံသွားလျက် ငါတရားအားထုတ်လိုက်တာ၊ ယခု မဇ္ဈိမယာမ် - (သန်းခေါင်)အလွန်မှာ ငါ့ရဲ့မျက်လုံးနှစ်ဖက်လုံးလဲ ကွယ်သွားပြီ - ငါလဲ စျာန်မှ ကင်းကွာ ကိလေသာကုန်ခမ်း ရဟန္တာဖြစ်ခဲ့ရလေပြီ ကျောင်းခန်းတွင်း အသာစမ်းသွားပြီး အနားယူမှပဲ။

× × × ×

အရှင်မဟာ ပါလိတထေရ် အရှင်မြတ်ဘုရား - ဆွမ်းခံဝင်ချိန် ကျရောက်ပါပြီဘုရား -

အော် - ဆွမ်းခံချိန်တောင် ရောက်လာပြီလား။

မှန်ပါဘုရား -

ငါ့ရှင်တို့ ဆွမ်းခံချိန်ရောက်လျှင်လဲ ကြွကြပေတော့ -

အရှင်ဘုရား မကြွတော့ဘူးလား၊

ငါ့ရှင်တို့ တပည့်တော်ရဲ့ မျက်လုံးတွေမှာ အလင်းရောင်မထင်လာတော့ဘူး၊

ဟာ - ပြပါဦးဘုရား၊ ပြပါဦးဘုရား ဖြစ်မှုဖြစ်ရလေ အရှင်မြတ်ဘုရား၊ တပည့်တော်များရဲ့ မျက်လုံးတွေကတော့ မျက်ရည်တွေယိုစီးနေကြပါပြီဘုရား။

အရှင်မြတ်ဘုရား - စိုးရိမ်ကြောင့်ကျတော်မမူပါနှင့် - တပည့်တော်များ ပြုစုကျွေးမွေးစောင့်ရှောက် ကြပါမည်ဘုရား, ဟောဒီဟာက သောက်ရေ၊ ဟောဒါက ထွေးခံ, ဟောဒါက တောင်ဝှေးပါဘုရား၊ တပည့်တော်များ ဆွမ်းခံသွားပါဦးမည်ဘုရား။

ကောင်းပါပြီ - ကောင်းပါပြီ။

× × × ×

အရှင်မြတ်တို့ဘုရား - အရှင်မြတ်တို့ခေါင်းဆောင် အရှင်မဟာပါလိတထေရ် မပါပါပဲလားဘုရား

ဒကာ, ဒကာမတို့ ဒို့ရဲ့ခေါင်းဆောင် အရှင်မဟာပါလိတထေရ်ရဲ့ မျက်လုံးအစုံ, ရှုပါရုံရှေ့ရှု ရောက်သော်လဲ စက္ခုဝိညာဏ် စတင်ထွေပြော ဝီထိဇော မစောနိုင်ရှာလို့ ကျောင်းမှာပဲ သီတင်းသုံး နေရစ်ပါတယ်။

အမလေး ဖြစ်မှဖြစ်ရလေ ဘုရား. . . ဟဲဟဲ သား, သား ရော့ ရော့ ဒီဆန်ပြုတ်ကို အလျင်ယူ ကျောင်းကိုသွားကပ်နှင့် ဒို့နောက်က ဆွမ်းဘောဇဉ် ယူပြီးလိုက်ခဲ့မည် -

ကောင်းပါပြီ မေမေ -

× × × ×

အိုအရှင်မဟာပါလိတထေရ်ဘုရား တပည့်တော် တပည့်တော်မတို့ မျက်ရည်မဆည်နိုင်အောင် ဖြစ်ရပါတယ် ဘုရား -

အရှင်မြတ်ဘုရား၊ စိုးရိမ်ကြောင့်ကျတော်မမူပါနှင့် - တပည့် ဒကာ ဒကာမများက အရှင်ဘုရားအား ပြုစုစောင့်ရှောက်ကြပါမည်ဘုရား။

## ဩဝါဒခံ အမှန်ကျင့်သုံး ရဟန္တာအားလုံးဖြစ်

သာဝတ္ထိမွန် ဇေတဝန်မှ တိုင်းစွန်ပြည်ဖျား တောကြားရပ်ရွာကပ်ကာ တူပြုံး သီတင်းသုံးဖော် တပည့်တော်များ ရဟန်းခြောက်ကျိပ် အရှင်မဟာပါလိတထေရ်မြတ်ထံ မပြတ်နိယာမ် ဩဝါဒခံ ရောက်ရှိနေကြပါဘုရား။

ငါ့ရှင်တို့- ငါ့ရှင်တို့အား နေ့စဉ်သတိပေးစကားပြောကြားခဲ့တာပဲ။ သာတစ္စကြိယာ စွဲစွဲမြဲမြဲပြုလုပ်ခြင်း **လို့ဆို**တဲ့အတိုင်း ငါ့ရှင်တို့ အသုံးပြုနေတဲ့ ဣရိယာပုတ်လေးပါးလုံးမှာ သတိနှင့်ကင်းပြီး ဘယ်ဣရိယာပုတ်**ကိုမျှ မဖြစ်**ကြစေပဲ ကမ္မဋ္ဌာန်းအာရုံမှာ အမြဲသတိကပ်လျက် ဝီရိယဓာတ်ထက်သန်စွာ ကြိုးစားအားထုတ်**ကာ အချိန်**ကို ကုန်လွန်ကြပါစေ -

ကောင်းလှပါပြီ ဘုရား။

× × × ×

အရှင်ဘုရားတို့ - တပည့်တော်တို့အားလုံး အရှင်မဟာပါလိတရဲ့ ဩဝါဒကိုခံယူကြကာ ဩဝါဒ အတိုင်း အားထုတ်ခဲ့ကြလို့ ဝါမကျွတ်မီအချိန်က မျှော်မှန်းထားတဲ့ ပဋိသမ္ဘိဒါ လေးအင်တန်ဆာ ဆင်တပ် အရဟတ္တဖိုလ် အောင်လံကို အားလုံးကိုင်ဆောင်နိုင်ပြီး အောင်ပွဲခံခဲ့ကြပါပြီ။

ယခုဝါကျွတ်ချိန်ရောက်လာတော့ မြတ်စွာဘုရားထံ သွားရောက်ကြပြီးရအပ်သော အရဟတ္တဖိုလ်ကို အသိပေးကာ ပြုံးရွှင်တဲ့မျက်နှာတော်ကို ဖူးမြော်ကြရအောင် အရှင်မဟာပါလိတအား အကြောင်းစကား လျှောက်ထားကြပါစို့-

ကောင်းလှပါသည်ဘုရား -

အရှင်မဟာပါလိတ ဘုရား၊ တပည့်တော်များ မြတ်စွာဘုရား မျက်နှာတော်ကို ဖူးမြော်လိုကြပါသည် ဘုရား -

အင်း - အင်း - ကောင်းပေစွ - ကောင်းပေစွ - ငါ့ရှင်တို့က ရှေ့ကသွားနှင့်ကြပါ။

အရှင်ဘုရားအနေနဲ့ကတော့ . . .

ငါ့ရှင်တို့ - တပည့်တော်က အားနည်းတဲ့ပုဂ္ဂိုလ်ပါ၊ ဒီကနေကြွကြတော့ - သာဝတ္ထိမရောက်မီအကြား လမ်းခရီးမှာ - ဘီလူးတို့အုပ်စိုးရာ တောအုပ်ရှိတယ်။ တပည့်တော်နှင့်အတူသွားကြလျှင် အားလုံးပင်ပန်း ကုန်လိမ့်မည်။ အရှင်ဘုရားတို့သာ သွားနှင့်ကြပါ။

အရှင်မဟာပါလိတဘုရား - ဒီလိုမိန့်တော်မမူပါနဲ့၊ တပည့်တော်များကတော့ အရှင်ဘုရားနဲ့ပဲ

အတူသွားလိုကြပါတယ်။

ငါ့ရှင်တို့ တပည့်တော်နှင့်အတူသွားမှုကို မနှစ်သက်ကြပါနဲ့၊ တပည့်တော်နှင့်အတူသွားကြမည်ဆိုလျှင် တပည့်တော် စိတ်နှလုံးမချမ်းမသာဖြစ်ပါလိမ့်မယ်။

အရှင်ဘုရားတို့ သာဝတ္ထိရောက်ကြလို့ တပည့်တော်ညီပါလိတ အရှင်ဘုရားတို့ကို တွေ့မြင်တဲ့အခါ တပည့်တော်ကို မေးပါလိမ့်မယ်၊ တပည့်တော် မျက်စိကွယ်နေကြောင်း အမိန့်ရှိကြပါ၊ တပည့်တော်ညီက တပည့်တော်ထံ လူတစ်ယောက် စေလွှတ်ပေးပါလိမ့်မည်။ အဲဒီလူနဲ့အတူ သာဝတ္ထိကို လာခဲ့ပါမည်၊ ငါ့ရှင်တို့က တပည့်တော်၏စကားဖြင့် မြတ်စွာဘုရားနှင့် မဟာထေရ် ရှစ်ကျိပ်တို့ကို ရှိခိုးလိုက်တော်မူကြပါ -

ကောင်းပါပြီ အရှင်မဟာပါလိတထေရ်ဘုရား - တပည့်တော်များအား သွားခွင့်ပြုတော်မူပါ- တပည့်တော်များ သွားပါပြီဘုရား။

× × × ×

အော်, အရှင်မြတ်တွေကြွလာကြပြီ -

ကြွတော်မူကြပါဘုရား - သီတင်းသုံးတော်မူကြပါ - ဆွမ်းကပ်လှူကြပါတယ်ဘုရား၊ အရှင်ဘုရားများ မြင်ရတာ - သက်န်းပရိက္ခရာစုံလင်စွာနှင့် ခရီးထွက်ကြမည် ထင်ပါဘုရား။

ဟုတ်ပေတယ် - ဥပါသကာတို့ - မြတ်စွာဘုရားကို ဖူးမြော်လိုကြတယ် -

အရှင်ဘုရားများ၊ တပည့်တော်တို့ရွာအနီး ကျောင်းမှာသီတင်းသုံးကြတော့ တပည့်တော်တို့ ရွာသူ/ရွာသား ဥပါသကာ၊ ဥပါသိကာများမှာ ဒါနသီလ၊ ဓမ္မသဝန ဘာဝနာကုသိုလ်များ တိုးပွားကြရပါတယ် ဘုရား - အရှင်ဘုရားများပြန်ကြမည်ဆိုတော့ တပည့်တော်များမှာ ကုသိုလ်အခွင့်တွေ လစ်ဟင်းတော့မှာပါ ဘုရား -

× × × ×

တားမရတော့ - အားလျှော့လိုက်ရပါပြီ - တပည့်တော်များ လိုက်ပို့ကြပါဦးမည် . . .

ကဲ - ကဲ ကြွတော်မူကြပါတော့ဘုရား - တပည့်တော်များ မျက်ရည်မဆည်နိုင်ကြတော့ဘူးဘုရား။

ငါ့ရှင်တို့ သာဝတ္ထိမြို့ ရောက်လာကြပြီ - မြတ်စွာဘုရားနဲ့ မဟာသာဝက ရှစ်ကျိပ်တို့ကို ရှိခိုးပြီးကြပြီ

အရှင်မဟာပါလိတထေရ်ရဲ့ အမှာစကားကိုလည်း လျှောက်ထားပြီးကြပြီ၊ ဒီနေ့ အရှင်မဟာပါလိတ ထေရ်ရဲ့ညီ စူဠပါလိတ နေထိုင်ရာလမ်းကို ဆွမ်းခံကြွကြရအောင် -

× × × ×

ဟာ - ဆွမ်းခံကြွလာတဲ့ သံဃာတော်များဟာ ငါ့နောင်တော် မဟာပါလိတနှင့်အတူ ကြွကြတဲ့ သံဃာတော်များပါလား။

ကြွတော်မူကြပါဘုရား - ကြွတော်မူကြပါဘုရား, ဘယ်နေ့က ပြန်ကြွလာကြပါလဲဘုရား - တပည့် တော်ရဲ့နောင်တော် မဟာပါလိတ ဘယ်မှာနေရစ်ပါသလဲ ဘုရား -

အေး - စူဠပါလိတရေ - စိတ်သဘောခိုင်ခိုင်မာမာသာ ထားပေရော့ကွာ၊ မင်းရဲ့နောင်တော်၊ ငါတို့ရဲ့ခေါင်းဆောင် မဟာပါလိတထေရ်ကတော့ ဒီသာဝတ္ထိက ယူဇနာတစ်ရာ့နှစ်ဆယ် ခရီးကွာဝေးတဲ့ တောရွာကြီးတစ်ရွာအနီး တောရကျောင်းမှာ မျက်စိနှစ်ကွင်းအလင်းမရတော့လို့ သီတင်းသုံးကျန်ရစ် ခဲ့တယ်ကွယ့် -

အမယ်မင်း - ဖြစ်ရလေခြင်း အရှင်ဘုရားတို့ - တပည့်တော်ရပ်တည်မနေထိုင်နိုင်တော့ဘူး . . .

အင်း - အင်း၊ ဟုတ်ပေတာပဲ - ဟုတ်ပေတာပဲ၊ ဒို့လဲ မင်းလိုပါပဲကွယ်၊ မျက်ရည်နဲ့ရွှဲတဲ့မျက်နှာ ဖြစ်ခဲ့ကြပါပြီ၊ သူ့ရဲ့ကံတရားကို မမြင်နိုင်ဘူးကွယ်၊ ကဲ - ကဲ မြေမှုံတွေ မင်းရဲ့တစ်ကိုယ်လုံးလူးကုန်ပြီ၊ ဒို့ခြေရင်းက ထတော့ ထတော့

အရှင်ဘုရားတို့ - တပည့်တော်ရဲ့နောင်တော်အတွက် ဘယ်လိုစီစဉ်သင့်ပါသလဲဘုရား။

အေး - မင်းရဲ့နောင်တော်ကြီးက မင်းထံက လူတစ်ယောက် စေလွှတ်လိုက်စေချင်တယ်၊ အဲဒီလူနဲ့ အတူ ဒီသာဝတ္ထိကို ကြွလာမည်လို့ အမိန့်ရှိလိုက်သကွဲ့။

အရှင်ဘုရားတို့ ဒီလူက တပည့်တော်ရဲ့တူ ပါလိတပါဘုရား - သူ့ကို နောင်တော်ကြီးထံ စေလွှတ် ပေးတော်မူကြပါ -

နေဦးကွဲ့ - စူဋပါလိတ, ရုတ်တရက် စေလွှတ်လိုက်လို့ မတော်ဘူး၊ လမ်းခရီးမှာ ဘေးရန်ရှိသကွဲ့၊ ဒီတော့ မင်းရဲ့တူ ပါလိတကို သာမဏေပြုပေးပြီး သင်္ကန်းဝတ်နဲ့လွှတ်မှ နေရာကျလိမ့်မည်။

မှန်ပါ၊ အရှင်ဘုရားများ သင့်တော်သလို စီမံတော်မူကြပါ။

× × × ×

ကဲ - ကဲ ပါလိတ, မင်းသာမဏေဖြစ်သွားပြီ၊ ဆယ့်ငါးရက်လောက် သင်္ကန်းဝတ်နဲ့ အသားကျအောင် ခါးဝတ်သင်းပိုင်ဝတ်ပုံ၊ ကိုယ်ရုံဧကသီလွှမ်းပုံ- သပိတ်ကိုင်ပုံ၊ ဆွမ်းခံပုံ၊ ဆွမ်းစားပုံ၊ ဆရာသမားရဲ့ ဝတ်ကြီး ဝတ်ငယ်ပြုစုပုံတွေကို အတုယူကျင့်သုံးဦးကွယ့်၊

မှန်ပါဘုရား။

အေး - အေး ကိုရင်ပါလိတ - မင်းအနေနဲ့ သာမဏေတို့ရဲ့ အနေအထိုင်သွားပုံလာပုံ၊ စားပုံ သောက်ပုံ၊ ဝတ်ကြီးဝတ်ငယ် ပြုစုပုံကစပြီး အပြည့်အစုံ အချိုးကျလာပါပြီ။ မင်းရဲ့ဦးကြီး အရှင်မဟာပါလိတ သီတင်းသုံးနေရာ ဒီသာဝတ္ထိမှ ယူဇနာတစ်ရာ့နှစ်ဆယ်ကွာ ရွာကြီးကိုသွားပေတော့၊ ရွာကြီးမရောက်မီ ခရီးအကြား တောအုပ်ကြီးတစ်ခုကိုတော့ ဖြတ်သန်းသွားရလိမ့်မယ်၊ အမနုဿဆိုတဲ့ ဘီလူးအစိမ်းသူရဲ အန္တရာယ်နဲ့ တွေ့တန်လျှင်တွေ့လိမ့်မည်၊ ဘာကိုမျှ ကြောက်စိတ်မဝင်စေနဲ့။

ဗုဒ္ဓနုဿတိ ဘုရားဂုဏ်တော်တွေကိုသာ စိတ်နဲ့ရွတ်ဖတ်၊ ပွားများပြီးသွားပေတော့ -

ကောင်းလှပါပြီ၊ တပည့်တော်သွားပါပြီဘုရား -

× × × ×

အော် - ဆရာသမားများ ညွှန်ကြားလိုက်တဲ့ ခရီးလမ်းအတိုင်းလာလိုက်တာ ခရီးယူဇနာ တစ်ရာ့နှစ်ဆယ်ရောက်လာပြီ - ရှေ့မှာရွာကြီးတစ်ရွာကိုတော့မြင်ရပြီ။

ဟော - ရွာကြီးတံခါးဝရောက်လာပြီ - အဆင်သင့်တွေ့ရတဲ့ ဒကာကြီးကိုမေးဦးမှပဲ -

အို - ဒကာကြီး ဒီရွာကိုအမှီပြုနေတဲ့ တောရကျောင်းမရှိဘူးလား။

ရှိပါရဲ့ - ကိုယ်တော်။

အဲဒီတောကျောင်းမှာ - ဘယ်သံဃာတော်သီတင်းသုံးနေပါသလဲ။

အရှင်ဘုရား - မဟာပါလိတထေရ် သီတင်းသုံးနေပါတယ်။

အော် - အော် အဲဒီတောရကျောင်းသွားဖို့ လမ်းခရီးကို ပြောပြစမ်းပါ။

အရှင်ဘုရားက ဘယ်သူပါလဲ။

အရှင်မဟာ ပါလိတထေရ်ရဲ့တူ - သာမဏေပါ။
ကောင်းပါပြီ တပည့်တော်လိုက်ပို့ပါမည်။

× × × ×

တပည့်တော်က - စူဠပါလိတ - ဥပါသကာရဲ့ တူတော်သူပါဘုရား -
လမ်းခရီးမှာ အမနုဿအန္တရာယ် ကာကွယ်နိုင်ဖို့ သာမဏေပြုပေးလိုက်ကြလို့ သက်န်းဝတ်နဲ့ လာခဲ့ရခြင်းပါဘုရား -
ဘုရားတပည့်အား ဝတ်ကြီး၊ ဝတ်ငယ်ပြုခွင့်ပေးတော်မူပါဘုရား -
ကောင်းပြီ, ကောင်းပြီ ။

× × × ×

အရှင်မြတ်ကြီးဘုရား - တပည့်တော်ရောက်ပြီး အရှင်မြတ်ကြီးရဲ့ ဝတ်ကြီးဝတ်ငယ်တွေ ပြုစုစောင့်ရှောက်လာတာ - ဆယ်ငါးရက်ခန့်ရှိလာပါပြီ။
အရှင်မြတ်ကြီးဘုရား - တပည့်တော်၏ ဦးရီးသူကြွယ် စူဠပါလိတက အရှင်ဘုရားများ ကြွရောက်လာမှုကို မျှော်လင့်တောင့်တနေပါတယ်ဘုရား -
အေး အေး ကောင်းပြီ, ကောင်းပြီ - ငါရဲ့တောင်ဝှေးစွန်းတစ်ဖက်ကိုကိုင်၊ ငါကတောင်ဝှေးစွန်းတစ်ဖက်ကို ကိုင်လိုက်ခဲ့မည်၊ ဖြည်းညင်းသက်သာ ရှေ့ကသွားပေတော့။
ကောင်းပါပြီ ဘုရား။

× × × ×

အရှင်မြတ်ဘုရား - အရှင်ဘုရားများရဲ့ ဂေါစရဂါမ်(ဆွမ်းခံ) - ရွာတွင်းရောက်လာပါပြီဘုရား။
အရှင်မဟာပါလိတ အရှင်မြတ်ဘုရား - ဒီနေရာမှာ သီတင်းသုံးတော်မူပါ။
အရှင်ဘုရားကို မြင်ရတာ ခရီးသွားမည့် အမူအရာ မြင်နေကြရပါလားဘုရား။
အေး၊ ဟုတ်ပေတယ် - ဥပါသကာတို့ - မြတ်စွာဘုရားကို ရှိခိုးဖို့ကြွကြမည်။
တပည့်တော်များ တားမရမှတော့, တပည့်တော်များ လိုက်ပို့ကြပါဦးမည်၊ ကဲ - ကြွကြပေဦးတော့ဘုရား - တပည့်တော်များတော့ မျက်ရည်စက်လက်နဲ့ ကျန်ရစ်ခဲ့ကြပါမည် ဘုရား။
အော် - ငါရဲ့ဦးရီးတော်ကြီး အရှင်မဟာပါလိတကို တောင်ဝှေးဆွဲ ပင့်ဆောင်လာလိုက်တာ - လမ်းခုလပ် တောအုပ်အတွင်း ဦးရီးတော်အမှီပြု သတင်းသုံးနေဘူးတဲ့ ကဋ္ဌနဂရ(ထင်းမြို့ခေါ်)ရွာကို ရောက်လာပါပြီလား။
ဦးရီးတော် အရှင်မြတ်ဘုရား - ဦးရီးတော်အမှီပြု သတင်းသုံးဘူးတဲ့ ကဋ္ဌနဂရရွာကို ဖြတ်ကျော်လာခဲ့ပါပြီဘုရား ။
အေး - အေး၊ ခရီးတော်တော်ရောက်လာပြီပဲကွယ့်။
မှန်ပါဘုရား။

## အသံစွဲလျက် သီလဖျက်

"ရဟန်းတို့ - မိန်းမအသံလောက် - ယောကျာ်းတို့ စိတ်နှလုံးကို သိမ်းကျုံးဆွဲဆောင်နိုင်သည့် အခြားအသံတစ်ခုကိုသော်လည်း ငါဘုရား ရှုကြည့် မထင်မမြင်နိုင်ဘူး ချစ်သားတို့"

ဟာ - ရှာတွင်းက ထွက်လာလို့ တောတွင်းရောက်လာလိုက်တာ - တော်တော်သာယာတဲ့ သီချင်းသံကို ကြားရပါကလား - သေသေချာချာ နားထောင်ကြည့်ဦးမှ - ဟာ - အမျိုးသမီးအသံပဲ၊ အသံရှင်ရှိရာ သွားလိုက်ဦးမှ -

ဦးရှီးတော်ဘုရား - ဒီနေရာမှာ တောင်ဝှေးတော်ကိုင်ပြီး ခေတ္တသီတင်းသုံးပါဦးဘုရား၊ တပည့်တော် ကိစ္စရှိလို့ ခေတ္တသွားပါဦးမည်။

× × × ×

အို - နှမ ခုနကသီချင်းသံဟာ နှမသီဆိုလိုက်တဲ့ အသံပဲမဟုတ်လား၊ ဘာကိစ္စနှင့် ဒီတောတွင်း တစ်ယောက်ထဲ ရောက်နေရတာလဲ။ ထင်းခွေနေတာလား။

နှမရဲ့ သီချင်းသံကြားလိုက်ရတော့ - ပကတိစိတ်အတိုင်း ရပ်တည်မနေနိုင်လို့ - ဟောဟိုမှာ - မျက်မမြင်ဦးရှီးတော်ဘုရားကို ခရီးလမ်းမှာထားခဲ့ပြီး အမြန်လာလိုက်တာပဲ နှမရဲ့ -

သီချင်းဆက်ဆိုစမ်းပါဦး - အားရကျေနပ်လောက်အောင် နားထောင်စမ်းပရစေ, မျက်နှာလေး ပြုံးပြရုံမပြပါနဲ့၊

ကဲ - ဆိုစမ်းပါဦး - အို ဟိုဘက်မျက်နှာလှည့်မသွားပါနဲ့ - မဆိုချင်တော့ဘူးလားဟင် . . . မေးလို့လည်း စကားပြန်မရပါဘဲလား၊

× × × ×

ဟာ - ငါ့သီလတော့ပျက်စီးသွားပြီ၊ ဦးရှီးတော်ထံ အမြန်သွားမှပဲ . . .

အင်း - ယခုပဲ သီချင်းသံကိုငါကြားလိုက်ရတယ်, အဲဒီအသံဟာ မိန်းမအသံပဲ၊ သီချင်းသံလဲ ပြတ်စဲသွားတယ်၊ ခေတ္တပါဆိုပြီးသွားတဲ့ သာမဏေလဲ တော်တော်ကြာသွားပြီ, သာမဏေဟာ သီချင်းသံရှင် အမျိုးသမီးနဲ့ သီလပျက်စီးသူဖြစ်လိမ့်မည်။

ဦးရှီးတော်ဘုရား - တောင်ဝှေးစွန်းတစ်ဖက်ပေးတော်မူပါ - ခရီး ဆက်ကြွကြပါစို့ဘုရား။

## ပါပဂရဟီပုဂ္ဂိုလ်

ဟဲ့ - အကောင် နင်လူယုတ်မာဖြစ်ခဲ့ပြီ မဟုတ်လား -

ဟင် - ပြောစမ်းပါ - နင်လူယုတ်မာဖြစ်ခဲ့ပြီ မဟုတ်လား -

ငါမေးနေတာ နင်မကြားဘူးလား - နင့်လိုယုတ်မာသူက ငါနဲ့အတူ ငါ့အဖို့ တောင်ဝှေးစွန်းကိုကိုင်ဖို့ကိစ္စ မရှိဘူးဟဲ့၊

ဟာ - ငါတော့မှားပြီ - တကယ့်အရှင်မြတ်ကြီးနဲ့အတူလာပြီး ယုတ်မာမှုကို ငါပြုမိပါကလား - ကဲ - အရှင်မြတ်ကြီး စိတ်ကျေနပ်အောင်လုပ်မှပဲ - ကိုင်း ဒီသင်္ကန်းတွေသွားရော့ကွာ - အသင့်ဆောင်ယူခဲ့တဲ့ လူအဝတ်ပုဆိုးတွေ ငါဝတ်လိုက်ပြီ၊ အရှင်မြတ်ကြီးကိုလျှောက်ထားမှပဲ -

ဦးရှီးတော် အရှင်မြတ်ကြီးဘုရား - ပြီးခဲ့တဲ့အချိန်ထိ တပည့်တော် - သာမဏေဖြစ်ခဲ့ပါတယ်, ယခုတော့ လူဝတ်ကြောင်အဝတ်တွေကို ဝတ်ဆင်ထားတဲ့ ပကတိလူဖြစ်သွားပါပြီဘုရား၊

တပည့်တော်ဟာ ယခင်က သဒ္ဓါပဗ္ဗဇိတ - သဒ္ဓါတရားကြောင့် သာမဏေပြုလာခဲ့သူမဟုတ်ပါ ဘုရား - ဦးရှီးတော်အရှင်မြတ်ကို ပင့်ဆောင်ဖို့ လာရာလမ်းခရီးမှာ ဘေးအန္တရာယ်ကို ကြောက်တဲ့အတွက် သာမဏေဝတ်လာခဲ့ရတာပါဘုရား - ကြွတော်မူပါ ခရီးဆက်ကြပါစို့ဘုရား -

ဟဲ့ - ဟဲ့ လူအဖြစ်နဲ့ယုတ်မာသူလည်း လူယုတ်မာပဲ - သက်န်းဝတ်နဲ့ ယုတ်မာသူလည်း လူယုတ်မာပဲ။ နင်ဟာ သက်န်းဝတ်သာမဏေဖြစ်လျက်နှင့်ပင် သီလကလေးကိုမျှ မဖြည့်မကျင့်နိုင်တာဘဲ၊ လူဖြစ်နေမှတော့ ကောင်းမှုကိုဘယ်မှာပြုတော့မှာလဲ - သင့်လိုလူယုတ်မာမှာ ငါ့တောင်ဝှေးစွန်းကို ကိုင်ဖို့ ကိစ္စမရှိဖူး။

ဦးရီးတော် အရှင်မြတ်ကြီးဘုရား ရှေ့ဆက်ကြွရမည့် ခရီးလမ်းက - ဘီလူးဘေးရန်ပေါတဲ့ တောခရီးပါဘုရား၊ အရှင်မြတ်ကြီးကလည်း မျက်စိအလင်းမရတဲ့အပြင် ရှေ့ဆောင်သွားမည့်သူလည်း မရှိခဲ့လျှင် ဒီတောအုပ်အလယ်မှာ အရှင်မြတ်ကြီး ဘယ်လိုနေမှာပါလဲဘုရား၊

ဟဲ့ - လူယုတ်မာ၊ နင် ကလီကမာ အကြံရှာစိုးရိမ်မနေနဲ့၊ ငါ့အဖို့ ဒီတော အလယ်မှာအိပ်လျက် သေသေ - လူးလှိမ့်လျက်သေသေ - နင့်လို လူယုတ်မာနှင့်အတူ မသွားလိုဘူး၊ လူမိုက်မှာ အပေါင်း အဖော် မရှိဘူး။

ဦးရီးတော် အရှင်မြတ်ဘုရား - တပည့်လူမိုက်၊ သူတော်ကောင်းတို့ လားလားမျှမကြိုက် ဝန်လေးလှတဲ့ ဒုစရိုက်မှုကြီးကို မဆင်မခြင်အလျင်ကူးလူး လွန်ကျူးမိပါသည်ဘုရား။ တပည့်တော်လက်မောင်းနှစ်ဖက် ဦးခေါင်းထက်မြှောက်လျက် မျက်ရည်စက်လက်နဲ့ အသက်ပင်သေသေ - အရှင်မြတ်ကြီးအနီးမှာ မနေနိုင်တော့ပါ၊ ဂနိုင်ရစ်ဆီး တောမြိုင်ကြီးအတွင်း အားတင်းကာပြေးပါတော့သည်ဘုရား၊

## သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်နေရာ (သူတော်ကောင်း နတ်ကောင်း စောင်မ)

အလို့၊ ငါသိကြားမင်းစံရာ အလျားယူဇနာခြောက်ဆယ်၊ အနံယူဇနာ ငါးဆယ်၊ အထုယူဇနာ ဆယ့်ငါး၊ လယ်ခေါင်းရမ်းပန်းပမာ နီမြန်းတွတ်တွတ် ထိုင်လျှင် အောက်သို့ညွှတ်၊ ထလျှင်အထက်သို့ကြွတက်လာတဲ့ ပဏ္ဍုကမ္ဗလာ ကျောက်နေရာသည် ပူနွေးခြင်းရာ၊ တင်းမာလာပါတကား၊ နတ်လူမဟူ အဘယ်သူသည်- ငါ့ကိုငြူစူ ငါ့နေရာကို ယူလိုလေသနည်း။

အင်း - နတ်မျက်စိတစ်ထောင်ဖြင့် လူ့ဘောင်ကိုကြည့်လိုက်ဦးမှပဲ

အလို့၊ လူယုတ်မာကိုကဲ့ရဲ့ ရှုတ်ချ - ဓမ္မဂရုက အမှန်တရားကို လေးစားကျင့်သုံး - စင်ကြယ်သည့် စိတ်နှလုံးဖြင့် သာသနာတော်၌ ရွှင်ပြုံးမွေ့လျော် - ကိလေသာ ချေးညှော်ဖွတ်လျှော်စင်ကြယ် - ကြည်ညိုဖွယ် အခန်းခန်း ရဟန္တာမြတ် မဟာပါလိတထေရ် - တောကြီးအလယ်တစ်ဦးတည်းဖြစ်နေပါတကား၊ ဤသို့သော ပါပဂရဟီဓမ္မ ဂရုကအရှင်မြတ်ထံ ငါမချဉ်းကပ်ခဲ့သော် ငါ၏ဦးခေါင်း ခုနစ်စိတ်ကွဲမှာပါကလား၊ အရှင်မြတ်ထံ ငါအမြန်သွားလေမှပဲ။

× × × ×

အင်း၊ ငါ့အနီးက ခြေလှမ်းသံကြားရတယ်၊ မေးဦးမှပဲ။

ငါ့အနားက သွားသူဟာ ဘယ်သူလဲ။

မှန်ပါ၊ တပည့်တော်ခရီးသွားပုဂ္ဂိုလ်ပါဘုရား -

ဥပါသကာက ဘယ်ကိုသွားမှာလဲ။

တပည့်တော် သာဝတ္ထိသွားမှာပါဘုရား -

ဥပါသကာ အေး - အေး သွားပေတော့။

အရှင်မြတ်ဘုရား - အရှင်ဘုရားက ဘယ်ကိုကြွမှာပါလဲဘုရား ။

ငါလဲသာဝတ္ထိကိုပဲ သွားမှာပါ။

အရှင်ဘုရား သာဝတ္ထိသွားမှာချင်းတူနေတော့ တပည့်တော်နဲ့အတူတူ သွားကြတာပေါ့ဘုရား။

ဥပါသကာ - ငါက အားအင်နည်းတဲ့သူ - ငါနဲ့အတူသွားလျှင် သင့်မှာ ကြန့်ကြာနေလိမ့်မည်။

အရှင်ဘုရား တပည့်တော်မှာ အလျင်အမြန်သွားစရာကိစ္စမရှိပါ -

အရှင်ဘုရားနဲ့အတူသွားရလျှင် တပည့်တော်မှာ ပုညကိရိယာဝတ္ထု(ကောင်းမှုပြုကြောင်း) ဆယ်မျိုးထဲကတစ်မျိုး(ဝေယျာဝစ္စ)ကို ရမှာပါဘုရား၊

အင်း - ဒီလူလျှောက်ထားပုံ ကောင်းပေတယ်၊ လူသူတော်ကောင်းဖြစ်လိမ့်မည်။

အေး အေး - ဒီလိုဆိုမှတော့ - သင်ဥပါသကာနဲ့အတူငါသွားမည်၊ ငါ့တောင်ဝှေးစွန်းကို ကိုင်စွဲပေတော့။

မှန်ပါဘုရား, အရှင်မြတ်ရဲ့တောင်ဝှေးစွန်းကို တပည့်တော်ကိုင်မိပါပြီ သွားကြပါစို့ဘုရား,

ကဲ - ငါသိကြားမင်း ဘုန်းတန်ခိုးနဲ့ မဟာပထဝီကိုချုံ့လိုက်မည်၊ ငါနှင့်အတူ မထေရ်မြတ် ညနေချိန်မှာ ဇေတဝန်ကျောင်းတော်သို့ ရောက်စေသတည်း။

ဥပါသကာရေ - ခရုသင်းသံ, ဗျောသံ, စည်သံ, လူသံတွေကြားရပါလား၊ ဘယ်ကအသံတွေလဲကွယ့်၊

သာဝတ္ထိမြို့ကပါဘုရား -

ဟေ. . . ယခင်ငါတို့သွားစဉ်က တော်တော်ကြာအောင်သွားခဲ့ရပါလား

တပည့်တော်က ခရီးဖြောင့် ဖြတ်လမ်းကိုသိလို့ မြန်မြန်ရောက်တာပါဘုရား။

အင်း - ဒီဥပါသကာဟာ - လူမဟုတ်ပေဘူး, နတ်ဖြစ်လိမ့်မည်။

အရှင်မြတ်ဘုရား - အရှင်ဘုရားရဲ့ ညီဖြစ်သူ သူကြွယ်စူဠပါလိတ အရှင်ဘုရားအတွက် ဆောက်လုပ်ထားနှင့်တဲ့ သစ်ရွက်မိုးကျောင်းလေးကို ရောက်ပါပြီ၊ ဒီ - ပျဉ်အခင်းနေရာမှာ သီတင်းသုံးပါဦး- တပည့်တော် အရှင်ဘုရားရဲ့ညီထံ သွားပြီးအကြောင်းကြားပေးပါမည်။

အေး အေး ကောင်းပါရဲ့။

× × × ×

ကဲ - စူဠပါလိတရဲ့ မိတ်ဆွေနဲ့တူအောင်ဖန်ဆင်းသွားမှပဲ။

ဟော့ - မိတ်ဆွေ စူဠပါလိတ

ဘာတုန်းမိတ်ဆွေ၊

အရှင်မဟာပါလိတ ကြွရောက်လာတာကိုမသိဘူးလား။

မိတ်ဆွေ ကျုပ်မသိရသေးဘူး, အခုနောင်တော်ရောက်နေသလား၊ ဟုတ်ပါတယ်မိတ်ဆွေ, သင့်နောင်တော် မဟာပါလိတထေရ်ရောက်နေပါတယ်၊ ကျုပ်ဇေတဝန်ကျောင်းကိုသွားတော့ အရှင် မဟာပါလိတထေရ် သင်ဆောက်လုပ်ထားတဲ့ သစ်ရွက်မိုးကျောင်းလေးမှာ ထိုင်သီတင်းသုံးနေတာကို မြင်ခဲ့ရလို့ သင့်ဆီ လာပြောတာပဲ၊ ကဲ ကျုပ်သွားလိုက်ပါဦးမယ်။

ကောင်းပါပြီ မိတ်ဆွေ ကျေးဇူးတင်ပါတယ်။

အမယ်မင်း, နောင်တော်ကြီးဘုရား, ညီစူဠပါလိတပါ - အရှင်ဘုရား ညီတော်ကို မြင်ရသေးသလား၊ တပည့်တော် မျက်ရည်မဆည်နိုင်ဘူးဘုရား၊ ဒီအဖြစ်မျိုး ကြုံတွေ့မှာစိုးလို့ ရဟန်းမပြုဖို့ အမျိုးမျိုး တောင်းပန်ခဲ့ရတာ - အခုတော့ ကောင်းရန်ရှိသေးသလားဘုရား -

× × × ×

ကဲ - နောင်တော်ဘုရား - အခုတော့ ဒီဘဝဆိုးက ကျွတ်လွတ်အောင်, ဘာမှမတတ်နိုင်ကြတော့ဘူး၊ ဒါပေမယ့် ဖြစ်သမျှအကြောင်းအကောင်းထားပြီး အရှင်ဘုရား ချမ်းချမ်းသာသာနေနိုင်အောင် တပည့်တော် စီစဉ်စောင့်ရှောက်ပါမည်ဘုရား။

ဟဲ့ - ဟဲ့ ကျွန်သူငယ်နှစ်ယောက် လာကြစမ်း၊ ဒီနေ့ကစပြီး မင်းတို့နှစ်ယောက် ငါ့ကျွန်ဘဝက လွတ်မြောက်ကြစေ။

ဒါပေမယ့် - ငါမင်းတို့တစ်သက် ချမ်းသာအောင်စီမံပေးမည်၊ ငါစီမံတာကို မင်းတို့လိုက်နာရမည်

ကောင်းပါပြီ - သခင်

ဖင်းတို့နှစ်ယောက်လုံး ငါ့နောင်တော်ကြီးထံမှာ သာမဏေဝတ်ရမည်၊ သာမဏေဝတ်ပြီး, ငါ့အိမ်က ဆံပြုတ်, ဆွမ်းခဲဖွယ်ဘောဇဉ်ကို တစ်ရက်မပြတ် အချိန်မှန်မှန်လာယူပြီး နောင်တော်ကြီးအား ဆက်ကပ်ရမည်၊ နောင်တော်ကြီးရဲ့ ကျင်ကြီးကိစ္စ၊ ကျင်ငယ်ကိစ္စ၊ ရေသပ္ပာယ်ဖို့ကအစ နေ့စဉ်မလစ်လပ်အောင် ဝတ်ကြီး ဝတ်ငယ်ပြုစု စောင့်ရှောက်ရမည်။

ကောင်းလှပါပြီ - သခင်, ကျွန်တော်တို့နှစ်ယောက်လုံး - သခင်တို့, စီမံချက်ကို မပျက်မကွက် လိုက်နာဆောင်ရွက် နေထိုင်ကြပါမည်။

× × × ×

သပြေပွင့်စာရီခေါ် သတင်းသုံးဖော်အဆွေတော်တို့ - တပည့်တော်တို့ တောရွာအသီးသီးက ဇေတဝန် ကျောင်းတော်လာကြပြီး မြတ်စွာဘုရားနဲ့ မဟာထေရ် ရှစ်ကျိပ်တို့ကို ဖူးမြော်ခဲ့ကြပြီ . . .

ဒီကျောင်းအာရာမ်အတွင်း ကျောင်းစဉ်လှည့်လည်ကြည့်ရှုခဲ့ကြတာ. . . စက္ခုအလင်းမရလို့ ဘေးလူရဲ့ စောင့်ရှောက်မှုခံနေရတဲ့ စက္ခုပါလသီတင်းသုံးရာ သစ်ရွက်မိုးကျောင်းအနီးရောက်လာကြပြီ ဒီစက္ခုပါလထေရ်ကိုလည်း ဖူးမြော်ကြဦးစို့။

## အပြစ်တင်မစောသင့်

ဟော - ဟော ပြောတုန်းဆိုတုန်းမိုးပေါက်ကြလာပြီ - ဟာ - တော်တော်သည်းလာပြီ၊ မှောင်ရိပ်လည်း သန်းလာပြီ, နက်ဖြန်နံက်မှာမှ လာဖူးကြစို့ ငါ့ရှင်တို့၊

× × × ×

အော် - ညဉ့်ဦးယံအချိန်က မိုးသည်းထန်စွာရွာပြီး၊ သန်းခေါင်အချိန် မဇ္ဈိမယာမ်မှာ မိုးလင်းသွားတယ် အခုညဉ့်ရဲ့နောက်ပိုင်းအချိန်ပစ္ဆိမယာမ်ကို ရောက်လာပြီ, ငါပြုနေကြအတိုင်း စင်္ကြံသွားရင်း တရားနှလုံး သွင်းဦးမှပဲ။

ငါ့ရှင်တို့, မနေ့ညနေကတည်းက ရောက်ရမည့် စက္ခုပါလထေရ်ရဲ့ ကျောင်းအနီးရောက်လာကြပြီ ဟာ - ဟာ ပိုးဖလံကောင် အသေတွေပါလား၊ ဒီနေရာဟာ စင်္ကြံသွားရာနေရာပဲ၊ စဉ်းစားစရာရှိတာက - မနေ့ညဦးပိုင်းအချိန်က မိုးတော်တော်သည်းသည်းရွာသွားတယ်၊ မိုးလင်းတဲ့အချိန်မှာ - ပိုးဖလံတွေ ထွက်နေ ကြလိမ့်မည်၊ စင်္ကြံသွားတဲ့ကိုယ်တော် နင်းသတ်ထားတာတွေဖြစ်ရမည်။

ဟော - ဟိုမှာ သာမဏေပါလား၊ ဟေ့သာမဏေ, လာစမ်းပါဦး ဒီနေရာမှာ ဘယ်ရဟန်း စင်္ကြံကြွလှမ်းသလဲ။

မှန်ပါ, တပည့်များရဲ့ ဥပဇ္ဈာယ်ဆရာ - စက္ခုပါလထေရ် စင်္ကြံကြွတဲ့နေရာပါဘုရား၊ တခြားရက်

တွေတုန်းက - တပည့်များစောစော တံမြက်လှည်းနေကြဖြစ်တော့ - အမှိုက်သရိုက်ပိုးကောင်၊ မွှားကောင်များ မရှိကြပါ၊ ဒီနေ့နံက်မှာတော့- မြေနေရာစိုနေသေးလို့ တံမြက်မလှည်းခြင်းဖြစ်ပါတယ်ဘုရား။

ငါ့ရှင်တို့ - ကြည့်ကြစမ်းပါဦး၊ စက္ခုပါလရဟန်းရဲ့လုပ်ပုံကို - မျက်စိကောင်းနေချိန်တုန်းက ကျောခင်းအိပ်နေ, ဘာကမ္မဋ္ဌာန်းကိုမှ အားမထုတ်ပဲ - မျက်စိကွယ်နေတဲ့အချိန်ကျမှ, စင်္ကြံသွား တရားအားထုတ်မည့်အကြံရောက်ပြီး စင်္ကြံလျှောက်လိုက်တော့ ပိုးကောင်တွေကို နင်းသတ်နေတယ်၊ အကျိုးရှိတာကို ပြုမည်ကြံပေမယ့် အကျိုးမဲ့ကိုပြုနေတာပဲ, ဒီအတိုင်းနေလို့မဖြစ်သေးဘူး, မြတ်စွာဘုရားအား လျှောက်ထားကြရအောင်။

× × × ×

မြတ်စွာဘုရား, စက္ခုပါလထေရ်ဟာ တရားအားထုတ်မည့်အကြံနဲ့ စင်္ကြံသွားနေရင်း ပိုးကောင်များစွာကို သတ်နေပါတယ်ဘုရား။

ရဟန်းတို့, စက္ခုပါလ ပိုးကောင်သတ်တာကို သင်တို့မြင်ရသလား။

တပည့်တော်များ မမြင်ကြပါဘုရား။

စက္ခုပါလ - ပိုးကောင်သတ်တာကို သင်တို့မမြင်ရသလို စက္ခုပါလလည်း အဲဒီပိုးကောင်တွေကို မမြင်ရဘူး- အာသဝေါခန်းကွာ ရဟန္တာမှာ သေစေလိုတဲ့ စိတ်မရှိဘူး - ရဟန်းတို့။

မြတ်စွာဘုရား, မေးလျှောက်လိုပါတယ်ဘုရား- စက္ခုပါလထေရ်မှာ အရဟတ္တဖိုလ်ရနိုင်ဖို့အကြောင်း ဥပနိဿယ ရရှိထားပါလျက် ဘယ်အကြောင်းကြောင့် - မျက်စိနှစ်ကွင်းအလင်းမရ - ဖြစ်ရပါသနည်းဘုရား။

ရဟန်းတို့ သင်တို့က သိလိုရေးနဲ့မေးလျှောက်ကြတော့ - ငါဘုရားဟောကြားမည် - နားထောင်ကြပေတော့။

## စက္ခုပါလထေရ်အတိတ်အကြောင်း

ရှေးလွန်လေပြီးအချိန်တစ်ခုတုန်းက - ဗာရာဏသီပြည်မှာ ကာသိမင်း ထီးနန်းစိုးအုပ် မင်းလုပ်နေချိန် ဆေးဆရာတစ်ယောက် ရွာနိဂုံးတွေမှာ လှည့်လည်ဆေးကုနေစဉ် ရွာတစ်ရွာနေ မျက်စိအားနည်းသူ အမျိုးသမီးတစ်ဦးကို တွေ့မြင်လေရာ -

ဘယ့်နှယ်လဲနှမ - ဘယ်လို မချမ်းသာမှုကိုခံစားနေရပါသလဲ -

အော် - ကျမကိုမေးနေတာလား - ကျမရဲ့မျက်လုံးတွေနဲ့ အဆင်းအရောင်ကိုမမြင့်ရ ဖြစ်နေပါတယ် ဆရာ -

ဆေးကုသမှုခံယူမလား -

ကုသပေးပါဆရာ။

မျက်စိရောဂါပျောက်သွားလျှင် ဘာကိုပေးမှာလဲ။

ဆရာ - ကျမမျက်လုံးတွေ ပကတိအတိုင်း ပြန်ကောင်းလာလျှင် ကျမ သားသမီးနှင့်အတူ ဆရာထံ ကျွန်အဖြစ်နဲ့နေပါ့မယ်။

ကောင်းပြီ - ဟောဒီမျက်စဉ်းကို ခပ်ပေးမည်, ငြိမ်ငြိမ်နေ။

ကောင်းပါပြီဆရာ။

× × × ×

ဟာ - မျက်စဉ်းတစ်ကြိမ်ခပ်တာနဲ့ပဲ ငါ့မျက်စိတွေပကတိအတိုင်း ကောင်းသွားပြီ, သားသမီးနှင့်အတူ ကျွန်ပြုပါမည်လို့ ငါဝန်ခံထားတယ်၊ သားသမီးနှင့်အတူ ကျွန်ခံနေလျှင် ငါ့ကို နှုးညံ့သိမ်မွေ့တဲ့စကားနဲ့ ပြောဆိုခိုင်းစေမှာမဟုတ်ဖူး - သူ့ကိုစဉ်းလဲလှည့်စားပြောဆိုမှပဲ။

ဘယ့်နှယ်လဲနှမ - သင့်မျက်လုံးတွေကောင်းနေပြီလား -

ဆရာရယ် - ဆေးမကုခင် ဟိုတုန်းက ကျမမျက်လုံးတွေ နည်းနည်းလောက်ပဲ ကိုက်ခဲတယ်၊ ဆရာ့မျက်စဉ်းခပ်လိုက်မှ - ပိုဆိုးပြီး လွန်လွန်ကဲကဲ ကိုက်ခဲနေပါတယ်။

အင်း - ဒီကောင်မ - သူ့မျက်စိမြင်ရရှုံနဲ့ငါသိတယ်၊ ငါ့ကိုသက်သက် စဉ်းလဲလှည့်စားပြီး ဘာကိုမျှ ပေးလိုပုံမပေါ်ဘူး၊ သူ့ပေးမည့်ဆေးဖိုးဝါးခကို ငါမလိုချင်တော့ဘူး၊ ယခုပင်သူ့မျက်စိကန်းအောင် ငါပြုမည်၊ အိမ်ဂေဟနီးကိုလည်း တိုင်ပင်ဦးမည်။

ကောင်းပြီ ဆရာ့မျက်စဉ်းခပ်လို့ပိုဆိုးရင် နောက်ဆေးတစ်မျိုးပေးဦးမည်။ ခဏစောင့်နေဦး -

ငါ့အိမ်ပြန်ရောက်ပြီ, ဇနီးနှင့်တိုင်ပင်ဦးမှပဲ -

အိမ်ရှင်မရေ, အမျိုးသမီးတစ်ယောက်ကတော့ - ငါ့ကိုစဉ်းလဲ လှည့်စားလိုက်ပြီကွ - ငါ့ဆီက မျက်စဉ်းနဲ့ မျက်စိတွေကောင်းလာလျက်နဲ့ - မျက်စိတွေ ပိုကိုက်ခဲတယ်လို့ပြောတယ် - သက်သက်သူ့ဝန်ခံချက်အတိုင်း မလုပ်ချင်လို့ပြောတာပဲ - ငါ - သူ့မျက်လုံးကန်းအောင်လုပ်လိုက်မလို့။

အိမ်ရှင်မ - မင်းကဘာမှ မပြောပေမယ့် ငါမနေဘူး - ဆေးလည်းစပ်ပြီးပြီ ကဲ - ငါသွားလိုက်ဦးမည်။

× × × ×

ကဲ - နှမ သင့်မျက်လုံးတွေ တိုးပြီကိုက်ခဲနေတယ်ဆိုလျှင်၊ ရော့ရော့ ဒီမျက်စိကွင်းဆေးကို ကွင်းပေးပေတော့။

ကောင်းပါပြီဆရာ -

× × × ×

အမလေးတော်တို့ - မျက်စဉ်းကိုကွင်းလိုက်ခါမှ ကျမမျက်စိတွေထဲ မီးလျှံတွေ တောက်လိုက်သလိုဖြစ်သွားပြီး မျက်စိတွေကွယ်ကုန်ပါပြီတော့။

ရဟန်းတို့ - အဲဒီအချိန်က ဆေးဆရာဟာ ယခု စက္ခုပါလရဟန်းပါပဲ၊ ချစ်သားတို့၊ အဲဒီအချိန်က ငါဘုရားသားတော် စက္ခုပါလပြုခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံဟာ ငါ့သားတော်နောက်က အမြဲမကွာလိုက်ပါလာနေတယ်၊ မကောင်းမှု အကုသိုလ်ကံဆိုတာ လှည်းဝန်ကိုရုန်းဆောင်သွားနေတဲ့ နွားလားရဲ့ ခြေကိုလှည်းဘီးဝန်က ထက်ကြပ်မကွာ လိုက်ပါနေသလိုပဲ၊ ချစ်သားတို့ - ယခု ချစ်သား စက္ခုပါလရဟန်းကိုအကြောင်းပြု ဟောလိုက်တဲ့ ငါဘုရားစကားတော်ကို နောက်သားများ လိုက်နာနိုင်အောင် ဂါထာဗန္ဓဖြင့် မှတ်သားကြလေဦး ချစ်သားတို့ -

မနောပုဗ္ဗင်္ဂမာဓမ္မာ၊ မနောသေဋ္ဌာမနောမယာ။

မနသာစေပဒုဋ္ဌေန၊ ဘာသတိဝါ ကရောတိဝါ။

တတောနံဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတောပဒံ။

ဘိက္ခဝေ - သံသရာနရက် ဝဲဂယက်မှ လွဲထွက်လိုငြား အိုချစ်သားတို့၊ ဓမ္မာ - စေတသိက်ခန္ဓာတရားသုံးပါးတို့သည်၊ မနောပုဗ္ဗင်္ဂမာ - စိတ်ဟူသော ဝိညာဏက္ခန္ဓာလျှင် ရှေ့ဆောင်ပြဌာန်းခြင်းရှိကုန်၏။

မနောသေဋ္ဌာ - စိတ်သာလျှင် အကြီးအမြတ်ရှိကုန်၏။ မနောမယာ - စိတ်ဖြင့်ပြီးကုန်၏။

ယောကောစိ - အမှတ်မထင် အကြင်သူသည်၊ ပဒုဋ္ဌေန - အဘိဇ္ဈာစသည်တို့သည် ဖျက်စီးအပ်သော - ဝါ အဘိဇ္ဈာ စသည်တို့ကြောင့် ပျက်စီးသော၊ မနသာ - စိတ်ဖြင့်၊ စေ - အကယ်၍၊ ဘာသတိဝါ - ပြောဆိုမူလည်း ပြောဆို ငြားအံ့။ ကရောတိဝါ ပြုလုပ်မူလည်း ပြုလုပ်ငြားအံ့။ ဧဝံသတိ - ဤသို့ မကောင်းသောစိတ်ဖြင့် ကြံစည်ပြုလုပ်ပြောဆိုမိသည်ရှိသော်၊ တတော - ထိုမနောဒုစရိုက်၊ ကာယဒုစရိုက်၊ ဝစီဒုစရိုက်ကြောင့်၊ နံ ဒုစရိုက်သမားခေါ် ဆို ထိုပုဂ္ဂိုလ်ကို၊ ဒုက္ခံ - အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲသည်၊ အန္ဝေတိ - ဘဝများစွာ ဖြစ်လေရာ၌ မကွာစိုက်စိုက်လိုက်ပါလေ၏။ ကိမိဝ - ဥပမာဆို ဘယ်လိုနည်းဟူမူကား၊ စက္ကံ - လှည်းဘီး စက်ဝန်းသည်၊ ဝဟတော၊ လှည်းဝန်ကို ရုံးဆောင်လျက်သွား ဝန်ရုန်းနွားး၏၊ ပဒံ - လှမ်းတိုင်းလှမ်းတိုင်းသော ခြေသို့၊ အန္ဝေတိက္ကံ- အနုဧတိ - ဣဝ - အစဉ်တစိုက်လိုက်နေသကဲ့သို့ပါပေတည်း။

ဤတရားဂါထာဒေသနာတော်ကို ဟောဖော်ပြီးသည့်အဆုံး၌ - သုံးသောင်းကုန်သော ရဟန်းတို့သည် - ရဟန္တာပုဂ္ဂိုလ်များဖြစ်သွားကြလေကုန်၏။ တရားနာရောက်လာသူ ပရိသတ်အားလုံးအတွက် အကျိုးရှိသော ဒေသနာတော်ဖြစ်ပေသည်။

## ဝတ္ထုကြောင်းနှင့်ညီအောင် အနက်ပေးပုံ

(အနက်ပေးရာတွင် ဂါထာ၌မပါသော ပုဒ်တို့ကို ထည့်ပေးရသောပုဒ်များဟု မှတ်သားပါ၊ ယခုပြန်ဆိုခဲ့သောအနက်သည် မှတ်သိလွယ်ရုံအနက်ဖြစ်သည်။ စက္ခုပါလထေရ်၏ ဝတ္ထုကြောင်းနှင့် ကိုက်ညီအောင် ပြန်ဆိုရမည့်အနက်နှင့် ဂါထာတစ်ခုလုံး၏ အဓိပ္ပာယ်ကို ဆက်လက်ဖတ်ရှုပါ)

မနောပုဗ္ဗင်္ဂမာဓမ္မာ၊ မနောသေဋ္ဌာမနောမယာ။

မနသာစေပဒုဋ္ဌေန၊ ဘာသတိဝါ ကရောတိဝါ။

တတောနံဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတောပဒံ။

ဓမ္မာ - ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဟုဆိုအပ်ကုန်သော သတ္တလည်းမဟုတ်၊ ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်၊ မနောပုဗ္ဗင်္ဂမာ - ဝိညာဏက္ခန္ဓာဟူသော စိတ်ရှေ့သွားရှိကုန်၏။ မနောသေဋ္ဌာ စိတ်ဟူသော အကြီးအကဲ(အဓိပတိ)ရှိကုန်၏။

မနောမယာ - စိတ်ဖြင့်ပြီးစီးကုန်ဖြစ်ကုန်၏။

(ဤအနက်ကား - စေတသိက်ခန္ဓာအားလုံးနှင့် သက်ဆိုင်သော အနက်ဖြစ်သည်)

မနသာစေ ပဒုဋ္ဌေနဟူသော ဂါထာပါဒကို မျှော်ရှု၍လည်းကောင်း၊ ဤတရားဂါထာကို ဟောရခြင်း၏ အကြောင်းဖြစ်သော စက္ခုပါလထေရ်အလောင်း ဆေးသမား၏ စိတ်ထားနှင့်ကိုက်ညီစေ၍လည်းကောင်း၊ ဤသို့ ခွဲခြားကန့်သတ်၍ အနက်ပေးရမည်။

ဓမ္မာ - ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ်စိတ်နှင့် ယှဉ်သော ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ , မနသိကာရ, ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝိရိယ, ဆန္ဒ, မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိနမိဒ္ဓ - စေတသိက် ၂၂ ခုတို့တွင် ဝေဒနာ စေတသိက်ဟူသော ဝေဒနာက္ခန္ဓာ၊ သညာစေတသိက်ဟူသော သညာက္ခန္ဓာ, ဝေဒနာ, သညာမှကြွင်းသော စေတသိက် - ၂၀ ဟူသော သင်္ခါရက္ခန္ဓာဟု ဆိုအပ်ကုန်သော သတ္တလည်းမဟုတ်၊ ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။

မနောပုဗ္ဗင်္ဂမာ - ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ်စိတ် - ဝါ - ဒေါသစိတ်ဟူသော ဝိညာဏက္ခန္ဓာ ရှေ့သွားရှိကုန်၏။

မနောသေဋ္ဌာ - ဒေါသစိတ်အကြီးအကဲရှိကုန်၏၊ မနောမယာ - ဒေါသစိတ်ဖြင့် ပြီးစီးကုန်ဖြစ်ကုန်၏။

ယောကောစိ - အမှတ်မထင် အကြင်သူသည်(ထည့်) ပဒုဋ္ဌေန အဘိဇ္ဈာ အစရှိသော တရားတို့သည် ဖျက်စီးအပ်သော - ဝါ - အဘိဇ္ဈာ အစရှိသော တရားတို့ကြောင့် ပျက်စီးသော(ဤကား အများဆိုင်အနက်)

ပဒုဋ္ဌေန - ဗျာပါဒတရားသည်ပျက်စီးအပ်သော - ဝါ - ဗျာပါဒတရားကြောင့် ပျက်စီးသော(ဤကား ဝတ္ထုကြောင်းနှင့် ကိုက်ညီသောအနက်)

မနသာ - ဒေါမနဿသဟဂုတ်ပဋိဃသမ္ပယုတ်စိတ်ဖြင့် - ဝါ - ဒေါသ စိတ်ဖြင့်၊ စေဘာသတိဝါ - အကယ်၍မူလည်း ပြောဆိုသည်ဖြစ်အံ့။ စေကရောတိဝါ - အကယ်၍မူလည်း ပြုလုပ်သည်ဖြစ်အံ့။ စေ - စိန္တေတိဝါ - အကယ်၍မူလည်း ကြံစည်သည်ဖြစ်အံ့။ (ထည့်)

တတော - ထိုပြုလုပ်မှု ကာယဒုစရိုက်, ပြောဆိုမှု, ဝစီဒုစရိုက်, ကြံစည်မှု, မနောဒုစရိုက်ကြောင့်၊ နံ - ထိုပြုလုပ်ပြောဆိုကြံစည်သူကို၊ ဒုက္ခံ - အပါယ်ဘဝ ဆင်းရဲ, လူဘဝ၌ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲသည်၊ အန္ဝေတိ - အနုဧတိ - အစဉ်တစိုက်လိုက်နေလေ၏။

ကိမိဝ - ဥပမာဆို ဘယ်လိုနည်းဟုမူ။ (ထည့်)

စက္ကံ - လှည်းဘီးသည် ၊ ဝဟတော - ဝန်ကိုရုန်းလျက် သွားနေသော နွား၏၊ ပဒံ - ခြေကို၊ အန္ဝေတိက္ကဝ - အနုဧတိက္ကဝ - အစဉ်တစိုက်လိုက်နေသကဲ့သို့တည်း။

## စက္ခုပါလထေရ် ဝတ္ထု၌ပါသော မနောပုဗ္ဗင်္ဂမာ အစရှိသော ဂါထာ၏ အဋ္ဌကထာနှင့်အညီ အဓိပ္ပာယ်

မနောပုဗ္ဗင်္ဂမာဓမ္မာ - စိတ်တရားနှင့်ယှဉ်ဖော် ယှဉ်ဘက်ဖြစ်သော စေတသိက် ၅၂ ပါးတို့တွင် ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ, သညာ စေတသိက်သည် သညာက္ခန္ဓာ, ကျန်စေတသိက် ၅၀ သည် သင်္ခါရက္ခန္ဓာဖြစ်သည်။ ထိုစေတသိက်ခန္ဓာတို့သည် စိတ်နှင့်တသီးတခြားစီဖြစ်ကြသည် မဟုတ်၊ စိတ်နှင့်အတူ တစ်ပြိုင်နက်ဖြစ်ခြင်း - ဧကုပ္ပါဒ , စိတ်နှင့်အတူတစ်ပြိုင်နက် ချုပ်ခြင်း - ဧကနိရောဓ, စိတ်နှင့်မှီရာခြင်းတူခြင်း၊ ဧကဝတ္ထုကဟူသော စေတသိက်ဟု မှတ်သိရကြောင်း လက္ခဏာရှိသော တရားများဖြစ်ကြသောကြောင့် - အဘယ်သို့လျှင် စိတ်ရှေ့သွားရှိသော တရားများဖြစ်ကြသည်ဟု - မြတ်စွာဘုရား ဟောတော်မူပါသနည်းဟု မေးမြန်းစောဒနာဖွယ်ရှိလေသည်။

အဖြေဝိဿဇ္ဇနာမှာ. . . ဥပ္ပါဒပစ္စယဋ္ဌေန - စိတ်သည် - စေတသိက်တို့ ဖြစ်ချင်း၏ အကြောင်း ဖြစ်သည်ဟူသော အနက်သဘောကြောင့် စေတသိတ်တို့သည် စိတ်ရှေ့သွားရှိသော တရားများဖြစ်သည်ဟု မြတ်စွာဘုရားဟောတော်မူပါသည်။

ဥပမာအားဖြင့် - လူဆိုး၊ ဓားပြလေးဦးတို့ အတူတကွ ဓားပြတိုက်ကြရာတွင် သင်တို့ထဲက မည်သူသည် ရှေ့သွားခေါင်းဆောင်နည်းဟု မေးသောအခါ ဦးဒတ္တသည် ရှေ့သွားခေါင်းဆောင်ပါဟု ဖြေဆိုသည်ဖြစ်အံ့။

အတူတကွ ဓားပြတိုက်ကြသော်လည်း ဦးဒတ္တ၏ ခေါင်းဆောင်မှုကြောင့် ကျန်လူသုံးဦးတို့လည်း ဓားပြတိုက်မှုဖြစ်ကြသောကြောင့် ကျန်လူသုံးဦးတို့ကို ဦးဒတ္တရှေ့သွား(ခေါင်းဆောင်)ရှိသူများဟု ပြောဆိုရသကဲ့သို့ မှတ်ယူရလေသည်။

## ဥပမာန ဥပမေယျ၊ နှိုးနှောချက်

ဝိညာဏက္ခန္ဓာဖြစ်သော စိတ်သည် ဦးဒတ္တနှင့်တူသည်၊ ဝေဒနာက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ တို့သည် ကျန်စားပြသုံးဦးတို့နှင့်တူသည်။

အမှန်စင်စစ်အားဖြင့် စေတသိက်တို့သည် စိတ်ဖြစ်လာမှ ဖြစ်ကြရသည်။ စိတ်မဖြစ်ဘဲ စေတသိက် ချည်းသက်သက်မဖြစ်နိုင်၊ စိတ်သည်ကား - အချို့ စေတသိက်များမပါဘဲလည်း ဖြစ်နိုင်သည်။

ဤဝတ္ထုပါ - စက္ခုပါလထေရ်အလောင်း မျက်စိကုဆေးဆရာ၏ မျက်စိရောဂါရှင် အမျိုးသမီး မျက်စိကွယ်စေရန် မျက်စိကွင်းဆေးပေးစဉ်က ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ်စိတ်ဖြစ်သည်။ ထိုစိတ်နှင့်အတူ - ဖော်ပြခဲ့သော အကုသိုလ်စေတသိက် - ၂၂ မျိုးတို့သာ ပါဝင်ဖြစ်နိုင်ပြီး ပီတိ, လောဘ, ဒိဋ္ဌိမာန, ဝိစိကိစ္ဆာဟူသော အချို့စေတသိက်များမပါဝင်နိုင်, မဖြစ်နိုင်ကြ, ဒေါမနဿ သဟဂုတ် ပဋိဃ သမ္ပယုတ်စိတ်က မူယင်းစေတသိတ်များမပါဝင်ဘဲဖြစ်လေသည်။

စိတ္တေနနီယတေလောကော၊ စိတ္တေနပရိကဿတိ။

စိတ္တဿဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ။

လောကော - သတ္တလောကို၊ စိတ္တေန - စိတ်တရားသည်၊ နီယတေ - ဆောင်အပ်၏။

(စိတ်ကူးမိရာကို လုပ်ကိုင် ပြောဆိုနေကြရသောကြောင့် စိတ်ကဆောင်ထားအပ်သည်ဟုဆိုလိုသည်)

စိတ္တေန - စိတ်တရားသည်၊ လောကော - သတ္တလောကကို၊ ပရိကဿတိ - ဆွဲငင်အပ်၏။

(စိတ်သွားရာ ကိုယ်ပါဟုပင် သုံးနှုန်းပြောဆိုနေကြသည်)

သဗ္ဗေ - သတ္တဝါအားလုံးတို့သည်၊ စိတ္တဿဧကဓမ္မဿ - စိတ်တရားတစ်ခုတည်း၏, ဝါ - တစ်ခုတည်း သော စိတ်တရား၏၊ ဝသံဧဝ - အလိုသို့သာ, အန္ဝဂူ - အမြဲမကွာ လိုက်ပါနေကြရလေကုန်၏။

ဤဂါထာဖြင့်လည်း စိတ်ဦးဆောင်ပုံ ပြဋ္ဌာန်းပုံကို သိနိုင်ပေသည်။

မနောသေဋ္ဌာဓမ္မာ - ဓားပြဂိုဏ်း, ဓားပြအုပ်စုတစ်ခုတွင် အကြီးအကဲဦးဆောင် ဓားပြသည် အဓိပတိ, သေဋ္ဌဖြစ်သကဲ့သို့ စေတသိက်ခန္ဓာတို့သည် စိတ်တရားသာ အကြီးအကဲဦးဆောင်ရှိသော တရားများဖြစ်၍ မနောသေဋ္ဌာဓမ္မာ - ဟု ဟောတော်မူသည်။

**မနောမယာဓမ္မာ** - သစ်သားဖြင့်ပြုလုပ်ထားသော ကုလားထိုင်သည်၊ ဒါရုမယ- သစ်သားကုလားထိုင်မည် သကဲ့သို့ စေတသိက်ခန္ဓာတို့သည် စိတ်ကြောင့်ဖြစ်ကြ စိတ်ဖြင့်ပြီးကြသောကြောင့် မနောမယာဓမ္မာ - ဟု ဟောတော်မူသည်။

**မနသာစေပဒုဋ္ဌေန** - သူတစ်ပါးပစ္စည်းကို မိမိပစ္စည်းဖြစ်စေလိုသော အဘိဇ္ဈာ(လောဘ) သူတစ်ပါးပျက်စီးစေ လိုသော ဗျာပါဒ(ဒေါသ) ကုသိုလ်၊ အကုသိုလ် တရား၏ အကျိုးမရှိစသည့် အယူဝါဒ မိစ္ဆာဒိဋ္ဌိ(ဒိဋ္ဌိစေတသိက်) တို့သည် ပျက်စီးအပ်သော စိတ်, အဘိဇ္ဈာဗျာပါဒ, မိစ္ဆာဒိဋ္ဌိ - တို့ကြောင့် ပျက်စီးသော စိတ်သည် ပဒုဋ္ဌစိတ် မည်၏။

ချဲ့ဦးအံ့ - လူတို့၏ပကတိစိတ်သည် ဘဝင်စိတ်ဖြစ်သည်။ မြင်သိစိတ်, ကြားသိစိတ်အစရှိသော ဝီထိစိတ်တို့၏(ဝီထိစိတ်တစ်ခုဖြစ်ပြီး နောက်ဝီထိစိတ် တစ်ခုမဖြစ်မီ)အကြားအချိန်တွင်ဖြစ်သော စိတ်ကို ဘဝင်စိတ်ခေါ်သည်။ ယင်းဘဝင်စိတ်ဖြစ်နေသည်ကို သိရန်မလွယ်ကူ၊ မြင်သိစိတ်၊ ကြားသိစိတ်စသော ဝီထိစိတ်တို့ လုံးဝမဖြစ်ရာ - အိပ်ပျော်နေချိန်၌လည်း စိတ်ကဖြစ်နေသည်။ ယင်းစိတ်ကိုလည်း ဘဝင်စိတ် ခေါ်သည်၊ ယင်းဘဝင်စိတ်ဖြစ်နေစဉ်တွင် ငါ့မှာ ဘဝင်စိတ်ဖြစ်နေပါလားဟုမသိ၊ သို့သော်လည်း အိပ်ရာမှ

နိုးလာချိန်တွင် ငါအိပ်ပျော်နေခဲ့သည်၊ အိပ်ပျော်နေစဉ် ဘာကိုမျှငါမသိခဲ့ဟု ပြန်လည်စဉ်းစား ဆင်ခြင်ကြည့်မှ ဘ၀င်စိတ်ဖြစ်ခဲ့ကြောင်း သိရသည်။

ထိုဘ၀င်စိတ်သည် - လူတို့၏ (လောဘ, ဒေါသ, မိစ္ဆာဒိဋ္ဌိ အစရှိသော အပြစ်ဒေါသ လုံး၀ကင်းစင်သော)ပကတ်စိတ်ဖြစ်သည်။ အပြစ်တစ်စုံတစ်ခု ၀င်ရောက်နှောင့်ယှက်ခြင်းမရှိ - ပကတိပင်ကိုယ် မူလသဘောအတိုင်း ဖြူစင်သောစိတ်ဖြစ်သည်။

လောဘ အစရှိသောတရားတို့ ဖျက်ဆီးမှုမခံရသဖြင့် မပျက်စီးသော အပဒုဋ္ဌစိတ်ဖြစ်သည်။

မြင်သိစိတ်၊ ကြားသိစိတ်စသော ဝီထိစိတ်တို့မဖြစ်ရာအချိန်တွင် ဘ၀င်စိတ်တို့ကဝင်၍ ဖြစ်ပေးနေသောကြောင့် လူတစ်ဘ၀ဆက်လက် အသက်ရှင်နေနိုင်သည်၊ နေကြရသည်၊ ယင်းဘ၀င်စိတ်တို့ကြား၀င်၍ မဖြစ်ခဲ့သော် လူတစ်ဘ၀ကုန်ဆုံးသွားလေပြီ။ (အသက်မရှိတော့ပြီ)

ဘ၀ဿ - ရနေဆဲဘ၀၏၊ အင်္ဂ - ဆက်လက်တည်နေဖို့အကြောင်း စိတ်တည်း၊ ဘ၀င်္ဂ - ရနေဆဲဘ၀ ဆက်လက်တည်နေဖို့အကြောင်းဖြစ်သော စိတ်, ဤဝိဂြိုဟ်အရ ဘ၀င်စိတ်ဟုခေါ်သည်။

ယင်းဘ၀င်စိတ်ကား - ဘ၀တစ်ခု၌ စစဦးဖြစ်ခဲ့သည့် ပဋိသန္ဓေစိတ်ပင်ဖြစ်သည်။ သို့သော် ယင်း ပဋိသန္ဓေစိတ်ကား ဥပါဒ်ဌီဘင်, ဖြစ်တည်ပျက်ခဲ့လေပြီ, ပဋိသန္ဓေစိတ်နှင့် အလားတူစိတ်သည် ဘ၀င်စိတ် ဖြစ်သည်။ ပဋိသန္ဓေစိတ်က မဟာဝိပါက် သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ဖြစ်ခဲ့လျှင် ဘ၀င်စိတ်ကလည်း သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်ပင်ဖြစ်သည်။ စုတိစိတ်လည်း ထို့အတူပင်, သတ္တဝါတစ်ယောက်(လူတစ်ယောက်)၏ ပဋိသန္ဓေစိတ် ဘ၀င်စိတ်, စုတိစိတ်တို့သည် ပရမတ္ထတရားကိုယ်အားဖြင့် တူညီကြသည်၊ ကံနိမိတ်, ကမ္မနိမိတ်, ကတိနိမိတ်အာရုံအားဖြင့်လည်း တူညီကြသည်။

မည်သည့်အရောင်မှမရှိ ပကတိကြည်လင်နေသောရေ၌ အစိမ်းရောင် ဆေးမှုန့်ထည့်လိုက်သော် အစိမ်းရောင်ရှိ ရေဖြစ်လာသည်။ ဖြူ, နီ, ဝါ, ညို, နက် - ဆေးမှုန့်ထည့်လိုက်သော် အဖြူရောင်ရှိရေ၊ အနီရောင်ရှိရေ၊ အဝါရောင်ရှိရေ၊ အညိုရောင်ရှိရေ၊ အနက်ရောင်ရှိရေ ဖြစ်လာသည်။ ယင်းအစိမ်းရောင်ရှိ ရေ စသည်တို့သည် အသစ်ဖြစ်သော ရေများလည်းမဟုတ်, မူလကကြည်လင်နေသော ရေများလည်း မဟုတ်ကြ။

ဤဥပမာနှင့်တူစွာ - သတ္တဝါ(လူ)တို့၏ ပကတိစိတ်၊ ဘ၀င်စိတ်သည် ညစ်ညူးခြင်းမရှိ၊ ကြည်လင်နေသည်၊ အာဂန္တုကဖြစ်သည့် အဘိဇ္ဈာ(လောဘ)အစရှိသော အပြစ်ဒေါသတို့ ၀င်ရောက်စွက်ဖက်လာသောကြောင့် ညစ်ညူးသောစိတ်, ပျက်စီးသောစိတ်ဖြစ်ရလေသည်။

ထိုညစ်ညူးသောစိတ်, ပျက်စီးသောစိတ်သည် စိတ်သစ်လည်းမဟုတ်၊ မူလရှိနေသော ဘ၀င်စိတ်လည်းမဟုတ်။

ထို့ကြောင့် မြတ်စွာဘုရားက -

ပဘဿရမိဒံဘိက္ခဝေစိတ္တံ၊ တဉ္စခေါအာဂန္တုကေဟိဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ - ဟု ဟောတော်မူသည်။

ဘိက္ခဝေ -ရဟန်းတို့၊ ဣဒံစိတ္တံ - ဤဘ၀င်စိတ်သည်၊ ပဘဿရံ - ပြိုးပြိုးပြက်ပြက် စင်ကြယ် လျက်ရှိပေသည်၊ တဉ္စ - ပြိုးပြိုးပြက်ပြက်စင်ကြယ်လျက်ရှိနေသော ထိုစိတ်သည်ကား - အာဂန္တုကေဟိ - ဧည့်သည်သဖွယ်ဖြစ်ကုန်သော၊ ဥပက္ကိလေသေဟိ - အဘိဇ္ဈာ အစရှိသော ညစ်ညူးကြောင်းတရားတို့ကြောင့်၊ ဥပက္ကိလိဋ္ဌံ - ညစ်ညူးရလေ၏။

**မနသာစေပဒုဋ္ဌေန ဘာသတိဝါ ကရောတိဝါ** - ထိုသို့ညစ်ညူးသောစိတ်, ဖျက်ဆီးခံရသောစိတ်, ပျက်စီးသောစိတ်ဖြင့် ပြောဆိုခဲ့သော် ဝစီဒုစရိုက်လေးမျိုးကိုသာပြောတော့သည်၊ ပြုလုပ်ခဲ့သော် ကာယဒုစရိုက်ကိုသာပြုတော့သည်၊ မပြောမပြုဘဲ ကြံစည်ပြန်သော်လည်း အဘိဇ္ဈာ( လောဘ)စသည်တို့ဖြင့် ပျက်စီးနေသည့် စိတ်ရှိနေပြီး ဖြစ်နေသောကြောင့် မနောဒုစရိုက်သုံးမျိုးဖြင့်သာ ပြည့်နေလေတော့သည်။

ဤသို့ဖြင့် ပျက်စီးစိတ်ရှိနေသော ထိုသူ၏သန္တာန်၌ အကုသလကမ္မပထ တရားဆယ်မျိုးတို့သာ တိုးပွားဖြစ်ထွန်းနေတော့သည်။

**တတောနံ ဒုက္ခမန္ဒေတိ** - အကုသိုလ်ဒုစရိုက်တရားတိုးပွားနေသော ထိုသူနောက်သို့ ဆင်းရဲဒုက္ခသည် ထက်ကြပ်မကွာလိုက်ပါနေလေသည်၊ ထိုသူသည် ဒုစရိုက်တရား၏ အစွမ်းအာနုဘော်ကြောင့် အပါယ်လေးပါး လားရောက်ရလေသည်၊ လူဘဝဖြစ်ရပြန်သောအခါ တွေဝေမိုက်မဲသူဖြစ်ပြီး ကိုယ်၌ဖြစ်သော ဝိပါကဒုက္ခ, စိတ်၌ဖြစ်သော ဝိပါကဒုက္ခတို့ ကပ်ငြိလိုက်ပါနေခြင်းကို ခံနေရလေသည်။

**စက္ကံဝ ဝဟတောပဒံ** - လှည်းယာဉ်ထမ်းပိုး၌ လည်တိုင်ကို ဖွဲ့ချည်တပ်ဆင်ထားသော ဝန်ရှင်းနွားသည် တစ်ရက်လုံး, နှစ်ရက်လုံး။ ပ ။ ဆယ့်ငါးရက်လုံး, တစ်လလုံး လှည်းဝန်ကိုထမ်းဆောင်လျက် သူ၏နောက်က သူဆွဲလာ လိုက်ပါနေသော လှည်းဘီးဝန်းကို ကျန်ရစ်စေကာ စွန့်ခွာမသွားနိုင်, စင်စစ် သော်ကား လှည်းဝန်ဆောင်နွားအဖို့ ရှေ့သို့တိုး၍သွားလျှင် လှည်းထမ်းပိုးက သူ၏လည်တိုင်ကိုနှိပ်စက်, နောက်သို့ဆုတ်ပြန်လျှင် နောက်ရှိလှည်းဘီးက သူ၏ ပေါင်သားကို ထိခိုက်လိုက်သည်၊ ထိုလှည်းဝန်ဆောင် နွားအဖို့ ရှေ့တိုး ထမ်းပိုး, နောက်ဆုတ် လှည်းထုတ်ဆိုသည့်အတိုင်း နှစ်မျိုးနှစ်ဖက်နှိပ်စက်လျက် လှည်းဘီးက သူ၏ခြေကို ထက်ကြပ်ကပ်လိုက်နေတော့သည်။

ဤလှည်းဝန်ဆောင်နွားနှင့်တူစွာ ဆိုခဲ့ပြီးနည်းဖြင့် ဒုစရိုက်တရား တိုးပွားနေသူကို ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်လေးပါးနှင့်ထိုမှထကာ လူဘဝ၊ရောက်လာလေရာ ဘဝအဆက်ဆက်တို့၌ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲသည် မလွဲမကွာလိုက်ပါနေတော့သတည်း။

## ထည့်သွင်းအပ်သောဂါထာများ၏အနက်

မနောပုဗ္ဗင်္ဂမာ အစရှိသောတရားဂါထာဒေသနာတော် ဖြစ်ပေါ်လာကြောင်း စက္ခုပါလထေရ်ဝတ္ထုကို ဖွင့်ဆိုပြရာ အဋ္ဌကထာ၌ - အဋ္ဌကထာ ဆရာထည့်သွင်းဖွင့်ဆိုအပ်သော ဂါထာများနှင့်အနက်များ -

(၁) ဇရာဇဇ္ဇရိတာဟောန္တိ၊ ဟတ္ထပါဒါ အနဿဝါ၊
ယဿသောဝိဟ တတ္ထာမော၊ ကထံဓမ္မံစရိဿတိ။

တာတစူဠပါလိတ = ချစ်ညီစူဠပါလိတ၊ ယဿ - အကြင်ပုဂ္ဂိုလ်၏၊ ဟတ္ထပါဒါ - လက်နှင့်ခြေတို့သည်၊ ဇရာဇဇ္ဇရိတာ - ရင့်ရော်အိုမင်းကုန်သည်(ဟုတွာ-ဖြစ်ကုန်၍)အနဿဝါ - ပုဂ္ဂိုလ်၏ စကားကိုမလိုက်နာကြကုန် - ဝါ- ပုဂ္ဂိုလ်၏ အလိုကို မလိုက်နိုင်ကြကုန်။

သော - ရင့်ရော်အိုမင်းသည့် လက်ခြေရှိသူသည် - ဝိဟတတ္ထာမော- သွက်လက်တောင့်တင်း အင်အားကင်းသည်(ဟုတွာ- ဖြစ်၍) ၊ ကထံ - အဘယ်သို့ ဓမ္မံ - နိဗ္ဗာန်ရောက်ကြောင်းတရားကို၊ စရိဿတိ - ကျင့်နိုင်တော့ အံ့နည်း (နစရိဿတိ - ဧဝ - မကျင့်နိုင်တော့သည်သာ)

(၂) စက္ခုနိဟာယန္တုမ မာယိတာနိ၊
သောတာနိဟာ ယန္တုတထေဝကာယော။

သဗ္ဗမ္ပိဒံ ဟာယတု ဒေဟနိဿိတံ။
ကိံ ကာရဏာ ပါလိတတွံ ပမဇ္ဇသိ။

(၃) စက္ခုနီဇီရန္တုမ မာယိတာနိ၊
သောတာနိဇီရန္တု တထေဝကာယော။
သံဗ္ဗမ္ပိဒံဇီရတု ဒေဟနိဿိတံ။
ကိံ ကာရဏာ ပါလိတတွံ ပ မဇ္ဇသိ။

(၄) စက္ခုနိ ဘိဇ္ဇန္တုမ မာယိတာနိ၊
သောတာနိ ဘိဇ္ဇန္တု တထေဝကာယော။
သဗ္ဗမ္ပိဒံ ဘိဇ္ဇတုဒေဟနိဿိတံ။
ကိံ ကာရဏာ ပါလိတတွံ ပ မဇ္ဇသိ။

(၂) ပါလိတ - အိုပါလိတ (တေ - သင်၏) မမာယိတာနိ - မြတ်နိုး နှစ်သက်စုံမက်အပ်ကုန်သော၊ စက္ခုနိ- မျက်လုံးတို့သည်၊ ဟာယန္တု၊ အမြင်မှယုတ်ကုန်ပါစေ၊ သောတာနိ- နားတို့သည်၊ ဟာယန္တု - အကြားမှ ယုတ်ကုန်ပါစေ၊ ကာယော - ကိုယ်သည်၊ တထေဝ - အင်အားမှ ယုတ်ပါစေ၊ ဒေဟနိဿိတံ - ခန္ဓာကိုယ်၌ မှီသော၊ သဗ္ဗမ္ပိ- အလုံးစုံလည်းဖြစ်သော၊ ဣဒံ- မျက်စိနား၊ နှာအင်္ဂါထွေထွေ လက်နှင့်ခြေသည်၊ ဟာယတု - စွမ်းအား မထုတ် ယုတ်နေပါစေ၊ တွံ - သင်ပါလိတသည်၊ ကိံကာရဏာ အဘယ်အကြောင်းကြောင့်၊ ပမဇ္ဇသိ - ဝီရိယပေါ့ မေ့လျော့ရမည်နည်း။

(၃) ဇီရန္တု - အိုမင်းဆွေးမြေ့ကုန်ပါစေ၊
တထေဝ - အိုမင်းဆွေးမြေ့ပါစေ၊
ဇီရတု - အိုမင်းရင့်ရော်ပါစေ၊

(၄) ဘိဇ္ဇန္တု - ကွဲပျက်ကုန်ပါစေ၊
တထေဝ - ကွဲပျက်ပါစေ၊
ဘိဇ္ဇတု - ကွဲပျက်ပါစေ။
(သိပြီးဖြစ်သော ကျန်ပုဒ်များနှင့် တွဲဖက်၍အနက်ဆိုပါ)

(၅) ပဋိက္ခိတ္တောတိ ကိစ္ဆာယ၊ ဝေဇ္ဇေနာပိ ဝိဝဇ္ဇိတော၊
နိယတော မစ္စုရာဇဿ၊ ကိံ ပါလိတ ပမဇ္ဇသိ။

ပါလိတ - အိုပါလိတ - (တွံ-သင့်ကို) ဝေဇ္ဇေနာပိ - ဆေးဆရာကလည်း တိကိစ္ဆာယ - ဆေးကုခြင်းငှာ၊ ဝါ - ဆေးကုခြင်းမှ၊ ပဋိက္ခိတ္တော - ပစ်ပယ်အပ်လေပြီ၊ ဝိဝဇ္ဇိတော - ရှောင်လွှဲအပ်ချေပြီ။

ပစ္စုရာဇဿ - သေမင်း၏(ဝသော- အလိုသည်) နိယတော- မလွဲမသွေ မြဲချေ၏။ (သေရမှာ ကိန်းသေ၏ဟူလို)

(တွံ- သင်သည်) ကိံကာရဏာ- အဘယ်အကြောင်းကြောင့် ပမဇ္ဇသိ- သတိပေါ့ပေါ့ မေ့လျော့ရမည်နည်း။

(၆) နာဟံဘိက္ခဝေ အညံ့ဧကဓမ္မံပိ သမနုပဿာမိ၊
ယံဧဝံပုရိသဿ စိတ္တံ ပရိယာဒါယတိဋ္ဌတိ။
ယထယိဒံ ဘိက္ခဝေ ဣတ္ထိသဒ္ဒေါ။

ဘိက္ခဝေ - ရဟန်းတို့၊ ဣဒံ - အယံက္ကတ္ထိသဒ္ဒေါ - ဤ မိန်းမတို့၏အသံသည်၊ ပုရိသဿ- ယောကျ်ား၏၊ စိတ္တံ - စိတ်ကို၊ ပရိယာဒါယ- ထက်ဝန်းကျင်မှယူ၍၊ ဝါ - လိုက်လိုက်လှဲလှဲ အသည်းနှလုံး သိမ်းကျုံး၍၊ တိဋ္ဌတိ - ယထာ - တည်နေသကဲ့သို့။ ဧဝံ - မိန်းမတို့ အသံနှင့်အတူ၊ ယံ - ယောသဒ္ဒေါ - အကြင်အသံသည်၊ ပုရိသဿ- ယောကျ်ား၏၊ စိတ္တံ - စိတ်ကို၊ ပရိယာဒါယ - ထက်ဝန်းကျင်မှ ယူ၍ - ဝါ လိုက်လိုက်လှဲလှဲ အသည်းနှလုံးသိမ်းကျုံး၍၊ တိဋ္ဌတိ - တည်လေ၏။ ဘိက္ခဝေ - ရဟန်းတို့၊ အညံ - မိန်းမတို့အသံမှတစ်ပါးသော၊ တံ - ဧကသဒ္ဒံပိ- တစ်ခုသော ထိုအသံကိုသော်လည်း၊ အဟံ - အမြင်ဉာဏ် ကြီးမားငါဘုရားသည်၊ န သမနုပဿာမိ - ဘယ်လိုပင်ဆင်ခြင်ကြည့်သော်လည်း မမြင်မိသည်သာတည်း။

(၇) ဟန္ဒာ ဟံဟာတ စက္ခုသို၊ ကန္တာရဒ္ဓါန မာဂတော၊
သေယျမာနော နဂစ္ဆာမိ၊ နတ္ထိဗာ လေသဟာယတာ။

(၈) ဟန္ဒာ ဟံဟာတ စက္ခုသို၊ ကန္တာရဒ္ဓါန မာဂတော၊
မရိဿာမိနော နဂစ္ဆာမိ၊ နတ္ထိဗာ လေသဟာယတာ။

(ပါပက - ဟဲ့ လူယုတ်မာ) အဟံ- ငါသည်၊ ဟန္ဒ- ယခု၊ ဟတစက္ခု၊ အမြင်စွန့်လျက် ကွယ်ပျောက် သော မျက်စိရှိသူသည်၊ အသ္မိ - ဖြစ်နေ၏။ ကန္တာရဒ္ဓါနံ - လွန်ရန်ခက်ခဲ ခရီးခဲသို့ - ဝါ - ခရီးရှည်သို့၊ အာဂတော - လာခဲ့၏။

(အဟံ - ငါသည်)သေယျမာနော- ဤတောတွင်း၌ မသေမီ - ပက်လက်အိပ်လျက်နေရသူသည် (သမာနောပိ - ဖြစ်ပါသော်လည်း၊ တယာ- သင်လူယုတ်နှင့် သဒ္ဓိံ - အတူ)၊ နဂစ္ဆာမိ - မသွားတော့အံ့။ ဗာလေ - ကာမကိုကြိုက် သင်လူမိုက်၌၊ သဟာယတာ - အတူသွားဘက် မိတ်ဆွေအဖြစ်သည်၊ နတ္ထိ - ဗလာတိတိမရှိပါလေ။

(ပါပက- ဟဲ့လူယုတ်မာ) အဟံ- ငါသည်၊ ဟန္ဒ - ယခု၊ ဟတစက္ခု - သည်၊ အသ္မိ - ဖြစ်နေ၏၊ ကန္တာရဒ္ဓါနံ - လွန်ရန်ခက်ခဲ ခရီးခဲသို့ - ဝါ - ခရီးရှည်သို့၊ အာဂတော- လာခဲ့၏၊ (ဧတ္ထ- ဤတောတွင်း၌) မရိဿာမိ - သေတော့အံ့ (အသေခံတော့မည်) (တယာ-သင်လူယုတ်နှင့်၊ သဒ္ဓိံ-အတူ)နောဂမိဿာမိ- မသွားတော့အံ့၊ ဗာလေ- ကာမကိုကြိုက် သင်လူမိုက်၌၊ သဟာယတာ- အတူသွားဘက် မိတ်ဆွေအဖြစ်သည်၊ နတ္ထိ - ဗလာတိတိမရှိပါလေ။

(၉) သဟဿနေတ္တော ဒေဝိန္ဒော၊ ဒိဗ္ဗစက္ခုံ ဝိသောဓယိ၊
ပါပဂရဟီ အယံပါလော၊ အာဇီဝံ ပရိသောဓယိ။

(၁၀) သဟဿနေတ္တော ဒေဝိန္ဒော၊ ဒိဗ္ဗစက္ခုံ ဝိသောဓယိ၊
ဓမ္မဂရုကော အယံပါလော၊ နိသိန္နော သာသနေရတော။

သဟဿနေတ္တော - မျက်စိအထောင်အမြင်ကိုဆောင်သော၊ ဒေဝိန္ဒော- စတုမဟာ တာဝတိံသာ နတ်ရွာနှစ်ထပ် နတ်တို့ကိုအစိုးရသော သိကြားမင်းသည်၊ ဒိဗ္ဗစက္ခုံနတ်၌ဖြစ်သော မျက်စိကို၊ ဝိသောဓယိ ထင်းထင်းမြင်ရန်စင်ကြယ်စေခဲ့ပြီ၊ (နတ်မျက်စိဖြင့် ကြည့်သည်ဟုဆိုလိုသည်)

ပါပဂရဟီ - မကောင်းပြုသူကို ကဲ့ရဲ့ရှုတ်ချတတ်သော - အယံပါလော- ဤစက္ခုပါလထေရ်သည်၊ အာဇီဝံ - ဘဝတစ်ကွက်ဆက်လက်တည်ရန် ရှပ်နံနှစ်ချက် ထိုအသက်ကို၊ ပရိသောဓယိ - ညစ်ကြေး မဝင်စင်ကြယ်စေခဲ့ပြီ၊

သဟဿနေတ္တော - သော၊ ဒေဝိန္ဒော - သည်၊ ဒိဗ္ဗစက္ခုံ - ကို၊ ဝိသော ဓယိ - ပြီ။

ဓမ္မဂရုတော - မွန်မြတ်သောတရားကို လေးစားတတ်သော ၊ အယံ ပါလော- သည်၊ သာသနေ-သာသနာတော်၌ - ရတော - မွေ့လျော်တော်မူသည်(ဟုတ္တာ-ဖြစ်၍) နိသိန္နော - တောနက်အတွင်း သီတင်းသုံးနေတော်မူ၏။

(၁၁) သဟာဿနေတ္တော ဒေဝိန္ဒော၊ ဒေဝရဋ္ဌ သိရိန္ဓရော၊
တမ်ဏောနအာဂန္တွာန၊ စက္ခုပါလမုပါဂမိ

သဟာဿနေတ္တော - သော၊ ဒေဝရဋ္ဌသိရိန္ဓရော - နတ်မင်း၊ ကျက်သရေ ကိုဆောင်သော၊ ဒေဝိန္ဒော-သည်၊ တမ်ဏေန - အမြန်လိုလှထိုခဏ၌၊ ဝါ - တမ်ဏေန - တခဏချင်းဖြင့်၊

တမ်ဏေန အာဂန္တွာန- တောမြိုင်အတွင်း သက်ဆင်းလာ၍၊ စက္ခုပါလံ- စက္ခုပါလထေရ်သို့၊ ဥပဂမိ ကပ်ရောက်လေ၏။

(၁၂) သဟာဿနေတ္တော ဒေဝိန္ဒော၊ ဒေဝရဋ္ဌ သိရိန္ဓရော၊
သဩိပိတ္တာန နတံမဂ္ဂံ၊ ခိပ္ပံသာဝတ္ထိမာဂမိ။

သဟာဿနေတ္တော - သော - ဒေဝရဋ္ဌသိရိန္ဓရော - သော၊ ဒေဝိန္ဒော-သည်၊ တံမဂ္ဂံ- တောနက်အတွင်းမှ သာဝတ္ထိသို့ သွားရန်မနီး ထိုခရီးကို၊ သဩိပိတ္တာန - တန်ခိုးကိုသုံး, တိုအောင်ချုံး၍၊ ခိပ္ပံ - လျင်မြန်စွာ၊ သာဝတ္ထိံ- သာဝတ္ထိမွန် ဇေတဝန်သို့၊ အာဂမိ - သွားရောက်ခဲ့လေပြီ။

(၁၃) နဟိဓမ္မော အဓမ္မောစ၊ ဥဘောသမ ဝိပါကိနော၊
အဓမ္မော နိရယံနေတိ၊ ဓမ္မောပါပေတိ သုဂ္ဂတိံ။

ဓမ္မောစ- ကောင်းမြတ်သော တရားသည်လည်းကောင်း၊ အဓမ္မောစ - ယုတ်ညံ့သောတရားသည် လည်းကောင်း၊ ဥဘော - နှစ်မျိုးကုန်သော တရားတို့ သည်၊ သမဝိပါကိနော - တူညီသော အကျိုးရှိကုန်သည်၊ ဟိ - စင်စစ်၊ န- မဟုတ်ကုန်။

အဓမ္မော - ယုတ်ညံ့သောတရားသည်၊ နိရယံ - အပါယ်ငရဲသို့၊ နေတိ- ပို့ဆောင်တတ်လေ၏။ ဓမ္မေ- ကောင်းမြတ်သောတရားသည်၊ သုဂ္ဂတိံ - လူဘုံ၊ နတ်ရပ် ကောင်းမြတ်သောဘဝသို့၊ ပါပေတိ ရောက်စေတတ်လေ၏။

**စက္ခုပါလ ထေရ်ဝတ္ထု ပြီး၏။**

## ၂။ မဋ္ဌကုဏ္ဍလိဝတ္ထု
## မပေးမလှူဉစ်ကြေးထူ၊ စိတ်ခွဲကြည်ဖြူနတ်ဖြစ်သူ

သာဝတ္ထိမြို့၌ သူဌေးတစ်ဦးရှိ၏။ ထိုသူဌေးသည် မည်သူတစ်ယောက်အားမျှ မည်သည့်ပစ္စည်းကိုမျှ ပေးလှူဘူးသည်မရှိ၊ ထို့ကြောင့် ထိုသူဌေးကို အဒိန္နပုဗ္ဗက(မပေးမလှူဘူးသူ)သူဌေးဟုခေါ်ဆိုကြသည်။

ထိုသူဌေးအား ချစ်ခင်မြတ်နိုးအပ်သော သားတစ်ယောက်ရှိ၏။ သူဌေးသည် မိမိသားအတွက် နားဒောင်းကို ဝတ်ဆင်ပေးလို၏၊ သို့သော် ရွှေပန်းတိမ်ဆရာတို့ကို နားဒောင်းလုပ်ခိုင်းလျှင် ထမင်းရိက္ခာ (လက်ခ)ပေးရမည်ကိုစိုးရိမ်ကာ သူကိုယ်တိုင် ရွှေကိုခတ်၍(တူဖြင့်ပါးအောင်ပြု၍) ပြေပြစ်ချောမွေ့သော (ဖက်လိပ်)နားဒောင်းတစ်ရံပြုပြီး သားအားဝတ်ဆင်ပေးလေ၏။ ထို့ကြောင့် ထိုသူဌေး၏သားကို မဋ္ဌကုဏ္ဍလီ (ပြေပြစ်ချောမွေ့သည့် နားဒောင်းရှိသူ)ဟုခေါ်ဆိုကြသည်။

မဋ္ဌကုဏ္ဍလီ၏ တစ်ဆယ့်ခြောက်နှစ်အရွယ်၌ သွေးသားယုတ်လျော့ဖျော့တော့သော(ပဏ္ဍု) ရောဂါဖြစ်လေ၏။

မိခင်သူဌေးကတော်သည် မိမိ၏ရင်သွေးသား မဋ္ဌကုဏ္ဍလီကိုကြည့်ပြီး သူဌေးအဒိန္နပုဗ္ဗကအား သင့်သားမှာရောဂါဖြစ်နေသည်။ ဆေးကုပေးပါဟု ပြောလေရာ -

အိုရှင်မ ဆေးဆရာခေါ်ကုလျှင် ထမင်းရိက္ခာ(ဆေးဖိုး)ပေးရလိမ့်မည်။ ငါ့ပစ္စည်းကုန်မည်ကို သင်မကြည့်တော့ဘူးလား။ အို အိမ့်ရှင်ပုဏ္ဏား ဆေးဖိုးကုန်မှာကြောက်လျှင် ဘယ်လိုလုပ်မည်နည်း။ ပိုက်ဆံ မကုန်မည့်နည်းကို ငါလုပ်မည်။

သူဌေးပုဏ္ဏားသည် ပုဏ္ဏေးမအား - ဤသို့ပြောဆိုပြီး ဆေးဆရာတို့ထံသွား၍ ကိုယ်ရည်ဖျော့တော့ သည့် ရောဂါကိုမည်သည့်ဆေးဖြင့် ကုသကြသနည်းဟု - မေးမြန်းလေရာ ဆေးဆရာတို့သည် သူဌေးပုဏ္ဏား၏ စရိုက်သဘောကို သိထားသူများဖြစ်ကြ၍ ရောဂါပျောက်ကင်းစေနိုင်သော ဆေးကို မပြောကြမူ၍ စိတ်ကူး ထင်ရာ သစ်ဥ၊ သစ်မြစ်၊ သစ်ခေါက်၊ သစ်ရွက်တို့ကို ညွှန်ပြပြောဆိုလိုက်ကြလေ၏။

အဒိန္နပုဗ္ဗက သူဌေးသည် ဆေးဆရာတို့ ကြံဖန်လှည့်စားပြောဆိုလိုက်သော သစ်ဥ၊ သစ်မြစ်၊ သစ်ခေါက်၊ သစ်ရွက်တို့ကို ရှာဖွေစုဆောင်း၍ သား၏ရောဂါကို ကုသပေးလေ၏။

ထိုသို့ကုသပေးနေစဉ်မှာပင် မဋ္ဌကုဏ္ဍလီ၏ ရောဂါသည် ပြင်းထန်ဆိုးဝါးလာပြီး ကုစားမရနိုင်တော့ သည့် အခြေအနေသို့ရောက်လာလေ၏။

အဒိန္နပုဗ္ဗကသည် မဋ္ဌကုဏ္ဍလီ၏ အားအလွန်နည်းနေသည်ကိုသိ၍ ဆေးဆရာတစ်ယောက်ကို ခေါ်ပြီး ကုသစေရာ ဆေးဆရာသည် ရောဂါအခြေအနေကို ကြည့်ရှုကာ ကျုပ်မှာ အခြားလူမမာကို ကုသရန် ကိစ္စရှိနေသေးသည်၊ အခြားဆေးဆရာကိုခေါ်၍ ကုသပါစေဟု ပြောဆိုကာ မဋ္ဌကုဏ္ဍလီကို စွန့်ခွာထွက်သွား လေ၏။

အဒိန္နပုဗ္ဗကသည် မဋ္ဌကုဏ္ဍလီ သေချိန်နီးနေသည်ကို သိပြီး ဤမဋ္ဌကုဏ္ဍလီကို မေးမြန်းကြည့်ရှုရန် လာကြသူတို့သည် ငါ့အိမ်တွင်းရှိ ဥစ္စာ ပစ္စည်းတွေကို မြင်ကုန်ကြလိမ့်မည်၊ မဋ္ဌကုဏ္ဍလီကို အိမ်ပြင်ဘက် ထုတ်ထားမှတော်မည်ကြံပြီး အိပ်ခန်းတွင်းမှထုတ်၍ အိပ်ခန်းပြင်ဘက် အိမ်ဦးကြမ်းပြင်၌ သိပ်ထားလေ၏။

## မြတ်စွာဘုရား ဗုဒ္ဓစက္ခုတော်ဖြင့် မြင်တော်မူပုံ

မဋ္ဌကုဏ္ဍလီသတို့သား အိမ်ဦးကြမ်းပြင်အိပ်နေချိန် နေ့တစ်နေ့နံက်စောစော မိုးသောက်ခါနီး လင်းအားကြီးအချိန်တွင် မြတ်စွာဘုရားသည် မဟာကရုဏာသမာပတ်တော်မှထ၍ ရှေးဘုရားရှင်တို့ထံ၌ လွန်ကဲထူးခြားစွာ ပြုအပ်သော ကုသိုလ်အကြောင်းရင်းတရား ပြန့်ပြောများပြားခြင်း ရှိကြကုန်၍ ကျွတ်ထိုက်ကုန်သော ဝေနေယျပုဂ္ဂိုလ်တို့ကို မြင်သိနိုင်ရန် အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တဉာဏ်တည်းဟူသော ဗုဒ္ဓစက္ခု (ဘုရားမျက်လုံးတော်)ဖြင့် စကြာဝဠာတိုက်တစ်သောင်းအတွင်း ဉာဏ်တော်ကွန်ရက်ကို ဖြန့်ကျက်ကြည့်ရှုတော်မူသည်။

ထိုသို့ကြည့်တော်မူစဉ် အိမ်ဦးကြမ်းပြင်၌ အိပ်နေသော မဋ္ဌကုဏ္ဍလီသည် ဉာဏ်တော်ကွန်ရက်အတွင်း၌ ဝင်လာထင်လာလေသည်။

မြတ်စွာဘုရားသည် အိပ်ခန်းအတွင်းမှထုတ်၍ အိမ်ဦးကြမ်းပြင်၌ အိပ်နေသော မဋ္ဌကုဏ္ဍလီကို မြင်တော်မူလေသော် မဋ္ဌကုဏ္ဍလီရှိရာသို့ ငါဘုရားကြွသွားခြင်းကြောင့် အကျိုးရှိမည်လော၊ မရှိမည်လောဟု ဆင်ခြင်ကြည့်တော်မူပြန်သောအခါ ဤသို့ထင်ထင်မြင်တော်မူလေ၏။

ဤမဋ္ဌကုဏ္ဍလီသတို့သားသည် ငါဘုရား၌ကြည်ညိုစိတ်ဖြစ်၍ ကွယ်လွန်လေလျှင် တာဝတိံသာ နတ်ပြည်ဝယ် ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်လိမ့်မည်၊ အခြံအရံနတ်သမီး တစ်ထောင် ရှိလိမ့်မည်။

အဒိန္နပုဗ္ဗက ပုဏ္ဏားသည် သားမဋ္ဌကုဏ္ဍလီကို ဖုတ်ကြည်း သင်္ဂြိုဟ်ပြီးသော် သုသာန်သို့လာ၍ ပြင်းထန်စွာငိုကြွေးလိမ့်မည်။

မဋ္ဌကုဏ္ဍလီနတ်သားသည် လှည်းအစီး ခြောက်ဆယ်ဝန်ချိန်ပမာဏရှိသော နတ်အဝတ်တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သည့်အပြင် နတ်သမီးတစ်ထောင်အခြံအရံနှင့် သုံးဂါဝုတ်ပမာဏရှိ မိမိခန္ဓာကိုယ်ကို ကြည့်ရှု၍ ငါသည် အဘယ်ကောင်းမှုကံကြောင့် ဤနတ်စည်းစိမ်ချမ်းသာကို ရအပ်လေသနည်းဟု ဆင်ခြင်ကြည့်ရှုလပ်သော် - ငါဘုရား၌ကြည်ညိုစိတ်ကြောင့် ရအပ်သည်ကို သိမြင်လေလျှင် အဖဖြစ်ဖူးသော ဤအဒိန္နပုဗ္ဗကပုဏ္ဏားသည် ပစ္စည်းကုန်မည်ကို ကြောက်သဖြင့် ဆေးဆရာနှင့် ငါ့အားဆေးမကုခဲ့ပဲ ငါသေပြီး ယခုမှသုသာန်သို့ သွား၍ငိုနေသည်၊ ငါသွားပြီးပုဏ္ဏားကို ဖောက်ပြန်အောင်ပြုမည်ဟု ကြံစည်လျက် ဖခင်ပုဏ္ဏားငိုမည်းတမ်းတနေစဉ် သားမဋ္ဌကုဏ္ဍလီအသွင်ဖြင့်လာ၍သုသာန်၏အနီး၌ အိပ်လျက်ငို နေလိမ့်မည်။

ပုဏ္ဏားက သင်မည်သူနည်းဟုမေးလိမ့်မည်။

ကျွန်ုပ်သည် သင်ပုဏ္ဏား၏သား မဋ္ဌကုဏ္ဍလီပါဟုပြောလိမ့်မည်။

လူပြည်က ကွယ်လွန်ပြီး ဘယ်ဘုံဘယ်ဘဝ၌ဖြစ်နေသနည်း။

တာဝတိံသာနတ်ပြည်၌ဖြစ်နေပါသည်။

ဘယ်ကောင်းမှုကိုပြုခဲ့၍ တာဝတိံသာ နတ်ပြည်၌ဖြစ်ရသနည်း။

မြတ်စွာဘုရား၌ စိတ်ကြည်ညိုခြင်းကြောင့် တာဝတိံသာနတ်ပြည်၌ဖြစ်ရကြောင်း ပြောလိမ့်မည်။

အဒိန္နပုဗ္ဗကပုဏ္ဏားသည် ငါဘုရားထံလာ၍ အရှင်တို့၌ စိတ်ကိုကြည်ညိုစေခြင်းကြောင့် နတ်ပြည်၌ ဖြစ်သူရှိသလောဟု ငါဘုရားကိုမေးလိမ့်မည်။

ထိုသို့မေးသည့်အခါ ထိုပုဏ္ဏားအား ငါဘုရားသည် - အိုပုဏ္ဏား ငါဘုရား၌ စိတ်ကိုကြည်ညိုစေခြင်း

ကြောင့် နတ်ပြည်၌ဖြစ်သူတို့သည် ရာပေါင်းဤမျှရှိပြီ၊ ထောင်ပေါင်းဤမျှရှိပြီ၊ သိန်းပေါင်းဤမျှရှိပြီဟု အရေအတွက်အားဖြင့် မပိုင်းဖြတ်နိုင်အောင် များလှလေကုန်ပြီဟု မိန့်လိုက်ပြီး ဓမ္မပဒတို့ကို ဟောပြရာ ဒေသနာတော်၌ ဂါထာကိုထည့်ဟောလိုက်မည်။

ငါဘုရားဟောလိုက်သည့် တရားဂါထာအဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော နတ်လူတို့ သစ္စာလေးပါးတရားကို ထိုးထွင်းသိကြလိမ့်မည်။ မဋ္ဌကုဏ္ဍလီနတ်သားနှင့် အဒိန္နပုဗ္ဗကပုဏ္ဏား သောတာပန် ဖြစ်လိမ့်မည်ဟု မြင်သိတော်မူ၍ နောက်နေ့၌ ကိုယ်တော်ကို သန့်စင်တော်မူပြီး ရဟန်းများစွာခြံရံလျက် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူကာ အိမ်စဉ်အားဖြင့် ကြွတော်မူရာ အဒိန္နပုဗ္ဗကပုဏ္ဏား၏ အိမ်ဝင်းတံခါးဝသို့ ရောက်တော်မူလေ၏။

မြတ်စွာဘုရား ပုဏ္ဏား၏ အိမ်ဝင်းတံခါးဝရောက်နေခိုက် မဋ္ဌကုဏ္ဍလီ သတို့သားသည် အိမ်အတွင်းဘက်သို့ မျက်နှာလှည့်ကာ အိပ်နေရှာသဖြင့် မြတ်စွာဘုရားသည် ကိုယ်တော်မြတ်ကို မဋ္ဌကုဏ္ဍလီ မမြင်ကြောင်း၊ သိတော်မူ၍ ရောင်ခြည်တော်တစ်ခုကို လွှတ်တော်မူလေ၏။ မဋ္ဌကုဏ္ဍလီသည် ဤအရောင်ကား ဘယ်အရောင်ဘာလိမ့်ဟု အိမ်ပြင်ဘက်ပြန်လှည့်ကာ အိပ်နေလျက်ပင် မြတ်စွာဘုရားသခင်ကို ဖူးမြင်လိုက်ရသောအခါ -

ဖခင်အမိုက်အကန်းကို မှီခိုနေရသဖြင့် ဖူးမြှော်ထိုက်လှသော မြတ်စွာဘုရားသို့ချဉ်းကပ်ပြီး ခန္ဓာကိုယ်ဖြင့် ဝေယျာဝစ္စကိုလည်း မပြုခဲ့ရ၊ ပေးလှူမှုကိုလည်းမပြုခဲ့ရ၊ တရားကိုလည်းမနာခဲ့ရ၊ ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခံနေရရာ ဤအချိန်မှာ ငါ့လက်တွေကိုပင် ငါအစိုးမရ ငါ့အလိုမလိုက်နိုင်ကြသဖြင့် လက်အုပ်ချီမိုးရှိခိုးမှုကိုပင် ငါမပြုနိုင်၊ စိတ်ဖြင့်သာကြည်ညိုရပေတော့မည်၊ လောက၌ အတုမရှိ မြတ်လှစွာသော အရှင်မြတ်ဘုရား - အရှင်မြတ်ဘုရား -

မြတ်စွာဘုရားသည် - ဤမဋ္ဌကုဏ္ဍလီသတို့သားအဖို့ ဤမျှလောက် စိတ်ကြည်ညိုခြင်းဖြင့် သင့်တော်လှလေပြီဟု သိတော်မူကာ အိမ်တံခါးဝမှ ဖယ်ခွာကြွသွားတော်မူလေသည်။

မဋ္ဌကုဏ္ဍလီသတို့သားသည် သူ၏မျက်စိမြင်နိုင်လောက်ရာအရပ်ကို မြတ်စွာဘုရားစွန့်ပယ်ကြွသွားစဉ် မြတ်စွာဘုရား၌ ကြည်ညိုနေသောစိတ်ရှိလျက်ပင် ကွယ်လွန်ပြီးအိပ်သောယောကျ်ား၊ နိုးသောအလားသို့ တာဝတိံသာနတ်ပြည်ဝယ် ယူဇနသုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်ရလေ၏။

အဒိန္နပုဗ္ဗကပုဏ္ဏားသည် မဋ္ဌကုဏ္ဍလီအလောင်းကို ဖုတ်ကြည်းသင်္ဂြိုဟ်ပြီးနောက် သုသာန်သို့ နေ့စဉ်သွားလျက် တစ်ယောက်တည်းသောသား မဋ္ဌကုဏ္ဍလီ ဘယ်ကိုသွားနေသနည်း၊ တစ်ယောက်တည်းသောသား မဋ္ဌကုဏ္ဍလီ ဘယ်သွားနေသနည်းဟု မြေကြီး၌လူးလိမ့်ငိုကြွေးနေလေ၏။

မဋ္ဌကုဏ္ဍလီနတ်သားသည်လည်း မိမိ၏နတ်စည်းစိမ်ကို ကြည့်ရှုကာ အဘယ်ကောင်းမှုကံကြောင့် ဤနတ်စည်းစိမ်ကို ငါရသနည်းဟု ဆင်ခြင်ကြည့်လေသော် - မြတ်စွာဘုရား၌ စိတ်ကြည်ညိုခြင်း၊ ကောင်းမှုကံကြောင့် နတ်စည်းစိမ်ရခဲ့ကြောင်းကို သိမြင်ပြီး -

ငါ့ဖခင်ဤပုဏ္ဏားကြီးသည် ငါမကျန်းမမာဖြစ်နေစဉ်က ဆေးကုမပေးပါပဲ ငါသေပြီးမှ သုသာန်သို့သွား၍ ငိုနေသည်။ သူ့ကိုဖောက်ပြန်အောင်ပြုသင့်သည်ဟု အကြံရကာ လူ့ဘဝဖြစ်စဉ်က မဋ္ဌကုဏ္ဍလီအသွင်ဖြင့်လာပြီး သုသာန်အနီး၌ လက်မောင်းနှစ်ဖက်ကိုမြှောက်၍ ငိုနေလေ၏။

× × × ×

## စကားပြန်လှန်ပြောကြားဟန်

အဒိန္နပုဗ္ဗကပုဏ္ဏားသည် မဋ္ဌကုဏ္ဍလီကိုမြင်လေလျှင် - ငါက သားအတွက် စိုးရိမ်မှုကြောင့် ငိုသည် ထားဦး ဤသူငယ်က ဘာကြောင့်ငိုလေသနည်း၊ သူငယ်ကိုမေးဦးမည်ဟု ကြံစည်ကာ ဤသို့မေးလေ၏။

အဝတ်တန်ဆာဆင်ယင်ကာဖြင့် မွှေးဖြာသည့်ပန်း ဦးခေါင်း၌ဆန်း လွှမ်းကာပန်းဖူး ရွှေစန္ဒကူး ကိုယ်မှာလူးသည့်ပြင် ထူးခြားသည့်နားဆွဲ ကောင်းကောင်းပန်ဆင် အိုလုလင်၊

သင်သည် ဘယ်သို့ဆင်းရဲဖိစီးညှင်းဆဲမှုကြောင့် မည်းမည်းမှောင်မှောင် တောအလယ်ရှုပ် လူသေကောင်မြှုပ်နှံ့ သုသာန်အနီး မျက်ရည်စီးချောင်း လက်မောင်းမြှောက်ပင့် ငိုကြွေးနေသနည်း။

အိုပုဏ္ဏား ကျွန်ုပ်မှာ ရွှေဖြင့်ပြီးလျက် ပြိုးပြက်အရောင် တောက်ပြောင်ထိန်ထိန် ရထားအိမ်ရှိ နေပါသော်လည်း ထိုနှင့်သင့်လျော်ပုံ ဘီးအစုံကို အဖုံဖုံ ရှာမရသာမှု ဆင်းရဲစုကြောင့် သေလုကမန်း ပင်ပန်း ငိုကြွေးရပါသည်။

ကောင်းမြတ်ရုပ်သွင် မောင်လုလင် သင်၏လိုချင်လှပုံ ဘီးအစုံကို အကုန်အစင်တပ်ဆင်ပေးမည်၊ လိုရာကိုသာရွေးပေတော့၊ ရွှေဘီး၊ ငွေဘီး၊ ကြေးဘီး၊ တသီးသံဘီး၊ တခြား ပတ္တမြားဘီး အသီးသီးဝယ် ဘယ်ဘီးကို လိုချင်သနည်း။

ရွှေဖြင့်လုပ်ငြား ကျုပ်ရထားသည် တခြားဘီးစုံ မသင့်ကုန်ပြီ နှစ်ဖုံနေလဘီးကိုရမှ အလှသွယ်သွယ် တင့်တယ်ပါလိမ့်မည်။

တန်ဆာဆင်ယင်လှရုပ်သွင်နှင့် အိုလုလင်, မဆင်မခြင်, သင်လုလင်သည် အစဉ်မြင်ရ နေနှင့်လကို ရလိုသမှု တောင့်တပြု၏။ ယခုမနေ သင်သာသေမည် နှစ်ထွေနေလ, ဘယ်လိုတလည်း မရစင်စစ် မဖြစ်နိုင် တာကိုကြိုက် မိုက်လှချေတကား -

ကောင်းကင်လယ်တွင် ထွက်ကြ၊ ဝင်ကြ နေနှင့်လကို ရလိုသည်မှာ မြင်ရာကိုတမ်းတသဖြင့် သင့်လှ ပေသည်၊ သေသူသားလှ မမြင်ရကို တမ်းတငိုသူ ထိုနှစ်လူတွင် ဘယ်သူပိုရ၍ မိုက်သနည်း။

မမှန်ဖယ်ရှား မှန်စကားကို ပြောကြားသွန်သင် အိုလုလင် သင်မှာမူကား မြင်ထားသည်ကို တောင့်တ ငို၏။ ကိုယ့်ကိုပစ်ထား သေသည့်သားကို ဘယ်သွားမသိ တောင်းဆိုသည့်ငါ အတိဗာလ မိုက်ရာကျတော့သည်။

နည်းမှန်စကား ပြောကြားသွန်သင် အိုလုလင် သင့်စကားကို စဉ်းစားချင့်ထုတ် အကျွန်ုပ်မှာ သေရွာ ပြေးထွက် သားအတွက်ကြောင့် မျက်ရည်စက်လက် နေ့ရက်ဆက်ကာ ဤသုသာန်မြေနေရာသို့လာလို့ တယိယိ ငိုမိသည်ကား အမှားကြီးမှားလေစွဟု နောင်တကြီးစွာ ရရှုံသာမက ဟဒယအိမ်တွင်း စိုးရိမ်တင်းလင်း ပူပင်ခြင်းအရပ်ရပ်သည် ရေဖြင့်ငြိမ်းသတ် မီးအလျှံပြတ်သကဲ့သို့ နောက်ထပ်မကိန်း အငြိမ်းကြီးငြိမ်းပါလေပြီ။

ကျွန်ုပ်နှလုံးသားဝယ် ထင်ထင်ရှားရှား စူးဝင်ထားသည့် သောကမြားကို လျင်လျား တမုဟုတ် သင်ဆွဲနှုတ်လိုက်ပါပြီ။

မှန်ရာပြောကြား သင့်စကားကို ကြားရချိန်မှ နောက်ကာလဝယ် သောကလည်းပြို ငိုလည်းမငိုတော့ ပါပြီ။

သင့်ကိုတဖြာ သိစရာမို့ မေးပါရစေ ကျုပ်နှလုံးမှ သောကခွာသူ သင်တမူကား လူသားပင်ဖြစ်လေ သလော, သို့တည်းမဟုတ် ကျွန်ုပ်အထင် ပြောရပါလျှင် လူတွင်မစပ် ဂန္ဓဗ္ဗနတ်ပင်ဖြစ်လေသလော တစ်ရပ်အလာ စတုမဟာ တာဝတိံသာ ရှိန်ဝါပြည့်ကြွား သိကြားပင်ဖြစ်လေသလော။

ကျွန်ုပ်အနေကို အခွင့်ဆို၍ သိလိုမေးငြား အိုပုဏ္ဏား, ကျုပ်မှာမူကား တစ်ခြားသူမဟုတ် သင်ကိုယ်တိုင်

မီးပုံကြီး၌ ဖုတ်ကြည်းသဂြိုဟ် မျက်ရည်စိုရွှဲ ငိုပွဲဖြင့် မပြတ်တမ်းတအပ်ငြား သင့်သားပင်ဖြစ်တော့သည်။ သေချိန်နီးလှ, သမယကပြုရတစ်ခု မြတ်ကောင်းမှုကြောင့် သုဂတိဘုမ်ိ တာဝတိံသာ၌ စည်းစိမ်ခံစား နတ်သား ဖြစ်ပေသည်။

လူ့ရွာဘုမ်ိ များစည်းစိမ်ရှိ ငါ့အိမ်နေသွား အို - ငါ့ချစ်သား သင်ကားဟိုချိန် ငါ့နေအိမ်ဝယ် စည်းစိမ် ရကြောင်း ဘယ်သို့သောကောင်းမှုကို ပေါင်းစုခဲ့လေသနည်း။ ဒါနဟူငြား နည်းများမဟူ ပေးလှူသည်ကို ငါမမြင် သီလတွင်လည်း ငါးအင်ပဥ္စသီ ရှစ်လီဥပုသ် သင်စောင့်ချုပ်သည်ကိုလည်း ငါမသိ၊ မည်သည့်ကောင်းမှု သင်ပြုခဲ့လေသနည်း။

ရောဂါနှိပ်စက် ဖိစီးချက်ဖြင့် မသက်မသာ လှည့်ကာစောင်းကာ သင့်အိမ်မှာဝယ် အိပ်ရာထဲလျောင်း အခွင့်ကောင်းကြုံ တစ်သောင်းဘုံဝယ် တူရုံမျှပင် သူမထင်သည့် ရှင်တော်ဗုဒ္ဓရောင်ခြည်တော်ပြသဖြင့် ခဏ တာမျှ မြင်လိုက်ရသော်၊ လက်မ၍မချီသာ စိတ်ထဲမှာတရိပ်ရိပ် ကြည်လင်သည့်ကုသိုလ်စိတ်ကြောင့်၊ တဖိတ်ဖိတ်ရောင်လျှံ ဘုံဗိမာန်တထိန်ထိန်၊ တာဝတိံပျော်ပါး နတ်သားဖြစ်ရပါသည် အဖတော်ငြား အိုပုဏ္ဏား။

စိတ်ဖြင့်အဥ္ဇလီ လက်မသီပဲ တင်ချီရုံမျှ ကုသလကြောင့် ရသည့်ကောင်းကျိုး မြတ်နိုးဖွယ်မက အံ့ဩကြီး အံ့ဩထိုက်လှပါတကား။ ငါတမူလည်း ကြည်ဖြူစိတ်ထား တဖွားဖွားဖြင့် မြတ်ဘုရားထံ ယခုပင်အမြန်သွားကာ, လေးစားမပြတ် ဆည်းကပ်ကိုးကွယ်ပါတော့မည်၊ နတ်၌ပျော်ပါး အိုနတ်သား။

ကောင်းလှပါသော် အခွင့်ပေါ်သည် ဖတော်ခဲ့ငြား အိုပုဏ္ဏား၊ ယနေ့ပင် အမြန်သွား၍ မြတ်ဘုရားနှင့် တရားသံဃာရတနာကို ကောင်းစွာမပြတ် ဆည်းကပ်ကိုးကွယ်ပါလော့။

ထိုမှတဖြာ လူမှာကြုံရ လူဖြစ်ရကျိုး သည်ပိုးရာကျ ငါးဝသောသီလကို လူပီသအောင် နေ့ညမတုန်း၊ ဆောက်တည်ကျင့်သုံးပါလော့။

သေစေလိုမှု စိတ်ရှေးရှုကာ မည်သူ့အသက်ကိုမျှ မသတ်ပါလေနှင့်။

ရွှေ ငွေစထား သူတစ်ပါး၏ စီးပွားဥစ္စာ ရရာရကြောင်း စိတ်မကောင်းဖြင့် ရွှေ့ပြောင်း၍ မယူပါ လေနှင့်။

ကာမေသုဟု လူအမှုကို လု၍မယူ မပြုမူဘဲ စိတ်တူထင်ရှား၊ ကိုယ့်မယားနှင့် ပျော်ပါးပါလေ။

တစ်ထွေသစ္စာ မှန်စွာဝစီ နှုတ်သံပြီစေ၊ သွေဖီဖောက်ပြား စိတ်ရှေ့ထားကာ မုသားမဆိုပါလေနှင့်၊ စိတ်တွေယစ်မူး သူရူးဖြစ်ကြောင်း မူမကောင်းသည့် အပေါင်းဗာလ သုံးစွဲကြသည် လောကလူ့လယ် ရှက်စဖွယ်ပြင် တင့်တယ်ဂုဏ်ပျောက် သေရည်ကိုမသောက်ပါလေနှင့်။

တာဝတိံသာ ထက်နတ်ရွာဝယ် ကောင်းစွာဖြစ်ငြား အိုနတ်သား - သင်တမူကား ငါ့စီးပွားကို လိုလားသူအမှန် သင့်ထံစကား လိုက်နာထားအံ့ သင်ကားစင်စစ် ကျုပ်ဆရာဖြစ်တော့သည်။

လောကသုံးခွင် တုမမြင်သည့် သုံးအင်ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ရတနာကို မကွာ နေ့ည သတိရလျက် ပဥ္စသီလ လျှောမကျအောင် နိစ္စမယိမ်း ထိမ်းသိမ်းစောင့်ရှောက်ပါတော့မည်။

**မှတ်ချက်** ။ အဒိန္နပုဗ္ဗကပုဏ္ဏားနှင့် မဋ္ဌကုဏ္ဍလီနတ်သားတို့ အပြန်အလှန် ပြောကြသည့် စကားများကို ဂါထာတို့ဖြင့် ပြဆိုထားသောကြောင့် လင်္ကာသွားဖြင့် ရေးသားလိုက်သည်။

ကိုယ့်အတွက်ပင် ရက်ရက်ရဲရဲ မသုံးစွဲနိုင် လွန်ကဲဘိစွ မစ္ဆရိယကြီးမား အိုပုဏ္ဏား, သင်သည် ပစ္စည်းဥစ္စာ ပေါများစွာရှိသူဖြစ်သည်။ မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်ပါ၊ လှူဖွယ်ပစ္စည်းကိုပေးလှူပါ၊ တရားတော်ကိုကြားနာပါ၊ မေးဖွယ်အရာ ပြဿနာကို မေးလျှောက်ပါ။

## အသိဝင်သွား ထိုပုဏ္ဏား

အဒိန္နပုဗ္ဗကပုဏ္ဏားသည် နတ်သားနှင့် စကားပြောဆိုပြီးနောက် အိမ်သို့ပြန်ရောက်သောအခါ ပုဏ္ဏေးမကိုခေါ်၍ -

ရှင်မ, ငါသည် ယနေ့ယခု ရဟန်းဂေါတမကို ဖိတ်ကြားပြီး ပြဿနာကိုမေးမည်၊ ပူဇော်သက္ကာရကို ပြုမည်ဟု ပြောဆိုကာ မြတ်စွာဘုရားကျောင်းတော်သို့သွားလေ၏။ မြတ်စွာဘုရားထံရောက်သောအခါ မြတ်စွာဘုရားကို ရှိလည်းမခိုး၊ နှုတ်ဆက်စကားကိုလည်း မပြောဆိုဘဲ သင့်တော်သည့် တစ်နေရာ၌ မတ်မတ်ရပ်လျက် -

အိုအရှင် ဂေါတမ ယနေ့နက် ရဟန်းသံဃာနှင့်အတူ ကျွန်ုပ်၏ဆွမ်းကို ခံယူပါဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေလျက် လက်ခံတော်မူသည်။

ပုဏ္ဏားသည် မြတ်စွာဘုရား လက်ခံသည်ကိုသိပြီး လျင်မြန်စွာအိမ်သို့ ပြန်လာကာ မိမိနေအိမ်၌ ခဲဖွယ်ဘောဇဉ်ကို စီစဉ်ခင်းကျင်းထားလေ၏။

မြတ်စွာဘုရားသည် တပည့်သံဃာနှင့်အတူ ပုဏ္ဏားနေအိမ်သို့ ကြွတော်မူ၍ ခင်းထားအပ်သောနေရာ၌ ထိုင်သီတင်းသုံးတော်မူသည်။ ပုဏ္ဏားသည် မြတ်စွာဘုရားနှင့် သံဃာတော်အား ခဲဖွယ်ဘောဇဉ်တို့ကို ရိုရိုသေသေကပ်လှူလေ၏။

ထိုအခါ်ချိန်အခါ သာဝတ္ထိမြို့သူ မြို့သားများစွာ စုဝေးမိလေ၏။ မိစ္ဆာဒိဋ္ဌိ(အယူမှားယူသူ)တစ်ဦးက မြတ်စွာဘုရားကို ပင့်လျှောက်သည့်အခါ လူအစုအဝေး နှစ်မျိုးဖြစ်လာသည်။ မိစ္ဆာဒိဋ္ဌိတို့က ယနေ့ရဟန်းဂေါတမကို ပြဿနာမေးခြင်းဖြင့် ညှင်းဆဲမည်ကိုကြည့်ကြစို့ဟု တိုင်ပင်ကာစုဝေးကြသည်။

သမ္မာဒိဋ္ဌိ(အယူမှန်ယူသူ)တို့က ယနေ့မြတ်စွာဘုရား၏ အရာဖြစ်သော မြတ်စွာဘုရား၏တင့်တယ်ပုံကို ဖူးကြစို့ဟု တိုင်ပင်ကာ စုဝေးကြသည်။

## ကြည်ညိုယုံမျှ နတ်ဖြစ်ရ

အဒိန္နပုဗ္ဗကပုဏ္ဏားသည် ဆွမ်းဘုဉ်းပေးပြီးဖြစ်သော မြတ်စွာဘုရားထံ ချဉ်းကပ်ကာ နိမ့်သောနေရာ၌ ထိုင်လျက် ပြဿနာကို မေးလျှောက်လေ၏။

အိုဂေါတမ - အရှင်တို့အား လှူဖွယ်ပစ္စည်းကိုလည်းမလှူ၊ ပူဇော်မှုကို လည်းမပြု၊ တရားနာမှုလည်းမရှိ၊ ဥပုသ်လည်းမစောင့်ပါဘဲ အရှင်တို့၌ စိတ်သက်သက် ကြည်ညိုကာမျှဖြင့် နတ်ပြည်၌ ဖြစ်ကြပါသလား။

အိုပုဏ္ဏား အဘယ့်ကြောင့် ငါဘုရားကိုမေးရသနည်း။

သင့်သား မဋ္ဌကုဏ္ဍလီက ငါဘုရား၌ စိတ်ကိုကြည်ညိုစေသဖြင့် သူနတ်ပြည်မှာဖြစ်တဲ့အကြောင်း သင့်အားပြောလိုက်ပြီ မဟုတ်လား -

အို ဂေါတမ ဘယ်တုန်းကပြောတာပါလဲ -

သင်ပုဏ္ဏား ယနေ့သုဿာန်သွားငိုနေစဉ် သင့်အနီးမှာ လက်မောင်းနှစ်ဖက်မြှောက်ပြီး ငိုနေတဲ့ လုလင်တစ်ယောက်ကို သင်မြင်ရတော့ -

အဝတ်တန်ဆာဆင်ယင်ကာဖြင့် မွှေးဖြာသည့်ပန်း ဦးခေါင်း၌ဆန်း လွှမ်းကာပန်းဖူး ရွှေစန္ဒကူး ကိုယ်မှာလူးသည့်ပြင် ထူးခြားသည့်နားဍောင်း ကောင်းကောင်းပန်ဆင် အိုလုလင်။

သင်သည် ဘယ်သို့ဆင်းရဲဖိစီးညှင်းဆဲမှုကြောင့် မည်းမည်းမှောင်မှောင် လူတွေရှောင်သော တောအလယ်ရှုပ် လူသေမြှုပ်နှံ သုသာန်အနီး မျက်ရည်စီးချောင်း လက်မောင်းမြှောက်ပေး ငိုကြွေးနေသနည်းဟု သင်ကစ, မမေးလေသလော၊

(ဤမှနောက် မဋ္ဌကုဏ္ဍလီနတ်သားနှင့် အဒိန္နပုဗ္ဗကပုဏ္ဏား အပြန်အလှန် မေးမြန်းဖြေဆိုပုံအားလုံးကို မြတ်စွာဘုရားက အစအဆုံးဟောပြတော်မူသည်၊ ထို့ကြောင့် ဤမဋ္ဌကုဏ္ဍလီဝတ္ထုသည် ဘုရားဟောဖြစ်ကြောင်း အဋ္ဌကထာဆရာ မှတ်ချက်ပေးခဲ့ပေသည်)

အဒိန္နပုဗ္ဗကပုဏ္ဏားနှင့် မဋ္ဌကုဏ္ဍလီနတ်သားတို့ အပြန်အလှန်စကား ပြောပုံအားလုံးကို ဟောပြပြီးနောက် မြတ်စွာဘုရားသည် ပုဏ္ဏားအား ဆက်လက်၍ အိုပုဏ္ဏား - တစ်ရာလည်းမဟုတ် နှစ်ရာလည်းမဟုတ် စင်စစ်သော်ကား ငါဘုရား၌ စိတ်ထားရွှင်းစို ကြည်ညိုစေသည့်အတွက် နတ်ပြည်၌ဖြစ်သူတို့ အရေအတွက်သည် ဤ၍ ဤမျှဟု မကန့်သတ်နိုင်အောင်များလှလေပြီဟု မိန့်တော်မူလေ၏။

ထိုအခါ လူများစွာတို့ ယုံမှားသံသယ ကင်းပျောက်ကြလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ချဉ်းကပ်လာသူ လူအများယုံမှားကင်းကြောင်း ကောင်းကောင်းသိတော်မူ၍ -

မဋ္ဌကုဏ္ဍလီနတ်သားသည် မိမိစံရာဗိမာန်နှင့်အတူ ငါဘုရားထံလာစေသတည်းဟု ဓိဋ္ဌာန်တော်မူသည်

## မျက်စိထင်ထင် နတ်ကိုမြင်

မဋ္ဌကုဏ္ဍလီနတ်သားသည် နတ်အဆင်တန်ဆာတို့ဖြင့် ဆင်ယင်အပ်သော သုံးဂါဝုတ်ပမာဏရှိသော ခန္ဓာကိုယ်ဖြင့် လူ့ပြည်သို့သက်ဆင်းလာကာ နတ်ဗိမာန်ထက်မှ သက်ဆင်း၍ မြတ်စွာဘုရားကို ရှိခိုးပြီး သင့်လျော်သည့်နေရာ၌ ရပ်တည်နေလေ၏။ ထိုအခါ မြတ်စွာဘုရားက -

နှစ်လိုဖွယ်ကိုယ်အဆင်းဖြင့် သောကြာကြယ်မင်းပမာ, ထက်ဝန်းကျင် အရပ်မျက်နှာတို့ကို ထွန်းလင်းတောက်ပစေလျက် ရပ်တည်လာငြား အာနုဘော်ကြီးမား အိုနတ်သား -

သင်ကား လူ့ဘုံဘဝဖြစ်စဉ်ကာလ နတ်ဘုံဘဝစည်းစိမ်ရကြောင်း အဘယ်ကောင်းမှုကို ပြုခဲ့လေသနည်း။

လောကထွတ်ထား ရှင်တော်မြတ်ဘုရား တပည့်တော်ကား လူ့ဘဝဖြစ်စဉ် အရှင်ဘုရားတို့၌ စိတ်ကိုကြည်လင်စေမှုကြောင့် ယခုဘဝ နတ်စည်းစိမ်ကိုရအပ်ပါသည်ဘုရား။

သင်နတ်သားသည် ငါဘုရား၌ စိတ်ကိုကြည်ညိုစေမှုကြောင့် နတ်စည်းစိမ်ကို ရအပ်လေသလော. . .

မှန်လှပါဘုရား -

များစွာသော လူတို့သည် မဋ္ဌကုဏ္ဍလီနတ်သားကို လူ့မျက်စိဖြင့် ထင်ထင်ရှားရှား ကြည့်ရှုကြပြီးသော် အိုလူအပေါင်းတို့ မြတ်စွာဘုရား၏ ဂုဏ်တော်တို့သည် အံ့ဩဖွယ်စင်စစ် ဖြစ်ပါပေကုန်၏။

ဘာတစ်ခုကိုမျှ မလှူဘူးသည့် ပုဏ္ဏား၏သားသည် အခြားကုသိုလ်တစ်ခု ဘာကိုမျှမပြုပါဘဲ မြတ်စွာဘုရား၌ စိတ်ကိုကြည်ညိုစေမှု မြတ်ကောင်းမှုကြောင့် အံ့ဩဘနန်း နတ်စည်းစိမ်ချမ်းသာကို ရသွားလေပြီဟု နှစ်သက်စကားပြောကြားကြလေ၏။

ထိုသို့ လူအများနှစ်သက်စကားပြောကြားကြပြီးနောက် မြတ်စွာဘုရားသည် -

ကုသိုလ်ကံ အကုသိုလ်ကံကိုပြုလုပ်ရာ၌ စိတ်သာရှေ့သွားရှိသည်၊ စိတ်သာ အကြီးအကဲခေါင်းဆောင်

ဖြစ်သည်။ မှန်လှပေသည်၊ ကြည်လင်သောစိတ်ဖြင့် ပြုအပ်သောကောင်းမှုကံသည် နတ်ပြည်လောက လူ့ပြည်လောကသို့ သွားရောက်သောပုဂ္ဂိုလ်ကို အရိပ်ပမာစွန့်ခွာခြင်း မရှိလေဟု ဤမဋ္ဌကုဏ္ဍလီ သူဌေးသား ဝတ္ထုဇာတ်လမ်းကို ဟောပြကာ စကားအဆက်အစပ်ကို ပြုတော်မူ၍ တည်စေကာမျှဖြစ်သော အဆုံးအမစကား (သာသနာ)တော်ကို မင်းတံဆိပ်ဖြင့် ခပ်နှိပ်ထားသကဲ့သို့ တံဆိပ်ခပ်ထားတော်မူလိုသောတရားမင်း, ဘုရားသည် မနောပုဗ္ဗင်္ဂမာဓမ္မာ အစလာသော ဓမ္မဂါထာတော်ကို သာယာသံဖွင့် ကျူးရင့်တော်မူခဲ့ပေသည်။

ဓမ္မဂါထာဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့၏ သစ္စာလေးပါးတရား ထိုးထွင်းသိမြင်မှုဖြစ်လေပြီ -

မဋ္ဌကုဏ္ဍလီနတ်သားနှင့် အဒိန္နပုဗ္ဗကပုဏ္ဏား သောတပတ္တိဖိုလ်၌တည်ကာ အရိယာအဖြစ် ရောက်လေ၏။ အရိယာအဖြစ်ရောက်သွားလေသော အဒိန္နပုဗ္ဗကပုဏ္ဏားသည်မိမိ၏များစွာသောစည်းစိမ်ဥစ္စာကို မြတ်စွာဘုရားသာသနာတော်၌ စွန့်ကြဲလှူဒါန်းခြင်းဖြင့် ကုသိုလ်မျိုးစေ့ကြဲချစိုက်ပျိုးလေ၏။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ၊

မနသာစေ ပသန္နေန၊ ဘာသတိဝါ ကရောတိဝါ၊

တတောနံ သုခမန္ဝေတိ၊ ဆာယာဝ အနပါယိနီ။

ဓမ္မာ - ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟု ဆိုအပ်ကုန်သော သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည် မနောပုဗ္ဗင်္ဂမာ - ဝိညာဏက္ခန္ဓာဟူသော စိတ်ရှေ့သွားရှိကုန်၏။ မနောသေဋ္ဌာ စိတ်ဟူသော အကြီးအကဲ(အဓိပတိ)ရှိကုန်၏။ မနောမယာစိတ်ဖြင့်ပြီးစီးကုန်ဖြစ်ကုန်၏။

(ဤအနက်ကား စေတသိက်ခန္ဓာအားလုံးနှင့် သက်ဆိုင်သည့်အနက်ဖြစ်သည်၊ မနသာစေ ပသန္နေန ဟူသော ဂါထာကို မျှော်ရှု၍လည်းကောင်း၊ ဤတရားဂါထာကို ဟောရခြင်း၏အကြောင်းဖြစ်သော မဋ္ဌကုဏ္ဍလီနတ်သားအလောင်း၊ အဒိန္နပုဗ္ဗကပုဏ္ဏား၏သား လူဘဝ မဋ္ဌကုဏ္ဍလီ၏ မြတ်စွာဘုရားကို ဖူးမြင်ရခိုက် ဖြစ်ပေါ်သည့်စိတ်နှင့် ကိုက်ညီစေ၍လည်းကောင်း ဤသို့ခွဲခြားကန့်သတ်၍ အနက်ပေးရမည်)

ဓမ္မာ - သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်စိတ်နှင့်ယှဉ်သော ဝိရတိအပ္ပမညာ ကြဉ်သော ဖဿ, ဝေဒနာ, သညာ စေတနာအစရှိသော သောဘဏ စေတသိက် သုံးဆယ့်သုံးပါးတို့တွင် ဝေဒနာ စေတသိက်ဟူသော ဝေဒနာက္ခန္ဓာ၊ သညာ စေတသိက်ဟူသော သညာက္ခန္ဓာ၊ ဝေဒနာသညာမှကြွင်းသော စေတသိက် သုံးဆယ့်တစ်ဟူသော သင်္ခါရက္ခန္ဓာ ဟုဆိုအပ်ကုန်သော သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ် ကုန်သော သဘောတရားတို့သည်၊ မနောပုဗ္ဗင်္ဂမာ - သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဟူသော ဝိညာဏက္ခန္ဓာ ရှေ့သွားရှိကုန်၏၊ မနောသေဋ္ဌာ၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် အကြီးအကဲရှိကုန်၏။ မနောမယာ- သောမနဿသဟဂုတ် ဉာနသမ္ပယုတ် အသင်္ခါရိကစိတ်ဖြင့် ပြီးစီးကုန် ဖြစ်ကုန်၏။

ယောကောစိ - အမှတ်မထင် အကြင်သူသည်(ထည့်) ပသန္နေန - အနဘိဇ္ဈာ(အလောဘ)အစ ရှိသောဂုဏ်တို့ကြောင့် ကြည်လင်သော၊ မနသာ- ကာမဝစရ- မဟာကုသိုလ်စိတ်ဖြင့် - ဝါ - မနသာ - ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၌ဖြစ်သော ကာမာဝစရ မဟာကုသိုလ်စိတ်ဖြင့်၊ စေဘာသတိဝါ- အကယ်၍မူလည်း ပြောဆိုသည်ဖြစ်အံ့၊ စေကရောတိဝါ - အကယ်၍မူလည်း ပြုလုပ်သည်ဖြစ်အံ့၊ စေစိန္တေတိဝါ - အကယ်၍ မူလည်း ကြံစည်သည်ဖြစ်အံ့(ထည့်)။

တတော - ထိုပြောဆိုမှု ဝစီသုစရိုက်၊ ပြုလုပ်မှု ကာယသုစရိုက်၊ ကြံစည်မှု မနောသုစရိုက်ကြောင့်၊

နံ - ထိုပြောဆိုပြုလုပ်ကြံစည်သူကို၊ သုခံ - ကိုယ်၌ ဖြစ်သောချမ်းသာ၊ စိတ်၌ဖြစ်သောချမ်းသာဟူသော အကျိုးဝိပါက်သည်၊ အန္ဝေတိ- အနုဇတိ - အစဉ်တစိုက်လိုက်နေလေ၏။

ကိမိဝ - ဥပမာဆို ဘယ်လိုနည်းဟူမူ - ဆာယာ - အရိပ်သည် - ပုဂ္ဂလံ - သွားနေ၊ ရပ်နေ၊ ထိုင်နေသူကို၊ အနုပါယိနီ ဣဝ - မစွန့်မကွာ လိုက်ပါနေသကဲ့သို့တည်း။

## အဋ္ဌကထာဖွင့်နှင့်အညီ - ဂါထာအဓိပ္ပာယ်

မနောပုဗ္ဗင်္ဂမာဓမ္မာ၌ - မနောအရ - သာမညအားဖြင့် ဘုံလေးပါး၌ဖြစ်သော စိတ်ဟုဆိုနိုင်၏၊ သို့သော်လည်း ဤနေရာ၌ အရာအားလျော်စွာ ပိုင်းခြားမှတ်သား ပြောဆိုရသော် ကာမာဝစရ မဟာကုသိုလ် စိတ်ရှစ်ခုကို ယူသင့်၏။ ဝတ္ထုကြောင်းအားဖြင့် ထိုကုသိုလ်စိတ်ရှစ်ခုထဲမှ သီးခြားခွဲထုတ်ပြန်သော် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်(အသင်္ခါရိက) စိတ်ကိုယူရမည်၊ ထိုစိတ်နှင့်ယှဉ်သော ဝေဒနာအစ ရှိသော ခန္ဓာသုံးပါးတို့သည် စိတ်ဖြစ်သဖြင့် ဖြစ်ကြရသောကြောင့် မနောပုဗ္ဗင်္ဂမာ စိတ်ရှေ့သွားရှိသော တရားတို့မည်ကုန်၏။

ဥပမာအားဖြင့် လူများစွာတို့စုပေါင်း၍ များစွာသောရဟန်းသံဃာအား သင်္ကန်းလှူဒါန်းခြင်း စသည်တို့ကိုသော်လည်းကောင်း၊ မြတ်သောပူဇော်မှုဖြစ်သော တရားနာခြင်း စသည်တို့ကိုသော်လည်းကောင်း၊ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်မှုစသည်တို့ကိုသော်လည်းကောင်း ပြုကြရာဝယ် သင်တို့ ကုသိုလ်ရှင်တွေထဲမှာ မည်သူကခေါင်းဆောင်(ရှေ့သွား)ဖြစ်သနည်းဟု မေးမြန်းပြောဆိုခဲ့သော် ဦးတိဿကိုအမှီပြု၍ ကောင်းမှုပြု ကြလျှင် ဦးတိဿ ခေါင်းဆောင်ပါ၊ ဦးဒတ္တကိုအမှီပြု၍ ကောင်းမှုပြုကြလျှင် ဦးဒတ္တခေါင်းဆောင်ပါဟု ပြောဆို ကြသကဲ့သို့ ဝေဒနာအစရှိသော စေတသိက်ခန္ဓာတို့သည် စိတ်ကိုမှီ၍ဖြစ်ကြရသောကြောင့် မနောပုဗ္ဗင်္ဂမာ ဓမ္မာ - စိတ်ခေါင်းဆောင် ရှေ့သွားရှိသော တရားတို့မည်ကုန်၏။

ဖော်ပြခဲ့သော ဝေဒနာအစရှိသော စေတသိက်တို့သည် သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ်စိတ်ဖြစ်လာသည့်အတွက် ဖြစ်ကြရသည်၊ သောမနဿ။ ပ ။ ကုသိုလ်စိတ်သည်ကား သောဘဏ စေတသိက်တို့တွင် ဝိရတီအပ္ပမညာဟူသော အချို့စေတသိက်တို့, မဖြစ်ကုန်သော်လည်း ထိုစေတသိက်တို့နှင့် ကင်း၍ဖြစ်နိုင်သည်သာ။

ဥပမာအားဖြင့် - ဂိုဏ်းတစ်ခု၏ အကြီးအကဲပုဂ္ဂိုလ်ကို ဂဏသေဋ္ဌ(ဂိုဏ်းအကြီးအကဲ အဓိပတိ) ခေါ်ရသကဲ့သို့ ဤ၌စေတသိက်ခန္ဓာတို့ကို မနောသေဋ္ဌာဟု ခေါ်ဆိုအပ်ကုန်၏။ ရွှေစသည်ဖြင့် ပြုလုပ်ပြီးစီး ထားသော လက်ကောက် စသည်တို့သည် ရွှေလက်ကောက် စသည်မည်ကုန်သကဲ့သို့ - ဤ၌ စေတသိက်ခန္ဓာ တို့သည် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ကြောင့် ဖြစ်ကြသောကြောင့် မနောမယာ မည်ကြကုန်၏။

အနဘိဇ္ဈာ(အလောဘ)အစရှိသော ဂုဏ်တို့ကြောင့် ကြည်လင်သော ကုသိုလ်စိတ်ဖြင့် ပြောဆိုခဲ့သော် ဝစီသုစရိုက်တရားလေးပါးကိုသာ ပြောဆိုသည်၊ ပြုလုပ်ခဲ့သော် ကာယသုစရိုက်သုံးပါးကိုသာ ပြုလေသည်၊ မပြောမဆို မပြုမလုပ်ခဲ့သော် ဖော်ပြခဲ့သော ဂုဏ်တို့ကြောင့် ကြည်လင်သော စိတ်ရှိနေသဖြင့် မနောသုစရိုက် တရားသုံးပါးသည် ပြည့်နေလေ၏။

ထိုသို့သုစရိုက်တရားသုံးပါးနှင့် ပြည့်စုံနေသူကို ချမ်းသာတရားသည် မပြတ်လိုက်ပါနေသည်။

ချမ်းသာသည် လိုက်ပါနေသည်ဆိုရာ၌ မူလကကုသိုလ်တရားရှိနေသည် ဖြစ်၍ ကာမဘုံ၊ ရူပဘုံ၊

အရူပဘုံ၌ဖြစ်သော ကုသိုလ်ကိုယူရမည်။ ထို့ကြောင့် ကာမဘုံ၌ဖြစ်သော သုစရိုက်တရားသုံးပါး၏ အစွမ်းအာနုဘော်ကြောင့် ကာမသုကတိ ခုနစ်ဘုံ၌ ကာယဝတ္ထုလျှင် မှီရာရှိသော ကိုယ်၌ဖြစ်သောချမ်းသာ၊ စိတ်၌ဖြစ်သောချမ်းသာဟူသော အကျိုးဝိပါက်သည် အစဉ်လိုက်ပါနေသည်၊ သုစရိုက်တရားသုံးပါးရှိထားသူဖြစ်လျှင် အပရာပရိယ အကုသိုလ်ကံကြောင့် ဒုဂ္ဂတိဘဝ၌ ဖြစ်နေစေကာမူ ချမ်းသာခွင့်ရနိုင်ရာနေရာ၌ ဖြစ်တည်နေသူကို ကာယဝတ္ထုလျှင် မှီရာရှိသော ကိုယ်၌ဖြစ်သောချမ်းသာ၊ စိတ်၌ဖြစ်သော ချမ်းသာဟူသော အကျိုးဝိပါက်သည် အစဉ်လိုက်ပါနေသည်။

အသညသတ်ကြဉ်သော ရူပ - ၁၅ ဘုံ၌ စက္ခုဝတ္ထု - သောတဝတ္ထု - ဟဒယဝတ္ထု မှီရာရှိသော စိတ်ချမ်းသာဟူသော အကျိုးဝိပါက်သည် အစဉ် လိုက်ပါနေသည်။

အရူပလေးဘုံ၌ မှီရာဝတ္ထုမရှိသော စိတ်ချမ်းသာဟူသော အကျိုးဝိပါက်သည် အစဉ်လိုက်ပါနေသည်၊ လိုက်ပါနေသည်ဆိုရာ၌ သုစရိုက်တရားရှိထားသူကို ချမ်းသာက စွန့်ခွာမသွားသည်ကိုဆိုလိုသည်။

ဥပမာအားဖြင့် လူ၏အရိပ်သည် လူ၏ခန္ဓာကိုယ်နှင့် ဆက်စပ်ဖြစ်ပေါ်နေသည်။ လူကသွားလျှင် အရိပ်ကလည်းသွားသည်၊ လူကရပ်နေလျှင် အရိပ်ကလည်း ရပ်နေသည်၊ လူကထိုင်နေလျှင် အရိပ်ကလည်းထိုင်နေသည်၊ လူကသင်နေရစ် လောဟု သိမ်သိမ်မွေ့မွေ့ပြော၍သော်လည်းကောင်း၊ ကြမ်းကြမ်းတမ်းတမ်းပြော၍သော်လည်းကောင်း၊ လက်ဖြင့်ပုတ်ခတ် ခြေဖြင့်ကန်ကျောက်၍သော်လည်းကောင်း လိုက်ပါမလာအောင် တားမြစ်၍မရချေ၊ အဘယ်ကြောင့်ဆိုသော် ခန္ဓာကိုယ်နှင့် ဆက်စပ်ဖြစ်ပေါ်သောကြောင့်တည်း။

ထို့အတူကုသိုလ်ကံဖြစ်ကြောင်း၊ ကုသိုလ်ကမ္မပထ ဆယ်ပါးတို့ကို လေ့လာပြုကျင့်နေသူ၏ ကုသိုလ်ကံအရင်းခံရှိသော ကုသိုလ်ကံကြောင့်ဖြစ်သော ကာယိကသုခ - ကိုယ်၌ဖြစ်သောချမ်းသာ၊ စေတသိကသုခ - စိတ်၌ဖြစ်သော ချမ်းသာသည် ရောက်ရာရောက်ရာဌာန၌ ကုသိုလ်ရှင်ကို အရိပ်ပမာစွန့်ခွာမသွားပါလေ။

**ဤမဋ္ဌကုဏ္ဍလီဝတ္ထုတွင်ပါဝင်သော အဋ္ဌကထာဆရာ ထည့်သွင်းဖွင့်ဆိုအပ်သော ဂါထာတို့၏အနက်များ**

(၁) အလင်္ကတော မဋ္ဌကုဏ္ဍလီ၊
မာလာဓာရီ ဟရိစန္ဒနုဿဒေါ၊
ဗာဟာ ပဂ္ဂယှ ကန္ဒသိ၊
ဝနမဇ္ဈေ ကိံ ဒုက္ခိတော တုဝံ။

အလင်္ကတော - အဝတ်တန်ဆာကောင်းစွာ ဝတ်ဆင်အပ်သော မဋ္ဌကုဏ္ဍလီ ချောမွေ့ပြေပြစ်ရွှေစစ်နဒောင်း ကောင်းကောင်းရှိသော မာလာဓာရီ ပန်းမျိုးစုံလင် ပန်ဆင်ထားရှိသော၊ ဟရိစန္ဒနုဿဒေါ ရနံ့ပျံ့ကျူး ရွှေစန္ဒကူး ကိုယ်မှာလူးလိမ်းထားသော၊ မာဏဝ - ချစ်ဖွယ်ရုပ်သွင် အိုလုလင်(ထည့်) တုဝံ သင်သည်၊ ကိံဒုက္ခိတော - အဘယ်သို့သော ဆင်းရဲရှိသည်၊ ဟုတ္ဂာ - ဖြစ်၍ (ထည့်) ဝနမဇ္ဈေ - လူသေမြုပ်နှံ သုသာန်ဖြင့်ချယ် တောအလယ်၌ - ဗာဟာပဂ္ဂယှ - သွယ်သွယ်ပျောင်းပျောင်း လက်မောင်း မြှောက်၍၊ ကန္ဒသိ - မျက်ရည်စမ်းကျ တမ်းတနေသနည်း။

(၂) သောဝဏ္ဏမယော ပဘဿရော၊
ဥပ္ပန္နော ရထပဉ္စရောမမ။

တဿစက္ကယုဂံ နဝိန္ဒာမိ၊
တေန ဒုက္ခေန ဇဟာမိဇီဝိတံ။

ဘောပြာဟ္မဏ - အိုပုဏ္ဏား(ထည့်) မေ - ကျွန်ုပ်၏၊ သောဝဏ္ဏမယော- ရွှေဖြင့်ပြီးသော ၊ ပဘဿရော - ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေသော၊ ရထပဉ္ဇရော - ရထားအိမ်သည်၊ ဥပ္ပန္နော - ကျုပ်ဥစ္စာအနေဖြင့် ရှိပါပေ၏။ တဿ- ရွှေရောင်ပြိုးပြက် တလက်လက်ထိန် ထိုးရထားအိမ်၏၊ စက္ကယုဂံ- ဝဲယာနှစ်ဖက် တပ်လျက်စီးရုံ ဘီးအစုံကို၊ နဝိန္ဒာမိ - မည်သို့ငိုနေ မရပါပေ။ တေနဒုက္ခေန - ရထားဘီးကို ရလိုလွန်ကဲ ထိုဆင်းရဲကြောင့်၊ ဇီဝိတံ - လွန်စွာစုံမက် ကျုပ်အသက်ကို၊ ဇဟာမိ -နှမြောမတွန့် စွန့်ရပါတော့အံ့။

(၃) သောဝဏ္ဏမယံ မဏိမယံ၊
လောဟိတက မယံ အထရူပိယ မယံ
အာစိက္ခ မေ ဘဒ္ဒ မာဏဝ
စက္ကယုဂံ ပဋိပါဒယာမိတေ။

ဘဒ္ဒမာဏဝ - ကောင်းလှရုပ်သွင် အိုလုလင်၊ သောဝဏ္ဏမယံ - ရွှေဖြင့်ပြီးသော ဘီးကို (သော်လည်းကောင်း) မဏိမယံ - ပတ္တမြားဖြင့်ပြီးသော ဘီးကို(သော်လည်းကောင်း)၊ လောဟိတကမယံ - လောဟိတက်မယံ - ကျောက်နီ ဖြင့်ပြီးသော ဘီးကို(သော်လည်းကောင်း) အထ- ထို့ပြင်(ထိုမှတစ်ပါး-သို့မဟုတ်) ရူပိယမယံ - ငွေဖြင့်ပြီးသော ဘီးကို(သော်လည်းကောင်း) မေ- ငါ့အား ၊ အာစိက္ခ - အလျင်တဆော ပြောပါလေ၊ တေ - သင်၏ - စက္ကယုဂံ၊ ရထားဘီးအစုံကို၊ ပဋိပါဒယာမိ - ပြီးစေအံ့(ပြီးစေမည်)။

(၄) သောမာဏဝေါတဿပါဝဒိ၊
စန္ဒသူရိယာဥဘယေတ္ထဒိဿရေ။
သောဝဏ္ဏမယော ရထောမမ၊
တေနစက္ကယုဂေန သောဘတိ။

ဧတ္ထ - ဤလောက၌၊ ဥဘယာ - နှစ်ခုကုန်သော ၊ စန္ဒသူရိယာ - လနှင့်နေတို့သည်၊ ဒိဿရေ - အမြင်အားဖြင့် ထင်ရှားရှိလေကုန်၏။ တစ်နည်း

ဧတ္ထ - ဤလောက၌၊ ဥဘယာ - နှစ်ခုကုန်သော၊ စန္ဒသူရိယာ၊ လနှင့်နေတို့ကို၊ ဒိဿရေ၊ ရှုမြင်အပ်ကုန်၏။

မမ - ကျွန်ုပ်၏၊ သောဝဏ္ဏမယော၊ ရွှေဖြင့်ပြီးသော၊ ရထော - ရထားသည် တေနစက္ကယုဂေန - လနေနှစ်ဖုံ ထိုရထားဘီးအစုံဖြင့်၊ သောဘတိ - တင့်တယ်ပါ၏။ ဝါ - တင့်တယ်ပါလိမ့်မည်. . .

ဣတိ - ဤသို့(ထည့်) သောမာဏဝေါ - ထိုလုလင်သည်၊ တဿ - ထိုအဒိန္နပုဗ္ဗကပုဏ္ဏားအား၊ ပါဝဒိ - ပြန်ပြောလေ၏။

(၅) ဗာလောခေါ တွံ အသိမာဏဝ၊
ယောတွံ ပတ္ထယ သေ အပတ္ထိယံ။
မညာမိတုဝံ မရိဿသိ၊
နဟိတွံ လစ္ဆသိစန္ဒသူရိယေ။

မာဏဝ - အသက်တမျှ ချစ်ခဲ့ရသည့် သားလှရုပ်သွင် - အိုလုလင် - ယောတွံ - အကြင်သင်သည်၊ အပတ္ထိယံ - မတောင့်တထိုက်သည်ကို၊ ပတ္ထယသေ - တောင့်တနေ၏။ သောတွံ - ထိုသင်သည်၊ ခေါ -

စင်စစ်၊ ဗာလော - မိုက်သူသည်၊ အသိ - ဖြစ်ပေ၏။

တုဝံ - သနားရုပ်သွင် သင်လုလင်သည်၊ မရိယသိ - သေလိမ့်မည်။ ဣတိ - ဤသို့(ထည့်) အဟံ - ငါသည်(ထည့်) မညာမိ - ထင်၏၊ ဟိကသွာ အဘယ်ကြောင့်ဆိုသော်၊ တွံ - သင်လုလင်သည် စန္ဒသူရိယေ - လနှင့်နေတို့ကို၊ နလစ္ဆသိ - မရလတ့်(ရမည်မဟုတ်)တသွာ - ထို့ကြောင့်ပေတည်း။

(၆) ဂမနာ ဂမနမ္ပိ ဒိဿတိ၊
ဝဏ္ဏဓါတု ဥဘယတ္ထ ဝီထိယာ။
ပေတောကာလကတော နဒိဿတိ၊
ကောနိဓကန္ဒ တံ ဗာလျတရော။

ဥဘယတ္ထ - ဝင်လမ်းထွက်လမ်းအားဖြင့် နှစ်မျိုးသော၊ ဝီထိယာ - ခရီး လမ်း၌၊ ဂမနာဂမနမ္ပိ - သွားခြင်းလာခြင်းကိုလည်း (ဝါ) ဝင်ခြင်းထွက်ခြင်း ကိုလည်း၊ ဒိဿတိ - ရှုမြင်အပ်၏။ ဝဏ္ဏဓါတု(ပိ) အဝါ - အနီစသည် သတ်မှတ်အဆင်းဓာတ်ကိုလည်း၊ ဒိဿတိ - ရှုမြင်အပ်၏။

ပေတော - ခွဲခွာသွားသော ၊ ကာလကတော - ဇီဝိပြတ်ကြွေ - သေလေသော(တေ-သင်၏၊ပုတ္တော- သားသည်) နဒိဿတိ - မရှုမြင်အပ် (မမြင်ရလေ)၊

ဣဓ - ဤသုဿာန်တော၌ (န - အာဂုမ်) ကန္ဒတံ - ကန္ဒန္တာနံ - မြင်နေရသည့် နေနှင့်လကို တမ်းတငိုသူ၊ မမြင်ရသည့်သားကို၊ တမ်းတငိုသူ သင်နှင့်ကျုပ်ဟူ - ထိုနှစ်လူတို့တွင်၊ ကော - အဘယ်သူသည် (အဘယ်သူက) ဗာလျတရော - အလွန်မိုက်လေသနည်း။ (မိုက်တွင်းနက်လေသနည်း)။

(၇) သစ္စံခေါ ဝဒေသိ မာဏဝ၊
အဟမေဝကန္ဒတံ ဗာလျတရော။
စန္ဒံဝိယဒါရကောရုဒံ၊
ပေတံကာလကတာဘိ ပတ္ထယိံ။

မာဏဝ - အိုလုလင်၊ (တွံသင်သည်) သစ္စံခေါ - အမှန်စကားကိုသာ၊ ဝဒေသိ - ပြောဆိုပေ၏ ။ စန္ဒံ - (ကောင်းကင်မှာ) ထင်ရှားရှိပေ, လနှင့်နေကို (အဘိပတ္ထယန္တော - လိုလားတောင်းတလျက်)၊ ရုဒံ - ရုဒန္တော - ငိုကြွေးသော၊ ဒါရကောဝိယ၊ သင်သူငယ်ကဲ့သို့ (အဟံငါသည်) ပေတံ - ခွဲခွာသွားသော၊ ကာလကတံ - ဇီဝိပျက်ကြွေ သေလေသော(ပုတ္တံ - သားကို)၊ အဘိပတ္ထယိံ - ငိုကြွေးအလီလီ တောင့်တခဲ့လေပြီ၊ ကန္ဒတံ - ကန္ဒန္တာနံ - တောင်းတငိုကြွေးကြသော, သင်နှင့်ငါတို့တွင်၊ အဟမေဝ - ငါကသာ၊ ဗာလျတရော - မိုက်သူတို့တွင် ပို၍မိုက်သူပေတည်း။

(၈) အာဒိတ္တံဝတမံသန္တံ ၊ ဃတသိတ္တံဝ ပါဝကံ၊
ဝါရိနာဝိယဩသိဉ္စံ၊ သဗ္ဗံနိဗ္ဗာပယေဒရံ။
အဗ္ဗဟီဝတမေသလ္လံ၊ သောကံဟဒယနိဿိတံ၊
ယောမေသောကပရေတဿ၊ ပုတ္တသောကံအပါနုဒိ။
သွာဟံအဗ္ဗူဠှသလ္လောသ္မိ၊ သီတိဘူတော သ္မိနိဗ္ဗုတော။
နသောစာမိ နရောဒါမိ၊ တဝသုတွာနမာဏဝ။

(မာဏဝ - အိုလုလင် ၊ တွံ - သင်သည်) အာဒိတ္တံ - အလျှံပြောင်ပြောင် တောက်လောင်သော၊ ဃတသိတ္တံ - ထောပတ်ဆီဖြင့် သွန်းလောင်းအပ်သော၊ ပါဝကံ - မီးကို၊ ဝါရိနာ - ရေဖြင့်၊ ဩသိဉ္စ - သွန်း

လောင်း၍၊ သန္တံ - ကလဝ - ငြိမ်းစေသကဲ့သို့၊ အာဒိတ္တံ - သောကမီးဖြင့် တောက်လောင်နေသော၊ မံ - ငါ့ကို၊ (ဓမ္မဝါရိနာ - ကောင်းစွာတိုက်ကျွေး တရားရေအေးဖြင့်) ဩသိဉ္စ - သွန်း လောင်း၍ သဗ္ဗံ - အလုံးစုံသော၊ ဒရံ - နှလုံးမသာ စိတ်၏ပူဆာခြင်းကို၊ ဝတ- စင်စစ်၊ နိဗ္ဗါပယေ- ငြိမ်းစေပါပေ၏။

(မာဏဝ - အိုလုလင်) ယော(တွံ) အကြင်သင်သည်၊ သောကပရေ တဿ- နှလုံးမငြိမ် စိုးရိမ်သောကသည် နှိပ်စက်အပ်သော၊ မေ - ငါ၏၊ ပုတ္တ သောကံ - သားကြောင့်ဖြစ်သော စိုးရိမ်မှုကို၊ အပါနုဒိ - ကုန်ပျောက်စေပါပြီ။

တေန - တယာ - ထိုသင်သည်၊ မေ - ငါ၏၊ ဟဒယ - နိဿိတံ - နှလုံး၌ စွဲမှီနေသော၊ သောကံ- နှလုံးမငြိမ် စိုးရိမ်ခြင်းဟူသော၊ သလ္လံ - ငြောင့်တံသင်းကို၊ ဝတ - စင်စစ်၊ အဗ္ဗဟိ - နှုတ်ပယ်လိုက်လေပြီ။

(မာဏဝ - အိုလုလင်)သောဟံ - သားအရေးကြောင့် ငိုကြွေးဖန်ခါ ထိုငါသည်၊ တဝ - သင်လုလင်၏၊ ဝစနံ - တရားစကားကို၊ သုတွာန - ကြားနာ ရ၍၊ ဝါ - ကြားနာရသောကြောင့်၊ အဗ္ဗူဠ္ဟသလ္လော - နှုတ်ပယ်အပ်ပြီးသော စိုးရိမ်ခြင်း၊ ငြောင့်တံသင်းရှိသူသည်၊ အသ္မိ - ဖြစ်ပါပြီ၊ သီတိဘူတော - နှလုံး စိတ်ဝမ်းငြိမ်းချမ်းဧမြသူသည်၊ အသ္မိ - ဖြစ်ပါပြီ၊ နိဗ္ဗုတော - ပူပန်တောင့်တ၊ ကြောင့်ကြခပ်သိမ်းငြိမ်းသူသည်၊ အသ္မိ- ဖြစ်ပါပြီ၊ (ဣတော- ဤနေရာ ဤကာလမှ၊ ပဋ္ဌာယ - စ၍)နသောစာမိ - မစိုးရိမ်တော့ပါ။ နရောဒါမိ - မငိုကြွေးတော့ပါ။

(၉) ဒေဝတာ နုသိဂန္ဓဗ္ဗော၊ အဒုသက္ကော ပုရိန္ဒဒေါ။
ကောဝါတွံ ကဿဝါပုတ္တော၊ ကထံဇာနေမုတံမယံ။

(မာဏဝ- ကျွန်ုပ်၏ စိုးရိမ်ပူဆွေး ပယ်ဖျောက်ပေးသည့် ကျေးဇူး ကြီးရှင် အိုလုလင်၊ တွံ - သင်သည် ) ဂန္ဓဗ္ဗော - ဂန္ဓဗ္ဗ - မည်သော၊ ဒေဝတာ- နတ်သည်၊ အသိနု - ဖြစ်လေသလော၊ (ဂန္ဓဗ္ဗော - ဒေဝတာ- အသိနု- ဂန္ဓဗ္ဗ နတ်ဖြစ်လေသလော) အဒု - ထိုသို့မဟုတ် (ဒါမှမဟုတ်) ပုရိန္ဒဒေါ - ရှေးအခါ အလှူစိတ်ကြည်ဖြူစွာ၊ ပေးလှူခဲ့သော၊ သက္ကော - သိကြား(နတ်)သည်၊ အသိနု ဖြစ်လေသလော၊ တွံ - သင်သည်၊ ကောဝါ - အဘယ်သူပေနည်း၊ ကဿ - အဘယ်သူ၏၊ ပုတ္တောဝါ - သားလေနည်း၊ မယံ- ငါတို့သည်၊ တံ - ကျေးဇူးကြီးရှင် သင်လုလင်ကို၊ ကထံ - အဘယ်သို့၊ ဇာနေမု- သိရကုန်အံ့နည်း။

(၁၀) ယဉ္စကန္ဒ သိယဉ္စရောဒသိ၊
ပုတ္တံအာဠ္ဟာဟနေသယံ ဒဟိတွာ။
သွာဟံကုသလံ ကရိတွာကမ္မံ၊
တိဒသာနံ သဟဗျတံဂတော။

ဘောဗြဟ္မဏ - အိုပုဏ္ဏား၊ တွံ - သင်သည်၊ ပုတ္တံ - သား မဋ္ဌကုဏ္ဍလီကို အာဠ္ဟာဟနေ - သုဿာန်၌၊ သယံ - ကိုယ်တိုင်၊ ဒဟိတွာ - ဖုတ်ကြည်းသင်္ဂြိုဟ်၍(မီးသင်္ဂြိုဟ်၍) ယဉ္စ - အကြင်သားကိုသာ၊ အာရဗ္ဘ - အာရုံပြု၍(အကြောင်းပြု၍) ကန္ဒသိ- ပြန်လာမည်၊ မှန်းဆတမ်းတခဲ့ပြီ၊ ယဉ္စ- အကြင်သားကိုသာ၊ အာရဗ္ဘ - အာရုံပြု၍(အကြောင်းပြု၍) ရောဒသိ - တရေးရေးဆွေး ငိုကြွေးခဲ့ လေပြီ။ သွာဟံ - ထိုသားဖြစ်သူ ကျွန်ုပ်သည်(သင်တမ်းတပူဆွေး ငိုကြွေးအပ် သော ထိုသားဖြစ်သူ ကျွန်ုပ်သည်) ကုသလံ - အပြစ်ကင်းသော၊ ကမ္မံ - ကောင်းမှုကို၊ ကရိတွာ - လူ့ဘဝက ပြုခဲ့ရ၍၊ ဝါ - ပြုခဲ့သောကြောင့်၊ တိဒသာနံ- သုံးကျိပ်သုံးပါး နတ်သိကြားတို့ ပျော်ပါးစံရာ ဝတိံသာဖွား နတ်အများတို့၏၊ သဟဗျတံ - အပေါင်းအဖော် စင်စစ် နတ်သားအဖြစ်သို့ ဂတော- ကုသိုလ်ကံ ချီးမြှောက်ရောက်ခဲ့ရလေပြီ။

(၁၁) အပ္ပံဝါ ဗဟုံဝါ နာဒ္ဒသာမ၊
ဒါနံ ဒဒန္တဿသကေ အဂါရေ။
ဥပေါသထကမ္မံဝါ တာဒိသံ၊
ကေနကမ္မေနဂတောသိ ဒေဝလောကံ။

မာဏဝ - ငါ့သားအသွင် အိုလုလင်၊ သကေ - ငါ့ဥစ္စာဖြစ်သော၊ အဂါရေ- သင်နေသွားရာအိမ်၌၊ ဒါနံ - ပေးလှူဖွယ်ဝတ္ထုကို၊ ဒ ဒန္တဿ- ပေးလှူသော(တေ- သင်၏) အပ္ပံဝါ - အနည်းငယ်ပေးလှူသည် ကိုသော်လည်းကောင်း၊ ဗဟုံဝါ - များစွာပေးလှူသည် ကိုသော်လည်းကောင်း၊ (မယံ- သင်လူဖြစ်စဉ် သင့်ဖခင်ငါတို့သည်)နာဒ္ဒသာမ- မမြင်ခဲ့ရလေကုန်။

တာဒိသံ - သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု စသည့်သဘောရှိသော၊ ဥပေါသထကမ္မံဝါ - ဥပုသ်စောင့်သုံးမှုကိုသော်လည်းကောင်း၊ (မယံ- သင်လူ ဖြစ်စဉ် သင့်ဖခင်ငါတို့သည်) နာဒ္ဒသာမ- မမြင်ခဲ့ရလေကုန်။

(တွံ- ငါ့သားအသွင် သင်လုလင်သည်) ကေနကမ္မေန- အဘယ် ကောင်းမှုကံကြောင့်၊ ဒေဝလောကံ- တာဝတိံသာနတ်ပြည်သို့၊ ဂတော- ရောက်သွားသည်၊ အသိ- ဖြစ်လေသနည်း။

(၁၂) (က) အာဗာဓိကောဟံဒုက္ခိတောဂိလာနော.
အာတုရရူပေါမှိသကေ နိဝေသနေ။
( ခ) ဗုဒ္ဓံ ဝိဂတရဇံ ဝိတိဏ္ဏကင်္ခံ၊
အဒ္ဒက္ခိံသုဂတံ အနောမပညံ။
( ဂ) သွာဟံမုဒိတမနော ပသန္နစိတ္တော၊
အဉ္ဇလိံ အကရိံ တထာဂတဿ။
(ဃ) တာဟံကုသလံ ကရိတွာန ကမ္မံ၊
တိဒသာနံ သဟဗျတံ ဂတော။

(က) ဗြာဟ္မဏ- လူ့ဘဝကအဖတော်ငြား အိုပုဏ္ဏား၊ အဟံ - ကျွန်ုပ်သည်၊ သကေ- လူဖြစ်စဉ်ခါ မိမိနေရာဖြစ်သော၊ နိဝေသနေ- အိမ်၌၊ အာဗာဓိကော - နှိပ်စက်မကွာ အနာရှိသူသည်၊ ဒုက္ခိတော ခံရခက်ခဲဆင်းရဲသို့ရောက်သူသည်၊ ဂိလာနော - နာသူသည်၊ အာတုရရူပေါ - ရောဂါဖြင့် ကြင်နာသသဘောရှိသူသည်၊ အမှိ - ဖြစ်ပါ၏။

(ခ) ဝိဂတရဇံ - ကိလေသာမြူကင်းတော်မူသော၊ ဝိတိဏ္ဏကင်္ခံ - ကူးမြောက်ပြီးသော ယုံမှားမှုရှိတော်မူသော၊ ဝါ - ယုံမှားမှုအားလုံးကို လွန်မြောက်တော်မူသော၊ သုဂတံ - ကောင်းမြတ်စကား မိန့်ကြားတော်မူတတ်သော၊ အနောမပညံ - မနှိုင်းယှဉ်အပ် မြတ်သောပညာရှိတော်မူသော၊ ဗုဒ္ဓံ - သိစရာအားလုံး သိမ်းကျုံး သိမြင်တော်မူသော မြတ်စွာဘုရားကို၊ အဒ္ဒက္ခိံ -ဖူးမြင်ခဲ့ရပြီ။

(ဂ) သွာဟံ- သောအဟံ- ထိုကျွန်ုပ်သည်၊ မုဒိတမနော- ဝမ်းမြောက် ရွှင်ပြုံးနှလုံးရှိသည်၊ ပသန္နစိတ္တော- ကြည်ညိုစိတ်ရှိသည်၊ (ဟုတွာ-ဖြစ်၍)တထာ ဂတဿ - ရှေးဘုရားတို့အတူလာတော်မူငြား မြတ်ဘုရားအား၊ အဉ္ဇလိံ- စိတ်တွင် ပြုလုပ်လက်အုပ်ချီမှုကို၊ အကရိံ- ပြုခဲ့ပါပြီ။

(ဃ) အဟံ- သားဟုသမုတ်- အကျွန်ုပ်သည်၊ ကုသလံ- အပြစ်ကင်း ပြတ် ကောင်းမြတ်သော ၊ တံကမ္မံ မြတ်ဘုရားအား လေးစားသုတ်သုတ်- စိတ်ထဲပြုလုပ် လက်အုပ်ချီမှုကို ၊ ကရိတွာန- ပြုလုပ်ခဲ့၍ ဝါ-

ပြုခဲ့သောကြောင့်၊ တိဒသာနံ - သုံးကျိပ်သုံးပါး နတ်သိကြားတို့ ပျော်ပါးစံရာ၊ တာဝတိံသာ နတ်ရွာ ပျော်ပါး၊ နတ်အများတို့၏၊ သဟဗျတံ - အပေါင်းအဖော်စစ်စစ် နတ်သားအဖြစ်သို့၊ ဂတော - လျင်စွာထုတ်ချောက်၊ ရောက်ခဲ့ရလေပြီ။

(၁၃) အစ္ဆရိယံဝတ အဗ္ဘုတံဝတ၊
အဉ္စလိကမ္မဿ အယမီဒိသော ဝိပါကော။
အပဟမ္ပိပမုဒိတ မနောပသန္နစိတ္တော၊
အဒ္ဒေဝဗုဒ္ဓံ သရဏံဝဇာမိ။

မာဏဝ - ကောင်းကျိုးသိမြင် - အိုလုလင်၊ အဉ္စလိကမ္မဿ- စိတ်ထား ပီပီ လက်အုပ်ချီမိုး ရှိခိုးခြင်းပြု မြတ်ကောင်းမှု၏၊ ဤဒိသော - တာဝတိံသာ နတ်တို့ရွာ၌ ကောင်းစွာဖြစ်ရသည်ဟူသော၊ အယံဝိပါကော - ဤကောင်းကျိုးသည်၊ အစ္ဆရိယံဝတ - လက်ဖျစ်ကိုတီး အံ့ချီးလောက်ပေစွ၊ အဗ္ဘုတံဝတ - မဖြစ်ဖူးသော သဘောဖြစ်ပါပေစွ၊ အပဟမ္ပိ- ပစ္စည်းကိုမက် မစွန့်ရက်ဘဲ အသက်သာရှည် ငါသည်လည်း၊ ပမုဒိတမနော - ဝမ်းမြောက်ရွှင်ပြုံးနှလုံးရှိသည်၊ ပသန္နစိတ္တော- သဒ္ဓါယိုဖိတ် ကြည်ညိုစိတ်ရှိသည်၊ (ဟုတွာ-ဖြစ်၍)၊ အဒ္ဒေဝ- မမေ့မကွာ ယနေ့သာလျှင်၊ ဗုဒ္ဓံ- လောကသုံးခွင် တုမထင်သည့် ဘုရားရှင်ကို၊ သရဏံ- ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် ရွက်ဆောင်ပေတတ် ဘုရားမြတ်ဟူ၍၊ ဝဇာမိ- ဆည်းကပ်ကိုးကွယ်ပါ၏၊ ကိုးကွယ်ပါ တော့မည်။

(၁၄) အဒ္ဒေဝဗုဒ္ဓံသရဏံဝဇာဟိ၊
ဓမ္မဉ္စ သံဃဉ္စ ပသန္နစိတ္တော။
တထေဝ သိက္ခာပဒါနိ ပဉ္စ၊
အခဏ္ဍာ ဖုလ္လာနိသမာဒိယဿု။
ပါဏာတိပါတာ ဝိရမဿုခိပ္ပံ၊
လောကေအဒိန္နံ ပရိဝဇ္ဇယဿု။
အမဇ္ဇပေါမာစ မုသာဘဏာတိ၊
သကေနဒါရေနစ ဟောတိ တုဋ္ဌော။

ဘောပြာဟ္မဏ- ရှေးလူဘဝ- အဖတော်ငြား အိုပုဏ္ဏား၊ အဒ္ဒေဝ- မမေ့ မကွာ ယနေ့မှာပင်၊ ဗုဒ္ဓံ- မြတ်စွာဘုရားကို၊ သရဏံ- ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍၊ ဝဇာဟိ- ဆည်းကပ်ပါလော့၊ ဓမ္မဉ္စ- ဘုရားဟောအပ် မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မက္ခန်ပရိယတ်- ဆယ်ပါးသောတရားတော်မြတ်ကို လည်းကောင်း၊ သံဃဉ္စ- မဂ္ဂဋ္ဌဖလဋ္ဌရှစ်ဝထင်ပေါ် သံဃာတော်မြတ်ကိုလည်း ကောင်း၊ ပသန္နစိတ္တော- နောက်ကျုကင်းရှား စိတ်ထားရှိသည်(ဟုတွာ-ဖြစ်၍) ဝဇာဟိ- ဆည်းကပ်ပါလော့။

တထေဝ- တထာဧဝ- သရဏဂုံမှတစ်ပါး တခြားသာ(ပဝတ္တာနိ- ဖြစ်ကုန်သော) ပဉ္စ-ငါးပါး ကုန်သော၊ သိက္ခာပဒါနိ-သီလ၊ သမာဓိ၊ ပညာ သုံးဖြာရကြောင်း အကျင့်ကောင်းတို့ကို၊ အခဏ္ဍာဖုလ္လာနိ- မကျိုးမပွင့်သည်တို့ကို(ကတွာ-ပြု၍) သမာဒိယဿု- ဆောက်တည်ကျင့်သုံးပါလော့။

ပါဏာတိပါတာ-သူ့အသက်ကိုသတ်ခြင်းမှ၊ ခိပ္ပံ-လျင်မြန်စွာ၊ ဝိရမဿု- ရှောင်ကြဉ်ပါလော့၊ လောကေ- သတ္တလောက၌၊ အဒိန္နံ- ပစ္စည်းရှင်သည်၊ ကိုယ်နှုတ်ဖြင့် မပေးအပ်သောပစ္စည်းကို၊ ပရိဝဇ္ဇယဿု- ရလိုတမူ ယူလိုစိတ်ထား ရှောင်ရှားပါလော့။ အမဇ္ဇပေါ- ယစ်မူးစေတတ်သော သေအရက်ကို မသောက်

သူသည် (ဟောတိ- ဖြစ်ပါလေလော့) မုသာစ- ချွတ်ယွင်းဖောက်ပြန် မမှန်စကားကိုလည်း၊ မာဘဏာဟိ- မပြောမဆိုပါနှင့်၊ သကေန- ကိုယ်ပိုင်ဖြစ်သော၊ ဒါရေနစ - ဒါရေနဇဝ - မယားဖြင့်သာ၊ တုဋ္ဌော - နှစ်သက်အားရသူသည်၊ ဟောတိ- ဖြစ်ပါလေလော့။

(၁၅) အတ္ထကာမောသိမေ ယက္ခ၊ ဟိတကာမောသိဒေဝတေ။
ကရောမိတုယှံ ဝစနံ၊ တွံသိအာစရိယောမမ။
ဥပေမိ သရဏံဗုဒ္ဓံ၊ ဓမ္မဉ္စာပိ အနုတ္တရံ။
သံဃဉ္စ နရဒေဝဿ၊ ဂစ္ဆာမိသရဏံအဟံ။
ပါဏာတိပါတာ ဝိရမာမိ ခိပ္ပံ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယာမိ။
အမဇ္ဇပေါ နောစ မုသာဘဏာမိ၊
သကေနဒါရေနစ ဟောမိတုဋ္ဌော။

ယက္ခ- အိုနတ်သား၊ (တွံ- သင်သည်) မေ- ငါ၏၊ အတ္ထကာမော- အကျိုးလိုလားသူသည်၊ အသိ- ဖြစ်ပါပေ၏၊ ဒေဝတေ- အိုနတ်သား(တွံ- သင်သည်) မေ - ငါ၏၊ ဟိတကာမော- စီးပွားလိုလားသူသည်၊ အသိ- ဖြစ်ပါပေ၏။ (အဟံ- ငါသည်)တုယှံ- သင်နတ်သား၏၊ ဝစနံ- စကားကို၊ ကရောမိ- ပြုပါအံ့ (လိုက်နာပါအံ့) တွံ- သင်နတ်သားသည်၊ မမ- ငါ၏၊ အာစရိယော- ဆရာသည်၊ အသိ- ဖြစ်ပါပေ၏။

အဟံ- ငါသည်၊ အနုတ္တရံ- အတုမရှိသော၊ ဗုဒ္ဓံစ- မြတ်စွာဘုရားကို လည်းကောင်း၊ ဓမ္မဉ္စာပိ- တရားတော်မြတ်ကိုလည်းကောင်း၊ သရဏံ- ကိုးကွယ် ရာဟူ၍၊ ဥပေမိ- ကပ်ရောက်ပါ၏။ နရဒေဝဿ- မြတ်စွာဘုရား၏ သံဃဉ္စ- တပည့်သံဃာတော်ကိုလည်း၊ သရဏံ- ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏။

ပါဏာတိပါတာ- သူ့အသက်ကိုသတ်ခြင်းမှ၊ ခိပ္ပံ- လျင်စွာ၊ ဝိရမာမိ- ရှောင်ကြဉ်ပါ၏။ လောကေ- သတ္တလောက၌၊ အဒိန္နံ- ပိုင်ရှင်သည် ကိုယ်နှုတ် ဖြင့်မပေးအပ်သော ပစ္စည်းဉစ္စာကို၊ ပရိဝဇ္ဇယာမိ- ရလိုတမူ ယူလိုစိတ်ထား ရှောင်ရှားပါ၏။

အမဇ္ဇပေါ- သေအရက်မသောက်သူသည်၊ ဟောမိ - ဖြစ်ပါ၏။ မုသာစ- မဟုတ်မမှန်သောစကားကိုလည်း၊ နောဘဏာမိ- မပြောမဆိုပါ။

သကေန- ကိုယ်ပိုင်ဖြစ်သော၊ ဒါရေနစ- ဒါရေနဇဝ- မယားဖြင့်သာ တုဋ္ဌော- အားရနှစ်သက်သူသည်၊ ဟောမိ- ဖြစ်ပါ၏။

(၁၆) အဘိက္ကန္တေန ဝဏ္ဏေန၊ ယာတွံတိဋ္ဌသိ ဒေဝတေ။
ဩဘာသေန္တိ ဒိသာသဗ္ဗာ၊ ဩသဓိ ဝိယတာရကာ။
ပုစ္ဆာမိတံ ဒေဝမဟာနုဘာဝ၊
မနုဿဘူတော ကိံမကာသိပုညံ။

ဒေဝတေ- အိုနတ်သား၊ ယာတွံ- အကြင်သင်သည်၊ အဘိက္ကန္တေန- နှစ်လိုဖွယ်ရှိသော၊ ဝဏ္ဏေန- အဆင်းသဏ္ဌာန်ဖြင့်၊ ဩသဓိတာရကာဝိယ- သောက်ရှူးကြယ်ကဲ့သို့၊ သဗ္ဗာဒိသာ- အရပ်မျက်နှာအားလုံးတို့ကို၊ ဩဘာသေန္တိ- ထွန်းလင်းတောက်ပစေလျက်၊ တိဋ္ဌတိ- ရပ်တည်နေ၏။

မဟာနုဘာဝ- ကြီးသောတန်ခိုးအာနုဘော်ရှိသော၊ ဒေဝ- အိုနတ်သား၊ တံ- သင်နတ်သားကို၊

ပုစ္ဆာမိ- ငါဘုရားမေးပါ၏။ မနုဿဘူတော- ရှေး၌ လူဖြစ်၍ ဖြစ်ခဲ့သော၊ တွံ- သင်နတ်သားသည်၊ ကိံပုညံ- အဘယ်ကောင်းမှုကို၊ အကာသိ- ပြုလုပ်ခဲ့လေသနည်း။

ဒေဝပုတ္တော အာဟအယံ မေဘန္တေသမ္ဗုဒ္ဓ၊

တုမှေသုစိတ္တံ ပသာဒေတွာလဒ္ဓါတိ။

ဒေဝပုတ္တော- နတ်သားသည်၊ ဘန္တေ- မြတ်စွာဘုရား၊ အယံသမ္ပတ္တိ- ဤစည်းစိမ်ချမ်းသာကို၊ မေ- မယာ- တပည့်တော်သည်၊ တုမှေသု- အရှင်ဘုရား တို့၌၊ စိတ္တံ- စိတ်ကို၊ ပသာဒေတွာ- ကြည်ညိုနှစ်သက် စေသောကြောင့်၊ လဒ္ဓါ- ရအပ်ပါသည်ဘုရား၊ ဣတိ- ဤသို့၊ အာဟ- လျှောက်ထားလေ၏။

**မင်္ဂလကုဏ္ဍလီဝတ္ထု ပြီး၏။**

## ၃။ တိဿထေရ်ဝတ္ထု
## ကိုယ့်ပြစ်မမြင် သူ့ပြစ်တင် ကိုယ်ပင်ဆင်းရဲတွေ့

မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌နေစဉ် တိဿထေရ်ကို အကြောင်းပြု၍ ဟောအပ်သောဝတ္ထုဖြစ်သည်။

မြတ်စွာဘုရား၏ ဘထွေးတော်၏သား တိဿအမည်ဖြင့် ရဟန်းတစ်ပါးရှိလေ၏။ ထိုရဟန်းကား အသက်ကြီးမှ ရဟန်းပြုသူဖြစ်သည်။ မြတ်စွာဘုရား၏(ဘုန်းတော်ကြောင့် လှူဒါန်းပူဇော်အပ်သော) ဆွမ်းကို သုံးဆောင်ကာ ဝဖြိုးသည့် ခန္ဓာကိုယ်ဖြင့် အပြန်ပြန်အလှန်လှန် ခေါက်ချိုးရာထင်သော သင်္ကန်းတို့ကို ဝတ်ရုံလျက် ဇေတဝန်ကျောင်းတော်အလယ်ရှိ မြတ်စွာဘုရားအား ဆည်းကပ်ရာဇရပ်၌ အနေများသည့် ရဟန်းဖြစ်သည်။

မြတ်စွာဘုရားကို ဖူးမြော်ရန်ကြွလာကြသော ရဟန်းတော်များသည် ဇော်ပြပါဇရပ်၌နေသော တိဿရဟန်းကိုမြင်ကြသောအခါ မဟာထေရ်ကြီးတစ်ပါးဖြစ်လိမ့်မည်အထင်ဖြင့် တိဿရဟန်းထံသွားကြကာ သိက္ခာဝါကို မေးမြန်းခြင်း၊ ခြေဆုပ်လက်နယ်ပြုခွင့်ပေးရန် ပန်ကြားခြင်း စသောညှိသည် ရဟန်းတို့ ပြုသင့်သည့်ကျင့်ဝတ်(အာဂန္တုကဝတ်)တို့ကိုပြုကြလေ၏။

တိဿရဟန်းကြီးကမူ ပြန်မပြော ဆိတ်ဆိတ်နေလေ၏။ ထိုအခါ အာဂန္တုရဟန်းငယ်တစ်ပါးက အရှင်ဘုရား ဝါမည်မျှရှိပါပြီနည်းဟု မေးလျှောက်သောအခါ ရဟန်းဝါမရှိသေး၊ ငါတို့က အသက်ကြီးမှ ရဟန်းပြုခဲ့တာဟု ပြောသောအခါ အာဂန္တုရဟန်းငယ်က ဆုံးမခက်သည့် ငါ့ရှင်အသက်ကြီးသူ ကိုယ့်အတိုင်းအတာ(ပမာဏ)ကို မသိပါဘဲလား၊ မထေရ်ကြီးများကို မြင်ပါလျက် အရိုအသေမှုကိုလည်းမပြု၊ မေးမြန်းသည်ကိုလည်းပြန်မပြော၊ မသင့်တော်တာကို ငါပြုမိလျက်သားဖြစ်ပါမလားဟူသော စိတ်ထားမျှပင်မရှိပါကလားဟု ပြောဆိုကာ လက်ဖျစ်တီးလျက် အံ့ဩမှုကိုပြုလေ၏။

တိဿရဟန်းကြီးသည် မင်းမျိုးမာနတို့ဖြစ်ပေါ်လာကာ -

သင့်တို့မည်သူ့ထံလာကြသနည်း၊

မြတ်စွာဘုရားထံလာကြပါသည်။

ငါ့ကို ဘယ်လိုပုဂ္ဂိုလ်ဟု ထင်မှတ်ကြသနည်း၊ သင်တို့ကို အရင်းက ဖြတ်ပစ်မည်ဟု ပြောဆိုကာ ငိုမြည်တမ်းတလျက် စိတ်မချမ်းမသာ ဆင်းရဲသည့် အမူအယာမျက်နှာ၌ မျက်ရည်စိုရွှဲငိုပွဲဆင်ကာ မြတ်ဘုရားထံသွားလေ၏။

အာဂန္တုရဟန်းများသည်လည်း ဤရဟန်းကြီးသည် ဘုရားထံမှာ တစ်စုံတစ်ခု တုန်လှုပ်ချောက်ချားမှုကို ပြုလေရာ၏ဟု တိဿရဟန်းကြီးနှင့်အတူ မြတ်စွာဘုရားထံလိုက်ပါသွားကြလေ၏။

မြတ်စွာဘုရားက တိဿရဟန်း သင်သည်အဘယ့်ကြောင့် မျက်နှာမသာ မျက်ရည်ဖြာစို ငိုယိုကာဖြင့် ငါဘုရားထံလာရသနည်း။

မြတ်စွာဘုရား ဒီအာဂန္တုရဟန်းတွေက တပည့်တော်ကို ဆဲရေးစကား ပြောကြားကြပါသည်ဘုရား။

သင်ကဘယ်နေရာမှာနေသလဲ။

ဇေတဝန်ကျောင်းဝင်းအလယ် မြတ်စွာဘုရားအား ဆည်းကပ်ရာ ဇရပ်မှာနေပါသည်ဘုရား။

ဒီရဟန်းတွေကြွလာတာကို သင်မြင်ရသလား၊

မြင်ရပါသည်ဘုရား။

နေရာမှထပြီး ခရီးဦးကြိုပြုရဲ့လား၊

မပြုပါဘုရား။

သပိတ်သင်္ကန်း ပရိက္ခရာပေးတော်မူကြပါ၊ တပည့်တော်ကိုင်ယူခဲ့ပါမည်ဟု ပန်ကြားပြောဆိုရဲ့လား။

မပန်ကြားမပြောဆိုပါဘုရား။

ရှိသေသည့် အမူအရာဖြင့် သောက်ရေကို အလိုရှိပါသလားဟု ပန်ကြားပြောဆိုရဲ့လား။

မပန်ကြားမပြောဆိုပါဘုရား။

အာဂန္တုများ နေရမည့်နေရာသို့ ပင်ဆောင်ပြီး ရှိခိုးဦးချခြင်း၊ ခြေဆုပ် လက်နယ်ပြုခြင်းကိုကော ပြုရဲ့လား။

မပြုပါဘုရား။

ရဟန်းတိဿ ယခုငါဘုရား မေးအပ်သည့်ကျင့်ဝတ်တွေက အသက်ကြီးမှ ရဟန်းပြုလာသည့် သက်ကြီးရဟန်းတို့ပြုရမည့် ကျင့်ဝတ်တွေပဲ၊ ဒီကျင့်ဝတ်တွေကို မပြုမကျင့်ဘဲ ကျောင်းတိုက်အလယ်မှာ မနေသင့်ဘူး၊ သင့်ရဲ့အပြစ်သာဖြစ်တယ်၊ အာဂန္တုရဟန်းတွေကို ကန်တော့တောင်းပန်လိုက်ပါ။

မြတ်စွာဘုရား ဒီအာဂန္တုရဟန်းတွေက တပည့်တော်ကို ဆဲရေးစကားပြောကြားကြပါသည်၊ ဒီအာဂန္တု ရဟန်းတွေကို တပည့်တော် ကန်တော့တောင်းပန် မပြုနိုင်ပါဘုရား။

အို, ရဟန်းတိဿ, ဒီလိုမပြုမူမပြောဆိုပါနဲ့၊ ကန်တော့တောင်းပန်လိုက်ပါ၊

မကန်တော့နိုင်၊ မတောင်းပန်နိုင်ပါဘုရား။

မြတ်စွာဘုရား ဒီရဟန်းကြီးတိဿဟာ ပြောဆိုဆုံးမရန်ခက်သည့် ရဟန်းကြီးဖြစ်ပါသည်ဘုရား။

ရဟန်းတို့ ရဟန်းတိဿသည် ဒီဘဝမှာသာ ပြောဆိုဆုံးမခက်သူမဟုတ်သေး၊ ရှေးဘဝတုန်းကလည်း ပြောဆိုဆုံးမခက်သူပင်ဖြစ်ခဲ့သည်။ မြတ်စွာဘုရား ရဟန်းကြီးတိဿ ယခုဘဝဆုံးမခက်ပုံကို တပည့်တော်များ ကိုယ်တိုင် တွေ့ကြုံသိကြရပါပြီ၊ ဒီရဟန်းကြီးတိဿ အတိတ်ကာလဘယ်ဘဝက ဘယ်ပုံဆုံးမ ခက်သူဖြစ်ခဲ့ပါ သနည်းဘုရား။

ကောင်းပြီ ရဟန်းတို့ သိလိုကြလျှင် နားထောင်ကြကုန်လော့ -

လွန်ခဲ့သော အတိတ်ကာလတစ်ခုက ဗာရာဏသီပြည်ဝယ် ဗာရာဏသီ မင်းအုပ်စိုးနေထိုင်စဉ် ဒေဝိလအမည်ရှိရသေ့သည် ဟိမဝန္တာတောရ၌ ရှစ်လပတ်လုံးနေထိုင်ပြီး ချဉ်သီးစားရန်၊ ဆားရဖို့ လေးလ ပတ်လုံး ဗာရာဏသီမြို့ကို အမှီပြုနေလိုသဖြင့် ဟိမဝန္တာတောအရပ်မှ လာခဲ့ရာ ဗာရာဏသီမြို့အနီး ရောက်သည့်အခါ မြို့တံခါးအနီး၌ သူငယ်တို့ကို မြင်တွေ့ရသဖြင့် ဒီမြို့ကို ရောက်လာကြသော ရသေ့ ရဟန်းတို့ ဘယ်နေရာမှာတည်းခိုနေကြသနည်းဟု မေးသောအခါ -

အရှင်ရသေ့ဘုရား အိုးထိန်းသည်၏ ဇရပ်မှာတည်းခိုကြပါသည် ဘုရားဟု လျှောက်ထားကြသဖြင့် ဒေဝိလရသေ့သည် အိုးထိန်းသည်ဇရပ်သို့သွား၍ အဝင်တံခါး၌ရပ်ပြီး -

အို, ဘဂ္ဂဝ(အိုးထိန်းသည်) သင်ဝန်မလေးခဲ့လျှင် ငါတို့သင့်ဇရပ်မှာ တစ်ညလောက် တည်းခိုလိုပါ သည်ဟု တည်းခိုခွင့်တောင်းသောအခါ အိုးထိန်းသည်, သည် -

ရှင်ဘုရား, ညဥ့်အချိန် တပည့်တော်ဇရပ်မှာ ပြုဖွယ်ကိစ္စမရှိပါ၊ ဇရပ်လည်း ကျယ်ဝန်းပါသည်၊ ချမ်းသာသလိုနေတော်မူပါဘုရားဟု လျှောက်ထားကာ ဇရပ်ကိုအပ်နှံထားလေ၏။

ဒေဝိလရသေ့ ဇရပ်တွင်းသို့ ဝင်ရောက်နေထိုင်စဉ် ဒေဝိလမှတစ်ပါး နာရဒအမည်ရှိ ရသေ့တစ်ဦး ဟိမဝန္တာတောအရပ်မှပင် ရောက်လာပြီး အိုးထိန်းသည်ထံ တစ်ညနေထိုင်ခွင့် တောင်းခံပြန်လေ၏။

အိုးထိန်းသည်,သည် ရှေးဦးစွာရောက်လာသော ရသေ့သည် နောက်မှ ရောက်လာသော ဤရသေ့နှင့် အတူနေလို/ မနေလို ငါမသိနိုင်ဘူး၊ ငါ့တာဝန် လွတ်အောင်ပြောမှ သင့်မည်ဟုကြံစည်ကာ -

အရှင်ဘုရား, တပည့်တော်ဇရပ်သို့ ရှေးဦးကရောက်လာသော ရှင်ရသေ့ကျေနပ်မည်ဆိုလျှင် ထိုအရှင်ရသေ့၏ အလိုအားဖြင့် နေပါဟုလျှောက်ထားလေ၏။

နာရဒရသေ့သည် ဒေဝိလရသေ့ထံချဉ်းကပ်ပြီး၊ ဆရာ, သင်ဝန်မလေးလျှင် ကျုပ်ဒီဇရပ်မှာ တစ်ည တည်းခိုလိုပါသည်ဟု ခွင့်တောင်းလေ၏။

ဒေဝိလရသေ့က ဇရပ်ကျယ်ဝန်းပါသည်၊ ဇရပ်တွင်းဝင်ပြီး သင့်တော်သည့် နေရာမှာနေပါဟု ခွင့်ပြုသောအခါ နာရဒရသေ့ ဇရပ်တွင်းဝင်ပြီး ဒေဝိလရသေ့၏ကျောဘက်(ဇရပ်တွင်းဘက်)နေရာ၌ နေလေ၏။

ရသေ့နှစ်ဦးတို့သည် အောက်မေ့နှစ်လိုဖွယ်စကားကို အပြန်အလှန် ပြောဆိုကြပြီး အိပ်ကြလေ၏။ နာရဒရသေ့သည် အိပ်ခါနီးအချိန်က ဒေဝိလရသေ့၏ အိပ်ရာနေရာနှင့် ထွက်ရာတံခါးကို သတိပြု(မှတ်သား)၍ အိပ်လေ၏။

ဒေဝိလရသေ့မှာမူ အိပ်သည့်အခါ မိမိ၏မူလအိပ်ရာနေရာ၌ မအိပ်ပါပဲ တံခါးဝအလယ်၌ ကန့်လန့် အိပ်နေလေ၏။

နာရဒရသေ့ ညဉ့်အချိန်(မှောင်မည်းမည်း)ဝယ် ဇရပ်ပြင်ဘက်ထွက်သောအခါ ဒေဝိလရသေ့၏ ဆံကျစ်ထုံးပေါ်နင်းမိလေ၏။

ဒေဝိလရသေ့က ငါ့ကိုနင်းတာ ဘယ်သူလဲဟုမေးသောအခါ၊ နာရဒရသေ့က ဆရာကျုပ်ပါဟု ပြန်ပြောလေရာ -

ဟယ် - ရသေ့စဉ်းလဲ သင်သည် တောတွင်းမှလာပြီး ငါ့ဆံကျစ်ထုံးပေါ်နင်းသည်။

ဆရာ, ဆရာတို့ ဒီနေရာမှာ အိပ်နေတာကို မသိလို့နင်းမိတာပါ၊ သည်းခံပါ။

နာရဒရသေ့သည် ထိုသို့ပြောဆိုကာ ဒေဝိလရသေ့ငေါက်ငန်းပြောဆိုနေစဉ်မှာပင် ဇရပ်ပြင်ဘက်သို့ ထွက်သွားလေ၏။

ဒေဝိလရသေ့သည် ဒီရသေ့ပြန်ဝင်လာလည်း ငါ့ကိုနင်းဦးမှာပဲဟု စဉ်းစားပြီး ခြေရင်းခေါင်းရင်း နေရာပြောင်းလွဲ၍အိပ်နေပြန်သည်။

နာရဒရသေ့သည် ဇရပ်တွင်းပြန်ဝင်သောအခါ ငါကစစဦး မတော်တဆ နင်းမိလျက် ဆရာရသေ့၌ ပြစ်မှားမိပြီ၊ ယခုတော့ ဆရာရသေ့၏ ခြေဖျားဘေးက ဝင်မှသင့်မည်ဟုစဉ်းစားပြီး ဇရပ်တွင်းဝင်သောအခါ၊ ဒေဝိလရသေ့၏ လည်ပင်း ကိုနင်းမိလေ၏။

ဟဲ့ - ငါ့လည်ပင်းနင်းတာဘယ်သူလဲ၊

ဆရာကျုပ်ပါပဲ၊

ဟဲ့ ရသေ့စဉ်းလဲ စစဦး ငါ့ဆံထုံးပေါ်နင်းပြီး ယခုငါ့လည်ပင်းပေါ် နင်းပြန်ပြီ သင့်ကို ငါကျိန်ဆဲမည်၊

ဆရာ ကျုပ်မှာ အပြစ်မရှိပါဘူး၊ ကျုပ်ကဆရာတို့ ဒီလိုအိပ်နေမှန်း မသိတော့ စစဦးနင်းမိတာ ကျုပ်အပြစ်ပါ၊ ယခုတစ်ခါ ခြေရင်းဘေးက ဝင်မည်ကြံပြီး ဝင်မိပြန်တော့ ဆရာရဲ့လည်ပင်းနင်းမိပြန်ပါသည်။

ကျုပ်အပြစ်ကို သည်းခံပါဆရာ။

ဟဲ့ ရသေ့စဉ်းလဲ သင့်ကိုငါကျိန်ဆဲတော့မည်။

ဆရာ ဒီလိုမလုပ်ပါနဲ့၊

အို - မနေနိုင်ဘူး သင့်ကိုငါကျိန်ဆဲလိုက်မည်၊

ရှင်နေမင်းသည် အထောင်မကသော ရောင်ခြည်၊ အရာမကသော တန်ခိုးရှိလျက် အမိုက်မှောင်ကို ပယ်ဖျောက်နိုင်ပါပေ၏။ နံက်အချိန် ရှင်နေမင်း ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် သင်ရသေ့စဉ်းလဲ နာရဒ၏ ဦးခေါင်းသည် ခုနစ်စိတ်ကွဲပါစေသတည်း။

နာရဒရသေ့ကလည်း ဆရာကျုပ်မှာ အပြစ်မရှိပါဟုပြောဆိုပါလျက် ဆရာတို့က ကျုပ်ကိုကျိန်ဆဲလိုက်ပြီ၊ အပြစ်ရှိသူ၏ ဦးခေါင်းသည် ခုနစ်စိတ်ကွဲပါစေ၊ အပြစ်မရှိသူ၏ ဦးခေါင်းမကွဲပါစေသတည်းဟု ပြောဆိုကာ ပြန်၍ ကျိန်ဆဲလိုက်လေ၏။

ရှင်နေမင်းသည် အထောင်မကသော ရောင်ခြည်၊ အရာမကသော တန်ခိုးရှိလျက် အမိုက်မှောင်ကို ပယ်ဖျောက်နိုင်ပါပေ၏။ နံက်အချိန် ရှင်နေမင်း ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် သင်ဒေဝိလရသေ့၏ ဦးခေါင်းခုနစ်စိတ်ကွဲပါစေသတည်း။

နာရဒရသေ့သည်ကား ကြီးမားသော တန်ခိုးအာနုဘော်ရှိသူဖြစ်သည်၊ အတိတ်ကမ္ဘာလေးဆယ်၊ အနာဂါတ်ကမ္ဘာလေးဆယ်အားဖြင့် ကမ္ဘာရှစ်ဆယ်တိုင်အောင် ဆင်ခြင်သိမြင်နိုင်သူဖြစ်သည်။

ထို့ကြောင့် သူတစ်ပြန် ကိုယ်တစ်ပြန် ကျိန်ဆဲပြီးသောအခါ ကျိန်ဆဲချက်သည် မည်သူ့အပေါ် ကျလိမ့်မည်နည်းဟု စူးစမ်းဆင်ခြင်ကြည့်သောအခါ၊ ဒေဝိလရသေ့အပေါ် ကျမည်ကို မြင်သိသဖြင့် ဒေဝိလရသေ့အပေါ် သနားခြင်း ကရုဏာကို အကြောင်းပြုကာ တန်ခိုးအစွမ်းဖြင့် နေအရုဏ်တက်မည်ကို တားဆီးထားလေ၏။

မြို့သူမြို့သားတို့သည် အရုဏ်တက်ချိန်ရောက်နေလျက် အရုဏ်မတက်ပဲ မှောင်မည်းမည်း ဖြစ်နေသည့်အတွက် မင်း၏နန်းတော်တံခါးသို့ သွားကြပြီး အရှင်မင်းကြီး, အရှင်မင်းကြီး မင်းပြုနေချိန်မှာ အာရုဏ်မတက် ဖြစ်နေပါသည်။ ကျွန်တော်မျိုးများ လုပ်ငန်းကိစ္စလုပ်နိုင်ရန် အာရုဏ်တက်ပါစေလော့ဟု မြည်တမ်းဟစ်အော်ကြလေ၏။

ဗာရာဏသီမင်းသည် မိမိ၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ဆင်ခြင်ကြည့်ရှုသောအခါ မသင့်တော်သည့် ကာယကံ၊ ဝစီကံ၊ မနောကံ တစ်စုံတစ်ခုကိုမျှ မတွေ့မမြင်သဖြင့် အကြောင်းမည်သို့ရှိလေမည်နည်းဟု ကြံစည်စဉ်းစားသောအခါ ရသေ့ရဟန်းတို့ ငြင်းခုန်မှုဖြစ်နိုင်သည်ဟု ယုံမှားမကင်းဖြစ်မိသည်ဖြစ်၍ မြို့သူမြို့သားတို့အား ငါမင်းမြတ်စိုးစံရာ ဤဗာရာဏသီမြို့တော်မှာ ရသေ့ရဟန်းများ ရှိကုန်သလောဟု မေးမြန်းလေရာ -

အရှင်မင်းကြီး မနေ့ညနေချိန်မှာ အိုးထိန်းသည်ဇရပ်၌ ရောက်လာကြသော ရသေ့ရဟန်းနှစ်ဦး ရှိကြောင်းပါ၊ ထိုစကားကို ကြားကြားခြင်း ဗာရာဏသီမင်းသည် မီးရှူးတိုင်တို့ကို ညှိထွန်းကိုင်ဆောင်စေလျက် အိုးထိန်းသည် ဇရပ်သို့သွား၍ နာရဒရသေ့ကိုရှိခိုးပြီး တစ်နေရာ၌ ထိုင်လျက်မေးမြန်းလေ၏။

အို - အရှင်နာရဒရသေ့ ဇမ္ဗူဒိပ်ကျွန်းသူ/ကျွန်းသားအားလုံးတို့ အလုပ်အကိုင် မလုပ်နိုင်၊ မကိုင်နိုင် ဖြစ်နေပါသည်။ အဘယ်အကြောင်းကြောင့် လောကလူသားအားလုံး အမိုက်မှောင်ဖုံးနေပါသနည်း၊ အရှင်ဘုရား မိန့်ကြားတော်မူပါ၊ နာရဒရသေ့သည် ဖြစ်ခဲ့ပုံအားလုံးကို ဗာရာဏသီမင်းအားပြောပြပြီး ဒေဝိလ

ရသေ့သည် ငါ့ကိုကျိန်ဆဲအပ်၏။ သူကျိန်ဆဲသောအခါ ငါ့မှာအပြစ် မရှိ အပြစ်ရှိသူအပေါ် ကျိန်ဆဲမှုကျရောက်ပါစေဟုပြောဆိုပြီး ငါကပြန်ပြီး ကျိန်ဆဲလိုက်သည်၊ ကျိန်ဆဲပြီးနောက် မည်သူ့အပေါ် ကျိန်ဆဲမှုကျလိမ့်မည်နည်းဟု ဆင်ခြင်စူးစမ်းလိုက်သောအခါ နေထွက်လာချိန်မှာ ဆရာဒေဝိလရသေ့ ဦးခေါင်းခုနစ်စိတ်ကွဲမည်ကို မြင်သိရသဖြင့် ဒေဝိလရသေ့အပေါ် သနားကရုဏာကို အကြောင်းပြုပြီး အရုဏ်တက်မှုမပေးဘဲ ထားလိုက်သည်။

ကောင်းပါပြီ အရှင်နာရဒ၊ ဒေဝိလရသေ့အား အန္တရာယ်မဖြစ်အောင် ဘယ်လိုနည်းဖြင့် ဖြစ်နိုင်ပါသနည်း၊

ငါ့ကိုကန်တော့တောင်းပန်လျှင်မဖြစ်နိုင်ဘူး မင်းကြီး၊ ဒီလိုဆိုလျှင် အရှင်ဒေဝိလ အရှင်က အရှင်နာရဒကို တောင်းပန်လိုက်ပါ။

ဗာရာဏသီမင်းမြတ်, ဒီနာရဒရသေ့သည် ငါ၏ဆံကျစ်ထုံးပေါ်ရော၊ လည်ပင်းပေါ်ရောနင်းသည်၊ ဒီရသေ့စဉ်းလဲကို ငါမတောင်းပန်လိုဘူး။

အရှင်ဒေဝိလ ကန်တော့တောင်းပန်လိုက်ပါ၊ ဒီလိုမလုပ်ပါနဲ့။

မင်းကြီး ငါမတောင်းပန်နိုင်ဘူး၊

မတောင်းပန်လျှင် အရှင်၏ဦးခေါင်းခုနစ်စိတ်ကွဲပါလိမ့်မည်ဟု၊ မင်းကြီးက ပြောသော်လည်း မတောင်းပန်ဘဲနေလေ၏။

ထိုအခါ ဗာရာဏသီမင်းသည် သင်ဒေဝိလသည် သင့်သဘောအလိုဖြင့် တောင်းပန်မည်မဟုတ်ဟု ပြောဆိုကာ ဒေဝိလရသေ့၏ လက်၊ ခြေ၊ ခါး၊ ဝမ်း၊ လည်ပင်းတို့ကို (မင်းချင်းတို့ကို) ကိုင်စေကာ နာရဒရသေ့၏ ခြေရင်း၌ ဝပ်လျှိုး ကိုင်းညွတ်စေလေ၏။

ထိုအခါ နာရဒရသေ့ကလည်း ဆရာဒေဝိလထပါတော့ သင့်အပြစ်ကို ငါသည်းခံပါ၏ဟု ဒေဝိလ ရသေ့အား ပြောဆိုပြီး ဗာရာဏသီမင်းအား ပြောပြန်သည်။

ဗာရာဏသီမင်းမြတ်, ဒီဒေဝိလရသေ့သည် သူ့စိတ်သဘောဖြင့် ရှိခိုးတောင်းပန်သည်မဟုတ်ပါ၊ ထို့ကြောင့် ဗာရာဏသီမြို့နှင့်မနီးမဝေး တစ်နေရာမှာ ရေအိုင်တစ်ခုရှိပါသည်။ ထိုရေအိုင်တွင်း၌ ဒေဝိလရသေ့ကို သူ့ဦးခေါင်းပေါ်မှာ မြေဆိုင်ခဲကိုတင်ထားပြီး လည်မျိုပမာဏရှိသော (လည်မျိုထိနက်သော) ရေမှာထားလိုက်ပါ၊ ဗာရာဏသီမင်းသည် နာရဒရသေ့အမိန့်အတိုင်း ဒေဝိလရသေ့ကိုထားစေသည်။

နာရဒရသေ့သည် ဒေဝိလရသေ့ကို -

ဆရာဒေဝိလ - ကျုပ်က တန်ခိုးကို စွန့်လွှတ်လိုက်သောအခါ နေပူရှိန်တက်လာပါလိမ့်မည်၊ နေပူရှိန် တက်လာသည်နှင့်တပြိုင်နက် ရေအိုင်တွင်း ငုပ်လျှိုးပြီး တစ်ခြားနေရာဖြင့် ရေအိုင်မှတက်ပြီးသွားပါဟု ပြောထားလေ၏။

နာရဒရသေ့က တန်ခိုးကိုစွန့်လွှတ်လိုက်သည်နှင့်တပြိုင်နက် နေရောင်ခြည်သည် ဒေဝိလရသေ့ ခေါင်းပေါ် ထိရောက်လေ၏၊ နေရောင်ခြည် ထိထိခြင်း ဒေဝိလရသေ့ဦးခေါင်းပေါ်ရှိ မြေဆိုင်ခဲသည် ခုနစ်စိတ်ကွဲကျလေ၏။ ဒေဝိလရသေ့သည် ရေထဲငုပ်လျှိုးပြီး အခြားနေရာဖြင့် ရေအိုင်ကမ်းပေါ်တက်ကာ ထွက်ပြေးလေသတည်း။

ရဟန်းတို့ ထိုအချိန်အခါက ဗာရာဏသီမင်းသည် ယခုအခါ အာနန္ဒာ၊ ဒေဝိလရသေ့သည် တိဿရဟန်း၊ နာရဒရသေ့သည် ငါဘုရားပင်ဖြစ်တော့သည်။

ရဟန်းတို့ ငါဘုရားဟောပြသည့်အတိုင်းပင် ဤရဟန်းတိဿသည် ထိုအချိန်တုန်းကလည်း ဆုံးမခက်သူပင်ဖြစ်ခဲ့သည်ဟု မိန့်တော်မူကာ ရဟန်းကြီးတိဿကို ခေါ်တော်မူလျက် -

ရဟန်းတိဿ - ရဟန်းမည်သည် မည်သူကငါ့ကိုဆဲဆိုသည်၊ မည်သူက ငါ့ကိုပုတ်ခတ်သည်၊ မည်သူကငါ့ကို အနိုင်ယူသည်၊ မည်သူကငါ့ဥစ္စာကို ခိုးယူသွားသည်ဟု တစိမ့်စိမ့်အောက်မေ့နေလျှင် ရန်မငြိမ်းနိုင်၊ ဤသို့တစိမ့်စိမ့် မအောက်မေ့ဘဲ ရန်ညိုးမဖွဲ့(မထား) သူမှာသာ ရန်ငြိမ်းလေသည်ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော တရားဂါထာတို့ကို ဟောပြတော်မူသည်။

တရားဂါထာအဆုံး၌ ရဟန်းတော် တစ်သိန်းတွင် အချို့သောတာပန်၊ အချို့သကဒါဂါမ်၊ အချို့အနာဂါမ်၊ အချို့ရဟန္တာဖြစ်ကြသည်။

တရားဒေသနာတော်သည် လူအများ၏အကျိုးရှိသော ဒေသနာတော်ဖြစ်လေသည်၊ ဆုံးမခက်သော တိဿရဟန်းကြီးသည် ဆုံးမလွယ်ကူသော သုဗ္ဗစရဟန်းဖြစ်သွားလေသည်။

၁။ အက္ကောစ္ဆိမံအဝဓိမံ၊ အဇိနိမံအဟာသိမေ။
ယေစတံဥပနယှန္တိ၊ ဝေရံတေသံနသမ္မတိ။

၂။ အက္ကောစ္ဆိမံအဝဓိမံ၊ အဇိနိမံအဟာသိမေ။
ယေစတံနုပနယှန္တိ၊ ဝေရံတေသူပသမ္မတိ။

(၁) (ဧသော- ဤသူသည်) မံ- ငါ့ကို၊ အက္ကောစ္ဆိ- ဆဲရေးခဲ့ပြီ၊ ဧသော- ဤသူသည်၊ မံ- ငါ့ကို၊ အဝဓိ- ပုတ်ခတ်ညှင်းဆဲခဲ့ပြီ၊ ဧသော - ဤသူ သည်၊ မံ- ငါ့ကို၊ အဇိနိ- အနိုင်ယူခဲ့ပြီ၊ ဧသော - ဤသူသည်၊ မေ- ငါ၏၊ (သန္တကံ- ပစ္စည်းဥစ္စာကို) အဟာသိ- လျှို့ဝှက်ခိုးယူခဲ့ပြီ၊

(ဣတိ- ဤသို့) ယေစ- အကြင်သူတို့သည်ကား၊ တံ- ဆဲရေးခြင်း၊ ပုတ်ခတ်ညှင်းဆဲခြင်း၊ အနိုင်ယူခြင်း၊ ခိုးယူခြင်းကြောင့်ဖြစ်သော အမျက် (ဒေါသ)ကို၊ ဥပနယှန္တိ- စိတ်၌စွဲမြဲဖွဲ့ချည်ထားကြကုန်၏။ တေသံ- ထိုသူတို့၏၊ ဝေရံ- ဒေါသဟူသောရန်သည်၊ နသမ္မတိ- မငြိမ်းမပျောက်၊

(၂) (ဧသော- ဤသူသည်) မံ- ငါ့ကို၊ အက္ကောစ္ဆိ- ဆဲရေးခဲ့ပြီ၊ ဧသော- ဤသူသည်၊ မံ- ငါ့ကို၊ အဝဓိ- ပုတ်ခတ်ညှင်းဆဲခဲ့ပြီ၊ ဧသော - ဤသူ သည်၊ မံ- ငါ့ကို၊ အဇိနိ- အနိုင်ယူခဲ့ပြီ၊ ဧသော - ဤသူသည်၊ မေ- ငါ၏၊ (သန္တကံ- ပစ္စည်းဥစ္စာကို) အဟာသိ- လျှို့ဝှက်ခိုးယူခဲ့ပြီ၊

(ဣတိ- ဤသို့) ယေစ- အကြင်သူတို့သည်ကား၊ တံ- ဆဲရေးခြင်း၊ ပုတ်ခတ်ညှင်းဆဲခြင်း၊ အနိုင်ယူခြင်း၊ ခိုးယူခြင်းကြောင့်ဖြစ်သော အမျက်(ဒေါသ)ကို၊ နုပနယှန္တိ - စိတ်၌စွဲမြဲဖွဲ့ချည်မထားကြလေကုန်။ တေသံ- ထိုသူတို့၏၊ ဝေရံ- ဒေါသဟူသောရန်သည်၊ ဥပသမ္မတိ- ဆီနှင့်မီးစာ နှစ်ဖြာကုန်ပျောက် မီးတောက်ပမာ နောက်ထပ်တစ်ခါ မလာမရောက် ငြိမ်းပျောက်လေ၏။

## ဂါထာတို့၏ အဓိပ္ပာယ် အမျက်ဖြေနည်း

ဤသူသည် ငါ့ကိုဆဲဆိုဖူးသည်၊ ဤသူသည်ငါ့ကို ညှင်းဆဲနှိပ်စက်ဖူးသည်၊ ဤသူသည် ကောက်ကျစ်စဉ်းလဲသူကို သက်သေထူ၍( မတရားသက်သေဖြင့်) တုံ့ပြန်ချေပပြော၍ (ရှေ့နေငှား၍) အကြောင်းမှန်ကို ကျော်လွှန်နိုင်သော အကြောင်းကိုပြ၍ (မမှန်မကန်အကြောင်းပြ၍) ငါ့အပေါ်အနိုင်ယူဖူးပြီဟု၊ နတ်၊ လူ၊ ရှင်ရဟန်း မည်သူမဆို ဆဲရေးခံရခြင်း စသည်ကြောင့် ဖြစ်ခဲ့သော အမျက်ဒေါသကို(လှည်းအုပ်ဆုံကို လှည်းဦးပွတ်သားရေကွင်း)ဖြင့် ဖွဲ့ချည်ထားသကဲ့သို့ ငါးပုတ်စသည်တို့ကို သမန်းမြက်စသည်တို့ဖြင့်

အကြိမ်ကြိမ်ရစ်ချည်သကဲ့သို့ အခဲမကျေနိုင်ပဲ၊ စိတ်မှာစွဲစွဲမြဲမြဲထားသူတို့မှာ တစ်ကြိမ်တစ်ခါဖြစ်လာသော အမျက်ဒေါသသည် မငြိမ်းပျောက်နိုင်၊ ( ရန်ညှိုးမကျေနိုင်)။

ဆဲရေးသူ၊ ပုတ်ခတ်ညှဉ်းဆဲသူ၊ အနိုင်ယူသူ၊ ခိုးယူသူကို သတိမထား တော့ဘဲ (အမှတ်မရဘဲ) နှလုံးမသွင်းတော့ဘဲ (စိတ်ကူးမထည့်တော့ဘဲ)နေခဲ့သော်၊ မိမိကို ဆဲဆိုခြင်း စသည်ကြောင့်ဖြစ်သော ဒေါသသည် ကင်းငြိမ်းပျောက်ကွယ်လေတော့၏။

သင်ကလည်း အတိတ်ဘဝက အပြစ်မရှိသူကို ဆဲဆိုခဲ့လိမ့်မည်၊ ပုတ်ခတ်ညှဉ်းဆဲခဲ့လိမ့်မည်၊ မတရားသက်သေဖြင့် အနိုင်ယူခဲ့ဖူးလိမ့်မည်၊ တစ်ယောက်သူ၏ ပစ္စည်းဥစ္စာကို အနိုင်အထက်ပြုယူခဲ့ ဖူးလိမ့်မည်၊ ထို့ကြောင့် အပြစ်မရှိပါဘဲ ဆဲဆိုခြင်း, ပုတ်ခတ်ညှဉ်းဆဲခြင်း, အနိုင်ယူခြင်းခံရသည်၊ ခိုးယူခြင်းခံရသည်ဟု မိမိ၏ အတိတ်ကံတရားကို ဆင်ခြင်စဉ်းစားခြင်းဖြင့် ဒေါသမထား ရန်ညှိုးမဖွဲ့ခဲ့သော် မေ့လျော့မှုကြောင့်ဖြစ်ခဲ့သော ဒေါသရန်သည်လည်း လောင်စာကုန်သဖြင့် ငြိမ်းလေသောမီးပမာ ဒေါသထပ်၍ဖြစ်မလာတော့ဘဲ ငြိမ်းပျောက်လေတော့သတည်း။

သဟဿရံသီသတတေဇော၊ သူရိယောတမဝိနောဒနော။

ပါတောဒယန္တေသူရိယေ၊ မုဒ္ဓါတေဖလတုသတ္တဓါ။

သူရိယော- နေမင်းသည် ၊ သဟဿရံသီ - အထောင်သော ရောင်ခြည် ရှိပါပေ၏၊ သတတေဇော- အရာသောတန်ခိုးရှိပါပေ၏၊ တမဝိနော ဒနော- အမိုက်မှောင်ကို ပယ်ဖျောက်နိုင်ပါပေ၏၊ သူရိယေ- နေမင်းသည် ၊ ပါတော- နံက်ချိန်၌၊ ဥဒယန္တေ- ထွက်ပေါ်လာလတ်သော်၊ တေ - သင်နာရဒ ရသေ့၏၊ မုဒ္ဓါ- ဦးခေါင်းသည်၊ သတ္တဓါ- ခုနစ်စိတ်၊ ဖလတု - ကွဲပါစေသတည်း၊

(နောက်ဂါထာ၌- တေ- သင်ဒေဝိလရသေ့၏ဟု အနက်ပေး)

**တိဿထေရ်ဝတ္ထု ပြီး၏။**

## ၄။ ကောသမ္ဗကဝတ္ထု

ကောသမ္ဗီမြို့၊ ဃောသိတသူဌေး ဆောက်လုပ်လှူဒါန်းအပ်သော ဃောသိတာရုံကျောင်း၌ ဝိနည်းဓိုရ်ရဟန်းနှင့် ဓမ္မကထိက(စာချ)ရဟန်းနှစ်ပါးရှိ၏။ တစ်ပါးစီ၌ အခြံအရံရဟန်း ငါးရာစီရှိ၏။ တစ်နေ့သ၌- ဓမ္မကထိက ရဟန်းသည် ခန္ဓာကိုယ်သုတ်သင်ပြီး (ကျင်ကြီးစွန့်ပြီး) သန့်စင်ရေထားရာ အခန်း၌ သန့်စင်ရေအကျန်ကို သန့်စင်ရေခွက်၌ပင်ထား၍ ထွက်ခဲ့သည်။

ထို့နောက် ဝိနည်းဓိုရ်ရဟန်းသည် သန့်စင်ရေထားရာအခန်း၌ ဓမ္မကထိက ရဟန်းထားခဲ့သော သန့်စင်ရေခွက်၌ သန့်စင်ရေကျန်ကိုတွေ့မြင်ရ၍ ထွက်လာပြီး ဓမ္မကထိကရဟန်းကိုမေးသည်၊

ငါ့ရှင် သန့်စင်ရေခွက်ထဲ၌ ရေကျန်ကို ငါ့ရှင်ထားခဲ့တာလား၊

ဟုတ်ပါတယ် ငါ့ရှင်၊

ဒီလိုထားခဲ့ရာမှာ အာပတ်သင့်မှန်း ငါ့ရှင်မသိဘူးလား၊

မသိပါ ငါ့ရှင်၊

ဒီလိုထားခဲ့ရာမှာ အာပတ်သင့်တယ် - ငါ့ရှင်

အာပတ်သင့်တယ်ဆိုလျှင် အာပတ်ကို ကုစားရပါမယ် ငါ့ရှင် -

ငါ့ရှင် ရေချန်ထားခဲ့လိုစိတ်မရှိဘဲ အမှတ်တမဲ့ထားမိခဲ့လျှင် အာပတ် မသင့်ပါဘူး၊

ကောင်းပါပြီ ငါ့ရှင်၊

ဓမ္မကထိကရဟန်းသည် သန့်စင်ရေချန်ထားခဲ့ရာ၌ အာပတ်သင့်သော်လည်း အာပတ်မသင့်ဟု အယူရှိထားသည်။

ဝိနည်းဓိုရ်ရဟန်းသည် မိမိတပည့်တို့အား ဤဓမ္မကထိကရဟန်းသည် အာပတ်သင့်နေသော်လည်း အာပတ်သင့်မှန်း မသိသူဖြစ်သည်ဟု ပြောလေ၏။

ဝိနည်းဓိုရ်ရဟန်း၏ တပည့်ရဟန်းတို့သည် ဓမ္မကထိကရဟန်း၏ တပည့်ရဟန်းတို့ကို တွေ့မြင်သောအခါ - သင်တို့၏ ဥပဇ္ဈာယ်ဆရာသည် အာပတ်သင့်နေသော်လည်း အာပတ်သင့်မှန်းမသိရှာဘူးဟု ပြောကြားသည်၊ ထိုစကားကို ဓမ္မကထိကရဟန်း၏ တပည့်ရဟန်းတို့သည် မိမိတို့ဥပဇ္ဈာယ်ဆရာအား လျှောက်ထားပြောဆိုကြသည်၊ ထိုအခါ ဓမ္မကထိက ရဟန်းက -

ဒီဝိနည်းဓိုရ်ရဟန်းသည် ယခင်က အာပတ်မသင့်ပါဘူးဟု ပြောခဲ့ပြီး ယခုမှ အာပတ်သင့်သည်ဟု ပြောပြန်သည်။ ဝိနည်းဓိုရ်ရဟန်းသည် မုသာဝါဒီ(မမှန်စကားပြောသူ၊ စကားမမှန်သူ)ဖြစ်သည်ဟု ပြောသည်။

ဓမ္မကထိကရဟန်း၏ တပည့်တို့က ဝိနည်းဓိုရ်ရဟန်း၏ တပည့်ရဟန်းတို့ထံသွား၍ မိမိတို့ဥပဇ္ဈာယ် ပြောသည့်အတိုင်း သင်တို့ဥပဇ္ဈာယ်ဆရာသည် မုသာဝါဒီပုဂ္ဂိုလ်ဖြစ်သည်ဟု ပြောကြပြန်သည်။

ဤနည်းဖြင့် ထိုရဟန်းတို့သည် ငြင်းခုံခြင်း၊ နှုတ်ဖြင့်ရန်ပြုခြင်း၊ ကိုယ်ထိလက်ရောက်ငြင်းခုံခြင်းတို့ဖြင့် ခိုက်ရန်တိုးပွားနေကြကုန်၏။ ထိုမှနောက်၌ ဝိနည်းဓိုရ်ရဟန်းသည် အခွင့်ကောင်းကိုရ၍ ဓမ္မကထိကရဟန်းကို သင့်ရောက်သောအာပတ်ကို မရှုမမြင်ခြင်းကြောင့် ဥက္ခေပနီယကံပြုလေ၏။ (နှင်ထုတ်ထိုက်သူဟု အသိအမှတ်ပြုမှု)

ထိုသို့ ဥက္ခေပနီယကံပြုပြီးချိန်မှစ၍ ထိုနှစ်ဘက်သော ရဟန်းတို့၏ အလုပ်အကျွေးပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမတို့သည် သူ့ဘက်သား၊ ကိုယ့်ဘက်သားဟု နှစ်မျိုးနှစ်ခုဖြစ်ကြကုန်၏။

ထိုနည်းတူပင် ရဟန်းတို့ ဩဝါဒခံယူကြသော အမျိုးသမီးရဟန်းများ၊ အစောင့်အရှောက်(အာရက္ခ) နတ်များနှင့် ထိုနတ်များ၏ အတူမြင်ဖူး၊ အတူစားဖူးသော အာကာသဠ(ကောင်းကင်၌တည်သော) နတ်များသည် ဟိုဘက်ပါ၊ ဒီဘက်ပါအားဖြင့် နှစ်မျိုးနှစ်စားစီဖြစ်ကြကုန်၏။

ဗြဟ္မာပြည်တိုင်အောင် ပုထုဇဉ်ပုဂ္ဂိုလ်အားလုံး နှစ်မျိုးနှစ်စုဖြစ်ကြကုန်၏။ စတုမဟာရာဇ် နတ်ဘုံကို အစပြု၍ အကနိဋ္ဌ ဗြဟ္မာဘုံတိုင်အောင် တစ်ပြိုင်နက် ပွဲတင်သံ၊ အုတ်အုတ်ကျက်ကျက်အသံ ရောက်ရှိသွားလေသည်။

ထိုအခါ မထင်မရှားသော ရဟန်းတစ်ပါးသည် သာဝတ္ထိဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေသော မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဤသို့ လျှောက်ထားလေ၏ -

မြတ်စွာဘုရား -

နှင်ထုတ်သူများဖြစ်ကြသော ဝိနည်းမိုရ်ရဟန်း၏ တပည့်များက ဤနှင်ထုတ်မှုသည် တရားနည်းလမ်းကျသော ဝိနည်းကံဖြင့် နှင်ထုတ်ခြင်းဖြစ်သည်ဟု အယူရှိကြပါသည်ဘုရား။ နှင်ထုတ်ခံ ဓမ္မကထိက ရဟန်း၏ တပည့်များက - ဤနှင်ထုတ်မှုသည် တရားနည်းလမ်းမကျသော ကံဖြင့် နှင်ထုတ်ခြင်း ဖြစ်သည်ဟု အယူရှိကြပါသည်ဘုရား။ နှင်ထုတ်သူများဖြစ်ကြသော ဝိနည်းမိုရ်ရဟန်း၏ တပည့်များက ဓမ္မကထိက ရဟန်းနောက် မလိုက်မပါရန် ပိတ်ပင်တားမြစ်ထားပါလျက် ဓမ္မကထိကရဟန်းကို အစဉ်မကွာ ခြံရံကြကာ လှည့်လည်သွားလာနေကြပါသည်ဘုရား -

မြတ်စွာဘုရားသည် ညီညွတ်သည့် ရဟန်းများဖြစ်ကြပါစေဟု နှစ်ကြိမ်တိုင်အောင် (ရဟန်းတို့ကို) စေလွှတ်ပြောခိုင်းသော်လည်း ညီညီညွတ်ညွတ် မဖြစ်လိုကြောင်း ကြားသိတော်မူသဖြင့် ရဟန်းသံဃာကွဲတော့မည်၊ ရဟန်းသံဃာကွဲတော့မည်ဟု ဆင်ခြင်တော်မူကာ တတိယအကြိမ်တွင် ကိုယ်တော်တိုင် သာဝတ္ထိပြည်မှ ကောသမ္ဗီရဟန်းတို့ထံ ကြွသွားတော်မူပြီး နှင်ထုတ်သည့် ရဟန်း၏နှင်ထုတ်မှုပြုခြင်း၌ အပြစ်, နှင်ထုတ်ခံရဟန်း၏ အာပတ်ကိုမရှုမမြင်ခြင်း၌ အပြစ်ကိုဟောပြတော်မူသည်။

ထို့ပြင်မညီမညွတ်သော ရဟန်းတို့အား ဃောသိတာရုံကျောင်းတွင်းမှာပင် သိမ်တစ်ခုတည်း၌ ဥပုသ်ပြုမှုကို ခွင့်ပြုတော်မူ၍ ဆွမ်းစားဇရပ်စသည့် နေရာတို့၌ ခိုက်ရန်ငြင်းခုံဖြစ်ကြသော ရဟန်းများ နေရာတစ်ခုခြား နေထိုင်ရမည်ဟု ဆွမ်းစားဇရပ်၌ ပြုရမည့်ကျင့်ဝတ်ကို ပညတ်တော်မူ၍ သာဝတ္ထိသို့ ပြန်ကြွတော်မူသည်။

ထိုမှနောက် ယခုအချိန်မှာလည်း ခိုက်ရန်ငြင်းခုံဖြစ်ကြပြန်ကာ နေကြပါသည်ဟု ကြားတော်မူပြန်၍ ကောသမ္ဗီမြို့ ဃောသိတာရုံသို့ တစ်ဖန်ကြွတော်မူကာ ရဟန်းတို့ ခိုက်ရန်ငြင်းခုံမပြုကြနှင့် မသင့်မတော်ဘူး စသောစကားတော်တို့ကို ဟောပြတော်မူပြီး-

ရဟန်းတို့ ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း၊ ရန်ညိုးဖွဲ့ခြင်း၊ ဆန့်ကျင်သော စကားကိုပြောဆိုခြင်းသည် အကျိုးမဲ့ကိုပြုတတ်သည်၊ ခိုက်ရန်ဖြစ်မှု ရန်ညိုးဖွဲ့မှုကို အကြောင်းပြု၍ သေးငယ်သော နှံစုပ်ငှက်မသည် သော်လည်း ဆင်ပြောင်ကြီးကို အသက်ကုန်ခြင်းသို့ရောက်စေပြီဟု မိန့်တော်မူကာ လဋုကိကဇာတ်တော်ကို ဟော်တော်မူသည် -

ထို့ပြင် -

ရဟန်းတို့ အချင်းချင်းညီညွတ်ကြပါ- မငြင်းခုံကြပါနှင့်၊ ငြင်းခုံမှုကို အကြောင်းပြု၍ အသိန်းမကသော ငုံးတို့အသက်ကုန်ဆုံးခြင်းသို့ ရောက်ကြကုန်ပြီဟု မိန့်တော်မူကာ ဝဋ္ဋကဇာတ်ကိုဟောပြတော်မူသည်။

ထိုသို့ ဟောပြတော်မူပါသော်လည်း ရဟန်းများက မြတ်စွာဘုရား၏ စကားတော်ကို မနာယူ, (နားမထောင်)ကြသောကြောင့် ဓမ္မဝါဒီ (အမှန်တရားကိုဆိုလေ့ရှိသော)ရဟန်းတစ်ပါးသည် မြတ်စွာဘုရား၏ ပင်ပန်းမှု(မြတ်စွာဘုရားကိုညှင်းဆဲမှု)ကို မလိုလားသဖြင့် မြတ်စွာဘုရားအား ဤသို့လျှောက်ထားလေ၏-

ဘုန်းတော်ကြီးမား တရားသခင် ရှင်တော်မြတ်ဘုရား ဆိုင်းငံ့တော်မူပါဘုရား၊ ရှင်တော်မြတ်ဘုရားသည် တပည့်များအပေါ် ကြောင့်ကြမဲ့ဖြစ်တော်မူပါ။ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေထိုင်မှု ဖလသမာပတ် ဝင်စားနေတော်မူပါ။ တပည့်တော်တို့သာ ထိုခိုက်ရန်၊ ငြင်းခုံခြင်း၊ ဆန့်ကျင်စကား ပြောကြားခြင်းဖြင့် ပေါ်လွင်ထင်ရှားကြပါတော့မည်ဘုရား၊

ထိုသို့လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ဖြစ်ခဲ့ဖူးသည့် အတိတ်ဇာတ်ကြောင်းကို ဟောပြတော်မူသည် -

ရဟန်းတို့ ရှေးကာလက ဖြစ်ခဲ့ဘူးသည်မှာ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်အမည်ဖြင့် ကာသိမင်း ထီးနန်းအုပ်ချုပ်မင်းလုပ်နေသည်၊ ဗြဟ္မဒတ်မင်းသည် ဒီဃိတိကောသလမင်း၏ ထီးနန်းစည်းစိမ်ကို တိုက်ခိုက်လုယက်သိမ်းယူပြီး ဒီဃိတိ ကောသလမင်းနှင့် မိဖုရားကို သတ်ပစ်လိုက်လေသည်။ ဒီဃိတိ ကောသလမင်း၏သား ဒီဃာဝုမင်းသားသည် ခမည်းတော်ကွယ်လွန်သောအခါ ဗာရာဏသီမြို့အစွန်တစ်နေရာ၌ မထင်မရှားအသွင်ဖြင့် နေထိုင်ကာ အခွင့်ရှာနေလေရာ - ဗြဟ္မဒတ်မင်းထံ ခစားခွင့်ရ၍ ဗြဟ္မဒတ်မင်း၏ လူရုံတော်ဖြစ်အောင် သတိပြုခစားနေသဖြင့် ဗြဟ္မဒတ်မင်းကလည်း ယုံကြည်စိတ်ချစွာထားလေ၏။

တစ်ချိန်တွင် ဗြဟ္မဒတ်မင်းသည် ဒီဃာဝုမင်းသားနှင့်အတူ ရထားစီး၍ တောကစားထွက်လာခဲ့ရာ ဒီဃာဝုမင်းသားသည် ဗြဟ္မဒတ်မင်းကို လှည့်စားပြီး တောနက်ကြီးတစ်နေရာသို့ နှစ်ဦးတည်းရောက်လာအောင် ရထားမောင်းနှင်လာရာ တောနက်ကြီးတစ်နေရာ ရောက်သောအခါ ဗြဟ္မဒတ်မင်းသည် ခရီးမောပန်းလှ၍ ဒီဃာဝုမင်းသားအပေါ် စိတ်ချယုံကြည်စွာဖြင့် ဒီဃာဝုမင်းသား၏ ပေါင်ကို ခေါင်းအုံးပြု၍ စက်တော်ခေါ်လေရာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေလေ၏။

ထိုအခါ ဒီဃာဝုမင်းသားသည် - ငါ့အကြံပိုင်ပြီဟု ဝမ်းမြောက်စွာဖြင့် ကိုင်ဆောင်ခဲ့သော သံလျက်ကို အိမ်အတွင်းမှ ဆွဲထုတ်၍ ဗြဟ္မဒတ်မင်း၏ ဦးခေါင်းကိုဖြတ်ရန် ရွယ်လိုက်သောအခါ, သူသတ်ကားစင်ပေါ်ကနေ၍ ကျယ်လောင်သောအသံဖြင့် မှာကြားလိုက်သောသူ၏ ခမည်းတော် ဒီဃိတိ ကောသလမင်း၏-

အို - ချစ်သား ဒီဃာဝု ရန်ကိုမရှည်ပါစေနှင့် မိတ်ကိုမတိုပါစေနှင့်၊ ရန်ကို ရန်ခြင်း မတုံ့လျှင်းပါလေနှင့် ဟူသော စကားကိုလည်း ကြားယောင်မိ၊ ခမည်းတော်၏ မှာကြားပြောဆိုပုံရုပ်အသွင်ကိုလည်း မြင်ယောင်မိသောအခါ -

အော် - ငါ့ခမည်းတော်မှာထားခဲ့သည့် စကားရှိပါကလား - ခမည်းတော်စကားကို လွန်ဆန့်ပြီး ဗြဟ္မဒတ်၏ လည်ကိုဖြတ်လိုက်လျှင် ရန်တွေရှည်တော့မည်၊ ပွားတော့မည်၊ ငြိမ်းနိုင်တော့မည် မဟုတ်ပါလားဟု စဉ်းစားပြီး သန်လျက်ကို အိမ်တွင်းသို့ ပြန်သွင်းထားလိုက်လေသည်။

တစ်ဖန် ဒီဃာဝုမင်းသားသည်- ဒီဗြဟ္မဒတ်မင်းဟာ ထီးနန်းကိုယူရုံမက ခမည်းတော်ကို ရက်ရက်စက်စက်သတ်သူဖြစ်သည်။ လက်စားချေမှပဲဟု အကြံဖြစ်လာပြန်ပြီး သန်လျက်ကို အိမ်တွင်းမှဆွဲထုတ်၍ ဗြဟ္မဒတ်မင်း၏ ဦးခေါင်းကိုဖြတ်ရန် ရွယ်လိုက်ပြန်သောအခါ ခမည်းတော်၏ မှာတမ်းစကားသံကို ကြားယောင်

မိပြန်၍ မတော်ပါလားဟု စဉ်းစားမိပြန်ပြီး သန်လျက်ကိုအိမ်တွင်း ပြန်သွင်းထားလိုက်လေသည်။

တတိယအကြိမ် ဒီဃာဝုမင်းသားသည် ယခင်နည်းဖြင့် ခံပြင်းစိတ်ပေါ်လာပြန်၍ သန်လျက်အိမ်မှ သန်လျက်ကိုဆွဲထုတ်ပြီး ဗြဟ္မဒတ်မင်း၏ ဦးခေါင်းကို ဖြတ်မည်ပြုပြန်ရာ ယခင်အတိုင်း ပြန်လည်စဉ်းစားမိရုံမက - ဒီဗြဟ္မဒတ်မင်းသည် ငါ့အား စိတ်ချယုံကြည်စွာဖြင့် စည်းစိမ်ဥစ္စာပေးကမ်းချီးမြှောက်ထားသူဖြစ်သည်၊ သူ့ကိုသတ်ဖို့မသင့်ပါလားဟု စဉ်းစားနေချိန်တွင် ဗြဟ္မဒတ်မင်းသည် အိပ်မက်ထဲတွင် ဒီဃာဝုမင်းသားက သန်လျက်ဖြင့် ခုတ်သတ်ရန်လိုက်နေသဖြင့် အားကုန်ပြေးနေရ၍ အလွန်မောပမ်းနေသည်ကို မြင်မက်ပြီး ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အိပ်ရာမှ နိုးလာလေရာ သန်လျက်ကိုင်ရွယ်နေသော ဒီဃာဝုမင်းသားကို မြင်ရလေ၏။ လွန်စွာစိုးရိမ်ထိတ်လန့်ကာဖြင့် - အမောင် ဒီဃာဝု - ငါ့အသက်ကိုချမ်းသာပေးပါဟု တုန်ရီစွာဖြင့် တောင်းဆိုလေရာ ဒီဃာဝုမင်းသားကလည်း -

သူ့လက်တွင်းမှ သံလျက်ကို ဗြဟ္မဒတ်မင်းလက်တွင်းသို့ပေးအပ်ပြီး အရှင်မင်းကြီး ကျွန်တော်မျိုးကို သတ်လိုက သတ်တော်မူပါ။ ကျွန်တော်မျိုးသည် အရှင်မင်းကြီး သတ်ပစ်လိုက်သော ဒီဃီတိ ကောသလမင်း၏ သား ဒီဃာဝုဖြစ်ပါသည်။ အရှင်မင်းကြီး အိပ်ပျော်နေစဉ် သုံးကြိမ်တိုင်အောင် အရှင်မင်းကြီး၏ ဦးခေါင်းကို သန်လျက်ဖြင့် ဖြတ်ရန်ကြံရွယ်မိပါသည်၊ သို့သော်လည်း ခမည်းတော်၏ သေတမ်းစကားနှင့် အရှင်မင်းကြီး၏ ကျွန်တော်မျိုးကို ချီးမြှောက်ထားသည့် ကျေးဇူးဂုဏ်ကို - အဖန်ဖန်ဆင်ခြင်စဉ်းစားမိ၍ မသတ်ဖြစ်ဘဲဖြစ်နေချိန်မှာ အရှင်မင်းကြီးနိုးလာပါသည်၊ ကျွန်တော်မျိုးကိုသာ သတ်တော်မူပါ။

အမောင် ဒီဃာဝု - သင်က ငါ့အသက်ကိုပေးသလို သင့်အသက်ကိုလည်း ငါကပေးပါသည်၊ ငါတို့နှစ်ဦး တစ်ဦးကျေးဇူးတစ်ဦးသိမြင်ကြကာ ညီညီညွတ်ညွတ်နေကြပါစို့ဟု ပြောဆိုကာ ညီညွတ်စွာနေထိုင်သွားကြလေသည်။

ရဟန်းတို့ ဤသို့ပင် တစ်ဖက်နှင့်တစ်ဖက် လက်နက်ကိုင်စွဲ အနိုင်ခဲကြမည့် မင်းများဖြစ်ကြကုန်လျက် အချင်းချင်းသည်းခံနိုင် ညီညွတ်မှု၌ မွေ့လျော်နိုင်ကြကုန်သေး၏။

သင်တို့မှာ ငါဘုရားကောင်းစွာ ဟောကြားညွှန်ပြအပ်သော ဓမ္မဝိနယ သာသနာတော်၌ ရဟန်းပြုနေသူများဖြစ်ကြသည်နှင့်အညီ တစ်ဦးနှင့်တစ်ဦး သည်းခံနိုင်ခြင်း၊ အချင်းချင်းညီညွတ်မှု၌ မွေ့လျော်နိုင်ခြင်းဖြင့် ငါဘုရား သာသနာတော်ကို တင့်တယ်နိုင်ကြပါစေ။

ဤသို့ပင် မြတ်စွာဘုရားသခင်သည် အတိတ်ဇာတ်ကြောင်းကို ထင်မြင်အောင်ပြ၍ ဆုံးမတော်မူပါသော်လည်း ကောသမ္ဗီရဟန်းတို့ကို ညီညွတ်အောင်မပြုနိုင်ရှာလေ။

မြတ်စွာဘုရားသည် ထိုသို့သော ရဟန်းတို့နှင့် ရောပြွမ်းနေတော်မူရခြင်း၌ ငြီးငွေ့တော်မူသည်ဖြစ်၍

ယခုအချိန်၌ ငါဘုရားသည် ရဟန်းတို့နှင့် ရောပြွမ်းသည်ဖြစ်၍ ဆင်းရဲစွာနေရသည်။ ကောသမ္ဗီရဟန်းတို့ကလည်း ငါဘုရား၏ဩဝါဒစကားကို မလိုက်နာကြ၊ ငါဘုရားသည် ရဟန်းအပေါင်းမှ ခွဲခွာ၍တစ်ပါးတည်း ဆိတ်ငြိမ်ရာ၌ ကပ်၍နေရပါမူ ကောင်းပေစွဟု ကြံတော်မူပြီး - ကောသမ္ဗီမြို့တွင်း၌ ဆွမ်းခံလှည့်လည်ကာ ရဟန်းသံဃာကို လှည့်ကြည့်တော်မမူဘဲ တစ်ပါးတည်းသာ ကိုယ်တော်၏သပိတ်၊ သင်္ကန်းကို ကိုယ်တော်တိုင်ယူဆောင်၍ ဗာလကလောဏကရွာသို့ကြွတော်မူလေ၏။

ထိုရွာအနီး၌ တစ်ပါးတည်းသီတင်းသုံးနေတော်မူသော ဘဂုထေရ်အား ဧကစာရိကဝတ်(တစ်ပါးတည်းနေပုဂ္ဂိုလ်ကျင့်ရမည့်ကျင့်ဝတ်)ကို ဟောတော်မူပြီး ပါစိနဝံသ- ဘေးမဲ့တော၌ အမျိုးကောင်းသားတို့အား

ချီးမြှောက်ခြင်းဖြင့် ညီညွတ်စွာနေထိုင်ရခြင်း၏ အကျိုးအာနိသင်ကိုဟောပြတော်မူကာ ပါလိလေယျကတောသို့ ကြွတော်မူလေ၏။

မြတ်စွာဘုရားသည် ပါလိလေယျက တောအုပ်အတွင်း အင်ကြင်းပင်ကြီး တစ်ပင်၏ အမြစ်ရင်း၌ ပါလိလေယျက(ပလလဲတော)ဆင်ကြီး၏ ပြုစုလုပ်ကျွေးမှုကိုခံယူကာ ချမ်းသာစွာ ဝါကပ်သီတင်းသုံးတော်မူသည်။

## ပါလိလေယျက ဆင်အကြောင်း

ဆင်ပြောင်ကြီးတစ်ကောင်သည် ဆင်အပေါင်းအဖော်များစွာနှင့်အတူ နေထိုင်လာရာ တစ်နေ့တွင် ဤသို့အကြံအစည်ဖြစ်လေ၏။ ငါသည်ဆင်ထီး, ဆင်မ, ဆင်ရွှေ, ဆင်လတ်, ဆင်ငယ်တို့နှင့် ပေါင်းသင်း ရောနှောနေထိုင်ရသည်။ ဒါကြောင့် ရှေ့ကသွားနှင့်သော ဆင်တို့စား၍ အညွန့်အဖျား၊ ပြတ်ပြီးသော မြက်တို့ကို စားရသည်။ ငါချိုးချလိုက်သော သစ်ခက်အကျိုးတို့ကို သူတို့ဝိုင်းအုံ စားသွားကြ၍ ငါမစားလိုက်ရ၊ သူတို့ဆင်း၍ သောက်ပြီးဖြစ်သဖြင့် နောက်ကျိ သောရေတို့ကိုသာ ငါသောက်ရသည်၊ ရေအိုင်မြစ်ချောင်း၌ ရေသောက်၍ ကမ်းသို့တက်လာသော ငါ့ကိုယ်ကို ဆင်မတွေက မရိုမသေပွတ်တိုက်သွားကြသည်။

ငါတစ်ကောင်တည်း ဆင်အပေါင်းမှ ခွဲထွက်ပြီး ဆိတ်ငြိမ်ရာအရပ်၌ နေရလျှင်ကောင်းလိမ့်မည်။

ဆင်ပြောင်ကြီးသည် ထိုသို့အကြံဖြစ်ပြီး ဆင်အုပ်(ဆင်အပေါင်း)မှ ခွဲထွက်လာကာ ပါလိလေယျက တောအုပ်အတွင်းရှိ အင်ကြင်းပင်ကြီးသို့ ချဉ်းကပ်လာရာ - မြတ်စွာဘုရားကို တွေ့မြင်ရသဖြင့် မြတ်စွာ ဘုရားထံချဉ်းကပ်ရှိခိုးပြီး မျက်လုံးတို့ဖြင့်လှည့်ပတ်ကြည့်လိုက်သောအခါ နေထိုင်စရာတစ်စုံတစ်ခုကို မမြင်ရ၍ အင်ကြင်းပင်မြစ်ရင်းကို ခြေဖြင့်သာ ညီညာအောင်ခြစ်ခွာပြီး နှာမောင်းဖြင့် သစ်ခက်ကို ချိုးကိုင်ကာ တံမြက်လှည်းလေ၏။ ထိုနေရာ၌ မြတ်စွာဘုရားကို သတင်းသုံးစေကာ - နှာမောင်းဖြင့် ရေအိုးကိုယူ၍ သောက်ရေ၊ သုံးဆောင်ရေကို တည်ထားလေ၏။

ရေနွေးကို အလိုရှိသောအခါ လက်ဖြင့်သစ်ကိုင်းခြောက်တို့ကို ပွတ်တိုက် ၍ မီးထွက်လာသောအခါ ထင်းခြောက်တို့ကိုထည့်ကာ မီးပုံကြီးဖြစ်စေသည်။ ထိုမီးပုံကြီး၌ ကျောက်တုံးတို့ကိုထည့်ဖုတ်၍ ပူကျက် လာသောအခါ သစ်သားချောင်းဖြင့် ကျောက်တုံးတို့ကို လိမ့်၍ကြိုတင်စီစဉ်ထားသော ရေအိုင်ငယ်၌ ပစ်ချ လေ၏။ ထို့နောက် ရေအိုင်တွင်း၌ လက်ဖြင့်စမ်းသပ်ကြည့်ပြီး ရေနွေးပူနေမှန်းသိလျှင် မြတ်စွာ ဘုရားထံ သွား၍ ရှိခိုးလေ၏။

မြတ်စွာဘုရားသည် ဟေ့, ပါလိလေယျက သင်ရေနွေးပြုပြီးပြီလားဟု မိန့်တော်မူကာ ရေအိုင်ငယ် သို့ကြွ၍ ရေသပ္ပါယ်တော်မူသည်။

ပါလိလေယျကဆင်သည် သစ်သီးမျိုးစုံကိုရှာဖွေ၍ မြတ်စွာဘုရားအားကပ်လှူသည်၊ မြတ်စွာဘုရား ရွာတွင်းသို့ ဆွမ်းခံကြွသောအခါ ပါလိလေယျကသည် မြတ်စွာဘုရား၏ သပိတ်၊ သင်္ကန်းကိုယူ၍ ဦးကင်းပေါ် တင်ပြီး မြတ်စွာဘုရားနှင့်အတူ ရွာရှိရာသို့ လိုက်သွားလေ၏။

မြတ်စွာဘုရားသည် ဆွမ်းခံရွာအနီးအရပ်သို့ရောက်သောအခါ-

ပါလိလေယျက- ရေ၊ မင်းဒီနေရာကစပြီး ရှေ့ကိုဆက်သွားလို့ မတော်ဘူးကွယ်၊ သပိတ်၊ သင်္ကန်းကို ငါ့အားကပ်ပေတော့ဟု သပိတ်သင်္ကန်းကို လက်တော်၌ကပ်လှူစေပြီး ရွာတွင်းသို့ ဆွမ်းခံကြွတော်မူသည်။

ပါလိလေယျကသည် မြတ်စွာဘုရားရွာအတွင်းမှ ဆွမ်းခံပြီး ပြန်ကြွလာချိန်တိုင်အောင် စောင့်ဆိုင်း

နေပြီး မြတ်စွာဘုရားပြန်ကြွလာသောအခါ ရှေးနည်းအတိုင်း သပိတ်၊ သင်္ကန်းကိုယူ၍ မြတ်စွာဘုရား သီတင်းသုံးရာ အင်ကြင်းပင်ရင်းသို့ ယူဆောင်ခဲ့ပြီး မြတ်စွာဘုရားအား ကပ်လှူလေ၏။

မြတ်စွာဘုရားကို သစ်ခက်ဖြင့် ယပ်ခပ်ပေးသည်၊ ညဉ့်အချိန်တွင် ခြင်္သေ့, သစ်ကျားစသော သားကောင်တို့အန္တရာယ်ကို တားမြစ်နိုင်ရန် သစ်တုံးခပ်ကြီးကြီးကိုနှာမောင်းဖြင့်ပတ်ကိုင်လျက် မြတ်စွာဘုရားကို စောင့်ရှောက်မည်အကြံဖြင့် အရုဏ်တက်ချိန်တိုင်အောင် တောအုပ်အတွင်း သစ်ပင်တွေကြား၌ လှည့်ပတ်သွားလာနေသည်။

ထိုအချိန်မှစ၍ ထိုတောအုပ်သည် ပါလိလေယျက ရက္ခိတဝနသဏ္ဍ(ပလလဲဆင်စောင့်ရှောက်ရာတော)အမည်တွင်လေ၏။

အရုဏ်တက်သောအခါ မျက်နှာသစ်တော်ရေကို ကပ်လှူသည်မှစ၍ ယခင်နည်းအတိုင်း ပြုဖွယ်ကိစ္စ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုလျက်နေလေ၏။

ထိုအချိန်တွင် မျောက်တစ်ကောင်သည် ပါလိလေယျကဆင်ကို ထကြွ လုံ့လဝီရိယဖြင့် နေ့စဉ်နေ့တိုင်း မြတ်စွာဘုရားအား ဝတ်ကြီးဝတ်ငယ်ပြုစု နေထိုင်သည်ကို တွေ့မြင်ရလေသော် ငါသည်လည်း တစ်စုံတစ်ခု ပြုဖွယ်ကို ပြုမည်ဟူသောအကြံအစည်ဖြင့် တောအတွင်း၌လှည့်လည်နေစဉ်, တစ်နေ့သ၌ ပျားကောင်မရှိဘဲ, ပျားစွဲတန်နှင့်အတူရှိသော ပျားလပို့စိုင်ကို တွေ့မြင်ရ၍ ပျားတန်ကိုချိုးပြီး ပျားတန်နှင့်အတူ ပျားလပို့ ပျားသလက်ကို မြတ်စွာဘုရားထံယူခဲ့ကာ ငှက်ပျောရွက်၌တင်၍ ကပ်လှူလေ၏။ မြတ်စွာဘုရားသည် ကပ်ခံတော်မူသည်။

မျောက်သည် သူကပ်လှူထားသော ပျားလပို့၊ ပျားသလက်ကို မြတ်စွာဘုရားဘုဉ်းပေး၊ မပေး လှမ်းမျှော်ကြည့်နေစဉ် မြတ်စွာဘုရား ပျားလပို့၊ ပျားသလက်ကိုကိုင်၍ ထိုင်နေတော်မူသည်ကို မြင်ရလေသော် အဘယ့်ကြောင့် ကိုင်ရုံသာကိုင်နေလေသနည်းဟု စဉ်းစားဆင်ခြင်ကာ ပျားစွဲတန်အစွန်း၌ကိုင်၍ အပြန်ပြန် လှည့်ကြည့်သောအခါ ပျားဥတို့ကိုမြင်သဖြင့် ပျားဥတို့ကို ဖြည်းဖြည်းသာသာဖယ်ချပြီး တစ်ဖန်ကပ်လှူလေ၏။ မြတ်စွာဘုရား ဘုဉ်းပေးတော်မူသည်။

မျောက်သည် သူကပ်လှူသောပျားကို မြတ်စွာဘုရား ဘုဉ်းပေးသည်ကို မြင်ရလေလျှင် နှစ်သက် ဝမ်းသာစိတ်ရှိရကာ သစ်ကိုင်းကိုင်၍ က,သကဲ့သို့ ခုန်နေလေ၏။

ထိုအခါ မျောက်ကိုင်သည့် သစ်ကိုင်းနှင့် နင်းထားသည့်သစ်ကိုင်းနှစ်ခု လုံးကျိုးကျလေရာ မျောက်သည် သစ်ငုတ်ပေါ်ကျသဖြင့် ကိုယ်အတွင်းသို့ သစ်ငုတ်စူးဝင်သောဝေဒနာကြောင့် မြတ်စွာဘုရား၌ ကြည်ညိုသောစိတ်ရှိလျက်သာ ကွယ်လွန်လေရာ သာဝတိံသာနတ်ပြည်ဝယ် ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သမီးတစ်ထောင်အခြံအရံရှိ နတ်သားဖြစ်ပြီး၊ မက္ကဋဒေဝပုတ္တ(မျောက်နတ်သား)အမည်တွင် လေ၏။

ကောသမ္ဗီမြို့နေ ဉပါသကာတို့သည် ဃောသိတာရုံကျောင်းတော်သို့ သွားကြသောအခါ မြတ်စွာ ဘုရားကို မဖူးတွေ့ကြရသောကြောင့် ရဟန်းတော်တို့ကို မေးလျှောက်ကြသည်။

အရှင်ဘုရားတို့ မြတ်စွာဘုရားဘယ်ကိုကြွပါသနည်း၊

ပါလိလေယျကတောအုပ်ကို ကြွတော်မူပါသည်၊

ဘယ်လိုအကြောင်းကြောင့် ကြွတော်မူပါသနည်း၊

ငါ(ရဟန်း)တို့ကို ညီညီညွတ်ညွတ်ဖြစ်အောင် အားထုတ်တော်မူပါသည်၊

ငါတို့က မညီမညွတ်ဘဲဖြစ်နေကြသည်၊

အရှင်ဘုရားတို့ - အရှင်ဘုရားတို့သည် မြတ်စွာဘုရားထံတော်မှာ ရဟန်းပြုခဲ့ကြပြီး၊ မြတ်စွာဘုရားက ညီညွတ်အောင်ပြုပါလျက် မညီညွတ်ကြဘူးလား၊

ဟုတ်တယ်ဒကာတို့ တို့ကမညီညွတ်ကြဘူး။

လူဥပါသကာ၊ ဥပါသိကာတို့သည် ဤရဟန်းတို့သည် မြတ်စွာဘုရားထံ တော်၌ ရဟန်းပြုခဲ့ကြပြီး မြတ်စွာဘုရားက ညီညွတ်အောင်ပြုတော်မူသော်လည်း မညီညွတ်ကြဘူး၊ ငါတို့သည် ဤရဟန်းတို့ကိုအမှီပြုပြီး မြတ်စွာဘုရားကို မဖူးမြော်ကြရဘူး၊ ဤရဟန်းတို့အား နေထိုင်စရာနေရာမပေးဘဲ နေကြကုန်အံ့၊ ခရီးဦးကြိုဆိုခြင်း၊ ရှိခိုးခြင်းစသည်တို့ကိုမပြုဘဲ နေကြကုန်အံ့ဟု စည်းဝေးတိုင်ပင်ထားကြလေကုန်၏။

ထိုအချိန်မှစ၍ ဥပါသကာ၊ ဥပါသိကာတို့သည် ကောသမ္ဗီရဟန်းတို့အား အရိုအသေမျှကိုပင် မပြုကြတော့ချေ၊ ကောသမ္ဗီရဟန်းတို့သည် ဆွမ်းအာဟာရနည်းပါးမှုကြောင့် အသားအရည်ညှိုးနွမ်းခြောက်ခမ်းကြကုန်သည်ဖြစ်၍ နှစ်ရက်သုံးရက်ဖြင့်သာ ဖြောင့်မတ်သောသဘောရှိကြကာ - အချင်းချင်း အပြစ်ကို ပြောကြားတောင်းပန်ကြပြီးနောက် ဥပါသကာတို့ကိုပြောကြသည် -

ဥပါသကာတို့ ငါတို့ညီညွတ်ကြပါပြီ၊

သင်တို့ကလည်း ငါတို့အပေါ် ရှေးကနှင့်တူကြပါ။

အရှင်ဘုရားတို့က မြတ်စွာဘုရားကို ဝန်ချတောင်းပန်ပြီးကြပြီလား၊

ဥပါသကာတို့ မတောင်းပန်ကြရသေးဘူး၊

သို့ဖြစ်လျှင် မြတ်စွာဘုရားကို တောင်းပန်ကြပါဦး၊

အရှင်ဘုရားတို့က မြတ်စွာဘုရားကို တောင်းပန်ပြီးတဲ့အခါ တပည့်တော်တို့ကလည်း အရှင်ဘုရားများ အပေါ် ရှေးကနှင့်တူကြပါစေမည်။

ထိုကောသမ္ဗီရဟန်းတို့သည် ဝါတွင်းကာလဖြစ်နေသည့်အတွက် မြတ်စွာဘုရားထံမသွားရဲကြဘဲ ဆင်းရဲငြိုငြင်စွာဖြင့် ထိုဝါတွင်းသုံးလအချိန်ကို ကုန်လွန်ကြစေကုန်၏။ မြတ်စွာဘုရားမှာမူ - ပါလိလေယျက ဆင်သည် ပြုစုလုပ်ကျွေးအပ်သည်ဖြစ်၍ ချမ်းသာစွာ သီတင်းသုံးနေတော်မူသည်။

မြတ်စွာဘုရား ပါလိလေယျကတော၌ ပါလိလေယျကဆင် ဆည်းကပ်ပြုစုလုပ်ကျွေးခံပြီး သီတင်းသုံးနေတော်မူကြောင်း၊ သတင်းစကားသည် ဇမ္ဗူ တစ်ကျွန်းလုံးပျံ့နှံ့ထင်ရှားသွားလေ၏။

သာဝတ္ထိမြို့နေ - အနာထပိဏ်သူဌေး၊ ဝိသာခါမဟာဥပါသိကာ အစရှိသော အမျိုးကြီးတို့သည် အရှင်အာနန္ဒာထေရ်ထံ -

အရှင်ဘုရား အာနန္ဒာ - တပည့်တော်တို့အား မြတ်စွာဘုရားကို ပြပေးတော်မူပါဟု သတင်းပို့ကြလေ၏။

အရပ်တစ်ပါး၌နေကြသော ရဟန်းငါးရာတို့လည်း ဝါကျွတ်ပြီးကြ၍ အရှင်အာနန္ဒာထံ ချဉ်းကပ်လျှောက်ထားတောင်ဆိုကြလေ၏။

အာနန္ဒာရှင်မြတ်ဘုရား တပည့်တော်များ မြတ်စွာဘုရား၏ ရှေ့တော်မျက်မှောက်၌ တရားစကားကြားနာပြီးသည်မှာ ကြာလှပါပြီ(တရားစကားမကြားရတာကြာပါပြီဟုဆိုလိုသည်)

အို-အရှင်အာနန္ဒာရှင်မြတ်ဘုရား - တပည့်တော်များတောင်းပန်ပါသည်၊ မြတ်စွာဘုရား၏ ရှေ့တော်မျက်မှောက်၌ တရားစကား ကြားနာလိုကြပါသည်ဘုရား။

အရှင်အာနန္ဒာသည် ထိုရဟန်းငါးရာတို့ကိုခေါ်၍ မြတ်စွာဘုရားသီတင်းသုံးနေရာသို့ ကြွသွားလေရာ - ပါလိလေယျကတောအုပ်အနီးသို့ ရောက်သောအခါ ဝါတွင်းသုံးလပတ်လုံး တစ်ပါးတည်းသီတင်းသုံးတော်မူသော မြတ်စွာဘုရားထံ ဤမျှများလှကုန်သော ရဟန်းတို့နှင့်အတူ သွားရောက်ချဉ်းကပ်ရန် မသင့်တော်ဟု အကြံဖြစ်ကာ ရဟန်းငါးရာတို့ကို တောအုပ်ပြင်ဘက်၌ထားခဲ့ပြီး တစ်ပါးတည်းသာ မြတ်စွာဘုရားထံကြွသွားလေ၏။

ပါလိလေယျကဆင်သည် အရှင်အာနန္ဒာကိုမြင်လေလျှင်ရန်သူထင်၍ ဒုတ်ကိုင်ပြီး အရှင်အာနန္ဒာရှိရာသို့ ပြေးလေ၏။ မြတ်စွာဘုရား လှမ်းမြင်တော်မူသဖြင့်, ဟဲ့ ဟဲ့ ပါလိလေယျက - သင်ရှောင်ဖယ်လော့ - သင်ရှောင်ဖဲလော့ မတားမြစ်ပါလေနှင့်၊ အဲဒီပုဂ္ဂိုလ်က ငါဘုရား၏ အလုပ်အကျွေးကွယ့်ဟု မိန့်တော်မူလေ၏။

ပါလိလေယျကသည် မြတ်စွာဘုရား၏ တားမြစ်သံကိုကြားသည်နှင့် တစ်ပြိုင်နက် ဒုတ်ကိုပစ်ချခဲ့ပြီး အရှင်အာနန္ဒာအား သပိတ်၊ သင်္ကန်းကို ယူဆောင်ခွင့်ပန်ကြားလေ၏။ အရှင်အာနန္ဒာက သူ၏ သပိတ်၊ သင်္ကန်းကို ပါလိလေယျကအားမပေးပါလေ၊

ပါလိလေယျကဆင်သည် - ဤရဟန်းသည် သင်ယူထားအပ်သော ကျင့်ဝတ်နှင့် ပြည့်စုံသူဖြစ်လျှင် မြတ်စွာဘုရားနေထိုင်ရာ ကျောက်ပြားပေါ်၌ သူ၏သင်္ကန်းနှင့် သပိတ်၊ ပရိက္ခရာကို ထားမည်မဟုတ်ဟု အကြံဖြစ်လေ၏။ အရှင်အာနန္ဒာထေရ်သည် သူ၏ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာကို မြေကြီးပေါ်၌ ချထားလေ၏။

မှန်ပေသည် - ကျင့်ဝတ်နှင့်ပြည့်စုံသော ရဟန်းတို့သည် လေးစားထိုက်သောပုဂ္ဂိုလ်တို့၏ ထိုင်စရာနေရာ၌သော်လည်းကောင်း၊ အိပ်စရာနေရာ၌သော်လည်းကောင်း၊ မိမိ၏သင်္ကန်း၊ သပိတ်၊ ပရိက္ခရာကို မထားကြလေကုန်။

အရှင်အာနန္ဒာထေရ်သည် မြတ်စွာဘုရားအနီးသို့ ချဉ်းကပ်ရှိခိုးပြီး သင့်တော်သည့်တစ်နေရာ၌ ထိုင်နေတော်မူသည်။

အာနန္ဒာ သင်တစ်ပါးတည်း၊ ငါဘုရားထံလာခဲ့တာလား၊

ရဟန်းငါးရာတို့နှင့်အတူလာခဲ့ပါသည်ဘုရား၊

အဲဒီရဟန်းတွေဘယ်မှာလဲ၊

ရှင်တော်မြတ်ဘုရား၏ စိတ်အလိုတော်ကို မသိပါသဖြင့် တောအုပ်ပြင်ပမှာထားခဲ့ပြီး လာခဲ့ပါသည်ဘုရား။

အာနန္ဒာ- အဲဒီရဟန်းငါးရာကို သွားခေါ်လိုက်ပါ၊

မှန်ပါဘုရား -

ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံကြွလာကြကာ - မြတ်စွာဘုရားကိုရှိခိုးကြပြီး သင့်တော်သည့်နေရာ၌ ထိုင်နေကြလေကုန်၏။

မြတ်စွာဘုရားက - နှုတ်ဆက်စကားစ၍ မိန့်ကြားတော်မူသောအခါ ရဟန်းငါးရာတို့က မြတ်စွာဘုရားအား ဤသို့လျှောက်ထားကြသည် -

ဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရား၊ အရှင်မြတ်ဘုရားသည် ဘုရားဖြစ်တော်မူသဖြင့်လည်း နူးညံ့သိမ်မွေ့တော်မူပါသည်။ မင်းမျိုးမှ ဖွားမြင်ခဲ့သဖြင့်လည်း နူးညံ့သိမ်မွေ့တော်မူပါသည်။ ဝါတွင်းသုံးလ

ပတ်လုံး တစ်ပါးတည်း ရပ်တည်တော်မူ ထိုင်နေတော်မူသော အရှင်မြတ်ဘုရားတို့သည် ပြုနိုင်ခဲသည်ကို ပြုအပ်တော်မူပါပေသည်။ ဝတ်ကြီးဝတ်ငယ်ပြုစုမည့်သူနှင့် မျက်နှာသစ်ရေတော် ပေးမည့်သူလည်းရှိမည် မထင်ကြပါဘုရား၊

ရဟန်းတို့ ပါလိလေယျကဆင်သည် ငါဘုရား၏ ပြုဖွယ်ကိစ္စအားလုံးကို ပြုအပ်ပေသည်၊ မှန်ပေသည် ရဟန်းတို့ ပါလိလေယျကကဲ့သို့သော အတူနေအပေါင်းအဖော်ကိုရခဲ့သော် အပေါင်းအဖော်နှင့်အတူ နေသင့်ပေသည်။ မရခဲ့သော် တစ်ဦးတည်းနေရခြင်းသည်သာ မြတ်လှပေသည်ဟု မိန့်တော်မူကာ

သစေလဘေထနိပကံသဟာယံ - အစရှိသော သုံးဂါထာတို့ကို ဟောပြတော်မူသည်။ (ဂါထာတို့နှင့် တကွအနက်ကို ဝတ္ထုကြောင်းအဆုံး၌ ပြထားသည်) ဂါထာတို့ကို ကြားနာပြီးသည့်အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်၏။

အာနန္ဒာထေရ်သည် သာဝတ္ထိနေ အနာထပိဏ်သူဌေး ဝိသာခါ ဥပါသိကာတို့ထံမှ သတင်းစကားကို လျှောက်ထားပြီးသော် -

မြတ်စွာဘုရား အနာထပိဏ်အမှူးရှိသော အရိယာသာဝက ငါးရာတို့သည် အရှင်ဘုရားများ ကြွလာမည်ကို မျှော်လင့်တောင့်တနေကြပါသည်ဘုရား၊

အာနန္ဒာ ဒီလိုတောင့်တနေကြတယ်ဆိုလျှင် ငါဘုရား၏ သပိတ်သင်္ကန်းကို ယူပေတော့။

မြတ်စွာဘုရားသခင်သည် သပိတ်သင်္ကန်းကိုယူစေကာ သီတင်းသုံးရာ အင်ကြင်းပင်ရိပ်သာမှ ထွက်ကြွလာသောအခါ ပါလိလေယျကဆင်သည် မြတ်စွာဘုရားကြွမည့်လမ်း၌ ဖီလာကန့်လန့်ကာဆီးလျက် ရပ်နေလေ၏။

မြတ်စွာဘုရား, ဆင်ကြီးက ဘာကိုပြုလိုလို့ ရှေ့ကရပ်နေပါသလဲဘုရား၊

ရဟန်းတို့ ဆင်ကြီးက သင်တို့အား ဆွမ်းကပ်လှူလိုတယ်၊

ဒီဆင်ကြီးသည် နေညဥ့်ရှည်ကြာ ငါဘုရားအား ကျေးဇူးပြုပေသည်၊

သူ၏စိတ်အလိုကို မဖျက်ဆီးသင့်ဘူး၊

ရဟန်းတို့ ပြန်လှည့်ကုန်လော့။

မြတ်စွာဘုရားသည် ရဟန်းတော်တို့ကို ခေါ်ဆောင်၍ အင်ကြင်းပင်ရိပ်သာသို့ ပြန်လှည့် ကြွတော်မူသည်။

ပါလိလေယျကဆင်သည် တောအုပ်တွင်းသို့ဝင်၍ ပိန္နဲသီး၊ ငှက်ပျောသီးအစရှိသော အမျိုးမျိုးသော သစ်သီးတို့ကို စုဆောင်း၍ စုပုံထားပြီး နောက်နေ့တွင် ရဟန်းတို့အား ကပ်လှူလေ၏။

ရဟန်းငါးရာတို့သည် ပါလိလေယျကဆင် ကပ်လှူအပ်သော သစ်သီး၊ ဆွမ်းတို့ကို ကုန်စင်အောင် ဘုဉ်းမပေးနိုင်ကြလေကုန်၊

ဆွမ်းကိစ္စပြီးသောအခါ မြတ်စွာဘုရားသည် သပိတ်သင်္ကန်းကိုယူစေကာ အင်ကြင်းပင်ရိပ်သာမှ ထွက်ကြွတော်မူသည်၊ ပါလိလေယျကဆင်သည် ရဟန်းတို့၏ အကြားအကြားအရပ်၌ ဖြတ်ဖြတ်သွားပြီး မြတ်စွာဘုရားရှေ့တော်၌ ဖီလာကန့်လန့်ရပ်နေသည်။

မြတ်စွာဘုရား, ဆင်ကြီးက ဘာကိုပြုလိုလို့ ရှေ့ကရပ်နေပါသလဲဘုရား၊

ရဟန်းတို့ ဒီဆင်ကြီးက သင်တို့ကိုစေလွှတ်လိုက်ပြီး ငါဘုရားကို ပြန်လှည့်လာစေလိုလို့ ရှေ့က ရပ်နေတာ၊

ထိုသို့မိန့်တော်မူပြီး မြတ်စွာဘုရားသည် -

ပါလိလေယျက, ယခုကြွတော်မူခြင်းသည် ငါဘုရားပြန်မလှည့်တော့သော ကြွခြင်းဖြစ်သည်၊ သင့်အဖို့ ဤဘဝ- ဤခန္ဓာကိုယ်ဖြင့် ဈာန်သော်လည်းကောင်း၊ ဝိပဿနာသော်လည်းကောင်း၊ မဂ်ဖိုလ်သော်လည်းကောင်း(ရဖို့)မရှိဘူး၊ သင်ရပ်နေရစ်။

ပါလိလေယျကဆင်သည် မြတ်စွာဘုရား၏ စကားတော်ကိုကြားသိရသောအခါ သူ၏ခံတွင်း၌ နှာမောင်းကိုထည့်ကာ မျက်ရည်ဖြာစီးအငိုကြီးငိုကာနောက်မှ မပြတ်မကွာလိုက်လာလေ၏။

(မှန်၏ - ပါလိလေယျကဆင်သည် မြတ်စွာဘုရား၏ ပြန်ကြွလာမှုကို ရခဲ့သော် ယခင်ပြုစုလုပ်ကျွေးခဲ့သည့်နည်းအတိုင်း ရာသက်ပန်ပြုစုလုပ်ကျွေးလေရာ၏)

မြတ်စွာဘုရားသည် ရွာဥပစာ(ရွာအနီး)သို့ရောက်တော်မူသောအခါ - အို- ပါလိလေယျက ဤနေရာအရပ်မှစ၍ သင်သွားရမည့် မြေအရပ်မဟုတ်တော့ပြီ၊ လူတို့နေရာအရပ်သည် သင့်အဖို့ဘေးရန် ရှိသည်၊ သင်ရပ်နေရစ်ပါဟု မိန့်တော်မူသောအခါ

ထိုနေရာ၌ပင် - ငိုယိုကာရပ်နေရစ်ပြီး မြတ်စွာဘုရားသည် - သူ၏မျက်စိမြင်နိုင်ရာ လမ်းခရီးကို စွန့်ခွာသွားတော်မူလေလျှင် နှလုံးကွဲကာကွယ်လွန်ခဲ့၍ မြတ်စွာဘုရား၌ ကြည်ညိုသောစိတ်ကြောင့် တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်ဝယ် နတ်သမီးတစ်ထောင်အလှယ်၌ နတ်သားဖြစ်လေ၏။ ပါလိလေယျကနတ်သားဟု အမည်တွင်လေသတည်း။

မြတ်စွာဘုရားသည် ခရီးစဉ်အားဖြင့် ကြွတော်မူလေရာ သာဝတ္ထိဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူသည်။ ကောသမ္ဗီရဟန်းတို့သည် မြတ်စွာဘုရား သာဝတ္ထိသို့ ကြွလာတော်မူလိမ့်မည်ဟု ကြားသိကြ၍ မြတ်စွာဘုရားကို ကန်တော့တောင်းပန်ကြရန် သာဝတ္ထိသို့သွားကြကုန်၏။

ကောသလမင်းကြီးသည် - ခိုက်ရန်ငြင်းခုံပြုကြသော ကောသမ္ဗီရဟန်းများ သာဝတ္ထိသို့ ရောက်လာကြပြီဟူသော သတင်းစကားကို ကြားရလေသော်၊ မြတ်စွာဘုရားထံ ချဉ်းကပ်လျှောက်ထားလေ၏။

မြတ်စွာဘုရား - တပည့်တော်သည် ကောသမ္ဗီရဟန်းတို့အား တပည့်တော်၏ အင်ပါယာနိုင်ငံတွင်းသို့ ဝင်ခွင့်ပေးမည် မဟုတ်ပါဘုရား၊

အို - ကောသလမဟာရာဇာ, ကောသမ္ဗီရဟန်းတို့သည် သီလဝန္တ(သီလရှိသော) ရဟန်းများဖြစ်ကြသည်၊ အချင်းချင်းခိုက်ရန်၊ ငြင်းခုံမှုသက်သက်ဖြင့် ငါဘုရားစကားကို မနာယူကြတာပါ၊ ယခုအချိန်မှာ ငါဘုရားကို ကန်တော့တောင်းပန်ဖို့လာကြတာ - လာကြပါစေ မဟာရာဇာ၊ အနာထပိဏ်ကျောင်းဒါယကာကလည်း မြတ်စွာဘုရား တပည့်တော် ကောသမ္ဗီရဟန်းတို့အား ကျောင်းတွင်းဝင်ခွင့်မပေးနိုင်ပါဟု လျှောက်ထားပြန်ရာ မြတ်စွာဘုရားက ယခင်စကားအတိုင်း မိန်ကြားတော်မူသဖြင့် ဆိတ်ဆိတ်နေကြလေ၏။

မြတ်စွာဘုရားသည် သာဝတ္ထိ၊ ဇေတဝန်ကျောင်းတော်သို့ ရောက်လာကြသောအခါ ကောသမ္ဗီရဟန်းတို့အား သင့်တော်သည့်နေရာ၌ ဆိတ်ငြိမ်အောင်ပြုစေပြီး အိပ်ရာနေရာကို ပေးစေတော်မူသည်။

ကောသမ္ဗီရဟန်းတို့မှ တစ်ခြားဖြစ်ကြသော ရဟန်းတို့သည် ကောသမ္ဗီရဟန်းတို့နှင့်အတူ၊ ထိုင်လည်း မထိုင်ကြ၊ ရပ်လည်းမရပ်ကြလေကုန်။

မြတ်စွာဘုရားထံတော်သို့ ရောက်လာကြသော ရဟန်းများက မြတ်စွာဘုရားကို -

မြတ်စွာဘုရား - ခိုက်ရန်ငြင်းခုံပြုကြသော ကောသမ္ဗီရဟန်းများဆိုတာ ဘယ်ရဟန်းများဖြစ်ကြပါသနည်းဘုရားဟု မေးလျှောက်ကြသောအခါ၊ မြတ်စွာဘုရားက -

ဟော, ဟို, ရဟန်းတွေပဲ- ချစ်သားတို့ဟု ညွှန်ပြတော်မူသည်။ မြတ်စွာဘုရားထံရောက်ရောက်လာတိုင်းသော ရဟန်းတို့ကို ခိုက်ရန်ငြင်းခုံဖြစ်နေကြသော ကောသမ္ဗီရဟန်းများဆိုတာ - ဟောဒီ ရဟန်းတွေပဲ၊ ဟောဒီရဟန်းတွေပဲဟု လက်ညှိုးထိုးထိုးအပြခံကြရကုန်သောကြောင့် ကောသမ္ဗီရဟန်းတို့သည် လွန်စွာအရှက်ရကြကုန်ပြီး ဦးခေါင်းမထောင်ဝံ့ကြသဖြင့် မြတ်စွာဘုရားခြေတော်ရင်း၌ ဝပ်လျှိုးကြကာ မြတ်စွာဘုရားကို ကန်တော့တောင်းပန်ကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် -

ကောသမ္ဗီရဟန်းတို့ -

သင်တို့သည် ဝန်လေးဖွယ်အမှုကိုပြုကြပေသည်၊ သင်တို့သည် ငါသို့သော ဘုရားရှင်၏ထံတော်၌ ရဟန်းပြုကြပြီး ငါဘုရားက ညီညွတ်အောင်ပြုပါလျက် ငါဘုရား၏ စကားတော်ကို မလိုက်နာခဲ့ကြ။

ရှေးက အသိအလိမ္မာရှိသူတို့လည်း အသတ်ခံရတော့မည့် မိဘ-တို့၏ အဆုံးအမသြဝါဒကို ကြားရသောကြောင့် မိဘတို့ အသတ်ခံကြရကုန်သော်လည်း၊ မိဘတို့ အဆုံးအမသြဝါဒကို မလွန်ဆန်ဘဲ လိုက်နာကြသောကြောင့် တိုင်းပြည်နှစ်ပြည်တို့၌ မင်းပြုခဲ့ကြရကုန်ပြီဟု ယခင်ဟောပြခဲ့ပြီးသော ဒီဃာဝုမင်းသားဇာတ်ကို ထပ်မံဟောပြတော်မူကာ -

ရဟန်းတို့ ဤသို့ ဤပုံ - ဒီဃာဝုသတို့သားသည် မိဘတို့ အသတ်ခံသွားကြရသော်လည်း မိဘတို့ အဆုံးအမသြဝါဒကို မလွန်ဆန်ဘဲ - သြဝါဒအတိုင်း လိုက်နာကျင့်သုံးခဲ့သောကြောင့် ဗြဟ္မဒတ်မင်း၏ သမီးတော်ကိုရယူကာ - ကာသိတိုင်း၊ ကောသလတိုင်း နှစ်တိုင်းတို့၌ မင်းပြုခဲ့ရလေပြီ။

ငါဘုရား၏ စကားတော်ကို မလိုက်နာကြသော သင်တို့သည်ကား ဝန်လေးသောအမှုကို ပြုအပ်ခဲ့လေသည်ဟု မိန့်တော်မူကာ - ပရေစနဝိဇာနန္တိ အစရှိသော ဂါထာတော်ကို ဟောဖော်တော်မူလေ၏။ ဂါထာ၏ အဆုံး၌ ထံတော်မှောက်ရောက်လာကြသော ရဟန်းတို့သည် သောတာပန်စသည်တို့၌ တည်ကြလေကုန်သတည်း။

## "ဂါထာနှင့် အနက်"

ပရေစနဝိဇာနန္တိ၊ မယမေတ္ထယမာမသေ။

ယေစတတ္ထဝိဇာနန္တိ၊ တတောသမ္မန္တိမေဓဂါ။

ဘိက္ခဝေ- သံသရာဟု ဘေးအစုကို မှတ်ရှုကြငြား အိုချစ်သားတို့ -ဧတ္ထ- ငါဘုရားအနီးစည်းဝေးရောက်လာ များစွာသွယ်သွယ် ရဟန်းပရိသတ်အလယ်၌၊ ပရေ - အသိအလိမ္မာ၊ ပညာရှေ့ထားရဟန်းများမှ တခြားဖုံဖုံ ငြင်းခုံသရမ်း ရဟန်းတို့သည်ကား၊ မယံ- ငါတို့သည်၊ ယမာမသေ- တစ်နေ့အမှန် သေမင်းထံသို့ ဧကန်ရောက်ကြကုန်လတ္တံ့၊ (ဣတိ- ဤသို့)နဝိဇာနန္တိ- ဆင်ခြင်ဉာဏ်ကင်း၊ အလျင်းမသိကြလေကုန်၊ တတ္ထ- သံသရာရေးအပြစ်ဘေးကို ရှုတွေးမြော်ကာ ရောက်လာသွယ်သွယ်ဤရဟန်းတို့အလယ်၌၊ ယေစ- အသိအလိမ္မာ ပညာခွဲခြမ်း၊ အကြင်ရဟန်းတို့သည်ကား၊ မယံ- ငါတို့သည်၊ ယမာမသေ- ထာဝရမတည် သေကြရလိမ့်မည်၊ (ဣတိ- ဤသို့) ဝိဇာနန္တိ - ပညာဉာဏ်စွမ်း၊ ခွဲခြမ်းထင်ထင် သိမြင်ကြကုန်၏။

တတော-ထိုသို့သိမြင် ညီညွတ်ရေးလုပ်ငန်းဝင်ကြသောကြောင့်၊ မေဓဂါ- အမျိုးမျိုးအဖုံဖုံ ခိုက်ရန်ငြင်းခုံမှုတို့သည်၊ သမ္မန္တိ- ဒေါသမာနအာဃာတစသည် ရုပ်သိမ်းချုပ်ငြိမ်းကြလေကုန်သတည်း။

## တစ်နည်းအဌကထာ နောက်တစ်နည်း အဖွင့်နှင့်အညီ အနက်

(ဘိက္ခဝေ- ငြိမ်းအေးလိုကြ- စိတ်ဆန္ဒဖြင့် ခညောင်းကြငြား အိုချစ်သားတို့)ဧတ္ထ- ငါဘုရားရှေ့, ဆုံလာတွေ့လျက်, ငြီးငွေ့လွှမ်းချယ်, ရဟန်းတို့အလယ်၌၊ ပရေစ- ငြင်းခုံခိုက်ရန် မဖြစ်ရန်ဟု ဖန်ဖန်မိန့်ကြား၊ ငါ့စကားတော်ကို မလေးမစား ကျော်လွှားပယ်မြစ်ကြသဖြင့် ငါဘုရား မချစ်အပ် မနှစ်သက်အပ်ကုန်သော ရဟန်းတို့ကား-

(မယံ- ငြင်းခုံသရမ်းကောသမ္ဗီရဟန်းတို့ဟု ရှင်လန်းကင်းကွာ မျက်နှာမသာခဲ့ကြသော ငါတို့သည်၊ ဝါ - မယံ- ခင်မင်မှုသဘော လိုက်လျောမိကြ - ဆန္ဒာ ဂတိ စရိုစိတ်ထား အမှားတူကြ အူမ မတောင့် မဖြောင့်ခဲ့ကြသောငါတို့သည်၊ ပုဗ္ဗေ- ပြဿနာဖြစ်စ ရှေးကာလက) ယမာမသေ- ဝါယမာမ - ငြင်းခုံစကား လားလား မဆုတ် အားထုတ်ကြကုန်ပြီ(က္ကတိ- ဤသို့) နဝိဇာနန္တိ- အရှည်မြော် ကြည့် ဉာဏ်မရှိ၍ မသိကြလေကုန်။ (က္ကဒါနိ- အမှားမြင်ကာ ခွင့်လွှတ်ကာဖြင့်၊ ညီညာရောက်လာ ယခုအခါ၌)တတ္ထ- တသို့- တုမှာကံ - အန္တရေ- ငြင်းခုံခဲ့အရေး၊ အဖန်ဖန်တွေးကာ၊ စိတ်အေးဖို့ ရှုယ်၊ သင်တို့အလယ်၌၊ ယေစ- အသင့်အားဖြင့် နှလုံးထားကာ စဉ်းစားဆင်ခြင် ပညာရှင်ရဟန်းတို့မှာကား၊ (မယံ- အပြစ်ရှိသည်၊ မရှိပြီဟု နှစ်လီဝါဒ ဆွဲယူကြကာ ငါကအမှန်၊ သူမမှန်ဟု အဖန်ဖန်ဆုံ၊ ငြင်းခုံကြသော ငါတို့သည်၊ ပုဗ္ဗေ- အမြင်မှန်မရ ရှေးကာလက)ယမာမသေ- ဝါယမာမ- ဆန္ဒ ဒေါသ၊ မောဘယကြောင့် လံ့လထုတ်ငြား မတရားကိုယ်စီကျင့်မှားခဲ့ကြပြီ(က္ကတိ- ဤသို့) ဝိဇာနန္တိ- စိတ်ထားညီညီ ကိုယ်ကိုယ်စီဖြင့် ပီပီပြင်ပင် သိမြင်ကြကုန်၏။ တတော - တသ္မာ - အသင့်အားဖြင့် နှလုံးထားကာ စဉ်းစားဆင်ခြင် ပညာရှင်တို့ထံမှ ယထာဓမ္မ နည်းလမ်းရကြသောကြောင့် -

(တေသံ၊ ကြောင်းကျိုးနှစ်ဖြာ မမြင်ရှာဘဲ ထင်ရာပြောချ နှုတ်က သရမ်း ထိုရဟန်းတို့၏)

မေဓဂါ - ရှေးယခင်ပြု ခိုက်ရန်မှုတို့သည်၊ သမ္မန္တိ- ခုသမယာ အစဖြာကာ တစ်ခါတစ်ခေါက် မပေါ်ပေါက်ဘဲ ငြိမ်းပျောက်ကြလေသတည်း။

**မှတ်ချက်** - အနက်ပေးနှစ်နည်းတွင် ရှေ့နည်းသာ အားလုံးနှင့်ဆိုင်သည်။ နောက်နည်းကား ကောသမ္ဗီရဟန်းတို့နှင့်ဆိုင်သည်၊ ဤသို့ခွဲခြားသင့်သည်။

ဤကောသမ္ဗကဝတ္ထုတွင် အဌကထာဆရာထည့်ဖွင့်ထားအပ်သော ပါဠိတော် ဂါထာတို့နှင့် အနက်များ -

(က) သစေလဘေထနိပကံသဟာယံ၊
သဒ္ဓိံစရံသာဓုဝိဟာရိဓီရံ။
အဘိဘုယျသဗ္ဗာနိပရိဿယာနိ၊
စရေယျတေနတ္တမနောသတိမာ။

( ခ) နောစေလဘေထနိပကံသဟာယံ၊
သဒ္ဓိံစရံသာဓုဝိဟာရိဓီရံ။
ရာဇာဝရဋ္ဌံဝိဇိတံပဟာယ။
ဧကောစရေမာတင်္ဂရညေဝနာဂေါ။

( ဂ) ဧကဿစရိယံသေယျော၊
နတ္ထိဗာလေသဟာယတာ။
ဧကောစရေနစပါပါနိကယိရာ၊
အပ္ပေါဿုက္ကောမာတင်္ဂရညေဝနာဂေါ။

(က) နိပကံ- အသိဉာဏ်ပညာရှိသော၊ သာဓုဝိဟာရိ- သာဓုဝိဟာရီ၊ ကောင်းမွန်စွာနေလေ့ရှိသော၊ ဓီရံ- မြဲမြံတည်ကြည်သော သမာဓိရှိသော၊ သဟာယံ- အတူနေအပေါင်းဖော်ကို၊ သစေလဘေထ - အကယ်၍ရရှိခဲ့ငြားအံ့၊ တေန- ထိုအပေါင်း အဖော်နှင့် သဒ္ဓိံ- အတူတကွ၊ စရံ- စရန္တောလှည့်လည်သွားလာလျက်၊ သတိမာ- သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ သဗ္ဗာနိ- ခပ်သိမ်းကုန်သော၊ ပရိဿယာနိ- ခြင်္သေ့၊ သစ်ကျားအစရှိသော ပေါ်လွင်ထင်ရှားသော ဘေးရန် ရာဂဘေး၊ ဒေါသဘေး၊ မောဟဘေး အစရှိသော ဖုံးကွယ်သော ဘေးရန်တို့ကို၊ အဘိဘုယျ - လွှမ်းမိုး၍၊ အတ္တမနော- ရွှင်လန်းဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍၊ စရေယျ- နေထိုင်ရာ၏။

(ခ) နိပကံ- အသိဉာဏ်ပညာရှိသော၊ သာဓုဝိဟာရိံ- ကောင်းမွန်စွာ နေလေ့ရှိသော၊ ဓီရံ- မြဲမြံတည်ကြည်သော၊ သမာဓိရှိသော၊ သဒ္ဓိံ- အတူတကွ၊ စရံ- စရန္တံ - ကျင့်သုံးသော၊ ဝါကျင့်သုံးမည့်၊ သဟာယံ- အပေါင်းအဖော်ကို၊ နောစေလဘေထ- အကယ်၍ မရမရှိခဲ့ငြားအံ့။

ဝိဇိတံ- ရန်အောင်ရာမြေဖြစ်သော၊ ရဋ္ဌံ- တိုင်းပြည်ကို၊ ပဟာယ- ပယ်စွန့်၍၊ (အရညံ- တောသို့၊ ပဝိသိတွာ၊ ဝင်၍၊ ပဗ္ဗဇိတွာ- ရသေ့ရဟန်းပြု၍၊ စရန္တော- ကျင့်သုံးနေထိုင်သော) ရာဇာ-ဣဝ၊ မဟာဇနကမင်းကဲ့သို့၊ အရညေ- တော၌၊ မာတင်္ဂေါ- မာတင်္ဂမည်သော၊ နာဂေါ-ဣဝ- ဆင်ပြောင်ကြီးကဲ့သို့၊ ဧကော- တစ်ယောက်တည်း၊ စရေ- စရေယျ- ကျင့်သုံး နေထိုင်ရာ၏။

(ဂ) ဧကဿ- တစ်ယောက်တည်း၊ စရိယံ- နေထိုင်ကျင့်သုံးခြင်းသည်၊ သေယျော- မြတ်ပါပေ၏၊ ဗာလေ- သူမိုက်၌၊ သဟာယတာ- သီလအစ- နိဗ္ဗာန်အဆုံးရှိသော တရားတည်းဟူသော အပေါင်း အဖော်၏အဖြစ်သည်၊ နတ္ထိ- မရှိလေ။

အရညေ- တော၌၊ မာတင်္ဂေါ၊ မတင်္ဂမည်သော၊ နာဂေါ- ဆင်ပြောင်ကြီးသည်၊ အပ္ပောသုက္ကော- ကြောင့်ကြမဲ့- ဝါ -မည်သည့်အရာကိုမျှမငဲ့မကွက်၊ ဧကော- တစ်ယောက်တည်း၊ စရတိ- ဣဝ- နေထိုင်သကဲ့သို့၊ ဧကော-တစ်ယောက်တည်း၊ (အပ္ပေါသုက္ကော- ကြောင့်ကြမဲ့- ဝါ - မည်သည့်အရာကိုမျှမငဲ့ မကွက်၊ စရေ- စရေယျ- နေထိုင်ကျင့်သုံးရာ၏၊ ပါပါနိ- မကောင်းမှုတို့ကို)၊ နစကရိယာ- မပြုရာသည်သာတည်း ။

**ကောသမ္ဗကဝတ္ထု ပြီး၏။**

## ၅။ မဟာကာဠထေရ် ဝတ္ထု

ကဲ - ညီငယ် စူဠကာဠ(မောင်ညိုလေး) ငါတို့နေရာ သေတဗျမြို့က ကုန်ပစ္စည်းဝယ်ယူဖို့ သာဝတ္ထိမြို့ကို လှည်းငါးရာခေါ် ဆောင်ပြီးလာခဲ့ကြတာ သာဝတ္ထိမြို့နှင့် ဇေတဝန်ကျောင်းတော်ကြီးအကြား လှည်းစခန်းကို ရောက်လာကြပြီကွယ့် -

ဟုတ်ပါတယ်အစ်ကိုကြီး မဟာကာဠ (ဦးညိုကြီး)

လှည်းအစီးငါးရာဆိုတာ မနည်းလှဘူး၊ ဒီတော့ ညီလေးက လှည်းငါးရာ စုံမစုံစစ်ကြည့်ဦးကွာ, နွားတွေလည်းခရီးပန်းရှာကြတယ်၊ ပါလာတဲ့ကောက်ရိုး ပြတ်စင်းပြီး ပဲမှော်တွေနှင့် ဖွဲနုခပ်များများ ရေနှင့်ဖျော် နွားကျွေးတောင်းထဲ ထည့်ကျွေးကြပါစေ, လှည်းဦးစီးတွေကိုပြောဟေ့ - ကောင်းပါပြီအစ်ကိုကြီး။

ဟာ သာဝတ္ထိမြို့တွင်းကလူတွေ အစုလိုက်ထွက်ထွက်လာလိုက်ကြတာ မနည်းပါဘဲလား၊ ငါကြားဖူးထားတာက သာဝတ္ထိမြို့သူမြို့သား လူခုနစ်ကုဋေထဲမှာ အရိယာလူတွေက ငါးကုဋေ၊ ပုထုဇဉ်လူတွေက နှစ်ကုဋေတဲ့ အရိယာလူတွေ ဖြစ်ကောင်း ဖြစ်လိမ့်မယ်, မေးကြည့်ဦးမှပဲ သူတို့လက်မှာကလည်း ပန်းစည်းတွေ၊ ဖယောင်းတိုင်တွေ၊ အမွှေးတိုင်တွေနဲ့၊

ဦးဦးတို့ ဒေါ်ဒေါ်တို့ ဘယ်သွားကြမလို့ပါလဲ၊

အေး, တို့က မြတ်စွာဘုရားကျောင်းတော်သွားပြီး တရားနာကြမလို့။

ဟုတ်ပြီ၊ ငါထင်ထားတဲ့အတိုင်းပါပဲ သူတို့သာဝတ္ထိ အရိယာလူတွေမှာ လုပ်ငန်းဆောင်တာက နှစ်မျိုးပဲရှိသတဲ့, နံက်ပိုင်းအချိန်မှာ ဆွမ်းလောင်း ဆွမ်းတော်ကပ်၊ ညနေပိုင်းအချိန်မှာ ပန်း၊ ဆီမီး၊ ဖယောင်းတိုင်၊ အမွှေးတိုင်ယူပြီး တရားနာသွားတာပဲတဲ့ ငါလဲတရားနာလိုက်သွားဦးမှပဲ, အင်း - ငါ့ညီလေး စူဠကာဠနဲ့ ပြောဦးမှပဲ။

ငါ့ညီ စူဠကာဠ

အစ်ကိုကြီးဘာလဲ၊

ဟိုမှာကွယ့် အရိယာလူတွေ ဘုရားကျောင်းတော်သွားပြီး တရားနာကြမလို့တဲ့ အစ်ကိုကြီးလဲလိုက်သွားဦးမည်၊ ငါ့ညီက ဒီလှည်းတွေနှင့် ကုန်ပစ္စည်းတွေကို စောင့်ရှောက်လိုက်ဦး လှည်းဦးစီးတွေကိုရောပေါ့ကွာ, မြို့ထဲလျှောက်လည်မနေကြနဲ့ -

ကောင်းပါပြီ အစ်ကိုကြီး

ဟာ တရားနာပရိသတ်တွေအများကြီးပဲ ငါနောက်ကျနေတယ်၊ မတတ်နိုင်တော့ဘူး၊ ဒီပရိသတ်စွန်းနေရာက နေပြီးတရားနာရတော့မှာပဲ။

အင်း၊ တရားနာရတာ ကောင်းလိုက်တာ၊ မြတ်စွာဘုရားဟာ ငါလုပ်ကိုင်နေတာကို သိပြီးဟောလိုက်တာလို့ပဲထင်တယ် -

ကာမရဲ့အပြစ်တွေ များပြားထွေလာကျယ်ဝန်းလိုက်တာ -

အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ အဆင်း၊ အသံ ၊ အနံ့၊ အရသာ၊ အတွေ့အထိ, ငါးမျိုး အဆင်းက ဖြူ ပြာ၊ နီ၊ ဝါ၊ အစိမ်း၊ အနက်

အဖြူကလဲ အဖြူသက်သက်၊ အဖြူပျက်၊ အပြာကလဲ အပြာရင့်၊ အပြာနု၊ အနီကလဲ အနီရင့်၊ အနီနု ပန်းရောင်၊ အဝါကလဲ အဝါရင့်၊ အဝါနု၊ အစိမ်းရောင် အနက်ရောင်တွေကလဲ ဒီလိုပဲ အနုအရင့်အမျိုးမျိုး

မိန်းမအသံဆိုရာမှာလဲ အသံနဲ့ အသံရှင်။

ယောကျ်ားအသံဆိုရာမှာလဲ ဒီလိုပဲ အသံနဲ့ အသံရှင်။

အနံ့ကလဲ ဟင်းနံ့၊ ထမင်းနံ့၊ မုန့်အနံ့၊ သစ်သီးအနံ့၊ ပန်းပွင့်အနံ့၊ ယောကျ်ားနံ့၊ မိန်းမနံ့၊ သနပ်ခါး၊ ပေါင်ဒါအနံ့အမျိုးမျိုး၊ အနံ့ဆိုရာမှာလည်း အနံ့ရော၊ အနံ့ရဲ့တည်ရာ အထည်ဝတ္ထုရောအမျိုးမျိုး၊ အရသာကလည်း အမျိုးမျိုး၊ ချို၊ ချဉ်၊ ငံ၊ စပ်၊ ဖန်၊ ခါး အရသာရဲ့ တည်ရာဝတ္ထုအမျိုးမျိုး၊

အတွေ့အထိကလည်း အဝတ်နဲ့ အသားနဲ့တွေ့တာ မွေ့ရာနဲ့ ကိုယ်နဲ့ တွေ့တာ၊ လက်နဲ့တွေ့တာ၊ ယောကျ်ားအတွေ့၊ မိန်းမအတွေ့အမျိုးမျိုး၊

ဒီအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတာတွေက ငါကစပြီး လူတွေအားလုံး ရှာဖွေစုဆောင်း သိမ်းဆည်းထားတဲ့ အရာဝတ္ထုပစ္စည်းတွေ ဖြစ်ရမှာဆိုတော့ အကောင်းတွေချည်းပဲဖြစ်ရမှာ၊ မကောင်းတဲ့ အဆင်းအသံ စသည်တွေကိုတော့ မည်သူမျှမရှာဘူး စုဆောင်းသိမ်းဆည်းဖို့ ဆိုတာတော့ အဝေးကြီးပဲ -

ဒါကြောင့် မြတ်စွာဘုရား ဟောလိုက်တော်မူတာက စက္ခုဝိညေယျာရူပါ ဣဋ္ဌာကန္တာမနာပါပိယရူပါ ကာမူပသံဟိတာ, ရဇနီယာ - တဲ့။

စက္ခုဝိညေယျာ- မျက်စိဖြင့် မြင်သိအပ်ကုန်သော၊ ဣဋ္ဌာ- လိုလားအပ်ကုန်သော၊ ကန္တာ- နှစ်သက်အပ်ကုန်သော၊ မနာပါ- စိတ်နှလုံးကိုတိုးပွားစေတတ် ကုန်သော၊ ပိယရူပါ- ချစ်စရာကောင်းကုန်သော၊ ကာမူပသံဟိတာ- ကိလေသကာမခေါ်တဲ့ တဏှာလောဘနှင့် အာရုံအဖြစ်ဖြင့် ဆက်စပ်ကုန်သော၊ ဝါ- ကိလေသကာမခေါ်တဲ့- တဏှာလောဘကို ဖြစ်စေတတ်ကုန်သော၊ ရဇနီယာ- တပ်မက်အပ်ကုန်သော၊ ဝါ- တဏှာရာဂဖြစ်ဖို့အကြောင်းဖြစ်ကုန်သော၊ ရူပါ- အဆင်းမျိုးစုံတို့-

ဒီနည်းအတိုင်းပါပဲ။

သောတဝိညေယျာသဒ္ဒါ၊ ဃာနဝိညေယျာဂန္ဓာ၊ ဇိဝှါဝိညေယျာရသာ၊ ကာယဝိညေယျာ ဖောဋ္ဌဗ္ဗာ၊ ဣဋ္ဌာ, ကန္တာ, မနာပါ, ပိယရူပါ, ကာမူပသံဟိတာ, ရဇနီယာ- တဲ့။

အတိုချုံးလိုက်တော့ -

မျက်စိနဲ့မြင်လိုက်ရလို့ ချစ်ခင်နှစ်သက်ဖွယ် အဆင်း

နားနဲ့ကြားလိုက်ရလို့ ချစ်ခင်နှစ်သက်ဖွယ် အသံ

နှာခေါင်းနဲ့ တွေ့ဆုံရလို့ ချစ်ခင်နှစ်သက်ဖွယ် အနံ့

လျှာနဲ့တွေ့ဆုံရလို့ နှစ်သက်သာယာဖွယ်အရသာ

လက်ခြေအစရှိသော ကိုယ်အစိတ်အပိုင်းနဲ့သော်လည်းကောင်း

ကိုယ်တစ်ခုလုံးနဲ့သော်လည်းကောင်း တွေ့ဆုံရ တွေ့ထိရလို့ နှစ်သက်သာ

ယာဖွယ် အတွေ့ဆိုတဲ့ အာရုံငါးပါးပါပဲ

ဒီအာရုံငါးပါးရဲ့အသီးသီးတည်ရာ အထည်ဝတ္ထုဒြပ်တွေဟာ ပုထုဇဉ် မှန်သမျှလိုလားအပ်တာတွေ, လိုချင်စရာတွေ, နှစ်သက်အပ်တာတွေ, နှစ်သက် စရာတွေ, စိတ်နှလုံးကိုရွှင်ပြုံးစေတာတွေ, ချစ်အပ်တာတွေ, ချစ်စရာတွေ, ကိလေသာကာမခေါ်တဲ့ တဏှာလောဘ, ဖြစ်စရာတွေ, တပ်မက်စွဲလန်းစရာတွေဖြစ်လို့ ကာမတဲ့

အဲဒီကာမတွေက အဆင်းကာမမှာလည်း အမျိုးမျိုး၊ အသံကာမ - အနံ့ ကာမ - အရသာကာမ - အတွေ့ကာမမှာလည်းအမျိုးမျိုးစုပုံနေလို့ ကာမအစုအပုံ ကာမဂုဏ်တဲ့ -

(ဂုဏသဒ္ဒါ၏+ ရာသီအစုအနက်ကို ရည်ရွယ်သည်)

ဒီကာမတွေက ဝတ္ထုကာမတွေပဲ၊ ဒီဝတ္ထုကာမတွေက ပုထုဇဉ်တွေ အားလုံးနဲ့ ကာမရာဂကိလေသာ မကင်းသေးတဲ့ သောတာပန် - သကဒါဂါမ်- အရိယာတွေကို ဆန္ဒရာဂ တဏှာ လောဘ ဆိုတဲ့ ကိလေသာကာမဖြစ်ပေါ်လာအောင် ကိလေသာကာမနဲ့ မကင်းနိုင်အောင် တုပ်နှောင်ဖွဲ့စည်းထားတတ်လို့ ကာမဂုဏ်တဲ့ (ဂုဏသဒ္ဒါ၏ ဗန္ဓန+ အနှောင်အဖွဲ့အနက်ကိုရည်ရွယ်သည်)

လူရယ်လို့ဖြစ်လာပြန်တော့ ဒီဝတ္ထုကာမတွေက ရှောင်တိမ်းလို့မရနိုင်တဲ့ပြင် မရ- ရအောင် ရှာဖွေကြရတယ် - ကိုယ့်ရဲ့အတိတ်ကုသိုလ်ကံအားလျော်စွာ ရရှိထားတဲ့ ဒီဝတ္ထုကာမတွေကို အကြောင်းပြုပြီး သုခ, ကိုယ်ချမ်းသာ, သောမနဿ- စိတ်ချမ်းသာမှုကိုရကြတယ်။

ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုကိုရလိုလို့ ဝတ္ထုကာမတွေကို ရနိုင်တဲ့ နည်းမျိုးစုံနဲ့ရှာဖွေကြတယ်၊ ပန်းချီဆေးရေးအတတ်ပညာနဲ့ရှာဖွေတဲ့လူ ဗေဒင် ဟော, ဇာတာဖွဲ့ ပညာနဲ့ရှာဖွေတဲ့လူ, ဆင်အတတ်ပညာ၊ မြင်းအတတ်ပညာနဲ့ ရှာဖွေတဲ့လူ, မင်းမှုထမ်းအလုပ်နဲ့ ရှာဖွေတဲ့လူလို့ လူအမျိုးမျိုးရှိကြတယ်၊ လယ်ယာလုပ်ကိုင်မှု၊ နွားမွေးမြူမှုနဲ့လည်း ရှာဖွေကြတယ်၊ ကုန်ရောင်းကုန်ဝယ်ဆိုတဲ့ ကုန်သည်အလုပ်နဲ့လည်း ရှာဖွေကြရတယ်၊ ဝတ္ထုကာမတွေကို ရှာဖွေရေးလုပ်ငန်းအမျိုးမျိုးကို မြတ်စွာဘုရားဟောတော်မူတယ် ။ ကိုယ့်အလုပ်နဲ့ကိုယ် ရှာဖွေကြရမှာ - ချမ်းတယ်ပူတယ်လို့လဲ မနေအားဘူး၊ ခြင်ကိုက်တယ်၊ မှက်ကိုက်တယ်လို့လဲ မနေရဘူး၊ နေပူလဲမရှောင်သာ၊ မိုးရွာလည်းမရှောင်သာ ရှာဖွေကြရတယ်၊ ရှာဖွေသွားလာနေစဉ် ရေငတ်တာ၊ ထမင်း ဆာတာတွေကို အောင့်အီးသည်းခံ, အံတကျိတ်ကျိတ်နဲ့ ရှာဖွေကြရတာဟာ ဆင်းရဲတွေတဲ့, ဒီဆင်းရဲတွေ မည်သူ့ကြောင့် ဖြစ်လာတာလဲ၊ ကိလေသာကာမ အရင်းခံပြီး ဝတ္ထုကာမတွေကြောင့်ဖြစ်ရတာတဲ့, ဟုတ်ပေတယ်၊ ငါကိုယ်တိုင်ပဲ ယခုကိုယ့်အိမ်က လှည်းငါးရာနှင့်အတူ ထွက်လာလိုက်တာ ခရီးလမ်းတလျှောက်လုံးအညောင်းခံခဲ့ရတယ်၊ အစားကိုလည်း စားချင်သလောက်မစားရ, အိပ်ချင်သလောက်မအိပ်ရ၊ ဇွဲတင်းပြီး လာလိုက်ကြတာ သာဝတ္ထိမြို့နဲ့ ဇေတဝန်ကျောင်း တော်အကြား တစ်နေရာရောက်ကြတော့ ကိုယ့်အတွက်သာမက လှည်းဦးစီးတွေအတွက် နွားတွေအတွက်ကိုပါ ကြောင့်ကြရတာ ဒါတွေဟာ ဝတ္ထုကာမအတွက်ဖြစ်တဲ့ ဆင်းရဲတွေပဲ၊

ဒါတွေသာမက မြတ်စွာဘုရားဟောပြတာက ထကြွလုံ့လဝီရိယကြီးမားစွာထားပြီး ပစ္စည်းဥစ္စာဆိုတဲ့ ဝတ္ထုကာမကို ရှာဖွေတိုင်းရတာမဟုတ်ဘူးတဲ့၊ မရလေတော့၊ ငါကြိုးစားရှာဖွေရတာ အချည်းနှီးပင်ပန်းရုံရှိတာပဲ၊ ငါရဲ့အားထုတ်မှုဟာ အကျိုးမပြီး အချည်းနှီးပဲလို့ ပူဆွေးပင်ပန်းရတယ်၊ တချို့များ, ရင်လက်ခပ်တီးငိုကြွေးကြရတယ်၊ တွေဝေငေးမောကြရတယ်တဲ့၊ ဒါလဲ ဝတ္ထုကာမအတွက် ဖြစ်ရတဲ့ဆင်းရဲပဲ၊ ဝတ္ထုကာမရဲ့အပြစ်တွေကို၊ ဟုတ်ပေတယ်၊ ငါကိုယ်တိုင်တွေ့နေရတာပဲ၊

ရှာဖွေမှုအမျိုးမျိုးဖြင့် ဥစ္စာပစ္စည်းဆိုတဲ့ ဝတ္ထုကာမတွေကို ရရှိထားပြန်တော့ ခိုးသူတွေ မခိုးရအောင်, မီးမလောင်အောင်, ရေမဖျက်ဆီးအောင် အမွေခံ သားဆိုးသမီးဆိုးတွေမသိအောင် စောင့်ရှောက်ရတာ လျှို့ဝှက်ထားရတာ ဒါသာမက မင်းအစိုးရများက မသိမ်းယူနိုင်အောင် စဉ်းစားစောင့်ရှောက်ကြရတာဟာ ဆင်းရဲတာပဲ၊ ဒီဆင်းရဲဟာ ဝတ္ထုကာမကြောင့်ဖြစ်တဲ့ဆင်းရဲ၊ ဝတ္ထုကာမရဲ့ အပြစ်တွေတဲ့၊

စောင့်ရှောက်မှုမျိုးစုံဖြင့် စောင့်ရှောက်ထားတဲ့ ကိုယ့်ဥစ္စာပစ္စည်းဆိုတဲ့ ဝတ္ထုကာမကို ခိုးသူခိုးယူသွားသော် - မီးလောင်ပျက်စီးသွားသော် - ရေမျော သွားသော် - အမွေခံသားဆိုးသမီးဆိုးက မသိအောင်ယူသွားသော်, မင်းအစိုးရတို့က သိမ်းယူသွားသော် စိုးရိမ်ပူဆွေးရတယ်၊ ပင်ပန်းရတယ်၊ ငါပင်ပင်ပန်းပန်းရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းတွေမရှိတော့ပါဘူးလို့ ရင်လက်ခပ်တီးငိုကြွေး ပင်ပန်းရတယ်၊ တွေဝေငေးမော

ရတယ်၊ ဒီဆင်းရဲဟာလည်း ဝတ္ထုကာမကြောင့် ဖြစ်တဲ့ဆင်းရဲ, ဝတ္ထုကာမရဲ့အပြစ်တွေတဲ့၊

ဒီမျှမကဘူး မြတ်စွာဘုရားက ဆက်ပြီးဟောတော်မူသေးတယ်,

ဝတ္ထုကာမတွေကို အကြောင်းပြုပြီး မင်းအချင်းချင်း, ပုဏ္ဏားအချင်းချင်း, သူကြွယ်(ပစ္စည်းရှိသူ) အချင်းချင်းငြင်းခုံကြတယ်၊ အမိက သားနှင့်ငြင်းခုံရတယ်၊ သားကအမိနှင့်ငြင်းခုံရတယ်၊ အဖကသားနှင့် ငြင်းခုန်ရတယ်၊ သားက အဖနှင့်ငြင်းခုံရတယ်၊ အစ်ကိုနှင့်ညီ, ညီနှင့်အစ်ကို, မောင်နှင့်နှမ, အမ၊ အမ,နှမနှင့် မောင်၊ မောင်အချင်းချင်းငြင်းခုံရတယ်၊ မိတ်ဆွေအချင်းချင်း ငြင်းခုံရတယ်၊ တရားတပေါင်စွဲဆိုကြရတယ်၊

ဒီမျှမက လက်သီးနဲ့ထိုး၊ ဒုတ်နဲ့ရိုက်၊ ဓားနှင့်ခုတ်၊ သွေးထွက်သံယို ဖြစ်ကြရတယ်၊ တချို့သေသည် အထိဖြစ်ကြရတယ်၊ ဒါဒွေဟာ ဝတ္ထုကာမတွေ ကြောင့်ပဲ၊ ဝတ္ထုကာမရဲ့အပြစ်တွေတဲ့။

ခိုးဆိုးတိုက်ခိုက်လေ့ရှိတဲ့လူတွေမှာ ခိုးဆိုးမှု တိုက်ခိုက်မှုကြောင့် အပြစ်ဒဏ်ပေးခံကြရတယ်၊ တချို့သေဒဏ်ထိ ပေးခံကြရတာလည်းရှိတယ်၊ ဒါတွေ အားလုံးဥစ္စာပစ္စည်းဆိုတဲ့ ဝတ္ထုကာမတွေကြောင့် ဖြစ်ရတာချည်းပဲ၊ ဝတ္ထုကာမရဲ့ အပြစ်တွေချည်းပဲတဲ့၊ အင်း - ဘာကမှမကောင်းပါပဲလား။

ဒီထက်ကြောက်စရာကောင်းတာပါသေးတယ်၊ ဒီဝတ္ထုကာမတွေကို ရလိုမှုနဲ့ ကာယဒုစရိုက်တွေကို ပြုကြတယ်၊ ဝစီဒုစရိုက်တွေကိုပြုကြတယ်၊ မနော ဒုစရိုက်တွေကို ပြုကြတယ်၊ ဒုစရိုက်တွေကိုပြုလေတော့ ဒီဘဝက ကွယ်လွန်ခဲ့တဲ့အခါ ငရဲ - တိရစ္ဆာန် - ပြိတ္တာ - အသူရကာယ်၊ အပါယ်လေးဘုံမှာ ထိုက်သင့် ရာဖြစ်ကြရတယ်၊ ဒီလိုဖြစ်ရတာဟာလည်း ဝတ္ထုကာမတွေကြောင့်ပဲ၊ ဝတ္ထုကာမရဲ့ အပြစ်တွေပဲတဲ့ မသက်သာပါပဲလား ။

ဟော သက်သာဖို့လည်းထည့်ဟောလိုက်ပါကလား၊ အဲဒီဝတ္ထုကာမတွေကို လိုချင်တတ်, တပ်မက် တတ် ပြင်းထန်စွာမက်မောသာယာတတ်တဲ့ ဆန္ဒရာဂ ဆိုတဲ့ တဏှာလောဘ အပြီးသတ်ငြိမ်းမှု နိဗ္ဗာန်ကိုရမှ ကိလေသာကာမ၊ ဝတ္ထုကာမအားလုံးက ထွက်မြောက်တော့တယ်တဲ့၊ ကာမတွေက ထွက်မြောက်မှု နိဗ္ဗာန်ကို ရဖို့ကလည်း လိုချင်ရုံနဲ့မရဘူး၊ နိဗ္ဗာန်ရကြောင်း မဂ္ဂပြဟ္မစရိယ အရိယမဂ်ဆိုတဲ့ မြတ်သောအကျင့်ကို ကျင့်ရမည်တဲ့၊ အရိယမဂ်ဆိုတဲ့ မြတ်သောအကျင့်ကို ကျင့်နိုင်ဖို့က အရိယမဂ်မရောက်မီ ရှေ့အဖို့ရှေ့ပိုင်းက ပုဗ္ဗဘာဂမဂ်ဖြစ်တဲ့ ဝိပဿနာဆိုတဲ့ သီလ သမာဓိ ပညာ သိက္ခာသုံးရပ်အကျင့်မြတ်ကို ကျင့်ရမည်လို့ ဟောတော်မူလိုက်တာ ဝမ်းသာစရာကြီးပါပဲ။

သဗ္ဗံကိရပဟာယဂန္တဗ္ဗံ၊ ပရလောကံဂစ္ဆတ္တံ၊
နေဝဘောဂါနဉာတကာစအနုဂစ္ဆန္တိ၊
ကိံ မေ ယရာဝါသေနပဗ္ဗဇိဿာမိ။

သဗ္ဗံ- ပစ္စည်းဥစ္စာ, ဆွေမျိုးဉာတကာအားလုံးကို၊ ကိရ- စင်စစ် ဧကန်သေချာပေါက်၊ ပဟာယ- ခွဲခွာစွန့်ပစ်၍၊ ဂန္တဗ္ဗံ- နောက်ဘဝသို့သွားရောက်ရမည်၊ ပရလောကံ - တမလွန်နောက်ဘဝသို့၊ ဂစ္ဆန္တံ- သွားရောက်သူကို၊ ဘောဂါ- ရွှေငွေ စပါးစည်းစိမ်ဥစ္စာများတို့သည်၊ နေဝအနုဂစ္ဆန္တိ- မလိုက်မပါကြလေကုန်၊ ဉာတကာစ- ဆွေးမျိုးမောင်နှမချစ်ခင်သူဟူသမျှတို့သည်လည်း၊ နအနုဂစ္ဆန္တိ- လိုက်မလာကြလေကုန်၊ မေ- ငါ့အဖို့ ယရာဝါသေန- အိမ်ရာတည်ထောင် လူ့ဘောင်၌နေခြင်းဖြင့်၊ ကိံ- ဘာအကျိုးရှိမည်နည်း၊ ပဗ္ဗဇိဿာမိ- ဘဝစခန်း အေးရာမှန်းလျက် ရှင်ရဟန်းပြုပေတော့အံ့။

ဟော- တရားနာပရိတ်သတ်တွေပြန်သွားကြပြီ, မြတ်စွာဘုရားထံသွားလျှောက်ထားမှပဲ၊

မြတ်စွာဘုရား တပည့်တော်ကို ရှင်ရဟန်းပြုပေးတော်မူပါဘုရား။

သင့်မှာ ခွင့်ပန်သင့်သူမရှိဘူးလား။

မြတ်စွာဘုရား တပည့်တော်မှာ ခွင့်ပန်သင့်သူ ညီငယ်တစ်ယောက်ရှိပါသည် ဘုရား။

ခွင့်ပန်သင့်သူရှိနေတော့ သင့်ညီငယ်ကို ပန်ကြားချေဦး။

ကောင်းပါပြီ ဘုရား။

× × × ×

အစ်ကိုကြီး တရားပွဲကပြန်လာပြီလား၊

အေး - ပြန်လာပြီကွယ့် ညီလေးလာပါဦး ပြောစရာရှိလို့၊

ပြောပါအစ်ကိုကြီး၊

ညီလေး- တို့လှည်းငါးရာနဲ့ပါလာတဲ့ ဒီပစ္စည်းတွေအားလုံးကို ညီလေးသဘောရှိ စီစဉ်သုံးစွဲပေတော့။

အစ်ကိုကြီး - အစ်ကိုကြီးကော ဘာလုပ်မလို့လဲ၊

ညီလေး အစ်ကိုကြီး မြတ်စွာဘုရားထံတော်မှာ ရှင်ရဟန်းပြုတော့မည်။

ဘယ်လိုပြောလိုက်တာလဲ အစ်ကိုကြီး, ညီလေးတို့မှာ အမိ၊ အဖဆိုလို့ အစ်ကိုကြီးပဲရှိတာ၊ ညီလေးနဲ့ အစ်ကိုကြီးတို့က နယ်လေးရပ် လှည့်ပတ်ပြီး ရောင်းကုန်တွေ အိမ်အရောက်သယ်ယူခဲ့၊ အိမ်မှာ ကျန်ရစ်တဲ့ အစ်ကိုလတ် မဇ္ဈိမကာဠ(ညိုလတ်)က ထိုင်ရောင်း၊ ဒီလိုလုပ်ကိုင်နေလာကြတာ၊ အစ်ကိုကြီး သက်န်းဝတ်သွားလျှင် ညီလေးရော အစ်ကိုလတ်ရော - အားပြတ်ရစ်တော့မှာပဲ၊

ဒါနဲ့ အစ်ကိုကြီး ရဟန်းပြုမှာက ဒုလ္လဘ ရဟန်းလား -

ညီလေး - မင်းက ဒုလ္လဘရဟန်းဆိုတာ ရခဲတဲ့ရဟန်းဘဝကို ငါလဲရခဲ့တာပဲလို့ ပြောရရုံ သုံးရက်၊ ခုနစ်ရက်၊ တစ်လ၊ နှစ်လပေါ့ကွာ၊ ရဟန်းဘဝနဲ့နေပြီး လူထွက်လာတာမျိုးလို့ထင်နေတာလား။

ဟုတ်ပါတယ် အစ်ကိုကြီး၊ အစ်ကိုကြီး ပြောသလိုပဲထင်ထားတာ။

အစ်ကိုကြီးက အဲဒီလို ဒုလ္လဘ ရဟန်းမျိုးကို လုပ်မှာမဟုတ်ဘူးကွယ့်၊

ဒုလ္လဘကို ရာသက်ပန်အရယူမည်၊ မြတ်စွာဘုရားဟောတော်မူတဲ့ ကာမထွက်မြောက်မှု နိဿရဏခေါ် နိဗ္ဗာန်ကို တိတိကျကျအရယူနိုင်အောင် ပဋိပတ်ကို ကျင့်သုံးရမည့် ဒုလ္လဘ ရဟန်းမျိုးကို ပြုမှာကွယ့်၊

အော် - ကျွန်တော်သိထားတဲ့ ဒုလ္လဘရဟန်းမျိုးမဟုတ်ပါပဲလား၊ အစ်ကိုကြီး ရည်မှန်းထားတဲ့ ဒုလ္လဘ ရဟန်းမျိုးက မြင့်မြတ်ပါပေတယ်၊ ကဲကဲ အစ်ကိုကြီး သဘောအတိုင်းပါပဲ။

× × × ×

အစ်ကိုကြီးတော့ ရဟန်းပြုသွားပြီ အစ်ကိုကြီးကိုပြန်ခေါ်နိုင်အောင် ငါလဲရဟန်းပြုဦးမှပဲ၊ အစ်ကိုကြီးကို ပြန်ခေါ်ပြီး ငါလူထွက်မည်၊

× × × ×

မှန်လှပါဘုရား တပည့်တော် ရဟန်းမဟာကာဠပါဘုရား -

မေးလျှောက်ပါရစေဘုရား၊

မြတ်စွာဘုရား - မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်တွင်းမှာ ရဟန်းပြုနေသူများ ထမ်းဆောင်ရမည့်တာဝန်(ဓုရ)မည်မျှရှိပါသနည်းဘုရား။

ချစ်သားမဟာကာဠ -

ရဟန်းတို့ထမ်းဆောင်ရမည့် တာဝန်(ဓုရ)နှစ်မျိုးရှိတယ် -

(၁) ဂန္ထဓုရ

(၂) ဝိပဿနာဓုရ ဒီနှစ်မျိုးပဲ

(ဓုရ- နှစ်မျိုးအဓိပ္ပာယ်ကို စက္ခုပါလထေရ်ဝတ္ထုမှာ ပြန်ကြည့်ပါ)

မြတ်စွာဘုရား တပည့်တော်က အသက်ကြီးလာမှ ရဟန်းပြုရသူဖြစ်လို့ ဂန္ထဓုရကို မဖြည့်နိုင်တော့ပါ။ ဝိပဿနာဓုရကို ဖြည့်ပါမည်ဘုရား။

အရဟတ္တဖိုလ်ပေါက်ကမ္မဋ္ဌာန်းတရားတော်ကို ချီးမြှောက်တော်မူပါဘုရား။

(အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းတရားကို စက္ခုပါလထေရ်ဝတ္ထုမှာပြန်ကြည့်ပါ)

ငါ့ကို မြတ်စွာဘုရားက ဓုတင်အကျင့်ကိုပါထည့်သွင်းပြီး အရဟတ္တဖိုလ် ပေါက်ကမ္မဋ္ဌာန်းတရားကို ချီးမြှောက်လိုက်တယ်၊ သုသာန်တွင်းဝင်ပြီး ကျင့်သုံးအပ်တဲ့ သောသာနိကဓုတင်ကိုပါကျင့်မှုပဲ၊

"နသုသာနံပဋိက္ခိပါမိ၊ သောသာနိကင်္ဂံ သမာဒိယာမိ၊ သုသာန်မဟုတ်သော အရပ်ကိုပယ်ပါ၏။ သုသာန်၌နေခြင်း၊ ကျင့်ဝတ်ရှိသောရဟန်းဖြစ်ကြောင်း၊ အင်္ဂါကိုဆောက်တည်ပါ၏"

ကဲ သောသာနိကဓုတင်ကို ဆောက်တည်ထားပြီးပြီ၊ ညဉ့်ရဲ့ရှေ့ပိုင်းအချိန် ပထမယာမ်ကျော်လာပြီ - ဘေးပတ်ဝန်းကျင်ရှိ သံဃာများလည်း ကျိန်းစက်နေကြပြီ၊ သုသာန်ကိုသွားမှုပဲ၊

အနိစ္စာမေပဉ္စက္ခန္ဓာ၊ အနိစ္စာယမရိယန္တိ၊

မရဏန္တံဂမိတွာန၊ ဣမံကာယံခိပ္ပိဿန္တိ။

မေ- ငါ၏၊ ပဉ္စက္ခန္ဓာ - ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ အနိစ္စာ- မမြဲကြလေကုန်၊ အနိစ္စာယ- မမြဲခြင်းကြောင့်၊ မရိယန္တိ- ရုပ်သက်၊ နာမ်သက်၊ ထိုနှစ်ချက်လုံး ပျက်ဆုံးကြလိမ့်မည်၊ မရဏန္တံ- တစ်ဘဝတွက် ရှေ့မဆက်ပဲ အသက်ကုန်သုဉ်းသေခြင်းဟူသော အဆုံးသို့၊ ဂမိတွာ- ရောက်ကြကုန်ပြီးသော်၊ ဣမံကာယံ- ကမ္မဇ, စိတ္တဇ, အဟာရဇ, ရုပ်သုံးဝတို့ ချုပ်ကြလေပြန် စင်းစင်းကျန်နေ အမြန်ထုတ်ဆောင် ဉတုဇရုပ် ကောင်ကို၊ ခိပ္ပိဿန္တိ- မီးရှို့တတန် မြှုပ်နှံနိုင်ပေ၊ သုသာန်မြေ၌ နေရာသစ်ပြ ပစ်ချကုန်လတ္တံ့။

အင်း - ဒီငါ့ခန္ဓာကိုယ်ဟာ မတင့်တယ် စက်ဆုတ်ဖွယ် ရွံရှာဖွယ်ကြီးပါတကား။

× × × ×

ကဲ- ဒီညဉ့်အချိန်မှာ ငါ့ကိစ္စပြီးပြန်ပြီ၊ သန်းခေါင်ယံကျော်လို့ ပစ္ဆိမ(နောက်ဆုံး)ယာမ်လင်း အားကြီးအချိန်ရောက်လာပြီ၊ မည်သူမျှ အိပ်ရာမထမီ ကျောင်းပြန်မှုပဲ။

× × × ×

ငါက(ကာလီ)သုသာန်မှာ မီးရှို့ရမည့် အလောင်းရောက်လာလျှင် မီးရှို့ဖို့ စောင့်မျှော်နေရတဲ့ သုသာန်စောင့်ပဲ၊ ရပ်တဲ့နေရာ၊ ထိုင်တဲ့နေရာ၊ စင်္ကြံလျှောက်တဲ့နေရာတွေကို တွေ့ရတယ်၊ ဒီသုသာန်မှာ ဘယ်သူလာပါလိမ့် စုံစမ်းရဦးမည်။

× × × ×

ငါစုံစမ်းနေတာ သုံးရက်တောင်ကြာလာပြီ မည်သူရယ်လို့ မသိရဘူး၊ ဒီနေ့ညတော့ တစ်မျိုးစီစဉ် စုံစမ်းဦးမှုပဲ၊

ကဲ - ဒီသုသာန်တွင်းက အိမ်ထဲမှာ မီးထွန်းထားပြီးပြီ ငါ့သားသမီးတွေကို တစ်နေရာခေါ် သွားပြီး ပုန်းလျှိုးချောင်းကြည့်ရဦးမည်၊

အော်- သန်းခေါင်ယံ အချိန်ရောက်လာပြီ အားလုံးအိပ်ကုန်ကြပြီ၊ သုသာန်သွားလေမှပဲ -

ဟော - ရဟန်းတော်တစ်ပါးတွေ့ကြွလာပြီ၊ ဟိုနေရာတွေဟာ ဒီရဟန်းရပ်ရာ, ထိုင်ရာ, စင်္ကြံသွားရာတွေပဲ၊ ဒီရဟန်းထံသွား အရိုအသေပေး, ဦးချရှိခိုးပြီး လျှောက်ထားဦးမှပဲ။

× × × ×

အရှင်မြတ်ဘုရား အရှင်ဘုရားများ ညဥ့်အချိန်ဒီသုသာန်မှာလာရောက် သီတင်းသုံးပါသလား။

ဥပါသိကာရေ ဟုတ်ပါတယ်၊

အရှင်ဘုရား၊ သုသာန်မှာနေတဲ့ ရဟန်းတော်များ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်ကိုသိဖို့လိုပါတယ် ဘုရား။

ဥပါသိကာ ဘာကိုပြုဖို့သင့်ပါသလဲ၊

အရှင်ဘုရား သုသာန်မှာနေတဲ့ ရဟန်းတော်များဟာ မိမိသုသာန်မှာနေကြောင်း သုသာန်စောင့်ရယ် မိမိနေရာကျောင်းက နာယကထေရ်ရယ်၊ ရွာစား(ရွာသူကြီး)ရယ် ဒီသုံးဦးကို အသိပေးထားသင့်ပါတယ်။

အသိပေးထားဖို့အကြောင်းက ဘယ်လိုရှိသလဲ၊

အရှင်ဘုရား - သူခိုးလူဆိုးများဟာ အရပ်ထဲကပစ္စည်းကို ခိုးယူခဲ့လို့ ပစ္စည်းရှင်များက နောက်က အမြန်လိုက်လာကြတော့ - သုသာန်ပစ္စည်းထုပ်ကို စွန့်ပစ်ပြီးပြေးတတ်ကြပါတယ်၊

ပစ္စည်းရှင်များက သုသာန်နေ ရဟန်းကိုတွေ့တော့ အန္တရာယ်ပြုတတ်ကြပါတယ်၊ တပည့်တော်မ လျှောက်ထားခဲ့တဲ့ ပုဂ္ဂိုလ်သုံးဦးအား ကြိုတင်အသိပေးထားတော့၊ ဒီရဟန်းတော် ဒီသုသာန်မှာနေတာ တော်တော်ကြာပါပြီ၊ ကျုပ်တို့သိပါတယ်၊ ငါတို့သိပါတယ်၊ ဒီရဟန်းခိုးတာမဟုတ်ပါဘူးလို့ ပြောဆိုပြီး ပြုလုပ်မည့်ဘေးရန်ကိုကာကွယ်တားမြစ်နိုင်ကြပါတယ်၊ ဒါကြောင့် ကြိုတင်ပြောသင့်ကြောင်း လျှောက်ထားတာပါ။

ကောင်းပြီ ဥပါသိကာ, ဒါပြင် ပြုသင့်တာရှိသေးသလား၊

အရှင်မြတ်ဘုရား, သုသာန်မှာနေတဲ့ အရှင်ကောင်းများဟာ ငါး၊ အမဲသား၊ နှမ်းပြစ်၊ ဆီ၊ တင်းလဲတို့ကို ရှောင်ကြဉ်သင့်ပါတယ်၊ နေ့အချိန်မှာ မအိပ်ရပါဘူး၊ ပျင်းပျင်းရိရိမဖြစ်စေဘဲ ပြင်းထန်တဲ့ အားထုတ်မှုကို ပြုသင့်ပါတယ်၊ ကောက်ကျစ်စဉ်းလဲခြင်း၊ လှည့်စားခြင်းကင်းပြီး ကောင်းမွန်တဲ့စိတ်သဘောထား ထားရှိသင့်ပါတယ်၊ ညဥ့်အချိန် အခြားပုဂ္ဂိုလ်အားလုံးအိပ်ပျော်မှ ကျောင်းက သုသာန်ကို လာသင့်ပါတယ်၊ မိုးသောက်ခါနီး လင်းအားကြီးအချိန် အများတကာ အိပ်ရာက မထမီ ကျောင်းပြန်ကြွသင့်ပါတယ်။

တပည့်တော်မ အထူးလျှောက်ထားလိုသည်မှာ အရှင်ဘုရားက ဒီသုသာန်မှာ တရားအားထုတ်လျက် ရဟန်းကိစ္စပြီးစီးအောင် စွမ်းနိုင်ခဲ့ပါလျှင် လောလောဆယ် သေပြီးစအလောင်းကို ဒီသုသာန်မှာ လာစွန့်ကြလျှင် တပည့်တော်မ အဲဒီအလောင်းကို ကမ္ဗလာအဝတ်အထွတ်တပ်ဆင်ထားရာ သုသာန်အိမ်မှာထားကာ ပန်း၊ နံ့သာ စသည်တို့ဖြင့် ပူဇော်မှုပြုပြီးမှ ဖုတ်ကြည်း သဂြိုဟ်ပါမည်။

အရှင်ဘုရားက ဒီသုသာန်မှာ တရားအားထုတ်လျက် ရဟန်းကိစ္စပြီးအောင် မစွမ်းနိုင်သေးဘူးဆိုလျှင် အလောင်းကောင်ကို ထင်းပုံပေါ်တင် မီးရှို့ပြီးသံကောက်ဖြင့်ဆွဲ၊ မီးပုံဘေးမှာပစ်ချ၊ ပုဆိန်ဖြင့်အပိုင်းပိုင်း ခုတ်ဖြတ်ပြီး မီးပုံထဲပြန်ထည့် ပြာကျသည်အထိ ဖုတ်ကြည်းသဂြိုဟ်လိုက်ပါမည်။ အရှင်ဘုရားသဘောကို အမိန့်ရှိတော်မူပါ -

အင်း စိတ်ကောင်းရှိတဲ့ ဥပါသိကာရေ ကောင်းပါပေတယ်၊ သင်ပြောသလို ရူပါရုံကို တွေ့ကြုံလာလျှင်

ငါ့အားလျှောက်ထားပါ၊

ကောင်းပါပြီ ဘုရား။

သုဿာန်စောင့် ဥပါသိကာ- လျှောက်ထားတာလည်း ကောင်းပါတယ်၊ ငါ့အားထုတ်နေကြရဟန်းတရားကိုလည်း အားထုတ်နေဦးမှာပဲ။

× × × ×

ခက်ပြီ ငါ့(စူဠကာဠ)အဖို့ခက်ပြီ နောင်တော်ကြီး မဟာကာဠ လူ့ဝတ်ကြောင် ဘဝစိတ်ပြန်လည်အောင် သွေးဆောင်ဖြားယောင်းဖို့ အကြံအစည်နဲ့ ငါပါရောပြီး သင်္ကန်းဝတ် ရဟန်းပြုခဲ့တာ နောင်တော်ကြီးကတကယ့်သံဝေဂကြောင့် ရဟန်းပြုလာတဲ့အတိုင်း ရဟန်းတရားကို တကယ်အားထုတ်နေတာ-

ငါကတော့ အိပ်ချိန်ရောက်လို့သာ အိပ်လိုက်ရတယ်၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တဲ့ညရယ်လို့မရှိခဲ့ဘူး၊ သေတဗျမြို့မှာနေကြတဲ့ ငါ့ရဲ့ဇနီးနှစ်ယောက်နှင့် နောင်တော်ကြီးရဲ့ ဇနီးရှစ်ယောက်တို့ကတော့တမျှော်မျှော်ဖြစ်နေရှာကြမှာပဲ၊ ငါတို့ရဲ့ အဖြစ်သနစ်ကို သိရှာကြမှာမဟုတ်ဘူး၊

အစ်ကိုလတ်(မဇ္ဈိမကာဠ)ကတော့ ထိုင်ရောင်းရုံဆိုတော့ အိမ်ကမခွာဘူး၊ သူ့ဇနီးလေးယောက်နဲ့အခြေမပျက်ဘူး၊ ငါ့ရဲ့သားသမီးတွေကလဲ သူတို့အမေတွေကို ဖေဖေပြန်မရောက်သေးဘူးလား၊ ဒီတစ်ခေါက်ကုန်ဝယ်သွားတာကြာလှချည်လားလို့ တမေးတည်းမေးနေရှာကြမှာ ငါ့ဇနီးတွေကလည်း လွမ်းစိတ်တွေမျိုသိပ်ပြီး ကလေးတွေရှေ့မှာ မျက်ရည်မထွက်အောင် ကြွေးဆည်ပြီး နှစ်သိမ့်စကားပြောရှာကြမှာပဲ၊

အင်း - ငါခက်ပြီ၊ ခက်ပြီ၊ အော် အစ်ကိုကြီးရယ် ကြံကြီးစည်ရာ လုပ်လည်းလုပ်ပါပေရဲ့၊ ဝန်လေးတဲ့ကိစ္စကြီးကို ပြုလည်းပြုရက်ပါပေရဲ့။

× × × ×

မောင်ကြီး(သန်း)

ဘာလဲ မိထူး

ကျမသမီး မိရွှေ ဘယ်လိုဖြစ်တာလဲ မသိဘူး၊ အမေ အောင့်တယ်အောင့်တယ်ဆိုပြီး မေ့သွားရှာတယ်၊ ခေါ်လို့လည်းမရဘူး၊

အင်း ဟုတ်လား သူ့အဖေ မောင်တက်မရှိဘူးလား၊

မရှိဘူး မောင်ကြီး၊ ဖြစ်တာက အခုညနေပိုင်းမှ၊ ကိုတက်က၊ နေ့လယ်ကတည်းက အိမ်ကထွက်သွားတာ အရပ်ထဲလည်နေပုံရတယ်။

အေး - အေး မောင်ကြီးလာခဲ့မယ်၊ သွားနှင့် - နင့်ယောကျ်ားကိုလည်း လိုက်ခေါ်ပစေ၊

ဟင့်၊ အသက်မရှိတော့ဘူး၊ ဖြစ်မှဖြစ်ရလေကွာ၊ ဟိုတုန်းက ဘာရောဂါ ဖြစ်ဖူးသလဲ၊

ရင်ထဲက ကြပ်တယ်၊ ကြပ်တယ်လို့ ပြောဖူးတယ် မောင်ကြီး၊ ဒါပေမယ့် ဂုတ်ကြောတွေ နှိပ်နယ်ပေးလိုက်ရင်၊ သက်သာပြီးပျောက်သွားတာပဲ၊ ဒီတစ်ခါတော့ နှိပ်ပေးချိန်ကို မရလိုက်တော့ဘူး၊

ဖြစ်မှဖြစ်ရပလေ -- သူ့အသက် ဘယ်လောက်ရှိသွားသလဲ၊

ဆယ့်ခြောက်နှစ်ပြည့်လို့ ဆယ့်ခုနစ်နှစ်ထဲ ရက်လောက်ရောက်သေးတယ်၊

အင်း ဟော မောင်တက်လဲရောက်လာပြီ၊

ဟဲ့- မိထူး၊ မိရွှေဘာတွေ အစားမှားလို့လဲ၊

ထူးထူးခြားခြား မစားရှာပါဘူး ကိုတက်၊ နဂိုက ရောဂါအခံရှိလို့ဖြစ်မှာပါ။ ကဲ ကဲ - ငါ့သမီးများ

မင်္ဂြနဲ့တော့ - သူ့ကံပေါ့ကွာ၊

အစ်ကိုသန်း အရပ်ထဲကလည်း လာဝိုင်းကြတယ် သုဿာန်သွားပို့ကြပါစို့ မိုးချုပ်သွားလိမ့်မယ်

အေး အေး

ကွယ်လွန်တဲ့ မိန်းကလေးနာမည်က၊

ရွှေရွှေပါ အသက် (၁၇)နှစ်၊ အိမ်ထောင် (မရှိ)၊ အဖ ဦးတက်၊ အမိ ဒေါ်ထူး

ကဲ ဒေါ်ကာလီ (သုဿာန်စောင့်)

ဒီရောက်လာမှတော့ ခင်ဗျားသဘောပဲ၊ ဒီမှာ သင်္ဂြိုဟ်စရိတ် ငါးရာကျပ်၊ သိပ်မိုးမချုပ်မီ ကျုပ်တို့ပြန်ပြီ။

ကောင်းပါပြီ။

× × × ×

သက်ဆိုင်သူတွေတော့ ပြန်သွားကြပြီ --- ငါခိုင်းတဲ့အတိုင်း ကမ္ဗလာ အဝတ်အထွတ်တပ်ဆင်ထားရာ သုဿာန်အိမ်မှာ သူတို့ထားခဲ့တဲ့အလောင်းကို ပတ်ဆင်ဖုံးလွှမ်းထားတဲ့ အဝတ်အထည်တွေ ခွာလှပ်ပြီး ကြည့်ဦးမှပဲ၊

အော် - နာမည်က ရွှေရွှေတဲ့ နာမည်နဲ့လိုက်အောင် ချောရှာတယ်၊ လှရှာတယ်၊ အသားအရောင် ကလည်း ဝါဝင်းလို့ ရွှေရောင်အတိုင်းပဲ၊ မျက်စိ, နား, နှာခေါင်း, လက်ခြေအင်္ဂါကြီးငယ် ပြေပြစ်ချောမော ရှာတယ်၊ ပြောထားတဲ့အတိုင်း အရှင်မြတ်ကြီးထံ အကြောင်းကြားချေဦးမှပဲ။

× × × ×

အရှင်မြတ်ကြီးဘုရား။

ဟဲ့, ကာလီလား။

မှန်ပါ၊ တပည့်တော်မ လျှောက်ထားတဲ့အတိုင်း အရွယ်နုနုတကယ့်ရှုဖွယ်ကောင်းတဲ့ ရုပ်ရုံအလောင်း အဆင်သင့်ရောက်ရှိနေပါပြီ၊ အရှင်ဘုရား ကြွရောက်ရှုတော်မူပါဘုရား။

ကောင်းပြီ၊ ကောင်းပြီ။

တပည့်တော်မ ဒီရုပ်အလောင်းပေါ်မှာ လွှမ်းခြုံထားတဲ့ အဝတ်အထည် အားလုံး ဖယ်ရှားလိုက်ပါပြီ ဘုရား၊

အင်း ဒီဝိသဘာဂ မာတုဂါမရဲ့ ရုပ်အလောင်းကို ခြေဖျားမှ ဦးခေါင်းတိုင်အောင်, ဦးခေါင်းမှ ခြေဖျားတိုင်အောင် ရှုကြည့်လိုက်တော့ ရွှေအဆင်းနဲ့တူတဲ့အဆင်း ဝါဝင်းနေပါကလား။ ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံး ပြည့်ပြည့်ဖြိုးဖြိုး သာမန် ယောကျ်ားမျိုးတွေအဖို့ မရိုးနိုင်တဲ့ဘက် နှစ်သက်ဖွယ်ပါပဲ၊

ကဲ ကဲ၊ ကာလီ ငါကိုယ်တော်ရှုကြည့်ပြီးပါပြီ။ သင့်အစီအစဉ်အတိုင်း ထင်းပုံပေါ်တင် မီးရှို့လို့ မီးစွဲချိန်မှာ ငါ့ထံလာအကြောင်းကြားပေဦးတော့၊

ကောင်းပါပြီဘုရား။

× × × ×

အရှင်မြတ်ကြီးဘုရား။

အလောင်းကောင်ကို ထင်းပုံပေါ်တင် မီးရှို့လို့ မီးစွဲစပြုနေပါပြီဘုရား၊ ကြွရောက် ရှုတော်မူပါဘုရား။

အေး၊ ကောင်းပြီ။

× × × ×

မကြာခင်က ငါမြင်ရတဲ့ ဝိသဘာဂ မာတုဂါမရဲ့ ခန္ဓာကိုယ်ရုပ်အလောင်း မီးကောင်းကောင်းစွဲပြီ၊ မီးလျှံဟပ်ခံရတဲ့ နေရာတွေမှာ အရေတွေအလွှာလွှာ ကွာကျသွားတော့ နွားပြောက်ကျားမလို၊ ပြောက်ပြောက်ကျားကျားတွေပေါ်လာပြီး၊ ခြေနှစ်ဖက်က မီးပုံကြားထဲ ပြုတ်ကျသွားပြီ၊ ဟင် လက်နှစ်ဖက်ကလည်း ကောက်ကွေးတွန့်လိမ်သွားပြီ၊ နဖူးနဲ့ပေါင်တွေမှာ အရေလွှာမရှိတော့ဘူး -

အော် ဒီအလောင်းကောင်ဟာ ခုနကတင် မြင်သူရဲ့စိတ်ထဲ ပိုင်းခြားမရနိုင်လောက်တဲ့ နှစ်သက်မှုကို ဆွဲနိုင်စွမ်းရှိခဲ့သော်လည်း ယခုပင် ကုန်ခြင်းသို့ရောက် ပျက်စီးခြင်းသို့ ရောက်လေပြီ၊ အင်း - အင်း၊ ငါအားထုတ်နေကျ နေရာသွားပြီး ငါ့ရဲ့ခန္ဓာကိုယ် ရုပ်၊ နာမ်တို့ရဲ့ ဖြစ်ချုပ်ဟန့်ကို အတန်တန်ရှုနေမှပဲ၊

အနိစ္စာဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော၊

ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ၊ တေသံဝူပသမောသုခေါ။

သင်္ခါရာ- ငါ့ခန္ဓာမှာ ထင်လာသမျှ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်၊ ဝတ- မလွဲ ဧကန်အမှန်စင်စစ်၊ ဥပ္ပါဒဝယဓမ္မိနော- တစ်လုံးတည်း၊ တစ်ခဲတည်းတ ကြံတည်း တန့်ရပ်ခြင်းသဘော ကင်းစင်လျောလျက် ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်ခြင်း သဘောရှိကြလေကုန်၏၊ တသ္မာ - ယခုပင်ပေါ်လာ မကြာခင်ကွယ်ပျောက်ကြကုန်သောကြောင့် ၊ အနိစ္စာ- ခိုင်မြဲဆိုတဲ့ နိစ္စနှင့် ဆန့်ကျင်ဘက် မမြဲသက်သက်တို့သာတည်း၊ ဥပ္ပဇ္ဇိတွာ- ယခင်ကဖြစ်မနေပါပဲ, ယခုသာဖြစ်လာပြီးသော်၊ နိရုဇ္ဈန္တိ-ယခုပင်သုတ်သုတ် ကွယ်ချုပ်ကြလေကုန်၏၊ တေသံ- မရပ်မနား တဖွားဖွား ဖြစ်ပေါ်ကွယ်သွား သင်္ခါရတရားအားလုံးတို့၏၊ ဝူပသမော- ပေါ်မှု၊ ကင်းပြတ် အပြီးသတ်ငြိမ်းမှုသည်၊ သုခေါ - ဆင်းရဲမဖက် ချမ်းသာသက်သက်ပါ တကား . . .

အင်း - ငါ့အဖို့ ဘဝသစ်ဖြစ်မှု ဇာတိကုန်လေပြီ၊ မြတ်သောမဂ်အကျင့်ကို ကျင့်သုံးခဲ့ပြီးပြီ၊ မဂ်ဉာဏ်ဖြင့် ပြုဖွယ်အားလုံးကို ပြုပြီးပြီ၊ မဂ်ကိစ္စ တစ်ဆယ့်ခြောက်ပါးအတွက် ပြုကျင့်ဖွယ်ရာမရှိတော့ပြီ၊ ပဋိသမ္ဘိဒါလေးရပ်ခြံရံအပ်သော အရဟတ္တဖိုလ်ထိ မြတ်စွာဘုရား သာသနာကြီးကို အပြီးအပိုင်ရအပ်ခဲ့ပေပြီတကား။

× × × ×

ဟေ့, ညီမ

အမ၊ ပြောပါ

မြတ်စွာဘုရား တပည့်ရဟန်းတော်များနှင့်အတူ တို့နေရာ သေတဗျမြို့အနီးက ယင်းတိုက်တောကို ကြွလာတော်မူသတဲ့၊

ဆက်ပြောပါ အမ။

မြတ်စွာဘုရားရဲ့ တပည့်ရဟန်းတွေထဲမှာ တို့ရဲ့အိမ်ရှင် ကိုညိုလေး(စူဠကာဠ)ရဟန်းလည်း ပါလိမ့်မည်၊ တို့ယောကျ်ားသာမက အမကြီးများရဲ့ ခင်ပွန်း၊ ခဲအိုကြီး၊ ဦးညိုကြီး(မဟာကာဠ) ရဟန်းလည်း ပါမှာပဲ။

ဟုတ်တယ် အမ၊ ကျမတို့ ဘယ့်နယ်လုပ်ကြမလဲ၊

အို ညီမနှယ်, ဘယ့်နှယ်လုပ်ရမှာလဲ သက်န်းဆွဲချွတ်ကြရအောင်၊

ဟုတ်သားပဲ အမ, ဘယ့်နှယ်တော်, ကုန်ဝယ်သွားပါတယ်ဆိုပြီး ဘာမျှလည်း အကြောင်းမကြား အိမ်ရှိဇနီးသားသမီးတွေကို ရက်ရက်စက်စက်စွန့်ပစ်ပြီး ရဟန်းဝတ်ရတယ်လို့၊ ဟုတ်တယ် ညီမရဲ့ ဒါပေမယ့် တို့နှစ်ယောက်ထဲဆိုလျှင် အင်အားနည်းသေးတယ်၊ ဟို ဦးညိုကြီးရဲ့ ဇနီးရှစ်ယောက်နှင့်လည်းတိုင်ပင်

တစ်ကျိတ်တည်း ကြဲစည်ကြပြီး အကောင်အထည်ဖော်မှ ပိုအားတောင့်မှာ။

ဟုတ်ပါတယ်အမ, ဒီအကြံအစည်ကောင်းတယ်၊ အပင့်သာ လွှတ်လိုက်ပေတော့။

× × × ×

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား နက်ဖန်နံနက် ရှစ်နာရီအချိန် ရဟန်းတော် စူဠကာဋရဲ ဇနီးဟောင်းများက ဆွမ်းကပ်လှူလိုကြပါ၍ တပည့်သံဃာနှင့်အတူ ကြွတော်မူပါရန် ပင့်လျှောက်ပါသည်ဘုရား၊

× × × ×

ဟေ့, ညီတော် စူဠကာဋ, ဒီလာဦး, တို့ဇာတိဌာန သေတဗျမြို့ကို မြတ်စွာဘုရားနှင့်အတူ တပည့်သံဃာကြွရောက်မှုနည်းပါးတယ်၊ ဒီတော့ ဒကာဒကာမတွေက မြတ်စွာဘုရားနှင့် တပည့်သံဃာ ထိုင်သီတင်းသုံးဖို့ နေရာကို စည်းကမ်းတကျ မခင်းတတ်ကြဘူး၊ ဒါကြောင့် ညီတော်က အလျင်သွားနှင့်ပြီး နေရာခင်းဖို့ စီစဉ်ချေ၊ နောင်ကြီးသက်နှစ်ရှိပြီးမှ မြတ်စွာဘုရားကိုပါ ပင့်ခဲ့မည်၊ နေရာခင်းဖို့ အစီအစဉ်က ညီတော်လည်းတွေ့ဖူးပြီပဲ ဒါပေမယ့် ပိုသေချာအောင် နောင်တော်ပြောပြ ဦးမည်၊ ကောင်းပါပြီ - နောင်တော်ဘုရား အမိန့်ရှိတော်မူပါ၊ ဒီမှာကွယ့်, ညီတော်, ဟိုကျတော့ ဆွမ်းကပ်ဖို့နေရာကို ညီတော်သိပြီပဲ၊ တို့အိမ် ဧည့်ခန်းလေ၊ ဆွမ်းကျွေးလောက်အောင်ကျယ်ပါတယ်၊ အဲဒီဧည့်ခန်းအလယ်နေရာမှာ မြတ်စွာဘုရား သီတင်းသုံးဖို့နေရာခင်းရမည်၊ မြတ်စွာဘုရားရဲ့ လက်ျာဘက်မှာ အရှင်သာရိပုတ္တထေရ်ရဲ့နေရာ၊ လက်ဝဲဘက်မှာ အရှင်မဟာ မောဂ္ဂလာနထေရ်ရဲ့ နေရာကိုခင်းရမည်၊ အဲဒီနေရာနှစ်ခုနှင့်လိုက်လျောအောင် လက်ျာဘက် လက်ဝဲဘက်မှာ ကျန်တဲ့သံဃာတော်များ နေရာကိုခင်းရမည်။ နားလည်ပြီလား။

နားလည်ပါပြီနောင်တော်။

အေး ဒီအစီအစဉ်အတိုင်း နေရာခင်းကြဖို့ ငါ့ညီတော်က အမိန့်ရှိ။ (စေခိုင်းပါ)

ကောင်းပါပြီ နောင်တော်ဘုရား။

× × × ×

ဟော ဟိုမှာ ကိုညီလေး(စူဠကာဋ)လာနေပြီ ကြည့်စမ်းပါဦး၊ ကြွေကြီး တစ်ခွဲသားနဲ့ နက်ဖန်ပွင့်တော့ မည့် ဘုရားလောင်းကြီးလိုပဲ။

အမ, အသာနေဦး ညီမ စ, စကားပြောမယ်။

ကြွတော်မူပါ, ကြွတော်မူပါ, အံ့မလေး, သင်္ကန်းဝတ်နဲ့လိုက်ဖက်ပါပေ့၊ အိမ်ကို မေ့နေပြီလား၊ မြင်ရဲ့လား, သားသမီးတွေ ဟိုမှာ အငယ်သားလေးက, ငေးကြည့်နေရှာတယ်၊ ဒီအိမ်လာရမည်ဆိုတော့ စိတ်ကူးယဉ်နေပုံရတယ်။ခေါင်းတုံးကို ပြောင်နေအောင် ရိတ်ထားလိုက်တာ -----

အို - အို, ရှင် အော်ယောင်လို့ ကိုယ်တော်မခင်းပါနဲ့ ကျမတို့, အော် - ယောင်ပြန်ပြီ တပည့်တော်မတို့ ခင်းပါမည်။

ဟဲ့ ဟဲ့, မိန်းမတို့, အော်ငါကပါ ယောင်နေပြန်ပြီ၊ ဒကာမတို့ အဲဒီလို မခင်းရဘူး၊ ဘယ့်နှာ, ထေရ်ကြီးတွေ နေမည့်နေရာတွေကို အစွန်အဖျား ယုတ်ညံ့တဲ့နေရာ၊ ထေရ်ငယ်တွေနေမည့် နေရာတွေတော့ မြင့်မြတ်တဲ့နေရာ ခင်းရတယ်လို့ မဟုတ်သေးဘူး၊ မဟုတ်သေးဘူး။

× × × ×

ကဲ ကဲ ညီမရေ, ပြန်မေးနေ ကြာရော့မည် အလုပ်စမှပဲ --- ဒီမှာ သေသေချာချာကြည့်ပါ, ဘယ်သူတွေလို့ထင်သလဲ ရှင့်ဇနီးတွေရှင့်, ဘာတွေလုပ်ပြီး လှည့်ပတ်လျှောက်သွားနေတာလဲ, ဘယ်သူ့ကို

ပန်ကြားပြီး သင်္ကန်းဝတ်တာလဲ, ဘယ်သူက သင်္ကန်းဝတ်ပေးတာလဲ, ဘာကြောင့် ဒီမြို့ ဒီအိမ်ကိုလာတာလဲ, ပြောနေကြရော့ ကဲဝိုင်းပြီးသင်္ကန်းဆွဲချွတ်ကြဟေ့။

ဟုတ်တယ် ဟုတ်တယ်၊ ကိုင်း ကိုင်း ချွတ်တယ် ချွတ်တယ်၊

ဟဲ့ ဟဲ့, မိငယ်, မိငယ် အိုမှားသွားပြန်ပြီ၊ ဒကာမလေး၊ ဒကာမလေး၊ မတော်ဘူး မတော်ဘူး, ဒီလိုမလုပ်ရဘူး၊ ဘေးအိမ်ကလူတွေမြင်ရင် ရှက်စရာကြီး။

ဘာရှက်ရမှာလဲ, ရော့, ဒီအင်္ကျီအလျှင်ဝတ်, ရော့ဒီပုဆိုး

(အင်း မထူးတော့ပါဘူး၊ ငါကလဲ သင်္ကန်းဝတ်ချင်လို့ ဝတ်တာမှမဟုတ်ပဲ၊ အစ်ကိုကြီးစိတ်ပြန်လည်မှာလားလို့ ဝတ်ခဲ့ရတာ နေ့စဉ်လွမ်းမိုးတွေစွေခဲ့ပြီပဲ)

ဒါတွင် မထားသေးဘူး၊ ဟော - ကတုံးပြောင်ပြောင်ပေါ်မှာ ပန်းခွေစွပ်ပေးလိုက်မည်၊ ဖြုတ်မပစ်နဲ့, သွား, မြတ်စွာဘုရားနှင့် သံဃာများကို ပင့်ခဲ့၊ ကျမတို့ စည်းကမ်းကျကျနေရာခင်းထားမည်။

အင်း နိုင်ကြ, နိုင်ကြ, ငါကလည်း ငါပဲ, ကဲ ကဲ, သွားပါပြီဗျာ၊

အင်း ငါ့မိန်းမျာအဆင်ပေးလိုက်တဲ့အတိုင်း ကတုံးပေါ်ပန်းကုံးစွပ်လျက် လူဝတ်ကြောင်နဲ့ ဗုဒ္ဓပမုခ သံဃာကို ပင့်ချေမှပဲ၊ ငါရဟန်းပြုတာလည်းမကြာ၊ ဝါမှမရသေးအတူ မရှက်နိုင်တော့ပါဘူး။

ဟေ့, ညီမတို့ မြတ်စွာဘုရားနှင့် သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးကြပြီ၊ ကိုညိုလေးရဲ့ အမျိုးသမီးတွေက အကြံဦးသွားပြီ, ဒီသံဃာတွေထဲမှာ, တို့အမျိုးသား ဦးညိုကြီး(မဟာကာဠ)လည်းပါသားပဲ၊ သူကတို့ကို စောင်းလို့ တောင်မကြည့်ဘူး၊ နက်ဖြန်အကြောင်းသိစေမည်။

× × × ×

မြတ်စွာဘုရား နက်ဖြန် တပည့်မတို့ ဆွမ်းအလှူခံတော်မူရန် တပည့်သံဃာနှင့်အတူ ကြွတော်မူပါဘုရား။

× × × ×

ဟေ့ ညီမတို့ မနေ့က ကိုညိုလေးရဲ့ အမျိုးသမီးတွေက ဆွမ်းကပ်လှူမည်ဆိုတော့ နေရာခင်းနှင့်ဖို့ ကိုညိုလေးကို အလျှင်လွှတ်လိုက်တော့ ကိုညိုလေးရဲ့ အမျိုးသမီးတွေ အကြံအစည်အောင်မြင် သွားကြပြီ

ဒီနေ့ တို့ဆွမ်းကပ်ဖို့စီစဉ်ထားတော့ တို့ထင်ထားတဲ့ ကိုညိုကြီးကို အလျှင်မလွှတ်လိုက်ပါပဲ တခြားကိုယ်တော်တစ်ပါးလွှတ်လိုက်တယ် --- ရှိစေဦး၊ ဘာရမှာလဲ၊ အမကြီးတစ်မျိုးစီစဉ်ဦးမည်၊

ကောင်းပါပြီ အမကြီး ---

× × × ×

ဟော တစ်ချို့သံဃာများ ဆွမ်းဘုဉ်းပေးပြီးကြလို့ ပြန်ကြွလိုတဲ့သံဃာတွေ ပြန်ကြွကြပြီ၊ မြတ်စွာဘုရားကတော့ သီတင်းသုံးနေတုန်း လျှောက်ထားလေမှပဲ၊

မြတ်စွာဘုရား --- ရဟန်းတော် မဟာကာဠက တပည့်မတို့အား ဆွမ်းအနုမောဒနာ တရားဟောပြီးမှ ကြွလာပါလိမ့်မည်၊ မြတ်စွာဘုရားက ရှေ့မှအလျှင်ကြွနှင့်တော်မူပါဘုရား။

ဥပါသိကာ ယော - သာဓု = ဥပါသိကာတို့ကောင်းပြီ။

× × × ×

အရှင်ဘုရားတို့, တပည့်တော်တို့ မဟာကာဠထေရ်ရဲ့ အမျိုးသမီးများ ကပ်လှူတဲ့ ဆွမ်းဘုဉ်းပေးပြီး ပြန်ကြွခဲ့ကြတာ မြို့ပေါက်ဝရောက်ကြပြီ၊ မြတ်စွာဘုရား, ဘယ်လိုလုပ်လိုက်တာပါလိမ့်၊ သိတော်မူလျက်နှင့်

ပြုတော်မူတာလား၊ ဒါမှမဟုတ် သိတော်မမူလို့ ပြုတော်မူတာလား၊ မနေ့က စူဠကာဠရဟန်းကို ရှေ့က သွားနှင့်ဖို့ စေလွှတ်လိုက်လို့ ပဗ္ဗဇ္ဇန္တရာယ်(လူထွက်ရမှု)ဖြစ်ခဲ့ပြီ၊ ဒီနေ့မှာတော့ မဟာကာဠထေရ်ရဲ့ ဇနီးဟောင်းများက ဆွမ်းကပ်လှူတာဖြစ်ပါလျက်နဲ့ မဟာကာဠထေရ်ကိုပဲထားခဲ့ပြီး မြတ်စွာဘုရားပြန်ကြွခဲ့တော်မူတယ်။

မဟာကာဠထေရ်ကတော့ အကျင့်သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ပါပဲ၊ သူ့ရဲ့ ဇနီးဟောင်းတွေက သူ့ရဲ့ ပဗ္ဗဇ္ဇန္တရာယ်ကိုများ ပြုလိုက်ကြဦးမလား။

ဟုတ်ပါရဲ့ သတိထားစဉ်းစားစရာပါပဲဘုရား။

× × × ×

အော် ငါဘုရားရဲ့ ချစ်သားရဟန်းများက၊ ငါဘုရားနောက်က လိုက်ကြပြီး စိုးရိမ်ကြောင့်ကြတဲ့ စကားတွေကိုပြောလာကြပါကလား၊ ငါဘုရား နောက်ပြန် လှည့်ရပ်ပြီးမိန့်ဦးမှ၊

ရဟန်းတို့ ဘာအကြောင်းကို ပြောဆိုလာကြတာလဲ။

မှန်လှပါ မြတ်စွာဘုရား ရှင်တော်ဘုရားက မဟာကာဠထေရ်တစ်ပါးတည်းထားခဲ့ပြီး ပြန်ကြွလာတော်မူတော့ မနေ့က စူဠကာဠရဟန်း ပဗ္ဗဇ္ဇန္တရာယ် တွေ့သွားသလိုများ တွေ့နေလေဦးမလားလို့ စိုးရိမ်ကြောင့်ကြစကား ပြောလာခဲ့ကြခြင်းပါဘုရား။

ဘယ်လိုတုန်း ချစ်သားရဟန်းတို့၊ မဟာကာဠကို စူဠကာဠလိုပဲ ထင်မှတ်နေကြတာလား။

မှန်ပါဘုရား၊ စူဠကာဠမှာ ဇနီးနှစ်ယောက်ပဲရှိတာ မဟာကာဠမှာက ဇနီးရှစ်ယောက်တောင် ရှိထားတော့ ရှစ်ယောက်လုံးဝိုင်းဖက်ပြီး သင်္ကန်းတွေ ဆွဲချွတ်ပြီး လူကောင်ကိုယူဆောင်ထားလိုက်လျှင် ဘယ်လိုလုပ်ပါ့မလဲဘုရား။

ချစ်သားတို့ ဒီလိုမလျှောက်ထားကြပါနှင့်။ စူဠကာဠနှင့် မဟာကာဠတို့ဟာ ညီအစ်ကိုအရင်း သင်္ကန်းဝတ်တာခြင်းတူပေမယ်လို့ မတူတာတွေရှိတယ်၊ စူဠကာဠဟာ နံက်မိုးမလင်းမီ အိပ်လို့မပျော်တပျော်နှင့် စောစောစီးစီးအိပ်ရာမှ ထပြီး ဇနီးမယား သားသမီး ပစ္စည်းဥစ္စာတွေကို သာယာဖွယ်အာရုံတင့်တယ်တဲ့ ကာမဂုဏ်တွေအနေနဲ့ အာရုံပြု စိတ်ကူးတွေနဲ့ အနေများသူဖြစ်နေ လေတော့ တောင်ချောက်ကမ်းပါး၊ မြစ်ကမ်းပါး၊ ချောင်းကမ်းပါးမှာ ပေါက်ရောက်နေလို့ အားနည်း နေတဲ့သစ်ပင်ဟာ လေတိုက်မခံ အမြစ်ပါလှန် လဲကျတာနှင့်တူတယ်။

ငါဘုရားရဲ့ သားတော်ကြီး မဟာကာဠကတော့ သူ့ကိုယ်ခန္ဓာမှစပြီး ရှိလေသမျှသက်ရှိအာရုံ ကာမဂုဏ်တွေကို သာယာဖွယ်မထား အသုဘ ဘာဝနာ ပွားနေသူဖြစ်လို့ မြေသားမရှိ ပကတိ ကျောက်အတိဖြစ်သော ကျောက်တောင်ကြီးသည် အရပ်လေးမျက်နှာက လေပြေလေညင်းနှင့် ပြင်းထန်စွာ တိုက်လာသမျှ လေတို့ကြောင့် မတုန်မလှုပ် ပကတိကြံ့ခိုင်စွာတည်နေတာနဲ့ တူပေတယ်၊ ကိုင်း၊ ချစ်သားတို့ အသေအချာမှတ်သားကြရလေအောင် ဂါထာစကားဖြင့် မဟာတရားဟောလိုက်ဦးမည်။

၁။ သုဘာနုပဿိံဝိဟရန္တံ၊ ဣန္ဒြိယေသုအသံဝုတံ၊
ဘောဇနမှိစာမတ္တညုံ၊ ကုသီတံဟီနဝီရိယံ။
တံဝေပသဟတိမာရော၊ ဝါတောရုက္ခံဝဒုဗ္ဗလံ၊

၂။ အသုဘာနုပဿိံဝိဟရန္တံ၊ ဣန္ဒြိယေသု သုသံဝုတံ၊
ဘောဇနမှိစမတ္တညုံ၊ သဒ္ဓံအာရဒ္ဓဝီရိယံ။
တံဝေနပ္ပသဟတိမာရော၊ ဝါတောသေလံဝပဗ္ဗတံ။

(၁) သုဘာနုပဿိံ- နှစ်သက်ဖွယ်အာရုံ ကာမဂုဏ်ကို အဖုံဖုံခွဲဝေ ကောင်းပါပေ တင့်တယ်ပါပေ၏ဟု ရှုလေ့ရှိသူ၏အဖြစ်ကို(ကတွာပြု၍) ဝိဟရန္တံ- အိပ်နေ၊ ထိုင်နေ၊ ရပ်နေ၊ သွားနေသော၊ ဣန္ဒြိယေသု- စက္ခု (မျက်စိ)အစရှိသောဣန္ဒြေတို့၌၊ အသံဝုတံ- သာယာမှုဖြစ်မလာအောင် မထိန်းချုပ်မစောင့်စည်းသော၊ ဘောဇနမှိစ - စားဖွယ်သောက်ဖွယ် အမယ်မယ်၌လည်း၊ အမတ္တညုံ- အတိုင်းအတာပမာဏကိုမသိသော၊ ကုသိတံ- ကာမဂုဏ်ရရေး တခြားသူ ပျက်စီးရေး၊ တခြားသူကိုနှိပ်စက်ညှင်းဆဲနိုင်ရေးကို ကြံတွေးနေသဖြင့် ပျင်းရိသော၊ ဟီနဝီရိယံ- ကြိယာပုတ်လေးမျိုးလုံး၌ အားထုတ်မှု ဝီရိယ ကင်းမဲ့သော၊ တံ(ဘိက္ခုံ) ထိုရဟန်းကို၊ မာရော- ကိလေသမာရ်, ကိုယ်တွင်းရန်သည် ဝေ- စင်စစ်၊ ပသဟတိ- သိက္ခာပျက်၍ လူထွက်ရသည်အထိ၊ လွှမ်းမိုးနှိပ်စက် ဖျက်ဆီးလေ၏၊ ကိမိဝ- ဥပမာပုံ အဘယ်သို့နည်းဟူမူ၊ ဒုဗ္ဗလံ- အမြစ်တည်ရာ အားနည်းသော၊ ရုက္ခံ- သစ်ပင်ကို၊ ဝါတော- ပြင်းထန်ဒလစပ်တိုက်ခိုက်လျက်နေ, ရာဟု လေသည်၊ ဝေ- စင်စစ်၊ ပသဟတိက္ကဝ-အမြစ်ကျွတ်ထွက်ပျက်စီးသည်အထိ ဖျက်ဆီးသကဲ့သို့ပါပေတည်း။ (ဤကားသိလွယ်ရုံအနက်)

သုဘာနုပဿိံ ဝိဟရန္တံ- တင့်တယ်မှုကိုရှု၍နေသော၊ ဝါ- နှစ်သက်ဖွယ် အာရုံထဲ၌ စိတ်ကိုစွဲမြဲစွာထား လျက်နေသော၊ .

သုဘာနုပဿိံ - မျက်နှာလေးက ချစ်စရာ့အသွင်, ရင်သား, တင်, ခါးလေးတွေက မက်ဖွယ်ကောင်း, လက်မောင်းလေးတွေက ဆင်နှာမောင်းနှယ် သွယ်သွယ်ပြောင်းပြောင်း, လက်ချောင်းလေးတွေက ရွှေချောင်း တန်ျး, ပေါင်လုံးခြေသလုံး အသီးသီးက ရင်းကြီးဖျားသွယ် ဘယ်, ညာ, ခြေ, လက် ဖမိုးလေးတွေက ပြည့်ပြည့် ဖြိုးဖြိုး မြတ်နိုးစဖွယ်ဟု အလှယ်လှယ်အထပ်ထပ် မပြတ်မြင်နေလေ့ရှိသူအဖြစ်ကို(ကတွာပြု၍) ဝိဟရန္တံ- အိပ်နေ, ထိုင်နေ, ရပ်နေ, သွားနေသော၊ ဣန္ဒြိယေသု- အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ ကြံမိကြံရာ ထင်လာစရာ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ထား ဣန္ဒြေခြောက်ပါးတို့၌၊ အသံဝုတံ- ထင်လာသော သုဘအာရုံ ကာမဂုဏ်တို့၌ ခုံမင်သာယာ တဏှာမဖြစ်မီ မြင်ရုံမျှ စသည်တွင် မထား ထင်ထင်ရှားရှား မြင်သိစိတ် ကြားသိစိတ် စသည့် စိတ်တို့'တရိပ်ရိပ် ဖြစ်နေခြင်းဖြင့် ထိန်းချုပ်မှုကင်း အလျှင်းမစောင့်စည်းသော၊ ဘောဇနမှိစ- စားဖွယ်သောက်ဖွယ် အမယ်မယ်အဖြာဖြာ ဘောဇဉ်အရသာ၌ လည်း၊ အမတ္တညုံ- ရှာမှီးခြင်း ခံယူခြင်း၊ သုံးဆောင်ခြင်း၌ မျှတရောင့်ရဲရုံအတိုင်း အတာကိုမသိသော၊ တစ်နည်း - အမတ္တညုံ- ဆင်ခြင်ခြင်းအတိုင်းအတာ၊ စွန့်ပစ်ခြင်းအတိုင်းအတာကိုမသိသော ဤဘောဇဉ်သည် တရားနှင့် ရသည့်ဘောဇဉ်၊ ဤဘောဇဉ်ကား တရားနှင့်မညီရသောဘောဇဉ်ဟုလည်းမသိသော၊ ကုသိတံ- ကာမဂုဏ်ရရေး, တခြားသူပျက်စီးရေး, တခြားသူကိုညှင်းဆဲနှိပ်စက်ရေးကို ကြံတွေးနေသဖြင့် ပျင်းရိသော၊ ဟီနဝီရိယံ- ဝီရိယမရှိသော၊ ဣရိယာပုတ်အား လုံး၌ အားထုတ်မှု ဝီရိယပြုခြင်းမှကင်းသော၊ တံ-(ဘိက္ခုံ) နိဗ္ဗာန်မမှန်း လောကီ လှမ်းသည့် ထိုရဟန်းကို၊ မာရော- ကိလေသမာရ် ကိုယ်တွင်းရန်သည်၊ ဝေ- စင်စစ်၊ ပသဟတိ- သိက္ခာပျက်၍ လူထွက်ရသည်အထိ, မပျက်မကွက်လွှမ်းမိုး နှိပ်စက်လေ၏။ ကိမိဝ- ဥပမာမှီး အဘယ်နည်းဟူမူ၊ ဝါတော- တဟူးဟူးနှင့် အထူးတိုက်နေ ရာဟုလေသည်၊ ဒုဗ္ဗလံ- ချောက်ကမ်း, မြစ်ကမ်း, ချောင်းကမ်းတဲတဲ အမြစ်စွဲကာ ရပ်တည်ရာ အားနည်းသော၊ ရုက္ခံ- သစ်ပင်ကို၊ ပသဟတိက္ကဝ - အမြစ်ကအထက်၊ အဖျားကအောက်ဘက်၊ ကျွမ်းပြန်ပျက်အောင် တိုက်ဖျက်သကဲ့သို့ပါပေတည်း။ (ဤကား အဋ္ဌကထာနှင့် ညီနိုင်သမျှညီအောင် ရေးသားအပ်သော အနက်ဖြစ်သည်၊ စာရှုသူ ရဟန်းတော်များ အဓိပ္ပာယ်ပို၍ ပေါ်လွင်စေရန် အဋ္ဌကထာဖွင့်ကို မြန်မာပြန်ရေးပါဦးမည်)

သုဘာနုပဿိံဝိဟရန္တံ၌- သုဘကို အဖန်ဖန်ရှုသော၊ ဣဋ္ဌာရုံ၌ စိတ်ကိုစေလွတ်၍နေသော ဤကားအနက်၊

အကျယ်ကား- အကြင်ပုဂ္ဂိုလ်သည် အာရုံယူခြင်းကို လက်ခြေစသော အင်္ဂါကြီးငယ်ယူခြင်းကို ယူသည်ရှိသော် လက်သည်း, ခြေသည်း တို့သည် တင့်တယ်ကုန်၏ဟုယူ၏၊ လက်ချောင်းတို့သည် တင့်တယ်ကုန်၏ဟု ယူ၏။ လက်ခြေတို့သည်, ဒူးခေါင်းတို့သည်, ပေါင်တို့သည်, ခါးတို့သည်, ဝမ်းဗိုက်တို့သည်, သားမြတ်တို့သည်, လည်တိုင်တို့သည်, နှုတ်ခမ်းတို့သည်, သွားတို့သည်, ခံတွင်းတို့သည်, နှာခေါင်းတို့သည်, မျက်လုံးတို့သည်, နားရွက်တို့သည်, မျက်မှောင်တို့သည်, နဖူးတို့သည်, ဆံပင်တို့သည် တင့်တယ်ကုန်၏ဟုယူ၏။ဆံပင်တို့သည်, မွေးညှင်းတို့သည်, ခြေသည်း, လက်သည်းတို့သည်, သွားတို့သည်, အရည်သည် တင့်တယ်၏ဟုယူ၏။

ဤသို့ သုဘကို အဖန်ဖန်ရှုလေ့ရှိသူအဖြစ်ကို(ကတွာပြု၍)နေသော ထိုပုဂ္ဂိုလ်ကို-

ဣန္ဒြိယေသု - ဟူသည်ကား စက္ခုအစရှိကုန်သော ခြောက်ခုကုန်သော ဣန္ဒြေတို့၌၊ အသံဝုတံ - ဟူသည်ကား- စက္ခုဒွါရ အစရှိသည်တို့ကို မစောင့်လျှောက်သော- ရှာမှီးခြင်း၌ အတိုင်းအတာ, ခံယူခြင်း၌ အတိုင်းအတာ, သုံးဆောင်ခြင်း၌ အတိုင်းအတာဟူသော ဤအတိုင်းအတာကို မသိခြင်းကြောင့် ဘောဇဉ်၌လည်း အတိုင်းအတာကိုမသိသော -

တစ်နည်းလည်း-ဆင်ခြင်ခြင်းအတိုင်းအတာ, စွန့်လွှတ်ခြင်းအတိုင်းအတာဟူသော ဤအတိုင်းအတာကိုလည်း မသိခြင်းကြောင့် အတိုင်းအတာကို မသိသော၊

ဤဘောဇဉ်သည် တရားနှင့်လျော်သည်၊ တရားနှင့်အညီရသည်၊ ဤဘောဇဉ်သည် တရားနှင့်မလျော် တရားနှင့်အညီရသော ဘောဇဉ်မဟုတ်ဟု လည်းမသိသော၊ ကာမဝိတက်၊ ဗျာပါဒဝိတက်- ဝိဟိံသာဝိတက် ဟူသော အလိုရှိသည်၏အဖြစ်ဖြင့် ပျင်းရိသော၊

ဟီနဝီရိယံ - ဟူသည်ကား ဝီရိယမရှိသော လေးမျိုးကုန်သော ဣရိယာပုတ်တို့၌ ဝီရိယပြုခြင်းမှ ကင်းသော၊ ပသဟတိ ဟူသည်ကား လွှမ်းမိုး၏။

ဝါတောရုက္ခံဝဒုဗ္ဗလံ - ဟူသည်ကား အားကြီးသောလေသည် ကမ်းပါးပြတ်၌ပေါက်သော အားနည်းသောသစ်ပင်ကိုကဲ့သို့၊ ချဲ့ဦးအံ့၊ အားကြီးသော ထိုလေသည် အားနည်းသော ထိုသစ်ပင်၏ အပွင့်အသီး ရွက်ညွန့်စသည်တို့ကိုလည်း ကြွေကျစေ၏၊ သစ်ကိုင်းငယ်တို့ကိုလည်း ချိုးဖျက်၏၊ သစ်ကိုင်းကြီးတို့ကိုလည်း ချိုးဖျက်၏။ အမြစ်ရှိသည်လည်းဖြစ်သော ထိုသစ်ပင်ကို ဆွဲနှုတ်၍ အထက်၌ အမြစ်ရှိသည်ကို အောက်၌ အကိုင်းအခက်ရှိသည်ကိုပြု၍ သွားလေ၏။

ဤအတူသာလျှင် ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို အတွင်း၌ဖြစ်သော ကိလေသမာရ်သည် လွှမ်းမိုးနှိပ်စက်၏၊ အားကြီးသောလေသည် အားနည်းသော သစ်ပင်၏ အပွင့်အသီး ရွက်ညွန့်စသည်တို့ကို ကြွေကျစေသကဲ့သို့ ခုဒ္ဒကအာပတ် အနုခုဒ္ဒကအာပတ်သို့ ရောက်ခြင်းကိုလည်းပြု၏။

သစ်ကိုင်းငယ်၊ သစ်ခက်ငယ်တို့ကို ချိုးဖြတ်သကဲ့သို့ နိဿဂ္ဂိယ အစရှိသော အာပတ်သင့်ရောက်ခြင်းကိုလည်းပြု၏။

သစ်ကိုင်းကြီး သစ်ခက်ငယ်တို့ကို ချိုးဖျက်သကဲ့သို့ တစ်ဆယ့်သုံးပါးသော သံဃဒိသေသ် အာပတ်သင့်ရောက်ခြင်းကိုလည်းပြု၏၊ ဆွဲနှုတ်၍ အထက်၌ အမြစ်ရှိသည်ကို အောက်၌အကိုင်းအခက် ရှိသည်ကိုပြု၍ လှဲကျစေသကဲ့သို့ ပါရာဇိက အာပတ်သင့်ရောက်ခြင်းကိုလည်းပြု၏။

ကောင်းစွာဟောကြားအပ်သော သာသနာတော်မှ ထုတ်ပယ်၍ နှစ်ရက်သုံးရက်ဖြင့်သာ လူအဖြစ်သို့ရောက်စေ၏၊ ဤသို့လျှင် ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို ကိလေသမာရ်သည် မိမိအလို၌ ဖြစ်စေ၏။ ဤကားအနက်,

(၂) အသုဘာနုပဿီ- အသုဘ ဆယ်မျိုးတို့တွင် တစ်မျိုးမျိုးတို့ကိုရှုလေ့ ရှိသူ၏အဖြစ်ကို(ကတ္တာပြု၍)

အသုဘာနုပဿီ - စက်ဆုတ်ရွံ့ရှာဖွယ်ဟု နှလုံးသွင်းလေ့ရှိသူ ဆံပင်တို့ကို အရေအဆင်းကို, ကိုယ်သဏ္ဌာန်ကို အသုဘဟု ရှုလေ့ရှိသူ၏အဖြစ်ကို(ကတ္တာပြု၍) ဝိဟရန္တံ, အိပ်နေ ထိုင်နေ ရပ်နေ သွားနေသော ဣန္ဒြေယေသု- စက္ခု, စသော ဣန္ဒြေခြောက်မျိုးတို့၌၊ သုတံဝုတံ- မျက်နှာအနေ လက်,ခြေ သဏ္ဌာန် မြင်ဟန်မမှီး စောင့်စည်းချုပ်တည်းခြင်းဖြင့် မျက်စိပေါက် စသည်တို့ကို ပိတ်ဆို့နေသော၊ ဘောဇနမှိစ-စားဖွယ်သောက်ဖွယ် အမယ်မယ်တို့၌လည်း၊ မတ္တညုံ- ရှာမှီးခြင်း၊ ခံယူခြင်း၊ သုံးဆောင်ခြင်းတို့၌ အတိုင်းအတာ ပမာဏကို သိသော၊ တစ်နည်း မတ္တညုံ- ဆင်ခြင်ခြင်း အတိုင်းအတာ, စွန့်လွှတ်ခြင်းအတိုင်း အတာကို သိမြင်သော+သဒ္ဓံ- ကံနှင့်ကံ၏အကျိုးကို ယုံကြည်မှုလောကီသဒ္ဓါ၊ ရတနာသုံးပါး၏ဂုဏ်တို့၌ ဉာဏ်ဖြင့် သက်ဝင်ကြည်ညိုမှု၊ လောကုတ္တရာသဒ္ဓါ နှင့်ပြည့်စုံသော၊ အာရဒ္ဓဝီရိယံ- ချီးမြှောက်အပ်သော ဝီရိယပြည့်စုံသော၊ အားထုတ်မှုရှိသော၊ တံ(ဘိက္ခုံ) နိဗ္ဗာန်စခန်းဝင်ရန်မှန်းသည့် ထိုရဟန်းကို၊ မာရော- ကိလေသမာရ် ကိုယ်တွင်းရန်သည်၊ ဝေ- စင်စစ်၊ နပ္ပသဟတိ- မလွှမ်း မိုး၊ မနှိပ်စက်နိုင်၊ ဝါ- ချောက်ချား တုန်လှုပ်လေအောင် မစွမ်းဆောင်နိုင်၊ ကိမိဝ- ဥပမာ အဘယ်နည်းဆိုသော်၊ သေလံပဗ္ဗတံ- မြေသားမဖက် ကျောက် သက်သက်ရှိသော ကျောက်တောင်ကို၊ ဝါတော- ပြင်းထန်ဒလစပ်တိုက်ခပ်၍နေ ထိုလေသည်၊ နပ္ပသဟတိက္ကဝ- ပြိုကွဲ ပျက်ယိုင် အချက်ပိုင်အောင် မတိုက်နိုင်သကဲ့သို့ပါပေတည်း။

× × × ×

ဟော့ - ညီမတို့၊ အမတို့ ကိုညိုကြီးကို ဝိုင်းထားကြ ဝိုင်းထားကြ ဒီမှာ၊ ဦးညိုကြီး ရှင် ဘယ်သူ့ကို ပန်ကြားပြီး သက်န်းဝတ်တာလဲ, ယခုလူထွက်မှာလား၊ မထွက်ဖူးလား ပြောပေတော့။

အင်း ဒီအမျိုးသမီးတွေ ဖောက်ပြန်လာကြပြီ၊ ငါ့ကို စူဠကာဠလို မှတ်နေပုံရတယ်၊ အော် - မြတ်စွာ ဘုရား၊ မြို့ပေါက်ဝမှာ တန့်ရပ်တော်မူကာ တရားဒေသနာ ဟောနေပါလား၊ ငါ့ရဲ့စတုတ္ထစျာန် အခြေခံကာ အဘိညာဉ်တန်ခိုးဖြင့် ဤအိမ်မိုး ခေါင်ဖောက် ကောင်းကင်ရောက်ရုံမက - ရှင်တော်မြတ် ဘုရားထံပါ ပေါက်လေအောင် အဓိဋ္ဌာန်ဖြင့် စတုတ္ထစျာန်ဝင်လိုက်မည်၊ တစ်ခဏတည်း အဓိဋ္ဌာန်ပြီးစေသတည်း ---

× × × ×

ဘုန်းတော်ကြီးမားရှင်တော်မြတ်ဘုရား၊ တပည့်တော်အပေါ် မြင်ထားတော်မူသည့်အတိုင်း မဆိုင်းမတွ တံစ်ခဏတည်းဖြင့် ထက်ကောင်းကင်မှ ဆင်းသက်ကာ ရှင်တော်မြတ်၏ ခြေတော်နှစ်ဖက်ကို ရှိခိုးလျက်ရှိပါတော့သည် ဘုရား ---

မဟာကာဠထေရ်သည် မြတ်စွာဘုရား တရားနှစ်ဂါထာဟော၍ ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် မြတ်စွာဘုရား၏ ခြေတော်နှစ်ဖက်ကို ရှိခိုးလျက်ရှိနေပေသည်။

ထိုအချိန်၌ ရှိနေကြသော ရဟန်းတို့သည် သောတာပတ္တိဖိုလ် အစရှိသော ဖိုလ်လေးရပ်တို့၌ မိမိတို့ပါရမီစာတ်နှင့်အညီ ရပ်တည်ကြလေကုန်သတည်း။

**မဟာကာဠထေရ် ဝတ္ထုပြီး၏။**

## ၆။ ဒေဝဒတ္တ ဝတ္ထု

မြတ်စွာဘုရား၏ လက်ျာတော်ရံ ပညာဇေတဒဂ်ရ အရှင်သာရိပုတ္တထေရ်၌ တပည့်ရဟန်း အခြံအရံ ငါးရာရှိ၏။ လက်ဝဲတော်ရံ တန်ခိုးဧတဒဂ်ရ အရှင်မဟာမောဂ္ဂလာန်၌လည်း တပည့်ရဟန်းအခြံအရံ ငါးရာပင်ရှိ၏။

ထိုအရှင်မြတ်နှစ်ပါးတို့သည် သာဝတ္ထိဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားနှင့်အတူ သီတင်းသုံး နေကြရာတွင် တစ်နေ့၌ မြတ်စွာဘုရားကို ပန်ကြားကာ တပည့်ရဟန်းငါးရာစီနှင့်အတူ ဇေတဝန်ကျောင်း တော်မှ ရာဇဂြိုဟ်မြို့သို့ ကြွတော်မူကြသည်။

ရာဇဂြိုဟ်မြို့သို့ ရောက်တော်မူကြသောအခါ ရာဇဂြိုဟ်မြို့သူ/မြို့သားတို့သည် နှစ်ဦးတစ်တွဲ၊ သုံးဦးတစ်တွဲ၊ လေးဦး၊ ငါးဦးစသည်အတွဲများတွဲ စုပေါင်းကြကာ အာဂန္တုကဒါန(ဧည့်ရဟန်းတို့အားလှူဒါန်းမှု) ပြုကြသည်။

ထိုသို့ပြုရာ နေ့တစ်နေ့တွင် အရှင်သာရိပုတ္တထေရ်သည် ဆွမ်းဒကာ ဒကာမတို့အား ဆွမ်းအနု မောဒနာ တရားဟောကြားတော်မူသည် -

၁။ ဥပါသကာတို့ ကိုယ်တိုင်သာပေးလှူပြီး တခြားသူကို ပေးလှူဖို့ မတိုက်တွန်းသောသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော သုဂတိဘုံဌာန၌ ဘောဂသမ္ပတ္တိ(စည်းစိမ်ဥစ္စာနှင့်ပြည့်စုံမှု) ကိုရလေ၏။ ပရိဝါရသမ္ပတ္တိ(အခြံအရံပြည့်စုံမှု)ကိုကားမရ။

၂။ ကိုယ်တိုင်က မပေးမလှူပါပဲ တခြားလူကိုပေးလှူဖို့ တိုက်တွန်းသောသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော သုဂတိဘုံဌာန၌ ပရိဝါရ သမ္ပတ္တိကိုသာရ၏၊ ဘောဂသမ္ပတ္တိကိုကား မရ။

၃။ ကိုယ်တိုင်ကလည်း မပေးမလှူ၊ တခြားသူကိုလည်း ပေးလှူဖို့ မတိုက်တွန်းသောသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘုံဌာန၌ ဝမ်းပြည့်ရုံ အနည်းငယ်မျှကိုလည်းမရ - ကိုးကွယ်ရာမဲ့သူ အထောက်အပံ့ကင်းသူ ဖြစ်ရလေ၏။

၄။ ကိုယ်တိုင်ကလည်း ပေးလှူ တခြားသူကိုလည်း ပေးလှူဖို့ တိုက်တွန်းသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော သုဂတိဌာနတွင် ဘဝအရာ, ဘဝအထောင်, ဘဝအသိန်း၌လည်း ဘောဂ သမ္ပတ္တိကိုလည်းရ၏၊ ပရိဝါရသမ္ပတ္တိကိုလည်းရလေ၏။

ထိုအနုမောဒနာတရားကို နာကြားသူတို့တွင် အသိအလိမ္မာရှိသူ ယောက်ျားတစ်ယောက်သည် -

အို လူအပေါင်းတို့ တရားတော်သည် အံ့သြဖွယ်ရှိပါပေစွ၊ မဖြစ်ဖူး မြဲသဘောသည် ဖြစ်ပါပေစွ၊ အရှင်မြတ်ကြီးသည် မှန်ကန်ကောင်းမွန်သည့် အကြောင်းကို ဟောပြအပ်ပါပေ၏။ ငါသည်- ဘောဂသမ္ပတ္တိ၊ ပရိဝါရသမ္ပတ္တိ နှစ်မျိုးလုံးကို ဖြစ်စေတတ်၊ အကျိုးပေးတတ်သော ကောင်းမှုကိုပြုသင့်ပေသည်ဟု ကြံစည် စဉ်းစားပြီး အရှင်သာရိပုတ္တထေရ်အား ပင့်လျှောက်လေ၏။

အရှင်မြတ်ဘုရား နက်ဖန်တပည့်တော်၏ ဆွမ်းကိုခံယူတော်မူပါဘုရား။

ဥပါသကာ- သင်သည် ရဟန်းအဘယ်မျှအလိုရှိသနည်း၊

အရှင်ဘုရားတို့၏ အခြံအရံရဟန်း အဘယ်မျှရှိပါသနည်း၊

ဥပါသကာ တစ်ထောင်လောက်ရှိတယ်၊

အခြံအရံရဟန်းအားလုံးနှင့်အတူ နက်ဖန်တပည့်တော်၏ ဆွမ်းကိုခံယူတော်မူပါဘုရား။

ထိုသို့ပင့်လျှောက်သည့်ကို အရှင်သာရိပုတ္တထေရ် လက်ခံတော်မူသည် -

ဥပါသကာသည် ရာဇဂြိုဟ်မြို့တွင်းရှိ လမ်းတိုင်းလမ်းတိုင်းလှည့်လည်ကာ နှိုးဆော်တိုက်တွန်းလေ၏။

အို, အမိတို့, အို အဖတို့, မယ်တို့, မောင်တို့, အကျွန်ုပ်သည် နက်ဖန်နံက် ဆွမ်းအလှူခံယူဖို့ ရဟန်းတော်တစ်ထောင်ကို ပင့်လျှောက်ခဲ့ပါသည်။ ရဟန်းတော်မည်မျှအား ဆွမ်းလှူဖို့သင်တို့ တတ်နိုင်ကြပါမည်နည်း၊

သင့်တို့သည် မည်မျှသော ရဟန်းတော်တို့အား ဆွမ်းလှူနိုင်ကြပါမည်နည်း -

မြို့သူမြို့သားတို့သည် မိမိတို့တတ်နိုင်သလောက် စိတ်ဖြင့်မှတ်သားကြကာ - ပြောဆိုကြလေ၏။

ကျုပ်တို့က ရဟန်းတော်ဆယ်ပါးတို့အား လှူဒါန်းကြပါမည်၊

ကျုပ်တို့က ရဟန်းတော်အပါးနှစ်ဆယ်တို့အား - ကျုပ်တို့က ရဟန်းတော်အပါးတစ်ရာအား လှူဒါန်းကြပါမည် -

လှည့်လည်နှိုးဆော်သူ ဥပါသကာသည် ကောင်းလှပါပြီ၊ ဤသို့လှူကြမည်ဖြစ်လျှင် တစ်နေရာတည်းမှာ အညီအညွတ်လာကြကာ တစ်ပေါင်းတစ်စည်းတည်း စုပေါင်းပြီး ဆွမ်းလုပ်ကျွေးကြရအောင်, ကုသိုလ်ရှင်အားလုံး၊ နှမ်း, ဆန်, ထောပတ်, ပျားရည်, တင်လဲ ဖွယ်ဖွယ်ရာရာယူဆောင်ခဲ့ကြပါဟု တိုက်တွန်းပြီး တစ်နေရာတည်း၌ ပစ္စည်းအားလုံးကို စုပုံထားစေ၏။

ထိုအချိန်တွင် ထိုဥပါသကာအား ပစ္စည်းချမ်းသာသောသူ လူတစ်ယောက်သည် - ကျပ်တစ်သိန်းတန် နံ့သာဖန်ရေဆိုးအဝတ်တစ်ထည်ကို ပေးပြီး, သင်စီမံသည့် ဆွမ်းကျွေးပွဲအတွက် မလုံမလောက်ဖြစ်ခဲ့သော် ဤအဝတ်အထည်ကို ရောင်းချစွန့်လွှတ်၍ လိုအပ်သည့်နေရာ၌ ထည့်သုံးလိုက်ပါ၊ အားလုံး လုံလုံ လောက်လောက်ဖြစ်သွားလျှင် ဤအဝတ်ကို ပေးလှူလိုသည့် ရဟန်းတော်အား ပေးလှူလိုက်ပါဟု ပြောဆိုလေ၏။ ရဟန်းတော်တစ်ထောင်အား ဆွမ်းလုပ်ကျွေးမှုသည် နံ့သာရေဆိုးအဝတ်အထည်ကို မရောင်းချရဘဲ - လိုလေသေးမရှိ ပြည့်စုံပြီးစီးသွားလေ၏။

ဦးဆောင် ဥပါသကာသည် ကုသိုလ်ရှင်လူတို့ကို မေးလေ၏။

အို - ကုသိုလ်ရှင်တို့ ပုဂ္ဂိုလ်တစ်ဦးက ကျုပ်တို့သံဃာတစ်ထောင် ဆွမ်းကျွေးပွဲမှာ လိုရာသုံးဖို့ တစ်သိန်းတန် နံ့သာရေဆိုး အဝတ်တစ်ထည်အပ်ထားခဲ့ပါသည်၊ ကျုပ်တို့ဆွမ်းကျွေးပွဲမှာ ကုသိုလ်ရှင်များ သဒ္ဓါထက်သန်စွာ ထည့်သွင်းလှူကြလို့ အားလုံးပြည့်စုံသွားသည့်အတွက် တစ်သိန်းတန် နံ့သာရေဆိုးအဝတ် တစ်ထည် ပိုနေပါသည်။

ထိုအဝတ်ကို မည်သည့်အရှင်မြတ်အား ပေးလှူလိုကြပါသနည်း -

ထိုအခါ အချို့ကုသိုလ်ရှင်များက အရှင်သာရိပုတ္တထေရ်အား ပေးလှူပါဟုဆို၍ အချို့ကုသိုလ်ရှင်များက အရှင်သာရိပုတ္တထေရ်သည် ကျုပ်တို့အရပ်သို့ ကောက်စပါးမှည့်ချိန်မှာ ကြွလာပြီး ပြန်ကြွသွားလေ့ရှိပါသည်။

အရှင်ဒေဝဒတ်မှာမူ ကျုပ်တို့သုမင်္ဂလာကိစ္စ ဒုမင်္ဂလာကိစ္စတွေမှာ ချမ်းသာဆင်းရဲ အဖော်သဟဲဖြစ်ပြီး ရေဖြည့်ခံအိုးကြီးပမာ ကျုပ်တို့အရပ်မှာ အမြဲတည်ရှိနေပါသည် - ထို့ကြောင့် အရှင်ဒေဝဒတ်အား ပေးလှူသင့်ပါသည်။

ဤသို့အပြန်အလှန် စကားပြောကြရာတွင် အရှင်ဒေဝဒတ်အား လှူလိုသူဦးရေများသည့်အတွက် အရှင်ဒေဝဒတ်အား ပေးလှူကြလေ၏။

အရှင်ဒေဝဒတ်သည် ထိုအဝတ်ကိုဖြတ်, ချုပ်, ဆိုးပြီး ဝတ်ရုံလျက် သွားလာနေထိုင်လေ၏။

အရှင်ဒေဝဒတ်ကို မြင်ကြသူလူတို့က ဤအဝတ်အထည်သည် အရှင်ဒေဝဒတ်အား သင့်လျော်သည့် အဝတ်အထည်မဟုတ်, အရှင်သာရိပုတ္တမထေရ်အားသာ သင့်လျော်သည့် အဝတ်အထည်ဖြစ်သည်၊ အရှင်ဒေဝဒတ်သည် မိမိအားမသင့်လျော်သောအဝတ်၊ အထည်ကို ဝတ်ရုံသွားလာနေသည်ဟု ပြောဆိုကြကုန်၏။

ထိုအချိန်တွင် အရပ်မျက်နှာသွားလာနေတတ်သော ရဟန်းတစ်ပါးသည် ရာဇဂြိုဟ်မြို့မှ သာဝတ္ထိမြို့သို့ သွားရောက်ပြီး မြတ်စွာဘုရားကို ဖူးမြင်လေရာ မြတ်စွာဘုရားနှင့် စကားအဆက်အစပ်ရရှိသဖြင့် -

မြတ်စွာဘုရားက အဂ္ဂသာဝက နှစ်ဦးတို့ချမ်းသာစွာနေထိုင်ရခြင်း ရှိမရှိကို မေးတော်မူသောအခါ သံဃာတစ်ထောင်ဆွမ်းကျွေးပွဲမှစ၍ အရှင်ဒေဝဒတ် နံ့သာရေဆိုးအဝတ်ကို ဖြတ်, ချုပ်, ဆိုး, ဝတ်ရုံနေမှုကို လူအများပြစ်တင် ပြောဆိုနေကြသည်အထိ သတင်းစကားကိုလျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက ချစ်သားရဟန်း, ဒေဝဒတ်သည် ယခုဘဝ၌သာ မိမိအားမသင့်လျော်သော အဝတ်ကို ဝတ်နေသူမဟုတ်, ရှေးအခါကလည်း ဝတ်နေခဲ့ဘူးသူသာဖြစ်သည်ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကြောင်းကို ဆောင်ပြတော်မူသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း ထီးနန်း အုပ်ချုပ် မင်းလုပ်နေစဉ် ဗာရာဏသီမြို့နေ ဆင်သတ်သမားတစ်ယောက်သည် ဆင်ကိုသတ်၍ သတ်၍ အစွယ်တို့ကိုလည်းကောင်း၊ ခြေသည်းလက်သည်းတို့ကို လည်းကောင်း၊ ဝမ်းတွင်းအူတို့ကိုလည်းကောင်း၊ အသားစိုင်ခဲတို့ကိုလည်းကောင်း ဆောင်ယူရောင်းချလျက် အသက်မွေးနေလေ၏။

ထိုအချိန်ဝယ် တောတစ်ခု၌ အထောင်မကသော ဆင်တို့သည် ကျက်စားရာတောတွင်း သို့သွားကြစဉ် ပစ္စေကဗုဒ္ဓါတို့ကို တွေ့မြင်ကြလေ၏။ ဆင်တို့သည် ပစ္စေကဗုဒ္ဓါတို့ကို ပဆစ်ဒူးတို့ဖြင့် တုပ်ဝပ်လျက်ရှိခိုးကြကာ, လိုရာအရပ်သို့သွားကြလေ၏။

တစ်နေ့သောအခါ ထိုဆင်သတ်သမားသည် ဆင်တို့၏ ထိုအမူအရာကို မြင်ရလေသော် ---

ငါသည် ဤဆင်တို့ကို ပင်ပန်းဆင်းရဲစွာသတ်နေရသည်၊ ဤဆင်တို့သည် သွားချိန် ပြန်ချိန်၌ ပစ္စေကဗုဒ္ဓါတို့ကို ရှိခိုးကြသည်၊ ဘာကိုမြင်ကြ၍ ရှိခိုးကြသနည်းဟု ကြံစည်စဉ်းစားလတ်သော် ဖန်ရေဆိုးသင်္ကန်းကိုမြင်ကြ၍ ရှိခိုးကြသည်ဟုအမှတ်ထားကာ ယခုအချိန်၌ ငါသည်လည်း ဖန်ရေဆိုးအဝတ်ကိုရဖို့ သင့်ပေသည်ဟု ကြံစည်၍ ပစ္စေကဗုဒ္ဓါတစ်ဆူ ရေအိုင်၌သက်ဆင်း၍ ရေချိုး နေစဉ် ရေအိုင်ကမ်းအနီး၌ ထားအပ်သော သင်္ကန်းတို့တွင် တစ်ထည်ကို ခိုးယူထားပြီး ဆင်တို့သွားရာ ပြန်ရာလမ်းအနီး၌ လှံမကိုကိုင်ကာ ဦးခေါင်းကိုပါ ခြုံလျက်ထိုင်နေလေ၏။

ဆင်တို့သည် သင်္ကန်းအရေခြုံ ဆင်သတ်သမားကို မြင်ကြလေသော် ပစ္စေကဗုဒ္ဓါပါပဲဟူသော အမှတ်ဖြင့် ရှိခိုးကြပြီးရှောင်ဖယ်သွားကြလေ၏။ ဆင်သတ်သမားသည် ထိုဆင်တို့တွင် နောက်ဆုံးကသွားနေသော ဆင်ကို လှံမဖြင့်ထိုးသတ်၍ အစွယ်, စသည်တို့ကိုယူ ကြွင်းကျန်သည့် ဆင်ပစ္စည်းတို့ကို မြေ၌မြှုပ်ထားခဲ့ပြီး သွားလေ၏။

နောက်ပိုင်းအချိန်၌ ဘုရားအလောင်းတော်သည် ဆင်မျိုး၌ ပဋိသန္ဓေယူပြီးသော် ဆင်တို့၏ အကြီးအကဲဖြစ်လေ၏၊ ထိုအချိန်၌လည်း ထိုဆင်သတ်သမားသည် ရှေးနည်းအတူပြု၍နေလေ၏။

ဘုရားအလောင်းဆင်မင်းသည် မိမိအခြံအရံပရိတ်သတ် ယုတ်လျော့သည်ကို သိရသောအခါ ဤဆင်တို့သည် မည်သည့်အရပ်သို့ သွားကြသောကြောင့် နည်းပါးကြလေသနည်းဟု ဆင်တို့ကို မေးမြန်းသောအခါ အရှင်ဆင်မင်း ကျွန်ုပ်တို့မသိကြပါကုန်ဟု ပြောဆိုအပ်လေသော် တစ်စုံတစ်ခုသောအရပ်သို့

သွားလိုကြလျှင် ငါ့ကိုမပန်ကြားဘဲ မသွားကြလေနှင့် ဘေးရန်ဖြစ်လိမ့်မည်ဟု ပြောဆိုထားပြီးသော် ---

တစ်ခုသောနေရာ၌ ဖန်ရေဆိုးအဝတ်ကိုခြုံ၍နေသူထံမှ ဘေးရန်ဖြစ်နိုင်သည်ဟု ယုံမှားသံသယဖြစ်ရှိကာ ထိုသူကိုစုံစမ်းသင့်သည်ဟု သဘောပိုက်လျက် ဆင်အားလုံးကို မိမိရှေ့ကသွားစေပြီး မိမိကမူ နောက်ဆုံးမှ ခြေခပ်ဆွဲဆွဲငံ့ဆိုင်းလျက်လာလေ၏။

ဆင်သတ်သမားသည် အလောင်းတော်ဆင်မှ ကျန်သည့်ဆင်အားလုံး ရှိခိုး၍သွားကြလေသော် နောက်ဆုံးမှလာသော အလောင်းတော်ဆင်ကို မြင်ရလေလျှင် ခြုံထားသော သက်န်းကိုဖယ်ချပြီး လှံမကို လွှတ်လိုက်လေ၏။

အလောင်းတော်ဆင်မင်းသည် သတိရှေ့ထားလာသည်ဖြစ်၍ နောက်သို့ဆုတ်ပြီး လှံကို ရှောင်လိုက်လေ၏။ လှံကိုရှောင်လိုက်ပြီး ဤသူသည် ဤဆင်တို့ကို သတ်ဖြတ်ဖျက်ဆီးသူဖြစ်သည်ဟု ဆင်သတ်သမားကို ဖမ်းယူရန် ပြေးသွားလေ၏။ ဆင်သတ်သမားသည် သစ်ပင်တစ်ပင်ကို ရှေ့မှထားကာ ပုန်းကွယ်နေလေ၏။

အလောင်းတော်ဆင်သည် ဆင်သတ်သမားကို နှာမောင်းဖြင့် သစ်ပင်ကိုပါပတ်ဖက်ယူပြီး မြေကြီး၌ပုတ်သတ်အံ့ဟု ကြံနေစဉ် ဆင်သတ်သမား ထုတ်ဆောင်ပြအပ်သော သက်န်းကိုမြင်ရလေသော်

ငါသည် ဤသူ၌ပြစ်မှားဖျက်ဆီးခဲ့သော် အထောင်မကများလှကုန်သော ဘုရားပစ္စေကဗုဒ္ဓါရဟန္တာ အရှင်မြတ်တို့၌ ငါ၏ရှက်ကြောက်မှုပျက်စီးပေတော့ မည်ဟု ဆင်ခြင်သည်းခံကာ ---

သင်သည် ငါ၏များစွာသော ဆွေမျိုးဆင်တို့ကို သတ်ဖြတ်ဖျက်ဆီး အပ်ကုန်သလော---

ဟုတ်ပါသည်အရှင် -

အဘယ့်ကြောင့် ဤသို့ဝန်လေးဖွယ်အမှုကို ပြုရသနည်း၊ မိမိအား မလျော်မလျောက်ပတ်၊ ရာဂကင်းပြတ် အရှင်မြတ်တို့အား သင့်လျော် လျောက်ပတ်သော အဝတ်ကိုခြုံ၍ ဤသို့သောအမှုကိုပြုသော သင်သည် ဝန်လေးဖွယ်ကို ပြုအပ်ပေသည်ဟုပြောဆိုပြီး ဆင်သတ်သမားကို အလွန်နိမ့်ချလျက် ---

(က) အနိက္ကသာ ဝေါကာသာဝံ၊ ယောဝတ္ထံပရိဒဟိဿတိ၊
အပေတောဒမသစ္စေန၊ နသောကာသာဝမရဟတိ။

(ခ) ယောစဝန္တကသာဝဿ၊ သီလေသုသုသမာဟိတော၊
ဉပေတောဒမသစ္စေန၊ သဝေကာသာဝမရဟတိ။

ဟူသော ဂါထာကိုရွတ်ဆိုကာ သင်သည် မသင့်တော်သည့် အမှုကိုပြုအပ်သည်ဟုပြောဆိုကာ ဆင်သတ်သမား ကို လွှတ်လိုက်လေ၏။

မြတ်စွာဘုရားသည် ဤအတ္တုပ္ပတ် ဇာတ်သွားတရားဒေသနာတော်ကို ဆောင်တော်မူပြီးသော် ထိုအချိန်က ဆင်သတ်သမားသည် ယခုအချိန် ဒေဝဒတ်ဖြစ်သည်၊ ယခုငါဘုရားသည်ပင် ထိုအချိန်က ဆင်သတ်သမားကို နှိမ်ချပြောဆိုသူ ဆင်ပြောင်ကြီးဖြစ်ခဲ့လေပြီဟု ဇာတ်တော်ကိုပေါင်းပြတော်မူပြီး၍ -

ရဟန်းတို့ ယခုအချိန်၌သာ ဒေဝဒတ်သည် မိမိအား မသင့်မလျော်သော အဝတ်ကို ဝတ်ဆောင်သူ မဟုတ်သေး၊ ရှေးအခါကလည်း မိမိအား မသင့်မလျော်သောအဝတ်ကို ဝတ်ဆောင်ဖူးသည်သာတည်းဟု မိန့်တော်မူကာ ဆင်ပြောင်ကြီးဘဝက ရွတ်ဆိုပြအပ်သော တရားနှစ်ဂါထာကိုပင် ယခု သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်နေချိန်၌လည်း ဟောပြတော်မူသည်(ဂါထာများယခင်အတိုင်းပင်)

(က) ယော- အကြင်သူသည်၊ အနိက္ကသာဝေါ- ရာဂအစရှိသော ကိလေသာ ဖန်ရေရှိသူဖြစ်လျက်၊ ဒမသစ္စေန- ဣန္ဒြေကိုဆုံးမခြင်းနှင့် ပရမတ္ထသစ္စာ အသင်းဝင်, ဝစီသစ္စာမှ, အပေတော- ကင်းကွာ စွန့်လွှတ်သူ

ဖြစ်လျက်၊ ကာသာဝံ- ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့အား သင့်လျော်သော ဖန်ရေ ဆိုးအဝတ်ကို၊ ပရိဒဟိဿတိ- ဝတ်ခြင်း၊ ရုံခြင်း၊ ခင်းခြင်းဖြင့် သုံးဆောင်၏၊ သော- ထိုသူသည်၊ ကာသာဝံ- ဖန်ရေဆိုးအဝတ်ကို၊ နအရဟာတိ- ဝတ်ခြင်း၊ ရုံခြင်း၊ ခင်းခြင်းဖြင့် မသုံးဆောင်ထိုက်။

( ခ) ယောစ- အကြင်သူသည်ကား၊ ဝန္တကသာဝေါ- မင်္ဂလေးပါးတို့ဖြင့် အံပြီး စွန့်ပြီး၊ ပယ်ပြီးသော ကိလေသာဖန်ရေရှိသူသည်၊ အဿ- မုချစင်စစ် အမှန်ဖြစ်၏၊ သီလေသု- ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလတည်း ဟူသောလေးပါးသော၊ ပါရိသုဒ္ဓိ သီလတို့၌၊ သုသမာဟိတော - ကောင်းစွာတည်နေ၏။

ဒမသစ္စေန- ဣန္ဒြေကိုဆုံးမခြင်း ဒမ, ပရမတ္ထသစ္စာ အသင်းဝင်သော ဝစီသစ္စာနှင့်၊ ဥပေတော- ပြည့်စုံ၏၊ သော- ထိုသူသည်၊ ဝေ- စင်စစ်၊ ကာသာဝံ- ဖန်ရေဆိုးအဝတ်ကို၊ အရဟာတိ- ဝတ်ခြင်း ရုံခြင်း ခင်းခြင်းဖြင့် သုံးဆောင်ထိုက်၏၊ ဝါ- သုံးဆောင်ထိုက်သူဖြစ်တော့သည်။

တရားဂါထာအဆုံး၌ အရပ်မျက်နှာ လှည့်လည်သွားလာနေတတ်သော ရဟန်းသည် သောတာပန်ဖြစ်လေ၏။ ထိုမှတစ်ပါး များစွာသောပုဂ္ဂိုလ်တို့ သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။ ဒေသနာတော်သည် လူများစွာတို့အဖို့ အကျိုးရှိသော ဒေသနာတော်ဖြစ်လေသတည်း။

**ဒေဝဒတ္တ ဝတ္ထု ပြီး၏။**

# ၇။ သာရိပုတ္တာထေ္တရ ဝတ္ထု
## ဗုဒ္ဓဝင်အကျဉ်း

ငါတို့၏ မြတ်စွာဘုရားသည် ဤဘဒ္ဒကမ္ဘာမှ နောက်သို့ပြန်၍ ရေတွက်သည်ရှိသော် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်ကာလ အမရဝတီမည်သောမြို့၌ သုမေဓာမည်သော ပုဏ္ဏားလုလင်ဖြစ်လေ၏။

သုမေဓာသည် အတတ်မျိုးစုံတို့၌ အပြီးဆုံးတတ်မြောက်သည်။

အမိအဖတို့ကွယ်လွန်သောအခါ ကုဋေများစွာသောပစ္စည်းဉစ္စာကို ပေးလှူစွန့်ကြဲပြီး ရသေ့ရဟန်းပြု၍ ဟိမဝန္တာတောင်၌နေလျက် ဈာန်အဘိညာဉ်တို့ကို ဖြစ်စေတော်မူသည်။

သုမေဓာရှင်ရသေ့သည် တစ်နေ့သ၌ ကောင်းကင်ခရီးဖြင့်ကြွသွားစဉ် ဒီပင်္ကရာမြတ်စွာဘုရား၏ သုဒဿနကျောင်းတော်မှ ရမ္မဝတီမြို့တွင်းသို့ ကြွတော်မူရန် ခရီးလမ်းကို ရှင်းလင်းဖောက်လုပ်နေသော လူအပေါင်းကို မြင်ရ၍ ကိုယ်တိုင်ကလည်း တစ်နေရာကိုယူ၍ ခရီးလမ်းကို ရှင်းလင်းဖောက်လုပ်နေသည်။

တာဝန်ကျလမ်းခရီးကို ရှင်းလင်းဖောက်လုပ် မပြီးမီပင် ကြွလာတော်မူသော မြတ်စွာဘုရားအား မိမိကိုယ်ကို တံတားပြု၍ ရွံ့ညွှန်၌ သစ်နက်ရေကို ခင်းပြီး - မြတ်စွာဘုရားသည် တပည့်သံဃာနှင့်အတူ ရွံ့ညွှန်ကိုမနင်းဘဲ တပည့်တော်ကို နင်းလျက်ကြွတော်မူပါဟု စိတ်ကူးလျက် အိပ်နေလေ၏။

ဒီပင်္ကရာ မြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့ကို မြင်တော်မူလေလျှင် -

ဤရှင်ရသေ့သည် ဘုရားအညွန့်အညှောက်ဖြစ်သည်၊ အနာဂတ်ကာလ ကမ္ဘာတစ်သိန်းအလွန်ရှိသော လေးအသင်္ချေတို့၏အဆုံး၌ ဂေါတမမည်သော ဘုရားဖြစ်လိမ့်မည်ဟု မိန့်ကြားတော်မူသည်။

ဒီပင်္ကရာမြတ်စွာဘုရား၏ နောက်အဖို့၌ -

၁။ ကောဏ္ဍညဘုရား
၂။ မင်္ဂလာဘုရား
၃။ သုမနဘုရား
၄။ ရေဝတဘုရား
၅။ သောဘိတဘုရား
၆။ အနောမဒဿီဘုရား
၇။ ပဒုမဘုရား
၈။ နာရဒဘုရား
၉။ ပဒုမုတ္တရဘုရား
၁၀။ သုမေဓာဘုရား
၁၁။ သုဇာတဘုရား
၁၂။ ပိယဒဿီဘုရား
၁၃။ အတ္ထဒဿီဘုရား
၁၄။ ဓမ္မဒဿီဘုရား
၁၅။ သိဒ္ဓတ္ထဘုရား
၁၆။ တိဿဘုရား

၁၇။ ဖုဿဘုရား
၁၈။ ဝိပဿီဘုရား
၁၉။ သိခီဘုရား
၂၀။ ဝေဿဘူဘုရား
၂၁။ ကကုသန္ဓဘုရား
၂၂။ ကောဏာဂမနဘုရား
၂၃။ ကဿပဘုရား

ဟု လောကကို ထွန်းလင်းတောက်ပြောင်စေ၍ ပွင့်တော်မူကြကုန်သော နှစ်ကျိပ်သုံးဆူသော ဤဘုရားရှင်တို့၏ အထံတော်၌လည်း ဘုရားဖြစ်လိမ့်မည်ဟု မိန့်ကြားမှု(ဗျာဒိတ်)ကို ရတော်မူ၍ -

ပါရမီ(၁၀)ပါး
ဥပပါရမီ(၁၀)ပါး
ပရမတ္ထပါရမီ(၁၀)ပါးဟူသော -

အမျှ(၃၀)သော ပါရမီတို့ကို ဖြည့်တော်မူ၍ ဝေဿန္တရာမင်းဘဝ၌ ရပ်တည်လျက် မြေကိုတုန်လှုပ်စေကုန်သော အလှူကြီးတို့ကို ပေးလှူတော်မူ၍ သားသမီး၊ ဇနီးတို့ကို စွန့်လွတ်ပေးလှူပြီးလျှင် အသက်ကုန်ဆုံးလေသော် တုသိတာနတ်ပြည်၌ ဖြစ်၏။ ထိုနတ်ပြည်၌ အသက်ထက်ဆုံး ရပ်တည်နေခိုက် စကြဝဠာတိုက်တစ်သောင်းမှ နတ်အပေါင်းတို့သည် အညီအညွတ်စည်းဝေးကြ ပြီးသော် -

ကာလောဒေဝမဟာဝီရ၊ ဥပ္ပဇ္ဇမာတုကုစ္ဆိယံ
သဒေဝကံတာရယန္တော၊ ဗုဇ္ဈဿုအမတံပဒံ

မဟာဝီရ- ကြီးမြတ်သော လုံ့လရှိတော်မူသော၊ ဒေဝ- အရှင်နတ်မင်း၊ ကာလော- အချိန်တန်ပါပြီ၊ မာတုကုစ္ဆိယံ - လူပြည်စခန်း မယ်တော်ဝမ်း၌၊ ဥပ္ပဇ္ဇ- ဖြစ်တော်မူပါ၊ သဒေဝကံ- နတ်လူဗြဟ္မာသတ္တဝါကို၊ တာရယန္တော - သံသရာတွင်၊ ပင်လယ်ပြင်မှ နိဗ္ဗာန်ခွင်သို့ ကယ်တင်တော်မူရန်၊ အမတံပဒံ- မသေရာမှန် မြတ်နိဗ္ဗာန်ကို၊ ဗုဇ္ဈဿု- သိတော်မူပါလောဟု ပြောဆိုအပ်လေသော်၊

ကာလံဒေသဥ္စဒီပဉ္စ၊ ကုလံမာတရမေဝစ၊
ဣမေပဉ္စ ဝိလောကေတွာ၊ ဥပ္ပဇ္ဇတိ မဟာယသော၊

မဟာယသော- အခြံအရံပေါများ၊ အလောင်းတော်နတ်သားသည်၊ ကာလံ- ဘုရားဖြစ်ရန် အချိန်အခါကိုလည်းကောင်း၊ ဒေသဥ္စ- ဘုရားဖြစ်ရမည့် အရပ်ကိုလည်းကောင်း၊ ဒီပဉ္စ ဘုရားဖြစ်ရမည့် ကျွန်းကိုလည်းကောင်း၊ ကုလံ- ဘုရားဖြစ်ရမည့် အမျိုးကိုလည်းကောင်း၊ မာတရမေဝစ- မယ်တော်နှင့် မယ်တော် သက်တမ်းကိုလည်းကောင်း၊ ဣမေပဉ္စ- ဤငါးမျိုးတို့ကို ဝိလော ကေတွာ ဆင်ခြင်ကြည့်ရှု၍၊ ဥပ္ပဇ္ဇတိ- လူ့ပြည်၌ ဖြစ်လေ၏ဟူသည်နှင့်အညီ ငါးမျိုးသော ကြည့်ခြင်းကြီးတို့ကို ကြည့်တော်မူကာ တုသိတာမှ စုတေ၍ သာကီဝင် မင်းမျိုး၌ ပဋိသန္ဓေယူပြီးလျှင် -

(ဆယ်လလွန်သောအခါ မယ်တော်ဝမ်းမှ ဖွားမြင်တော်မူသည်၊ တစ်ဆယ့်ခြောက်နှစ်အရွယ်၌)

မင်းမျိုး၌ ကြီးကျယ်သော စည်းစိမ်ဖြင့် စောင့်ရှောက်အပ်သည်ဖြစ်၍ အစဉ်အားဖြင့် ကောင်းမြတ်သော အရွယ်သို့ရောက်၍ ဆောင်း၊ နွေ၊ မိုးဥတုသုံးပါးတို့အား သင့်လျော်လျောက်ပတ်ကုန်သော ပြဿာဒ်သုံးဆောင်တို့၌ နတ်စည်းစိမ် ကျက်သရေနှင့်တူသော မင်းစည်းစိမ်ကျက်သရေကိုခံစားလျက် ဥယျာဉ်တော်၌

ကစားရန်သွားရာအချိန်၌ သူအို, သူနာ, သူသေ ဟူသော နတ်တမန်သုံးဦးတို့ကို အစဉ်အတိုင်း တွေ့မြင်လေသော် သံဝေဂ = (ထိန့်လန့် တုန်လှုပ်မှု)ဖြစ်ပြီး ပြန်လှည့်လာလေ၏။

စတုတ္ထအကြိမ် ဥယျာဉ်ကစားရန်သွားရာအချိန်၌ ရဟန်းတော်ကို မြင်ရလေသော် ရဟန်းအဖြစ်သည် ကောင်းလေစွဟု ရဟန်းအဖြစ်၌ နှစ်သက်မှုကို ဖြစ်စေကာ ဥယျဉ်သို့သွား၍ ဥယျာဉ်၌ တစ်နေ့တာအချိန်ကို ကုန်စေပြီး မင်္ဂလာရေကန် ကမ်းအနီး၌ထိုင်နေစဉ် ဆတ္တာသည် အသွင်ကိုယူ၍လာသော ဝိသကြုံ နတ်သားသည် တန်ဆာဆင်ပေးအပ်သော ကိုယ်ရှိသည်ဖြစ်၍ ရာဟုလာ သတို့သားဖွားမြင်ကြောင်းသတင်းစကားကို ကြားရလေသော် သား၌ချစ်ခြင်း အားကောင်းလှသည်ကိုသိပြီး ဤအနှောင်အဖွဲ့ မတိုးပွားမီ အနှောင်အဖွဲ့ကို ဖြတ်ပယ်အံ့ဟု ကြံစည်၍ ညနေအချိန်ဝယ် မြို့တွင်းသို့ ဝင်လတ်သော် ကိသာဂေါတမီမည်သော ဘထွေးတော်၏ သမီးသည် ရွတ်ဆိုအပ်သော -

နိဗ္ဗုတာ နူနသာမာတာ၊ နိဗ္ဗုတောနူနသောပိတာ၊

နိဗ္ဗုတာ နူနသာနာရီ၊ ယဿာယံဤဒိသောပတိ။

ယဿာမာတုယာ- မြင့်မိုရ်တောင်ဦးမကကျူးအောင် ကျေးဇူးကြီးရှင် အကြင်မိခင်အား၊ ဤဒိသော- နတ်တို့၏ကျက်သရေလို လက်လက်ဝေ ထိန်ပြောင်၍ စိန်တောင်လေလား ယုံမှားတွေးတော ဤသို့သဘော ရှိသော၊ အယံပုတ္တော- မတူမတန် လူသာမန်တို့ တော်လှန်ဖို့ဝေး၊ ကြံတွေးမဝံ့၊ အညွန့်အဖူး ယခုလိုသား ထူးသားမြတ်သည်၊ အတ္ထိ- အမြင်အားဖြင့် ထင်ရှားရှိပါလေ၏။

သာမာတာ- သားကောင်းအရှင် ထုံမိခင်သည်၊ နိဗ္ဗုတာနူန- ကိုယ်စိတ်မနွမ်း ဘေးမသမ်းဘဲ အေးချမ်းလေစွတကား၊

ယဿပိတုနော- ကောင်းကင်အဇ္ဈာ၊ ပမာချီးကျူး၊ ကျေးဇူးပုံ့လွင်၊ အကြင်မွေး ဖခင်အား၊ ဤဒိသော- နတ်တို့၏ ကျက်သရေကို လက်လက်ဝေ ထိန်ပြောင်၍ စိန်တောင်လေလား၊ ယုံမှားတွေးတော ဤသို့သဘောရှိသော၊ အယံပုတ္တော- မတူမတန် လူသာမန်တို့ တော်လှန်ဖို့ဝေး ကြံတွေးမဝံ့ အညွန့်အဖူး ယခုလို သားထူးသားမြတ်သည် အတ္ထိ- အမြင်အားဖြင့် ထင်ရှားရှိပါပေ၏။

သောပိတာ - သားကောင်းအရှင် ထိုမွေးဖခင်သည် နိဗ္ဗုတောနူန- ကိုယ်စိတ်မနွမ်း ဘေးမသမ်းဘဲ အေးချမ်းလေစွတကား။

ယဿာနာရိယာ- လုပ်ကျွေးခစား အနာမှီးဆွယ် အကြင်ဇနီးသည်အား ဤဒိသော- နတ်တို့၏ ကျက်သရေလို လက်လက်ဝေ ထိန်ပြောင်၍ စိန်တောင် အလား ယုံမှားတွေးတော ဤသို့သဘောရှိသော အယံပတိ- လပြည့်စန်းယုံ, ပန်းပဒုမ်သို့ နန်းဂုဏ်မြှောက်စား ဤလင်ယောက်ျားမျိုးသည်၊ အတ္ထိ- အမြင်အားဖြင့် ထင်ရှားရှိပါပေ၏ ။

သာနာရီ - လင်သားကောင်းနှင့် ပေါင်းခွင့်ကြုံရ ထိုမိန်းမသည် နိဗ္ဗုတာနူန - ကိုယ်စိတ်မနွမ်း ဘေးမသမ်းဘဲ အေးချမ်းပေစွတကား။

ဤဂါထာကိုကြားရလေသော် ဤကိသာဂေါတမီနှမတော်သည် ငါ့ကို ငြိမ်းချမ်းဖော်ထုတ် နိဗ္ဗုတာပုဒ်ကို ကြားစေအပ်တော့သည်ဟု လည်၌ဆွဲအပ်သော ပုလဲသွယ်ကိုချွတ်၍ ကိသာဂေါတမီထံပို့စေ၍ ကိုယ်တော်၏ စံရာတိုက်ခန်းတွင်းသို့ဝင်ပြီး ကျက်သရေရှိသော အိပ်ရာ၌ထိုင်နေတော်မူ၏။

ထိုသို့ ထိုင်နေစဉ် အိပ်ပျော်နေကုန်သော ကချေသည် အမျိုးသမီးတို့၏ ဖောက်ပြန်သောအသွင်အပြင်ကို မြင်ရ၍ ငြီးငွေ့လှသော စိတ်နှလုံးရှိတော်မူရကား ဆန္ဒအမတ်ကို အိပ်ရာမှထစေကာ ကဏ္ဍကမြင်းကို

ယူစေပြီး မြင်းပေါ်သို့တက်စီး၍ ဆန္နအမတ်လျှင် အဖော်ရှိလျက် စကြဝဠာတိုက်တစ်သောင်းမှ နတ်အပေါင်းတို့ ခြံရံကာကြီးစွာသော(မြတ်သော)တောထွက်ခြင်းကို ထွက်တော်မူ၍ အနောမာမြစ်ကမ်းအနီး၌ ရဟန်းပြုပြီး ခရီးအစဉ်အတိုင်း ရာဇဂြိုဟ်မြို့သို့သွား၍ ထိုမြို့၌ ဆွမ်းခံလှည့်ကာ ပဏ္ဍဝတောင်ဝှမ်း၌ နေတော်မူစဉ် မာဂဓမင်း(ဗိမ္ဗိသာရ)သည် မင်းစည်းစိမ်ဖြင့် ဖိတ်အပ်လေသော် ထိုမင်းစည်းစိမ်ကို ဖယ်ရှား၍ မာဂဓမင်းက ဘုရားဖြစ်တော်မူလျှင် မိမိနေပြည်တော်(ရာဇဂြိုဟ်)သို့ ကြွတော်မူရန် တောင်းယူအပ်သော ဝန်ခံချက်ရှိတော်မူကာ အာဠာရ ရသေ့၊ ဥဒကရသေ့ထံသို့ ချဉ်းကပ်ပြီး ထိုရသေ့ထံ၌ ရအပ်သော တရားအထူးကို တန်ဆာ မဆင်မူ၍ ခြောက်နှစ်ပတ်လုံး မဟာပဓာန = ပြင်းထန်စွာအားထုတ်မှုကို ပြုလုပ်အားထုတ်၍ ကဆုန်လပြည့်နေ့ နံက်စောစောအချိန် သုဇာတာသူဌေးသမီး ကပ်လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီး နေရဉ္ဇရာမြစ်အတွင်း၌ ရွှေခွက်ကိုမျှောခဲ့၍ နေရဉ္ဇရာမြစ်ကမ်းအနီး တောအုပ်ကြီးအတွင်း အမျိုးမျိုးသော သမာပတ်တို့ဖြင့် နေ့အဖို့ကို လွန်မြောက်စေ၍ ညနေချမ်းအချိန်၌ သောတ္ထိယမည်သော မြက်ထမ်းသမား ပေးလှူအပ်သော မြက်ကိုယူခဲ့၍ ကာဠနဂါးမင်းသည် ချီးကျူးအပ်သော ဂုဏ်ရှိတော်မူလျက် ဗောဓိမဏ္ဍိုင်သို့ တက်၍ မြက်တို့ကို ဖြန့်ခင်းပြီး ငါ၏စိတ်သည် တစ်စုံတစ်ခုကို မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်မြောက်သေးသမျှ ထက်ဝယ်ဖွဲ့ခွေ ဤထိုင်နေခြင်းကို မဖြတ်အံ့ဟု စိတ်တင်းထားမှု(အဓိဋ္ဌာန်)ကိုပြု၍ အရှေ့အရပ်သို့ မျက်နှာမူ ထိုင်တော်မူကာ နေမဝင်မီ မာန်စစ်သည်အပေါင်းတို့ကို အောင်မြင်၍ ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်၊ မဇ္ဈိမယာမ်၌ စုတူပပါတဉာဏ်သို့ရောက်၍ ပစ္ဆိမယာမ်အဆုံးတွင် ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်ကိုချယူလျက် အရုဏ်တက်ချိန်၌ ဒသဗလဉာဏ်၊ စတုဝေသာရဇ္ဇဉာဏ် အစရှိသော ဂုဏ်အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်ကို ရတော်မူလျက် ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် သတ္တာဟ(၇)ခု ပတ်လုံး(၄၉-ရက်ပတ်လုံး)ဗောဓိမဏ္ဍိုင်အနီး၌ အချိန်ကုန်လွန်စေ၍(၈)ခုမြောက် သတ္တာဟဝယ် အဇပါလ ဆိတ်ကျောင်း ပညောင်ပင်ရင်း၌ နေတော်မူကာ တရားတော်၏ နက်နဲမှုကို ဆင်ခြင်ခြင်းဖြင့် တရားမဟောဘဲ ကြောင့်ကြမဲ့နေတော့ မည်သို့ ရောက်လုလတ်သော် တစ်သောင်းသော စကြာဝဠာတိုက်မှ ဗြဟ္မာများစွာ အခြံအရံရှိသော သဟမ္ပတိဗြဟ္မာမင်းသည် တရားဟောရန် တောင်းပန်အပ်သည်ဖြစ်၍ ဗုဒ္ဓစက္ခုဖြင့် သတ္တဘောကကို ရှုကြည့်တော်မူပြီး ဗြဟ္မာမင်း၏ တောင်းပန်တိုက်တွန်းမှုကို စိတ်တော်ဖြင့်ခံလင့်၍ ငါဘုရားသည် ဘယ်သူအား ရှေးဦးစွာ တရားဟောရပါမည်နည်းဟု ရှုကြည့်လတ်သော အဠာရ ရသေ့၊ ဥဒက ရသေ့တို့၏ ကွယ်လွန်ပြီးဖြစ်သည်ကို သိတော်မူ၍ ပဉ္စဝဂ္ဂီ ရဟန်းတို့၏ ကျေးဇူးများလှသည်ကို အောင့်မေ့ဆင်ခြင်ကာ ထိုင်နေရာမှ ထတော်မူပြီး ကာသိတိုင်းသို့ ကြွတော်မူစဉ် လမ်းခရီးအကြား၌ ဥပကပရိဗိုဇ်နှင့်အတူ စကားပြောဆိုပြီး ဝါဆိုလပြည့်နေ့တွင် ဣသိပတနမိဂဒါဝုန်တော ပဉ္စဝဂ္ဂီတို့ နေရာအရပ်သို့ ရောက်တော်မူလျှင် မသင့်လျော်သော ခေါ်ဝေါ် ပြောဆိုခြင်းဖြင့် ခေါ်ဝေါ်ပြောဆိုကြသော ထိုပဉ္စဝဂ္ဂီတို့ကို သင့်လျော်သော ခေါ်ဝေါ်ပြောဆိုမှုကို သိစေတော်မူပြီး အညာသိကောဏ္ဍညအမှူးရှိသော ဗြဟ္မ တစ်ဆယ့်ရှစ်ကုဋေ တို့ကို အမြိုက်အဖျော်ရေတိုက်ကျွေးလျက် ဓမ္မစကြာတရားတော်ကို ဟောတော် မူပြီးနောက် ဝါဆိုလပြည့်ကျော်(၅)ရက်နေ့၌ ပဉ္စဝဂ္ဂီ ရဟန်းအားလုံးတို့ကို အရဟတ္တဖိုလ်၌ တည်စေတော်မူပြီး ထိုနေ့မှာပင် ယသအမျိုးသား၏ အရဟတ္တဖိုလ် ရနိုင်မည့်အကြောင်း ဥပနိဿယနှင့် ပြည့်စုံမှုကို မြင်တော်မူသဖြင့် ညအချိန်၌ ငြီးငွေ့၍ အိမ်ကို ပယ်စွန့်ထွက်လာသော ထိုယသ အမျိုးသားကို မြင်တော်မူလေလျှင် ယသ, လာလော့ဟု ခေါ်တော်မူ၍ ထိုညအဖို့အချိန်မှာပင် သောတာပတ္တိဖိုလ်သို့ ရောက်စေကာ နောက်နေ့၌ အရဟတ္တဖိုလ်သို့ရောက်စေပြီး ထိုယသအမျိုးသား၏ မိတ်ဆွေ

ငါးကျိတ်လေးယောက်တို့ကိုလည်း ဧဟိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းဖြစ်စေ၍ အရဟတ္တဖိုလ်သို့ ရောက်စေတော်မူသည်။

× × × ×

ဤသို့လျှင် သတ္တလောကဌ် ရဟန္တာခြောက်ကျိပ်တစ်ပါး ထွက်ပေါ်လတ်သော် ဝါကျွတ်ပဝါရဏာပြုပြီးအချိန် -

"ရဟန်းတို့ ဒေသစာရီလှည့်လည်သွားကြကုန်လော့"ဟု ရဟန်းခြောက်ကျိပ်တို့ကို အရပ်မျက်နှာတို့၌ စေလွှတ်၍ ဘုရားကိုယ်တော်ကမူ ဥရုဝေလတောသို့ ကြွတော်မူစဉ် လမ်းခရီးအကြား ကပ္ပါသိက(ဝါပင်)တောအုပ်၌ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့ကို တရားပြ၍ ဆုံးမတော်မူသည်။

ညီနောင် သုံးကျိပ်တို့တွင် အားလုံး၏ နောက်ပိတ် အဆုံးဖြစ်သူသည် သောတာပန်ဖြစ်၍ အားလုံး၏ အမြတ်ဆုံးဖြစ်သူသည် အနာဂါမ်ဖြစ်လေ၏။

ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့ကိုလည်း ဧဟိဘိက္ခုအဖြစ်ဖြင့်ပင် ရဟန်းဖြစ်စေ၍ အရပ်မျက်နှာတို့၌ စေလွှတ်တော်မူပြီး ဘုရားကိုယ်တော်တိုင်ကမူ ဥရုဝေလတောသို့ အရောက်ကြွ၍ သုံးထောင်ငါးရာကုန်သော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၍ ဥရုဝေလကဿပ အစရှိသော-(ရသေ့တစ်ထောင်အခြံအရံရှိသော)ရသေ့ညီနောင်သုံးဦးတို့ကို တရားပြကာ ဆုံးမတော်မူ၍ ဧဟိဘိက္ခုအဖြစ်ဖြင့်ပင် ရဟန်းဖြစ်စေ၍ ဂယာသီသအရပ်၌ နေတော်မူ၍ အာဒိတ္တ ပရိယာယ ဒေသနာတော်ဖြင့် အရဟတ္တဖိုလ်၌ တည်စေတော်မူသည်။

ထိုမှတစ်ဖန် ထိုရဟန္တာတစ်ထောင် အခြံအရံဖြင့်ခြံရံလျက် ဗိမ္ဗိသာရမင်းအားပေးခဲ့သော ပဋိညာဉ်ကို လွှတ်စေမည်ဟု ကြံရွယ်လျက် ရာဇဂြိုဟ် ဥပစာ၌ရှိသော ထန်းတောဥယျာဉ်သို့ ကြွတော်မူ၍

မြတ်စွာဘုရား ကြွလာသတဲ့ဟူသော စကားကိုကြားရ၍ ပုဏ္ဏားနှင့် သူကြွယ် တစ်သိန်းနှစ်သောင်းတို့နှင့်အတူ လာရောက်ဖူးမြော်သော ဗိမ္ဗိသာရမင်းအား ချိုမြိန်သော တရားစကားတော်ကို မိန့်တော်မူလျက် တစ်သိန်းတစ်သောင်းသော ပုဏ္ဏားသူကြွယ်တို့နှင့်အတူ ဗိမ္ဗိသာရမင်းကို သောတာပတ္တိဖိုလ်၌ တည်တော်မူသည်။

တစ်သောင်းသော ပုဏ္ဏားသူကြွယ်တို့ကို သရဏဂုံတို့၌ တည်စေတော်မူသည်။

နောက်တစ်နေ့၌ သိကြားမင်းသည် လုလင်ပျိုအသွင်ကိုယူ၍ ချီးကျူးရွတ်ဆိုအပ်သော ဂုဏ်ရှိတော်မူလျက် ရာဇဂြိုဟ်မြို့တွင်းသို့ဝင်၍ မင်း၏နန်းတော်၌ ဆွမ်းကိစ္စပြုတော်မူကာ ဝေဠုဝန်အာရာမ်ကို ခံယူတော်မူပြီး ဝေဠုဝန် အာရာမ်၌ပင် သီတင်းသုံးတော်မူသည်။

ထိုဝေဠုဝန်အာရာမ်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားထံတော်သို့ သာရိပုတ္တာနှင့် မောဂ္ဂလာန်တို့ လာရောက်ချည်းကပ်ကြသည်။

× × × ×

## သာရိပုတ္တာနှင့် မောဂ္ဂလာန်

ထိုသို့လာရောက်ချည်းကပ်ရာ၌ ဤဆိုလတ္တံ့သောစကားသည် အစဉ်အတိုင်းဖြစ်သော စကားပေတည်း။

မြတ်စွာဘုရား ပွင့်တော်မမူမီအချိန်က ရာဇဂြိုဟ်မြို့၏အနီး၌- ဥပတိဿရွာနှင့် ကောလိတရွာဟု ပုဏ္ဏားရွာနှစ်ရွာတို့ရှိကြကုန်၏။

ဥပတိဿရွာ၌ သာရိမည်သော ပုဏ္ဏေးမ၏ ကိုယ်ဝန်တည်ရာနေ့၌ပင် ကောလိတရွာ၌ မောဂ္ဂလိပုဏ္ဏေးမ၏လည်း ကိုယ်ဝန်တည်လေ၏။

ကြားဖူးသည်မှာ ထိုပုဏ္ဏားမျိုးနှစ်မျိုးတို့သည် အမျိုး(၇)ဆက်တိုင်အောင် အပြန်အလှန် ဆက်စပ်ကြသော မိတ်ဆွေမျိုးတို့သာဖြစ်ကုန်၏။ သာရိပုဏ္ဏေးမနှင့်မောဂ္ဂလိ ပုဏ္ဏေးမနှစ်ဦးလုံးတို့အား တစ်ရက်တည်းမှာပင် ကိုယ်ဝန်အစောင့်အရှောက်ကို ပေးထားကြသည်။

ပုဏ္ဏေးမ နှစ်ဦးလုံးတို့သည်(၁၀)လ လွတ်မြောက်ရာအချိန်၌ သားတို့ကို ဖွားမြင်ကြသည်။

နာမည်မှည့်ရာနေ့၌ သာရိပုဏ္ဏေးမ၏ သားအမည်ကို ဥပတိဿရွာ၌ အမျိုးကြီး၏ သားဖြစ်သောကြောင့် ဥပတိဿဟု မှည့်ခေါ်ကြသည်။

မောဂ္ဂလိပုဏ္ဏေးမ၏ သားအမည်ကို ကောလိတရွာ၌ အမျိုးကြီး၏ သားဖြစ်သောကြောင့် ကောလိတဟုမှည့်ခေါ်ကြသည်။

ဥပတိဿနှင့် ကောလိတ နှစ်ဦးလုံးတို့သည် အရွယ်ကြီးလာသောအခါ အတတ်ပညာအားလုံးတို့ကို တစ်ဖက်ကမ်းရောက် တတ်မြောက်ကြသည်။

ဥပတိဿလုလင်၏ မြူးထူးပျော်ရွှင်ဖို့ရာ မြစ်သို့သော်လည်းကောင်း၊ ဥယျာဉ်သို့သော်လည်းကောင်း သွားရာအခါ၌ ရွှေထမ်းစင် ငါးရာတို့သည် အခြံအရံဖြစ်ကုန်၏။

ကောလိတလုလင်၏ မြူးထူးပျော်ရွှင်ဖို့ရာ မြစ်သို့သော်လည်းကောင်း၊ ဥယျာဉ်သို့သော်လည်းကောင်း သွားရာအခါ၌ အာဇာနည်မြင်းကသော ရထားငါးရာတို့သည် အခြံအရံဖြစ်ကုန်၏။

နှစ်ဦးလုံးတို့၌ လုလင်ပျိုငါးရာ ငါးရာ အခြံအရံရှိကုန်၏။

ရာဇဂြိုဟ်မြို့၌ နှစ်စဉ်နှစ်တိုင်း တောင်ထိပ်ပွဲသဘင်ဖြစ်၏၊ မိတ်ဆွေ နှစ်ဦးလုံးတို့အတွက် ပွဲကြည့်ရန် တစ်နေရာတည်း၌ ညောင်စောင်း(ကုတင်)ခင်းထားကြသည်၊ နှစ်ဦးလုံးအတူထိုင်၍ ကပွဲသဘင်ကြည့်ရှုကြစဉ် ရယ်မောဖွယ်ရာ၌ ရယ်မောကြသည်၊ သံဝေဂဖြစ်ဖွယ်ရာ၌ သံဝေဂဖြစ်ကြသည်။ ပေးကမ်းသင့်ရာ၌ ပေးကမ်းကြသည်၊ ဤနည်းဖြင့်ပင် မိတ်ဆွေနှစ်ဦးတို့သည် တစ်နေ့သ၌ ပွဲလမ်းသဘင်ကြည့်ရှုကြစဉ် အသိဉာဏ်ရင့်ကျက်လာမှုကြောင့် ယခင်နေ့တို့ကလို ရယ်မောဖွယ်ရာ၌ ရယ်မောခြင်း၊ သံဝေဂဖြစ်ဖွယ်ရာ၌ သံဝေဂဖြစ်ခြင်း၊ ပေးကမ်းသင့်ရာ၌ ပေးကမ်းခြင်းမရှိကြ။

မိတ်ဆွေနှစ်ဦးလုံးတို့သည် ဤသို့ကြံစည်စိတ်ကူးကြသည်။

ဤပွဲလမ်းသဘင်၌ ကြည့်ရှုဖွယ်ဟူ၍ ဘာရှိသနည်း၊ ပွဲကသူနှင့် ပွဲလာကြည့်သူအားလုံး နှစ်တစ်ရာမရောက်မီ နာမည်ခေါ်စရာမရှိသူ ဖြစ်လိမ့်မည်၊ ငါတို့မှာမူ တစ်ခုသော မောက္ခဓမ္မ (လွတ်မြောက် ကြောင်းတရား)ကို ရှာဖွေသင့်သည်ဟု အာရုံယူ၍ ထိုင်နေကြသည်။

ထိုအခါ ကောလိတ,က ဥပတိဿကိုပြောသည်။

မိတ်ဆွေ ဥပတိဿ သင်သည် သည့်ပြင်နေ့တို့ကလို ရွှင်လန်းရယ်မောခြင်းမပြု ယခုအနေ သဘောမကျ ဖြစ်နေဟန်ရှိ၏၊ သင်ဘာကိုမှတ်နေသနည်း။

မိတ်ဆွေ ကောလိတ ဇာတ်ကောင်တို့ကို ကြည့်ရှုခြင်း၌ အနှစ်သာရမရှိ၊ ကြည့်ရှုရခြင်းသည် အချည်းနှီး အကျိုးမရှိ၊ မိမိ၏ မောက္ခဓမ္မကို ရှာဖွေသင့်သည် ဟူသော အကြံအစည်ကို ကြံစည်လျက် ထိုင်နေပါသည် မိတ်ဆွေ။

သင်ကောလိတ ကကော ဘာကြောင့်သဘောမကျဖြစ်နေသနည်း၊ မိတ်ဆွေငါလည်း သင်လိုပဲ

ကြံစည်စိတ်ကူးနေမိပါသည်၊ မိတ်ဆွေကောလိတ ငါတို့နှစ်ဦးလုံး အကြံစည်ကောင်းကို ကြံစည်နေကြခြင်း တူညီသည်။ သို့သော် မောက္ခဓမ္မကို ရှာဖွေသူတို့အဖို့ ရဟန်းအဖြစ်တစ်မျိုးကို ရဖို့သင့်သည်။

မည်သူ့ ထံ၌ ရဟန်းပြုကြရမည်နည်းဟု

ဥပတိဿက ပြောဆိုလေ၏။

ထိုအချိန်အခါက သဉ္စယအမည်ရှိသော ပရိဗိုဇ်သည် များစွာသော ပရိဗိုဇ် ပရိတ်သတ်နှင့်အတူ ရာဇဂြိုဟ်မြို့၌နေ၏။

ဥပတိဿနှင့် ကောလိတတို့သည် သဉ္စယပရိဗိုဇ်ထံ၌ ရဟန်းပြုကြစို့ဟု ပြောဆိုကြပြီး အခြံအရံလုလင် ငါးရာတို့ကို ထမ်းစင်နှင့် ရထားတို့ကိုယူ၍ သွားကြကုန်လော့ဟု စေလွှတ်ကာ ထမ်းစင်တစ်ခု ရထားတစ်စီးဖြင့် သွားကြပြီး သဉ္စယပရိဗိုဇ်ထံ၌ ရဟန်းပြုကြသည်။

ဥပတိဿနှင့် ကောလိတတို့ ရဟန်းပြုချိန်မှစပြီး သဉ္စယပရိဗိုဇ်သည် မွန်မြတ်သောလာဘ် မွန်မြတ် သောအခြံအရံ ပြည့်လျှံပေါများသူဖြစ်လေ၏။

ဥပတိဿနှင့် ကောလိတတို့သည် နှစ်ရက်သုံးရက်မျှဖြင့် သဉ္စယပရိဗိုဇ်၏ အယူဝါဒအားလုံးကို နှိမ်နင်းချိုးဖွဲ့ (သင်ယူ) နိုင်ကြပြီးသော် ---

"ဆရာ, ဆရာတို့၏ တတ်သိနားလည်သော အယူဝါဒသည် ဤမျှ သာလော့(သို့မဟုတ်) အပိုအလွန် ရှိသေးသလော"ဟု မေးကြသည်။

သဉ္စယပရိဗိုဇ်က ငါဆရာတတ်သိနားလည်သော အယူဝါဒသည် ဤမျှသာဖြစ်၏။ ငါတတ်သိ နားလည်သမျှ အယူဝါဒအားလုံးကို သင်တို့တတ်သိကြပြီဟု ပြောဆိုလေသော် ဤသို့အကြံ ကြံစည်ကြသည်။

သဉ္စယဆရာ၏ တတ်သိသမျှအယူဝါဒသည် ဤမျှသာဖြစ်ခဲ့သော် ဤဆရာ၏ထံ၌ အကျင့်မြတ်ကို ကျင့်သုံးနေခြင်းသည် အကျိုးမရှိ။ ငါတို့သည် အကြင်မောက္ခဓမ္မကိုရှာဖွေဖို့ ထွက်ခဲ့ကြသည်၊ ထိုမောက္ခဓမ္မသည် ဤဆရာ၏ ထံ၌ ဖြစ်စေရန်မတတ်နိုင်၊ ဇမ္ဗူဒိပ်မြေသည် ကျယ်ဝန်းလှသည်၊ ရွာနိဂုံး မင်းနေပြည်တော်တို့ကို လှည့်လည်ရှာဖွေကြလျှင် မောက္ခဓမ္မကို ညွှန်ပြနိုင်သော ဆရာတစ်ဦးဦးကို မုချရကြလိမ့်မည်။

ထိုသို့ကြံစည်ပြီးချိန်မှစ၍ ပညာရှိ သမဏဗြဟ္မဏရှိသည်ဟုကြားရာ အရပ်တိုင်းသို့ သွားကြ၍ ဆွေးနွေးမှုကို ပြုကြသည်။

ဥပတိဿ၊ ကောလိတ တို့ မေးအပ်သော ပြဿနာကို အခြား ပညာရှိတို့ မဖြေဆိုနိုင်ကြ။ ဥပတိဿ၊ ကောလိတတို့ကမူ အခြားပညာရှိတို့ မေးအပ်သမျှ ပြဿနာကို ဖြေဆိုကြသည်။ ဤသို့လျှင် ဇမ္ဗူဒိပ်ကျွန်းလုံးကို လှည့်လည်စုံစမ်း၍ ပြန်လှည့်ပြီး မိမိတို့ နေရပ်သို့သာ လာကြကာ "မိတ်ဆွေကောလိတ ငါတို့ နှစ်ယောက်တွင် ရှေးဦးစွာ အမတ(အမြိုက်)ကို ရလာသူသည် ကျန်လူ တစ်ယောက်အား ပြောပြရမည်"ဟု ကတိကပြုထား ကြသည်။

ဥပတိဿ၊ ကောလိတတို့ ဤသို့ ကတိကပြု၍ နေထိုင်ကြစဉ် မြတ်စွာဘုရားသည် ဖော်ပြခဲ့အပ် ပြီးသော အစဉ်ဖြင့် ရာဇဂြိုဟ်မြို့သို့ ရောက်တော်မူ၍ ဝေဠုဝန်အာရာမ်ကို ခံယူတော်မူ၍ ဝေဠုဝန်၌ နေတော် မူသည်။

ထိုအချိန်တွင်, ရဟန်းတို့, လူအများ၏ စီးပွားအလို့ငှာ ဒေသစာရီ လှည့်လည်ကြဟု ရတနာသုံးပါး၏ ဂုဏ်ကိုထုတ်ဖော်ပြရန် စေလွှတ်အပ် ကုန်သော ရဟန္တာ ခြောက်ကျိပ်တစ်ပါးတို့၏အကြား, ပဉ္စဝဂ္ဂီ ငါးဦးတို့၏ အတွင်းဝင်ဖြစ်သူ, အဿဇိထေရ်သည် သာသနာပြုခရီးမှ ပြန်လှည့်လာသဖြင့်, ရာဇဂြိုဟ်မြို့သို့ ရောက်လာ တော်မူသည်။

နောက်နေ့ နံက်မှာပင် သပိတ်သက်န်းကို ယူဆောင်၍ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူသည်။

ထိုအချိန်၌ ဥပတိဿပရိဗိုဇ်သည်လည်း နံနက်စောစောကပင် ထမင်းစားပြီး၍ ပရိဗိုဇ်အာရာမ်သို့ သွားစဉ် အဿဇိထေရ်ကို မြင်ရလေသော် ဤသို့ အကြံဖြစ်လေ၏။

ငါသည် ဤရဟန်းမျိုးကို မမြင်ဘူးသေး၊ ဤရဟန်းသည် လောက၌ ရဟန္တာ ရဟန်း အရဟတ္တမဂ်သို့ ရောက်သောရဟန်းတို့တွင် တစ်ပါးအပါအဝင် ဖြစ်လိမ့်မည်။

ငါသည် ဤရဟန်းသို့ ချဉ်းကပ်၍ အရှင်သည် အဘယ်ဆရာကို ရည်ညွှန်း၍(ဦးတိုက်၍) ရဟန်းပြု ခဲ့သနည်း၊ အရှင်၏ဆရာကား အဘယ်သူနည်း ၊ အရှင်သည် အဘယ်ဆရာ၏တရားကို နှစ်သက်ပါသနည်းဟု မေးရလျှင် ကောင်းလေစွ။

ထိုသို့ကြံစည်ပြီးနောက် ဤသို့ အကြံတစ်မျိုးဖြစ်ပြန်သည်။

ဤရဟန်းကို ပြဿနာမေးရန် အချိန်မကျသေး၊ မြို့တွင်းဝင်ကာ ဆွမ်းခံလှည့်လည်နေဆဲဖြစ်သည်။

မသိသေးသော လမ်းခရီးကို သိလိုသူတို့သည် လမ်းခရီးသိသူကို နောက်မှ အစဉ်လိုက်ကြသလို ငါသည် ဤရဟန်းကို နောက်မှ နောက်မှ အစဉ် လိုက်ပါရမူ ကောင်းလေစွ။

ဥပတိဿပရိဗိုဇ်သည် ဆွမ်းရပြီး တစ်နေရာသို့ကြွသွားသော အဿဇိထေရ်ကို မြင်ရလေလျှင် မထေရ်၏ ထိုင်နေလိုဟန်ကို သိရသဖြင့် မိမိ၏ ပရိဗိုဇ်ပျဉ်ချပ်ကိုခင်း၍ ပေးလေ၏၊ ဥပတိဿပရိဗိုဇ်သည် ဆွမ်းကိစ္စပြီးဆုံးပြီးဖြစ်သော အဿဇိထေရ်အား မိမိ၏ရေကရားမှ ရေကိုကပ်လှူလေ၏။

ဥပတိဿပရိဗိုဇ်သည် ဤသို့ပင် ဆရာဖြစ်သူ၌ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်၍ ဆွမ်းကိစ္စပြီးပြီ ဖြစ်သော အဿဇိထေရ်နှင့်အတူ အပြန်အလှန် မေးမြန်းပြောဆိုခြင်း၊ စကားကိုချိုသာစွာ ပြောဆိုပြီးနောက် ဤသို့မေးမြန်းလေ၏။

အို - အရှင်, အရှင်၏ ဣန္ဒြေတို့သည် ကြည်လင်လှပကုန်၏၊ ကိုယ် အရေအဆင်းသည် စင်ကြယ်လျက် ပြိုးပြိုးပျက် အရောင်ထွက်နေသည်၊ အရှင်သည် အဘယ်ဆရာကို ရည်ညွှန်း၍, (ဦးတိုက်၍)ရဟန်းပြုခဲ့ပါ သနည်း၊ အရှင်၏ဆရာကား အဘယ်သူပါနည်း၊ အရှင်သည် အဘယ်ဆရာ၏ တရားကို နှစ်သက်ပါသနည်း။

အဿဇိထေရ်သည်, ဤပရိဗိုဇ်တို့မည်သည်, (ပရိဗိုဇ် မည်သူ ဤလူတို့သည်) ဗုဒ္ဓသာသနာတော်၏ ဆန့်ကျင်ဘက်များဖြစ်ကြသည်၊ ဗုဒ္ဓမြတ်စွာ သာသနာတော်၏ နက်နဲသည်ကို ပြပေအံ့, ဟု ကြံစည်ကာ မိမိ၏ ရဟန်းငယ်အဖြစ်ကို ဖော်ပြလို၍။

ငါ့ရှင်, ငါသည် ရဟန်းပြုသစ်စ ပုဂ္ဂိုလ်ဖြစ်၏၊ မကြာမီက ရဟန်းပြုခဲ့သည်၊ ဗုဒ္ဓမြတ်စွာ၏ ဓမ္မဝိနယ ဤသာသနာတော်သို့ ဝင်ရောက်ခါစဖြစ်၏၊ ငါသည်၊ အကျယ်အားဖြင့် တရားဟောရန်မတတ်နိုင်သေးဟု မိန့်တော်မူသည်၊ ဥပတိဿပရိဗိုဇ်သည် သူ၏စိတ်တွင်း၌ကျွန်ုပ်အမည်ကားဥပတိဿဖြစ်သည်၊အရှင်သည် အစွမ်းသတ္တိရှိသလောက် နည်းနည်း(သို့မဟုတ်) များများပြောဆိုပါ၊ အရှင့်စကားကို နည်းအရာ၊ နည်း အထောင်ဖြင့် ထွင်းဖောက်သိဖို့က ကျွန်ုပ်တာဝန်ပါဟု ကြံစည်ပြီး -

"အပ္ပံပါ ဗဟုံဝါ ဘာသဿု၊ အတ္ထံယေဝ မေဗြူဟိ
အတ္ထေနေဝမေအတ္ထော၊ ကိံ ကာဟသိဗျဥ္ဇနံ ဗဟုံ"

ဟုပြောဆိုလေ၏။

အာဝုသော- အိုအရှင်၊ တွံ- အရှင်သည် ၊ အပ္ပံဝါ- တရားအနည်းငယ်ကို သော်လည်းကောင်း၊ ဗဟုံဝါ - တရားအများကိုသော်လည်းကောင်း၊ ဘာသဿု- ပြောဆိုပါ(ပြောဆိုသော်)၊ မေ- ကျွန်ုပ်အား၊

အတ္ထံယေဝ - အနက်သဘော ဖြင့်သာ၊ အတ္ထော - အလိုရှိပါ၏။ ဗဟုံ - များစွာသော၊ ဗျဥ္ဇနံ - သဒ္ဒါသည်၊ ကိံကဟသိ - ဘာကိုပြုမည်နည်း။

ဥပတိဿပရိဗိုဇ်က ဤသို့လျှောက်ဆိုလတ်သော် အဿဇိထေရ်သည်-

ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟတေသဉ္စ နိရောဓေါ ဧဝံဝါဒီ မဟာသမဏော -

ယေဓမ္မာ - အကြင်တရားတို့သည်၊ ဟေတုပ္ပဘဝါ - အကြောင်းကြောင့် ဖြစ်ကုန်၏၊ တေသံ- ထိုတရားတို့၏၊ ဟေတုံ- အကြောင်းကို၊ တထာဂတော- ငါတို့ဆရာ မြတ်ဘုရားသည်၊ အာဟ- ဟောတော်မူ၏။ တေသံ- ထိုအကျိုးတရား၊ အကြောင်းတရားတို့၏၊ ယောနိရောဓေါ- အကြင်ချုပ်ငြိမ်းမှုနှင့် ချုပ်ငြိမ်း ကြောင်းတရားသည်၊ အတ္ထိ- ရှိ၏။ တံစ- ထိုချုပ်ငြိမ်းမှုနှင့် ချုပ်ငြိမ်း ကြောင်းတရားကိုလည်း၊ တထာဂတော- ငါတို့ဆရာ မြတ်ဘုရားသည်၊ အာဟ- ဟောတော်မူ၏၊ မဟာသမဏော- ရဟန်းမြတ်ဖြစ်တော်မူသော၊ ငါတို့ဆရာ မြတ်ဘုရားသည်၊ ဧဝံဝါဒီ- ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂတစ်ဖြာ လေးသစ္စာကို မှန်စွာသိထား ဟောကြားလေ့ရှိတော်မူပါပေသည်။

ဥပတိဿပရိဗိုဇ်သည် ထိုဂါထာ၏လေးပါဒတို့တွင် ပထမနှင့် ဒုတိယပါဒကို ကြားရလေသော် နည်းတစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိဖိုလ်၌တည်လေ၏။

ကျန် တတိယနှင့်စတုတ္ထပါဒကို သောတာပန်ဖြစ်ပြီးချိန်၌ ကြားရခြင်းပြီးဆုံးစေသည်။

ဥပတိဿသည် သောတာပန်ဖြစ်ပြီး(ဆက်လက်၍)အထက်ဖြစ်သော တရားထူးဖြစ်မလာသော် ဤနေရာ၌ အကြောင်းရှိလိမ့်မည်ဟု မှတ်သားထားပြီး, အရှင်မြတ်ဘုရား ဓမ္မဒေသနာကို အထက်သို့ မတိုးပွားပါစေနှင့် ဤမျှသာဖြစ် ပါစေ၊ တပည့်တော်တို့၏ ဆရာဘုရားသည် အဘယ်မှာ သီတင်းသုံးနေပါ သနည်း။

ငါ့ရှင်, ငါတို့၏ ဆရာဘုရားသည် ဝေဠုဝန်၌ သီတင်းသုံးနေတော်မူသည်။

အရှင်ဘုရား ထိုသို့ဖြစ်လျှင် အရှင်ဘုရားတို့က ရှေ့မှကြွနှင့်ပါ,

တပည့်တော်မှာ မိတ်ဆွေကောင်းတစ်ယောက်ရှိပါသေးသည်။ ငါတို့ နှစ်ယောက်ထဲက အမြိုက် တရားကို ရှေးဦးစွာရရှိလာသူသည် ကျန်လူအား ပြောပြရမည်ဟု တပည့်တော်တို့အချင်းချင်း ကတိကပြုထား ပါသည်။

တပည့်တော်သည် ထိုပဋိညာဉ်ကို ပြေစေပြီး မိတ်ဆွေကောင်းကိုခေါ်၍ အရှင်ဘုရားတို့သွားရာ လမ်းခရီးဖြင့်ပင် မြတ်စွာဘုရားထံတော်သို့လာခဲ့ပါမည်။

ဤသို့လျှောက်ထားပြီး ဥပတိဿသည် ငါးမျိုးသော တည်ခြင်းရှိသော ရှိခိုးနည်းဖြင့် အဿဇိထေရ်၏ ခြေတော်တို့၌ တုပ်ဝပ်ရှိခိုးပြီး အဿဇိထေရ်ကို သုံးကြိမ်လက်ယာရစ်လှည့်၍ အဿဇိထေရ်ကို ပြန်ကြွစေကာ ပရိဗိုဇ်တို့နေရာ အာရာမ်သို့ ရှေးရှုသွားလေ၏။

အဝေးမှလာနေသော ဥပတိဿကို မြင်ရသော ကောလိတသည် ယနေ့ ငါ့မိတ်ဆွေ၏ မျက်နှာ အဆင်းသည် အခြားနေ့တို့၌ကဲ့သို့မဟုတ်၊ ငါ့မိတ်ဆွေသည် ဧကန်မချွတ် အမတ(အမြိုက်)ကို ရခဲ့ပြီးဖြစ်လိမ့် မည်ဟု စဉ်းစားမိကာ အမတ(အမြိုက်)ကို ရခဲ့ပြီးမဟုတ်လောဟု မေးလေ၏။

ဥပတိဿကလည်း ငါ့လူ, ဟုတ်ပေတယ်၊ ငါ အမတ(အမြိုက်)ကို ရခဲ့ပြီဟု ဝန်ခံပြီး မိမိကြားနာခဲ့ ရသော တရားဂါထာကိုပင် ရွတ်ဆိုပြလေ၏။

ကောလိတသည် တရားဂါထာကို ကြားနာပြီးချိန်၌ သောတာပတ္တိဖိုလ်၌ တည်ပြီး၊

မိတ်ဆွေ ဥပတိဿ, ငါတို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဘယ်မှာနေသတဲ့နည်းဟု မေးလေ၏။

မိတ်ဆွေ ကောလိတ, သင်မေးသည့် ငါတို့ဆရာ မြတ်ဘုရားသည် ဝေဠုဝန်၌ နေပါသတဲ့ဟု ငါတို့ဆရာ အဿဇိထေရ်က မိန့်အပ်ပါသည်။

မိတ်ဆွေ ဥပတိဿဒါဖြစ်လျှင် သွားကြစို့၊ မြတ်ဘုရားကို ဖူးမြင်ကြပါစို့။

သာရိပုတ္တမည်သော မထေရ်သည် အမြဲမပြတ်ဆရာကို ပူဇော်တတ်သူဖြစ်၏။ ထို့ကြောင့် မိတ်ဆွေ ကောလိတကို ဤသို့ပြောဆို၏။

မိတ်ဆွေကောလိတ, ငါတို့ရသိထားအပ်သော အမတ(အမြိုက်)ကို ငါတို့ ဆရာ သဥ္စယပရိဗိုဇ် အားလည်း ပြောကြဦးစို့။ သိထိုက်သူဖြစ်လျှင် ထွင်းဖောက်သိလိမ့်မည်၊ ထွင်းဖောက်မသိသေးသော် ငါတို့ စကားကိုယုံကြည်ပြီး မြတ်စွာဘုရားထံသွားလိမ့်မည်။ မြတ်စွာဘုရားတို့၏ ဒေသနာတော်ကို ကြားနာပြီး မဂ်ဖိုလ်ကို ထိုးထွင်းသိလိမ့်မည်။

ထို့နောက် ဥပတိဿ၊ ကောလိတနှစ်ဦးလုံး သဥ္စယပရိဗိုဇ်ထံသွားကြလေ၏။

သဥ္စယသည် ဥပတိဿ၊ ကောလိတတို့ကို တွေ့မြင်လေလျှင် "ဘယ်လိုတုန်း အမောင်တို့၊ အမတမဂ္ဂ (အမြိုက်လမ်းကြောင်း)ကို ညွှန်ပြသူ တစ်ဦးတစ်ယောက်ကို သင်တို့ရအပ်ခဲ့ပြီလော"ဟုမေးလေ၏။

ဟုတ်ပါတယ်ဆရာ၊ ရခဲ့ပါပြီ၊ လောက၌ မြတ်ဗုဒ္ဓပွင့်တော်မူပါပြီ။

လောက၌ မြတ်ဓမ္မထွက်ပေါ်ပါပြီ၊ လောက၌ မြတ်သံဃာရှိနေပါပြီ။

ဆရာတို့သည်၊ အချည်းနှီးအနှစ်သာရမရှိရာ၌ ကျက်စားနေကြသည်၊ ထို့ကြောင့် ကြွတော်မူကြပါ၊ မြတ်စွာ ဘုရားထံ သွားကြပါစို့။

သင်တို့သာသွားကြ၊ ငါမလိုက်နိုင်ဘူး။

ဘာကြောင့်မလိုက်နိုင်ပါသနည်း။

ငါသည် လူအများ၏ ဆရာအဖြစ်ဖြင့် ကျင်လည်ခဲ့ပြီ၊ သည်လိုကျင်လည်ခဲ့သော ငါ့အဖို့ တပည့်အဖြစ် ခံယူနေရခြင်းသည် ရေအဖြည့်ခံအိုးကြီး၏ လက်ငင်အိုးငယ်ဘဝရောက်သွားသည်နှင့် တူတော့သည်။

တပည့်အဖြစ်ခံယူပြီး ငါမနေနိုင်။

ဆရာ, သည်လိုမလုပ်ပါနှင့်။

အမောင်တို့, ဖြစ်လိုရာဖြစ်စေတော့၊ သင်တို့သွားကြ ငါမလိုက်နိုင်ဘူး။

ဆရာ လောက၌ မြတ်ဗုဒ္ဓပွင့်လာချိန်မှစ၍ လူများစွာက နံ့သာပန်း စသည် လက်စွဲလျက် မြတ်ဗုဒ္ဓ ကိုသာ သွားရောက်ပူဇော်လိမ့်မည်၊ ကျုပ်တို့လည်း မြတ်ဗုဒ္ဓရှိရာ၌သာ သွားကြတော့မည်၊ ဆရာတို့ ဘယ်လို လုပ်ကြမှာလဲ။

အမောင်တို့, ဤလောကမှာ ဖျင်းအသူနှင့် သိနားလည်သူတွင် မည်သူက များသနည်း။

ဆရာ ဖျင်းအသူတွေကများပြီး သိနားလည်သူတို့က ရေတွက်မပြသာ အောင်နည်းကြပါသည်။

အမောင်တို့ သို့ဖြစ်လျှင် သိနားလည်သူတွေက သိနားလည်သော ရဟန်းဂေါတမထံသွားကြလိမ့်မည်၊ ဖျင်းအသူတွေက ဖျင်းအသူ ငါ့ထံလာကြလိမ့်မည်။

သင်တို့သွားကြ၊ ငါမသွားဘူး။

ဆရာ ဆရာတို့သိကြပါလိမ့်မည်ဟု ပြောဆိုကာ ဥပတိဿ၊ ကောလိတတို့သည် သဉ္စယထံမှ ဖယ်ခွာသွားကြသည်။

ထိုသူတို့ထွက်သွားကြသောအခါ သဉ္စယ၏ ပရိတ်သတ်ပျက်စီးလေတော့ သည်၊ ထိုအချိန်၌ သဉ္စယ၏ အာရာမ်သည် အချည်းနှီးဖြစ်လေ၏။ သဉ္စယသည် အချည်းနှီးဖြစ်နေသော အာရာမ်ကိုမြင်၍ ဝမ်းတွင်းမှ သွေးပူကို အန်ထွေးရှာလေ၏။

ဥပတိဿ၊ ကောလိတတို့နှင့်အတူ သွားကြသော ပရဗိုဇ်ငါးရာတို့တွင် နှစ်ရာ့ငါးဆယ်တို့သည် သဉ္စယထံပြန်လာကြသည်။

ထိုအခါ ဥပတိဿ၊ ကောလိတတို့သည် မိမိတို့တပည့်ရင်း ပရဗိုဇ် နှစ်ရာ့ ငါးဆယ်တို့နှင့်အတူ ဝေဠုဝန်သို့ သွားကြသည်။

မြတ်စွာဘုရားသည် ပရိတ်သတ်လေးပါးအလယ်၌ ထိုင်တော်မူလျက် တရားဟောနေစဉ် ဥပတိဿ၊ ကောလိတတို့ကို အဝေးမှပင် မြင်တော်မူ လေလျှင် ---

ရဟန်းတို့ -- ကောလိတနှင့် ဥပတိဿ ထိုမိတ်ဆွေနှစ်ဦးတို့ လာနေကြသည်။

ဥပတိဿ၊ ကောလိတသည် ငါဘုရား၏ သာဝကအစုံ မြတ်သောဘဒ္ဒ အစုံဖြစ်လိမ့်မည်ဟု ရဟန်းတို့ကို မိန့်တော်မူသည်။

ဥပတိဿ၊ ကောလိတတို့သည် မြတ်ဘုရားကို ရှိခိုးကြပြီး သင့်လျော် သောနေရာ၌ ထိုင်ကြပြီးသော်

မြတ်စွာဘုရား တပည့်တော်တို့သည် မြတ်စွာဘုရားထံတော်၌ ရှင်အဖြစ် ကိုရလိုကြပါသည်။ ရဟန်းအဖြစ်ကို ရလိုကြပါသည်ဟု မြတ်စွာဘုရားကို လျှောက်ထားတောင်းဆိုကြကုန်၏။

မြတ်စွာဘုရားက ရဟန်းတို့လာကြကုန်လော့၊ ငါဘုရားသည် မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန် ပရိယတ် တရားတော်တို့ကို ကောင်းစွာဟောထားအပ်ပေသည်။ ဆင်းရဲ၏အဆုံးကို အမှန်အတိုင်းပြုနိုင်ရန် အကျင့်မြတ်ကို ကျင့်ကြကုန်လော့ဟု နှုတ်တော်မှ ထုတ်ဖော်လိုက်သောအခါ ဥပတိဿ၊ ကောလိတ အမျှုးပြုသူ အားလုံးတို့သည် ဝါခြောက်ဆယ်ရ ထေရ်ကြီးတို့ကဲ့သို့ တန်ခိုးဖြင့်ပြီးသော သပိတ် သင်္ကန်း ကိုယ်စီဆင်မြန်း ရဟန်းဖြစ်ကြလေကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့အား ပရိတ်သတ်၏ စရိုက်အလိုဖြင့် ဓမ္မဒေသနာတော်ကို တိုးချဲ့ဟောပြတော်မူသည်။ ထိုအခါ ဥပတိဿ၊ ကောလိတ အဂ္ဂသာဝက နှစ်ဦးတို့ကို ချန်လှပ်၍ ကျန်ရဟန်း အားလုံး အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

အဂ္ဂသာဝကနှစ်ဦးတို့မှာ ကြီးမားသော သာဝကပါရမီဉာဏ်ရှိသူများ ဖြစ်သောကြောင့် အထက်မဂ် သုံးပါး၌ ပြုဖွယ်ကိစ္စမပြီးဆုံးသေးချေ။

ထိုအချိန်မှနောက် အရှင်မဟာမောဂ္ဂလာန်သည် ရဟန်းဖြစ်ရာနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ မဂဓတိုင်း ကလ္လဝါလရွာငယ်ကို အမှီပြု၍နေစဉ် ထိနမိဒ္ဓသက်ဝင်လာလတ်သော် မြတ်စွာဘုရားသည် ထိတ်လန့်စေအပ်သည်ဖြစ်၍ ထိနမိဒ္ဓကို, ပယ်ဖျောက်ပြီး မြတ်စွာဘုရား ပေးတော်မူအပ်သော ဓာတ် ကမ္မဋ္ဌာန်းကို ကြားနာလျက်ပင် အထက်မဂ်သုံးပါး၌ပြုဖွယ်ကိစ္စကို ပြီးဆုံးစေကာ သာဝရပါရမီဉာဏ်အထွတ် အထိပ်သို့ရောက်တော်မူသည်။

သာရိပုတ္တာထေရ်သည် ရဟန်းပြုရာနေ့မှ ဆယ့်ငါးရက်ကျော်လွန်ချိန် မြတ်စွာဘုရားနှင့်အတူ ထိုရာဇဂြိုဟ်မြို့ကိုပင် အမှီပြုကာ ဝက်တူးလိုဏ်၌ သီတင်းသုံးစဉ် မိမိ(သာရိပုတ္တာ)၏ တူဖြစ်သူ ဒီဃနခ

ပရိဗိုဇ်အား ဝေဒနာကို သိမ်းဆည်းပုံ သုတ္တန်တရားတော်ကို ဟောပြနေစဉ် -

ဟောပြအပ်သော သုတ္တန်သို့ အစဉ်လိုက်လျက် အသိဉာဏ်ကို သွင်းယူ လတ်သော် တခြားသူအတွက် ပြင်ထားအပ်သောထမင်းကို ဝင်စားသကဲ့သို့ သာဝကပါရမီဉာဏ် ခေါင်ထိပ်သို့ရောက်တော်မူလေသည်။

အရှင်သာရိပုတ္တသည် ပညာကြီးမားသူဖြစ်ပါလျက် အဘယ့်ကြောင့် မဟာမောဂ္ဂလာန်နောက် ကာလကြာမြင့်မှ သာဝကပါရမီဉာဏ်သို့ ရောက်တော် မူသနည်းဟု မေးမြန်းဖွယ်ရှိ၏။

ဒအားထုတ်မှုပရိကံ ကြီးကျယ်သောကြောင့် မဟာမောဂ္ဂလာန်နောက် အချိန်ကြာမှ သာဝကပါရမီဉာဏ်သို့ ရောက်တော်မူသည်ဟု ဖြေဆိုပါ။

ဥပမာ - ဆင်းရဲသားသည် သွားလိုရာအရပ်သို့ လျင်မြန်စွာထွက်ခွာသွားသည်၊ တိုင်းပြည်သနင်း ပြည့်ရှင်မင်းတို့မှာမူ ဆင်ယာဉ်၊ မြင်းယာဉ်စီစဉ်ခြင်းအစရှိသော များပြားကြီးကျယ်သောစီစဉ်မှု ပရိကံကို ရယူသင့်သည်၊ ဤဥပမာနှင့်အတူ မှတ်ယူသင့်သည်။

ရှင်သာရိပုတ္တထေရ် သာဝကပါရမီဉာဏ်ခေါင်ထိပ်သို့ ရောက်ရာနေ့၌ပင် မြတ်စွာဘုရားသည် ညနေပိုင်းအချိန်တွင် ဝေဠုဝန်၌ သာဝကအစည်းအဝေးပြုပြီး ထေရ်နှစ်ပါးတို့အား အဂ္ဂသာဝကရာထူးကို ပေးတော်မူပြီး ပါတိမောက်ပြတော်မူသည်။

ရဟန်းတို့သည် ကဲ့ရဲ့ပြစ်တင်ကြကုန်၏။ မြတ်စွာဘုရားသည် မျက်နှာလိုက်ပြီး ဆွမ်းကို(ရာထူး ဌာနန္တရကို)ပေးတော်မူသည်။

အဂ္ဂသာဝက, ရာထူးကို ရှေးဦးစွာရဟန်းဖြစ်ကြသော ပဥ္စဝဂ္ဂီရဟန်းတို့အားပေးသင့်သည်။

ထိုရဟန်းတို့ကို မကြည့်မမြင်သော် ယသထေရ်အမှူးပြုသော ရဟန်းငါးကျိပ်ငါးပါးတို့အား ပေးသင့်သည်။

ထိုရဟန်းတို့ကို မကြည့်မမြင်သော် ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့အား ပေးသင့်သည်။ ထိုရဟန်းတို့ကို မကြည့်မမြင်သော် ဥရုဝေလ ကဿပ အစရှိသော ညီနောင်သုံးပါးတို့အား ပေးသင့်သည်။

ဤမျှများလှသော မဟာထေရ်တို့ကို ဖယ်ထားပြီး နောက်ဆုံးမှ ရဟန်း ပြုလာသူ သာရိပုတ္တ၊ မောဂ္ဂလာန်တို့အား အဂ္ဂသာဝကရာထူးကို ပေးတော်မူသော မြတ်စွာဘုရားသည် မျက်နှာကိုကြည့်၍ ပေးအပ်တော်မူသည်။

မြတ်စွာဘုရားသည် ရဟန်းတို့ အဘယ်စကားကို ပြောဆိုနေကြသနည်း ဟု မေးတော်မူလတ်သော် အဂ္ဂသာဝကရာထူးပေးတော်မူခြင်းနှင့် ဆက်စပ်သော စကားကို ပြောဆိုနေကြပါသည်ဟု လျှောက်ထား လေရာ -

ရဟန်းတို့ ငါဘုရားသည် မျက်နှာကိုကြည့်၍ ဆွမ်းကို (ရာထူးဌာနန္တရကို) ပေးသည်မဟုတ်၊ စင်စစ် အားဖြင့် သာရိပုတ္တ မောဂ္ဂလာန်တို့အား(မိမိ)၂ တောင့်တအပ်(ပြင်ဆင်အပ်)၂ သော ရာထူးဆုကိုသာပေးသည်။

မှန်ပေသည်၊ အညာသိကောဏ္ဍညသည် တစ်ကြိမ်စပါးစိုက်ပျိုးရာ၌ ကိုးကြိမ်တိုင်အောင် ဦးဦးဖျားဖျားကောက်ဦးအလှူကိုပေးစဉ်က အဂ္ဂသာဝက ရာထူးကိုတောင့်တ၍၊ ဆုပန်၍ ပေးလှူခဲ့သည် မဟုတ်၊ အဟုတ်သော်ကား အမြတ်ဆုံးတရားဖြစ်သော အရဟတ္တဖိုလ်ကို အားလုံးတို့၏ ရှေးဦးစွာထိုးထွင်း သိရန်တောင့်တ၍(ဆုပန်၍)ပေးလှူခဲ့ပေသည်။

မြတ်စွာဘုရား ဘယ်အချိန်ခါက ပေးလှူခဲ့ပါသနည်း။

ရဟန်းတို့ နာယူကြကုန်လော့။

မြတ်စွာဘုရား ကောင်းလှပါပြီဘုရား။

ရဟန်းတို့ ဤကမ္ဘာမှ အထက် ကိုးဆယ့်တစ်ကမ္ဘာ၌ ဝိပဿီမြတ်စွာ ဘုရား လောကသုံးပါး၌ဖြစ်ပွင့်တော်မူသည်။ ထိုအချိန်၌ မဟာကာဠ၊ စူဠကာလ သူကြွယ်ညီနောင်နှစ်ဦးတို့သည် ကြီးကျယ်သော သလေးစပါးလယ်ကို စိုက်ပျိုး စေကြသည်။

တစ်နေ့သ၌ စူဠကာလသည် သလေးစပါးလယ်သို့သွား၍ သလေးနှံ၊ အဖုံးအလုံးတစ်ခုကို ဖောက်ခွဲ၍စားလေ၏ ။ ထိုသလေးစပါးအရည်သည် လွန်စွာချိုသည်။

စူဠကာလသည် ဘုရားအမှူးရှိသော သံဃာအား သလေးနှံအဖုံး အလုံးကို ပေးလှူလိုသဖြင့် အစ်ကိုကြီး မဟာကာဠထံ ချဉ်းကပ်၍ တိုင်ပင်စကားပြောကြားသည်။

အစ်ကိုကြီး" သလေးနှံအဖုံးအလုံးကိုခွဲ၍ မြတ်စွာဘုရားတို့အား သင့်လျော်အောင်ပြု၍ ကျိုချက်ပြီးပေးလှူကြပါစို့။

ညီ စူဠကာလ" ဘယ်လိုပြောလိုက်တာလဲ၊ သလေးနှံအဖုံးအလုံးကိုခွဲ၍ ပေးလှူမှုသည် အတိတ်ကာလက ဖြစ်ခဲ့ဘူးသည်မဟုတ်, အနာဂတ် ကာလ၌လည်း ဖြစ်လိမ့်မည်မဟုတ်၊ သလေးစပါးကို မဖျက်ဆီးပါနှင့်ဟု ပြောဆိုသော်လည်း စူဠကာဠသည် ပေးလှူရန် ကြိမ်ဖန်များစွာ တောင်းပန်ရာပြန်၏။

ထိုအခါ စူဠကာလကို မဟာကာဠက, သင်ဒီမျှလှူလိုလျှင် သလေးစပါး လယ်ကိုနှစ်စုခွဲ၍ ငါ့အဖို့အစုကိုမထိဘဲ, သင့်အဖို့အစုဖြစ်သောလယ်၌ သင်အလိုရှိတိုင်းပြုပေတော့ဟု ပြောဆိုလေ၏။

စူဠကာလသည် ကောင်းပါပြီဟု ပြောဆိုပြီး လယ်ကိုနှစ်ဖို့ခွဲ၍ များစွာသောလူတို့ကို လုပ်အားတောင်း၍ သလေးနှံအဖုံးအလုံးကိုခွဲ၍ ရေမပါနို့ရည်ဖြင့် ကျိုစေပြီး ထောပတ်၊ ပျား၊ တင်လဲ စသည်တို့ဖြင့် ရောစပ်၍ ဘုရားအမှူးရှိသောရဟန်းသံဃာအား အလှူဝတ္ထုကို ပေးလှူ၍ ဆွမ်းကိစ္စပြီးဆုံးသောအခါ ဤသို့ဆုပန်လေ၏။

မြတ်စွာဘုရားတပည့်တော်၏ ဤအဂ္ဂဒါန(ဦးဦးဖျားဖျားအလှူ)သည် အမြတ်ဆုံးဖြစ်သောတရားကို သူခပ်သိမ်းတို့၏ ရှေးဦးစွာထိုးထွင်းသိနိုင်ရန် အကြောင်းကောင်းကောင်းကြီး ဖြစ်ပါစေဘုရား။

မြတ်စွာဘုရားသည် ဧဝံဟောတု-သင့်ဆုတောင်းအတိုင်းဖြစ်ပါစေဟု အနုမောဒနာပြုတော်မူလိုက်သည်။

စူဠကာလသည် သလေးလယ်တွင်းသို့သွား၍ကြည့်လတ်သော် သလေးလယ်တွင်းအားလုံးကို သိုင်းခြုံဖွဲ့ယှက်ထားသကဲ့သို့ သလေးစပါးနှံတို့ဖြင့် ဖုံးလွှမ်းပိတ်ဆို့နေသည်ကို မြင်ရလေသော် ငါးမျိုးသော ပီတိကိုရရှိပြီး ငါ့အား အရတော် ပါပေစွဟုစဉ်းစား၍ မုန့်ဆန်းပြုနိုင်ရာအခါ၌ မုန့်ဆန်းဦးအလှူကိုပေးလေ၏။

ရွာသူရွာသားတို့နှင့်အတူ ကောက်စပါးဦး အလှူကိုပေးလှူ၏။

စပါးရိတ်ရာ အခါ၌ စပါးရိတ်ဦးအလှူကို ပေးလေ၏။ ရိတ်ပြီး စပါးနှံပုံရာ(ကောက်လက်ပုံရာအခါ၌) စပါးနှံပုံဦးအလှူကို ပေးလေ၏။ စပါးနှံ ကောက်လှိုင်းစီးရာ၌ ကောက်လှိုင်းဦးအလှူကို ပေးလေ၏။ ကောက်နယ်တလင်း၌ ကောက်လှိုင်းတို့ကို စုပုံ၍ တလင်းဦးအလှူကိုပေးလေ၏။ စပါးနယ်ပြီး၍ စုပုံရာအခါ၌ တလင်းစပါးဦးအလှူကိုပေးလေ၏။ စပါးတို့ကို စပါးကျီအတွင်းသို့ သွင်းရာအခါ၌ စပါးကျီသွင်းအလှူကို ပေးလေ၏။

ဤသို့လျှင် စပါးလုပ်ငန်းတစ်ခု၌ ကိုးကြိမ်ကိုးခါ အဂ္ဂဒါနပေးလှူလေ၏။ ပေးလှူရာအကြိမ်တိုင်း၌ ပေးလှူရန်ပစ္စည်းကို ယူရာနေရာတိုင်း၌ ပြန်ပြည့်နေလေ၏။

သလေးစပါးသည် လွှန်လွှန်ကဲကဲ တက်ကြွတိုးပွားလာလေ၏။

မှန်လှပေ၏။ ဓမ္မမည်သော ဤသဘောသည် မိမိကိုစောင့်ရှောက်သူကို ပြန်၍ စောင့်ရှောက်တတ်သည်။

ထို့ကြောင့် မြတ်စွာဘုရားသည် -

"ဓမ္မောဟဝေ ရက္ခတိဓမ္မစာရိံ

ဓမ္မောသုစိဏ္ဏော သုခမာဝဟာတိ

ဧသာ နိသံသော ဓမ္မေ သုစိဏ္ဏေ

နဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ"ဟု ဟောတော်မူသည်။

ဓမ္မော - မှန်ကန်ကောင်းမွန်သော တရားသည်၊ ဓမ္မစာရိံ - တရား ကျင့်သူကို၊ ဟဝေ - စင်စစ်၊ ရက္ခတိ - စောင့်ရှောက်၏။

သုစိဏ္ဏော - ကောင်းစွာ လေ့ကျင့်အပ်သော၊ ဓမ္မော - တရားသည်၊ သုခံ - ချမ်းသာကို၊ အာဝဟာတိ - ဆောင်ရွက်လေ၏။

ဓမ္မစာရီ - ကောင်းမြတ်တရား ကျင့်ကြံပွားများနေသူသည်၊ ဒုဂ္ဂတိံ - အပယ်ခေါ် ရ မကောင်းသော လားရာဘဝသို့၊ နဂစ္ဆတိ - မရောက်ရလေ။

ဧသ - ဧသော ဤသည်ကား၊ သုစိဏ္ဏော - ကောင်းစွာလေ့ကျင့်အပ်သော၊ ဓမ္မေ - တရား၌၊ အာနိသံသော - အကျိုးဆက်တည်း။

ဤသို့လျှင် ဤကောဏ္ဍညအလောင်း စူဠကာလသည် ဝိပဿီ မြတ်စွာဘုရားလက်ထက်တော်က အဂ္ဂဓမ္မ အမြတ်ဆုံးတရားကို ဦးဦးဖျားဖျား ထိုးထွင်းသိရန် တောင့်တပန်ဆင်လျက် ကိုးကြိမ်တိုင်တိုင် အဂ္ဂဒါနကို ပေးလှူခဲ့လေပြီ။

ဤကမ္ဘာမှ အထက်ကမ္ဘာတစ်သိန်း၌ ဟံသာဝတီမြို့ဝယ် ပဒုမုတ္တရမြတ်စွာ ဘုရားလက်ထက်တော်၌ လည်း ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေး၍ ပဒုမုတ္တရမြတ်စွာဘုရား ခြေတော်ရင်း၌ တုပ်ဝပ်ပြီး အဂ္ဂဓမ္မကို ရှေးဦးစွာ ထိုးထွင်းသိခြင်းအကျိုးကိုသာ ဆုတောင်းခဲ့လေပြီ။

ဤကောဏ္ဍညသည် ဤသို့ ဆုတောင်းအပ်ခဲ့သည်ကိုသာ ငါဘုရား ပေးအပ်ပေသည်။ ရဟန်းတို့ ငါဘုရားသည် မျက်နှာကို ကြည့်၍ပေးသည်မဟုတ်ဟု မိန့်တော်မူလေ၏။

မြတ်စွာဘုရား ယသအမျိုးသားအမှူးရှိသော အမျိုးသားငါးကျိပ် ငါးယောက်တို့သည် အဘယ်အကြံ ကောင်းမှုကံကို ပြုခဲ့ကြပါသနည်းဟု မေးလျှောက်ကြပြန်သည်။

ယသအမျိုးသားအမှူးရှိသော အမျိုးသားငါးကျိပ်ငါးဦးတို့လည်း တစ်ဆူသော ဘုရားရှင်၏အထံ၌ အရဟတ္တဖိုလ်ကို ရလိုကြ၍ များစွာသော ကောင်းမှုကံကို ပြုကြပြီး နောက်အချိန်၌ ဘုရားမပွင့်မီအခါက မိတ်ဆွေသူငယ်ချင်းများဖြစ်ကြ၍ အသင်းအဖွဲ့ဖွဲ့စည်းလျက် ကောင်းမှုတို့ကိုပြုကြစဉ် အားထားကိုးကွယ် ရာမဲ့ကွယ်လွန်သူတို့၏ ရုပ်အလောင်းတို့ကို သုတ်သင်ရှင်းလင်းခဲ့ကြကုန်၏။

ထိုအဖွဲ့အစည်းဝင်လူတို့သည် တစ်နေ့သ၌ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး ကွယ်လွန်သည်ကို သိမြင်ကြ၍ မီးသဂြိုဟ်ရန် သုသာန်သို့ ထုတ်ဆောင်ခဲ့ကြကုန်၏။ ထိုအမျိုးသားတို့တွင် ငါးယောက်သော လူတို့ကို သင်တို့သဂြိုဟ်ရစ်ကြဟု ပြောဆိုကာ သုသာန်၌ ချန်ထားခဲ့ပြီး ကျန်လူအားလုံးတို့သည် ရွာတွင်းသို့ ဝင်သွားကြကုန်လေ၏။

ယသအလောင်းသူငယ်သည် ထိုသူသေအလောင်းကို တံစို့(တံကျင်၊ တံစူးဝါး)တို့ဖြင့် ထိုး၍လှည့်ကာ လှည့်ကာ မီးရှို့လတ်သော် အသုဘ သညာကိုရလေ၏။

ကျန်လူလေးဦးတို့အားလည်း မိတ်ဆွေတို့ကြည့်ကြ ဤအလောင်းကောင်သည် နေရာအနှံ့ ပျက်စီးနေ၏။ ပျောက်ကြားသော အဆင်းရှိသော နွားကိုယ်ကဲ့သို့ မစင်ကြယ်၊ အနံ့ဆိုးရှိ၏ဟု ပြောပြလေ၏။

ကျန်လူလေးဦးတို့ကလည်း ထိုအလောင်းကောင်၌ အသုဘသညာကို ရယူကြကုန်၏။ ထိုငါးဦး တို့သည် ရွာတွင်းသို့သွားရောက်ပြီး ကျန်လူမိတ်ဆွေ ငါးကျိတ်တို့အား ပြောပြကြလေ၏။ ယသအလောင်း ဖြစ်သော သူငယ်သည် အိမ်သို့သွားရောက်ပြီး အမိ၊ အဖနှင့် ဇနီးအားပြောကြားလေ၏။ ထိုအမိ၊ အဖ၊ ဇနီးတို့လည်း အသုဘ ဘာဝနာကို ပွားများကြကုန်၏။

ဤသည်ကား ယသအမျိုးသားအမှူးရှိသော ငါးကျိပ်ငါးဦးတို့၏ ရှေးကောင်းမှုကံဖြစ်ပေသည်။

ထို့ကြောင့်ပင် ယသသူဌေးသား၏ မိန်းမဆောင်အတွင်း၌ သုသာန်ဟူသော အမှတ်သညာ ဖြစ်ခဲ့လေပြီ။

မင်္ဂဖိုလ်ရကြောင်း ထိုသို့သော ဥပနိဿယနှင့် ပြည့်စုံမှုကြောင့် ယသသူဌေးသားအမှူးရှိသော ငါးကျိပ်ငါးဦးတို့ တရားအထူးကိုရကြလေ၏။

ဤသို့လျှင် ဤသူတို့လည်း မိမိတောင့်တအပ်သော ဆုကိုသာရကြကုန်၏။

ငါဘုရားသည် မျက်နှာကိုကြည့်၍ ပေးသည်မဟုတ်ဟု မိန့်တော်မူသည်။

မြတ်စွာဘုရား ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့က အဘယ်အကြံကောင်းမှုကံကို ပြုခဲ့ကြပါသနည်းဟု မေးလျှောက်ကြပြန်သည်။

ထိုသူတို့လည်း ရှေးဘုရားရှင်တို့၏အထံ၌ အရဟတ္တဖိုလ်ကို ဆုပန်ဆင်၍ ကောင်းမှုတို့ကို ပြုခဲ့ကြသည်။ နောက်အဖို့ကာလ ဘုရားမပွင့်မီအချိန်၌ သေသောက်သမားသုံးကျိပ်ဖြစ်ရာ တုဏ္ဍိလဝက်မင်း၏ သြဝါဒကို ကြားနာပြီး နှစ်ပေါင်းခြောက်သောင်းတို့ပတ်လုံး ငါးပါးသီလတို့ကို စောင့်ရှောက်ခဲ့ကြသည်။

ဤသို့လျှင် ဤသူတို့လည်း မိမိတို့ဆုပန်ဆင် အပ်သည်ကိုသာ ရယူကြသည်။

ငါဘုရားသည် မျက်နှာကိုကြည့်၍ ပေးသည်မဟုတ်ဟု မိန့်တော်မူသည်။

မြတ်စွာဘုရားဥရုဝေလ ကဿပ စသူတို့သည်ကား အဘယ်အကြံ ကောင်းမှုကံကို ပြုခဲ့ကြပါ သနည်းဟု မေးလျှောက်ကြပြန်သည်။ ထိုသူတို့လည်း အရဟတ္တဖိုလ်ကိုသာ ဆုပန်တောင့်တ၍ ကောင်းမှုတို့ကို ပြုခဲ့ကြသည်။

ပြုကြပုံကား/ဤကမ္ဘာမှ အထက်ကိုးဆယ့်နှစ်ကမ္ဘာ၌ -

တိဿဘုရား၊ ဖုဿဘုရားဟု ဘုရားနှစ်ဆူပွင့်ကုန်၏။

ဖုဿဘုရား၏ ခမည်းတော်သည် မဟိန္ဒအမည်ရှိသော မင်းဖြစ်သည်။ ဖုဿဘုရားအလောင်းတော် ဘုရားအဖြစ်သို့ ရောက်လတ်သော် မဟိန္ဒမင်း၏ သားငယ်သည် ပထမအဂ္ဂသာဝကဖြစ်၍ ပုရောဟိတ်၏ သားသည် ဒုတိယ အဂ္ဂသာဝကဖြစ်သည်။

မဟိန္ဒမင်းသည် မြတ်စွာဘုရားထံသွား၍ ငါ၏သားအကြီးသည် မြတ်စွာ ဘုရား၊ သားအငယ်သည် ပထမသာဝကဖြစ်၍၊ ပုရောဟိတ်သားသည် ဒုတိယ အဂ္ဂသာဝကဖြစ်သည်ဟု မြတ်စွာဘုရားအစရှိသော ထိုပုဂ္ဂိုလ်သုံးဦးတို့ကို ကြည့်၍

"ငါ၏သာ, ဘုရား

ငါ၏သာ, တရား

ငါ၏သာ, သံဃာ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟု သုံးကြိမ် ဥဒါန်းစကားကျူးရင့်ကာ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ တုပ်ဝပ်၍ -

မြတ်စွာဘုရားယခုအချိန်၌ တပည့်တော်သည် တပည့်တော်၏ နှစ်ပေါင်းကိုးသောင်းအတိုင်း အရှည်ရှိသော အသက်၏ အဆုံးအစွန်း၌ ထိုင်၍ အိပ်ရသော အချိန်ကဲ့သို့ဖြစ်နေပါသည်။

အရှင်ဘုရားတို့သည် တခြားသူတို့အိမ်တံခါးဝသို့ကြွတော်မမူဘဲ တပည့်တော်အသက်ရှင်နေသမျှ ကာလပတ်လုံး တပည့်တော်၏ပစ္စည်းလေးပါးတို့ကို ရှေးဦးစွာခံယူတော်မူပါဟု လျှောက်ထားလေလျှင် မြတ်စွာဘုရား၏ ဝန်ခံမှုကိုယူ၍ အမြဲမပြတ်မြတ်စွာဘုရားထံ ဆည်းကပ်လေ၏။

မဟိန္ဒမင်းကြီး၏ မြတ်စွာဘုရားနှင့် ပထမအဂ္ဂသာဝကသားအပြင် သားသုံးယောက်ရှိကုန်သေး၏။

ထိုသုံးယောက်တို့တွင် အကြီးဆုံးသား၏ အခြံအရံတို့သည် စစ်သည်ငါးရာတို့ဖြစ်ကုန်၏။ အလတ်ဖြစ်သောသားတော်၏ အခြံအရံတို့သည် စစ်သည်သုံးရာ အငယ်ဆုံးသားတော်၏ အခြံအရံတို့သည် စစ်သည်နှစ်ရာတို့ ဖြစ်ကုန်၏။

ထိုမင်းသားညီနောင်သုံးယောက်သည်၊ သားတော်တို့လည်း နောင်တော်ဘုရားကို ကျွေးမွေးပြုစုလိုကြပါသည်ဟု ခမည်းတော်ထံအခွင့်တောင်းခံရာ ကျွေးမွေးပြုစုခွင့်ကို မရကြ၍ အဖန်ဖန်အခွင့်တောင်းခံသော်လည်း ကျွေးမွေးပြုစုခွင့်မရကြသောကြောင့် တိုင်းစွန်ပြည်ဖျားအရပ်ကို ဖျက်ဆီးသောင်းကျန်းသည့် သူပုန်ရန်ကို ငြိမ်းအေးစေရန် ခမည်းတော်စေလွှတ်အပ်သည့်အတိုင်း တိုင်းစွန်ပြည်ဖျားအရပ်ကို ငြိမ်သက်အေးချမ်းစေပြီး ခမည်းတော်ထံသို့ ပြန်လာကြသည်။

ထိုအခါ ခမည်းတော် မဟိန္ဒမင်းကြီးသည် သားတော်သုံးဦးတို့ကို လည်ဖက်၍ ဦးထိပ်၌ နမ်းရှုတ်ပြီးလျှင် သားတော်များသင်တို့အား ခမည်းတော် ကဆုပေးပါ၏ဟု မိန့်ဆိုလေ၏။

သားတော်တို့သည် ခမည်းတော်မင်းကြီး ကောင်းလှပါပြီ ဆုယူအပ်ပြီး ဖြစ်ပါစေဟု အသိပေးကြပြီး နောက်ထပ် နှစ်ရက်သုံးရက်လွန်သောအချိန်၌ ခမည်းတော်မင်းကြီးက သားတော်တို့ဆုကိုယူကြကုန်လော့ဟု မိန့်တော်မူပြန်ရာ ခမည်းတော်ဘုရား သားတော်တို့မှာ တခြားအလိုရှိသော ဆုမရှိကြပါ။ ဤနေ့မှစ၍ သားတော်တို့သည် နောင်တော်မြတ်စွာဘုရားကို ကျွေးမွေးပြုစုကြပါမည်။ သားတော်တို့အား ဤဆုကိုသာ ပေးတော်မူပါဟု တောင်းဆိုကြသည်။

သားတော်တို့ သင်တို့တောင်းသည့်ဆုကို ငါမပေးနိုင်၊ ခမည်းတော်ဘုရား ရာသက်ပန်မပေးလျှင် ခုနစ်နှစ်ပတ်လုံးပြုစုခွင့်ပေးတော်မူပါ။

သားတော်တို့ ခုနစ်နှစ်ပြုစုခွင့်ကိုလည်း ငါမပေးနိုင်။

ခမည်းတော်ဘုရား ခုနစ်နှစ်ပြုစုခွင့်မပေးနိုင်လျှင် ခြောက်နှစ်၊ ငါးနှစ်၊ သုံးနှစ်၊ တစ်နှစ်ပြုစုခွင့်ပေးတော်မူပါဘုရား။

သားတော်တို့ တစ်နှစ်ပြုစုခွင့်ကိုလည်း ငါမပေးနိုင်။

ခမည်းတော်မြတ်ဘုရား တစ်နှစ်ပြုစုခွင့်မပေးနိုင်လျှင် ခုနှစ်လ၊ ခြောက်လ၊ ငါးလ၊ လေးလ၊ သုံးလ ပြုစုခွင့်ပေးတော်မူပါဘုရား။

သားတော်တို့ သင်တို့တောင်းဆိုသည့် သုံးလပြုစုခွင့်ဆုကိုလည်း ငါမပေးနိုင်။

ခမည်းတော်ဘုရားသားတော်တစ်ပါးလျှင် သုံးလစီပြုစုခွင့်မပေးနိုင်လျှင် သားတော်တစ်ပါး တစ်ပါးအား တစ်လစီ၊ တစ်လစီထားပြီး သုံးလပြုစုခွင့်ပေးတော်မူပါဘုရား။

သားတော်များကောင်းပြီ ယခုသင်တို့တောင်းဆိုသည့်အတိုင်း သုံးလပတ်လုံး သားတော်ဘုရားအား ပြုစုကျွေးမွေးကြကုန်လော့ဟု ခမည်းတော်မဟိန္ဒမင်း ကြီး မိန့်ဆိုလေလျှင် သားတော်သုံးပါးတို့သည် နှစ်သက်ဝမ်းမြောက်ကြပြီး ခမည်းတော်မင်းကြီးကို ရှိခိုး၍ မိမိတို့နေရာသို့သာ သွားကြလေကုန်၏။

ထိုမင်းသားသုံးယောက်လုံးအဖို့ ဘဏ္ဍာစိုးအမတ်တစ်ယောက်၊ စာရင်းကိုင်အမတ်တစ်ယောက် အားဖြင့် အမတ်နှစ်ယောက်သာရှိလေ၏။ အမတ်တစ်ယောက်၏ အခြံအရံယောက်ျားတို့သည် တစ်သိန်း နှစ်သောင်း ရှိကုန်၏။

မင်းသားတို့သည် ထိုအမတ်တို့ကိုခေါ်၍ -

ငါတို့သည် သုံးလပတ်လုံး ဆယ်ပါးသီလတို့ကို ခံယူ၍ ဖန်ရေဆိုးအဝတ် နှစ်ထည်တို့ကို ဝတ်ရုံပြီး မြတ်စွာဘုရားနှင့်အတူနေကြမည်။

သင်တို့သည် ဤမျှလောက်သော ဒါနဝတ်ကိုယူကြ၍ နေ့စဉ်နေ့တိုင်း ရဟန်းတော် နှစ်သောင်းနှင့် စစ်သည်တစ်ထောင်အတွက် စားဖွယ်သောက်ဖွယ် ဘောဇဉ်အားလုံးကိုဖြစ်ကြပါစေ။ ဤအချိန်မှစ၍ ငါတို့သည် သင်တို့အား ဘာကိုမျှပြောဆိုကြမည်မဟုတ်ဟု ပြောထားကြကုန်၏။

မင်းသားညီနောင် သုံးယောက်တို့သည် အခြံအရံ စစ်သည်တစ်ထောင် ခေါ်ဆောင်၍ ဆယ်ပါးသီလ တို့ကို ဆောက်တည်ဖန်ရေဆိုးအဝတ်တို့ကို ဝတ်ရုံကြပြီး ကျောင်းတော်၌သာနေကြကုန်၏။

ဘဏ္ဍာစိုးနှင့်စာရင်းကိုင်အမတ်တို့သည် သဘောညီညွတ်ကြကုန်လျက် မင်းသားညီနောင်သုံးပါးတို့၏ ဘဏ္ဍာတိုက်တို့မှ အလှည့်ကျအားဖြင့် ဒါနဝတ်(လှူဖွယ်ပစ္စည်း)ကိုယူ၍ ပေးလှူကြကုန်၏။

အမှုကိစ္စဆောင်ရွက်သူတို့၏ သားသမီးငယ်တို့သည် ယာဂုထမင်းစသည် ကို စားသောက်လိုမှုဖြင့် ငိုနေကြကုန်၏။ ငိုသူတို့၏အဖတို့သည် သားသမီးငယ်တို့အား ရဟန်းသံဃာကြွမလာမီကပင် ယာဂုထမင်း စသည်တို့ကို ပေးထားကြကုန်၏။ ရဟန်းသံဃာဆွမ်းကိစ္စပြီးဆုံးချိန်၌ တစ်စုံတစ်ခုမျှ ပိုလျှံဘူးသည်မရှိ ဝေယျာ ဝစ္စပြုသူတို့သည် နောက်အဖို့အချိန်၌ သားသမီးသူငယ်တို့အားပေးရန်အကြံဖြင့် ကိုယ်တိုင်းလည်းယူ၍ စားကြကုန်၏။

နှစ်လိုဖွယ်စားသောက်စရာ အာဟာရကိုမြင်ကြလျှင် မစားဘဲမနေနိုင်ကြ ထိုဝေယျာဝစ္စပြုသူတို့ သည်ကာ ရှစ်သောင်းလေးထောင်အရေအတွက်ရှိကြကုန်၏။

ထိုဝေယျာဝစ္စပြုသူတို့သည် သံဃာအား ပေးလှူမည့်ဒါနဝတ်(စားသောက်ဖွယ်)ကို စားကြသော ကြောင့် ကွယ်လွန်ပြီးနောက် ပြိတ္တာဘုံ၌ ဖြစ်ကြလေကုန်၏။ မင်းသားညီနောင်သုံးပါးတို့သည် ယောက်ျား တစ်ထောင်နှင့်အတူ ကွယ်လွန်ပြီးနတ်ပြည်၌ဖြစ်ကြ၍ နတ်ပြည်မှလူ့ပြည်၊ လူ့ပြည်မှ နတ်ပြည် ထက်အောက် ဖန်ဖန်ကျင်လည်ကြကာ ကိုးဆယ့်နှစ်ကမ္ဘာတို့ကို ကုန်စေကြကုန်၏။

ဤသို့လျှင် ဥရုဝေလကဿပညီနောင်သုံးဦးတို့သည်အရဟတ္တဖိုလ်ကို တောင့်တပန်ဆင်၍ ထိုအချိန်က ကောင်းမှုကံပြုခဲ့ကြပြီ၊ ထိုညီနောင်သုံးဦးတို့သည် မိမိတို့တောင့်တပန်ဆင်အပ်သော အရဟတ္တဖိုလ်ကိုသာ ရကြသည်။ ငါဘုရားသည် မျက်နှာကိုကြည့်၍ပေးသည်မဟုတ်ဟု မိန့်တော်မူသည်။

ထိုအချိန်အခါက ထိုမင်းသားညီနောင်သုံးပါးတို့၏ စာရင်းကိုင်အမတ်သည် ယခုဗိမ္ဗိသာရမင်း ဖြစ်သည်။ ဘဏ္ဍာစိုးအမတ်သည် ဝိသာခဥပါသကာဖြစ်သည်။ မင်းညီနောင်သုံးပါးတို့သည် ယခုရသေ့

ညီနောင်သုံးဦးတို့ဖြစ်ကြသည်။ ထိုမင်းသားညီနောင်သုံးပါးတို့၏ ဝေယျာဝစ္စပုဂ္ဂိုလ်တို့သည် ထိုအချိန်က ပြိတ္တာဖြစ်ပြီး သုဂတိဘဝ၊ဒုဂ္ဂတိဘဝ ကျင်လည်ကြကာ ဤဘဒ္ဒကမ္ဘာ၌ဘုရားလေးဆူတို့ကြားကာလပတ်လုံး ပြိတ္တာဘုံ၌သာဖြစ်ကြသည်။

ထိုပြိတ္တာတို့သည် ဤဘဒ္ဒကမ္ဘာ၌ ရှေးဦးစွာပွင့်တော်မူသော သက်တော်နှစ်ပေါင်းလေးသောင်း ရှိသော ကကုသန်မြတ်စွာဘုရားထံချဉ်းကပ်ကြပြီး တပည့်တော်တို့အား စားဖွယ်အဟာရရမည့်ကာလကို မိန့်တော်မူပါဟု မေးလျှောက်ကြလေ၏။

ကကုသန်မြတ်စွာဘုရားသည် ငါဘုရားလက်ထက်၌ သင်တို့စားဖွယ်အဟာရကို မရနိုင်ကြသေး၊ ငါဘုရား၏နောက် မဟာမြေကြီးမြေသားထု တစ်ယူဇနာမြင့်တက်ပြီးချိန်၌ ကောဏာဂုဓ်မြတ်စွာ ဘုရားပွင့်လိမ့်မည်။ ထိုမြတ်စွာဘုရား ကိုမေးလျှောက်ကြဟု မိန့်တော်မူသည်။

ထိုပြိတ္တာတို့သည် ထိုမျှလောက်သောအချိန်ကို ကုန်လွန်စေ၍ ကောဏာဂုဓ်မြတ်စွာဘုရားပွင့်တော်မူ လေသော် ကောဏာဂုံမြတ်စွာဘုရားထံ စားဖွယ်အာဟာရ ရမည့်ကာလကို မေးလျှောက်ကြကုန်၏။

ကောဏာဂုံမြတ်စွာဘုရားကလည်း ငါဘုရားလက်ထက်၌ ရကြမည်မဟုတ်။ ငါဘုရား၏နောက် မဟာမြေကြီး မြေသားထုတယူဇနာမျှ မြင့်တက်ပြီးချိန်၌ ကဿပမြတ်စွာဘုရားပွင့်လိမ့်မည်။ ထိုမြတ်စွာဘုရား ကို မေးလျှောက်ကြဟု မိန့်တော်မူသည်။

ထိုပြိတ္တာတို့သည် ထိုမျှရှည်ကြာသော အချိန်ကာလကိုကုန်လွန်စေပြီး ကဿပမြတ်စွာဘုရားပွင့်တော် မူလတ်သော် ကဿပမြတ်စွာဘုရားကို မေးလျှောက်ကြကုန်၏။

ကဿပမြတ်စွာဘုရားကလည်း ငါဘုရားလက်ထက်၌ စားဖွယ်အာဟာရကို ရကြမည်မဟုတ်။ ငါဘုရား၏နောက် မဟာမြေကြီးထု တစ်ယူဇနာမျှ မြေသားတက်ပြီးချိန်၌ ဂေါတမမြတ်စွာဘုရားပွင့်လိမ့်မည်။ ထိုအချိန်အခါ သင်တို့၏ ဆွေမျိုးတစ်ယောက်သည် ဗိမ္ဗိသာရအမည်ရှိသော မင်းဖြစ်လိမ့်မည်။ ထိုမင်း သည် မြတ်စွာဘုရားအား လှူဒါန်းဖွယ်ပေးလှူပြီး သင်တို့အား အမျှဝေလိမ့်မည်။ ထိုအချိန်အခါ စားဖွယ်အာဟာရကို သင်တို့ရကြလိမ့်မည်ဟု မိန့်တော်မူလေသည်။ ကဿပမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာ ဘုရားပွင့်ချိန်ကြားကာလသည် ထိုပြိတ္တာတို့အဖို့ မနက်ဖြန်နေ့နှင့်တူလေ၏။ ထိုပြိတ္တာတို့သည် ဂေါတမမြတ်စွာ ဘုရားပွင့်တော်မူလတ်သော် ဗိမ္ဗိသာရမင်းသည် ပထမနေ့၌ လှူဒါန်းဖွယ်ကို ပေးလှူပြီးသော် ကုသိုလ်အဖို့ကို (အမျှဝေမပေးသဖြင့်) မရကြ၍ ညအဖို့ဖြစ်သော အချိန်၌ ကြောက်မက်ဖွယ်အသံကိုပြု၍ ဗိမ္ဗိသာရမင်းအား မိမိတို့၏ ခန္ဓာကိုယ်ကိုပြကြကုန်၏။

ဗိမ္ဗိသာရမင်းသည် နောက်နေ့၌ဝေဠုဝန်သို့သွား၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထား လေ၏။

မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူသည်။ ဗိမ္ဗိသာရမင်းမြတ် -

ဤဘဒ္ဒကမ္ဘာမှာ ကိုးဆယ့်နှစ်ကမ္ဘာထက် ဖုဿဘုရားရှင်လက်ထက်က ထိုပြိတ္တာတို့သည် သင်၏ ဆွေမျိုးများဖြစ်ကြသည်။ ရဟန်း၊ သံဃာအား ပေးလှူမည့်အလှူပစ္စည်းများကို စားကြသောကြောင့် ပြိတ္တာ လောက၌ ကျင်လည်ကြစဉ် ကကုသန်အစရှိသော ဘုရားလေးဆူတို့ကို စားဖွယ်အဟာရရမည့်အချိန်ကို မေးလျှောက်ကြ၍ ထိုဘုရားတို့က(နောက်ဘုရားကိုမေးလျှောက်ကြ)[၂]ဟု မိန့်အပ်ကုန်ရကား ဤမျှ ရှည်လျားလှသော ဘုရားသုံးဆူအကြား ကာလပတ်လုံး သင်၏အလှူကို မျှော်လင့်တောင့်တနေကြရာ ယမန်နေ့က သင်မင်းကြီးအလှူပေးပြီးသော် ကုသိုလ်အဖို့ကို မရကြသောကြောင့် သင်မင်းကြီး လျှောက်ထား သည့်အတိုင်းပြုကြသည်။

မြတ်စွာဘုရားအဘယ်သို့ပါနည်း။ ယခုအချိန်၌လည်း အလှူကိုပေးလှူ၍ အမျှဝေခဲ့သော် ထိုပြိတ္တာတို့ အမျှရကာ စားဖွယ်အဟာရကို ရကြပါမည်လော။

မင်းမြတ်ရကြလိမ့်မည်။

ဗိမ္ဗိသာရမင်းသည် ဘုရားအမှူးရှိသော ရဟန်း၊ သံဃာတော်တို့ကို ပင့်လျှောက်ခဲ့ပြီး နောက်နေ့၌ များစွာသောလှူဖွယ်ပစ္စည်းကို ပေးလှူ၍ -

မြတ်စွာဘုရား ဤကုသိုလ်ကောင်းမှုမှ(ဤကုသိုလ်ကောင်းမှုကြောင့်)ထိုပြိတ္တာတို့အား(ထိုပြိတ္တာတို့အဖို့) နတ်ပြည်၌ဖြစ်သော စားဖွယ်ထမင်း၊ သောက်ဖွယ်အဖျော်ရည်သည် ထင်ရှားစွာဖြစ်ပါစေသတည်း။ (ပြည့်စုံပါစေသတည်း)ဟု ကုသိုလ်အဖို့အစုကို အမျှပေးဝေလေ၏။

ထိုပြိတ္တာတို့အား နတ်ပြည်၌ဖြစ်သော စားဖွယ်ထမင်း၊ သောက်ဖွယ်အဖျော်ရည်သည် ထင်ရှားစွာ ဖြစ်ပေါ်လေသည်။

နောက်နေ့၌ ပြိတ္တာတို့သည် မိမိတို့ကိုယ်ကို အဝတ်မဖုံးကိုယ်တုံးလုံးဖြင့် ပြကြကုန်၏။

ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရား ယခုပြိတ္တာတို့သည် သူတို့ကိုယ်ကို အဝတ်မဖုံးကိုယ်တုံးလုံးဖြင့် တပည့်တော်အား ပြကြပြန်ပါသည်ဟု မြတ်စွာဘုရားအား လျှောက်ထားပြန်သည်။

မြတ်စွာဘုရားက မင်းမြတ် သင်သည် ယမန်နေ့က စားသောက်ဖွယ်ရာတို့ကို ပေးလှူခဲ့သော်လည်း အဝတ်အထည်တို့ကို မပေးလှူခဲ့ဟု မိန့်တော်မူလေ၏။

ဗိမ္ဗိသာရမင်းသည်လည်း နောက်နေ့၌ ဘုရားအမှူးရှိသော ရဟန်း၊ သံဃာအား သင်္ကန်းလှူဖွယ် ပစ္စည်းကို ပေးလှူပြီး -

ဤကောင်းမှုမှ(ဤကောင်းမှုကြောင့်) ထိုပြိတ္တာတို့အား (ထိုပြိတ္တာတို့အဖို့) နတ်ဝတ်တန်ဆာများ ဖြစ်ပါစေသားဟု ကုသိုလ်အဖို့ကို ပို့လေ၏။ (ရောက်စေ၏၊ အမျှပေးဝေလေ၏)။

အမျှဝေလိုက်သည်နှင့်တစ်ပြိုင်နက် တခဏတည်းမှာပင် ထိုပြိတ္တာတို့အဖို့ နတ်အဝတ်တန်ဆာတို့ ဖြစ်ပေါ်လေကုန်၏။

ထိုပြိတ္တာတို့ ပြိတ္တာအတ္တဘောကို စွန့်ကုန်၍ နတ်အတ္တဘော၊ နတ်ခန္ဓာကိုယ်၌ ကောင်းစွာတည်ကြ လေကုန်၏။

မြတ်စွာဘုရားသည် အနုမောဒနာပြုတော်မူသည်ရှိသော် -

"တိရောကုဋ္ဋေသု တိဋ္ဌန္တိ" အစရှိသော ဂါထာတို့ဖြင့် အနုမောဒနာပြုတော်မူသည်။

အနုမောဒနာအဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ သစ္စာလေးပါးတရား ထိုးထွင်းသိကြ လေကုန်၏။

မြတ်စွာဘုရားအဂ္ဂသာဝကနှစ်ပါးတို့သည် အဘယ်အကြံကောင်းမှုကံကို ပြုခဲ့ကြပါသနည်းဟု မေးလျှောက်ကြပြန်သည်။

အဂ္ဂသာဝကဖြစ်ရန် ဆုတောင်းခဲ့ကြသည်။ ချစ်သားတို့ ဆက်လက်နာယူ ကြဦးလော့။

ဤဘဒ္ဒကမ္ဘာမှ အထက်ကမ္ဘာတစ်အသင်္ချေနှင့် တစ်သိန်းကာလက သာရိပုတ္တာသည် ပစ္စည်းဥစ္စာ များစွာချမ်းသာကြွယ်ဝသော ပုဏ္ဏားမျိုး၌ဖြစ်ခဲ့သည်။ နာမည်အားဖြင့် သရဒလုလင်အမည်တွင်ခဲ့သည်။ မောဂ္ဂလာန်သည်ပစ္စည်း ဥစ္စာများစွာချမ်းသာကြွယ်ဝသော သူကြွယ်မျိုး၌ဖြစ်ခဲ့သည်။ နာမည်အားဖြင့် သီရိဝဍ္ဎနသူကြွယ်ခေါ်တွင်သည်။

ထိုသူတို့သည် မြေမှုန့်အတူကစားဖက်မိတ်ဆွေများ ဖြစ်ကြသည်။

သရဒလုလင်သည် မိဘများကွယ်လွန်ပြီးချိန်၌ အမျိုး၏ ပစ္စည်းဥစ္စာများစွာကို လက်ဆုပ်လက်ကိုင် ရရှိ၍ တစ်နေ့သ၌ စိတ်ငြိမ်ရာ၌နေလျက် ဤသို့ကြံစည်စိတ်ကူးလေ၏။

ငါသည် ဤလောက၊ ဤဘဝကိုသာသိသည်။ တစ်ပါးလောက၊ တခြားဘဝကို မသိ၊ ဖြစ်လာသမျှ သတ္တဝါတို့၏ သေခြင်းတရားသည်မြဲ၏။ ငါသည် တစ်ခုသောရဟန်းအဖြစ်ကိုပြု၍ မောက္ခဓမ္မကို ရှာဖွေသင့်သည်။

သရဒလုလင်သည် မိတ်ဆွေ သီရိဝဍ္ဎနထံ ချဉ်းကပ်၍ -

မိတ်ဆွေ သီရိဝဍ္ဎန ငါသည် ရဟန်းပြု၍ မောက္ခဓမ္မကို ရှာဖွေတော့မည်။ သင်သည် ငါနှင့်အတူ ရဟန်းပြုနိုင်မည်လော။ မပြုနိုင်မည်လောဟု မေးလေ၏။

မိတ်ဆွေ သရဒ ငါသည် ရဟန်းမပြုနိုင်၊ သင်သာရဟန်းပြုလေတော့ဟု ပြောဆိုလေ၏။

သရဒလုလင်သည် တမလွန်လောကသို့သွားသူသည် မိတ်ဆွေတို့ကိုသော်လည်းကောင်း၊ မိဘဆွေမျိုးတို့ကိုသော်လည်းကောင်း၊ ခေါ်ယူ၍သွားသူ မရှိ၊ မိမိပြုသောအမှုသည် မိမိအတွက်သာဖြစ်၏ဟု စိတ်ကူးကြံစည်ပြီးနောက် ရတနာတိုက်ကို ဖွင့်လှစ်စေ၍ အထီးကျန်သူ၊ ခရီးသွား၊ သူတောင်းစား၊ တောင်းရမ်းသူတို့အား ပစ္စည်းမျှားစွာကို ပေးကမ်းစွန့်ကြဲ၍ တောင်ခြေသို့ဝင်ပြီး ရသေ့၊ ရဟန်းပြုနေလေ၏။

သရဒရသေ့၏ အတုလိုက်၍ တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်မှ စပြီး ရသေ့ပြုသူတို့သည် ခုနှစ်သောင်း၊ လေးထောင်မျှဖြစ်ကုန်၏။

သရဒရသေ့သည် အဘိညာငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို မိမိသန္တာန်၌ ဖြစ်စေပြီးနောက် ထိုရသေ့တို့အား ကသိုဏ်းပရိကံ(ကသိုဏ်းရှုနည်း)ကို ပြောပြလေ၏။ ရသေ့အားလုံးတို့လည်း အဘိညာငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို မိမိတို့သန္တာန်၌ ဖြစ်စေကြကုန်၏။

ထိုအချိန်၌ အနောမဒဿီမြတ်စွာဘုရားပွင့်တော်မူသည်။

မြို့အမည် စန္ဒဝတီ

ခမည်းတော် ယသဝါမင်း

မယ်တော် ယသောဓရာဒေဝီ

ဗောဓိပင်၊ ထောက်ကြံ့ပင်

နိသဘနှင့် အနောမ အဂ္ဂသာဝက နှစ်ပါး

ဥပဋ္ဌာက အလုပ်အကျွေးရဟန်းသည် ဝရုဏ

သုန္ဒရာနှင့် သုမနာ အဂ္ဂသာဝိကာ

သက်တော် တစ်သိန်း

ခန္ဓာကိုယ်အမြင့် ငါးဆယ့်ရှစ်တောင်ရှိလေ၏။

ကိုယ်ရောင်တော်သည် ဆယ့်နှစ်ယူဇနာတိုင်အောင်ပျံ့နှံ့၏။

ရဟန်းတစ်သိန်းအခြံအရံရှိ၏။

အနောမဒဿီ မြတ်စွာဘုရားသည် တစ်နေ့သ၌ လင်းအားကြီးအချိန်ဝယ် မဟာကရုဏာသမာပတ်မှ ထတော်မူကာ သတ္တလောကကို ရှုကြည့်လတ်သော် သရဒရသေ့ကို မြင်တော်မူလေသော် -

ယနေ့ငါဘုရား သရဒရသေ့ထံသွားသောကြောင့် ကြီးကျယ်သော ဓမ္မဒေသနာဖြစ်လိမ့်မည်။

သရဒရသေ့သည်လည်း အဂ္ဂသာဝကရာထူးကို ရလိုကြောင်း ဆုတောင်းဆိုလိမ့်မည်။ သရဒရသေ့၏ မိတ်ဆွေ သီရိဝဍ္ဍန သူကြွယ်သည် ဒုတိယ သာဝကရာထူးကို ရလိုကြောင်း ဆုတောင်းဆိုလိမ့်မည်။

ဒေသနာတော်အဆုံး၌ သရဒရသေ့၏ အခြံအရံ ရသေ့ခုနှစ်သောင်းလေးထောင်တို့သည် ရဟန္တာအဖြစ်သို့ ရောက်ကြလိမ့်မည်။ သရဒရသေ့ထံသို့ ငါဘုရားသွားသင့်သည်ဟု ကြံစည်တော်မူကာ ကိုယ်တော်၏ သပိတ်သင်္ကန်းကိုယူတော်မူ၍ တခြားသူတစ်ဦးတစ်ယောက်ကိုမျှ မခေါ်မူ၍ ခြင်္သေ့မင်းကဲ့သို့ ဧကစရတစ်ပါးတည်းအဖြစ်ဖြင့် သရဒရသေ့၏ တပည့်များ သစ်သီးကြီးငယ် ရှာဖွေသွားနေကြစဉ် ငါဘုရား၏ ဘုရားအဖြစ်ကို သိစေသတည်းဟု အဓိဋ္ဌာန်၍ သရဒရသေ့ မြင်နေစဉ်မှာပင် ကောင်းကင်မှသက်ဆင်း၍ မြေပေါ်သို့ ရပ်တည်တော်မူသည်။

သရဒရသေ့သည် မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်နှင့် ခန္ဓာကိုယ်၏ ပြည့်စုံမှုကို မြင်သိလေသော် လက္ခဏာမန္တာန်တို့ကို ဆင်ခြင်စဉ်းစား၍ -

ဤလက္ခဏာတို့နှင့် ပြည့်စုံသူသည် လူ့လောက၌နေခဲ့သော် စကြာဝတေးမင်းဖြစ်၏။ ရဟန်းပြုခဲ့သော် လောကသုံးပါး၌ ဝဋ်အမိုးကို ဖွင့်လှစ်ပြီးသော သဗ္ဗညုဘုရားဖြစ်၏။ ဤယောကျ်ားမြတ်သည် ယုံမှားမဲ့ မချွတ်ဧကန် ဘုရားဖြစ်တော့သည်ဟုသိ၍ ခရီးဦးကြိုပြုကာ ပဥ္စပတိဋ္ဌိတဝန္ဒနာဖြင့် ရှိခိုးပြီး မြတ်သောနေရာကို ခင်း၍ပေးလေ၏။

မြတ်စွာဘုရားသည် ခင်းပေးအပ်သော မြတ်သောနေရာ၌ သီတင်းသုံး ထိုင်နေတော်မူ၏။

သရဒရသေ့သည် မိမိနှင့် သင့်လျော်စွာနေရာကိုယူ၍ ထိုင်နေလေ၏။ ထိုအချိန်၌ ရသေ့ခုနှစ်သောင်းလေးထောင်တို့သည် မွန်မြတ်သထက်၊ မွန်မြတ်ကုန်သော အဆီသြဇာနှင့် ပြည့်စုံသော သစ်သီးကြီးငယ်တို့ကို ယူ၍ ဆရာသရဒရသေ့ထံရောက်လာကြကာ မြတ်စွာဘုရားနှင့် ဆရာရသေ့၏ ထိုင်ရာနေရာကို ကြည့်ကြပြီး

အိုဆရာရသေ့ -

တပည့်တို့သည် ဆရာတို့ထက် ထူးခြားမြင့်မြတ်သူ မရှိပြီဟု မှတ်ယူနေထိုင်ကြပါသည်။ သို့သော် ဤယောကျ်ားသည် ဆရာတို့ထက် သာလွန်ထူးခြား မြင့်မြတ်သူဖြစ်မည် ထင်ကြပါသည်ဟု ပြောဆိုကြလေ၏။

တပည့်တို့ ဘယ်လိုပြောကြပါကုန်နည်း။ မုန်ညင်းစေ့နှင့် ယူဇနာတစ်သိန်း၊ ခြောက်သောင်း၊ ရှစ်ထောင် မြင့်သော မြင့်မိုရ်တောင်ကို အတုပြုလို ကုန်ကြသလော။ သဗ္ဗညုဘုရားနှင့် ငါ့ကို နှိုင်းယှဉ်မှုမပြုကြလေနှင့် ချစ်သားတို့ဟု ပြောဆိုလိုက်ရာ တပည့်ရသေ့တို့သည် ဤယောကျ်ားသည် ယုတ်ညံ့သော သတ္တဝါဖြစ်လျှင် ငါတို့၏ ဆရာရသေ့သည် ဤဥပမာကို မဆောင်လေရာ ဤယောကျ်ားသည် အတိုင်းအထက်အလွန် မြင့်မြတ်ပေ စွတကားဟု ယူဆကြကာ တပည့်ရသေ့အားလုံး မြတ်စွာဘုရား၏ ခြေတော်တို့၌ တုပ်ဝပ်၍ ဦးခေါင်းဖြင့် ရှိခိုးကြကုန်၏။

ထိုမှနောက် တပည့်ရသေ့တို့ကို ဆရာရသေ့က တပည့်တို့ ငါတို့မှာ မြတ်စွာဘုရားအား သင့်လျော်သော(မြတ်စွာဘုရားနှင့်သင့်မြတ်သော) လှူဖွယ်ဝတ္ထုမရှိချေ။ မြတ်စွာဘုရားကလည်း ဆွမ်းခံချိန်၌ဤနေရာရောက်လာ တော်မူသည်။ ငါတို့သည်စွမ်းအားရှိသလောက် လှူဖွယ်ဝတ္ထု ပေးလှူကြမည်။

သင်တို့သည်မွန်မြတ်သော သစ်သီးကြီးငယ်ကိုယူဆောင်ခဲ့ကြဟု ပြောဆို၍ ဆောင်ယူစေပြီး လက်တို့ကိုဆေး၍ ကိုယ်တိုင်မြတ်စွာဘုရား၏ သပိတ်၌ထည့်လှူလေ၏။

မြတ်စွာဘုရားသည် သစ်သီးကြီးငယ်တို့ကို ခံယူကာမျှဖြစ်လတ်သော် နတ်တို့သည် နတ်သြဇာကိုထည့်ပေးကြကုန်၏။ သရဒရသေ့သည်ရေကိုလည်း ရေစစ်ဖြင့် ကိုယ်တိုင်စစ်၍ ပေးလှူလေ၏။

ထို့နောက် ဆွမ်းကိစ္စပြီး၍ မြတ်စွာဘုရားသီတင်းသုံးထိုင်တော်မူလတ် သော် သရဒရသေ့သည် အားလုံးသော တပည့်တို့ကိုခေါ်၍ မြတ်စွာဘုရား၏အနီး၌ အသက်ထက်ဆုံးအောက့်မေ့ဖွယ်စကားကို ပြောဆိုလျက် ထိုင်နေလေ၏။ မြတ်စွာဘုရားသည် အဂ္ဂသာဝကနှစ်ဦးတို့သည် ရဟန်းသံဃာနှင့်အတူ ငါဘုရားထံအရောက်လာစေကုန်သတည်းဟု စိတ်ကူးတော်မူသည်။

အဂ္ဂသာဝကနှစ်ပါးတို့သည် မြတ်စွာဘုရား၏စိတ်တော်ကိုသိကြ၍ ရဟန္တာတစ်သိန်းအခြံအရံ ခြံရံကာ မြတ်စွာဘုရားထံ အရောက်လာကြပြီး မြတ်စွာဘုရားကို ရှိခိုး၍ သင့်လျော်ရာနေရာ၌ ရပ်တည်နေကြကုန်၏။

ထိုအခါ သရဒရသေ့သည် တပည့်ရသေ့တို့ကို -

တပည့်တို့ -

ဘုရားရှင်တို့၏ သီတင်းသုံးထိုင်ရာနေရာသည်လည်း နိမ့်နေသည်။ ရဟန်းတစ်သိန်းတို့အတွက် နေရာလည်း မရှိ။

ယနေ့သင့်တို့သည် မွန်မြတ်သော ဗုဒ္ဓပူဇနာကိုပြုသင့်သည်၊ တောင်ခြေအရပ်မှ အဆင်းအနံ့ပြည့်စုံသော ပန်းရနံ့ကို ဆောင်ယူချေကြဟု ပြောဆိုလေ၏။

ပြောဆိုနေချိန်သည် ကြာမြင့်သကဲ့သို့ဖြစ်၏။ တန်ခိုးအရာသည် မကြံစည်အပ်။ ထို့ကြောင့် ထိုရသေ့တို့သည် အချိန်တမဟုတ်မျှဖြင့်သာ အဆင်းအနံ့နှင့်ပြည့်စုံသော ပန်းတို့ကို ယူဆောင်၍ ဘုရားရှင်တို့အဖို့ တစ်ယူဇနာ ပမာဏရှိသော ပန်းနေရာကို ခင်းကြကုန်၏။ အဂ္ဂသာဝကနှစ်ဦးတို့၏နေရာသည် သုံးခါဝုတ်ပမာဏ၊ ကျန်ရဟန်းတော်တို့၏ နေရာသည် ယူဇနာဝက်ပမာဏ၊ အငယ်ဆုံးသံဃာ၏ နေရာသည် ဥသဘမျှရှိလေ၏။

တစ်ခုတည်းသော ကျောင်းသခ်မ်း၌ ထိုမျှကြီးကျယ်များပြားလှသော နေရာတို့ကို အဘယ်သို့ ခင်းအပ်ကုန်သနည်းဟု မကြံစည်အပ်၊ မကြံစည်သင့်။

အဘယ်ကြောင့်ဆိုသော် ဤအရာသည် တန်ခိုးအရာဖြစ်သောကြောင့်တည်း။

ဤသို့ ခင်းထားအပ်သော နေရာတို့တွင် သရဒရသေ့သည် မြတ်စွာဘုရား၏ ရှေ့တည့်တည့်နေရာ၌ လက်အုပ်ချီရပ်တည်ပြီး -

မြတ်စွာဘုရား တပည့်တော်၏ နေ့ညရှည်ကြာ စီးပွားချမ်းသာအလို့ငှာ ဤပန်းအခင်းနေရာသို့တက်၍ သီတင်းသုံးနေတော်မူပါဟု လျှောက်ထားလေ၏။

ထို့ကြောင့် -

“နာနာပုပ္ဖဉ္စ ဂန္ဓဉ္စ၊ သမ္ပါဒေတွာန ဧကတော

ပုပ္ဖါသနံ ပညာပေတွာ၊ ဣဒံဝစန မဗြဝိ

ဣဒံမေ အာသနံ ဝီရ၊ ပညတ္တံ တဝနုစ္ဆဝိ

မမစိတ္တံ ပသာဒေန္တော၊ နိသီဒ ပုပ္ဖမာသနေ

သတ္တရတ္တိန္ဒိဝံ ဗုဒ္ဓေါ၊ နိသီဒိ ပုပ္ဖမာသနေ

မမစိတ္တံ ပသာဒေတွာ၊ ဟာသယိတွာ သဒေဝကေ”ဟု မိန့်ဆိုအပ်သည်။

နာနာပုပ္ဖဉ္စ - အမျိုးမျိုးသော ပန်းကိုလည်းကောင်း၊ ဂန္ဓဉ္စ - အမျိုးမျိုး သော အနံ့ကိုလည်းကောင်း၊ ဧကတော - တပေါင်းတည်း၊ သမ္ပါဒေတွာန - ပြည့်စုံစေ၍၊ ပုပ္ဖါသနံ - ပန်းမွေ့ယာအခင်းကို၊ ပညပေတွာ - ခင်းစေ၍၊ ဣဒံဝစနံ - ဤစကားကို၊ အဗြဝိ - လျှောက်ထားလေပြီ။

ဝီရ - လုံ့လကြီးမား ရှင်တော်မြတ်ဘုရား၊ မေ - မယာ - တပည့်တော် သည်၊ တဝနုစ္ဆဝိ -

ရှင်တော်မြတ်နှင့် သင့်လျော်သော၊ ကုဒ်အာသနံ - ဤပန်းမွေ့ယာ အခင်းကို၊ ပညတ္တံ - ခင်းထားအပ်ပါသည်။

မမ - တပည့်တော်၏၊ စိတ္တံ - စိတ်ကို၊ ပသာဒေန္တော - ကြည်လင်စေလျက်၊ ပုပ္ဖမာသနေ - ပန်းမွေ့ယာအခင်းနေရာ၌၊ နိသီဒ - သီတင်းသုံးတော်မူပါ။

ဗုဒ္ဓေါ - မြတ်စွာဘုရားသည်၊ သဒေဝကေ - နတ်နှင့်တကွသော လောက၌၊ မမ - ငါ၏၊ စိတ္တံ - စိတ်ကို၊ ပသာဒေတွာ - ကြည်လင်စေ၍၊ ဟာသယိတွာ - ရွှင်လန်းစေ၍၊ ပုပ္ဖမာသနေ - ပန်းမွေ့ယာ အခင်းနေရာ၌၊ သတ္တရတ္တိဒိဝံ - ခုနစ်ည၊ ခုနစ်နေ့ပတ်လုံး၊ နိသီဒိ - သီတင်းသုံးတော်မူပြီ။

မြတ်စွာဘုရား သီတင်းသုံးနေထိုင်တော်မူလတ်သော် အဂ္ဂသာဝကနှစ်ပါးနှင့် ကျန်ရဟန်းတော်တို့သည် မိမိ၊ မိမိအတွက်ရောက်ရာနေရာ၌ထိုင်နေကြကုန်၏။

သရဒရသေ့သည် ကြီးလှစွာသော ပန်းထီးကြီးကိုကိုင်၍ မြတ်စွာဘုရား၏ ဦးခေါင်းတော်ထက်၌ ဆောင်းမိုးလျက် ရပ်တည်နေလေ၏။

မြတ်စွာဘုရားသည် ရသေ့တို့၏ ကောင်းစွာကော်ရော် ဤပူဇော်မှုသည် ကြီးကျယ်သော အကျိုးရှိစေသတည်းဟု ရည်ရွယ်၍ နိရောဓ သမာပတ်ကို ဝင်စားတော်မူသည်။

မြတ်စွာဘုရား သမာပတ်ဝင်စားနေကြောင်းကို သိတော်မူကြ၍ အဂ္ဂသာဝကနှစ်ပါးနှင့် ကျန်ရဟန်းတို့သည်လည်း သမာပတ်ဝင်စားကြကုန်၏။

မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး ဝင်စားနေတော်မူလတ်သော် သရဒရသေ့၏ တပည့်တို့သည် ဆွမ်းခံချိန်ရောက်သောအခါ တောသစ်ဥ၊ သစ်သီးကြီးငယ်ကို သုံးဆောင်ကြ၍ ကျန်သောအချိန်၌ မြတ်စွာဘုရားအား လက်အုပ်ချီလျက် ရပ်တည်နေကြကုန်၏။

သရဒရသေ့သည်ကား ဆွမ်းခံမသွားဘဲ ပန်းထီးကြီးကို ဆောင်းမိုးလျက်သာ ပီတိသုခဖြင့် ခုနစ်ရက်ကို ကုန်လွန်စေသည်။

မြတ်စွာဘုရားသည် နိရောဓသမာပတ်မှ ထတော်မူ၍ လက်ယာဘက်ဘေး၌ ထိုင်နေတော်မူသော ပထမ အဂ္ဂသာဝကဖြစ်သော နိသဘထေရ်ကို - "ချစ်သား နိသဘ၊ ပူဇော်မှုပြုကြသော ရသေ့တို့အား ပန်းနေရာအလှူ အနုမောဒနာပြုလော"ဟု မိန့်တော်မူသည်။

နိသဘထေရ်သည် စကြာဝတေးမင်း၏ထံမှ ကြီးကျယ်သောလာဘ်ကို ရအပ်သော စစ်သူကြီးကဲ့သို့ နှစ်သက်ဝမ်းသာသော စိတ်ရှိတော်မူ၍ သာဝကပါရမီဉာဏ်၌ ရပ်တည်၍ ပန်းအခင်းနေရာ အနုမောဒနာကို အားထုတ်တော်မူသည်။

နိသဘထေရ်၏ ဒေသနာအဆုံး၌ မြတ်စွာဘုရားသည် ဒုတိယသာဝက အနောမထေရ်ကို -

"ချစ်သား ရဟန်း သင်သည်လည်း တရားဟောပါဦး"ဟု မိန့်တော်မူ၏။ အနောမထေရ်သည် ပိဋကတ်သုံးစား ဘုရားစကားတော်ကို ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်၍ တရားဟောတော်မူ၏။

အဂ္ဂသာဝကနှစ်ပါးတို့၏ ဒေသနာတော်ဖြင့် ရသေ့တစ်ဦး၏သော်လည်း သစ္စာလေးပါးတရား ထိုးထွင်းသိမှု မဖြစ်ပါချေ။

ထိုအခါ မြတ်စွာဘုရားသည် အတိုင်းအတာမရှိသော ဘုရားရှင်တို့၏အရာ၌ ဉာဏ်တော်ဖြင့် ရပ်တည်တော်မူ၍ တရားဒေသနာတော် အားထုတ်တော်မူသည်။

ဒေသနာတော်အဆုံး၌ သရဒရသေ့မှတစ်ပါး ကျန်ရသေ့ခုနစ်သောင်းလေးထောင်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး (ရဟန်းတို့ လာကြကုန်လော့) မိန့်တော်မူကာ လက်ယာလက်တော်ကို ဆန့်တန်းတော်မူသည်။

ထိုခဏ၌ပင် ထိုရသေ့တို့၏ ဆံပင်၊ မုတ်ဆိတ်တို့သည် ပျောက်ကွယ်လေကုန်၏။ ပရိက္ခရာရှစ်ပါးတို့သည် ကိုယ်၌ စွပ်ကုန်လျက်သား(ဝတ်ဆင်ပြီးသား)ဖြစ်လေကုန်၏။

သရဒရသေ့သည် အဘယ့်ကြောင့် အရဟတ္တဖိုလ်သို့ မရောက်လေသနည်း။

ပျံ့လွင့်သော စိတ်ရှိနေသောကြောင့် မရောက်လေ။ အကျယ်ကိုဆိုဦးအံ့။

သရဒရသေ့သည် အနောမဒဿီဘုရားရှင်တို့၏ ဒုတိယနေရာ၌ သီတင်းသုံး၍ သာဝကပါရမီဉာဏ်၌ ရပ်တည်ကာ တရားဟောတော်မူသော အဂ္ဂသာဝက နိသဘထေရ်၏ တရားဒေသနာကို ကြားနာရန် အားထုတ်ချိန်မှစ၍ -

ငါသည်လည်း အနာဂတ်ကာလ၌ ပွင့်တော်မူမည့် မြတ်စွာဘုရား၏ သာသနာတော်၌ ဤသာဝကသည် ရရှိအပ်သော တာဝန်ကိုရရပါမူ ကောင်းလေစွဟူသော စိတ်ကိုဖြစ်စေ၏။

သရဒရသေ့သည် ထိုစိတ်အကြံ ဝိတက်ကြောင့် မဂ်ဖိုလ်တရားထိုးထွင်းသိမှု မပြုနိုင်ပါလေ။

သရဒရသေ့သည် အနောမဒဿီဘုရားရှင်ကိုရှိခိုးလျက် ရှေ့တော်မျက်မှောက်၌ ရပ်တည်၍ -

မြတ်စွာဘုရားအရှင်ဘုရားတို့၏ အခြားမဲ့နေရာ၌ နေတော်မူသော ရဟန်းတော်သည် အရှင်ဘုရားတို့၏ သာသနာတော်၌ အဘယ်အမည်ရှိသူ ဖြစ်ပါသနည်း။

သရဒရသေ့ "ငါဘုရား၏ အခြားမဲ့သောနေရာ၌ ထိုင်နေသော ဤရဟန်းသည် ငါဘုရားဟောအပ်သော ဓမ္မစက်ကို အစဉ်လိုက်၍ ဟောနိုင်သော သာဝကပါရမီဉာဏ်၏ အထွဋ်အထိပ်သို့ ရောက်သော တစ်ဆယ့်ခြောက်မျိုးသော ပညာတို့ကို ထိုးထွင်းသိမြင်သော ငါဘုရားသာသနာတော်၌ အဂ္ဂသာဝကဖြစ်၍ နိသဘအမည်ရှိ ရဟန်းပေတည်း။

မြတ်စွာဘုရား တပည့်တော်သည် ခုနစ်ရက်ပတ်လုံး ပန်းထီးကို ဆောင်မိုးလျက် ပူဇော်မှုကို ပြုအပ်ပါသည်။ တပည့်တော်သည် ဤကောင်းမှု၏ အကျိုးအဖြစ်ဖြင့် အခြားသော သိကြားမင်းအဖြစ်ကိုသော်လည်းကောင်း၊ ဗြဟ္မာမင်းအဖြစ် ကိုသော်လည်းကောင်း မတောင့်တပါ။

အနာဂတ်ကာလ၌ ဤနိသဘထေရ်ကဲ့သို့ တစ်ဆူသော ဘုရားရှင်၏ အဂ္ဂသာဝက ဖြစ်ရပါလို၏။ (ဤသို့ ပတ္ထနာပြုလေပြီ)

အနောမဒဿီ မြတ်စွာဘုရားသည် ဤယောက်ျား၏ ပတ္ထနာပြုအပ် ဤဆုမြတ်သည် ပြည့်စုံလိမ့်မည်လောဟု အနာဂတံသ ဉာဏ်တော်ကို စေလွှတ်၍၊ ရှုကြည့်တော်မူလတ်သော်၊ ကမ္ဘာတစ်သိန်း အလွန်ရှိသော တစ်အသင်္ချေကို ကျော်လွန်ခဲ့သော် ပြည့်စုံမည်ကို မြင်တော်မူလေ၏။

ယင်းသို့မြင်တော်မူသောကြောင့် သရဒရသေ့ကို ဤသို့ မိန့်တော်မူသည်။

သရဒရသေ့ သင်၏ ဆုတောင်းသည် အချည်းနှီးဖြစ်မည်မဟုတ် အနာဂတ်ကာလ၌ ကမ္ဘာတစ်သိန်း အလွန်ရှိသော တစ်အသင်္ချေကို ကျော်လွန်လေသော် ဂေါတမအမည်ရှိသော ဘုရားပွင့်လိမ့်မည်၊ ထိုဘုရား၏ မယ်တော်သည် မဟာမာယာဒေဝီ၊ ခမည်းတော်သည် သုဒ္ဓေါဒနမင်းကြီး၊ သားတော်သည် ရာဟုလာ၊ အလုပ်အကျွေးသည် အာနန္ဒာ၊ ဒုတိယအဂ္ဂသာဝကသည် မောဂ္ဂလန်အမည်ဖြင့် ဖြစ်လိမ့်မည်။

သင်မူကား ထိုဂေါတမမြတ်စွာဘုရား၏ ပထမ အဂ္ဂသာဝက ဓမ္မသေနာပတိ သာရိပုတ္တာ အမည်ဖြင့် ဖြစ်လိမ့်မည်။

သရဒရသေ့ကို ဤသို့ မိန့်ကြားတော်မူပြီး တရားစကားဟောကြား၍ ရဟန်းသံဃာခြံရံလျက် ကောင်းကင်သို့ ပျံကြွတော်မူသည်။

သရဒ ရသေ့လည်း တပည့်ရဟန်းတို့၏ ထံသို့သွား၍ မိတ်ဆွေ သိရိဝဍ္ဎန သူကြွယ်ထံ သတင်းစကားကိုပို့စေသည်။

အရှင်မြတ်တို့ဘုရား တပည့်တော်၏ မိတ်ဆွေအား သင်၏မိတ်ဆွေ သရဒရသေ့သည် အနောမဒဿီမြတ်စွာဘုရား၏ ခြေတော်ရင်း၌ အနာဂတ်ကာလပွင့်တော်မူမည့် ဂေါတမဗုဒ္ဓ၏ သာသနာတော်၌ ပဌမအဂ္ဂသာဝကရာထူးဆုကို တောင်းဆိုအပ်ပြီ၊ သင်သည် ဒုတိယအဂ္ဂသာဝက ရာထူးဆုကို တောင်းဆိုပါလေဟု အမိန့်ရှိတော်မူကြပါ။

ဤသို့ အမှာစကားပြောဆိုပြီး သရဒရသေ့သည် တပည့်ထေရ်ရဟန်း တို့ထက် ရှေးဦးစွာ တခြားခရီးလမ်းတစ်ခုဖြင့် ကြွသွားပြီး သိရိဝဍ္ဎန၏ နေအိမ် တံခါး၌ ရပ်တည်နေလေ၏။

သိရိဝဍ္ဎနသည် ငါ၏ အရှင်ကောင်းသည် အချိန်ကြာမြင့်မှ ကြွလာပေ သည် ဟုပြောဆို၍ နေရာ၌ သီတင်းသုံးစေပြီး မိမိမှာမူ နိမ့်သော နေရာ၌ထိုင်နေလျက် -

"အရှင်သရဒ ဘုရား၊ အရှင်တို့၏ အတွင်းနေတပည့် ပရိသတ်မထင်မမြင် ပါလား"ဟု မေးမြန်းလေ၏။

မိတ်ဆွေဟုတ်ပေ၏။ ငါတို့၏ ကျောင်းသင်္ခမ်းသို့ အနောမဒဿီမြတ်စွာ ဘုရားကြွလာတော်မူသည်၊ ငါတို့သည် မြတ်စွာဘုရားအား မိမိတို့စွမ်းအားဖြင့် ပူဇော်မှုကို ပြုကြသည်။ မြတ်စွာဘုရားသည် ရသေ့အားလုံးတို့အား တရားဟောတော်မူသည်။ တရားဒေသနာတော်အဆုံး၌ ငါ့ကိုချန်ထား၍ ကျန်ရသေ့ အားလုံး အရဟတ္တဖိုလ်သို့ရောက်ကြပြီး ရဟန်းပြုကြကုန်ပြီ။

ငါသည် မြတ်စွာဘုရား၏ ပဌမအဂ္ဂသာဝကဖြစ်သော နိသဘထေရ်ကို တွေ့မြင်ပြီး အနာဂတ်ကာလ ပွင့်တော်မူမည့် ဂေါတမဗုဒ္ဓ၏ သာသနာတော်၌ ပဌမ အဂ္ဂသာဝက ရာထူးဆုကို တောင်းဆိုထားပြီ၊ သင်လည်း ထိုဂေါတမ ဗုဒ္ဓ၏ သာသနာတော်၌ ဒုတိယအဂ္ဂသာဝက ရာထူးဆုကို တောင်းဆိုပါ။

အရှင်သရဒရသေ့ ကျွန်ုပ်မှာ ဘုရားရှင်တို့နှင့်အတူ ဆည်းကပ်လေ့လာ ခြင်းမရှိပါ။

မိတ်ဆွေ ဘုရားရှင်တို့နှင့်အတူ စကားပြောဆိုမှုသည် ငါ၏ တာဝန်ဖြစ်ပါ စေ။ သင်က ကြီးကျယ်သော ပူဇော်ဖွယ်ကို စီစဉ်ပါ။

သိရိဝဍ္ဎန သူကြွယ်သည် သရဒရသေ့၏ စကားကိုကြားရပြီး မိမိနေအိမ် တံခါးအနီး၌ မင်းပယ် (တစ်ဆယ့်တစ်တင်းမျိုးကျဲလောက်သော မြေနေရာအတိုင်းအတာ)ဖြင့် ရှစ်ပယ်မျှကျယ်သောအရပ်ကို ညီမျှသော မြေပြင်ဖြစ်အောင်ပြုစေ၍ သဲကိုဖြူးစေ၊ ငါးခုမြောက်ပေါက်ပေါက်ရှိသော ပန်းတို့ကို ဖြန့်ကြဲစေ၊ ကြာညိုရွက် အမိုးရှိသော မဏ္ဍပ်ကို ဆောက်လုပ်စေ၊ ဘုရားရှင်တို့၏ နေရာကိုခင်းစေ ကျန်ရဟန်းတော်တို့ အတွက်လည်း နေရာတို့ကို စီစဉ်စေ၊ များမြတ်လှစွာသော ပူဇော်ဖွယ်၊ မြတ်နိုးဖွယ်ပစ္စည်းကို စီစဉ်စေပြီး ဘုရားရှင်တို့အား ပင့်လျှောက်ရန် သရဒရသေ့အား အမှတ်အသား(အချိန်းအချက်)ပေးလေ၏။

သရဒရသေ့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဆောင်၍ သိရိဝဍ္ဎန သူကြွယ်၏ နေအိမ်သို့ကြွသွားလေ၏။

သိရိဝဍ္ဎနသူကြွယ်လည်း ခရီးဦးကြိုပြုကာ မြတ်စွာဘုရား၏ လက်တော်မှ သပိတ်ကိုယူ၍ မဏ္ဍပ်အတွင်းသို့ ကြွတော်မူစေပြီး ခင်းထားအပ်သော နေရာတို့၌ သီတင်းသုံးနေထိုင်သော ဘုရားအမှူး ရှိသော ရဟန်းသံဃာအား အလှူရေစက်ကိုပေး၍(ရေစက်ချ၍) မွန်မြတ်သောဘောဇဉ်ဖြင့် ဆက်ကပ်၍

ဆွမ်းကိစ္စ အဆုံး၌ ဘုရားအမှူးရှိသော ရဟန်းသံဃာကို မြတ်သောသူတို့နှင့် ထိုက်တန်သော အဝတ်အထည်တို့ဖြင့် ဖုံးလွှမ်း၍(လှူဒါန်းသည်ကို ဆိုလိုသည်)

"မြတ်စွာဘုရား ဤကုသိုလ်အလုပ်အားထုတ်မှုသည် သိမ်ငယ်သော ရာထူး(ဌာနန္တရ) အတွက် မဟုတ်ပါ။ ဤအမှတ်အသားနည်းဖြင့်သာ ခုနစ်ရက်ပတ်လုံး ချီးမြှောက်မှုပြုတော်မူပါ"ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေ၍ လက်ခံတော်မူ၏။

သီရိသမ္ဗနသူကြွယ်သည် ထိုအမှတ်အသားနည်းဖြင့်သာ ခုနစ်ရက်ပတ်လုံး မဟာဒါနကိုဖြစ်စေပြီး မြတ်စွာဘုရားကို ရှိခိုးလက်အုပ်ချီ ရပ်တည်လျက်-"မြတ်စွာဘုရား၊ တပည့်တော်၏ မိတ်ဆွေ သရဒရသေ့သည် ပထမ အဂ္ဂသာဝကရာထူးဆုကို တောင်းဆိုထားရာ မြတ်စွာဘုရား၏ထံတော်၌သာ တပည့်တော်သည် ဒုတိယ အဂ္ဂသာဝကရာထူးကို တောင်းဆိုပါ၏"ဟု လျှောက်ထားလေ၏။

အနောမဒဿီမြတ်စွာဘုရားသည် အနာဂတ်ကို မျှော်ကြည့်တော်မူပြီး သီရိသမ္ဗနသူကြွယ်၏ ဆုတောင်းပြည့်စုံမည်ကို မြင်သိတော်မူသဖြင့် -

"သင်သည် ဤကမ္ဘာမှ ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်အသင်္ချေကို ကျော်လွန်၍ ဂေါတမဗုဒ္ဓ၏ ဒုတိယအဂ္ဂသာဝကဖြစ်လိမ့်မည်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

မြတ်စွာဘုရားတို့၏ ဗျာဒိတ်စကားတော်ကို ကြားနာ၍ သီရိဝဍ္ဎန သူကြွယ်သည် အလွန်ရွှင်လန်း ဝမ်းမြောက်လေ၏။

အနောမဒဿီမြတ်စွာဘုရားလည်း ဆွမ်းအနုမောဒနာပြုတော်မူကာ သံဃာတော်နှင့်အတူ ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။

" ရဟန်းတို့ ဤသည်ကား ငါ့သားတော်များဖြစ်ကြသော သာရိပုတ္တာ၊ မောဂ္ဂလာန်တို့ ထိုအချိန်ခါက တောင်းဆိုခဲ့သော ပတ္ထနာဆုတောင်းဖြစ်ပေသည်။

သာရိပုတ္တာ၊ မောဂ္ဂလာန်တို့သည် မိမိတောင်းဆိုခဲ့သော ဆု၊ ရာထူးကိုသာ ရယူကြသည်၊ ငါဘုရားသည် မျက်နှာကိုကြည့်၍ ပေးသည်မဟုတ်"ဟု မိန့်တော်မူသတည်း။

ဤသို့မိန့်ဆိုအပ်လေသော် အဂ္ဂသာဝကနှစ်ပါးတို့သည် မြတ်စွာဘုရားကို ရှိခိုး၍ ဤသို့လျှောက်ထားကြလေ၏။

မြတ်စွာဘုရား တပည့်တော်တို့ အိမ်ရာတည်ထောင်လူဘောင်ဘဝဖြစ်ကြ စဉ်က တောင်ထိပ်ပွဲသဘင် ကြည့်ရှုရန်သွားကြပါသည်။ အစချီသော အဿဇိထေရ်ထံမှ သောတာပတ္တိဖိုလ်ကို ထိုးထွင်းသိမြင်သည့် တိုင်အောင် ပစ္စုပ္ပန်ဝတ္ထုအကြောင်းအရာအားလုံးကို လျှောက်ဆိုကြပြီး -

မြတ်စွာဘုရား ထိုအချိန်က တပည့်တော်တို့သည် သဉ္စယဆရာထံသွားကြ၍ သဉ္စယဆရာကို အရှင်ဘုရားတို့၏ ခြေတော်ရင်းအရောက်ခေါ်ဆောင်လိုကြ၍ ထိုသဉ္စယဆရာ၏ အယူဝါဒ၌ အနှစ်သာရ မရှိပုံကိုပြောဆို၍ မြတ်စွာဘုရားခြေတော်ရင်းသို့လာရောက်ခြင်း၌ အကျိုးအာနိသင်ကိုပြောဆိုကြပါသည်။

ထိုသဉ္စယဆရာက ယခုအချိန်၌ ငါ့အဖို့တပည့်အဖြစ်နေခြင်းသည် ရေဖြည့်ခံ အိုးစရည်းကြီးက လက်ငင်အိုးငယ်အဖြစ်ရောက်သွားသည်နှင့်တူလိမ့်မည်။ တပည့်အဖြစ်မနေနိုင်ဟု ပြောဆိုပါသည်။

ထိုအခါ တပည့်တော်တို့က ဆရာကြီး ယခုအချိန်မှာလူအများစုသည် နံ့သာပန်းစသည်လက်စွဲလျက် မြတ်စွာဘုရားထံသို့သာ သွားရောက်ပူဇော်ပါလိမ့်မည်။ ဆရာကြီးတို့သည် ဘယ်လိုဖြစ်ကြတော့မည်နည်းဟု ပြောဆိုသောအခါ သဉ္စယဆရာက ဤလောက၌ ပညာရှိသူကများသလား(သို့မဟုတ်) ထိုင်းမှိုင်းဖျင်းအသူ

ကများသလားဟု မေးပါသည်။ တပည့်တော်တို့က ထိုင်းမှိုင်းဖျင်းအသူကများပါသည်ဟု ဖြေဆိုသောအခါ သဉ္စယဆရာက ဒီလိုဖြစ်လျှင် ပညာရှိသူတို့သည် ပညာရှိရဟန်း ဂေါတမထံသွားကြလိမ့်မည်။ ထိုင်းမှိုင်းဖျင်း အသူတို့သည် ထိုင်းမှိုင်းဖျင်းအသော ငါ့ထံလာကြလိမ့်မည်။ သင်တို့ပြန်ကြဟုပြောဆိုပါသည်။ ရှင်တော်မြတ်ဘုရားထံ မလာလိုကြောင်းပါဘုရားဟု လျှောက်ထားကြသည်။

မြတ်စွာဘုရားသည် သာရိပုတ္တာ၊ မောဂ္ဂလာန်တို့ လျှောက်ထားသောစကားကို ကြားတော်မူလေသော်

ရဟန်းတို့ သဉ္စယသည် မိမိမိစ္ဆာအယူ၏ အနှစ်သာရမဟုတ်သည်ကို အနှစ်သာရဟု ယူဆပြီး အနှစ်သာရကိုမူ အနှစ်သာရမဟုတ်ဟု ယူဆလေသည်။ သင်တို့သည်ကား မိမိတို့က ပညာရှိများဖြစ်ကြသောကြောင့် အနှစ်သာရကိုလည်း အနှစ်သာရဟု အနှစ်သာရမဟုတ်သည်ကိုလည်း အနှစ်သာရမဟုတ်ဟု သိကြပြီးအနှစ်သာရမဟုတ်သည်ကို ပယ်စွန့်၍ အနှစ်သာရဟုတ်သည်ကိုသာ ယူကြလေပြီဟု မိန့်တော်မူပြီး ဤဂါထာတို့ကို ရွတ်ဆိုတော်မူသည်။

"အသာရေ သာရမတိနော၊ သာရေ စာသာရ ဒဿိနော။
တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပ ဂေါစရာ။
သာရဉ္စသာရတော ဉတွာ၊ အသာရဉ္စ အသာရတော။
တေ သာရံ အဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပ ဂေါစရာ"

ယေ-အကြင်ပုဂ္ဂိုလ်တို့သည် အသာရေ-အနှစ်သာရမဟုတ်သော ပစ္စည်းလေးဖြာ မိစ္ဆာဒိဋ္ဌိနှင့် ယင်းတို့၏ ဥပနိဿယအကြောင်းဖြစ်သော ဓမ္မဒေသနာ၌ သာရမတိနော-သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿနဟူသော အနှစ်သာရဟု အယူရှိကြကုန်၏။

သာရေစ-သီလ အစရှိသော အနှစ်သာရ၌ကား၊ အသာရဒဿိနော -အနှစ်သာရမဟုတ်ဟု အမြင်ရှိကြကုန်၏။ မိစ္ဆာသင်္ကပ္ပဂေါစရာ - ကာမ ဝိဘင် စသော အလိုဖြင့်မှားသော အကြံအစည်ဟူသော ကျက်စားရာအာရုံရှိကြကုန်သော၊ တေ-ထိုပုဂ္ဂိုလ်တို့သည်၊ သာရံ- သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿနဟူသော သာရနိဗ္ဗာန်တည်းဟူသော ပရမတ္ထသာရကို၊ နာဓိဂစ္ဆာန္တိ - အယူတုံးစွ အသုံးမကျသဖြင့် လုံးဝမရကြလေကုန်။

ယေ-အကြင်ပုဂ္ဂိုလ်တို့သည်၊ သာရဉ္စ-သီလသာရအစရှိသော သာရကိုလည်း၊ သာရတော-ဤသည်ကားသာရဟု၊ ဉတွာ - သိကြကုန်၍၊ အသာရဉ္စ-ပစ္စည်း လေးဖြာမိစ္ဆာဒိဋ္ဌိနှင့်ယင်းတို့၏ ဥပနိဿယအကြောင်းဖြစ်သော ဓမ္မ ဒေသနာဟူသော အနှစ်သာရမဟုတ်သည်ကိုလည်း၊ အသာရတော-အနှစ်သာရမဟုတ်ဟု၊ ဉတွာ-သိမြင်ကြကုန်၍၊ သမ္မာသင်္ကပ္ပဂေါစရာ၊ နေက္ခမသင်္ကပ္ပစသောအလိုဖြင့် မှန်ကန်သောအကြံအစည်ဟူသော ကျက်စားရာအာရုံရှိကြကုန်သော၊ တေ-ထို ပုဂ္ဂိုလ်တို့သည်၊ သာရံ- သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿနအနှစ်သာရနှင့်နိဗ္ဗာန်ဟူသော ပရမတ္ထသာရကို အဓိဂစ္ဆန္တိ-အကြံမိမိအမှန်သိ၍ ရရှိကြလေကုန်သတည်း။

ဂါထာတို့၏ အဆုံး၌များစွာသော လူတို့သည် သောတာပတ္တိဖိုလ်စသည် တို့သို့ ရောက်ကြလေကုန်၏။

စည်းဝေးရောက်လာကြသူတို့အဖို့ အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေ၏။

**သာရိပုတ္တာတ္ထေရ ဝတ္ထုပြီး၏။**

## ၈။ နန္ဒထေရ် ဝတ္ထု

မြတ်စွာဘုရားသည် ဓမ္မစကြာတရားတော်မြတ်ကို ဟောတော်မူပြီး ရာဇဂြိုဟ်မြို့သို့ ကြွရောက်တော်မူ၍ ဝေဠုဝန်၌ သီတင်းသုံးတော်မူစဉ် -

ငါ၏သားတော်ကို ပင့်ဆောင်၍ပေးကြစေဟု သုဒ္ဓေါဒနမင်းကြီးစေလွှတ်အပ်သော အမတ်တစ်ထောင်, တစ်ထောင်အခြံအရံရှိသော တမန်ဆယ်ဦးတို့၏ နောက်ဆုံးမှသွား၍ အရဟတ္တဖိုလ်သို့ရောက်တော်မူသော ကာဠုဒါယီထေရ်သည် ကြွတော်မူမည့်အချိန်ကိုသိ၍ လမ်းခရီး၏ဂုဏ်ကို ချီးကျူးလျက် ရဟန္တာနှစ်သောင်းခြံရံလျက် ကပိလမြို့သို့ပင့်ဆောင်အပ်ခဲ့သော မြတ်စွာဘုရားသည် ဆွေမျိုးတို့၏ ပေါင်းဆုံမိရာ၌ ပေါက္ခရဝဿ မိုးရွာသွန်းခြင်းကို အကြောင်းဖြစ်ပေါ်မူပြု၍ ဝေသန္တရာဇာတ်တော်ကို ဟောတော်မူ၍ နောက်နေ့၌ ဆွမ်းခံဝင်စဉ် -

"ဥတ္တိဋ္ဌေနပ္ပမဇ္ဇေယျ" အစရှိသောဂါထာဖြင့် ခမည်းတော်သုဒ္ဓေါဒန မင်းကြီးကို သောတာပတ္တိဖိုလ်၌ တည်စေ၍ "ဓမ္မဥ္စရေ"အစရှိသော ဂါထာဖြင့် မိထွေးတော် မဟာပဇာပတိကို သောတာပတ္တိဖိုလ်, သုဒ္ဓေါဒနမင်းကြီးကိုလည်း သကဒါဂါမိဖိုလ်၌ တည်စေတော်မူသည်။

ဆွမ်းကိစ္စပြီးဆုံးပြီးသောအခါ ရာဟုလာမာတာ၏ဂုဏ်ကျေးဇူးနှင့်စပ်သော စကားကိုအကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကိုဟောတော်မူ၍ သုံးရက်မြောက်နေ့၌ နန္ဒမင်းသား၏အိမ်ရှေ့မင်း အဘိသေကမင်္ဂလာ၊ အိမ်တက် မင်္ဂလာ၊ ထိမ်းမြားမင်္ဂလာဖြစ်နေစဉ် ဆွမ်းခံ၍ နန္ဒမင်းသား၏လက်၌ သပိတ်တော်ကိုပေး၍ မင်္ဂလာကိုရွတ်ဆိုပြီးနေရာမှထတော်မူကာ ဖဲကြွတော်မူသောမြတ်စွာဘုရားသည် နန္ဒမင်းသား၏လက်မှ သပိတ်တော်ကိုပြန်ယူတော် မမူချေ။

နန္ဒမင်းသားသည် မြတ်စွာဘုရားကို ရိုသေလေးစားခြင်းဖြင့် -

"မြတ်စွာဘုရား အရှင်ဘုရား၏ သပိတ်တော်ကိုယူတော်မူပါ"ဟု လျှောက်ထားမဝံ့လေ။ သို့သော် စောင်းတန်းဦး၌ သပိတ်တော်ကိုပြန်ယူလိမ့်မည်ဟု အကြံဖြစ်ထားသည်။

မြတ်စွာဘုရားသည် စောင်းတန်းဦးရောက်သော်လည်း သပိတ်တော်ကို ပြန်မယူချေ။ နန္ဒမင်းသားသည် စောင်းတန်းခြေရင်း၌ သပိတ်တော်ကို ယူလိမ့်မည်ဟု ကြံမိပြန်သည်။

မြတ်စွာဘုရားသည် စောင်းတန်းခြေရောက်သော်လည်း သပိတ်တော်ကို ပြန်မယူချေ။ နန္ဒမင်းသားသည် မင်းရင်ပြင်၌ ယူလိမ့်မည်ဟုကြံစည်ပြန်သည်။ မြတ်စွာဘုရားသည် မင်းရင်ပြင်ရောက်သော်လည်း သပိတ်တော်ကို ပြန်မယူချေ။ နန္ဒမင်းသားသည် ပြန်လှည့်လာလိုလျက် မနှစ်သက်ဘဲလိုက်သွားရသူဖြစ်၍ မြတ်စွာဘုရားကို ရိုသေလေးစားခြင်းဖြင့် သပိတ်တော်ကိုယူတော်မူပါဟု လျှောက်ထားနိုင်စွမ်းမရှိဘဲ ဒီနေရာ၌ယူလိမ့်မည်။ ဟိုနေရာ၌ယူလိမ့်မည်ဟု ကြံစည်စိတ်ကူးလျက် ဘုရားနောက်တော်က လိုက်ပါသွားရရှာလေ၏။

ထိုသို့ဖြစ်နေချိန်ခဏ၌ ဇနပဒကလျာဏီမင်းသမီးမှ အခြားအပျိုတော်တို့က ဇနပဒကလျာဏီ မင်းသမီးအား -

သခင်မ မြတ်စွာဘုရားသည် နန္ဒသတို့သားကိုခေါ်ယူ၍ကြွသွားပြီ သခင်မတို့ နန္ဒမင်းသားနှင့် ကင်းကွာရတော့မည်ဟုပြောဆိုကြကုန်၏။

ဇနပဒကလျာဏီမင်းသမီးသည် ရေပေါက်တွေစီးကျဆဲရှိသော ထက်ဝက်ဖြီးပြီးသော ဆံပင်တို့ဖြင့်

လျှင်မြန်စွာသွား၍ -

"အရှင့်သား မြန်မြန်ပြန်ကြွခဲ့ပါ"ဟု လှမ်း၍ပြောလိုက်သည်။

ဇနပဒကလျာဏီမင်းသမီး၏ ထိုစကားအသံသည် နန္ဒမင်းသား၏နှလုံးအိမ်၌ ဖီလာကန့်လန့်ကျ သကဲ့သို့ တည်နေလေ၏။

မြတ်စွာဘုရားကလည်း နန္ဒမင်းသား၏လက်မှသပိတ်ကိုပြန်ယူတော်မမူဘဲသာ နန္ဒမင်းသားကို ကျောင်းသို့ခေါ်ဆောင်ခဲ့၍ -

"ညီတော် မောင်နန္ဒ ရဟန်းပြုမည်လား"ဟု မိန့်တော်မူသည်။

နန္ဒမင်းသားသည်ဘုရားကို ရိုသေလေးစားခြင်းဖြင့် တပည့်တော်ရဟန်း မပြုနိုင်ပါဟု မလျှောက်ဘဲ မှန်ပါရဟန်းပြုပါမည်ဟုလျှောက်ထားလေ၏။

မြတ်စွာဘုရားသည် နန္ဒသည် ရဟန်းပြုလိုသူဖြစ်လျှင် နန္ဒကို ရဟန်းပြုပေးလိုက်ကြဟု ရဟန်းတော်တို့အား မိန့်တော်မူသည်။ မြတ်စွာဘုရားသည် ကပ္ပိလမြို့သို့ရောက်၍ သုံးရက်မြောက်နေ့၌ နန္ဒမင်းသားကို ရဟန်းပြုစေသည်။ ခုနစ်ရက်မြောက်နေ့၌ ရာဟုလမာတာ၊ ယသော်ဓရာ မယ်တော်သည် ရာဟုလာသတို့သားကို အဝတ်တန်ဆာဆင်ယင်၍ မြတ်စွာဘုရားထံ ဤသို့ပြောဆိုသင်ပေး၍ စေလွှတ်လိုက်သည်။ (သွားစေသည်)

ချစ်သားရာဟုလာ ရဟန်းနှစ်သောင်းခြံရံကာရွှေအဆင်းနှင့်တူသော အဆင်းရှိသော ပြဟ္မာမင်းရုပ်အသွင်ရှိသော ထိုရဟန်းကိုကြည့်ပါ။ ဤရဟန်းတော်သည် သင်ချစ်သား၏ ခမည်းတော်ဖြစ်သည်။ သင့်ခမည်းတော်မှာ ကြီးမားသော ရွှေအိုးကြီးများရှိခဲ့သည်။ သင့်ခမည်းတော် တောထွက်သွားချိန်မှစ၍ ရွှေအိုးကြီးတို့ကို မမြင်ကြရ။ သွားချေ၊ သင့်ခမည်းတော်ထံအမွေတောင်းခံပါလေ။

ခမည်းတော်ဘုရားကျွန်တော်သည် ငယ်ရွယ်သူဖြစ်ပါသည်။ အဘိသိက်သွန်းခံ၍ စကြာဝတေးမင်းဖြစ်လိုပါသည်။ ကျွန်တော့်အား ပစ္စည်းဥစ္စာလိုနေပါသည်။ ကျွန်တော့်အား ပစ္စည်းဥစ္စာကိုပေးတော်မူပါ။ ဟုတ်ပါသည် သားတော်သည် ယင်းပစ္စည်း၏ပိုင်ရှင်ဖြစ်ပါသည်ဟု ပြောဆိုရန်မှာထားပြီး မြတ်စွာဘုရားထံ စေလွှတ်လိုက်လေ၏။

ရာဟုလာသတို့သားသည် မြတ်စွာဘုရားထံသွား၍ ခမည်းတော်ဟု ချစ်ခြင်းကိုရ၍ ရွှင်လန်းဝမ်းမြောက်သောစိတ်ဖြင့် -

အို-ရဟန်းတော်မြတ် အရှင်မြတ်၏ အရိပ်သည်ချမ်းသာကြောင်းဖြစ်ပါ၏ဟု ပြောဆို၍ မိမိအား သင့်လျော်သော တစ်ခြားစကားများစွာကို ပြောဆိုလျက် ရပ်နေလေ၏။

မြတ်စွာဘုရားသည် ဆွမ်းကိစ္စပြုပြီးလတ်သော် အနုမောဒနာပြုတော်မူ၍ နေရာမှထတော်မူကာ နန်းတော်မှ ဖဲခွာခဲ့လေ၏။ ရာဟုလာသတို့သားသည်လည်း(အို-ရဟန်းတော်မြတ် ကျွန်တော့်အားအမွေပေးတော်မူပါ)၂ဟုပြောဆိုလျက် မြတ်စွာဘုရားနောက်တော်သို့ လိုက်သွားလေ၏။ မြတ်စွာဘုရားကလည်း ရာဟုလာသတို့သားကို ပြန်မသွားစေ။ ပရိသတ်ကလည်း မြတ်စွာဘုရားနှင့်အတူ သွားသော ရာဟုလာသတို့သားကို ပြန်လှည့်လာအောင် မစွမ်းဆောင်နိုင်ချေ။

ဤသို့လျှင် ရာဟုလာသတို့သားသည် မြတ်စွာဘုရားနှင့်အတူ ကျောင်းအာရာမ်သို့သာ အရောက် သွားလေ၏။

ထိုအချိန်၌ မြတ်စွာဘုရားသည် ဤသို့ကြံစည်တော်မူသည်။

ဤရာဟုလာသတို့သားသည် ခမည်းတော်၏ ဉစ္စာပစ္စည်းကိုအလိုရှိ၏။ သူအလိုရှိသော ဉစ္စာပစ္စည်းသည် ဝတ်ဆင်းရဲသို့ အစဉ်လိုက်ပါကာ ပင်ပန်းဆင်းရဲခြင်းရှိသော ဉစ္စာပစ္စည်းဖြစ်၏။ ယခုအခါ ရာဟုလာသတို့သားအား ဗောဓိမြေအပြင်၌ ရရှိခဲ့သော အရိယာဉစ္စာခုနစ်မျိုးကို ငါဘုရားပေးတော့အံ့။ ရာဟုလာသတို့သားကို လောကုတ္တရာ အမွေပိုင်ရှင်ပြုပေးတော့အံ့။

မြတ်စွာဘုရားသည် ထိုသို့ကြံစည်တော်မူပြီး အရှင်သာရိပုတ္တကို -

"ချစ်သားသာရိပုတ္တ သင်ချစ်သားသည် အမွေတောင်းခံနေသော ရာဟုလာသတို့သားကို ရှင်ပြုပေးလိုက်ပါ"ဟု မိန့်တော်မူသည်။

သာရိပုတ္တထေရ်သည် ရာဟုလာ သတို့သားကိုရှင်ပြုပေးလေ၏။

(ရာဟုလာ သတို့သား ရှင်သာမဏေဖြစ်သွားလေသော်) သုဒ္ဓေါဒနမင်းကြီးအား ဆင်းရဲဒုက္ခ လွန်လွန်ကဲကဲဖြစ်လေ၏။ ထိုဆင်းရဲဒုက္ခကို သည်းခံနိုင်စွမ်းမရှိရကား မြတ်စွာဘုရားအား အသိပေးလျှောက်ထားပြီး ဆုကိုတောင်းဆိုလေ၏။

မြတ်စွာဘုရား တောင်းပန်လျှောက်ထားပါ၏။ အရှင်ကောင်းတို့သည် မိဘများ ရှင်ရဟန်းပြုခွင့်မပေးသောသားကို ရှင်ရဟန်းပြုမပေးကြပါစေနှင့်။

မြတ်စွာဘုရားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား တောင်းဆိုသော ထိုဆုကိုပေးပြီး၊ တစ်နေ့သ၌ မင်းနန်းတော်ဝယ်ဆွမ်းစားတော်မူပြီး သင့်လျော်သောနေရာ၌ ထိုင်နေသော သုဒ္ဓေါဒနမင်းကြီးက

"မြတ်စွာဘုရား အရှင်ဘုရားတို့ ဒုက္ကရစရိယကျင့်နေချိန်အခါက နတ်သားတစ်ယောက်သည် တပည့်တော်ထံလာရောက်ချဉ်းကပ်ပြီး သင့်သားတော်ကွယ်လွန်ပြီ"ဟု ပြောဆိုပါသည်။

တပည့်တော်သည် ထိုနတ်သား၏ စကားကို မယုံကြည်သဖြင့် ငါ၏သားတော်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ဟူသော ဗောဓိသို့ မရောက်ဘဲ မသေနိုင်ဟု ပယ်ခဲ့ပါပြီဟု လျှောက်ထားလေသော်

ယခုအချိန်၌ အဘယ်မှာယုံကြည်တော့မည်နည်း။ ရှေးပါရမီဖြည့်စဉ်အချိန်ကလည်း အရိုးတို့ကိုပြ၍ သင့်သားသေပြီဟု ပြောဆိုရာ၌ မယုံကြည်ခဲ့ပြီဟူသော ဤအတ္ထုပ္ပတ်ဖြင့် မဟာဓမ္မပါလဇာတ်တော်ကို ဟောတော်မူသည်။

တရားဂါထာအဆုံး၌ သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမိမဂ်ဖိုလ်၌ တည်လေသည်။

ဤသို့လျှင် မြတ်စွာဘုရားသည် ခမည်းတော်မင်းကြီးကို ဖိုလ်သုံးဖိုလ်တို့၌တည်စေပြီး ရဟန်းသံဃာခြံရံလျက် ရာဇဂြိုဟ်မြို့သို့ တဖန်ပြန်ကြွ၍ ရာဇဂြိုဟ်မြို့မှ အနာထပိဏ်သူဌေးသည် သာဝတ္ထိမြို့သို့ ကြွလာတော်မူရန် တောင်းယူထားအပ်သော ပဋိညာရှိတော်မူသည်ဖြစ်၍ ဇေတဝန်ကျောင်းဆောက်လုပ်ပြီးစီးလတ်သော် သာဝတ္ထိဇေတဝန်ကျောင်း၌ ကြွရောက်ဝါကပ်တော်မူသည်။

ဤသို့မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်နန္ဒသည် ရဟန်းအဖြစ်၌ ငြီးငွေ့၍ အတူနေရဟန်းတော်တို့အား ရဟန်းအဖြစ်၌ ငြီးငွေ့ကြောင်းပြောကြားလေ၏။

"အရှင်မြတ်တို့ဘုရား တပည့်တော်နန္ဒသည် သာသနာတော်၌မွေ့လျော်မှုမရှိဘဲ အကျင့်မြတ်ကို ကျင့်နေရပါသည်။ အကျင့်မြတ်ကိုခံယူနိုင်စွမ်း၊ တည်စေနိုင်စွမ်းမရှိပါ။ လူထွက်ပါတော့မည်" ဟုပြောကြားလေ၏။

"မြတ်စွာဘုရားသည် ထိုအကြောင်းကိုကြားသိတော်မူ၍ အရှင်နန္ဒကိုခေါ်စေပြီး ဤသို့မိန့်တော်မူသည်။

"အမောင်နန္ဒ", သင်သည်များစွာသော ရဟန်းတို့အား အရှင်မြတ်တို့ဘုရား တပည့်တော်သည် သာသနာတော်၌ မမွေ့လျော်ဘဲ အကျင့်မြတ်ကိုကျင့် နေရပါသည်။ အကျင့်မြတ်ကိုခံယူနိုင်စွမ်း၊ တည်စေနိုင်စွမ်းမရှိပါ။ သိက္ခာချ၍ လူထွက်ပါတော့မည်ဟု ပြောဆိုကြောင်း ကြားရသောသတင်းသည် အမှန်ပင် ဖြစ်သလော"

"မြတ်စွာဘုရား ကြားတော်မူသောစကားသည် အမှန်ပင်ဖြစ်ပါသည်"

"မောင်နန္ဒ" သင်သည်အဘယ့်ကြောင့် သာသနာတော်၌ မမွေ့လျော်ဘဲ အကျင့်မြတ်ကိုကျင့် နေရသနည်း။ အဘယ့်ကြောင့် အကျင့်မြတ်ကိုခံယူနိုင်စွမ်း၊ တည်စေနိုင်စွမ်း မရှိရသနည်း" "အဘယ်ကြောင့် သိက္ခာချလူထွက်ချင်ရသနည်း"

မြတ်စွာဘုရား၊ တပည့်တော်နန်းဆောင်တွင်းမှထွက်လာစဉ် သာကီဝင်မင်းသမီး ဇနပဒကလျာဏီသည် ထက်ဝက်ဖြီးပြီးသော ဆံပင်တို့ဖြင့် တပည့်တော်ကိုကြည့်၍"အရှင့်သား၊ လျင်မြန်စွာ ပြန်လာခဲ့ပါ"ဟု လှမ်း၍ပြောလိုက်ပါသည်။

"မြတ်စွာဘုရား၊ စင်စစ်အားဖြင့် တပည့်တော်သည် ဇနပဒကလျာဏီ၏ ပြောလိုက်သော ထိုစကားကို အမြဲအမှတ်ရနေပါ၍ သာသနာတော်၌ မမွေ့လျော်ဘဲ အကျင့်မြတ်ကို ကျင့်နေရပါသည်။ အကျင့်မြတ်ကို ခံယူနိုင်စွမ်း၊ တည်စေနိုင်စွမ်းမရှိပါ၊ သိက္ခာချလူထွက်ပါတော့မည်ဘုရား"

ထိုသို့လျှောက်ထားသောအခါ မြတ်စွာဘုရားသခင်သည် အရှင်နန္ဒကို လက်မောင်း၌ကိုင်၍ တန်ခိုးတော်အစွမ်းဖြင့် တာဝတိံသာနတ်ပြည်သို့ခေါ်ဆောင်တော်မူစဉ် လမ်းခရီးအကြားမီးလောင်လယ်ကွင်း တစ်ခုတွင် မီးလောင်ထားရာ သစ်ငုတ်၌ထိုင်နေသော နားရွက်၊ နှာခေါင်း၊ အမြီးပြတ်နေသော မျောက်မပျက် တစ်ကောင်ကိုပြ၍ တဖန်တာဝတိံသာနတ်ပြည်၌ သိကြားမင်းအား ဆည်းကပ်ခစား ညီမူရာနေရာသို့ လာကြသော ခိုခြေအဆင်းနှင့်တူသော နီမြန်းသောအဆင်းရှိသော ခြေရှိကုန်သော နတ်သမီးငါးရာတို့ကို ပြတော်မူလေ၏။

ပြတော်မူပြီးသော် အရှင်နန္ဒကိုမေးတော်မူသည်။

"မောင်နန္ဒ၊ ငါဘုရားမေးမည်ကို မည်သို့ယူဆဖြေဆိုမည်နည်း"

"သာကီဝင်မင်းသမီး ဇနပဒကလျာဏီနှင့် ခိုခြေအဆင်းနှင့်တူသော နီမြန်းသောအဆင်းရှိသော ခြေရှိကုန်သော ဤနတ်သမီးငါးရာတို့တွင် အဘယ်အမျိုးသမီးသည် သာ၍လှသနည်း၊ ရှုချင်ဖွယ်ရှိသနည်း။ စိတ်ကြည်လင်ဖွယ်ရှိသနည်း။

ထိုအမေးစကားကို ကြားလတ်၍ အရှင်နန္ဒသည် ဤသို့လျှောက်ထား ပြောဆိုလေ၏။

မြတ်စွာဘုရား သာကီဝင်မင်းသမီး ဇနပဒကလျာဏီသည် ပြတ်နေသော နား၊ နှာခေါင်း၊ အမြီးရှိသော မျောက်မပျက်နှင့် တူနေပါသည်။

ဇနပဒကလျာဏီသည် ဤနတ်သမီးငါးရာတို့နှင့်ထောက်ထားနှိုင်းစာလျှင် အမျိုးသမီးဟုပင် ရေတွက် ပြောဆို၍မဖြစ်နိုင်ပါ။ နတ်သမီးတို့၏ တစ်ဆယ့်ခြောက်စိတ်, တစ်စိတ်မျှကိုသော်လည်း မမီပါ။ စင်စစ်အားဖြင့် ဇနပဒကလျာဏီထက်ရုပ်အဆင်းလွန်လွန်မင်းမင်းလှပတင့်တယ်ကြပါသည်။ ရှုချင်ဖွယ်လည်း ရှိကြပါသည်။ စိတ်ကိုလည်း အလွန်ကြည်လင်စေကြပါသည်။

မောင်နန္ဒ၊ သာသနာတော်ဝယ် ရဟန်းအဖြစ်၌မွေ့လျော်ပါ။ မောင်နန္ဒ ငါဘုရား သာသနာတော်ဝယ် ရဟန်းအဖြစ်၌ မွေ့လျော်ပါ။ ယင်းသို့မွေ့လျော်လျှင် ခိုခြေအဆင်းနှင့်တူသော နီမြန်းသောအဆင်းရှိသော

ခြေရှိကုန်သော နတ်သမီးငါးရာကို သင်ရနိုင်ရန် ငါဘုရားတာဝန်ယူသည်။

မြတ်စွာဘုရား နတ်သမီးငါးရာကို တပည့်တော်ရဖို့အရှင်ဘုရားက တာဝန်ယူလျှင် တပည့်တော်သည် အရှင်ဘုရား၏ သာသနာတော်ဝယ်ရဟန်းအဖြစ် မြတ်သောအကျင့်ကို မွေ့လျော်ပါတော့မည်ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်နန္ဒကို ကိုင်တော်မူ၍ တာဝတိံသာနတ်ပြည်၌ ပျောက်ကွယ်ပြီး ဇေတဝန်ကျောင်းတော်၌ ထင်ရှားဖြစ်တော်မူသည်။

ရဟန်းတို့သည် အရှင်နန္ဒနှင့်ဆက်စပ်၍ ဤစကားကိုကြားသိကြကုန်၏။

မြတ်စွာဘုရား၏ မိထွေးတော်၏သား ညီတော်အရှင်နန္ဒသည် နတ်သမီးတို့ကို အကြောင်းပြု၍ နတ်သမီးတို့ကိုရလိုမှုကြောင့် အကျင့်မြတ်ကို ကျင့်နေသတဲ့၊ အရှင်နန္ဒ နတ်သမီးငါးရာကိုရနိုင်ဖို့ မြတ်စွာဘုရားက တာဝန်ယူသတဲ့။

ထိုအချိန်အခါ၌ အရှင်နန္ဒသည် မိတ်ဆွေရဟန်းတို့က အရှင်နန္ဒကို စာရင်းငှားလုပ်သူဟု ပြောဆိုခြင်း၊ ဈေးဝယ်သူဟုပြောဆိုခြင်းဖြင့် ပြောဆိုကြသည်။

အရှင်နန္ဒသည် စာရင်းငှားလုပ်သတဲ့၊ အခစားလုပ်သတဲ့၊ အရှင်နန္ဒသည် ဈေးဝယ်သူတဲ့၊ နတ်သမီးတို့ကိုအကြောင်းပြု၍ နတ်သမီးတို့ကို ရလိုမှုကြောင့် အကျင့်မြတ်ကိုကျင့်နေသတဲ့၊ အရှင်နန္ဒ နတ်သမီးငါးရာရနိုင်ဖို့ မြတ်စွာဘုရားက တာဝန်ယူသတဲ့ဟု ပြောဆိုကြကုန်၏။

ထိုသို့ပြောဆိုကြသောအခါ အရှင်နန္ဒသည် မိတ်ဆွေရဟန်းတို့၏ စာရင်းငှားလုပ်သူ၊ အခစားလုပ်သူဟု ပြောဆိုခြင်း၊ ဈေးဝယ်သူ(အကျင့်မြတ်ဖြင့် နတ်သမီးတွေကို ဝယ်ယူသူ)ဟု ပြောဆိုခြင်းဖြင့် ငြီးငွေ့သူ၊ ရှက်သူ၊ စက်ဆုပ်သူ၊ ဖြစ်လာ၍ တစ်ပါးတည်း ဆိတ်ငြိမ်ရာသို့ကပ်လျက် မမေ့မလျော့၊ ပြင်းပြင်းထန်ထန်အားထုတ်ကာ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ဖြစ်လျက် သီတင်းသုံးနေလတ်သော် အချိန်မကြာမီပင် အိမ်ရာတည်ထောင်လူ့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်၌ ရဟန်းပြုသူတို့ ရည်ရွယ်အပ်လိုလားတောင့်တအပ် မြတ်လှစွာသောအကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ဘဝ၌ ကိုယ်တိုင်သိမြင်ကပ်ရောက်၍ နေလေ၏။ ငါ၏ ဇာတိကုန်ပြီ အကျင့်မြတ်ကို ကျင့်သုံးအပ်ပြီ၊ တစ်ဆယ့်ခြောက်ချက်သော မဂ်ကိစ္စပြုဖွယ်ကိုပြုပြီးပြီ။ တစ်ဆယ့်ခြောက်ချက် မဂ်ကိစ္စပြုဖွယ်အတွက် ပြုစရာမရှိတော့ပြီဟု အထူးသိမြင်လေ၏။

အရှင်နန္ဒသည် ရဟန္တာတို့တွင် တစ်ပါးအပါအဝင် ဖြစ်လေသတည်း။ အရှင်နန္ဒသည် ရဟန္တာဖြစ်တော်မူပြီး ညအချိန်၌ နတ်သားတစ်ယောက်သည် ဇေတဝန်ကျောင်းတိုက် အာရာမ်အားလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေပြီး မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုး၍ မြတ်စွာဘုရားရှင်တော်မြတ်ဘုရား၏ မိထွေးတော်၏သား ညီတော်နန္ဒသည် အာသဝေါလေးဖြာမလာကုန်ခမ်းဖုံးလွှမ်းမရှိအသိဉာဏ်ရှိသောစိတ်၏ လွတ်မြောက်မှုပညာဖြင့် ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်ကို မျက်မှောက်ဘဝမှာပင် ကိုယ်တိုင်အထူးသိမြင် ပြည့်စုံကပ်ရောက်နေပါသည်ဘုရားဟု လျှောက်ထားလေ၏။

နန္ဒသည် အာသဝေါလေးဖြာ မလာကုန်ခမ်း၊ ဖုံးလွှမ်းမရှိ အသိဉာဏ်ရှိသော စိတ်၏ လွတ်မြောက်မှုပညာဖြင့် ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်ကို မျက်မှောက်ဘဝမှာပင် ကိုယ်တိုင်အထူးသိမြင်ပြည့်စုံကပ်ရောက်နေသူဖြစ်၏ဟု မြတ်စွာဘုရားမှာလည်း အသိဉာဏ်ဖြစ်တော်မူပြီ။

အရှင်နန္ဒကလည်း ထိုညအချိန်လွန်မြောက်သောအခါ မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးပြီး -

မြတ်စွာဘုရား ခိုခြေအဆင်းနှင့်တူသော နီမြန်းသောအဆင်းရှိသော ခြေရှိကုန်သော နတ်သမီးငါးရာတို့ကို တပည့်တော်ရရှိရန် မြတ်စွာဘုရားက တာဝန်ယူထားပါသည်။ နတ်သမီးငါးရာကို တပည့်တော်ရရှိရန် အကျင့်မြတ်ကို အားထုတ်ပါမည်ဟု တပည့်တော် ဝန်ခံကတိပြုခဲ့ပါသည်။

မြတ်စွာဘုရား၊ တပည့်တော်သည် ထိုဝန်ခံကတိမှ ကင်းလွတ်ပါပြီဘုရားဟု မြတ်စွာဘုရားကို လျှောက်ထားလေသည်။

ညီတော်နန္ဒ၊ ငါဘုရားကလည်း သင်၏စိတ်ကိုပိုင်းခြား၍(နန္ဒသည် အာသဝေါတရားတို့ကုန်ခမ်းခြင်းကြောင့် အာသဝေါမရှိသော စိတ်၏ ကိလေသာမှ လွတ်မြောက်မှု ပညာဖြင့် ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်ကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသော အသိဉာဏ်ဖြင့် သိမြင်ပြည့်စုံ၍နေလေ၏ဟု) သိအပ်ပေပြီ။

နတ်သားကလည်း ထိုအကြောင်းကို ငါဘုရားအားလာရောက် လျှောက်ထားပြီးပြီဟု မိန့်တော်မူလေ၏။

အို - နန္ဒ သင်၏ စိတ်သည် အာသဝေါတရားတို့မှ လွတ်မြောက်ပြီးဖြစ်သောကြောင့် ငါဘုရားကလည်း ယခင်တာဝန်ယူလျက် ဝန်ခံချက်မှ လွတ်မြောက်သွားပြီဟု မိန့်တော်မူပြီး -

"ယဿ နိတ္တိဏ္ဏော ပင်္ကော၊ မဒ္ဒိတော ကာမကဏ္ဍကော မောဟက္ခယံ အနုပ္ပတ္တော၊ သုခဒုက္ခေသု နဝေဓတီသတိက္ခု"ဟု ဥဒါန်းကျူးရင့်တော်မူပြီ။

ယဿယေနဘိက္ခုနာ - အကြင်ရဟန်းသည်၊ ပင်္ကော - ကာမဂုဏ်တည်း ဟူသော ရွံ့ညွန်ကို၊ နိတ္တိဏ္ဏော - ကူးမြောက်အပ်ပြီ၊ ကာမကဏ္ဍကော - ကာမတည်းဟူသော ဆူးကို၊ မဒ္ဒိတော - မှုန့်မှုန့်ညက်ညက်ချိုးဖျက်အပ်ပြီ၊ သသောဘိက္ခု - ထိုရဟန်းသည်၊ မောဟက္ခယံ - မောဟဟူသော အဝိဇ္ဇာကုန်ရာ အရဟတ္တဖိုလ်သို့ အနုပ္ပတ္တော - မဂ်အဆင့်ဆင့် အသင့်ရောက်သည်(ဟုတ္တာဖြစ်၍)၊ သုခဒုက္ခေသု - ချမ်းသာ၊ ဆင်းရဲတို့၌(ချမ်းသာ၊ ဆင်းရဲတို့ကြောင့်)၊ နဝေဓတိ - ကိလေသာဟုန် အကုန်ချုပ်သဖြင့် မတုန်လှုပ်ပါလေ။

ထိုအချိန်မှ နောက်ဖြစ်သော နေ့တစ်နေ့၌ ရဟန်းတို့သည် အရှင်နန္ဒကို"ငါ့ရှင် နန္ဒ၊ သင်သည် ရှေ့ပိုင်းအချိန်က ရဟန်းအဖြစ်၌ ငြီးငွေ့၏ဟု ပြောခဲ့ပြီ၊ ယခုအချိန်မှာ သင်၏ စိတ်ဘယ်သို့ဖြစ်သနည်း" ဟုမေးမြန်းကြကုန်၏။

ငါ့ရှင်တို့ - တပည့်တော်မှာ လူပြန်ဖြစ်ရန် ကပ်ငြိခြင်း၊ လူ့အဖြစ်၌ တပ်စွန်းခြင်း မရှိတော့ပါဟု ပြောဆိုလေ၏။

အရှင်နန္ဒ၏ ထိုပြောစကားကိုကြားသိကြသော ရဟန်းတို့သည် အရှင်နန္ဒသည် မဖြစ်နိုင်သည်ကို ပြောဆိုသည်၊ အရဟတ္တဖိုလ်ကို ပြောကြားသည်၊ လွန်ခဲ့သော နေ့တို့က ငြီးငွေ့သည်ဟုပြောပြီး ယခုလူအဖြစ်၌ တပ်စွန်းခြင်းမရှိဟု ပြောသည်ဟု ပြောဆိုကြပြီး ထိုအကြောင်းကို မြတ်စွာဘုရားအား သွားရောက် လျှောက်ထားကြသည်။

မြတ်စွာဘုရားက ရဟန်းတို့ လွန်ခဲ့သော နေ့ရက်တို့က နန္ဒ၏အတ္တဘောသည် အမိုးမကောင်းသော အိမ်နှင့်တူသည်၊ ယခုအခါ၌ နန္ဒ၏အတ္တဘောသည် အမိုးကောင်းရှိသော အိမ်နှင့်တူနေသည်။

မှန်၏၊ ဤနန္ဒသည် နတ်သမီးတို့ကိုမြင်ရချိန်မှစ၍ ရဟန်းကိစ္စအပြီး အဆုံးရောက်အောင် အားထုတ်လျက် ရဟန်းကိစ္စအပြီးအဆုံးရောက်လေပြီဟု မိန့်တော်မူပြီး ဆိုလတ္တံ့သော ဂါထာတို့ကို ရွတ်ဆိုတော်မူသည်။

( က ) "ယထာအဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ"
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။
( ခ ) ယထာ အဂါရံ သုစ္ဆန္နံ၊ ဝုဋ္ဌိ န သမတိ ဝိဇ္ဈတိ။
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိ ဝိဇ္ဈတိ။"

( က ) ဒုစ္ဆန္နံ - အမိုးမကောင်းသော၊ အဂါရံ - အိမ်ကို၊ ဝုဋ္ဌိ - မိုးရေသည်၊ သမတိ ဝိဇ္ဈတိ ယထာ - စိမ့်ဝင်သကဲ့သို့ (တစိမ့်စိမ့် ဖောက်ဝင်သကဲ့သို့)

ဧဝံ - ဤအတူ၊ အဘာဝိတံ - သမထ ဝိပဿနာ ဘာဝနာတို့ဖြင့် မပွားများ အပ်သော၊ စိတ္တံ - စိတ်ကို၊ ရာဂေါ - ရာဂအစရှိသော ကိလေသာသည်၊ သမတိ ဝိဇ္ဈတိ - တစိမ့်စိမ့်ဖောက် ဝင်ရောက်စီးဝင်လေ၏။

( ခ ) သုစ္ဆန္နံ - ကောင်းသော အမိုးရှိသော၊ အဂါရံ - အိမ်ကို၊ ဝုဋ္ဌိ - မိုးရေသည်၊ နသမတိ ဝိဇ္ဈတိယထာ - တစိမ့်စိမ့် ဖောက်မဝင်ရောက်နိုင်သကဲ့သို့။

ဧဝံ - ဤအတူ၊ သုဘာဝိတံ - သမထ ဝိပဿနာ ဘာဝနာတို့ဖြင့် ကောင်း စွာပွားအပ်သော၊ စိတ္တံ - စိတ်ကို၊ ရာဂေါ - ရာဂအစရှိသော ကိလေသာသည်၊ နသမတိ ဝိဇ္ဈတိ - တစိမ့်စိမ့်ဖေါက် မဝင်ရောက်နိုင်လေသတည်း။

(ဂါထာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ်စသည် တို့သို့ ရောက်ကြလေကုန်၏။ လူများစွာအဖို့ အကျိုးရှိသော ဒေသနာတော်ဖြစ်လေ၏။)

ထိုအချိန်အခါဝယ် ရဟန်းတော်တို့သည် ဓမ္မသဘင်၌ ဤစကားကို ပြောဆိုနေကြကုန်၏။

ငါ့ရှင်တို့ - ဘုရားရှင်တို့သည် မည်သည် လက်ဖြစ်တီး၍ အံ့ချီးလောက်ပါပေကုန်၏။ ဇနပဒကလျာဏီကို အစွဲပြု၍ သာသနာ့ဘောင်ရဟန်းအဖြစ်၌ ငြီးငွေ့နေသူ အရှင်နန္ဒကို မြတ်စွာဘုရားသည် နတ်သမီးတို့ကို အစာပြု၍ ဆုံးမအပ်တော်မူသည်။

မြတ်စွာဘုရားသည် ကြွလာတော်မူပြီး ရဟန်းတို့ ယခုအချိန်၌ အဘယ်စကားကို ပြောဆိုစုဝေးနေကြသနည်းဟု မေးတော်မူသည်ဖြစ်၍ အရှင်နန္ဒနှင့် စပ်လျဉ်းသော စကားကို ပြောဆိုစုဝေးနေကြပါကြောင်း လျှောက်ထားအပ်လေသော်၊ ရဟန်းတို့ ငါဘုရားသည် ယခုဘဝ၊ ယခုအချိန်၌သာ ဤနန္ဒကို မာတုဂါမဖြင့် ဖြားယောင်း၍ ဆုံးမအပ်သည် မဟုတ်သေး။ ရှေးဘဝ၊ ရှေးအခါကလည်း ငါဘုရားသည် ဤနန္ဒကို မာတုဂါမဖြင့် ဖြားယောင်း၍ ဆုံးမအပ်ခဲ့သည်သာဟု မိန့်တော်မူကာ အတိတ်ဇာတ်ကြောင်းကို ထပ်လောင်း ဆောင်ပြတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုလတ်သော် ဗာရာဏသီမြို့သား ကပ္ပဋ္ဋအမည်ရှိသော ကုန်သည်တစ်ဦးရှိလေ၏။ ထိုကုန်သည်၏ မြည်းတစ်ကောင်သည် တစ်ကုမ္ဘရှိဝန်ကို ဆောင်နိုင်၏။ တစ်နေ့တည်းဖြင့် ခုနစ်ယူဇနာတိုင်အောင်သွားနိုင်၏။ တစ်ခုသောအချိန်၌ ထိုမြည်းသည် ဝန်ဆောင်မြည်းတို့နှင့်အတူ တက္ကသိုလ်သို့ သွားရောက်ပြီးဆောင်ယူခဲ့သော ကုန်ပစ္စည်းရောင်း၍ မကုန်မီအချိန် ထိုမြည်းကို ကျက်စားသွားလာနိုင်ရန် လွှတ်ထားလေ၏။ ထိုကုန်သည်၏ ထိုမြည်းသည် ကျုံးရိုးပေါ်၌ သွားနေစဉ် မြည်းမတစ်ကောင်ကို မြင်၍ ထိုမြည်းမထံ ချဉ်းကပ်လေ၏။ ထိုမြည်းမသည် ထိုမြည်းထီးနှင့်အတူ နှုတ်ခွန်းဆက်စကားကို ပြောဆိုလေ၏။

အို - မောင်ကြီး အဘယ်အရပ်မှ လာခဲ့ပါသနည်း။

အို - နှမ မောင်ကြီး ဗာရာဏသီမြို့မှ လာခဲ့ပါသည်။
ဘာအလုပ်ဖြင့် လာခဲ့ပါသနည်း။
ကုန်သည်အလုပ်ဖြင့် လာခဲ့ပါသည်။
ကုန်ဝန်ချိန် အဘယ်မျှကို ဆောင်နိုင်ပါသလဲ။
တစ်ကုဋ္ဌဝန်ချိန်ကို ဆောင်နိုင်ပါသည်။
ဤမျှလေးသော ဝန်ကိုဆောင်ပြီး ယူဇနာအဘယ်မျှရောက်အောင် သွားနိုင်ပါသနည်း။
ခုနစ်ယူဇနာရောက်အောင် သွားနိုင်ပါသည်။
ရောက်ရာအရပ်တိုင်းမှာ မောင်ကြီးအတွက် ခြေဆုပ်လက်နှယ်ပြုပေးသူ၊ ကျော၌ချေးတွန်းပေးမည့်သူ တစ်ဦးတစ်ယောက်ရှိပါရဲ့လား။
မရှိပါ။
ဒီလိုမရှိလျှင် မောင်ကြီးဆင်းရဲဒုက္ခအကြီးအကျယ် ခံစားနေရမှာဘဲဟု အပြန်အလှန် ပြောဆိုကြလေ၏။ (တိရစ္ဆာန်တို့အား ခြေဆုပ်လက်နှယ်ပြုသူ စသည်တို့ မရှိသော်လည်း ကာမသံယောဇဉ်ဖြင့် ထိပါးပွတ်တိုက်နိုင်ရန် ဤသို့သော စကားကို ပြောဆိုခြင်းဖြစ်၏။)
ထိုမြည်းသည် ထိုမြည်းမ၏ စကားကြောင့် တောင့်တငြီးငွေ့နေလေ၏။
ကပ္ပဋ္ဌ ကုန်သည်, သည်လည်း ကုန်ပစ္စည်းကို ရောင်းချပြီးသော် ထိုမြည်းထံလာ၍ “ချစ်သား၊ လာသွားကြစို့”ဟု ပြောဆိုလေ၏။
“အရှင်တို့သွားကြပါ၊ ကျွန်ုပ်မသွားတော့ပါ”ဟု မြည်းကပြန်ပြောလေ၏။
ထိုအခါ အကြိမ်ကြိမ်တောင်းပန်ပြောဆိုပါလျက် ပြန်မသွားလိုသော ထိုမြည်းကို ကပ္ပဋ္ဌကုန်သည်, သည် ထိုမြည်းကို ခြိမ်းခြောက်၍ ခေါ်ဆောင်မည်ဟု ကြံစည်ကာ ဤဂါထာကို ရွတ်ဆိုလေ၏။
“ပတောဒံ တေ ကရိဿာမိ၊ သောဠသင်္ဂုလိကဏ္ဍကံ
သဉ္ဆိန္ဒိဿာမိ တေ ကာယံ၊ ဧဝံ ဇာနာဟိ ဂဒြဘ”
ဂဒြဘ = ဟဲ့မြည်း သတ္တဝါ၊ အဟံ = ငါသည်၊ တေ = သင်၏၊ ကာယေ = ကိုယ်၌၊ သောဠသင်္ဂုလိကဏ္ဍကံ = ဆယ့်ခြောက်လက်သစ်ရှည်၍ ဆူးရှိသော၊ ပတောဒံ = ကြိမ်လုံးနှင်တံကို၊ ကရိဿာမိ = အသုံးပြုတော့အံ့၊ တေ = သင်၏၊ ကာယံ = ကိုယ်ကို၊ သဉ္ဆိန္ဒိဿာမိ = အစိတ်စိတ်ပြတ်စေတော့အံ့၊ ဧဝံ = ဤသို့ပြုမည်ကို၊ ဇာနာဟိ = သင်သိပေတော့။
ထိုစကားကိုကြားရသောမြည်းက သင်ကဒီလိုပြုမည်ဖြစ်လျှင် ငါကလည်း သင့်အားပြုသင့်သည်ကို ပြုမည်ဟု ပြောဆို၍ ဤဂါထာကိုဆိုလေ၏။
“ပတောဒံ မေ ကရိဿသိ၊ သောဠသင်္ဂုလိကဏ္ဍကံ။
ပုရတော ပတိဋ္ဌ ဟိတွာန၊ ဥဒ္ဓရိတွာန ပစ္ဆတော။
ဒန္တံ တေ ပါတ ယိဿာမိ၊ ဧဝံ ဇာနဟိ ကပ္ပဋ္ဌ”
ကပ္ပဋ္ဌ = ကပ္ပဋ္ဌမည် အိုကုန်သည်၊ တွံ=သင်သည်၊ သောဠသင်္ဂုလိက ဏ္ဍကံ=တစ်ဆယ့်ခြောက်လက်သစ်ရှည်၍ ဆူးရှိသော၊ ပတောဒံ=ကြိမ်လုံးနှင်တံ ကို၊ မေ=ငါ၏၊ ကာယေ=ကိုယ်၌၊ ကရိဿသိ=ရိုက်ခတ်မှုကို အကယ်၍ပြုသည်ဖြစ်အံ့၊ မေ=ငါ၏၊ ပုရတော = ရှေ့မှ၊ ပါဒေ = နှစ်ဖက်သော ခြေတို့ကို၊ ပတိဋ္ဌ ဟိတွာန = မြေ၌ထောက်တည်စေ၍၊ ပစ္ဆတော = နောက်မှ၊ ပါဒေ = ခြေတို့ကို ဥဒ္ဓရိတွာန

= အထက်သို့ဆောင်စေ၍(မြှောက်ကန်သည်ကိုပြု၍)၊ တေ = သင် ကုန်သည် ကပ္ပကနှင့်။ ဒန္တံ = သွားကို၊ ပါတယိဿာမိ = ကျိုးကျစေအံ့။

ထိုစကားကိုကြားရသော ကုန်သည်ကပ္ပကသည် ဤမြည်းသည် အဘယ်အကြောင်းကြောင့် ဤသို့ပြောဆိုလေသနည်းဟု စဉ်းစားမိ၍ ဤအရပ် ထိုအရပ်ကို(ဟိုဟို ဒီဒီ)ကြည့်ရှုလေသော် ထိုမြည်းမကိုမြင်၍ ဤမြည်းမသည် ငါ၏ မြည်းကို ဤသို့သင်ထားအပ်သည်ဖြစ်လတ္တံ့။ သင်မြည်းအတွက် ဤသို့ရုပ်ဆင်းရှိသောမြည်းမကိုဆောင်ပေးအံ့ဟု မြည်းကို မာတုဂါမဖြင့် ဖြားယောင်းသွေးဆောင်၍ယူဆောင်အံ့ဟုအကြံပြုလျက် ဤဂါထာကို ရွတ်ဆိုလေ၏။

"စတုပ္ပဒိံ သင်္ခမုခိံ၊ နာရိံ သဗ္ဗင်္ဂသောဘိနိံ။

ဘရိယံ တေအာနယိဿာမိ၊ ဧဝံ ဇာနာဟိ ဂဒြဘ"

ဂဒြဘ = အိုမြည်း၊ အဟံ=ငါသည်၊ တေ=သင့်အဖို့(သင့်အတွက်)၊ စတုပ္ပဒိံ = ခြေလေးချောင်းရှိသော၊ သင်္ခမုခိံ = ခရုသင်းပမာ လွန်စွာလှသော မျက်နှာရှိသော၊ သဗ္ဗင်္ဂသောဘိနိံ= တင့်တယ်သော ကိုယ်အင်္ဂါကြီးငယ်ရှိသော၊ နာရိံဘရိယံ = မြည်းမဇနီးကို၊ အာနယိဿာမိ = ဆောင်ပေးအံ့။

ထိုစကားကိုကြားရသောမြည်းသည် နှစ်သက်ဝမ်းသာစိတ်ရှိရကား ဤဂါထာကိုဆိုလေ၏။

"စတုပ္ပဒိံ သင်္ခမုခိံ ၊ နာရိံသဗ္ဗင်္ဂသောဘိနိံ။

ဘရိယံ မေ အာနယိဿသိ၊ ဧဝံ ဇာနာဟိကပ္ပက၊

ကပ္ပက ဘိယျော ဂမိဿာမိ၊ ယောဇနာနိ စတုဒ္ဒသ"

ကပ္ပက = အိုကုန်သည်ကပ္ပက၊ တွံ = သင်သည်၊ မေ = ကျုပ်အဖို့(ကျုပ်အတွက်) စတုပ္ပဒိံ = အခြေလေးချောင်းရှိသော၊ သင်္ခမုခိံ = ခရုသင်းပမာ လွန်စွာ လှပသောမျက်နှာရှိသော၊ သဗ္ဗင်္ဂသောဘိနိံ = တင့်တယ်သောအင်္ဂါကြီးငယ်ရှိသော၊ နာရိံဘရိယံ = မြည်းမဇနီးကို၊ အာနယိဿသိ = ဆောင်ယူပေးသည်ဖြစ်အံ့၊ ကပ္ပက = ကပ္ပကမည် အိုကုန်သည်၊ ဘိယျော = လွန်ကဲစွာ၊ စတုဒ္ဒသ ယောဇနာနိ = တစ်ဆယ့်လေးယူဇနာသို့တိုင်အောင်၊ ဂမိဿာမိ = သွားပေအံ့။ တွံ = သင်ကပ္ပကသည်၊ ဧဝံ = ဤသို့၊ ဇာနာဟိ = သိပါလော့။

ထိုသို့ပြောဆိုသောအခါ ကုန်သည်ကပ္ပကသည် သင်ပြောသည့်အတိုင်းမှန်လျှင် လိုက်ခဲ့လေတော့ဟု မြည်းကိုခေါ်၍ မိမိနေရာဌာနသို့ပြန်သွားလေ၏။ မိမိနေရာရောက်၍ နှစ်ရက်သုံးရက်လွန်သွားသောအခါ မြည်းက ကပ္ပကကို ဤသို့ပြောဆိုလေ၏။ အရှင်တို့သည် ကျွန်ုပ်ကို သင့်အဖို့ဇနီး ကိုဆောင်ယူပေးမည်ဟု ပြောခဲ့ကြသည် မဟုတ်လော။

အိုမြည်း- ငါပြောခဲ့သည်မှာ အမှန်ဖြစ်၏။ ငါသည်သင့်အား ပြောထားသော စကားကို မဖျက်အံ့(ဖျက်မည်မဟုတ်)၊ သင့်အဖို့ ဇနီးကို ဆောင်ပေးမည်။ သို့သော် စားဖွယ်ရိက္ခာကိုမူ သင်တစ်ယောက်အတွက်သာပေးမည်။ သင့်အတွက်ပေးသော စားဖွယ်ရိက္ခာသည် သင့်ဇနီးအတွက် လောက်/မလောက်ကို သင်သာသိပါလေလော့။ သင်တို့နှစ်ယောက် ပေါင်းဖော်မှုကို အစွဲပြု၍ သားသမီးတွေမွေးလိမ့်ဦးမည်။ သင်၏ သားသမီးများနှင့်အတူ သင့်အတွက်ပေးသော စားဖွယ်ရိက္ခာလောက်/မလောက်ကို သင်သာသိပါလေလော့။

မြည်းသည် ထိုစကားကို ပြောဆိုနေစဉ်မှာပင် မြည်းမအပေါ် ငဲ့ကွက်ခြင်း ပျောက်ကင်းလေတော့သည်။

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍

ရဟန်းတို့ ထိုအချိန်အခါက မြည်းမသည် ယခုအခါ ဇနပဒကလျာဏီ၊ မြည်းထီးသည် နန္ဒ၊ ကပ္ပငရှကုန်သည် သည် ငါဘုရားပင်ဖြစ်ပေသည်။ ဤသို့လျှင် ငါဘုရားသည် နန္ဒကို ရှေးကလည်း မာတုဂါမဖြင့် ဖြားယောင်း၍ ဆုံးမအပ်ခဲ့ပြီဟု ဇာတ်တော်ကို ပြီးဆုံးစေလေသတည်း။

နန္ဒထေရ် ဝတ္ထုပြီး၏။

"ဣဓ သောစတိ ပေစ္စ သောစတိ၊
ပါပကာရီ ဥဘယတ္ထ သောစတိ၊
သော သောစတိ သော ဝိဟညတိ၊
ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော"

ပါပကာရီ - မကောင်းမှုကို ပြုလေ့ရှိသူသည်၊ ဣဓ - ဤဘဝ၌၊ သောစတိ - စိုးရိမ်ပူပန်ရ၏၊ ပေစ္စ - တမလွန်ဘဝနောက်ကာလ၌၊ သောစတိ - စိုးရိမ်ပူပန် ရ၏၊ ဥဘယတ္ထ - ယခုဘဝ၊ နောက်ဘဝနှစ်ခုလုံး၌၊ သောစတိ - စိုးရိမ်ပူပန်ရ၏၊ သော - မကောင်းမှုကို ပြုလေ့ရှိသူ ထိုလူသည်၊ အတ္တနော - မိမိ၏၊ ကမ္မကိလိဋ္ဌံ - ဆိုးသွမ်းညစ်ညမ်းသော အကုသိုလ်မှု ကံအစုကို၊ ဒိသွာ - မြင်၍၊ သောစတိ - စိုးရိမ် ပူပန်ရလေ၏၊ ဝိဟညတိ - ပင်ပန်းဆင်းရဲရလေ၏။

မြတ်စွာဘုရား ဟောကြားအပ်သော ဓမ္မဒေသနာ ဂါထာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပန်စသည်တို့ ဖြစ်ကြလေကုန်၏။ လူများစွာအဖို့ အကျိုးရှိသော ဓမ္မဒေသနာ ဖြစ်ပါလေသတည်း။

**စုန္ဒသူကရိက ဝတ္ထုပြီး၏။**

## ၁၀။ ဓမ္မိက ဥပါသက ဝတ္ထု

မြတ်စွာဘုရား လက်ထက်တော်အခါ သာဝတ္ထိမြို့၌ ရတနာသုံးရပ် ဆည်းကပ်သူ၊ ဥပါသကာငါးရာတို့သည် ကောင်းမြတ်သော တရားရှိသူ ဓမ္မိကတို့မည်လေကုန်၏။

ထိုဓမ္မိက, ဥပါသကာငါးရာတို့တွင် တစ်ယောက်၊ တစ်ယောက်အား အခြံအရံ ဥပါသကာ ငါးရာစီရှိ၏။ ဓမ္မိက ဥပါသကာငါးရာတို့၏ အကြီးအကဲဖြစ်သူ ဥပါသကာအား သားခုနှစ်ယောက်၊ သမီးခုနှစ်ယောက်အားဖြင့် သားသမီးတစ်ကျိပ်လေးယောက်ရှိလေ၏။ ထိုတစ်ကျိပ်လေးယောက်တို့တွင် တစ်ယောက်တစ်ယောက်အား -

(၁) သဋ္ဌာကယာဂု = စာရေးတန်မဲချလှူအပ်သော ယာဂု၊
(၂) သဋ္ဌာကဘတ္တ = စာရေးတန်မဲချလှူအပ်သော ဆွမ်း၊
(၃) ပက္ခိက ဘတ္တ = လဆန်းပိုင်း၊ လဆုတ်ပိုင်းလှူအပ်သော ဆွမ်း၊
(၄) နိမန္တန ဘတ္တ = သီးခြားပင့်၍ လှူအပ်သော ဆွမ်း၊
(၅) ဥပေါသထိက ဘတ္တ = ဥပုသ်နေ့၌ လှူအပ်သော ဆွမ်း၊
(၆) အာဂန္တုက ဘတ္တ = ဧည့်သည်ရဟန်းအား လှူအပ်သော ဆွမ်း၊
(၇) သံဃ ဘတ္တ = သံဃာအား လှူအပ်သော ဆွမ်း၊
(၈) ဝဿာ ဝါသိက = ဝါဆိုသင်္ကန်း အလှူ

အားဖြင့် အလှူရှစ်မျိုးစီရှိလေ၏။

ထိုတစ်ကျိပ်လေးယောက်တို့သည် အနုဇာတ ပုတ္တ = မိဘနှင့်တူသော သားသမီးများဖြစ်ကြကုန်၏။

သားသမီးတစ်ကျိပ်လေးယောက်၊ ဇနီးတစ်ယောက်၊ ဓမ္မိက ဥပါသကာအားဖြင့် တစ်ကျိပ်ခြောက်ယောက်သောသူတို့၏ တစ်ဆယ့်ခြောက်မျိုးသော သဋ္ဌာကယာဂု စသည်တို့ဖြစ်ကြကုန်၏။

ဤသို့လျှင် ဓမ္မိကဥပါသကာသည် သားသမီး၊ ဇနီးနှင့်အတူ သီလရှိသူ ကောင်းသောတရားရှိသူ၊ ပေးကမ်းခြင်း၊ ခွဲခြမ်းဝေဖန်ခြင်း၌ မွေ့လျော်သူဖြစ်သည်။ နောက်ကာလ၌ ဓမ္မိက ဥပါသကာအား ရောဂါစွဲကပ်လေ၏။ အသက်ကို စီမံပေးသောက်၊ အာယုသင်္ခါရ ဆုတ်ယုတ်လာလေ၏။

သူသည် တရားနာယူလို၍ မြတ်စွာဘုရားထံ ရဟန်းရှစ်ပါးကိုသော်လည်းကောင်း၊ တစ်ကျိပ်ခြောက်ယောက်ကိုသော်လည်းကောင်း သူ့အိမ်သို့ စေလွှတ်ပေးရန် လျှောက်ထားစေ၏။

မြတ်စွာဘုရားသည် စေလွှတ်ပေးတော်မူသည်။

ရဟန်းတို့သည် ကြွတော်မူကြ၍ ဥပါသကာ၏ အိပ်ရာညောင်စောင်းကို ခြံရံ၍ ခင်းထားသောနေရာတို့၌ ထိုင်တော်မူကြကုန်၏။

အရှင်မြတ်တို့ဘုရား - တပည့်တော်အဖို့ အရှင်မြတ်တို့အား ဖူးမြင်ရခြင်းသည် ရခဲမှု ဒုလ္လဘတစ်ခု ဖြစ်ပါလိမ့်မည်။ တပည့်တော် ရောဂါကြောင့် အားနည်းနေပါသည်။ တပည့်တော်အဖို့ တရားသုတ်တော်တစ်ခု ရွတ်ဆိုပေးတော်မူကြပါဘုရား။

ဥပါသကာ ဘယ်တရားသုတ်ကို နာယူလိုပါသနည်း။

ဘုရားတိုင်း ဘုရားတိုင်း မစွန့်အပ်သော သတိပဋ္ဌာနသုတ်ကို ရွတ်ဆိုပေးတော်မူကြပါဘုရား။

ရဟန်းတော်များသည် -

ရဟန်းတို့ ဟုတ်ပါပေ၏။ လူတို့ပင်ဖြစ်စေ၊ ရှင်ရဟန်းတို့ပင်ဖြစ်စေ၊ မမေ့လျော့သူမှန်သမျှတို့သည် မွေ့လျော်ဖွယ်ကောင်းရာဌာနတိုင်း၌ ဝမ်းမြောက်နိုင်ကြတော့သည်သာ - ဟု မိန့်တော်မူပြီး ဤဆိုလတ္တံ့သော ဂါထာကို ဟောပြတော်မူသည်။

"ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ၊
ဒိသွာ ကမ္မ ဝိသုဒ္ဓိမတ္တနော"

ကတပုညော - ပြုအပ်ပေါင်းစု, ကောင်းမှုရှိသူသည်၊ ဣဓ - ယခုကြုံရ ဤဘုံဘဝ၌၊ မောဒတိ - ငါသည် မကောင်းမှုကို မပြုအပ်၊ ကောင်းမှုကိုသာ ပြုအပ်ပေသည်ဟု ကောင်းမှုကို ဝမ်းမြောက်ခြင်းဖြင့် ဝမ်းမြောက်ရလေ၏။ ။

ပေစ္စ - တမလွန်ကာလ နောက်ဘဝ၌၊ မောဒတိ - ကောင်းကျိုးကို ဝမ်းမြောက်ခြင်းဖြင့် ဝမ်းမြောက်ရလေ၏။ ဥဘယတ္ထ - ယခုဘဝ၊ နောက်ဘဝ နှစ်ဘဝလုံး၌၊ မောဒတိ - ဝမ်းမြောက်ရလေ၏။

သော - ထိုပြုအပ်ပေါင်းစု ကောင်းမှုရှိသူသည်။

အတ္တနော - မိမိ၏၊ ကမ္မဝိသုဒ္ဓိ - စင်ကြယ်သော ကောင်းမှုကံနှင့် ပြည့်စုံမှုကို၊ ဒိသွာ - သိမြင်၍၊ မောဒတိ - မသေမီ ယခုဘဝ၌ ဝမ်းမြောက်ရလေ၏။ သော - အကြောင်းပြုစု ကောင်းမှုရှိသူသည်၊ ပမောဒတိ - သေလွန်ပြီးနောက် နောက်ဘဝ၌လည်း အလွန်ဝမ်းမြောက်ရလေသတည်း။

ဂါထာအဆုံး၌ လူများစွာတို့သည် သောတာပန်စသည်ဖြစ်ကြလေကုန်၏။ လူများစွာအဖို့ အကျိုးရှိသော ဓမ္မဒေသနာဖြစ်ပါလေသတည်း။

**ဓမ္မိက ဥပါသက ဝတ္ထုပြီး၏။**

## ၁၁။ ဒေဝဒတ္တ ဝတ္ထု

မြတ်စွာဘုရားသည် မလ္လာမင်းတို့၏ အနုပိယ နိဂုံးရွာကို အမှီပြု၍ အနုပိယ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် မြတ်စွာဘုရားငယ်စဉ်ကာလ လက္ခဏာအရပ်ရပ်ကို ကြည့်မြင်ရှုဖတ်ရာနေ့၌ပင်လျှင် ဆွေမျိုးပေါင်းရှစ်သောင်းတို့သည် -

("ဤမင်းသားသည် မင်းသော်လည်းဖြစ်စေ၊ ဘုရားသော်လည်းဖြစ်စေ၊ မင်းပရိသတ်ခြံရံ၍ သွားလာနေထိုင်ရမည်")ဟု ရှစ်သောင်းအရေအတွက်ရှိသော သားတို့ကို အခြံအရံအဖြစ်ဝန်ခံအပ် တာဝန်ယူအပ်ကုန်၏။

ထိုရှစ်သောင်းသော သားတို့သည် များသောအားဖြင့် ရဟန်းပြုကြလေသော် -

(၁) ဘဒ္ဒိယမင်းသား၊
(၂) အနုရုဒ္ဓါမင်းသား၊
(၃) အာနန္ဒာမင်းသား၊
(၄) ဘဂုမင်းသား၊
(၅) ကိမိဠမင်းသား၊
(၆) ဒေဝဒတ်မင်းသား၊

ဤသာကီဝင်မင်းသားခြောက်ယောက် ရဟန်းမပြုဘဲ နေကြသည်ကို မြင်တွေ့ကြ၍ -

ငါတို့သည် ငါတို့၏သားတို့ကို ရဟန်းပြုစေကြသည်။ ဤသာကီဝင် မင်းသားခြောက်ယောက်တို့သည် မြတ်စွာဘုရား၏ ဆွေမျိုးမဟုတ်ကြဟုထင်သည်။ အဘယ်ကြောင့် ရဟန်းမပြုကြသနည်း - ဟူသော စကားကို ပြောဆိုကြလေ၏။

ထိုအခါ မဟာနာမ် သာကီဝင်မင်းသည် ညီဖြစ်သူ အနုရုဒ္ဓါမင်းသားထံသွား၍ -

"ညီတော် ငါတို့အမျိုးမှ ရဟန်းပြုသူမရှိသေး၊ ညီတော်သော်လည်း ရဟန်းပြုပါ၊ နောင်တော်သော်လည်း ရဟန်းပြုမည်"ဟု ပြောဆိုလေ၏။

(မင်းလျှင်လည်း ရဟန်းပြု၊ ငါလျှင်လည်း ရဟန်းပြုမည်ဟု ဆိုလိုသည်)

အနုရုဒ္ဓါမင်းသားသည်ကား နူးညံ့သိမ်မွေ့သူ၊ ဥစ္စာစည်းစိမ်နှင့် ပြည့်စုံသူဖြစ်၏။

မရှိဟူသောစကားကိုလည်း ကြားဖူးသူမဟုတ်။

ထိုအကြောင်းကို ချဲ့ဆိုဦးမည်။

တစ်နေ့သ၌ ထိုသာကီဝင်မင်းသားခြောက်ယောက်တို့ ဂုံညင်းထိုး ကစားနေကြစဉ် အနုရုဒ္ဓါမင်းသားသည် လောင်းကြေးမုန့်ရှုံးသည်ဖြစ်၍ သူ၏ မယ်တော်ထံ မုန့်ယူရန် အလုပ်အကျွေးလူတစ်ယောက်ကို စေလွှတ်လိုက်သည်။ သူ၏ မယ်တော်သည် မုန့်တို့ကို စီရင်၍ ပို့လိုက်သည်။ မင်းသားတို့သည် မုန့်တို့ကို စားပြီးတဖန်ကစားကြပြန်သည်။

ကစားရာ၌ အနုရုဒ္ဓါမင်းသားသာ အကြိမ်ကြိမ်ရှုံးသူဖြစ်သည်။ သူ၏ မယ်တော်သည် သုံးကြိမ်တိုင်အောင် မုန့်တို့ကို ပို့လိုက်ပြီး လေးကြိမ်မြောက် မုန့်အတောင်းလွှတ်လိုက်သောအခါ မုန့်မရှိတော့ဟုပြော၍ တောင်းလာသူကို ပြန်လွှတ်လိုက်သည်။ အနုရုဒ္ဓါမင်းသားသည် မရှိဟူသောစကားကို ကြားဖူးသူ မဟုတ်ရကား မရှိဟူသည် မုန့်တစ်မျိုးဖြစ်လိမ့်မည်ဟု အောက်မေ့မှတ်ထင်ပြီး ကျုပ်အတွက် မရှိမုန့်ကို ပေးလိုက်ပါဟု

အတောင်းခိုင်းလိုက်လေ၏။ မုန့်တောင်းသွားသူသည် အနုရုဒ္ဓါ၏မယ်တော်ကို သခင်မ, မရှိမုန့်ကို ပေးလိုက်ပါတဲ့ဟု ပြောဆိုအပ်လေသော် -

ငါ့သားတော်သည် မရှိဟူသော စကားကို မကြားဖူးရှာ၊ ဤနည်းလမ်းဥပါယ်ဖြင့် သားအနုရုဒ္ဓါကို မရှိစကား၏ အနက်ကို သိစေမည်ဟု ကြံစည်ပြီးဘာမျှမပါ ဗလာသက်သက် ရွှေခွက်တစ်လုံးကို တခြားရွှေခွက်တစ်လုံးဖြင့် မှောက်လျက်ဖုံးပြီး အပို့ခိုင်းလိုက်လေ၏။

မြို့စောင့်နတ်တို့သည် ဤသို့ကြံစည်ကြကုန်၏။

သာကီဝင်မင်းသား အနုရုဒ္ဓါသည် အန္နဘာရလုလင်ဖြစ်ခဲ့စဉ်က မိမိအဖို့ အစုဖြစ်သော ထမင်းကို ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား ပေးလှူပြီး တပည့်တော်အား မရှိဟူသော စကားကိုကြားရခြင်း မဖြစ်ရပါလို၊ ထမင်းဖြစ်ရာဌာနကို သိရှိခြင်း မဖြစ်ရပါလို၊ ဟုဆုတောင်းခဲ့သည်။ ဤအနုရုဒ္ဓါမင်းသားသည် ဘာမှမပါ ဗလာသက်သက်ရွှေခွက်ကို အကယ်၍ မြင်သွားလျှင် နတ်သဘင်အစည်းအဝေးသို့ ငါတို့ဝင်ခွင့်ရကြတော့မည် မဟုတ်၊ ငါတို့၏ ဦးခေါင်းသော်လည်း ခုနစ်စိတ်ကွဲလေရာ၏။

ထိုသို့ကြံစည်ပြီးနောက် ဘာမျှမပါ ဗလာသက်သက်ဖြစ်သော ရွှေခွက်ကို မုန့်အပြည့်ဖြစ်အောင် ပြုပေးလိုက်ကြလေကုန်၏။

မုန့်အပြည့်ပါလာသော ထိုရွှေခွက်ကို ဂုံညင်းကစားကွင်းအတွင်း၌ ထား၍ ဖွင့်ကာမျှဖြစ်လတ်သော် မုန့်အနံ့သည် တစ်မြို့လုံးဖုံးလွှမ်း၍ တည်လေ၏။ မုန့်ပိုင်းကို ခံတွင်း၌ ထည့်ထားကာမျှမှာပင် မုန့်အရသာသည် အရသာကိုဆောင်သော အကြောခုနှစ်ထောင်တို့သို့ ပျံ့နှံ့လေ၏။

အနုရုဒ္ဓါသည် ဤသို့ကြံစည်စိတ်ကူးမိလေ၏။

ငါ၏မယ်တော်သည် ငါ့ကိုချစ်သူမဟုတ်၊ ဤအချိန်တိုင်အောင် ငါ့အဖို့ ဤမရှိမုန့်ကို မကြော်ခဲ့၊ ဤအချိန်မှစ၍ တစ်ခြားမုန့်ကို မစားတော့အံ့။

အနုရုဒ္ဓါသည် ထိုသို့ စိတ်ကူးကြံစည်ပြီး အိမ်သို့သွား၍ ရောက်လေလျှင် -

"မယ်တော်ဘုရား၊ မယ်တော်တို့ သားတော်ကို ချစ်ပါသလား၊ မချစ်ဘူးလား"ဟုမယ်တော်ကို မေးလေ၏။

"ချစ်သား၊ မျက်စိတစ်လုံးရှိသောသူသည် ရှိသောမျက်စိတစ်လုံးကို ချစ်မြတ်နိုးသကဲ့သို့ လူသားတိုင်းသည် မိမိနှလုံးသားကို ချစ်မြတ်နိုးရသကဲ့သို့ မယ်တော်သည် သားတော်ကို အလွန်ချစ်အပ်ပေသည်"ဟု မယ်တော်ကပြောလေ၏။

မယ်တော်ဘုရား သားတော်ကိုချစ်လျှင် အဘယ်ကြောင့် ဤအချိန်တိုင် အောင် သားတော်အဖို့ မရှိမုန့်ကို မကြော်ခဲ့ပါသနည်း ဟုမေးပြန်လေ၏။

မယ်တော်သည် အလုပ်အကျွေးယေ်ဖြစ်သူကို "အမောင်ငါပေးလိုက်သော ရွှေခွက်၌ စားဖွယ်မုန့် တစ်စုံတစ်ခုပါရှိလေသလား"ဟုမေးလေ၏။

သခင်မကြီးဘုရား၊ သခင်မကြီးပေးလိုက်သော ရွှေခွက်သည် မုန့်အပြည့်ဖြစ်နေပါသည်။ သခင်မကြီးသားတော်က ဒီလိုမုန့်မျိုးငါမမြင်ဖူးဘူးဟုပင် ပြောဆိုကြောင်း တင်လျှောက်လေ၏။

မယ်တော်သည် ဤသို့ စိတ်ကူးမိလေ၏။

ငါ၏ သားတော်သည် ဘုန်းကံရှိသူ၊ ဆုတောင်းပြုခဲ့သူဖြစ်လိမ့်မည်၊ နတ်တို့က ရွှေခွက်ကို ပြည့်စေ၍ မုန့်တို့ကိုပေးသည်ဖြစ်လိမ့်မည်။

ထိုအချိန်မှ နောက်ကာလ၌ အနုရုဒ္ဓါမင်းသားသည် မယ်တော်ကို "မယ်တော်ဘုရား၊ ဤနေ့မှစ၍ သားတော်သည် မရှိမုန့်မှ တခြားမုန့်ကို မစားတော့ပါ၊ မရှိမုန့်ကိုသာ ကျော်ပေးပါဟု ပြောဆိုလေ၏။ မယ်တော်သည်လည်း ထိုနေ့မှစ၍ မုန့်စားလိုပါသည်ဟု တောင်းဆိုသောအခါ ဘာမျှမပါ ဗလာသက်သက်ရွှေခွက်ကိုသာ အခြားရွှေခွက်တစ်ခုဖြင့် မှောက်လျက်ဖုံးပြီး ပို့စေတော့သည်။ လှူဝတ်ကြောင်အဖြစ်ဖြင့် နေသမျှကာလပတ်လုံး အနုရုဒ္ဓါမင်းသားထံ နတ်တို့ကသာ မုန့်တို့ကို ပို့ကြလေကုန်၏။

ဤမျှလောက်ကိုသော်လည်း မသိသော အနုရုဒ္ဓါမင်းသားသည် ရဟန်းအဖြစ်ဆိုသည်ကို အဘယ်မှာ သိလိမ့်မည်နည်း။

ထို့ကြောင့် နောင်တော်ပြောသည့် ထိုရဟန်းအဖြစ်မည်သည်ကားဘယ်လိုပါနည်းဟု နောင်တော် မဟာနာမ်မင်းကိုမေးသဖြင့် ဆံပင်၊ မုတ်ဆိတ်တို့ကို ရိတ်ပယ်၍ ဖန်ရေဆိုးသောအဝတ်ကို ဝတ်လျက် သစ်သားအခင်း၌သော်လည်းကောင်း၊ ဝါးခြမ်းခင်းညောင်စောင်း၌သော်လည်းကောင်း၊ အိပ်၍ ဆွမ်းခံ လှည့်လည်စား၍နေရမည်၊ ဤသည်လျှင် ရဟန်းမည်တော့သည်ဟုပြောဆိုလေသော် -

နောင်တော် မဟာနာမ် ကျွန်တော်က နူးညံ့သိမ်မွေ့သူပါ၊ ကျွန်တော် ရဟန်းပြုရန် စွမ်းနိုင်မည် မဟုတ်ပါ။

ညီတော် ရဟန်းမပြုနိုင်လျှင် အလုပ်အကိုင်သင်ယူပြီး အိမ်ရာတည်ထောင်နေလေတော့၊ ငါတို့ထဲက တစ်ယောက်မျှ ရဟန်းမပြုဘဲနေဖို့မကောင်း။

နောင်တော်ပြောဆိုအပ်သော အလုပ်အကိုင်ဆိုသည်မှာ အဘယ်ပါနည်းဟု မေးလေ၏။

ထမင်းဖြစ်ရာနေရာကိုသော်လည်း မသိသော အမျိုးကောင်းသားသည် အလုပ်အကိုင်ဆိုသည်ကို အဘယ်မှာ သိလိမ့်မည်နည်း။ ထိုစကားကို ချဲ့ဆိုဦးအံ့။

တစ်နေ့သ၌ ကိမိဋ္ဌ၊ ဘဒ္ဒိယ၊ အနုရုဒ္ဓါ မင်းသားသုံးယောက်တို့ စကားပြောဆိုကြသည်။ အဘယ်သို့ ပြောဆိုကြသနည်းဟူမူ "ထမင်းမည်သည်အဘယ်အရပ်၌ ထွက်ပေါ်သနည်း"ဟူ၏။

ကိမိဋ္ဌမင်းသားက "ထမင်းမည်သည် စပါးကျီ၌ ထွက်ပေါ်သည်"ဟု ပြောဆိုသည်။

ထိုအခါ ကိမိဋ္ဌမင်းသားကို ဘဒ္ဒိယမင်းသားက "သင်သည် ထမင်းဖြစ်ရာ ဌာနကို မသိ၊ ထမင်း မည်သည် ထမင်းအိုး၌ ထွက်ပေါ်သည်"ဟု ပြောလေ၏။ အနုရုဒ္ဓါမင်းသားက သင်တို့နှစ်ယောက်စလုံး ထမင်းထွက်ရာဌာနကို မသိကြ။ "ထမင်းမည်သည် ရတနာ အဖုံးအငုံတပ်ဆင်ထားသော ရွှေခွက်၌ ထွက်ပေါ်သည်"ဟု ပြောဆိုလေ၏။

စဉ်ဆက်စကားကြားရသည်ကား - ထိုမင်းသားသုံးယောက်တို့တွင် ကိမိဋ္ဌမင်းသားသည် တစ်နေ့သ၌ စပါးကျီမှ ကောက်စပါးတို့ကို သယ်ယူသည်ကို မြင်ရ၍ ကောက်စပါးတို့သည် စပါးကျီ၌ဖြစ်ကုန်၏ မှတ်ယူထားသည်။

ဘဒ္ဒိယမင်းသားသည် တစ်နေ့သ၌ ထမင်းအိုးမှ ထမင်းခူးသည်ကိုမြင်၍ ထမင်းသည် ထမင်းအိုး ၌သာ ဖြစ်၏ဟုမှတ်ယူထားသည်။

အနုရုဒ္ဓါမင်းသားမှာမူကား - စပါးထောင်းသည်ကိုလည်း မမြင်စဖူး၊ ထမင်းချက်သည်ကိုလည်း မမြင်စဖူး၊ ထမင်းခူးသည်ကိုလည်း မမြင်စဖူး၊ ထမင်းခူးပြီးရွှေ၌ ချထားသည်ကိုသာမြင်ဖူးသည်။

သူသည် ထမင်းစားလိုသောအခါ ထမင်းသည် ရွှေခွက်၌ ထွက်ပေါ်သည်ဟု မှတ်ယူထားသည်။

ဤသို့လျှင် မင်းသားသုံးယောက်လုံး ထမင်းထွက်ပေါ်ရာဌာနကို မသိကြကုန်။

ထိုသို့မသိသောကြောင့် အနုရုဒ္ဓါမင်းသားသည် ထိုအလုပ်အကိုင်ဟူသည် အဘယ်ပါနည်းဟု မေး၍ ရှေးဦးစွာ လယ်ကိုထွန်စေရမည်။ အစရှိသော နှစ်စဉ်နှစ်တိုင်း ပြုရမည့်လုပ်ငန်းကို ကြားရလေသော် လုပ်ငန်း၏ အပြီးအဆုံးသည် အဘယ်အခါ၌ ထင်ပေါ်မည်နည်း။ အဘယ်အခါ၌ ငါတို့သည် ကြောင့်ကြမဲ့ စည်းစိမ် ဥစ္စာတို့ကို စားသုံးရမည်နည်းဟု မေးမြန်းသဖြင့် အလုပ်အကိုင်၏ အဆုံးအပိုင်းအခြားမရှိသည်ကို ပြောပြလေသော် -

ထိုသို့ဖြစ်လျှင် နောင်တော်မဟာနာမ်သည်သာ အိမ်ရာတည်ထောင်နေရစ်ပါ။ အိမ်ရာ တည်ထောင်ခြင်းဖြင့် ကျွန်တော့်မှာ အကျိုးမရှိပါဟုပြောဆိုပြီး မယ်တော်ထံသို့သွား၍ -

"မယ်တော်ဘုရား၊ သားတော်ကို ခွင့်ပြုပါ၊ ရဟန်းပြုပါတော့မည်"ဟု ပြောလေသော်၊ မယ်တော်က (အကြောင်းအမျိုးမျိုးတို့ဖြင့် သုံးကြိမ်တိုင်အောင် ငြင်းပယ်လေပြီး)သားတော်၏မိတ်ဆွေ ဘဒ္ဒိယမင်း ရဟန်းပြုခဲ့လျှင် ဘဒ္ဒိယမင်းနှင့်အတူ ရဟန်းပြုလေတော့ဟု ပြောဆိုအပ်လေသော်၊ ဘဒ္ဒိယမင်းထံသွား ရောက်၍ "မိတ်ဆွေ ငါရဟန်းဖြစ်ဖို့ သင်နှင့်ဆက်စပ်နေပါသည်"ဟု ပြောဆို၍ ဘဒ္ဒိယမင်းကို အမျိုးမျိုးသော အကြောင်းတို့ဖြင့် သိစေသောကြောင့် ခုနစ်ရက်မြောက်သောနေ့၌ မိမိနှင့်အတူ ရဟန်းပြုရန် ပဋိညာဉ်ကို ရလေ၏။

ထိုအချိန်မှ နောက်ကာလ၌ ဘဒ္ဒိယ သာကီဝင်မင်း၊ အနုရုဒ္ဓါမင်းသား၊ အာနန္ဒာမင်းသား၊ ဘဂုမင်းသား၊ ကိမိဋ္ဌမင်းသား၊ ဒေဝဒတ်မင်းသားနှင့် ဥပါလိ ဆတ္တာသည်လျှင် ခုနစ်ယောက်မြောက်ရှိသော သာကီဝင်မင်းခြောက်ယောက်တို့သည် နတ်တို့သည် နတ်တို့စည်းစိမ်ကို ခံစားကြသကဲ့သို့ ခုနစ်ရက်ပတ်လုံး စည်းစိမ်ကို ခံစားကြပြီးသော် ဥယျာဉ်သို့သွားကြသကဲ့သို့ အင်္ဂါလေးပါးရှိသော စစ်သည်ဖြင့် မိမိတို့နေရာမြို့မှ ထွက်ခွာခဲ့ကြ၍ သူတစ်ပါးပိုင်ဆိုင်ရာပြည်နယ်အတွင်းသို့ ရောက်ကြလေလျှင် မင်းအာဏာဖြင့် စစ်သည် အပေါင်းကိုပြန်စေပြီး သူတစ်ပါးတို့ပိုင်ဆိုင်ရာ မြို့နယ်အတွင်းသို့ ဝင်ရောက်ကြကုန်၏။ သူတစ်ပါးတို့၏ ပြည်နယ်အတွင်း၌ မင်းသားခြောက်ယောက်တို့သည် မိမိ, မိမိ၏ဝတ်ဆင် တန်ဆာတို့ကို ချွတ်၍ ဘဏ္ဍာထုပ် ထုပ်ပြီး -

"အချင်း ဥပါလိ၊ ယခုသင်ပြန်ပေတော့၊ ဤမျှလောက်သော ငါတို့ပစ္စည်းသည် သင့်အဖို့ အသက် မွေးလောက်ပြီ"ဟု ဥပါလိ ဆတ္တာသည်အားပေးကြကုန်၏။ ဥပါလိဆတ္တာသည်, သည်•မင်းသားခြောက် ယောက်တို့၏ ခြေရင်း၌ လူးလိမ့်ငိုယိုပြီး မင်းသားတို့၏ အမိန့်အာဏာကို မလွန်ဆန်နိုင်ရကား လူးလိမ့်ရာ မှထ၍ ဥစ္စာထုပ်ကို ယူကာပြန်လာလေ၏။

မင်းသားခြောက်ယောက်နှင့် ဥပါလိဆတ္တာသည်တို့ ခွဲခွာသွားချိန်၌ တောအုပ်တစ်ခုလုံး ငိုမြည်တမ်းတ သကဲ့သို့ မဟာပထဝီမြေကြီး တုန်လှုပ်သကဲ့သို့ ဖြစ်လေ၏။

ဥပါလိဆတ္တာသည်, သည် ခရီးအနည်းငယ်ရောက်အောင်ပြန်လာပြီး

သာကီဝင်မင်းတို့သည် ကြမ်းကြုတ်ခက်ထန်ကုန်၏။ ဤဥပါလိသည် မင်းသားခြောက်ယောက်တို့ကို ဇိဝိတ်ခြွေမှ ကျစေအပ်ကုန်၏။ (သတ်အပ်ကုန်၏)ဟု ထင်မြင်ယူဆကြပြီး ငါ့ကိုသတ်မှုလည်း သတ်ကုန်ရာ၏။ ဤသာကီဝင်မင်းသားတို့ပင် ဤသို့သဘောရှိသော မင်းစည်းစိမ်ကို ပယ်စွန့်၍ အဖိုးထိုက်တန်ကုန်သော ဤဝတ်ဆင်တန်ဆာတို့ကို တံတွေးပေါက်ကဲ့သို့ စွန့်ပစ်၍ ရဟန်းပြုနိုင်ကြကုန်သေး၏။ ငါသည်ကား အဘယ်မှာ မပြုနိုင်ဘဲရှိရမည်နည်း - ဟုအကြံဖြစ်လျက် ဘဏ္ဍာထုပ်ကိုဖြည်၍ ဝတ်ဆင်တန်ဆာတို့ကို သစ်ပင်၌ချိတ်ပြီး အလိုရှိသူများယူကြစေဟုပြောဆို၍ မင်းသားတို့၏အထံသို့ ပြန်လည်သွားရောက်လေသော် မင်းသားတို့က

အဘယ်ကြောင့် ပြန်လာသနည်းဟု မေးလေလျှင် အကြောင်းစုံကိုပြောဆိုလေ၏။

ထိုအခါ မင်းသားတို့သည် ဥပါလိကိုပါခေါ်၍ မြတ်စွာဘုရားထံ သွားရောက်ကြပြီး -

မြတ်စွာဘုရား တပည့်တော်တို့ သာကီဝင်မင်းတို့မည်သည်မှာ တက်ကြွသော မာန၌တည်နေကြပါသည်။ ဤဥပါလိသည် နေ့ညရှည်ကြာ တပည့်တော်တို့၏ အလုပ်ကျွေးဖြစ်ပါသည်။ ဤဥပါလိကို ရှေးဦးစွာ ရဟန်းပြုတော်မူကြပါ။ တပည့်တော်တို့သည် ဥပါလိအား ရှိခိုးခြင်းစသည်တို့ကို ပြုကြရပါမည်။ ဤသို့ပြုကြရသော တပည့်တော်တို့၏ မာနသည် ကင်းပျောက်ပါလိမ့်မည်ဟု လျှောက်ထား၍ ဥပါလိကို ရှေးဦးစွာရဟန်းပြုစေပြီး နောက်မှ မင်းသားခြောက်ယောက်တို့ ရဟန်းပြုကြကုန်၏။

ထိုရဟန်းတို့တွင် အရှင်ဘဒ္ဒိယသည် ထိုနှစ်ဝါတွင်း၌ တေဝိဇ္ဇာရဟန္တာဖြစ်လေ၏။ အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုရပြီးနောက်၌ မဟာဝိတက္ကသုတ်တရားကို ကြားနာရ၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ အရှင်အာနန္ဒာသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဘဂုထေရ်၊ ကိမိဋ္ဌထေရ်တို့သည် နောက်အဖို့ ဖြစ်သောအချိန်၌ ဝိပဿနာကို ပွားများ၍ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

ဒေဝဒတ်သည် ပုထုဇဉ်၌ဖြစ်သော တန်ခိုးသို့ရောက်လေ၏။ (ပုထုဇဉ်အဖြစ်ဖြင့် တန်ခိုးရသူဖြစ်လေ၏။)

ထိုအချိန်မှ နောက်ကာလ၌ မြတ်စွာဘုရား ကောသမ္ဗီမြို့၌ သီတင်းသုံးနေတော်မူစဉ် တပည့်သံဃာနှင့်အတူ မြတ်စွာဘုရား၏ ကြီးကျယ်များပြားလှစွာသော လာဘ်ရမှု၊ ပူဇော်မှုဖြစ်လေ၏။

လူတို့သည် အဝတ်သင်္ကန်း၊ ဆေးပစ္စည်းအစရှိသည်တို့ကို ကိုင်ဆောင်၍ ကျောင်းဝင်းအတွင်းသို့ ဝင်ကြပြီး မြတ်စွာဘုရားဘယ်မှာသီတင်းသုံးနေပါသနည်း။ အရှင်သာရိပုတ္တာထေရ် ဘယ်မှာသတင်းသုံးနေပါသနည်း။ အရှင်မောဂ္ဂလာန်ထေရ် ဘယ်မှာသီတင်းသုံးနေပါသနည်း။ အရှင်မဟာကဿပထေရ် ဘယ်မှာပါနည်း။ ဘဒ္ဒိယထေရ် ဘယ်မှာပါနည်း။ အနုရုဒ္ဓါထေရ် ဘယ်မှာပါနည်း။ အာနန္ဒထေရ် ဘယ်မှာပါနည်း။ ဘဂုထေရ် ဘယ်မှာပါနည်း။ ကိမိဋ္ဌထေရ် ဘယ်မှာပါနည်း။ စသည်ဖြင့် မဟာသာဝကရှစ်ကျိပ်တို့၏ သီတင်းသုံးရာဌာနကို လှည့်လည်ကြည့်ရှုကြကုန်၏။

ဒေဝဒတ်ထေရ်ဘယ်မှာ နေထိုင်ပါသနည်း။ ဘယ်အရပ်မှာ နေပါသနည်းဟု မေးသူမည်သည် မရှိပါလေ။

ဒေဝဒတ်သည် ဤသို့ အကြံအစည်ဖြစ်လေ၏။

ငါလည်း ဘဒ္ဒိယ စသူတို့နှင့်အတူပင် ရဟန်းပြုခဲ့သည်။ ဘဒ္ဒိယစသူတို့လည်း မင်းမျိုးမှ ရဟန်းပြုခဲ့ကြသည်။ ငါလည်း မင်းမျိုးမှ ရဟန်းပြုသူပင်ဖြစ်သည်။ လူတို့သည်လှူဒါန်း ပူဇော်ဖွယ်ပစ္စည်းတို့ကို ကိုင်ဆောင်ကြလျက် သူတို့ကိုသာ လှည့်ပတ်ရှာဖွေကြသည်။ ငါ့အမည်ကို ခေါ်ဆိုသူပင် မရှိပါလား။

မည်သူနှင့် တစ်လုံးတစ်စည်းတည်း(တစ်ကျိတ်တည်း)ဖြစ်ပြီး မည်သူ့ကို ကြည်ညိုစေရလျှင် ငါ့အဖို့ လှူဒါန်းပူဇော်မှု ဖြစ်ပေါ်လာမည်နည်း။

ထို့အပြင် အရှင်ဒေဝဒတ်၏ အကြံအစည်သည် ဤသို့ဖြစ်ပြန်၏။

ဤဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရားကို ရှေးဦးစွာဖူးမြော်ရခြင်းဖြင့်ပင် တစ်သိန်းတစ်သောင်းသော လူတို့နှင့်အတူ သောတာပတ္တိဖိုလ်၌ တည်ခဲ့သူဖြစ်သည်။သူနှင့်တစ်ပေါင်းတစ်စည်းတည်း(တစ်ကျိတ်တည်း) ဖြစ်အောင် မတတ်နိုင်၊ ကောသလမင်းနှင့်လည်း တစ်ကျိတ်တည်းဖြစ်အောင် မတတ်နိုင်။

ဗိမ္ဗိသာရမင်း၏သား အဇာတသတ်မင်းသားသည်ကား မည်သူတစ်ဦးတစ်ယောက်၏ ဂုဏ်ကျေးဇူးနှင့် အပြစ်တို့ကို သိနားလည်သူမဟုတ်သေး၊ သူနှင့်အတူ တစ်ပေါင်းတစ်စည်းတည်းဖြစ်အောင်ပြုတော့မည်။

အရှင်ဒေဝဒတ်သည် ကောသမ္ဗီမြို့မှ ရာဇဂြိုဟ်မြို့သို့သွား၍ သတို့သားအသွင်ကိုဖန်ဆင်းပြီး လက်နှစ်ဖက်၊ ခြေနှစ်ဖက်တို့၌ အဆိပ်ပြင်းသည့် မြွေလေးကောင်၊ လည်ပင်း၌ မြွေတစ်ကောင်ကိုပတ်လျက် ပန်ဆင်၊ မြွေတစ်ကောင်ကို ဦးခေါင်း၌ ပန်းကုံးအသွင်ပြုထား၊ မြွေတစ်ကောင်ကို လက်ဝဲပုခုံးအထက်၌ တင်ပြီး ဤမြွေခါးပတ်ဖြင့် ကောင်းကင်မှသက်ဆင်း၍ အဇာတသတ်မင်းသား၏ ရင်ခွင်ကြား၌ ထိုင်လိုက်လေလျှင် အဇာတသတ်မင်းသားက ကြောက်လန့်ပြီး သင်မည်သူနည်းဟု ပြောဆိုသော် ငါဒေဝဒတ်ဟု ပြောပြီး မင်းသားအကြောက်ပြေစေရန် ဖန်ဆင်းထားသောကိုယ်ကို ပြန်ရုပ်ပြီး ဒုကုဋ္ဌသင်္ကန်း၊ သပိတ်သင်္ကန်းကို ဝတ်ရုံကိုင်ဆောင်လျက် မင်းသား၏ ရှေ့မှရပ်၍ မင်းသားကို ကြည်ညိုစေပြီး လာဘသက္ကာရ လျှုဒါန်း ပူဇော်မှုကို ဖြစ်စေသည်။

အရှင်ဒေဝဒတ်သည် လာဘသက္ကာရသည် လွှမ်းမိုးနှိပ်စက်ခံရသူဖြစ်၍ ငါသည် ရဟန်းသံဃာကို စိုးအုပ်ဆောင်ရွက်မည်ဟူသော ယုတ်မာသောစိတ်ထားကိုဖြစ်စေလေသော် ယင်းစိတ်ဖြစ်သည်နှင့်အတူ တန်ခိုးမှ ယုတ်လျော့ဆုံးရှုံးပြီး ဝေဠုဝန်ကျောင်းတော်၌ ပြည့်ရှင်မင်းနှင့်အတူဖြစ်သော ပရိသတ်အား တရားဟော နေတော်မူသော မြတ်စွာဘုရားကို ရှိခိုး၍ နေရာမှထကာ လက်အုပ်ချီပြီး -

မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် ယခုအချိန်မှာ အိုမင်းပါပြီ၊ အရွယ်ကြီးရင့်ပါပြီ၊ အသက်ကြီးပါပြီ၊ ကြောင့်ကြမဲ့ဖြစ်တော်မူကာ မျက်မှောက်ဘဝ၌ ချမ်းသာခြင်းဖြင့်နေခြင်းကို အားထုတ်တော်မူပါ။ တပည့်တော်သည် ရဟန်းသံဃာကိုစိုးအုပ်ဆောင်ရွက်ပါမည်။ တပည့်တော်အား ရဟန်းသံဃာကို အပ်နှင်းတော်မူပါဟု လျှောက်ထားလေသော် မြတ်စွာဘုရားက တံတွေးကိုမျိုသောသူဟု ပြောဆိုခြင်းဖြင့် မောင်းမဲပြစ်တင်၍ တားမြစ်အပ်ရကား နှလုံးမသာမယာဖြင့် မြတ်စွာဘုရား၌ ရှေးဦးစွာသော ဤရန်ငြိုးကို ဖွဲ့၍ထွက်ခွာသွားလေ၏။

ထိုအခါမြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၌ အရှင်ဒေဝဒတ်အား ပကာသနီယကံ (ထင်စွာပြအပ်သောအမှု)ကို ပြုစေတော်မူသည်။

အရှင်ဒေဝဒတ်သည် ယခုငါ့ကို ရဟန်းဂေါတမပယ်စွန့်အပ်ပြီ။ ငါသည် ယခုသူ၏ အကျိုးမဲ့ကို ပြုတော့မည်ဟုကြံ၍ အဇာတသတ်ထံ ချဉ်းကပ်ပြီး -

မင်းသား ရှေးအခါက လူတွေအသက်ရှည်ကြသည်။ ယခုလူတွေ အသက်တိုကြသည်။ အသင်မင်းသားသည် မင်းသားအဖြစ်နှင့်ပင် ကွယ်လွန်နိုင်သော အကြောင်းရှိသည်။ ထို့ကြောင့်မင်းသား သင်သည် သင့်ခမည်းတော်ကိုသတ်၍ မင်းဖြစ်ပါလေ။ ငါသည် မြတ်စွာဘုရားကိုသတ်၍ ဘုရားဖြစ်စေမည်ဟု ပြောဆိုပြီး အဇာတသတ်မင်းသား မင်းအဖြစ်၌တည်နေစဉ် မြတ်စွာဘုရားကိုသတ်ရန် ယောကျ်ားတို့ကို စေလွှတ်၍ ထိုယောကျ်ားတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကုန်ပြီး ပြန်လာကြလေသော် အရှင်ဒေဝဒတ်ကိုယ်တိုင် ဂိဇ္ဈကုဋ်တောင်ပေါ်သို့တက်၍ ငါကိုယ်တိုင် ရဟန်းဂေါတမကို သေစေတော့အံ့ဟူသော အကြံဖြင့် ကျောက်တုံးကို လိမ့်ချပြီး ခြေတော်၌ သွေးချေဥစေသော ကံကိုပြု၍ ဤနည်းဖြင့်လည်း သေအောင်မတတ်နိုင်ရကား နောက်ထပ် နာဠာဂီရိဆင်ကို လွှတ်စေသည်။

နာဠာဂီရိဆင် မြတ်စွာဘုရားထံ ပြေးလာစဉ် အာနန္ဒာထေရ်သည် သူ့အသက်ကို မြတ်စွာဘုရားအား စွန့်လှူ၍ မြတ်စွာဘုရား၏ရှေ့၌ ရပ်တည်နေလေ၏။

မြတ်စွာဘုရားသည် နာဠာဂီရိဆင်ကို ဆုံးမတော်မူပြီး ရာဇဂြိုဟ်မြို့တွင်းမှ ထွက်တော်မူကာ ကျောင်းတော်သို့ ကြွတော်မူ၍ အထောင်မကသော ဥပါသကာတို့သည် ရှေးရှုဆောင်အပ်လျှဒါန်းအပ်သော များမြတ်သော အလှူဒါနဆွမ်းကို ဘုန်းပေးတော်မူ၍ ထိုနေ့၌ စုဝေးမိကြကုန်သော တစ်ဆယ့်ရှစ်ကုဋေ အရေအတွက်ရှိကုန်သော ရာဇဂြိုဟ်မြို့သူ/မြို့သားတို့အား အစဉ်အတိုင်း ဟောပြအပ်သော တရားစကားကို ဟောကြားတော်မူ၍ ရှစ်သောင်းလေးထောင်သောသူတို့၏ ဓမ္မာဘိသမယ သစ္စာလေးပါးတရား ထိုးထွင်းသိမြင်မှု ဖြစ်လတ်သော် -

အရှင်အာနန္ဒာသည် အံ့ဩလောက်ပါပေ၏။ ကျေးဇူးကြီးမားလှပါပေ၏။ ရိုင်းစိုင်းကြမ်းကြုတ်ခက်ထန်လှသော နာဠာဂီရိဆင် မြတ်စွာဘုရားထံ ပြေးလာစဉ် မိမိအသက်ကိုစွန့်၍ မြတ်စွာဘုရား၏ ရှေ့၌သာ ရပ်တော်မူပေသည်ဟု အရှင်အာနန္ဒာထေရ်၏ ဂုဏ်ပြုစကားကို မြတ်စွာဘုရားကြားတော်မူ၍ -

ရဟန်းတို့ ယခုကာလ၊ ယခုဘဝ၌သာ အာနန္ဒာသည် ငါဘုရားအတွက် အသက်ကို စွန့်သူမဟုတ်၊ ပါရမီဖြည့်ရာကာလ ရှေးဘဝ၌လည်း ငါဘုရားအတွက် အသက်ကို စွန့်ခဲ့ဘူးသည်သာဟု ဟောတော်မူလျှင် ရဟန်းတို့ လျှောက်ထားတောင်းပန်အပ်သည်သာဖြစ်၍ စူဠဟံသဇာတ်၊ မဟာဟံသဇာတ်၊ ကက္ကဋဇာတ် တို့ကိုဟောတော်မူသည်။

ဒေဝဒတ်၏ ခမည်းတော်မင်းကြီးကို သတ်စေသောအခါ သူသတ်သမားတို့ကို မြတ်စွာဘုရားထံ စေလွှတ်သောအခါ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးကို လှိမ့်ချသောအခါတို့၌ မြတ်စွာဘုရားအပေါ် မကောင်းပြုမှုသည် မထင်ရှားသေး။ နာဠာဂီရိဆင်ကို စေလွှတ်သောအခါ၌ ဒေဝဒတ်၏ မြတ်စွာဘုရားအပေါ် မကောင်းပြုမှုသည် ထင်ရှားလေတော့သည်။

မှန်၏။ နာဠာဂီရိဆင်ကို စေလွှတ်သောအချိန်၌ လူများစွာတို့သည် -

ဒေဝဒတ်သည်ပင် ခမည်းတော်မင်းကြီးကိုလည်း သတ်စေသည်။ သူသတ်သမားတို့ကိုလည်း စေလွှတ်အပ်သည်။ ကျောက်တုံးကိုလည်းလှိမ့်ချအပ်ပြီ၊ ယခုအခါမှာကား ထိုဒေဝဒတ်သည် နာဠာဂီရိဆင်ကို လွှတ်စေအပ်ပြီ။ အဇာတသတ်မင်းသည် ဤသို့သဘောရှိသည်မည်သော မကောင်းမှုကိုယူ၍ ကျင်လည်နေတော့သည်ဟု အုတ်အုတ်ကျက်ကျက်ပြုလေပြီ။

အဇာတသတ်မင်းသည် တိုင်းသူပြည်သား လူအများတို့၏ ပြောဆိုစကားကို ကြားရလေသော် ပို့နေကျ ဆွမ်းချက်အိုးငါးရာတို့ကို ဖယ်ရှားစေ၍ နောက်ထပ် ဒေဝဒတ်ထံ ခစားရန်မသွားတော့ချေ။

မြို့သူမြို့သားတို့ကလည်း အိမ်အနီးသို့ကပ်လာသော ဒေဝဒတ်အား ဆွမ်းမျှလောက်ကိုသော်လည်း မလောင်းကြတော့ချေ။ ရှင်ဒေဝဒတ်သည် လာဘသက္ကာရ ဆုတ်ယုတ်ပျက်စီးနေသူဖြစ်၍ အံ့ဖွယ်သူရဲပြုခြင်းဖြင့် (ပလွှားခြင်းဖြင့်) အသက်မွေးလိုသည်ဖြစ်၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ငါးမျိုးသောဝတ္ထု(ကျင့်ကြံနည်း) တို့ကိုတောင်းဆိုလေသော် မြတ်စွာဘုရားက ဒေဝဒတ်၊ သင်တောင်းဆိုချက်သည် မသင့်လျော်၊ တော၌ နေလိုသော ရဟန်းသည် တောနေရဟန်းဖြစ်စေ စသည်ဖြင့် ဖယ်ရှားအပ်သည်ဖြစ်၍ ငါ့ရှင်တို့ မည်သူ့ စကားကတင့်တယ်သနည်း၊ ကောင်းသနည်း၊ မြတ်စွာဘုရား၏ စကားကတင့်တယ်သလား၊ ကောင်းသလား (သို့မဟုတ်) ငါ၏စကားက တင့်တယ်သလားကောင်းသလား။

မှန်ပေ၏။ ငါက ဥက္ကဋ္ဌ(လွန်မြတ်သော)အလိုဖြင့် ဤသို့ ပြောဆိုသည်။

မြတ်စွာဘုရား - လျှောက်ထားတောင်းဆိုပါ၏။ ရဟန်းတို့သည် အသက်ထက်ဆုံး တောနေရဟန်းများ ဖြစ်ကြပါစေ၊ ပိဏ္ဍပါတ်ခုတင်ဆောင် ရဟန်းများဖြစ်ကြပါစေ၊ ပံသုကူဆောင်ရဟန်းများဖြစ်ကြပါစေ၊

သစ်ပင်ရင်းနေ ပုဂ္ဂိုလ်များဖြစ်ကြပါစေ၊ ငါးအမဲကို မစားကြပါစေနှင့် - ဟုတောင်းဆိုခဲ့သည်။

ဝင်္ခ်ဆင်းရဲမှ ကင်းလွတ်လိုသော ရဟန်းသည် ငါနှင့်အတူလိုက်ခဲ့လော့ဟုဆို၍ ထွက်ခွာသွားလေ၏။ ဒေဝဒတ်စကားကို ကြားကြလေသော် အချို့အသိဉာဏ်နုံ့နည်းသော ရဟန်းငယ်တို့သည် -

ဒေဝဒတ်သည် ကောင်းသည်ကို ပြောဆိုသည်၊ ဒေဝဒတ်နှင့်အတူ လှည့်လည်နေထိုင်ကြမည်ဟု ဒေဝဒတ်နှင့်အတူ တပေါင်းတည်းဖြစ်ကြကုန်၏။ ဤသို့ဖြင့် ဒေဝဒတ်သည် ရဟန်းငါးရာတို့နှင့်အတူ တောင်းဆိုအပ်သော ငါးမျိုးသော ထိုဝတ္ထုတို့ဖြင့် ခေါင်းပါးစွာကျင့်သည်ကို ကြည်ညိုသူ လူအပေါင်းကို အသိပေးလျက် အမျိုးတို့၌ တောင်း၍ တောင်း၍ စားလျက် သံဃာကွဲပြားအောင် အားထုတ်လေ၏။

ဒေဝဒတ် - သင်သည် သံဃာကွဲပြားရန် ငါဘုရား၏ အာဏာစက်ပျက်ပြားရန် အားထုတ်နေသည်ဟု ကြားရသော စကားသည် အမှန်ပင်ဖြစ်သလောဟု မြတ်စွာဘုရားက မေးတော်မူသောအခါ ဒေဝဒတ်က - မြတ်စွာဘုရား၊ မှန်ပါ၏ - ဟုပြောဆိုလေသော် -

ဒေဝဒတ် - သံဃာကွဲပြားခြင်းသည် စင်စစ်ဝန်လေးလှသည် အစရှိသော စကားတော်တို့ဖြင့် ဆုံးမအပ်သော်လည်း မြတ်စွာဘုရား၏ စကားတော်ကို မနာယူဘဲထွက်သွားလေသော် - ရာဇဂြိုဟ်မြို့အတွင်း၌ ဆွမ်းခံလှည့်လည်နေသော အရှင်အာနန္ဒာကို မြင်ရသဖြင့် -

ငါ့ရှင်အာနန္ဒာ - ယခုငါသည် ယနေ့ကို အစပြု၍ မြတ်စွာဘုရားကို ကျဉ်ဖယ်၍သာ ရဟန်းသံဃာကို ကျဉ်ဖယ်၍သာ ဥပုသ်ပြုတော့အံ့၊ သံဃာ့ကံ ပြုတော့အံ့ဟု ပြောဆိုလေ၏။

အရှင်အာနန္ဒာသည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ထိုစကားကို ကြားသိရလေသော် ဓမ္မသံဝေဂ ဖြစ်တော်မူသည် ဖြစ်၍ -

ဒေဝဒတ်သည် နတ်နှင့်တကွသော လောက၏အကျိုးမဲ့၌ မှီသော မိမိ၏ အဝီစိငရဲ၌ ကျရမည့်ကံကို ပြုသူဖြစ်၏ ဟုကြံတော်မူ၍ -

(က) "သုကရာနိ အသာဓူနိ၊ အတ္တနော အဟိတာနိစ။
ယံ ဝေ ဟိတဉ္စ သာဓုဉ္စ၊ တံ ဝေ ပရမဒုက္ကရံ"

ဟူသော ဤဂါထာကို ဟောတော်မူ၍ နောက်ထပ်ဤဆိုလတ္တံ့သော ဥဒါန်းကို ကျူးရင့်တော်မူသည်။

(ခ) "သုကရံ သာဓုနာ သာဓု၊ သာဓု ပါပေန ဒုက္ကရံ။
ပါပံ ပါပေန သုကရံ၊ ပါပ မရိယေဟိ ဒုက္ကရံ"

(က) အတ္တနော = မိမိ၏၊ အသာဓူနိစ = မကောင်းသည်တို့ကိုလည်းကောင်း၊ အဟိတာနိစ = စီးပွားမဲ့တို့ကိုလည်းကောင်း၊ သုကရာနိ = ပြုလွယ်ကုန်၏။

ယံ = အကြင်အမှုသည်၊ ဝေ = စင်စစ်၊ ဟိတဉ္စ = စီးပွားလည်းရှိ၏၊ သာဓုစ = ကောင်းလည်းကောင်း၏၊ တံ = ထိုအမှုသည်၊ ဝေ = စင်စစ်၊ ပရမဒုက္ကရံ = အလွန်ပြုနိုင်ခဲသော အမှုဖြစ်လေ၏။

(ခ) သာဓုနာ = သူတော်ကောင်းသည်၊ သာဓု = ကောင်းသည်ကို၊ သုကရံ = ပြုလွယ်၏။ ပါပေန = သူယုတ်သည်၊ သာဓု = ကောင်းသည်ကို၊ ဒုက္ကရံ = ပြုခဲ၏။ ပါပေန = သူယုတ်သည်၊ ပါပံ = မကောင်းမှုကို၊ သုကရံ = ပြုလွယ်၏။ အရိယေဟိ = အရိယာ(စင်ကြယ်သူ)တို့သည်၊ ပါပံ = မကောင်းမှုကို၊ ဒုက္ကရံ = ပြုခဲ၏။

ထိုအချိန်အခါ၌ ဒေဝဒတ်သည် ဥပုသ်နေ့၌သူ၏ ပရိတ်သတ်နှင့်အတူ သင့်လျော်သော နေရာ၌ထိုင်၍ ငါးမျိုးသော ဤဝတ္ထုတို့ကို နှစ်သက်သော ရဟန်းသည် စာရေးတံကိုယူပါဟု ပြောဆိုလေသော်၊

ရဟန်းပြုသစ်စ ဖြစ်၍ ကျေးဇူးမသိတတ်ကုန်သော ဝဇ္ဇီတိုင်းသားရဟန်းငါးရာတို့သည် စာရေးတံကို ယူခြင်းဖြင့် သံဃာကိုခွဲ၍ ထိုဝဇ္ဇီတိုင်းသား ရဟန်းတို့ကိုခေါ်၍ ဂယာသီသအရပ် သို့သွားလေ၏။

ဒေဝဒတ်၏ ဂယာသီသအရပ်သို့သွားကြောင်းကို ကြားတော်မူသည်ဖြစ်၍ မြတ်စွာဘုရားသည် ဒေဝဒတ်နောက်လိုက်ပါသွားသော ထိုရဟန်း ငါးရာတို့ကို ခေါ်ဆောင်ရန်အလို့ငှာ အဂ္ဂသာဝကနှစ်ပါးတို့ကို စေလွှတ်တော် မူသည်။

အဂ္ဂသာဝကနှစ်ပါးတို့သည် ဂယာသီသအရပ်သို့သွား၍ သူတစ်ပါး၏ စိတ်အကြံအစည်ကို ညွှန်းပြခြင်းဖြင့် ဆုံးမခြင်းဖြင့်လည်းကောင်း၊ တန်ခိုးအမျိုး မျိုးပြ၍ ဆုံးမခြင်းဖြင့်လည်းကောင်း၊ ဆုံးမတော်မူကြလျက် ထိုရဟန်းငါးရာတို့ ကို အမြိုက်ရေကို တိုက်ကျွေး၍ ခေါ်ဆောင်ပြီး ကောင်းကင်ခရီးဖြင့် ပျံကြွလာ တော်မူကြကုန်၏။

ကောကာလိကသည်လည်း ငါ့ရှင်ဒေဝဒတ်ထလော့၊ သာရိပုတ္တမောဂ္ဂလာန်တို့သည် သင့်တပည့် ရဟန်းတို့ကို ခေါ်ဆောင်သွားကုန်ပြီ။

ငါ့ရှင်ဒေဝဒတ်, သာရိပုတ္တ မောဂ္ဂလာန်တို့ကို အကျွမ်းတဝင် မပြုပါနှင့်ဟု သင့်ကို ငါပြောထားသည် မဟုတ်လော။

သာရိပုတ္တ မောဂ္ဂလာန်တို့သည် အလိုဆိုးရှိကုန်၏။ အလိုဆိုးရှိသူတို့၏ အလိုသို့ လိုက်သွားကြကုန်ပြီဟု ပြောဆိုကာ ဒေဝဒတ်၏ ရင်ဝနှလုံးအလယ်၌ ဒူးဖြင့်တိုက်လေတော့သည်။ ထိုနေရာ၌ပင် ဒေဝဒတ်၏ ခံတွင်းမှ သွေးပူအန် ထွက်လေ၏။

ရဟန်းအပေါင်းခြံရံလျက် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူသော ရှင်သာရိပုတ္တကို မြင်ကြ၍ ရဟန်းတို့သည် ဤသို့ လျှောက်ထားကြကုန်၏။

မြတ်စွာဘုရား, ရှင်သာရိပုတ္တသည် ကြွသွားရာအချိန်၌ မိမိကိုယ်သာ နှစ်ပါးမြောက်အဖော်ရှိကာ ကြွသွားပါသည်။ ယခုအခါ များစွာသော အခြံအရံရှိလျက် ကြွလာတော်မူသည်။ တင့်တယ်ပါပေ၏ဟု လျှောက်ထားလေကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ သာရိပုတ္တသည် ယခုဘဝ, ယခုအချိန်၌ သာ တင့်တယ်သည်မဟုတ်၊ တိရစ္ဆာန်မျိုး၌ဖြစ်ရာ ရှေးအခါ၌လည်း ငါ့ထံသို့လာသော ငါ့သားတော်သည် တင့်တယ်သည်သာတည်းဟု မိန့်တော်မူ၍ -

"ဟောတိ သီလဝတံ အတ္ထော၊ ပဋိသန္ထာ ရဝုတ္တိနံ။

လက္ခဏံ ပဿ အာယန္တံ၊ ဉာတိသံဃ ပုရက္ခတံ။

အထ ပဿသိ မံကာဠံ၊ သုဝိဟီနံဝ ဉာတိဘိ"ဟူသော ဒသနိပါတ် လက္ခဏဇာတ်တော်ကို ဟောတော် မူသည်။

သီလဝတံ - သီလဝန္တာနံ - သီလရှိကုန်သော၊ ပဋိသန္ထာရဝုတ္တိနံ = တရားဖြင့် စေ့စပ်ခြင်း၊ အမိသဖြင့် စေ့စပ်ခြင်းရှိသူတို့အား၊ အတ္ထော = အကျိုးစီးပွားထွန်းကားခြင်းသည်၊ ဟောတိ = ဖြစ်၏။ ဉာတိသံဃ - ပုရက္ခတံ = ဆွေမျိုးအပေါင်းခြံရံလျက်၊ အာယန္တံ = ရှေးရှုလာသော၊ လက္ခဏံ = လက္ခဏကို၊ ပဿ = သေချာစေ့ငုကြည့်ရှုပါလော့။ အထ = ထိုမှတစ်ပါး၊ ဉာတိဘိ = ဆွေမျိုးအပေါင်းတို့မှ၊ သုဝိဟီနံဝ = ဆုတ်ယုတ်ပျက်စီးသည်ဖြစ်၍သာလျှင်၊ ဧကကံ = တစ်ယောက်ထီးတည်း၊ အာယန္တံ = ရှေးရှုလာသော၊ ကာဠံ = ဤကာလမည်သောသမင်ကို၊ ပဿသိ = သေချာစေ့ငုကြည့်ရှုပါလော့။

တဖန်ရဟန်းတို့က မြတ်စွာဘုရား၊ ဒေဝဒတ်သည် သူ၏အဂ္ဂသာဝကနှစ်ဦးတို့ကို သူ၏ လက်ဝဲ၊ လက်ျာ ဘေးနှစ်ဘက်တို့၌ထိုင်စေပြီး ဘုရား၏ တင့်တယ်ခြင်းဖြင့် တရားဟောမည်အကြံအစည်ဖြင့် အရှင်ဘုရားတို့၏ အပြုအမူ ကို အတုလိုက်၍ ပြုနေပါသည်ဟု လျှောက်ဆိုအပ်လေသော် -

ရဟန်းတို့ - ဒေဝဒတ်သည် ယခုကာလ ဤဘဝ၌သာ ငါဘုရား၏ အပြု အမူကို အတုလိုက်၍ ပြုခြင်းငှာ အားထုတ်သည် မဟုတ်၊ အတိတ်ကာလ ရှေး ဘဝ၌လည်း ဒေဝဒတ်သည် ငါဘုရား၏ အပြုအမူကို အတုလိုက်၍ ပြုရန် အားထုတ်ခဲ့ဘူးသည်သာ၊ ထိုသို့ အားထုတ်သော်လည်း ငါဘုရား၏ အပြုအမူကို အတုလိုက်၍ပြုခြင်းမှာ မစွမ်းနိုင်ချေဟု မိန့်တော်မူကာ -

(က) "အပိ ဝီရက ပဿေသိ၊ သကုဏံ မဉ္ဇုဘာဏကံ။
မယူရဂီဝသင်္ကာသံ၊ ပတိံ မယှံ သဝိဋ္ဌကံ။
ဥဒကထလ စရဿ ပက္ခိနော၊
နိစ္စံ အာမက မစ္ဆ ဘောဇိနော။
တဿာ နု ကရံ သဝိဋ္ဌကော၊
သေဝါလေ ပလိ ဂုဏ္ဌိတော မတော"အစရှိသော ဒုက္ကနိပါတ် ဝီရကဇာတ်ကို ဟောတော်မူပြီး အခြားအခြားသော နေ့တို့၌လည်း ဒေဝဒတ် နှင့် စပ်သော စကားကိုသာ အကြောင်းပြု၍ -

(ခ) "အစာရိ ဝတာယံ ဝိတုဒံ ဝနာနိ၊
ကဋ္ဌင်္ဂ ရုက္ခေသု အသာရ ကေသု။
အထာ 'သဒါ ခဒိရံ ဇာတသာရံ၊
ယတ္ထ' ဘိဒါ ဂရုဠော ဥတ္တမင်္ဂံ"

(ဂ) "လသီ စ တေ နိပ္ဖလိတာ၊ မတ္ထကော စ ပဒါလိတော။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ အဇ္ဇ ခေါ တွံ ဝိရောစသိ"

အစရှိသော ဒုက္ကနိပါတ် ကာလန္ဒကဇာတ်၊ ဧကနိပါတ်၊ ဝိရောစနဇာတ်တို့ကို ဟောပြတော်မူသည်။

(က) ဝီရက = အရှင်ဝီရက၊ မဉ္ဇုဘာဏကံ = သာယာကောင်းမွန်သော အသံ ဖြင့် မြည်တွန်တတ်သော၊ မယူရဂီဝသင်္ကာသံ = ဥဒေါင်းလည်တိုင်အဆင်းနှင့် တူသော အဆင်းရှိသော၊ မယှံ = ကျွန်တော်မ၏၊ ပတိံ = ချစ်လင်ဖြစ်သော၊ သဝိဋ္ဌကံ = သဝိဋ္ဌက အမည်ရှိသော၊ သကုဏံ = ငှက်ကို၊ တွံ = အရှင်သည်၊ အပိ ပဿေသိ = မြင်လိုက်ပါသလော။

ကာကိ = အို --- ကျီးမ၊ ဥဒကထလစရဿ = ရေရောကုန်းပါ နှစ်ဖြာ ဌာနနေ့ညမမေ့ ကျက်စားလေ့ရှိသော၊ နိစ္စံ = အမြဲမပြတ်၊ အာမကမစ္ဆဘောဇိနော = ငါးစိမ်းကို စားလေ့ရှိသော၊ တဿ - တာဒိတဿ•= ထိုသို့သဘောရှိသော၊ ပက္ခိနော = ငှက်၏၊အနုကရံ = အနုကရောန္တော = အတုပြုသော၊ သဝိဋ္ဌကော = သင့်လင် သဝိဋ္ဌကသည်၊ သေဝါလေ = ရေအိုင်ပေါ်မျော ထိုမှော်တော၌၊ ပလိဂုဏ္ဌိတော = တစ်ကိုယ်လုံးကပ်ငြိလျက်၊ မတော = သေခဲ့လေပြီ။

(ခ) ဘော = ကလန္ဒက = အိုကလန္ဒက၊ ဂရုဠော = ငှက်တို့တွင် မြတ်သော (ဂဠုန် - ဖြစ်သော)၊ အယံ - ဤဒိသော = ဤသို့သဘောရှိသော၊ တွံ = သင်သည်၊ ဝနာနိ = အနှစ်မဲ့သော = လက်ပံတော, ကသစ်တော ဟို့ကို၊ ဝိတုဒံ ဝိတုဒန္တော = နှုတ်သီးဖြင့် ထိုးဖောက်လျက် အသာရ ကေသု = အနှစ်မဲ့ကုန်သော၊ ကဋ္ဌင်္ဂရုက္ခေသု = ဘောထင်း သစ်ပင်တို့၌၊ ဝတ = စင်စစ်၊ အစာရိ = ကျင်လည်ကျက်စားလေပြီ။ အထ = ထိုမှ နောက်၌၊

ဇာတသာရံ = အနှစ်ရှိသော၊ ခဒိရံ = ရှားတောသို့၊ အာသဒါ = ရောက်လာပြီ၊ ယတ္ထ = အကြင်သစ်ပင်၌၊ တွံ = သင်သည်၊ ဥတ္တ မင်္ဂ = ဦးခေါင်းကို၊အဘိဒ္ဒါ=တိုက်ခွဲလေပြီ၊သောရုက္ခော-ထိုသစ်ပင်သည်၊ ခဒိရောနာမ-ရှားပင်မည်၏။

(ဂ) ဇမ္ဗုက-ဟယ်မြေခွေး၊တေ-သင်၏၊လသီစ-ဦးနှောက်သည်လည်း၊ နိပ္ပလိတာ-ယို ထွက်၏။ (ယိုစီးထွက်ကျ၏) မတ္ထကောစ-ဦးခေါင်း(ဦးထိပ်)သည်လည်း၊ ပဒါလိတော-ကွဲလေ ပြီ။တေ= သင်မြေခွေး၏၊ သဗ္ဗာ=အလုံးစုံကုန်သော၊ ဖါသုကာ=နံရိုးတို့သည် ၊ ဘဂ္ဂါ= ကျိုးကုန်ပြီ ၊ အဇ္ဇ=ယခု, ယနေ့၊ ခေါ=စင်စစ်၊ တွံ=သင်မြေခွေးသည်၊ ဝိရောစသိ=တင့်တယ် အထူးစမ္ပယ်ဦးလော့။

နောက်ထပ်တဖန် ဒေဝဒတ်သည် သူ့ကျေးဇူးကိုသိသူ မဟုတ်ဟူသော စကားကိုအကြောင်းပြု၍

"အကရမှသ တေကိစ္စံ ၊ ယံ ဗလံ အဟုဝမှသေ။

မိဂရာဇ နမော တျတ္ထု၊ အပိ ကိဉ္စိ လဘာမသေ။

မမ လောဟိတဘက္ခဿ၊ နိစ္စံ လုဒ္ဒါနိ ကုဗ္ဗတော။

ဒန္တ န္တရဂတော သန္တော၊ တံ ဗဟုံ ယမ္ပိ ဇီဝသိ"။

အစရှိသော စတုက္ကနိပါတ်၊ သကုဏဇာတ်တို့ကို ဟောတော်မူသည်။

ဘော-သီဟ=အိုခြင်္သေ့၊ အမှာကံ=ငါတို့အား၊ ယံ ဗလံ=အကြင် ခွန်အားသည် အဟုဝမှသေ=ဖြစ်ပြီ၊ တေနဗလေန = ထိုခွန်အား ဖြင့်၊ တေ = သင်ခြင်္သေ့၏ ၊ ကိစ္စံ= ပြုဖွယ်ကိစ္စကို၊အကရမှသေ-ပြုကုန်ပြီ၊ မိဂရာဇ-သားများသေဌ်နင်း ခြင်္သေ့မင်း၊ တေ = သင်ခြင်္သေ့မင်းအား၊ နမော= ရှိခိုးခြင်းသည်၊ အတ္ထု=ဖြစ်စေသတည်း။ ကိဉ္စိ= အနည်းငယ်သောအမဲကို၊ အပိလဘာမသေ = ရနိုင်ကုန်ငြားအံ့လည်း မသိ(ရမည်မသိ)။

နိစ္စံ=အမြဲ၊ လုဒ္ဒါနိ= ခက်ထန်ကြမ်းကြုတ်သောအမှုတို့ကို၊ ကုဗ္ဗတော=ပြုတတ်သော၊ လောဟိတ ဘက္ခဿ=သွေးတည်းဟူသော အစာရှိသော၊ မမ=ငါ၏၊ ဒန္တ န္တရဂတော=အစွယ်သွားကြားသို့ ရောက်သည်။ သန္တော=ဖြစ်လျက်၊တွံ = သင်သည်၊ ယမ္ပိဇီဝသိ=အကြင်အသက်ရှင်ရ၏။ တံ=ထိုသို့ အသက်ရှင်နေရခြင်းသည်၊ ဗဟုံ- များလှပြီ။ နောက်ထပ်တဖန် ဒေဝဒတ်၏ မြတ်စွာဘုရားကိုသတ်ရန် အားထုတ်မှု ကိုအကြောင်းပြု၍-

"ဉာတမေတံ ကုရုင်္ဂဿ၊ ယံ တွံ သေပဏ္ဏိ သိယျသိ။

အညံ သေပဏ္ဏိ ဂစ္ဆာမိ၊ န မေ တေ ရုစ္စတေဖလံ"

အစရှိသော ဧကနိပါတ် ကုရုင်္ဂဇာတ်စသည်တို့ကို ဟောတော်မူသည်။

သေပဏ္ဏိ-ယမနေပင်၊တွံ=သင်သည်၊ဖလံ=အသီးကို၊ ယံ သိယျသိ=ငါ ရှေ့သို့အကြင်ဖြန့်ကျဲ၏။ ဧတံ=ထိုဖြန့်ကျဲခြင်းအကြောင်းကို၊ ကုရုင်္ဂဿ=ဆတ်သည်၊ ဉာတံ=သိအပ်ပြီ။

တေ=သင်ယမနေပင်၏၊ ဖလံ=အသီးကို၊ မေ-မယာ=ငါသည်၊နရုစ္စတေ=မ နှစ်သက်အပ်။သေပဏ္ဏိ =ယမနေပင်၊ အဟံ=ငါသည်၊အညံ=တစ်ပါးသောသစ်ပင် သို့၊ဂစ္ဆာမိ=သွားတော့မည်။

နောက်တစ်နေ့၌ ဒေဝဒတ်သည် လာဘသက္ကာရမှုလည်းကောင်း၊ရဟန်း အဖြစ်မှုလည်းကောင်း နှစ်မျိုးလုံးမှ ဆုတ်ယုတ်ပျက်ဆီးသူဖြစ်၏ ဟူသော စကားတို့ဖြစ်ပေါ်လာကုန်သော် -

ရဟန်းတို့ယခုကာလ,ယခုဘဝ၌သာ ဒေဝဒတ်သည် လာဘသက္ကာရနှင့် ရဟန်းအဖြစ်မှ ဆုတ်ယုတ် ပျက်စီးသူမဟုတ်၊ အတိတ်ကာလ ရှေးဘဝ၌လည်း ဆုတ်ယုတ်ပျက်စီးခဲ့သူသာတည်း - ဟုမိန့်တော်မူ၍ -

"အက္ခီဘိန္နာ ပဋော နဋ္ဌော၊ သခီဂေဟေ စ ဘဏ္ဍနံ။

ဉဘတော ပဒုဌာ ကမ္ဗန္တာ ၊ ဉဒကမှိ ထလမှိ စ”
အစရှိသော ဇာနိပါတ် ဉဘတော အဌဇာတ်ကိုဟောတော်မူသည်။

ဘော ပုရိသ=အို ယောကျ်ား ၊ တေ=သင်၏ ၊ အက္ခိ= မျက်လုံးတို့သည်၊ ဘိန္နာ=ကွဲပေါက်ပျက်စီးကုန်ပြီ၊ ပဋော= အဝတ်ပုဆိုးသည်၊ နဋ္ဌော= ပျောက်လေ၏။ ဂေဟေစ=အိမ်၌လည်း၊ ဘရိယာယ=သင့်မယား၏။ သခီ-သခိယာ=အိမ်နီးချင်း မိတ်ဆွေမနဲ့ ၊ ဘဏ္ဍနံ=ခိုက်ရန်သည်၊ ဇာတံ=ဖြစ်လေပြီ၊ ဉဒကမှိစ=ရေ၌လည်းကောင်း၊ထလမှိစ=ကျည်း၌လည်းကောင်း၊ ဉဘတော=နှစ်မျိုးသောအရပ်တို့၌ ၊ ကမ္ဗန္တာ=အမှုကိစ္စတို့ သည်၊ ပဒုဌာ=အချည်းနှီးပျက်စီးကုန်၏။

ဤသို့လျှင်မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၌ သီတင်းသုံး နေတော်မူလျက်သာ ဒေဝဒတ်ကို အကြောင်းပြု၍ များစွာသောဇာတ်တို့ကို ဟောတော်မူပြီး -ရာဇဂြိုဟ်မှ သာဝတ္ထိမြို့သို့ကြွတော်မူ၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်။

ဒေဝဒတ်သည်လည်း ကိုးလပတ်လုံး မကျန်းမာသူဖြစ်၍ နောက်ဆုံးအချိန်၌ မြတ်စွာဘုရားကို ဖူးမျှော်လိုရကား မိမိတပည့်တို့ကို-

ငါသည်မြတ်စွာဘုရားကို ဖူးမျှော်လိုသည်။ ငါ့အား ထိုမြတ်စွာဘုရားကို ပြပေးကြကုန်လော့ဟု ပြောလေ၏။

တပည့်တို့က အရှင်သည် စွမ်းအားရှိချိန်၌ မြတ်စွာဘုရားနှင့် ရန်သူ အဖြစ်ကျင်လည်ခဲ့ပြီ၊ ငါတို့မြတ်စွာဘုရားထံပို့မပေးနိုင် ဟုပြောဆိုလေသော် -

ငါ့ကို မဖျက်ဆီးကြပါနှင့်၊ ငါကသာ မြတ်စွာဘုရား၌ အာဃာတ(ရန်ညိုး)ပြုအပ်ပြီ။ မြတ်စွာဘုရားမှာမူကား ငါ့အပေါ်၌ အာဃာတ(ရန်ညိုး)သည် ဆံချည်မျှသော်လည်းမရှိ။

“ဝဓကေ, ဒေဝဒတ္တမှိ၊ စောရေ အင်္ဂုလိမာလကေ။

ဓနပါလေ ရာဟုလေ စ၊ သဗ္ဗတ္ထ = သမမာနသော”

ဟိ = မှန်ပေ၏။ သောဘဂဝါ = ထိုမြတ်စွာဘုရားသည်၊ ဝဓကေ = ဘုရားကိုသတ်ရန် အဖန်ဖန်အားထုတ်သော၊ ဒေဝဒတ္တမှိစ = ဒေဝဒတ်၌ လည်းကောင်း၊ အင်္ဂုလိမာလကေ = အင်္ဂုလိမာလ အမည်ရှိသော၊ စောရေစ = ခိုးသူ၌လည်းကောင်း၊ ဓနပါလေစ = ထိုးသတ်ရန်လာသော ဓနပါလဆင်၌ လည်းကောင်း၊ ရာဟုလေစ = သားတော်ရာဟုလာ၌လည်းကောင်း၊ သဗ္ဗတ္ထ = ရန်သူရင်သွေးအားလုံးတို့၌၊ သမမာနသော = ညီမျှသော စိတ်နှလုံးရှိတော်မူ၏။

ထို့ကြောင့် သင်တို့သည် ငါ့အားမြတ်စွာဘုရားကိုပြပေးကြပါဟု အဖန်ဖန် တောင်း ဆိုလေ၏။

ထိုအခါ ဒေဝဒတ်၏တပည့်တို့သည် ဒေဝဒတ်ကိုညောင်စောင်းငယ်ဖြင့် တင်ယူ၍ ရာဇဂြိုလ်မှ သာဝတ္ထိသို့ထွက်ခဲ့ကြကုန်၏။

ဒေဝဒတ်မြတ်စွာဘုရားထံလာကြောင်း ကြားကြကုန်၍ ရဟန်းတို့သည် -

မြတ်စွာဘုရား ဒေဝဒတ်သည် အရှင်ဘုရားတို့အား ဖူးမြင်ရန်လာနေပါသတဲ့ဟု မြတ်စွာ ဘုရားအား လျှောက်ထားကြလေကုန်၏။

ရဟန်းတို့ ဒေဝဒတ်သည် သူ၏ခန္ဓာကိုယ်ဖြင့် ငါဘုရားကိုဖူးမြင်ရလိမ့်မည် မဟုတ်ဟု မိန့်တော်မူသည်။ ဒေဝဒတ်သည် ငါးမျိုးသောဝတ္ထုတို့ကို တောင်းဆိုချိန်မှစ၍ နောက်ထပ်မြတ်စွာဘုရားကို ဖူးမြင်ခွင့်မရတော့ချေ။ ဤသည်ကား အမြဲဖြစ်သောသဘော(မြဲသောသဘော)ဖြစ်သတဲ့။

မြတ်စွာဘုရား ဒေဝဒတ်သည် ဤမည်သောအရပ်သို့ ရောက်လာပြီတဲ့ ဘုရားဟု လျှောက်ထားကြကုန်၏။

ရဟန်းတို့ ဒေဝဒတ်သည် သူ့အလိုရှိရာ ပြုလိုရာပြုစေတော့။ ငါဘုရားကို ဖူးမျှော်ခွင့်ရမည်မဟုတ်။

မြတ်စွာဘုရား - ဤဇေတဝန်ကျောင်းတော်မှ တစ်ယူဇနာမျှ ဝေးသော အရပ်သို့ ရောက်လာပြီတဲ့ ဘုရား။

ယူဇနာခွဲဝေးသောအရပ်သို့ရောက်လာပြီတဲ့ဘုရား။ တစ်ဂါဝုတ်ဝေးသော အရပ်သို့ ရောက်လာပြီတဲ့ ဘုရား။ ဇေတဝန်ရေကန်အနီး သို့ရောက်လာပြီတဲ့ဘုရား။

ရဟန်းတို့ - ဒေဝဒတ်သည် ဇေတဝန်ကျောင်းတွင်းသို့ဝင်ခဲ့စေကာမူ ငါဘုရားကို ဖူးမျှော်ခွင့်ရမည် မဟုတ်ဟုမိန့်တော်မူသည်။

ဒေဝဒတ်ကိုယူဆောင်၍လာကြသူတို့သည် ဇေတဝန်ရေကန်ကမ်း အနီး၌ ညောင်စောင်းကိုချ၍ ရေချိုးရန်ရေကန်တွင်းသို့ဆင်းကြလေကုန်၏။

ဒေဝဒတ်လည်း ညောင်စောင်းပေါ်မှထ၍ ခြေနှစ်ဖက်ကိုမြေပေါ်၌ထောက်၍ ထိုင်လေ၏။ သူ၏ခြေနှစ်ဖက်တို့သည် မြေကြီးအတွင်းသို့ဝင်ကြလေကုန်၏။

ဒေဝဒတ်သည် အစဉ်အားဖြင့် ဖမျက်တိုင်အောင်၊ ဒူးခေါင်း တိုင်အောင်၊ ခါးတိုင်အောင်၊ သားမြတ်တိုင်အောင်၊ လည်ပင်းတိုင်အောင်(လည်ပင်းထိအောင်)မြေတွင်းသို့ဝင်၍ မေးရိုး၊ မြေတွင်းသို့ ဝင်သောအခါ -

"ဣမေဟိ အဋ္ဌီဟိ တမဂ္ဂပုဂ္ဂလံ၊
ဒေဝါတိဒေဝံ နရဒမ္မသာရထိံ။
သမန္တစက္ခုံ သတ ပုညလက္ခဏံ၊
ပါဏေဟိ ဗုဒ္ဓံ သရဏံ ဥပေမိ။

ဟူသော ဤဂါထာကို ရွတ်ဆိုလေပြီ။

အဂ္ဂပုဂ္ဂလံ = ပြဟ္မာနတ်လူ သုံးဘုံသူတို့ထက် အတူမဖက် အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်တော်မူသော၊ ဒေဝါတိဒေဝံ = သမ္မုတိနတ်၊ ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ် ဟူသော နတ်တကာတို့ထက် အမြတ်ဆုံး နတ်ဖြစ်တော်မူသော၊ နရဒမ္မသာရထိံ = ရထားထိမ်းပမာ ပြဟ္မာနတ်လူ သုံးဘုံသူတို့ကို လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော၊ သမန္တစက္ခုံ = ထက်ဝန်းကျင်ကို မြင်နိုင်စွမ်းသော သဗ္ဗညုတဉာဏ်ရှိတော်မူသော၊ သတပုညလက္ခဏံ = အရာမကသောကောင်းမှုတို့ကြောင့်ဖြစ်ပေါ်လာသော လက္ခဏာရှိတော်မူသော၊ တံဗုဒ္ဓံ = ထိုမြတ်စွာဘုရားကို၊ အဟံ = ဒေဝဒတ်ဟု ပညတ်မည်ခေါ် တပည့်တော်သည်၊ ဣမေဟိ အဋ္ဌိဟိ = ဤအရိုးတို့ဖြင့်လည်းကောင်း၊ ဣမေဟိ ပါဏေဟိ = ဤအသက်တို့ဖြင့်လည်းကောင်း၊ သရဏံ = ကိုးကွယ်လဲလျောင်းပုန်းအောင်းမှီခိုရာဟူ၍၊ သရဏံ = ဆင်းရဲပယ်ပျောက်အောင် ချမ်းသာရောက် အောင် ရွက်ဆောင်ပေးတတ်ဘုရားမြတ်ဟူ၍၊ ဥပေမိ = အမှားပယ်ဖြတ် အမြင်မှတ်ဖြင့် ဆည်းကပ်ပါ၏ ဘုရား။

ဤအကြောင်းကို မြင်တော်မူ၍ မြတ်စွာဘုရားသည် ဒေဝဒတ်ကို ရဟန်းပြုစေသတဲ့။

ထိုစကားကို အကျယ်ဆိုဦးအံ့ -

ဒေဝဒတ်သည် အကယ်၍ ရဟန်းမပြုခဲ့သူဖြစ်အံ့၊ သူသည်လူဝတ်ကြောင်အဖြစ်ဖြင့် ဝန်လေး သော အမှုကံကိုလည်းပြုပေလိမ့်မည်။ နောင်အခါ ဘဝမှလွတ်မြောက်ကြောင်းကို ပြုစွမ်းနိုင်မည်မဟုတ်။

ရဟန်းပြု၍ ကြီးလေးသော အမှုကံကိုပြုစေကာမူ နောင်အခါ ဘဝမှလွတ်မြောက်ကြောင်းကို ပြုစွမ်းနိုင်လိမ့်မည်ဟူသော အမြင်ကြောင့် မြတ်စွာဘုရားသည် ဒေဝဒတ်ကို ရဟန်းပြုစေခဲ့သည်။ (ရဟန်းပြုခွင့်ပေးခဲ့သည်)

ထိုစကားမှန်၏။ ဒေဝဒတ်သည် ဤကမ္ဘာမှ နောက်ကမ္ဘာတစ်သိန်းထက်၌ အဋ္ဌိဿရ အမည် ရှိသော ဘုရားငယ်(ပစ္စေကဗုဒ္ဓါ)ဖြစ်လိမ့်မည်။ သူသည် မြေကြီးတွင်းသို့ဝင်၍ အဝီစိငရဲ၌ ဖြစ်နေပြီ။ မြတ်စွာဘုရား၌ မတုန်မလှုပ်၊ ခိုင်ခိုင် မြဲမြဲ၊ စွဲစွဲမြဲမြဲ ဖြစ်မှားခဲ့သူဖြစ်သောကြောင့် မတုန်မလှုပ် ခိုင်ခိုင်မြဲမြဲပင် ကျက်စေတော့ဟူသော စီမံချက်ဖြင့် ယူဇနာတစ်ရာကျယ်ဝန်းသော အဝီစိငရဲတွင်း၌ သူ၏ ကိုယ်သည် ယူဇနာတစ်ရာ အစောက်ပင်(ယူဇနာတစ်ရာအမြင့်ရှိသည်ပင်)ဖြစ်၏။ နားရွက်၏အထက် ဦးခေါင်းသည် သံပူအိုးကင်းအတွင်းသို့ ဝင်နေသည်။ ဖမျက်တို့မှ အောက်ခြေတို့သည် သံပူမြေတွင်း၌ ဝင်နေကုန်၏။ ကြီးစွာသော ထန်းလုံးပတ်ပမာဏရှိသော သံချွန်သည် အဝီစိငရဲ၏ အနောက်ဘက်နံရံမှထွက်၍ ဒေဝဒတ်၏ ကျောလယ်ကိုထိုးဖောက်၍ ရင်ဝမှထွက်ပြီး အဝီစိငရဲ၏ အရှေ့ဘက်နံရံအတွင်းသို့ ဝင်နေ၏။

တခြားသော သံချွန်တစ်ခုသည် အဝီစိငရဲ၏လက်ျာဘက်နံရံမှ(တောင်ဘက်နံရံမှ)ထွက်၍ ဒေဝဒတ်၏လက်ျာဘက်နံဘေးကို ထိုးဖောက်၍လက်ဝဲဘက်နံဘေးမှထွက်ပြီး အဝီစိငရဲ၏မြောက်ဘက် နံရံတွင်းသို့ ဝင်နေလေ၏။ တခြားသောသံချွန်တစ်ခုသည် အထက်ဖြစ်သော သံပူအိုးကင်းမှထွက်၍ ဒေဝဒတ်၏ဦးခေါင်းထိပ်ကိုထိုးဖောက်၍ အောက်အဖို့မှ(စအိုဝမှ)ထွက်၍ သံမြေတွင်းသို့ဝင်နေလေ၏။ ဤပုံဖြင့် ဒေဝဒတ်သည် အဝီစိငရဲ၌ မတုန်မလှုပ်၊ မလှုပ်မယှက်ခိုင်ခိုင်မြဲမြဲဖြစ်လျက်သာ ကျက်နေရှာလေပြီ။

ရဟန်းတို့သည် ဤမျှလောက်သောအရပ်သို့ ဒေဝဒတ်သည် ရောက်လာလေသော် မြတ်စွာဘုရား ကို ဖူးမြင်ခွင့်မရတော့ဘဲ မြေကြီးအတွင်းသို့ ဝင်လေပြီ။ (မြေမြိုလေပြီ)ဟူသော စကားကို ပြောဆိုကြ ကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ဒေဝဒတ်သည် ယခုကာလ, ယခု ဘဝ၌သာ ငါဘုရား၌ပြစ်မှား၍ မြေတွင်းသို့ ဝင်ရသည် မဟုတ်သေး။ (မြေမြိုခံရသည် မဟုတ်သေး) အတိတ်ကာလရှေးဘဝ၌လည်း မြေတွင်းသို့ဝင်ခဲ့ရသည်သာဟု မိန့်တော်မူ၍ သီလဝဆင်မင်းဖြစ်ရာအချိန်၌ မျက်စိ လည်လမ်းမှား လူယောကျ်ားကို နှစ်သိမ့်စေကာ မိမိ၏ကျောပေါ်တင်၍ ဘေးလွတ်ရာအရပ်သို့ ပို့ဆောင်အပ်သော၊ နောက်ထပ်သုံးကြိမ်လာ၍ အစွယ်၏ အဖျားပိုင်း၊ အလယ်ပိုင်း၊ အရင်းပိုင်းတို့ကိုဖြတ်၍ တတိယအကြိမ်၌ ယောကျ်ားမြတ်ဖြစ်သော ဆင်မင်း၏ မျက်စိဖြင့်မြင်နိုင်ရာ ခရီးကို ကျော်လွန်သွားသော မျက်စိလည် လမ်းမှား ထိုယောကျ်ား၏ မြေတွင်းသို့ ဝင်ရသူအဖြစ်ကို(ဝင်ရပုံကို)ပြဆိုခြင်းငှာ -

အကတညုဿ ပေါသဿ၊ နိစ္စံဝိဝရ ဒဿိနော။

သဗ္ဗံစေပထဝိံ ဒဇ္ဇာ၊ နေဝနံ အဘိရာဓယေ။

ဟူသော ဤသီလဝဆင်မင်းဇာတ်တော်ကို ဟောတော်မူ၍ နောက်ထပ်လည်း ဒေဝဒတ်မြေမြို ခြင်းနှင့် ဆက်စပ်သောစကားကြောင့် ခန္တိဝါဒီ(သီးခံမှုအယူဝါဒရှိသူ)ဖြစ်သော မိမိ၌ပြစ်မှား၍ ကဋ္ဌာဗုမင်း ဖြစ်ဖူးသော ဒေဝဒတ်၏ မြေကြီးတွင်းသို့ ဝင်ရသူအဖြစ်ကို(မြေမြိုပုံကို)ပြဆိုခြင်းငှာ ခန္တိဝါဒီ ဇာတ်တော်ကို လည်းကောင်း၊

စူဠဓမ္မပါလ ဖြစ်ခဲ့ဖူးသော မိမိ(ဘုရားအလောင်း)၌ ပြစ်မှား၍ မဟာပတာပမင်းဖြစ်ခဲ့ဖူးသော ဒေဝဒတ်၏မြေတွင်းသို့ ဝင်သူအဖြစ်ကို(မြေမြိုပုံကို)ပြဆိုခြင်းငှာ စူဠဓမ္မပါလဇာတ်တော်ကိုလည်းကောင်း ဟောပြတော်မူသည်။

အကတညုဿ-သူတစ်ထူးပြုဖူးသော ကျေးဇူးကို မသိသော၊ နိစ္စံအမြဲ၊ ဝိဝရဒဿိနော-ကိုယ့်အခွင့်

အရေးကို ကြည့်လေ့ရှိသော၊ (မသင့်တော်မှုပြုရန် အခွင့်ကိုကြည့် နေလေ့ရှိသော) ပေါ်သသ- ယောကျ်ား အား၊ သဗ္ဗ- အလုံးစုံသော၊ ပထဝိ- မြေကြီးကို၊ (သဗ္ဗပထဝိ- မြေတစ်ခုလုံး သိမ်းကျုံးပိုင်နင်း မင်းအဖြစ်ကို) စေဒဇ္ဇာ- အကယ်၍ပင်ပေးစေကာမူ၊ နံ- ယုတ်မာပြုမူထိုလူကို၊ နေဝအဘိရာဓယေ- မဟုတ်ရာဖက် ယုတ်မာချက်ကြောင့် မနှစ်သက်စေသည်သာတည်း။

ဒေဝဒတ်မြေမြိုခံရလေပြီးသော် များစွာသောလူတို့သည် လွန်စွာဝမ်း မြောက်ကုန်သည်ဖြစ်၍ တံခွန်၊ ကုက္ကား၊ ငှက်ပျောပင်တို့ကို စိုက်ထောင်၍ ရေပြည့်အိုးတို့ကို တည်ထားကြပြီး ငါတို့အရတော် လေကုန်စွတကားဟု ကြီးကျယ်သောပွဲလမ်းသဘင်ကို ကြည့်ရှုခံစားကြလေ၏။

ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြလေကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ယခုကာလ၌ဘဝ၌သာ ဒေဝဒတ်ကွယ်လွန်လေသော် များစွာသော လူအပေါင်းသည် နှစ်သက်ဝမ်းသာသည် မဟုတ်သေး၊ အတိတ်ကာလ ရှေးဘဝ၌လည်း နှစ်သက်ဝမ်းသာခဲ့ဘူးသည်သာဟု မိန့်တော်မူပြီး ဗာရာဏသီပြည်၌ တိုင်းနေပြည်သူလူအပေါင်း မမြတ်နိုးအပ်ခက်ထန်ကြမ်းတမ်းသော ပိင်္ဂလမည်သော မင်းကွယ်လွန်သော် တိုင်းနေပြည်သူ လူအပေါင်းနှစ်သက်ဝမ်းသာသူအဖြစ်ကို(နှစ်သက် ဝမ်းသာပုံကို)ပြဆိုခြင်းငှာ -

"သဗ္ဗောဇနော ဟိံသိတော ပိင်္ဂလေန၊
တသ္မိံ မတေ ပစ္စယာ ဝေဒယန္တိ။
ပိယောနုတေ အာသိ အကဏှနေတ္တော၊
ကသ္မာတုဝံ ရောဒသိ ဒွါရပါလ။
န မေ ပိယော အာသိ အကဏှနေတ္တော၊
ဘာယာမိ ပစ္စာဂမနာယ တဿ။
ဣတောဂတော ဟိံသေယျ မစ္စုရာဇံ၊
သော ဟိံ သိတော အာနေယျ ပုနဣဓ"ဟူသော ဤပိင်္ဂလဇာတ်ကို ဟောတော်မူသည်။

ဒွါဒပါလ - အိုတံခါးမှူး၊ ပိင်္ဂလေန - ပိင်္ဂလမင်းသည်၊ သဗ္ဗောဇနော - တိုင်းနေပြည်သူလူ အပေါင်းကို၊ ဟိံသိတော - ညှင်းဆဲနှိပ်စက် အပ်၏။ တသ္မိံ - ထိုပိင်္ဂလမင်းသည်၊ မတေ - ကွယ်လွန်သည် ရှိသော်၊ ပစ္စယာ - ပိင်္ဂလမင်း၏ အကြောင်းတို့ကို၊ ဝေဒယန္တိ - ပြောဆိုကြကုန်၏။ အကဏှနေတ္တော - ကြောင်သော မျက်လုံးရှိသော ပိင်္ဂလမင်းသည်၊ တေ တယာ - အသင်တံခါးမှူးသည်၊ ပိယော - ချစ်ခင်မြတ်နိုးအပ်သူသည်၊ အာသိနု - ဖြစ်သည်မဟုတ်လော၊ ကသ္မာ - အဘယ့်ကြောင့်၊ တုဝံ - သင်တံခါးမှူးသည်၊ ရောဒသိ - ငိုကြွေးရသနည်း။

အကဏှနေတ္တော - ကြောင်သောမျက်လုံးရှိသော ပိင်္ဂလမင်းကို၊ မေ - မယာ - ကျွန်ုပ်သည်၊ ပိယော - ချစ်ခင်မြတ်နိုးအပ်သူသည်၊ န အာသိ - မဟုတ်ပါ၊ တဿ - ထိုပိင်္ဂလမင်း၏၊ ပစ္စာ ဂမနာယ - တဖန်ပြန်လာခြင်းမှ၊ ဘာယာမိ-ကြောက်ပါ၏။ ဣတော - ဤလူ့ဘဝမှ၊ ဂတော - ကွယ်လွန် သွားသော ပိင်္ဂလမင်း သည်၊ မစ္စုရာဇံ - သေမင်းကို၊ ဟိံသေယျ - ညှင်းဆဲနှိပ်စက်ရာ၏။ ဟိံသိတော - ညှင်းဆဲ နှိပ်စက်ခံရသော၊ သော - ထိုသေမင်းသည်၊ နံ - ထိုပိင်္ဂလမင်းကို၊ ပုန - နောက်ထပ်တစ်ဖန်၊ ဣဓ - ဤလူ့ပြည်၌၊ အာနေယျ - ပြန်ပို့ရာ၏။ တဿ - ထိုပိင်္ဂလမင်း၏၊ ပစ္စာဂမနာယ - တဖန်ပြန်လာမည်မှ၊ ဘာယာမိ - ကြောက်ပါ၏။

ရဟန်းတို့သည် မြတ်စွာဘုရား ဒေဝဒတ်သည်ယခုအချိန်၌ အဘယ်အရပ်၌ ဖြစ်နေပါသနည်းဟု မြတ်စွာဘုရားကို မေးလျှောက်ကြကုန်၏။

ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌ အဝီစိငရဲကြီး၌ဖြစ်နေပြီ။

မြတ်စွာဘုရား ဤဘဝ၌ ပူလောင်လျက် ဖြစ်တည်ကျင်လည်ပြီး တဖန်သွား၍ ပူလောင်ရာ အရပ်၌သာ ဖြစ်ရသည်။

ရဟန်းတို့ဟုတ်ပေ၏။ ရဟန်းတို့ပင်ဖြစ်စေ၊ လူတို့ပင်ဖြစ်စေ၊ မေ့မေ့လျော့လျော့ နေလေ့ရှိသူ တို့သည် ယခုဘဝ၊ နောင်ဘဝ နှစ်ဌာနလုံး၌ ပူပန်ကြကုန်သည်သာဟု မိန့်တော်မူကာ ဤဆိုလတ္တံ့ သော ဂါထာကို ဟောပြတော်မူသည်။

"ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ၊ ပါပကာရီ ဥဘယတ္ထ တပ္ပတိ။

ပါပံ မေ ကတန္တိ တပ္ပတိ၊ ဘိယျော တပ္ပတိဒုဂ္ဂတိံဂတော"။

ပါပကာရီ - မကောင်းမှုပြုလေ့ ရှိသူသည်၊ ဣဓ - ဤဘဝ၌၊ တပ္ပတိ - ပူပန်ဆင်းရဲရ၏၊ ပေစ္စ - တမလွန်ဘဝ၌၊ တပ္ပတိ - အပယ်ဆင်းရဲဖြင့် ပူပန်ဆင်းရဲရ၏၊ ဥဘယတ္ထ - ယခုဘဝ၊ နောင်ဘဝ နှစ်ခုလုံး၌၊ တပ္ပတိ - ပူပန်ဆင်းရဲရ၏။

မေ - မယာ - ငါသည်၊ ပါပံ - မကောင်းမှုကို၊ ကတန္တိ - ပြုအပ်ပြီ ဟူ၍၊ တပ္ပတိ - ပူပန်ဆင်းရဲရ၏၊ ဒုဂ္ဂတိံ - အပယ်ဆင်းရဲ မလွဲမုချ ဒုဂ္ဂတိဘဝသို့၊ ဂတော - ရောက်သည်ဖြစ်၍၊ ဘိယျော - လွန်စွာ၊ တပ္ပတိ - ပူပန်ဆင်းရဲရလေ၏။

ဂါထာအဆုံး၌ များစွာသော လူတို့သည် သောတာပန်စသည်တို့ ဖြစ်ကြလေကုန်၏။ ဒေသနာတော် သည် လူများစွာအဖို့ အကျိုးရှိသော ဒေသနာတော်ဖြစ်ပေသည်။

**ဒေဝဒတ္တ ဝတ္ထုပြီး၏။**

# ၁၂။ ဒွေသဟာယကဘိက္ခုဝတ္ထု

သာဝတ္ထိမြို့သား မိတ်ဆွေအမျိုးသားနှစ်ယောက်တို့သည် ဇေတဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာကြပြီး ကာမတို့ကို ပယ်စွန့်ကာ သာသနာတော်၌ ရင်ကိုပေး၍ ရဟန်းပြုကြသည်။ ငါးနှစ်ပတ်လုံး ဆရာဥပဇ္ဈာယ်တို့ထံ၌ နေပြီးနောက်, မြတ်စွာဘုရားထံ ချဉ်းကပ်၍ သာသနာတော်၌ ပြုဖွယ်ကိစ္စတာဝန်ကို မေးလျှောက်ကြသည်။

ဝိပဿနာဓုရနှင့် ဂန္ထဓုရကို အကျယ်အားဖြင့် ကြားနာကြပြီးနောက် ရဟန်းတစ်ပါးက မြတ်စွာဘုရားအား လျှောက်ထားသည်မှာ -

မြတ်စွာဘုရား တပည့်တော်သည် အရွယ်ကြီးလာချိန်၌ ရဟန်းပြုခဲ့သူဖြစ်၍ ဂန္ထဓုရ (စာပေ ကျမ်းဂန် သင်အံလေ့ကျင့်မှု လုပ်ငန်းတာဝန်)ကို ဖြည့်ကျင့်နိုင်စွမ်းမရှိပါ၊ ဝိပဿနာဓုရ(တရားရှုမှတ် ပွားများမှု ဝိပဿနာလုပ်ငန်းတာဝန်)ကို ဖြည့်ကျင့်ပါမည်ဟု လျှောက်ထားကာ အရဟတ္တဖိုလ်သို့ ပေါက် မြောက်သည့်တိုင်အောင် တရားရှုမှတ်ပွားများအားထုတ်မှု ဝိပဿနာလုပ်ငန်းစဉ်ကို ဟောပြရန် လျှောက် ထားလေသည်။ အရဟတ္တဖိုလ် ပေါက်မြောက်သည့်တိုင်အောင် မြတ်စွာဘုရား ဟောပြအပ်သော ဝိပဿနာလုပ်ငန်းလမ်းစဉ်အတိုင်း တရားအားထုတ်မှုကို ပြင်းပြင်းထန်ထန်အားထုတ်လျက် ပဋိသမ္ဘိဒါလေးပါးနှင့် အတူအရဟတ္တဖိုလ်သို့ ပေါက်ရောက်သွားလေ၏။

ရဟန်းတစ်ပါးသည်ကား ငါသည် ဂန္ထဓုရကိုဖြည့်ကျင့်မည်ဟူသော အကြံအစည်ဖြင့် ပိဋကတ်သုံးပုံတည်းဟူသော ဘုရားစကားတော်ကို အစဉ်အတိုင်းသင်ယူပြီးနောက် ရောက်ရာ၊ ရောက်ရာဌာန၌ တရားဟောသည်။ အသံဖြင့် စာကိုရွတ်အံ သရဇ္ဈာယ်သည်။ ရဟန်းငါးရာတို့အား ပရိယတ်တရားကို ပို့ချလျက် သွားလာနေထိုင်သည်။ ဂိုဏ်းကြီး တစ်ဆယ့်ရှစ်ဂိုဏ်းတို့၏ ဆရာဖြစ်သည်။

ရဟန်းတို့သည် မြတ်စွာဘုရားထံတော်၌ ကမ္မဋ္ဌာန်းကိုသင်ယူ၍ ရဟန္တာထေရ်၏ နေရာဌာနသို့ သွားကြပြီး ရဟန္တာထေရ်၏ ဩဝါဒ၌ လိုက်နာရပ်တည်ကြသောကြောင့် အရဟတ္တဖိုလ်သို့ ရောက်ကြပြီးနောက် ရဟန္တာထေရ်ကိုရှိခိုးကြပြီးမြတ်စွာဘုရားကို သွားရောက်ဖူးမြော်လိုကြကြောင်း လျှောက်ထားကြသည်။

ရဟန္တာထေရ်သည် ငါ့ရှင်တို့ ကြွတော်မူပါ။ တပည့်တော်၏စကားဖြင့် မြတ်စွာဘုရားကို ရှိခိုး၍ မဟာထေရ်ရှစ်ကျိပ်တို့ကို ရှိခိုးကြပါ။

တပည့်တော်တို့၏ ဆရာက အရှင်ဘုရားတို့ကို ရှိခိုးပါ၏ဟု တပည့်တော်၏ မိတ်ဆွေ ဂန္ထဓုရဆောင်ထေရ်ရဟန်းကိုလည်း လျှောက်ထားကြပါဟု မှာကြား၍- စေလွှတ်လိုက်သည်။

ထိုရဟန်းတို့သည် ဇေတဝန်ကျောင်းတော်သို့ သွားရောက်ကြ၍ မြတ်စွာဘုရားနှင့် မဟာထေရ်ရှစ်ကျိပ်တို့ကို ရှိခိုးပြီး ဂန္ထဓုရဆောင်ထေရ်ရဟန်း၏ ထံသို့သွားကြပြီး-

အရှင်ဘုရား တပည့်တော်တို့ဆရာ (ဝိပဿနာဓုရဆောင်ရဟန်း)က အရှင်ဘုရားတို့ကို ရှိခိုးလိုက်ပါ၏ဟု လျှောက်ထားကြလေ၏။

ထိုအခါ ဂန္ထဓုရဆောင်ထေရ်ရဟန်းက ရှိခိုးလိုက်ပါသည်ဆိုသော - သင်တို့၏ ဆရာထေရ်သည် အဘယ်အမည်ရှိပါသနည်းဟု မေးလေသော်၊အရှင်ဘုရားတို့၏မိတ်ဆွေရဟန်း (ဝိပဿနာဓုရဆောင်ပါ) ဟု လျှောက်ထားကြလေ၏။

ဂန္ထဓုရဆောင်ထေရ်ရဟန်းသည် အကြိမ်ကြိမ်မေးမြန်းနားထောင်ပြီး အချိန်အနည်းငယ်သည်းခံစောင့်ဆိုင်း၍ နောက်အဖို့ဖြစ်သော အချိန်၌သည်းမခံနိုင်တော့ရကားတပည့်တော်တို့၏ဆရာ (ဝိပဿနာ ဓုရဆောင်ရဟန်း)က အရှင်ဘုရားတို့ကို ရှိခိုးလိုက်ပါ၏ဟု ထပ်မံလျှောက်ထားလေသော် ရှိခိုးလိုက်ပါ၏ဆိုသော သင်တို့ဆရာသည် ဘယ်သူနည်းဟု ထပ်မံမေးပြန်လျှင် အရှင်ဘုရားတို့၏ မိတ်ဆွေ(ဝိပဿနာဓုရဆောင်)ရဟန်းပါဟု လျှောက်ထားပြန်လေ၏။

ထိုအခါ - ဘယ်လိုနည်း သင်တို့သည် သင်တို့ဆရာထံ၌ ဘာစာကို သင်ယူထားကြသနည်း။ ဒီဃနိကာယ်အစရှိသော နိကာယ်ငါးကျမ်းတို့တွင် အဘယ်မည်သော နိကာယ်ကိုသင်ယူထားကြ သနည်း။ ပိဋကတ်သုံးပုံတွင် အဘယ်ပိဋကတ်တစ်ခုကို သင်ယူထားကြသနည်းဟု ပြောဆိုပြီးသော် သင်တို့ဆရာဝိပဿနာဓုရဆောင်ရဟန်းသည် -

လေးပါဒရှိဂါထာကိုသော်လည်း မသိ၊ ပံသုကူသင်္ကန်းကိုယူ၍ ရဟန်းပြုပြီးချိန်ကပင် တောဝင်သွားသူဖြစ်သည်။ အတွင်းနေတပည့်များစွာကို ရသူစင်စစ်ဖြစ်၏။ သင်တို့ဆရာ ဝိပဿနာ ဓုရဆောင်ရဟန်း ရောက်လာသည့်အခါ ငါဂန္ထဓုရဆောင်ရဟန်းသည် ပြဿနာကိုမေးဖို့သင့်သည်ဟု စိတ်ကူးထားလေ၏။

ထိုအချိန်မှ နောက်ကာလ၌ ဝိပဿနာဓုရဆောင်ထေရ်ရဟန်းသည် မြတ်စွာဘုရားကို ဖူးမြော်ရန် ဇေတဝန်ကျောင်းတော်သို့ ရောက်လာပြီး မိတ်ဆွေ ဂန္ထဓုရဆောင်ထေရ်ရဟန်း၏ အထံ၌ သပိတ် သင်္ကန်းကိုထားခဲ့၍ မြတ်စွာဘုရားနှင့် မဟာထေရ်ရှစ်ကျိပ်တို့သွားရောက်ရှိခိုးပြီး မိတ်ဆွေ ဂန္ထဓုရ ဆောင်ရဟန်း၏ နေရာဌာနကျောင်းသို့ပြန်လာလေ၏။

ထိုအခါ ဂန္ထဓုရဆောင်ရဟန်းသည် ဝိပဿနာဓုရဆောင်ရဟန်းအား ဝတ်ကြီး၊ ဝတ်ငယ်ပြုစေပြီး အနိမ့်အမြင့်တူညီသောနေရာကိုယူ၍ ပြဿနာကိုမေးတော့အံ့ဟု ရည်ရွယ်လျက် ထိုင်နေလေ၏။

ထိုခဏ၌ မြတ်စွာဘုရားက ဂန္ထဓုရဆောင်ရဟန်းသည် ငါဘုရား၏ သားတော်ရဟန္တာကို ညှင်းဆဲထိပါးလေသော် ငရဲ၌ဖြစ်လေရာ၏ဟု ဂန္ထဓုရဆောင်ရဟန်း၌သနားမှုကရုဏာကြောင့် ကျောင်းစဉ်ဒေသစာရီ လှည့်လည်သကဲ့သို့လှည့်လည်လာတော်မူရာ ဝိပဿနာဓုရဆောင် ရဟန်းနှင့် ဂန္ထဓုရဆောင်ရဟန်း နှစ်ပါးတို့၏ နေထိုင်ရာ ဌာနကျောင်းသို့ရောက်တော်မူကာ ခင်းထားအပ်သည့် မြတ်သောနေရာ၌ ထိုင်နေတော်မူသည်။

အကျယ်ကိုဆိုဦးအံ့။ ထိုထိုနေရာတိုင်း၌ နေထိုင်ကြသော ရဟန်းတို့သည် မြတ်စွာဘုရား ထိုင်တော်မူရန် နေရာကို ခင်းထားကြ၍သာ နေထိုင်ကြကုန်၏။ ထို့ကြောင့်မြတ်စွာဘုရားသည် နဂိုမူလ ခင်းထားမြဲဖြစ်သောနေရာ၌သာ ထိုင်နေတော်မူသည်။

ထိုင်တော်မူပြီးသော် ဂန္ထဓုရဆောင်ရဟန်းကို ပထမဈာန်၌ မေးသင့်သည်ကို မေးတော်မူသည်။ ဂန္ထဓုရဆောင်ရဟန်း မဖြေဆိုဘဲနေလေသော် ဒုတိယဈာန်ကို အစပြု၍ ရူပါဝစရ အရူပါဝစာသမာပတ် ရှစ်ပါးတို့၌ မေးသင့်သည်ကို မေးတော်မူသည်။ ဂန္ထဓုရဆောင်ရဟန်းသည် အမေးတစ်ခုကိုသော်လည်း ဖြေဆိုခြင်းငှာ မစွမ်းနိုင်လေ။

ဝိပဿနာဓုရဆောင်ရဟန်းသည် လောကီဈာန်နှင့် စပ်၍ မေးသမျှ အားလုံးကို ဖြေဆိုလေသည်။

ထိုနောက်မြတ်စွာဘုရားသည် ဂန္ထဓုရဆောင်ရဟန်းကို သောတာပတ္တိမဂ်၌မေးသင့်သည်ကို မေးတော်မူသည်။ ဂန္ထဓုရဆောင်ရဟန်းသည် ဖြေဆိုရန် မတတ်နိုင်လေ။

ထိုနောက်ရဟန္တာထေရ်ကို မေးတော်မူသည်။ ရဟန္တာထေရ်သည် မေးအပ်သည်ကို ဖြေဆိုတော်မူသည်။

မြတ်စွာဘုရားသည် ချစ်သားရဟန်းကောင်းပေစွ၊ ကောင်းပေစွဟု မိန့်တော်မူကာ လွန်စွာနှစ်သက်ပြီးကျန်သော မဂ်တရားတို့၌လည်း အစဉ်လိုက် မေးသင့်သည်ကို မေးတော်မူသည်။ ဂန္ထာဓုရဆောင်ရဟန်းသည် အမေးတစ်ခုကိုသော်လည်း ဖြေဆိုနိုင်စွမ်းမရှိလေ။

ထိုသာဓုခေါ်ကောင်းချီးပေးသံကို ကြားကြကုန်၍ ဂန္ထဓုရဆောင် ရဟန်း၏ အတွင်းနေတပည့်၊ အတူနေတပည့်တို့သည် မြတ်စွာဘုရားကို ကဲ့ရဲ့ရှုတ်ချကြကုန်၏။

မြတ်စွာဘုရားသည်အဘယ်မည်ရှိသောအမှုကို ပြုအပ်လေသနည်း။ စာတစ်ပိုဒ်ကိုမျှ မသိသောသက်ကြီးထေရ်ရဟန်းအားလေးနေရာ၊ လေးဌာနတို့၌ သာဓုခေါ်ကောင်းချီးပေးတော်မူသည်။

ပရိယတ္တိဓမ္မအားလုံးကိုဆောင်လျက် ရဟန်းငါးရာတို့၏ ဦးစီးပဓာန နာယကဖြစ်သော ငါတို့ဆရာအား ချီးမွမ်းရုံမျှကိုလည်း ပြုတော်မမူချေ။

ဤသို့ကဲ့ရဲ့ကြသောအခါ ထိုရဟန်းတို့ကို မြတ်စွာဘုရားသည် ရဟန်းတို့ အဘယ်မည်သော စကားကို ပြောဆိုကြသနည်းဟု မေးတော်မူလေလျှင် ဆိုခဲ့ပြီးသောအကြောင်းကို လျှောက်ထားလေသော်

ရဟန်းတို့ သင်တို့၏ ဂန္ထဓုရဆောင် ဆရာရဟန်းသည် ငါဘုရား သာသနာတော်၌ အခယူ၍ နွားကျောင်းသူနှင့်တူသည်။

ငါဘုရား၏ သားတော် ဝိပဿနာဓုရဆောင်ရဟန်းသည်ကား ဂေါရသ (နွားနို့အရသာ)ငါးမျိုးကို အလိုရှိတိုင်းစားသုံးနေသော နွားသခင်နှင့်တူပေသည်ဟု မိန့်တော်မူကာ ဤဆို လတ္တံ့သော ဂါထာတို့ကို ဟောပြတော်မူသည်။

( က ) "ဗဟုမ္ပိစေ သံဟိတ ဘာသမာ နော၊
နတက္က ရော ဟောတိ နရော ပမတ္တော။
ဂေါပေါ၀ ဂါဝေါ ဂဏာယံ ပရေသံ၊
န ဘာဂဝါ သာမညဿ ဟောတိ။

( ခ ) အပ္ပမ္ပိ စေ သံဟိတ ဘာသမာနော၊
ဓမ္မဿ ဟောတိ အနုဓမ္မစာရီ။
ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊
သမ္မပ္ပဇာ နော သုဝိမုတ္တစိ တ္တော။
အနုပါဒိယာ နော ဣဓ ဝါ ဟုရံ ဝါ။
သ ဘာဂဝါ သာမညဿ ဟောတိ။"

(က) ယောနရော - အကြင်သူသည်၊ သံဟိတံ - အစီးအပွားနှင့် စပ်ယှဉ်သော ပိဋကတ်သုံးဖေါ်ဘုရားစကားတော်ကို၊ ဥဂ္ဂဏှိတွာ - ဆရာအမျိုးမျိုးထံ၌ သင်ယူ၍၊ ဗဟုမ္ပိ - များစွာလည်း၊ ဘာသမာနော - ပို့ချပြောဟောလျက်၊ ပမတ္တော - မေ့မေ့ လျော့လျော့၊ တက္ကရော - တရားတော်ကိုပြုကျင့်သူသည်၊ စေ န ဟောတိ - အကယ်၍မဖြစ်အံ့၊ သောနရော - ထိုသူသည်၊ ဂေါပေါ - နွားကျောင်းသားသည်၊ ပရေသံ - နွားရှင်တို့၏၊ ဂါဝေါ - နွားတို့ကို၊ ဂဏာယံ - ဂဏာယန္တော - နွားအကောင်ရေစုံအောင်ရေတွက်လျက်၊ နိယျာဒေတွာ - အပ်နှင်း၍၊ ဒိဝသဘတိ မတ္တံ - နေ့စားမျှကို၊ ဂဏှာတိ ဣဓ

- ယူသကဲ့သို့၊ သာမညဿ - မင်္ဂဖိုလ်အထူး ရဟန်းကျေးဇူး၏၊ ဘာဂဝါ - အဖို့ရှိသူသည်၊ နဟောတိ - စင်စစ်မသွေ မဖြစ်ပါလေ။

(ခ) ယောနရော - အကြင်သူသည်၊ သံဟိတံ - အစီးအပွားနှင့် စပ်ယှဉ်သော၊ ပိဋကတ်သုံးဖော် ဘုရားစကားတော်ကို၊ အပ္ပမ္ပိ - တစ်ဝဂ်၊ နှစ်ဝဂ် အနည်းငယ်မျှကိုလည်း၊ဘာသမာနော - သင်ယူပို့ချပြောဟောလျက်၊ ဓမ္မဿ - လောကုတ္တရာ တရားကိုးပါးအား၊ အနုဓမ္မစာရီ - လျော်သော ရှေ့အဖို့အကျင့်ဟုဆိုအပ်သော၊ ပါရိသုဒ္ဓိ သီလလေးပါး၊ ဓုတင်အသုဘ ကမ္မဋ္ဌာန်းအစရှိသော လျော်သော တရားကိုကျင့်သည်၊ စေ - ဟောတိ အကယ်၍ ဖြစ်အံ့။

သောနရော - ထိုသူသည်၊ ရာဂဉ္စ - ရာဂကိုလည်းကောင်း၊ ဒေါသဉ္စ - ဒေါသကိုလည်းကောင်း၊ မောဟံ - မောဟကိုလည်းကောင်း၊ ပဟာယ - ပယ်စွန့်၍၊ သမ္မဇာနော - သင့်မြတ်သောနည်းဖြင့် ပိုင်းခြားသိသင့်သော တရားတို့ကို ပိုင်းခြားသိ၍၊ သုဝိမုတ္တစိတ္တော - တဒင်္ဂဝိမုတ္တိ၊ ဝိက္ခမ္ဘန ဝိမုတ္တိ၊ သမုစ္ဆေဒ ဝိမုတ္တိ၊ ပဋိပ္ပဿဒ္ဓိ ဝိမုတ္တိ၊ နိဿရဏဝိမုတ္တိတို့အလိုဖြင့် ကိလေသာမှ လွတ်သောစိတ်ရှိသည် ဖြစ်၍၊ ဣဓဝါ - ဤလောက ခန္ဓာ အာယတန ဓာတ်ကိုလည်းကောင်း၊ ဟုရံ ဝါ = တစ်ပါးလောက ခန္ဓာ အာယတနဓာတ်တို့ကိုလည်းကောင်း၊ အနုပါဒိယာနော - ဥပါဒါန်လေးပါးတို့ဖြင့် မစွဲလန်းမူ၍၊ သာမညဿ - မင်္ဂဖိုလ် အထူးရဟန်းကျေးဇူး၏၊ ဘာဂဝါ - အဖို့ရှိသူသည်၊ ဟောတိ - စင်စစ်မသွေ ဖြစ်ရလေ၏။

ဤသို့ မြတ်စွာဘုရားသည် သီလနှင့်ပြည့်စုံလျက် ဗဟုသုတရှိပြီး အနိစ္စ စသည်တို့ အလိုဖြင့် သင့်လျော်သော နှလုံးသွင်းအားထုတ်မှု၌ မေ့လျော့နေသော ရဟန်းအတွက် ပထမဂါထာကို ဟောတော်မူသည်။ ဒုဿီလရဟန်းအထွတ် ဟောတော်မူသည်မဟုတ်။

ဒုတိယဂါထာကိုကားဗဟုသုတနည်းသော်လည်း အနိစ္စစသည်တို့ အလိုဖြင့်အသင့်အားဖြင့် နှလုံးသွင်းရှုမှတ်မှုကိုပြုသော ပုဂ္ဂိုလ်အတွက် ဟောတော်မူသည်။

ဂါထာတို့၏ အဆုံး၌များစွာသောလူတို့သည် သောတာပန်စသည်တို့ဖြစ်ကြလေကုန်၏။ဒေသနာ တော်သည်လူများစွာအဖို့ အကျိုးရှိသော ဒေသနာတော်ဖြစ်လေသည်။

**ယမကဝဂ် – ပြီး၏။**

## ၂။ အပ္ပမာဒဝဂ်
## ၁၃။ စူဠပန္ထကထေရ် ဝတ္ထု

ရာဇဂြိုဟ်မြို့၌ ဓနသေဋ္ဌိအမည်ရှိသော သူဌေးတစ်ဦး၏ သမီးသည် အပျိုရွယ်ရောက်ပြီးချိန်၌ မိဘတို့က ဘုံခုနစ်ဆင့်ပြာသဒ်၏ အထက်ဆုံး အဆင့်၌လွန်စွာ စောင့်ရှောက်ထားပါလျက် ပျိုမြစ်နုနယ် အရွယ်၌ မာန်ရစ်ခြင်းဖြင့် ယောကျ်ားတို့၌ လော်လည်သူဖြစ်၍ မိမိ၏ကျွန်နှင့်ပင် ပေါင်းဖော်နေလေ၏။

သူဌေးသမီးသည် သူ၏ကျွန်ယောကျ်ားနှင့် ပေါင်းဖော်နေမှုကို တခြားလူများသိမည်ကို ကြောက်သည်ဖြစ်၍ ကျွန်ယောကျ်ားကို ဤသို့ပြောဆိုလေ၏။

ငါတို့နှစ်ယောက် ဒီအိမ်၊ ဒီအရပ်မှာမနေသင့်ဘူး၊ ငါ့မိဘများ၊ ငါ့အပြစ်ကို သိသွားကြလျှင် ငါ့ကိုအပိုင်းအပိုင်း ဖြတ်သတ်ကြလိမ့်မည်။ တခြားအရပ်သွားနေကြပါစို့။

ထိုသို့ပြောဆိုပြီး သူဌေးသမီးနှင့် ကျွန်ယောကျ်ားတို့သည် လက်၌ရှိသော၊ လက်ဖြင့်ဆောင်ယူနိုင်လောက်သော ရွှေ ငွေဥစ္စာနှစ်ကို ယူဆောင်ကြကာ မြို့၏မြတ်သောတံခါးဖြင့် ထွက်ခဲ့ကြပြီး တခြားလူတို့ မသိနိုင်လောက်သောအရပ်သို့ သွားနေကြစို့ဟု နှစ်ယောက်လုံးသွားကြလေ၏။

တစ်နေရာ၌ နေကြသော သူဌေးသမီး၊ ကျွန်ယောကျ်ားတို့၏ နေထိုင်ပေါင်းဖော်မှုကို အစွဲပြု၍ သူဌေးသမီး၌ ကိုယ်ဝန်တည်နေလေ၏။

သူဌေးသမီးသည် ကိုယ်ဝန်ရင့်ကျက်လာမှုကို အကြောင်းပြု၍ လင်ဖြစ်သူ ကျွန်ယောကျ်ားနှင့် တိုင်ပင်ပြောဆိုလေ၏။

ငါ့မှာ ကိုယ်ဝန်ရင့်နေပြီ မိဖဆွေမျိုးတို့နှင့်ကင်းကွာသည့် နေရာမှာ ကိုယ်ဝန်မှ ထခြင်း (ကလေးမျက်နှာမြင်ရခြင်း)သည် ငါတို့နှစ်ယောက်လုံးအဖို့ ဆင်းရဲကိုဆောင်ရသည်၊ မိဘအိမ်သို့သာ သွားကြပါစို့။

လင်ဖြစ်သူ ကျွန်ယောကျ်ားသည် အကယ်၍ သူ့မိဘအိမ် ငါလိုက်ပါသွားလျှင် ငါ့အသက်မရှိ တော့ပြီဟု ကြောက်ရွံ့ခြင်းကြောင့် ဒီနေ့ သွားကြစို့၊ မနက်ဖန်သွားကြစို့ဟု ပြောဆိုကာ ရက်တို့ကို လွန်မြောက်စေသည်။

သူဌေးသမီးသည် ဤသို့ ကြံစည်ပြန်သည်။

ဤလူမိုက်သည် သူ့အပြစ်ကြီးမားမှုကြောင့် မသွားဝံ့သူဖြစ်သည်။ မိဘဆိုတာ စင်စစ်သားသမီးတို့ စီးပွားကို ဆောင်ရွက်သူများသာဖြစ်သည်။ ဤလူမိုက်လိုက်သည်ဖြစ်စေ၊ မလိုက်သည်ဖြစ်စေ ငါသွားမည်။

သူဌေးသမီးသည် သူ၏နေထိုင်ရာ အိမ်မှထွက်ခါနီးတွင် အိမ်အသုံးအဆောင်ပရိဘောဂကို သိုမှီးသိမ်းဆည်း၍ မိဘအိမ်သို့သွားကြောင်း၊ အနီးအိမ်၌ နေသူတို့အား မှာထားခဲ့ပြီး ထွက်သွားလေ၏။ လင်ဖြစ်သူ ကျွန်ယောကျ်ားသည် အိမ်သို့ရောက်လာသော် သူဌေးသမီးကို မမြင်ရသဖြင့် အိမ်နီးချင်းတို့ကို မေးလေလျှင် သူ့အမျိုးသမီး မိဘအိမ်ပြန်သွား ကြောင်းကြားသိရသော် လျင်မြန်စွာ အပြေးလိုက်သည် ဖြစ်၍ လမ်းခရီးအကြား၌ သူဌေးသမီးထံ ရောက်လာလေ၏။ သူဌေးသမီးလည်း လမ်းခရီး၌ပင် ကိုယ်ဝန်မှထလေ၏။ (ကလေးမျက်နှာမြင်လေ၏) လင်ဖြစ်သူကျွန်ယောကျ်ားသည်ရှင်မ ဒါကဘာလဲ။

အိမ့်ရှင် ကျွန်မသားတစ်ယောက်ဖွားမြင်တာပါ။

ယခု ဘာကိုလုပ်ကြမည်လဲ။

ကလေးမျက်နှာမြင်ဖို့ ငါတို့ မိဘအိမ်သွားကြတာ၊ အိမ်မရောက်မှီ လမ်းခရီးမှာပင် ဒီကိစ္စပြီးသွားပြီ၊ မိဘအိမ်သွားလို့ ဘာလုပ်မည်လဲ၊ ပြန်ကြစို့ဟု ပြောဆိုကြပြီး နှစ်ယောက်လုံး စိတ်တူသဘောတူ ပြန်ခဲ့ကြသည်။

ကလေး၏ နာမည်ကို လမ်းခရီး၌ ဖွားမြင်သူဖြစ်သောကြောင့် "ပန္ထက"ဟု မှည့်ခေါ်ကြသည်။

သူဌေးသမီး၏ ထိုနည်းဖြင့်ပင် နောက်ထပ်သားတစ်ယောက် ဖွားမြောက်ပြန်ရာ ပထမသားကို မဟာပန္ထက၊ ဒုတိယသားကို စူဠပန္ထကဟု နာမည်မှည့်ခေါ်ကြသည်။

သူဌေးသမီးနှင့် ကျွန်ယောကျ်ား ဇနီး၊ ခင်ပွန်းတို့သည် သားသူငယ်နှစ်ယောက်ကိုယူ၍ မိမိတို့ နေရာ အရပ်သို့သာ သွားကြလေ၏။ ထိုအရပ်၌နေကြစဉ် မဟာပန္ထကသူငယ်သည် တခြားသူငယ်တို့ ဘဒွေး၊ ဘကြီး၊ အဖွား၊ အဖိုးဟု ခေါ်ဆိုသံကို ကြားရလေသော် မိခင်ကို မေးလေ၏။

အို မိခင် တခြားသူငယ်တို့သည် အဖိုး၊ အဖွား၊ ဘကြီး၊ ဘဒွေးဟုခေါ်ကြပါသည်။ ကျွန်တော်တို့ မှာသာ ဆွေမျိုးများမရှိကြပါလား။

ချစ်သား၊ ဟုတ်တယ်၊ ဒီအရပ်၊ ဒီရွာမှာငါတို့ဆွေမျိုးမရှိဘူး၊ ရာဇဂြိုဟ်မြို့မှာတော့ သားတို့ရဲ့ အဖိုးဓနသေဌေး သူဌေးကြီးကစပြီး ငါတို့ဆွေမျိုးတွေ အများကြီးရှိတယ်။

အို မိခင် ဘာကြောင့် အဲဒီရာဇဂြိုဟ်မြို့ကို မသွားကြတာလဲ။

မိခင်ဖြစ်သူသည် သူ၏ ရာဇဂြိုဟ်မြို့သို့မသွားသည်အကြောင်းကို သူသားအားမပြောဆိုဘဲနေလာရာသားတွေက အကြိမ်ကြိမ်မေးမြန်း ကြလေ သော်လင်ယောကျ်ားကို ပြောဆိုလေ၏။

ဒီသူငယ်နှစ်ယောက်က ကျွန်မကို အားကြီး ပင်ပန်းဆင်းရဲစေကြတယ်။ ကျုပ်တို့ကို မိဘများမြင်လျှင် ကျုပ်တို့အသားကို စားကြမှာလား၊ လာသွားကြစို့၊ သူငယ်တို့အား သူတို့အဖိုးအိမ်ကို ပြပေးကြပါစို့။

ငါတော့ သူငယ်တို့ အဖွား၊ အဖိုး အမြင်မခံဝံ့ဘူး၊ သို့သော် သူငယ်တို့ကို ပို့ပေးမည်။

ကောင်းပါပြီ ဘယ်နည်းနှင့် ဖြစ်ဖြစ် သူငယ်တို့အား အဖိုးအိမ်ကိုသာ မြင်ဖို့သင့်ပါသည်။

ဇနီး၊ ခင်ပွန်းနှစ်ယောက်တို့သည် သားသူငယ်တို့ကို ခေါ်၍ ခရီးစဉ်အားဖြင့် ရာဇဂြိုဟ်မြို့သို့ ရောက်ကြလျှင် မြို့တံခါးအနီး ဇရပ်တစ်ခု၌ ဝင်၍မိခင်ဖြစ်သူသည် သားသူငယ်နှစ်ယောက်ကိုယူ၍ သူလာကြောင်းကို မိဘတို့ထံ ပြောစေ၏။ မိဘတို့ လည်း သမီးတို့လာကြောင်း သတင်းစကားကို ကြားကြလေသော် သံသရာ၌ ကျင်လည်ကြသူတို့၏ သားမဖြစ်ဖူးသူ၊ သမီးမဖြစ်ဖူးသူ မရှိချေ။ သမီးနှင့် ကျွန်တို့သည် ငါတို့အားအကြီးအကျယ် ပြစ်မှားသူများဖြစ်ကြသည်။ သူတို့ကို ငါတို့မမြင်လို။ ဤမျှ လောက်သော ဥစ္စာကိုယူ၍ သမီးနှင့်သမက်နှစ်ယောက်လုံး ချမ်းသာမည့်အရပ်သို့သွား၍ အသက်မွေးနေကြစေ။ သားသူငယ်တို့ကိုမူ ငါတို့ထံ ပို့ပေးကြစေဟု ဥစ္စာကိုပေး၍ တမန်ကို စေလွှတ်ကြကုန်၏။

သူဌေးသမီး ဇနီးမောင်နှံတို့သည် ပို့လိုက်သော ဥစ္စာကို ယူထားပြီး သူငယ်တို့ကို ရောက်လာသော တမန်တို့၏ လက်၌ပင်ပေး၍ ပြန်လွှတ်လိုက်ကြသည်။သူငယ်တို့သည် အဖိုး၊ အဖွားများအိမ်၌ အသက်ကြီးခဲ့ကြသည်။

သူငယ်နှစ်ယောက်တို့တွင် စူဠပန္ထကသည် ငယ်လွန်းသူဖြစ်သည်။ မဟာပန္ထကမှာမူ အဖိုးနှင့်အတူ မြတ်စွာဘုရား၏ တရားတော် ဓမ္မကထာကို နာယူရန်လိုက်ပါသွားသည်။

အမြဲမပြတ် မြတ်စွာဘုရားထံတော်သို့ လိုက်ပါသွားသော မဟာပန္ထက၏ စိတ်သည် ရဟန်း အဖြစ်၌ ညွတ်ကိုင်းနေသည်။

မဟာပန္ထကသည် ကျွန်တော်ကို ခွင့်ပြုနိုင်ကြလျှင် ကျွန်တော်ရဟန်းပြုပါမည်ဟု သူ့အဖိုးကို ပြောလေ၏။

မြေးကလေးဘယ်လိုပြောလိုက်တာလဲ။ လောကသားအားလုံး ရဟန်းပြုတာထက် သင်ရဟန်းပြုခြင်းက ပိုကောင်းတယ်။

(မြေးကလေးဘာကိုပြောတာလဲ၊လောကသားအားလုံး ရဟန်းပြုသော်လည်း ငါ့တို့မတားမြစ်ဘူး၊ ဒါကြောင့် မြေးရဲ့ ရဟန်းပြုခြင်းဟာကောင်းတယ်)။ (မူနှစ်မျိုးရှိသည်)

မြေးကလေးရဟန်းပြုနိုင်မယ်ဆိုရင် ပြုပေတော့ဟု ပြောဆိုကာ မဟာပန္ထကကို မြတ်စွာဘုရားထံ ခေါ်လာလေသော် မြတ်စွာဘုရားက သူကြွယ် သင်သည် သူငယ်ကို ဘယ်လိုရခဲ့သလဲ။

မြတ်စွာဘုရား မှန်ပါသည်။ တပည့်တော်၏ ဒီမြေးသူငယ်က အရှင်ဘုရားတို့ထံတော်၌ ရဟန်းပြု လိုပါသတဲ့ဘုရား။

မြတ်စွာဘုရားသည် ဆွမ်းခံလှည့်လည်သော ရဟန်းတစ်ပါးကို ဒီသူငယ်ကို ရှင်ပြုပေးလိုက်ဟု ခိုင်းစေတော်မူသည်။ ဆွမ်းခံလှည့်ထေရ် ရဟန်းသည် မဟာပန္ထကအား တစပဉ္စက(ကိုယ်အရေလျှင် ငါးခုမြောက်ရှိသော)ကမ္မဋ္ဌာန်းကို ပြောပြသင်ပေး၍ ရှင်ပြုပေးလေ၏။

မဟာပန္ထကသာမဏေသည် များစွာသော ဘုရားစကားကို သင်ယူ၍ အသက် (၂၀)ပြည့်လေ သော် ရဟန်းအဖြစ်ကိုယူ၍ နည်းမှန်၊ လမ်းမှန်နှလုံးသွင်းပွားများ ဆင်ခြင်ခြင်းဖြင့် ကမ္မဋ္ဌာန်းကို ရှုမှတ် လေ၏။

မဟာပန္ထကထေရ်သည် ဈာန်ချမ်းသာ၊ ဖိုလ်ချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေလျက် နေထိုင်ကာ ဤချမ်းသာကို စူဠပန္ထကအား ပေးနိုင်မည်လောဟု ကြံစည်မိလေ၏။

ထိုသို့ ကြံစည်ပြီးနောက် အဖိုးသူဌေးထံ သွား၍ -

သူဌေးကြီးခွင့်ပြုမည်ဆိုလျှင် ကျုပ်က စူဠပန္ထကကို ရှင်ပြုပေးပါမည်ဟု ပြောဆိုလေ၏။ သူဌေးကြီးက

အရှင်ဘုရား စူဠပန္ထကကို ရှင်ပြုပေးတော်မူကြပါဟု လျှောက်ထားလေ၏။

သူဌေးကြီးသည် သာသနာတော်၌လည်း ကြည်ညိုသူဖြစ်၏။

ဒီကလေးတွေက သင်ရဲ့ ဘယ်သမီးက မွေးတဲ့သားတွေလည်းဟု မေးခဲ့လျှင် ကျွန်နှင့် ထွက်ပြေးသူ သမီး၏ သားတွေပါဟု ပြောရမှာကို ရှက်သူဖြစ်သည်။ ထို့ကြောင့် မြေးနှစ်ယောက်တို့၏ ရှင်ရဟန်း အဖြစ်ကို လွယ်လွယ်ကူကူသာ ခွင့်ပြုခဲ့လေသည်။

မဟာပန္ထကထေရ်သည် စူဠပန္ထကကို ရဟန်းပြုစေပြီး သီလတို့၌ တည်စေသည်။ စူဠပန္ထကသည် ရဟန်းဖြစ်ပြီး နုံ့နှေးသူ၊ ဉာဏ်ထိုင်းသူ ဖြစ်လေ၏။

"ပဒုံ့ယထာ ကောကနဒံ သုဂန္ဓံ
ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊
တပန္တမာဒိစ္စ မိဝန္တလိက္ခေ"

ဟူသော ဤတစ်ဂါထာကို လေးလတို့ဖြင့် သင်ယူနှုတ်တက်အရကျက်ရန် မစွမ်းနိုင်ခဲ့ချေ။

ပါတော - နံနက်ချိန်၌၊ ဖုလ္လံ - ကားကားစွင့်စွင့်ပွင့်သော၊ အဝီတဂန္ဓံ- မကင်းသောအနံ့ရှိသော (ရနံ့လှိုင်သော)၊ သုဂန္ဓံ - ကောင်းသော အနံ့ရှိသော၊ ကောကနဒံ - နီမြန်းသောအဆင်းရှိသော၊ ဝိရောစမာနံ - တင့်တယ်သော၊ ပဒ္မံ - ပဒုမ္မာကြာကို၊ ပဿန္တော - ရှုမြင်ရသည်၊ သိယာယထာ - ဖြစ်ရာသကဲ့သို့(ဖြစ်ရသကဲ့သို့)၊ အန္တလိက္ခေ - ကောင်းကင်၌၊ တပန္တံ - ထွန်းလင်းတောက်ပသော၊ အာဒိစ္စံ - နေမင်းကို၊ ပဿတိက္ကဝ - မြင်ရသကဲ့သို့၊ အင်္ဂီရသံ - ကြာသပတေးဂြိုဟ် သဖွယ်တင့်တယ်ဂုဏ်မြောက်အရောင်တောက်လျက်၊ ဝိရောစမာနံ - တင့်တယ်တော်မူသော၊ ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ ပဿ - ဖူးမြော်ပါလော့။

စူဠပန္ထကထေရ်သည် ကဿပမြတ်စွာဘုရားလက်ထက်တော်က ရဟန်းပြုပြီး ပညာရှိသူဖြစ်၍ ဉာဏ်လေးသော ရဟန်းတစ်ပါး ပါဠိသင်ယူသောအခါ ကစားကျီစယ်ပျက်ရယ်မှုကို ပြုခဲ့ဘူးသတဲ့။

ကစားကျီစယ် ပျက်ရယ်မှုကို ပြုခဲ့ခြင်းဟူသော ထိုကံကြောင့် စူဠပန္ထက သည် ရဟန်းဖြစ်၍ပင် နှုံ့နှေးသူ၊ ဉာဏ်ထိုင်းသူဖြစ်ရလေ၏။ သင်ယူပြီးတိုင်းဖြစ်သောပုဒ်သည် အထက်အထက်ဖြစ်သော ပုဒ်ကို သင်ယူစဉ် မေ့ပျောက်သွားလေ၏။ ဖော်ပြခဲ့သော"ပဒ္မံ"အစရှိသော ဂါထာကိုပင် နှုတ်တက် အာဂုံရဖို့ သင်ယူအားထုတ်လျက်(အားထုတ်နေစဉ်) လေးလအချိန်လွန်ခဲ့လေပြီ။

ထိုအခါ စူဠပန္ထကကို မဟာပန္ထကသည် ညီတော်စူဠပန္ထက သင်သည် ဤဘုရားသာသနာတော်၌ မဂ်ဖိုလ်ရထိုက်သည်မဟုတ် လေးလအချိန်ဖြင့် ဂါထာတစ်ခုကိုလည်း အရသင်ယူရန် စွမ်းနိုင်သူမဟုတ်။ ရဟန်းကိစ္စသည်မူကား အဘယ်မှာ ပြီးဆုံးခြင်းသို့ ရောက်နိုင်တော့မည်နည်း။ ဤကျောင်းမှ ထွက်ခွာလေတော့ဟု ပြောဆို၍ ကျောင်းမှနှင်ထုတ်လေ၏။

စူဠပန္ထကသည် မြတ်စွာဘုရား သာသနာတော်၌ ချစ်မြတ်နိုးခြင်းဖြင့် လူအဖြစ်ကို တောင့်တသည်မဟုတ်။

ထိုအချိန်အခါ၌ မဟာပန္ထကသည် ဘတ္တုဒ္ဒေသက ဆွမ်းစားလိုက်ရန် ရဟန်းတို့ကို ညွှန်ပြသူ ဖြစ်၏။

အဘယမင်းသား ကောက်ယူကျွေးမွေးထားအပ်သော ဆေးဆရာ ဇီဝကသည် ပန်းနံ့သာလိမ်းချယ်စရာများစွာကိုယူကာ မိမိသရက် ဥယျာဉ်သို့သွားရောက်၍ မြတ်စွာဘုရားကိုပူဇော်ပြီး တရားနာကာ နေရာမှထ၍ မြတ်စွာဘုရားကိုရှိခိုးပြီး မဟာပန္ထကထံ ချဉ်းကပ်မေးမြန်းလေ၏။

အရှင်ဘုရား မြတ်စွာဘုရားအနီး၌ သီတင်းသုံးကြသော ရဟန်းတော်များ အဘယ်မျှ ရှိပါ သနည်း။

ဒါယကာ ဇီဝက ရဟန်းတော်ငါးရာရှိသည်။

အရှင်ဘုရား, မနက်ဖန်နံနက် ဘုရားအမှူးရှိသော ရဟန်းတော်ငါးရာကို ပင့်ဆောင်၍ တပည့်တော် နေအိမ်၌ ဆွမ်းအလှူခံတော်မူကြပါဘုရား။

ဒါယကာ ဇီဝက, စူဠပန္ထကဘွဲ့အမည်ရှိရဟန်းသည် အသိဉာဏ်နှုံ့နှေး၊ ထိုင်းမှိုင်းသူဖြစ်သည်။ တရားတိုးပွားစည်ပင်သူမဟုတ်၊ ထိုရဟန်းကိုထားခဲ့ပြီး ကျန်ရဟန်းတော်များအဖို့ ပင့်ဖိတ်မှုကို ငါလက်ခံသည်။

ထိုစကားကို စူဠပန္ထကကြားသိလေသော် ဤသို့ကြံစည်စိတ်ကူးလေ၏။

ငါ၏ နောင်တော် မဟာပန္ထကထေရ်သည် ရဟန်းငါးရာတို့အဖို့ ပင့်ဖိတ်မှုကိုလက်ခံစဉ် ငါ့ကို ဖယ်ပြီးလက်ခံလိုက်သည်။

ယုံမှားမဲ့(သေချာပေါက်) ငါ့နောင်တော်၏ စိတ်သည် ငါ့အပေါ်၌ ပျက်စီးတာဖြစ်လိမ့်မည်။ ယခုငါ့အဖို့ ဤဘုရားသာသနာတော်ဖြင့် ဘာအကျိုးရှိမည်နည်း။ လူအဖြစ်ဖြင့် ဒါနအစရှိသော ကောင်းမှု-တို့ကို ပြုလျက်

အသက်ရှင်တော့မည်။

စူဠပန္ထကသည် ဤသို့ ကြံစည်စိတ်ကူးပြီး နောက်နေ့၌ စောစောကပင် လူထွက်ရန်သွားလေ၏။

မြတ်စွာဘုရားသည် မိုးသောက်ခါနီး၊ လင်းအားကြီးအချိန် သတ္တလောကကို ရှုကြည့်တော်မူ လေသော် ဤအကြောင်းကို မြင်တော်မူ၍ ရှေးဦးစွာကြွတော်မူ၍ စူဠပန္ထကသွားမည့်လမ်း တံခါးမုခ်ရှေ့၌ စင်္ကြံသွားနေတော်မူသည်။

ထွက်လာသော စူဠပန္ထကသည် မြတ်စွာဘုရားကို တွေ့မြင်လေသော်အနီးသို့ ချဉ်းကပ်ရှိခိုး နေလေ၏။

ထိုအခါ စူဠပန္ထကကို မြတ်စွာဘုရား မေးတော်မူသည်။

စူဠပန္ထက သင်သည် ဒီအချိန်မှာ ဘယ်သွားမည်နည်း။ မြတ်စွာဘုရားတပည့်တော်၏ နောင်တော် မဟာပန္ထက,က တပည့်တော်ကို ကျောင်းမှနှင်ထုတ်ပါသည်။ ထို့ကြောင့် တပည့်တော် လူထွက်ရန် သွားပါမည်ဘုရား။

စူဠပန္ထက သင်၏ ရဟန်းအဖြစ်သည် ငါဘုရား၏ ဥစ္စာဖြစ်သည်။

သင့်နောင်တော်က နှင်ထုတ်ခဲ့တာ ဘာကြောင့် ငါဘုရားထံ မလာသနည်း။ လာလော့၊ သင့်အဖို့ လူအဖြစ်ဖြင့် အကျိုးမရှိ။ ငါဘုရားထံ၌ အကျိုးရှိလိမ့်မည်ဟု စက်လက္ခဏာတို့ဖြင့် မှတ်သားအပ်သော လက်ဖဝါးတော်ဖြင့် စူဠပန္ထကကို ဦးခေါင်း၌ ပွတ်သပ်ခေါ်သွားပြီး ဂန္ဓကုဋီတိုက်တော်ရှေ့၌ ထိုင်စေကာ

စူဠပန္ထက အရှေ့အရပ်၌ မျက်နှာမူ၍ ဤအဝတ်စကို"ရဇောဟရဏံ ရဇောဟရဏံ"မြူကိုဖယ်၊ မြူကိုဖယ်ဟု ဆုပ်နယ်လျက် ဤနေရာ၌သာနေပေလော့ဟု မိန့်တော်မူကာ တန်ခိုးတော်ဖြင့် ဖန်ဆင်း အပ်သော အလွန်စင်ကြယ်သော အဝတ်ပိုင်းကိုပေး၍ ဆွမ်းဘုန်းပေးကြွရန် အချိန်ကျရောက်ကြောင်း လျှောက်ထားအပ်လေသော် ရဟန်းသံဃာ ခြံရံလျက် ဇီဝကဥယျာဉ်သို့ ကြွတော်မူ၍ ခင်းထားအပ်သော နေရာ၌ သီတင်းသုံးတော်မူသည်။

စူဠပန္ထကလည်း နေကိုကြည့်လျက် ထိုအဝတ်ပိုင်းကို"ရဇောဟရဏံ၊ ရဇောဟရဏံ"ဟု ဆုပ်နယ် လျက် ထိုင်နေလေ၏။ ဆုပ်နယ်နေသော စူဠပန္ထက၏ ထိုအဝတ်ပိုင်းသည် ညစ်နွမ်းလေတော့သည်။ ထိုအခါ စူဠပန္ထကသည် -

ဤအဝတ်ပိုင်းသည် မူလက အလွန်စင်ကြယ်သည်၊ သို့သော်လည်း ငါ၏ ဤခန္ဓာကိုယ် အတ္တ ဘောကို အမှီပြု၍ စင်ကြယ်သော သဘောကိုစွန့်၍ ဤသို့ ညစ်နွမ်းခြင်းဖြစ်ရသည်။ သင်္ခါရတရားတို့သည် မမြဲလေကုန်စွတကား။ မမြဲလေကုန်စွတကားဟု ကုန်ခြင်း၊ ပျက်ခြင်းသဘောကို ဆင်ခြင်ပြီး ဝိပဿနာကို ပွားစေသည်။

မြတ်စွာဘုရားသည် စူဠပန္ထကစိတ်သည် ဝိပဿနာသို့ တက်ရောက် ပြီဟု သိတော်မူ၍ -

"ချစ်သား စူဠပန္ထက သင်သည် အဝတ်ပိုင်းကိုသာ ညစ်နွမ်းသည်။ မြူဟု အမှတ်သညာမပြုနှင့် သင်၏ ကိုယ်တွင်း၌ ရာဂမြူစသည်တို့ရှိကုန်၏။ ထိုမြူတို့ကို ဖယ်ရှားလော့"ဟုမိန့်တော်မူပြီး အရောင် အလင်းကိုလွှတ်၍ ရှေ့၌ထိုင်နေတော်မူသကဲ့သို့ ထင်ရှားသော ရုပ်အဆင်းရှိတော်မူသည်ဖြစ်၍ ဤဆို လတ္တံ့သော ဂါထာတို့ကို ဟောပြတော်မူသည်။

(က) "ရာဂေါ ရဇော နစ ပန ရေဏု ဝုစ္စတိ၊

ရာဂဿေတံ အဓိဝစနံ ရဇောတိ။

ဧတံ ရဇံ ဝိပ္ပဇဟိတွာ ဘိက္ခဝေါ၊

ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။

(ခ) ဒေါသော ရဇော နစ ပန ရေဏု ဝုစ္စတိ။
ဒေါသဿေတံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွာ ဘိက္ခဝေါ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။

(ဂ) မောဟော ရဇော နစ ပန ရေဏု ဝုစ္စတိ။
မောဟဿေတံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွာ ဘိက္ခဝေါ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။

(က) ရာဂေါ - တပ်မက်မှု ရာဂကို၊ ရဇော - မြူဟူ၍၊ ဝုစ္စတိ - ဆိုအပ်၏၊ ရေဏုပန - ပကတိ မြူမှုန်ကိုကား၊ ရဇော - မြူဟူ၍၊ နစ ဝုစ္စတိ - မဆိုအပ်သည်သာ။

ရဇောတိ ဧတံ - မြူဟူသော ထိုအမည်သည်၊ ရာဂဿ - တပ်မက်မှု ရာဂ၏၊ အဓိဝစနံ - အမည်ပေတည်း။

ဝိဂတရာဇဿ - ကိလေသာ မြူကင်းတော်မူသော၊ မြတ်စွာဘုရား၏၊ သာသနေ - သာသနာတော်၌၊ တေဘိက္ခဝေါ - ထိုရဟန်းတို့သည်၊ ဧတံ ရဇံ - တပ်မက်မှု ရာဂတည်းဟူသော ထိုမြူကို၊ ဝိပ္ပဇဟိတွာ - ပယ်စွန့်၍၊ ဝိဟရန္တိ - နေထိုင်ကြကုန်၏။

(ခ) ဒေါသော - ပြစ်မှားမှု၊ ပျက်စီးမှု၊ ဖျက်ဆီးမှု ဒေါသကို၊ ရဇော - မြူဟူ၍၊ ဝုစ္စတိ - ဆိုအပ်၏။ ရေဏုပန - ပကတိမြူမှုန်ကိုကား၊ ရဇော - မြူဟူ၍၊ နစ ဝုစ္စတိ - မဆိုအပ်သည်သာ။

ရဇောတိ ဧတံ - မြူဟူသော ထိုအမည်သည်၊ ဒေါသဿ - ပြစ်မှားမှု၊ ပျက်စီးမှု၊ ဖျက်ဆီးမှု၊ ဒေါသ၏၊ အဓိဝစနံ - အမည်ပေတည်း။

ဝိဂတ ရဇဿ - ပြစ်မှားမှု၊ ပျက်စီးမှု၊ ဖျက်ဆီးမှု ဒေါသမြူကင်းတော်မူ သော မြတ်စွာဘုရား၏၊ သာသနေ - သာသနာတော်၌၊ တေဘိက္ခဝေါ - ထိုရဟန်း တို့သည်၊ ဧတံ ရဇံ - ထိုဒေါသမြူကို၊ ဝိပ္ပဇဟိတွာ - ပယ်စွန့်ကုန်၍၊ ဝိဟရန္တိ - နေထိုင်ကြကုန်၏။

(ဂ) မောဟော - တွေဝေမှု၊ မိုက်မှားမှု မောဟကို၊ ရဇော - မြူဟူ၍၊ ဝုစ္စတိ - ဆိုအပ်၏၊ ရေဏုပန - ပကတိမြူမှုံကိုကား၊ ရဇော - မြူဟူ၍၊ နစဝုစ္စတိ - မဆိုအပ်သည်သာ။

ရဇောတိဧတံ - မြူဟူသော ထိုအမည်သည်၊ မောဟဿ - တွေဝေမှု၊ မိုက်မှားမှု မောဟ၏၊ အဓိဝစနံ - အမည်ပေတည်း။

ဝိဂတ ရဇဿ - တွေဝေမှု၊ မိုက်မှားမှု မောဟမြူကင်းတော်မူသော၊ မြတ်စွာဘုရား ၏၊ သာသနေ - သာသနာတော်၌၊ တေဘိက္ခဝေါ - ထိုရဟန်းတို့သည်၊ ဧတံ ရဇံ - တွေဝေမှု၊ မိုက်မှားမှု ထိုမောဟမြူကို၊ ဝိပ္ပဇဟိတွာ - ပယ်စွန့်ကုန်၍၊ ဝိဟရန္တိ - နေထိုင်ကြကုန်၏။

ဂါထာတို့၏ အဆုံး၌ စူဠပန္ထကသည် ပဋိသမ္ဘိဒါလေးပါးတို့နှင့်အတူ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ စူဠပန္ထက၏ ပဋိသမ္ဘိဒါလေးပါးတို့နှင့်အတူသာ ပိဋကတ်သုံးပုံတို့သည် အသိဉာဏ်၌ ရောက်လာကုန်သတည်း။

စူဠပန္ထကသည် အတိတ်ကာလ ရှေးဘဝတစ်ခု၌ မင်းဖြစ်၍ မြို့တော်ကို လက်ယာရစ် လှည့်လည်ရှု

ကြည့်စဉ် နဖူးမှ ထွက်သော ချွေးတို့ကို စင်ကြယ်သော ပုဆိုးအဝတ်ဖြင့် နဖူးစွန်း၌ သုတ်လေ၏။

ပုဆိုးအဝတ်သည် ညစ်နွမ်းသွားလေ၏။

ထိုမင်းသည် ငါ၏ ဤကိုယ်ကို အမှီပြု၍ ဤသို့သဘောရှိသော စင်ကြယ်သော ပုဆိုးအဝတ် သည် စင်ကြယ်သော သဘောကို စွန့်ပယ်၍ ညစ်နွမ်းရလေသည်။ သင်္ခါရတရားတို့သည် မမြဲကုန်စွဟု အနိစ္စသညာကို ရခဲ့လေပြီ။

ထိုအကြောင်းကြောင့် စူဠပန္ထက၏ ရဇောဟရဏသည်ပင် အရဟတ္တဖိုလ်ကို ရကြောင်း ဖြစ်လေ၏။

အဘယမင်းသားကောက်ယူကျွေးမွေးအပ်သော ဆေးဆရာ ဇီဝကလည်း မြတ်စွာဘုရားအား အလှူရေကို ဆက်ကပ်လေ၏။

မြတ်စွာဘုရားသည် အို - ဇီဝက ကျောင်း၌ရဟန်းများရှိကုန်သေး၏ မဟုတ်လောဟု မိန့်တော် မူကာ လက်တော်ဖြင့် သပိတ်တော်ကို ပိတ်ထားလေပြီ။

မြတ်စွာဘုရား မဟာပန္ထကသည် ကျောင်း၌ရဟန်းတော်များမရှိဟု အမိန့်ရှိပါသည်ဘုရား၊ မြတ်စွာ ဘုရားသည် အို - ဇီဝက ကျောင်း၌ ရဟန်းတော်များ ရှိသေးသည်ဟု မိန့်တော်မူသည်။

ဇီဝကသည် အို - အချင်းယောကျ်ား မြတ်စွာဘုရားက ကျောင်း၌ ရဟန်းတော်များ ရှိကုန် သေး၏ဟု မိန့်တော်မူလျှင်သွားပါ၊ ကျောင်း၌ ရဟန်းတော်များ ရှိ/မရှိကို သင်ကိုယ်တိုင်သာ သိအောင် ပြုခဲ့ပါဟု ယောကျ်ားတစ်ယောက်ကို စေလွှတ်လိုက်လေ၏။

ထိုခဏ၌ စူဠပန္ထကထေရ်သည် ငါ၏ နောင်တော် မဟာပန္ထကသည် ကျောင်း၌ ရဟန်းတော်များ မရှိကုန်ဟု မိန့်တော်မူသည်။

ကျောင်း၌ ရဟန်းတော်များ ရှိကြောင်းကို မဟာပန္ထကအား ထင်ရှားပြတော့အံ့ဟူသော အကြံဖြင့် သရက်ဥယျာဉ်တစ်ခုလုံးကို ရဟန်းတို့ဖြင့်သာ ပြည့်နေစေလေ၏။

အချို့သော ရဟန်းတို့သည် သင်္ကန်းချုပ်နေကြလေ၏။ အချို့သော ရဟန်းတို့သည် သင်္ကန်းဆိုးနေ ကြကုန်၏။ အချို့သော ရဟန်းတို့သည် စာကို ရွတ်အံသရဇ္ဈာယ်နေကြကုန်၏။ ဤသို့ တစ်ပါးနှင့် တစ်ပါးမတူသော ရဟန်းတစ်ထောင်ကို ဖန်ဆင်းထားလေ၏။

ဇီဝကစေလွှတ်လိုက်သော ယောကျ်ားသည် ကျောင်း၌ များစွာသော ရဟန်းတို့ကို မြင်ရလေသော် အိမ်သို့ပြန်လှည့်လာပြီး သရက်ဥယျာဉ်တစ်ခုလုံး ရဟန်းတို့ဖြင့် ပြည့်နေပါသည်ဟု ဆရာဇီဝကအား ပြောဆိုလေ၏။

"သဟဿက္ခတ္တုမတ္တာနံ၊ နိမ္မိနိတွာန ပန္ထကော။
နိသီဒမ္ဗဝနေ ရမ္မေ၊ ယာဝ ကာလပ္ပဝေဒနာ။"

ပန္ထကော - စူဠပန္ထကထေရ်သည်၊ အတ္တာနံ - မိမိကိုယ်ကို၊ သဟဿက္ခတ္တုံ - အကြိမ်တစ်ထောင်၊ နိမ္မိနိတွာန - ဖန်ဆင်း၍၊ ယာဝ ကာလပ္ပ ဝေဒနာ - ဆွမ်းစားချိန် လျှောက်ထားသည်တိုင်အောင်၊ ရမ္မေ မွေ့လျော်ဖွယ်ရှိသော၊ အမ္ဗဝနေ - ဇီဝက၏ သရက်ဥယျာဉ်၌၊ နိသီဒိ - သီတင်းသုံးနေတော်မူလေ၏။

မြတ်စွာဘုရားသည် ထိုယောကျ်ားကို သင်သည် ကျောင်းသို့ပြန်သွား ပြီး၊ မြတ်စွာဘုရားက စူဠပန်အမည်ရှိသော ရဟန်းကို ခေါ်တော်မူပါသည်ဟု လျှောက်ထားလေဟု မိန့်တော်မူသည်။

ထိုယောကျ်ားသည် ကျောင်းသို့သွား၍ စူဠပန်မည်သော ရဟန်းကို မြတ်စွာဘုရားခေါ်တော်မူ ပါသည်ဟု လျှောက်ထားအပ်လေသော် ငါစူဠပန်၊ ငါစူဠပန် ဟုပြောဆိုသော ခံတွင်း(ပါးစပ်) တစ်ထောင်

ထွက်ပေါ်လေ၏။

ထိုယောက်ျားသည် တဖန်ပြန်သွားပြီး မြတ်စွာဘုရားရဟန်းတော် အားလုံး စူဠပန်မည်ပါသတဲ့ ဘုရားဟု လျှောက်ထားလေ၏။

ဒီလိုဖြစ်လျှင် ကျောင်းသို့ပြန်သွားပြီး ငါစူဠပန်ဟု စစဦးပြောဆိုသော ရဟန်း၏ လက်၌ ကိုင်လေလော့၊ ကျန်ရဟန်းအားလုံးတို့ ပျောက်ကွယ်သွား ကုန်လိမ့်မည်ဟု မိန့်တော်မူသည်။

ထိုယောက်ျားသည် မြတ်စွာဘုရားမိန့်တော်မူတိုင်း ပြုလိုက်သော ခဏ၌ပင်လျှင် တစ်ထောင်မျှသော ရဟန်းတို့ ပျောက်ကွယ်လေကုန်၏။

စူဠပန်ထေရ်လည်း အပင့်လာသော ယောက်ျားနှင့်အတူ ဆွမ်းကျွေးရာသို့ ကြွသွားလေ၏။

မြတ်စွာဘုရားသည် ဆွမ်းကိစ္စပြီးဆုံးသောအခါ -

အို - ဇီဝက၊ စူဠပန်၏ သပိတ်ကို ကိုင်ယူလေလော့၊ စူဠပန်သည် သင့်အား အနုမောဒနာ ပြုလိမ့်မည်ဟု ဇီဝကကို မိန့်တော်မူသည်။

ဇီဝကသည် မြတ်စွာဘုရားမိန့်တော်မူတိုင်းပြုလေ၏။ စူဠပန်ထေရ်သည် ခြင်္သေ့မင်း၏ အသံနှင့်တူသော အသံကို မြွက်ဆိုလျက် ခြင်္သေ့ပျိုကဲ့သို့ မရွံ့မကြောက် ရဲရဲတောက် ပိဋကတ်သုံးပုံဖြင့် ခြောက်ခြား၍(ပိဋကတ်သုံးပုံကို မွှေနှောက်ခြောက်ခြား၍)အနုမောဒနာပြုတော်မူသည်။

မြတ်စွာဘုရားသည် နေရာမှထတော်မူကာ ရဟန်းသံဃာခြံရံလျက် ဂန္ဓကုဋီကျောင်းတော်သို့ ကြွတော်မူ၍ရဟန်းတော်တို့က ပြုနေကျကျင့် ဝတ်ကို ပြုအပ်လေသော် ဂန္ဓကုဋီမုခ်ဦး၌ ရပ်တော်မူလျက် ရဟန်း၊ သံဃာအား မြတ်စွာဘုရားတို့ ပေးအပ်သော အဆုံးအမသြဝါဒကို ပေးတော်မူ၍ကမ္မဋ္ဌာန်းကို ဟောပြကာ ရဟန်းသံဃာကို စေလွှတ်လိုက်ပြီး(သွားရန်ခွင့်ပြုလိုက်ပြီး)ကောင်းမြတ်သော အနံ့တို့ဖြင့် ထုံအပ်သော ဂန္ဓကုဋီတိုက်တော်သို့ ဝင်တော်မူ၍ လက်ယာဘက်နံတောင်းဖြင့် ခြင်္သေ့မင်း၏ အိပ်ခြင်းနှင့်တူသော ကျိန်းစက်ခြင်းသို့ ကပ်ရောက်တော်မူသည်။

ထိုအချိန်မှနောက် ညနေချမ်းအချိန်၌ ရဟန်းတို့သည် ထိုမှ၊ ဤမှ စုဝေး ကြွရောက်တော်မူကြ၍ ကမ္ဗလာနီတင်းတိမ်ဖြင့် ကာရံထားသကဲ့သို့ ထိုင်တော်မူကြကာ မြတ်စွာဘုရား၏ ဂုဏကထာ(ဂုဏ်ကျေးဇူးနှင့်စပ်၍ ပြောဆိုအပ်သောစကား)ကို ဤသို့ အားထုတ်ပြောဆိုကြကုန်၏။

ငါ့ရှင်တို့ မဟာပန္ထကသည် စူဠပန္ထက၏အလိုကို မသိသူဖြစ်၍ လေးလတို့ဖြင့် တစ်ဂါထာကို သင်ယူနိုင်စေရန် မတတ်နိုင်ပါ၊ ဤစူဠပန္ထကသည် နုံနဲ့၊ ထိုင်းမှိုင်းသူတည်းဟု ပြောဆို၍ ကျောင်းတော်မှ နှင်ထုတ်လိုက်သည်၊ မြတ်စွာဘုရားသည်ကား ကိုယ်တော်မြတ်၏ အနှိုင်းမဲ့တရား မင်းဖြစ်တော်မူသောကြောင့် ဆွမ်းကိစ္စတစ်ခုအကြားမှာပင် ပဋိသမ္ဘိဒါလေးပါးတို့နှင့်အတူ ရဟန္တာအဖြစ်ကို ပေးတော်မူသည်။ ပဋိသမ္ဘိဒါလေးပါးတို့နှင့်အတူသာ သုံးပုံသောပိဋကတ်တို့လည်း စူဠပန်၏ အသိဉာဏ်၌ ရောက်လာလေကုန်ပြီ။

အံ့သြဖွယ်ရှိပါပေစွ။ ဘုရားရှင်တို့၏ အားစွမ်းတော်သည် ကြီးကျယ်ပါလေ၏။

ထိုအချိန်အခါ၌ မြတ်စွာဘုရားသည် တရားသဘင်၌ ဤစကားဖြစ်ပေါ်ပြောဆိုခြင်းကို သိတော်မူ၍ ယခုငါဘုရားကြွသွားသင့်သည်ဟု ကြံရွယ်တော်မူကာ ဘုရားရှင်တို့ကျိန်းစက်ရာနေရာမှ ထတော်မူ၍ နီမြန်းသော အဆင်းရှိသော နှစ်လွှာသော သင်းပိုင်တော်ကို ဝတ်၍ လျှပ်စစ်နွယ်နှင့်တူသော ခါးပန်းတော်ကို ပန်း၍(ဖွဲ့ချည်၍)နီမြန်းသောကမ္ဗလာနှင့်တူသော မြတ်စွာဘုရား၏ သင်္ကန်းတော်ကြီးကို ရုံတော်မူ၍ မွှေးကြိုင်သော အနံ့ရှိသော တိုက်တော်တွင်းမှ ထွက်တော်မူ၍ အမှုန်ယစ်သော ဆင်ပြောင်၏ တင့်တယ်

ခြင်း၊ ခြင်္သေ့မင်း၏ တင့်တယ်ခြင်းနှင့်တူသော တင့်တယ်ခြင်းဟူသော အပိုင်းအခြားမရှိသော ဘုရားရှင်တို့၏ တင့်တယ် စံပါယ်ခြင်းဖြင့် ကြွတော်မူ၍ တန်ဆာဆင်အပ်သော တန်ဆောင်ဝန်းအလယ်၌ ကောင်းစွာခင်းထားအပ်သောမြတ်သော ဘုရားနေရာတော်သို့ တက်တော်မူ၍ ရောင်ခြည်တော်ခြောက်သွယ်တို့ကို ထွက်ပေါ်စေလျက်(လွှတ်တော်မူလျက်) သမုဒ္ဒရာတစ်ဝှမ်းလုံးကို ခြောက်ခြားစေကဲ့သို့ ယုဂန္ဓိုရ်တောင်ထိပ်၌ တက်သစ်သော နေလုလင်ကဲ့သို့ နေရာတော်၌ သီတင်းသုံးနေတော်မူသည်။

မြတ်စွာဘုရားကြွလာကာမျှ ဖြစ်လတ်သော် ရဟန်းသံဃာသည် ပြောနေဆဲစကားကို ဖြတ်၍ ဆိတ်ဆိတ်နေလေ၏။ မြတ်စွာဘုရားသည် နူးညံ့လှစွာသော မေတ္တာစိတ်တော်ဖြင့် ပရိသတ်ကို ကြည့်တော်မူ၍ ဤပရိသတ်သည် အလွန်တင့်တယ်ပေသည်။ ရဟန်းတစ်ပါး၏လည်း လက်လှုပ်ခြင်း၊ ခြေလှုပ်ခြင်း၊ ချောင်းဆိုးသံ၊ ခြေဆပ်သံမရှိ၊ ဤရဟန်းအားလုံးသည် တရား၌ရိုသေခြင်းဖြင့် ရိုသေခြင်းရှိကုန်၏။ ဘုရား၏ အရှိန်အဝါဖြင့် ခြိမ်းခြောက်အပ်ကုန်၏။ ငါဘုရားသည် အာယုကပ်ပတ်လုံးလည်း (အသက်အပိုင်း အခြားကုန်သည်တိုင်အောင်)စကားမပြောမူ၍ ထိုင်နေခဲ့သော် ရှေးဦးစွာ စကားစကို ဖြစ်စေ၍ ပြောဆိုကြမည်မဟုတ်။

စကားစကို ဖြစ်စေသော(စကားကိုဖြစ်စေမှု) ဝတ္တရားမည်သည်ကို ငါဘုရားသာသိရမည်။ ငါဘုရားကသာ ဦးစွာစကားပြောဆိုအံ့ဟု နှလုံးသွင်း၍ သာယာစွာသော ဗြဟ္မာမင်းအသံနှင့်တူသော သာယာသံဖြင့် ရဟန်းတို့ကို မိန့်ခေါ်တော်မူ၍ -

ရဟန်းတို့ယခုအချိန်၌ သင်တို့သည် အဘယ်စကားဖြင့် အညီအညွတ်စုဝေးနေကြသနည်း။ သင်တို့၏ မပြီးဆုံးသေးသောကြားကာလ ပြောဆိုအပ်သော စကားသည် အဘယ်စကားနည်းဟု မေးတော်မူ၍

ဤမည်သော စကားဖြင့် စုဝေးနေကြပါသည်ဟု လျှောက်ထားအပ်လေသော် -

ရဟန်းတို့ စူဠပန္ထကသည် ယခုအခါ၌ နုံ့နှေးထိုင်းမှိုင်းသူမဟုတ်သေး, အတိတ်ဘဝရှေးအခါ၌ လည်း နုံ့နှေးထိုင်းမှိုင်းသူသာတည်း။ ငါဘုရားသည် ယခုအခါသက်သက်၌သာ စူဠပန္ထက၏ အားထားမှီခိုရာဖြစ်သည်မဟုတ်။ အတိတ်ကာလရှေးဘဝ၌လည်း အားထားမှီခိုရာဖြစ်ခဲ့ဖူးသည်သာ -

အတိတ်ကာလ ရှေးဘဝ၌ ငါဘုရားသည် ဤစူဠပန္ထကကိုလောကီ ပစ္စည်းဥစ္စာပိုင်ရှင်အဖြစ်ကို ပြုပေးခဲ့ပြီ။ ယခုအချိန်၌ လောကုတ္တရာပစ္စည်း ဥစ္စာပိုင်ရှင်ဖြစ်အောင် ပြုပေးလိုက်ပြီဟု မိန့်တော်မူလျှင် ထိုအကြောင်းကို အကျယ်အားဖြင့် ကြားနာလိုကုန်သော ရဟန်းတို့သည် လျှောက်ထား တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ဇာတ်လမ်းကို ဆောင်ပြတော်မူပြီ။

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီမြို့နေ လုလင်တစ်ယောက်သည် အတတ်ပညာသင်ယူရန် တက္ကသိုလ်သို့သွား၍ ဒိသာပါမောက္ခဆရာ၏ အတတ်ပညာသင်ယူသူ အတွင်းနေတပည့် ဖြစ်ပြီး လုလင်ငါးရာတို့၏အထဲ၌ ဆရာအားလွန်စွာကျေးဇူးပြုဖူးသူဖြစ်လေ၏။ ခြေကိုဆုပ်နယ်ပေးခြင်း အစရှိသော ပြုဖွယ်ကိစ္စအားလုံးကို ပြုနေသူဖြစ်၏။

သို့သော်လည်း ဉာဏ်ထိုင်းသူဖြစ်၍ တစ်စုံတစ်ခုသော အတတ်ပညာကို သင်ယူခြင်းငှာ မစွမ်းနိုင်သူဖြစ်၏။ ဒိသာပါမောက္ခဆရာသည် ဤတပည့်သည် ငါ၏ကျေးဇူးများသူဖြစ်သည်။ သူ့ကို အတတ်ပညာသင်သော်လည်း အတတ်ပညာတစ်စုံတစ်ခုကို တတ်သိနိုင်စေရန် မတတ်နိုင်ဖြစ်လေ၏။

တပည့်လုလင်သည် ကြာရှည်စွာနေ၍ တစ်ဂါထာကိုသော်လည်း အရဆောင် သင်ယူရန် မစွမ်းနိုင်သဖြင့် ငြီးငွေ့ပြီး(စိတ်ဓာတ်ကျပြီး)နေရပ်သို့ ပြန်သွားတော့အံ့ဟု ကြံစည်၍ ဆရာကိုပန်ကြား လေ၏။

ဆရာသည် -

ဤတပည့်သည် ငါ၏ ကျေးဇူးများသူ တပည့်ဖြစ်သည်။ သူ၏ ပညာရှိအဖြစ်ကိုငါမျှော်လင့်တောင့်တသည်။ မျှော်လင့်တောင့်တသည့်အတိုင်း ငါပြုမပေးနိုင်၊ ဧကန်စင်စစ် ငါသည် ဤတပည့် ကျေးဇူးတုံ့ပြန်မှုကို ပြုပေးထိုက်သည်။ သူ့အား မန္တာန်တစ်ခုကို ရေးဖွဲ့၍ပေးမည်ဟု ကြံစည်ထားလေ၏။

ဒိသာပါမောက္ခဆရာသည် ထိုတပည့်ကိုတောတွင်းတစ်နေရာသို့ ခေါ်သွားပြီး - "ဃဋ္ဋေသိ ဃဋ္ဋေသိ ကိံကာရဏာဃဋ္ဋေသိအဟမ္ပိတံ ဇာနာမိ ဇာနာမိ"ဟူသော ဤမန္တာန်ကို ရေးဖွဲ့၍ အရဆောင် သင်ယူစေရာ၌ အကြိမ်တစ်ရာမကအောင် အပြန်ပြန် ရွတ်ဖတ်စေပြီး သင့်အား မန္တာန်ထင်ပြီလားဟု မေးမြန်းလေရာ -

ဟုတ်ပါ၏ ဆရာ ကျွန်တော်အား မန္တာန်ထင်ပါ၏ဟု ပြောဆိုအပ်သော် ဉာဏ်လေးသူမည်သည် လုံ့လကြီးကုတ်အားထုတ်၍ အလေ့အလာပြုထားအပ်သော အတတ်ပညာသည် ပြေးထွက်ပျောက် မသွားဟု စိတ်ကူးပြီး ခရီးရိက္ခာကိုပေး၍ -

တပည့် ပြန်သွားပေတော့။ သင်သည် ဤမန္တာန်ကို အမှီပြု၍အသက်မွေးရလိမ့်မည်။ မန္တာန်ပြေးထွက်ပျောက်မသွားစေရန် မန္တာန်ကို အမြဲရွတ်အံ့ သရဇ္ဈာယ်ပါဟု အမှာစကားပြောဆို၍ တပည့် လုလင်ကို ပြန်လွှတ်လေ၏။ ထိုသို့ ပြန်လွှတ်လိုက်ပြီးနောက် တပည့်လုလင် ဗာရာဏသီပြည်သို့ ပြန်ရောက်လာသောအခါ သူ၏ မိခင်သည်-

ငါ့သား အတတ်ပညာကို သင်ယူပြီး ပြန်လာသူဖြစ်သည်ဟူသော စိတ်ထားဖြင့်များစွာပူဇော်မြတ်နိုးမှုကို ပြုရှာလေ၏။

ထိုအချိန်ဝယ် ဗာရာဏသီမင်းသည် ငါ၏ ကာယကံ စသည်တို့၌ အပြစ်တစ်စုံတစ်ခုရှိလေသလောဟု စဉ်းစားဆင်ခြင်လေသော် မိမိ၏ နှစ်သက်ဖွယ် မဟုတ်သော အမှုကံတစ်စုံတစ်ခုကို မမြင်ရ၍ -

မိမိအပြစ်မည်သည် မိမိမှာမထင်ရှား၊ တစ်ပါးသူတို့အားထင်ရှား၏။ မြို့သူမြို့သားတို့ထံ ငါစုံစမ်းမည်ဟု ကြံပြီး ညနေချမ်းအချိန်၌ မထင်ရှားသောအသွင်ဖြင့် နန်းတော်မှ ထွက်ခဲ့၍ ညစာထမင်းစားပြီး ထိုင်နေသူတို့၏ ပြောကြားအပ်သော စကားမည်သည် အမျိုးမျိုးအစားစားများပြား၏။ အကယ်၍ ငါသည်မတရားသဖြင့် မင်းပြုမိသည်ဖြစ်အံ့၊ ယုတ်မာသောမတရားမင်းသည် ဒဏ်ထားခြင်း၊ အခွန်ကို ဆောင်စေခြင်း စသည်တို့ဖြင့် ငါတို့ ဖျက်ဆီးခံကြရသည်ဟု ပြောဆိုကြလိမ့်မည်။ အကယ်၍ ငါသည် တရားသဖြင့် မင်းပြုသူဖြစ်အံ့ ငါတို့ အရှင်မင်းမြတ်သည် အသက်ရှည်စေဟု ငါ၏ဂုဏ်ကို ပြောဆိုကြလိမ့်မည်ဟူသော အကြံဖြင့် အိမ်တိုင်း အိမ်တိုင်း၏ နံရံကိုကပ်၍ နားထောင်လျက် လှည့်သွားနေလေ၏။

ထိုအချိန်အခါ၌ ဥမင်လိုဏ်ဖောက်ထွင်းခိုးယူသူ သူခိုးတို့သည် ဥမင်လိုဏ်တစ်ခုတည်းဖြင့် အိမ်နှစ်အိမ်ကိုဝင်နိုင်ရန် အိမ်နှစ်အိမ်ကြား၌ ဥမင်လိုဏ်ဖောက်နေကြလေ၏။ ဗာရာဏသီမင်းသည် ထိုသူခိုးတို့ကို မြင်လျှင် အိမ်အရိပ်၌ ရပ်နေလေ၏။ သူခိုးတို့ ဥမင်လိုဏ်ဖောက်၍ အိမ်တွင်းဝင်ပြီး၊ ပစ္စည်းဘဏ္ဍာကို ကြည့်ရှု ရှာဖွေနေချိန်၌ တက္ကသိုလ်ပြန်လုလင်သည် အိပ်ရာမှနိုးလာပြီး မိမိသင်ယူထားသော မန္တာန်ကို ရွတ်အံ့ သရဇ္ဈာယ်လိုသည်ဖြစ်၍ -

"ဃဋ္ဋေသိဃဋ္ဋေသိကိံကာရဏာဃဋ္ဋေသိအဟမ္ပိတံဇာနာမိဇာနာမိ"ဟုဆိုလေ၏။

(တွံ- သင်သည်၊ ဃဋ္ဋေသိ- ချုပ်ချယ်၏၊ ဃဋ္ဋေသိ- ချုပ်ချယ်၏၊ ကိံကာရဏာ- အဘယ်အကြောင်းကြောင့်၊ ဃဋ္ဋေသိ- ချုပ်ချယ်သနည်း၊ အဟမ္ပိ- ငါသည်လည်း၊ တံကာရဏံ- ထိုအကြောင်းကို၊ ဇာနာမိ- သိ၏။ ဤကား မန္တာန်၏အနက်)

သူခိုးတို့သည်မန္တာန်ရွတ်ဆိုသံကို ကြားကြလေသော် ဤအိမ်ရှင်သည် ငါတို့ကို ကေန်သိအပ်ကုန်ပြီ၊ ယခုငါတို့ကို ပျက်စီးစေလတ္တံ့ဟုထင်ကြပြီး ဝတ်လာသော အဝတ်တို့ကိုပင် စွန့်ပစ်၍ ကြောက်လန့်ကုန်လျက် မျက်နှာမူမိရာအရပ်ဖြင့်သာ - (ဦးတည်မိရာ၊ ဦးတည်မိရာအရပ်ဖြင့်သာ)ပြေးကြလေကုန်၏။ဗာရာဏသီမင်းသည်ထွက်ပြေးသူ သူခိုးတို့ကိုလည်းမြင်ရ တက္ကသိုလ် ပြန်လုလင်၏ မန္တာန်ရွတ်ဆိုသံကိုလည်း ကြားရလေသော် အိမ်ကိုသာ စိတ်ဖြင့် အမှတ်အသားထား၍ မြို့သူမြို့သားတို့ကို လှေ့လာစုံစမ်းပြီး နန်းတော်အတွင်းသို့ဝင်လေ၏။

ဗာရာဏသီမင်းသည် ညအချိန်ကုန်ပျောက် အလင်းရောက်သောအခါ နံနက်စောစောအချိန်၌ပင် ယောကျ်ားတစ်ယောက်ကိုခေါ်၍ -

အချင်းယောကျ်ားသွားချေ၊ ဤမည်သောလမ်း၌ ဥမင်လိုဏ်ဖောက်ထားရာ အိမ်ရှိ၏။ ထိုအိမ်၌ တက္ကသိုလ်ပြည်မှ အတတ်ကိုနှုတ်ရသင်ယူ၍ ပြန်လာသော လုလင်ရှိ၏။ ထိုလုလင်ကိုခေါ်ခဲ့ဟု ပြောဆိုလေ၏။

မင်းချင်းယောကျ်ားသည် လုလင်ကိုခေါ်ခဲ့လေ၏။ ထိုအခါ ဗာရာဏသီမင်းက လုလင်ကို ပြောဆိုလေ၏။

အမောင် သင်သည် တက္ကသိုလ်ပြည်မှ အတတ်ပညာကို နှုတ်တတ်ရသင်ယူ၍ ပြန်လာသူလုလင် ဟုတ်သလော။

အရှင်မင်းကြီး ဟုတ်မှန်ပါသည်။

ငါတို့အားလည်း ထိုအတတ်ပညာကိုသင်ပေးပါ။

ကောင်းပါပြီအရှင်မင်းကြီးအနိမ့်အမြင့်တူသော နေရာ၌နေထိုင်၍ သင်ယူပါ။

ဗာရာဏသီမင်းလည်း လုလင်ဆိုသည့်အတိုင်းပြု၍ မန္တာန်ကို သင်ယူပြီး ဤအသပြာငွေသည် သင်၏ဆရာအဖို့(ဆရာစား)ဖြစ်သည်ဟု ငွေတစ်ထောင်ကို ပေးလေ၏။

ထိုအချိန်အခါ၌ စစ်သူကြီးသည် ဗာရာဏသီမင်း၏ ဆတ္တာသည်ကို ဘယ်ရက်ဘယ်အချိန်၌ မင်းကြီး၏ မုတ်ဆိတ်ကျင်စွယ်ကို ပြုပြင်ပေးရမည်နည်းဟုမေးသောအခါ မနက်ဖြန်မှာသော်လည်းကောင်း၊ သဘက်ခါမှာသော်လည်းကောင်း ပြုပြင်ပေးရပါမည်ဟု ဆတ္တာသည်က ပြန်ပြောလေ၏။

စစ်သူကြီးသည် ဆတ္တာသည်အား ငွေတစ်ထောင်ကိုပေး၍ ငါ့မှာပြုဖွယ်ကိစ္စရှိသည်ဟု ပြောသဖြင့် အရှင်စစ်သူကြီး ဘာကိုပြုရပါမည်နည်းဟု ပြောလေသော် -

သင်သည် သင်တုံးဓားကို အလွန်ထက်အောင်သွေးပြီး မုတ်ဆိတ်ကျင်စွယ်ကို ပြုပြင်သကဲ့သို့ ပြုလျက် မင်းကြီး၏လည်မျိုကို လှီးဖြတ်လိုက်ပါ။ သင်ဆတ္တာသည်,က စစ်သူကြီးဖြစ်လိမ့်မည်။ ငါစစ်သူကြီးက မင်းဖြစ်လိမ့်မည်ဟုပြောသောအခါ ဆတ္တာသည် သည် ကောင်းပါပြီဟု ဝန်ခံ၍ မင်းကြီး၏မုတ်ဆိတ်ကျင်စွယ်ကို ပြုပြင်ပေးရာနေ့၌ နံ့သာရေဖြင့် မုတ်ဆိတ်ကျင်စွယ်ကိုဆွတ်၍ သင်တုံးဓားကို သွေးပြီး နဖူးစွန်း၌ကိုင်၍ ရိတ်ကြည့်သောအခါ သင်တုန်းဓားသည် အနည်းငယ် အသွားတုံး၏။ တစ်ချက်တည်းဖြင့် လည်မျိုကို ဖြတ်ဖို့ သင့်သည်ဟု တစ်ဖန်နေရာတစ်ခု၌ရပ်၍ သင်တုန်းဓားကိုသွေးလေ၏။

ထိုခဏ၌ ဗာရာဏသီမင်းသည် သူ့မန္တာန်ရွတ်ဆိုခြင်းကို ပြုလိုသည်ဖြစ်၍ -

“ဃဋ္ဋေသိ ဃဋ္ဋေသိ ကိံကာရဏာဃဋ္ဋေသိ

အဟမ္ပိတံ ဇာနာမိ ဇာနာမိ”ဟု ဆိုလေ၏။

ဆတ္တာသည်၏ နဖူးမှချွေးတို့သည် ထွက်ကုန်၏။ ဆတ္တာသည်, သည် မင်းကြီးသည် ငါ့အကြောင်းကိုသိ၏ဟု ကြောက်လန့်သည်ဖြစ်၍ သင်တုန်းဓားကို မြေပေါ်၌ပစ်ချ၍ မင်းကြီး၏ခြေရင်း၌ ရင်ဘတ်ဖြင့်

ဝပ်နေလေ၏။ မင်းတို့ မည်သည် လိမ္မာတတ်ကျွမ်းကုန်၏။ ထို့ကြောင့် ဆတ္တာသည်ကို ဤသို့မိန့်လေ၏။

ဟဲ့ -ဆတ္တာသည်ပျက်, သင့်ကိုငါမသိဟု သင်ထင်မှတ်သလော။

အရှင်မင်းကြီး ကျွန်တော်မျိုးအား ဘေးမဲ့ပေးတော်မူပါ။ ဘေးမဲ့သူဖြစ်စေ။ သင်မကြောက်လေနှင့်၊ ငါ့အားမှန်ရာကို သံတော်ဦးတင်လော့။

အရှင်မင်းကြီး စစ်သူကြီးသည် ကျွန်တော်မျိုးအား ငွေတစ်ထောင်ပေးပြီး မင်းကြီး၏မုတ်ဆိတ်ကျင်စွယ်ကို ပြုပြင်သလို ဟန်ဆောင်၍ လည်ချောင်းကို ဖြတ်လိုက်ပါ။ ငါသည်မင်းဖြစ်ပြီး သင့်ကိုစစ်သူကြီး ပြုပေးမည်ဟု ပြောဆိုပါသည်။

ဟာရာဏသီမင်းသည် ထိုစကားကိုကြားရလေသော် ငါ၏ဆရာကို အမှီပြု၍ ငါ၏အသက်ကို ရအပ်ပေသည်ဟု ကြံစည်၍ စစ်သူကြီးကို ခေါ်ပြီးလျှင် -

အို - စစ်သူကြီး သင်သည် ငါမင်းမြတ်ထံမှ အဘယ်မည်သော ဥစ္စာကို မရအပ်လေသနည်း။ ယခုသင့်ကို ငါမကြည့်လို ငါ့နိုင်ငံတော်မှ ထွက်ခွာလေတော့ဟု စစ်သူကြီးကို တိုင်းပြည်မှ နှင်ထုတ်ပြီး ဆရာကို ခေါ်စေ၍ -

အို - ဆရာ၊ ဆရာ့ကိုအမှီပြု၍ ကျုပ်အသက်ကိုရအပ်ပါသည်ဟု ပြောဆိုပြီး ကြီးကျယ်သော ပူဇော်မှုကိုပြု၍ ဆရာအား စစ်သူကြီးရာထူးကိုပေးလေ၏။

စူဠပန္ထကသည် ထိုအချိန်က စစ်သူကြီးဖြစ်ခဲ့လေပြီ။ ငါဘုရားသည် ထိုအချိန်က ဒိသာပါမောက္ခဆရာဖြစ်ခဲ့လေပြီ။

မြတ်စွာဘုရားသည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူ၍

ရဟန်းတို့ ဤသို့လျှင် ရှေးအတိတ်ကာလ၌လည်း စူဠပန္ထကသည် နှံ့နှေးထိုင်းမှိုင်းသူသာဖြစ်လေပြီ။ ထိုအခါ၌လည်း ငါဘုရားသည် သူ၏ အားထားမှီခိုရာပုဂ္ဂိုလ်ဖြစ်၍ သူ့ကိုလောကီသူကြွယ်အရာ၌ တည်စေခဲ့ဖူးပြီဟု မိန့်တော်မူ၍ -

နောက်ထပ်နေ့တစ်နေ့၌ အံ့ဩဖွယ်ရှိပါပေစွ။ မြတ်စွာဘုရားသည် -

စူဠပန္ထက၏ မှီခိုအားထားရာဖြစ်တော်မူသည်ဟူသော စကားကြောင့် စူဠသေဋ္ဌိ ဇာတ်၌ အတိတ်ဝတ္ထုကိုဟောတော်မူပြီး -

"အပ္ပကေနာပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။

သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံအဂ္ဂိံဝ သန္ဓမံ"

ပဏ္ဍိတော = အသိအလိမ္မာရှိသူသည်၊ အဏုံ = အနည်းငယ်သော၊ အဂ္ဂိံ = မီးကို၊ သန္ဓမံ = သန္ဓမန္တော နှုတ်ခမ်းလေဖြင့် မှုတ်လျက်၊ မဟန္တံ - ကြီးကျယ်သော၊ အဂ္ဂိက္ခန္တံ = မီးပုံကို၊ ကရောတိက္ကံဝ = ပြုသကဲ့သို့၊ ဝိစက္ခဏော = ကုန်သွယ်မှု၌ လိမ္မာသော၊ မေဓာဝီ = ပညာရှိသည်၊ အပ္ပကေန = အနည်းငယ်လည်းဖြစ်သော၊ ပါဘတေန = အရင်းအနှီးဥစ္စာဖြင့်၊ မဟန္တံ = များစွာသော၊ ဓနဉ္စ = ဥစ္စာကိုလည်းကောင်း၊ ယသဉ္စ = အခြံအရံကို လည်းကောင်း၊ ဥပ္ပါဒေတွာ = ဖြစ်စေ၍၊ တတ္ထ = ထိုများစွာသော ဥစ္စာ အခြံအရံ၌၊ အတ္တာနံ = မိမိကိုယ်ကို၊ သမုဋ္ဌာပေတိ = ရပ်တည်စေ၏။

ဤဂါထာကိုဟောတော်မူ၍ ရဟန်းတို့ ငါဘုရားသည် ယခုအခါ၌သာ ဤစူဠပန္ထက၏ မှီခိုအားထားရာ ပုဂ္ဂိုလ်မဟုတ်၊ ရှေးအခါ၌လည်း မှီခိုအားထားရာ ပုဂ္ဂိုလ်ဖြစ်ဖူးသည်သာတည်း။

ရှေးအခါက ငါဘုရားသည် ဤစူဠပန္ထကကို လောကီပစ္စည်းဥစ္စာ၏ ပိုင်ရှင်အဖြစ်ကိုပြုခဲ့ပြီ။ ယခုအခါ၌

လောကုတ္တရာပစ္စည်းဉစ္စာ၏ ပိုင်ရှင်အဖြစ်ကိုပြုလိုက်သည်။

ယခု စူဠပန္ထကသည် ထိုအချိန်အခါ၌ အတွင်းနေတပည့်ငယ်ဖြစ်ခဲ့ပြီ၊ ယခုအခါ ငါဘုရားသည်သာ ထိုအချိန်အခါက ပညာရှိ၍ ဉပါယ်တံမျဉ်၌ လိမ္မာသော နက္ခတ်ပညာ၌ လိမ္မာသော သူဌေးငယ်ဖြစ်ခဲ့လေပြီဟု ဇာတ်တော်ကိုပေါင်းတော်မူသည်။

နောက်ထပ်နေ့တစ်နေ့တွင် ဓမ္မသဘင်၌ -

ငါ့ရှင်တို့ စူဠပန္ထကသည် လေးလတို့ဖြင့် လေးပါဒရှိသော ဂါထာကို သင်ယူခြင်းငှာ မစွမ်းနိုင်သော်လည်း၊ ဝီရိယကိုမစွန့်လွှတ်၍သာ အရဟတ္တဖိုလ်၌တည်လေပြီ။ ယခုအခါ လောကုတ္တရာတရားဟူသော ဉစ္စာ၏ပိုင်ရှင်ဖြစ်လေပြီဟူသော စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားကြွလာမေးမြန်းတော်မူသည် -

ရဟန်းတို့ ငါဘုရား၏ သာသနာတော်၌ အားထုတ်သော လုံ့လဝီရိယရှိသော ရဟန်းသည် လောကုတ္တရာတရား၏ ပိုင်ရှင်ဖြစ်သည်သာဟု ဟောတော်မူပြီး။ ဆိုလတ္တံ့သော ဤဂါထာကို ဟောတော်မူသည် -

" ဉဋ္ဌာနေ နပ္ပမာဒေန၊ သံယမေန ဒမေနစ။
ဒီပံ ကယိရာထ မေဓာဝီ၊ ယံဩဃော နာဘိကီရတိ"

ဉဋ္ဌာနေနစ = ထကြွလုံ့လဝီရိယဖြင့်လည်းကောင်း၊ အပ္ပမာဒေနစ = သတိ၏ မကင်းသော အချင်းအရာဟုဆိုအပ်သော၊ အပ္ပမာဒဖြင့်လည်းကောင်း၊သံယမေနစ =စတုပါရိသုဒ္ဓိ သီလဟုဆိုအပ်သော စောင့်စည်းခြင်းဖြင့်လည်းကောင်း၊ ဒမေနစ = စက္ခုအစရှိသော ဣန္ဒြေကို ဆုံးမခြင်းဖြင့် လည်းကောင်း၊ ဣမေဟိစတုဟိဓမ္မေဟိ = ဤလေးမျိုးသောတရားတို့ဖြင့်၊ မေဓာဝီ- ဓမ္မစွမ်းရည် ပညာအသိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ ယံဒီပံ = အကြင်အရဟတ္တဖိုလ်တည်းဟူသောကျွန်းကို၊ ဩဃော = ဩဃလေးခွင် ရေအလျှင်သည်၊ နာဘိကီရတိ = မဖျက်ဆီးနိုင်၊ တံဒီပံ = အရဟတ္တဖိုလ်တည်းဟူသော ထိုကျွန်းကို၊ ကယိရာတ = ပြုကြကုန်ရာ၏၊ ကယိရာထ = ပြုခြင်းငှာ စွမ်းပိုင်လေရာသတည်း။

ဂါထာ၏အဆုံး၌ များစွာသောလူတို့သည် သောတာပန်စသည်တို့ ဖြစ်ကြလေကုန်၏။ ဤသို့လျှင် ဒေသနာတော်သည် ရောက်လာသော ပရိသတ်၏ အကျိုးရှိသော ဒေသနာတော်ဖြစ်လေသည်။

**စူဠပန္ထကထေရ် ဝတ္ထု ပြီး၏ ။**

## ၁၄။ ဗာလနက္ခတ္တသယ်ဝတ္ထု

မြတ်စွာဘုရား သာဝတ္ထိမြို့ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ခုသောအချိန်ဝယ် သာဝတ္ထိမြို့၌ ဗာလနက္ခတ်ပွဲသဘင်ကို ကြွေးကြော်လေ၏။

ထိုပွဲ၌ ပညာမဲ့သူလူမိုက်တို့သည် ပြာဖြင့်လည်းကောင်း၊ နွားချေးဖြင့် လည်းကောင်း မိမိတို့ကိုယ်ကိုလိမ်းသုတ်ကြပြီးလျှင် ခုနစ်ရက်ပတ်လုံး မသင့်လျော်သော စကားကို ပြောဆိုကြလျက် လှည့်လှည်သွားနေကြသည်။ တစ်စုံတစ်ယောက်သော ဆွေမျိုးကိုသော် လည်းကောင်း၊ ချစ်ကျွမ်းဝင်ဖူးသူကိုသော်လည်းကောင်း၊ ရှင်ရဟန်း ကိုသော်လည်းကောင်း တွေ့မြင်လေသော် ရှက်တတ်သည် ဆိုသူ မရှိလေ။ (အရှက်မရှိ)အိမ်တံခါးတိုင်း၊ အိမ်တံခါးတိုင်း မတ်တပ်ရပ်ပြီး မသင့်လျော်သော စကားကို သူတော် မဟုတ်၊ သူယုတ်တို့စကားကို ပြောဆိုကြကုန်၏။ လူတို့သည် ထိုလူမိုက်တို့၏ မသင့်လျော်သော စကားကို မကြားနိုင်ကြ၍ ပစ္စည်းအင်အားနှင့် လျော်သော ငွေတစ်ကျပ်သော်လည်းကောင်း၊ ငါးမူးကိုသော်လည်းကောင်း တစ်မတ်ကိုသော်လည်းကောင်း ပေးကြလေကုန်၏။

ထိုလူမိုက်တို့သည် လူတို့၏အိမ်တံခါး၌ ရရသမျှကို ယူ၍ ထွက်ခွာ သွားကြသည်။

ထိုအချိန်အခါက သာဝတ္ထိမြို့၌ အရိယာသာဝက ငါးကုဋေမျှ နေထိုင်ကြကုန်၏။

ထိုအရိယာ သာဝကတို့သည် -

မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး ရဟန်းသံဃာနှင့်အတူ မြို့တွင်းသို့ ကြွဝင်တော်မမူဘဲ ကျောင်း၌သာ သီတင်းသုံးတော်မူပါဟု မြတ်စွာဘုရားထံ သတင်းစကားပို့ပေးကြကုန်၏။

ဗာလနက္ခတ်ပွဲပြုလုပ်ရာ ထိုခုနစ်ရက်ပတ်လုံး ရဟန်းသံဃာအတွက် ကျောင်း၌သာ ယာဂုဆွမ်းစသည်တို့ကို ပြည့်စုံအောင် စီစဉ်၍ပို့ပေးကြကုန်၏။ ကိုယ်တိုင်လည်း အိမ်မှ မထွက်ကြလေကုန်။ ထိုဗာလနက္ခတ်ပွဲ ပြီးဆုံး၍ ခုနစ်ရက်မြောက်သောနေ့၌ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ကြိုတင်ပင့်လျှောက်၍ မြို့တွင်းသို့ ကြွတော်မူစေပြီး များစွာသော လှူဖွယ်ဝတ္ထုကို ပေးလှူ၍ သင့်လျော်သော နေရာ၌ ထိုင်နေကြကာ လျှောက်ထားကြလေကုန်၏။

မြတ်စွာဘုရား, တပည့်တော်များသည် အလွန်ဆင်းရဲစွာဖြင့် ခုနစ်ရက်တို့ကို လွန်ခဲ့ကြပါသည်။

လူမိုက်တို့၏ မသင့်လျော်သော စကားတို့ကို ကြားကြသူတို့၏ နားတို့သည် ကွဲရမလောက်ဖြစ်ကြပါကုန်သည်။ တစ်စုံတစ်ယောက်သော လူမိုက်သည်၊ တစ်စုံတစ်ယောက်သော သူတော်စင်အား မရှက်ပါ။ ထို့ကြောင့် တပည့်တော်တို့သည် အရှင်ဘုရားတို့အား မြို့တွင်းသို့ ဝင်ခွင့်မပေးခဲ့ကြပါ။ တပည့်တော်တို့လည်း အိမ်တွင်းမှ မထွက်ခဲ့ကြပါ။

မြတ်စွာဘုရားသည် ထိုအရိယာသာဝကတို့၏ လျှောက်ထားအပ်သော စကားကို ကြားတော်မူလေသော် ပညာမဲ့လူမိုက်တို့၏ အပြုအမူဆိုသည်မှာ ဤသဘောပင်ဖြစ်၏။ အမှန်သိမြင်ပညာရှင်တို့မှာမူ ဥစ္စာအနှစ်ကို စောင့်ရှောက်သကဲ့သို့ အပ္ပမာဒတရားကို စောင့်ရှောက်ကြ၍ မသေရာမှန်, မြတ်သော နိဗ္ဗာန်စည်းစိမ်သို့ ရရောက်ကြလေကုန်၏ဟု မိန့်တော်မူပြီး ဤဆိုလတ္တံ့သောဂါထာတို့ကို ဟောတော်မူသည်။

( က ) "ပမာဒ မနုယုဉ္စန္တိ၊ ဗာလာ ဒုမ္မေဓိနော ဇနာ။

အပ္ပမာဒဉ္စ မေဓာဝီ၊ ဓနံ သေဋ္ဌံဝ ရက္ခတိ။

( ခ ) မာပမာဒ မနုယုဥ္ဇေထ၊ မာ ကာမရတိသန္ထဝံ။
အပ္ပမတ္တော ဟိ ဈာယန္တော၊ ပပ္ပေါတိ ဝိပုလံ သုခံ။"

(က) ဗာလာ - ဤလောကအကျိုး၊ တမလွန်လောကအကျိုးကို မသိကြကုန်သော၊ ဒုမ္မေဓိနော - ပညာမဲ့ကုန်သော၊ ဇနာ - လူတို့သည်၊ ပမာဒံ - မေ့လျော့မှုကို၊ အနုယုဥ္ဇန္တိ - အားထုတ်၍နေဖြစ်စေကုန်၏။ (မေ့လျော့ခြင်းဖြင့် အချိန်ကို ကုန်စေကြကုန်၏)။

မေဓာဝီ - တရားရှိန်ဝါ ထိန်ဖြာမြင်သိ၊ ပညာရှိတို့သည်၊ အပ္ပမာဒဥ္စ - မမေ့မလျော့မှု အပ္ပမာဒတရားကိုသာ၊ သေဋ္ဌံ -မြတ်သော၊ ဓနံ -ရတနာခုနှစ်ဖြာဥစ္စာကို၊ ရက္ခတိ ဣဝ - စောင့်သကဲ့သို့၊ ရက္ခတိ - စောင့်ရှောက်လေသတည်း။

(ခ) တသ္မာ - ဆိုအပ်ခဲ့ပြီးသော ထိုအကြောင်းကြောင့်၊ တုမှေ - သင်တို့သည်၊ ပမာဒံ - မေ့လျော့မှုကို၊ မာ အနုယုဥ္ဇေထ - အားမထုတ်ပေ, မဖြစ်စေကြကုန်နှင့်။ (မေ့လျော့ခြင်းဖြင့် အချိန်မကုန်ကြစေနှင့်)၊ ကာမရတိ သန္ထဝံ - ဝတ္ထုကာမ၊ ကိလေသာကာမတို့၌ မွေ့လျော်ခြင်းဟု ဆိုအပ်သော တဏှာအပေါင်းအဖော်ကို၊ မာ အနုယုဥ္ဇေထ - အားထုတ်မှု၊ ကြံစည်မှု၊ ရလိုမှုကို မပြုကြကုန်နှင့်၊ ဟိ ကသ္မာ - အဘယ်ကြောင့်နည်းဟူမူ၊ အပ္ပမတ္တော - အမြဲမလပ် သတိကပ်သဖြင့် မပြတ်မပေါ့၊ မမေ့မလျော့သော၊ ဈာယန္တော - သမထအာရုံ၊ ဝိပဿနာ အာရုံ အဖုံဖုံကို အာရုံပြုလျက် ရှုမှတ်သူသည်၊ ဝိပုလံ - မြတ်သော၊ သုခံ - နိဗ္ဗာန်ချမ်းသာသို့၊ ပပ္ပေါတိ - ဘဝါဘဝ - မထောက်မဘဲ ရောက်ရလေ၏။ တသ္မာ - ထိုကြောင့်ပေတည်း။ ဂါထာအဆုံး၌ များစွာလူတို့သည် သောတာပန်စသည်တို့ ဖြစ်ကြလေကုန်၏။ လူများစွာအကျိုးရှိသော ဓမ္မဒေသနာဖြစ်လေသည်။

**ဗာလနက္ခတ္တသဃ်ိဳ – ဝတ္ထုပြီး၏။**

## ၁၅။ မဟာကဿပတ္ထေရ် ဝတ္ထု

တစ်ခုသောနေ့၌ မဟာကဿပထေရ်သည် ပိတ်ချင်းလိုဏ်ဂူ၌ သီတင်းသုံးစဉ် ရာဇဂြိုဟ်မြို့၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းဘုဉ်းပေးပြီးနောက် ဆွမ်းခံမြို့တွင်းမှ ဖဲခွာခဲ့ကာ အာလောက ကသိုဏ်းကို ပွားစေပြီး မေ့လျော့နေသူ၊ မမေ့မလျော့နေသူ ရေမြေတောတောင်အစရှိသော အရပ်တို့၌ စုတေဆဲ သတ္တဝါ၊ ပဋိသန္ဓေနေဆဲ သတ္တဝါတို့ကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ရှုကြည့်လျက်နေတော်မူ၏။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက်ပင် ငါ၏ သားတော်ကဿပသည် အဘယ်သို့သော နေထိုင်ခြင်းဖြင့် နေထိုင်လေသနည်းဟုဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် စူးစမ်းဆင်ခြင်တော်မူလေသော် သတ္တဝါတို့၏ စုတိပဋိသန္ဓေ(သေခြင်း၊ ပဋိသန္ဓေနေခြင်း)ကို ရှုကြည့်လျက်နေ၏ဟု သိတော်မူ၍- သတ္တဝါတို့၏ စုတိပဋိသန္ဓေမည်သည် ဘုရားဉာဏ်တော်ဖြင့်သော် မပိုင်းဖြတ်နိုင်၊ အမိဝမ်းတွင်း၌ ပဋိသန္ဓေယူ၍ မိဘတို့ကို အသိမပေးဘဲ သေသူသတ္တဝါတို့၏ အပိုင်းအခြားသည် ပြုရန် မတတ်နိုင်၊ သေသူသတ္တဝါတို့ကို သိဖို့မှာ သင်၏ အရာမဟုတ်။

အို - ကဿပ မမေ့မလျော့နေခြင်းသည် သင်၏အရာဖြစ်သည်။

သေသူ ပဋိသန္ဓေနေသူအားလုံးကို သိဖို့၊ မြင်ဖို့မှာဘုရားရှင်တို့၏ အရာသာ ဖြစ်ချေသည်ဟု မိန့်တော်မူပြီး အရောင်အလင်းကိုဖြန့်၍ မဟာကဿပထေရ်၏ ရှေ့တည့်တည့်၌နေ၍ ဟောသကဲ့သို့ ဤဆိုလတ္တံ့သောဂါထာကို ဟောတော်မူသည်။

"ပမာဒံ အပ္ပမာဒေန၊ ယဒါနုဒတိ ပဏ္ဍိတော။
ပညာပါသာဒ မာရုယှ၊ အသောကော သောကိနိံ ပဇံ။
ပဗ္ဗတဋ္ဌော ဘူမဋ္ဌေ၊ ဓီရောဗာလေ အဝေက္ခတိ"

ပဏ္ဍိတော - ထင်စွာသတိ ပညာရှိသည်၊ ယဒါ - အကြင်အခါ၌၊ ပမာဒံ - မေ့လျော့ခြင်းကို၊ အပ္ပမာဒေန - မမေ့မလျော့ခြင်းဖြင့်၊ နုဒတိ - ဖယ်ထုတ်၏၊ တဒါ - ထိုအခါ၌၊ သော - ထိုပညာရှိသည်၊ ပညာပါသာဒံ - ဒိဗ္ဗစက္ခုဟု ဆိုအပ်သော ပညာပြဿဒ်သို့ အရုယှ - ထိုနှင့်လျော်သော အကျင့်ကို ကျင့်ခြင်းဖြင့် တက်၍၊ အသောကော - စိုးရိမ်ခြင်းကင်းသည် ဖြစ်၍၊ သောကိနိံ - သောကမကင်းသော၊ ပဇံ - သေဆဲ၊ ဖြစ်ဆဲ၊ သတ္တဝါကို၊ ဒိဗ္ဗစက္ခုနာ - ဒိဗ္ဗစက္ခုဖြင့်၊ အဝေက္ခတိ - ရှုမြင်လေ၏။

ကိမိဝ - ဥပမာအဘယ်ကဲ့သို့နည်းဟူမူကား၊ ပဗ္ဗတဋ္ဌော - တောင်ထိပ်၌တည်နေ သူသည်၊ ဘူမဋ္ဌေ - မြေ၌တည်နေသူတို့ကို၊ အဝေက္ခတိ ဣဝ - ရှုမြင်သကဲ့သို့၊ ဓီရော - ပညာရှိ ရဟန္တာပုဂ္ဂိုလ်သည်၊ ဗာလေ - သေဆဲ၊ ဖြစ်ဆဲလူမိုက်တို့ကို၊ အဝေက္ခတိ - ရှုမြင်လေ ၏။

ဂါထာအဆုံး၌များစွာသော လူတို့သည် သောတာပတ္တိဖိုလ်စသည်တို့ကို မျက်မှောက်ပြုကြလေကုန်၏။

**မဟာကဿပတ္ထေရ် – ဝတ္ထု ပြီး၏။**

# ၁၆။ ပမတ္တာပမတ္တ ဒွေသဟာယက ဝတ္ထု

သူငယ်ချင်းမိတ်ဆွေရဟန်းနှစ်ပါးတို့သည် မြတ်စွာဘုရားထံတော်၌ ကမ္မဋ္ဌာန်းကို နာယူပြီး၊ တောကျောင်းသို့ဝင်ကြလေကုန်၏။

ထိုရဟန်းနှစ်ပါးတို့တွင် ရဟန်းတစ်ပါးသည် အချိန်စောစောကပင် ထင်းတို့ကို ယူဆောင်၍ မီးကျီးအိုးကင်းကို စီစဉ်ပြီး သာမဏေငယ်တို့နှင့်အတူ စကားပြောကာ ပဌမယာမ်(ညရှေ့ပိုင်းအချိန်)ပတ်လုံး မီးလှုံလျက်နေ၏။

ရဟန်းတစ်ပါးသည်ကား မမေ့လျော့သူဖြစ်၍ ရဟန်းတရားကို အားထုတ်လျက်နေ၏။

ထိုရဟန်းသည် အခြားရဟန်းကို ဤသို့ဆုံးမ၏။

ငါ့ရှင် ဤသို့ မပြုပါနှင့်။ မေ့မေ့လျော့လျော့နေသူအဖို့ အပါယ်လေး ပါးတို့ သည် မိမိနေရာကျောင်းနှင့် တူကုန်၏။ ဘုရားရှင်တို့မည်သည် ကောက်ကျစ်စဉ်းလဲခြင်းဖြင့် နှစ်သက်စေခြင်းငှာ မတတ်နိုင်ကုန်။

မေ့လျော့လွှမ်း ထိုရဟန်းသည် မမေ့ရွှင်လန်းထိုရဟန်း၏ ဩဝါဒကို နားမထောင်ချေ။

အပျင်းမသန်း မြတ်ရဟန်းသည် (ပျင်းရိမှုလွှမ်း ဤရဟန်းသည် ပြောစကားကို နာယူသူမဟုတ်ဟု) ပျင်းရိသော ရဟန်းကို မပြောမဆိုတော့ဘဲ မမေ့မလျော့သူဖြစ်လျက်သာ ရဟန်းတရားအားထုတ်လေ၏။

ရဟန်းပျင်းသည်လည်း ပဌမယာမ်၌ မီးလှုံ၍ တရားရဟန်း၏ စင်္ကြံသွား၍ အိပ်ခန်းအတွင်းသို့ ဝင်ရာအချိန်၌ အိပ်ခန်းတွင်းဝင်ပြီး -

အို - လူပျင်းကြီး မဟာကုသိတ, သင်သည်လည်း လျောင်းအိပ်နေရန် တောသို့ဝင်ခဲ့သူဖြစ်သည်။

ဘုရားရှင်တို့၏ထံတော်၌ ကမ္မဋ္ဌာန်းကိုနာယူခဲ့ပြီး အိပ်ယာမှထ၍ ရဟန်းတရားကို ပြုကျင့်သင့်သည်ဟု ပြောဆိုထားပြီး မိမိ၏နေရာသို့ဝင်၍ လဲလျောင်းအိပ်လေ၏။

တရားရဟန်းလည်း မဇ္ဈိမယာမ်၌ အနားယူ၍ ပစ္ဆိမယာမ်၌(ည၏ နောက်ပိုင်းအချိန်၌)စောစောထ၍ ရဟန်းတရားကို ပြုကျင့်လေ၏။ တရားရဟန်းသည် ဤသို့မမေ့မလျော့ တရားအားထုတ်သဖြင့် မကြာမြင့်မီပင် ပဋိသမ္ဘိဒါတို့နှင့်အတူ ရဟန္တာအဖြစ်သို့ရောက်လေ၏။ ရဟန်းပျင်းသည် မေ့လျော့မှုဖြင့်သာအချိန်ကို ကုန်လွန်စေ၏။

ထိုရဟန်းနှစ်ပါးတို့သည် ဝါကျွတ်ကြပြီးသော် မြတ်စွာဘုရား၏ထံသို့ သွားရောက်၍ မြတ်စွာဘုရားကို ရှိခိုးပြီး သင့်လျော်ရာအရပ်၌ ထိုင်နေကြကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းနှစ်ပါးနှင့်အတူ နှုတ်ခွန်းဆက်တော်မူပြီး -

ရဟန်းတို့ အသို့နည်း(ဘယ်လိုလဲ) မမေ့မလျော့ကြဘဲ ရဟန်းတရားကို ပြုကြကုန်၏လော။ အသို့နည်း (ဘယ်လိုလဲ)သင်တို့၏ ရဟန်းကိစ္စသည် အထွတ်အထိပ်သို့ ရောက်အပ်ပြီလောဟု မေးတော်မူ၏။

ရှေးဦးစွာမေ့လျော့သောရဟန်းသည် ဤသို့လျှောက်ထားလေ၏။ မြတ်စွာဘုရား ဤရဟန်း၏ အပ္ပမာဒတရားဟူသည် အဘယ်မှာနည်း၊ မြတ်စွာဘုရားထံမှ သွားကြရာအချိန်မှစ၍ လဲလျောင်းအိပ်လျက်သာ အချိန်ကိုကုန်လွန်စေပါသည်ဟု လျှောက်ထားလေ၏။

ယခုလျှောက်ထားသူ ရဟန်း, သင်သည်ကား ရဟန်းကိစ္စအပြီးအဆုံးသို့ ရောက်ခဲ့ပြီလောဟု မေးတော်မူသည်။

မြတ်စွာဘုရား တပည့်တော်သည် စောစောကပင် ထင်းတို့ကိုရှာယူ၍ မီးကျီးခဲထည့်သော

အိုးကင်းကိုစီစဉ်၍ -

ပဌမယာမ် အချိန်၌မီးလှုံလျက်ထိုင်နေပြီး မအိပ်ဘဲသာ အချိန်ကိုကုန်လွန်စေခဲ့ပါသည်ဟု လျှောက်ထားလေ၏။

ထိုအခါ ထိုရဟန်းပျင်းကို မြတ်စွာဘုရားသည် သင်သည်မေ့မေ့လျော့လျော့ အချိန်ကိုကုန်လွန်စေပြီး မမေ့မလျော့နေပါ၏ဘုရားဟု လျှောက်ထားသည်။ မမေ့မလျော့နေသူကိုကား မေ့လျော့မှုကိုပြုသည်ဟု ပြောဆိုသည်ဟု မိန့်တော်မူပြီး -

တစ်ဖန်မေ့လျော့ခြင်း၌အပြစ်၊ မမေ့မလျော့ခြင်း၌ အကျိုးအာနိသင်တို့ကို ပြလိုသည်ဖြစ်၍ -

သင်ရဟန်းပျင်းသည် ငါ့သားတော်၏အနီး၌ အားအဟုန်ပြတ်သော အားနည်းသော မြင်းနှင့်တူ၏။ ဤငါ့သားတော်တွေက သင့်အထံ၌ လျင်မြန်သော အဟုန်နှင့်ပြည့်စုံသော မြင်းနှင့်တူ၏ဟု မိန့်တော်မူပြီး ဤဆိုလတ္တံ့သောဂါထာကို ဟောတော်မူသည် -

"အပ္ပမတ္တော ပမတ္တေသု၊ သုတ္တေသု ဗဟုဇာဂရော။

အဗလဿံဝ သီဃဿော၊ ဟိတွာ ယာတိသုမေဓသော"

သုတ္တေသု = အိပ်ပျော်သူနှင့် တူကုန်သော၊ ပမတ္တေသု = မေ့လျော့သူတို့၌ ဗဟုဇာဂရော = များစွာနိုးကြားသူနှင့်တူသော အပ္ပမတ္တော = မမေ့မလျော့သော၊ သုမေဓသော = ပညာရှိကောင်းသည်၊ သီဃဿော = လျင်မြန်သောမြင်းကောင်းသည်၊ အဗလဿံ = အားနည်းသော မြင်းပိန်ကို၊ ဟိတွာ = စွန့်ပစ်၍၊ ယာတိဣဝ = သွားသကဲ့သို့ ပမတ္တံ = မေ့လျော့သူကို၊ ဟိတွာ = အစမထင် သံသရာရေပြင်၌ စွန့်ပစ်၍၊ ယာတိ = နိဗ္ဗာန်သို့ သွားလေ၏။

ဂါထာအဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့ သို့ ရောက်ကြလေကုန်၏။

**ပမတ္တာပမတ္တ ဒွေသဟာယက ဝတ္ထု ပြီး၏။**

## ၁၇။ အညတရဘိက္ခု ဝတ္ထု

မြတ်စွာဘုရားဇေတဝန်ကျောင်းတော်၌ သတင်းသုံးနေတော်မူစဉ် မထင်မရှား ရဟန်းတစ်ပါးသည် မြတ်စွာဘုရားထံတော်၌ အရဟတ္တဖိုလ်ရောက်သည့်တိုင်အောင် ကမ္မဋ္ဌာန်းတရားကို ဟောပြစေပြီး တောသို့ ဝင်၍ ပြင်းပြင်းထန်ထန် အားထုတ်ပါလျက်၊ အရဟတ္တဖိုလ်သို့ ရောက်ရန် မစွမ်းနိုင်ဖြစ်နေသည်။

ထိုရဟန်းသည်အထူးပြု၍ ကမ္မဋ္ဌာန်းတရားကိုဟောစေဦးမည်ဟု ကြံရွယ်၍ တောတွင်းမှထွက်လာပြီး မြတ်စွာဘုရားထံတော်သို့ ပြန်လာစဉ်အကြားဖြစ်သော လမ်းခရီး၌ကြီးစွာသောတောမီးလောင်နေသည်ကို မြင်ရ၍ လျင်မြန်သော အဟုန်ဖြင့် တောင်ကတုံးထိပ်တစ်ခုပေါ်သို့တက်၍ထိုင်လျက် လောင်နေသော တောမီးကိုမြင်ရလေသော် ဤသို့အာရုံကိုယူလေ၏။ ဤတောမီးသည်ကြီးကုန်၊ ငယ်ကုန်သော လောင်စာတို့ကို လောင်လျက်သွားသကဲ့သို့ ဤအတူ အရိယမဂ်ဉာဏ်တည်းဟူသော မီးသည်လည်းကြီးကုန်၊ ငယ်ကုန်သော သံယောဇဉ်တို့ကို လောင်လျက်သွားလိမ့်မည်။ (သွားသည်ဖြစ်လတ္တံ့)

မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်တော်၌ ထိုင်နေတော်မူလျက်ပင် ထိုရဟန်း၏ စိတ်ဖြစ်နေပုံ သိတော်မူ၍ -

အို ရဟန်း -

သင်ထင်မြင်သည့် ဥပမာအတူပင် ဂုဏ်သတ္တဝါတို့အတွင်းအဇ္ဈတ္တ၌ဖြစ်ပေါ်ကုန်သော သံယောဇဉ်ကြီး၊ သံယောဇဉ်ငယ်တို့သည် လောင်စာကြီး၊ လောင်စာငယ်တို့နှင့် တူကုန်၏။

သံယောဇဉ်ကြီး၊ သံယောဇဉ်ငယ်ဟူသော ထိုလောင်စာတို့ကို ဉာဏ်တည်းဟူသောမီးဖြင့် လောင်ကျွမ်းစေ၍ မဖြစ်ထိုက်သည်တို့ကို(မဖြစ်အောင်)ပြုသင့်ပေသည်ဟု မိန့်တော်မူကာ အရောင်အလင်းကို စေလွှတ်၍ ထိုရဟန်း၏ရှေ့တည့်တည့်၌ ထိုင်နေတော်မူသကဲ့သို့ ထင်ထင်ရှားရှားဖြစ်လျက် ဤဆိုလတ္တံ့သော ဩဘာသဂါထာကို ဟောတော်မူသည်။

"အပ္ပမာဒ ရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိဝါ။
သံယောဇနံ အဏုံထူလံ၊ ဍဟံအဂ္ဂီဝ အစ္ဆတိ။"

အပ္ပမာဒ ရတော- မမေ့မလျော့ခြင်း၌ မွေ့လျော်သော ၊ ဝါ- တစ်နည်းသော် ကား၊ ပမာဒေ- မေ့လျော့ခြင်း၌၊ ဘယဒဿီ- ဘေးဟုရှုလေ့ရှိသော၊ ဘိက္ခု-ရဟန်း သည်၊ အဂ္ဂိ-ပကတိတောမီးသည်၊ အဏုံထူလံ-လောင်စာငယ်၊ လောင်စာကြီးကို၊ ဍဟံ-ဍဟန္တော-လောင်ကျွမ်းလျက်၊ ဂစ္ဆတိကဣဝ-သွားသကဲ့သို့၊ အရိယမဂ္ဂဉာ ဏဂ္ဂိနာ-အရိယမဂ်ဉာဏ်တည်းဟူသောမီးဖြင့်၊ အဏုံထူလံ သံယောဇနံ - သံယောဇဉ်ငယ်၊ သံယောဇဉ်ကြီးကို၊ ဍဟံ-ဍဟန္တော -လောင်ကျွမ်းလျက်၊ (မဖြစ်ထိုက်သည်ကိုပြုလျက်)ဂစ္ဆတိ-သွားလေ၏။

ဂါထာအဆုံး၌ ထိုရဟန်းသည် ထိုင်မြဲတိုင်းထိုင်လျက်သာ သံယောဇဉ်အားလုံးတို့ကိုလောင်ကျွမ်း စေလျက် ပဋိသမ္ဘိဒါ-တို့နှင့်အတူ အရဟတ္တဖိုလ်သို့ရောက်၍ ကောင်းကင်ဖြင့်ကြွလာကာ မြတ်စွာဘုရား၏ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်တော်ကိုချီးမွမ်း၍ ရှိခိုးလျက်သာ ဖဲခွာသွားလေ၏။

**အညတရဘိက္ခု ဝတ္ထု ပြီး၏။**

## ၁၈။ နိဂမ ဝါသိတိဿတ္ထေရ ဝတ္ထု

သာဝတ္ထိမြို့မှ အနီးဖြစ်သော နိဂုန်းရွာတစ်ရွာ၌ မွေးဖွားကြီးရင့်ခဲ့သော အမျိုးသားတစ်ယောက်သည် မြတ်စွာဘုရားသာသနာတော်၌ ရှင်သာမဏေပြုပြီးနောက် ရဟန်းအဖြစ်ရရှိကာ အလိုနည်းသော၊ ရောင့်ရဲလွယ်သော ဆိတ်ငြိမ်ရာ၌ မွေ့လျော်သော ပြင်းပြင်းထန်ထန် တရားအားထုတ်သော နိဂုန်းရွာနေတိဿ ထေရ်အမည်ဖြင့် ကျော်ကြားထင်ရှားလေ၏။

တိဿထေရ်သည် ဆွေမျိုးတို့နေထိုင်ရာ ရွာ၌သာ အမြဲမပြတ်ဆွမ်းခံ လှည့်လည်တော်မူသည်။

အနာထပိဏ်သူဌေးစသူတို့အလှူကြီးတို့ကို ပေးလှူကုန်သော်လည်းကောင်း၊ ပသေနဒိကောသလ မင်းသည် အသဒိသဒါန အတုမဲ့အလှူကြီး ကိုပေးသော်လည်းကောင်း သာဝတ္ထိမြို့သို့ မသွားချေ။

ရဟန်းတို့သည် နိဂုန်းရွာ၌နေသော ဤတိဿထေရ်သည် လုံ့လဝီရိယကြီးစွာဖြင့် ဆွေမျိုးတို့နှင့် ရောနှောနေထိုင်သူဖြစ်သည်။ အနာထပိဏ်သူဌေးစသူတို့ အလှူကြီးစသည်တို့ကို ပေးလှူကုန်သော်လည်းကောင်း၊ ပသေနဒိကောသလ မင်းသည် အသဒိသဒါနအတုမဲ့အလှူကိုပေးလှူသော်လည်းကောင်း၊ ကြွမလာ သူသာဖြစ်၏ဟုစကားဖြစ်စေကြပြီး မြတ်စွာဘုရားအားလျှောက်ထားကြလေ၏။

မြတ်စွာဘုရားသည် တိဿထေရ်ကို ခေါ်စေပြီး ရဟန်းသင်သည် ဤသို့ပြုနေသည်ဟု ကြားရသော စကားသည် မှန်လေသလောဟု မေးတော်မူလေသော် - မြတ်စွာဘုရား တပည့်တော်အား ဆွေမျိုးတို့နှင့် ရောနှောဆက်ဆံမှု မရှိပါ။ တပည့်တော်သည် ထိုဆွေမျိုးလူထုကို အမှီပြု၍ ကောင်းမကောင်းဖြစ်သော စားလောက်ရုံမျှ အာဟာရကိုရရှိပါသည်။ မျှတရုံမျှ အာဟာရကိုရပြီးလျှင် တဖန် အာဟာရကို ရှာဖွေနေခြင်းဖြင့် ဘာအကျိုးရှိမည်နည်းဟူသော စိတ်ထားဖြင့် မသွားတော့ပါ။

မြတ်စွာဘုရားတပည့်တော်အား ဆွေမျိုးတို့နှင့် ရောနှောဆက်ဆံမှုဆိုသည်မှာ မရှိပါဘုရားဟု လျှောက်ထားလေသော် မြတ်စွာဘုရားသည် ပကတိသဘောအားဖြင့်လည်း ထိုရဟန်း၏ အဇ္ဈာသယအလိုကို သိတော်မူသည်ဖြစ်၍ "ရဟန်း"ကောင်းပေစွ၊ ကောင်းပေစွဟု ထိုရဟန်းအားကောင်းချီးပေးတော်မူ၍-

ရဟန်းသင်သည် ငါဘုရားကဲ့သို့သော ဆရာကိုရ၍ အလိုနည်းသူဖြစ်ရခြင်းသည် အံ့ဩလောက် သည်မဟုတ်။

မှန်၏။ ဤအလိုနည်းသူ၏ အဖြစ်ဆိုသည်မှာ ငါဘုရား၏ အစဉ်အလာ၊ ငါဘုရား၏ အစဉ် အဆက်ဖြစ်တော့သည်ဟု မိန့်တော်မူပြီး ရဟန်းတို့ လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

လွန်လေပြီးသောအခါ ဟိမဝန္တာ ဂင်္ဂါမြစ်ကမ်းအနီး ရေသဖန်းပင် တောတစ်ခု၌ အထောင်မက ကုန်သော ကျေးငှက်တို့နေကြကုန်၏။

ထိုကျေးငှက်တို့တွင် ကျေးမင်းတစ်ကောင်သည် မိမိနေရာသစ်ပင်၏ သစ်သီးများကုန်သွားလျှင် အသီးမှကျန်ရစ်သော သစ်ညွန့်၊ သစ်ရွက်၊ သစ်ခေါက်ကိုစားပြီး ဂင်္ဂါမြစ်၌ ရေသောက်၍ လွန်စွာအလို နည်းသော၊ ရောင့်ရဲလွယ်သော ကျေးမင်းဖြစ်၍ အခြားတော၌ မသွားတော့ချေ။

ထိုကျေးမင်း၏အလိုနည်းမှု၊ ရောင့်ရဲလွယ်မှုဂုဏ်ကြောင့် သိကြားမင်း၏ ဘုံဗိမာန်သည် တုန်လှုပ် လေ၏။

သိကြားမင်းသည် ဆင်ခြင်ကြည့်လေသော် ထိုကျေးမင်းကိုမြင်၍ ကျေးမင်းအား စုံစမ်းရန် မိမိ၏

တန်ခိုးဖြင့် ကျေးမင်းနေရာထိုသစ်ပင်ကို ခြောက်သွေ့စေ၏။ သစ်ပင်သည် အကိုင်းကျိုး၍ သစ်ငုတ်မျှနှင့် (အပေါက်)ဖြစ်လျက် လေတိုက်ခတ်သည်ရှိသော် တုတ်ဖြင့် ခေါက်အပ်သော အသံကဲ့သို့ အသံထွက်လျက် တည်နေလေ၏။ ထိုသစ်ပင်အပေါက်တို့မှ အမှုန့်တို့သည် ထွက်ကုန်၏။ ကျေးမင်းသည် ထိုအမှုန့်ကိုစား၍ ဂင်္ဂါမြစ်၌ သောက်ရေကို သောက်၍ တခြားအရပ်၌မသွားလေ။ နေပူကို အရေအတွက်မထား၊ ရေသဖန်းပင် ငုတ်အထက်၌ နားနေလေ၏။ သိကြားမင်းသည် ထိုကျေးမင်း၏ လွန်စွာအလိုနည်းသူအဖြစ်ကိုသိ၍ မိတ္တဓမ္မဂုဏ်(မိတ်ဆွေတို့၌ ကျင့်အပ်သောတရား၏ ကျေးဇူး)ကိုဟောပြစေပြီး ကျေးမင်းအားဆုပေး၍ ရေသဖန်းပင်ကို အသီးအမြဲရှိအောင် ပြု၍ပြန်လာမည်ဟု ကြံစည်ကာ ဟင်္သာမင်းတစ်ကောင်အဖြစ်ဖြင့် ဖန်ဆင်း၍ အသူရာကညာ(အသူရာသတို့သမီး ဇနီးသူဇာ)ကိုရှေ့ မှာထား၍ ရေသဖန်းပင်တောသို့သွားပြီး ကျေးမင်းနေရာသစ်ငုတ်အနီး၌ သစ်ပင်တစ်ပင်၏ သစ်ခက်၌နားလျက် ကျေးမင်းနှင့်အတူ စကားပြောလို၍ ဤဆိုလတ္တံ့သော ဂါထာကို ဆိုလေ၏။

"သန္တိ ရုက္ခာ ဟရိပတ္တာ၊ ဒုမာ နေကဖလာ ဗဟူ။
ကသ္မာ နု သုက္ခေ ကောဠာပေ၊ သုဝဿ နိရတော မနော။"

ဘော သုဝရာဇ - အိုကျေးမင်း၊ ဗဟူ - များစွာကုန်သော၊ ဟရိပတ္တာ - စိမ်းစိုသော အရွက်ရှိကုန်သော၊ ရုက္ခာ - သစ်ပင်တို့သည်လည်းကောင်း၊ ဗဟူ - များစွာကုန်သော၊ အနေကဖလာ - များသော အသီးရှိကုန်သော၊ ဒုမာ - သစ်ပင်တို့သည်လည်းကောင်း၊ သန္တိ - ရှိကုန်၏၊ ကသ္မာ - အဘယ်ကြောင့်၊ သုက္ခေ - ခြောက်သော၊ ကောဠာပေ - သစ်ငုတ်၌၊ သုဝဿ - ကျေးမင်း၏၊ မနော - စိတ်သည်၊ နိရတောနု - မွေ့လျော်ပါသနည်း။

သုဝ - ဇာတ်အစုံအလင်ကို နဝက နိပါတ်၌လာသော၊ နည်းဖြင့်သာ၊ အကျယ်ချဲ့အပ်ပေ၏၊ မှန်၏။ ထို နဝကနိပါတ်၌လည်းကောင်း၊ ဤဓမ္မပဒ အဋ္ဌကထာ၌လည်းကောင်း အတ္ထုပ္ပတ္တိအကြောင်းဖြစ်ပုံသာ ထူးသည် အကြွင်းအတူသာဖြစ်၏။

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ အာနန္ဒာသည် ထိုအချိန်၌ သိကြားမင်းဖြစ်ခဲ့သည်။ ငါဘုရားသည်ပင် ထိုအချိန်၌ ကျေးမင်းဖြစ်ခဲ့ပြီဟု မိန့်တော်မူ၍ -

ရဟန်းတို့ ဤသို့လျှင် ဤအလိုနည်းသူအဖြစ်(အလိုနည်းမှု)ဆိုသည်မှာ - ငါဘုရား၏ အစဉ်အလာ၊ ငါဘုရား၏ အစဉ်အဆက်ဖြစ်တော့သည်။ ငါဘုရား၏ သားတော် နိဂမဝါသိတိဿ၏ ငါဘုရားကဲ့သို့သော ဆရာကိုရ၍ အလိုနည်းသူအဖြစ်သည်(အလိုနည်းမှုသည်)အံ့သြလောက်သည်မဟုတ်။

ရဟန်းဆိုသူသည် နိဂမဝါသိတိဿကဲ့သို့ အလိုနည်းသူသာဖြစ်ထိုက် သည်။ အကြောင်းသော်ကား အလိုနည်းသော သဘောရှိသော ရဟန်းသည် သမထ ဝိပဿနာတရားတို့မှလည်းကောင်း၊ မဂ်ဖိုလ်တို့မှ လည်းကောင်း ဆုတ်ယုတ်ခြင်းငှာမထိုက်၊ စင်စစ်သော်ကား နိဗ္ဗာန်၏ အနီး၌သာ ဖြစ်လေ၏ဟု မိန့်တော်မူ၍ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

"အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ။
အဘဗ္ဗော ပရိဟာနာယ၊ နိဗ္ဗာနဿေဝ သန္တိကေ။"

အပ္ပမာဒရတော - မမေ့မလျော့ခြင်း၌ မွေ့လျော်သော၊ ဝါ - တစ်နည်းကား၊ ပမာဒေ - မေ့လျော့ခြင်း၌၊ ဘယဒဿီ - ဘေးကိုရှုလေ့ရှိသော၊ ဘိက္ခု - ရဟန်းသည်၊ ပရိဟာနာယ - သမထဝိပဿနာမဂ်ဖိုလ်တို့မှ ဆုတ်ယုတ်ခြင်းငှာ၊ အဘဗ္ဗော - မထိုက်၊ နိဗ္ဗာနဿ - ကိလေသနိဗ္ဗာန်၊ အနုပါဒိ - နိဗ္ဗာန်၏၊ သန္တိကေ ဧဝ

- အနီး၌သာ၊ ဟောတိ - ဖြစ်၏။

ဂါထာ၏ အဆုံး၌ နိဂမဝါသိတိဿထေရ်သည် ပဋိသမ္ဘိဒါတို့နှင့်အတူ အရဟတ္တဖိုလ်သို့ရောက်လေ၏။ တိဿထေရ်မှ တခြားလူများစွာတို့သည်လည်း သောတာပန်စသည်တို့ဖြစ်ကြကုန်၏။ လူများစွာ၏ အကျိုးရှိသော ဓမ္မဒေသနာ တော်ဖြစ်လေ၏။ ။

**နိဂမဝါသိတိဿ ထေရ ဝတ္ထု ပြီး၏။**

# ၃။ စိတ္တဝဂ္ဂ

## ၁၉။ မေဃိယ ထေရ် ဝတ္ထု

မြတ်စွာဘုရား စာလိကာတောင်၌ သီတင်းသုံးနေတော်မူစဉ် -

၁။ ကာမဝိတက် (ကာမဂုဏ်တို့ကို စိတ်ကူးကြံစည်ခြင်း)

၂။ ဗျာပါဒဝိတက် (သတ္တဝါတို့၏ ပျက်စီးရာပျက်စီးကြောင်းကို ကြံစည်ခြင်း)

၃။ ဝိဟိံသဝိတက် (ညှင်းဆဲနှိပ်စက်ရန် စိတ်ကူးကြံစည်ခြင်း)

ဟူသော အကုသိုလ်ဝိတက်သုံးမျိုးတို့သည် အစဉ်ကပ်ညှိအပ်သော စိတ်ရှိသဖြင့် သရက်ဥယျာဉ်၌ ကမ္မဋ္ဌာန်းအားထုတ်ရန် မတတ်စွမ်းနိုင်၍ မြတ်စွာဘုရားထံ ပြန်လာသော မေဃိယထေရ်ကို မိန့်ခေါ်တော်မူပြီး

မေဃိယ, သင်သည် အလွန်ဝန်လေးဖွယ်ကိုပြုအပ်ပေသည်။

မေဃိယ, ငါဘုရားတစ်ပါးတည်းဖြစ်သည်။ သင်မှတစ်ပါးလည်းဖြစ်သော ရဟန်းတစ်ပါးပါး ရောက်လာသည့်တိုင်အောင် ဆိုင်းငံ့နေပါဦးဟု တောင်းပန်သော ငါဘုရားကို တစ်ပါးတည်းပစ်ထားခဲ့ပြီး သွားခဲ့သည်။ ရဟန်းဆိုတာ ဤသို့စိတ် အလိုလိုက်သူမဖြစ်သင့် ဤစိတ်ဆိုတာ လျင်မြန်သည်။ ထိုစိတ်ကို မိမိအလို၌ ဖြစ်စေရန်သင့်သည်(မိမိအလိုလိုက်စေသင့်သည်)ဟု မိန့်တော်မူပြီး ဆိုလတ္တံ့သော ဤနှစ်ဂါထာတို့ကို ဟောကော်မူသည်။

(က) "ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာ ရောဝ တေဇနံ။

(ခ) ဝါရိဇောဝ ထလေခိတ္တော၊ ဩကမောကတဥဗ္ဘတော။
ပရိဖန္ဒတိဒံ စိတ္တံ၊ မာရ ဓေယျံ ပဟာတဝေ"

(က) ဖန္ဒနံ - ရူပါရုံ အစရှိသော အာရုံတို့၌ ကျရောက်တုန်လှုပ်တတ်သော၊ စပလံ - တစ်ခုတည်းသော အာရုံ၌ မတည်တတ်သဖြင့် လှုပ်ရှားသော၊ ဒုရက္ခံ - သင့်လျော်သော အာရုံ၌ထားခြင်းဖြင့် စောင့်ရှောက်ရန် ခက်သော၊ ဒုန္နိဝါရယံ - ဝိသဘာဂ - ဆန့်ကျင်ဘက်အာရုံကို မသွားအောင် တားမြစ်ရန်ခက်သော၊ စိတ္တံ - ဖြစ်ရာ ဘုံမှီရာဝတ္ထုပြုရာ အာရုံစသည်အလိုဖြင့် ဆန်းကျယ်သော စိတ်ကို၊ မေဓာဝီ - ကြောင်းကျိုးသိမြင် ပညာရှင်သည်၊ ဥဇုံ - ဖြောင့်မတ်အောင်၊ ကရောတိ - ပြုလေ၏။

ကိမိဝ - ဥပမာပုံဆို ဘယ်လိုနည်းဟူမူကား၊ ဥသုကာရော - လေးသမားသည်၊ တေဇနံ - မြားကို၊ ဥဇုံ - ဖြောင့်အောင်၊ ကရောတိဣဝ - ပြုသကဲ့သို့တည်း။

(ခ) ဩကမောကတော - ရေတည်းဟူသောတည်ရာမှ၊ ဥဗ္ဘတော - ထုတ်ပယ် ၍၊ ထလေ - ကုန်းပေါ်၌၊ ခိတ္တော - ပစ်ထားအပ်သော၊ ဝါရိဇော - ရေ၌ ပေါက်ဖွား၊ ရေ၌ပျော်ပါး ရေကြီးငါးသည်၊ ပရိဖန္ဒတိဣဝ - တုန်လှုပ်သကဲ့သို့၊ ဣဒံစိတ္တံ - ငါးခုအာရုံ ကာမဂုဏ်ဟူသောတည်ရာ၌ မွေ့လျော်တတ်သော ဤစိတ်သည်၊ မာရဓေယျံ - ကိလေသဝဋ်ဟု ဆိုအပ်သော မာရ်၏ တည်ရာကို၊ ပဟာတဝေ - ပယ်စွန့်ခြင်းငှာ၊ ဩကတော

- ငါးပါးအာရုံကာမဂုဏ်တည်းဟူသော တည်ရာမှ၊ ဥဒ္ဓရိတွာ - ထုတ်၍၊ ခိတ္တံ - ဝိပဿနာကမ္မဋ္ဌာန်း၌ ပစ်ချအပ်သည်၊ သမာနံ - ဖြစ်လတ်သော်၊ ပရိပ္ဖန္ဒတိ - တုန်လှုပ်လေ၏။

ဂါထာအဆုံး၌ မေဃိယထေရ်သည် သောတပတ္တိဖိုလ်၌ တည်လေ၏။ များစွာသော လူတို့လည်း သောတာပန်စသည် ဖြစ်ကြလေကုန်၏။

**မေဃိယတ္ထေရ် ဝတ္ထု ပြီး၏**

## ၂၀။ အညတရဥက္ကဏ္ဍိတ ဘိက္ခု ဝတ္ထု

သာဝတ္ထိပြည်၌ မြတ်စွာဘုရားသီတင်းသုံးနေတော်မူစဉ် သူဌေးသားတစ်ယောက်သည် မိမိ၏ ကိုးကွယ်ရာ ကုလူပကထေရ်ကို ချဉ်းကပ်၍ -

အရှင်ဘုရား တပည့်တော်ဆင်းရဲမှ လွတ်မြောက်လိုပါသည်။ တပည့်တော် အားဆင်းရဲမှ လွတ်နိုင်ကြောင်းတရားတစ်ခုကို မိန့်တော်ပါဟု လျှောက်ထားလေ၏။

ဒါယကာ, ကောင်းပြီ၊ သင်သည် ဆင်းရဲမှ လွတ်မြောက်လိုလျှင် သလာကဘတ်(စာရေးတံမဲချ လှူအပ်သောဆွမ်း) ကိုလှူပါ၊ ပက္ခိကဘတ်(လဆန်းပိုင်း လဆုတ်ပိုင်းရက်၌ လှူအပ်သောဆွမ်း)ကို လှူပါ ဝါဆိုသင်္ကန်းကို လှူပါ၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးကိုလှူပါ။ မိမိပိုင်ဥစ္စာပစ္စည်းကို သုံးပုံ , ပုံ၍ တစ်ပုံဖြင့် စီးပွားရေးလုပ်ပါ။ တစ်ပုံဖြင့် သားမယားကိုကျွေးမွေးပြုစုပါ။ တစ်ပုံကိုမြတ်စွာဘုရားသာသနာတော်ကို ပေးလှူပါ။

အရှင်ဘုရား၊ ကောင်းပါပြီ၊ အရှင်ဘုရား မိန့်အပ်သည့်အစဉ်အတိုင်း တပည့်တော်လုပ်မည်။

× × × ×

အရှင်ဘုရား, အရှင်ဘုရား အမိန့်ရှိအပ်သော ဆင်းရဲမှ လွတ်မြောက်ကြောင်း တရားအားလုံးကို အစဉ်အတိုင်း တပည့်တော်လုပ်ပြီးပါပြီ။ လုပ်ပြီးထားသည်ထက် အပိုအလွန် တစ်ခြားဘာကို ပြုရပါဦးမည်နည်း။

ဒါယကာ သရဏဂုံသုံးပါးကို ခံယူပါ၊ ငါးပါးသီလကို ခံယူကျင့်သုံးပါ။

× × × ×

အရှင်ဘုရား တပည့်တော် သရဏဂုံနှင့် ငါးပါးသီလကို ဆောက်တည်ကျင့်သုံးနေပါပြီ။ ထို့ထက် အပိုအလွန် ဘာကို ပြုရပါဦးမည်နည်း။

ဒါယကာ, ဆယ်ပါးသီလကို ခံယူဆောက်တည်ပါ။

အရှင်ဘုရား, ကောင်းပါပြီ၊ တပည့်တော်, ဆယ်ပါးသီလကိုခံယူ ဆောက်တည်ပါပြီ။

သူဌေးသားသည် ဤနည်းဖြင့် အစဉ်အတိုင်း ကုသိုလ်ကောင်းမှု ပြုလုပ်အပ်သောကြောင့် အနုပုဗ္ဗ သူဌေးသားဟု အမည်တွင်လေ၏။

ထိုမှ နောက်တွင် သူဌေးသားသည် -

အရှင်ဘုရား, တပည့်တော်ပြုအပ်ပြီးသည်ထက် ပိုလွန်ပြုသင့်သည့် တရားရှိပါသေးသလားဟု မေးလျှောက်ပြန်ရာ၊ ဒကာထိုသို့ဖြစ်လျှင် ရဟန်းပြုပါလေဟု မိန့်အပ်သည်ဖြစ်၍ အိမ်မှထွက်ပြီး ရဟန်းပြုလေ၏။

ထိုသူဌေးသား ရဟန်း၏ ဥပသမ္ပဒဆရာသည် အဘိဓမ္မာဆောင်ရဟန်းဖြစ်၏။ ဥပဇ္ဈာယ်ဆရာသည် မိမိထံရောက်လာသော ထိုသူဌေးသား ရဟန်းအား ဗုဒ္ဓသာသနာတော်၌ ရဟန်းအဖြစ်ဖြင့်နေသူဆိုတာ ဒီအမှုကို ပြုဖို့သင့်သည်၊ ဒီအမှုကို ပြုဖို့မသင့်ဟု အဘိဓမ္မာ၌ပြဿနာကို ဟောပြသည်။ ဝိနည်းဆောင် ဥပဇ္ဈာယ်ဆရာကလည်း ဗုဒ္ဓသာသနာတော်၌ ရဟန်းအဖြစ်ဖြင့် နေသူဆိုတာ ဒီအမှုကို ပြုဖို့သင့်သည်၊ ဒီအမှုကို ပြုဖို့မသင့်၊ ဒီအမှုကအပ်၏၊ ဒီအမှုက မအပ်ဟု ဝိနည်း၌ ပြဿနာကို ဟောပြသည်။

သူဌေးသားရဟန်းသည် ဤသို့ စိတ်ကူးကြံစည်လေ၏။ ဤရဟန်းပြုမှု သည် အံ့ဩလောက်အောင် ဝန်လေးလှပါကလား။ ငါသည် ဆင်းရဲမှ လွတ်လို၍ ရဟန်းပြုခဲ့သည်၊ ဤရဟန်းအဖြစ်၌ ငါအဖို့ လက်ဆန့်ရမည့် နေရာသော်လည်း မရှိတော့ပါတကား၊ အိမ်၌နေ၍သာ ဆင်းရဲမှလွတ်ရန် တတ်နိုင်တော့မည်။ စွမ်းနိုင်တော့မည်။

ငါသည် လူဖြစ်ဖို့သင့်တော့သည်။

သုဋ္ဌေးသားရဟန်းသည် ထိုအချိန်မှစ၍ ရဟန်းအဖြစ်၌ မပျော်မမွေ့၊ ငြီးငွေ့သည်ဖြစ်၍ ဒွတ္တိံသာကာရ ခန္ဓာကိုယ်၌ရှိသော သုံးဆယ့်နှစ်မျိုးသော အချင်းအရာတို့ကို ရွတ်အံသရဇ္ဈာယ်ခြင်းကို မပြုတော့ချေ။ ပါဠိကိုလည်း မသင်ယူတော့ချေ။ ကြုံလှီခေါင်းပါးလျက် အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိပြီး ပျင်းရိမှု နှိပ်စက်ခံရလျက် တစ်ကိုယ်လုံးဝဲနာဖြင့် ပြည့်နေလေ၏။

သာမဏေငယ်တို့သည် သုဋ္ဌေးသားရဟန်းကို -

အရှင်ဘုရား, အရှင်ဘုရားသည် အဘယ်ကြောင့် ရပ်သည့်နေရာ၌၊ ရပ်လျက်သာ၊ ထိုင်သည့်နေရာ၌ ထိုင်လျက်သာ နေပါသနည်း။ အသားအရေဖျော့တော့သော ရောဂါနှိပ်စက်ခံရပါသနည်း။ သွေးသားခေါင်းပါး ကြုံလှီနေပါသနည်း။ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိနေပါသနည်း။ ပျင်းရိမှု နှိပ်စက်ခံနေရပါသနည်း။ တစ်ကိုယ်လုံး ဝဲတွေအပြည့်ရှိနေပါသနည်း။ အရှင်ဘုရားဘာကိုပြုအပ်သနည်းဟု မေးကြကုန်၏။

သာမဏေတို့ ဦးပဉ္ဇင်းသာသနာတော်မှာ မပျော်မွေ့ဘူး။

ဘာကြောင့်မပျော်မွေ့ပါသနည်း။

သုဋ္ဌေးသားရဟန်းသည် သာသနာတော်၌ မပျော်မွေ့ခြင်းအကြောင်းစုံကို ပြောပြလေ၏။ သာမဏေငယ်တို့သည် သုဋ္ဌေးသားရဟန်း သာသနာတော်၌ မပျော်မမွေ့ဖြစ်နေသည်ကို ဆရာဥပဇ္ဈာယ်တို့အား လျှောက်ထားကြလေကုန်၏။

ဆရာဥပဇ္ဈာယ်တို့သည် သုဋ္ဌေးသားရဟန်းကိုခေါ်၍ မြတ်စွာဘုရားထံသွားကြကုန်၏။ ရဟန်းတို့ ဘယ်အကြောင်းကြောင့်လာကြသနည်း။

မြတ်စွာဘုရား ဤသုဋ္ဌေးသားရဟန်းသည် အရှင်ဘုရားတို့၏ အဆုံးအမ သာသနာတော်၌ မပျော်မမွေ့ ငြီးငွေ့နေသူဖြစ်ပါသည်။

အို ရဟန်း, သူတို့လျှောက်ထားသည့်အတိုင်းမှန်သလော။

မှန်ပါသည်ဘုရား။

ဘယ်အကြောင်းကြောင့် မပျော်မမွေ့ငြီးငွေ့နေရသနည်း။

မြတ်စွာဘုရား တပည့်တော်သည် ဆင်းရဲမှ ကင်းလွတ်လို၍သာ ရဟန်းပြုခဲ့ပါသည်။ တပည့်တော်၏ ဥပသမ္ပဒဆရာသည် အဘိဓမ္မာစကားကို ပြောဆို ပါသည်။ ဥပဇ္ဈာယ်ဆရာက ဝိနည်းစကားကို ပြောဆိုပါသည်။

ဤသာသနာတော်၌ တပည့်တော်အား လက်ဆန့်တန်းစရာ နေရာသော် လည်း မရှိတော့ပါ။ လူဖြစ်ပြီး ဆင်းရဲမှ လွတ်မြောက်နိုင်ပါသည်။ လူဖြစ်ပါတော့မည်ဟု တပည့်တော်ဆုံးဖြတ်မှု ပြုထားပါသည်ဘုရား။

ရဟန်းသင်သည် တစ်ခုကိုသာ စောင့်ရမည်ဆိုလျှင် ထိုတစ်ခုကိုသာ စောင့်နိုင်ခဲ့သော် ကျန်ကိစ္စတွေကို စောင့်ဖွယ်ကိစ္စမရှိတော့ဘူး။

မြတ်စွာဘုရား စောင့်ရမည့်တစ်ခုက အဘယ်ပါနည်းဘုရား။

ရဟန်းသင်၏ စိတ်ကိုသာ စောင့်ရန်စွမ်းနိုင်မည်လော။

မြတ်စွာဘုရား စွမ်းနိုင်ပါသည် ဘုရား။

စွမ်းနိုင်ခဲ့လျှင် မိမိ၏ စိတ်ကိုသာ စောင့်ရှောက်ပါလော့။ ဆင်းရဲမှ လွတ်နိုင်စွမ်းရှိပေသည်ဟု ဩဝါဒကိုပေးတော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

"သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။

စိတ္တံ ရ က္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံသုခါဝဟံ”

သုဒုဒ္ဒသံ - ကောင်းစွာမြင်နိုင်ခဲသော၊ သုနိပုဏံ - လွန်စွာသိမ်မွေ့သော၊ ယတ္ထကာမနိပါတိနံ - အမျိုးဇာတ်စသည်တို့ကို မကြည့်မူ၍ ရထိုက်သော နေရာ၊ မရထိုက်သောနေရာ၊ သင့်သောနေရာ၊ မသင့်သော နေရာတို့တွင် တစ်စုံတစ်ခု သော နေရာ၌ ကျရောက်လေ့ရှိသော၊ စိတ္တံ - စိတ်ကို၊ မေဓာဝီ - ကျိုးကြောင်းမြင် သိ ပညာရှိသည်၊ ရက္ခေထ - စောင့်ရှောက်ရာ၏။ ဂုတ္တံ - လုံခြုံစေအပ်၊ စောင့်ရှောက်အပ်သော၊ စိတ္တံ - စိတ်သည်၊ သုခါဝဟံ - မဂ်ဖိုလ်နှစ်တန် နိဗ္ဗာန်ချမ်းသာတို့ကို ကောင်းစွာရောက်အောင် ဆောင်ရွက် နိုင်လေသတည်း။

ဒေသနာတော်အဆုံး၌ သူဌေးသားရဟန်းသည် သောတာပတ္တိဖိုလ်သို့ ရောက်လေသည်။ တခြားသူများစွာတို့လည်း သောတာပန် စသည်ဖြစ်ကြလေကုန်၏။ ဒေသနာတော်သည် လူများစွာ၏ အကျိုး ရှိသော ဒေသနာတော်ဖြစ်လေသည်။ ။

**အညတရဥက္ကဏ္ဍိတဘိက္ခု ဝတ္ထု ပြီး၏။**

## ၂၁။ သံဃရက္ခိတဘာဂိနေယျထေရ်ဝတ္ထု

သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်း၌ မြတ်စွာဘုရားသီတင်းသုံးနေတော်မူစဉ် အမျိုးကောင်းသား တစ်ယောက်သည် မြတ်စွာဘုရား၏ ဓမ္မဒေသနာတော်ကို ကြားနာရ၍ အိမ်မှထွက်ပြီး ရှင်ရဟန်းပြုလေရာ သံဃရက္ခိတထေရ် အမည်တွင်လေ၏။ ထိုမဟာထေရ်သည် ရဟန်းပြုပြီး နှစ်ရက်သုံးရက်အကြာတွင် ရဟန္တာဖြစ် လေ၏။ ထိုမထေရ်၏ နှမတစ်ယောက်သည် သားတစ်ယောက်ဖွားမြောက်ပြီးသော် မထေရ်၏အမည်ဖြင့် သံဃရက္ခိတဟု အမည်မှည့်ထားလေသဖြင့် ဘာဂိနေယျ သံဃရက္ခိတအမည်တွင်လေ၏။ ဘာဂိနေယျ သံဃရက္ခိတသည် အရွယ်ရောက်သောအခါ ဦးရီးသံဃရက္ခိတထေရ် အထံ၌ရှင်ရဟန်းပြုပြီး ရွာငယ်တစ်ရွာ၌ ဝါဆိုနေလေ၏။ ထိုသံဃရက္ခိတသည် ခုနစ်တောင်ရှိသော ဝါဆိုသင်္ကန်း၊ ရှစ်တောင်ရှိသော ဝါဆိုသင်္ကန်း အားဖြင့် ဝါဆိုသင်္ကန်းနှစ်ထည်ရ၍ ရှစ်တောင်ရှိသော ဝါဆိုသင်္ကန်းကို ဥပဇ္ဈာယ်ဖြစ်သော ဦးရီးသံဃရက္ခိတ ထေရ်အား လှူမည်။ ခုနစ်တောင်ရှိသော ဝါဆိုသင်္ကန်းကို မိမိသုံးစွဲမည်ဟု ရည်ရွယ်ထားလေ၏။

သံဃရက္ခိတသည် ဝါကျွတ်သောအခါ ဥပဇ္ဈာယ်ဆရာကိုဖူးမျှော်ရန် သာဝတ္ထိသို့ လမ်းခရီးအကြား၌ ဆွမ်းခံ၍ လာခဲ့စဉ် ဦးရီးထေရ် ဆွမ်းခံပြန်မလာမီ ဦးရီးထေရ်ကျောင်းသို့ ဝင်ရောက်၍ ဦးရီးထေရ်၏ နေသန့်ရာ နေရာကို တံမျက်လှည်း၊ ခြေဆေးရေထည့်ထားနေရာကိုခင်းထားပြီး၊ ဦးရီးထေရ်ကြွလာမည့် လမ်းကို မျှော်ကြည့်လျက် ထိုင်နေလေ၏။ ဦးရီးထေရ်ကြွလာသည်ကို မြင်ရလျှင် ခရီးဦးကြိုပြု သပိတ်သင်္ကန်းကို လှမ်းယူ၊ အရှင်ဘုရား ဤနေရာ၌ ထိုင်တော်မူပါဟု ဦးရီးထေရ်ကို ထိုင်စေပြီး ထန်းရွက်ရပ်ဝန်းကိုကိုင်၊ ယပ်ခတ် ပေး၊ သောက်ရေကိုကပ်၊ ခြေတို့ကို ရေဆေးပြီးသော် ရည်ရွယ်ထားသော ရှစ်တောင်ရှိ ဝါဆိုသင်္ကန်းကိုယူ၍ ဦးရီးထေရ်၏ ခြေရင်း၌ ချထားပြီး -

အရှင်ဘုရား တပည့်တော်၏ ဤဝါဆိုသင်္ကန်းကို အသုံးပြုတော်မူပါဟု လျှောက်ထားကာ ဦးရီးထေရ်ကို ယပ်ခတ်ပေးလျက်နေလေ၏။

မောင်သံဃရက္ခိတ ငါ့အဖို့သင်္ကန်းပြည့်စုံနေပြီ။ သင်ယူခဲ့သော သင်္ကန်းကို သင်သာအသုံးပြုပါ။

အရှင်ဘုရားသင်္ကန်းကို ရချိန်မှစ၍ ဤသင်္ကန်းကို အရှင်ဘုရားတို့အတွက်သာ တပည့်တော် သတ်မှတ်ထားပါသည်။ အသုံးပြုတော်မူပါ။

မောင်သံဃရက္ခတိ သင်သတ်မှတ်သည်ဆိုသည်မှာ သတ်မှတ်ရုံသာဖြစ်ပါစေ သင်သာသုံးစွဲပါ။

အရှင်ဘုရား ဤသို့မပြုပါနှင့်၊ ဤသင်္ကန်းကို အရှင်ဘုရားတို့သုံးစွဲလျှင် တပည့်တော်အဖို့ အကျိုးများ ပါလိမ့်မည်။

တူတော်သံဃရက္ခိတသည် ဦးရီးတော်သံဃရက္ခိတထေရ်အား အကြိမ်ကြိမ်လျှောက်ထား တောင်းပန် သော်လည်း ဦးရီးတော်ထေရ်က အလိုမရှိ၍ တားမြစ်အပ်သည်ကို သိသဖြင့် ယပ်ခတ်နေလျက် ဤသို့ ကြံစည်စိတ်ကူးလေ၏။

ငါသည် လူဖြစ်ချိန်က မထေရ်၏တူဖြစ်သည်။ ရဟန်းဖြစ်လာချိန်၌အတူ နေတပည့်(သဒ္ဓိဝိဟာရိက) ဖြစ်သည်။

ဤသို့ပင် တော်စပ်ရင်းနှီးသော်လည်း ငါ၏ ဥပဇ္ဈာယ်ဆရာသည် ငါနှင့် အတူ ပစ္စည်းသုံးဆောင်မှုကို ပြုလိုသည်မဟုတ်။ ဥပဇ္ဈာယ်ဆရာသည် ငါနှင့် အတူ ပစ္စည်းသုံးစွဲမှုကို မပြုချေသော် ငါ့အဖို့ ရဟန်းအဖြစ်ဖြင့် ဘာအကျိုးရှိတော့မည်နည်း။ လူဖြစ်ပေတော့အံ့။ (လူဝတ်လဲတော့မည်)ထို့နောက် ဆက်လက်ကြံစည်ပြန်သည်။

အိမ်ရာတည်ထောင်လူ့ဘောင်၌ နေထိုင်မှုသည် လူချင်းတူအောင် ရပ်တည်ဖို့ခက်သည်။ ငါသည် အဘယ်အလုပ်ကို လုပ်၍ လူအဖြစ်ဖြင့် အသက်မွေး ရအံ့နည်း။

ရှစ်တောင်ရှိသော သင်္ကန်းလျာအဝတ်ကို (ဦးရီးတော် လက်မခံလိုသော ဝါဆိုသင်္ကန်းကို)ရောင်း၍ ဆိတ်မတစ်ကောင်ကို ဝယ်မည်။ ဆိတ်မဆိုတာ မြန်မြန် သားပေါက်လွယ်သည်။

ငါသည် ပေါက်တိုင်းပေါက်တိုင်းသော ဆိတ်ငယ်ကို ရောင်းပြီး အရင်းအနှီးလုပ်မည်။ အရင်းအနှီး များလာသောအခါ ဇနီးမယားတစ်ယောက်ကို ယူမည်။ ငါ့ဇနီးသည် သားတစ်ယောက်ဖွားလိမ့်မည်။ ထိုအခါ ငါ့သား၏ အမည်ကို ငါ့ဦးရီးတော်၏ အမည်အတိုင်း အမည်မှည့်ပြီး ငါ၏ ဇနီးနှင့် သားကို ယာဉ်ငယ်ပေါ်၌ တင်ယူပြီး ဦးရီးတော်ကို ရှိခိုးရန်လာမည်။ လာနေစဉ်လမ်းခရီးအကြား၌ ငါ၏ ဇနီးကို ဤသို့ပြောမည်။

ငါ၏သားကို ငါ့ကိုပေးဦး၊ ငါပွေ့ချီခဲ့မည်။

ထိုအခါ ငါ့ဇနီးက သင့်မှာသားကို ပွေ့ချီခြင်းဖြင့် ဘာအကျိုးရှိမည်နည်း။ ဒီယာဉ်ကိုသာ မောင်းခဲ့ပါဟု ပြော၍ သားကိုကိုင်ထားလေသော် ငါက, ငါပွေ့ယူခဲ့မည်ဟု ပြော၍သားကိုယူခဲ့စဉ် ငါ့ဇနီးက သည်းမခံနိုင်ဖြစ်ပြီး သားကလေးကို လှည်းလမ်းကြောင်း၌ ပစ်ချလိမ့်မည်။ ထိုအခါ သားကလေးကို လှည်းနင်းသွားလိမ့်မည်။ ထိုအခါငါ့ဇနီးကို -

သင်သည်ငါ့သားကို ငါ့အားမပေး။ သားကို ကောင်းစွာမကိုင်တတ်။ သင်သည် ငါ့သားကို ဖျက်ဆီးသူဖြစ်သည်ဟု ပြောပြီး နှင်တံဖြင့် ငါ့ဇနီး၏ ကျော၌ရိုက်လိုက်မည်ဟု ကြံစည်စိတ်ကူးနေလေ၏။

တူဖြစ်သူ သံဃရက္ခိတရဟန်းသည် ဤသို့ကြံစည်စိတ်ကူးလျက်ပင် ယပ်ခတ်လျက် ဦးရီးတော်၏ ဦးခေါင်း၌ ထန်းရွက်ရပ်ဝန်းဖြင့် ပုတ်ခပ်လေ၏။

ဦးရီးတော်ထေရ်သည် ငါ့ကို တူသံဃရက္ခိတသည် ဘာကြောင့် ဦးခေါင်း၌ ပုတ်ခတ်လေသနည်းဟု ဆင်ခြင်ကြည့်လတ်သော် တူသံဃရက္ခိတအကြံအစည် အားလုံးကို သိပြီး မောင်သံဃရက္ခိတ မာတုဂါမအား မရိုက်ဝံ့ချေ။ ဤနေရာ၌ သက်ကြီးထေရ်၏ အပြစ်ကား အဘယ်နည်းဟု မိန့်လေ၏။

တူသံဃရက္ခိတသည်, ငါသည် အံ့သြလောက်အောင် ပျက်စီးသူဖြစ်၏။ ငါ၏ အကြံအစည် စိတ်ကူး အားလုံးကို ဥပဇ္ဈာယ်ဆရာသိသွားပြီ။ ငါအဖို့ ရဟန်းအဖြစ်ဖြင့် အကျိုးမရှိဟုကြံပြီး၊ ထန်းရွက်ရပ်ဝန်းကို ပစ်ချကာ ထွက်ပြေးလေ၏။

ထိုအခါ သံဃရက္ခိတရဟန်းကို ရဟန်းငယ်နှင့် သာမဏေတို့သည် နောက်မှလိုက်၍ ဖမ်းခေါ်ပြီး မြတ်စွာဘုရားအထံတော်သို့ သွားကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းသာမဏေတို့ကို မြင်တော်မူလေလျှင် -

ရဟန်းတို့ ဘာကြောင့်လာကြသနည်း၊ ရဟန်းတစ်ပါးကို သင်တို့ရအပ်ခဲ့ လေသလောဟု မေးတော်မူသည်။

မြတ်စွာဘုရားမှန်ပါသည် သာသနာတော်၌ ငြီးငွေ့၍ထွက်ပြေးသော ဤရဟန်းငယ်ကိုခေါ်၍ အရှင်ဘုရားတို့ထံလာကြပါသည်ဘုရား။

ရဟန်းဤရဟန်းများ လျှောက်ထားသည့်အတိုင်း မှန်သလော။

မြတ်စွာဘုရား မှန်ပါသည် ဘုရား။

ရဟန်းသင်သည် ဘယ်အကျိုးငှာ ဤသို့ ဝန်လေးသောအမှုကို ပြုအပ်သနည်း။

သင်သည် လုံ့လဝီရိယအားကောင်းသော ဘုရားတစ်ဆူ၏ သားတော် မဟုတ်လော။ ငါသို့သော

မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြု၍ မိမိကိုယ်ကိုဆုံးမပြီး ငါသည်သောတာပန်ပါဟုသော်လည်းကောင်း၊ သကဒါဂါမ်ပါဟူ၍လည်းကောင်း၊ အနာဂါမ်ပါဟူ၍လည်းကောင်း၊ ရဟန္တာပါဟုသော်လည်းကောင်း ပြောနိုင်စွမ်းမရှိလေသလော။ အဘယ်အကျိုးငှာ ဤသို့ဝန်လေးသောအမှုကို ပြုရလေသနည်း။

မြတ်စွာဘုရား သာသနာတော်၌ တပည့်တော် မပျော်မမွေ့ငြီးငွေ့ပါသည်ဘုရား။

ဘယ်အကြောင်းကြောင့် မပျော်မမွေ့ငြီးငွေ့ရလေသနည်းဟုမေးတော်မူသည်။

သံဃရက္ခိတရဟန်းသည် ဝါဆိုသင်္ကန်းကို ရအပ်သည့်နေ့မှစ၍ ဦးရီးတော်ထေရ်ကို ထန်းရွက်ရပ်ဝန်းဖြင့် ပုတ်ခတ်မိသည်တိုင်အောင်ဖြစ်ခဲ့ပုံအားလုံးကို လျှောက်ထားပြီးသော် မြတ်စွာဘုရား ဤအကြောင်းကြောင့် တပည့်တော် ထွက်ပြေးမိပါသည်ဘုရားဟု လျှောက်ထားလေ၏။

ထိုအခါ သံဃရက္ခိတရဟန်းကို မြတ်စွာဘုရားသည် ချစ်သားရဟန်းလာခဲ့ မစိုးရိမ်၊ မကြောင့်ကြနှင့်၊ ဤစိတ်မည်သော တရားသည်အဝေး၌ဖြစ်သော အာရုံကိုသော်လည်း ခံယူတတ်သောသဘောရှိ၏။

ရာဂ၊ ဒေါသ၊ မောဟအနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းအကျိုးငှာ အားထုတ်သင့်လှသည်ဟု မိန့်တော်မူပြီး ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည်။

"ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။

ယေစိတ္တံ သံယ မေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ"

ယေ - ယောက်ျား၊ မိန်းမအစပြုကာ ရဟန်းရှင်လူမည်သူမဆို အကြင်ပုဂ္ဂိုလ်တို့သည်၊ ဒူရင်္ဂမံ - အဝေး၌ရှိသော အာရုံကိုသော်လည်း ခံယူနိုင်သဖြင့် အဝေး၌သွားတတ်သော၊ ဧကစရံ - တစ်ခုချုပ်မှ တစ်ခုဖြစ်သဖြင့် တစ်ခုသာဖြစ် သော၊ အသရီရံ - အထည်ကို သဏ္ဌာန် အညီအဝါအစရှိသော အရောင်အဆင်းလည်းမရှိသော၊ ဂုဟာသယံ - မဟာဘုတ်လေးပါးဖြင့်ပြီးသော ဟဒယဝတ္ထုရုပ်ဟူသော တည်ရာလိုဏ်ဂူရှိသော၊ စိတ္တံ - စိတ်တရားကို၊ သံယမေဿန္တိ - စောင့်ရှောက်ကုန်လတ္တံ၊ မပျံ့လွင့်အောင်ပြုကြကုန်လတ္တံ့၊ တေ - ထိုပုဂ္ဂိုလ်တို့သည်၊ မာရဗန္ဓနာ - မာန်၏ အနှောင်အဖွဲ့ဟု ဆိုအပ်သော ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဆင်းရဲမှ၊ မောက္ခန္တိ - ကင်းလွတ်ကြကုန်လတ္တံ့။

ဒေသနာတော်အဆုံး၌ တူဖြစ်သူ သံဃရက္ခိတထေရ်သည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထို့မှ တခြားလူများစွာတို့သည် သောတာပန်စသည်ဖြစ်ကြလေ၏။ လူများစွာအဖို့ အကျိုးရှိသော ဓမ္မဒေသနာတော် ဖြစ်လေ၏။

**သံဃရက္ခိတဘာဂိနေယျထေရ်ဝတ္ထု ပြီး၏။**

## ၂၂။ စိတ္တဟတ္ထထေရ်ဝတ္ထု

သာဝတ္ထိမြို့နေ အမျိုးသားတစ်ယောက်သည် ပျောက်နေသောသူ၏ နွားကိုရှာဖွေလေသော် တောတွင်းသို့ဝင်၍ မွန်းတည့်ချိန်၌ သူ၏နွားကို တွေ့ရှိရ၍ နွားအသင်းထဲ၌လွှတ်ထားခဲ့ပြီး ဆာလောင်မွတ်သိပ်သည်ဖြစ်၍ အရှင်မြတ်တို့၏အထံ၌ စားဖွယ်ကိုသေချာပေါက်ရလိမ့်မည်အထင်ဖြင့် ကျောင်းတွင်းသို့ဝင်၍ ရဟန်းတော်တို့အနီးသို့သွားရောက်ရှိခိုးပြီး နေရာတစ်ခု၌ ထိုင်နေလေ၏။

ထိုချိန်အခါ၌ ရဟန်းတော်တို့၏စားကြွင်းစားကျန်ထည့်ရာခွက်၌ ဘုန်းပေး၍ ကြွင်းကျန်သောဆွမ်းရှိနေ၏။ ရဟန်းတော်တို့သည် တောတွင်းမှလာသော ဆာလောင်မွတ်သိပ်နေသူ ထိုလူကိုမြင်တော်မူကြ၍

"ဒီခွက်ထဲကဆွမ်းကိုယူ၍စားလော့"ဟု မိန့်တော်မူကြသည်။

(အထူးအားဖြင့် မြတ်စွာဘုရားလက်ထက်တော်၌ ပဲဟင်း-အမဲဟင်း စသည်နှင့်အတူ ဆွမ်းပေါများစွာဖြစ်ပေါ်ရရှိလေ၏။)

ထိုအမျိုးသားသည် ရဟန်းတော်များညွှန်ပြအပ်သော ခွက်အတွင်းမှ ဝလောက်ရုံထမင်းကိုယူ၍စား၊ ရေကိုသောက်၊ လက်တို့ကိုဆေးပြီး ရဟန်းတော်တို့ကိုရှိခိုး၍ ဤသို့မေးလျှောက်လေ၏။

အရှင်မြတ်တို့ဘုရား ဒီနေ့အရှင်မြတ်တို့ဆွမ်းဖြင့် ဖိတ်ရာဆွမ်းလောင်းရာသို့ သွားတော်မူကြပါသလား။

ဥပါသကာဆွမ်းဖြင့် ဖိတ်ကြားမှုမရှိပါ။ ရဟန်းတော်တို့သည် ဒီနေ့မှာလိုပင် အမြဲတန်းဆွမ်းဟင်း၊ ဆွမ်းတို့ကိုရတော်မူကြသည်ဟု မိန့်တော်မူကြကုန်၏။

ထိုအမျိုးသားသည် -

ငါတို့မှာ လုံ့လကြီးစွာ နေ့ညမနား အလုပ်လုပ်ကြသော်လည်း ဒီလို အရသာရှိသော ဟင်းထမင်းမျိုးကို မရနိုင်ကြ။ ဤရဟန်းတို့မှာမူ အရသာရှိသော ဆွမ်းဟင်း၊ ဆွမ်းတို့ကိုမပြတ်ဘုဉ်းပေးတော်မူကြသည်။ ငါ့အဖို့လူဝတ်ကြောင်အဖြစ်ဖြင့် ဘာမျှအကျိုးမရှိ၊ ရဟန်းပြုတော့မည်ဟုအကြံဖြစ်ကာ ရဟန်းတော်တို့ထံ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်းဆိုလေ၏။

ရဟန်းတော်တို့သည် ထိုအမျိုးသားကို ဥပါသကာ ကောင်းလှပေ၏ဟု ပြောဆိုကြပြီး ရဟန်းပြုပေးကြလေကုန်၏။

ထိုအမျိုးသားသည် ရဟန်းအဖြစ်ရပြီးသော် ဝတ်ကြီးဝတ်ငယ်မျိုးစုံကို ပြုလုပ်(ဖြည့်ကျင့်)လေ၏။

ထိုရဟန်းသည် ဘုရားရှင်တို့၏အရှိန်အဝါကြောင့်ဖြစ်ပေါ်ရရှိသော လာဘ်လာဘ ပူဇော်သက္ကာရဖြင့် သုံးလေးရက်လွန်လာသောအချိန်၌ ဆူဖြိုးသော ခန္ဓာကိုယ်ဖြစ်လာလေ၏။

ထိုသို့ဖြစ်လာပြီးနောက် -

ငါ့အားဆွမ်းခံလှည့်၍ အသက်မွေးရခြင်းဖြင့် အကျိုးမရှိ လူဝတ်ကြောင်ပြုတော့မည်ဟု စိတ်ကူးလေ၏။

ထိုရဟန်းသည် လူထွက်၍မူလမိမိနေအိမ်သို့ ဝင်သွားလေ၏။ အိမ်၌နေ၍အလုပ်လုပ်သော ထိုအမျိုးသား၏ခန္ဓာကိုယ်သည် နှစ်ရက်သုံးရက်ဖြင့်ပင် ညှိုးနွမ်းလေ၏။

ထိုအချိန်ခါတွင် ထိုအမျိုးသားသည် ငါ့အားဤလိုဒုက္ခဖြင့်ဘာမျှ အကျိုးမရှိ ရဟန်းပြုဦးမည်ဟု စိတ်ကူးပြီး ကျောင်းသို့တစ်ဖန်သွား၍ ရဟန်းပြုပြန်လေ၏။

ထိုရဟန်းသည်သုံးလေးရက်လွန်လာပြန်သော် တစ်ဖန်ရဟန်းအဖြစ်၌ ငြီးငွေ့ပြန်၍ လူထွက်ပြန်လေ၏။

အထူးအားဖြင့် ထိုရဟန်းသည် ရဟန်းအဖြစ်နှင့်နေထိုင်ချိန်တွင် ရဟန်း တော်တို့၏ကျေးဇူးများသူဖြစ်ပေသည်။

ထိုအမျိုးသားသည်နှစ်ရက်သုံးရက်ဖြင့်ပင် လူအဖြစ်၌ တစ်ဖန်ငြီးငွေ့ပြန်၍ ငါ့အားလူအဖြစ်ဖြင့် ဘာမျှအကျိုးမရှိ ရဟန်းပြုဦးမည်ဟုကြံစည်ကာ ကျောင်းသို့သွား၍ ရဟန်းတော်တို့ကို ရှိခိုးပြီး ရဟန်းအဖြစ်ကို တောင်းဆိုပြန်လေ၏။

ထိုအခါ ထိုအမျိုးသားကို ရဟန်းတော်တို့သည် ကျေးဇူးတရားကိုထောက်ထားခြင်းဖြင့် တစ်ဖန်ရဟန်းပြုပေးကြလေကုန်၏။

ဤသို့လျှင် ထိုအမျိုးသားသည် ဤနည်းဖြင့်ခြောက်ကြိမ်တိုင်တိုင် ရဟန်းပြုပြီးလူထွက်ခဲ့သူဖြစ်လေ၏။

ထိုအမျိုးသား၏ရဟန်းပြုနေချိန်တွင်ရဟန်းတော်တို့က ဤရဟန်းသည် စိတ်အလိုလိုက်နေသူဖြစ်သည်ဟု ပြောဆိုကြကာ စိတ္တဟတ္ထထေရ်ဟုဘွဲ့မည်တပ်ပေးကြလေကုန်၏။

ဤသို့လျှင် ရဟန်းအဖြစ် လူအဖြစ် အလှည့်အလည်နေထိုင်စဉ်မှာပင် ထိုအမျိုးသား၏ဇနီးသည် ကိုယ်ဝန်ဆောင်အမျိုးသမီးဖြစ်လာလေပြီ။

ထိုအမျိုးသားသည် ခုနစ်ခုမြောက်သောအကြိမ်၌ တောတွင်းမှထွန်သံ ထွန်ကိုင်းတို့ကို ယူ၍ အိမ်သို့ပြန်လာပြီးထွန်သံထွန်ကိုင်းတို့ကို တစ်နေရာ၌ထား၍ ငါ၏သင်္ကန်းကိုကိုင်ကြည့်ဦးမည်ဟု ကြံပြီး အိမ်ခန်းတွင်းသို့သွားလေ၏။

ထိုခဏ၌ထိုအမျိုးသား၏ဇနီးသည် ပက်လက်အိပ်ပျော်နေလေ၏။ ထိုအမျိုးသမီး၏ ခါးဝတ်ထဘီသည်ကိုယ်မှ ကင်းကွာနေလေ၏။

ခံတွင်းမှအရိအရွဲစီးကျနေ၏။ နှာခေါင်းသည်ဂူးဂူးအသံထွက်နေ၏။ ခံတွင်းပွင့်နေ၏။ သွားကြိတ်နေ၏။ ထိုအမျိုးသားအဖို့ ထိုဇနီးအမျိုးသမီးသည် ဖူးဖူးရောင်နေသောသူသေကောင်ကဲ့သို့ ထင်လေ၏။

ထိုအမျိုးသားသည် ဤဟာသည် အမြဲမရှိဆင်းရဲဖြစ်၏ဟု အမှတ်သညာကိုရ၍ ငါသည် ဤမျှလောက်သောအချိန်ပတ်လုံး ရဟန်းပြု၍ ဤအမျိုးသမီးကိုအကြောင်းပြုပြီး ရဟန်းအဖြစ်၌ရပ်တည်နိုင်စွမ်းမရှိခဲ့လေပြီတကားဟု စိတ်ကောင်းပေါ်ကာ သင်္ကန်းစွန်း၌ကိုင်၍ရင်၌ပတ်ချည်ပြီး အိမ်မှထွက်သွားလေပြီ။

ထိုအချိန်တွင် ထိုအမျိုးသား၏အိမ်နှင့်ကပ်လျက်ရှိသော အိမ်၌နေသော ယောက္ခမမိန်းမသည် ထိုသို့သောအမူအရာဖြင့် အိမ်မှထွက်သွားသော ထိုသမက်လုလင်ကိုမြင်ရလေသော် ဤသူသည် တစ်ဖန်ငြီးငွေ့သူဖြစ်လိမ့်မည်။ ယခုပင်တောတွင်းမှပြန်လာပြီး သင်္ကန်းကိုရင်၌ ပတ်စီး၍သာအိမ်မှထွက်ပြီး ကျောင်းသို့ရှေ့ရှုသွားလေသည်။ အကြောင်းမည်သို့ဖြစ်နည်းဟုဆင်ခြင်ကာ သမီး၏အိမ်တွင်းသို့ဝင်၍ အိပ်ပျော်နေသော သမီးကိုမြင်ရလေသော် -

ဤအယုတ်မကို မြင်၍ငါ့သမက် စိတ်မချမ်းသာဖြစ်ပြီးသွားလေသည်ဟု သိပြီး သမီးကိုရိုက်နိုးလျက်

ဟဲ့သူယုတ်မ၊ ထလော့ သင့်ယောကျ်ားသည် အိပ်ပျော်နေသောသင့်ကိုမြင်ပြီး နှလုံးမသာမယာဖြစ်ခါသွားလေသည်။ ဤအချိန်မှစ၍သင့်အား ယောကျ်ားမရှိတော့ပြီဟု ပြောဆိုလေ၏။

အိုမိခင်- ဖယ်ပါ၊ ဖယ်ပါ ကျွန်မယောကျ်ား၏ အပြီးအပိုင်ထွက်ခွာသွားခြင်းမရှိနိုင်ပါ၊ နှစ်ရက်၊ သုံးရက်ဖြင့်ပင်ပြန်လာပါလိမ့်မည်ဟု ပြောဆိုလေ၏။

အိမ်မှထွက်လာသောအမျိုးသားသည်လည်း အမြဲမရှိလေစွ၊ ဆင်းရဲလေစွဟုငြီးတွားရွတ်ဆိုကာ သွားနေဆဲမှာပင် သောတာပတ္တိဖိုလ်သို့ရောက်လေ၏။

ထိုအမျိုးသားသည် ကျောင်းသို့သွားပြီး ရဟန်းတို့ကိုရှိခိုး၍ ရဟန်းအဖြစ် ကို တောင်းဆိုလေ၏။

ရဟန်းတော်တို့က ငါတို့သည် သင့်ကိုရဟန်းပြုမပေးနိုင်တော့ဘူး၊ သင်အဖို့ ရဟန်းအဖြစ်ဘယ်မှာ ရှိနိုင်တော့မည်နည်း။ သင်၏ဦးခေါင်းသည် ဓားသွေးကျောက်နှင့်တူ၏ဟု ပြောဆိုကြကုန်၏။

အရှင်ဘုရားတို့ တပည့်တော်ကို သနားစောင့်ရှောက်ချီးမြှောက်သောအားဖြင့် ယခုတစ်ကြိမ် ရဟန်းပြုပေးတော်မူကြပါဟု လျှောက်ထားလေ၏။

ရဟန်းတို့သည် ထိုအမျိုးသားကို ကျေးဇူးတရားထောက်ထားသောအားဖြင့် ရဟန်းပြုပေးကြလေကုန်၏။ ထိုရဟန်းသည် နှစ်ရက်၊ သုံးရက်ဖြင့်ပင် ပဋိသမ္ဘိဒါတို့နှင့်အတူ အရဟတ္တဖိုလ်ရောက်လေ၏။ ရဟန်းတော်တို့ကလည်း ထိုရဟန်းကို ဤသို့ပြောဆိုကြကုန်၏။

ငါ့ရှင် စိတ္တဟတ္ထ, သင်သွားမည့်အချိန်ကို သင်သာသိပေတော့၊ သင်၏ ဤအကြိမ်ရဟန်းပြုရာ၌ အချိန်ကြာမြင့်ပါတကား။

အရှင်ဘုရားတို့ ရောယှက်မှုရှိချိန်တုန်းက တပည့်တော်သွားခဲ့ပါသည်။ ထိုရောယှက်မှုကို တပည့်တော်ဖြတ်ပြီးပါပြီ၊ ယခုအချိန်၌ တပည့်တော်မှာ မသွားသောတရားတို့ဖြစ်နေပါပြီဟု ပြန်လည် လျှောက်ထားလေ၏။

ရဟန်းတော်တို့သည် မြတ်စွာဘုရားထံတော်သို့ သွားကြပြီး -

မြတ်စွာဘုရား - စိတ္တဟတ္ထရဟန်းသည် တပည့်တော်တို့က ဤသို့ ပြောဆိုလတ်သော် ဤမည်သော စကားကို ပြန်ပြောပါသည်။ အရဟတ္တဖိုလ်ကို ပြောဆိုသူ၊ မဟုတ်မမှန်ပြောဆိုသူဖြစ်ပါသည်ဟု လျှောက်ထားကြလေကုန်၏။

မြတ်စွာဘုရားသည် - ရဟန်းတို့ ဟုတ်ပါပေ၏။ ငါ့သားတော်သည် သူ၏မတည်မငြိမ်သော စိတ်ရှိချိန် သူတော်ကောင်းတရားကို မသိမြင်ချိန်က သွားမှု၊ လာမှုကိုပြုခဲ့လေပြီ။ ယခုအချိန်၌ ငါ့သားတော်သည် ကောင်းမှုကိုရော၊ မကောင်းမှုကိုပါ ပယ်အပ်ပြီးဖြစ်သည်ဟု မိန့်တော်မူကာ ဆိုအပ်လတ္တံ့ကုန်သော ဤနှစ်ဂါထာတို့ကို ဟောပြတော်မူသည်။

၁။ အနဝဋ္ဌိတစိတ္တဿ ၊ သဒ္ဓမ္မံ အဝိဇာနတော။
   ပရိပ္လဝပသာဒဿ ၊ ပညာနပရိပူရတိ။

၂။ အနဝဿုတစိတ္တဿ ၊ အနန္ဝာဟတ စေတသော။
   ပုညပါပ ပဟီနဿ ၊ နတ္ထိဇာဂရတော ဘယံ။

၁။ အနဝဋ္ဌိတ စိတ္တဿ= မြင်းကျောက်တုံး၌ ထားအပ်သော အိုးဖွဲပုံ၌ စိုက်ထားအပ်သော သစ်ငုတ်၊ ဦးခေါင်းပြောင်ပြောင်၌ထားအပ်သော ထိန်ပန်းပွင့်တို့ကဲ့သို့ မတည်ငြိမ်သော စိတ်ရှိသော၊ သဒ္ဓမ္မံ - ဗောဓိ ပက္ခိယတရားသုံးဆယ့် ခုနစ်ပါးတည်းဟူသော သူတော်ကောင်းတရားကို၊ အဝိဇာနတော = မသိသော၊ ပရိပ္လဝပသာဒဿ = နည်းပါးသော သဒ္ဓါတရား, ပေါ့ပျက်သောသဒ္ဓါတရား ရှိသော ပုဂ္ဂိုလ်အား၊ ပညာ = ကာမာစဝရပညာ, ရူပါဝ စရပညာ, အရူပါဝစရ ပညာ, လောကုတ္တရာပညာသည်၊ နပရိပူရတိ = မပြည့်နိုင်။

၂။ အနဝဿုစိတ္တဿ = တဏှာရာဂဖြင့် မစွပ်ဆိုသော စိတ်ရှိသော၊ အနန္ဝာ ဟတ စေတသော = ဒေါသတရားဖြင့်၊ ဝါ = ဒေါသတရားသည်၊ မထိပါး မထိခိုက်အပ်သော စိတ်ရှိသော၊ ပုညပါပပဟီနဿ =

အရဟတ္တမဂ်ဖြင့် ပယ်အပ် ပြီးသော ကောင်းမှုမကောင်းမှုရှိသော၊ ဇာဂရတော = နိုးကြားကြောင်းဖြစ်သော သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာတည်းဟူသော ငါးမျိုးသောတရားနှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်အား၊ ဘယံ = ကိလေသာတည်းဟူသော ဘေးသည်။ နတ္ထိ = တစိုးတစိမရှိတော့ချေ။

မြတ်စွာဘုရား၏ ဓမ္မကထာ ဒေသနာတော်သည် များစွာသော လူအပေါင်းအား အကျိုးရှိသော ဒေသနာတော်ဖြစ်လေ၏။

ထိုအချိန်မှနောက်တစ်ခုသော နေ့၌ရဟန်းတော်တို့သည် ဓမ္မသဘင်၌ ဤဆိုလတ္တံ့သော စကားကိုပြောဆိုကြကုန်၏။

ငါ့ရှင်တို့ ကိလေသာတို့မည်သည် စင်စစ်ဝန်လေးလှကုန်၏။ စိတ္တဟတ္တထေရ်ကဲ့သို့သော အရဟတ္တဖိုလ်၏ အားကြီးသော မှီရာအကြောင်းနှင့်ပြည့်စုံသော အမျိုးကောင်းသားသည် ကိလေသာတို့ မွေနှောက်ချောက်ချားအပ်သည်ဖြစ်၍ ခုနစ်ကြိမ်တိုင်တိုင် လူဝတ်ကြောင်ဖြစ်၍ ခုနစ်ကြိမ်တိုင်တိုင် ရဟန်းပြုခဲ့ရလေပြီ။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ ပြောဆိုအပ်သောစကားကို ကြားတော်မူ၍ တခဏချင်း ရောက်နိုင်သော ကြွသွားခြင်းဖြင့် ဓမ္မသဘင်သို့ ကြွသွားတော်မူ၍ ဘုရားနေရာတော်၌ သီတင်းသုံးနေတော်မူကာ -

ရဟန်းတို့ ယခုအချိန်အဘယ်စကားမျိုးဖြင့် ပြောဆိုနေထိုင်ကြသနည်းဟု မေးတော်မူသဖြင့် ကိလေသာတို့နှင့်စပ်သောစကားမျိုးဖြင့် ပြောဆိုနေထိုင်ကြပါသည်ဟု လျှောက်ထားအပ်လေသော် -

ရဟန်းတို့ သင်တို့ပြောသကဲ့သို့ ကိလေသာတို့မည်သည် ဝန်လေးလှကုန်၏။ ထိုကိလေသာတို့သည် ရုပ်တုံးရုပ်ခဲဖြစ်ကုန်၍ တစ်နေရာရာ၌ ထည့်ထားခြင်းငှာ စွမ်းနိုင်ကြပါကုန်မူ စကြဝဠာသည် အလွန်ကျဉ်းလှသည်။ ဗြဟ္မာ့ပြည်သည် အလွန်နိမ့်လှသည်။ ထို့ကြောင့် ထိုကိလေသာတို့၏ တည်ရာအရပ်သည် မဖြစ်နိုင်တော့ရာ။

ထိုကိလေသာတို့မည်သည် ငါဘုရားကဲ့သို့သော အသိဉာဏ်ပညာနှင့်ပြည့်စုံသော အာဇာနည်ယောကျ်ားကိုသော်လည်း မွေနှောက်ချောက်ချားနိုင်ကုန်သေး၏။ ငါဘုရားမှကြွင်းသော ပုဂ္ဂိုလ်တို့၌ အဘယ်မှာဆိုဖွယ်ရှိတော့အံ့နည်း။

မှန်ပေသည်။ ငါဘုရားသည် တစ်လမယ်မျှလောက်သော ပြောင်းမျိုးနှင့် အသွားတုံးနေသော ပေါက်ချွန်းကိုအမှီပြု၍ ခြောက်ကြိမ်တိုင်တိုင် ရဟန်းပြုပြီး လူထွက်ခဲ့ဘူးလေပြီဟု မိန့်တော်မူလေ၏။

ထိုအခါရဟန်းတော်တို့က မြတ်စွာဘုရား အဘယ်အချိန်အခါက မြတ်စွာဘုရားသည် ခြောက်ကြိမ်တိုင်တိုင် ရဟန်းပြုပြီး လူထွက်ခဲ့ဘူးပါသနည်း။

ရဟန်းတို့ နာယူလိုကြကုန်သလော - မြတ်စွာဘုရား နာယူလိုကြပါသည်။

ရဟန်းတို့နာယူလိုကြပါကုန်မူ နာယူကြကုန်လော - ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကြောင်းကို ထုတ်ဖော်ဆောင်ပြတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း၊ မင်းပြုလတ်သော် ကုဒါလပဏ္ဍိတ အမည်ရှိသူသည် ဗုဒ္ဓသာသနာတော်မှအပဖြစ်သော ရဟန်းအဖြစ်ကိုပြု၍ ရှစ်လပတ်လုံး ဟိမဝန္တာတော အရပ်၌နေပြီး, မိုးဦးကျချိန်၌ မြေကြီးစိုစွတ်လတ်သော် ငါ၏အိမ်၌ တစ်လမယ်မျှလောက်သော ပြောင်းမျိုးစေ့နှင့် ပေါက်ချွန်းတုံးရှိခဲ့သည်။ ပြောင်းမျိုးစေ့မပျက်စီးပါစေနှင့်ဟု စိတ်ကူးကာ လူဝတ်လဲ၍ မြေနေရာတစ်ခုကို ပေါက်ချွန်းနှင့်ပေါက်၍ ရှိထားသော ထိုပြောင်းမျိုးစေ့ကို ပစ်ကြဲ၍ စီးရိုးကာထားပြီး ပြောင်းဆန်

ရင့်မှည့်သောအခါ ထုတ်ယူ၍ တစ်လမယ်မျှလောက်သော မျိုးစေ့ကို ချန်ထားပြီး အကျန်ကိုစားသုံးလေ၏။

ကုဒါလပဏ္ဍိတသည် ယခုအချိန်၌ငါ့အားအိမ်မှာနေခြင်းဖြင့် ဘာမျှအကျိုးမရှိ။ နောက်ထပ်တဖန် ရှစ်လပတ်လုံး ရဟန်းပြုနေမည်ဟု ကြံစည်၍ နေအိမ်မှ ထွက်ခဲ့ပြီး ရဟန်းပြုနေပြန်လေ၏။

ဤနည်းဖြင့်ပင် တစ်လမယ်မျှလောက်သော ပြောင်းမျိုးစေ့နှင့်ပေါက်ချွန်း တုံးတစ်ခုကို အကြောင်းပြု၍ ခုနစ်ကြိမ်တိုင်တိုင် လူဝတ်ကြောင်အဖြစ်ဖြင့်နေ၊ ခုနစ်ကြိမ်တိုင်တိုင် ရဟန်းပြု၍၊ ခုနစ်ကြိမ်မြောက်သော အကြိမ်၌ -

ငါသည် ခြောက်ကြိမ်တိုင်အောင် ဤပေါက်ချွန်းတုံးကိုအကြောင်းပြုပြီး လူဝတ်ကြောင်ဖြစ်ခဲ့ပြီး ရဟန်းပြုခဲ့ပြီ၊ ဤပေါက်ချွန်းတုံးကို တစ်နေရာရာ၌သာ စွန့်ပစ်ပေတော့အံ့ဟု ကြံစည်မိလေ၏။

ကုဒါလပဏ္ဍိတသည် ဂင်္ဂါမြစ်ကမ်းအနီးသို့သွား၍ ပေါက်ချွန်းတုံးကျသွား ရာအရပ်ကိုမြင်ခဲ့သော် မြစ်အတွင်းသို့သက်ဆင်း၍ ပြန်ယူမိလိမ့်မည်။ ပေါက်ချွန်းတုံးကျသွားရာအရပ်ကို မမြင်အောင်ပြု၍ ပေါက်ချွန်းတုံးကို စွန့်ပစ်လိုက်မည်ဟု ကြံစည်ပြီး တစ်လမယ်မျှလောက်သော ပြောင်းမျိုးစေ့ကို ပုဆိုးပိုင်း အပြတ်ဖြင့် ထုတ်၍ ပုဆိုးပိုင်းကို ပေါက်ချွန်းသွား၌ချည်ပြီးလျှင် ပေါက်ချွန်းတုံးကို ရိုးဖျား၌ကိုင်၍ ဂင်္ဂါမြစ်၌ရပ်လျက် မျက်လုံးနှစ်ဖက်မှိတ်ထားပြီး ဦးခေါင်းထက်ဝန်းကျင်၌ သုံးကြိမ်လှည့်ပတ်၍ ဂင်္ဂါမြစ်ထဲ ပစ်ချပြီးသော် ပြန်လှည့်ကြည့်သောအခါ ပေါက်ချွန်းတုံးကျသွားရာအရပ်ကို မသိမမြင်ရ၍ -

ဇိတံမေ = ငါအောင်ပြီ၊ ဇိတံမေ = ငါအောင်ပြီဟု သုံးကြိမ်ဟစ်အော်လေ၏။ ထိုခဏ၌ ဗာရာဏသီ မင်းသည် တိုင်းစွန်ပြည်နားရှိ ရန်သူကိုငြိမ်းအေးစေကာ ပြန်လာပြီး မြစ်ကမ်းအနီး၌ တပ်ချ၍ရေချိုးရန် ဂင်္ဂါမြစ်တွင်းသို့ သက်ဆင်းလတ်သော် ဇိတံမေ = ဇိတံမေဟူသော ထိုအသံကိုကြားရလေပြီ။

(ဇိတံမေ = ဟူသောအသံသည် မင်းတို့အဖို့မနှစ်သက်သော အသံဖြစ်သည်) ဗာရာဏသီမင်းသည် ကုဒါလပဏ္ဍိတထံသွား၍။

ကျွန်ုပ်သည် ယခုရန်သူကိုနှိမ်နင်းချေမှုန်းပြီး ငါအောင်ပြီဟု ပြန်လာခဲ့သည်။ သင်သည်ကား ဇိတံမေ = ဇိတံမေဟု ဟစ်အော်လိုက်ပြီ အဘယ်ကို အောင်၍ ဟစ်အော်လေသနည်းဟု မေးလေ၏။

ကုဒါလပဏ္ဍိတသည်, သင်မင်းကြီး ပြင်ပခိုးသူတို့ကို အောင်နိုင်သူဖြစ် သည်။ သင်အောင်ခြင်းသည် တစ်ဖန်ရှုံးမည်သာဖြစ်၏။ ငါသည်ကား အတွင်း၌ဖြစ်သော လောဘသူခိုးကို အောင်အပ်လေပြီ။ ထိုလောဘ သူခိုးသည် တစ်ဖန်ပြန်၍ငါ့ကို အောင်နိုင်လိမ့်မည်မဟုတ်။ ထိုလောဘသူခိုးကို အောင်နိုင်ခြင်းသည်သာ ကောင်းသောအောင်နိုင်ခြင်းဖြစ်ပေသည်ဟု ပြောဆိုပြီး ဤဆိုလတ္တံ့သော ဂါထာကို ရွတ်ဆိုလေ၏။

“ န တံ ဇိတံ သာဓု ဇိတံ ၊ ယံ ဇိတံ အဝ ဇီယတိ။

တံခေါ ဇိတံ သာဓုဇိတံ ၊ ယံ ဇိတံ နာဝ ဇိယတိ။

ယံဇိတံ = အကြင်အောင်နိုင်ခြင်းသည်၊ အဝဇီယတိ = ယုတ်ညံ့သော အောင်နိုင်ခြင်းဖြစ်၏၊ ဝါ = တစ်ဖန်ပြန်၍ရှုံးနိုင်၏၊ တံဇိကံ = ယုတ်ညံ့သောထို အောင်နိုင်ခြင်းသည်၊ ဝါ = တစ်ဖန်ပြန်ရှုံးနိုင်သော ထိုအောင်နိုင်ခြင်းသည်၊ နသာဓုဇိတံ = ကောင်းသောအောင်နိုင်ခြင်းမဟုတ်။

ယံဇိတံ = အကြင်အောင်နိုင်ခြင်းသည်၊ နာဝဇီယတိ = ယုတ်ညံ့သော အောင်နိုင်ခြင်းမဟုတ်၊ ဝါ = တစ်ဖန်ပြန်၍ရှုံးနိုင်သော အောင်ခြင်းမျိုး မဟုတ် တံဇိတံ = မယုတ်ညံ့သော ထိုအောင်နိုင်ခြင်းသည်၊ ဝါ = တစ်ဖန်ပြန်မရှုံးနိုင်သော ထိုအောင်ခြင်းသည်၊ ခေါ = စင်စစ်၊ သာဓုဇိတံ = ကောင်းသောအောင်ခြင်း ဖြစ်၏။

ကုဒါလပဏ္ဍိတသည် ထိုခဏ၌ပင် ဂင်္ဂါရေမြစ်ကိုကြည့်လျက် အာပေါကသိုဏ်းကိုဖြစ်စေလတ်သော်

ချာန်တရားအထူးကို ရသူဖြစ်ပြီး ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေခြင်းဖြင့် ထိုင်နေလေ၏။

ဗာရာဏသီမင်းသည် ကုဒါလပဏ္ဍိတယောက်ျားမြတ်၏ တရားစကားကို ကြားရလေသော် ယောက်ျားမြတ်ကိုရှိခိုး၍ ရဟန်းဖြစ်ကိုတောင်းဆိုပြီး ဗိုလ်ပါအပေါင်းနှင့်အတူ ရဟန်းပြုလေ၏။ တစ်ယူဇနာခန့်အကျယ်ရှိသော ပရိသတ်ဖြစ်လေ၏။

ပြည်နီးနားချင်းဖြစ်သော အခြားမင်းတစ်ပါးသည်လည်း ဗာရာဏသီမင်း ရဟန်းပြုသွားကြောင်း ကြားသိလေသော် ဗာရာဏသီမင်း၏ ထီးနန်းစည်းစိမ်ကို သိမ်းယူမည့်အကြံဖြင့် လာလတ်၍ ပြည့်စုံကြွယ်ဝသော မြို့တော်မှာ မင်းဆိတ်သုဉ်းနေသည်ကို တွေ့မြင်ရလေသော် ဤမျှကြွယ်ဝပြည့်စုံသော မင်းမြို့တော်ကို စွန့်ပစ်ထားခဲ့ပြီး ရဟန်းပြုသွားလေသော ဗာရာဏသီမင်းသည် ယုတ်ညံ့သောအရာ၌ ရဟန်းပြုမိသူမဟုတ်။ ငါသည်လည်း ရဟန်းပြုသင့်လှပေသည်ဟု အကြံဖြစ်ကာ ယောက်ျားမြတ်ရှိရာအရပ်သို့သွား၍ ယောက်ျားမြတ်ထံ ချဉ်းကပ်ပြီး ရဟန်းအဖြစ်ကို တောင်းဆို၍ အခြံအရံနှင့်အတူ ရဟန်းပြုလေ၏။

ဤနည်းဖြင့်ပင် ခုနစ်ပြည်ထောင်မင်းတို့သည် ရဟန်းပြုကြလေကုန်၏။ ခုနစ်ယူဇနာကျယ်ဝန်းသော ကျောင်းသခ်မ်းဖြစ်လေပြီ။

ခုနစ်ပြည်ထောင်မင်းတို့သည် စည်းစိမ်ဥစ္စာတို့ကို စွန့်ပစ်ထားခဲ့ကြပြီး ခုနစ်ယူဇနာအကျယ်အဝန်းရှိသော လူအပေါင်းကို ခေါ်ဆောင်၍ ရဟန်းပြုကြလေကုန်ပြီ။

ကုဒါလပဏ္ဍိတယောက်ျားမြတ်သည် မြတ်သောနေထိုင်ခြင်းကို နေထိုင်ကျင့်သုံး၍ ဗြဟ္မာ့ပြည်သို့ကပ်ရောက်လေပြီ။

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်ပြတော်မူ၍ ရဟန်းတို့ ယခုအခါ ငါဘုရားသည် ထိုအချိန်အခါ၌ ကုဒါလပဏ္ဍိတဖြစ်ခဲ့လေပြီ။ ကိလေသာတို့မည်သည် ဤသို့ပင် ဝန်လေးလှကုန်၏ဟု ဟောတော်မူ လေသတည်း။

## စိတ္တဟတ္ထထေရ် ဝတ္ထု ပြီး၏။

ဤဝတ္ထု၌ဟောတော်မူအပ်သော အနဝဋ္ဌိတ စိတ္တဿ = အစချီသော နှစ်ဂါထာတို့၏ သိမှတ်ဖွယ်အဓိပ္ပာယ်ကို အဋ္ဌကထာဖွင့်အတိုင်း ပြဆိုဦးအံ့။

တစ်စုံတစ်ယောက်သောသူ၏ စိတ်သည်စွဲစွဲမြဲမြဲခိုင်ခိုင်ခန့်ခန့် တည်တံ့ နေသည်မဟုတ်ချေ။ အကြင်ပုဂ္ဂိုလ်သည် မြင်းကျောက်ကုံးပေါ်၌ တင်ထားအပ်သော မြေအိုးကဲ့သို့လည်းကောင်း၊ ဖွဲပုံ၌ရိုက်နှက်စိုက်ထားအပ်သော သစ်ငုတ်ကဲ့သို့လည်းကောင်း၊ ဦးခေါင်းပြောင်ပြောင်၌ တင်ထားအပ်သော ထိန်ပန်းပွင့်ကဲ့သို့လည်းကောင်း၊ တစ်နေရာတစ်သဘောတည်း၌ ရပ်တည်၍မနေ၊ တစ်ခါတစ်ရံဘုရားတပည့်ဖြစ်၍ တစ်ခါတစ်ရံ တက္ကဒွန်းဖြစ်လေ၏။ တစ်ခါတစ်ရံ နိဂဏ္ဍဖြစ်၍၊ တစ်ခါတစ်ရံ ရသေ့ဖြစ်လေ၏။ ဤသို့သဘောရှိသော ပုဂ္ဂိုလ်သည် စိတ်မတည်သော ပုဂ္ဂိုလ်မည်၏။ ထိုသို့စိတ်မတည်သဖြင့် ဗောဓိပက္ခိယ တရားသုံးဆယ့်ခုနစ်ပါးကိုလည်းမသိ ထိုသို့မသိသဖြင့် သဒ္ဓါတရားနည်း, သဒ္ဓါတရားပါးလပ်သူအား ကာမာဝစရပညာသည် မပြည့်စုံလေ။

ကာမာဝစရပညာမပြည့်စုံခဲ့သော် ရူပါဝစရပညာ၊ အရူပါဝစရပညာ၊ လောကုတ္တရာပညာသည် အဘယ်မှာပြည့်စုံတော့မည်နည်း (ပထမဂါထာအဓိပ္ပာယ်)။

အဘယ်မှာပြည့်စုံတော့မည်နည်း (ပထမဂါထာအဓိပ္ပာယ်)။

တဏှာရာဂဖြင့် စွတ်စိုခြင်းရှိသော စိတ်ဒေါသဖြင့် ထိပါးသော စိတ်မရှိမူ၍ အရဟတ္တမဂ်ဖြင့် ကောင်းမှု မကောင်းမှုကိုပယ်ပြီး ဖြစ်ရကား သဒ္ဓါဝီရိယ = သတိ = သမာဓိ = ပညာတည်းဟူသော ဇာဂရဓမ္မ = နိုးကြားကြောင်းတရားတို့နှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်အား အိပ်ပျော်နေသော်လည်းကောင်း၊ မအိပ်ဘဲ နေသော်လည်းကောင်း၊ ကိလေသာတို့ နောက်ထပ်မဖြစ်လာတော့သောကြောင့် ကိလေသာဘေး မရှိတော့ချေ။

မှန်လှပေ၏။ ထိုထိုမဂ်တရားသည် ပယ်အပ်ကုန်ပြီးသော ကိလေသာတို့၏တစ်ဖန် မကပ်ရောက်သောကြောင့် ရဟန္တာပုဂ္ဂိုလ်ကို ကိလေသာတို့သည် မလိုက်နိုင်မဖွဲ့စည်းနိုင်ကြလေကုန်။

ထို့ကြောင့်ပင် မြတ်စွာဘုရားသည် -

"သောတာပတ္တိ မဂ္ဂေန ယေ ကိလေသာပဟီနာ

တေ ကိလေသေ န ပုနေတိ န ပစ္စေတိ န ပစ္စာဂစ္ဆတိ

သကဒါဂါမိ အနာဂါမိ အရဟတ္တမဂ္ဂေန ယေ - ကိလေသာပဟီနာ၊

တေကိလေသေ န ပုနေတိ န ပစ္စေတိ န ပစ္စာဂစ္ဆတိ။

သောတာပတ္တိမဂ်သည် အကြင်ကိလေသာတို့ကို ပယ်အပ်ကုန်၏။ ထိုကိလေသာတို့ကို တစ်ဖန် မလာစေ၊ မရောက်စေ။ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်သည် အကြင်ကိလေသာတို့ကို ပယ်အပ်ကုန်၏။ ထိုကိလေသာတို့ကို တစ်ဖန်မလာစေ၊ မရောက်စေဟု ဟောတော်မူသည်။

## ၂၃။ ပဉ္စသတဘိက္ခု ဝတ္ထု

သာဝတ္ထိပြည်၌ ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံတော်၌ အရဟတ္တဖိုလ် ရောက်သည့်တိုင်အောင် ကမ္မဋ္ဌာန်းနည်းလမ်းကို နာယူခဲ့ပြီး ရဟန်းတရားကို ပြုကျင့်ကြကုန်အံ့ဟု ယူဇနာတစ်ရာရှည်လျားသော လမ်းခရီးကိုသွားကြလေရာ ရွာကြီးတစ်ရွာသို့ရောက်ကြလေကုန်၏။

ရွာသူ၊ ရွာသားတို့သည် ထိုရဟန်းတို့ကို တွေ့မြင်ကြလေသော် ခင်းထားအပ်သောနေရာ၌ သီတင်းသုံးစေကြပြီး မွန်မြတ်သောယာဂုဆွမ်း စသည်တို့ဖြင့် ဆက်ကပ်ပြုစုကြ၍ မေးလျှောက်ကြလေ၏။

အရှင်ဘုရားတို့ ဘယ်အရပ်ကိုကြွကြပါမည်နည်း။

ချမ်းသာရာအရပ်သို့ ကြွကြမည်။

အရှင်ဘုရားတို့ ဤသုံးလပတ်လုံး ဤအရပ်ဒေသ၌သာ သီတင်းသုံးတော်မူကြပါ။ တပည့်တော်တို့လည်း အရှင်ဘုရားတို့ထံ၌ သရဏဂုံတို့၌တည်၍ ငါးပါးသီလတို့ကို စောင့်ထိန်းကြပါမည်ဟု တောင်းပန်ကြလေ၏။

ရွာသူ၊ရွာသားတို့သည် ထိုရဟန်းတော်တို့၏ သီးခံမှု(လက်ခံခွင့်ပြုမှု)ကိုသိကြ၍

အရှင်ဘုရားတို့ တပည့်တော်တို့ရွာနှင့် မနီးမဝေး အရပ်၌ တောအုပ်ကြီးရှိပါသည်။ ထိုတောအုပ်၌ သီတင်းသုံးတော်မူကြပါဟု လျှောက်ထားကြသဖြင့် တောအုပ်ရှိရာသို့ ကြွကြလေကုန်၏။

ရဟန်းငါးရာတို့သည် ရွာသူ၊ ရွာသားတို့ညွှန်ပြအပ်သော ထိုတောအုပ်သို့ ဝင်ရောက်ကြလေကုန်၏။ ထိုတောအုပ်၌ အုပ်စိုးနေကြသော နတ်တို့သည် -

သီလနှင့်ပြည့်စုံတော်မူကြသော အရှင်ကောင်းတို့သည် ဤတောအုပ်သို့ ရောက်လာကြပြီ၊ ဤတောအုပ်၌ အရှင်ကောင်းတို့သီတင်းသုံးနေကြသော် သားမယားတို့ကို ကိုင်ယူ၍ သစ်ပင်၌တက်ပြီး ငါတို့နေထိုင်ရန် မသင့်လျော်ချေဟု သစ်ပင်မှသက်ဆင်း၍ မြေကြီးပေါ်၌နေကြပြီး -

အရှင်ကောင်းတို့သည် ဤနေရာ၌ ဤနေ့တစ်ညပတ်လုံး သီတင်းသုံးကြပြီး နက်ဖြန်ကေန်ပြန်ကြွကြလိမ့်မည်ဟု စိတ်ထင်ထားကြကုန်၏။

ရဟန်းတော်တို့သည်လည်း နောက်တစ်နေ့ရွာတွင်း၌ ဆွမ်းခံလှည့်ပြီး တစ်ဖန်ထိုတောအုပ်သို့သာ ပြန်လာကြလေကုန်၏။

နတ်တို့သည် ရဟန်း၊သံဃာသည် နက်ဖြန်ဆွမ်းအလို့ငှာ တစ်ဦးတစ်ယောက် ပင့်လျှောက်ထားလိမ့်မည်။ ထိုကြောင့် ဤတောအုပ်သို့ တစ်ဖန်ပြန်ကြွလာသည်။ ယနေ့တော့ကြွသွားလိမ့်မည်မဟုတ်။ နက်ဖြန်ကြွသွားလိမ့်မည်ဟု ထင်နေကြ၏။ ဤသို့သောအကြောင်းဖြင့် လခွဲမျှပတ်လုံး မြေ၌သာနေကြလေကုန်၏။

ထိုအချိန်မှနောက်ကာလ၌ နတ်တို့သည် ဤသို့ကြံစည်ကြလေကုန်၏။ အရှင်ကောင်းတို့သည် ဤသုံးလပတ်လုံး ဤတောအုပ်၌သာနေကြလိမ့်မည်ထင်၏။

ဤအရှင်တို့ ဤတောအုပ်၌သာနေကြကုန်သော်။ ငါတို့အဖို့သစ်ပင်ပေါ်တက်၍ နေဖို့လည်း မသင့်လျော် သည်အမှန်၊ သုံးလပတ်လုံး သားမယားတို့ကိုယူ၍ မြေပေါ်၌နေခြင်း၊ ရပ်ခြင်းတို့လည်း ဆင်းရဲကုန်၏။ တစ်စုံတစ်ခုကိုပြု၍ ဤရဟန်းတို့ကို ထွက်ပြေးစေသင့်တော့သည်။

ထိုနတ်တို့သည် ရဟန်းတော်တို့၏ညဉ့်နေရာ၊ နေ့နေရာတိုင်းတို့၌ လည်းကောင်း၊ စင်္ကြံဖျားအရပ်တို့၌

လည်းကောင်း၊ ဦးခေါင်းပြတ်တို့ကိုလည်းကောင်း၊ ဦးခေါင်းမရှိသောကိုယ်တို့ကိုလည်းကောင်း ပြကြလေကုန်၏။ နတ်ဘီလူးအသံကိုလည်း ကြားစေကြကုန်၏။ ရဟန်းတော်တို့၏ နှာချီ ရောဂါ၊ ချောင်းဆိုးရောဂါစသည်တို့ဖြစ်ပေါ်လေကုန်၏။

ထိုရဟန်းတို့သည် ငါ့ရှင်သင်၏ အဘယ်ရောဂါဖြစ်သနည်းဟု အချင်းချင်းမေးကြလေကုန်သော် တပည့်တော်မှာ နှာမွန်ရောဂါဖြစ်ပါသည်။ တပည့်တော်မှာ ချောင်းဆိုးရောဂါဖြစ်ပါသည်ဟု ပြောဆိုကြလေ၏။

ထိုမှတစ်ပါး ငါ့ရှင်တို့တပည့်တော်သည် ယနေ့စင်္ကြံလမ်းဆုံး၌ ပြတ်နေသော ဦးခေါင်းကိုမြင်ရပါသည်။ တပည့်တော်သည် ညဥ့်နေရာအရပ်၌ ဦးခေါင်းမရှိသော ကိုယ်ကိုတွေ့မြင်ရပါသည်။ တပည့်တော်သည် နေ့နေရာအရပ်၌ နတ်ဘီးလူးအသံကိုကြားရပါသည်။ ဤအရပ်ဒေသသည် ရှောင်ဖယ်သင့်သော အရပ်ဒေသဖြစ်ပါသည်။ ဤအရပ်ဒေသ၌ တပည့်တော်တို့၏ မချမ်းသာမှုဖြစ်ပါသည်။ မြတ်စွာဘုရားထံတော်သွားကြပါစို့ဟု ပြောဆိုကြပြီး တောတွင်းမှထွက်ခွာခဲ့ကြ၍ ခရီးစဉ်အားဖြင့် မြတ်စွာဘုရားထံတော်သို့ရောက်၍ မြတ်စွာဘုရားကိုရှိခိုးကြကာ သင့်လျော်နေရာ၌ထိုင်နေကြလေကုန်၏။

ထိုအခါ ရဟန်းတို့ကို မြတ်စွာဘုရားသည် -

ရဟန်းတို့-အသို့နည်း(ဘယ်နှယ့်လဲ)ထိုနေရာဌာန၌ မနေနိုင်ကုန်ကြသလောဟု မေးတော်မူ၏။

မြတ်စွာဘုရားမှန်ပါသည်။ ထိုနေရာဌာန၌ နေကြကုန်သောတပည့်တော်တို့အား ဤသို့သော ကြောက်မက်ဖွယ်အာရုံတို့ ထင်ပါကုန်သည်ဘုရား။ ဤသို့ မချမ်းသာမှုဖြစ်ပါသည်။ ထို့ကြောင့်တပည့်တော်တို့သည် ဤနေရာဌာနသည် ရှောင်ကြဉ်သင့်သောနေရာဌာနဖြစ်သည်ဟု၊ ထိုအရပ်ကိုစွန့်ပယ်၍ အရှင်ဘုရားထံလာခဲ့ပါသည်ဟု လျှောက်ထားကြကုန်၏။

ရဟန်းတို့ ထိုအရပ်၌သာ သင်တို့သွားဖို့သင့်သည်။

မြတ်စွာဘုရားမသွားနိုင်ပါဘုရား -

ရဟန်းတို့ယခင်အချိန်ကသင်တို့လက်နက်ကိုမယူဘဲသွားကြသည်။ ယခုအချိန်၌ လက်နက်ကိုယူ၍ သွားကြကုန်လော့ -

မြတ်စွာဘုရား-လက်နက်က အဘယ်ပါနည်းဘုရား။

မြတ်စွာဘုရားသည် ငါသည်သင်တို့အား လက်နက်ကိုပေးမည်။

ငါပေးအပ်သော လက်နက်ယူ၍ သွားကြကုန်လော့ ဟုမိန့်တော်မူပြီး -

ကရဏီယ မတ္ထကုသလေန၊ ယန္တသန္တံပဒံအဘိသမေစ္စ၊

သက္ကောဥဇူစ သုဟုဇူစ၊ သုဝစောစဿမုဒုအနတိမာနီ။

သန္တံ-ငြိမ်သက်သော၊ ယံပဒံ-အကြင်နိဗ္ဗာန်သည်၊ အတ္ထိ-ရှိ၏။ တံပဒံ-ထိုနိဗ္ဗာန်ကို၊ အဘိသမေစ္စ-သိရန်လိုလားအာရုံထား၍ ၊ အတ္ထကုသလေန-အကျိုးစီးပွား၌ လိမ္မာသူသည်၊ မေတ္တံ-မေတ္တာကို ၊ ကရဏီယံ-ပြုအပ်၏၊ သက္ကောစ-မေတ္တာစိတ်ကိုပြုခြင်းငှါ စွမ်း နိုင်သူလည်း၊ အဿ-ဖြစ်ရာ၏၊သုဟုဇူစ- အလွန်ကောင်းစွာ ဖြောင့်မတ်သူလည်း၊ အဿ-ဖြစ်ရာ၏၊ သုဝစောစ- ဆိုလွယ်သော စကားရှိသူလည်း၊ အဿ-ဖြစ်ရာ၏။ မုဒုစ-နူးညံ့သော စိတ်နှလုံး ရှိသူလည်း၊ အဿ-ဖြစ်ရာ၏၊ အနတိမာနိစ-လွန်ကဲသော မာနမရှိသူလည်း၊ အဿ-ဖြစ်ရာ၏။

အစရှိသော မေတ္တာသုတ်တော်ကို ဟောပြတော်မူသည်။ ရဟန်းတို့ ဤ မေတ္တာသုတ်ကို သင်တို့သည် တောအုပ်ပြင်ပမှစ၍ သရဇ္ဈာယ်ကြပြီး ကျောင်းတွင်းသို့ ဝင်ကြကုန်လော့ဟု စေလွှတ်တော်မူသည်။

ထိုရဟန်းတို့သည် မြတ်စွာဘုရားကို ရှိခိုးပြီး ကျောင်းမှထွက်ခဲ့၍ ခရီးစဉ်အားဖြင့် ထိုတောအုပ်နေရာဌာနသို့ ရောက်ကြပြီးသော် တောအုပ်ပြင်ပ၌ စုပေါင်းသရဇ္ဈာယ်ခြင်းဖြင့် သရဇ္ဈာယ်ကြကုန်လျက် တောအုပ်အတွင်းသို့ ဝင်ကြလေကုန်၏။

တောအုပ်တစ်ခုလုံး၌ နေကြသောနတ်တို့သည် မေတ္တာစိတ်ကို တုံ့ပြန်ကြကုန်၍ထိုရဟန်းတို့အား ခရီးဦးကြိုပြုကာ သပိတ်သင်္ကန်းလှမ်းယူရန် ပန်ကြားကြကုန်၏။ လက်ခြေတို့ကို ဆုပ်နယ်နှိပ်ပေးမှုကို ပန်ကြားကြလေ၏။ ထိုထို နေရာဌာန၌ ထိုရဟန်းတို့၏ အစောင့်အရှောက်ကို စီရင်ကြကုန်၏။ အခိုးထုတ်ပြီးသော ဆီချက်ကဲ့သို့ အညီအညွတ်ကောင်းစွာ စုပေါင်းနေကြကုန်၏၊ တစ်စုံတစ်ခုသောအရပ်၌ ဘီလူးသံမည်သည် မရှိတော့ပြီ။

ထိုရဟန်းတို့၏ စိတ်သည်တည်ကြည်လေ၏။ ထိုရဟန်းတို့သည်နေ့နေရာ၊ ညဉ့်နေရာတို့၌ ထိုင်ကြကုန်လျက် ဝိပဿနာ၌ စိတ်ကိုချ၍ ခန္ဓာကိုယ်၌ကုန်ခြင်း၊ ပျက်ခြင်းကိုနှလုံးသွင်းကြ၍ -

ဤအတ္တဘော မည်သည် ပျက်စီးတက်သောသဘော အမြဲတည်မနေသော - သဘောကြောင့် မီးမဖုတ်ရသေးသော အိုးစိမ်းနှင့်တူ၏ဟု ဝိပဿနာကို ပွားများစေကုန်၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋီ၌ နေလျက်ပင်ထိုရဟန်းတို့၏ ဝိပဿနာ၌ အားထုတ်အပ်သည်၏ အဖြစ်ကို(ဝိပဿနာအားထုတ်မှုကို) သိတော်မူ၍ ထိုရဟန်းတို့ကို မိန့်ခေါ်တော်မူပြီ။

ရဟန်းတို့ သင်တို့ထင်မြင်သည့်အတိုင်းပင် ဤအတ္တဘောမည်သည် ပြိုကွဲပျက်စီးတက်သောသဘော၊ မခိုင်မြဲသောသဘောတို့ကြောင့် မီးမဖုတ်ရသေးသော အိုးစိမ်းနှင့်တူသည်ဟုသာ မိန့်တော်မူပြီး အရောင်အလင်းကိုဖြန့်၍ အဝေးယူဇနာတစ်ရာ၌ တည်နေသော်လည်း မျက်နှာရှေ့တည့်တည့်၌ ထိုင်နေတော်မူသကဲ့သို့ ရောင်ခြည်တော်ခြောက်သွယ်တို့ကိုလွှတ်တော်မူ၍ ထင်ရှားသောရုပ်အသွင်တော်ဖြင့် ဤဆိုလတ္တံ့သောဂါထာကို ဟောတော်မူသည်။

ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ၊
နဂရူပမံ စိတ္တမိဒံ ဌပေတွာ၊
ယောဓေထ မာရံပညာဝုဓေန၊
ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ။

ဘိက္ခဝေ- ရဟန်းတို့၊ ဣမံကာယံ-ဤခန္ဓာကိုယ်ကို- ကုမ္ဘူပမံ-မီးမဖုတ်ရသေးသော အိုးစိမ်းနှင့်တူသည်ကို၊ ဝိဒိတွာ- သိမြင်၍၊ ဣဒံစိတ္တံ-ဤဝိပဿနာစိတ်ကို၊ နဂရူပမံ- မြဲမြံခိုင်ခံ့သောမြို့နှင့်တူသည်ကို၊ ဌပေတွာ-ပြုထား၍၊ ပညာဝုဓေန- ဝိပဿနာ ပညာတည်းဟူသော လက်နက်ဖြင့်၊ မာရံ-ကိလေသာမာရ်ကို၊ ယောဓေထ-ထိုးပစ်တိုက်ခိုက်ကုန်ရာ၏၊ ဇိတဉ္စ-အောင်အပ်ပြီး၊ ဖြစ်စေအပ်ပြီးသော ဝိပဿနာကိုလည်း၊ ရက္ခေ-သဗ္ဗါရတို့ကို သုံးသပ်ဆင်ချင်လျှက် စောင့်ရှောက်ရာ၏။ အနိဝေသနော-သမာပတ်၌ တွယ်တာမှုကင်းသူသည်၊ သိယာ-ဖြစ်ရာ၏။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည် ထိုင်မြဲနေရာ၌ ထိုင်ကုန်လျက်သာ ပဋိသမ္ဘိဒါတို့နှင့်အတူ အရဟတ္တဖိုလ်သို့ရောက်၍ မြတ်စွာဘုရား၏ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်တော်ကို ချီးမွမ်းဖုန်ဖုန် ရှိခိုးကုန်၍ သာပြန်ကြွလာကြလေကုန်သတည်း။

ဖော်ပြခဲ့သော ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ အစရှိသော ဂါထာ၏ အဓိပ္ပာယ် -

ဆံပင်အစရှိသည်တို့၏ အပေါင်းအစုဖြစ်သော ဤခန္ဓာကိုယ်သည် အားမရှိသောသဘော,

အားနည်းသောသဘော, တာရှည်မတည်သောသဘော, တစ်ဘဝတာ အခိုက်အတန့်မျှသာ တည်သောသဘောကြောင့် အိုးထိန်းသည်တို့ ၏မီးမဖုတ် ရသေးသော အိုးနှင့်တူ၏ဟုသိထားရမည်။ ထိုသို့သိထားပြီး ပြည့်ရှင် မင်းတို့မြို့တော်သည် ပြင်ပ၌ခိုင်ခန့်မှုရှိသည်။ နက်လှစွာသောကျုံးရှိသည်၊ အုတ်တံတိုင်းဖြင့် ဝန်းရံထားသည်။ တံခါးပေါက်ပြအိုးလည်းရှိသည်၊ မြို့အတွင်းမှာလည်းကောင်းစွာ ဖောက်လုပ်ခင်းထားအပ်သော လမ်းနှင့်လမ်းဆုံ လမ်းခွရှိသည်၊ ခင်းကျင်းထားအပ်သော ဈေးရုံလည်းရှိသည်၊ ထိုသို့ကြံ့ကြံ့ခိုင်ခံ့သော မြို့တော်ကို တိုက်ခိုက်လုယက် ရန်လာကြသော ခိုးသူတို့သည် မြို့တွင်းသို့ မဝင်နိုင်ကြရကား ကျောက်တောင်ကိုထိ ပါးတိုက်ခိုက်ကုန်သကဲ့သို့ ပြန်ပြေးကြရလေကုန်လေ၏။

ဤဥပမာနှင့်တူစွာ ပညာရှိအမျိုးကောင်းသားသည်၊ မိမိ၏ဝိပဿနာစိတ်ကို ကြံ့ကြံ့ခိုင်ခံ့သော မြို့နှင့်တူစွာပြုထားပြီးလျှင် မြို့တွင်း၌တည်သောလူသည် တစ်ဖက်အသွားရှိသောလက်နက်၊ နှစ်ဖက်အသွားရှိသောလက်နက်၊ အစရှိသော လက်နက်မျိုးစုံဖြင့် ခိုးသူအပေါင်းကို တိုက်ခိုက်ဖျက်ဆီးနိုင်သကဲ့သို့ ဝိပဿနာပ ညာလက်နက်၊ အရိမဂ်ပညာလက်နက်ဖြင့် ပယ်သတ်ထိုက်သော ကိလေသာရန်သူတို့ကို ပိတ်ပင်တားဆီးလျက် အပြီးသတ်တိုက်ခိုက်သတ်ဖြတ် ရှင်းလင်းရမည်။ မိမိသန္တာန်၌ဖြစ်စေအပ်ပြီးသော တရုဏာဝိပဿနာ(မရင့်သေးသော ဝိပဿနာဉာဏ်)ကို အာဝါသသပ္ပါယ၊ ဥတုသပ္ပါယ၊ ဘောဇနသပ္ပါယ၊ ပုဂ္ဂလ သပ္ပါယ၊ ဓမ္မဿဝနသပ္ပါယစသည်တို့ကို ဆည်းကပ်မှီဝဲလျက် ဝိပဿနာ ရှုမှတ်မှု အကြားအကြား၌ သမာပတ်ကိုဝင်စား၍ သမာပါတ်မှထပြီး ကိလေသာမှ စင်ကြယ်သော စိတ်ဖြင့် သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆင်ခြင် သုံးသပ်လျက် စောင့်ရှောက်ရမည်။

ဥပမာအားဖြင့် စစ်သူရဲကောင်းသည် စစ်မြေပြင်ဦး၌ ဗိုလ်ပါအစုအပေါင်းပြု၍ (စစ်စခန်းချထား၍) ရန်သူတို့နှင့် တိုက်ပွဲဆင်လတ်သော် ထမင်းဆာသော်လည်းကောင်း၊ ရေငတ်သော်လည်းကောင်း၊ ချပ်ဝတ်တန်ဆာလျော့နေသော် လည်းကောင်း၊ လက်နက်ကျရစ်သော်လည်းကောင်း၊ တပ်စခန်းအတွင်းသို့ဝင်၍ အပန်းဖြေထမင်းစား၊ ရေသောက်၊ ချပ်ဝတ်ကို မြဲမြံစွာဝတ်ဆင်၊ လက်နက်ကိုင်ပြီး တပ်တွင်းမှ တဖန်ထွက်ပြီး တိုက်ခိုက်သည်ရှိသော် တခြားစစ်သည်အပေါင်းကို တိုက်ဖျက်နှိမ်နင်းနိုင်၏။ မနိုင်သေးသော စစ်ကိုအနိုင်ယူ၍ နိုင်ပြီးသော စစ်ကို စောင့်ရှောက်၏။

အကယ်၍ ထိုစစ်သူရဲကောင်းသည် စစ်တပ်အတွင်း၌ အပန်းဖြေလျက်သာနေခဲ့သော်၊ စစ်တပ်ကို သာတွယ်တာနေခဲ့သော် တိုင်းပြည်စည်းစိမ်သည် သူတစ်ပါးလက်တွင်းသို့ ရောက်သွားလေရာ၏။ ဤနည်းအတူ မဂ်ဖိုလ်ငံ့မျှော် ရဟန်းတော်သည် မိမိရရှိအပ်ပြီးသော တရုဏာဝိပဿနာကို(အဖန်ဖန် အကြိမ်ကြိမ် သမာပတ်ကိုဝင်စား၍ သမာပတ်မှထပြီး သင်္ခါရတရားတို့ကို ဆင်ခြင်သုံးသပ်လျက်) စောင့်ရှောက်ခြင်းငှာ စွမ်းနိုင်လေ၏။ အထက်၌ဖြစ်သော မဂ်ဖိုလ်ကို ရရှိသဖြင့်ကိလေသာရန်သူကို အောင်နိုင်လေ၏။

အကယ်၍ ထိုရဟန်းတော်သည် သမာပတ်ကိုသာ သာယာနေခဲ့အံ့၊ စင်ကြယ်သောစိတ်ဖြင့် အဖန်ဖန်အထပ်ထပ် သင်္ခါရတရားတို့ကို မဆင်ခြင် မသုံးသပ်သည်ဖြစ်အံ့၊ မဂ်ဖိုလ်ကိုထိုးထွင်းသိခြင်းငှာ မစွမ်းနိုင်တော့ချေ။ ထိုကြောင့် စောင့်ရှောက်သင့်သည်ကို စောင့်ရှောက်လျက် ညိတွယ်သူမဖြစ်ရာ၊ သမာပါတ်ကို ဝင်စားခြင်းဖြင့် မိမိနေရာပြု၍ ထိုသမာပတ်၌ တွယ်တာမှုကိုမပြုရာ၊ ဝါ-မပြုပါလေနှင့်၊ သင်ရဟန်းတို့သည်လည်း ငါဘုရား ယခုဟောပြောသည့်အတိုင်း မချွတ်ဧကန်ပြုကြကုန်လောဟု မြတ်စွာဘုရားသည် ထိုရဟန်းငါးရာတို့အား တရားဟောပြတော်မူသည်။

**ပဉ္စသတာဘိက္ခုဝတ္ထု ပြီး၏။**

## ၂၄။ ပူတိဂတ္တ တိဿထေရ်ဝတ္ထု

သာဝတ္ထိမြို့နေ အမျိုးသားတစ်ယောက်သည် မြတ်စွာဘုရားထံတော်၌ တရားနာပြီးသော် သာသနာတော်၌ မိမိ၏ရင်(ရင်ဘတ်)ကိုပေး၍ ရဟန်းပြုလေ၏။ ရဟန်းဖြစ်ပြီးသောအခါ တိဿထေရ်ဟု အမည်တွင်လေ၏။ တဖြည်းဖြည်းအားဖြင့် အချိန်ကြာလတ်သော် တိဿထေရ်၏ ခန္ဓာကိုယ်၌ အနာရောဂါ ဖြစ်ပေါ်လာ၏။ မုံညင်းစေ့ပမာဏရှိကုန်သော အနာဖုလုံးတို့ထွက်ပေါ်နေကုန်၏။

ထိုအနာဖုလုံးတို့သည် တစတစဖြင့် ပဲနောက်လုံးပမာဏ၊ စားတော်ပဲလုံး ပမာဏ၊ ဇီးစေ့ပမာဏ၊ ဆီးဖြူသီးပမာဏ၊ ဥသျှစ်သီးနုပမာဏ၊ ဥသျှစ်သီးမှည့်ပမာဏဖြစ်ကုန်၍ ပေါက်ကွဲလေကုန်၏။ တစ်ကိုယ်လုံးအပေါက်ကြီး၊ အပေါက်ငယ်ဖြစ်ပေါ်နေလေ၏။ ပူတိဂတ္တတိဿထေရ် (ကိုယ်ပုပ်နေသော တိဿထေရ်)ဟု အမည်တွင်လေ၏။ ထိုအချိန်မှနောက်အဖို့၌ တိဿထေရ်၏ အရိုးတို့သည် ကျိုးလေကုန်၏။ တိဿထေရ်သည် ပြုစုသူကင်းမဲ့နေလေ၏။ သင်းပိုင်နှင့် ကိုယ်ဝတ်ဧကသီသည် ပြည်သွေးတို့လူးနေသည် ဖြစ်၍ ကွန်ယက်သဖွယ်ရှိသော မုန့်နှင့်တူနေလေ၏။ အတူနေတပည့်အစရှိသူတို့သည် မပြုစု မစောင့်ရှောက် နိုင်ကြ၍ စွန့်ပစ်ထားကြလေကုန်၏။ တိဿထေရ်သည် ကိုးကွယ်ရာမဲ့သူဖြစ်၍ လျောင်းနေလေ၏။

ဘုရားရှင်တို့မည်သည် နေ့တစ်နေ့တွင် နှစ်ကြိမ်တိုင်တိုင်သတ္တလောကကို ရှုကြည့်အပ်သည်သာ ဖြစ်၏။ မိုးသောက်ခါနီး လင်းအားကြီးချိန်၌ သတ္တလောကကို ရှုကြည့်ကြလေသော် စကြာဝဠာအနားရစ်မှစ၍ ဂန္ဓကုဋီသို့ ရှေ့ရှုသိသော ဉာဏ်တော်ကိုပြု၍ ရှုကြည့်တော်မူကြကုန်၏။

ညနေချမ်းအချိန်၌ သတ္တလောကကို ရှုကြည့်တော်မူကုန်သော် ဂန္ဓကုဋီတိုက်တော်မစ၍ စကြာဝဠာ ပြင်ဘက်ကို ရှေ့ရှုသိမြင်သော အသိဉာဏ်ကိုပြု၍ ရှုကြည့်တော်မူကြလေကုန်၏။

ပူတိဂတ္တတိဿထေရ်တစ်ပါးတည်းဖြစ်နေရာ ထိုအချိန်၌ မြတ်စွာဘုရား၏ ဉာဏ်တော်ကွန်ယက် အတွင်း၌ ပူတိဂတ္တတိဿထေရ် ထင်ပေါ်လာလေပြီ။

မြတ်စွာဘုရားသည် ပူတိဂတ္တတိဿထေရ်၏ အရဟတ္တဖိုလ်၏အားကြီးသော မှီရာအကြောင်းကို မြင်တော်မူ၍ ဤပူတိဂတ္တတိဿကို အတူနေတပည့် စသူတို့သည် စွန့်ပစ်ထားအပ်ပြီ ယခုအခါ ပူတိဂတ္တတိ ဿအဖို့ ငါဘုရားမှ တစ်ပါးအားထား မှီခိုဖွယ်ရာမရှိတော့ပြီဟု ဆင်ခြင်တော်မူကာ ဂန္ဓကုဋီ တိုက်တော်မှ ထွက်၍ ကျောင်းစဉ်ဒေသစာရီ လှည့်လည်တော်မူသကဲ့သို့ မီးတင်းကုတ်သို့ ကြွတော်မူကာ ထမင်းချက်အိုးကို ရေဆေး၍ရေထည့်၊ ဖိုခနောက်ပေါ်တင်ပြီး ရေပူအောင်စောင့်ငံ့လျက် မီးတင်းကုတ်၌သာ ရပ်တည်နေတော် မူ၏။ ရေပူမှန်းသိတော်မူလေသော် ပူတိဂတ္တတိဿထံသို့သွား၍ ပူတိဂတ္တတိဿ ရဟန်း၏ အိပ်နေရာ ညောင်စောင်းအစွန်း၌ ထိုင်တော်မူလေပြီ။

ထိုအချိန်အခါတွင် ရဟန်းတော်တို့သည် မြတ်စွာဘုရားဖယ်ပေးတော်မူပါ၊ တပည့်တော်များ ကိုင်ယူ ကြပါမည်ဟု လျှောက်ထားကြကာ ညောင်စောင်းငယ်ကို ကိုင်ယူကြပြီး မီးတင်းကုတ်သို့ ဆောင်ယူခဲ့ကြ လေကုန်၏။

မြတ်စွာဘုရားသည် ရေခွက်ဝိုင်းကိုယူဆောင်စေ၍ ရေနွေးကိုသွန်းလောင်းပေးပြီး ထိုရဟန်းတို့ကို ပူတိဂတ္တတိဿထေရ်၏ ကိုယ်ရုံဧကသီကို ကိုင်ထားစေ၍ ရေနွေး၌ ထည့်နယ်စေပြီးလျှင် နေပူ၌လှမ်းထား စေတော်မူပြီ။ ထိုမှနောက်၌ ပူတိဂတ္တတိဿထေရ်၏အနီး၌ ရပ်တော်မူ၍ ပူတိဂတ္တတိဿထေရ်၏ ခန္ဓာကိုယ်ကိုရေနွေးဖြင့် စိုစေ၍(ဆွတ်၍)ပွတ်တိုက်ပြီး ရေချိုးပေးတော်မူသည်။

ရေချိုးပြီးသောအခါ ပူတိဂတ္တတိဿထေရ်၏ ကိုယ်ရုံကေသီသည် ရေခြောက်ပြီးဖြစ်နေပြီ။

ထိုအခါ ကိုယ်ရုံကေသီကို ပူတိဂတ္တတိဿထေရ်ကိုဝတ်စေပြီး၊ ဝတ်ထားသောသင်းပိုင်ကိုရေ၌ ဆုတ်နယ်စေကာ နေပူ၌လှမ်းထားစေတော်မူပြီ။

ထိုအခါ ပူတိဂတ္တတိဿထေရ်၏ ခန္ဓာကိုယ်၌ ရေခြောက်လတ်သော် ခါးဝတ်သင်းပိုင်သည်လည်း ရေခြောက်ပြီးဖြစ်လေ၏။

ပူတိဂတ္တတိဿထေရ်သည် သင်္ကန်းတစ်ထည်ကိုဝတ်ပြီး သင်္ကန်းတစ်ထည်ကိုရုံပြီးသော် ပေါ့ပါးသောကိုယ်၊ တည်ကြည်သောစိတ်ရှိလျက် ညောင်စောင်းငယ်၌ လျောင်းနေလေပြီ။ မြတ်စွာဘုရားသည် ပူတိဂတ္တတိဿထေရ်၏ ခေါင်းရင်း၌ရပ်တော်မူပြီး -

အို - ရဟန်း, သင်၏ ဤခန္ဓာကိုယ်သည် ဝိညာဏ်ကင်းကာ ကျေးဇူးမရှိဖြစ်၍ ထင်း၊ နုတ်၊ ထင်းဖွဲ၊ သစ်တုံးကဲ့သို့မြေကြီးပေါ်၌ အိပ်လိမ့်မည်ဟု မိန့်တော်မူကာ၊ ဤဆိုလတ္တံ့သော ဂါထာကိုဟောပြတော်မူသည်။

"အစိရံ ဝတယံ ကာ ယော၊ ပထဝိံ အဓိသေဿတိ။

ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ"။

ဘိက္ခု = အိုရဟန်း(တေ-သင်၏)၊ အယံကာ ယော = ဤခန္ဓာကိုယ်သည်၊ အစိရံ = မကြာမြင့်မီ၊ အပေတ = ဝိညာဏော = အသိဝိညာဏ်ကင်းရကား၊ ဆုဒ္ဓေါ = ပယ်ရှားစွန့်ပစ်အပ်သည်ဖြစ်၍၊ နိရတ္ထံ = အကျိုးမရှိသော (အသုံးမဝင် သော) ကလိင်္ဂရံ ဣဝ = သစ်တုံးကဲ့သို့ ပထဝိံ = မြေကြီးပေါ်၌၊ အဓိသေဿတိ = အိပ်ရလတ္တံ့။

ထိုဂါထာ၏ အဓိပ္ပာယ်ကား -

သစ်သားပစ္စည်းကိုအလိုရှိသူတို့သည် တောတွင်းသို့ဝင်၍ ဖြောင့်ဖြူးသော သစ်သားကို ဖြောင့်ဖြူးသည့်အတိုင်း၊ ကောက်သောသစ်သားကို ကောက်သည့် အတိုင်းဖြတ်၍ယူကြကုန်၏။

အလိုရှိအပ်သော သစ်သားပိုင်းမှ ကြွင်းကျန်သောအခေါင်းရှိသော သစ်သားကိုလည်းကောင်း၊ ပုပ်ဆွေးသောသစ်သားကိုလည်းကောင်း၊ အနှစ်မရှိသော သစ်သားကိုလည်းကောင်း၊ အမျက်အဖုရှိသော သစ်သားကိုလည်းကောင်း၊ ဖြတ်ပြီးတောတွင်း၌သာ စွန့်ပစ်ထားခဲ့ကြလေကုန်၏။ သစ်သားပစ္စည်းကို အလိုရှိသူ အခြားလူတို့သည် တောတွင်းသို့လာ၍ အခေါင်းရှိသော သစ်သားအစရှိသော စွန့်ပစ်ထားခဲ့သောသစ်သားအားလုံးကိုယူဆောင်မသွားကြချေ။ သစ်သားတို့ကို ကြည့်ရှုပြီး မိမိအတွက်အကျိုးပြုမည့်အသုံးကျမည့် သစ်သားကိုသာ ယူသွားကြကုန်၏။ အသုံးမကျသော သစ်သားဟူသမျှသည် မြေကြီးပေါ်၌ ကျန်ရစ်သည်သာဖြစ်၏။

မြေကြီးပေါ်၌ စွန့်ပစ်ကျန်ရစ်ခဲ့သော ထိုသစ်သားကိုဖြစ်နိုင်သောနည်းဖြင့် ညောင်စောင်းခြေကိုသော်လည်းကောင်း၊ လူ၏ခြေ၌ချေးပွတ်စရာကိုသော်လည်းကောင်း၊ သစ်သားတုံးအင်းပျဉ်ကိုသော်လည်းကောင်း ပြုလုပ်နိုင်ဖွယ်ရှိသေး၏။

ဤခန္ဓာကိုယ်အတ္တဘော၌ သုံးဆယ့်နှစ်ခုသောအစုတို့တွင် တစ်စုသည်သော်လည်း၊ ညောင်စောင်းခြေ စသည်ဖြင့်လည်းကောင်း၊ အခြားသောအသုံးကျမည့် အရာဝတ္ထုဖြင့်သော်လည်းကောင်း၊ အသုံးပြုဖွယ်ဟူ၍မရှိတော့ပြီ၊ စင်စစ်သော်ကား အသုံးမဝင်သောသစ်သားတုံး သစ်သားပိုင်းကဲ့သို့ ဤခန္ဓာကိုယ်သည် အသိဝိညာဉ်ကင်းသည်ဖြစ်၍ နှစ်ရက်သုံးရက်ဖြင့်ပင် မြေကြီးပေါ်၌အိပ်ပေလိမ့်မည်ဟု ဆိုလိုသည်။

ဒေသနာတော်အဆုံး၌ ပူတိဂတ္တတိဿထေရ်သည် ပဋိသမ္ဘိဒါတို့နှင့်အတူ အရဟတ္တဖိုလ်သို့ ရောက်လေပြီ။

အခြားလူများစွာတို့လည်း သောတာပန်စသည်တို့ ဖြစ်ကြလေကုန်ပြီ။

ပူတိဂတ္တတိဿထေရ်သည်လည်း အရဟတ္တဖိုလ်သို့ရောက်ပြီး၍သာ ပရိနိဗ္ဗာန်ပြုလေ၏။

မြတ်စွာဘုရားသည် ပူတိဂတ္တတိဿထေရ်၏ ခန္ဓာကိုယ်အလောင်း၌ ပြုဖွယ်ကိုပြုစေ၍ ဓာတ်တော်တို့ကိုယူ၍ စေတီတည်ထားစေတော်မူပြီ။

ရဟန်းတော်တို့သည် မြတ်စွာဘုရားကို မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရား, ပူတိဂတ္တတိဿထေရ်သည် အဘယ်ဘုံဘဝ၌ ဖြစ်ပါလေသနည်း။

ရဟန်းတို့, ပူတိဂတ္တတိဿရဟန်းသည် ပရိနိဗ္ဗာန်ပြုလေသည်။

မြတ်စွာဘုရား, ပရိနိဗ္ဗာန်ပြုနိုင်လောက်သော အရဟတ္တဖိုလ်၏ အားကောင်းသော မှီရာအကြောင်းနှင့်ပြည့်စုံသော ပူတိဂတ္တတိဿရဟန်း၏ ခန္ဓာကိုယ်သည် အဘယ်အကြောင်းကြောင့် ပုပ်ပါသနည်း။

ပူတိဂတ္တတိဿထေရ်၏ အဘယ်အကြောင်းသည် အရဟတ္တဖိုလ်၏ အားကောင်းသောမှီရာအကြောင်းအဖြစ်သို့ ရောက်ပါလေသနည်း။

ရဟန်းတို့, သင်တို့မေးလျှောက်သောအားလုံးသည် ပူတိဂတ္တတိဿ၏ သူပြုခဲ့သောကံကြောင့်သာ ဖြစ်လေ၏။

မြတ်စွာဘုရား, ပူတိဂတ္တတိဿထေရ်သည် အဘယ်ကံကိုပြုအပ်ခဲ့ပါသနည်း။

ရဟန်းတို့, သင်တို့သိလိုသော် နားထောင်ကြကုန်လော့။

ဤပူတိဂတ္တတိဿရဟန်းသည် ကဿပမြတ်စွာဘုရား လက်ထက်တော်က ငှက်မုဆိုးဖြစ်၍ ငှက်များစွာတို့ကို သတ်ဖြတ်ပြီး အစိုးရသူကိုလုပ်ကျွေးခဲ့ပြီ။ အစိုးရသူတို့အား ဆက်သအပ်သည်မှ ကြွင်းကျန်သောငှက်တို့ကိုရောင်းချလေ၏။ ရောင်းချ၍ ကျန်သောငှက်တို့ကိုသတ်၍ထားခဲ့လျှင် ပုပ်ကုန်လိမ့်မည်ဟူသော အကြံဖြင့် ပျံတက်မသွားနိုင်အောင် ငှက်တို့၏ ခြေရိုး၊ အတောင်ရိုးတို့ကို ရိုက်ချိုးပြီးစုပုံထားလေ၏။ ထိုငှက်တို့ကို နောက်တစ်နေ့၌ရောင်းချလေ၏။

ငှက်များစွာရသောအခါ မိမိလည်းစားဖို့ရာ ချက်စေ၏။

တစ်နေ့သ၌ ငှက်မုဆိုးအတွက် အရသာရှိသော စားသောက်ဖွယ်ချက်၍ ကျက်လတ်သော် ရဟန္တာတစ်ပါးသည် ဆွမ်းခံလှည့်လာလျက်အိမ်တံခါးဝ၌ ရပ်နေတော်မူသည်။

ငှက်မုဆိုးသည်ရဟန္တာထေရ်ကို မြင်ရလေလျှင် ကြည်ညိုသောစိတ်ဖြင့် -

ငါသည်များစွာသော သတ္တဝါတို့ကိုသတ်၍စားခဲ့ပြီ၊ အရှင်ကောင်းသည်လည်း ငါ၏အိမ်တံခါးဝ၌ ရပ်နေတော်မူသည်။ ငါ၏အိမ်တွင်းမှာလည်း အရသာရှိသော စားဖွယ်ရှိနေသည်။ ထိုအရှင်ကောင်းအား ဆွမ်းလှူမည်ဟူသောအကြံဖြင့် ရဟန္တာထေရ်၏ သပိတ်ကိုယူ၍ အရသာနှင့်ပြည့်စုံသောဆွမ်းကို သပိတ်၌ အပြည့်ထည့်ပေးလှူပြီး ရဟန္တာထေရ်ကို ငါးပါးသောထိခြင်းရှိသော ရှိခိုးနည်းဖြင့် ရှိခိုးပြီးသော်

အရှင်မြတ်ဘုရား - အရှင်မြတ်တို့သိမြင်အပ်ပြီးသော တရားတော်၏ အထွဋ်အထိပ်သို့ ရောက်ရပါလို၏ဟု လျှောက်ထားလေ၏။

ရဟန္တာထေရ်သည် ဧဝံဟောတု = သင်တောင်းသည့်အတိုင်း ဖြစ်စေဟု အနုမောဒနာ ပြုခဲ့လေသည်။ ရဟန်းတို့ ပူတိဂတ္တတိဿ၏ ထိုအချိန်အခါက ပြုခဲ့ဖူးသော ကံတရားပေါင်းစုံ၏အစွမ်းသတ္တိကြောင့် အကျိုး

ပေါင်းစုံပြည့်စုံလေပြီ။ ၎က်တို့၏အရိုးကို ရိုက်ချိုးခဲ့သော အကုသိုလ်ကံ၏ အကျိုးဆက်အားဖြင့် ပုပ်သော ကိုယ်ဖြစ်လေ၏။ အရိုးတို့ကျိုးကုန်၏။ ရဟန္တာထေရ်အား အရသာနှင့် ပြည့်စုံသောဆွမ်းကိုလှူဒါန်းခဲ့သော ဒါနကုသိုလ်ကံ၏အကျိုးဆက်အားဖြင့် အရဟတ္တဖိုလ်သို့ရောက်ရလေသည်ဟု အတိတ်ဖြစ်ရပ် အတ္ထုပ္ပတ္တိကို ထုတ်လတ်တော်မူသတည်း။

**ပုတိဂတ္တတိဿထေရ် ဝတ္ထုပြီး၏။**

## ၂၅။ နန္ဒနွားထိန်း ဝတ္ထု

သာဝတ္ထိမြို့၌ အနာထပိဏ်သူဌေး၏ နန္ဒမည်သော နွားထိန်းသူရှိ၏။ နန္ဒသည် နွားတို့ကိုထိန်းသိမ်းစောင့်ရှောက်၏။ ကြွယ်ဝသူ ပစ္စည်းဥစ္စာပေါများသူ အသုံးအဆောင်ပေါများသူဖြစ်၏။

ကေဏိယမည်သောရသေ့သည် ရဟန်းအသွင်ဖြင့်သူ၏ စည်းစိမ်ဥစ္စာကို စောင့်ရှောက်သကဲ့သို့ ထိုနည်းတူ နန္ဒသည်နွားထိန်းသူအဖြစ်ဖြင့် မင်း၏အခွန်ကို ပေးဆောင်လျက် သူ၏ ပစ္စည်းဥစ္စာကိုစောင့်ရှောက်နေသူဖြစ်၏။

နန္ဒသည်ရဲဖန်ရဲခါ ဂေါရသ နွားနို့အရသာငါးမျိုးတို့ကို ယူဆောင်၍ အနာထပိဏ်သူဌေးထံသွား၍ မြတ်စွာဘုရားကိုဖူးမြင်သည်။ တရားတော်ကိုကြားနာသည်။ မြတ်စွာဘုရားကိုသူ၏ နေရာအရပ်သို့ ကြွလာတော်မူရန် လျှောက်ထားတောင်းပန်သည်။

မြတ်စွာဘုရားသည် နန္ဒ၏အသိဉာဏ်ရင့်ကျက်မှုကိုငံ့လင့်စောင့်စားလျက် နန္ဒနေရာအရပ်သို့ကြွတော်မမူဘဲ နန္ဒ၏အသိဉာဏ်ရင့်ကျက်မှုကိုသိမြင်တော်မူလေသော် တစ်နေ့သ၌ရဟန်းသံဃာများစွာ ခြံရံလျက် ခရီးဒေသစာရီ လှည့်လည်တော်မူလျက် ခရီးလမ်းမှဘေးသို့ဖယ်ခွာခဲ့၍ နန္ဒ၏နေထိုင်ရာအရပ်အနီးရှိ သစ်ပင်ရင်းတစ်ခု၌ သီတင်းသုံးနေတော်မူသည်။

နန္ဒသည် မြတ်စွာဘုရားထံတော်သို့လာ၍ မြတ်စွာဘုရားကိုရှိခိုးနှုတ်ဆက်ပြီး မြတ်စွာဘုရားကို ပင့်လျှောက်ခဲ့ကာ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအား မွန်မြတ်သော ဂေါရသ အလှူဝတ္ထုငါးမျိုးကို ပေးလှူလေ၏။

ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားသည် အနုမောဒနာပြုတော်မူ၍(နန္ဒဝမ်းမြောက်ဝမ်းသာနိုင်ကြောင်း စကားကိုမိန့်တော်မူ၍) ဒါနနှင့်စပ်သော တရားစကားစသည်အပြားရှိသော တရားစကားအစဉ်ကိုဟောပြတော်မူသည်။

တရားတော်ကို ကြားနာသည့်အဆုံး၌ နန္ဒနွားထိန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။ ထိုမှနောက်နန္ဒသည် မြတ်စွာဘုရား၏ သပိတ်တော်ကို ကိုင်ယူလျက် မြတ်စွာဘုရားကို လိုက်ပို့သည်ဖြစ်၍ ဝေးသောအရပ်သို့ရောက်လတ်သော် -

မြတ်စွာဘုရားက - ဥပါသကာရပ်နေရစ်လော့ဟု အပြန်ခိုင်းတော်မူသဖြင့် မြတ်စွာဘုရားကိုရှိခိုး၍ သူ့နေရာသို့လှည့်ပြန်လာလေ၏။

ထိုသို့ပြန်လာစဉ် နန္ဒကိုမုဆိုးတစ်ယောက်သည် လေးဖြင့်ပစ်သတ်လေ၏။

နောက်မှကြွလာသော ရဟန်းတို့သည် သေနေသော နန္ဒကိုတွေ့မြင်ကြ၍ မြတ်စွာဘုရားထံ အရောက်သွားကြကာ မြတ်စွာဘုရားကို ဤသို့လျှောက်ထားကြကုန်၏။

မြတ်စွာဘုရား နန္ဒနွားထိန်းသည် အရှင်ဘုရားတို့အား ဤအရပ်သို့ကြွလာခြင်းကြောင့် အလှူကြီးကို ပေးလှူပါသည်။ အရှင်ဘုရားတို့ကိုလိုက်ပို့၍ ပြန်လာစဉ် အသတ်ခံရပါသည်။

အကယ်၍ အရှင်ဘုရားတို့ နန္ဒရှိရာဤအရပ်သို့ကြွမလာခဲ့လျှင် နန္ဒသေမည် မဟုတ်ပါဘုရား။

ရဟန်းတို့ - ငါဘုရား နန္ဒရှိရာ ဤအရပ်သို့ ကြွလာသည်ဖြစ်စေ၊ ကြွမလာသည်ဖြစ်စေ၊ နန္ဒ၏ တူရူအရပ်လေးမျက်နှာ၊ ထောင့်အရပ်လေးမျက်နှာတို့သို့ သွားနေသော်လည်း သေခြင်းမှလွတ်နိုင်သော အကြောင်းမရှိ။

မှန်ပေသည်၊ အကြောင်သေခြင်းကို ခိုးသူတို့သည်မပြုနိုင်ကုန်။ ရန်သူတို့သည်လည်း မပြုနိုင်ကုန်။ စင်စစ်သော်ကား ဤသတ္တဝါတို့၏သေခြင်းကို အတွင်း၌ ဖျက်ဆီးသော မှားမှားယွင်းယွင်းထားအပ်သော စိတ်ကသာပြုလေ၏ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤဂါထာကိုမိန့်တော်မူသည် -

"ဒိသော ဒိသံ ယံတံ ကယိရာ၊ ဝေရီ ဝါ ပန ဝေရိနံ။

မိစ္ဆာပဏိဟိတံ စိတ္တံ၊ ပါပိယော နံ တတော ကရေ"။

ဒိသော = ခိုးသူဓားပြတစ်ယောက်သည်၊ ဒိသံ = ခိုးသူဓားပြတစ်ယောက်ကို ဒိသွာ = မြင်၍၊ ဝါ = မြင်လေသော်၊ ဝါပန = တစ်မျိုးသော်ကား၊ ဝေရီ = ရန်သူတစ်ယောက်သည်။ ဝေရိနံ = ရန်သူတစ်ယောက်ကို၊ ဒိသွာ = မြင်၍၊ ဝါ = မြင်လေသော်၊ ယံတံ = အကြောင်အကျိုးမဲ့ပျက်စီးမှုကို၊ ကယိရာ = ပြုရာ၏။ တတော = ထို့ထက်၊ မိစ္ဆာပဏိဟိတံ = မှားယွင်းစွာထားအပ်သော၊ စိတ္တံ = အကုသိုလ်စိတ်သည်၊ နံ = ထိုစိတ်ရှိသူကို၊ ပါပိယော = ယုတ်မာသည်ထက်ယုတ်မာအောင်၊ ဝါ = အလွန်ယုတ်ညံ့အောင်၊ ကရေ = ပြုလေရာ၏။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်လေ၏။ လူများစွာအဖို့အကျိုးရှိသော ဒေသနာတော်ဖြစ်လေ၏။

အထူးအားဖြင့် နန္ဒဥပါသကာသည်လွန်ခဲ့သော ဘဝတစ်ခု၌ ပြုအပ်ခဲ့ဘူးသော ကံတရားကို ရဟန်းတော်တို့သည် မေးလျှောက်အပ်သည်မဟုတ်သောကြောင့် မြတ်စွာဘုရားသည် မဟောအပ်တော့ပြီ။

နန္ဒသွားထိန်း ဝတ္ထုပြီး၏။

## ၄။ ပုပ္ဖဝဂ္ဂ
## ၂၆။ ပထဝီလေ့လာသူ ရဟန်းငါးရာဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် မြေကြီးကို လေ့လာကြသော ရဟန်းငါးရာတို့သည် မြတ်စွာဘုရားနှင့်အတူ ဇနပုဒ်ကျေးရွာတို့၌ ခရီးဒေသစာရီလှည့်လည်ကြပြီး ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွလာကြသည်။

ထိုရဟန်းတို့သည် ညနေချမ်းအချိန်၌ မြတ်စွာဘုရားတံဆည်းကပ်ရာ ဇရပ်၌နေထိုင်ကြပြီး မိမိတို့ရောက်ခဲ့ရာ အရပ်တို့၌ မြေကြီးနှင့်စပ်သောစကားကို ပြောဆိုနေကြကုန်၏။

ဤမည်သောရွာမှ ဤမည်သောရွာသို့သွားရာလမ်း ခရီးအရပ်ဒေသတို့၌ မြေပြင်ညီညွတ်သည်။ မြေပြင်မညီညွတ်၊ ရွံ့ညွန်များသည်၊ ကျောက်သလိပ်ခဲပေါသည်၊ မြေအရောင်နက်သည်၊ မြေအရောင်နီသည်၊ အစရှိသောစကားတို့ကို ပြောဆိုနေကြကုန်၏။

မြတ်စွာဘုရားကြွလာတော်မူပြီး ပြောဆိုအပ်သောစကားကို မေးမြန်းလတ်သော် -

မြတ်စွာဘုရား - တပည့်တော်တို့သည် သွားရောက်ခဲ့ရာအရပ်ဒေသ၌ တွေ့ခဲ့သော မြေကြီးနှင့် စပ်လျဉ်းသော စကားဖြင့်ထိုင်နေကြပါသည်ဟု လျှောက်ထားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် -

ရဟန်းတို့ - သင်တို့ပြောဆိုအပ်သော ပထဝီ(မြေကြီး)သည် ဗာဟိရပထဝီ(ပြင်ပမြေကြီး)မည်၏။ သင်တို့သည်အဇ္ဈတ္တိက ပထဝီ(ကိုယ်တွင်းက မြေကြီး)၌ ပရိကမ်(အလေ့အလာ)ပြုသင့်သည်ဟု မိန့်တော်မူကာ ဤနှစ်ဂါထာတို့ကို ဟောတော်မူသည်။

၁။ ကော ဣမံ ပထဝိံ ဝိ စေဿတိ။
ယမလောကဉ္စ ဣမံသဒေဝကံ။
ကောဓမ္မပဒံ သုဒေသိတံ၊
ကုသလောပုပ္ဖမိဝ ပစေဿတိ။

၂။ သေခေါ ပထဝိံ ဝိ စေဿတိ၊
ယမလောကဉ္စ ဣမံသဒေဝကံ။
သေခေါဓမ္မပဒံ သုဒေသိတံ၊
ကုသလောပုပ္ဖမိဝ ပစေဿတိ။

၁။ ကော-အဘယ်သောသူသည်၊ ဣမံပထဝိံ- ခန္ဓာကိုယ်အတ္တဘော ဟုဆိုအပ်သော ဤမြေကြီးကို၊ ဝိစေဿတိ-မိမိဉာဏ်ဖြင့် ထိုးထွင်းသိမည်နည်း၊ ယမလောကဉ္စ-အပါယ်ဘဝ အပါယ်လောကကို လည်းကောင်း၊ သဒေဝကံ- နတ်ဘဝ နတ်လောကနှင့်တကွဖြစ်သော၊ ဣမံစ - ဤလူ့ဘဝ လူ့လောကကိုလည်း ကောင်း၊ ကော-အဘယ်သူသည်၊ ဝိစေဿတိ-ကိုယ်ပိုင်ဉာဏ်ဖြင့် ရွေးချယ်စိစစ် ထိုးထွင်းသိမြင်မည်နည်း၊ ကုသလော-ပန်းပွင့်၏ကောင်း၊ မကောင်းကို သိနားလည်သော ပန်းသည်သည်၊ ပုပ္ဖံ-ပန်းကို၊ ဝိစိနန္တောဣဝ-ကောင်းမကောင်း ရွေးချယ်၊ မကောင်းရာ- ကောင်းရာကိုတွယ် ပယ်သကဲ့သို့၊ ကော-အဘယ်သူသည်၊ သုဒေသိတံ- သဘာဝအားလျော်စွာဟောပြအပ်သော၊ ဓမ္မပဒံ-သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားဟု ဆိုအပ်သော တရားအစုကို၊ ပစေဿတိ- ဉာဏ်ဖြင့်ရွေးချယ်စိစစ်သိမည်နည်း။

၂။ သေခေါ- အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာဟူသော သိက္ခာသုံးရပ် အကျင့်မြတ် ကျင့်ဆဲဖြစ်သော သောတာပတ္တိမဂ္ဂဋ္ဌအစ အရဟတ္တမဂ္ဂဋ္ဌအဆုံး သေက္ခပုဂ္ဂိုလ် ခုနစ်ဦးလုံးသည်၊ ပထဝိံ- ခန္ဓာကိုယ် အတ္တဘောဟုဆိုအပ်သော ဤပထဝီကို၊ ဝိစေဿတိ-ခန္ဓာကိုယ်အတ္တဘော၌ ပြင်းထန်စွာတပ်မက် သော ဆန္ဒရာဂကို အရဟတ္တမဂ်ဖြင့် ဆွဲထုတ်ပယ်ရှား ရွေးချယ်စီစစ်ထိုးထွင်းသိလိမ့်မည်။ ယမလောကဉ္စ - အပါယ်ဘဝဟူအပါယ်လောကကိုလည်းကောင်း၊ သဒေဝကံ- နတ်ဘဝ နတ်လောကနှင့်တကွဖြစ်သော၊ ဣမံစ- ဤလူဘဝ လောကကိုလည်းကောင်း၊ ဝိစေဿတိ-ကိုယ်ပိုင်ဉာဏ်ဖြင့် ရွေးချယ်စိစစ် ထိုးထွင်းသိမြင်လိမ့်မည်။

ကုသလော = ပန်းပွင့်ကောင်း မကောင်းကို ရွေးချယ်မှု၌ လိမ္မာကျွမ်းကျင်သောပန်းသည်သည်၊ ပုပ္ဖံ=ပန်းမျိုးစုံကို၊ ဝိစိနာတိ ဣဝ=နုသောပန်းငုံ၊ ပိုးဖောက်သောပန်း၊ ညှိုးနွမ်းသောပန်း၊ ဖုထက်လုံးနေသော ပန်းတို့ကို ပယ်ရှား၍ ကောင်းမွန်သောပန်းတို့ကိုသာရွေးချယ်ယူဆောင်သကဲ့သို့၊ သေခေါ = ဆိုအပ်ခဲ့ပြီ၊ ခုနစ်ဦးသော သေက္ခ-ပုဂ္ဂိုလ်သည်၊ သုဒေသိတံ = ကောင်းစွာ ဟောပြအပ်သော၊ ဓမ္မပဒံ = ဗောဓိပက္ခိယဟု ဓမ္မအစုကို၊ ပစေဿတိ = မိမိ၏အသိဉာဏ်ပညာဖြင့် ရွေးချယ်စိစစ်ထိုးထွင်း သိမြင်လိမ့်သတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့လည်း ပဋိသမ္ဘိဒါတို့နှင့်အတူ အရဟတ္တဖိုလ်သို့ ရောက်ကြ လေကုန်၏။ လာရောက်ကြားနာသူပရိသတ်အဖို့လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

**ပထဝိ လေ့လာသူ ရဟန်းငါးရာ ဝတ္ထု ပြီး၏။**

## ၂၇။ မရီစိ ကမ္မဋ္ဌာနိက ထေရ် ဝတ္ထု

မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ရဟန်းတစ်ပါးသည် မြတ်စွာဘုရားထံတော်၌ ကမ္မဋ္ဌာန်းကိုသင်ယူပြီး ရဟန်းတရားကျင့်သုံး အားထုတ်မည်အကြံဖြင့် တောတွင်းသို့ ဝင်ရောက်၍ ပြင်းပြင်းထန်ထန်ကြိုးစားအားထုတ်ပါသော်လည်း အရဟတ္တဖိုလ်သို့ ရောက်အောင် မစွမ်းနိုင်သဖြင့် အထူးပြု၍ကမ္မဋ္ဌာန်းကိုဟောပြစေမည်အကြံဖြင့် မြတ်စွာဘုရားထံပြန်လာစဉ် ခရီးလမ်းအကြား၌ တံလျှပ်ကိုတွေ့မြင်လေသော် နွေဥတုအချိန်၌ပေါ်တက်နေသော ဤတံလျှပ်သည် ခရီးဝေး၌နေသူတို့အား အဆင်းရှုပါရုံကဲ့သို့ထင်နေ၏။ အနီးသို့ရောက်လာသူတို့အား အဆင်းရှုပါရုံကဲ့သို့ မထင်မမြင်ရချေ။ ဤခန္ဓာကိုယ်အတ္တဘောသည်လည်း ဖြစ်ခြင်း၊ ပျက်ခြင်းသဘောရှိသဖြင့် တံလျှပ်နှင့်တူပေ၏ဟု မရီစိကမ္မဋ္ဌာန်း(တံလျှပ်နှင့်အတူပြု၍ ရှုခြင်း)ကို ဖြစ်ပွားစေလျက်လာခဲ့ရာ ခရီးပန်းသဖြင့် အစိရဝတီမြစ်၌ ရေချိုးပြီး ရေစီးကြမ်းသောမြစ်ကမ်းအနီး သစ်ပင်ရိပ်၌ထိုင်နေလျက် ရေစီးအဟုန်ပုတ်ခတ်ခြင်းကြောင့် ရေပြင်ပေါ်သို့တက်၍ ကြီးစွာ၊ ကြီးစွာသော ရေမြှုပ်ဆိုင်တို့ကွဲပျက်နေသည်တို့ကို မြင်ရလေသော် ဤခန္ဓာကိုယ်အတ္တဘောသည်လည်းဖြစ်ပေါ်ပြီး ပြိုကွဲပျက်စီးခြင်းသဘောအားဖြင့် ရေမြှုပ်အစိုင်အခဲနှင့် တူသည်သာဟု အာရုံယူမိလေသည်။

မြတ်စွာဘုရားသည် ဂန္ဓကုဋီပေါ်၌ တည်တော်မူလျက်ပင် ထိုအခြေကို မြင်တော်မူ၍ -

အိုရဟန်း - ဤအတ္တဘောသည် ရေမြှုပ်ဆိုင်ခဲကဲ့သို့ တံလျှပ်ကဲ့သို့ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသည်သာဟု မိန့်တော်မူကာ ဤဂါထာကိုဟောပြတော်မူသည် -

ဖေဏူပမံ ကာယမိမံ ဝိဒိတွာ၊ မရီစိဓမ္မံ အဘိသမ္ဗုဓာနော။

ဆေတွာန မာရဿ ပပုပ္ဖကာနိ၊ အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ။

ဣမံကာယံ = ဆံပင်မွေးညင်း စသည်တို့၏ အပေါင်းအစုဖြစ်သော ဤခန္ဓာကိုယ် အတ္တဘောကို၊ ဖေဏူပမံ = အားမရှိခြင်း၊ အားနည်းခြင်းသဘော၊ ကြာရှည်မတည်၊ အခိုက်အတန့်မျှသာတည်သော သဘောအားဖြင့် ရေမြှုပ်ဆိုင်၊ ရေမြှုပ်ခဲနှင့် တူပေသည်ဟု၊ ဝိဒိတွာ = သိမြင်၍၊ မရီစိဓမ္မံ = တခဏမျှတည်ခြင်း သဘော၊ တိုတောင်းသောအချိန်၌သာတည်၏ဟု ရှေ့ရှုထင်ခြင်းသဘော ကိုင်ယူ၍မရနိုင်ခြင်း သဘောကြောင့် တံလျှပ်နှင့်တူ၏ဟူ၍၊ အဘိသမ္ဗုဓာနော = ထိုးထွင်းသိမြင်လျက်၊ မာရဿ = ကိလေသမာရ်၏၊ ပပုပ္ဖကာနိ = ကားကား စွင့်စွင့်ပွင့်သော ပန်းဟုဆိုအပ်ကုန်သော ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဆင်းရဲတို့ကို၊ ဆေတွာန = အရိယမဂ်ဖြင့် အကြွင်းမဲ့ပယ်ဖြတ်၍(ခီဏာသဝေါဘိက္ခု = အာသဝေါခန်းကွာ ရဟန္တာ ရဟန်းသည်)၊ မစ္စုရာဇဿ = ခန္ဓာပျက်ယွင်း ရှင်သေမင်း၏၊ အဒဿနံ = မမြင်ကွယ်ရာ မဟာအမြိုက်နိဗ္ဗာန်သို့၊ ဂစ္ဆေ = ဂစ္ဆေယျ = သွားလေရာသတည်း။

ဂါထာတော်ကိုကြားနာသည်၏အဆုံး၌ ထေရ်ရဟန်းသည် ပဋိသမ္ဘိဒါတို့နှင့်အတူ အရဟတ္တဖိုလ်သို့ ရောက်၍ မြတ်စွာဘုရား၏ ရွှေအဆင်းနှင့်တူသော အဆင်းရှိသောကိုယ်တော်ကို ချီးမွမ်းရှိခိုးလျက်သာ ကြွလာလေ၏။

**မရီစိ ကမ္မဋ္ဌာနိက ထေရ် ဝတ္ထု ပြီး၏။**

## ၂၈။ ဝိဋ္ဋ ဗျူဘ ဇတ္တ

သာဝတ္ထိမြို့၌ မဟာကောသလမင်း၏သားသည် ပသေနဒီအမည်ရှိ၏။ ဝေသာလီပြည်၊ လိစ္ဆဝီမင်း၏သားသည် မဟာလိအမည်ရှိ၏။ ကုသိနာရာပြည်၌ မလ္လမင်း၏သားသည် ဗန္ဓုလအမည်ရှိ၏။

ဤလူသုံးယောက်တို့သည် ဒိသာပါမောက္ခဆရာ၏အထံ၌ အတတ်ပညာသင်ယူရန် တက္ကသိုလ်ပြည်သို့သွားကြလေသော် မြို့ပြင်ဘက်ဇရပ်ပေါ်၌ ဆုံစည်းမိကြ၍ အချင်းချင်းတစ်ယောက်သည် တစ်ယောက်အားလာရောက်ခြင်း၏ အကြောင်းနှင့်အမျိုးအမည်ကို မေးကြသဖြင့် သဟာယက သူငယ်ချင်း မိတ်ဆွေများဖြစ်သွားကြပြီး သုံးယောက်လုံးပင် ဆရာအထံသို့ချဉ်းကပ်ကြ၍ အတတ်ပညာကိုသင်ယူကြကုန်၏။

ထိုလူသုံးယောက်တို့သည် နှစ်ကာလမကြာမီပင် အတတ်ပညာ တတ်မြောက်ပြည့်စုံကြ၍ ဆရာကိုပန်ကြားပြီး သုံးယောက်အတူပင် တက္ကသိုလ်ပြည်မှထွက်လာကြပြီး မိမိတို့နေရပ်အသီးသီးသို့ ပြန်သွားကြလေကုန်၏။

ထိုသူသုံးယောက်တို့တွင် ပသေနဒီမင်းသားသည် ဖခင်မင်းမြတ်အား အတတ်ပညာကိုပြသည်ရှိသော် ဖခင်မင်းမြတ်သည် ဝမ်းသာကြည်လင်စိတ်ရွှင်စွာဖြင့် မင်းအဖြစ်၌အဘိသိက်သွန်းပေးလေ၏။

မဟာလိမင်းသားသည် လိစ္ဆဝီမင်းတို့အား အတတ်ပညာကိုဖော်ပြရာတွင် လုံ့လကြီးစွာဖြင့် ဖော်ပြလေရာ သူ၏မျက်လုံးနှစ်ဖက်တို့သည် ကွဲပျက်လေကုန်၏။

လိစ္ဆဝီမင်းတို့သည် ငါတို့၏ဆရာသည် အံ့ဩလောက်ပါပေ၏။ မျက်စိပျက်ခြင်းသို့ ရောက်ရှာလေသည်။ ဆရာကို မစွန့်ပယ်ကြမူ၍ ဆည်းကပ်လုပ်ကျွေးကြမည် အကြံဖြင့် မဟာလိမင်းသားအားအကောက်ခွန်တစ်သိန်း ထွက်ပေါ်သော မြို့တံခါးတစ်ခုကို ပေးထားကြကုန်၏။ မဟာလိမင်းသားသည် ထိုမြို့တံခါးကို အမှီပြု၍ လိစ္ဆဝီမင်းသားငါးရာတို့ကို အတတ်ပညာသင်ပေးလျက်နေ၏။

မလ္လမင်းမျိုးတို့သည် ဝါးအလုံး ၆၀-စီကိုယူ၍ အလယ်၌သံချောင်းထည့်၍ စည်းထားသောဝါးအစည်း ၆၀ တို့ကို စိုက်ထောင်ထားပြီး သင်သည် ဤဝါးအစည်း ၆၀ တို့ကိုပြတ်အောင် ဖြတ်လော့ဟု ဗန္ဓုလမင်းသားကိုပြောဆို၍ ပညာစွမ်းအားကို ပြစေကြရာ ဗန္ဓုလမင်းသားသည် ကောင်းကင်သို့အတောင်(၈၀) မြင့်အောင်ခုန်လွှား၍ ဝါးအစီးတို့ကိုဖြတ်၍သွားလေသည်။

ဗန္ဓုလမင်းသားသည် အဆုံးဖြစ်သောဝါးစည်း၌ သံချောင်း၏ ကိရိဟူသော အသံကိုကြားလိုက်ရလေသော် ဤအသံကားအဘယ်အသံနည်းဟု မေးကြည့်လေရာ ဝါးအစည်းအားလုံး၌ သံချောင်းများထည့်ထားသည်ကို သိရကား သန်လျက်ကို စွန့်ပယ်၍ -

ဤမျှလောက်များလှကုန်သော ဆွေမျိုးနှင့် ချစ်ကျွမ်းဝင်သူတို့တွင် ချစ်ခင်သူ တစ်ယောက်မျှသည်သော်လည်း ငါ့အားဤအကြောင်းကိုမပြောကြလေ။ ငါသည် ဝါးအစည်းတို့အတွင်း၌ သံချောင်းထည့်ထားသည်ကို သိခဲ့လျှင် သံချောင်းမှ အသံမထွက်စေဘဲ၊ ပြတ်စေမည်ဟုပြောဆိုပြီး ကျွန်တော်သည် ဤမလ္လမင်းအားလုံးကို သတ်၍ မင်းပြုပါမည်ဟု မယ်တော်၊ ခမည်းတော်တို့အား ပြောဆိုလေ၏။

ချစ်သား, ချစ်သား ပြောသလိုပြု၍ ပဝေဏီရဇ္ဇအစဉ်အဆက် ဆင်းသက်လာသောမင်းအဖြစ်ကို မရယူထိုက်ဟုမယ်တော်၊ ခမည်းတော်တို့က တားမြစ်အပ်ရကား -

ဤသို့ဖြစ်လျှင် ကျွန်တော်၏သူငယ်ချင်း မိတ်ဆွေထံသွားနေတော့မည်ဟု ပြောဆိုပြီး သာဝတ္ထိပြည်သို့သွားလေ၏။

ပသေနဒိကောသလမင်းသည် ဗန္ဓုလမင်းသား မိမိထံလာကြောင်း သတင်းစကားကို ကြားရလေသော် ခရီးဦး ကြိုဆို၍ ကြီးကျယ်သောပူဇော်မှုဖြင့် ဗန္ဓုလမင်းသားကို သာဝတ္ထိမြို့တွင်းသို့ ဝင်ရောက်စေကာ စစ်သူကြီးရာထူး၌ ခန့်ထားလေသည်။

ဗန္ဓုလစစ်သူကြီးသည် ကုသိနာရာမြို့မှ ခမည်းတော်၊ မယ်တော်တို့ကို ခေါ်ယူ၍ သာဝတ္ထိမြို့၌ပင် နေထိုင်စေ၏။

တစ်နေ့သ၌ ကောသလမင်းကြီးသည် ပြာသဒ်အထက်ထပ်၌ ရပ်လျက် မြို့လမ်းကြားကို ရှုကြည့်လေသော် -

မဟာအနာထပိဏ်

စူဠအနာထပိဏ်

ဝိသာခါ အမျိုးသမီး

သုပ္ပဝါသာ မင်းသမီး

တို့၏ နေအိမ်၌အမြဲလျှဒါန်းအပ်သော ဆွမ်းကိုခံယူရန် ကြွတော်မူကြသော အထောင်မကသော ရဟန်းတို့ကိုမြင်ရလေလျှင် အရှင်မြတ်တို့သည် အဘယ်အရပ်သို့ကြွကြလေသနည်းဟု အမတ်တို့ကိုမေးသဖြင့်

အရှင်မင်းကြီး- မဟာအနာထပိဏ်၏အိမ်၌ နိစ္စဘတ်ဆွမ်း၊ စာရေးတံ ဆွမ်း၊ ဂိလာနဆွမ်း စသည်တို့ကို ခံယူရန်နေ့စဉ်နေ့တိုင်း ရဟန်းတော်နှစ်ထောင်တို့ ကြွတော်မူကြသည်။ စူဠအနာထပိဏ်အိမ်၌ ရဟန်းတော်ငါးရာတို့ ကြွတော်မူကြသည်။ ဝိသာခါအမျိုးသမီးအိမ်၌ ရဟန်းတော်ငါးရာတို့ ကြွတော်မူကြသည်။ သုပ္ပဝါသာမင်းသမီးအိမ်၌ ရဟန်းတော် ငါးရာတို့ ကြွတော်မူကြသည်ဟု အမတ်တို့ကတင်လျှောက်လေသော် မိမိကောသလမင်းသည်လည်း ရဟန်းသံဃာကို ပြုစုလုပ်ကျွေးလို၍ ဇေတဝန်ကျောင်းသို့သွားပြီး ရဟန်းတစ်ထောင်နှင့်အတူ မြတ်စွာဘုရားကို ပင့်လျှောက်ခဲ့ကာ ခုနစ်ရက်ပတ်လုံး ကိုယ်တိုင် လက်ရောက်အလှူဝတ္ထုကို ပေးလှူလေ၏။

ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားကို ရှိခိုး၍ -

မြတ်စွာဘုရား-ရဟန်းတော်ငါးရာနှင့်အတူ တပည့်တော်နန်းတော်၌ အမြဲမပြတ်ဆွမ်းကို ခံယူတော်မူကြပါဟု လျှောက်ထားလေ၏။

ထိုအခါမြတ်စွာဘုရားက မင်းကြီးဘုရားရှင်တို့ မည်သည် တစ်နေရာတည်း၌ အမြဲဆွမ်းကိုမခံယူကြ၊ များစွာသောလူတို့သည် ဘုရားရှင်၏ ကြွလာခြင်းကို လိုလားတောင့်တကြသည်ဟု မိန့်တော်မူလေရာ -

ထိုသို့ဖြစ်လျှင် ရဟန်းတစ်ပါးကို အမြဲမပြတ် စေလွှတ်ပေးတော်မူကြပါဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် အာနန္ဒာထေရ်၏ တာဝန်ကိုပြုထားလေ၏။

(အာနန္ဒာထေရ်အား နေ့စဉ်သွားဖို့တာဝန်ပေးထားသည်ဟု ဆိုလိုသည်)

ကောသလမင်းကြီးသည် နန်းတော်သို့ဆွမ်းဘုဉ်းပေးရန် ရဟန်းသံဃာ ကြွလာလတ်သော် ရဟန်းတို့၏လက်မှသပိတ်ကိုယူ၍ (ဤမည်သော မှူးမတ်တို့က ရဟန်းသံဃာအား ဆွမ်းလုပ်ကျွေးကြကုန်လော့ဟု မစီစဉ်ဘဲသာ) ခုနှစ်ရက်ပတ်လုံးကိုယ်တိုင်ပင် ဆွမ်းလုပ်ကျွေးပြီး ရှစ်ရက်မြောက်နေ့၌ စိတ်ပျံ့လွင့်သည်ဖြစ်၍ မေ့လျော့နေလေ၏။

မင်းနန်းတော်၌ မခိုင်းမစေဘဲ(ဝါ) အခိုင်းအစေမခံရသူတို့သည် နေရာတို့ကိုခင်းပြီး ရဟန်းတို့ကို သီတင်းသုံးစေကာ ပြုစုဆက်ကပ်ခွင့်ကို မရကြလေကုန်။

ထို့ကြောင့် ငါတို့ဤနေရာ၌ ရပ်တည်မနေနိုင်ကြဟုများစွာသော ရဟန်းတို့သည် နန်းတော်ဆွမ်းကပ်ဆောင်မှ ဖဲခွာကြွကြလေကုန်၏။

ကောသလမင်းကြီးသည် နှစ်ရက်မြောက်နေ့၌လည်း မေ့လျော့နေပြန်လေ၏။ ထိုနှစ်ရက်မြောက်နေ့၌လည်း များစွာသော ရဟန်းတို့ဖယ်ခွာကြွသွားကြလေကုန်၏။

ကောသလမင်းကြီးသည် သုံးရက်မြောက်နေ့၌လည်းမေ့လျော့နေပြန်လေ၏။ ထိုနေ့၌ အာနန္ဒာထေရ်တစ်ပါးတည်းကိုသာ ချန်ထားခဲ့ကြပြီး ကျန်ရဟန်းတော်အားလုံးတို့သည် ဖယ်ခွာကြွသွားကြလေကုန်၏။ ဘုန်းကံရှင်တို့ ကောင်းမှုရှိသူတို့မည်သည် သင့်လျော်သောအကြောင်းကို မျှော်ခေါ်ထောက်ထားလေ့ရှိကြကုန်၏။ ဒါယကာ၊ ဒါယကာမတို့၏ သဒ္ဓါကြည်ညိုမှုကို စောင့်ရှောက်ကြကုန်၏။

ရှင်သာရိပုတ္တထေရ်၊ မဟာမောဂ္ဂလာနထေရ်နှစ်ပါးတို့သည် မြတ်စွာဘုရား၏ အဂ္ဂသာဝကတို့တည်း။

ခေမာထေရီ၊ ဥပ္ပလဝဏ္ဏာထေရီနှစ်ပါးတို့သည် မြတ်စွာဘုရား၏ အဂ္ဂသာ- ဝိကာတို့တည်း။

ဥပါသကာတို့တွင် စိတ္တသူကြွယ်နှင့် ဟတ္ထက အာဠာဝကမင်းသားတို့ သည် အဂ္ဂဥပါသကာတို့တည်း။

ဥပါသိကာ(အမျိုးသမီး)တို့တွင် ဝေဠုကဏ္ဍကီ နန္ဒမာတာနှင့် ဥတ္တရာ အမျိုးသမီးနှစ်ဦးတို့သည် အဂ္ဂဥပါသိကာတို့တည်း။

(ဝေဠုကဏ္ဍကီ နန္ဒမာတာ=ဝေဠုကဏ္ဍကရွာ၌ နေသောနန္ဒလုလင်၏မိခင်)

ဆိုခဲ့ပြီးသော ဤရှစ်ဦးတို့ကိုအစပြု၍ ဌာနန္တရရာထူး ဂုဏ်ထူးဘွဲ့ရကြသော သာဝကအားလုံးတို့သည် တစ်စိတ်တစ်ပိုင်းအားဖြင့် ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခဲ့သူများဖြစ်သောကြောင့် ဘုန်းကြီးသူ၊ ဆုတောင်းပြည့်ခဲ့သူများဖြစ်ကြသည်။

အာနန္ဒာထေရ်သည်လည်း ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီဖြည့်ခဲ့သူ၊ ဆုတောင်းပြည့်သူ၊ ဘုန်းကြီးသူဖြစ်ရကား မိမိသင့်လျော်သောအကြောင်းကို မျှော်ခေါ်ထောက်ထားတတ်သော အလေ့ဖြင့် ဒါယကာ၊ ဒါယိကာမ၏ သဒ္ဓါကြည်ညိုမှုကို စောင့်ရှောက်လျက် ရပ်တည်နေတော်မူခဲ့၏။

ထိုအာနန္ဒာထေရ် တစ်ပါးတည်းကိုသာ သီတင်းသုံးထိုင်နေစေကာ ဆွမ်း ဆက်ကပ်ကြလေကုန်၏။ ကောသလမင်းကြီးသည် ရဟန်းတော်တို့ ပြန်ကြွ သွားပြီးအချိန်၌ ဆွမ်းကပ်ဆောင်သို့လာ၍ ပြင်ဆင်တည်ခင်းထားသည့်အတိုင်း ရှိနေကုန်သော ခဲဖွယ်ဘောဇဉ်တို့ကိုမြင်ရလေသော် -

အသို့နည်း - အရှင်မြတ်တို့ ကြွမလာကုန်သလောဟု မေးမြန်းသဖြင့် - အရှင်မင်းကြီး အာနန္ဒာထေရ်တစ်ပါးတည်းသာ ကြွလာပါသည်ဟူသော စကားကိုကြားရလေသော် -

ရဟန်းတော်တို့သည် မချွတ်ဧကန်ငါ၏ဤမျှလောက်သော ဆွမ်းဘိုးကုန်ကျခြင်းကို ပြုကြကုန်ပြီ (ငါကပ်လှူသောဆွမ်းကို မစားခြင်းဖြင့် ဆွမ်းကိုဖြတ်ထားခဲ့ကြသည်)

ဤသို့လျှင် ရဟန်းတော်တို့အပေါ် စိတ်ဆိုးသဖြင့် မြတ်စွာဘုရားထံသွား၍ -

မြတ်စွာဘုရား-ဒကာတော်သည် ရဟန်းငါးရာတို့ကို ဘုန်းပေးလောက်အောင် ဆွမ်းကိုစီစဉ်ထားအပ်ပါသည်။ အာနန္ဒာထေရ်တစ်ပါးတည်းသာ ကြွလာပါသတဲ့။ စီစဉ်ထားအပ်သော ဆွမ်းသည် စီစဉ်ထားသည့်အတိုင်းတည်ရှိနေပါသည်။ ရဟန်းငါးရာတို့သည် တပည့်တော်၏နန်းတော်၌ အမှတ်သညာကိုပြုတော်မမူကြကုန်။ (အမှတ်မရကြလေကုန်)။

အကြောင်းကား အဘယ်နည်းဘုရားဟု လျှောက်ထားလေသည်။

မြတ်စွာဘုရားသည် ရဟန်းတော်တို့၏ အပြစ်ကိုမိန့်တော်မမူဘဲ -

မင်းကြီး- ငါဘုရား၏ တပည့်ရဟန်းတို့မှာ သင်မင်းကြီးတို့နှင့် အကျွမ်းဝင်ခြင်းမရှိ၊ ထို့ကြောင့် ကြွမလာခြင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူပြီး ဒကာ၊ ဒကာမတို့ထံ ရဟန်းတော်များ မကပ်ရောက်ခြင်း အကြောင်းကို ထင်ရှားစွာဟောပြလို သည်ဖြစ်၍ ရဟန်းတော်တို့ကို မိန့်ခေါ်တော်မူပြီး ဤဆိုလတ္တံ့သော အတိုင်းအတာ စကားတော်ကို မိန့်တော်မူ၏။

ရဟန်းတို့ အကြောင်းအင်္ဂါ(၉)မျိုးနှင့် ပြည့်စုံသောဒါယကာအိမ်သို့ မကပ် ရောက်ရသေးသည်ဖြစ် သော်လည်း ကပ်ရောက်ခြင်းငှာမသင့်။ ကပ်ရောက်သွားသော်လည်း ထိုင်နေခြင်းငှာမသင့်။

အဘယ်အကြောင်း အင်္ဂါ(၉)မျိုးတို့နည်း ဟူမူကား -

၁။ နှစ်လိုဖွယ်သာစွာ ခရီးဦး ကြိုဆိုမှုကို မပြုကြ။

၂။ နှစ်လိုဖွယ်သာစွာ ရှိမခိုးကြ၊

၃။ နှစ်လိုဖွယ်သာစွာ နေရာမပေးကြ၊

၄။ လှူဖွယ်ပစ္စည်း ရှိပါလျက် လျှို့ဝှက်ထားကြသည်၊

၅။ ပစ္စည်းများများ ရှိပါလျက် အနည်းငယ်ကိုသာ ပေးလှူကြသည်။

၆။ မွန်မြတ်သောပစ္စည်းရှိပါလျက် မမွန်မြတ်သောပစ္စည်းကိုပေးလှူကြသည်၊

၇။ ရိုရိုသေသေ မပေးလှူဘဲ၊ မရိုမသေ ပေးလှူကြသည်၊

၈။ တရားနာယူရန် ရဟန်းတော်အနီး၌ မနေကြ၊

၉။ ဟောပြောအပ်သော တရားစကားကို နားမထောင်ကြ။

ရဟန်းတို့ ဤအကြောင်းအင်္ဂါ(၉)မျိုးနှင့်ပြည့်စုံသော ဒါယကာအိမ်သို့ မူလက မကပ်ရောက်သေး သော်လည်း ကပ်ရောက်ခြင်းငှာမသင့်။ကပ်ရောက်သွား သော်လည်း နေထိုင်ခြင်းငှာမသင့်။

ရဟန်းတို့ အကြောင်းအင်္ဂါ(၉)မျိုးနှင့်ပြည့်စုံသော ဒါယကာအိမ်သို့ မူလက မကပ်ရောက်ရသေး သော်လည်း ကပ်ရောက်ခြင်းငှာသင့်၏။ ကပ်ရောက်သွားသော်လည်း ထိုင်နေခြင်းငှာသင့်၏။

အဘယ်အကြောင်းအင်္ဂါကိုးမျိုးတို့နည်းဟူမူကား -

၁။ နှစ်လိုဖွယ်သာစွာ ခရီးဦး ကြိုပြုကြကုန်၏။

၂။ နှစ်လိုဖွယ်သာစွာ ရှိခိုးကြကုန်၏။

၃။ နှစ်လိုဖွယ်သာစွာ နေရာပေးကြကုန်၏။

၄။ ထင်ရှားရှိသော ပစ္စည်းကို မလျှို့ဝှက်ကြကုန်။

၅။ ပစ္စည်းများစွာလည်းရှိ၊ များစွာကိုလည်း ပေးလှူကြကုန်၏။

၆။ မွန်မြတ်သော ပစ္စည်းလည်းရှိ၊ မွန်မြတ်သည်ကိုလည်း ပေးလှူကြကုန်၏။

၇။ မရိုမသေပေးလှူသည် မဟုတ်၊ ရိုရိုသေသေ ပေးလှူကြကုန်၏။

၈။ တရားနာယူရန် ရဟန်းတော်အနီး၌ ထိုင်နေကြကုန်၏။

၉။ ဟောပြောအပ်သော တရားစကားကို နာယူကြကုန်၏။

ရဟန်းတို့ ဤအကြောင်းအင်္ဂါကိုးမျိုးနှင့် ပြည့်စုံသော ဒါယကာ အိမ်သို့ မူလက မကပ်ရောက်ဖူးသေး သော်လည်း ကပ်ရောက်ခြင်းငှာသင့်၏။ ကပ်ရောက်သွားသော်လည်း ထိုင်နေခြင်းငှာသင့်၏။

ဒကာတော်မင်းကြီး ဤသို့သောအကြောင်းကြောင့်သာ ငါဘုရား၏ တပည့်ရဟန်းတို့သည် သင်မင်းကြီး၏အထံမှ အကျွမ်းဝင်မှုကို မရကြ၍ ဆွမ်းစားဆောင်သို့မလာကြသည် ဖြစ်ကုန်လိမ့်မည်ဟု

မိန့်တော်မူပြီး,

ဒကာတော်မင်းကြီး ရှေးကပညာရှိတို့လည်း အကျွမ်းဝင်သူ မရှိရာအရပ်၌ ရှိသေစွာ အနီးကပ် လုပ်ကျွေးခံကြရသော်လည်း သေလောက်သောရောဂါဝေဒနာဖြစ်လာလျှင် အကျွမ်းဝင်သူရှိရာအရပ်သို့သာ သွားကြလေကုန်ပြီဟု မိန့်တော်မူလေရာ -

မြတ်စွာဘုရား, အဘယ်အချိန်အခါက သွားခဲ့ကြပါကုန်သနည်းဟု ကောသလမင်းကြီး မေးလျှောက် အပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် အတိတ်ကဖြစ်ခဲ့ပုံကို ယူဆောင်ပြတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုနေစဉ် ကေသဝမည်သော မင်းသည်၊ မင်းအဖြစ်ကို ပယ်စွန့်၍ ရသေ့ရဟန်းပြုလေပြီ,

ယောကျ်ားငါးရာတို့သည် ကေသဝမင်းကို အတူလိုက်၍ ရဟန်းပြုကြကုန်ပြီ၊ ကေသဝရသေ့၏ လူဝတ်နှင့်နေစဉ် အဝတ်တန်ဆာဆင်ယင်ပေးသူသည် အတုလိုက်၍ရဟန်းပြုလေသော် ကပ္ပကအမည်ဖြင့် အတွင်းနေတပည့်ဖြစ်လေပြီ။

ကေသဝရသေ့သည် တပည့်ပရိသတ်နှင့်အတူ ရှစ်လပတ်လုံး ဟိမဝန္တာတောအရပ်၌ နေထိုင်၍ မိုးဦးကျလာချိန်၌ အချဉ်သီးစားရန် ဆားလိုသည်ဖြစ်၍ ဗာရာဏသီပြည်သို့ သွားရောက်ပြီး ဆွမ်းခံဝင်လေ၏။

ထိုအခါ ကေသဝရသေ့ကို ဗာရာဏသီမင်းမြင်လေလျှင် ကြည် ညိုစိတ်ဖြစ်လာ၍ လေးလပတ်လုံး မိမိ၏ အနီး၌သီတင်းသုံးနေထိုင်ရန် ပဋိညာဉ်ယူ၍ ဥယျာဉ်၌သော သီတင်းသုံးစေလျက် မိမိကိုယ်တိုင် ညနေ အချိန်၊ နံနက်အချိန်၌ အနီး၌ ဆည်းကပ်ရှိသေ့ရန် ရသေ့ထံသွားလေ၏။ ကျန်သော ရသေ့တို့သည် နှစ်ရက် သုံးရက်နေထိုင်ကြပြီးမင်း၏ ဆင်အသံအစရှိသည်တို့ အနှောင့်အယှက်ခံကြရကုန်၍ ငြီးငွေ့ကြပြီး ဆရာ ရသေ့အား ပန်ကြားကြကုန်၏။

ဆရာ, ကျုပ်တို့ ဤနေရာ၌ ငြီးငွေ့ကြပါသည်။ ပြန်ကြပါတော့မည်။

အမောင်တို့, အဘယ်အရပ်သို့ ပြန်ကြမည်နည်း။

ဆရာ, ဟိမဝန္တာအရပ်သို့ ပြန်ကြပါမည်။

အမောင်တို့, ဗာရာဏသီမင်းသည် ငါတို့ရောက်လာသည့်နေ့မှာပင် လေးလပတ်လုံး ဤနေရာ၌ နေထိုင်ရန် ဝန်ခံမှုကိုယူပြီးဖြစ်သည်။

အမောင်တို့, အဘယ့်ကြောင့် သွားကြမည်နည်း။

ဆရာတို့သည် ကျုပ်တို့အား မပြောဆို မပန်ကြားဘဲ ပဋိညာဉ်ကိုပေးခဲ့ပြီ, ကျုပ်တို့ ဤနေရာအရပ်၌ မနေနိုင်ကြပါ၊ ဤနေရာမှ မနီးမဝေး ဆရာတို့၏ သီတင်းကို ကြားလောက်ရာအရပ်၌ နေကြပါမည်ဟု ပြောဆိုရှိခိုးပြီး ထွက်သွားကြလေကုန်၏။ ကေသဝဆရာရသေ့သည် ကပ္ပကအတွင်းနေ တပည့်နှင့်အတူ ကျန်ရစ်ခဲ့လေ၏။ ဗာရာဏသီမင်းသည် ကေသဝရသေ့၏ အနီးအရပ်သို့လာလျက် အရှင်ကောင်းတို့ အဘယ်မှာနည်းဟုမေးလေ၏။

မင်းကြီး,ရသေ့အားလုံး ဤနေရာ၌ ငြီးငွေ့ကြပါသည်ဟု ပြောဆိုပြီး ဟိမဝန္တာအရပ်သို့ ပြန်သွားကြ လေပြီဟု ပြန်ပြောလေ၏။

ကပ္ပကအမည်ရှိသော တပည့်ရသေ့သည်လည်း မကြာမီအချိန်မှာပင် ငြီးငွေ့သည်ဖြစ်၍ ဆရာရသေ့ ကမသွားရန် အကြိမ်ကြိမ်တားပါသော်လည်း မနေနိုင်ပါဟုပြောဆိုကာ ထွက်ခွာသွားလေ၏။

ထိုသို့ ထွက်ခွာသွားသော်လည်း ပထမထွက်ခွာသွားသော ရသေ့တို့ထံ သို့မသွားမူ၍ ဆရာရသေ့၏

သီတင်းကိုနားထောင်လျက် မနီးမဝေးအရပ်၌နေလေ၏။

နောက်အဖို့ဖြစ်သော အချိန်၌ ဆရာကေသဝရသေ့၏ မိမိတပည့်တို့ကို အမှတ်ရနေစဉ် ဝမ်းရောဂါ ဖြစ်လာလေ၏။

ဗာရာဏသီမင်းသည် သမားတော်တို့ကို ကုစားပေးစေ၏။ ရောဂါသည် မငြိမ်းမပျောက်လေ။

ကေသဝရသေ့သည် မင်းကြီးအသို့နည်း၊ ကျွန်ုပ်၏ ရောဂါငြိမ်းပျောက်မှုကို အလိုရှိပါသလားဟု မေးလေ၏။

အရှင်ရသေ့၊ တပည့်တော် အနာငြိမ်းပျောက်အောင် ပြုစွမ်းနိုင်လျှင် ယခုပင် အရှင်တို့၏ ချမ်းသာကို ပြုပေးပါမည်။

မင်းကြီး ကျွန်ုပ်၏ချမ်းသာကို အလိုရှိပါလျှင်ကျွန်ုပ်ကို တပည့်များထံသို့ ပို့ပေးပါဟု ပြောဆိုလေရာ

ဗာရာဏသီမင်းသည် အရှင်ဘုရား၊ ကောင်းပါပြီဟု ပြောဆိုကာ၊ ကေသဝရသေ့ကို ညောင်စောင်း ငယ်၌ လဲလျောင်းစေပြီး နာရဒအမတ်ဦးဆောင်သော အမတ်( ၄ )ဦးတို့ကို -

ငါ့အရှင်ကောင်း၏ ဖြစ်ပုံသတင်းကိုသိပြီး ငါ့ထံသတင်းပို့ကြပါဟု ပြောဆို စေလွှတ်လိုက်လေ၏။

ကပ္ပကမည်သော တပည့်သည် ဆရာရသေ့ကြွလာကြောင်း သတင်းစကားကို ကြားရလေသော်၊ ခရီးဦးကြိုပြု၍ ဆရာရသေ့က အခြားတပည့် ရသေ့တို့ အဘယ်မှာနည်းဟု ပြောဆိုအပ်သော် ဤမည်သော အရပ်၌ နေကြပါကုန်သတဲ့ဟု ပြောဆိုလေ၏။

ထိုအခြားရသေ့တို့သည်လည်း ဆရာရသေ့ကြွလာကြောင်း သတင်းစကားကို ကြားကြကုန်၍ ဆရာ ရသေ့ရှိရာ ထိုအရပ်၌သာ လာရောက်စုရုံးကြပြီး ဆရာရသေ့အား ရေနွေးပူကိုပေး၍ သစ်သီးကြီးငယ်ကို ပေးကြလေကုန်၏။

ထိုခဏမှာပင် ဆရာရသေ့၏ ဝမ်းရောဂါသည် ငြိမ်းပျောက်လေ၏။ ဆရာရသေ့သည် သုံးလေးရက် ဖြင့်သာ ရွှေအဆင်းနှင့်တူသော အဆင်းရှိသူ ဖြစ်လေ၏။

ထိုအချိန်၌ ကေသဝရသေ့ကို နာရဒအမတ်သည် ဤသို့မေးလေ၏။

မနုဿိန္ဒံ ဇဟိတွာန ၊ သဗ္ဗကာမ သမိဒ္ဓိနံ။

ကထံနု ဘဂဝါ ကေသီ ၊ ကပ္ပဿ ရမတိ အဿမေ။

သာဒူနိ ရမဏီယာနိ ၊ သန္တိ ရုက္ခာ မနောရမာ။

သုဘာသိတာနိ ကပ္ပဿ ၊ နာရဒ ရမယန္တိမံ။

သာလီနံ ဩဒနံ ဘုဥ္ဇေ၊ သုစိံ မံသူပသေစနံ။

ကထံ သာမာကနီဝါရံ ၊ အလောဏံ ဆာဒယန္တိတံ။

သာဒုံဝါယဒိ ဝါသာဒုံ ၊ အပ္ပံဝါယဒိဝါဗဟုံ။

ဝိဿတ္ထော ယတ္ထ ဘုဥ္ဇေယျ ၊ ဝိဿာသပရမာရသာ။

**အနက်။** ။ ဘဂဝါ = ဘုန်းကြီးလှသော၊ ကေသီ = အို, ကေသဝရသေ့ (တွံ = သင်ရှင်ရသေ့သည်)၊ သဗ္ဗကာ မသမိဒ္ဓိနံ = အလိုအားလုံးကို ပြီးစီးပြည့်စုံစေသော၊ မနုဿိန္ဒံ = လူတို့ကို အစိုးရသော ဗာရာဏသီ မင်းကို၊ ဇဟိတွာန = စွန့်ပစ်ထားခဲ့ပြီး၊ ကထံ = အဘယ်အကြောင်းကြောင့်၊ ကပ္ပဿ - ကပ္ပကရသေ့၏၊ အဿမေ = သင်္ခမ်းကျောင်း၌၊ ရမတိနု = မွေ့လျော်ရပါသနည်း (ဣတိ ပုစ္ဆိ)

နာရဒ = အိုနာရဒအမတ်၊ မနောရမာ = စိတ်နှလုံးကို မွေ့လျော်စေကုန်သော၊ ရုက္ခာ =

သစ်ပင်တို့သည်၊ သန္တိ = ဤနေရာ၌ရှိကုန်၏။ ကပ္ပဿ - ကပ္ပကရသေ့၏၊ သာဒုနိ = သာယာဖွယ်ဖြစ်ကုန်သော၊ ရမ္မဏိယာနိ = စိတ်နှလုံးကို မွေ့လျော်စေကုန်သော၊ သုဘာသိတာနိ = ကောင်းစွာပြောဆိုအပ်သော စကားတို့သည်၊ မံ = ငါ့ကို၊ ရမယန္တိ = မွေ့လျော်စေကုန်၏။ (ကြတိအာဟ = ရသေ့က ဤသို့ပြန်ပြော၏။)

(ဘဂဝါကေသီ = ဘုန်းကြီးသော အိုကေဝရသေ့၊ တွံ = အရှင်သည်) သုစိံ = စင်ကြယ်သော၊ မံသူပသေစနံ = အသားတို့ဖြင့် ရောပြွမ်းသော၊ သာလီနံ ဩဒနံ = သလေးဆွမ်းကို၊ ဘုတွာ- စားခဲ့ရပြီး၍၊ ကထံ = အဘယ်သို့၊ အလောဏံ =ဆားမပါသော၊ သာမာကနိဝါရံ- ကြမ်းတမ်းသော သမန်းမြက်သီးဆန်၊ ကြိတ်စပါး ဆန်၊ ထမင်းသည်၊ တံ-သင်ရှင်ရသေ့ကို၊ ဆာဒယန္တိ = အဆာပြေစေ နှစ်သက်စေနိုင်ပါသတည်း။ (ကြတိ ပုစ္ဆိ၊ နာဒရ အမတ်က ဤသို့မေးလေ၏။)

နာရဒ = အို -နာရဒအမတ်၊ ယတ္ထ = အကြင်နေရာ၌၊ သာဒုံဝါ = ကောင်းသည်ကိုသော် လည်းကောင်း၊ ယဒိ = ထိုသို့မဟုတ်၊ အသာဒုံဝါ = မကောင်းသည်ကိုသော်လည်းကောင်း၊ အပ္ပံဝါ = နည်းသည်ကိုသော်လည်းကောင်း၊ ယဒိ = ထိုသို့မဟုတ်၊ ဗဟုံဝါ = များသည်ကိုသော်လည်းကောင်း၊ ဝိဿဋ္ဌော = ရဲရဲရင့်ရင့် အကျွမ်းတဝင်၊ ဘုဉ္ဇေယျ = စားရာ၏၊ တတ္ထ = ထိုနေရာ၌၊ ရသာ = အရသာတို့သည်၊ ဝိဿာသပရမာ = အကျွမ်းဝင်ခြင်းလျှင် အမွန်အမြတ်ရှိကုန်၏။

(ဝိဿသာပရမာရသာဟုလည်းရှိ၏။)

ဝိဿာသာ = အကျွမ်းဝင်သဖြင့် စားသောက်ရခြင်းသည်၊ ပရမာ = မွန်မြတ်သော၊ ရသာ = အရသာ ပေးတည်းဟု အနက်ပေး)

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကိုဆောင်၍ ဇာတ်တော်ပေါင်းတော်မူသည်။ ယခုအခါ မောဂ္ဂလာန်သည် ထိုအချိန်က ဗာရာဏသီမင်းဖြစ်ခဲ့ပြီ၊ ယခုအခါ သာရိပုတ္တသည် ထိုအချိန်အခါ နာရဒ ရသေ့ဖြစ်ခဲ့ပြီ။ ယခုအခါ အာနန္ဒာသည် ထိုအချိန်အခါက ကပ္ပကအမည်ရှိသော တပည့်ဖြစ်ခဲ့ပြီ။ ယခုအခါ ငါဘုရားသည်ပင် ထိုအချိန်အခါက ကေသဝရသေ့ဖြစ်ခဲ့ပြီဟု ဇာတ်ပေါင်းပြတော်မူပြီ။

ဒကာတော်မင်းကြီး ဤသို့ပင် ရှေးအခါ၌လည်း ပညာရှိတို့သည် သေနိုင်လောက်သော ရောဂါ ဝေဒနာဖြစ်လာခဲ့သော် အကျွမ်းဝင်သူရှိရာ အရပ်သို့ပြောင်းရွှေ့သွားကြကုန်၏။ ငါဘုရား၏ တပည့်ရင်းရဟန်း တို့သည် သင်မင်းကြီးတို့ထံ၌ အကျွမ်းဝင်မှု မရကြဘူးထင်ပေသည်ဟု မိန့်တော်မူလေ၏။

ကောသလမင်းကြီးသည် ငါသည် ရဟန်းသံဃာနှင့်အတူ အကျွမ်းဝင်အောင်ပြုသင့်သည်၊ မည်သို့ပြုရ ပါမည်နည်းဟု စဉ်းစား၍ မြတ်စွာဘုရား၏ ဆွေမျိုးသမီးတစ်ယောက်ကို ငါ၏နန်းတော်၌ ထားဖို့သင့်သည်။ ဤသို့ထားခဲ့သော် ရဟန်းငယ်နှင့် သာမဏေတို့သည် မြတ်စွာဘုရား၏ဆွေမျိုး၊ မင်းကြီးဟူသော အသိဖြင့် ငါ့အထံသို့ အကျွမ်းတဝင် ရဲရင့်ကုန်လျက် မပြတ်လာကြလိမ့်မည်ဟု ကြံစည်ပြီးသော် -

ကျွန်ုပ်အား သမီးတစ်ယောက်ပေးကြပါဟု သာကီဝင်မင်းတို့ထံ သတင်းပို့စေ၏။ အဘယ် သာကီဝင် မင်း၏ သမီးနည်းဟုမေးပြီး၊ ဤသာကီဝင်မင်း၏ သမီးဟု သိပြီးမှ ပြန်ခဲ့ကြဟုမှာထား ပြောဆိုကာ တမန်တို့ကို စေလွှတ်လေ၏။

တမန်တို့သည် သွားရောက်၍ သာကီဝင်သူငယ်မကို တောင်းဆိုကြကုန်၏။ သာကီဝင်တို့သည် အစည်းအဝေးပြုကြပြီး ကောသလမင်းသည် တိုင်းတစ်ပါး သားဖြစ်၏။အကယ်၍ မပေးကြလျှင် ငါတို့ကို ဖျက်ဆီးလိမ့်မည်၊ ငါတို့နှင့် အမျိုးချင်းတူသောမင်းမဟုတ်၊ အဘယ်သို့ပြုသင့်သနည်းဟု ဆွေးနွေးတိုင်ပင်ကြ ကုန်၏။

ကိုင်ယူစဉ် ဝိဋူဋ္ဌဘမင်းသားကို ဆဲရေးသံကိုကြားရလေသော် -

ဆဲရေးခြင်းအကြောင်းကိုမေးသဖြင့် ဝါသဘခတ္တိယသည် မဟာနာမ်သာကီဝင်မင်းကိုအစွဲပြု၍ ကျွန်မဝမ်း၌ဖွားမြင်သူဟု သိရ၍ ထိုအကြောင်းကို အတူလာဗိုလ်ပါအားလုံးအားပြောဆိုလေ၏။

ဝါသဘခတ္တိယသည် ကျွန်မ၏သမီးတဲ့ဟူသော အုတ်အုတ်ကျက်ကျက် ပြောဆိုသံကျယ်ပြန့်စွာ ဖြစ်လေ၏။

ထိုအသံကိုကြားရ၍ ဝိဋူဋ္ဌဘသည် -

ထိုသာကီဝင်တို့သည် ငါထိုင်ခဲ့ရာ ပျဉ်ချပ်ကိုနို့ရေဖြင့်ဆေးကြစေဦး၊ ငါမင်းဖြစ်သောအခါ ထိုသာကီဝင်တို့၏ လည်ချောင်းသွေးကိုယူ၍ ငါထိုင်ရာ ပျဉ်ကို ဆေးမည်ဟူသော စိတ်ကိုဖြစ်စေ၏။ (ဆေးမည်ဟု ကြံစည်ထားလေ၏။)

ဝိဋူဋ္ဌဘသည် သာဝတ္ထိရောက်သောအခါ အမတ်တို့သည် ဝိဋူဋ္ဌဘနှင့် ဆပ်စပ်သောထိုအကြောင်းကို ကောသလမင်းအား တင်လျှောက်ကြကုန်၏။

ကောသလမင်းသည် ငါ့အားကျွန်မသမီးကို ပေးကြသူများဖြစ်သည် ဟုသာကီဝင်တို့အား အမျက်ထွက်၍(စိတ်ဆိုး၍)ဝါသဘခတ္တိယအားလည်းကောင်း၊ ဝိဋူဋ္ဌဘအားလည်းကောင်း၊ ပေးအပ်သော အဆောင်အယောင်ကိုဖြတ်၍ ကျွန်ယောကျ်ား၊ ကျွန်မိန်းမတို့ ရထိုက်သည်ကိုသာပေးစေ၏။

ထိုအချိန်မှ နောက်နှစ်ရက်၊သုံးရက်လွန်သောအခါ မြတ်စွာဘုရားသည် ကောသလမင်း၏ နန်းတော်သို့ကြွတော်မူ၍ ခင်းထားအပ်သော ဘုရားနေရာ၌ သီတင်းသုံးနေတော်မူ၏။

ကောသလမင်းသည် မြတ်စွာဘုရားထံ လာရောက်ရှိခိုးပြီး -

မြတ်စွာဘုရား အရှင်ဘုရားတို့၏ ဆွေတော်၊ မျိုးတော်တို့သည် တပည့်တော်အား ကျွန်မသမီးကို ပေးအပ်ပါသတဲ့၊ ထိုကြောင့် တပည့်တော်သည် သားနှင့်အတူ ထိုကျွန်မအား အဆောင်အယောင်ကိုဖြတ်၍ ကျွန်ယောကျ်ား၊ ကျွန်မိန်းမတို့ ရထိုက်ရုံမျှကိုသာ ပေးစေပါတော့သည်ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ဒကာတော်မင်းကြီး သာကီဝင်တို့သည် မပြုသင့်သည်ကို ပြုအပ်ပေသည်။ ပေးသူတို့မည်သည်မှာ ဇာတ်တူသူကိုသာ ပေးသင့်ပေသည်။ မင်းမျိုးဖြစ်သော မင်း၏သမီးဝါသဘခတ္တိယသည် မင်းမျိုးဖြစ်သော မင်း၏နန်းတော်၌ အဘိတ်သိတ်ကိုရခဲ့လေပြီ(အဘိတ်သိတ်ခံခဲ့ပြီ) ဝိဋူဋ္ဌဘသည်လည်း မင်းမျိုးဖြစ်သော မင်းကိုပင် အစွဲပြု၍ ဖွားမြင်ခဲ့သူဖြစ်သည်။ အမိ၏ အနွယ်မည်သည်ကို အဘယ်ကို ပြုမည်နည်း။ (အမိ၏အနွယ်ဆိုတာ ဘာလုပ်ဖို့လဲ)

အဖအနွယ်သည်သာ လိုရင်းပဓာန၊ ပမာဏဖြစ်တော့သည်ဟု မိန့်တော်မူကာ -

ရှေးပညာရှိတို့သည် ထင်းခွေသူဆင်းရဲ မိန်းမအား အဂ္ဂမဟေသီ(မိဖုရားခေါင်)ရာထူးကို ပေးခဲ့ကြပြီ၊ ထိုသူဆင်းရဲအမျိုး၏ ဝမ်းတိုက်၌ ဖွားမြင်သော သတိုးသားသည် တစ်ဆယ့်နှစ်ယူဇနာကျယ်ဝန်းသော ဗာရာဏသီပြည်၌ မင်းအဖြစ်သို့ရောက်၍ ကဋ္ဌဝါဟနမည်သော မင်းဖြစ်ခဲ့လေပြီဟု ကဋ္ဌဟာရိဇာတ်ကို ဟောပြတော်မူသည်။

ကောသလမင်းသည် တရားစကားကို ကြားနာရလေသော် အဖ၏အနွယ်သည်သာ ပမာဏဖြစ်သတဲ့ဟု နှစ်သက်ကြည်ဖြူ၍ ဝါသဘခတ္တိယအားလည်းကောင်း၊ သားဝိဋူဋ္ဌဘအားလည်းကောင်း မူလ ပေးခဲ့သော အဆောင်အယောင်ကိုပင် ပေးပြန်စေတော့သတည်း။

ဗန္ဓုလစစ်သူကြီး၏ (ကုသိနာရာမြို့၌ မလ္လမင်း၏သမီး)မလ္လိကာမည်သော ဇနီးသည် နေ့ညရှည်ကြာ

သားသမီးကို မဖွားမြင်ချေ။

ထို့ကြောင့် ဗန္ဓုလစစ်သူကြီးသည် ဇနီးမလ္လိကာကို သင့်အမျိုးအိမ်သို့သာ ပြန်သွားပေတော့ဟု ပြန်လွှတ်လိုက်လေသည်။

မလ္လိကာသည် မြတ်စွာဘုရားကို ဖူးမြင်ပြီးမှ ပြန်သွားမည်ဟူသော အကြံဖြင့် ဇေတဝန်ကျောင်းတော်သို့ ဝင်ရောက်၍ မြတ်စွာဘုရားကို ရှိခိုးနေလေသည်။

မလ္လိကာ သင်ဘယ်ကိုသွားမည်နည်း။

မြတ်စွာဘုရား၊ တပည့်တော်မကို အရှင်ဖြစ်သူ ဗန္ဓုလက အမျိုးအိမ်သို့ စေလွှတ်လိုက်ပါသည်ဘုရား။

ဘယ်အကြောင်းကြောင့် စေလွှတ်သနည်း။

တပည့်မက အမြုံမ၊ သား၊ သမီးမရသူဖြစ်လို့ပါတဲ့ဘုရား။

ယင်းသို့ဖြစ်လျှင်(ဒီလိုဆိုလျှင်) သွားဖွယ်ကိစ္စမရှိဘူး၊ အိမ်ကိုသာ ပြန်ပေတော့ဟု မိန့်တော်မူ၏။

မလ္လိကာသည် ဝမ်းမြောက်နှစ်သက်သောစိတ်ဖြင့် မြတ်စွာဘုရားကို ဖူးမြင်၍ မိမိ နေအိမ်သို့ ပြန်သွားလေသော် ဘာကြောင့်ပြန်ခဲ့သနည်းဟု ဗန္ဓုလက မေးလေရာ - မြတ်စွာဘုရားက ပြန်ခိုင်း၍ ပြန်လာသည်ဟု ပြောလေ၏။

ဗန္ဓုလသည် အရှည်ကို မြင်သိတော်မူသော မြတ်စွာဘုရားသည် အကြောင်းကို သိမြင်ပါလိမ့်မည်ဟု သည်းခံခွင့်လွှတ်လေ၏။

မလ္လိကာသည် အချိန်မကြာမြင့်မှီမှာပင် ကိုယ်ဝန်ကိုရ၍ ချင်ခြင်းဖြစ်ပေါ်လာရကား အရှင်၊ ကျွန်မမှာ ချင်ခြင်းဖြစ်နေပါသည်ဟု ဗန္ဓုလအား ပြောဆိုလေ၏။

ဗန္ဓုလက ဘယ်လိုချင်ခြင်းဖြစ်သနည်းဟု မေးသောအခါ ဝေသာလီမြို့၌ မင်းမျိုးတို့၏ အဘိသိတ်သွန်းရာ မင်္ဂလာရေကန်၌ သက်ဆင်း၍ ရေချိုးပြီး သောက်ရေကို သောက်လိုပါသည်အရှင်ဟု ပြောလေ၏။

ဗန္ဓုလသည် ကောင်းပြီဟုပြောပြီး ယောက်ျားတစ်ထောင်အားဖြင့် တင်အပ်သော လေးညို့ရှိသော လေးကိုကိုင်၍ မလ္လိကာကို ရထားပေါ်တင်၍ သာဝတ္ထိမြို့မှ ထွက်ခဲ့ကာ ရထားကိုမောင်းနှင်လျက် မဟာလိ လိစ္ဆဝီအား ပေးထားအပ်သော မြို့တံခါးဖြင့် ဝေသာလီမြို့သို့ဝင်လေ၏။

မဟာလိ လိစ္ဆဝီ၏နေအိမ်သည် မြို့တံခါးအနီး၌သာဖြစ်၏။ မဟာလိသည် ရထား၏မြို့တံခါးခုံ၌ ထိခိုက်သံကိုကြားလျှင်ပင် ဤအသံသည် ဗန္ဓုလ၏ ရထားသံတည်း၊ ယနေ့လိစ္ဆဝီမင်းတို့အဖို့ ကြောက်မက်ဖွယ်ဘေးဖြစ်တော့မည်ဟု အခြားသူအားပြောဆိုလေ၏။

ရေကန်၏ အတွင်း၌လည်းကောင်း၊ အပြင်၌လည်းကောင်း၊ အစောင့်အရှောက်တို့သည် အားကြီးလှကုန်၏။ ရေကန်၏ အထက်သံကွန်ယက်ကို ဖြန့်ကျက်ထားသည်၊ ငှက်တို့မှာပင်သောက်ခွင့်မရှိ။

ဗန္ဓုလစစ်သူကြီးသည် ရထားမှသက်ဆင်းခဲ့ပြီး စောင့်ရှောက်နေသော လူတို့ကိုကြိမ်တန်ဖြင့် ရိုက်နှက်လျက်ထွက်ပြေးကြစေပြီး သံကွန်ယက်ကို သန်လျက်ဖြင့် ခုတ်ဖြတ်ကာ ရေကန်တွင်း၌ ဇနီးမလ္လိကာကို ရေချိုးစေ၍ ကိုယ်တိုင်လည်းရေချိုးပြီး တဖန် မလ္လိကာကိုရထားပေါ်တင်၊ မြို့မှထွက်လာခဲ့သော လမ်းဖြင့်ပင် သာဝတ္ထိသို့အရောက်သွားလေ၏။

မင်္ဂလာရေကန်စောင့်လူတို့သည်လိစ္ဆဝီမင်းတို့အား အကြောင်းကြားကြကုန်၏။

လိစ္ဆဝီမင်းတို့သည် အမျက်ထွက်ကုန်၍ ရထားငါးရာတို့ အပေါ်တက်ကြပြီး မလ္လာမျိုး ဗန္ဓုလကို ဖမ်းယူမည်ဟုတိုင်ပင်၍ထွက်ခဲ့ကြကုန်၏။ ထိုသတင်းကို တံခါးမှူးမဟာလိအားပြောကြပလေကုန်၏။

မဟာလိက သင်တို့မသွားကြနှင့် ထိုဗန္ဓုလသည် သင်တို့အားလုံးကို သတ်ပစ်မည်မှာ အမှန်ဖြစ်သည်ဟု ပြောလေ၏။ လိစ္ဆဝီမင်းတို့ကလည်း ငါတို့သွားကြမှာဘဲဟုပြန်ပြောကြသည်။

လိုက်ကြမည်ဖြစ်ခဲ့သော် ဗန္ဓုလ၏ ရထားဘီးပုံးတောင်းအထိ မြေကြီးတွင်း နစ်ဝင်ခဲ့ရာ နေရာကို မြင်ခဲ့လျှင်ပြန်ဆုတ်ခဲ့ကြ၊ ထိုနေရာမှပြန်မဆုတ်ဘဲ ရှေ့သို့ လိုက်သွားကြလျှင် မိုးကြိုးသံနှင့်တူသော အသံကို ကြားကြလိမ့်မည်၊ အသံကြားရာ ထိုနေရာမှ နောက်ဆုတ်ခဲ့ကြ၊ ထိုနေရာမှနောက်မဆုတ်ဘဲ ရှေ့သို့ လိုက်သွားကြလျှင် သင်တို့၏ရထားဦး၌ အပေါက်ကိုမြင်ကြရလိမ့်မည်၊ အပေါက်မြင်ရာ ထိုနေရာမှ နောက်ဆုတ်ခဲ့ကြ၊ အပေါက်မြင်ရာ ထိုနေရာမှ နောက်မဆုတ်ဘဲ ရှေ့သို့လိုက်မသွားကြလေနှင့်ဟု မဟာလိက ပြောဆိုလေ၏။

လိစ္ဆဝီမင်းတို့သည် မဟာလိပြောစကားကြောင့် နောက်မဆုတ်ဘဲ ဗန္ဓုလနောက်သို့သာလိုက်ကြလေကုန်၏။

မလ္လိကာသည် ဝေသာလီမင်းတို့၏ရထားတို့ကိုမြင်ရလေသော် အို-အိမ်ရှင် ရထားတွေထင်ပေါ်နေကြပါပြီဟု ဗန္ဓုလအားပြောလေ၏။ ဗန္ဓုလကသို့ဖြစ်လျှင် ရထားတစ်စင်းထဲကိုသာ မြင်ရချိန်မှာ ငါ့ကိုပြောလော့ဟုပြန်ပြောလေ၏။

မလ္လိကာသည် ရထားအားလုံးတစ်စင်းကဲ့သို့ ထင်မြင်ရာအချိန်၌ အို-အိမ်ရှင် ရထားဦးတစ်ခုတည်းသာ မြင်ပါ၏ဟု ဗန္ဓုလအားပြောလေ၏။

ဗန္ဓုလသည် သို့ဖြစ်လျှင် ဤရထားကြိုးတို့ကို ကိုင်ထားလော့ဟု မလ္လိကာအား ရထားကြိုးတို့ကို ပေးထားပြီး ရထားပေါ်၌ရပ်လျက်ပင် ဗိုလ်ခြေတစ်ထောင်တင်ရမည့်လေးညို့ကိုတင်လေ၏။ ရထားဘီးသည် ပုံးတောင်းအထိ မြေကြီးအတွင်းသို့ ဝင်လေပြီ။

လိစ္ဆဝီမင်းတို့သည် ထိုနေရာကိုမြင်ကြသော်လည်း နောက်မဆုတ်ကြလေကုန်၊ ဗန္ဓုလသည်ရှေ့သို့ ရထားဖြင့်အနည်းငယ်သွားပြီး လေးညှို့ကိုလက်ဖြင့်ခတ်လေ၏။ မိုးကြိုးသံနှင့်တူသော အသံထွက်လာပြီ။

လိစ္ဆဝီမင်းတို့သည် ထိုနေရာမှလည်း နောက်ဆုတ်မလာကြမူ၍ ရှေ့သို့သာအစဉ်လိုက်ကြလေကုန်၏။ ဗန္ဓုလသည် ရထား၌ရပ်လျက်ပင် မြားတစ်စင်းကို ပစ်လွှတ်လိုက်လေပြီ၊ ထိုမြားသည်ရထားငါးရာတို့ ရထားဦး၌ အပေါက်ကိုပြု၍(ဖေါက်၍)မင်းငါးရာတို့မြားကာ ဖွဲ့ချည်ထားရာရင်ဘတ်၌ ထုတ်ချင်းဖေါက်၍မြေကြီးတွင်းသို့ဝင်သွားလေပြီ။

လိစ္ဆဝီမင်းတို့သည်မိမိတို့၏ ရင်ဘတ်၌မြားစူးဝင်သွားကြောင်းကို မသိကြဘဲ၊ ဟော့ရပ်လိုက်၊ ဟော့ရပ်လိုက်ဟု ပြောကြကုန်လျက်နောက်မှလိုက်ကုန်၏။

ဗန္ဓုလသည် မိမိစီးသောရထားကိုရပ်ထားပြီး သင်တို့အားလုံးသေကြပြီ၊ သေသူတို့နှင့် အတူငါ့အား စစ်ထိုးခြင်းမည်သည်မရှိဟုပြောပြလေ၏။ လိစ္ဆဝီမင်းတို့က သူသေတို့မည်သည် ငါတို့နှင့်မတူကြဟု ပြန်ပြောကြရာ သို့ဖြစ်လျှင် နောက်ဆုံးလူ၏ရင်၌ ရစ်ပတ်ထားသော မြားကာကိုဖြေလိုက်ကြဟုပြောလေ၏။ လိစ္ဆဝီမင်းတို့သည် ဖြေကြလေကုန်၏။ နောက်ဆုံးလူသည် ဖြေကာမျှမှာပင်သေ၍ လဲကျသွားလေ၏။

ထိုအခါဗန္ဓုလသည် လိစ္ဆဝီမင်းအားလုံးတို့ကို သင်တို့သည်ဤသူကဲ့သို့ သူသေများဖြစ်ကြသည်။ မိမိ, မိမိတို့နေအိမ်သို့ပြန်သွားကြပြီး စီမံသင့်သည်ကိုစီမံ၊ သားမယားကိုဆုံးမပြီး ချပ်ဝတ်တန်ဆာကို ဖြေကြကုန်လော့ဟု ဗန္ဓုလကပြောလေ၏။ လိစ္ဆဝီမင်းတို့သည် အသီးအသီး မိမိတို့ချပ်အဝတ်ကို ဖြေကြလေသော် အားလုံးအသက်ကုန်ခြင်းသို့ ရောက်ကြလေပြီ။

ဗန္ဓုလသည် မလ္လိကာကို သာသတ္ထိမြို့သို့ယူဆောင်ခဲ့သည်၊ မလ္လိကာသည် တစ်ဆယ့်ခြောက်ကြိမ် တိုင်အောင် အစုံအစုံသောသားတို့ကိုဖွားမြင်လေသည်။ အားလုံးသောသားတို့သည်လည်း ရဲရင့်သူ၊ ခွန်အားနှင့်ပြည့်စုံသူများဖြစ်ကြကုန်၏။ အတတ်မျိုးစုံတို့၌ တတ်မြောက်ပြီးဆုံးခြင်းသို့ရောက်ကြလေကုန်၏။ တစ်ယောက်တစ်ယောက်၏အခြံအရံသည် ယောကျာ်းတစ်ထောင်ဖြစ်၏။ ဖခင်ဖြစ်သူ ဗန္ဓုလစစ်သူကြီးနှင့် အတူ မင်း၏နန်းတော်သို့သွားရောက်ကြသော ဗန္ဓုလ၏ ထိုသားယောကျာ်းတို့ဖြင့်သာ မင်းရင်ပြင်သည် ပြည့်နေလေ၏။

ထိုအချိန်မှနောက်ပိုင်းတွင် တရားရုံးအနီး၌ကောက်ကျစ်စဉ်းလဲမှုကြောင့် တရားရှုံးကြကုန်သော လူတို့သည်လာနေသောဗန္ဓုလကိုမြင်ကြကုန်သော် အသံကျယ်စွာအော်ဟစ်ကြကုန်လျက် တရားဆုံးဖြတ်သော အမတ်ကြီးတို့၏ ကောက်ကျစ်စဉ်းလဲတရားဆုံးဖြတ်ခြင်းကို ဗန္ဓုလအားပြောကြကုန်၏။

ဗန္ဓုလသည် တရားရုံးသို့သွား၍ ကောက်ကျစ်စဉ်းလဲ ဆုံးဖြတ်ထားသော ထိုအမှုတွဲကိုစိစစ်၍ ပိုင်ရှင် ဖြစ်ထိုက်သူကိုသာ ပိုင်ရှင်အဖြစ်ကိုပြုပေးလေ၏။ လူအပေါင်းတို့သည် ကျယ်စွာသောအသံဖြင့် ကောင်းချီး ပေးကြကုန်၏။

ကောသလမင်းသည် ဤအသံသည်အဘယ်နည်းဟု မေးသည်ရှိသော် ထိုအကြောင်းကိုကြားသိရ၍ နှစ်သက်ပြီးလျှင်ကောက်ကျစ်စဉ်းလဲတရားဆုံးဖြတ်သူ အမတ်အားလုံးတို့ကို ရာထူးမှချ၍ဗန္ဓုလအားသာ ဆုံးဖြတ်ရန် အမှုတွဲကို အပ်နှင်းလေ၏။

ဗန္ဓုလသည် ထိုအချိန်မှစ၍ မှန်ကန်ကောင်းမွန်စွာ တရားဆုံးဖြတ်လေပြီ။

ထိုအချိန်မှနောက်၌ ရှေးကတရားဆုံးဖြတ်ကြသောအမတ်တို့သည် တံစိုးလက်ဆောင်တစ်စုံတစ်ခု မရကြသဖြင့် လာဘ်လာဘနည်းပါးကုန်သည်ဖြစ်၍ -

ဗန္ဓုလသည် မင်းအဖြစ်ကိုမျှော်လင့်တောင့်တနေသူဖြစ်သည်ဟု မင်းမျိုး၌ စိတ်သဘောကို ဖြိုခွဲ ဖျက်ဆီးကြကုန်၏။

ကောသလမင်းကြီးသည် ထိုမင်းမျိုးတို့၏ စကားကိုယုံကြည်၍ စိတ်မထိန်းချုပ်နိုင်ဖြစ်လေ၏။

ဤဗန္ဓုလကို ဤမြို့တွင်း၌ပင် သတ်အပ်သည်ရှိသော် ငါ့အားကဲ့ရဲ့ဖွယ် ဖြစ်လိမ့်မည်ဟု တဖန် စိတ်ကူးပြီး၊ သူလျှိုယောကျာ်းတို့ကို တိုင်းစွန်ဒေသအရပ်ကို လုယူဖျက်ဆီးစေပြီး ဗန္ဓုလကိုခေါ်စေ၍ -

အို - ဗန္ဓုလ တိုင်းစွန်ဇနပုဒ်ရပ်ရွာကို ခိုးသူတို့လုယက်ဖျက်ဆီးသတဲ့၊ သင်၏ သားတို့နှင့်အတူသွား၍ ခိုးသူတို့ကိုဖမ်းယူလေလော့ဟု ပြောဆိုစေလွှတ်ပြီးသော်၊ တွေ့ရာအရပ်၌ပင် သားသုံးကျိပ်နှစ်ယောက်နှင့်အတူ ဗန္ဓုလဦးခေါင်းကို ဖြတ်၍ယူခဲ့ကြဟု သူလျှိုယောကျာ်းတို့နှင့်အတူ ဆောင်ရွက်နိုင်စွမ်းရှိသော အခြားစစ်သူကြီး တို့ကိုလည်း စေလွှတ်လိုက်လေ၏။

တိုင်းစွန်ဒေသသို့ ဗန္ဓုလရောက်သွားစဉ်မှာပင် စစ်သူကြီးဗန္ဓုလလာသတဲ့ဟု ပြောဆိုကာသူလျှို လူဆိုးတို့သည် ထွက်ပြေးကြလေကုန်၏။ ဗန္ဓုလသည်ထို တိုင်းစွန်အရပ်ဒေသကို မူလအတိုင်းလူတို့ကိုနေစေ၍ မူလအတိုင်းတည်ထားပြီး ပြန်ခဲ့လေ၏။

ထိုသို့ပြန်လာစဉ် သာဝတ္ထိမြို့နှင့်မနီးမဝေးအရပ်သို့ရောက်လာသောအခါ သူလျှိုလူဆိုးနှင့် စစ်သူကြီး တို့သည် သားသုံးကျိပ်နှစ်ယောက်နှင့်အတူ ဗန္ဓုလ၏ ဦးခေါင်းကိုဖြတ်ကြကုန်၏။ ထိုနေ့မှာပင်မလ္လိကာသည် ရဟန်းငါးရာနှင့်အတူ အဂ္ဂသာဝကနှစ်ပါးတို့ကို ဆွမ်းဘုဉ်းပေးကြွရန်ပင့်လျှောက်ထားလေသည်။ ထိုနေ့မှ နောက်ရက်နံနက်အခါ၌ -

မလ္လိကာ သင်၏သားတွေနှင့်အတူ သင့်အိမ်ရှင်ဗန္ဓုလ၏ ဦးခေါင်းကိုဖြတ်လိုက်ပြီဟု ရေးသားထားသော စာလွှာကိုယူခဲ့ကြပြီး မလ္လိကာအားပေးကြကုန်၏။

မလ္လိကာသည် သားတွေနှင့်အတူ အိမ်ရှင်ယောကျ်ားကွယ်လွန်ကြောင်း သတင်းကိုတိတိကျကျသိရသော်လည်း တစ်စုံတစ်ယောက်သောသူအား စကားတစ်ခွန်းမျှမပြောမူ၍ သတင်းစာလွှာကို ခါးဝတ်လုံချည်အလိပ်ကြား၌ထည့်ထားပြီး ရဟန်းသံဃာကိုသာ ဆွမ်းဖြင့်ဆက်ကပ်လုပ်ကျွေးနေ၏။

ထိုအချိန်တွင် မလ္လိကာ၏အလုပ်အကျွေးမိန်းမတို့သည် ရဟန်းတော်တို့ အားဆွမ်းကိုကပ်လှူ၍ ထောပတ်အိုးကိုကိုင်မယူခဲ့ကြပြီး ရှင်ရဟန်းတော်တို့၏ ရှေ့၌ ထောပတ်အိုးကိုခွဲပစ်ကြကုန်၏။ ဓမ္မသေနာပတိရှင်သာရိပုတ္တသည် မလ္လိကာအား ပြိုကွဲပျက်စီးခြင်းသဘောရှိသော အရာဝတ္ထုသည် ပြိုကွဲပျက်စီးသည်သာဖြစ်၏။ ပြန်တွေးပူပန်မစိုးရိမ်ထိုက်ဟု မိန့်တော်မူ၏။

မလ္လိကာသည် ခါးဝတ်လုံချည်အလိပ်ကြားမှ(ခါးပိုက်အတွင်းမှ)သတင်းစာလွှာကိုထုတ်ကိုင်ပြပြီး သားသုံးကျိပ်နှစ်ယောက်နှင့်အတူ သူတို့ ဖခင်၏ဦးခေါင်းကို ဖြတ်လိုက်ပြီဟု ရေးသားထားသော ဤစာလွှာကို တပည့်မအား လာပို့ကြပါသည်။

တပည့်မသည် ဤသတင်းစကားကိုကြားသိရသော်လည်း ကြံတွေးပူပန် မစိုးရိမ်မိပါ၊ ထောပတ်အိုးကွဲရာ၌ ဘယ်မှာကြံတွေးပူပင်စိုးရိမ်ပါတော့မည်နည်း ဘုရားဟုလျှောက်ထားလေ၏။

ရှင်သာရိပုတ္တသည် ဤသတ္တလောက၌သတ္တဝါတို့၏အသက်မည်၍ မည်မျှရှည်ရမည်ကိုမြင်နိုင် သိနိုင်သောအကြောင်းမရှိချေ။ အစရှိသောစကားတို့ကို မိန့်တော်မူကာ တရားဟောပြီးနေရာမှထ၍ ကျောင်းသို့ပြန်ကြွတော်မူလေ၏။

မလ္လိကာလည်း ချွေးမသုံးကျိပ်နှစ်ယောက်တို့ကိုခေါ်၍ -

သမီးတို့၏အိမ်ရှင်ယောကျ်ားတို့သည် အပြစ်စိုးစိမရှိကြကုန်ဘဲ၊ မိမိတို့ရှေး ဘဝကပြုခဲ့သောကံတရား၏အကျိုးကိုခံစားရရှိသွားကြကုန်သည်။ သင်သမီးတို့ မစိုးရိမ်ကြ၊ မပူဆွေးကြနှင့်၊ မငိုကြနှင့် ကောသလမင်း၏အပေါ်စိတ်ပြစ်မှားမှုကို မပြုကြနှင့်ဟု ဆုံးမစကားပြောကြားလေ၏။

ကောသလမင်း၏သူလျှိုယောကျ်ားတို့သည် မလ္လိကာထံမှထိုဆုံးမစကား ကိုကြားကြလေကုန်သော် နန်းတော်သို့သွားကြပြီး သားသုံးကျိပ်နှစ်ယောက်နှင့်အတူ ဗန္ဓုလစစ်သူကြီး၏ အပြစ်မရှိကြောင်းကို ကောသလမင်းအား တင်လျှောက်ကြကုန်၏။

ကောသလမင်းသည် ထိတ်လန့်တုန်လှုပ်သည်ဖြစ်၍ မလ္လိကာနေအိမ်သို့ ကိုယ်တိုင်သွားရောက်ပြီး မလ္လိကာနှင့်ချွေးမသုံးကျိပ်နှစ်ယောက်တို့ကို သည်းခံခွင့်လွှတ်စေပြီး(တောင်းပန်စေပြီး)မလ္လိကာအားဆုကိုပေးလေ၏။

မလ္လိကာသည် အရှင်မင်းကြီး ကျွန်တော်မ ဆုကိုယူပြီးဖြစ်ပါသည်ဟု တင်လျှောက်ပြီး ကောသလမင်းကြီး နန်းတော်သို့ပြန်သွားလေပြီးသော် ကွယ်လွန်သွားသောသူတို့အားရည်ညွှန်း၍ လှူဒါန်းအပ်သောဆွမ်းကို(မတကဘတ်ကို)ပေးလှူပြီး ရေချိုးပြီးနောက် ကောသလမင်းကြီးထံ ချဉ်းကပ်ရှိခိုးပြီး -

အရှင်မင်းကြီး- အရှင်မင်းကြီးတို့သည်ကျွန်တော်မအား ဆုကိုပေးအပ်ပါပြီ၊ ကျွန်တော်မသည် အခြားသော ဆုဖြင့်အကျိုးမရှိပါ၊ ကျွန်တော်မ၏ ချွေးမသုံးကျိပ်နှစ်ယောက်တို့အားလည်းကောင်း၊ ကျွန်တော်မအားလည်းကောင်း၊ အမျိုးအိမ်သို့ပြန်သွားခြင်းကို ခွင့်ပြုတော်မူပါဟု တင်လျှောက်လေ၏။ ကောသလမင်းကြီးသည် သွားခွင့်ပြုလေ၏။

မလ္လိကာသည် ချွေးမသုံးကျိပ်နှစ်ယောက်ကို သူတို့မူလနေအိမ်အသီးသီးသို့ စေလွှတ်လိုက်၏။ ကိုယ်တိုင်လည်း ကုသိနာရာမြို့၊ မိမိ၏အမျိုးအိမ်သို့သွားလေ၏။

ကောသလမင်းသည်လည်း ဗန္ဓုလစစ်သူကြီး၏တူဖြစ်သူ ဒီဃကာရာယနအား စစ်သူကြီးရာထူးကို ပေးလေ၏။

ဒီဃကာရာယနကမူ ဤမင်းသည် ငါ၏ဦးရီးတော်ကို သတ်ပစ်သည်ဟု ကောသလမင်းကြီးအပေါ် လက်စားချေရန်အခွင့်ကိုရှာဖွေနေလေ၏။

ကောသလမင်းသည်လည်း အပြစ်မရှိသောဗန္ဓုလကို သတ်မိချိန်မှစ၍ နှလုံးမသာမယာဖြစ်ကာ စိတ်သက်သာမှုကိုမရပါလေ၊ မင်းစည်းစိမ်ချမ်းသာကို မခံစားနိုင်ပါလေ။

ထိုအချိန်အခါ၌ မြတ်စွာဘုရားသည်သာကီဝင်တို့၏ မောဒါဠုပအမည်ရှိ သောနိဂုံးကိုအမှီပြု၍ နေတော်မူသည်။ ကောသလမင်းသည် ထိုနိဂုံး၌သွား၍ အာရာမ်မှအနီးအရပ်၌ စစ်တပ်ကိုချထားခဲ့ပြီး အနည်းငယ်သောအခြံအရံဖြင့် မြတ်စွာဘုရားကိုရှိခိုးမည့် အကြံဖြင့်ကျောင်းသို့သွား၍ မင်းမြောက်တန်ဆာငါးပါးတို့ကို ဒီဃကာရာယနအားပေးထားခဲ့ပြီး တစ်ဦးတည်းသာဂန္ဓကုဋီသို့ဝင်သွားလေ၏။

(ဇာတ်ကြောင်းအားလုံးကိုဓမ္မစေတိယသုတ်၌ ဟောထားအပ်သော အမှတ်အသားဖြင့် ပြဆိုအပ်၏)

ကောသလမင်းကြီးသည် ဂန္ဓကုဋီတိုက်တွင်းသို့ဝင်သွားလေသော်- ဒီဃကာရာယနသည် ငါးမျိုးသော ထိုမင်းမြောက်တန်ဆာတို့ကိုယူပြီး ဝိဋူဍူဘကို မင်းမြောက်၍ ကောသလမင်းအတွက်မြင်းတစ်စီးနှင့် အလုပ်အကျွေးမာတုဂါမ တစ်ယောက်ကိုထားခဲ့ပြီး ထိုနေရာမှပြန်လှည့်ကာ သာဝတ္ထိမြို့သို့သွားလေ၏။

ကောသလမင်းသည် မြတ်စွာဘုရားနှင့်အတူ ချစ်မြတ်နိုးဖွယ်စကားကို ပြောဆိုပြီး မြတ်စွာဘုရားကို ရှိခိုး၍ ထွက်ခဲ့လေသော် စစ်သည်အပေါင်းကိုမမြင်မတွေ့သောကြောင့် ထိုမာတုဂါမကိုမေးမြန်း၍ ဒီဃကာရာယနပြုလုပ်ပုံ ထိုအကြောင်းကြားသိလေလျှင် -

ငါသည်တူဖြစ်သူအဇာတသတ်မင်းကိုခေါ်၍ သာဝတ္ထိသို့သွားပြီး ဝိဋူဍူဘကို ဖမ်းချုပ်မည်အကြံဖြင့် ရာဇဂြိုဟ်မြို့သို့သွားလေသော် ညနေမြို့တံခါးတို့ကို ပိတ်ပြီးချိန်၌ ရာဇဂြိုဟ်မြို့သို့ ရောက်၍ ဇရပ်တစ်ခု၌ အိပ်လေသော် လေ - နေပူတို့ကြောင့်ပင်ပန်းလာသည်ဖြစ်၍ ညအဖို့ဖြစ်သောအချိန်၌ ထိုဇရပ်၌ပင် ကွယ်လွန်လေ၏။

မိုးသောက်၍အလင်းရောက်လေသော် -

အို - အရှင်ကောသလမင်း၊ အရှင်မင်းကြီးသည် ကိုးကွယ်ရာမဲ့သူဖြစ်ပါလေပြီဟု ပြောဆိုသော ထိုမာတုဂါမ၏အသံကိုလူတို့ကြားကြရ၍ အဇာတသတ်မင်းအား တင်လျှောက်ကြကုန်၏။

အဇာတသတ်မင်းသည် များစွာသောပူဇော်ဖွယ်ဖြင့် ဦးရီးတော် ကောသလမင်း၏ အလောင်း သင်္ဂြိုဟ်ခြင်း ကိစ္စကိုပြုလေ၏။

ဝိဋူဍူဘသည်လည်း မင်းအဖြစ်ကိုရပြီးသော် ရှေးကဖြစ်ခဲ့ဘူးသောရန်ငြိုးကို အောက်မေ့၍ သာကီဝင် အားလုံးကို သတ်မည်ဟူသောအကြံဖြင့် စစ်သည်များစွာနှင့်အတူ သာဝတ္ထိမှထွက်လာလေ၏။

ထိုနေ့မြတ်စွာဘုရားသည် မိုးသောက်ခါနီးလင်းအားကြီးအချိန်၌ သတ္တလောကကို ကြည့်ရှုတော်မူလေသော် မိမိဆွေမျိုးအပေါင်းပျက်စီးမည်ကို မြင်တော်မူ၍ ဆွေမျိုးတို့အားချီးမြှောက်သင့်သည်ဟု ကြံစည်တော်မူကာ နံနက်အချိန်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရာမှပြန်ကြွလာတော်မူပြီး ဂန္ဓကုဋီ တိုက်တော်တွင်း၌ သီဟသေယျ(ခြင်္သေ့မင်းအိပ်ခြင်းနှင့်တူသော အိပ်ခြင်း)ကိုပြုတော်မူပြီး ညနေချိန်၌

ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူက ကပ္ပိလဝတ်မြို့အနီး ကြဲသောအရိပ်ရှိသော သစ်ပင်ရင်းတစ်ခု၌ သီတင်းသုံး နေထိုင်တော်မူ၏။

ဝိဋ္ဋူဘ၏ တိုင်းပြည်အပိုင်းအခြားဘက်၌ စိပ်သောအရွက်ရှိသော ပင်ညောင်ပင်ကြီးရှိလေ၏။ ဝိဋ္ဋူဘသည် မြတ်စွာဘုရားကိုမြင်ရသော် အနီး၌ ချဉ်းကပ်ရှိခိုးပြီး၊ မြတ်စွာဘုရား - အဘယ်ကြောင်းကြောင့် ဤသို့ပူသောအချိန်၌ အရိပ်ကြဲသောဤသစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူပါသနည်း။ အရိပ်စိပ်သော ဤပင်ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူပါဘုရားဟု လျှောက်ထားလေသော် -

မင်းကြီး အရိပ်စိပ်သော ပင်ညောင်ပင်ရှိသည်ဖြစ်ပါစေ။ (ရှိပါစေတော့)ဆွေမျိုးတို့၏အရိပ်သည် အေးချမ်းလှပေသည်ဟု မိန့်တော်မူသဖြင့် မြတ်စွာဘုရားသည် ဆွေမျိုးတို့ကို စောင့်ရှောက်တော်မူရန် ကြွလာသည်ဖြစ်မည်ဟုသိပြီး မြတ်စွာဘုရားကိုရှိခိုး၍ ထိုအရပ်မှပြန်ဆုတ်ပြီး သာဝတ္ထိပြည်သို့ပြန်သွားလေ၏။

မြတ်စွာဘုရားလည်း ကောင်းကင်သို့ပြန်တက်၍ ဇေတဝန်ကျောင်းတော်သို့သာ ကြွတော်မူလေသည်။

ဝိဋ္ဋူဘမင်းသည်သာကီဝင်တို့အပေါ် ဒေါသဖြစ်ပြန်၍ နှစ်ကြိမ်မြောက် ထွက်ပြန်လေသော် ပထမအကြိမ်ထွက်သည်နှင့်အတူ မြတ်စွာဘုရားကိုမြင်ရ၍ ပြန်ဆုတ်သွားလေ၏။ တတိယအကြိမ် ထွက်ရာ၌ လည်းရှေးနည်းတူမြတ်စွာဘုရားကိုမြင်ရ၍ နောက်သို့ပြန်ဆုတ်သွားလေ၏။

စတုတ္ထအကြိမ် ဝိဋ္ဋူဘမင်းတိုင်းပြည်မှထွက်လာလေသော် မြတ်စွာဘုရားသည် သာကီဝင်တို့၏ ရှေးအတိတ်ကံကို ကြည့်တော်မူလေရာ၊ သာကီဝင် တို့၏နေ့တနေ့တွင်မြစ်ရေအတွင်း၌ အဆိပ်ခတ်ခဲ့ဘူးသော တားမြစ်၍ မဖြစ်နိုင်သော မကောင်းမှုကံကိုသိတော်မူ၍ လေးခုမြောက်အကြိမ်၌ မကြွလေတော့ပြီ။

ဝိဋ္ဋူဘသည် သာကီဝင်တို့ကို သတ်အံ့ဟူသောအကြံဖြင့် စစ်သည်ဗိုလ်ပါ များစွာနှင့်အတူ သာဝတ္ထိပြည်မှထွက်လာလေပြီ မြတ်စွာဘုရား၏ဆွေမျိုးတော်တို့သည် လက်နက်ဖြင့်သူတပါးအသက် မသတ်ကုန်သောကြောင့် အသတ္တ ဃာတကအမည်တွင်ကုန်၏။ မိမိသည်ပင် သေသော်လည်း သူတစ်ပါး အသက် မသတ်ကြလေကုန်။

သာကီဝင်တို့သည်ဤသို့ကြံစည်ကြကုန်၏။

ငါတို့သည် ကောင်းစွာသင်ယူတတ်မြောက်ထားသော လေးအတတ်ရှိကုန်သော မြတ်သောလေး သမားတို့ ဖြစ်ကုန်၏။ သို့သော်လည်းငါတို့သည် တပါးသူကိုသတ်နိုင်သော အစွမ်းသတ္တိမရှိကြကုန်၊ ငါတို့၏ အလုပ်ကိစ္စကိုပြကြပြီး ထွက်ပြေးကြကုန်စို့။

သာကီဝင်တို့သည် ချပ်မိန်ညှိတို့ကို ဝတ်ဆင်ကြပြီး မြို့ပြင်ထွက်၍ စစ်ခင်းကြကုန်၏။ သာကီဝင်တို့ ပစ်လွှတ်အပ်သောမြားတို့သည် ဝိဋ္ဋူဘမင်း၏ ယောကျ်ားတို့၏ အကြား, အကြားဖြင့်သွားကုန်၏။ မြားကာတို့အကြား နားထွင်းပေါက်တို့၏အကြားစသည်တို့မှထွက်သွားကုန်၏။ ဝိဋ္ဋူဘသည် ထိုအခြင်း အရာကိုမြင်လေသော် - အချင်းတို့သာကီဝင်တို့သည် အသတ္တဃာတကတို့ဟု ပြောကြကုန်သည် မဟုတ်လော - သို့ဖြစ်လျက်ငါ၏ ယောကျ်ား တို့ကိုဖျက်ဆီးကုန်ပါကလားဟု ပြောဆိုလေ၏။

ထိုအခါ ဝိဋ္ဋူဘကို ယောကျ်ားတစ်ယောက်သည် အရှင်အဘယ်သို့ ပြောလိုက်ပါသနည်း၊ နောက်လှည့်၍ ကြည့်ပါဟုပြောလေ၏။

သာကီဝင်တို့သည် ငါ၏ယောကျ်ားတို့ကို ဖျက်ဆီးကြသည်ဟုထင်ခဲ့သည်။ သင်တို့တွင် သေသူယောကျ်ား တစ်ယောက်မျှ မရှိပါကလား၊ သေသူတို့ကို ရေတွက်ကြလော့ဟု ဝိဋ္ဋူဘက ခိုင်းစေသဖြင့် ရေတွက်ကြည့်သော် သေပျောက်သူ တစ်ယောက်ကိုသော်လည်းကောင်းစွာ မမြင်တွေ့ရလေ။

ဝိဋူဋူဘသည် စစ်ခင်းရာမှပြန်ဆုတ်ပြီး အို - အချင်းတို့၊ သာကီဝင်ဟု ပြောဆိုသူအားလုံးကို သတ်ကြကုန်လော့၊ သို့သော် ငါ့အဖိုး မဟာနာမ်သာကီဝင် အနီး၌ရှိနေသူတို့အား အသက်ချမ်းသာပေးကြကုန်လော့ ဟုပြောဆိုလေ၏။

သာကီဝင်တို့သည် ကိုင်ယူစရာမမြင်ကြကုန်၍ အချို့သာကီဝင်တို့သည် မြက်ပင်ကိုသွားဖြင့်ကိုက်၍ နေကြကုန်၏။ အချို့သာကီဝင်တို့သည် ကျူရိုးကို ကိုက်၍နေကြကုန်၏။ သာကီဝင်တို့သည်သေကြကုန်သော်လည်း မုသာဝါဒ (မဟုတ်မမှန်သော စကား)ကို မပြောဆိုကြကုန်၊ ထို့ကြောင့်သင်တို့သည် သာကီဝင်လော၊ သာကီဝင်မဟုတ်သူလောဟု မေးသောအခါ မြက်ကိုသွားဖြင့်ကိုက်နေ သော သာကီဝင်တို့က မြက်သာကီဝင်မဟုတ်ဟု ပြောဆိုကြကုန်၏။ ကျူရိုးကို ကိုင်နေသောသာကီဝင်တို့က ကျူသာကီဝင်မဟုတ်ဟု ပြောဆိုကြကုန်၏။ မဟာနာမ်သာကီဝင်အနီး၌ နေသောသာကီဝင်တို့သည် အသက်ချမ်းသာကိုရကြကုန်၏။

ထိုသာကီဝင်တို့တွင် မြက်ကိုကိုက်နေသော သာကီဝင်တို့၏အမည်သည် တိဏသာကိယ(မြတ်သာကီဝင်) ဟူသော အမည်၊ ကျူရိုးကိုကိုက်၍နေသော သာကီဝင်တို့၏ နဠသာကိယ( ကျူသာကီဝင် ) ဟူသောအမည် ဖြစ်လေ၏။ (တွင်လေ၏။)

ဝိဋူဋူဘသည် နို့စို့သူငယ်ကိုပင်မချန် ယခင်သာကီဝင်မှ ကျန်သာကီဝင်အားလုံးတို့ကို သတ်စေလျက် လည်ချောင်းသွေးကိုဖြစ်စေ၍ ထိုသာကီဝင်တို့၏ လည်ချောင်းသွေးဖြင့် ထိုင်ရာပျဉ်ချပ်ကို ဆေးကြောစေပြီ။

ဤသို့လျှင် ဝိဋူဋူဘကြောင့် သာကီဝင်အနွယ်ပြတ်လေပြီ။

ဝိဋူဋူဘသည် ဘိုးတော်သာကီဝင်မဟာနာမ်ကို ခေါ်ဆောင်စေပြီး သာဝတ္ထိသို့ပြန်ခဲ့လေသော်၊ ညနေပိုင်းအချိန်၌ ညနေစာပွဲတော်တည်မည်ဟု အရပ်တစ်ခု၌သက်ဆင်း၍ ပွဲတော်ကိုဆက်ကပ်အပ်သော် ဘိုးတော်နှင့်အတူစားမည်ဟု ဘိုးတော်မဟာနာမ်ကို အခေါ်ခိုင်းလိုက်သည်။

သာကီဝင်မင်းမျိုးတို့သည် အသက်ကိုစွန့်ကြရစေကုန်မူ ကျွန်မသားတို့နှင့် အတူမစားကြကုန်။

ထို့ကြောင့် မဟာနာမ်သည် ရေအိုင်တစ်ခုကိုမျှော်ကြည့်ပြီး။

မြေးတော် အဖိုး၏ ကိုယ်ညစ်ပေနေသည်၊ ရေချိုးဦးမည်ဟု ဝိဋူဋူဘအား ပြောလေရာ ဝိဋူဋူဘက အဖိုးရေချိုးပါဦးဟု ပြောလေ၏။

မဟာနာမ်သည် ဤဝိဋူဋူဘသည် သူနှင့်အတူထမင်းမစားလျှင်ငါ့ကို သတ်တော့မည်၊ ငါ့အဖို့အလိုလိုသေရသည်က မြတ်သည်ဟူသောအကြံဖြင့် ဆံပင်တို့ကိုဖြည်၍ အဖျား၌ဆံတို့ကိုထုံး၊ ဆံပင်တို့အကြား၌ ခြေမတို့ကိုထိုး သွင်းပြီးရေအိုင်ထဲ၌ ငုပ်လေ၏။

မဟာနာမ်ဂုဏ်တန်ခိုးကြောင့် နဂါးနေရာဘုံဗိမာန်သည်ပူနွေးသော အချင်းအရာကိုပြလေ၏။

နဂါးမင်းသည် အဘယ်ကြောင့်နည်းဟုဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍ မဟာနာမ်ထံလာရောက်ပြီး မဟာနာမ်ကို သူ၏ပါးပျဉ်းပေါ်၌ ထိုင်စေကာ နဂါးဗိမာန်သို့သွင်းကာထားလေ၏။

မဟာနာမ်သည် တစ်ဆယ့်နှစ်နှစ်ပတ်လုံး နဂါးဗိမာန်၌နေလေ၏။

ဝိဋူဋူဘလည်း ငါ၏အဖိုးသည်ယခုလာလိမ့်မည်၊ ယခုလာလိမ့်မည် ဟု မျှော်လင့်လျက်သာနေလေ၏။

မဟာနာမ်သည်မလာဘဲ အလွန်အချိန်ကြာလေသော် ဝိဋူဋူဘသည် ရေအိုင်ကို စုံစမ်းစေပြီး ဆီမီးရောင်ဖြင့် တပ်သားတို့၏ အတွင်းတို့ကိုကြည့်လေသော်မမြင်သည်ဖြစ်၍ ထွက်ပြေးပြီဖြစ်လိမ့်မည်ဟု ယူဆပြီး တပ်သားတို့ကြားမှ ထွက်လာလေ၏။

ဝိဋ္ဋဗ္ဗူဘသည် ညပိုင်းအချိန်၌ အစိရဝတီမြစ်အနီးသို့သွား၍တပ်စခန်းချလေ၏။ အချို့လူတို့သည် မြစ်အတွင်းသဲပြင်ပေါ်၌အိပ်ကြကုန်၏။ အချို့လူတို့သည် ကုန်းပေါ်၌ အိပ်ကြကုန်၏။ မြစ်တွင်း၌ အိပ်သူတို့တွင်လည်းအတိတ် ဘဝက မကောင်းမှုကိုမပြုခဲ့သူများပါရှိကုန်၏၊ ကုန်းပေါ်၌အိပ်သူတို့တွင်လည်း အတိတ်ဘဝကမကောင်းမှု ပြုခဲ့သူများပါရှိကုန်၏။ တခြားစီဖြစ်သောထိုလူတို့၏ အိပ်ရာအရပ်၌ ပိုးရွတို့သည် တက်ကုန်၏။

တခြားစီဖြစ်သောထိုလူတို့သည် ငါ့အိပ်ရာ၌ပိုးရွတက်သည်၊ ငါ့အိပ်ရာ၌ ပိုးရွတက်သည်ဟု အိပ်ရာမှထကုန်၍ မကောင်းမှုကိုမပြုခဲ့သူတို့သည် မြစ်အတွင်းမှတက်၍ ကုန်းပေါ်၌ အိပ်ကြကုန်၏။

မကောင်းမှုပြုခဲ့သူတို့သည် မြစ်အတွင်းသို့သက်ဆင်း၍သဲပြင်ပေါ်၌ အိပ်ကြကုန်၏။

ထိုသို့အိပ်နေစဉ် မိုးကြီးတက်လာပြီး တခဲနက်သောမိုးရေကို ရွာသွန်းလေ၏။

မြစ်အတွင်း၌ရေအလျင်သည် စီးလာပြီး၊ ပရိတ်သတ်နှင့်အတူ ဝိဋ္ဋဗ္ဗူဘကို သမုဒ္ဒရာသို့ပို့လိုက်လေ၏။ အားလုံးသောလူတို့သည် သမုဒ္ဒရာအတွင်း၌ ငါးလိပ်တို့၏အစာ ဖြစ်လေကုန်၏။

လူအပေါင်းသည် ဆိုလတ္တံ့သော စကားကိုထွက်ပေါ်စေ၏။

သာကီဝင်တို့၏သေရခြင်းသည် မသင့်လျော်ချေ။ သာကီဝင်တို့ကို ဤသို့ဤပုံထုရိုက်၍သတ်ကုန်၏။ ဤသို့အသတ်ခံရခြင်းသည် မလျောက်ပတ်ချေဟုသည်တည်း။

မြတ်စွာဘုရားသည် ထိုစကားကိုကြားတော်မူ၍ ရဟန်းတို့ ဤကိုယ်-ဤဘဝ၌သာကီဝင်တို့၏ ဤပုံသေရခြင်းသည်မသင့်လျော်သည်မှာ မှန်သော်လည်း သာကီဝင်တို့သည် အတိတ်ဘဝကပြုခဲ့ဘူးသော အကုသိုလ်ကံ၏ အလိုအားဖြင့် သင့်လျော်သော သေခြင်းကိုသာ ရအပ်ပေသည်ဟု မိန့်တော်မူသည်။

မြတ်စွာဘုရားသာကီဝင်တို့သည် အတိတ်ဘဝ အဘယ်မကောင်းမှုကံကို ပြုခဲ့ကြပါကုန်သနည်းဟု လျှောက်ထားကုန်၏။

သေလေသူသာကီဝင်အားလုံးတို့သည် စိတ်တူကိုယ်တူတပေါင်းတည်း မြစ်အတွင်း၌ အဆိပ်ခပ်ခဲ့ဘူးကြကုန်ပြီဟု ဟောတော်မူသည်။

နောက်ထပ်တစ်ခုသောနေ့၌ ဓမ္မသဘင်ဝယ်ရဟန်းတို့သည် စကားကို ထွက်ပေါ်စေကြပြန်သည်။

ဝိဋ္ဋဗ္ဗူဘသည် ဤမျှလောက်သောသာကီဝင်တို့ကိုသတ်၍ပြန်လာစဉ် သူ၏စိတ်နှလုံးအလိုအပြီးအဆုံး မရောက်မီပင်ဤမျှလောက်သော လူကိုယူဆောင်၍ မဟာသမုဒ္ဒရာအတွင်း၌ ငါးလိပ်တို့အစာဖြစ်လေပြီဟူသတည်း

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ -

ရဟန်းတို့ ယခုအချိန်၌အဘယ်စကားဖြင့် စုဝေးနေကြသနည်းဟု မေးတော်မူသဖြင့် ဤမည်သော စကားဖြင့်စုဝေးနေကြပါသည်ဟု လျှောက်ထားအပ်လေသော် -

ကြီးစွာသောရေအလျင်သည် အိပ်ပျော်နေသောရွာသူရွာသားကို လွှမ်းအုပ်လျက် မဟာသမုဒ္ဒရာ၌ နစ်မြုပ်စေသကဲ့သို့ သေမင်းသည် စိတ်နှလုံးအလိုအပြီးအဆုံး - မရောက်မီမှာပင် ဤသတ္တဝါတို့၏ ဇီဝိတိန္ဒြေကို ဖြတ်တောက်၍ အပါယ်လေးစင်း သမုဒ္ဒရာအတွင်း၌ နစ်မြုပ်စေတော့သည်ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာကို ဟောတော်မူသည် -

> ပုပ္ဖါနိဟေဝ ပစိနန္တံ၊ ဗျာသတ္တမနသံ နရံ။
> သုတ္တံဂါမံ မဟောဃောဝ၊ မစ္စုအာဒါယ ဂစ္ဆတိ။

မဟောဃော-ရှည်လျားကြီးစွာသောရေအလျင်သည်၊ သုတ္တံ-အိပ်ပျော်နေသော၊ ဂါမံ-ရွာသူ

ရွှာသားကို၊ အာဒါယ-လွှမ်းမိုးယူဆောင်၍၊ ဂစ္ဆတိ-ကြွဝ-သွားသကဲ့သို့။

မစ္ဆ-သေမင်းသည်၊ ပုပ္ဖါနိဟေဝ-ပုပ္ဖါနိဇေဝ-အာရုံငါးခန်း ကာမဂုဏ်ပန်းတို့ကိုသာ၊ ပစိနန္တံ-ရှာဖွေဆွတ်ခွေနေသော၊ဗျာသတ္တမနသံ-ရမရအစုံ ကာမဂုဏ် အရပ်ရပ်၌ ကပ်ငြိစိတ်ရှိသော၊ နရံ-လူကို၊ အာဒါယ-အပါယ်လေးဖြာ သမုဒ္ဒရာ ရောက်အောင်ယူဆောင်၍၊ ဂစ္ဆတိ-ဆင်းရဲချမ်းသာမျက်နှာကြီးငယ် မရွယ်မစား သွားလေတော့သတည်း။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ရောက်ကြကုန်၏။ လူအပေါင်းတို့၏ အကျိုးရှိသောဓမ္မဒေသနာ ဖြစ်ပါလေ၏။

ဝိဒ္ဒုရ ဇျာတ ဝတ္ထု ပြီး၏။

## ၂၉။ မစ္ဆရိယကောသိယသူဌေးဝတ္ထု

ရာဇဂြိုဟ်မြို့၏အနီး၌ သက္ကာရအမည်ရှိသော နိဂုံးရွာကြီးရှိလေ၏။ ထိုရွာ၌ကုဋေရှစ်ဆယ် ကြွယ်ဝသော မစ္ဆရိယကောသိယအမည်ရှိသော သူဌေးတစ်ယောက် ရှိနေလေ၏။

ထိုသူဌေးသည်တခြားသူတို့အား မြက်ပင်ဖျားဖြင့်တို့ယူ၍ပါသော ဆီပေါက်ကိုသော်လည်း မပေး မကမ်းလေ၊ မိမိလည်းမစားမသောက် မသုံးစွဲ။

ဤသို့လျှင်ထိုသူဌေး၏စည်းစိမ်ဥစ္စာသည် သားမယားစသူတို့၏ အကျိုးကိုလည်း မဖြစ်စေ၊ ဘီလူး ယက္ခိုက်၊ သိမ်းဆည်းထားသောရေကန်ကဲ့သို့ သုံးဆောင်ခြင်းမရှိ ပကတိအတိုင်းတည်နေလေ၏။

မြတ်စွာဘုရားသည် တစ်ခုသောနေ့ လင်းအားကြီး အချိန်မဟာကရုဏာ သမာပတ်မှ ထတော် မူ၍လောကဓာတ်အားလုံး၌ ကျွတ်ထိုက်သူမမ္မမိတ်ဆွေတွိကို ရှုကြည့်တော်မူလတ်သော် သာဝတ္ထိမြို့မှ လေးဆယ့်ငါးယူဇနာအထက်၌ နေသောမစ္ဆရိယ-ကောသိယသူဌေး၏ သူဌေးကတော်နှင့်အတူ သောတာ ပတ္တိဖိုလ်၏ မှီရာအကြောင်းကိုကောင်းကောင်းကြီးမြင်တော်မူလေ၏။

မြတ်စွာဘုရားထိုသို့မြင်တော်မူရာ နေ့မှရှေ့ဖြစ်သော နေ့၌ကောသိယ သူဌေးသည် မင်းထံခစားရန် ရာဇဂြိုဟ်ပြည်သို့သွား၍ မင်းကိုခစားပြီးပြန်လာစဉ် ဆာလောင်သည်ဖြစ်၍ မုန့်အိုးကင်း၌ကြော်ပြီးသော မုယောမုန့်ကိုစားနေသော ဇနပုဒ်နေလူတစ်ယောက်ကိုမြင်ရလေသော် မုယောမုန့်၌မွတ်သိပ်ဆာလောင်သည် ဖြစ်၍ သူ့အိမ်သို့ရောက်အောင်သွားပြီး၊ ဤသို့ကြံစည်နေလေ၏။

အိုးကင်း၌ကြော်သောမုန့်ကိုစားလိုသည်ဟု ငါကပြောခဲ့လျှင် ငါနှင့်အတူ စားလိုသူ လူများစွာ ဖြစ်ပေါ် လာလိမ့်မည်၊ ဤသို့ဖြစ်လျှင် ငါ၏နှမ်း၊ ဆန်၊ တင်လဲ၊ ထောပတ်စသည်တို့များစွာကုန်လိမ့်မည်၊ မည်သူ့ကိုမျှ မပြောဘဲနေမည်ဟူ၏။

ဤသို့ကြံစည်လျက်မုန့်ကြော်စားလိုမှု တဏှာကိုသည်းခံလျက်နေလေ၏။ အချိန်ကြာလာသော် ထိုသူဌေးသည် ဖြူပတ်ဖြူရော် အကြောပြိုင်းပြိုင်းထနေသော ကိုယ်ရှိသူဖြစ်လေ၏။

ထို့နောက်သူဌေးသည် စားလိုသောတဏှာကိုသည်းမခံနိုင်တော့၍ အိမ်ခန်းအတွင်းဝင်ပြီးကုတင်ပေါ်၌ မှောက်လျက်အိပ်နေလေ၏။ ထိုသူဌေးသည် ဤအခြေအနေသို့ရောက်နေသော်လည်း ပစ္စည်းလျော့မည်မှ ကြောက်သဖြင့် မည်သူ့အား မည်သူ့စကားကိုမျှမပြောဆိုလေ။

ထိုအခါသူဌေးကတော်သည် သူဌေးထံချဉ်းကပ်၍ကျောကိုလက်ဝါးဖြင့်ပွတ်သပ်ပြီး အို-အိမ်ရှင်၊ အရှင့်မှာဘယ်လိုမချမ်းသာမှုဖြစ်နေပါသလဲ

ငါ့မှာ မချမ်းသာမှုဘာတစ်ခုမျှမရှိချေ၊

ဘယ်လိုလဲ-အရှင့်အား မင်းကြီးကအမျက်ထွက်သလား၊ စိတ်ဆိုးသလား။

ငါ့အားမင်းကလည်း အမျက်မထွက်ပါဘူး၊ မင်းကြီးကအမျက်မထွက်လျှင် အရှင်၏သားသမီးတို့က ဒါမှမဟုတ် ကျွန်အမှုလုပ်စသူတို့က အရှင် မနှစ်သက်တာ ပြုထားတာတစ်စုံတခုရှိသလား။

ဒီလိုလည်းမရှိပါဘူး။

တစ်မျိုးမျိုးတစ်ခုခုအပေါ် မှာအရှင်၏လိုချင်နှစ်သက်သာယာမှုတဏှာရှိသလား။

ကောသိယသူဌေးသည် ဇနီးမယားကဤသို့ပင်ပြောဆိုမေးမြန်းငြားသော်လည်း၊ ပစ္စည်းလျော့ သွားမည်မှ ကြောက်သဖြင့်ဘာကိုမျှမပြောမဆိုအ သံတိတ်ခါအိပ်နေလေ၏။

ထိုအခါသူဌေးကိုဇနီးဖြစ်သူက အို-အရှင်ပြောသာပြောပါ၊ အရှင့်မှာတစ်မျိုးမျိုး တစ်ခုခုအပေါ်လိုချင်နှစ်သက်သာယာမှု တဏှာရှိပါသလားဟုအကြိမ်ကြိမ်မေးမှသာသူဌေးသည်စကားကိုမျိုထားသကဲ့သို့ (လည်နင်နေသကဲ့သို့) ငါ့မှာလိုချင်နှစ်သက်သာယာမှု တဏှာရှိတယ်ဟုပြောလေ၏။

အရှင်ဘာကိုလိုချင်ပါသလဲ။

အိုးကင်းကြော်မုံ့ကိုစားချင်တယ်။

စားချင်လျက်သားနှင့်ကျွန်မအားဘာအတွက်ကြောင့်မပြောရသလဲ၊ အရှင်သည်ဆင်းရဲသူမို့လား၊ ယခုကျွန်တော်မနိဂုံးရွာ နေသူအားလုံးစား လောက်အောင်အိုးကင်းကြော်မုန့်ကိုကြော်ပါမည်။

အဲဒီလူတွေနှင့်အဲဒီမုန့်တွေဖြင့် သင့်မှာဘာလုပ်စရာလဲ၊ ကိုယ့်ဘာသာကြော် စားကြလိမ့်မယ်။

ဒါဖြင့်လျှင်တစ်လမ်းတည်း နေသူတို့စားလောက်အောင်ကြော်ပါမည်။

နင်အဗျာသယစိတ်နေစိတ်ထားကြီးမြတ်မှန်းကိုငါသိတယ်။

ဒါဖြစ်လျှင်အရှင်၏သားမယားတွေလောက် စားလောက်အောင်ကြော်ပါမည်။

နင်ဘာလုပ်ဖို့လဲ။

ဒါဖြစ်လျှင် အရှင်တစ်ယောက်စာကိုသာကြော်ပါမည်။

ဒီနေရာမှာကြော်လျှင် လူတွေစားချင်ကြမှာ၊ ဒီတော့အလုံးကောင်းတဲ့ဆန်တွေကို ဖယ်ထားပြီး၊ ဆန်ရိုးကျိုး၊ ဖိုခနောင့်အိုးကင်းနှင့် နွားနို့နည်းနည်း၊ ထောပတ်နည်းနည်း၊ ပျားရည်နည်းနည်းယူပြီး ဘုံခုနစ်ဆင့်ရှိပြာသဒ်၏ အထက်ဆုံး ပြာသဒ်ပေါ်မှာတက်ကြော်ချေ၊ အဲဒီမှာငါတစ်ယောက်တည်း ထိုင်စားမည်။

သူဌေးကတော်သည် ကောင်းပါပြီဟုဝန်ခံပြီးယူသင့်ရာကိုယူ၍ အထက်ဆုံးပြာသဒ်အပြင်သို့ တက်ပြီး ကျွန်မတို့ကိုစေလွှတ်၍ သူဌေးကိုခေါ်စေ၏။

သူဌေးသည်ပြာသဒ်အောက်ထပ်မှစ၍ တံခါးတို့ကိုပိတ်စဉ် တံခါးအားလုံးတို့၌ မင်းတုန်းထိုး၍ ခုနစ်ခုမြောက်ပြာသဒ်ပေါ်သို့တက်၍ ထို့အပြင်၌လည်း တံခါးပိတ်၍ထိုင်နေလေ၏။

သူဌေးကတော်လည်း ဖိုခနောင့်အကြား၌မီးမွှေး၍ ဖိုခနောင့်ပေါ် အိုးကင်းတင်ပြီး မုန့်ကြော်ရန် အားထုတ်လေပြီ။

ထိုအချိန်တွင်မြတ်စွာဘုရားသည် နံနက်စောစောကပင် မဟာမောဂ္ဂလာန်ထေရ်ကို မိန့်ထားတော်မူပြီ။

မောဂ္ဂလာန်ရာဇဂြိုဟ်မြို့အနီး သက္ကာရနိဂုံးရွာ၌မစ္ဆရိယသူဌေးသည် အိုးကင်းကြော်မုံ့တို့ကို စားမည်အကြံဖြင့်တခြားသူတို့မြင်မည်မှကြောက်သဖြင့် ဘုံခုနစ်ဆင့်ရှိသော ပြာသဒ်ထက်၌ အိုးကင်းကြော်မုန့်တို့ကိုကြော်ခိုင်းထားသည် သင်သည် ထိုပြာသဒ်သို့သွား၍ သူဌေးကိုဆုံးမ၍ ယဉ်ကျေးအောင်ပြုပြီး၊ သူဌေးလင်မယားနှစ်ယောက်နှင့်ကြော်ပြီး၊ မုန့်၊ နွားနို့၊ ထောပတ်၊ ပျားရည်၊ တင်းလဲတို့ကိုယူစေကာ သင့်အစွမ်းဖြင့် ဇေတဝန်ကျောင်းသို့ခေါ်ဆောင်ခဲ့။

ယနေ့ငါဘုရားသည် ရဟန်းငါးရာနှင့်အတူကျောင်း၌သာနေတော်မူမည်၊ အိုးကင်းကြော်မုန့်ဖြင့်သာဆွမ်းကိစ္စကိုပြုတော်မူမည်။

မောဂ္ဂလာန်ထေရ်သည်မြတ်စွာဘုရား-ကောင်းပါပြီဘုရားဟုမြတ်စွာ ဘုရား၏စကားတော်ကို နာခံ၍ထိုခဏ၌ပင်တန်ခိုးတော်အစွမ်းဖြင့်သက္ကာရ နိဂုံးရွာသို့ကြွတော်မူ၍ ထိုပြာသဒ်၏ ခြသေ့်ခံသောတံခါးပေါက်၌

သက်န်းကို ကောင်းစွာဝတ်ရုံလျက်ကောင်းကင်၌ပင် ပတ္တမြားရုပ်တုကဲ့သို့ ရပ်တည်တော်မူ၏။

သူဌေးကြီးသည် မောဂ္ဂလာန်ထေရ်ကိုမြင်လေလျှင်နှလုံးသား တုန်လှုပ်လေ၏၊ အဘယ်သို့တုန်လှုပ်သနည်းဟူမူ၊ ငါသည်ဤသို့သော ပုဂ္ဂိုလ်တို့၏ပင် မြင်မှာကိုကြောက်သဖြင့် ဤနေရာသို့လာခဲ့သည်။ ဤရဟန်းသည်လည်း ကောင်းကင်ခရီးဖြင့်လာ၍ ပြတင်းပေါက်တံခါးဝ၌ ရပ်နေလေ၏ဟု တုန်လှုပ် လေ၏။

သူဌေးသည်တစ်စုံတစ်ခုကိုင်ယူသင့်သည်ကို မမြင်သည်ဖြစ်၍ မီးပုံ၌ ထည့်အပ်သော ဆားသကြားတို့ကဲ့သို့ ဒေါသဖြင့်တဖျတ်ဖျတ်ဖြစ်လျက် -

အို-ရဟန်းသင်သည်ကောင်းကင်၌ရပ်တည်နေသော်လည်း အဘယ်ကို ရလိမ့်မည်နည်း၊ ခြေရာမထင်သောကောင်းကင်၌ ခြေရာကိုထင်စွာပြ၍ စင်္ကြံသွားနေသော်လည်း ရလိမ့်မည်မဟုတ်ဟုပြောဆိုလေ၏။

မောဂ္ဂလာန်ထေရ်သည် တံခါးပေါက်အနီး ထိုကောင်းကင်အရပ်၌ပင် လူးလာပြန်ခေါက်စင်္ကြံလျှောက်နေတော်မူသည်။

သင်သည်စင်္ကြံသွားနေသည်ဖြစ်၍ အဘယ်ကိုရလိမ့်မည်နည်း၊ ကောင်းကင်၌ တင်ပလ္လင်ခွေထိုင်နေသော်လည်း ရလိမ့်မည်မဟုတ်သည်သာဟု သူဌေးကပြောပြန်၏။

မောဂ္ဂလာန်ထေရ်သည် ကောင်းကင်၌တင်ပလ္လင်ခွေ၍နေတော်မူသည်၊ ထိုအခါမောဂ္ဂလာန်ထေရ်ကို သင်သည်ကောင်ကင်၌ ထိုင်နေသည်ဖြစ်၍ (ထိုင်နေလို့) ဘာကိုရလိမ့်မည်နည်း။ လာ၍ပြတင်းပေါက်တံခါးခုံ၌ ရပ်နေသော်လည်းရလိမ့်မည်မဟုတ်ဟု သူဌေးကပြောပြန်၏။

မောဂ္ဂလာန်ထေရ်သည် ပြတင်းပေါက်တံခါးခုံ၌ ရပ်နေတော်မူသည်။

တံခါးခုံ၌ရပ်နေသော်လည်း ဘာကိုရလိမ့်မည်နည်း၊ အခိုးလွှတ်၍ နေသော်လည်းဘာကိုမျှ ရလိမ့်မည်မဟုတ်သည်သာဟု ပြောဆိုပြန်၏။

မောဂ္ဂလာန်ထေရ်လည်း အခိုးလွှတ်တော်မူလေပြီ၊ ပြာသဒ်အားလုံး အခိုးလုံးဖြစ်နေလေ၏။ သူဌေး၏မျက်လုံးတို့မှာအပ်ဖြင့်ထိုးရာ အခါကဲ့သို့ဖြစ်နေလေ၏။

ထိုသို့ဖြစ်နေသော်လည်း အိမ်မီးလောင်မည်မှာကြောက်သဖြင့်သင်သည် အလျှံပြောင်ပြောင်တောက်လောင်နေသော်လည်း ရလိမ့်မည်မဟုတ်ဟုမပြောမူ၍။

ဤရဟန်းသည်လွန်စွာကပ်ငြိသည်။ မရလျှင်ပြန်သွားလိမ့်မည်မဟုတ်၊ ဤရဟန်းအားမုံ့ကြော်တစ်ခုကိုပေးခိုင်းမည်အကြံဖြင့်သူဌေးကတော်ကို -

ရှင်မ မုန့်ငယ်တစ်ခုကြော်၍ရဟန်းအားပေးပြီး၊ ရဟန်းကိုပြန်ခိုင်းလိုက်ပါဟု ပြောလေ၏။

သူဌေးကတော်သည် မုန့်ညက်ပျဉ်အနည်းငယ်ကိုအိုးကင်း၌ထည့်လေ၏။ ကြီးစွာသောမုန့်ဖြစ်၍ ဆီအိုးကင်းတစ်ခုလုံးကိုပြည့်စေပြီး၊ ဖူးဖူးရောင်သကဲ့သို့ ဖြစ်တည်နေလေ၏။

ကောသိယသူဌေးသည်၊ ထိုသို့ဖြစ်ပုံကို မြင်လေသော် -

နင်က မုန့်ညက်ပျဉ်များများကို ယူထည့်တာဖြစ်လိမ့်မည်ဟု ပြောဆိုကာ ကိုယ်တိုင်သာ ယောင်းမပြားဖြင့် မုန့်ညက်ပျဉ်အနည်းငယ်ကိုယူ၍ဆီအိုးကင်း၌ ထည့်လေ၏။

မုန့်သည်အစဦး မုန့်ထက်အလွန်ကြီးသောမုန့်ဖြစ်လေ၏။ ဤသို့လျှင် ကြော်တိုင်း၊ ကြော်တိုင်းသောမုန့်သည်ကြီးသည်ထက် ကြီးသောမုန့်သာ ဖြစ်နေလေ၏။

သူဌေးသည်ငြီးငွေ့လာသည်ဖြစ်၍ သူဌေးကတော်ကို - ရှင်မဤရဟန်း အားမုန့်တစ်ခုကိုပေးလိုက်ဟု ပြောလေ၏။

သူဌေးကတော်သည် မုန့်ထည့်ခြင်းမှ မုန့်တစ်ခုကိုကိုင်ယူစဉ် မုန့်အားလုံးတို့သည် ကပ်ငြိပါလာကုန်၏။ သူဌေးကတော်သည် သူဌေးကြီးကို - အိုအိမ်ရှင် မုန့်တွေအားလုံးတပေါင်းတည်းကပ်ကုန်ပြီ ကျွန်မတစ်ခုစီဖြစ်အောင်မတတ်နိုင်ပါဟု ပြောလေ၏။

သူဌေးသည်ငါလုပ်မည်ဟု ပြော၍လုပ်သော်လည်း မုန့်တစ်ခုစီဖြစ်အောင် မတတ်နိုင်ချေ။ လင်မယားနှစ်ယောက်စလုံး မုန့်များအစွန်း၌ကိုယ်စီကိုင်၍ ဆွဲခွာကြသော်လည်း ခွာမရနိုင်အောင်ဖြစ်နေကုန်သည်သာ။ ထိုမှနောက် မုန့်တို့နှင့် အတူအားစိုက်၍ခွာနေစဉ်မှာပင် သူဌေးကိုယ်မှ ချွေးတွေထွက်လာကုန်၏။ စားလိုမှုတဏှာကင်းပြတ်လေပြီ၊ ထိုအခါသူဌေးကတော်ကိုရှင်မ၊ ငါအားမုန့်တို့ဖြင့်အလိုမရှိ မုန့်ခြင်းတောင်းနှင့်အတူမုန့်တွေအားလုံးကို ဤရဟန်းအားပေးလိုက်ဟုပြောလေ၏။

သူဌေးကတော်သည် မုန့်ခြင်းတောင်းကိုယူ၍ မောဂ္ဂလာန်ထေရ်ထံအနီးကပ်၍ပေးလှူလေ၏။

မောဂ္ဂလာန်ထေရ်သည် သူဌေးနှင့်သူဌေးကတော်နှစ်ဦးလုံးတို့အား တရားဟောလေ၏။ ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးကိုမိန့်တော်မူ၏။ ပေးလှူအပ်သောအလှူ၏အကျိုးရှိ၏၊ ပူဇော်အပ်သောပူဇော်မှုအကျိုးရှိ၏ဟု ပေးလှူအပ်သောဒါနစသည်တို့၏ အကျိုးကို ကောင်းကင်အပြင်၌ လပြည့်ဝန်းကို ပြသကဲ့သို့ ပြတော်မူလေ၏။

ထိုတရားစကားကိုကြားရလေသော်၊ ကြည်ညိုစိတ်ရှိလာသူဖြစ်၍ ကောသိယသူဌေးသည်, အရှင်ဘုရားကြွတော်မူပြီး ဤပလ္လင်၌ထိုင်၍ ဘုဉ်းပေးတော်မူပါဟု လျှောက်ထားလေ၏။

မောဂ္ဂလာန်ထေရ်သည် သူဌေးကြီးမြတ်စွာဘုရားသည် မုန့်ဆွမ်းကို-ဘုဉ်းပေးမည်အစီအစဉ်ဖြင့် ရဟန်းငါးရာနှင့်အတူသာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေတော်မူသည်၊ သင်တို့နှစ်သက်လိုလားခဲ့သော် ငါသည်သင်တို့ကိုယူဆောင်သွားမည် သူဌေးကတော်ကိုကြော်ပြီးမုန့်များနှင့် နွားနို့စသည်တို့ကိုကိုင်ယူပါစေ၊ မြတ်စွာဘုရားထံသွားကြကုန်စို့ဟုမိန့်တော်မူလေ၏။

အို-အရှင်ဘုရား၊ ယခုမြတ်စွာဘုရားအဘယ်မှာနေတော်မူပါသနည်း၊

ဤသက္ကာရနိဂုံးရွာမှ လေးဆယ့်ငါးယူဇနာအထက် ဇေတဝန်ကျောင်းတော်၌ နေတော်မူတယ် သူဌေးကြီး။

အရှင်ဘုရား မွန်းတည့်ချိန်ကိုမလွန်မီ ဤမျှဝေးသောခရီး ကိုအဘယ်သို့ သွားကြပါမည်နည်း။

သူဌေးကြီးသင်တို့ နှစ်သက်လိုလားခဲ့သော် ငါသည်သင်တို့ ကိုငါ၏တန်ခိုး-အစွမ်းဖြင့်ဆောင် ယူသွားမည်၊ သင်တို့၏ပြာသာဒ်၌ လှေကားဦးသည် သူ၏တည်မြဲနေရာ၌သာဖြစ်လိမ့်မည်၊ သင်တို့၏ လှေကားအဆုံးသည် ဇေတဝန်ကျောင်းတံခါးမုခ်၌ ဖြစ်လိမ့်မည်၊ ပြာသာဒ်အထက်မှ ပြာသာဒ်အောက်တို့ တက်ဆင်းရာအချိန်မျှဖြင့်ပင် ဇေတဝန်ကျောင်းတော်သို့ ပို့ဆောင်မည်ဟု မိန့်တော်မူလေ၏။

သူဌေးသည်အရှင်ဘုရား ကောင်းပါပြီဟု ခံယူလေ၏။ မောဂ္ဂလာန်ထေရ်သည် ပြာသာဒ်လှေကားဦးကိုမူလတည်နေရာ၌သာ တည်အောင်ပြု၍ လှေကားခြေရင်းသည် ဇေတဝန်ကျောင်းတံခါးမုခ်၌ ဖြစ်စေသတည်းဟု အဓိဋ္ဌာန်တော်မူသည်။

အားလုံးအဓိဋ္ဌာန်အတိုင်း ဖြစ်လေ၏။

ဤသို့လျှင်မောဂ္ဂလာန်ထေရ်သည် သူဌေးနှင့်သူဌေးကတော်ကိုပြာသာဒ်အထက်မှ ပြာသာဒ်အောက်သို့တက်ဆင်းရာအချိန်ထက်အလွန်လျှင်မြန်စွာ ဇေတဝန်ကျောင်းတော်သို့ရောက်စေတော်မူပြီ။ (ပို့ဆောင်တော်မူပြီ)။

ကောသိယသူဌေးနှင့်သူဌေးကတော်နှစ်ဦးတို့လည်း မြတ်စွာဘုရားထံချဉ်းကပ်ကြ၍ ဆွမ်းဘုဉ်းပေးချိန်ကို လျှောက်ထားကြလေကုန်၏။

မြတ်စွာဘုရားသည်ဆွမ်းဘုဉ်းပေးရာ ကျောင်းတော်သို့ဝင်တော်မူပြီး၊ ခင်းထားအပ်သော မြတ်သောဘုရားနေရာတော်၌ ရဟန်းသံဃာနှင့်အတူ သီတင်းသုံးတော်မူသည်။

သူဌေးကြီးသည်ဘုရားအမှူးရှိသော ရဟန်းသံဃာအားအလှူရေစက်သွန်းချ၍လှူဒါန်းလေ၏။

သူဌေးကတော်လည်းမြတ်စွာဘုရား၏သပိတ်တော်၌ မုန့်ကိုထည့်လှူလေ၏။

မြတ်စွာဘုရားသည်ကိုယ်တော်အား မျှတရုံဖြစ်သောမုန့်ကို ခံယူတော်မူသည်။

ရဟန်းငါးရာတို့လည်း မျှတရုံဖြစ်သောမုန့်ကိုခံယူကြကုန်၏။

သူဌေးသည် နွားနို့၊ ထောပတ်၊ ပျားရည်၊ တင်လဲစသည်တို့ကို ပေးလှူစဉ် ကုန်ခမ်းခြင်းသို့မရောက်လေပြီ။

မြတ်စွာဘုရားသည်ရဟန်းငါးရာတို့နှင့်အတူ ဆွမ်းကိစ္စကိုပြီး စေတော်မူပြီး သူဌေးကြီးသည်လည်းသူဌေးကတော်နှင့် အတူမုန့်ကိုအလိုရှိ တိုင်းစားလေပြီ၊ မုန့်တို့၏ကုန်ဆုံးခြင်းသည်ပင်မထင်ရှားလေ။

ဇေတဝန်ကျောင်းတိုက်တစ်ခုလုံး၌ ရဟန်းတော်အားလုံးနှင့်စားကြွင်း(တောင်းစားသူ)တို့အား လှူပေးကြကုန်သော်လည်း မုန့်တို့၏ကုန်ဆုံးခြင်းသည် မထင်ရှားသည်သာဖြစ်၏။

မြတ်စွာဘုရား, မုန့်တို့သည် ကုန်ဆုံးခြင်းသို့မရောက်ကုန်ပါဘုရားဟုမြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

ထိုသို့ဖြစ်လျှင်(မကုန်မခမ်းဖြစ်နေလျှင်)ဇေတဝန်ကျောင်း တံခါးမုခ်အနီး၌ စွန့်ပစ်ကြဟု မိန့်တော်မူသည်။

ထိုအခါမုန့်တို့ကိုတံခါး မုခ်အနီးချိုင့်ဝှမ်းရာအရပ်၌စွန့်ပစ်ကြကုန်၏။

ယနေ့တိုင်အောင်ပင် ထိုနေရာသည် အိုးကင်းကြော်မုန့်စွန့်ပစ်ရာမြေချိုင့်ဟုသာ ထင်ရှားနေ၏။ သူဌေးကြီးသည် သူဌေးကတော်နှင့်အတူ မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုး၍ နေရာတစ်ခု၌တည်နေ၏။ မြတ်စွာဘုရားသည် အနုမောဒနာပြုတော်မူသည်။ အနုမောဒနာအဆုံး၌သူဌေးကြီးနှင့် သူဌေးကတော်နှစ်ဦးလုံး သောတာပတ္တိဖိုလ်၌ တည်ကြကုန်၍ မြတ်စွာဘုရားကိုရှိခိုးပြီး ဇေတဝန်တံခါးမုခ်၌တည်နေသော-စောင်းတန်းလှေကားသို့တက်ကြကာ မိမိတို့ပြာသာဒ်၌သာ တည်ကြလေကုန်၏။

ထိုအချိန်မှစ၍ ကောသိယသူဌေးသည် ကုဋေရှစ်ဆယ်ပစ္စည်းဥစ္စာကို မြတ်စွာဘုရားသာသနာတော်၌သာ ဖြန့်ကြဲလေပြီ။

ကောသိယသူဌေးအား မြတ်စွာဘုရား၊ တရားဟောပြီးနောက်နေ့ ညနေချမ်း အချိန်ဝယ် ဓမ္မသဘင်၌ စုဝေးနေကြသော ရဟန်းတို့သည် -

ငါ့ရှင်တို့ မဟာမောဂ္ဂလာန်၏အာနုဘော်အား စွမ်းရည်သတ္တိကို ကြည့်မြင်ကြကုန်လော၊ မစ္ဆရိယသူဌေးကို သဒ္ဓါတရားကိုလည်းမထိခိုက် စည်းစိမ်ဥစ္စာတို့ကိုလည်း မထိခိုက်စေဘဲ၊ တခဏခြင်းဖြင့်သာ ဆုံးမ၍ မာနကင်းအောင်၊ ယဉ်ကျေးအောင်ပြုပြီး မုန့်တို့ကိုယူစေကာ၊ ဇေတဝန်ကျောင်းတော်သို့ခေါ်ဆောင်၍ မြတ်စွာ ဘုရား၏ရှေ့တော်မှောက် မျက်နှာထင်ထင်မြင်ရအောင်ပြုပြီး သောတာပတ္တိဖိုလ်၌တည်စေပြီ။ အံ့ဩဖွယ်ရှိပါပေစွ၊ မဟာမောဂ္ဂလာန်ထေရ်အာနုဘော်စွမ်းအား ကြီးမားတော်မူပါပေသည်ဟု မဟာမောဂ္ဂလာန်ထေရ်၏ ဂုဏ်ကျေးဇူးကိုချီးမွမ်းစကားပြောကြားကုန်လျက် ထိုင်နေကြလေကုန်၏။

မြတ်စွာဘုရားသည် ဒိဗ္ဗသောတဓာတ်ဖြင့် ရဟန်းတို့ပြောစကားကိုကြားတော်မူလေသော် ကြွလာတော်မူကာ -

ရဟန်းတို့ သင်တို့သည် ယခုအချိန်၌ အဘယ်စကားဖြင့်စုဝေးနေကြသနည်းဟု မေးတော်မူ၍၊ ဤမည်သောစကားဖြင့် စုဝေးနေကြပါသည်ဟု လျှောက်ထားအပ်လေသော် - ရဟန်းတို့ အမျိုးသား၊ အမျိုးသမီးကိုယဉ်ကျေးလိမ္မာအောင် ဆုံးမသောရဟန်းသည် သဒ္ဓါတရားနှင့်စည်းစိမ်ဥစ္စာတို့ကို မထိခိုက်ဘဲ၊ အမျိုးကိုမ ပင်ပန်းစေဘဲ၊ မညှဉ်းဆဲမူ၍ ပန်းပွင့်မှဝတ်ရည်ကိုစုတ်ယူသော ပိတုန်းကဲ့သို့အနီး သို့ကပ်ရောက်၍ ဗုဒ္ဓဂုဏ်တော်ကိုသိစေထိုက်သည်၊ ငါဘုရား၏သားတော် မောဂ္ဂလာန်သည်၊ ထိုပိတုန်းနှင့်တူပေသည်ဟု မောဂ္ဂလာန်ထေရ်ကိုချီးမွမ်း၍ ဆိုလတ္တံ့သော ဤဂါထာကိုဟောတော်မူသည်။

ယထာပိ ဘမရောပုပ္ဖံ၊ ဝဏ္ဏဂန္ဓမဟေဌယံ။

ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနီစရေ။

ဘမရော- ပန်းဝတ်မှုံကိုစုတ်ငုံစားသုံးပျားပိတုန်းသည်၊ ပုပ္ဖံ-ပန်းပွင့်ကို လည်းကောင်း၊ ဝဏ္ဏဂန္ဓံ-ပန်းပွင့်အဆင်းအရောင်နှင့်ပန်းအနံ့ကိုလည်းကောင်း၊ အဟေဌယံ-မပျက်စီးစေဘဲ၊ ရသံ-ပန်းဝတ်ရည်ကို၊ အာဒါယ-စုတ်ယူ၍၊ ပလေတိ-ယထာပိ-ပျံသွားသကဲ့သို့၊ ဧဝံ-ပျားပိတုန်းနှင့်အတူ၊ မုနီ-သေက္ခအသေက္ခ အပြားရှိသော အနာဂါရိယမုနိသည်(ရဟန်းသည်) ဂါမေ-ရွာ၌၊ ပုပ္ဖံ-ပန်းပွင့်နှင့်တူသောသဒ္ဓါတရားကို လည်းကောင်း၊ ဝဏ္ဏဂန္ဓံ-ပန်း၏အဆင်းအနံ့နှင့်တူသော ပစ္စည်းဥစ္စာကိုလည်းကောင်း၊ အဟေဌယံ+ အဟေဌယန္တော-မပျက်စီးစေဘဲ၊ ရသံ-ပန်းဝတ်ရည်ပမာ သုံးဆောင်စရာပစ္စည်းလေးဖြာ အရသာကို၊ အာဒါယ-ယူ၍၊ စရေ-ကျင့်ရာ၏။

ဒေသနာတော်အဆုံး၌ပရိတ်သတ်များစွာတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ရောက်ကြလေကုန်၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကိုဟောတော်မူ၍ မဟာမောဂ္ဂလာန်ထေရ်၏ လွန်ကဲသောဂုဏ်ကျေးဇူးကိုထင်ရှားပြခြင်းငှာ။

ရဟန်းတို့ ယခုအခါ၌သာ မောဂ္ဂလာန်သည် မစ္ဆရိယသူဌေးကိုဆုံး မအပ်သည်မဟုတ်၊ ရှေးအခါ၌ လည်း၊ မစ္ဆရိယသူဌေးကိုဆုံးမ၍ကံတရားနှင့် ကံ၏အကျိုးတရားဆက်စပ်ပုံကို သိစေသည်သာတည်းဟု မိန့်တော်မူပြီး၊ ဤအနက်အဓိပ္ပာယ်ကိုထင်ရှားပြလိုတော်မူသည်ဖြစ်၍ အတိတ်ဖြစ်ရပ်အတ္ထုပ္ပတ္တိ ကိုဆောင်ယူတော်မူကာ

ဥဘော ခဉ္ဇာ ဥဘော ကုဏီ၊ ဥဘော ဝိသမစက္ခုကာ။

ဥဘိန္နံ ပီဠကာ ဇာတာ၊ နာဟံ ပဿာမိ ဣလ္လိသံ။

ဟူသော ဣလ္လိသဇာတ်ကိုဟောတော်မူလေပြီ။

မဟာရာဇ-ဗြဟ္မဒတ်မင်းကြီး၊ ဥဘော- နှစ်ယောက်လုံးတို့သည်၊ ခဉ္ဇာ- ခြေခွင်ကုန်၏။ (ခွင်သော ခြေရှိကုန်၏) ဥဘော- နှစ်ယောက်လုံးတို့သည်၊ ကုဏီ- လက်ကောက်ကုန်၏။ (ကောက်သောလက်ရှိကုန်၏) ဥဘော- နှစ်ယောက်လုံးတို့သည်၊ ဝိသမစက္ခုကာ-မညီသောမျက်လုံးရှိကုန်၏ (ကြည့်၍မကောင်း စွေစောင်းသော မျက်စိရှိကုန်၏)

ဥဘိန္နံ- နှစ်ယောက်လုံးတို့၏၊ ပီဠကာ- မှဲ့လုံးတို့သည်၊ ဇာတာ - ဖြစ်ပေါ် နေကုန်၏။ အဟံ- ကျွန်ုပ်ဆေတ္တာသည်၊ ဣလ္လိသံ- ဣလ္လိသသူဌေးကို၊ နပဿာမိ- မမြင်မသိနိုင်ပါ။

**မစ္ဆရိယကောသိယသူဌေးဝတ္ထုပြီး၏။**

## ၃၀။ ပါဝေယျကတက္ကတွန်းဝတ္ထု

သာဝတ္ထိမြို့၌ အိမ်ရှင်မတစ်ဦးသည် ပါဝေယျအမည်ရှိသော တက္ကတွန်းကို သားအရာ၌ထား၍ ကျွေးမွေးစောင့်ရှောက်နေလေ၏။

ထိုအမျိုးသမီး၏ အိမ်နှင့်ကပ်လျက်ရှိသော အိမ်တို့၌ လူတို့သည်၊ မြတ်စွာဘုရား၏ ဓမ္မဒေသနာတော်ကို ကြားနာ၍ပြန်လာကြပြီး -

မြတ်စွာဘုရား၏ ဓမ္မဒေသနာတော်သည် ချီးကျူးအံ့ဩဖွယ်ရှိပါပေ၏ဟု အမျိုးမျိုးသောစကားတို့ဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ချီးမွမ်းပြောဆိုကြကုန်၏။

အမျိုးသမီးသည်မြတ်စွာဘုရား၏ ဂုဏ်တော်ကို ပြောဆိုကြောင်းဖြစ်သော- စကားကိုကြားရလေသော် ဇေတဝန်ကျောင်းတော်သို့သွား၍ တရားနာယူလိုသဖြင့် သားဖြစ်သူပါဝေယျအား မြတ်စွာဘုရား၏ ဂုဏ်တော်နှင့်ဆက်စပ် ပြောဆိုနေကြကြောင်းကို ပြောပြပြီး၊ အမောင် - ငါသည် မြတ်စွာဘုရားထံသွားမည်ဟုပြောလေ၏။

ပါဝေယျသည် မိခင်မသွားပါနှင့်ဟု တားမြစ်သည်ရှိသော်၊ ပါဝေယျကို အကြိမ်ကြိမ်သွားခွင့်တောင်းဆိုသော်လည်း တားမြစ်မြဲတားမြစ်သည်သာဖြစ်၏။

အမျိုးသမီးသည် - ဤပါဝေယျသည်ငါ့အား ကျောင်းသို့သွား၍ တရားနာခွင့်ကိုမပေး၊ မြတ်စွာဘုရားကိုပင့်လျှောက်၍ ဤအိမ်၌သာ တရားနာတော့မည် အကြံဖြင့် ညနေချိန်ဝယ်သား ပါဝေယျကို ခေါ်၍ သားပါဝေယျသွားပါချေ၊ နက်ဖြန်ကောင်းမှုအကျိုးငှာ မြတ်စွာဘုရားကိုပင့်လျှောက်ပါဟု ပြောဆိုစေလွှတ်လေ၏။

ပါဝေယျသည် အိမ်မှထွက်သွား၍ ရှေးဦးစွာ တက္ကတွန်းတစ်ဦး၏ နေရာအရပ်သို့သွားပြီး တက္ကတွန်းကို ရှိခိုး၍ ထိုင်နေလေ၏။ ထိုအခါပါဝေယျကို ထိုတက္ကတွန်းက သင်ဘယ်ကိုသွားမည်နည်းဟုမေးလေ၏။

မိခင်၏ စကားဖြင့်မြတ်စွာဘုရားကို ပင့်ဖိတ်ရန်သွားမည်ဟု ပြန်ပြောလေ၏။

မြတ်စွာဘုရားထံသင်မသွားလေနှင့် -

အို-အရှင်မတားမြစ်ပါနှင့် ကျုပ်မိခင်ကိုကြောက်ပါသည်။ ကျုပ်သွားပါမည်။

သင်မသွားပါနှင့် မြတ်စွာဘုရားအားလှူဒါန်းမည့်စားဖွယ်သောက်ဖွယ်ကို ငါ့တို့နှစ်ယောက်စားကြရအောင်။

အရှင်မတားမြစ်ပါနှင့်၊ ကျုပ်မိခင်က ကျုပ်ကို ငေါက်ငမ်းခြိမ်းခြောက်ပါလိမ့်မည်။

သို့ဖြစ်လျှင် သွားပေတော့၊ သို့သော်လည်း သွားပင့်လျှောက်သည့်အခါ တပည့်တော်တို့အိမ်ကို ဘယ်ရပ်ကွက်ဘယ်လမ်း ဘယ်ခရီးဖြင့် ကြွရောက်ရမည်ဟု မလျှောက်ပါနှင့်။

ကျောင်းအနီးအနား၌ ရှိနေသကဲ့သို့အခြားခရီးဖြင့်သွားသကဲ့သို့ ထွက်ပြေးလာခဲ့ဟုပြော၏။

ပါဝေယျသည် တက္ကတွန်း၏စကားကိုနားထောင်ပြီး မြတ်စွာဘုရားထံ သွားရောက်ပင့်လျှောက်၍တက္ကတွန်းပြောသော အမှတ်အသားဖြင့်ပင် အလုံးစုံကိုပြုကာ တက္ကတွန်းထံပြန်လာလေ၏။

အသို့နည်း၊ ငါပြောသည့်အတိုင်း သင်ပြုခဲ့သလော။

အရှင် အားလုံးကိုပြုခဲ့ပါသည်။

သင်သည် ကောင်းသည့်ကို ပြုအပ်ပေ၏။ မြတ်စွာဘုရားအား လှူဒါန်းမည့်စားဖွယ်သောက်ဖွယ်ကို

ငါတို့နှစ်ယောက်လုံးစားကြမည်ဟု ပြောထားကြလေ၏။

နောက်တစ်နေ့၌ တက္ကတွန်းသည် အချိန်စောစောကပင် ပါဝေယျ၏ အိမ်သို့သွားလေ၏။ တက္ကတွန်းကိုခေါ်၍ အိမ်ခန်းနောက်ဘက်၌ နေစေကြကုန်၏။

အိမ်နီးချင်းလူတို့သည် အမျိုးသမီး၏နေအိမ်ကို နွားချေးအစိုဖြင့် ကပ်လိမ်း၍ ပေါက်ပေါက်ပါ ငါးမျိုးရှိသော ပန်းပွင့်တို့ကိုကဲဖြန့်၍ မြတ်စွာဘုရား သီတင်းသုံးရန် မြတ်သောပုဂ္ဂိုလ်တို့နှင့် ထိုက်တန်သော နေရာကို ခင်းထားကြကုန်၏။

ဘုရားရှင်တို့နှင့်အတူ လေ့လာမှုမပြုဘူးသူတို့သည် နေရာခင်းပုံကို နားမလည်ကြလေကုန်။

ထူးခြားပုံကား - မြတ်စွာဘုရားတို့အား လမ်းညွှန်မည့်သူက ညွှန်ပြမှုကိစ္စ မည်သည်မရှိပါချေ။ မဟာဗောဓိပင်ရင်း၌ စကြဝဠာလောကဓာတ်တစ်သောင်းကို တုန်လှုပ်စေကာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ရာနေ့ကပင်လျှင် ဘုရားရှင်တို့အား

ဤလမ်းခရီးသည် ငရဲသို့သွားသည်၊ ဤလမ်းခရီးသည် တိရစ္ဆာန်ဘဝသို့သွားသည်၊ ဤလမ်းခရီးသည် ပြိတ္တာဘဝသို့သွားသည်၊ ဤလမ်းခရီးသည် လူ့လောကသို့သွားသည်၊ ဤလမ်းခရီးသည် နတ်ပြဟ္မာလောကသို့သွားသည်၊ ဤလမ်းခရီးသည် မဟာအမြိုက်နိဗ္ဗာန်သို့သွားသည်ဟု လမ်းအားလုံးတို့သည် ထင်ရှားပြီးဖြစ်ကုန်၏။

ရွာနိဂုံးစသည်တို့၏ သွားရာလမ်းခရီး၌ကား ဆိုဖွယ်ပင်မရှိတော့ချေ။

ထို့ကြောင့်မြတ်စွာဘုရားသည် နံနက်စောစောအချိန်ကပင် သပိတ်၊ သင်္ကန်းကိုယူ၍ မဟာဥပါသိကာ၏အိမ်သို့ ကြွရောက်တော်မူပြီ။

မဟာဥပါသိကာသည် အိမ်မှထွက်၍ မြတ်စွာဘုရားကို ငါးမျိုးသော တည်ခြင်းရှိသော ရှိခိုးခြင်းဖြင့်ရှိခိုး၍ အိမ်တွင်းသို့ဝင်ကြွစေကာ ခင်းထားသောနေရာ၌သီတင်းသုံးစေပြီး ရေစက်သွန်းချ၍ မွန်မြတ်သောခဲဖွယ်ဘောဇဉ်ဖြင့် ဆက်ကပ်ပြုစုလေ၏။

ဥပါသိကာသည် ဆွမ်းကိစ္စပြုပြီး မြတ်စွာဘုရား၏သပိတ်တော်ကို အနုမောဒနာပြုစေလို၍ ယူကိုင်ထားလေ၏။

မြတ်စွာဘုရားသည် သာယာလှစွာသော အသံတော်ဖြင့် အနုမောဒနာတရားစကားကိုသာ ဟောပြအားထုတ်တော်မူပြီ

ဥပါသိကာသည် ကောင်းပေစွ၊ ကောင်းပေစွဟု ကောင်းချီးပေးကာ တရားကိုနာယူလေ၏။

တက္ကတွန်းလည်း အိမ်ခန်းနောက်ဘက်၌ ထိုင်နေလျက်ပင် ကောင်းချီးပေးကာ တရားနာယူနေသော ဥပါသိကာ၏ကောင်းချီးပေးသံကို ကြားရလေသော် ပကတိသဘော၌ ရပ်တည်နိုင်စွမ်းမရှိပြီ။ တက္ကတွန်းသည် ဤမိန်းမသည် ယခုအချိန်၌ ငါ၏တပည့်မ မဟုတ်တော့ပြီဟု အိမ်ခန်းနောက်ဘက်မှ ထွက်လာပြီး သူယုတ်မ သင်ပျက်စီးချေပြီ၊ ဤဂေါတမအား ဤသို့ပူဇော်မှုကိုပြုသည်ဟု အမျိုးမျိုးသောဆဲရေးကြောင်းစကားဖြင့် ဥပါသိကာကိုလည်းကောင်း မြတ်စွာဘုရားကိုလည်းကောင်း ဆဲရေးလျက်ထွက်ပြေးလေ၏။

ဥပါသကာသည် တက္ကတွန်းစကားကြောင့် ရှက်သည်ဖြစ်၍ အခြားအာရုံသို့ရောက်နေသော စိတ်သည် ဒေသနာတော်ကိုအမြဲအစဉ်မှတ်ထင်စေခြင်းဖြင့် အသိဉာဏ်ကို စေလွှတ်ခြင်းငှာမစွမ်းနိုင်ချေ။

ထိုအခါဥပါသကာကို မြတ်စွာဘုရားက - ဥပါသိကာ အဘယ်သို့နည်း၊ သင်၏စိတ်ကို ဒေသနာတော်သို့ အစဉ်လိုက်အောင်မတတ်နိုင်လေသလောဟု မိန့်တော်မူရာ - မြတ်စွာဘုရား၊ ထိုတက္ကဟွန်း၏

စကားကြောင့် တပည့်တော်မ၏ စိတ်သည် အခြားအာရုံသို့ ကပ်ရောက်နေပါသည်ဘုရားဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ဤလိုဝိသဘာဂလူ၏စကားကို ဆင်ခြင်စဉ်းစားနေရန် မသင့်ချေ၊ ဤစကားမျိုးကို နှလုံးမသွင်းမူ၍ မိမိ၏ပြု-မပြုကိုသာ ကြည့်ရှုသင့်သည် ဟုမိန့်တော်မူကာ တရားဒေသနာ ဤဂါထာကို ဟောပြတော်မူသည်။

န ပရေသံ ဝိလောမာနိ၊ န ပရေသံ ကတာကတံ။

အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိစ။

ပရေသံ-တခြားသူတို့၏၊ ဝိလောမာနိ-ကြမ်းတမ်းသောစကားတို့ကို၊ န- မနသိကာတဗ္ဗာနိ-နှလုံးမသွင်းအပ်ကုန်၊ ပရေသံ-တခြားသူတို့၏၊ ကတာကတံ- ပြုအပ်သည် မပြုအပ်သည်ကို၊ န-ဩလောကေတဗ္ဗံ-မကြည့်ရှုအပ်၊ အတ္တနောဝ - မိမိ၏သာ၊ ကတာနိစ-ပြုအပ်သည်တို့ကိုလည်းကောင်း၊ အကတာနိစ-မပြုအပ် သည်တို့ကိုလည်းကောင်း၊ အဝေက္ခေယျ-ရှုကြည့်ရာ၏။

ထိုဂါထာ၏ အဓိပ္ပာယ်ကား -

သူတစ်ပါးတို့၏ ခက်ထန်ကြမ်းကြုတ်သောစကား၊ မသင့်လျော်ရာကို ပြောဆိုသောစကားတို့ကို စိတ်၌မထားအပ်၊ နှလုံးမသွင်းအပ်၊ မစဉ်းစားအပ်။

ဤမည်သော ဥပါသိကာသည် သဒ္ဓါတရားမရှိ၊ ကြည်ညိုသူမဟုတ်၊ သူ၏အိမ်၌ တစ်ဇွန်း၊ တစ်ယောင်းမ ဆွမ်းစသည်ကိုလည်း ပေးကမ်းလှူဒါန်းခြင်းမရှိ၊ စာရေးတံဆွမ်းစသည်လည်း မရှိ၊ သင်္ကန်းအစရှိသော ပစ္စည်းပေးလှူမှု မရှိ၊ ဤမည်သော ဥပါသိကာသည်လည်း ဤနည်းပင်ဖြစ်၏။ ဤအမည်ရှိသော ရဟန်းသည်သဒ္ဓါတရားမရှိ ကြည်ညိုသူမဟုတ်။ ဥပဇ္ဈာယဝတ်ကိုလည်းမပြု၊ အာဂန္တုကဝတ်၊ ဂမိကဝတ်၊ စေတီယင်္ဂဏဝတ်၊ ဥပေါသထာ ဂါရဝတ်၊ ဘောဇနာ သာလာဝတ်၊ ဇန္တာဃရဝတ်စသည်တို့ကို လည်း မပြု၊ ဤအမည်ရှိသော ရဟန်းအားတစ်စုံတစ်ခုသောဝတ်လည်းမရှိ ဘာဝနာ၌ပျော်ပါးဖို့ရာ အားထုတ်ရုံမျှလည်းမရှိ၊ ဤသို့သူတစ်ပါးတို့၏ပြုအပ်သည် မပြုအပ်သည် ကိုမကြည့်ရှုအပ်။

ငါအဖို့အဘယ်သို့ဖြစ်လျက် ညအချိန်နေ့အချိန်တို့သည် လွန်သွားလေကုန်သနည်း၊ ကုန်သွားလေကုန်သနည်းဟု ရှင်ရဟန်းပြုနေသူသည်မပြတ် ဆင်ခြင်ထိုက်သည်။ ဆင်ခြင်ရမည်ဟူသော မြတ်စွာဘုရား၏ ဩဝါဒတော်ကို အမြဲတမ်းအမှတ်ရနေသော သဒ္ဓါ-ပဗ္ဗဇိတ အမျိုးကောင်းသားသည် အဘယ်သို့နည်း၊ ငါသည်အနိစ္စ၊ဒုက္ခ၊ အနတ္တဟု လက္ခဏာရေးသုံးပါးသို့တင်၍ အားထုတ်မှုကိုပြုနိုင်ပြီလော မပြုနိုင်သေးသလောဟု မိမိ၏ပြုအပ် မပြုအပ်၊ ပြု-မပြုကိုသိမြင်အောင်ရှုကြည့်ရမည်ဟု ဆိုလိုသည်။

ဒေသနာတော်အဆုံး၌ ဥပါသိကာသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဒေသနာတော်သည် အများလူအဖို့အကျိုးရှိသော ဒေသနာတော်ဖြစ်လေ၏။

**ပါဝေယျကတက္ကတွန်း ဝတ္ထု ပြီး၏။**

## ၃၁။ ဆတ္တပါဏိဥပါသကာဝတ္ထု

သာဝတ္ထိမြို့၌ ပိဋကတ်သုံးပုံဆောင် အနာဂါမ်အရိယာဆတ္တပါဏိအမည်ရှိသော ဥပါသကာ တစ်ယောက်ရှိလေ၏။

ဆတ္တပါဏိသည် နံနက်စောစော၌ပင် ဥပုသ်စောင့်နေသူဖြစ်၍ မြတ်စွာဘုရားအား ဆည်းကပ်ရာ အရပ်သို့ သွားလေ၏။

ဥပုသ်စောင့်နေသူဟူသော စကားသည်မှန်၏။ အနာဂါမ်အရိယာသာဝကတို့အား ဆောက်တည်ခြင်း အားဖြင့် ဥပုသ်စောင့်သုံးမှုမည်သည်မရှိချေ။ ထိုအနာဂါမ်အရိယာသာဝကတို့၏ ဗြဟ္မစရိယသည် လည်းကောင်း(မေထုန်မှ ရှောင်ကြဉ်ခြင်းကိုဆိုလိုသည်)နံနက်စာတစ်ထပ်သာစားခြင်းသည်လည်းကောင်း၊ အနာဂါမိမဂ်ဖြင့်သာ ပုဂ္ဂိုလ်၏သန္တာန်၌ရောက်လာလေ၏။

ထို့ကြောင့်ပင် မြတ်စွာဘုရားသည် -

မင်းကြီး ဃဋိကာရအိုးထိန်းသမားသည် ဧကဘတ္တိကော နံနက်စာတစ်ထပ်သာစား၏။ အကျင့်မြတ် ကိုကျင့်၏၊ သီလရှိ၏၊ ကောင်းသောသဘောရှိဟု ဟောတော်မူ၏။

ဤသို့လျှင် အနာဂါမ်လူပုဂ္ဂိုလ်တို့သည် ပင်ကိုပကတိအားဖြင့်သာ နံနက်စာထမင်းတစ်ထပ်စားသူ အကျင့်မြတ်ကိုကျင့်သူများဖြစ်ကြသည်။

ဆတ္တပါဏိဥပါသကာသည် ထိုသဘောအတိုင်းပင်ဥပုသ်စောင့်သူဖြစ်၍ မြတ်စွာဘုရားထံ ချဉ်းကပ် ရှိခိုးတရားနာလျက်နေလေ၏။

ထိုအချိန်တွင် ကောသလမင်းကြီးသည် မြတ်စွာဘုရားအား ဆည်းကပ်ရာနေရာသို့လာနေလေ၏။

ဆတ္တပါဏိဥပါသကာသည်လာနေသော ကောသလမင်းကြီးကိုမြင်လေသော် ငါသည်ထိုင်ရာမှ ထသင့်သလော၊ မထသင့်သလောဟု စိတ်ကူး၍ငါသည် အမြတ်ဆုံးဖြစ်သော မင်း၏အနီး၌နေသူဖြစ်၏။ ထိုသို့သော ငါ၏ပဒေသရာဇ်မင်းကိုမြင်၍ ထခြင်းငှာမသင့်၊ မထဘဲနေသော် ငါ့အားကောသလမင်းကြီးသည် အမျက်ထွက်လိမ့်မည်။ (သဘောကျမည်မဟုတ်)ကောသလမင်းသည် အမျက်ထွက်သော်လည်း ငါထလိမ့်မည် မဟုတ်။

မင်းကြီးကိုမြင်၍ နေရာမှထသူသည် မင်းကြီးကိုအလေးပြုသူဖြစ်၏ မြတ်စွာဘုရားကို အလေးပြုသူ မဟုတ်၊ ထို့ကြောင့်ငါသည် နေရာမှမထတော့ ပြီးအကြံဖြင့် နေရာမှမထပြီ။

အသိအလိမ္မာရှိသော ယောကျ်ားတို့မည်သည် အလွန်အလေးပြုအပ်သူတို့၏အနီး၌ထိုင်၍ မထသူကို မြင်လျှင် အမျက်မထွက်ကြလေကုန်။

ကောသလမင်းကြီးသည်ကား သူလာစဉ်မထသော ဆတ္တပါဏိကိုမြင်လျှင်ဒေါသဖြင့် ပျက်စီးသော စိတ်ရှိသူဖြစ်၍ မြတ်စွာဘုရားကိုရှိခိုးပြီး တစ်နေရာ၌ထိုင်နေလေသည်။

မြတ်စွာဘုရားသည် ကောသလမင်းကြီးအမျက်ထွက်သည်ကို သိတော်မူ၍ -

မင်းကြီး-ဤဆတ္တပါဏိဥပါသကာသည် ပညာရှိသည်၊ မြင်အပ်သောတရားရှိသည်၊ ပိဋကတ်သုံးပုံကို ဆောင်သည်၊ အကျိုးရှိရာ မရှိရာ၌တတ်ကျွမ်းလိမ္မာသည်ဟု ဆတ္တပါဏိဥပါသကာ၏ ဂုဏ်ကိုမိန့်တော်မူသည်။

ဆတ္တပါဏိဥပါသကာ၏ ဂုဏ်နှင့်စပ်ဆိုင်သောစကားကိုကြားရလျှင် ကောသလမင်းကြီး၏ စိတ်နှလုံး သည်နူးညံ့သွားလေသည်။

ထိုအချိန်မှ နောက်ဖြစ်သောနေ့တစ်နေ့၌ ကောသလမင်းကြီးသည် ပြာသာဒ်ပေါ်၌ ရပ်နေလျက် ထမင်းစားပြီး၍ ထီးဆောင်းဖိနပ်စီးပြီး မင်းရင်ပြင်၌ သွားနေသော ဆတ္တပါဏိဥပါသကာကို မြင်ရလေသော် အခေါ်ခိုင်းလေသည်။

ဆတ္တပါဏိဥပါသကာသည် ထီးနှင့်ဖိနပ်ကိုဖယ်ရှားရုပ်သိမ်းပြီးကော သလမင်းကြီးထံချဉ်းကပ်ရှိခိုး၍ တစ်နေရာ၌တည်နေလေ၏။

ထိုအခါ ကောသလမင်းကြီးသည် ဆတ္တပါဏိဥပါသကာကို ဤသို့ပြောဆို၏။

အို-ဥပါသကာ အဘယ့်ကြောင့်သင်သည် ထီးနှင့်ဖိနပ်ကို ဖယ်ရှားအပ်သနည်း။

မင်းကြီးကခေါ်သည်ဟူသော စကားကိုကြားရ၍ ထီး၊ ဖိနပ်ကိုဖယ်ရှား ရုပ်သိမ်းပြီး လာခဲ့ပါသည် မင်းကြီး။

ယနေ့မှာမှ ငါ၏မင်းအဖြစ်ကို သင်တို့သိတာဖြစ်လိမ့်မည်။

အရှင်မင်းကြီး၊ အရှင်မင်းကြီးတို့၏ မင်းအဖြစ်ကို အချိန်ရှိတိုင်း ကျွန်တော်မျိုးတို့သိကြပါသည်။

ဒီလိုသိလျှင် ဘာကြောင့်ဟိုရှေ့ဖြစ်သောနေ့က သင်သည် မြတ်စွာဘုရားအနီး၌ ထိုင်နေပြီး ငါ့ကိုမြင်လျက်ထိုင်ရာမှ မထသနည်း။

မင်းကြီးကျွန်တော်သည် အမြတ်ဆုံးမင်းဖြစ်သော မြတ်စွာဘုရား၏အနီး၌ ထိုင်နေပါသည်။ ပဒေသရာဇ်မင်းကိုမြင်၍ နေရာမှထခဲ့သော် မြတ်စွာဘုရား၌ မလေးစားမှုကို သိစေပါသည်။ (မလေးစားရာ ရောက်ပါသည်)ထို့ကြောင့် နေရာမှမထခဲ့ပါ။

အို-ဆတ္တပါဏိဖြစ်စေတော့(ရှိပါစေတော့) ထိုအကြောင်းကိုရပ်ထားပါတော့။

သင်တို့သည် မျက်မှောက်ဘဝနှင့် တမလွန်ကာလ၌ဖြစ်ကုန်သော အကျိုးရှိ အကျိုးမဲ့တို့ကို တတ်သိနားလည်ကြသူများ ပိဋကတ်သုံးပုံဆောင်သူများဟု ကြားသိရသည်။ ငါတို့၏ နန်းတော်တွင်း၌ တရားကို ပို့ချပေးကြပါ။

အရှင်မင်းကြီး ကျွန်တော်မျိုး ပို့ချမပေးနိုင်ပါ။

ဘာကြောင့်နည်း -

အရှင်မင်းကြီး မင်း၏နန်းတော်မည်သည်မှာ အပြစ်များလှပါသည်။ ဤနန်းတော်အတွင်း၌ ရောယှက်သင့်-မရောယှက်သင့်အားဖြင့် ဝန်လေးသောအရာတို့ ရှိနေကြပါသည်။

ဤသို့မပြောပါကုန်နှင့် ဟိုရှေ့ဖြစ်သောနေ့၌ ငါမင်းကြီးကိုမြင်ပြီး မထခဲ့မိဟု ငါ့အပေါ် သံသယကုက္ကုစ္စမပြုကြပါနှင့်။

အရှင်မင်းကြီး လူတို့၏သွားလာရာအရပ်ဌာနမည်သည် ကြီးလေးသော အပြစ်ရှိသည်၊ ရဟန်းတစ်ပါးကို ပင့်လျှောက်စေ၍တရားကို ပို့ချစေတော်မူကြပါဟု လျှောက်လေ၏။

ကောသလမင်းကြီးသည် - အို - ဆတ္တပါဏိကောင်းပါပြီ သင်တို့ပြန်ကြပါ ဟုဆတ္တပါဏိကိုပြန်လွှတ်ပြီး မြတ်စွာဘုရားထံသွား၍ လျှောက်ထားတောင်းပန်လေသည်။

မြတ်စွာဘုရားမလ္လိကာမိဖုရားနှင့်ဝါသဘခတ္တိယတို့သည် တရားတော်ကို သင်ယူကြပါမည်ဟု ပြောကြပါသည်။ တပည့်တော်၏ နန်းတော်သို့ ရဟန်းငါးရာတို့နှင့်အတူ အမြဲကြွရောက်ပြီး ထိုမိဖုရားတို့အား တရားတော်ကို ညွှန်ပြတော်မူကြပါဟု လျှောက်ထားတောင်းပန်လေ၏။

မြတ်စွာဘုရားက-မင်းကြီး ဘုရားတို့မှာ အမြဲတမ်းတစ်နေရာတစ်ဌာနတည်းသို့ သွားခြင်းမည်သည်မရှိ

ဟုမိန့်တော်မူသည်။

မြတ်စွာဘုရား ထိုသို့ဖြစ်လျှင် အခြားရဟန်းတော်တစ်ပါးကို ပေးတော်မူကြပါဟု လျှောက်ထား ပြန်လေ၏။

မြတ်စွာဘုရားသည် အာနန္ဒာထေရ်ကို တာဝန်ပြုလေပြီ။

အာနန္ဒာထေရ်သည် နန်းတော်သို့ မပြတ်ကြွတော်မူ၍ထိုမိဖုရားတို့အား တရားအကျဉ်းပါဠိကို ညွှန်ကြားလေသည်။

(တရားပါဠိကို နှုတ်တိုက်ရွတ်ပြပို့ချပေးသည်ဟု ဆိုလိုသည်။)

ထိုမိဖုရားတို့တွင် မလ္လိကာမိဖုရားသည် ရိုသေစွာလိုက်နာသင်ယူ၍ ရွတ်အံသရဇ္ဈာယ်ဂ ၂ တရားပါဠိကို ခံယူထားလေသည်။

ဝါသဘခတ္တိယသည်ကား ရိုသေစွာလည်း မသင်ယူ၊ရွတ်အံသရဇ္ဈာယ်ခြင်းကိုလည်းမပြု၊ တရား အကျဉ်းကိုခံယူခြင်းငှာလည်း စွမ်းနိုင်သူမဟုတ်ချေ။

တစ်နေ့သ၌ မြတ်စွာဘုရားသည် ရှင်အာနန္ဒာထေရ်ကို မေးတော်မူလေ၏။

အာနန္ဒာ အသို့နည်း ဥပါသိကာတို့သည် တရားကိုသင်ယူကြသလော။

မှန်ပါ-မြတ်စွာဘုရား သင်ယူကြပါသည်။

အဘယ်သူသည် ရိုသေစွာသင်ယူသနည်း။

မြတ်စွာဘုရား မလ္လိကာသည် ရိုသေစွာသင်ယူပါသည်။ ရိုသေစွာ ရွတ်အံသရဇ္ဈာယ်ပါသည်။ ရိုသေစွာ တရားအကျဉ်းကို ခံယူထားခြင်းငှာ စွမ်းနိုင်ပါသည်။

အရှင်ဘုရားတို့၏ ဆွေမျိုးတော်၏သမီးဖြစ်သော ဝါသဘခတ္တိယသည်ကား ရိုသေစွာလည်း မသင်ယူပါ၊ရွတ်အံသရဇ္ဈာယ်ခြင်းကိုလည်းမပြုပါ၊ တရားအကျဉ်းကိုခံယူခြင်းငှါလည်း မစွမ်းနိုင်ပါဟု လျှောက်ထားလေသည်။

မြတ်စွာဘုရားသည် အာနန္ဒာထေရ်၏စကားကိုကြားတော်မူလေလျှင် - အာနန္ဒာ ငါဘုရားဟော အပ်သော တရားတော်မည်သည် ရိုသေစွာမနာသူ၊ မ သင်သူ၊ မရွတ်မအံသူ၊ သင်ပြသည်ကို မခံယူနိုင်သူအား အဆင်းသာရှိ၍ အနံ့မရှိသော ပန်းပွင့်ကဲ့သို့အကျိုးမရှိ၊ ရိုသေစွာကြားနာခြင်းစသည်တို့ကို ပြုလုပ်သူ အား အကျိုးများ၏၊ အာနိသင်များ၏ဟု မိန့်တော်မူကာ ဆိုလတ္တံ့သော ဤနှစ်ဂါထာတို့ကို ဟောတော်မူသည်။

၁။ ယထာပ ရုစိရံ ပုပ္ဖံ၊ ဝဏ္ဏဝန္တံ အဂန္ဓကံ။

ဧဝံ သုဘာသိတာ ဝါစာ၊ အဖလာ ဟောတိ အကုဗ္ဗတော။

၂။ ယထာပိ ရုစိရံ ပုပ္ဖံ၊ ဝဏ္ဏဝန္တံသဂန္ဓကံ။

ဧဝံ သုဘာသိတာ ဝါစာ၊ သဖလာ ဟောတိ ကုဗ္ဗတော။

၁။ ရုစိရံ-တင့်တယ်သော၊ ဝဏ္ဏဝန္တံ-အဆင်းသဏ္ဍာန်နှင့်ပြည့်စုံသော၊ အဂန္ဓကံ-အနံ့မရှိသော၊ပုပ္ဖံ- တောင်ကသစ်ပန်း၊ အောင်မည်းညိုပန်း၊ မိုးစွေပန်းသည်၊ အဖလံဝိယ-လူအရပ်ရပ်မမြတ်မနိုး အကျိုးမရှိ သကဲ့သို့၊ ဧဝံ-ဤအတူ၊သုဘာသိ တာ-ကောင်းစွာဟောကြားထားအပ်သော၊ ဝါစာ-ပိဋကတ်သုံးစားဘုရား စကားတော်သည်၊ အကုဗ္ဗတော-ရိုသေစွာနာယူခြင်းစသည်ကိုမပြုသူအား၊ အဖလာ- အကြားအမြင်ဟူသော အနံ့ဟောပြောပို့ချခြင်းဟူသောအနံ့ ကျင့်ကြံခြင်းဟူ သောအနံ့ကို၊ မဆောင်နိုင်သောကြောင့် အကျိုးမရှိသည်၊ ဟောတိ-ဖြစ်၏။

၂။ ရုစိရံ-တင့်တယ်သော၊ ဝဏ္ဏဝန္တံ-အဆင်းသဏ္ဍာန်နှင့်ပြည့်စုံသော၊ သ ဂန္ဓကံ-အနံ့လည်းရှိသော၊ ပုပ္ဖံ-စကားဝါပန်း၊ကြာညိုပန်းအစရှိသောပန်းပွင့်သည်၊ သဖလံဝိယ-ပန်ဆင်သူကိုယ်၌ အနံ့လှိုင်သဖြင့် လူအရပ်ရပ်မြတ် မြတ်နိုးနိုးအကျိုးရှိသကဲ့သို့၊ ဧဝံ-ဤအတူ၊သုဘာသိတာ-ကောင်းစွာဟောကြား ထားအပ်သော၊ ဝါစာ-ပိဋကတ်သုံးစားဘုရားစကားတော်သည်၊ ကုဗ္ဗတော-ရို သေစွာနာယူခြင်းစသည့် ပြုသင့်သည်ကို ပြုလုပ်သူအား၊ သဖလာ-အကြားအမြင်ဟူသောအနံ့၊ ဟောပြောပို့ချခြင်းဟူသောအနံ့၊ ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်းဟူသောအနံ့ကို ဆောင်ခြင်းကြောင့် များသောအကျိုးအာနိသင်ရှိသည်၊ ဟောတိ-ဖြစ်၏။

ဒေသနာတော်အဆုံး၌ ပရိတ်သတ်များစွာတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ဒေသနာတော်သည် ရဟန်းရှင်လူများစွာ၏ အကျိုးရှိသောဒေသနာတော်ဖြစ်လေ၏။

**ဆတ္တပါဏိဥပါသကာ ဝတ္ထု ပြီး၏။**

# ၄၂။ အာနန္ဒတွေ့ရပဥ္စာ ဝတ္ထု

အာနန္ဒထေရ်သည် ညနေချိန်တစ်ခု၌ တစ်ယောက်တည်းတည်း သီတင်းသုံးနေစဉ် အကြံအစည် တစ်ခုဖြစ်လေ၏။

ယင်းအကြံအစည်မှာ -

မြတ်စွာဘုရားသည် မူလဂန္ဓ(အမြစ်နံ့သာ) သာရဂန္ဓ(အနှစ်နံ့သာ) ပုပ္ဖဂန္ဓ(အပွင့်နံ့သာ)ဟု နံ့သာ မြတ်သုံးပါးတို့ကို ဟောထားအပ်တော်မူသည်။ ထိုနံ့သာသုံးမျိုးတို့၏ အနံ့သည်လေအောက်သို့သာ ရောက်သွားသည်။ လေအထက်သို့ ရောက်မသွားနိုင်။

လေအထက်သို့လည်း ရောက်သွားနိုင်သော မွှန်မြတ်သောအနံ့သည်ရှိ သလောဟူ၏။

ထို့နောက် အရှင်အာနန္ဒာ၏-မိမိအလိုလိုဆုံးဖြတ်ခြင်းဖြင့် ငါ့မှာအကျိုးမ ရှိ၊မြတ်စွာဘုရားကို မေးလျှောက်ထားမည်ဟူသော အကြံအစည်ဖြစ်ပြန်၏။

အာနန္ဒထေရ်သည် မြတ်စွာဘုရားထံချဉ်းကပ်၍ မေးမြန်းလျှောက်ထားလေ၏။

ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၌(အံ-၁-၂၂၆)ဤသို့ မိန့်ဆိုအပ်ပေသည်။

ထိုအချိန်အခါ၌ အရှင်အာနန္ဒာထေရ်သည် ညနေချိန်တစ်ခု၌ တစ်ယောက်တည်းတည်း ကိန်းအောင်း ရာမှထ၍ မြတ်စွာဘုရားထံချဉ်းကပ်ရှိခိုးပြီး နေရာတစ်ခု၌ ထိုင်နေလျက် မြတ်စွာဘုရားကို ဤသို့ စကားလျှောက်ထားတော်မူသည်။

မြတ်စွာဘုရား အမြစ်အနံ့၊ အနှစ်အနံ့၊ အပွင့်အနံ့သုံးမျိုးတို့သည် လေကြေ(လေအောက်)သို့သာ သက်ရောက်မွှေးကြိုင်နိုင်ပါသည်။ အထက်အညာ(လေအထက်)သို့ တက်ရောက်မမွှေးကြိုင်နိုင်ပါ။ လေညာလေကြေနှစ်ခုလုံး၌ မွှေးကြိုင်နိုင်သော အနံ့မျိုးရှိပါသလားဘုရား။

အာနန္ဒာ လေညာ၊ လေကြေနှစ်ခုလုံး၌ ပျံ့နှံ့မွှေးကြိုင်နိုင်သော နံ့သာမျိုးရှိပေသည်။

အာနန္ဒာ - ဤလူ့ပြည်ဝယ်ရွာ၌လည်းကောင်း၊ နိဂုံး၌လည်းကောင်း၊ အမျိုးသမီးသည်သော် လည်းကောင်း၊ အမျိုးသားသည်သော်လည်းကောင်း၊ မြတ်စွာဘုရားကို အားထားမှီခိုရာဟု ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်လေ၏။ တရားတော်ကို အားထားမှီခိုရာဟု ယုံကြည်သိမှတ်ဆည်းကပ်ကိုးကွယ်လေ၏။ သံဃာကို အားထားမှီခိုရာဟု ယုံကြည်သိမှတ်ဆည်းကပ်ကိုးကွယ်လေ၏။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ် ၏၊ ပိုင်ရှင်မပေးသောသူတစ်ပါး ဥစ္စာကို မတော်မတရားယူခြင်းမှ ရှောင်ကြဉ်၏။ ကာမတို့၌ ဖောက်ပြန် မှားယွင်း ပြုကျင့်ခြင်းမှ ရှောင်ကြဉ်၏။ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ ယစ်မူးကြောင်း၊ ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၏အကြောင်းဖြစ်သော မူးယစ်ဆေးဝါးသေရည် သေရက်ကို မှီဝဲသုံးစွဲခြင်းမှ ရှောင်ကြဉ်၏၊ သီလရှိ၏၊ ကောင်းသောသဘောရှိ၏၊ မပေးရက်၊ မလှူရက်သော သဘောမစ္ဆေရ အညစ်ကြေးမှကင်းစင်သော စိတ်ဖြင့်အိမ်ထောင်စုကို အုပ်ချုပ်နေထိုင်၏၊ လွတ်လွတ် စွန့်ကြဲ၏၊ ဖြန့်သောလက်ရှိ၏၊ စွန့်ကြဲမှု၌ မွေ့လျော်၏၊ တောင်းခံသူတို့နှင့် ရောနှောသူဖြစ်၏။ (တောင်းခံထိုက်သူဖြစ်၏) ပေးကမ်းခြင်း ခွဲခြားဝေဖန်ခြင်း၌ မွေ့လျော်၏။

ထိုအမျိုးသမီး၊ အမျိုးသား၏ဂုဏ်ကျေးဇူးကို သမဏ၊ ဗြာဟ္မဏတို့သည်(သူတော်ကောင်းတို့သည်) အရပ်ရှစ်မျက်နှာတို့၌ ပြောဆိုကြကုန်၏။

ပြောဆိုပုံကား -

ဤမည်သောရွာ၊ ဤမည်သော နိဂုံး၌၊ ဤမည်သောအမျိုးသမီး၊ ဤမည်သော အမျိုးသားသည်၊ မြတ်စွာဘုရားကို အားထားမှီခိုရာဟု ယုံကြည်သိမှတ်ဆည်းကပ်ကိုးကွယ်၏။ ပေးကမ်းခြင်း ခွဲခြားဝေဖန်ခြင်း၌ မွေ့လျော်၏ဟူသည်တည်း။

နတ်ပြဟ္မာတို့ကလည်း ထိုအမျိုးသား ထိုအမျိုးသမီး၏ ဂုဏ်၌ ကျေးဇူးကို ပြောဆိုကြကုန်၏။

ပြောဆိုပုံကား -

ဤမည်သောရွာ၊ ဤမည်သော နိဂုံး၌ ဤမည်သော အမျိုးသမီး၊ ဤမည်သော အမျိုးသားသည် မြတ်စွာဘုရားကို အားထားမှီခိုရာဟု ယုံကြည်သိမှတ်ဆည်းကပ် ကိုးကွယ်လေ၏။ ပေးကမ်းခြင်းခွဲခြား ဝေဖန်ခြင်း၌ မွေ့လျော်၏ဟူသတည်း။

အာနန္ဒာဤအနံ့မျိုးသည်သာလေညာ၊ လေကြေနှစ်ခုလုံး၌ ပျံ့နှံ့ မွှေးကြိုင်သော အနံ့ဖြစ်ပေသည်ဟု မိန့်တော်မူကာ ဤဆိုလတ္တံ့သော ဂါထာတို့ကို ဟောတော်မူသည်။

၁။ န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ။
န စန္ဒနံ တဂရမလ္လိကာဝါ။
သတဉ္စ ဂန္ဓော ပဋိဝါတမေတိ၊
သဗ္ဗာ ဒိသာ သပ္ပုရိသော ပဝါယတိ။

၂။ စန္ဒနံ တဂရံ ဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ။
ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓောအနုတ္တရော။

၁။ ပုပ္ဖဂန္ဓော - ပန်းအနံ့သည်၊ ပဋိဝါတံ၊ လေညာသို့၊ နဧတိ - မရောက်နိုင်။ စန္ဒနံဝါ - စန္ဒကူးနံ့သည် လည်းကောင်း၊ တဂရမလ္လိကာဝါ - တောင်ဇလပ် ပန်းနံ့၊ စံပယ်ပန်းနံ့တို့သည်လည်းကောင်း၊ ပဋိဝါတံ - လေညာသို့၊ နဧန္တိ - မရောက်နိုင်ကုန်။ သတံ - ဘုရားပစ္စေကဗုဒ္ဓါ - ဗုဒ္ဓသာဝကတို့၏၊ ဂန္ဓောစ - သီလ တည်းဟူသော အနံ့သည်ကား ပဋိဝါတံ - လေညာသို့၊ ဧတိ- ရောက်လေ၏။

ကသ္မာ - အဘယ့်ကြောင့်နည်းဟူမူ၊ သပ္ပုရိသော - ဘုရားပစ္စေကဗုဒ္ဓါ- ဗုဒ္ဓသာဝကတည်း ဟူသော သူတော်ကောင်းသည်၊ သဗ္ဗာ - သဗ္ဗာပိ - အလုံးစုံလည်းဖြစ်ကုန်သော၊ ဒိသာ - အရပ်မျက်နှာတို့ကို၊ အဇ္ဈောတ္ထရိတွာဝ၊ လွှမ်းမိုး၍သာလျှင်၊ ပဝါယတိ - ရောက်လေ၏။ ပျံ့လှိုင်လေ၏။ တသ္မာ - ထို့ကြောင့် ပေတည်း။

၂။ စန္ဒနံ - စန္ဒနံဝါပိ - စန္ဒကူးနံ့သည်လည်းကောင်း၊ တဂရံဝါပိ - တောင်ဇလပ်ပန်းအနံ့သည် လည်းကောင်း၊ ဥပ္ပလံဝါပိ - ကြာညိုနံ့သည် လည်းကောင်း၊ အထ - ထိုမှတစ်ပါး၊ ဝဿိကီဝါပိ - မြတ်လေး ပန်းနံ့သည်လည်းကောင်း၊ အတ္ထိ - ရှိကုန်၏၊ ဧတေသံ - ဂန္ဓဇာတာနံ - ဤနံ့သာမျိုးတို့တွင်၊ သီလဂန္ဓော ဘုရားပစ္စေကဗုဒ္ဓါ၊ ဘုရားသာဝကသူတော်ကောင်းတို့၏၊ သီလတည်းဟူသော အနံ့သည်သာ၊ အနုတ္တရော အတုမရှိအမြတ်ဆုံး ဖြစ်ပါပေ၏။

အဓိပ္ပာယ်အကျဉ်းကား -

တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပင်သည် အရှည်အမြင့်အားဖြင့်လည်းကောင်း၊ သစ်ခက် ကြီးငယ်တို့၏ အပြန့်အကျယ်အားဖြင့်လည်းကောင်း၊ ယူဇနာတစ်ရာစီရှိ၏၊ ထိုပင်လယ်ကသစ်ပင်၏ ပန်းပွင့်တို့၏အရောင်သည် ယူဇနာငါးဆယ်တိုင်အောင်ထွက်၏၊ အနံ့သည်ယူဇနာငါးဆယ်တိုင်အောင်

ပျံ့လှိုင်၏။ထိုပင်လယ်ကသစ်ပန်းတို့၏ အနံ့သည်သော်လည်း လေစုန်အရပ်အောက် အရပ်သို့သာပျံ့လှိုင်နိုင်၏။

လေညာအရပ် လေဆန်အရပ်သို့မူကား ရှစ်လက်သစ်မျှသော်လည်း မရောက်နိုင်၊ မပျံ့လှိုင်နိုင်၊ အနှစ်နံ့သာတို့တွင် အမြတ်ဆုံးဖြစ်သော စန္ဒကူးနှင့် တောင်ဇလပ်ပန်း၊ စံပယ်ပန်းတို့၏ အနံ့သည်လည်း၊ လေစုန်အရပ်သို့သာ ပျံ့လှိုင်နိုင်၏၊ လေညာအရပ်သို့ မပျံ့လှိုင်နိုင်။

သီလနှင့်ပြည့်စုံကြကုန်သော ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါနှင့် ဗုဒ္ဓသာဝက တို့၏ သီလတည်းဟူသော အနံ့သည်ကား လေညာအရပ်လေကြေအရပ် အားလုံးတို့၌ ပျံ့နှံ့နိုင်သောကြောင့် အနံ့အားလုံးတို့တွင် အတုမရှိ အမြတ်ဆုံးအနံ့ဖြစ်ပေသည်။

ဒေသနာတော်အဆုံး၌ ပရိသတ်များစွာတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ဒေသနာတော်သည် လူများစွာအဖို့ အကျိုးရှိသော ဒေသနာတော်ဖြစ်လေ၏။

**အာနန္ဒတ္ထေရပဉှာ ဝတ္ထု ပြီး၏။**

## ၃၃။ မဟာကဿပထေရ်အား ဆွမ်းအလှူ ဝတ္ထု

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နေ့တစ်နေ့၌ မဟာကဿပထေရ်သည် ခုနစ်ရက်လွန်မြောက်သဖြင့်နိ ရောဓသမာပတ်မှ ထ၍ရာဇဂြိုဟ်မြို့တွင်း၌ အိမ်စဉ်လှည့်ကာဆွမ်းခံကြွမည် အကြံဖြင့်သီတင်းသုံး နေရာမှ ထွက်ကြွလာတော်မူသည်။

ထိုအချိန်၌ သိကြားမင်း၏ အလုပ်ကျွေးဖြစ်ကုန်သော ခိုခြေအဆင်းနှင့် တူသော အဆင်းရှိသော ခြေရှိကုန်သော နတ်သမီးငါးရာတို့သည် မဟာကဿပ မထေရ်အား ဆွမ်းလောင်းလှူကြမည့် အကြံအစည်ဖြင့် အားကြိုးမာန်တက် ဆွမ်းအုပ်ငါးရာတို့ကို စီစဉ်၍ယူလာကြကာ လမ်းခရီးအကြား၌ရပ်နေကြပြီး -

အရှင်ဘုရားတပည့်တော်မတို့၏ ဤဆွမ်းကိုခံယူတော်မူကြပါ။ တပည့်တော်မတို့အား ချီးမြှောက်တော်မူကြပါဟု လျှောက်ဆိုကြကုန်၏။

သင်တို့ပြန်သွားကြ၊ ငါသည် - ဆင်းရဲသူတို့အားချီးမြှောက်မည်ဟု - မဟာကဿပမထေရ်က မိန့်တော်မူလေသော် -

အရှင်ဘုရားတပည့်တော်မတို့ကို၊ ဝါ - တပည့်တော်မတို့၏၊ ကောင်းမှုကို မဖျက်ဆီးတော်မူကြပါနှင့်၊ တပည့်တော်မတို့အား ချီးမြှောက်တော်မူကြပါဟု လျှောက်ထားကြပြန်လေသော် -

အရှင်မဟာကဿပမထေရ်သည်၊ တစ်ဖန်တားမြစ်၍ နောက်ထပ်လည်း ဖယ်ခွာမသွားလိုကြဘဲ တောင်းပန်ကြသော နတ်သမီးတို့ကို သင်တို့သည် မိမိတို့၏ ပမာဏကို(အတိုင်းအတာကို) နားမလည်ကြကုန်၊ ဖယ်ခွာသွားကြကုန်လောဟု မိန့်တော်မူလျက် လက်ဖျစ်တီးလိုက်လေ၏။

ထိုနတ်သမီးတို့သည် မထေရ်၏လက်ဖျစ်သံကို ကြားကြလေသော် ထောက်တည်၍ မထေရ်၏မျက်မှောက်၌ ရပ်တည်နေခြင်းငှာ မတတ်နိုင်ကြရကား ထွက်ပြေးကြပြီး တာဝတိံသာ နတ်ပြည်သို့ သာသွားကြလေကုန်၏။

သိကြားမင်းက သင်တို့ဘယ်ကိုသွားကြသနည်း(ဟုမေး)

နိရောဓသမာပတ်မှထတော်မူသော ရှင်မဟာကဿပထေရ်အားဆွမ်း လောင်းလှူကြမည် အကြံအစည်ဖြင့်သွားခဲ့ကြသည်အရှင်သိကြားမင်း(ဟုဖြေ)

သင်တို့ဆွမ်းလောင်းလှူခဲ့ကြရဲ့လား၊

မခံယူလိုဟု မိန့်တော်မူပါသည်။

ဘာကိုရည်ရွယ်ပြောသတဲ့နည်း၊

ဆင်းရဲသူတို့အားချီးမြှောက်မည်ဟုပြောပါသည် အရှင်သိကြားမင်း၊

သင်တို့ကဘယ်လိုပုံဖြင့်သွားကြသနည်း၊

ဤနတ်သမီးအသွင်ဖြင့်သာ သွားကြပါသည်။

သိကြားမင်းသည် သင်တို့လိုနတ်သမီးတို့က မထေရ်အားဆွမ်းကို အဘယ်မှာလှူခွင့်ရကြလိမ့်မည်နည်းဟု ပြောဆိုကာ၊ ကိုယ်တိုင်လောင်းလှူလိုသည်ဖြစ်၍၊ အိုမင်းသော၊ အသက်ကြီးသော၊ သွားကျိုးနေသော၊ ဆံဖြူနေသော၊ ကိုင်းညွတ်နေသော ကိုယ်ရှိသောရက်ကန်းသည်အို - ဖန်ဆင်း၍ သူဇာနတ်သမီးကိုလည်း အလားတူသော အမယ်အိုအသွင်ကို ဖန်ဆင်းစေပြီး ရက်ကန်းသည်တို့ နေရာလမ်း [illegible]ကို ဖန်ဆင်း၍ရက်ကန်းချည်ကိုဖြန့် တန်းလျက်နေလေ၏။

အရှင်မဟာကဿပထေရ်လည်း ဆင်းရဲသူတို့အား ချီးမြှောက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ရာဇဂြိုဟ်မြို့သို့ မျက်နှာမူကာကြွတော်မူလေသော် မြို့ပြင်ဘက်၌သာ သိကြားမင်းဖန်ဆင်းထားသော ရက်ကန်းသည်တို့နေရာ၊ ထိုလမ်းကိုမြင်တော်မူ၍၊ လှမ်းကြည့်လေလျှင်လူနှစ်ယောက်တို့ကို မြင်တော်မူလေ၏။ ထိုခဏ၌ သိကြားမင်းသည် ရက်ကန်းချည်ကို ဖြန့်တန်းနေ၏။ သူဇာနတ်သမီးသည် ရက်ဖောက်ကို ရစ်လုံးနေ၏။

အရှင်မဟာကဿပထေရ်သည် ဤအဖိုးအို၊ အမယ်အိုတို့သည် အိုမင်းနေချိန်၌လည်း အလုပ်လုပ်ကြကုန်သည်သာ၊ ဤမြို့၌ ဤသူတို့ထက် ပိုဆင်းရဲသူတို့ရှိမည်မထင်၊ ဤသူတို့ပေးလှူအပ်သော တစ်ယောက်ချိုမျှကိုသော်လည်းကောင်း၊ ဟင်းရွက်မျှကိုသော်လည်းကောင်း၊ အလှူခံယူ၍ ဤသူတို့အား ချီးမြှောက်မည်ဟု ကြံစည်လေ၏။

အရှင်မဟာကဿပထေရ်သည် ထိုသူတို့၏အိမ်သို့ မျက်နှာမူလျက် ကြွလာတော်မူသည်။

သိကြားမင်းသည် ကြွလာတော်မူသော အရှင်မဟာကဿပထေရ်ကိုမြင်၍ ဇနီး သူဇာကို။

ရှင်မ - ငါတို့၏အရှင်ကောင်းသည် ငါတို့နေရာသို့ကြွလာပြီ သင်သည် - မမြင်သူကဲ့သို့ တိတ်ဆိတ်စွာ ထိုင်နေပါ။ ငါတို့သည် တခဏဖြင့် မထေရ်ကို လှည့်စား၍ ဆွမ်းလှူကြမည်ဟု ပြောလေ၏။

မဟာကဿပထေရ်သည် ကြွလာ၍အိမ်တံခါးဝ၌ ရပ်တော်မူပြီး သိကြားမင်းနှင့် သူဇာတို့လည်း မမြင်ကုန်သကဲ့သို့(မမြင်ယောင်ဆောင်ကြပြီး)မိမိတို့အလုပ်ကိုသာ လုပ်နေကြကာ အချိန်အနည်းငယ်ဆိုင်းငံ့နေကြကုန်၏။

ထိုမှနောက်သိကြားမင်းသည် အိမ်တံခါးဝ၌ မထေရ်တစ်ပါးရပ်နေသည် ထင်၏၊ သွား၍စုံစမ်းပါဦး သူဇာရေ - ဟု ပြောလေ၏။

အို အိမ်ရှင် - အရှင်တို့သာသွား၍စုံစမ်းကြပါဟု သူဇာကပြောလေ၏။ သိကြားမင်းသည် အိမ်မှထွက်လာ၍ မထေရ်ကိုထိခြင်းငါးမျိုးရှိခိုးခြင်းနှင့် ရှိခိုးပြီးလက်နှစ်ဖက်တို့ဖြင့် ဒူးနှစ်ဖက်တို့ကိုစွဲကိုင်ကာ ညီးတွားလျက်ထပြီး ဆွမ်းရပ်နေသောအရှင်သည် အဘယ်ထေရ်နည်းဟု အနည်းငယ်နောက်ဆုတ်၍ တပည့်တော်၏မျက်လုံးတို့သည် အခိုးသန်းနေပါကုန်သည်ဟု ပြောဆိုကာနဖူး၌ လက်ကိုထား၍အထက်သို့ မော်ကြည့်ပြီး၊

ဩော် - ဒုက္ခပါဘဲ ငါတို့၏အရှင်မဟာကဿပထေရ်သည် အချိန်ကြာမြင့်မှ ငါ၏အိမ်တံခါးဝသို့ ကြွလာတော်မူသည်။ အို - ရှင်မ ငါတို့အိမ်မှာ လောင်းလှူစရာ လှူဖွယ်ပစ္စည်းတစ်စုံတခု ရှိပါသလားဟု မေးလေ၏။

သူဇာသည် အနည်းငယ်အနှောင့်အယှက်ဖြစ်သွားသလိုလုပ်ပြီး အို - အိမ်ရှင်လောင်းလှူစရာ ရှိပါသည်ဟု ပြန်ပြောလေ၏။

သိကြားမင်းသည် အရှင်ဘုရား - ဆိုးသည် ကောင်းသည်ဟု စိတ်မ ထားဘဲ တပည့်တော်တို့အား ချီးမြှောက်တော်မူပါဟု ပြောဆိုကာ မထေရ်၏လက်မှ သပိတ်ကို ကိုင်ယူလေ၏။

မထေရ်သည် ထိုသူတို့လှူအပ်သော အလှူဝတ္ထုသည် ဟင်းရွက်ပြုတ်မူလည်းဖြစ်စေ၊ ဆန်ကွဲမုန့်ဆုတ်မူလည်းဖြစ်စေ၊ ထိုသူတို့အား ငါချီးမြှောက်တော့မည်ဟု သပိတ်ကိုပေးလေ၏။

သကြားမင်းသည် အိမ်တွင်းသို့ဝင်၍ အိုးတွင်းမှထုတ်၍ အိုးထမင်းမည်သောအလှူဝတ္ထုကို သပိတ်ပြည့်အောင်ပြု၍ မထေရ်၏လက်၌ ကပ်ထားလေ၏။

ထိုဆွမ်းသည် များစွာသောဟင်းလျာရှိသော ဆွမ်းဖြစ်လေ၏။ ရာဇဂြိုဟ် မြို့အလုံးကို ဆွမ်းနံ့ဖြင့်လွှမ်းအုပ်ထားလေ၏။

ထိုအခါ မဟာကဿပထေရ်သည် ဤယောက်ျားသည် တန်ခိုးအရှိန်အဝါ နည်းသူဖြစ်၏။ သူ လောင်းလှူသောဆွမ်းသည် တန်ခိုးအရှိန်အဝါ ကြီးလှ၏။ သိကြားမင်း၏ ဘောဇဉ်နှင့်တူလှသည်။ ဤသူသည် အဘယ်သူလေနည်းဟု ဆင်ခြင်တော်မူပြီ။ ထိုအခါ ထိုသူကို သိကြားမင်းဟု သိ၍ -

သင်သိကြားသည် ဆင်းရဲသူတို့၏ စည်းစိမ်ကို လုယက်သူအဖြစ်ဖြင့် ဝန်လေးလှသော အမှုကိုပြုအပ်လေသည်။ ယနေ့ဆင်းရဲသူ တစ်ဦးတစ်ယောက်သည် ငါ့အား အလှူဝတ္ထုကို ပေးလှူရသော် စစ်သူကြီးရာထူး ကို သော်လည်းကောင်း၊ သူဌေးရာထူးကို သော်လည်းကောင်း ရရာလေ၏ဟု မိန့်တော်မူသည်။

အရှင်ဘုရား - တပည့်တော်ထက်ဆင်းရဲသူ မရှိတော့ပါ။

သင်သည် အဘယ်အကြောင်းကြောင့် ဆင်းရဲသူဖြစ်လျက် တာဝတိံသာနတ်ပြည်၌ နတ်မင်းစည်းစိမ်ကို ခံစားရသနည်း။

အရှင်ဘုရား - အရှင်ဘုရား အမိန့်ရှိတိုင်း တာဝတိံသာနတ်ပြည်၌ နတ်မင်းစည်းစိမ်ကို ခံစားရသည်မှာ မှန်ပါသည်။ သို့ပါသော်လည်း တပည့်တော် သည် မြတ်စွာဘုရားမပွင့်မီ အချိန်ကကောင်းမှုကို ပြုအပ်ခဲ့ပါသည်။

မြတ်စွာဘုရားပွင့်တော်မူသော် ကောင်းမှုကိုပြုခဲ့ကြ၍ စူဠရဠနတ်သား မဟာရဠနတ်သား၊ အနေကဝဏ္ဏနတ်သား ဟူသောတန်ခိုး အရှိန်အဝါတူညီ ကုန်သောဤနတ်သားသုံးယောက်တို့သည် တပည့်တော်၏အနီးအရပ်၌ ဖြစ်ခဲ့ကြ ပါသည်။ တပည့်တော်ထက် အရှိန်အဝါအလွန်ကြီးကြပါသည်။ အမှန်ကို လျှောက်ထားရပါလျှင် ထိုနတ်သားသုံးယောက်တို့သည် နက္ခတ်ကစားကြမည်ဟု အခြံအရံအလုပ်အကျွေး နတ်သမီးတို့ကိုခေါ်၍ နတ်ဗိမာန်တို့၏ အကြား၌ ရှိသောလမ်းသို့ သက်ဆင်းကြလေသော် တပည့်တော်သည် အလျင်အမြန်ပြေး၍ ဗိမာန်တွင်းသို့ ဝင်ရပါသည်။ မှန်ပါသည်။ ထိုနတ်သားသုံးယောက်တို့၏ ခန္ဓာကိုယ်မှ တန်ခိုးအရှိန်အဝါသည် တပည့်တော်၏ခန္ဓာကိုယ်ကို လွှမ်းမိုးပါသည်။ တပည့်တော်၏ ခန္ဓာကိုယ်မှ တန်ခိုးအရှိန်အဝါသည် ထိုနတ်သား သုံးယောက်တို့၏ ခန္ဓာကိုယ်ကို မလွှမ်းမိုးနိုင်ပါ။

အရှင်ဘုရား အဘယ်သူသည် တပည့်တော်ထက်ပို ဆင်းရဲပါသနည်းဟု လျှောက်ထားလေ၏။

သင်သည် ပြောသည့်အတိုင်း ဖြစ်သော်လည်း ဤနေ့ဤအချိန်မှ အစပြု ၍ဤလိုလှည့်စားပြီး ငါ့အား အလှူဝတ္ထုကိုမလှူပါလေနှင့်။

အရှင်ဘုရားလှည့်စား၍ အရှင်ဘုရားတို့အားအလှူဝတ္ထုကို ပေးလှူသော် တပည့်တော်အားကုသိုလ် ရှိပါသလား၊ မရှိပါသလား။

ဒကာသိကြားမင်း - ကုသိုလ်ရှိပါ၏။

အရှင်ဘုရား - ကုသိုလ်ရှိခဲ့သော် ကောင်းမှုကိုပြုလုပ်ခြင်းသည် တပည့်တော်၏ တာဝန်ဖြစ်ပါတော့သည်။

သိကြားမင်းသည် ဤသို့လျှောက်ထာပြီး ၊

မဟာကဿကထေရ်ကိုရှိခိုး၊ သူဇာကိုခေါ်၊ မထေရ်ကို လကျာ်ရစ်လှည့်ပြီး ကောင်းကင်းသို့ပျံတက်ခါ

အဟောဒါနံ ပရမဒါနံ ကဿပေ သုပ္ပတိဋ္ဌိတံဟု ဥဒါန်းကျူးရင့်လေ၏။

ကဿပေ - ကဿပထေရ်၌၊ အဟောဒါနံ - အံ့ဩလောက်သော အလှူဝတ္ထုသည်၊ ပရမဒါနံ - မြတ်သောအလှူဝတ္ထုသည်၊ သုပ္ပတိဋ္ဌိတံ - ကောင်းစွာတည်လေပြီ။

ထို့ကြောင့် ခုဒ္ဒကနိကာယ်၌ဤဆို လတ္တံ့သော စကားတော်ကို ဟောထားအပ်လေပြီ။

တစ်ခုသောအချိန်၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ဝယ် ရှဉ့်နက်တို့ကို အစာကျွေးရာ ဝါးတော၌နေတော်မူ၏။ ထိုအခါ၌ အရှင်မဟာကဿပသည် ပိတ်ချင်းလိုဏ်ဂူ၌ နေတော်မူသည်။ ခုနစ်ရက် ပတ်လုံးသမာဓိတစ်မျိုးကို ဝင်စား၍တခုတည်းသောထက်ဝယ် ဖွဲ့ခွေခြင်းဖြင့် ထိုင်နေတော်မူသည်။

ထိုအခါ အရှင်မဟာကဿပသည် ထိုခုနစ်ရက်၏ လွန်မြောက်ရာအခါ၌ ထိုသမာဓိမှထလေ၏။ ထိုအခါထိုသမာဓိမှထပြီးသော အရှင်မဟာကဿပ၏ -

ငါသည် -ရာဇဂြိုဟ်မြို့သို့ဆွမ်းခံဝင်ရမူကောင်းလေစွဟု အကြံဖြစ်လေ၏။

ထိုအချိန်အခါ၌ နတ်သမီးငါးရာတို့သည် အရှင်မဟာကဿပဆွမ်းရဖို့ ရန်ကြောင့်ကြစိုက်ကြကုန်၏။

ထိုအခါ အရှင်မဟာကဿပသည် ထိုနတ်သမီးငါးရာတို့ကို တားမြစ်ပစ်ပယ်ပြီး နံနက်အချိန်၌ သင်္ကန်းကိုဝတ်ရုံ၍ သပိတ်သင်္ကန်းကို ကိုင်ယူကာ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်လေ၏။

ထိုအချိန်၌ သိကြားမင်းသည် အရှင်မဟာကဿပအားဆွမ်းလှူလိုသည်ဖြစ်၍ ရက်ကန်းသည် အသွင်ဖန်ဆင်း၍ရက်ကန်းရက်နေ၏။ အသူရာသတို့သမီးသူဇာသည် ရက်ဖောက်ရောက်နေ၏။ ထိုအခါ အရှင်မဟာကဿပသည် ရာဇဂြိုဟ်မြို့တွင်း၌ အိမ်စဉ်လှည့်ဆွမ်းခံလျက်သိကြားမင်း၏ နေအိမ်သို့ချဉ်းကပ် လေ၏။ သိကြားမင်းသည် ကြွလာသောအရှင်မဟာကဿပကို အဝေးမှပင်မြင်လေ၏။ မြင်ပြီးလျှင်အိမ်မှ ထွက်ခရီးဦးကြိုဆိုကာလက်မှသပိတ်ကိုယူ၍အိမ်တွင်းဝင်ပြီး ထမင်းအိုးမှ ထမင်းကိုထုတ်ယူ၍သပိတ်ကို ပြည့်စေပြီး အရှင်မဟာကဿပအား လှူလေ၏။

ထိုဆွမ်းသည် များသောဟင်းရှိ၏။ များသောစားမဲဟင်းလျာရှိ၏၊ များသောအရသာရှိသော ဟင်းလျာပါ၏၊ ထိုအခါ အရှင်မဟာကဿပ၏ ဤသို့သော တန်ခိုးအာနုဘော်ရှိသော ဤသတ္တဝါသည် အဘယ်သတ္တဝါနည်း ဟုအကြံဖြစ်လေ၏။ ထိုအခါ အရှင်မဟာကဿပ၏ ဤသတ္တဝါသည် နတ်တို့ကို အစိုးရသော သိကြားမင်းသာဟုသိပြီးလျှင် နတ်တို့ကိုအစိုးရသောသိကြားမင်းကို - အို သိကြားသင်သည် ဤကိစ္စကို ပြုအပ်သည်သာ နောက်ထပ်လည်း ဤသို့သဘောရှိသော ကိစ္စကို မပြုပါနှင့်ဟူသော စကားကို မိန့်တော်မူ၏။

အရှင်ဘုရား - ကဿပ-တပည့်တော်တို့မှာလည်း ကောင်းမှုဖြင့် အလိုရှိပါ၏။ တပည့်တော်တို့လည်း ကောင်းမှုကို ပြုအပ်ပါ၏ဟု လျှောက်ထားလေ၏။ ထိုသို့လျှောက်ထားပြီးသောအခါ၌ နတ်တို့ကိုအစိုးရသော သိကြားမင်းသည် အရှင်မဟာကဿပကို ရှိခိုးပြီးကောင်းကင်သို့ပျံတက်၍ အထက်ကောင်းကင်၌ -

အဟော ဒါနံ ပရမဒါနံ ကဿပေ သုပ္ပတိဋ္ဌိတံ

အဟော ဒါနံ ပရမဒါနံ ကဿပေ သုပ္ပတိဋ္ဌိတံ

အဟော ဒါနံ ပရမဒါနံ ကဿပေ သုပ္ပတိဋ္ဌိတံ ဟုသုံးကြိမ်ဥဒါန်းကျူး ရင့်လေ၏။

ကဿပေ- အရှင်မဟာကဿပ၌၊ အဟောဒါနံ - အံ့ဩလောက်သော အလှူဝတ္ထုသည်၊ ပရမဒါနံ- မြတ်သောအလှူဝတ္ထုသည်၊ သုပ္ပတိဋ္ဌိတံ - ကောင်းစွာတည်လေပြီ။

ထိုအချိန်အခါ၌ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ တည်နေလျက်သာ သိကြားမင်း၏

ထိုအသံကို ကြားတော်မူ၍ ရဟန်းတို့ကိုခေါ်တော်မူပြီး -

ရဟန်းတို့ ဥဒါန်းကျူး၍ကောင်းကင်ခရီးဖြင့်သွားလေသော နတ်တို့သေဋ္ဌ နင်းသိကြားမင်းကိုကြည့်ကြကုန်လော့ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား သိကြားမင်းသည် အဘယ်ကိုပြုအပ်ပါသနည်း။

သိကြားမင်းသည် လှည့်စား၍ ငါဘုရား၏သားတော် ကဿပအားဆွမ်းကို လှူအပ်၏။ ဆွမ်းကိုလှူပြီး ဝမ်းမြောက်နှစ်သက်သောစိတ်ရှိ၍ ဥဒါန်းကျူးလျက်သွားလေသည်။

မြတ်စွာဘုရား ထိုသိကြားသည် အရှင်မဟာကဿပထေရ်အား ဆွမ်းကို ပေးလှူသင့်သည်ဟု အဘယ်သို့သိအပ်ပါသနည်း။

ရဟန်းတို့ ငါဘုရား၏သားတော်ကဿပနှင့် တူညီသည်မည်သော ဆွမ်းခံလှည့်လည်သူကိုနတ်တို့သည်လည်းကောင်း၊ လူတို့သည်လည်းကောင်း၊ ချစ်မြတ်နိုးကုန်၏ဟု မိန့်တော်မူပြီး ၊ ကိုယ်တော်တိုင်လည်း ဥဒါန်းကျူးတော်မူလေပြီ။

ဆွမ်းခံလှည့်လည်သော မိမိကိုယ်ကို ကျွေးမွေးပြုစုသော သူတစ်ပါးတို့ကို ကျွေးမွေးပြုစုသည် မဟုတ်သော ဝါ - သူတစ်ပါးတို့က ကျွေးမွေးပြုစုအပ်သည် မဟုတ်သော သည်းခံမှုတာဒိဂုဏ်နှင့် ပြည့်စုံသော ကိလေသာခပ်သိမ်းငြိမ်းပြီး သော၊ ဝါ ကိလေသာခပ်သိမ်းငြိမ်းပြီးသည်ဖြစ်၍ အခါခပ်သိမ်း သတိနှင့်ပြည့်စုံသောရဟန်းတော်အား နတ်တို့ကလည်း မြတ်နိုးကြကုန်၏။

မြတ်စွာဘုရားသည် ဤဥဒါန်းစကားတော်ကိုလည်း ကျူးရင့်တော်မူပြီး

ရဟန်းတို့ - နတ်တို့သေဋ္ဌနင်း သိကြားမင်းသည် ငါဘုရား၏ သားတော် ကဿပအား မွှေးကြိုင်သင်းပျံ့ သီလအနံ့ကြောင့် လာရောက်၍ ဆွမ်းကိုပေးလှူလေပြီဟု မိန့်တော်မူကာ -

အပ္ပမတ္တော အယံ ဂန္ဓော၊ ယွာယံ တဂရစန္ဒနံ။

ယောစ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။

ဟူသော ဤဂါထာကို ဟောတော်မူသည်။

ယွာယံ - ယောအယံ - တဂရစန္ဒနံ - အကြင်တောင်ဇလပ်ပန်းနံ့၊ စန္ဒကူးနံ့သည်၊ အတ္ထိ - ရှိ၏၊ အယံဂန္ဓော - ဤတောင်ဇလပ်ပန်းနံ့ စန္ဒကူးနံ့သည်၊ အပ္ပမတ္တောအနည်းငယ်မျှဖြစ်၏၊ ဝါ- အနည်းငယ်သော အတိုင်းအတာရှိ၏၊ သီလဝတံ - သီလနှင့်ပြည့်စုံသူတို့၏၊ ယောဂန္ဓော - အကြင်အနံ့သည်၊ အတ္ထိ - ရှိ၏။ သောဂန္ဓော - ထိုသီလအနံ့သည်၊ ဥတ္တမော - တောင်ဇလပ်ပန်းနံ့ စန္ဒကူးနံ့တို့ထက်မြတ်သည်ဖြစ်၍၊ ဒေဝေသုစ - နတ်တို့၌လည်း၊ ဝါတိ - ပျံ့လှိုင်လေ၏။ ဝါ - လွှမ်းမိုးသွားလေ၏။

ဒေသနာတော်အဆုံး၌ ပရိသတ်များစွာတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ရောက်ကြလေကုန်၏။

ဒေသနာတော်သည် လူများစွာအဖို့အကျိုးရှိသော ဒေသနာတော်ဖြစ်၏။

**မဟာကဿပထေရ်အား ဆွမ်းအလှူ ဝတ္ထု ပြီး၏။**

## ၃၄။ ဂေါဓိကထေရ် ပရိနိဗ္ဗာန်ပြုဝတ္ထု

မြတ်စွာဘုရားသခင် ရာဇဂြိုဟ်မြို့ကို အမှီပြု၍ ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် အရှင်ဂေါဓိက ထေရ်သည် ဣသိဂိလိတောင်နံဘေး ကျောက်ဖျာနက်ပေါ်၌သီတင်းသုံးနေစဉ် မမေ့လျော့ ပြင်းပြင်းထန်ထန် အားထုတ်သည်ဖြစ်၍ အခိုက်အတန့်ဖြစ်သောစိတ်၏ ကိလေသာမှ လွတ်မြောက်မှုသမာဓိကို ရောက်ပြီးသော် မစောင်းမလှည့်နိုင်အောင်ပြင်းထန်သော အနာရောဂါ၏ အစွမ်းဖြင့် ထိုစျာန်မှဆုတ်ယုတ်လေ၏။

ဂေါဓိကထေရ်သည် နှစ်ကြိမ်မြောက်၊ သုံးကြိမ်မြောက်၊ ခြောက်ကြိမ်မြောက် အခိုက်အတန့်ဖြစ်သော စိတ်၏ကိလေသာမှ လွတ်မြောက်မှုစျာန် သမာဓိကို ဖြစ်စေပြီးသော်၊ ယခင်နည်းအားဖြင့် စျာန်မှဆုတ်ယုတ် လေ၏။ ခုနစ်ခုမြောက်သော အလှည့်အကြိမ်၌စျာန်ကိုဖြစ်စေပြီး ဤသို့ကြံစည်မိလေ၏။

ငါသည် ခြောက်ကြိမ်တိုင်အောင်စျာန်မှ ဆုတ်ယုတ်ခဲ့ပြီ(လျော့ကျခဲ့ပြီ) ယုတ်လျော့သောစျာန်ရှိသော ပုဂ္ဂိုလ်၏လားရာဂတိသည် စင်စစ်မမြဲချေ၊ ယခုပင်လျှင် ဓားလက်နက်ကို ကိုင်ဆောင်တော့အံ့ဟုကြံမိလေ၏။

ထိုသို့ကြံပြီး ခေါင်းရိတ်ဓားငယ်ကိုကိုင်၍ လည်မျိုအကြောကိုဖြတ်ရန် ညောင်စောင်းငယ်၌ အိပ်လေ၏။

မာရ်နတ်သည် ဂေါဓိကထေရ်၏ ထိုစိတ်အကြံကို သိ၍ -

ဤရဟန်းသည် ဓားလက်နက်ကို ဆောင်လိုသူဖြစ်၏၊ ဓားလက်နက်ကို ဆောင်သူတို့သည် မိမိ အသက်၌ ငဲ့ကွက်မှုကင်းသူတို့ အမှန်ဖြစ်ကုန်၏။ ထိုသူတို့သည် ဝိပဿနာကို ဖြစ်စေခဲ့သော် အရဟတ္တဖိုလ်သို့ လည်း ရောက်ကြကုန်၏။

အကယ်၍ထိုရဟန်းကို ငါတားမြစ်ခဲ့သော်၊ ငါ၏စကားကိုလိုက်နာမည် မဟုတ်ဟုမထင်ရှားသော အသွင်ဖြင့်မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဤသို့လျှောက်ထားလေ၏။

မဟာဝီရ မဟာပည၊ ဣဒ္ဓိယာ ယသသာဇလ။

သဗ္ဗဝေရ ဘယာတီတ၊ ပါဒေဝန္ဒာမိ စက္ခုမ။

သာဝကောတေ မဟာဝီရ၊ မရဏံ မရဏာဘိဘူ။

အာကင်္ခတိ စေတယတိ၊ တံနိသေဓ ဇုတိန္ဓရ။

ကထံဟိ ဘဂဝါ တုယှံ၊ သာဝကော သာသနေ ရတော။

အပ္ပတ္တမာနသော သေက္ခော၊ ကာလံ ကယိရာ ဇနေသုတော ။

မဟာဝီရ - ကြီးမြတ်သော လုံ့လရှိတော်မူသော၊ မဟာပည - ကြီးမြတ်သော ပညာရှိတော်မူသော၊ ဣဒ္ဓိယာ - တန်ခိုးဖြင့်၊ ယသသာ - အခြံအရံ အကျော်အစောဖြင့်၊ ဇလံ - တောက်ပတော်မူသော၊ သဗ္ဗဝေရ ဘယာတီတ- ရန်ဘေးအားလုံးကို လွန်မြောက်ပြီးသော၊ စက္ခုမ - စက္ခုငါးပါးရှိတော်မူသော မြတ်စွာဘုရား (အဟံ - ကျွန်ုပ်သည်၊ တေ - အရှင်ဘုရား၏) ပါဒေ - ခြေတော်တို့ကို၊ ဝန္ဒာမိ - ရှိခိုးပါ၏။

မဟာဝီရ - လုံ့လကြီးမားရှင်တော်မြတ်ဘုရား၊ တေ - အရှင်ဘုရား၏၊ သာဝကော - တပည့် ဂေါဓိကသည်၊ မရဏာဘိဘူ - သေခြင်းသည် လွှမ်းမိုးနှိပ်စက်သူသည်(ဟုတွာဖြစ်၍) မရဏံ - သေခြင်းကို၊ အာကင်္ခတိ - လိုလားတောင့်တ၏။ စေတယတိ - စေ့ဆော်သမှုလုံ့လပြု၏၊ ဇုတိန္ဓရ - အရောင်ပြောင်ပြောင် ဆောင်တော်မူသော - မြတ်စွာဘုရား(တွံ - အရှင်ဘုရားသည်) တံ - ထိုဂေါဓိကကို၊ နိသေဓ - တားမြစ် တော်မူပါ။

ဘဂဝါ - ဘုန်းတော်ကြီးမားရှင်တော်မြတ်စွာဘုရား၊ တုယှံ - အရှင်ဘုရား ၏၊ သာသနေ - သာသနာတော်၌၊ ရတော - မွေ့လျော်သော၊ အပ္ပတ္တမာနသော - မရောက်အပ်သေးသော၊ အရဟတ္တဖိုလ်ရှိသော၊ ဝါ - အရဟတ္တဖိုလ်သို့ မရောက်သေးသော၊ သေက္ခော - ကျင့်ဆဲဖြစ်သော၊ ဇနေသုတော၊ လူအပေါင်း၌ ထင်ရှားသော၊ သာဝကော - တပည့်ဂေါဓိကသည်၊ ကထံဟိ - အဘယ်သို့လျှင်၊ ကာလံ - သေခြင်းကို၊ ကယိရာ - ပြုရာသနည်း။

(ရဟန္တာမဖြစ်သေးဘဲ သေခြင်းသည် မသင့်လျော်ပါဟု ဆိုလိုသည်)

ထိုခဏ၌ ဂေါဓိကထေရ်သည် ဓားလက်နက်ကို ဆောင်အပ်လေ၏။

(ဓားဖြင့်သူ၏လည်ပင်းကို လှီးဖြတ်သည်ဟူလို)

မြတ်စွာဘုရားသည် ရွတ်ဆိုလျှောက်ထားသူသည် မာရ်နတ်တည်းဟု သိတော်မူ၍ ဧဝံဟိဓီရာ ကုဗ္ဗန္တိ - အစရှိသော ဤဂါထာကို ဟောပြတော်မူသည်။

ဧဝံ ဟိ ဓီရာ ကုဗ္ဗန္တိ၊ နာဝကခ်န္တိ ဇီဝိတံ။

သမူလံ တဏှမဗ္ဗုယှ၊ ဂေါဓိကော ပရိနိဗ္ဗုတောတိ။

ဓီရာ - ပညာရှိတို့သည်၊ ဧဝံဟိ - ဤသို့လျှင်၊ ကုဗ္ဗန္တိ - ပြုကြကုန်၏၊ ဇီဝိတံ - မိမိအသက်ကို၊ နာဝကခ်န္တိ - မလိုလားမတောင့်တကြကုန်၊ ဂေါဓိကော - ဂေါဓိကသည်၊ သမူလံ - အဝိဇ္ဇာဟူသော အမြစ်နှင့်တကွဖြစ်သော၊ တဏှံ - တဏှာကို၊ အဗ္ဗုယှ - နှုတ်ပယ်၍၊ ပရိနိဗ္ဗုတော - ငြိမ်းလေပြီ။

ထိုအချိန်အခါ၌ မြတ်စွာဘုရားသည်များစွာသော ရဟန်းတို့နှင့်အတူ ဂေါဓိကထေရ်၏ ဓားလက်နက်ကို ဆောင်၍လှဲလျောင်းရာအရပ်သို့ကြွတော်မူလေ၏။

ထိုခဏ၌ ယုတ်မာသူမာရ်နတ်သည် -

ဤဂေါဓိက၏ပဋိသန္ဓေဝိညာဉ်သည် အဘယ်အရပ်၌တည်လေသနည်းဟု မီးခိုးအစုကဲ့သို့ အမိုက်မှောင်အပုံကဲ့သို့ဖြစ်၍ အရပ်မျက်နှာတို့၌ ဂေါဓိကထေရ်၏ ဝိညာဉ်ကို ရှာဖွေလေ၏။

မြတ်စွာဘုရားသည် ထိုမီးခိုးအစုအမိုက်မှောင် အပုံကိုရဟန်းတို့အားပြ၍ -

ရဟန်းတို့ ဤအရာသည် စင်စစ်ယုတ်မာသောမာရ်နတ်ဖြစ်သည်၊ သူသည် ဂေါဓိကအမျိုးသား၏ ဝိညာဏ်သည် အဘယ်အရပ်၌ တည်လေသနည်းဟု ဂေါဓိကအမျိုးသား၏ ဝိညာဉ်ကိုရှာဖွေနေ၏။

ရဟန်းတို့ - ဂေါဓိကအမျိုးသားသည် တည်ရာမရှိသော ဝိညာဉ်ဖြင့် ငြိမ်းလေပြီဟု မိန့်တော်မူ၏။

မာရ်နတ်လည်း ဂေါဓိက၏ဝိညာဉ်တည်ရာကို မြင်ခြင်းငှာမစွမ်းနိုင်သည်ဖြစ်၍ သတို့သားအသွင်ရှိသည်ဖြစ်၍ ဗေလုဝပဏ္ဍု(ဥသျှစ်သီးအရောင်ကဲ့သို့ ဖျော့တော့သောအရောင်ရှိသော) စောင်းကိုယူကာ မြတ်စွာဘုရားထံ ချဉ်းကပ်၍ မေးလေပြီ။

ဥဒ္ဓံ အဓောစ တိရိယံ၊ ဒိသာ အနုဒိသာ သွဟံ။

အန္ဓေသံ နာဓိ ဂစ္ဆာမိ၊ ဂေါဓိကောသော ကုဟိံဂတော။

သွဟံ - သော+အဟံ - ထိုတပည့်တော်သည် (ဂေါဓိက ကုလပုတ္တဿ - ဂေါဓိကအမျိုးသား၏၊ ဝိညာဏံ - ဝိညာဏ်ကို)ဥဒ္ဓံ - အထက်အရပ်၌ လည်းကောင်း၊ အဓောစ - အောက်အရပ်၌လည်းကောင်း၊ တိရိယံ - ဖီလာအရပ်၌လည်းကောင်း၊ ဒိသာ - တူယူအရပ်တို့၌လည်းကောင်း၊ အနုဒိသာ - ထောင့်အရပ်တို့၌လည်းကောင်း၊ အန္ဓေသံ - အန္ဓေသန္တော - ရှာမှီးသည်(ဟုတွာ - ဖြစ်၍) နာဓိဂစ္ဆာမိ - မသိပါ၊

သောဂေါဓိကော - ထို ဂေါဓိကသည်၊ ကုဟိံ - အဘယ်အရပ်သို့၊ ဂတော - သွားရောက်လေသနည်း။ (သံ - ၁ - ၁၂၃)

ထိုအခါမြတ်စွာဘုရားသည် မာရ်နတ်ကိုဤသို့ မိန့်တော်မူသည်။

ယောဓီရော ဓိတိ သမ္ပန္နော၊ ဈာယီဈာနရတောသဒါ။

အဟောရတ္တံ အနုယုဉ္ဇံ၊ ဇီဝိတံ အနိကာမယံ။

ဇေတွာန မစ္စုနောသေနံ၊ အနာ ဂန္တွာပုနဗ္ဘဝံ။

သမူလံ တဏှံမဗ္ဗုယှ၊ ဂေါဓိကော ပရိနိဗ္ဗုတော။

တဿသောကပရေတဿ၊ ဝီဏာကစ္ဆာ အဘဿထ။

တတောသော ဒုမ္မနော ယက္ခော၊ တတ္ထေဝန္တရ ဓာယထ။

ယော - အကြင်ဂေါဓိကသည်၊ ဓီရော - ပညာရှိ၏၊ ဓိတိသမ္ပန္နော - လုံ့လဝီရိယနှင့်ပြည့်စုံ၏၊ ဈာယီ - သမ္မာရတရားတို့ကို ရှုလေ့ရှိ၏။ သဒါ - အမြဲ၊ ဈာနရတော - ဈာန်၌မွေ့လျော်၏၊ အဟောရတ္တံ - နေ့ညဉ့်ပတ်လုံး၊ ဇီဝိတံ - သူ့အသက်ကို၊ အနိကာမယံ - မလိုလားမတောင့်တဘဲ၊ အနုယုဉ္ဇံ - အနုယုဇန္တော အားထုတ်၏။

သော ဂေါဓိကော - ထိုဂေါဓိကသည်၊ သမူလံ - အဝိဇ္ဇာဟူသော အမြစ်နှင့်တကွဖြစ်သော၊ တဏှံ - တဏှာကို - အဗ္ဗုယှ - နှုတ်ပယ်၍၊ မစ္စုနော - သေမင်း၏။ သေနံ - ကိလေသာဟူသော စစ်သည်ကို၊ ဇေတွာန - အောင်မြင်၍၊ ပုနဗ္ဘဝံ -တဖန်ဘဝအသစ်သို့၊ အနာဂန္တွာ - မရောက်မူ၍၊ ပရိနိဗ္ဗုတော - ငြိမ်းလေပြီ။

သောကပရေတဿ - သောကသည်နှိပ်စက်အပ်သော၊ တဿ - ထိုမာရ်နတ်၏၊ ဝီဏာ -စောင်းသည်၊ ကစ္ဆာ - လက်ကတီးကြားမှ၊ အဘဿထ္ထ၊ လျောကျလေ၏။

တတော - ထို့ကြောင့်၊ သောယက္ခော - ထိုမာရ်နတ်သည်၊ ဒုမ္မနော - နှလုံးမသာယာသည်(ဟုတွာ ဖြစ်၍) တတ္ထေဝ - ထိုအရပ်၌ပင်လျှင်၊ အန္တရဓါ ယထ - ပျောက်ကွယ်လေ၏။

မြတ်စွာဘုရားသည် - မာရ်ယုတ်ဂေါဓိကအမျိုးသား၏ဖြစ်ရာ အရပ်ဖြင့် သင့်အား ဘယ်အကျိုး ရှိအံ့နည်း။

မှန်၏၊ ထိုဂေါဓိက၏ဖြစ်ရာ အရပ်ကိုသင်ကဲ့သို့ ရှုအပ်ကုန်သော(သင်နှင့်အတူဖြစ်ကုန်သော) မာရ်နတ်တို့၏ အရာသည်သော်လည်းကောင်း၊ အထောင်သည်သော်လည်းကောင်း၊ မြင်ခြင်းငှာ မတတ်နိုင်လေဟုမိန့်တော်မူပြီး -

တေသံ - သမ္ပန္နသီလာနံ - အစချီသောဤဂါထာကို ဟောတော်မူသည်။

တေသံ သမ္ပန္နသီလာနံ၊ အပ္ပမာဒ ဝိဟာရိနံ။

သမ္မဒညာ ဝိမုတ္တာနံ၊ မာရောမဂ္ဂံ န ဝိန္ဒတိ။

သမ္ပန္နသီလာနံ - ပြည့်စုံသော သီလရှိကုန်သော၊ အပ္ပမာဒဝိဟာရိနံ - သတိမကင်းခြင်းဟုဆိုအပ်သော၊ ဝါ၊ မကင်းသောသတိဟုဆိုအပ်သော၊ ဝါ - စွဲမြဲသောသတိဟုဆိုအပ်သော၊ အပ္ပမာဒဖြင့် နေလေ့ရှိကုန်သော၊ သမ္မဒညာ - သင့်လျော်မှန်ကန်သော အကြောင်းဖြင့်သိကုန်၍၊ ဝိမုတ္တာနံ - တဒင်္ဂဝိမုတ္တိ၊ ဝိက္ခမ္ဘနဝိမုတ္တိ၊ သမုစ္ဆေဒဝိမုတ္တိ၊ ပဋိပ္ပဿဒ္ဓိဝိမုတ္တိ၊ နိဿရဏဝိမုတ္တိဟုဆိုအပ်သော ငါးမျိုးသောဝိမုတ္တိတို့ဖြင့် ကိလေသာမှလွတ်ပြီးကုန်သော၊ တေသံ - ဂေါဓိကထေရ်ကဲ့သို့ငြိမ်းကြကုန်သော ထိုရဟန္တာပုဂ္ဂိုလ်တို့၏၊

မဂ္ဂံ - သွားရောက်ရာ ခရီးကို၊ မာရော - မာရ်နတ်သည်(သဗ္ဗထာမေနမဂ္ဂန္တောပိ - အားကုန်ထုတ်၍ ရှာဖွေသော်လည်း) နဝိန္ဒတိ - မရလေ၊ မမြင်လေ။

ဒေသနာတော်အဆုံး၌ များစွာသောပရိသတ်တို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ရောက်ကြကုန်၏။

ဒေသနာတော်သည်လူများစွာ၏ အဖို့အကျိုးရှိသော ဒေသနာတော်ဖြစ်လေ၏။

**ဂေါဓိကထေရ် ပရိနိဗ္ဗာန်ပြု ဝတ္ထု ပြီး၏။**

# ၃၅။ ဂရဟာဒိန္နဝတ္ထု

သာဝတ္ထိမြို့၌ သိရိဂုတ္တနှင့် ဂရဟာဒိန္နဟု သူငယ်ချင်းနှစ်ယောက် ရှိလေ၏။

သိရိဂုတ္တသည် ရတနာသုံးပါးကိုယုံကြည်ကိုးကွယ် ဆည်းကပ်သူ ဥပါသကာ ဘုရားတပည့်ဖြစ်၏။

ဂရဟာဒိန္နကား နိဂဏ္ဌတက္ကတွန်းတို့၏ တပည့်ဖြစ်သည်။

နိဂဏ္ဌတို့သည် တပည့်ဂရဟာဒိန္နကို ဤသို့မပြတ်ပြောဆိုကြသည်။

ဂရဟာဒိန္န သင့်သူငယ်ချင်း သိရိဂုတ္တကို ဤသို့ပြောပါ။

သင်သည်ဘာကြောင့် ရဟန်းဂေါတမကို ဆည်းကပ်ကိုးကွယ်ရသနည်း၊ သူ့ထံကဘာကိုရသနည်း။

ဤသို့ပြောပြီး - သိရိဂုတ္တသည် - ငါတို့ကိုဆည်းကပ်ပြီး ငါတို့အား လှူဖွယ်ပစ္စည်းကို ပေးလှူလာအောင်သူ့ကို ဆုံးမဖို့မသင့်ဘူးလား။

ဂရဟာဒိန္နသည် သူ့ဆရာ နိဂဏ္ဌတို့စကားကို နာယူပြီး၊ သိရိဂုတ္တထံ မပြတ်သွားကာ ရပ်နေရာ၊ ထိုင်နေရာ၊ စသည်တို့၌ သိရိဂုတ္တကိုဤသို့ ဆုံးမလေ၏။

မိတ်ဆွေ - သိရိဂုတ္တ ရဟန်းဂေါတမဖြင့်သင့်မှာ ဘာအကျိုးရှိသနည်း၊ ရဟန်းဂေါတမကို ဆည်းကပ်ရန်(ဆက်ကပ်လို့) ဘာကိုရသနည်း၊ သင်သည် ငါ၏အရှင်ကောင်း နိဂဏ္ဌတို့ကို ဆည်းကပ်၍ နိဂဏ္ဌတို့အား လှူဖွယ်ပစ္စည်းကို ပေးလှူရန်မသင့်လေသလော။

သိရိဂုတ္တသည် ဂရဟာဒိန္န၏ ပြောစကားကို ကြားသော်လည်း များစွာသော နေ့ရက်တို့၌ပြန်မပြောဘဲ ဆိတ်ဆိတ်နေခဲ့၍ငြီးငွေ့လှသဖြင့်(နားငြီးလှ၍) နေ့တစ်နေ့၌ ဂရဟာဒိန္နကို ဤသို့ပြောလေ၏။

မိတ်ဆွေ သင်သည်ငါ့ထံမပျက်လာပြီး ရပ်နေရာ၊ ထိုင်နေရာစသည်တို့မှာ ငါ့ကို ဤသို့ပြောသည်။

သင်သည် ရဟန်းဂေါတမကိုဆည်းကပ်၍ဘာကိုရသနည်း၊ ငါ့အရှင်ကောင်း၊ နိဂဏ္ဌတို့ကို ဆည်းကပ်၍ နိဂဏ္ဌတို့အား အလှူပစ္စည်းကို ပေးလှူပါဟု ပြောခဲ့သည်။

ငါ့အားပြောစမ်းပါ၊ သင့်အရှင်ကောင်းတို့သည် ဘာကိုသိကြသနည်း။

အမယ်မင်း - အရှင်ဒီလိုမပြောလိုက်ပါနှင့်၊ ငါ၏အရှင်ကောင်းတို့အား မသိအပ်သောအရာမည်သည်မရှိပါ၊ အတိတ်အနာဂတ်ပစ္စုပ္ပန်အားလုံးကို သိကြပါသည်။ ကာယကံ၊ ဝစီကံ၊ မနောကံအားလုံးကို သိကြပါသည်။ ဤဟာဖြစ်လိမ့်မည် ဤဟာဖြစ်မည်မဟုတ်ဟု ဖြစ်ထိုက်မဖြစ်ထိုက်အားလုံးကို သိကြပါသည်။

ဂရဟာဒိန္န - သင်ဒီအတိုင်း ပြောသလား။

သိရိဂုတ္တ - ငါအမှန်ဒီအတိုင်း ပြောသည်။

ဂရဟာဒိန္န - သင်ပြောတိုင်းဟုတ်ခဲ့လျှင် ဤမျှလောက်ကြာလာသော အချိန်ပတ်လုံးငါ့အား ဤအကြောင်းကို မပြောဘဲနေသောသင်သည် အလွန်ဝန်လေးသောအမှုကို ပြုအပ်တော့သည်။ ယနေ့(မှာမှ) ငါသည် သင့် အရှင်ကောင်းတို့၏ ဉာဏ်စွမ်းသတ္တိကိုသိအပ်ပါ၏။

မိတ်ဆွေ ဂရဟာဒိန္န - သင်သွားပါ၊ သင့်အရှင်ကောင်းတို့ကို ငါ့စကားဖြင့် ပင့်လျှောက်ပါဟု ပြောလေ၏။

ဂရဟာဒိန္နသည် နိဂဏ္ဌတို့ထံသွားရောက်ရှိခိုးပြီး တပည့်တော်၏ သူငယ်ချင်း မိတ်ဆွေသိရိဂုတ္တက နက်ဖန်ဆွမ်းဘုဉ်းပေးရန် အရှင်မြတ်တို့ကို ပင့်လျှောက်ပါသည်ဘုရားဟု လျှောက်ထားလေ၏။

ဟဲ့ ဂရဟာဒိန္န သင့်ကိုသိရိဂုတ္တကိုယ်တိုင်ကပြောတာလား။

အရှင် - သိရိဂုတ္တကိုယ်တိုင် ပြောတာမှန်ပါသည်။

နိဂဏ္ဌာတို့သည်ရွှင်လန်းနှစ်သက်ကြပြီး - ငါတို့ကိစ္စပြီးစီးထမြောက်ပြီ သိရိဂုတ္တငါတို့၌ ကြည်ညို ချိန်မှစ၍ ငါတို့မှာမဖြစ်နိုင်သောပြည့်စုံမှုမရှိတော့ပြီ။ (အဘယ်မည်သောပြည့်စုံမှုသည် ငါတို့အားမဖြစ်ဘဲ ရှိအံ့နည်းဟုပြောဆိုကြကုန်၏)

သိရိဂုတ္တ၏လည်း နေအိမ်ဝိုင်းသည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်၏။ သူသည် အိမ်နှစ်လုံးတို့၏ စပ်ကြား၌ အလျားနှစ်ဘက်ရှည်သော တွင်းကိုတူးစေပြီး၊ မစင်ပျော့ဖြင့်ဖြည့်ထားစေ၏၊ တွင်းပြင်ဘက်နှုတ်ခမ်း နှစ်ခုတို့၌ သစ်ငုတ်တို့ကို ရိုက်သွင်းစေပြီး(စိုက်ထားစေပြီး)ထိုသစ်ငုတ်တို့၌ ကြိုးတို့ကိုချည်စေကာ နေရာတို့၌ ရှေ့ပိုင်းခြေတို့ကိုတွင်း၏ အရှေ့ဘက်ဘေး၌ထားစေ၍ နေရာတို့၏ အနောက်ခြေတို့ကို ကြိုးတို့၌ထားစေ၏။

နိဂဏ္ဌာတို့ထိုင်နေချိန်၌ ဤသို့ထိုင်လျှင် ဤသို့ဦးခေါင်းစောက်ထိုးကျကြလိမ့်မည်ဟု အမှတ်အသား ထား၍ ကျင်းမထင်အောင် (ကျင်းမှန်းမသိအောင်) နေရာတို့၏အထက်၌ အိပ်ရာခင်းတို့ကို ခင်းထားစေ၏။

အိုးစရည်းကြီးတို့ကိုတည်ထားစေပြီး အိုးတို့၏မျက်နှာဝတို့ကို ငှက်ပျောရွက်အဝတ်ဖြူတို့ဖြင့် ပိတ်ချည်စေပြီး အချည်းနှီးသာဖြစ်သော ထိုအိုးကြီးတို့ကို အိမ်၏အနောက်ဘက်အဖို့၌ အိုးတို့၏အပြင်၌ ယာဂုရေ၊ ထမင်းလုံး၊ ထောပတ်၊ ဆီ၊ ပျား၊ တင်လဲ၊ မုန့်တို့၏ အမှုန့်ဖတ်တို့ဖြင့် သုတ်လိမ်းထားလေ၏။

ဂရဟဒိန္နသည် နံနက်စောစော အချိန်ကပင် သိရိဂုတ္တအိမ်သို့ အမြန်သွား၍ အို - သိရိဂုတ္တ သင်သည် ငါ့အရှင်မြတ်တို့အား ပူဇော်ဖွယ်ကို စီစဉ်အပ်ပြီးပြီလားဟု မေးလေ၏။

မိတ်ဆွေဂရဟဒိန္န ဟုတ်ကဲ့စီစဉ်အပ်ပြီးပါပြီ။ ထိုပူဇော်ဖွယ်သည် အဘယ်မှာနည်း။

ဤမျှသော အိုးစရည်းကြီးတို့၌ ယာဂုကို ပြည့်စေအပ်၏။ ဤမျှသော အိုးစရည်းကြီးတို့၌ ဆွမ်းကို အပြည့်ထည့်ထားအပ်၏။ ဤမျှသော အိုးစရည်း ကြီးတို့၌ ထောပတ်၊ တင်လဲ၊ မုန့်စသည်တို့သည် အပြည့်ဖြစ်ကုန်၏။ နေရာတို့ကိုလည်း ခင်းထားအပ်ကုန်ပြီဟု ပြန်၍ပြောလေ၏။

ဂရဟဒိန္နသည် ကောင်းပြီဟု ပြော၍သွားလေ၏။

ဂရဟဒိန္နသွားပြီးချိန်၌ နိဂဏ္ဌငါးရာတို့ လာကြကုန်၏။

သိရိဂုတ္တသည် အိမ်မှထွက်၍ ပဉ္စပတိဋ္ဌိတ ဝန္ဒနာဖြင့် နိဂဏ္ဌာတို့ကို ရှိခိုး၍ နိဂဏ္ဌာတို့ ရှေ့၌လက်အုပ်ချီ ရပ်လျက် - ဤသို့စိတ်အကြံပြုထားလေ၏။

သင်တို့သည် အတိတ်စသည်အပြားရှိသောအားလုံးကို သိကြသတဲ့ဟု သင်တို့၏ ဥပဋ္ဌာကအနီးကပ် တပည့် ဂရဟဒိန္နက ကျွန်ုပ်အားပြောထားအပ်သည်။ သင်တို့သည် အကယ်၍အားလုံးကို သိကြသူများ ဖြစ်ခဲ့လျှင် ကျွန်ုပ် အိမ်သို့မဝင်ကြပါနှင့် - မှန်ပါသည်။ ကျွန်ုပ်အိမ်သို့ဝင်ကြသော် သင်တို့ - အဖို့ယာဂုလည်း မရှိ၊ ဆွမ်းစသည်တို့လည်း မရှိပါကုန်၊ အကယ်၍အားလုံးကို မသိကြမူ၍ ဝင်ကြလျှင်သင်တို့ကို မစင်တွင်း၌ ကျစေပြီး ရိုက်နှက်မည်ဟု စိတ်အကြံပြုထားလေ၏။

ဤသို့စိတ်အကြံပြုထားပြီးလျှင် အခြံအရံယောကျ်ားတို့အား - ထိုနိဂဏ္ဌာတို့ ဤသို့ထိုင်နေပုံကို သိမြင်ကြသော်တွင်း၏ နောက်အဖို့ဖြစ်သောဘေး၌ရပ်ကြပြီး နေရာတို့၏အထက်၌ ခင်းထားအပ်သော အိပ်ရာခင်းတို့ကို ဖယ်လိုက်ကြလော၊ သို့မှသာထိုအိပ်ရာခင်းများ မစင်ဖြင့်မလူးဘဲဖြစ်ကြမည်ဟု စီမံထားလေ၏။

အချိန်ကျရောက်သောအခါ အရှင်ဘုရားတို့ဤနေရာသို့ ကြွတော်မူကြပါဟု နိဂဏ္ဌာတို့ကို ပင့်ခေါ်လေ၏။ နိဂဏ္ဌာတို့သည်အတွင်းသို့ဝင်ရောက်၍ ခင်းထားအပ်သောနေရာတို့၌ ထိုင်ရန်အားထုတ်ကြ ကုန်၏။ (ထိုင်ဖို့ ကိုယ်ကို ပြင်ဆင်ကြသည်။)

ထိုအခါ နိဂဏ္ဌာတို့ကို ပြောဆိုကြသည်။

အရှင်ဘုရားတို့ဆိုင်းငံ့ကြပါ၊ မထိုင်ကြပါနှင့်ဦး။

ဘာကြောင့်နည်း ဒကာတို့ -

တပည့်တော်များအိမ်သို့ ဝင်ကြသောအရှင်တို့အား ကျင့်ဝတ်ကိုသိပြီး ထိုင်ရန်သင့်ပါသည်။

ဒကာတို့ဘယ်လိုပြုသင့်သနည်း။

မိမိ - မိမိထိုင်ရမည့်နေရာအရင်းတို့၌ ရပ်ပြီးအားလုံးတပြိုက်နက်ထိုင်ဖို့ သင့်ပါသည်။

ထိုသို့ပြောဆိုစီစဉ်ခြင်း၏ရည်ရွယ်ချက်မှာ -

နိဂဏ္ဌာတစ်ယောက်ကျင်း၌ ကျခဲ့သော် -

ငါ့ရှင်တို့ကျန်နေသူများ နေရာ၌မထိုင်ကြနှင့်ဟု ပြောခွင့်မရစေရန်ဖြစ် သည်။

နိဂဏ္ဌာတို့သည် ကောင်းပြီဟုပြောဆို၍ ဤဒကာတို့ပြောစကားကို ငါတို့လိုက်သင့်သည်ဟူသော စိတ်ရှိကြကုန်၏။

ထိုမှနောက်၌ နိဂဏ္ဌာအားလုံး မိမိ - မိမိထိုင်ရမည့်နေရာ အရင်း၌အစဉ် အတိုင်းရပ်နေကြကုန်၏။ ထိုအခါ နိဂဏ္ဌာတို့ကို အရှင်ဘုရားတို့တပြိုက်နက် (ညီညီညာညာ) လျင်မြန်စွာထိုင်တော်မူကြပါဟု ပြောဆို၍ နိဂဏ္ဌာတို့ထိုင်နေကုန်သည်၏အဖြစ်ကို(ထိုင်လိုက်မှန်း) သိပြီးနေရာတို့၏ အထက်၌ခင်းထားသော အခင်းတို့ကို ဆွဲယူလိုက်ကုန်၏။

နိဂဏ္ဌာတို့သည် တစ်ပြိုက်နက်ပင်ထိုင်ကြကုန်၏။ ကြိုးတို့၏အထက်၌ ထားအပ်ကုန်သော ညာင်စောင်းခြေတို့သည် တည်ရာမှလျှောကျကုန်၏။

နိဂဏ္ဌာတို့သည် ဦးခေါင်းစောက်ထိုးဖြစ်၍ မစင်တွင်း၌ကျလေကုန်၏။

သိရိဂုတ္တသည် နိဂဏ္ဌာတို့မစင်တွင်း၌ ကျကြကုန်သော် - တံခါးကိုပိတ်၍ မစင်တွင်းအထက်တက် တက်လာကြသောနိဂဏ္ဌာတို့ကို သင်တို့သည်အတိတ် အနာဂတ် ပစ္စုပ္ပန်ကိုဘာကြောင့် မသိကြသနည်းဟု ပြောဆိုကာ တုတ်တို့ဖြင့် ရိုက်နှက်၍ ဒီအကောင်တွေအတွက် ဒီလောက်ဆိုလျှင် တော်လောက်ပြီဟူသော အကြံဖြင့်တံခါးကို ဖွင့်ခိုင်းလေ၏။

နိဂဏ္ဌာတို့သည် ထွက်လာကြ၍ ထွက်ပြေးရန်အားထုတ်ကြကုန်၏။ သို့သော်ထိုသူတို့သွားမည့်လမ်း၌ အင်္ဂတေခင်းထားအပ်သောမြေကို ချွဲကျိအောင် ပြုထားစေသည်။ နိဂဏ္ဌာတို့သည် မရပ်တည်နိုင်ကြ၍ ချော်လဲတိုင်း ချော်လဲ တိုင်းသောနိဂဏ္ဌာတို့ကို တဖန်ရိုက်နှက်စေပြီး သင်တို့အဖို့ဒီလောက်ဆို တော်လောက်ပြီဟုပြော၍ လွှတ်လိုက်လေ၏။

နိဂဏ္ဌာတို့သည် သင်သိရိဂုတ္တကြောင့် ငါတို့ပျက်စီးကုန်ပြီ။ သင်ကြောင့် ငါတို့ပျက်စီးကုန်ပြီဟု ပြောဆိုငိုကြွေးကုန်လျက် အလုပ်အကျွေးဖြစ်သော ဂရဟာဒိန္န၏ အိမ်တံခါးသို့သွားကြလေကုန်၏။

ဂရဟာဒိန္နသည် ဖောက်ပြန်သောထိုအမူအရာကို မြင်ရလေသော် ဒေါသထွက်လျက် သိရိဂုတ္တကြောင့် ငါပျက်စီးရ၏။

နတ်နှင့်တကွသော လောက၌လက်ကို ဖြန့်၍ရှိခိုးသူတို့အား အလိုရှိရာကို ပေးစွမ်းနိုင်ကုန်သော ကောင်းမှု၏ စိုက်ပျိုးရာလယ်ယာမြေကောင်းသဖွယ်ဖြစ်ကုန်သောငါ၏ အရှင်ကောင်းတို့ကို ရိုက်နှက် ပုတ်ခတ်၍ ပျက်စီးခြင်းသို့ ရောက်စေသည်ဟူသော စိတ်ဖြင့် မင်း၏နန်းတော်သို့သွား၍ သိရိဂုတ္တအား ဒဏ်ငွေတစ်ထောင်ဒဏ်တပ်ခိုင်းလေ၏။

ထိုအခါကောသလမင်းကြီးသည် သိရိဂုတ္တထံလာခဲ့ရန်သတင်းပို့စေ၏။ သိရိဂုတ္တသည် နန်းတော်သို့ ရောက်၍မင်းကြီးကို ရှိခိုးပြီး။

အရှင်မင်းကြီးအဖြစ်မှန်ကို မေးမြန်းဆင်ခြင်၍ဒဏ်ငွေကို ယူတော်မူကြပါ၊ မမေးမြန်းမဆင်ခြင်ဘဲ ယူတော်မမူကြပါနှင့်ဟု တင်လျှောက်လေ၏။

မေးမြန်းဆင်ခြင်ပြီး ဒဏ်ငွေကိုယူမည်။

ကောင်းပါပြီအရှင်မင်းကြီး၊

ကောင်းပြီ - တင်လျှောက်လော -

အရှင်မင်းကြီး - ကျွန်တော်မျိုး၏ မိတ်ဆွေသူငယ်ချင်းဖြစ်သူ နိဂဏ္ဌတို့၏ တပည့်ဂရဟဒိန္နသည် ကျွန်တော်မျိုးကို ချဉ်းကပ်ပြီးရပ်နေရာ၊ ထိုင်နေရာ စသည်တို့၌မပြတ် ဤသို့ပြောပါသည်။

မိတ်ဆွေသိရိဂုတ္တ, ရဟန်းဂေါတမဖြင့် သင့်မှာဘာအကျိုးရှိသလဲ၊ ရဟန်းဂေါတမထံချဉ်းကပ်လို့ ဘာကိုရသလဲ၊ အစရှိသည်ကို ပြောဆိုပါသည်။

သိရိဂုတ္တသည် ဖြစ်ခဲ့ပုံအားလုံးကို တင်လျှောက်၍ -

အရှင်မင်းကြီးကျွန်တော်မျိုး တင်လျှောက်သော ဤအကြောင်း၌ဥစ္စာဒဏ်ယူဖို့သင့်လျှင် ယူတော်မူကြပါဟု တင်လျှောက်လေ၏။

ကောသလမင်းကြီးသည် ဂရဟဒိန္နကို ကြည့်ပြီး၊ သင် - ဤသို့ပြောအပ် သည်မှာ မှန်သလောဟု မိန့်လေ၏။

အရှင်မင်းကြီး မှန်ပါသည်ဟု တင်လျှောက်လေ၏။

ဂရဟဒိန္န - သင်သည်ဤမျှ လှည့်စားပြုလုပ်အပ်သည်ကိုသော်လည်း မသိသူတို့ကို ဆရာဘုရားဟု ယုံကြည်ယူဆ၍ လှည့်လည်ကာအားလုံးကို သိကြသူများဟု အဘယ်အကြောင်းကြောင့် မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သူ သိရိဂုတ္တအား ပြောရလေသနည်း။ သင်တင်ပြအပ်သော အသပြာ တစ်ထောင် ဥစ္စာဒဏ်သည် သင့်အားသာဖြစ်စေလော့ဟု အမိန့်ရှိပြီး ဂရဟဒိန္နကိုသာ ဥစ္စာဒဏ်ကိုဆောင်စေ၏။

ဂရဟဒိန္နသည် သိရိဂုတ္တကိုစိတ်ဆိုး၍ ထိုအချိန်မှစပြီးလခွဲအချိန်မျှလောက် သိရိဂုတ္တနှင့် အတူစကား မပြောဆိုဘဲနေပြီး၊ ကြံစည်လေ၏။

ကြံစည်ပုံကား -

သိရိဂုတ္တနှင့် ဤသို့စကားမပြောဘဲသွားလာနေခြင်းငှာ ငါ့အား မသင့်လျော်သေး၊ သူ(သိရိဂုတ္တ) ၏ ကုလူပက(အိမ်သို့ကပ်လာသူ)တို့၏လည်း ပျက်စီးမှုကို ငါပြုဖို့သင့်သည်။

ဂရဟဒိန္နသည် ဤသို့ကြံစည်ပြီး သိရိဂုတ္တထံချဉ်းကပ်၍ပြောဆို၏။

သူငယ်ချင်း သိရိဂုတ္တ -

ဘာလဲ မိတ်ဆွေဂရဟဒိန္န

ဆွေမျိုးတော်သူ ချစ်ကျွမ်းဝင်သူတို့ဆိုတာ ခိုက်ရန်လည်းဖြစ်တတ်သည်၊ ငြင်းခုံလည်း ငြင်းခုံတတ်သည်၊ သင်သည် အဘယ်ကြောင့်စကားတစ်ခွန်းကိုမျှ မပြောသနည်း၊ ဘာကြောင့်ဤသို့ ပြုရသနည်း။

မိတ်ဆွေ ဂရဟဒိန္န - သင်ကငါနှင့်အတူစကားမပြောခြင်းကြောင့် ငါက စကားမပြောတာ။

မိတ်ဆွေ သိရိဂုတ္တပြုပြီးသားသည်ပြုပြီးပင်ဖြစ်ပါစေ၊ ငါတို့အချင်းချင်း မေတ္တာမပျက်နေကြပါစို့ဟုပြောလေ၏။

ထိုအချိန်မှစ၍ သိရိဂုတ္တနှင့် ဂရဟာဒိန္နတို့သည် တစ်နေရာတည်း၌ ရပ်နေကြသည်၊ တစ်နေရာတည်း၌ ထိုင်နေကြသည်။

ထိုအချိန်မှနောက်၊ နေ့တစ်နေ့၌ သိရိဂုတ္တကဂရဟာဒိန္နကိုပြောဆိုသည်မှာ

အို - ဂရဟာဒိန္န သင့်ဆရာ နိဂဏ္ဌတို့ဖြင့် သင့်မှာဘာအကျိုးရှိသနည်း။

နိဂဏ္ဌတို့ကိုဆည်းကပ်လို့ဘာကိုရသနည်း၊ ငါ၏ဆရာမြတ်စွာဘုရားကို ချဉ်းကပ်ဖို့ ငါ၏ အရှင်ကောင်းတို့အား အလှူဝတ္ထုကို ပေးလှူဖို့သင့်မှာ မသင့်လျော်ဘူးလားဟူ၏။

ဂရဟာဒိန္နသည်လည်း သိရိဂုတ္တကဤသို့ပြောဖို့ကိုသာ မျှော်လင့်တောင့်တနေ၏။

သိရိဂုတ္တက ထိုသို့ပြောလိုက်ခြင်းကြောင့် ဂရဟာဒိန္နအဖို့ ယားယံနေသည့် ကိုယ်၌လက်သည်းဖြင့် ကုတ်ရသကဲ့သို့ဖြစ်လေ၏။

ဂရဟာဒိန္နသည် - အို - သိရိဂုတ္တသင်၏ဆရာဘုရားသည် ဘာကိုသိသနည်းဟုမေးလေ၏။

အို - ဂရဟာဒိန္န ဤသို့မမေးပါနှင့်၊ ငါ၏ဆရာမြတ်စွာဘုရားအား မသိအပ်သောအရာမည်သည်မရှိ၊ အတိတ်စသည်အပြားရှိသော အားလုံးကိုသိတော်မူသည်၊ သတ္တဝါတို့၏စိတ်ကို တစ်ဆယ့်ခြောက်ခုသော အခြင်းအရာအမျိုးအစားတို့ဖြင့်ပိုင်းခြားသိတော်မူသည်ဟု ပြောလေ၏။

မိတ်ဆွေသိရိဂုတ္တငါသည်သင်ပြောသည့်အတိုင်း မသိခဲ့၊ အဘယ့်ကြောင့် ငါ့အားဤအချိန်တိုင်အောင် မပြောသနည်း၊ သင်ပြောသည့်အတိုင်းဖြစ်ခဲ့လျှင် သင်သွားပါချေ၊ သင်၏ဆရာဘုရားကို နက်ဖန်၌ငါ့မှာ ဖြစ်မည့်ကောင်းမှု ကုသိုလ်အလို့ငှာပင့်လျှောက်ပါချေ၊ ဆွမ်းကပ်လှူမည်၊ ရဟန်းငါးရာတို့နှင့်အတူ ငါ၏ ဆွမ်းကို ခံယူဖို့ပင် - လျှောက်ပါချေဟု ပြောလေ၏။

သိရိဂုတ္တသည် မြတ်စွာဘုရားထံချဉ်းကပ်ရှိခိုးပြီး ဤသို့လျှောက်ထားလေ၏။

မြတ်စွာဘုရား - တပည့်တော်၏ သူငယ်ချင်းမိတ်ဆွေ ဂရဟာဒိန္နက အရှင်ဘုရားတို့ကိုပင့်လျှောက်ရန် ခိုင်းပါသည်။ နက်ဖန်ခါရဟန်းငါးရာတို့နှင့်အတူတူ လှူမည့်ဆွမ်းကို ခံတော်မူကြပါတဲ့ဘုရား။

မြတ်စွာဘုရား - ရှေးဖြစ်သောတစ်ဆယ့်ငါးရက်ခန့်နေ့ကတပည့်တော် သည် ဂရဟာဒိန္န၏ ကုလူပကတို့အား ဤသို့ပြုအပ်ပါသည်၊ တပည့်တော်ပြုအပ်သည်ကို ပြန်ပြုမည်ဟုလည်း(ဂလဲ့စားချေမည် ဟုလည်း)တပည့်တော်မသိပါ၊ အရှင်ဘုရားတို့အားစင်ကြယ်စိတ်ထားပြီး ဆွမ်းကပ်လှူလိုသည်ဟုလည်း မသိပါ၊ ဆင်ခြင်တော်မူ၍သင့်လျော်ခဲ့သော်လက်ခံတော်မူကြပါ၊ မသင့်လျော်ခဲ့သော် လက်မခံတော်မူကြပါနှင့်ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ထိုဂရဟာဒိန္နသည် ငါတို့အား(ငါတို့အပေါ်) အဘယ်သို့ပြုလိုလေသနည်းဟု ဆင်ခြင်တော်မူလတ်သော်။

အိမ်နှစ်လုံးတို့၏အကြား၌ ကြီးစွာသောတွင်းကို တူးစေပြီးလှည်းအစီး ရှစ်ဆယ်တိုက်မျှဖြစ်ကုန်သော ရှားသစ်သားတို့ကိုယူဆောင်ပြည့်စေ၍ မီးရှို့ထားပြီး ငါတို့ကိုမီးကျီးခဲတွင်း၌ကျစေကာ နှိပ်စက်လိုသည်ဟု မြင်တော်မူလေပြီ၊ တစ်ဖန် ထိုဂရဟာဒိန္နထံ၌ ငါဘုရားကြွခြင်းအကြောင်းကြောင့်အကျိုးရှိမည်လော၊ မရှိမည်လောဟု ဆင်ခြင်တော်မူသည်၊ ထိုအခါ မြတ်စွာဘုရားသည် ဤသို့ဖြစ်မည်ကို မြင်တော်မူသည်။

ငါဘုရားမီးကျီးခဲတွင်း၌ ခြေတော်ကိုလှမ်းလိမ့်မည်၊ မီးကျီးခဲတွင်းကိုဖုံး၍ ထားအပ်သောဖျာသည် ပျောက်ကွယ်သွားလိမ့်မည်၊ မီးကျီးခဲတွင်းကိုခွဲ၍ လှည်းဘီးမျှသော ပဒုမ္မာကြာသည် ပေါက်လာလိမ့်မည်၊ ထိုအခါငါဘုရားသည် ပဒုမ္မာကြာချပ်ပေါ်၌ နင်းလျက်ခင်းထားသော နေရာ၌ထိုင်လိမ့်မည်၊ ရဟန်းငါး

ရာတို့လည်းငါဘုရားအတူပင်လာ၍ထိုင်ကြလိမ့်မည်၊ များစွာသောပရိသတ်သည် စုဝေးမိလိမ့်မည်၊ ငါဘုရားသည်၊ ထိုလူအစုအဝေး၌ နှစ်ဂါထာတို့ဖြင့် အနုမောဒနာပြုမည်။ အနုမောဒနာအဆုံး၌ ရှစ်သောင်းလေးထောင်သောသတ္တဝါတို့ သစ္စာတရားကို ထိုးထွင်းသိလိမ့်မည်။

သိရိဂုတ္တနှင့်ဂရဟဒိန္နတို့လည်း သောတာပန်ဖြစ်ကြလိမ့်မည်၊ မိမိတို့၏ ပစ္စည်းဥစ္စာအစုကိုလည်း ငါဘုရားသာသနာတော်၌ ဖြန့်ကြဲကြလိမ့်မည်၊ ဤအမျိုးသားဂရဟဒိန္နကိုမှီရာ အကြောင်းပြု၍ ငါဘုရားကြွသွားသင့်သည်ဟုမြင် တော်မူ၍ပင့်ဖိတ်လျှောက်ထားအပ်သောဆွမ်းကိုလက်ခံတော်မူသည်။

သိရိဂုတ္တသည်ပြန်သွားပြီးမြတ်စွာဘုရားလက်ခံကြောင်းကိုဂရဟဒိန္န အားပြောကြား၍လောက၌ အကြီးဆုံးအမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရား အားပူဇော်မှုကိုပြုပါလေဟု ပြောဆိုလေ၏။

ဂရဟဒိန္နသည် ယခုပြုသင့်ရာကို သိရတော့မည်ဟုကြံစည်၍ အိမ်နှစ်လုံးတို့၏အကြား၌ ကြီးစွာသောတွင်းကိုတူးစေပြီး၊ လှည်းအစီးရှစ်ဆယ်မျှကုန်သော ရှားသစ်သားတို့ကိုဆောင်စေပြည့်စေပြီး၊ မီးတိုက် ညဉ့်သုံးယမ်ပတ်လုံး ရှားမီးကျီးခဲအစုအပုံကိုပြုစေ၍ တွင်းထက်၌ သစ်သားပျဉ်ချပ်တို့ကိုခင်းစေ၍ ဖျာဖြင့်ဖုံးပြီး နွားချေးဖြင့်သုတ်လိမ်းစေကာ ဘေးတစ်ဘက်၌သေးငယ်သော တုတ်ချောင်းတို့ကိုခင်းထားပြီး၊ သွားရာလမ်းကိုပြုထားစေ၏။

ဤသို့ပြုထားခြင်းဖြင့် နင်းရာနင်းရာအခါ၌ တုတ်တွေကျိုးပျက်ကုန်သော် လိမ့်၍မီးကျီးခဲတွင်းထဲကျလိမ့်မည်ဟု အောင့်မေ့မှတ်ထင်ကာ အိမ်၏နောက်ဖြစ်သောအဖို့၌ သိရိဂုတ္တသည် ထားအပ်သောနည်းဖြင့်ပင် အိုးစရည်းတို့ကိုထားစေ၏။ ထိုနည်းတူပင် နေရာတို့ကိုလည်း ခင်းထားစေ၏။

သိရိဂုတ္တသည် နံနက်စောစောကပင် ဂရဟဒိန္နအိမ်သို့သွား၍ မိတ်ဆွေ ပူဇော်ဖွယ်ကို ပြုအပ်ပြီလောဟု မေးလေ၏။ မိတ်ဆွေဟုတ်ပါ၏။ ပူဇော်ဘွယ်ကို ပြုအပ်ပါပြီ။

ထိုပူဇော်ဖွယ်သည် အဘယ်မှာနည်း။

လာပါသွားကြည့်ကြစို့ဟုပြော၍ ပြုထားသမျှအားလုံးကို သိရိဂုတ္တသည် ပြအပ်သောနည်းဖြင့်ပြလေ၏။

သိရိဂုတ္တသည် မိတ်ဆွေကောင်းပါ၏ ပြောဆိုလေ၏။

များစွာသောလူသည် စုဝေးမိလေ၏။

မှန်၏ မိစ္ဆာဒိဋ္ဌိ(မှားသောအယူရှိ)ဖြစ်သူသည် ဘုရားအမျုးရှိသော သံဃာကိုပင့်လျှောက်အပ်လေသော် များစွာသော လူအစုအဝေးသည်ဖြစ်လေ၏။

မိစ္ဆာဒိဋ္ဌိတို့ကလည်း ရဟန်းဂေါတမ၏ ဖောက်ပြန်မှုကို (မတော်မလျော်ဖြစ်မှုကို)ကြည့်ကြကုန်အံ့ဟု စုဝေးကြကုန်၏။ ~မ္မာဒိဋ္ဌိတို့သည်လည်း ယနေ့မြတ်စွာဘုရားသည် မြတ်သောတရားဒေသနာတော်ကို ဟောတော်မူလိမ့်မည်၊ ဘုရားရှင်တို့၏အရာ၊ ဘုရားရှင်တို့၏ တင့်တယ်ရှင်မြူးစံပယ်မှုကိုကပ်၍ ဆောင်ကြကုန်အံ့ဟု စုဝေးကြကုန်၏။

နောက်တစ်ရက်၌ မြတ်စွာဘုရားသည် ရဟန်းငါးရာတို့နှင့်အတူ ဂရဟဒိန္န၏ အိမ်တံခါးဝသို့ ကြွရောက်တော်မူပြီ။

ဂရဟဒိန္နသည် အိမ်မှထွက်၍ ပဥ္စပတိဋ္ဌိတဝန္ဒနာဖြင့်ရှိခိုး၍ မြတ်စွာဘုရား ရှေ့တော်မှ လက်အုပ်ချီမတ်တတ်ရပ်လျက် စိတ်ဖြင့်လျှောက်ထားလေ၏။

အရှင်ဘုရား - အရှင်ဘုရားတို့သည် အတိတ်စသည်အပြားရှိသော အားလုံးကိုသိကြသည်၊ သတ္တဝါတို့၏ စိတ်ကိုတစ်ဆယ့်ခြောက်မျိုးသော အချင်းအရာတို့ဖြင့် ပိုင်းခြားနိုင်ကြသည်တု အရှင်ဘုရား

တို့၏အလုပ်အကျွေး ဒါယကာဥပဋ္ဌာကဖြစ်သူ သိရိဂုတ္တသည် တပည့်တော်အား ပြောထားအပ်ပါသည်။ ပြောထားအပ်သည့်အတိုင်း အားလုံးကိုသိကြလျှင် တပည့်တော်၏ အိမ်သို့မဝင်ကြပါနှင့် အကြောင်းမှာ တပည့်တော်အိမ်တွင်းသို့ ဝင်ကြမည့်အရှင်တို့အတွက် ယာဂုလည်း မဌို ဆွမ်းစသည်တို့လည်း မရှိစင်စစ် သော်ကား အရှင်အားလုံးကို မီးကျီးခဲအတွင်း၌ကျစေ၍(ချ၍)နှိပ်စက်မည်ဖြစ်ပါသည်။ ထို့ကြောင့် မဝင်ကြပါနှင့်။

ဂရဟာဒိန္နသည် ဤသို့စိတ်ဖြင့်လျှောက်ထား၍ မြတ်စွာဘုရား၏ သပိတ်ကိုယူကိုင်ပြီး မြတ်စွာဘုရား ဤနေရာမှ ကြွတော်မူပါဟု လျှောက်ထား၍ အရှင်ဘုရား - တပည့်တော်တို့အိမ်သို့ကြွရောက်သူတို့၏ (ကြွရောက်သူတို့အဖို့) ဝတ္တရားကို သိပြီးကြွသင့်ပါသည်ဟု လျှောက်ထားပြန်၏။

ဒါယကာ - အဘယ်ဝတ္တရားကို ပြုသင့်သနည်း။

တစ်ပါးတစ်ပါး၏ အိမ်တွင်းသို့ဝင်၍ ရှေ့မှသွားကာ ထိုင်နေချိန်နောက်မှ အခြားသံဃာတစ်ပါးသည် လာရန်သင့်ပါသည်ဟုလျှောက်ထား၏။

ဂရဟာဒိန္န၏ ရည်ရွယ်ချက်သည် ဤသို့ဖြစ်သည်။

ရှေ့မှာသွားလျက်မီးကျီးခဲတွင်း၌ ကျသူကိုမြင်ရသော် ကျန်ရဟန်းတို့ ကြွကြမည်မဟုတ်၊ ထို့ကြောင့် တစ်ပါးစီကိုသာကျစေ၍ နှိပ်စက်မည်ဟူသည်တည်း။

မြတ်စွာဘုရားသည် ကောင်းပြီဟု မိန့်တော်မူကာ တစ်ပါးတည်းသာ ကြွတော်မူသည်။

ဂရဟာဒိန္နသည် မီးကျီးခဲတွင်းအနီးသို့ ရောက်လေသော် နောက်သို့ဆုတ်၍ ရပ်နေပြီး -

အရှင်ဘုရား ရှေ့မှကြွတော်မူပါဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် မီးကျီးခဲတွင်းထက်၌ ခြေတော်ကိုဆန့်လှမ်းတော်မူပြီး၊ ဖုံးထားသော ဖျာသည် ပျောက်ကွယ်လေပြီ၊ မီးကျီးခဲတွင်းကို နှစ်ဖြာခွဲ၍ လှည်းဘီးမျှကုန်သော ပဒုမ္မာကြာပွင့်တို့သည် အပေါ်တက်လာကုန်၏။ မြတ်စွာဘုရားသည် ပဒုမ္မာကြာပွင့် အလယ်ပေါ်နင်းလျက် ကြွတော်မူ၍ ခင်းထားအပ်သော ဘုရားနေရာတော်၌ ထိုင်နေတော်မူသည်။

ရဟန်းတို့လည်း မြတ်စွာဘုရား ကြွတော်မူသည်နှင့်အတူသာ ကြွ၍ထိုင်နေကြကုန်၏။

ဂရဟာဒိန္န၏ ကိုယ်မှပူလောင်မှုသည် ထွက်ပေါ်လာလေပြီ။

ဂရဟာဒိန္နသည်လျင်မြန်စွာသွား၍ သိရိဂုတ္တထံချဉ်းကပ်ပြီး အိုအရှင် ကျုပ်၏အားထားကိုးကွယ်ရာ ဖြစ်တော်မူပါဟု ပြောလေ၏။

သင်ပြောလိုသည်ကား အဘယ်နည်း။

ကျုပ်အိမ်၌ ရဟန်းငါးရာအား ကပ်လှူရန် ယာဂုလည်းမရှိ၊ ဆွမ်းစသည်တို့လည်းမရှိပါ၊ အဘယ်သို့ ပြုရပါမည်နည်း။

သင်ကအဘယ်သို့ ပြုထားအပ်သနည်း။

ကျုပ်က ရှားမီးကျီးခဲတွင်း၌ ကျစေရန် နှိပ်စက်မည့်အကြံဖြင့် ကျုပ်အိမ် နှစ်လုံးကြား၌ တွင်းကြီးကို မီးကျီးခဲဖြင့် ပြည့်အောင်ပြုထားစေပါပြီ။ ထိုသို့ ပြုထားပြီးနောက် မီးကျီးခဲတွင်းကို နှစ်ဖြာခွဲ၍ ပဒုမ္မာကြာပွင့်တို့ ပေါ်ထွက်လာ ကုန်ပြီ၊ မြတ်စွာဘုရားနှင့်တကွ အားလုံးသောရဟန်းတော်ငါးရာတို့သည် ပဒုမ္မာကြာပွင့် တို့၏အလယ်ချပ်မှနင်း၍ ကြွကြပြီး ခင်းထားအပ်သော နေရာတို့၌ ထိုင်နေကြပါပြီ။

အို-အရှင်ကျုပ်ယခုဘာကိုပြုရပါမည်နည်း။

သင်သည်ခုနယ်ကပင်ငါ့အားအိုးစရည်းကြီးတို့သည် ဤမျှရှိကုန်၏၊ ယာဂုသည်ဤမျှရှိ၏၊ ဆွမ်းစသည်တို့သည် ဤမျှရှိကုန်၏ဟုပြသေးသည် မဟုတ်လော။

အို-အရှင်ပြ၍ ပြောဆိုအပ်သောစကားသည် လိမ်လည်ပြောဆိုခြင်းသာဖြစ်ပါသည်။ ပြအပ်သော အိုးစရည်းကြီးတို့သည် ထမင်းဟင်းမပါ ဘလာအချည်းနှီးတို့သာ ဖြစ်ပါကုန်၏။

ဖြစ်ပါစေ၊ ရှိပါစေတော့ သင်သွားပါ၊ သင်ပြသောထိုအိုးကြီးတို့၌ ယာဂုအစရှိသည်တို့ကို ကြည့်လေလော့ဟု ပြောလေ၏။

ဂရဟဒိန္နသည် သွား၍ကြည့်ရာခဏ၌ပင်လျှင် ယခင်ကသူပြောသည့်အတိုင်း ယာဂုအိုးတို့၌ ယာဂုဖြင့်ပြည့်နေကုန်၏၊ ဆွမ်းအိုးတို့၌ ဆွမ်းတို့ဖြင့်ပြည့်နေကုန်၏။

ထိုပြည့်စုံမှုကိုမြင်လေလျှင်ဂရဟဒိန္န၏ကိုယ်သည် ပီတိပါမောဇ္ဇဖြင့် ပြည့်နေလေ၏။ (ဂရဟဒိန္န၏ ကိုယ်သည် နှစ်သက်ဝမ်းသာမှုဖြင့် ပြည့်နေသော ကိုယ်ဖြစ်လေ၏။) ဂရဟဒိန္န၏စိတ်သည်ကြည်လင်နေ၏၊ သူသည်ရှိရှိသေသေ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့ကို ဆက်ကပ်ပြုစု၍ ဆွမ်းကိစ္စပြုပြီးသော မြတ်စွာဘုရား၏သပိတ်တော်ကို အနုမောဒနာပြုစေလိုသည်ဖြစ်၍ ကိုင်ယူထားလေ၏။

မြတ်စွာဘုရားသည်အနုမောဒနာပြုလိုသည်ဖြစ်၍ -

ဤသတ္တဝါတို့သည် ပညာမျက်စိမရှိကြသောကြောင့်သာ ငါဘုရား၏ တပည့်ရဟန်းတို့၏ ဂုဏ်နှင့်ဘုရားသာသနာတော်၏ ဂုဏ်ကိုမသိကြလေကုန်။

မှန်ပေသည်၊ ပညာစက္ခုမှုကင်းသူတို့သည် အမြင်မသန်းသူကန်းတို့ မည်ကုန်၏။ ပညာနှင့်ပြည့်စုံသူ တို့သည် အချက်သိသိမျက်စိရှိသူတို့မည်ကုန်၏ဟု မိန့်တော်မူကာ -

ယထာသင်္ကာရ ဓာနသ္မိံအစရှိသော နှစ်ဂါထာတို့ကို ဟောတော်မူလေပြီ။

၁။ ယထာသင်္ကာရ ဓာနသ္မိံ၊ ဥဇ္ဈိတသ္မိံ မဟာပထေ။
ပဒုမံတတ္ထဇာယေထ၊ သုစိဂန္ဓံမနောရမံ။

၂။ ဧဝံသင်္ကာရဘူတေသု၊ အန္ဓဘူတေ ပုတုဇ္ဇနေ။
အတိရောစတိ ပညာယ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။

၁။ ဥဇ္ဈိတသ္မိံ - တမြက်ချေးအမှိုက်သရိုက်စွန့်ပစ်ရာဖြစ်သော၊ သင်္ကာရဓာနသ္မိံ -အမှိုက်ပုံရှိသော၊ တတ္ထ-မဟာပထေ-ထိုခရီးလမ်းမကြီး၌၊ သုစိဂန္ဓံ-နှစ်သက်ဖွယ်သောအနံ့ရှိသော၊ မနောရမံ-စိတ်နှလုံး၏ ရွှင်ပြုံးနှစ်သက်ရာဖြစ်သော၊ ပဒုမံ-ပွင့်ချပ်တစ်ရာ ပဒုမ္မာကြာသည်၊ ဇာယေထယထာ-ပွင့်နေရာ သကဲ့သို့။

၂။ ဧဝံ-ဤအတူ၊ သင်္ကာရဘူ တေသု-အမှိုက်သရိုက်သဖွယ်ဖြစ်ကုန်သော ပုထုဇဉ်တို့အလယ်၌၊ (ဇာတော-ဖြစ်နေရသော) သမ္မာသမ္ဗုဒ္ဓသာဝကော-မြတ်စွာဘုရား၏ ရဟန္တာခေါ်တပည့်သားအကျော်သည်၊ အန္ဓဘူတေ-ပညာမျက်စိအရောင်မသန်းသဖြင့် အကန်းသဖွယ်ဖြစ်ကုန်သော၊ ပုထုဇ္ဇနေ-ကိလေသာအမျိုးမျိုး ဒီရေတိုးသို့ဖြစ်ရိုးအစဉ်ပုထုဇဉ်တို့ကို၊ ပညာယ-အသိဉာဏ်ပညာဖြင့်၊ အတိရောစတိ-ကျော်လွန်မြင့်ကျယ် တင့်တယ်လေတော့သတည်း။

ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်သောသတ္တဝါတို့၏ သစ္စာတရားကိုထိုးထွင်းသိမြင်မှု ဖြစ်လေ၏။

ဂရဟဒိန္နနှင့် သိရိဂုတ္တတို့လည်း သောတာပတ္တိဖိုလ်သို့ရောက်ကြလေကုန်၏။ ဂရဟဒိန္နနှင့် သိရိဂုတ္တသူကြွယ်နှစ်ဦးတို့သည်၊ မိမိတို့၏ရှိဥစ္စာအားလုံးကို မြတ်စွာဘုရားသာသနာတော်၌ ဖြန့်ကြဲ

ပေးကမ်းလှူဒါန်းကြကုန်၏။

မြတ်စွာဘုရားသည် နေရာမှထ၍ကျောင်းတော်သို့ကြွတော်မူလေ၏။

ရဟန်းတို့သည် ညနေချမ်းအချိန်ဓမ္မသဘင်၌ အချင်းချင်းစကားပြောဆိုကြကုန်၏။

မြတ်စွာဘုရား၏ဂုဏ်တော်၊ကျေးဇူးတော်တို့သည် အံ့သြလောက်ပါပေကုန်၏။

အပူမီးကြီးထိန်ထိန်ညီးနေသည့် ရှားမီးကျီးခဲအပုံကို အပူမီးခဲထိန်ထိန်ရဲသည့်အံအဲမပြီး ရှားမီးကျီးခဲအပုံကိုဖေါက်ခွဲ၍ ပဒုမ္မာကြာပွင့်တို့ပေါ်ထွက်ခဲ့ကုန်ပြီ။

မြတ်စွာဘုရားသည်ကြွလာတော်မူ၍ ရဟန်းတို့ အခုအချိန်၌အဘယ် စကားကိုပြောဆိုခြင်းဖြင့် အညီအညွတ်စုဝေးနေကြကုန်သနည်းဟု မေးတော်မူ၍ - ဤမည်သောစကားဖြင့်စုဝေးနေကြပါကြောင်း၊ ရဟန်းတော်တို့က လျှောက်ထားအပ်လေသော်။

ရဟန်းတို့ ဘုရားဖြစ်တော်မူပြီးသောငါဘုရား၏ ယခုအချိန်၌မီးကျီးခဲပုံမှ ပဒုမ္မာကြာတို့ပေါက်လာခြင်းသည် အံ့သြဖွယ်မဟုတ်။ အသိဉာဏ်မရင့်ကျက်မီ ဖြစ်သောဘုရားအလောင်းဖြစ်၍ ဖြစ်သောငါဘုရား၏ ထိုအချိန်၌လည်း မီးကျီးခဲ ပုံမှ-ပဒုမ္မာကြာတို့သည် ပေါ်ထွက်ခဲ့လေကုန်ပြီဟု မိန့်တော်မူလတ်သော်။

မြတ်စွာဘုရားအဘယ်အချိန်အခါ၌ ပေါ်ထွက်ခဲ့ပါကုန်သနည်း၊ တပည့် တော်တို့အားမိန့်ကြားတော်မူပါဟု ရဟန်းတော်တို့ကတောင်းပန်စကား လျှောက်တင်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်ပြီးလျှင် -

ကာမံ ပတာမိနိရယံ၊ ဥဒ္ဓံပါဒေါ အဝံသိရော။

နာ နရိယံ ကရိဿာမိ၊ ဟန္ဒပိဏ္ဍံ ပဋိဂ္ဂဟ- ဟူသောဤရှားမီးကျီးခဲဇာတ်တော်ကိုအကျယ်ချဲ့၍ ဟောပြတော်မူသည်။

အဟံ-ဗာရာဏသီသူဌေးဖြစ်သောငါသည်၊ နိရယံ-ရှားမီးကျီးခဲငရဲထဲ၌ ဥဒ္ဓံပါဒေါ-ခြေမိုးမျှော်၊ အဝံသိရော-ဦးခေါင်းစောက်ထိုး၊ ကာမံ-ပတာမိ-ကျရစေကာမူ၊ အနရိယံ-အရိယာတို့မပြုအပ်သော မလှူဒါန်းမပေးကမ်းခြင်းကို၊ နကရိဿာမိ-မပြုပါအံ့၊ ပြုမည်မဟုတ်ပါ။

ဘောပစ္စေကဗုဒ္ဓ- အိုပစ္စေကဗုဒ္ဓအရှင်မြတ်ဘုရား တွံ-အရှင်မြတ်သည်၊ ဟန္ဒ-ယခု၊ မေ-တပည့်တော်၏၊ ပိဏ္ဍံ-ကပ်လှူသည့်ဆွမ်းကို၊ ပဋိဂ္ဂဟ-ရည်ရွယ်သလောက်ခရီးရောက်အောင် ချီးမြှောက် တမူခံယူတော်မူပါဘုရား။

ဂရဟာဒိန္န ဝတ္ထု ပြီး၏။

# ၅။ ဗာလဝဂ္ဂ
## ၃၆။ မဟာကဿပထေရ်၏အတူနေတပည့်ဝတ္ထု

ရာဇာဂြိုဟ်မြို့ကိုဆွမ်းခံမြို့အဖြစ်အမှီပြု၍ ပိတ်ချင်းဂူ၌သီတင်းသုံးတော်မူသော အရှင်မဟာကဿပထေရ်ကို အတူနေတပည့်ရဟန်းနှစ်ပါးတို့သည် အနီးကပ်ပြုစုကြကုန်၏။

ရဟန်းနှစ်ပါးတို့တွင်အကြီးရဟန်းသည် ရိုသေစွာဝတ္တရားကိုဆောင်ရွက်၏၊ အငယ်ရဟန်းသည် အကြီးရဟန်းပြုအပ်သမျှ (ဆောင်ရွက်သမျှ) ကိုမိမိပြုသကဲ့သို့ပြလိုသည်ဖြစ်၍ အကြီးရဟန်းမျက်နှာသစ်ရေ၊ ဒန်ပူတို့ကိုစီစဉ် အပ်ပြီးကြောင်းကိုသိလျှင်- မဟာကဿပထေရ်အား အရှင်ဘုရား မျက်နှာ သစ်ရေ ဒန်ပူတို့ကို တပည့်တော် စီစဉ်ထားအပ်ပါကုန်ပြီမျက်နှာသစ်တော်မူပါဟု လျှောက်ထားလေ၏။

ခြေဆေးရန်အချိန်၊ ရေချိုးရန်အချိန်စသည်တို့၌လည်း ဤအတူပင်လျှောက်ထားလေ၏။

တပည့်ရဟန်းကြီးသည် -

ဤရဟန်းငယ်သည်ငါပြုထားအပ်သမျှကို သူပြုသကဲ့သို့ပြု၍ ဆရာ သမားအားပြနေသည်၊ ရှိစေဦး၊ ထိုရဟန်းငယ်အားပြုသင့်သည်ကို ငါပြုတော့မည်ဟုကြံ၍ ရဟန်းငယ်ဆွမ်းစားပြီးအိပ်နေစဉ်မှာပင် ချိုးရေကိုနွေးအောင်ပြုပြီး ရေချိုးအိမ်နောက်ဖက်၌ထားလေ၏။

ရေနွေးကျိုရာအိုး၌မူ တစ်ခွက်စာမျှလောက်သာ ရေကိုထား၍အငွေ့ထွက်နေစေ၏။ ထိုရေနွေးအိုးကို ရဟန်းငယ်သည်ညနေချိန်၌ အိပ်ရာမှနိုး၍ အခိုးထွက်နေသည်ကိုမြင်လျှင် ရေကိုပူစေ၍(ရေနွေးကို) ရေချိုးအိမ်၌ထားပြီး ဖြစ်လိမ့်မည်အကြံဖြင့်- ဆရာထေရ်ထံလျှင်မြန်စွာသွား၍ ရှိခိုးပြီး၊ အရှင်ဘုရားရေချိုးအိမ်၌ရေကိုထားပြီးပါပြီ။ ရေချိုးတော်မူကြပါဟု လျှောက်ထား၍ ဆရာထေရ်နှင့်အတူသာ ရေချိုးအိမ်တွင်းသို့ဝင်လေ၏။

မဟာပဿပထေရ်သည် ရေကိုမမြင်လေသော်မောင်ပဋ္ဌင်းရေကအ ဘယ်မှာနည်းဟု မိန့်လေ၏။

ရဟန်းငယ်သည်မီးတင်းကုတ်သို့သွား၍ ရေနွေးအိုး၌ရေမှုတ်ကိုချကြည့် လိုက်သော်အချည်းအနှီး၊ ရေမရှိသည်ကိုသိလျှင်-

ရဟန်းပျက်လုပ်ပုံကိုကြည့်ကြ ရေမရှိသောအိုးကိုဖိုခနောက်ပေါ်၌ တင်ထားခဲ့ပြီး ဘယ်ကို သွားသည်မသိ၊ ငါသည်(ငါကတော့)ရေချိုးအိမ်၌ရေရှိသည် အထင်ဖြင့် ဆရာသမားအားရေချိုးရန် လျှောက်ထားခဲ့ပြီဟု ကဲ့ရဲ့ပြစ်တင်လျက် ရေအိုးကိုယူ၍ ရေဆိပ်သို့သွားလေ၏။

တပည့်ရဟန်းကြီးလည်း ရေချိုးအိမ်နောက်ဖက်မှရေကိုယူ၍ ရေချိုးအိမ၌ထားလေ၏။

မဟာကဿပထေရ်သည် ဤရဟန်းငယ်သည် တပည့်တော်သည်ရေကို နွေးအောင်ပြုပြီး ရေချိုးအိမ်၌ထားအပ်ပါပြီ၊ အရှင်ဘုရားကြွတော်မူပါ၊ ရေချိုးတော်မူပါဟု လျှောက်ထားပြီး ယခုအခါကဲ့ရဲ့ပြစ်တင်လျက် ရေအိုးကိုယူ၍ ရေဆိပ်သို့သွား၏အကြောင်း မည်သို့ဖြစ်သနည်းဟု စဉ်းစားဆင်ခြင်လေသော် ဤမျှလောက်သောအချိန်ပတ်လုံး(ဒီအချိန်ထိအောင်) ဤရဟန်းငယ်သည် တပည့်ရဟန်းကြီးပြုအပ်သော ဝတ်ကို သူပြုသကဲ့သို့ဟန်ဆောင်၍ ငါ့အားပြသည်ဟု သိထားတော်မူကာ ညနေချိန်တွင်မိမိထံလာ၍ ထိုင်နေသော တပည့်ရဟန်းငယ်အားအဆုံးအမဩဝါဒကို ပေးတော်မူသည်။

ဩဝါဒကား -

ငါ့ရှင်တပည့်၊ ရဟန်းမည်သည် ကိုယ်ပြုအပ်သည်ကိုသာပြုအပ်ပါပြီဟု ပြောသင့်သည်၊ ကိုယ်မပြုအပ်သည်ကိုပြုအပ်ပါပြီဟုမပြောသင့်။

သင်သည်ယနေ့မှပင် တပည့်တော်ရေချိုးအိမ်၌ရေကိုထားအပ်ပါပြီ၊ အရှင်ဘုရား ရေချိုးတော်မူပါဟု ငါ့အားလျှောက်ထားပြီး ငါရေချိုးအိမ်တွင်းဝင်၍ နေစဉ် သင်သည်ရေအိုးကိုယူ၍ ကဲ့ရဲ့ပြစ်တင်လျက်သွားခဲ့ပြီ၊ ရဟန်းအားဤသို့ ပြုရန်မသင့်(ဤကားဩဝါဒ)။

တပည့်ရဟန်းငယ်သည် ဆရာထေရ်ပြုပုံကိုကြည့်ကြ၊ ရေကလေးမျှကို-အကြောင်းပြု၍ ငါ့ကိုဤသို့ ပြောဆိုသည်ဟု စိတ်ဆိုးပြီး နောက်တစ်နေ့၌ ဆရာထေရ်နှင့်အတူ ဆွမ်းခံမသွားတော့ချေ။

ဆရာထေရ်သည်တပည့်ရဟန်းကြီးနှင့်အတူ တစ်နေရာသို့ဆွမ်းခံကြွတော်မူသည်။

ရဟန်းငယ်သည်ဆရာထေရ်ဆွမ်းခံကြွလတ်သော် ဆရာထေရ်၏ အလုပ်အကျွေးဒကာထံသို့သွား၍ ရောက်လေလျှင် -

အရှင်ဘုရား- အရှင်ဘုရား၏ဆရာမဟာကဿပထေရ် အဘယ်သို့ကြွပါသနည်းဟု မေးလေသော်-

ဆရာထေရ်မကျန်းမာ၍ မချမ်းမသာဖြစ်နေပါသဖြင့် ကျောင်းမှာသာနေတော်မူပါသည်။

အရှင်ဘုရား - ဘာကိုရဖို့သင့်ပါသနည်း။

ဤသို့သဘောရှိသောအဟာရကို လှူကြပါဟုပြောလေသော် အလုပ်အကျွေးဒါယကာတို့သည် ရဟန်းငယ်ပြောသည့်အတိုင်း ဆွမ်းကိုအပြည့်အစုံပြု၍ ပေးလှူကြကုန်၏။

ရဟန်းငယ်သည် လမ်း၌ပင်လှူလိုက်သောဆွမ်းကိုစား၍ကျောင်းသို့သွားလေ၏။မဟာကဿပထေရ်လည်းကြွရောက်ရာအရပ်၌ နူးညံ့သော အဝတ်ကြီးကိုရတော်မူ၍မိမိနှင့်အတူသွားသော တပည့်ရဟန်းကြီး အားပေးတော်မူသည်။

တပည့်ရဟန်းကြီးသည်ထိုအဝတ်ကိုဆိုး၍ သူ့အတွက်သင်းပိုင်နှင့်ကိုယ် ရုံအဝတ်ပြုထားလေ၏။

မဟာကဿပထေရ်သည် နောက်နေ့၌ တပည့်ရဟန်းငယ်သွားရောက်ခဲ့သော အလုပ်အကျွေး ဒါယကာထံသို့ရောက်တော်မူလျှင် -

အရှင်ဘုရား-အရှင်ဘုရားတို့မှာ မကျန်းမာ၍ မချမ်းမသာဖြစ်နေပါသည်ဟု ကြားရသဖြင့် တပည့်တော်တို့သည် ရဟန်းငယ်ပြောသည့်အတိုင်းပင်စီစဉ်၍ ဆွမ်းအဟာရကိုပို့အပ်ပါသည်။ ပို့အပ်သော ဆွမ်းကိုဘုဉ်းပေးတော်မူ၍ အရှင်ဘုရားတို့၏ ချမ်းသာမှုဖြစ်ပါသလောဟု လျှောက်ထားလေသော်- မဟာကဿပထေရ်သည် ဆိတ်ဆိတ်နေတော်မူသည်။

ကျောင်းသို့ပြန်ကြွ၍ မိမိကိုရှိခိုးထိုင်နေသောတပည့်ရဟန်းငယ်ကို-မောင်ပဉ္စင်း သင်သည် ယမန်နေ့က ဤမည်သောအလုပ်ကို ပြုလုပ်အပ်၏။

ဤအလုပ်သည်ရဟန်းတို့အားမလျောက်ပတ်ချေ၊ ဝိညတ်ကိုပြု၍(ပစ္စည်းနှင့်စပ်သော စကားကို ပြော၍)စားဖို့မသင့်ဟုမိန့်တော်မူလေ၏။

ရဟန်းငယ်သည် စိတ်ဆိုးပြီးဆရာထေရ်၌ ရန်ငြိုးဖွဲ့ထား၍ -

ယခင်နေ့၌ ရေမျှကိုအကြောင်းပြု၍ ငါ့ကိုမုသာဝါဒီ(လိမ်ပြောသည်)ကိုပြု၍ ယနေ့သူ၏ အလုပ်အကျွေးဒါယကာအိမ်၌ ဆွမ်းတစ်ဆုပ်ကိုစားမိခြင်းကြောင့် ငါ့ကိုဝိညတ်ပြု၍ စားရန်မသင့်ဟုပြောသည်။

ဆရာထေရ်သည် သင်္ကန်းလျာအဝတ်ကိုလည်း သူ၏အလုပ်အကျွေး ရဟန်းကြီးအားသာ ပေးအပ်၏။

ဆရာထေရ်၏ ပြုလုပ်ပုံသည် ဝန်လေးလေစွ၊ သူ့အားပြုသင့်သည်ကိုသိရ တော့မည်ဟုကြံစည်ထားပြီး နောက်နေ့၌ ရွာတွင်းသို့ဆရာထေရ်ဆွမ်းခံဝင်လေသော် - ရဟန်းငယ်သည် ကျောင်း၌နေရစ်ပြီးဒုတ်ကိုကိုင်၍ အသုံးအဆောင်အိုးတို့ကိုရိုက်ခွဲ၊ ဆရာထေရ်၏ သစ်ရွက်မိုးကျောင်းကိုမီးရှို့လေ၏။ မီးမလောင်သော ပစ္စည်းကိုလက်ရိုက်ဖြင့် ရိုက်ခွဲကာကျောင်းမှထွက်၍ ပြေးလေ၏။

ထိုတပည့် ရဟန်းငယ်သည်ကွယ်လွန်ပြီးသော် အဝီစိငရဲကြီး၌ဖြစ်လေ၏။

လူအပေါင်းသည် မဟာကဿပထေရ်၏ အတူနေတပည့်ရဟန်းငယ် သည်အဆုံးအမကိုပင် သည်းမခံဘဲစိတ်ဆိုးပြီး မဟာကဿပထေရ်၏ သစ်ရွက်မိုးကျောင်းကိုမီးရှို့ထွက်ပြေးသတဲ့ဟု ပြောဆိုလေ၏။

ထိုအချိန်တွင်ရဟန်းတစ်ပါးသည် နောက်အဖို့ဖြစ်သောအချိန်၌ ရာဇဂြိုဟ်မြို့မှထွက်၍ မြတ်စွာဘုရားကို ဖူးမြင်လိုသဖြင့် ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ မြတ်စွာဘုရားကို ဖူးမြင်လေသော် မြတ်စွာဘုရား သည်စကားအဆက်အစပ်ပြု၍ ရဟန်း-သင်ဘယ်အရပ်က လာသနည်းဟု မေးအပ်သည်ဖြစ်၍၊ မြတ်စွာဘုရား-ရာဇဂြိုဟ်မြို့မှလာပါသည်ဘုရား။

ငါဘုရား၏သားတော် မဟာကဿပခန့်ကျန်းမာ၏လော။

မြတ်စွာဘုရား ခန့်ကျန်းမာသည်ဘုရား၊ သို့ပါသော်လည်း မဟာကဿပထေရ်၏ တပည့်ရဟန်းငယ် တစ်ပါးသည် အဆုံးအမပေးရုံမျှဖြင့်စိတ်ဆိုးပြီး မဟာကဿပထေရ်၏ သစ်ရွက်မိုးကျောင်းကို မီးရှို့ ထွက်ပြေးပါသည် ဘုရားဟုလျှောက်ထားလေသည်။

မြတ်စွာဘုရားသည် ထိုတပည့်ရဟန်းငယ်သည် ယခုဘဝ၌သာဩဝါဒကို ကြားရ၍ စိတ်ဆိုးသည် မဟုတ်၊ ရှေးဘဝ၌လည်းဩဝါဒကိုကြားရ၍ စိတ်ဆိုးဘူးသည်သာ၊ ယခုဘဝ၌ သာကျောင်းကို ဖျက်ဆီးသည် မဟုတ်၊ ရှေးဘဝ၌လည်း ဖျက်ဆီးခဲ့ဘူးသည်သာဟု မိန့်တော်မူကာ အတိတ်ကိုဆောင်တော်မူပြီ

လွန်လေပြီးသောအခါဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း၊ မင်းပြုလတ်သော် - ဟိမဝန္တာအရပ်၌ စာပေါင်းသောင်း ငှက်တစ်ကောင်သည် အသိုက်ပြုလုပ်၍နေ၏။ ထိုအခါနေ့တစ်နေ့၌ မိုးရွာသည်ရှိသော် မျောက်တစ်ကောင်သည် အေးချမ်းမှုကြောင့် တုန်လှုပ်လျက်ထိုအရပ်သို့ရောက်လာလေ၏။ စာပေါင်း သောင်းငှက်သည် ထိုမျောက်ကိုမြင်လျှင် -

မနုဿဿေဝ တေသီသံ၊ ဟတ္ထပါဒါစဝါနရ။
အထကေနနုဝဏ္ဏေန၊ အဂါရံ တေနဝိဇ္ဇတိ။

ဟူသောဂါထာကိုဆိုလေ၏။

ဝါနရ-အို-မျောက်၊ တေ-သင်၏၊ သီသံ-ဦးခေါင်းသည်၊ မနုဿဿ -လူ၏၊ သီသံ ဣဝ-ဦးခေါင်းနှင့်တူ၏၊ တဝ-သင်၏၊ ဟတ္ထပါဒါစ-လက်နှင့်ခြေတို့ သည်လည်း၊ မနုဿဿ-လူ၏ ၊ ဟတ္ထပါဒါ-ဣဝ-လက်ခြေတို့နှင့်တူကုန်၏။

အထ-ထိုသို့ဖြစ်လျက်၊ ကေနဝဏ္ဏေန-အဘယ်ကြောင်းကြောင့်၊ တေ -သင့်အား၊ အဂါရံ-အိမ်သည်၊ နဝိဇ္ဇတိ-နု --မရှိလေသနည်း။

မျောက်သည် ငါ့အားလက်ခြေတို့ကို ရှိကုန်သော်လည်း ရွေးချယ်စီစစ်၍ အိမ်ကိုပြုနိုင်သောပညာသည် ငါမှာမရှိဟုသိမြင်၍ ထိုအကြောင်းကိုသိစေလို၍

မနုဿဿေဝ မေသီသံ၊ ဟတ္ထပါဒါစ သိင်္ဂိလ။
ယာဟုသေဋ္ဌာ မနုဿေသု၊ သာမေပညာ န ဝိဇ္ဇတိ။

ဟူသော ဤဂါထာကိုဆိုလေ၏။

သိင်္ဂါလ-အိုစာပေါင်းသောင်းငှက်၊ မေ-ငါ၏။ သီသံ-ဦးခေါင်းသည်၊ မနုဿဿ-လူ၏၊ သီသံ-ဣဝ-ဦးခေါင်းနှင့်တူ၏။ မေ-ငါ၏။ ဟတ္ထပါဒါစ-လက်နှင့်ခြေတို့သည်လည်း၊ မနုဿဿ-လူ၏။ ဟတ္ထပါဒါ ဣဝ-လက်ခြေတို့နှင့်တူကုန်၏။

မနုဿေသု-လူတို့၌၊ ယာ-ပညာ-အကြင်ပညာသည်၊ သေဋ္ဌာ-ချီးမွမ်းအပ်မြတ်၏ဟု၊ အာဟု-ဆိုကြကုန်၏၊ သာ ပညာ-ထိုပညာသည်။ မေ-ငါ့အား၊ နဝိဇ္ဇတိ-မရှိပါချေ။

တသ္မာ-ထို့ကြောင့်၊ မေ-ငါ့အား၊ အဂါရံ-အိမ်သည်၊ နဝိဇ္ဇတိ-မရှိတော့ချေ။

ထိုသို့ပြောသောအခါထို မျောက်ကို ဤသို့ သဘောရှိသော သင့်အား အဘယ်မှာ အိမ်ရာထောင်နေမှု ပြည့်စုံတော့မည်နည်းဟု ကဲ့ရဲ့လိုသော စာပေါင်းသောင်းငှက်သည် -

၁။ အနဝဋ္ဌိတစိတ္တဿ၊ လဟုစိတ္တဿ ဒုဗ္ဘိနော။
နိစ္စံ အဒ္ဓုဝ သီလဿ၊ သုခဘာဝေါ န ဝိဇ္ဇတိ။

၂။ သောကရဿု အာနုဘာဝံ၊ ဝီတိဝတ္တဿု သီလိယံ၊
သီတဝါတ ပရိတ္တာဏံ၊ ကရဿု ကုဋဝံကပိ။

၁။ အနဝဋ္ဌိတ စိတ္တဿ-မတည်ကြည်သော၊ စိတ်ရှိသော လဟုစိတ္တ ဿ-လုံ့လကို လျော့လွင့်ပေါ့သော စိတ်ရှိသော၊ ဒုဗ္ဘိနော-မိတ်ဆွေကို ပြစ်မှားတတ်သော၊ နိစ္စံ-အမြဲ၊ အဒ္ဓုဝသီလဿ-မစွဲမြဲသောသီလရှိသောသူအား၊ သုခဘာဝေါ-ချမ်းသာ ရှိသူ၏အဖြစ်သည်၊ ဝါ-ချမ်းသာခြင်းသည်၊ နဝိဇ္ဇတိ-တကယ်တိတိမရှိပါလေ။

၂။ ကပိ- အိုမျောက်၊ သော တွံ-ထိုသင်သည် (ပညာယ-ပညာ၏၊ ဉပ္ပါဒနတ္ထံ-ဖြစ်ခြင်းအကျိုးငှာ) အာနုဘာဝံ-အာနုဘော်ဟုဆိုအပ်သော ဗလ ဥပါယကို၊ ကရဿု-ပြုပါလော၊ သီလိယံ-မျောက်တို့၏ အလေ့အကျင့်ကို၊ ဝီတိဝိတ္တဿု-လွန်မြောက်ပါလေလော။

သီတဝါတပရိတ္တာဏံ-ချမ်းအေးသောလေကို ကာကွယ်စောင့်ရှောက်နိုင်သော၊ ကုဋဝံ-နေစရာ အသိုက်အမြုံကို၊ ကရဿု-ပြုလုပ်ပါလေလော။

မျောက်သည် ဤစာပေါင်းသောင်းသည် ငါ့ကိုစိတ်မတည်ကြည်သူ၊ ပေါ့လျော့သောစိတ်ရှိသူ၊ မိတ်ဆွေကိုပြစ်မှားသူ၊ မခိုင်မြဲသောသီလရှိသူဟုပြောဆိုပြုလုပ်၏။ ယခုအခါငါသည် ဤမျောက်၏ မိတ်ဆွေကိုပြစ်မှားသူ အဖြစ်ကိုပြပေတော့အံ့ဟု စာပေါင်းသိုက်ကို ဖျက်ဆီး၍ ဖရိုဖရဲပစ်ကြဲလိုက်လေ၏။

စာပေါင်းသောင်းသည် မိမိ၏ နေရာစာပေါင်းသိုက်ကို မျောက်ကကိုင်ယူစဉ်မှာပင် ဘေးတစ်ဖက်ဖြင့် ထွက်၍ ပြေးလေ၏။

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကိုဆောင်တော်မူ၍ ယခုအခါ သစ်ရွက်မိုးကျောင်းကို မီးရှို့ဖျက်ဆီးသော ရဟန်းသည်ထိုအချိန်၌မျောက်ဖြစ်ခဲ့လေပြီ။

ယခုအခါကဿပသည်ထိုအချိန်၌ စာပေါင်းသောင်းငှက်ဖြစ်ခဲ့လေပြီဟု ဇာတ်တော်ကိုပေါင်း၍ -

ရဟန်းတို့ - ဤသို့လျှင်ထိုရဟန်းသည် ယခုအခါသာကျောင်းကို ဖျက်ဆီးသည်မဟုတ်၊ ရှေးအခါ၌ လည်းအဆုံးအမကိုပေးရာ ခဏာ၌စိတ်ဆိုး၍ နေရာကိုဖျက်ဆီးခဲ့ဘူးပြီ။

ငါ့သားတော်ကဿပ၏ ဤသို့သောလူမိုက်နှင့် အတူနေရခြင်းထက် တစ်ပါးတည်းနေရခြင်းသည်သာ ကောင်းမြတ်လှပေသည်ဟု မိန့်တော်မူကာ -

စရဋ္ဌေနာဓိဂစ္ဆေယျ ၊သေယျံ သဒိသမတ္တနော။
ဧကစရိယံ ဒဠှံ ကယိရာ၊ နတ္ထိဗာလေ သဟာယတာ။

စရံ-စရန္တော-ကလျာဏမိတ်ကိုရှာဖွေစဉ်၊ အတ္တနော-မိမိထက်၊ သေယျံ-သီလသမာဓိပညာဂုဏ်တို့ဖြင့် လွန်ကဲသူကိုလည်းကောင်း၊ သဒိသံ-သီလ၊သမာဓိ ပညာဂုဏ်တို့ဖြင့် တူညီသူကိုလည်းကောင်း(ဝါ-သဒ္ဒါအကြေကြံ)။

စေ-နာဓိဂစ္ဆေယျ-အကယ်၍မရငြားအံ့၊ ဧကစရိယံ-တစ်ယောက်တည်း တည်းကျင့်ကြံနေထိုင်ခြင်းကို၊ ဒဠှံ-မြဲမြံစွာ၊ ကယိရာ-ပြုရာ၏၊ (ကသ္မာ-အဘယ်ကြောင့်နည်းဟူမူကား)ဗာလေ-မိုက်သူ၌၊ သဟာယတာ-အပေါင်းအဖော်၏အဖြစ်သည်။

တစ်နည်းကား၊ သဟာယတာ-စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလ၊ ကထာ ဝတ္ထုဆယ်မျိုး ခုတင်ဂုဏ် တစ်ဆယ့်သုံးပါး ဝိပဿနာဂုဏ် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်(၆)ပါးဟု ဆိုအပ်ကုန်သော အပေါင်းအဖော်၏ အဖြစ်တည်းဟူသော ဂုဏ်သည်၊ နတ္ထိ-မရှိချေ။

(တသ္မာ-ထို့ကြောင့်တည်း)

ဒေသနာတော်အဆုံး၌ အာဂန္တုရဟန်းသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုမှ တခြား ဖြစ်ကုန်သောပရိတ်သတ်များစွာတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ရောက်ကြလေကုန်၏။ အကျိုးရှိသော ဒေသနာတော်ဖြစ်လေသည်။

### ဖော်ပြခဲ့သောဂါထာ၏အဓိပ္ပာယ်လိုရင်း အကျဉ်းချုပ်

မိမိထက်သီလသမာဓိ၊ ပညာဂုဏ်တို့ဖြင့်သာလွန်သူနှင့် ပေါင်းဖော်ယှဉ်တွဲ မခွဲမသွေအမြဲနေလျှင် သီလအစရှိသောဂုဏ်တို့ဖြင့် ကြီးပွားတိုးတက်နိုင်သည်၊ သီလအစရှိသောဂုဏ်တို့ဖြင့်၊ မိမိနှင့်တူညီသူနှင့် အတူနေလျှင် သီလအစရှိသော ဂုဏ်တို့ဖြင့်မတိုးတက်သော်လည်း ရှိထားပြီးဂုဏ်မဆုတ်ယုတ်နိုင်၊ သီလအစ ရှိသောဂုဏ်တို့ဖြင့် မိမိအောက်ယုတ်ညံ့သူနှင့်အတူနေ၊ အတူစား၊ အတူသုံးစွဲနေ လျှင်၊ သီလအစရှိသော ရှိပြီးဂုဏ်တို့မှာယုတ်လျော့ပျက်စီးနိုင်သည်၊ ထို့ကြောင့် မြတ်စွာဘုရားက -

ဧဝရူပေါ ပုဂ္ဂလော နသေဝိတဗ္ဗော
နဘဇိတဗ္ဗော နပယိရု ပါသိတဗ္ဗော
အညတြ အနုဒ္ဒယာ၊ အညတြအနုကမ္ပာ
ဟု ဟောထားတော်မူသည်။

မိမိအောက်ယုတ်ညံ့သူကိုမြင်လျှင် ဤသူသည်ငါ့ကိုအမှီပြုလာ၍ သီလစသည်တို့ဖြင့်ကြီးပွား တိုးတက်လိမ့်မည်ဟု မျှော်လင့်လျက် ထိုသူထံမှဘာကိုမျှ မမျှော်လင့်မတောင့်တမူ၍ ထိုသူကိုချီးမြှောက်နိုင်လျှင် ကောင်းပါ၏။ ထိုသို့ ချီးမြှောက်နိုင်မည်မဟုတ်လျှင် ထိုသူနှင့်အတူမနေပါနှင့်၊ အဘယ်ကြောင့်ဆိုသော် ထိုသူ့မှာသဟာယတာဂုဏ်မရှိသောကြောင့် ဖြစ်ပေသည်။ မိမိအောက်ယုတ်ညံ့သူကိုအမှီပြု၍ မိမိမှာ စူဠသီလအစ အဘိညာဉ်(၆)ပါးအဆုံးရှိသော ဆိုအပ်ခဲ့ပြီး သောဂုဏ်တို့ မဖြစ်လာနိုင်၊ မတိုးတက်နိုင်။

**မဟာကဿပထေရ်၏ အတူနေတပည့် ဝတ္ထုပြီး၏။**

## ၃၇။ အာနန္ဒာသူဌေးဝတ္ထု

သာဝတ္ထိမြို့၌ ကုဋေလေးဆယ်ဥစ္စာကြွယ်သော နှမြောစုံမက်မပေးရက်မှု အားကြီးသော အာနန္ဒာအမည်ရှိ သူဌေးတစ်ဦးရှိလေ၏။

ထိုသူဌေးသည် လခွဲတိုင်းလခွဲတိုင်း ဆွေမျိုးတို့ကို ခေါ်ယူစုဝေးစေကာ သူ၏သားဖြစ်သူ မူလသိရိကို တစ်နေ့သုံးကြိမ် ဆုံးမလေသည်။

ဆုံးမပုံကား -

ချစ်သား ဤကုဋေလေးဆယ်ဥစ္စာကိုများလှပြီဟု မထင်လေနှင့် ကိုယ့်မှာရှိသောပစ္စည်းကို သူတစ်ပါးအားမပေးထိုက်၊ အသစ်ဥစ္စာကိုသာဖြစ်စေသင့်၏။

မှန်၏။ အသပြာတစ်ခုတစ်ခုကိုသော်လည်း ကုန်အောင်ပြုသောသူအဖို့ ကုန်ရုံသာဖြစ်လေ၏။ ထို့ကြောင့် မျက်စဉ်းတို့၏ ခပ်ဖန်များသဖြင့် ကုန်သွားခြင်းကိုမြင်၍လည်းကောင်း၊ ခြတို့၏စုထားရာ တောင်ပို့ကိုမြင်၍လည်းကောင်း၊ ပျားကောင်တို့၏ ရှာဖွေစုပေါင်းထားရာ ပျားလပို့ကို မြင်၍လည်းကောင်း၊ အသိလိမ္မာရှိသူသည် အိမ်ထောင်စုကို အုပ်ချုပ်နေထိုင်ရာ၏ဟု ဆုံးမလေ၏။

အာနန္ဒာသူဌေးသည် နောက်အချိန်၌ မိမိ၏ရွှေအိုးကြီးငါးလုံးတို့ကို သား မူလသိရိအား ပြောဆိုမှာကြားခြင်းမပြုခဲ့ဘဲ ဥစ္စာ၌မှိုတွယ်လျက် မစ္ဆေရအညစ်အကြေးကပ်ငြိကာ ကွယ်လွန်လေသော်-သာဝတ္ထိမြို့တံခါးအနီး ဒွန်းစဏ္ဍားတစ်ထောင် နေထိုင်ရာရွာငယ်တစ်ရွာ၌ ဒွန်းစဏ္ဍားမတစ်ယောက်၏ ဝမ်းဗိုက်၌ ပဋိသန္ဓေနေလေ၏။

ကောသလမင်းကြီးသည် အာနန္ဒာသူဌေးကွယ်လွန်ကြောင်းကြားရလျှင် သူဌေးသား မူလသိရိကိုခေါ်စေ၍ သူဌေးအရာ၌ထားလေ၏။

အတူတကွစုပေါင်းလျက်သာလုပ်အားပြု၍ အသက်မွေးနေသော ထိုဒွန်းစဏ္ဍားအမျိုးတစ်ထောင်သည်လည်း သူဌေးဟောင်း အာနန္ဒာပဋိသန္ဓေနေချိန်မှစ၍လုပ်အားခကို မရသည်သာဖြစ်၏။ မျှတရုံမျှထက် အပိုထမင်းတစ်ခဲကိုသော်လည်းမရလေ၊ ထိုဒွန်းစဏ္ဍားတို့သည် ငါတို့သည်ယခုအချိန်၌ အလုပ်လုပ်ကြသော်လည်း အပိုဟူ၍ထမင်းတစ်ခဲကိုပင် မရကြကုန်။ ငါတို့အတွင်း၌ ကျက်သရေကင်းမဲ့လျက် ယုတ်ညံ့သူအမျိုးသမီးရှိလိမ့်မည်ဟု တိုင်ပင်ဆုံးဖြတ်ကြပြီး။

အာနန္ဒာသူဌေးဟောင်းသူငယ်လောင်း၏ မိဘနှစ်ဦးတို့ကတသီးတခြားစီ ဖြစ်သွားသည့်တိုင်အောင် နှစ်စု၊ နှစ်စုခွဲခြားကြလေ၏။

အာနန္ဒာသူဌေးဟောင်းသူငယ်လောင်း၏ မိဘတို့ပါဝင်ရာ အမျိုး၌ဒွန်းစဏ္ဍားတို့က ဤအမျိုး၌ ယုတ်ညံ့သူအမျိုးသမီးဖြစ်ခဲ့ပြီဟု သူငယ်လောင်း၏ မိခင်ကို နှင်ထုတ်ကြကုန်၏။

ထိုအမျိုးသမီးလည်း ထိုသားပဋိသန္ဓေအဖြစ်ဖြင့်ဝမ်း၌ တည်နေသမျှအချိန်အတွင်း မျှတရုံစားဖွယ်ကို ဆင်းရဲပင်ပန်းစွာရ၍ သားကိုဖွားမြင်လေ၏။

ထိုသား၏လက်နှစ်ဘက်၊ ခြေနှစ်ဘက်၊ မျက်လုံးနှစ်ခု၊ နားရွက်နှစ်ခု၊ နှာခေါင်းနှင့် ပါးစပ်ပေါက်တို့သည် ရှိရမည့်နေရာ၌ မတည်ရှိလေကုန်။

ထိုသားသည် ဤသို့သော အင်္ဂါချို့တဲ့မှုရှိသူဖြစ်၍ မြေဖုတ်ဘီလူးကဲ့သို့ အလွန်အရုပ်ဆိုးသူဖြစ်လေ၏။

ဤသို့ပင်ဖြစ်သော်လည်း ထိုသားကိုမိခင်သည်မစွန့်ရက်နိုင်လေပြီ။

မှန်ပေသည်။ ဝမ်းတွင်း၌ ဆောင်၍မွေးခဲ့ရသောသားသမီးအပေါ်၌ မိခင်၏ အချစ်သည် အလွန်အားကောင်းလှပေသည်။

ထိုအမျိုးသမီးသည် ပင်ပန်းဆင်းရဲစွာကျွေးမွေးခဲ့ရသော သူ့သားကိုခေါ်၍ သွားရာနေ့၌ အလုပ်လုပ်ခစိုးစဉ်းမျှကိုမရဘဲ သားကိုအိမ်၌ထားခဲ့၍ တစ်ယောက်တည်းသာသွားရာနေ့၌ လုပ်အားခကို ရခဲ့လေ၏။

အချိန်ကြာလေသော် ထိုသားကိုထမင်းလှည့်တောင်း၍ အသက်မွေးနိုင်သောအချိန်၌ မိခင်သည် ခွက်တစ်ခုကို သား၏လက်၌ပေးထားပြီး - ချစ်သား-ငါတို့သည် သင့်ကိုအမှီပြု၍ အကြီးအကျယ်ဆင်းရဲခြင်းသို့ ရောက်ခဲ့ကြပြီ ။ ယခုအချိန်၌ သင့်ကိုကျွေးမွေးရန်မတတ်နိုင်၊ ဤသာဝတ္ထိမြို့အတွင်း၌ အထီးကျန်သူ၊ ခရီးသွားသူ စသည်တို့အတွက်စီစဉ်ထားအပ်သောထမင်းတွေရှိကုန်၏။ ထိုထမင်းတွေ့ရှိရာနေရာ၌ ထမင်းအတွက်လှည့်လည်၍ အသက်မွေးလေတော့ဟု ပြောဆိုကာ သားကိုစွန့်လွှတ်လိုက်လေ၏။

ထိုသားသည် အိမ်စဉ်အားဖြင့်သွားလာသော် အာနန္ဒာသူဌေး ဖြစ်စဉ်အချိန်၌နေခဲ့ဘူးရာ အရပ်သို့ရောက်၍ အတိတ်ဘဝဖြစ်စဉ်ကို အမှတ်ရသူဖြစ်၍ မိမိအိမ်သို့ဝင်လေ၏။

တံခါးမုခ်သုံးခုတို့၌ နေသူတို့တွင် မည်သူမျှသူ့ကိုအမှတ်မထားလေ၊ လေးခုမြောက်တံခါးမုခ်၌ နေကြသော မူလသီရိသူဌေးသားငယ်တို့သည် အာနန္ဒာသူဌေးဟောင်းကို မြင်ကြ၍ထိတ်လန့်ကြကာ ငြင်းထန်စွာ ငိုကြလေကုန်၏။

ထိုအခါအာနန္ဒာသူဌေးဟောင်းကို မူလသီရိသူဌေး၏အခြံအရံ ယောကျ်ားတို့သည် ကျက်သရေ ကင်းကွာ၊ ဟဲ့-သူယုတ်မာအိမ်မှ အမြန်ထွက်လေဟု ပြောဆိုရိုက်နှက်ကြပြီး အိမ်မှဆွဲထုတ်၍ အမှိုက်ပုံ၌ ပစ်ထားကြလေကုန်၏။

မြတ်စွာဘုရားသည် ပဏ္ဍာသမဏ အာနန္ဒာထေရ်နှင့်အတူ ဆွမ်းခံလှည့်တော်မူစဉ် ထိုနေရာသို့ ရောက်တော်မူသော် အာနန္ဒာထေရ်ကိုကြည့်တော်မူသဖြင့် အာနန္ဒာထေရ်က မေးလျှောက်အပ်သည်ဖြစ်၍ အာနန္ဒာသူဌေးဖြစ်ပုံကိုမိန့်တော်မူသည်၊ အာနန္ဒာထေရ်သည် မူလသီရိကိုခေါ်စေတော်မူသည်၊ ထိုအခါ လူပေါင်းများစွာစုဝေးမိလေ၏။

မြတ်စွာဘုရားသည် မူလသီရိကိုမိန့်ခေါ်တော်မူ၍- မူလသီရိ သင်သည် ဤသူကိုသိသလောဟု မေးတော်မူလျှင် မသိပါဘုရားဟုလျှောက်ထားအပ်သော် ဤသူသည်သင်၏ဖခင် အာနန္ဒာသူဌေးပင်တည်းဟု မိန့်တော်မူလျှင် ယုံကြည်မှုမရှိသော မူလသီရိကို -

အို- အာနန္ဒာသူဌေး သင်သည်သင်မြှုပ်ထားခဲ့သော ရွှေအိုးကြီးငါးလုံးတို့ ကိုသင့်သားအား ပြောပြလိုက်ပါဟု အာနန္ဒာသူဌေးကိုပြောပြစေ၍ မူလသီရိကို ယုံကြည်စေတော်မူပြီ။

မူလသီရိသည် မြတ်စွာဘုရားကို လဲလျောင်းမှီခိုရာဟူ၍ ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်လေ၏။ မြတ်စွာဘုရားသည်မူလသီရိအားတရားဟောလို၍။

ပုတ္တာ မတ္ထိနေမတ္ထိ၊ ဣတိဗာလော ဝိဟညတိ။

အတ္တာဟိ အတ္တနော နတ္ထိ၊ ကုတောပုတ္တာ ကုတောဓနံ။

မေ- ငါ့အား၊ ပုတ္တာ- သားသမီးတို့သည်၊ အတ္ထိ- ရှိကုန်၏။ မေ- ငါ့အား ဓနံ- ရွှေငွေအဖြာဖြာ ပစ္စည်းဥစ္စာသည်၊ အတ္ထိ-ရှိ၏၊ ဣတိ- ဤသို့၊ ဗာလော- သူမိုက်သည်၊ ဝိဟညတိ-ပင်ပန်းဆင်းရဲရလေ၏။

ဟိ-မှန်၏၊ ဧဝံ-ဝိဟညဿ-ဤသို့ပင်ပန်းဆင်းရဲနေသော သူမိုက်အား၊ အတ္တနော-မိမိအဖို့၊ အတ္တာ-ကိုယ်ကောင်သည်(မိမိကိုယ်သည်) နတ္ထိ-မရှိတော့ချေ၊ ပုတ္တာ-သားသမီးတို့သည်၊ ကုတော-အတ္ထိ-အဘယ်မှာရှိအံ့နည်း၊ ဓနံ-ရွှေငွေစဖြာပစ္စည်း ဉစ္စာသည်၊ ကုတော-အတ္ထိ-အဘယ်မှာ ရှိအံ့နည်း။

ထိုဂါထာ၏အဓိပ္ပာယ်ကား -

သူမိုက်သည် သားသမီးတို့ကို ချစ်ခင်နှစ်သက်တွယ်တာတတ်သော တဏှာကြောင့်လည်းကောင်း၊ ပစ္စည်းဉစ္စာကိုသာယာစုံမက်နှစ်သက်တွယ်တာ သောတဏှာကြောင့်လည်းကောင်း ပင်ပန်းဆင်းရဲရ၏။

ငါ့သားသမီးတို့သည် ပျက်စီးခဲ့ကုန်ပြီဟု ပင်ပန်းဆင်းရဲရသည်၊ ပျက်စီးကုန်ဆဲ၊ ပျက်စီးကုန်မည်ဟု ပင်ပန်းဆင်းရဲရသည်၊ ပစ္စည်းဉစ္စာ၌လည်း ငါ၏ပစ္စည်းဉစ္စာတို့သည် ပျက်စီးကုန်ပြီဟု ပင်ပန်းဆင်းရဲရသည်။ ပျက်စီးကုန် ဆဲ၊ ပျက်စီးကုန်လိမ့်မည်ဟု လည်းပင်ပန်းဆင်းရဲရသည်။

သားသမီးတို့ကိုကျွေးမွေးပြုစုမည်အကြံဖြင့် ညအခါ၌လည်းကောင်း၊ နေ့အခါ၌လည်းကောင်း၊ အမျိုးမျိုးအားဖြင့်လုံ့လကြိုးကုတ်အားထုတ်သည် ဖြစ်၍လည်း-ပင်ပန်းဆင်းရဲရ၏။

ဤသို့ပင်ပန်းဆင်းရဲရသော သူမိုက်အား ထိုသို့ပင်ပန်းဆင်းရဲရခြင်းဖြင့် ဆင်းရဲနေသော မိမိကိုယ်ကို ချမ်းသာအောင် မပြုနိုင်သောသူမိုက်အား အသက်ထင်ရှားရှိချိန်၌လည်း မိမိကိုယ်သည် မိမိအတွက် မရှိတော့ချေ။

သေရာညောင်စောင်း၌လည်း လျောင်းနေသောသူမိုက်အား သေခြင်းအနီး၌ဖြစ်သော သေခြင်း အနီးရှိသော ဆင်းရဲတို့ဖြင့်မီးလျှံလောင်ကျွမ်းသကဲ့သို့ လောင်ကျွမ်းအပ်သည်ဖြစ်၍ အရိုးအဆက် အဖွဲ့အစည်းတို့သည် ပြတ်ကြလေကုန်သော်၊ အရိုးစုတို့သည် ကျိုးပျက်ကုန်သော်၊ တမလွန်လောကကို မျက်စိမှိတ် ၍ဤလောကကို မျက်စိဖွင့်၍ကြည့်စဉ်လည်းကောင်း၊

နေ့စဉ်နေ့တိုင်း နှစ်ကြိမ်ရေချိုးပေး၍ သုံးကြိမ်အစာကျွေး၍ နံ့သာပန်း စသည်တို့ဖြင့် တန်ဆာဆင်၍ အသက်ထက်ဆုံး ပြုစုကျွေးမွေးသော် လည်းကောင်း၊ ဆင်းရဲဖော်ဆင်းရဲဘက်အဖြစ်ဖြင့် ဆင်းရဲကို ကာကွယ်စောင့်ရှောက်ရန် မစွမ်းနိုင်သောကြောင့် ခန္ဓာကိုယ်သည် မိမိအတွက်မရှိတော့ချေ ရှိရာ မရောက်တော့ချေ။

သေရာညောင်စောင်းလည်း လျောင်းနေရာ ထိုအချိန်အခါ၌ သားသမီး ပစ္စည်းဉစ္စာတို့သည် ဘာကိုပြုနိုင်ကြတော့မည်နည်း။

အာနန္ဒာသုဓွေး၏လည်း တစ်စုံတစ်ယောက်အားပစ္စည်းတစ်စုံတစ်ခုကို မပေးခဲ့မူ၍ သားအတွက် ပစ္စည်းဉစ္စာကို မဖြစ်စေဘဲ သေရာညောင်စောင်း၌အိပ်နေစဉ်မှာလည်းကောင်း၊ ယခုဤဆင်းရဲသို့ ရောက်နေစဉ်မှာလည်းကောင်း၊ သားသမီးတို့သည် အဘယ်မှာရှိကုန်သနည်း၊ ပစ္စည်းဉစ္စာသည်အဘယ်မှာရှိတော့သနည်း။

ဆင်းရဲနှင့်ကြုံရာအချိန်အခါ၌ သားသမီးတို့ကသော်လည်းကောင်း၊ ပစ္စည်းဉစ္စာကသော်လည်းကောင်း၊ အဘယ်ဆင်းရဲကို ပယ်ဖျောက်နိုင်ကုန်သနည်း၊ အဘယ်ချမ်းသာကိုဖြစ်စေနိုင်ကုန်သနည်း၊ ဆင်းရဲကိုလည်း ပယ်ဖျောက်မပေးနိုင်၊ ချမ်းသာကိုလည်း မဖြစ်စေနိုင်ဟူလို။

ဒေသနာတော်အဆုံး၌ရှစ်သောင်းလေးထောင်သော သတ္တဝါတို့၏။ ပ ။ ဖြစ်လေ၏။

**အာနန္ဒာသုဓွေးဝတ္ထု ပြီး၏။**

## ၃၈။ အထုပ်ဖြည် သူခိုး ဝတ္ထု

သာဝတ္ထိမြို့၌ သူငယ်ချင်းမိတ်ဆွေနှစ်ဦးတို့သည် တရားနာရန်သွားသော လူများနှင့်အတူ ဇေတဝန်ကျောင်းတော်သို့သွားကြသည်။ တစ်ယောက်လူသည် မြတ်စွာဘုရား၏ တရားတော်ကို နာယူသည်၊ တစ်ယောက်လူမှာမူ သူခိုးယူနိုင်မည့်(ခိုးယူလို့ရမည့်) ပစ္စည်းကိုကြည့်နေသည်။ တရားနာသူသည် တရားနာလျက် သောတာပတ္တိဖိုလ်သို့ရောက်လေပြီ။

တစ်ယောက်လူသည် တခြားလူတစ်ယောက်၏ ပုဆိုးအစွန်း၌ ထုပ်ထားသော ငါးပဲမျှသော ဥစ္စာကို ရလေ၏။ ထိုငါးပဲသည် ထိုသူ၏အိမ်၌ထမင်းချက်ဖို့အတွက်ဖြစ်၏။ သောတာပတ္တိဖိုလ်သို့ရောက်သူ၏ အိမ်၌ထမင်းချက်စရာမရှိဖြစ်နေ၏။ ထိုအခါ ထမင်းချက်စရာမရှိဖြစ်နေသူကို သူငယ်ချင်းမိတ်ဆွေသူခိုးက သူ၏ဇနီးနှင့်အတူ ပျက်ရယ်ပြုကာ။ သင်သည် အလွန်ပညာရှိလူ လိမ္မာဖြစ်သည့်အတွက် ကိုယ့်အိမ်၌ချက်မည့် ထမင်းဖိုးကိုသော်လည်း မပြည့်စုံ၊ မပြီးစီးစေနိုင်ဟုဆို၏။

သောတာပန်သူငယ်ချင်း မိတ်ဆွေသည်ကား ဤလူသည်မိုက်သောကြောင့်သာသူ၏ လူလိမ္မာပညာရှိအဖြစ်ကို စင်စစ်မှတ်ထင်နေရှာ၏ဟု မှတ်ထားကာ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားရန် ဆွေမျိုးတို့နှင့်အတူ ဇေတဝန်ကျောင်းသို့သွား၍ မြတ်စွာဘုရားအား လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ထိုသောတာပန်အား တရားဟော၍

ယောဗာလော မညတိ ဗာလျံ၊ ပဏ္ဍိတောဝါပိတေနသော။

ဗာလောစ ပဏ္ဍိတမာနီ၊ သဝေဗာလောတိ ဝုစ္စတိ။

ယောဗာလော-သိဉာဏ်မပိုက်၊ အကြင်လူမိုက်သည်၊ ဗာလျံ-သူ၏ လူမိုက်အဖြစ်ကို၊ မညတိ-စဉ်းစားဆင်ခြင်သိမြင်လေ၏။ တေန-ထိုသို့သိမြင်ခြင်းကြောင့်၊ သော-ထိုလူမိုက်သည်။ ပဏ္ဍိတောဝါ-ပညာရှိအစစ်သည်သော်လည်းကောင်း၊ ပဏ္ဍိတ-သဒိသော ဝါ-ပညာရှိနှင့်တူသူသည် သော်လည်းကောင်း၊ ဟောတိ-ဖြစ်နိုင်လေ၏။ ယောစ-အကြင်သူသည်ကား၊ ဗာလော-မိုက်သူသည်(သမာနော-ဖြစ်လျက်) ပဏ္ဍိတမာနီ-သူ့ကိုယ်သူ ပညာရှိဟုမှတ်ထင်နေ၏၊ သ-သော-ထိုသူကို၊ ဝေ-စင်စစ်၊ ဗာလောတိ-လူမိုက်ဟူ၍၊ ဝုစ္စတိ-ခေါ်ဆိုအပ်လေ၏။ အဓိပ္ပာယ်ကား -

မိုက်သူတစ်ယောက်သည် သူ့ကိုယ်သူငါမိုက်သည်အသိ အလိမ္မာမရှိသူ ဟုသိထားသည်၊ ထိုသူသည် ထိုသို့သိထားသောကြောင့် မိမိမှတစ်ပါးသော ပညာရှိထံဆည်းကပ်လျက် ပညာရှိကပညာရှိဖြစ်နိုင်ရန် ဆုံးမအပ်၊ ကမြစ်အပ်သော် ထိုအဆုံးမကိုယူ၍ လိုက်နာနေထိုင်သောကြောင့် ပညာရှိတစ်ယောက် (သို့မဟုတ်)ပညာရှိနှင့်တူသူ တစ်ယောက်ဖြစ်လာနိုင်သည်။

အကြင်သူသည်ကား မိုက်သူဖြစ်လျက် အဘယ်သူသည်ငါနှင့်တူသော ဗဟုသုတရှိသူ တရားဟောနိုင်သူ ဝိနည်းကို ဆောင်သူရှိသနည်းဟု သူ့ကိုယ်သူပညာရှိထင်နေ၏။ ထိုသူသည် သူမှတစ်ပါး အခြားသော ပညာရှိကိုမချဉ်းကပ်ဘဲ ပရိယတ်ကိုလည်း မသင်ယူ ပဋိပတ်ကိုလည်းမဖြည့်ကျင့် ထိုသူသည် တကယ် လူမိုက်အဖြစ်သို့သာ ရောက်လေ၏။ ထိုသူသည် အထုပ်ကို ဖြည်ခိုးသူ သူခိုးနှင့်တူ၏။

ဒေသနာတော်အဆုံး၌ လျှောက်ထားသူ၏ ဆွေမျိုးများနှင့် အတူလူများစွာသည် သောတာပတ္တိဖိုလ်စသည်တို့သို့ရောက်လေ၏။

**အထုပ်ဖြေ သူခိုး ဝတ္ထု ပြီး၏။**

## ၃၉။ ဥဒါယိထေရ်ဝတ္ထု

မြတ်စွာဘုရားသာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဥဒါယိထေရ်သည် မဟာထေရ်များပြန်ကြွကြလေသော် ဓမ္မသဘင်သို့သွား၍ တရားဟောရာနေရာ၌ထိုင်နေလေ၏။ ထိုအခါ တစ်နေ့သ၌ထိုသို့ နေသော ဥဒါယိထေရ်ကို အာဂန္တုဧည့်သည်ရဟန်းတို့မြင်ကြလေသော် ဤရဟန်းသည် ဗဟုသုတအကြားအမြင်များသော မဟာထေရ်ဖြစ်လိမ့်မည်ဟု မှတ်ထင်ကြကာ ခန္ဓာစသည်တို့နှင့် ဆက်စပ်သော အမေးပြဿနာကို မေးကြလေလျှင် တရားတစ်စုံတစ်ခုကိုမျှ မသိသည်ဖြစ်၍

ဤရဟန်းသည်ဘယ်လိုရဟန်းနည်း၊ ဘုရားရှင်တို့နှင့်အတူကျောင်းတိုက်တစ်ခုတည်း၌နေသူ ဖြစ်လျက်ခန္ဓာကိုယ်မျှ၊ ဓာတ်ကိုမျှ၊ အာယတနကိုမျှမသိရှာလေဟု ဥဒါယိထေရ်ကို ကဲ့ရဲ့ပြစ်တင်ကြလေ၏။

ထိုအကြောင်းကိုမြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ထိုအာဂန္တုရဟန်းတို့အား တရားဟောလေသော် -

ယာဝဇီဝမ္ပိစေဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ။

နသောဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗိ သူပရသံယထာ။

ဗာလော-သိဉာဏ်မပိုက် ရဟန်းမိုက်သည်၊ ယာဝဇီဝံ - အသက်ထက်ဆုံး၊ ပဏ္ဍိတံ-ပညာရှိကို၊ စေ ပယိရုပါသတိ-အကယ်၍ဆည်းကပ်နေလေ၏။ ဇဝံ-ပယိရုပါသန္တောပိ-ဤသို့ဆည်း ကပ်နေသော်လည်း၊ သောဗာလော-သိဉာဏ် မပိုက်ထို လူမိုက်သည်၊ ဓမ္မံ-ပရိယတ်တရား၊ ပဋိပတ်တရား၊ ပဋိဝေဓတရားကို၊ နဝိဇာနာတိ-မသိလေ။

ယထာ ကိံ-အဘယ်ကဲ့သို့နည်းဟူမူ၊ ဒဗ္ဗိ-ဟင်းမွှေဇွန်းယောင်းမသည်၊ သူပရသံ-ဆားပါ/မပါ၊ အခါး အရသာ၊ အင်အရသာ၊ အစပ်အရသာ၊ အချဉ်အရသာ၊ အဖန်အရသာ၊ အချိုအရသာဟူသော ဟင်း၏ အရသာကို၊ နဇာနာတိ ဣဝ-မသိသကဲ့သို့တည်း။

ဒေသနာတော်အဆုံး၌ အာဂန္တုရဟန်းတို့၏ စိတ်တို့သည် အာသဝေါတရားလေးပါးမှ လွတ်ကင်း ကြကုန်၏။

**ဥဒါယိထေရ်ဝတ္ထု ပြီး၏။**

## ၄၀။ ပါဝါပြည်သား ရဟန်းသုံးကျိပ်ဝတ္ထု

ကောသလမင်းကြီး၏ ဖတူမိကွဲ ညီနောင်သုံးကျိပ်တို့သည် မြတ်စွာဘုရားတစ်ဝါရပြီး ဝါကျွတ်ချိန်တွင် ဝါချည်တောအုပ်၌ ထွက်ပြေးသော မိန်းမကိုရှာဖွေကြစဉ် မြတ်စွာဘုရားနှင့်တွေ့၍ တရားကိုနာယူကြသည်။

ညီနောင်သုံးကျိပ်လုံး ဧဟိဘိက္ခုအဖြစ်သို့ ရောက်၍တန်ခိုးဖြင့်ပြီးသော သပိတ်၊ သင်္ကန်းကိုယ်စီဝတ်ရုံ သုံးဆောင်ကြကာ ဓုတင်တရား(၁၃)ပါးကို ဆောက်တည်ကျင့်သုံးနေကြကုန်၏။

ထိုရဟန်းညီနောင်သုံးကျိပ်တို့သည် နှစ်လများစွာရှည်ကြာလာလတ်သော်၊ မြတ်စွာဘုရားထံ ချဉ်းကပ်ကာ အနမတဂ္ဂတရား ဒေသနာတော်ကို ကြားနာကြ၍ ထိုကြားနာ ထိုင်နေရာ၌ပင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

ရဟန်းတို့သည် ဤရဟန်းညီနောင်သုံးကျိပ်တို့သည် စင်စစ်အံ့ဩထိုက်ပါပေကုန်၏။ လျင်မြန်စွာ တရားတော်ကို သိအပ်ပါပေ၏ဟု ဓမ္မသဘင်၌စကား ပြောဆိုကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ပြောဆိုသော ထိုစကားကိုကြားတော်မူ၍ ရဟန်းတို့ ဤရဟန်းညီနောင် သုံးကျိပ်တို့သည် ဤဘဝ၊ ဤအချိန်၌သာ တရားကို လျင်မြန်စွာသိကြသူများ မဟုတ်ကြကုန်၊ ရှေးအတိတ် ကာလ၌လည်း ဤရဟန်းညီနောင်သုံးကျိပ်တို့သည် မိတ်ဆွေအရက်သမားသုံးကျိပ်ဖြစ်ခဲ့ကြပြီး တုဏ္ဍိလ ဇာတ်၌ မဟာတုဏ္ဍိလဝက်မင်း၏ တရားဒေသနာကိုကြားနာကြ၍လည်း လျင်မြန်စွာတရားကိုသိကြကာ ငါးပါးသော သီလတို့ကို ဆောက်တည်ကျင့်သုံးခဲ့ကြကုန်ပြီ။

ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့သည် ထိုဥပနိဿယကြောင့်သာ(အရဟတ္တဖိုလ်၏ အကြောင်း ကြောင့်သာ) ယခုဘဝ၊ယခုအချိန်၌ ထိုင်နေရာ၌ပင် အရဟတ္တဖိုလ်သို့ရောက်ကြသည်ဟု မိန့်တော်မူကာ တရားဓမ္မဟောပြလိုတော်မူသော မြတ်စွာဘုရားသည် -

မုဟုတ္တမပိ စေဝိညူ၊ ပဏ္ဍိတံ ပယိရုပါသတိ။

ခိပ္ပံဓမ္မံ ဝိဇာနာတိ၊ ဇိဝှါ သူပရသံ ယထာ။

ဝိညူ-အသိအလိမ္မာရှိသူသည်၊ မုဟုတ္တံအပိ-တစ်မုဟုတ်အချိန်မျှသော် လည်း၊ ပဏ္ဍိတံ-အခြားပညာ ရှိကို၊ စေ ပယိရုပါသတိ- အကယ်၍ဆည်းကပ်ပြီး သင်ယူမေးမြန်းကျင့်ကြံအားထုတ်သည်ဖြစ်အံ့၊ သော- ထိုအသိအလိမ္မာရှိသူသည်၊ ခိပ္ပံ-လျှင်မြန်စွာ၊ ဓမ္မံ-ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓတရားကို၊ ဝိဇာနာတိ - သိနိုင်၏။

ယထာ ကိံ-ဥပမာအဘယ်သို့နည်းဟူမူ၊ ဇိဝှါ-ဟင်းလျာစားသူ၏ လျှာသည်၊ သူပရသံ-ခါး၊ ငံ၊ စပ်၊ ဖန်၊ ချို၊ ချဉ် ဟူသော ဟင်း၏အရသာကို၊ ဇာနာတိ ယထာ-သိသကဲ့သို့တည်း။

ဒေသနာတော်အဆုံး၌ များစွာသောရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

**ပါဝါပြည်သား ရဟန်းသုံးကျိပ်ဝတ္ထု ပြီး၏။**

# ၄၁။ သုပ္ပဗုဒ္ဓလူနူဝတ္ထု

မြတ်စွာဘုရား ရာဇဂြိုဟ်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ်တစ်ခုသောအချိန်၌ သုပ္ပဗုဒ္ဓလူနူသည် ပရိသတ်အစွန်၌ထိုင်လျက် မြတ်စွာဘုရား၏ ဟောပြအပ်သော တရားကိုကြားနာရ၍ သောတာပတ္တိဖိုလ်သို့ ရောက်လေလျှင် မိမိရထားအပ်သောဂုဏ်ကို မြတ်စွာဘုရားအား အသိပေးလျှောက်ထားလိုသော်လည်း ပရိသတ်အလယ်၌ ဝင်ရောက်ခြင်းငှာ မရဲသည်ဖြစ်၍ လူများစွာသည် မြတ်စွာဘုရားကို ရှိခိုးလိုက်ပို့၍ ပြန်ဆုတ်သွားရာအချိန်၌ ဘုရားကျောင်းတော်သို့သွားလေ၏။

ထိုခဏ၌သိကြားမင်းသည် ဤသုပ္ပဗုဒ္ဓလူနူသည် မြတ်စွာဘုရားသာသနာတော်၌ သူရထားအပ်သော ဂုဏ်ကိုထင်ရှားပေါ်လွင်အောင် ပြုလိုသူဖြစ်သည်ဟု သိပြီး၊ သုပ္ပဗုဒ္ဓလူနူကို စုံးစမ်းဦးမည်အကြံဖြင့်သွား၍ ကောင်းကင်၌ရပ်တည် လျက်ပင်ဤစကားကို ပြောဆိုလေ၏။

သုပ္ပဗုဒ္ဓ-သင်သည် သူဆင်းရဲဖြစ်သည်။ အဆင့်အတန်းနိမ့်သူဖြစ်သည်။

ငါသည် သင့်အားအကန့်အသတ်အပိုင်းအခြား မရှိသော ဥစ္စာကိုပေး မည်။

ဘုရားသည် ဘုရားမဟုတ်၊ တရားသည် တရားမဟုတ်၊ သံဃာသည်သံဃာမဟုတ်၊ ငါ့အား ဘုရားဖြင့်အကျိုးမရှိ၊ ငါ့အားတရားဖြင့်အကျိုးမရှိ၊ ငါ့အား သံဃာဖြင့်အကျိုးမရှိဟု ပြောပါဟု ပြောဆိုလေ၏။

ထိုအခါ သိကြားမင်းကို သုပ္ပဗုဒ္ဓက - သင်မည်သူနည်းဟု မေးလေ၏။ သိကြားမင်းက ငါသိကြားမင်း ဖြစ်သည်ဟု ပြန်ပြောလေ၏။

ဟယ်-သိကြားမိုက်၊ အကန်း၊ အရှက်မရှိတဲ့ သိကြား သင်သည်ငါနှင့်အတူ စကားပြောသင့်သူမဟုတ်၊ သင်သည် ငါ့ကိုနွမ်းပါးသူ၊ ဆင်းရဲသူ၊ ခိုးကိုးရာမဲ့ အထီးကျန်သူဟုပြောဆို၏။ ငါသည်နွမ်းပါးသူမဟုတ်၊ ဆင်းရဲသူမဟုတ်၊ ငါသည်ချမ်းသာသူ ဥစ္စာပေါသူဖြစ်၏။

၁။ သဒ္ဓါဓနံ သီလဓနံ၊ ဟိရီဩတ္တပ္ပိယံ ဓနံ။
သုတဓနဉ္စ စာဂေါစ၊ ပညာဝေ သတ္တမံဓနံ။

၂။ ယဿ ဧတေ ဓနာ အတ္ထိ၊ ဣတ္ထိယာ၊ ပုရိသဿဝါ။
အဒလိဒ္ဒေါတိ တံ အာဟု၊ အမောဃံ တဿ ဇီဝိတံ။

၁။ သဒ္ဓါဓနံ-သဒ္ဓါဥစ္စာလည်းကောင်း၊ သီလဓနံ-သီလဥစ္စာလည်းကောင်း၊ ဟိရီ-ဟိရီဥစ္စာလည်းကောင်း၊ ဩတ္တပ္ပိယံဓနံ- ဩတ္တပ္ပဥစ္စာလည်းကောင်း၊ သုတဓနဉ္စ-သုတဥစ္စာလည်းကောင်း၊ စာဂေါစ- စာဂဥစ္စာလည်းကောင်း၊ ဝေ-စင်စစ်၊ သတ္တမံ-ခုနစ်ခုမြောက်ဖြစ်သော၊ ပညာဓနံ-ပညာဥစ္စာလည်းကောင်း။

၂။ ယဿ-ယာယ၊ ဣတ္ထိယာဝါ၊ အကြင်မိန်းမအားလည်ကောင်း၊ ယဿ-ပုရိသဿဝါ-အကြင်ယောကျာ်းအားလည်းကောင်း၊ ဧတေဓနာ၊ ဤဥစ္စာတို့သည် အတ္ထိ-ရှိကုန်၏။ တံ- ထိုဥစ္စာရှိသော မိန်းမ ယောကျာ်းကို၊ အဒလိဒ္ဒေါတိ-ဆင်းရဲသူမဟုတ်ဟု၊ ဝါ-လူချမ်းသာဟု၊ အာဟု-ဆိုကြကုန်၏။ တဿ-သဒ္ဓါစသားခုနစ်ပါးဟု တရားဥစ္စာရှိထားသူ၏၊ ဇီဝိတံ- အသက်ရှင်ခြင်းဖြစ်သည်၊ အမောဃံအချည်းနှီးမဟုတ် အကျိုးရှိသည်သာဖြစ်၏။

ငါ့အား(၇)မျိုးသော ဤအရိယာဥစ္စာတို့ရှိကုန်၏။

မှန်ပေသည်၊ အကြင်သူတို့မှာ(၇)မျိုးသောဤဥစ္စာတို့ရှိကုန်၏။ ထိုသူတို့ကို ဘုရားရှင်တို့သည် လည်းကောင်း၊ ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း၊ သူဆင်းရဲများဟု မိန့်တော်မမူအပ်ကုန်ဟု ပြောဆိုလေ၏။

သိကြားမင်းသည် သုပ္ပဗုဒ္ဓလူနူ၏ ပြောစကားကိုကြားရလေသော် သုပ္ပဗုဒ္ဓကို အကြားဖြစ်သောလမ်း၌ ချန်ထားခဲ့ပြီးမြတ်စွာဘုရားထံသွား၍ မိမိပြောစကား သုပ္ပဗုဒ္ဓကပြန်ပြောစကား အားလုံးကို လျှောက်ထားလေ၏။

ထိုအခါသိကြားမင်းကိုမြတ်စွာဘုရားက -

သိကြားမင်းသင်နှင့် အလားတူဖြစ်ကုန်သော သိကြားမင်းအရာကသော်လည်းကောင်း၊ အထောင်ကသော်လည်းကောင်း သုပ္ပဗုဒ္ဓလူနူကို -

ဘုရားသည် ဘုရားမဟုတ်ဟုတရားသည် တရားမဟုတ်ဟု၊ သံဃာသည် သံဃာမဟုတ်ဟု ပြောဆိုစေရန်မတတ်နိုင်ကြဟုမိန့်တော်မူလေ၏။

သုပ္ပဗုဒ္ဓလူနူလည်းမြတ်စွာဘုရားထံသွား၍ မြတ်စွာဘုရားနှင့် နှုတ်ခွန်းဆက်ပြီး ဝမ်းမြောက်ဝမ်းသာစွာ မိမိရထားအပ်သောဂုဏ်ကိုလျှောက်ထားကာ နေရာမှထ၍ ထွက်ခွာသွားလေ၏။

ထွက်ခွာသွား၍ မကြာမီပင်သုပ္ပဗုဒ္ဓလူနူကို့ကလေးနွားငယ်ရှိသော နွားမသည် တိုးဝှေ့၍ ဇီဝိတိန္ဒြေမှ ချလိုက်လေ၏။

ဘီလူးမတစ်ယောက်သည် ပုက္ကုသာတိအမျိုးသားဗာဟိယဒါ ရုစီရိယ တမ္ဗဒါဌိက ခိုးလူသတ် ယောကျ်ား သုပ္ပဗုဒ္ဓလူနူဤလေးယောက်တို့၏ အရာမက သော ဘဝ၌နွားမဖြစ်၍ ဇီဝိတိန္ဒြေမှချခဲ့လေပြီ။

အတိတ်အကြောင်းကား -

ရှေးလွန်လေပြီးသောအခါ ပုက္ကုသာတိအမျိုးသားအစရှိသော ထိုလေးယောက်တို့သည် သူဌေးသားများဖြစ်ကြပြီး၊ မြို့ကိုတင့်တယ်စေတတ်သော ပြည်တန်ဆာမတစ်ယောက်ကိုဥယျာဉ်တွင်းသို့ ခေါ်ဆောင်သွားကြပြီး တစ်နေ့လုံး ဇိမ်ခံကြကာညနေချိန်၌ ဤသို့တိုင်ပင်ကြကုန်၏။

ဤနေရာ၌ ငါတို့အပြင် အခြားလူမရှိ၊ ဤမိန်းမအား ငါတို့ပေးရမည့် အသပြာတစ်ထောင်နှင့် သူ၏ ဝတ်ဆင်ထားသော ပစ္စည်းအားလုံးကိုယူ၍ သူ့ကိုသတ်ပြီး ပြန်ကြရအောင်ဟု တိုင်ပင်ကြကုန်၏။

ထိုအမျိုးသမီးသည် ထိုသူတို့တိုင်ပင်ပြောစကားကိုကြားရလေသော်-ဤသူတို့သည် အရှက်မရှိသူတို့တည်း၊ ငါနှင့်အတူမွေ့လျော်ပျော်ပါးကြပြီး၊ ယခုငါ့ကိုသတ်လိုကြသည်။ သူတို့အပေါ် ငါပြုသင့်သည်ကိုသိရတော့မည်ဟု ကြံစည်လျက် ထိုသူလေးယောက်တို့သတ်တော့မည်အခါ ငါသည်ဘီလူး ဖြစ်၍ သူတို့ငါ့ကိုသတ်သလို သူတို့ကိုသတ်နိုင်သူဖြစ်ရပါလို၏ဟု ပတ္ထနာ(တောင့်တမှု)ကိုပြုလေ၏။

ထိုပတ္ထနာ၏အကျိုးဆက်ကြောင့်ဤသူတို့ကိုသတ်လေပြီ။

များစွာသောရဟန်းတို့သည် သုပ္ပဗုဒ္ဓလူနူ၏ ကွယ်လွန်ကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြပြီး၊ သုပ္ပဗုဒ္ဓကဋ္ဌိလား ရောက်ရာဂတိသည် အဘယ်ပါနည်း၊ အဘယ်အကြောင်းကြောင့်လူနူဘဝသို့ ရောက်ရလေသနည်းဟု မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရားသည် သုပ္ပဗုဒ္ဓ၏သောတာပတ္တိဖိုလ်သို့ရောက်၍တာဝတိံသာ နတ်ပြည်၌ ဖြစ်နေကြောင်းကိုလည်းကောင်း၊ တဂရသိခီပစ္စေကဗုဒ္ဓါကိုတွေ့ရစဉ် တံတွေးထွေး၍ ကဲ့ရဲ့ရှုတ်ချမှုကိုပြုခဲ့ သောကြောင့် ရှည်လျားလှစွာသော နေ့ညဥ့်ပတ်လုံး ငရဲ၌ကျက်ခဲ့၍ ကျန်သေးသောမကောင်းကျိုးအဖြစ်ဖြင့် ယခုဘဝ၌ လူနူဖြစ်ကြောင်းကိုလည်းကောင်း မိန့်ကြားတော်မူ၍ -

ရဟန်းတို့ ဤသတ္တဝါတို့သည် မိမိသည်ပင်လျှင် မိမိ၏စပ်ခါးသော အကျိုး၏အကြောင်းကို ပြုလုပ်ကြကျင်လည်ကြရကုန်၏ဟု မိန့်တော်မူကာ အနုသန္ဓေကိုစပ်၍ - တရားဟောလိုရကား -

စရန္တိ ဗာလာ ဒုမ္မေဓာ၊ အမိတ္တေနေဝ အတ္တနာ။
ကရောန္တာ ပါပကံ ကမ္မံ ယံဟောတိ ကဋုကပ္ဖလံ။

ဗာလာ - ဤလောကအကျိုး၊ တမလွန်အကျိုးကို မသိမလိမ္မာကုန်သော၊ ဒုမ္မေဓါ - ပညာမဲ့သူတို့သည်၊ **အတ္တနာ** -မိမိသည် (အတ္တနော-မိမိ၏) အမိတ္တေန ဣဝ-ရန်သူကဲ့သို့ (ဟုတွာ-ဖြစ်၍) ပါပကံ-ယုတ်မာသော၊ ယံကမ္မံ-အကြင် မကောင်းမှုကို၊ ကရောန္တာ-ပြုကုန်လျက်၊ စရန္တိ- ကျင်လည်ကြကုန်၏၊ တဿကမ္မဿ- ထိုမကောင်းမှုကံ၏၊ ကဋုကပ္ဖလံ-ထက်မြက်ခါးစပ်သော ဆင်းရဲ ကျိုးသည်၊ ဟောတိ-မုချ-စင်စစ်ဖြစ်လေ၏။

**သုပ္ပဗုဒ္ဓ လုဋ္ဌနဝတ္ထု ပြီး၏။**

## ၄၂။ ကသက (လယ်လုပ်သား)ဝတ္ထု

သာဝတ္ထိမြို့၌ လယ်လုပ်သားတစ်ဦးသည် သာဝတ္ထိမြို့အနီး လယ်ကွက်တစ်ခု၌ လယ်ထွန်နေ၏။

သူခိုးတို့သည်ရေပေါင်းထုတ်ရာ အပေါက်ဖြင့်မြို့တွင်းဝင်၍ ချမ်းသာကြွယ်ဝသော အိမ်တစ်အိမ်၌ ဥမင်လှိုင်ခေါင်းဖေါက်၍ ရွှေငွေပစ္စည်းများစွာကိုယူပြီး ရေထုတ်မြောင်းပေါက်ဖြင့်သာ ထွက်သွားကြကုန်၏။

သူခိုးတစ်ယောက်သည်သူမှတခြားသောသူခိုးတို့ကိုဖြားယောင်းလှည့်ပတ်ပြီး အသပြာထောင် အိတ်တစ်ခုကို ခါးပိုက်ထဲ၌ထည့်ကာ လယ်လုပ်သား လယ်ထွန်နေရာ လယ်ကွက်အနီးသို့သွား၍ သူခိုးအားလုံး တို့နှင့်အတူ ပစ္စည်းကို ခွဲဝေယူပြီးသွားလတ်သော် ခါးပိုက်အတွင်းမှ ကျရစ်သောထောင်အိတ်ကိုအမှတ် မရချေ။

ထိုနေ့၌ မြတ်စွာဘုရားသည် မိုးသောက်ခါနီး လင်းအားကြီးအချိန်၌ သတ္တလောကကို ရှုကြည့် တော်မူလတ်သော် ကိုယ်တော်၏ဉာဏ်တော်ကွန်ယက် အတွင်းဝင်လာသော ထိုလယ်လုပ်သားကို မြင်တော် မူလေလျှင် အဘယ်သို့ဖြစ်လိမ့်မည်နည်းဟုစဉ်းစားဆင်ခြင်တော်မူလေသော် - ဤသို့ဖြစ်မည်ကို မြင်တော်မူ လေသည်။

ဤလယ်လုပ်သားသည် နံနက်စောစော၌ပင် လယ်ထွန်သွားလိမ့်မည်၊ ဥစ္စာရှင်တို့သည် သူခိုးတို့၏ ခြေရာအစဉ်ကို လိုက်သွားကြ၍ ခါးပိုက်အတွင်းမှ ကျရစ်သော အသပြားထောင်အိပ်ကို တွေ့မြင်ကြပြီး ထိုလယ်သမားကိုဖမ်းဆီးကြလိမ့်မည်။

ငါဘုရားကိုထား၍ တခြားပုဂ္ဂိုလ်သည် ထိုလယ်သမား၏သက်သေဖြစ်လာမည်မဟုတ်။ ထိုလယ် သမား၏လည်း သောတပတ္တိမဂ်၏အားကြီးသော အကြောင်းရှိလေသည်။ ထိုအရပ်သို့ ငါဘုရား သွားသင့်သည် ဟုမြင်တော်မူသည်။

လယ်လုပ်သားလည်း နံနက်စောစော၌ပင်လယ်ထွန်သွားလေ၏။ မြတ်စွာဘုရားသည် အာနန္ဒာ ထေရ်ကို ပစ္ဆာသမဏပြု၍(ဝါ)ပစ္ဆာသမဏ ဖြစ်သော အာနန္ဒာထေရ်နှင့်အတူ လယ်လုပ်သားလယ်ထွန်နေရာ ထိုအရပ်သို့ ကြွတော်မူလေ၏။

လယ်လုပ်သားသည် မြတ်စွာဘုရားကိုမြင်လျှင် သွား၍မြတ်စွာဘုရားကို ရှိခိုးပြီးတဖန် လယ်ထွန် နေလေ၏။

မြတ်စွာဘုရားသည်လယ်လုပ်သားနှင့်အတူစကားတစ်ခွန်းကိုမျှ မပြောဆိုဘဲသာ ထောင်တန် အိတ်ကျရစ်ရာနေရာသို့ ကြွတော်မူ၍ ထောင်တန်အိတ်ကို မြင်တော်မူလျှင်အာနန္ဒာထေရ်ကို -

အာနန္ဒာ-ကြည့်လော့အဆိပ်ပြင်းသော မြွေတည်းဟုမိန့်တော်မူ၏။

မြတ်စွာဘုရားတပည့်တော်မြင်ပါသည်။ အဆိပ်ပြင်းသော မြွေပါဘုရားဟု လျှောက်ထားလေ၏။

လယ်လုပ်သားသည် မြတ်စွာဘုရားရှင်နှင့် အာနန္ဒာထေရ်တို့မိန့်အပ်သော ထိုစကားကိုကြား၍ ထိုနေရာသည်အချိန်ဟုတ်ရာ၌လည်းကောင်း၊ အချိန်မဟုတ်ရာ၌လည်းကောင်း၊ ငါသွားလာနေရာဖြစ်သည်။ ထိုနေရာ၌အဆိပ် ပြင်းသောမြွေရှိသတဲ့ဟုစိတ်ကူး၍(မြတ်စွာဘုရားသည် အာနန္ဒာကြည့်လော့၊ အဆိပ် ပြင်းသော မြွေတည်းဟူ, ဤမျှလောက်သောစကားကိုမိန့်တော်မူ၍ ဖယ်ခွာသွားကြလေသော်။)

ထိုမြွေကိုသတ်မည်ဟူသောအကြံဖြင့် နွားနှင်တံကိုကိုင်၍ သွားလေလျှင် အသပြာထောင်ထုပ်ကို တွေ့မြင်၍ ဤအထုပ်ကိုရည်ရွယ်၍ မြတ်စွာဘုရား မိန့်အပ်သည် ဖြစ်လိမ့်မည်ဟုကြံ၍ ထိုအထုပ်ကို ယူပြီး

ပြန်လှည့်လာလေ၏။

သူသည်ပါးနပ်လိမ္မာသူမဟုတ်သောကြောင့် တစ်ခုသောနေရာ၌ချ၍ မြေဖြင့်ဖုံးအုပ်ထားပြီး တဖန် လယ်ထွန်နေလေ၏။

လူတို့သည်လည်းနံနက်မိုးသောက်အလင်းရောက်သော် အိမ်၌သူခိုးတို့ ပြုလုပ်သွားအပ်သော အမှုကို မြင်ကြ၍ ခြေရာထက်ကြပ်လိုက်ကြလေသော် ထိုလယ်ကွင်းအနီးသို့ရောက်၍ ထိုနေရာ၌သူခိုးတို့ ပစ္စည်းခွဲဝေရာနေရာကိုတွေ့မြင်ပြီး လယ်လုပ်သမား၏ ခြေရာကိုတွေ့မြင်ကြကုန်၏။

ထိုလူတို့သည် ထိုလယ်လုပ်သား၏ ခြေရာကိုခံ၍သွားကြသော် အသပြာ ထောင်ဝင်အိပ်ဖုံးထား အပ်ရာနေရာကိုမြင်၍ မြေကြီးကိုယက်၍ အိတ်ကိုယူခဲ့ကြပြီး သင်သည်အိမ်ရှိပစ္စည်းကို လုယက်ခိုးယူပြီး လယ်ထွန်သူဟန်ဆောင်နေသည်ဟု ခြိမ်းခြောက်ရိုက်နှက်ခေါ်ဆောင်၍ ကောသလမင်းကြီး အားပြကြလေ ကုန်၏။

ကောသလမင်းကြီးသည် ထိုအကြောင်းကိုကြား၍ ထိုလယ်သမားအား သေဒဏ်အမိန့်ချလေ၏။

မင်းချင်းယောက်ျားတို့သည် ထိုလယ်လုပ်သမားကို လက်ပြန်ကြိုးချည်၍ ကြိမ်လုံးတို့ဖြင့် ရိုက်ခတ်ကြကာ သုသာန်သို့ခေါ်ဆောင်သွားကြသည်။

လယ်လုပ်ယောက်ျားသည် ကြိမ်လုံးတို့ဖြင့် ရိုက်ခတ်ခံရစဉ်အခြားစကား တစ်လုံးကိုမျှမရွတ်ဆိုဘဲ-

ပဿာနန္ဒ အာသီဝိသော၊ ပဿာမိဘဂဝါ ဃောရဝိသော

အာနန္ဒာ-ကြည့်လော့၊ အဆိပ်ပြင်းသည့်မြွေတည်း၊

မြတ်စွာဘုရား-မြင်ပါ၏၊ အဆိပ်ပြင်းသည့် မြွေပါဘုရားဟုရွတ်ဆိုလျက် သွားနေ၏။

ထိုအခါလယ်လုပ်သမားကို မင်းချင်းယောက်ျားတို့က သင်သည်မြတ်စွာ ဘုရား၏မိန့်စကားနှင့် အာနန္ဒာထေရ်၏လျှောက်စကားကိုရွတ်ဆိုသည်၊ ဤသည် အဘယ်နည်းဟုမေးကြသော်။

ကောသလမင်းကြီးကိုဖူးမြင်ခွင့်ရလျှင် ပြောပြပါမည်ဟုပြောလေ၏။

မင်းချင်းယောက်ျားတို့သည်လယ်လုပ်သမားအကျဉ်းသားကိုမင်းကြီး ထံ ခေါ်ခဲ့ကြပြီး မင်းကြီးအား ထိုအကြောင်းကိုတင်လျှောက်ကြကုန်၏။

ထိုအခါမင်းကြီးသည်လယ်လုပ်သမားအကျဉ်းသားကိုသင်သည် အဘယ့်ကြောင့် ဤသို့ ရွတ်ဆိုသနည်းဟု မေးမြန်းလေ၏။

လယ်လုပ်သမားသည် အရှင်မင်းကြီး၊ ကျွန်တော်မျိုး သူခိုးမဟုတ်ပါဟု ပြောဆိုကာလယ်ထွန်ရန် ထွက်ခွာလာချိန်မှစ၍ ဖြစ်ကြောင်းကုန်စင်မင်းကြီးအား သံတော်ဦးတင်လေ၏။

မင်းကြီးသည် လယ်လုပ်သမား၏ စကားကိုကြားရလျှင်-အိုမင်းချင်းတို့-ဤသူသည်လောက၌ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူသော မြတ်စွာဘုရားကို သက်သေအဖြစ်ညွှန်ပြနေ၏။ ဤသူ့အပေါ် အပြစ်တင်ရန် မသင့်သေး၊ ဤ ပြဿနာ၌ငါမင်းမြတ်သည် ပြုသင့်ဖွယ်ကိုသိအောင်ပြုမည်ဟုပြောဆိုပြီး။ လယ်လုပ်ယောက်ျားကိုခေါ်၍ ညနေချိန်ခါ၌ မြတ်စွာဘုရားထံသွားပြီး မြတ်စွာဘုရားကို လျှောက်ထား မေးမြန်းလေ၏။

မြတ်စွာဘုရားမည်သို့ပါနည်း၊ အရှင်ဘုရားတို့သည်အာနန္ဒာထေရ်နှင့် အတူ လယ်လုပ်သမား ဤယောက်ျား၏ လယ်ထွန်ရာအရပ်သို့ကြွကြပါသလား။

မင်းကြီးဟုတ်၏၊ ကြွကြသည်။

ထိုအရပ်မှာအရှင်ဘုရားတို့ ဘာကိုတွေ့မြင်အပ်ပါသနည်း။
မင်းကြီး, အသပြာထောင်ထုပ်ကိုတွေ့မြင်အပ်သည်။
တွေ့မြင်ပြီး အဘယ်စကားကို မိန့်တော်မူကြပါသနည်း။
မင်းကြီး-ဤမည်သောစကားကိုမိန့်ဆိုကြသည်။
မြတ်စွာဘုရားအကျဉ်းသမား ဤယောက်ျားသည် အရှင်ဘုရားတို့လို ပုဂ္ဂိုလ်ကိုရည်ညွှန်းမှုမပြုခဲ့လျှင် ဤယောက်ျားသည် အသက်ရှင်ခွင့်ကိုမရနိုင်တော့ရာ၊ အရှင်ဘုရားတို့မိန့်ဆိုအပ်သော စကားကိုရွတ်ဆို၍သာ အကျဉ်းသား ဤယောက်ျားသည် အသက်ရှင်ခွင့်ကိုရအပ်တော့သည်ဟုလျှောက်ထားလေ၏။
မြတ်စွာဘုရားသည် ကောသလမင်းကြီး လျှောက်ထားအပ်သောစကားကိုကြားတော်မူ၍ -
မင်းကြီးဟုတ်ပေသည်၊ ငါဘုရားလည်းဤစကားလောက်ကိုသာ မိန့်တော်မူကာ သွားခဲ့ပြီ၊ ပညာရှိသူမည်သည် နောက်ထပ်ပူပန်ရမည့် အလုပ်ကို မလုပ်၊ နောက်ထပ်ပူပန်ရမည့်မည်သည့် အလုပ်ကိုမျှမလုပ်သင့်ဟုမိန့်တော်မူကာ အနုသန္ဓေကို ဆက်စပ်ပြီး ဟရားဟောတော်မူလိုသည်ဖြစ်၍ -
န တံ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ အနုတပ္ပတိ။
ယဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ။
ယဿ-အကြင်သူ၏၊ ယံ ကမ္မံ-ဆင်းရဲဖြစ်ပွားကြောင်းဖြစ်သော အကြင်အလုပ်ကို၊ ကတွာ-ပြုလုပ်ပြီးသော်၊ အနုတပ္ပတိ-စဉ်းစားမိတိုင်း၊ စဉ်းစားမိတိုင်း၊ အမှတ်ရတိုင်း၊ အမှတ်ရတိုင်းစိုးရိမ်ပူပန်ရ၏။ အဿုမုခေါ-မျက်ရည်စီးဖြာမျက်နှာရှိကာ၊ ရောဒံ-ရောဒန္တော-ငိုကြွေးမည်တမ်းလျက်။ ဝိပါကံ-မကောင်းကျိုးကို၊ ပဋိသေဝတိ-ခံစားရလေ၏။ တဿ-ထိုသူ၏၊ တံ-ကမ္မံ-ထိုအလုပ်သည်၊ နသာဓု-မကောင်း(ကောင်းသောအလုပ်မဟုတ်)
ဒေသနာတော်အဆုံး၌ လယ်လုပ်သမားဥပါသကာသည် သောတာပတ္တိ ဖိုလ်သို့ရောက်လေ၏။ အနီးသို့ရောက်လာကြသော ရဟန်းတို့သည်လည်း သောတာပတ္တိဖိုလ်စသည်တို့ကို ရောက်ကြလေကုန်၏။

**ကဿက (လယ်လုပ်သား) ဝတ္ထု ပြီး၏။**

# ၄၃။ သုမနပန်းသည်ဝတ္ထု

ရာဇဂြိုဟ်ပြည်၌သုမနအမည်ရှိပန်းသည်သည် နေ့စဉ်နေ့တိုင်းဗိမ္ဗိသာရ မင်းကြီးကိုနံနက်ချိန်မှာပင် မြတ်လေးပန်းရှစ်ဆုပ်တို့ဖြင့် ဆက်ကပ်ပူဇော်သည်ဖြစ် ၍အသပြာရှစ်ကျပ်တို့ကိုရလေ၏။ တစ်နေ့သ၌ သုမနပန်းသည်သည်ပန်းတို့ကို ယူ၍-ရာဇဂြိုဟ်ပြည်မြို့တွင်းသို့ ဝင်ခါမျှမှာပင်မြတ်စွာဘုရားသည် ရဟန်းများစွာ ခြံရံလျက် ရောင်ခြည်တော်ခြောက်သွယ်တို့ကို တလက်လက်ထွက်စေကာ ကြီးကျယ်သော ဘုရားတန်ခိုးအာနုဘော်ဖြင့် ကြီးကျယ်သောဘုရားရှင်တို့၏ ကွန့်မြူးစံမွယ်တင့်တယ်ခြင်းဖြင့်-ရာဇဂြိုဟ်ပြည်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူသည်။

<u>အကျယ်စကားကို ဆိုဦးအံ့</u>

မြတ်စွာဘုရားသည် တရံတခါ ရောင်ခြည်တော်ခြောက်သွယ်တို့ကို သင်္ကန်းတော်ဖြင့်ဖုံးကွယ်လျက် မထင်ရှားသော ပိဏ္ဍပတ်ရဟန်းကဲ့သို့ကြွတော်မူသည်။

အင်္ဂုလိမာလကိုခရီးဦး ကြိုဆိုရန်ယူဇနာသုံးဆယ်ခရီးကို ကြွတော်မူသကဲ့သို့တည်း။

တရံတခါ ရောင်ခြည်တော်ခြောက်သွယ်တို့ကိုလွှတ်၍ ကြွတော်မူသည်။

ကပိလဝတ်ပြည်သို့ ဝင်တော်မူခြင်းစသည်တို့၌ ကြွသကဲ့သို့တည်း။

ထိုနေ့၌လည်းကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်တို့ကို ထွက်ပေါ်ကွန့်မြူးစေလျက် ကြီးစွာသော ဘုရားတန်ခိုးအာနုဘော်ဖြင့် ကြီးစွာသော ဘုရားရှင်တို့၏ ကွန့်မြူးစံပယ်တင့်တယ်ခြင်းဖြင့် ရာဇဂြိုလ်ပြည်မြို့တွင်းသို့ ကြွဝင်တော်မူသည်။

သုမနပန်းသည်,သည် မြတ်စွာဘုရား၏ အဖိုးထိုက်တန်သောရတနာနှင့် တူသော(၃၂)ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်(၈၀)သော လက္ခဏာငယ်တို့နှင့် ပြည့်စုံသောကိုယ်တော်၏ တင့်တယ်ခြင်းရှိသော အတ္တဘောကိုကြည့်ရှုဖူးမြင်၍ ကြည်ညိုစိတ်ရှိရကား ငါသည် မြတ်စွာဘုရားအား အဘယ်သို့သောထူးထူးခြားခြားပူဇော်မှုကို ပြုရပါအံ့နည်းဟုစဉ်းစား၍ အခြားပူဇော်ဖွယ်ကို မမြင်သဖြင့် ဤပန်းတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်မည်ဟုကြံစည်လေ၏။ နောက်ထပ်တဖန် ဤပန်းတို့သည် ဗိမ္ဗိသာရမင်းကြီးအား နေ့စဉ်မပြတ်ဆက်ကပ်ရမည့် ပန်းတို့တည်း။

ဗိမ္ဗိသာရမင်းကြီးသည် ဤပန်းတို့ကိုမရခဲ့သော် ငါ့ကိုနှောင်ကြိုးတဲမှုလည်းတဲရာ၏၊ သတ်စေမှုလည်း သတ်စေရာ၏၊ တိုင်းပြည်မှ နှင်ထုတ်မှုလည်း နှင်ထုတ်စေရာ၏၊ ငါဘာကိုမှုရမည်နည်းဟုကြံစည်ပြန်၏။

ထို့နောက်သုမနပန်းသည်,သည်။

မင်းကြီးသည်ငါ့ကိုသတ်မှုလည်းသတ်စေတော့၊ နှောင်ကြိုးတဲမှုလည်း တဲစေတော့၊ တိုင်းပြည်မှ နှင်ထုတ်မှုလည်း နှင်ထုတ်စေတော့၊

မှန်၏၊ မင်းကြီးသည် ငါ့အားပန်းဖိုးအသပြာကိုပေးသော်လည်း ဤဘဝ၌ အသက်ရှင်ရုံမျှ ဖြစ်သော ဉစ္စာကိုပေးရာ၏။

မြတ်စွာဘုရားအားပူဇော်ခြင်းသည်ကား ကမ္ဘာအကုဋေတို့၌ ငါ့အဖို့စီးပွားချမ်းသာဖြစ်နိုင်သည်ဟု စိတ်ကူးပြီး၊ သူ၏အသက်ကို မြတ်စွာဘုရားအား စွန့်လှူလိုက်လေ၏။

သုမနပန်းသည်သည်ငါ၏ ကြည်လင်သော စိတ်တွန့်မသွားမီ ပူဇော်တော့မည်ဟု ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ မြတ်စွာဘုရားကိုပူဇော်လေ၏။

အဘယ်သို့ပူဇော်လေသနည်း။

ရှေးဦးစွာပန်းလက်နှစ်ဆုပ်တို့ကို မြတ်စွာဘုရား၏ အထက်၌ပစ်လိုက်လေ၏။ ထိုပန်းတို့သည် မြတ်စွာဘုရား၏ ဦးခေါင်းတော်အထက်၌ ပန်းမျက်နှာကျက်ဖြစ်၍ တည်နေကုန်၏။ နောက်ထပ်ပန်းလက်နှစ်ဆုပ်တို့ကို မြတ်စွာဘုရား၏ အထက်၌ပစ်လိုက်လေ၏။ ထိုပန်းတို့သည် မြတ်စွာဘုရား၏ လက်ျာဘက်လက်ဘေး၌ ပန်းပြားအဖြစ် ဖုံးလွှမ်းလျက် သက်ဆင်းတည်လေကုန်၏။ နောက်ထပ်ပန်း လက်နှစ်ဆုပ်တို့ကို မြတ်စွာဘုရား၏အထက်၌ ပစ်လိုက်လေ၏။ ထိုပန်းတို့သည် မြတ်စွာဘုရား၏ နောက်ကျောဘေး၌ ပန်းပြားအဖြစ် ဖုံးလွှမ်းလျက် သက်ဆင်းတည်နေကုန်၏။

နောက်ထပ်ပန်း လက်နှစ်ဆုပ်တို့ကို မြတ်စွာဘုရား၏အထက်၌ ပစ်လိုက်လေ၏။ ထိုပန်းတို့သည် မြတ်စွာဘုရား၏ လက်ဝဲဘက်ဘေး၌ ပန်းပြားအဖြစ် ဖုံးလွှမ်းလျက် သက်ဆင်းတည်နေကုန်၏။

ဤသို့လျှင် ပန်းရှစ်လက်ဆုပ်တို့သည် ပန်းရှစ်ပြည်အထိတိုးပွားကုန်၍ ဝဲယာအထက်ကျောဘက်အားဖြင့် လေးဌာနတို့၌ မြတ်စွာဘုရားကို ဝန်းရံကြကုန်၏။

မြတ်စွာဘုရား၏ရှေ့တော်တံခါးပေါက်သဖွယ် သွားလောက်ရုံမျှသာဖြစ်လေ၏။ ပန်းတို့၏အညှာတို့သည်အတွင်းဘက်၌ ဖြစ်ကုန်၏။

ပန်းပွင့်ဖတ်တို့သည် အပြင်ဘက်သို့မျက်နှာမူနေကုန်၏။

မြတ်စွာဘုရားသည် ငွေပြားဖြင့်ဝန်းရံထားအပ်သကဲ့သို့(ဝါ)ငွေပြားဖြင့် ပတ်ထားသကဲ့သို့ဖြစ်၍ ကြွတော်မူလေ၏။

ပန်းတို့သည် အသိစိတ်မရှိကုန်သော်လည်း အသိစိတ်ရှိသော မြတ်စွာဘုရားကိုအမှီပြု၍ အသိစိတ်ရှိကုန်သကဲ့သို့ မကွဲပြတ်ကုန်၊ အောက်သို့မ ကျကုန်မူ၍ မြတ်စွာဘုရားနှင့်အတူသာ လိုက်သွားကြကုန်၏။ မြတ်စွာဘုရားရပ်ရာ ရပ်ရာအရပ်၌ ရပ်နေကြကုန်၏။

မြတ်စွာဘုရား၏ကိုယ်တော်မှ လျှပ်စီးအသိန်းလက်သကဲ့သို့ ရောင်ခြည်တော်တို့တွင် တစ်ခုသောရောင်ခြည်သည်သော်လည်း ရှေ့တည့်တည့်၊ ရှေ့တည့်တည့်အရပ်ဖြင့်သာထွက်ပြေးမလာဘဲ ရောင်ခြည်တော်အာလုံးတို့သည် မြတ်စွာဘုရားကိုလက်ျာရစ်လှည့်ပတ်၍ ထန်းပင်ငယ်လုံးပမာဏရှိကုန်ပြီး ရှေ့မှသာ ကွန့်မြူးပြေးသွားကြကုန်၏၊ ရာဇဂြိုဟ်တစ်မြို့လုံး ခြောက်ခြားသွားလေ၏။

ရာဇဂြိုဟ်မြို့တွင်း၌ လူပေါင်းကိုးကုဋေ၊ ရာဇဂြိုဟ်မြို့ပြင်၌လူပေါင်း - ကိုးကုဋေအားဖြင့် လူတစ်ဆယ်ရှစ်ကုဋေတို့တွင် တစ်ယောက်သော်လည်းဖြစ်သော- ယောကျ်ားသည်သော်လည်းကောင်း၊ မိန်းမသည်သော်လည်းကောင်း လောင်းလျှုရန်ဆွမ်းကိုကိုင်၍ မထွက်သူမည်သည်မရှိ၊ များစွာသောလူတို့သည် ရဲရင့်သံကိုကျူးရင့်လျက် အထောင်မကသောခေါင်းပေါင်းတဘက် ပဝါဝှေ့ယမ်းခြင်းတို့ကို ပြုကုန်လျက် မြတ်စွာဘုရားရှေ့၌သာသွားကြလေ၏။

မြတ်စွာဘုရားလည်း သုမနပန်းသည်၏ဂုဏ်ကိုပေါ်လွင်ထင်ရှားအောင်ပြုရန် သုံးဂါဝုတ် ကျယ်ဝန်းသောရာဇဂြိုဟ်မြို့တွင်း၌ မင်းစည်တော်ကိုလှည့်လည်ရာ လမ်းဖြင့်သာ ကြွသွားတော်မူသည်။

သုမနပန်းသည်၏ကိုယ်တစ်ခုလုံးသည် နှစ်သက်ဝမ်းသာမှု၊ ပီတိငါးမျိုးဖြင့် ပြည့်နေလေ၏။

သုမနပန်းသည်သည် မြတ်စွာဘုရားနှင့်အတူတကွ အနည်းငယ်လိုက်သွား၍ ဆေးဒန်းမြင်းသီလာအရည်ထဲ၌ ငုပ်သွားသကဲ့သို့ ဘုရားရောင်ခြည်တော်တို့၏အတွင်း၌ဝင်လျက် မြတ်စွာဘုရားကိုချီးမွမ်းရှိခိုးပြီး၊ ပန်းပွင့်မပါ ပန်းခြင်းသက်သက်ကိုသာယူ၍ အိမ်သို့ပြန်သွားလေ၏။

အိမ်သို့ရောက်သောအခါ သုမနကိုဇနီးဖြစ်သူကမေးလေ၏။

မောင်- ပန်းတွေဘယ်မှာလဲ -

ငါ မြတ်စွာဘုရားကိုပူဇော်ထားခဲ့တယ်။

မင်းကြီးအတွက် ယခုဘယ်လိုလုပ်မှာလဲ -

မင်းကြီးက- ငါ့ကိုသတ်လိုလျှင်သတ်စေတော့၊ တိုင်းပြည်မှနှင်ထုတ်လိုလျှင် နှင်ထုတ်စေတော့၊ ငါသည်အသက်ကိုစွန့်ပြီး မြတ်စွာဘုရားကိုပူဇော်ခဲ့ပြီ၊ ငါယူခဲ့သောပန်းအားလုံးသည် လက်ရှစ်ဆုပ်သာ ဖြစ်လေပြီ။

ပူဇော်ပုံက ဤသို့ဖြစ်သည်- များစွာသောလူသည် အထောင်အမကသော ကြွေးကြော်သံကိုပြုလျက် မြတ်စွာဘုရားနှင့်အတူသွားနေသည်။ များစွာသောလူ၏ ယခုကြားရသောကြွေးကြော်သံသည် မြတ်စွာဘုရား ကြွသွားရာအရပ်ဖြစ်သည်ဟု ပြောလေ၏။

ထိုအခါ သုမန၏ဇနီးသည် မိုက်ကန်းသူဖြစ်၍ ဆန်းကြယ်စွာသောတန်ခိုးပြာဋိဟာ၌ ကြည်ညိုမှုကို မဖြစ်စေဘဲ(မကြည်ညိုနိုင်ဘဲ)သုမနကိုဆဲဆိုရှုတ်ချပြီး -

မင်းတို့မည်သည် ကြမ်းကြုတ်ကုန်၏၊ တစ်ကြိမ်တစ်ခါအမျက်ထွက်တော်မူကြလျှင် လက်ကိုဖြတ်ခြင်း၊ ခြေကိုဖြတ်ခြင်း စသည်ဖြင့်အကျိုးမဲ့များစွာကိုလည်းပြုတတ်ကြသည်။ သင်ပြုသောအလုပ်ဖြင့် ငါ့အားအကျိုးမဲ့ ဖြစ်လေရာ၏ဟု ပြောဆိုကာ သားသမီးတို့ကိုခေါ်ပြီးမင်းနန်းတော်သို့ရောက်လေသော် မင်းကြီးသည် သုမန၏ ဇနီးကိုခေါ်၍ အဘယ်အကြောင်းနည်းဟု မေးအပ်သည်ဖြစ်၍ -

အရှင်မင်းကြီး ကျွန်တော်မ၏ပိုင်ရှင် လင်သုမနသည် အရှင်မင်းကြီးတို့အား ပူဇော်ရမည့်ပန်းတို့ဖြင့် မြတ်စွာဘုရားကိုပူဇော်ပြီး လက်ချည်းသက်သက် အိမ်သို့ရောက်လာပါသည်။

ကျွန်တော်မက ပန်းတွေဘယ်မှာနည်းဟုမေးအပ်သော် - ဤမည်သော စကားကိုပြောဆိုပါသည်။ ကျွန်တော်မသည် လင်ယောကျာ်းကိုဆဲရေးရှုတ်ချပြီး မင်းတို့မည်သည် ကြမ်းကြုတ်ကုန်၏၊ တစ်ကြိမ်တခါ အမျက်ထွက်တော်မူကြလျှင် လက်ကိုဖြတ်ခြင်း၊ ခြေကိုဖြတ်ခြင်းစသည်ဖြင့် အကျိုးမဲ့များစွာကိုလည်း ပြုတတ်ကြသည်။ သင်ပြုသောအလုပ်ဖြင့်ငါ့မှာလည်း အကျိုးမဲ့ဖြစ်လေရာ၏ဟု ပြောဆိုကာ လင်ယောကျာ်း သုမနကို စွန့်ပစ်ခဲ့ပြီး၊ ဤနန်းတော်သို့လာခဲ့ပါသည်။

လင်ယောကျာ်းသုမနပြုအပ်သောအလုပ်သည် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ သူ့အတွက်သာဖြစ်ပါစေ၊ ကျွန်တော်မက သူ့ကိုစွန့်အပ်ပြီးဖြစ်ကြောင်း အရှင်မင်းကြီးသိတော်မူပါဟု တိုင်ကြား လေ၏။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားကိုအစဦးဖူးမြော်ရခြင်းဖြင့်ပင် သောတာပတ္တိဖိုလ်သို့ ရောက်ခဲ့ သည်ဖြစ်၍ သဒ္ဓါတရားရှိသူ၊ ရတနာသုံးပါးကို ကြည်ညိုသူ အရိယသာဝကဖြစ်ရကား -

အံ့သြလောက်ပါပေ၏၊ ဤမိန်းမသည်အကန်းအမိုက်ဖြစ်၏၊ ဤလိုဂုဏ်မျိုး၌ ကြည်ညိုမှုကို မဖြစ်စေနိုင်သူဖြစ်၏ဟု အသိစိတ်ဖြစ်လေ၏။

မင်းကြီးသည် အမျက်ထွက်ရောင်ပြု၍ -

ဟယ်- အမျိုးသမီး ဘာကိုပြောလိုက်သနည်း။ ငါ့အားဆက်သရမည့်ပန်း တို့ဖြင့်သင့်ယောကျာ်း သုမနသည် ဘုရားအားပူဇော်မှုကို ပြုအပ်လေသလောဟု မေးလေ၏။

အရှင်မင်းကြီး ဟုတ်မှန်ပါ၏ဟု တင်လျှောက်လေ၏။

ဗိမ္ဗိသာရမင်းကြီးသည် အမျိုးသမီးသင့်ယောက်ျားကိုစွန့်ပစ်ခဲ့သော သင်သည်ကောင်းတာကို ပြုအပ်ပေသည်။ ငါ့အဖို့ဖြစ်သောပန်းတို့ဖြင့် မြတ်စွာဘုရားအားပူဇော်သူ သင့်ယောက်ျားကို ပြုသင့်သည်ကို ငါသိရတော့မည်ဟု မိန့်တော်မူကာ ထိုအမျိုးသမီးကိုပြန်လွှတ်ပြီး လျင်မြန်စွာ မြတ်စွာဘုရားထံသွားရောက်ရှိခိုး၍ မြတ်စွာဘုရားနှင့်အတူသာ လှည့်လည်လေ၏။

မြတ်စွာဘုရားသည် မင်းကြီး၏စိတ်ကြည်လင်မှုကိုသိတော်မူ၍ စည်လှည့်လည်ရာ လမ်းခရီးဖြင့် မြို့တွင်းသို့ လှည့်လည်၍မင်း၏နန်းတော်တံခါးသို့ ကြွတော်မူလေ၏။

မင်းကြီးသည် သပိတ်ကိုကိုင်၍မြတ်စွာဘုရားကို နန်းတော်သို့ဝင်စေလို၏၊ မြတ်စွာဘုရားသည်ကား မင်းရင်ပြင်၌သာထိုင်လိုဟန်ကို ပြတော်မူသည်။

မင်းကြီးသည် မြတ်စွာဘုရား၏အမူအရာကိုသိ၍ လျင်မြန်စွာမဏ္ဍပ်ကို ထိုးကြကုန်လော့ဟု ထိုခဏမှာပင် မဏ္ဍပ်ကိုထိုးစေ၏။

မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ မဏ္ဍပ်တွင်း၌ထိုင်တော်မူသည်။

မြတ်စွာဘုရားသည်အဘယ့်ကြောင့် မင်းနန်းတော်တွင်းသို့မဝင်လေသနည်း။

မြတ်စွာဘုရား၏ရည်ရွယ်ချက်သည် ဤသို့ဖြစ်သတတ်။

ငါဘုရားသည် အကယ်၍နန်းတော်တွင်းသို့ဝင်၍ ထိုင်နေငြားအံ့၊ များစွာသောလူသည် ငါဘုရားကို ဖူးမြင်ခြင်းငှာ မရလေရာ၊ ပန်းသည်သုမန၏ဂုဏ်သည် ထင်ရှားစွာမဖြစ်လေရာ။

မင်းရင်ပြင်၌ထိုင်နေသောငါဘုရားကို များစွာသောလူသည် ဖူးမျှော်ခြင်းငှာရလိမ့်မည်။ ပန်းသည် သုမန၏ဂုဏ်သည် ထင်ထင်ရှားရှားဖြစ်လိမ့်မည်။ ဤကားမြတ်စွာဘုရား၏ရည်ရွယ်ချက်တည်း။

မှန်၏ ဂုဏ်ရှိသူတို့၏ဂုဏ်ကို ဘုရားရှင်တို့သာပေါ်လွင်ထင်ရှားအောင် ပြုနိုင်စွမ်း ရှိတော်မူကြသည်။ ဘုရားမှကြွင်းသောပုဂ္ဂိုလ်သည် ဂုဏ်ရှိသူတို့၏ ဂုဏ်ကို ပြောဆိုစဉ် ဝန်တိုတတ်လေ၏။ ပန်းပြားလေးခုတို့သည် အရပ်လေးမျက်နှာ၌ တည်နေကုန်၏။ များစွာသောလူသည် မြတ်စွာဘုရားကိုခြံရံ၍နေ၏။

ဗိမ္ဗိသာရမင်းသည် ဘုရားအမှူးရှိသောရဟန်းသံဃာကို မွန်မြတ်သော အာဟာရဖြင့် ဆက်ကပ် လုပ်ကျွေး၏။

မြတ်စွာဘုရားသည် ဆွမ်းကိစ္စပြီးဆုံးသောအခါ၌ အနုမောဒနာပြုတော်မူ၍ ရှေးနည်းအတိုင်းသာ ပန်းပြားအပြင်လေးခုတို့သည် ဝိုင်းရံအပ်လျက်ရဲရင့်သော အသံကိုရွတ်ဆိုကျူးရင့်သော များစွာသောလူဖြင့် ခြံရံကာ ဝေဠုဝန်ကျောင်းတော်သို့ ကြွတော်မူလေ၏။

ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရားကိုလိုက်ပို့၍ ပြန်လာပြီးပန်းသည်သုမနကိုအခေါ်လွှတ်ပြီးသော် သင်သည်ငါ့အတွက်ဆောင်ယူခဲ့ပန်းတို့ဖြင့် - အဘယ်သို့ပြုလုပ်၍ မြတ်စွာဘုရားကိုပူဇော်သနည်းဟု မေးလေ၏။

သုမနပန်းသည်သည် အရှင်မင်းကြီးသည်ငါ့ကိုသတ်လိုကသတ်စေ၊ တိုင်းပြည်မှနှင်ထုတ်လိုက နှင်ထုတ်စေဟု သဘောထား၍အသက်ကိုစွန့်လွှတ်ပြီး ပူဇော်ခဲ့ပါသည်အရှင်မင်းကြီးဟု တင်လျှောက်လေ၏။

ဗိမ္ဗိသာရမင်းကြီးသည် သုမနပန်းသည်ကိုသင်သည်ယောက်ျားမြတ်ဖြစ် ပေတော့သည်ဟု မိန့်ဆို၍ ဆင်ရှစ်စီး၊ မြင်းရှစ်ကောင်၊ ကျွန်ယောက်ျားရှစ် ယောက်၊ကျွန်မိန်းမရှစ်ယောက်မြတ်သောအဆင်တန်ဆာရှစ်ခု၊ အသပြာရှစ်ထောင်တို့ကိုမင်းနန်းတော်မှ ထုတ်ယူ၍ အဆင်တန်ဆာအားလုံးတို့ဖြင့်တန်ဆာဆင်အပ်ကုန်သော အမျိုးသမီးရှစ်ယောက်နှင့်ရွာမြတ်ရှစ်ရွာဟူသော ဤသဗ္ဗဋ္ဌကအမည်ရှိသောအလှူဝတ္ထုကို ဆုပေးလေ၏။

(ဆင်အစရှိသောပေးမည့် သက်ရှိသက်မဲ့ပစ္စည်းအမျိုးအမည်ရှစ်မျိုးနှင့် တစ်မျိုးတစ်မျိုးတွင် ရှစ်ခုစီဖြစ်သော အလှူဝတ္ထုကို သဗ္ဗဋ္ဌကဒါနဟုခေါ်သည်။)

အာနန္ဒထေရ်သည် ယနေ့နံနက်စောစောအချိန်မှစ၍ အထောင်မကသော ရဲရင့်သံနှင့်အထောင်မကသော တဘက်ပုဝါလက်ကိုင်ပုဝါစသည်တို့ကို အထက်သို့ပစ်တင်ခြင်းတို့ဖြစ်ကုန်၏။ ပန်းသည်သုမန၏ တွေ့ကြုံခံစားရမည့် ကောင်းကျိုးဝိပါတ်သည် အဘယ်သို့ဖြစ်မည်နည်းဟု ဆင်ခြင်စဉ်းစားပြီး မြတ်စွာဘုရားကို မေးလျှောက်လေ၏။

ထိုအခါ အာနန္ဒာထေရ်ကို မြတ်စွာဘုရားသည် အာနန္ဒာ - ဤသုမနပန်းသည်သည် အနည်းငယ်မျှသော ကောင်းမှုကံကိုပြုအပ်သည်ဟု မမှတ်နှင့်၊ အကြောင်းသော်ကားဤသုမနပန်းသည်သည် ငါဘုရားအားအသက်ကိုစွန့်လွှတ်၍ပူဇော်မှုကို ပြုခဲ့သည်။

သုမနပန်းသည်သည် ဤသို့ငါဘုရား၌ ကြည်ညိုစေ၍ -

ကပ္ပါနံ သတသဟဿံ၊ ဒုဂ္ဂတိံ န ဂမိဿတိ။

ဌတွာ ဒေဝမနုဿေသု၊ ဖလံ ဧတဿ ကမ္မုနော။

ပစ္ဆာ ပစ္စေကသမ္ဗုဒ္ဓေါ၊ သုမနော နာမ ဘဝိဿတိ။

မာလာကာရော - ပန်းသည်သည်။ ကပ္ပါနံ - ကပ်ကမ္ဘာတို့၏၊ သတသဟ ဿံ - တစ်သိန်းပတ်လုံး၊ ဒေဝမနုဿေသု - နတ်လူတို့၌၊ ဌတွာ - ရပ်တည်၍၊ ဒုဂ္ဂတိံ - မကောင်းသူတို့လာရောက်ရာ ဒုဂ္ဂတိဘုံသို့၊ နဂမိဿတိ၊ မရောက်လတ္တံ့။ (ဧတံ - ဤသည်ကား) ဧတဿ - ထိုပန်းသည်၏။ ကမ္မုနော -ပန်းကို လှူဒါန်း ကြောင်းဖြစ်သောစေတနာကံ၏၊ ဖလံ-အကျိုးပေတည်း။

ပစ္ဆာ-နောက်အခါ၌၊ သုမနောနာမ-သုမနအမည်ရှိသော၊ ပစ္စေကဗုဒ္ဓေါ- သာဝကမပါ တစ်ဆူသီးခြား ဘုရား ပစ္စေကဗုဒ္ဓါသည်၊ ဘဝိဿတိ၊ ဧကန်စင်စစ် ဖြစ်လိမ့်သတည်းဟု မိန့်ဆိုတော်မူ၏။

အထူးအားဖြင့် မြတ်စွာဘုရား ဝေဠုဝန်ကျောင်းဝိုင်းအတွင်းရောက်၍ ဂန္ဓကုဋီတိုက်တော်အတွင်းသို့ ဝင်ရောက်ရာအချိန်၌ ထိုပန်းတို့သည်တံခါးမုခ် အောက်၌ကျန်ရစ်နေကြကုန်၏။

ညနေချမ်းအချိန်ရဟန်းတို့သည်ဓမ္မသဘင်၌-ပန်းသည်သုမန၏ ပူဇော်မှုသည် အံ့သြထိုက်ချီး မွမ်းထိုက်ပါပေ၏။

သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားအား အသက်ကိုစွန့်လွှတ်၍ ပန်းပူဇော်မှုကိုပြုသောကြောင့် ထိုခဏမှာပင် သဗ္ဗဋ္ဌကအမည်ရှိသော ဆုကိုရလေ၏ဟူသော စကားကိုဖြစ်စေကုန်၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်တော်မှ ထွက်၍သွားခြင်းသုံးမျိုးတို့တွင် အမှတ်မထိုးတစ်မျိုးမျိုးသော သွားခြင်းဖြင့် ဓမ္မသဘင်သို့ကြွသွားပြီး ဘုရားနေရာ တော်၌ထိုင်တော်မူကာ အဘယ်မည်သောစကားဖြင့် စုဝေးထိုင်နေကြသနည်းဟု မေးတော်မူ၍သုမနပန်းသည်နှင့်ဆက်စပ်သော စကားဖြင့်စုဝေးထိုင်နေကြ ပါသည်ဟု ရဟန်းတော်တို့က လျှောက်ထားအပ်လေသော် -

ရဟန်းတို့ဟုတ်ပေသည်-အကြင်ကံကိုပြုအပ်သောကြောင့် နောက်၌ပူ ပန်မှုမဖြစ်မူ၍ အောက်မေ့ တိုင်း၊ အောက်မေ့တိုင်း ခဏ၌ဝမ်းမြောက်မှုသည်သာဖြစ်လေ၏။ ဤသို့သဘောရှိသောကံကို ပြုအပ် ပြုသင့် ပြုထိုက်သည်သာဟု အနုသန္ဓေစပ်၍ တရားဟောလိုရကား။

တဉ္စ ကမ္မံ ကတံ သာဓု၊ ယံကတွာ နာနုတပ္ပတိ။

ယဿ ပတီတော သုမနော၊ ဝိပါကံ ပဋိသေဝတိ။

## ၄၄။ ဓမ္မကထေရ်ဝတ္ထု

လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရားလက်ထက်တော်ဝယ် ရွာ၌ နေသောသူကြွယ်တစ်ဦးသည် မထေရ်တစ်ပါးအား - ဝါ - မထေရ်တစ်ပါးအတွက် ကျောင်းဆောက်၍ ထိုကျောင်း၌နေသော ထိုမထေရ်ကိုပစ္စည်းလေးပါးဖြင့် လုပ်ကျွေးပြုစုလေ၏။ မထေရ်သည်ထိုသူကြွယ်အိမ်၌ နေ့စဉ်မပြတ်ဆွမ်းဘုဉ်းပေး၏။ ထိုအချိန်တွင်ရဟန္တာ - ရဟန်းတစ်ပါးသည် နေ့အခါ၌ဆွမ်းခံလှည့်စဉ် ထိုသူကြွယ်၏အိမ်ဝင်းတံခါးဝသို့ ရောက်လေ၏။ သူကြွယ်သည်ထိုရဟန်းကို မြင်လေသော် ထိုရဟန်း၏ဣရိယာပုတ်၌ ကြည်ညိုသည်ဖြစ်၍ အိမ်တွင်းသို့ပင့် ပြီးရိုသေစွာမွန်မြတ်သော ဘောဇဉ်ဖြင့် ဆက်ကပ်ပြုစု၍ -

အရှင်ဘုရား ဤအဝတ်ကိုဆိုး၍ဝတ်တော်မူကြပါဟုကြီးစွာသော အဝတ်ကိုပေးလှူပြီး - အရှင်ဘုရား၊ အရှင်ဘုရားတို့၏ ဆံပင်တို့သည် ရှည်ပါကုန်၏၊ အရှင်ဘုရားတို့၏ဆံပင်ကိုရိတ်ရန် ဆတ္တာသည်ကို ခေါ်ခဲ့ပါမည်၊ အရှင်ဘုရား၊ အရှင်ဘုရားတို့ကျိန်းစက်တော်မူရန် ညောင်စောင်းငယ်ကို ယူစေ၍လာခဲ့ပါမည်ဟု လျှောက်ထားလေ၏။

သူကြွယ်အိမ်၌ နေ့စဉ်မပြတ်ဆွမ်းဘုဉ်းပေးသော ကုလူပကရဟန်းသည် အာဂန္တုရဟန်းအား ထိုပူဇော်မှုကိုမြင်၍စိတ်ကိုကြည်လင်စေရန် မတတ်နိုင်ချေ။

ဤသူကြွယ်သည်တခဏမျှမြင်တွေ့ရသော အာဂန္တုရဟန်းအား ဤသို့သော ပူဇော်မှုကိုပြု၏၊ သူ့အိမ်၌ နေ့စဉ်မပြတ်ဆွမ်းဘုဉ်းပေးနေသော ငါ့အားမူကား ဤသို့သော ပူဇော်မှုကို မပြုဟူသော စိတ်ဖြစ်၍ ကျောင်းသို့ ပြန်သွားလေ၏။

အာဂန္တုရဟန်းသည်လည်း ကျောင်းနေရဟန်းနှင့်အတူသာ ကျောင်းသို့သွား၍ သူကြွယ်လှူအပ်သောပုဆိုးကို ဆိုး၍ဝတ်လေ၏။

သူကြွယ်လည်း ဆတ္တာသည်ကိုခေါ်၍ ကျောင်းသို့သွားအာဂန္တုထေရ်၏ ဆံပင်တို့ကို ရိတ်ပယ်စေ၊ ညောင်စောင်းငယ်ကိုခင်းစေ၍ -

အရှင်ဘုရား ဤညောင်စောင်းငယ်၌သာကျိန်းတော်မူပါဟု လျှောက်ထားပြီး မထေရ်နှစ်ပါးလုံးကို ဆွမ်းဖိတ်၍ကျောင်းမှထွက်သွားလေ၏။

ကျောင်းနေရဟန်းသည် အာဂန္တုရဟန်းအား ထိုသို့ပူဇော်မှုကို ပြုလုပ်အပ်သည်ကိုလည်း မခံနိုင်ဖြစ်လေ၏။

ထို့ကြောင့်ကျောင်းနေရဟန်းသည် ညချမ်းအချိန်၌ အာဂန္တုထေရ်အိပ်ရာအရပ်သို့သွားပြီး ဆဲရေးပုံလေးမျိုးတို့ဖြင့် အာဂန္တုထေရ်ကိုဆဲရေးလေ၏။

ငါ့ရှင်ဧည့်သည်ရဟန်း သင်၏သူကြွယ်အိမ်၌ ဆွမ်းဘုဉ်းပေးရခြင်းထက် မစင်ကိုစားခြင်းကပို၍မြတ်သည်၊ သူကြွယ်သည်ခေါ်ဆောင်ခဲ့သော ဆတ္တာသည်ဖြင့် သင်၏ဆံပင်ကိုရိတ်ရခြင်း ထက်ထန်းစေ့မှုတ်အပိုင်းဖြင့် ဆံပင်တို့ကို နုတ်စေခြင်းကပို၍မြတ်၏၊ သူကြွယ်သည်လှူအပ်သော ပုဆိုးကိုဝတ်ရခြင်းထက် အဝတ်မဝတ်အချည်းနှီးနေခြင်းက ပို၍မြတ်၏၊ သူကြွယ်သည်ဆောင်ယူခဲ့သော ညောင်စောင်းငယ်၌ အိပ်ရခြင်းထက် မြေကြီးပေါ်၌အိပ်ခြင်းက ပိုမြတ်၏ဟုသောဆဲရေးခြင်း လေးမျိုးတို့ဖြင့် ဆဲရေးလေ၏။

အာဂန္တုထေရ်လည်း ဤလူမိုက်သည်ငါ့ကို အကြောင်းပြု၍မပျက်စီးသင့် ဟုဆွမ်းဖြင့် ပင့်ဖိတ်ထားမှုကို မခံယူတော့ဘဲ နံနက်စောစောထ၍ ချမ်းသာရာ အရပ်သို့ကြွတော်မူလေ၏။

ကျောင်းနေရဟန်းလည်း နံနက်စောစောကျောင်း၌ပြုအပ်သော ဝတ်ကိုပြု၍ဆွမ်းခံသွားချိန်၌ ဧည့်သည်ရဟန်းသည် ယခုအချိန်၌လည်း အိပ်နေသည်၊ ခေါင်းလောင်းသံဖြင့် နိုးရာ၏ဟုသောအမှတ်ဖြင့် လက်သည်းဖြင့်သာ ခေါင်းလောင်းထိုးကာ ရွာတွင်းသို့ ဆွမ်းခံဝင်လေ၏။

သူကြွယ်လည်း ပူဇော်ဖွယ်ကိုပြု၍ မထေရ်တို့၏လာမည့်လမ်းကို မျှော်ကြည့်လေသော် ကျောင်းနေရဟန်းကိုမြင်၍ -

အရှင်ဘုရားအာဂန္တုထေရ်ဘယ်ကိုကြွပါသနည်းဟုမေးလေ၏။ ထိုအခါ- သူကြွယ်ကိုကျောင်းနေရဟန်းသည်၊ ဒါယကာသူကြွယ်၊ ဘာစကားကိုမျှမပြောနှင့် သင်၏ ကုလူပကထေရ်သည် မနေ့ကသင့်အိမ်မှ ထွက်လာချိန်၌ ကျောင်းတိုက်ခန်းသို့ဝင်၍အိပ်နေသည်။ ငါ၏နံနက်စောစောထ၍ ကျောင်း၌တံမြက်လှည်းသံကိုလည်းကောင်း၊ သောက်ရေအိုးသုံးရေအိုးကို့၌ ရေလောင်းထည့်သံကိုလည်းကောင်း၊ ခေါင်းလောင်းထိုးသံကိုလည်းကောင်း မကြားမသိလေဟုပြောလေ၏။

သူကြွယ်သည်ဤသို့သော စိတ်ဖြစ်လေ၏။

ထိုသို့သဘောရှိသောက္ကရိယာပုတ်နှင့်ပြည့်စုံသော ငါ့အရှင်မြတ်၏ ဤအချိန်တိုင်အောင် အိပ်ပျော်ခြင်း မည်သည်မရှိနိုင်၊ စင်စစ်သော်ကား၊ ထိုအာဂန္တုအရှင်မြတ်အား ပူဇော်မှုကိုပြုသော ငါ့ကိုမြင်၍ ကျောင်းနေဤအရှင်သည်တစ် စုံတစ်ခုသော စကားကိုပြောလိမ့်မည်ဟု အသိစိတ်ဖြစ်လေ၏။

ထိုသူကြွယ်သည်သူ၏အသိဉာဏ်ဖြင့်ကျောင်းနေရဟန်းကို ရိုသေစွာဆွမ်းကပ်လှူပြီး ကျောင်းနေရဟန်း၏ သပိတ်ကိုရိုသေစွာရေဆေး၍ မွန်မြတ်သောအရသာအမျိုးမျိုးရှိသော ဘောဇဉ်ဖြင့် ပြည့်စေ၍-

အရှင်ဘုရား တပည့်တော်၏ အရှင်မြတ်ကို တွေ့မြင်ကြသေးလျှင် ဤဆွမ်းကို ထိုအရှင်မြတ်အား လှူပေးကြပါဟု လျှောက်ထားလေ၏။

ကျောင်းနေရဟန်းသည် သူကြွယ်လှူလိုက်သောဆွမ်းကို ယူခဲ့ပြီး အာဂန္တုရဟန်းသည် ဤသို့သော ဆွမ်းကိုစားရလျှင် ဤကျောင်းနေရာ၌သာကပ် ငြိတွယ်တာသူဖြစ်လိမ့်မည်ဟုကြံစည်၍ အကြားဖြစ်သော ခရီးလမ်း၌လှူလိုက်သောဆွမ်းကို စွန့်ပစ်ခဲ့ပြီး၊ အာဂန္တုထေရ်၏နေရာသို့သွား၍ ထိုနေရာ၌ကြည့် လေသော် အာဂန္တုထေရ်ကို မတွေ့မြင်ရလေပြီ။

ထိုမှနောက်အချိန်၌ ဤမျှလောက်မကောင်းမှုကို ပြုသူဖြစ်သောကြောင့် အနှစ်နှစ်သောင်းပတ်လုံး ပြုကျင့်အပ်သောရဟန်းတရားသည်လည်း ထိုကျောင်းနေရဟန်းကိုစောင့်ရှောက်ခြင်းငှာ မတတ်နိုင်ချေ။

ကျောင်းနေရဟန်းသည် သူ၏အသက်အဆုံးဖြစ်သော အချိန်၌ကွယ်လွန် ၍အဝီစိငရဲ၌ဖြစ်လေ၏။

ကဿပမြတ်စွာဘုရားနှင့်ဂေါတမမြတ်စွာဘုရားတို့၏ အကြားဖြစ် သောအချိန်ပတ်လုံးကြီးစွာသော ဆင်းရဲကိုခံစားခဲ့ပြီး၊ ဤမြတ်စွာဘုရားပွင့်တော်မူလေသော် ရာဇဂြိုဟ်မြို့၌စားဖွယ်သောက်ဖွယ်ပေါများသော အမျိုးအိမ်၌ဖြစ်လာလေ၏။

ထိုသူသည် မိမိခြေဖြင့်သွားရာအချိန်မှစ၍ အိပ်ရာ၌မအိပ်လို၊ ထမင်းကို မစားလို၊ သူ၏ကိုယ်အညစ်အကြေးကျင်ကြီးကိုသာစားလေ၏။

ငယ်ရွယ်သူဖြစ်သဖြင့် မသိ၍ပြုသည်ဟူသောအထင်ဖြင့် ထိုသူငယ်ကို မိဘတို့က ကျွေးမွေးခဲ့ကြသည်။ ထိုသူသည် အသက်ကြီးလာသောအချိန်၌လည်း အဝတ်ကိုမဝတ်လို၊ အဝတ်မဝတ်ဘဲသာ သွားလာနေ၏။ မြေကြီးပေါ်၌အိပ်၏။ သူ၏ကိုယ်အညစ်အကြေး ကျင်ကြီးကိုစားနေ၏။

ထိုအခါသူ၏မိဘတို့သည် ဤသားသည် အမျိုးအိမ်အား လျောက်ပတ်သူမဟုတ်၊ (အိမ်မှာထား၍

မသင့်လျော်သူဖြစ်၏) စင်စစ်အရှက်မရှိသူဖြစ်၏၊ ဤသူသည်- အာဇီဝက(တက္ကတွန်း)တို့အား သင့်လျော်သူဖြစ်၏။ ဤသို့ကြံစည်ကြပြီး အာဇီဝကတို့အထံသို့ခေါ်သွားကြကာ ဤသူငယ်ကိုရှင်ရဟန်းပြုပေးကြ ပါဟုပြောဆို၍ ပေးခဲ့ကြကုန်၏။

ထိုအခါ ထိုသူငယ်ကိုအာဇီဝကတို့သည် ရှင်ရဟန်းပြုပေးကြကုန်၏။

ပြုပုံအထူးကား -

ရှင်ပြုပေးကြသောအာဇီဝကတို့သည် သူငယ်၏ လည်မျိုအထိနက်သော တွင်း၌ချထားပြီး သူငယ်၏ ပခုံးနှစ်ဘက်တို့အထက်၌ ပျဉ်ချပ်တို့ကိုခင်း၍ ပျဉ်ချပ်တို့အထက်၌ထိုင်ပြီး၊ ထန်းစေ့မှုတ်ခွံအပိုင်းဖြင့် ဆံပင်တို့ကိုနုတ်ကြကုန်၏။

ရှင်ပြုပြီးနောက် အာဇီဝကတို့ကို ထိုသူ၏မိဘတို့သည် နက်ဖန်ဆွမ်းအလို့ငှာပင့်လျှောက်၍ ဖယ်ခွာသွားကြလေကုန်၏။

နောက်နေ့၌ အာဇီဝကတို့သည်လာလော့၊ ရွာတွင်းသို့ဝင်ကြမည်ဟု ထိုသူကိုခေါ်ကြကုန်၏။

ထိုသူသည်အရှင်တို့ကြွကြပါ၊ တပည့်တော်ဤကျောင်း၌သာ နေရစ်ပါမည်ဟုပြော၍ အာဇီဝကတို့နှင့် အတူမလိုက်လို၊ ထိုအခါ အဖန်ဖန်ပြော၍မလိုက်လိုသော ထိုသူကိုချန်ထားခဲ့ပြီး ရွာသို့သွားကြကုန်၏။

ထိုသူသည်လည်း အာဇီဝကတို့သွားကြောင်းကိုသိ၍ ဝစ္စကုဋီ(ကျင်ကြီးအိမ်)၌ ပျဉ်ချပ်ကိုဖွင့်၍ဆင်းပြီး လက်နှစ်ဖက်တို့ဖြင့်အလုပ်လုပ်ပြု၍ ကျင်ကြီးကို စားလေ၏။

အာဇီဝကတို့သည် ထိုသူအဖို့ရွာတွင်းမှအာဟာရကို ပို့ကြကုန်၏၊ ထိုအာဟာရကိုလည်း အလိုမရှိပြီ၊ အကြိမ်ကြိမ်ပြောဆိုအပ်သော်လည်း ငါ့အားဤဆွမ်းအာဟာရဖြင့် အလိုမရှိ ငါသည်အာဟာရကိုရအပ်ပြီဟု ပြော၏။ အဘယ်၌ရအပ်သနည်းဟုမေး၏။ ဤအရပ်၌သာရအပ်သည်ဟုပြော၏။

ဤအတူနှစ်ရက်မြောက် သုံးရက်မြောက် လေးရက်မြောက်နေ့၌လည်း - အာဇီဝကတို့သည် စကားများစွာ ပြောဆိုအပ်သော်လည်း တပည့်သည်ဤအရပ်၌သာဖြစ်ရစ်မည်(နေရစ်မည်)ဟု ရွာသို့ သွားခြင်းငှာအလိုမရှိပြီ။

အာဇီဝကတို့သည် ဤသူသည်နေ့တိုင်း နေ့တိုင်းရွာသို့ဝင်ခြင်းငှာအလို မရှိသည်သာဖြစ်၏၊ ငါတို့ပို့အပ်သောအာဟာရကို စားမျိုခြင်းငှာအလိုမရှိ တပည့်သည် ဤနေရာ၌သာအာဟာရကို ရအပ်သည်ဟု ပြောသည်၊ အဘယ်သို့ပြုလေသနည်း၊ သူ့ကို- စုံစမ်းကြကုန်အံ့ဟုတိုင်ပင်ကြပြီး၊ ရွာတွင်းသို့ဝင်ကြစဉ် တစ်ယောက် နှစ်ယောက်သော တက္ကဒွန်းတို့ကို ထိုသူ၏အပြုအမူကို စုံစမ်းရန် ချန်ထားခဲ့ပြီးသွားကြကုန်၏။

ကျန်ရစ်သူအာဇီဝကတို့သည် နောက်မှလိုက်သွားကုန်သကဲ့သို့ဖြစ်၍ ပုန်းအောင်းနေကြကုန်၏။

ထိုသူသည်လည်း တက္ကဒွန်းတို့ရွာသို့သွားကြကြောင်းကို သိပြီးရှေးရက်တို့က နည်းအတိုင်းသာ ဝစ္စကုဋီ၌ဆင်း၍ကျင်ကြီးကိုစားလေ၏။

ပုန်းအောင်းနေသောအာဇီဝကတို့သည် ထိုသူ၏အပြုအမူကို တွေ့မြင်ကြ၍ အာဇီဝကတို့အား ပြောကြကုန်၏။ ထိုစကားကိုကြားကြကုန်၍အာဇီဝ ကတို့သည်အံ့ဩလောက်အောင် ဝန်လေးသော ကိစ္စဖြစ်သည်၊ ရဟန်းဂေါတမ၏ တပည့်တို့သည် အကယ်၍သိကြကုန်သော်၊ အာဇီဝကတို့သည်ကျင်ကြီးကို စားကြကုန်လျက် သွားလာနေထိုင်ကြသည်ဟု ငါတို့၏မကောင်းကျော်ကြားသတင်းကိုပြုကြကုန်ရာ၏။ ဤသူသည်ငါတို့အား ငါတို့နှင့်မလျောက်ပတ်သူ မသင့်တော်သူတည်းဟုထိုသူကို သူတို့၏အနီးမှ နှင်ထုတ်ကြကုန်၏။

ထိုသူသည် အာဇီဝကတို့က နှင်ထုတ်အပ်သည်ဖြစ်၍လူအများ ကျင်ကြီးစွန့်ရာ အရပ်၌ အပြန့်ကျယ်သော ကျောက်ဖျာတစ်ခုရှိ၏၊ ထိုကျောက်ဖျာအနီး၌ကျောက်ဖျာကို အမှီပြု၍ လူအများ ကျင်ကြီးစွန့်ရာချိုင့်ကြီးတစ်ခုရှိ၏။ ထိုသူသည်ထိုနေရာ၌ သွား၍ညဥ့်အခါမစင်ကိုစားပြီး လူအများ ကျင်ကြီးစွန့်ရန်လာချိန်၌ လက်တစ်ဖက်ဖြင့် - ကျောက်ဖျာ၏အစွန်းတစ်ခုကိုထောက်၍ ခြေတစ်ဖက် ကိုမြှောက်ပြီး ဒူးဆစ်ပေါ်ထား၍ အထက်၌ လေရှိရာသို့ မျက်နှာမူကာ ခံတွင်းကိုဖွင့်၍နေလေ၏။

လူများစွာသည် ထိုသူကိုမြင်၍အနီးသို့ချဉ်းကပ်ရှိခိုးပြီး၊ အို-အရှင် အရှင်သည်အဘယ်ကြောင့် ခံတွင်းကိုဖွင့်၍ တည်နေပါသနည်းဟု မေး၏။

ငါသည် လေကိုစားသူဖြစ်သည်၊ လေမှတစ်ပါး ငါ့အားစားဖွယ်အာဟာရ မရှိဟုပြော၏။

ထို့အပြင် အဘယ်ကြောင့် ခြေတစ်ဖက်ကို ဒူးဆစ်၌တင်ထားပြီး ရပ်တည်နေပါသနည်း အရှင်ဟုမေး၏။

ငါသည်ထက်မြတ်ပြင်းထန်သော အကျင့်ရှိသူဖြစ်၏၊ ငါသည် ခြေနှစ်ဘက်တို့ဖြင့် နင်းအပ်သော မြေကြီးသည် တုန်လှုပ်သွား၏၊ ထို့ကြောင့် ခြေတစ်ဖက်မြှောက်ပြီး - ဒူးဆစ်ပေါ်၌ထား၍ရပ်တည်နေ၏၊ အမှန်အားဖြင့် ငါသည် ညဥ့်နက်ပတ်လုံး ရပ်လျက်သာအချိန်ကုန်စေ၏။ ထိုင်လည်းမထိုင် အိပ်လည်း မအိပ်ဟု ပြော၏။

လူတို့မည်သည်(လူတွေဆိုတာ) အများအားဖြင့်ပြောစကားမျှကိုသာ ယုံတတ်ကြ၏။

ထို့ကြောင့် အံ့သြချီးကျူးထိုက်ပါပေ၏၊ ပြင်းထန်သောအကျင့်ကိုကျင့်သူတို့သည် ဤသဘော ရှိသူများဖြစ်ကုန်၏။ ငါတို့သည် ဤသဘောရှိသူတို့ကို မမြင်ဖူးဘူးကြဟု အံ့သြကာ အများအားဖြင့် အင်္ဂတိုင်း၊ မာဂဓတိုင်း နေသူတို့သည် သိမ့်သိမ့်တုန်ဖြစ်ကုန်လျက် ထိုသူထံ ချဉ်းကပ်၍လစဉ်လတိုင်း များစွာသော ပူဇော်ဖွယ်ကို ရှေ့ရှုဆောင်ကြကုန်၏။

ထိုသူသည် ငါသည်လေကိုသာစား၏၊ အခြားအာဟာရကိုမစား/ မှန်၏ အခြားအာဟာရကိုစားလျှင် ငါ၏အကျင့်ပျက်စီးမည်ဟု ပြော၍ထိုသူတို့ ရှေ့ရှု ဆောင်အပ်သော တစ်စုံတစ်ခုသော ပစ္စည်းကို အလိုမရှိ။

လူတို့သည် အို-အရှင်၊ အရှင်သည်ကျွန်ုပ်တို့ကို မဖျက်ဆီးပါနှင့် အရှင်တို့လိုပြင်းထန်သော အကျင့်ရှိသူက သုံးဆောင်ပေးလျှင်ကျွန်ုပ်တို့၏ နေ့ညရှည်ကြာ စီးပွားဖြစ်နိုင်ချမ်းသာနိုင်ပါသည်ဟု အကြိမ်ကြိမ်တောင်းပန်ကြကုန်၏။

ထိုသူသည် ကျင်ကြီးမှ အခြားသောအာဟာရကို မနှစ်သက်သော်လည်း လူအများ၏တောင်းပန်မှုဖြင့် နှိပ်စက်ခံရ၍ ထိုလူတို့ဆောင်အပ်သော ထောပတ်၊ တင်လဲစသည်တို့ကို သမန်းမြက်ဖျားဖြင့်တို့၍ လျှာဖျား၌ထားပြီးသွားကြတော့ သင်တို့အဖို့ ဤမျှလောက်သည် စီးပွားချမ်းသာဖြစ်နိုင်သည်ဟု ပြောကာ ပြန်လွှတ်လေ၏။

ဤသို့ပင်ထိုသူသည် အဝတ်မဝတ်၊ ကျင်ကြီးကိုစား၊ ဆံပင်တို့ကိုနုတ်ပယ် မြေကြီးပေါ်၌အိပ်လျက် နှစ်ပေါင်း(၅၀)တို့ကို ကုန်လွန်စေတော့သတည်း။

ဘုရားရှင်တို့သည်လည်း မိုးသောက်ခါနီး လင်းအားကြီးအချိန်၌ သတ္တလောကကို ရှုကြည့်တော် မူခြင်းကို စင်စစ်မစွန့်အပ်သည်သာဖြစ်၏။

ထို့ကြောင့် တစ်ခုသောနေ့၌ မြတ်စွာဘုရားသည် မိုးသောက်ခါနီးလင်းအားကြီးအချိန်၌ သတ္တလောကကို ရှုကြည့်တော်မူစဉ် ဇမ္ဗုကမည်သော ဤအာဇီဝကသည် ဉာဏ်တော်ကွန်ယက်အတွင်း၌ ထင်ရှားပေါ်လာလေ၏။

မြတ်စွာဘုရားသည် အဘယ်သို့ဖြစ်လိမ့်မည်နည်းဟု ဆင်ခြင်လတ်သော် ထိုဇမ္ဗုက အာဇီဝက၏ ပဋိသမ္ဘိဒါလေးပါးနှင့်တကွဖြစ်သော အရဟတ္တဖိုလ်၏ အားကြီးသော မှီရာအကြောင်းကိုမြင်တော်မူ၍ ငါဘုရားသည် ထိုဇမ္ဗုကကို အစ ပြု၍ တစ်ဂါထာတရားကို ဟောပြမည်၊ ဂါထာအဆုံး၌ ရှစ်သောင်းလေးထောင်သောသတ္တဝါတို့၏ သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်မှုဖြစ်လိမ့်မည်။

ဤဇမ္ဗုကအမျိုးသားကိုအမှီပြု၍ လူများစွာ ချမ်းသာသူအဖြစ် ရောက်လိမ့်မည်ဟုသိမြင်တော်မူ၍ နောက်နေ့တွင် ရာဇဂြိုဟ်မြို့၌ ဆွမ်းခံလှည့်၍ ဆွမ်းခံ ရွာမှပြန်ကြွလတ်သော် အာနန္ဒာ, ငါဘုရား ဇမ္ဗုက အာဇီဝကထံသွားမည်ဟု အာနန္ဒာထေရ်ကို မိန့်တော်မူသည်။

မြတ်စွာဘုရား -အရှင်ဘုရားတို့ချည်းသာ ကြွကြပါမည်လား ဘုရား၊

အာနန္ဒာ, ဟုတ်၏၊ ငါဘုရားတစ်ပါးတည်းသာ ကြွတော်မူမည်ဟု မိန့်တော်မူကာ၊ မြတ်စွာဘုရားသည် နေ့မွန်းတည့်ချိန်၌ ဇမ္ဗုကအာဇီဝကထံ ကြွတော်မူလေ၏။

နတ်တို့သည် မြတ်စွာဘုရားသည် ညနေချိန်၌ ဇမ္ဗုကအာဇီဝကထံ ရောက်တော်မူမည်။

ဇမ္ဗုကအာဇီဝကသည်လည်း၊ စက်ဆုပ်ဖွယ်ကောင်းသော ကျင်ကြီး၊ ကျင်ငယ်၊ ဒန်ပူချောင်းတို့ဖြင့် ညစ်ပတ်နေသော ကျောက်ဖျာ၌နေသည် မိုးရွာသွန်းစေရန်သင့်၏ဟု ကြံစည်ကြကာ မိမိတို့၏ တန်ခိုးအာနုဘော်ဖြင့် တစ်မဟုတ်ချင်းသာ မိုးကိုရွာစေကုန်၏။

ကျောက်ဖျာသည် အညစ်အကြေးကင်းလျက် စင်စင်ကြယ်ကြယ် ဖြစ်လေ၏။

ထို့နောက် ကျောက်ဖျာထက်၌ အဆင်းငါးမျိုးရှိသော ပန်းပွင့်မိုးကို ရွာစေ ကုန်၏။

မြတ်စွာဘုရားသည် ညနေချမ်းအချိန်၌ ဇမ္ဗုကအာဇီဝကထံ ရောက်တော်မူ၍ ဇမ္ဗုကဟု အသံပြုလေ၏။

ဇမ္ဗုကဟုခေါ်သော ဤသူသည် အဘယ်သူနည်း၊ လူမိုက်သည်(မကောင်းသူ၏) ငါ့ကို ဇမ္ဗုကဟု ခေါ်ခြင်းဖြင့် ခေါ်သည်ဟုကြံစည်၍၊

ငါ့ကိုခေါ်သူ မည်သူနည်း။

သင့်ကိုခေါ်သူ ငါရဟန်းဖြစ်သည်။

အိုရဟန်းကြီးအဘယ်နည်း (ဘာလဲ)

ငါ့အား ယနေ့တစ်ည ဤကျောက်ဖျား၌ နေရာကိုပေးပါ။

အို- ရဟန်းကြီး ဤအရပ်၌သင်နေဖို့နေရာမရှိ၊

ဇမ္ဗုက, သင်ဤသို့မပြုနှင့်၊ ငါ့အားတစ်ညဉ့်နေဖို့ နေရာကိုပေးလော့၊ ရဟန်းတို့ မည်သည်ရဟန်းကို လိုလားတောင့်တကြသည်။ လူတို့သည် လူကို လိုလားတောင့်တကြသည်။ သားကောင်တို့သည် သားကောင်ကို လိုလားတောင့်တကြသည်။

အသို့နည်း(ဘယ်လိုလဲ) သင်သည် ရဟန်းလော(သင်ကရဟန်းလား)။

ဟုတ်၏ ငါရဟန်းဖြစ်သည်။

သင်ရဟန်းဖြစ်ခဲ့သော်သင်၏ ဗူးတောင်းအဘယ်မှာနည်း၊ မီးမွှေယောင်းမ အဘယ်မှာနည်း၊ ယဇ်ချည်က အဘယ်မှာနည်း။

ဇမ္ဗုကသင်ပြောသမျှအားလုံးငါ့မှာရှိသည်။ သို့သော်လည်း တစ်ခုတစ်ခုစီ ကိုင်ဆောင်ပြီး သွားလာရခြင်းသည် ဆင်းရဲသည်ဟုယူဆပြီး ကိုယ်တွင်းဖြင့်ယူ၍သွားနေ၏။

ဇမ္ဗုကအာဇီဝကသည် သင်သည်ထိုပစ္စည်းအားလုံးကို မယူဆောင်ဘဲသွားနေသူဖြစ်၏ဟု စိတ်ဆိုးလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဇမ္ဗုကကို ဇမ္ဗုက, ဖြစ်ပါစေတော့၊ ငါ့ကို စိတ်မဆိုးပါနှင့်၊ ငါ့အား နေစရာ နေရာကိုပြောပါ။

အို - ရဟန်းကြီး ဤကျောက်ဖျာ၌ သင်နေစရာ နေရာမရှိ။

မြတ်စွာဘုရားသည် ဇမ္ဗုကနေရာဌာနမှ အနီးအရပ်၌ ချိုင့်ဝှမ်းတစ်ခုရှိ၏၊ ထိုချိုင့်ဝှမ်းကိုညွှန်ပြလျက် ဇမ္ဗုကထိုချိုင့်ဝှမ်း၌မည်သူနေသနည်း။

ရဟန်းကြီး, နေသူတစ်ယောက်မျှမရှိ။

နေသူမရှိလျှင်ငါ့အား ထိုနေရာကိုပေးပါ။

ရဟန်းကြီး သင့်ဘာသာ သိပါလော့။

မြတ်စွာဘုရားသည် ချိုင့်ဝှမ်း၌ နိသီဒိုင်ကိုခင်း၍ ထိုင်နေတော်မူသည်။

ပဌမယာမ်ချိန်၌ စတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့သည်အရပ်လေး မျက်နှာ၌တခဲနက် အရောင်အလင်းကိုပြုကြ၍ မြတ်စွာဘုရားအား ဆည်းကပ်မည့်အရပ်သို့လာကြကုန်၏။

ဇမ္ဗုကသည် အရောင်အလင်းကိုမြင်သော် ဤအရောင်အလင်းသည် အဘယ်မည်သော အရောင် အလင်းနည်းဟု စဉ်းစားလေ၏။

မဇ္ဈိမယာမ်အချိန်သိကြားနတ်မင်းလာပြန်၏၊ ဇမ္ဗုကသည် သိကြားကိုလည်းမြင်၍ ဤသူသည် အဘယ်မည်သောသူလေနည်းဟု စဉ်းစားလေ၏။

ပစ္ဆိမယာမ်အချိန်၌ လက်တစ်ချောင်းဖြင့် စကြာဝဠာတိုက်တစ်ခုကို၊ လက်နှစ်ချောင်းဖြင့် စကြာဝဠာ တိုက်နှစ်ခုတို့ကို၊ ဆယ်ချောင်းသောလက်တို့ဖြင့် စကြာဝဠာတိုက်ဆယ်ခုတို့ကို အရောင်အလင်း ထွန်းလင်း စေနိုင်သော ဗြဟ္မာကြီးသည် တောတစ်ခုလုံးကို တခဲနက်အရောင်အလင်းထွန်းလင်းအောင် ပြုလျက်လာ လေ၏။

ဇမ္ဗုကသည် ဗြဟ္မာကြီးကိုလည်းမြင်၍ ထိုသူသည်အဘယ်သူနည်းဟု စဉ်းစား၍နံနက်အချိန်၌ မြတ်စွာဘုရားထံသွားပြီး မိတ်ဆက်မှုကိုပြု၍ တစ်ခုသော နေရာ၌ရပ်လျက် -

ရဟန်းကြီးသင့်ထံသို့ အရပ်လေးမျက်နှာလုံးထွန်းလင်းတောက်ပစေကြ၍ လာကြသူတို့ကား အသူတွေနည်းဟု မြတ်စွာဘုရားကိုမေးလေ၏။

ဇမ္ဗုကသင်မေးအပ်သောသူတို့သည် စတုမဟာရာဇ်နတ်မင်ကြီး လေးဦးတို့တည်း။

အဘယ်အကြောင်းကြောင့်လာကြသနည်း၊ ငါ့ကိုဆည်းကပ်ပူဇော်ရန်လာကြသည်။

အသို့နည်း(ဘယ်လိုလဲ) သင်ရဟန်းကြီးသည် စတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့ထက် သာလွန်မြင့်မြတ်သူဖြစ်သလော။

ဟုတ်သည် ဇမ္ဗုက, ငါသည် စတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့ထက်လည်း မြင့်မြတ်သောမင်း ဖြစ်သည်။

မဇ္ဈိမယာမ် အချိန်၌လာသူသည်ကား အဘယ်သူနည်း။

ဇမ္ဗုက, သိကြားမင်းဖြစ်သည်။

အဘယ်အကြောင်းကြောင့် လာသနည်း။

ငါ့ကိုဆည်းကပ် ပူဇော်ခြင်းငှာသာ လာသူဖြစ်သည်။

အသို့နည်း(ဘယ်လိုလဲ) သင်းရဟန်းကြီးသည် သိကြားနတ်မင်းထက်လည်း သာလွန်မြင့်မြတ်သူဖြစ်လေသလော။

ဟုတ်သည်ဇမ္ဗူက, ငါသည် သိကြားနတ်မင်းထက်လည်း သာလွန်မြင့်မြတ်သူဖြစ်သည်။ စင်စစ်အားဖြင့် ဤသိကြားနတ်မင်းသည် ငါ၏ဂိလာနုပဋ္ဌာကဖြစ်သည်။ (မကျန်းမာရာ၌ ငါ့အားပြုစုသူဖြစ်သည်)အပ်စပ်အောင်ပြုပေးသော သာမဏေနှင့်တူသည်။

ပစ္ဆိမယာမ် အချိန်၌တောအားလုံးကို ထွန်းလင်းတောက်ပစေပြီး လာသူသည် အဘယ်သူနည်း။

အကြင်ပြဟ္မာကို သတ္တလောကတွင် ပုဏ္ဏားမျိုးအစရှိသော လူတို့သည် နှာချီခဲ့သော်၊ ချော်လဲခဲ့သော်၊

နမောမဟာ ပြဟ္မုနော - ပြဟ္မာကြီးအားရှိခိုးပါ၏ဟု ရွတ်ဆိုကြကုန်၏၊ ထိုပြဟ္မာကြီးသာ ဖြစ်သည်ဟု မိန့်တော်မူ၏။

အသို့နည်း(ဘယ်လိုလဲ)သင်ရဟန်းကြီးသည် မဟာပြဟ္မာထက်လည်း သာလွန်မြင့်မြတ်သူဖြစ်သလော။

ဟုတ်သည်ဇမ္ဗူက, ငါသည်သာ ပြဟ္မာထက်လည်း သာလွန်မြင့်မြတ်သော ပြဟ္မာ ဖြစ်တော့သည်ဟု မိန့်တော်မူလေ၏။

ရဟန်းကြီးသင်သည် အံ့သြချီးမွမ်းထိုက်သူဖြစ်၏။

ငါ့အားမူကား အနှစ်ငါးဆယ်ပတ်လုံး ဤနေရာ၌နေစဉ် စတုမဟာရာဇ်နတ်မင်း၊ သိကြားနတ်မင်း၊ မဟာပြဟ္မာတို့တွင်တစ်ဦးတစ်ယောက်သော်လည်း ငါ့ကို ဆည်းကပ်ပူဇော်ရန် မလာဘူးချေ။

မှန်၏၊ ငါသည်နှစ်ပေါင်းငါးဆယ်ရှည်လျားသောအချိန်ပတ်လုံးလေကို စားသူဖြစ်၍ ရပ်လျက်သာအချိန်ကို လွန်စေပြီ။

စတုမဟာရာဇ်နတ်မင်းစသော ထိုသူတို့သည် ငါ့အားဆည်းကပ်ပူဇော်ရာ အရပ်သို့မလာဘူးကြသေးဟုဆိုလေ၏။

ထိုအခါဇမ္ဗူကကို ဤသို့မိန့်တော်မူ၏။

ဇမ္ဗူက, သင်သည်လောက၌ မိုက်ကန်းသူလူအများကို လှည့်စားဖြားယောင်းနေသူဖြစ်၍ ငါ့ကိုလည်း လှည့်စားလိုသူဖြစ်၏။ သင်သည် နှစ်ပေါင်းငါးဆယ်ပတ်လုံး ကျင်ကြီးကိုသာစားသူမဟုတ်လော၊ မြေကြီးပေါ်၌ သာအိပ်သူ မဟုတ်လော၊ အဝတ်၊ မဝတ်ဘဲနေသူမဟုတ်လော၊ ထန်းစေ့မှုတ်ခွဲအပိုင်းဖြင့် ဆံပင်တို့ကို နှုတ်နေသူမဟုတ်လော၊ ထိုသို့နေသူဖြစ်လျက် သတ္တလောကကို လှည့်စားလျက် ငါသည်လေကို စားသူဖြစ်သည်၊ ခြေတစ်ဖက်ဖြင့်ရပ်နေ၏၊ မထိုင် မအိပ်ဟု ပြောဆိုနေသူ မဟုတ်လော။

ငါ့ကိုလည်းလှည့်စားလိုသည်မဟုတ်လော၊ ရှေးအခါ၌လည်းသင်သည် အလွန်ယုတ်မာသော အယူကိုအမှီပြု၍ နှစ်ပေါင်းငါးဆယ်အချိန်ပတ်လုံးကျင်ကြီး ကိုစားသူ၊ မြေကြီးပေါ်၌အိပ်သူ အဝတ်မဝတ်ဘဲ သွားလာနေသူ၊ ထန်းစေ့မှုတ်ခွဲအပိုင်းဖြင့် ဆံပင်နှုတ်သူဖြစ်ခဲ့ပြီ။

ယခုလည်းယုတ်မာသော အယူကိုသာယူသူဖြစ်သည်ဟု မိန့်တော်မူ၏။

ရဟန်းကြီး ကျွန်ုပ်သည် အဘယ်အလုပ်ကို ပြုအပ်ခဲ့ဘူးပါသနည်းဟု မေးလေ၏။

ထိုအခါ ဇမ္ဗူကအား မြတ်စွာဘုရားသည် ရှေးအခါ၌ သူပြုခဲ့သောကံ(အလုပ်)ကို ပြောကြားတော်မူပြီ၊ မြတ်စွာဘုရားသည် ပြောနေစဉ်မှာပင် ဇမ္ဗူက၏ ထိပ်လန့်တုန်လှုပ်ခြင်း သံဝေဂဖြစ်လေပြီ အရှက်

အကြောက်သည် ကိုယ်၌ကပ်၍တည်လာ၏။ ဇမ္ဗုကသည် ဆောင့်ကြောင့်ထိုင်လေ၏။ ထိုအခါဇမ္ဗုကအား မြတ်စွာဘုရားသည် ရေသနုပ်တော်သက်န်းကိုပစ်၍ ပေးတော်မူသည်၊ ဇမ္ဗုကသည် မြတ်စွာဘုရား၏ ရေသနုပ်သင်္ကန်းကိုဝတ်၍ မြတ်စွာဘုရားကိုရှိခိုးပြီးနေရာ တစ်ခု ၌ထိုင်နေလေ၏။

မြတ်စွာဘုရားလည်း ဇမ္ဗုကအား စကားအစဉ်ကို မိန့်တော်မူကာ တရားကို ဟောတော်မူသည်။

ဇမ္ဗုကသည် ဒေသနာတော်အဆုံး၌ ပဋိသမ္ဘိဒါတို့နှင့်အတူ အရဟတ္တဖိုလ်သို့ရောက်၍ မြတ်စွာဘုရားကိုရှိခိုးပြီး နေရာမှထကာ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို တောင်းဆိုလေ၏။ ဤမျှလောက်သော အချိန်အပိုင်းအခြားဖြင့် ဇမ္ဗုက၏ ရှေးအခါ၌ပြုခဲ့ဘူးသော မကောင်းကံကုန်လေ၏။

ချဲ့ဦးအံ့ - ဤဇမ္ဗုကသည် ရဟန္တာမထေရ်ကိုလေးမျိုးသောဆဲရေးခြင်းတို့ဖြင့် ဆဲရေးခဲ့၍ အကြင်မျှလောက်သော ကာလပတ်လုံး ဤမဟာပထမဝီမြေကြီးသည် သုံးဂါဝုတ်အလွန်ရှိသော တစ်ယူဇနာတိုင်အောင်မြင့်တက်၏။ ထိုမျှလောက်သော ကာလပတ်လုံးအဝီစိငရဲ၌ ကျက်ခဲ့၍ ထိုအဝီစိငရဲ၌ ကျက်ပြီးသော ကံ၏ အကြွင်းကြောင့် နှစ်ပေါင်းငါးဆယ်ပတ်လုံးမသင့်လျော်သောဤ ဖောက်ပြန်မှုသို့ရောက်လေပြီ။ ထို့ကြောင့် ဇမ္ဗုက၏ ထိုမကောင်းမှု ကံသည်ကုန်လေပြီ။

နှစ်ပေါင်းနှစ်သောင်းတို့ပတ်လုံး ဤဇမ္ဗုကသည်ပြုအပ်၊ ကျင့်သုံးအပ်သော ရဟန်းတရား၏ အကျိုးကိုပျက်စီးစေရန်၊ ဖျက်ဆီးရန်မတတ်နိုင်၊ ထို့ကြောင့် မြတ်စွာဘုရားသည် လက်ျာလက်တော်ကို ဆန့်တန်း၍ -

သံသရာဘေးကို ရှုမြင်သူ ဇဟိ လာ - သင်အလိုရှိသော ရဟန်းအဖြစ်ကိုယူပေတော့၊ မဖောက်ပြန်မှန်ကန်စွာဆင်းရဲ၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မိမိကိုယ်၌ တည်အောင်ပြုခြင်း မဂ်တည်းဟူသော မြတ်သော အကျင့်ကို ကျင့်ပါလေဟု မိန့်တော်မူ၏။

ထိုခဏ၌ပင်ဇမ္ဗုက၏ လူ့အသွင်သည်ပျောက်ကွယ်လေ၏။ ပရိက္ခရာရှစ်ပါးကို ဆောင်သူဖြစ်၍(၀ါ) ခြောက်ဆယ်ရပြီးသော မဟာထေရ်ကဲ့သို့ ဖြစ်လေပြီ။

ဇမ္ဗုက၏ ရဟန္တာဖြစ်ရာထိုနေ့သည် အင်္ဂတိုင်း၊ မဂဓတိုင်း၌နေသူတို့၏ ဇမ္ဗုကအား ပူဇော်ဖွယ်ကို ယူ၍လာကြရာနေ့ဖြစ်သည်။

ထို့ကြောင့် တိုင်းနှစ်တိုင်း၌ နေသူတို့သည် ပူဇော်ဘွယ်ကို ယူ၍ရောက်လာကြသော် မြတ်စွာဘုရားကို မြင်ကြ၍ အဘယ်သို့နည်း။ ငါတို့အရှင် ဇမ္ဗုက, ကမြတ်လေသလော၊ သို့မဟုတ် ရဟန်းဂေါတမကမြတ်လေသလောဟုစဉ်းစားကြကာ၊ အကယ်၍ရဟန်းဂေါတမက မြတ်သူဖြစ်လျှင် ဤဇမ္ဗုကသည် ရဟန်းဂေါတမထံသို့သွားရာ၏(သွားရမည်) ဇမ္ဗုကအာဇီဝကကမြတ်သောကြောင့် ရဟန်းဂေါတမသည် ဤဇမ္ဗုကအာဇီဝကထံလာသူဖြစ်သည်ဟု ကြံစည်ကြကုန်၏။

မြတ်စွာဘုရားသည်လူအပေါင်း၏ အကြံအစည်ကိုသိတော်မူ၍ -

ဇမ္ဗုက-သင်၏အလုပ်အကျွေးတို့၏ ယုံမှားသံသယကိုဖြတ်လော့ဟု မိန့်တော်မူ၏။

ဇမ္ဗုကသည်-မြတ်စွာဘုရားသည် တပည့်တော်လည်း ဤမျှကိုသာ (တပည့်တော်၏ အလုပ်အကျွေး) တို့၏ ယုံမှားသံသယကိုဖြတ်ဖို့ကိုသာ မျှော်လင့်တောင့်ပါ၏ဟု လျှောက်ထား၍ စတုတ္ထစျာန်ကို ဝင်စားကာ စျာန်မှထ၍ ထန်းပင်မြင့်ဖျား ပမာဏရှိသောကောင်းကင်သို့ပျံတက်၍ -

မြတ်စွာဘုရား, မြတ်စွာဘုရားသည် တပည့်တော်၏ ဆရာဖြစ်ပါပြီ၊ တပည့်တော်သည် မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်ပါသည်ဟု ပြောဆို၍ အောက်သို့သက်ဆင်းပြီး တဖန် ထန်းပင်မြင့်နှစ်ပင်

အမြင့်တိုင်အောင်ထန်းပင်မြင့်-အမြင့်သုံးခုထိုင်အောင် တက်၍ဆင်း၍ လျှောက်ထားသကဲ့သို့ ထန်းပင်မြင့် ခုနစ်ပင်အမြင့်ပမာဏတိုင်အောင် ကောင်းကင်သို့ပျံတက်၍ သက်ဆင်းခဲ့ပြီးသူ၏ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်ကြောင်းကို လူအပေါင်းအားသိစေ၏။

များစွာသောလူသည် ထိုတန်ခိုးပြာဋိဟာကိုမြင်ရသော် မြတ်စွာဘုရားတို့မည် သည်အံ့ဩလောက်ပါကုန်၏၊ လက်ဖျစ်တီး၍အံ့ချီးထိုက်ပါကုန်၏။ နှိုင်းယှဉ်ဖွယ်၊ တိုင်းတာဖွယ်မရှိသော ဂုဏ်တို့နှင့်ပြည့်စုံပါပေကုန်ဟု စိတ်ကူးကြကုန်၏။

မြတ်စွာဘုရားသည် များစွာသောလူနှင့်အတူစကား မိန့်တော်မူလိုသည်ဖြစ်၍ ဤသို့မိန့်တော်မူသည်။

ဤဇမ္ဗုကသည် နှစ်ပေါင်းငါးဆယ်အချိန်ပတ်လုံး သင်တို့ယူခဲ့သော ပူဇော်ဖွယ်ကို သမန်းမြက်ဖျားဖြင့်တို့၍ လျှာဖျား၌ထားပြီး တပအကျင့်ကိုကျင့်၏ဟူသော စိတ်ဖြင့်ဤနေရာ၌နေခဲ့ပြီ။

ဤနည်းဥပါယ်ဖြင့် နှစ်တစ်ရာပတ်လုံးတပအကျင့်ကို အကယ်၍ ဖြည့်စေကာမူ ယခုအခါအချိန်ကိုလည်းကောင်း၊ စားဖွယ်ထမင်းကိုလည်း ကောင်းယုံမှားသံသယဖြစ်၍ မစားသော အရိယာပုဂ္ဂိုလ်၏ အကြင်ထမင်းအစာကိုဖြတ်ကြောင်း ဖြစ်သောကုသိုလ်စေတနာသည်ရှိ၏ဖြစ်၏။ ထိုတပအကျင့်သည် ထိုကုသိုလ်စေတနာ၏ ဆယ်ခြောက်စိတ် တစ်စိတ်လောက်ကိုသော်လည်း တန်ဖိုးမထိုက်ဟု မိန့်တော်မူကာ တရားဟောလိုတော်မူသည် ဖြစ်၍ -

မာသေ မာသေ ကုသဂ္ဂေန၊ ဗာလော ဘုဉ္ဇေယျ ဘောဇနံ။

နသော သင်္ခါတ ဓမ္မာနံ၊ ကလံ အဂ္ဃတိ သောဠသိံ။

ဗာလော-တရားကိုပိုင်းခြား၍မသိ၊ သီလအစရှိသော ဂုဏ်တို့မှပြင်ပဖြစ်သော တိတ္ထိဘောင်၌ ရဟန်းပြုသူလူမိုက်သည်(တပစရဏ-တပအကျင့်ကို၊ ပူရေယာမိတိ- ဖြည့်အံ့ဟူ၍) မာသေ မာသေ-လတိုင်းလတိုင်း၌၊ ကုသဂ္ဂေန-သမန်းမြက်ဖျားဖြင့်၊ ဘောဇနံ-အစာကို၊ ဘုဉ္ဇေယျ-စားရာ၏။

သော-ထိုလူမိုက်သည်၊ သင်္ခါတဓမ္မာနံ-သိအပ်ပြီးသော တရားရှိကုန်သော အရိယာပုဂ္ဂိုလ်တို့၏၊ သောဠသိံကလံ-နှစ်ရာ့ငါးဆယ်ခြောက်စိတ်တွင် တစ်စိတ် စာလောက်၊ နအဂ္ဃတိ - တန်ဖိုးမထိုက်။

ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့၏ သစ္စာလေးပါးတရား ထိုးထွင်းသိမှုသည် ဖြစ်လေ၏။

## ဖော်ပြပါဂါထာ၏ အဓိပ္ပာယ်

ထိုဂါထာသည် ပုဂ္ဂလအဓိဋ္ဌာနဒေသနာ ဂါထာဖြစ်သည်။ ပုဂ္ဂိုလ်ကို တည်ရာပြု၍ ဟောထားသည့် တရားဂါထာဟု ဆိုလိုသည်။

ဟောလိုရင်းအဓိပ္ပာယ်မှာ အကြင်လူမိုက်သည် တပအကျင့်ကိုဖြည့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် နေ့စဉ်နေ့တိုင်း သမန်းမြက်ဖျားဖြင့် အစားကိုစား၍ကျင့်လာ၏။ ဤနည်းအနှစ်တစ်ရာပတ်လုံး ကျင့်လေ၏။ ထိုလူမိုက်၏ ထိုတပစရဏအကျင့်သည်။

အချိန်လွန်ပြီဟုသော်လည်းကောင်း မအပ်စပ်သောအစာဖြစ်လိမ့်မည် ဟုရသော်လည်းကောင်း၊ ယုံမှားသံသယရှိ၍(ကုက္ကုစ္စဖြစ်၍) ဆွမ်းကိုမစားသော အရိယာရဟန်းပုဂ္ဂိုလ်၏ ဆွမ်းကိုဖြတ်ထားကြောင်း ဖြစ်သောကုသိုလ် စေတနာ၏-တန်ဖိုးကို(အကျိုးကို) နှစ်ရာ့ငါးဆယ်ခြောက်စိတ်စိတ် တစ်စိတ်တန်ဖိုးအကျိုးကို မမီတစ်စိတ်တန်ဖိုးလောက် မထိုက်ဟုဆိုလိုသည်။

ဖော်ပြပါလူမိုက်၏အနှစ်တစ်ရာပတ်လုံးသမန်းမြက်ဖျားလောက်ဖြင့် အစားကိုစားခြင်းသည် အကုသိုလ်အကျင့်မှားဖြစ်၏။

အရိယာရဟန်း၏ အချိန်နှင့်ဆွမ်းကိုအပ်သေးသလော၊ မအပ်တော့ သလောဟုယုံမှား၍ (ကုက္ကုစ္စဖြစ်၍)ဆွမ်းကိုမစားဘဲဖြတ်ထားခြင်း၏ အကြောင်း စေတနာစိတ်သည် ကုသိုလ်စေတနာစိတ်ထား ဖြစ်၏။

ယခင်လူမိုက်၏ ဖော်ပြခဲ့သောအနှစ်တစ်ရာတပအကျင့်သည်ဖော်ပြပါ-အရိယာ၏ ကုသိုလ်စေတနာ၏ အကျိုးကိုနှစ်ရာငါးဆယ်ခြောက်စိတ် စိတ်တစ်စိတ် စာမျှတန်ဖိုး(အကျိုးကို)မမီလေ။

**ဓမ္မကထေရ်ဝတ္ထု ပြီး၏။**

# ၄၅။ မြွေပြိတ္တာ – ဝတ္ထု

တစ်ခုသောနေ့၌ ရသေ့တစ်ထောင်မှ ရဟန်းဖြစ်ခဲ့သူ တစ်ထောင်၏အတွင်း၌ ပါဝင်သော အရှင်လက္ခဏာမထေရ်နှင့် မဟာမောဂ္ဂလာန်ထေရ်တို့သည် ရာဇဂြိုဟ်မြို့၌ဆွမ်းခံလှည့်ကြမည်ဟု ဂိဇ္ဈကုဋ်တောင်မှဆင်းလာကြကုန်၏။

အရှင်မဟာမောဂ္ဂလာန်သည် မြွေပြိတ္တာတစ်ကောင်ကိုမြင်၍ ထင်ထင်ရှားရှား ပြုံးတော်မူ၏။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်ထေရ်ကို အရှင်လက္ခဏာထေရ်က ဒို-အရှင်မောဂ္ဂလာန်အဘယ်အကြောင်းကြောင့် ထင်ထင်ရှားရှား ပြုံးပါသနည်းဟု ပြုံးခြင်း၏ အကြောင်းကိုမေးလေ၏။

ငါ့ရှင်၊ လက္ခဏ၊ ဤပြဿနာအမေး၏ ဖြေဆိုရမည့်အခါ မဟုတ်သေး။ မြတ်စွာဘုရား၏ အထံ၌ တပည့်တော်ကို မေးပါဟု အရှင်မဟာမောဂ္ဂလာန်ထေရ်က မိန့်လေ၏။

ထိုအရှင်နှစ်ပါးတို့သည် ရာဇဂြိုဟ်မြို့၌ဆွမ်းခံလှည့်ပြီးမြတ်စွာဘုရားထံသွား၍ ထိုင်နေကြစဉ် အရှင်လက္ခဏထေရ်သည် မေးလေသည်။

ငါ့ရှင်မောဂ္ဂလာန်အရှင်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းခဲ့စဉ်ပြုံးခြင်းကို ထင်ရှားစွာပြုခြင်းကြောင့် တပည့်တော်သည် ပြုံးခြင်းအကြောင်းကို မေးအပ်သော် အရှင်ဘုရားသည် မြတ်စွာဘုရား၏ထံတော်၌ တပည့်တော်ကိုမေးပါဟု မိန့်ခဲ့ပြီ၊ ယခုထိုအကြောင်းကိုဖြေဆိုပါဟုမေးလေ၏။

အရှင်မောဂ္ဂလာန်ထေရ်သည်မိန့်တော်မူ၏။

ငါ့ရှင်လက္ခဏတပည့်တော်သည် ပြိတ္တာတစ်ကောင်ကိုမြင်၍ထင်ရှားစွာပြုံးခဲ့ပါပြီ။ ထိုပြိတ္တာ၏ ကိုယ်သည် ဤသို့သဘောရှိသည်၊ ဤသို့ရုပ်ရှိပါသည်။ ထိုပြိတ္တာ၏ကိုယ်သည် ဤသို့သဘောရှိသည်၊ ဤသို့ရုပ်ရှိပါသည်။

ထိုပြိတ္တာ၏ ဦးခေါင်းသည် လူဦးခေါင်းနှင့်တူ၏။ ဦးခေါင်းမှ ကျန်သော ကိုယ်သည် မြွေ၏ကိုယ်နှင့် တူ၏။ ထိုပြိတ္တာသည် အရှည်အတိုင်းအတာ ပမာဏအားဖြင့် ၂၅ ယူဇနာရှိသော မြွေပြိတ္တာမည်၏။ ထိုမြွေပြိတ္တာ၏ ဦးခေါင်းမှတက်သော မီးအလျှံတို့သည် အမြီးအဖျားတိုင်အောင်သွားရောက်ကုန်၏။

အမြီးဖျားမှတက်သောမီးအလျှံတို့သည် ဦးခေါင်းတိုင်အောင်သွားရောက်ကုန်၏။ ဦးခေါင်းအလယ်မှ တက်သောမီးအလျှံတို့သည် နံပါးနှစ်ဘက်သို့ တိုင်အောင်သွားရောက်ကုန်၏။ နံပါးနှစ်ဘက်တို့မှ တက်သော မီးလျှံတို့သည် ကိုယ်၏ အလယ်ဆင်းကျကုန်၏ဟု မိန့်တော်မူသည်။

ကြားဘူးသည်မှာ ပြိတ္တာနှစ်ကောင်တို့၏ကိုယ်(အတ္တဘော)သည် နှစ်ဆယ့်ငါးယူဇနာရှိ၏။ ကြွင်းသော ပြိတ္တာတို့၏ ကိုယ်(အတ္တဘော)သည် သုံးဂါဝုတ်ပမာဏရှိ၏၊ ဤမြွေပြိတ္တာ၏ ကိုယ်သည်လည်းကောင်း၊ ကျီးပြိတ္တာ၏ ကိုယ်သည် လည်းကောင်း(၂၅)ယူဇနာအရှည်ပမာဏရှိ၏။

ထိုပြိတ္တာနှစ်ကောင်တို့တွင် ဤမြွေပြိတ္တာသည် အစပြိတ္တာဖြစ်၏။

အရှင်မဟာမောဂ္ဂလာန်သည် ဂိဇ္ဈကုဋ်တောင်ထိပ်၌ ဆင်းရဲခံနေသော ကျီးပြိတ္တာကိုလည်းမြင်၍ ထိုပြိတ္တာ၏ ရှေး၌ပြုခဲ့သောကံကိုမေးလို၍ -

ပဉ္စယောဇနိကာဇိဂ္ဂါ၊ သီသံတေ နဝယောဇနံ။

ကာယော အစ္စုဂ္ဂတောတုယှံ၊ ပဉ္စဝီသတိယောဇနံ။

ကိံနုကမ္မံ ကရိတွာန၊ ပတ္တော သိဒုက္ခမီဒိသံ။

ဟူသော ဤဂါထာကို မိန့်လေ၏။

(ဘောကာကပေတ-အို-ကျီးပြိတ္တာ) တေ-သင်၏၊ သီသံ-ဦးခေါင်းသည်၊ နဝယောဇနံ-ကိုးယူဇနာရှိ၏၊ ဇိဝှါ-လျှာသည်၊ ပဉ္စယောဇနိကာ-ငါးယူဇနာရှိ၏၊ တုယှံ-သင်၏ အစ္စုဂ္ဂတော စုံ့စုံ့တက်သော၊ ကာယော-ကိုယ်သည်၊ ပဉ္စဝီသတိယောဇနံ-၂၅ယူဇနာရှိ၏၊ ကိံကမ္မံ-အဘယ်ကံကို၊ ကရိတွာန-ပြုခဲ့၍၊ ဤဒိသံ-ဤသို့ရှုအပ် မြင်အပ်သော (ဤသို့သဘောရှိသော) ဒုက္ခံ-ဆင်းရဲသို့ ပတ္တော-ရောက်သူသည်၊ အသိ-ဖြစ်သနည်း။

ထိုအခါ ကျီးပြိတ္တာသည် အရှင်မောဂ္ဂလာန်ထေရ်အား ပြောလိုသည် ဖြစ်၍ -

အဟံ ဘန္တေမောဂ္ဂလ္လာန၊ ကဿပဿ မဟေသိနော။

သံဃဿ အာဘတံ၊ ဘတ္တံ အာဟာရေသိံ ယဒိစ္ဆကံ

ဘန္တေမောဂ္ဂလ္လာန - အရှင်မောဂ္ဂလာန်ဘုရား၊ အဟံ-ကျွန်ုပ်သည်၊ ကဿ ပဿ - ကဿပအမည်ရှိသော၊ မဟေသနော - မြတ်သော သီလက္ခန္ဓ စသည် အထူးဂုဏ်ကျေးဇူးကို ဆည်းပူးရှာမှီးပြီးသော မြတ်စွာဘုရား၏ (ကာလေ-လက်ထက်တော်အခါ၌) သံဃဿ - သံဃာအား၊ အာဘတံ - ရှေ့ရှုဆောင်ယူအပ်သော၊ ဘတ္တံ - ဆွမ်းကို၊ ယဒိစ္ဆကံ - အလိုရှိတိုင်း၊ အာဟာရေသိံ - စားမျိုခဲ့ပြီ။

အရှင်မောဂ္ဂလာန်ဘုရား, ကဿပမြတ်စွာဘုရား လက်ထက်တော်အခါ၌ များစွာကုန်သော ရဟန်းတို့သည် ရွာတွင်းသို့ဆွမ်း အလို့ငှာဝင်ကြကုန်၏။

လူတို့သည် ထေရ်တို့ကိုမြင်ကြလျှင် မြတ်နိုးကြကုန်သည်ဖြစ်၍ ဆွမ်းစားဇရပ်၌ထိုင်စေကုန်၍ ခြေတို့ကိုရေဆေး၍၊ ဆီကိုလိမ်းကျံစေ၍၊ ယာဂုကို သောက်စေ၍ ခဲဖွယ်ကိုပေးလှူ၍၊ ဆွမ်းစားရာအချိန်ကို ငံ့လင့်ကုန်လျက် တရားကိုနာကုန်လျက် ထိုင်နေကြကုန်၏။

ဟောအပ်သောတရား၏အဆုံး၌ မထေရ်တို့၏ သပိတ်တို့ကိုယူ၍ မိမိ မိမိ၏အိမ်မှ အမျိုးမျိုး မွန်မြတ်သော အရသာရှိသောဘောဇဉ်ဖြင့်ပြည့်စေ၍ ဆောင်ယူခဲ့ကြကုန်ပြီ။

ထိုအချိန်၌ ကျွန်ုပ်သည်ကျီးကန်းဖြစ်၍ ဆွမ်းစားဇရပ်အမိုးပြင်၌နားနေစဉ် ထိုသို့ဆောင်ယူခဲ့သည်ကိုမြင်၍ လူတစ်ယောက်ယူခဲ့သောသပိတ်မှ သုံးကြိမ်ခံတွင်းကို ပြည့်စေလျက် သုံးလုပ်သော ဆွမ်းတို့ကိုယူခဲ့ပြီ။

ထိုဆွမ်းသည်သံဃာ၏ ပစ္စည်းလည်းမဟုတ်၊ သံဃာအားသတ်မှတ်၍ လှူအပ်သည် လည်းမဟုတ်၊ ရဟန်းတို့ခံယူအပ်ပြီးသည်မှ အကြွင်းအကျန်လည်း မဟုတ်၊ မိမိ၏အိမ်သို့ယူဆောင်၍ လူတို့စားမည့် ဆွမ်းတည်း၊ စင်စစ်သံဃာကို ရည်ညွှန်း၍ ဆောင်အပ်သောဆွမ်းမျှသာဖြစ်၏။

ကျွန်ုပ်သည်ထိုဆွမ်းမှ ဆွမ်းလုပ်သုံးလုပ်တို့ကိုယူအပ်ကုန်၏၊ ကျွန်ုပ်၏ ရှေးကာလကပြုခဲ့ဘူးသော ကံသည် ဤမျှသာဖြစ်၏၊ ထိုကျွန်ုပ်သည် ကွယ်လွန်လေသော် ထိုကံ၏အကျိုးဖြင့် အဝီစိငရဲ၌ကျက်၍ ထိုငရဲ၌ကျက်ပြီးသော အကျိုး ၏အကြောင်းဖြစ်သောကံ၏ အကြွင်းဖြင့် ယခုအခါ ဂိဇ္ဈကုဋ်တောင်၌ ကျီးပြိတ္တာ ဖြစ်ပြီး၊ ဤဆင်းရဲကို ခံစားနေရပါ၏ဟု ပြောဆိုလေ၏။ ဤကားကျီးပြိတ္တာ၏ ဝတ္ထုတည်း။

အရှင်လက္ခဏနှင့်ပြောဆိုအပ်သည့် ဤအရာ၌ကား အရှင်မောဂ္ဂလာန်ထေရ်သည် မြွေပြိတ္တာကိုမြင်၍ ပြုံးခြင်းကိုထင်စွာပြုပြီဟုဆို၏၊ ထိုအခါမြတ်စွာဘုရားသည် အရှင်မောဂ္ဂလာန်ထေရ်၏ သက်သေဖြစ်သော် လည်းနေရာမှ ထတော်မူ၍ -

ရဟန်းတို့ မောဂ္ဂလာန်သည် အမှန်စကားကိုပြောသည်၊ ငါဘုရားလည်း ထိုမြွေပြိတ္တာကို ဘုရားအဖြစ်သို့ရောက်ရာနေ့၌ပင် တွေ့မြင်အပ်ပြီး၊ ထိုသို့ တွေ့မြင်အပ်သော်လည်း ငါဘုရား၏စကားကို မယုံကြည်သူတို့ အဖို့စီးပွားမဲ့ဖြစ်လေရာ၏ဟု သူတစ်ပါးကိုငဲ့ညှာသနားခြင်းဖြင့် ငါဘုရားမပြောခဲ့ပြီဟုမိန့်တော်မူ၏။

လက္ခဏ သံယုတ်၌လည်း မဟာမောဂ္ဂလာန်သည်မြင်အပ်ရာအချိန်၌ပင် မြတ်စွာဘုရားသည် မဟာမောဂ္ဂလာန်၏ သက်သေဖြစ်၍ ဝိနီတဝတ္ထုတို့ကို ဟောတော်မူသည်။

ဤမြွေပြိတ္တာဝတ္ထုကိုလည်း မဟာမောဂ္ဂလာန်ထေရ်သည်၊ ထို့အဟူသာ ပြောဆိုအပ်သည်၊ ထိုစကားကိုကြားကုန်၍ ရဟန်းတို့သည်ထို မြွေပြိတ္တာ၏ ရှေးအခါ၌ ပြုအပ်သောကံကိုမေးလျှောက်ကြကုန်၏၊

မြတ်စွာဘုရားသည်ထိုရဟန်းတို့အားဟောပြတော်မူသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမြို့ကို အမှီပြု၍မြစ်ကမ်းအနီး၌ ပစ္စေကဗုဒ္ဓါ၏ သစ်ရွက်မိုးကျောင်းကိုပြုကြကုန်၏။ ပစ္စေကဗုဒ္ဓါသည် ထိုကျောင်း၌နေလျက် အမြဲမပြတ်ဗာရာဏသီမြို့တွင်း၌ ဆွမ်းခံလှည့်လည်၏။ မြို့သူမြို့သားတို့လည်းညနေချမ်းအချိန် နံနက်အချိန်၌ လက်၌နံ့သာပန်း စသည်ရှိကုန်၍ ပစ္စေကဗုဒ္ဓါအားဆည်းကပ်ရာ ဌာနသို့သွားကြကုန်၏။

ဗာရာဏသီမြို့၌နေသော ယောကျ်ားတစ်ယောက်သည် ပစ္စေကဗုဒ္ဓါထံ သွားရာလမ်းကို အမှီပြု၍ လယ်ထွန်နေ၏၊ များစွာသော လူသည် ညချမ်းအချိန် နံနက်အချိန်၌ ပစ္စေကဗုဒ္ဓါအားဆည်းကပ်ရာ ဌာနသို့သွားစဉ် ထိုလယ်ကိုနင်းလျက်သွားလေ၏။

လယ်လုပ်သားလည်း ငါ့လယ်ကိုမနင်းကြပါနှင့်ဟု တားမြစ်သော်လည်း တားဆီးနိုင်ရန် မတတ်နိုင်ချေ။ ထိုအခါထိုလယ်သမား၏ ဤနေရာဌာန၌ပစ္စေကဗုဒ္ဓါ၏ သစ်ရွက်မိုးကျောင်းမရှိလျှင် ငါ၏လယ်ကို မနင်းကြကုန်ရာဟု အကြံဖြစ်လေ၏။

ထိုလယ်လုပ်သားသည်၊ ပစ္စေကဗုဒ္ဓါဆွမ်းခံဝင်နေချိန်၌ အသုံးအဆောင် အိုးခွက်တို့ကိုရိုက်ခွဲ၍ သစ်ရွက်မိုးကျောင်းကိုမီးတိုက်လေ၏။

ပစ္စေကဗုဒ္ဓါသည် မီးလောင်ကျွမ်းနေသော ထိုကျောင်းကိုမြင်လျှင် ချမ်းသာယာအရပ်သို့ ထွက်ခွာသွားလေ၏။

များစွာသောလူသည် နံ့သာနှင့်ပန်းကိုယူ၍ လာလတ်သော်သစ်ရွက်မိုးကျောင်းမီးလောင်ကျွမ်းပြီးဖြစ်သည်ကိုမြင်၍ ငါတို့၏ အရှင်မြတ်သည်အဘယ် အရပ်သို့သွားလေသနည်းဟု ပြောဆို၏။

လယ်လုပ်သားလည်း လူများစွာနှင့်အတူပင် သွားသူဖြစ်၍များစွာသော လူ၏အလယ်၌ရပ်လျက်သာ-

ငါသည်ထိုပစ္စေကဗုဒ္ဓါ၏ သစ်ရွက်မိုးကျောင်းကို မီးရှို့အပ်သည်ဟုဆို လေ၏။

ထိုအခါ ထိုလယ်လုပ်သားကို လူတို့ကဖမ်းဆီးကြကုန်လော၊ ဤလူယုတ်မာကို- အမှီပြု၍ ငါတို့သည်ပစ္စေကဗုဒ္ဓါကို ဖူးမြင်ခြင်းငှာမရကြကုန်ဟုပြောဆိုကာ ဒုတ်စသည့်တို့ဖြင့် ရိုက်နှက်ကုန်၍ အသက်ကုန်ခြင်းသို့ရောက်စေကုန်၏။

ထိုလယ်လုပ်သားသည် အဝီစိငရဲ၌ဖြစ်၍ အကြင်မျှလောက်ကာလပတ်လုံး - ဤမဟာပထဝီမြေကြီးသည် အမြင့်ယူဇနာမျှတိုင်အောင် မြင့်တက်လေ၏။ ထိုမျှလောက်ကာလပတ်လုံး အဝီစိငရဲ၌ကျက်၍ ကျက်စေပြီး ကံ၏ အကြွင်းကံကြောင့် ဂိဇ္ဈကုဋ်တောင်၌ မြွေပြိတ္တာဖြစ်လေ၏။

မြတ်စွာဘုရားသည် ထိုမြွေပြိတ္တာ၏ ဤရှေးကံကိုဟောပြတော်မူပြီ၊

ရဟန်းတို့ကို မကောင်းမှုကံမည်သည် နို့ရည်နှင့်တူ၏။ နို့ရည်သည် ညှစ်ဆဲဖြစ်စဉ်သာ မရင့်ကျက် မဖောက်ပြန်သကဲ့သို့ ထို့အတူကံတရားသည် ပြုဆဲဖြစ်လျှင်သာ မရင့်ကျက်သောကြောင့် အကျိုးမပေးသေး အကြင်အခါ၌ကား ရင့်ကျက်လေ၏၊ အကျိုးပေးလေ၏။ ထိုအခါ၌ ဤသို့သဘော ရှိသောဆင်းရဲဖြင့်ပူပန် စိုးရိမ်ရ၏ဟု အနုသန္ဓေစပ်၍ တရားဟောလိုရကား -

နဟိပါပံကတံကမ္မံ၊ သဇ္ဇုခီရံ ဝ မုစ္စတိ။

ဍဟန္တံ ဗာလမန္ဝေတိ၊ ဘသ္မစ္ဆန္နော၀ ပါဝကော။

သဇ္ဇုခီရံ-ညှစ်ခါစနွားနို့သည်၊ နပစ္စတိ-ဣဝ-ပကတိသဘောကိုမစွန့်လွှတ် သကဲ့သို့၊ ကတံ-ပြုပြီး ခါစဖြစ်သော၊ ပါပံကမ္မံ-မကောင်းမှုကံသည်။ နမုစ္စတိ-မရင့်ကျက်သေး(ဝိပစ္စမာနံ-ရင့်ကျက်လတ်သော်) ဘသ္မစ္ဆန္နော-ပြာဖြင့်ဖုံးအပ်သော၊ ပါဝကော ဣဝ-မီးကဲ့သို့၊ ဗာလံ-ဒုတိယဘဝ၌သော် လည်းကောင်း၊ တတိယဘဝ၌လည်းကောင်း၊ ငရဲစသည့်တို့၌ဖြစ်သောလူမိုက်ကို၊ ဍဟန္တံ-လောင်ကျွမ်းလျက်၊ အန္ဝေတိ-အစဉ်လိုက်လေ၏။

ဒေသနာတော်အဆုံး၌များစွာသော လူတို့သည်သောတာပန်စသည့် ဖြစ်ကြလေကုန်၏။

**မြွေပြိတ္တာ ဝတ္ထုပြီး၏။**

## ၄၆။ အထွတ်ခြောက်ဆယ်ပြိတ္တာဝတ္ထု

မဟာမောဂ္ဂလာန်ထေရ်သည် လက္ခဏထေရ်နှင့်အတူ ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်ခဲ့စဉ်တစ်ခုသော နေရာ၌ ပြုံးခြင်းကိုထင်ရှားစွာပြုလေ၏။

အရှင်လက္ခဏထေရ်သည်ပြုံးခြင်း၏ အကြောင်းကို မေးအပ်လေသော် - မြတ်စွာဘုရားထံချဉ်းကပ်၍ ရှိခိုးပြီးနေထိုင်ရာအချိန်၌ အရှင်လက္ခဏာမထေရ်က တဖန်မေးအပ်သော(အမေးခံရသော) မဟာမောဂ္ဂလာန်ထေရ်သည် ဤသို့ဖြေကြားလေ၏။

ငါ့ရှင်လက္ခဏ ငါသည် သုံးဂါဝုတ်ပမာဏရှိသော အတ္တဘောဖြင့်မှတ်သားအပ်သော ပြိတ္တာတစ်ကောင်ကိုမြင်ခဲ့ပြီ။ ထိုပြိတ္တာ၏ ဦးခေါင်းထက်၌ ရဲရဲညီးကုန်သော အလျှံပြောင်ပြောင်တောက်ကုန်သော သံအထွတ် သံတူခြောက်သောင်းတို့သည်ကျ၍ကျ၍တက်ကုန်၏။ ဦးခေါင်းကိုဖြတ်ကုန်၏။

ပြတ်သွားပြီး၊ ပြတ်သွားပြီးသောဦးခေါင်းသည် တစ်ဖန်ပြန်၍ထောင်နေ၏၊ ငါသည် ဤဘဝ ဤကိုယ်ဖြင့် ဤသို့သဘောရှိသော အတ္တဘောကိုမြင်ဘူးသူမဟုတ်ပါ၊ ငါသည်ထိုအတ္တဘောကိုမြင်၍ ပြုံးခြင်းကိုထင်စွာပြုခဲ့ပြီဟု မိန့်လေ၏။

ပေတဝတ္ထု၌ -

သဋ္ဌိ ကူဋသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။

သီသေ တုယှံ နိပတန္တိ၊ ဝေါဘိန္ဒန္တေဝ မတ္ထကံ။

အစရှိသောဂါထာစကားကိုဤပြိတ္တာကိုပင်ရည်ရွယ်၍ဆိုအပ်ပေသည်။

### ဂါထာအနက်

တုယှံ-သင်၏၊ သီသေ-ဦးခေါင်း၌၊ သဗ္ဗသော-အားလုံးစုံအားဖြင့်၊ ပရိ ပုဏ္ဏာနိ - ပြည့်ကုန်သော၊ သဋ္ဌိ ကူဋသဟဿာနိ-သံတူ၊ သံတုံးခြောက်သောင်း တို့သည်၊ နိပတန္တိ- ကျကုန်၏၊ မတ္ထကံ-ဦးထိပ်ကို၊ ဘိန္ဒန္တေဝ ဘိန္ဒန္တိ ဧဝ-ဖြိုခွဲ ဖျက်စီးကုန်သည်သာတည်း။

မြတ်စွာဘုရားသည် မဟာမောဂ္ဂလာန်ထေရ်၏ စကားကိုကြား၍သာလျှင် -

ရဟန်းတို့ငါသည်လည်း ထိုသတ္တဝါကို ဗောဓိမဏ္ဍိုင်၌ နေစဉ်ကပင် မြင်အပ်ပြီ။ အကြင်သူတို့သည် ငါဘုရား၏စကားကို မယုံကြည်ကြကုန် ထိုသူတို့၏ စီးပွားမဲ့ခြင်းငှာ ဖြစ်လေရာ၏ဟု သူတစ်ပါးတို့အား သနားငဲ့ညှာသဖြင့်မဟောခဲ့ပြီ။

ယခုအခါမှာမူ မောဂ္ဂလာန်၏ သက်သေဖြစ်၍ ဟောပေအံ့ဟုမိန့်တော်မူ၏။

ထိုစကားကိုကြားကြကုန်၍ ရဟန်းတို့သည်၊ ထိုပြိတ္တာ၏ ရှေးဘဝကံကို မေးကြကုန်၏။ မြတ်စွာဘုရားသည်လည်း ထိုရဟန်းတို့အား ဟောပြတော်မူပြီ -

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကျောက်စရစ်ပစ်အတတ်၌ အပြီးအဆုံးတိုင်အောင် တတ်မြောက်သော သူဆွံ့တစ်ယောက်ရှိ၏။ ထိုသူသည် မြို့တံခါးဝအနီး၌ ပညောင်ပင်တစ်ပင်၏ အောက်၌ ထိုင်လျက် ကျောက်စရစ်ခဲတို့ကိုပစ်၍ ပညောင်ပင်၏ အရွက်တို့ကိုဖြတ်လျက် ကျုပ်တို့အား ဆင်ရုပ်ကိုပြပါ၊ ကျုပ်တို့အား မြင်းရုပ်ကိုပြပါဟု ရွာသားသူငယ်တို့ကပြောဆိုအပ်သော် အလိုရှိအပ်၊ အလိုရှိအပ်သော အရုပ်တို့ကိုပြ၍ ထိုသူတို့ထံမှခဲဖွယ်စသည် တို့ကိုရလေ၏။

ထိုအခါတစ်နေ့သ၌ ဗာရာဏသီမင်းသည် ဥယျာဉ်သို့သွားစဉ်ထိုအရပ် သို့ရောက်သွားလေ၏။ သူငယ်တို့သည် သူဆွံ့ကို ပညောင်ပင်မြစ်ပြင်းကြား၌ထား၍ ထွက်ပြေးကြကုန်၏။

မွန်းတည့်ချိန်၌ ပညောင်ပင်အရင်းသို့ ဝင်မိသောမင်း၏ ကိုယ်ကို အပေါက်ကြီး အပေါက်ငယ် ရှိသောအရိပ်သည် ပြန့်နှံ့တည်နေ၏။ ဗာရာဏသီမင်းသည် ဤအရာသည်အဘယ်နည်းဟု အထက်သို့ မော့ကြည့်လေသော် သစ်ရွက်တို့၌ ဆင်ရုပ်စသည်တို့ကိုမြင်၍ ထိုအရာသည်မည်သူ၏ အလုပ်နည်းဟု (ဆင်ရုပ်စသည်ဖြစ်အောင် မည်သူလုပ်သနည်းဟု)မေးလေသော် သူဆွံ့၏အလုပ်ဖြစ်သည်ဟု ကြားရ၍ သူဆွံ့ကိုခေါ်စေပြီး။

ငါ၏ပုရောဟိတ်သည် အလွန်နှုတ်ကြမ်းသည် အနည်းငယ်ကို ပြောအပ်သော်လည်း များစွာကို ပြောလျက်ငါ့ကိုနှိပ်စက်၏။ သင်သည် ထိုပုရောဟိတ်၏ ခံတွင်း၌ တစ်ပြည်မျှဖြစ်ကုန်သော ဆိတ်ချေးတို့ကို ပစ်သွင်းနိုင်မည်လောဟု မေးလေ၏။

အရှင်မင်းကြီးပစ်သွင်းနိုင်ပါ၏၊ ဆိတ်ချေးတို့ကိုယူစေ၍ အရှင်မင်းကြီးတို့က ပုရောဟိတ်နှင့်အတူ ကန့်လန့်ကာအတွင်း၌နေတော်မူကြပါ။ ကျွန်တော်မျိုးသည် ဤကိစ္စပြုထိုက်သည်ကို သိပါမည်ဟု တင်လျှောက် လေ၏။

နောက်အချိန်၌ ဗာရာဏသီမင်းသည် သူဆွံ့စီစဉ်သည့်အတိုင်းပြုစေ၏၊ သူဆွံ့သည် ကတ်ကျေးဦးဖြင့် ကန့်လန့်ကာ၌အပေါက်ဖောက်၍မင်းနှင့်အတူ စကားပြောသောပုရောဟိတ်၏ခံတွင်းသည် ဖွင့်ကာမျှဖြစ် လတ်သော်တစ်လုံး တစ်လုံးသောဆိတ်ချေးကို ပစ်သွင်းလေ၏။

ပုရောဟိတ်သည် ခံတွင်းသို့ဝင်တိုင်း ဝင်တိုင်းသောဆိတ်ချေးကို မျိုချလေ၏။

သူဆွံ့သည်ဆိတ်ချေးတို့ ကုန်လေကုန်သော် ကန့်လန့်ကာကိုလှုပ်လိုက်၏။

ဗာရာဏသီမင်းသည် ကန့်လန့်ကာလှုပ်သောထိုအမှတ်သညာဖြင့် ဆိတ်ချေးတို့၏ ကုန်သွားကြောင်း ကို သိ၍ -

အို-ပုရောဟိတ်ဆရာ၊ ကျွန်ုပ်သည်သင်တို့နှင့် အတူစကားပြောလျက် - စကားကိုထုတ်ဆောက်ခြင်း ငှာ မတတ်နိုင်တော့ပါ၊ သင်ပုရောဟိတ်တို့သည် အလွန်နှုတ်ကြမ်းသူဖြစ်သဖြင့် တစ်ပြည်မျှကုန်သော ဆိတ်ချေးတို့ကို မျိုထားကုန်လျက်လည်း ဆိတ်ဆိတ်နေသူအဖြစ်သို့ မရောက်ကြပါဟုမိန့်လေ၏။

ပုရောဟိတ်ပုဏ္ဏားသည် နှလုံးမသာယာသူအဖြစ်သို့ရောက်ပြီး၊ ထိုအချိန်မှစ၍ မင်းနှင့်အတူခံတွင်းကို ဖွင့်၍ စကားပြောခြင်းငှာမစွမ်းနိုင်တော့ပြီ။

ဗာရာဏသီမင်းသည် သူဆွံ့၏ကျေးဇူးကို အဖန်ဖန်အမှတ်ရ၍ သူဆွံ့ကို ခေါ်စေပြီး၊ အို-သူဆွံ့ သင့်ကိုအမှီပြု၍ ငါသည်ချမ်းသာကိုရအပ်သည်ဟု နှစ်သက်သည်ဖြစ်၍ သူဆွံ့အား အရပ်လေးမျက်နှာတို့၌ ဆုရွာလေးရွာတို့ကို ပေးလေ၏။

ထိုအကြောင်းကိုသိ၍ မင်းအား အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်သည် -

သာဓုခေါ သိပ္ပကံနာမ၊ အပိယာဒိသ သီဒိသံ။

ပဿ ခဥ္စပ္ပဟာရေန၊ လဒ္ဓါဂါမာ စတုဒ္ဒိသာ။

မဟာရာဇ-ဗာရာဏသီမင်းမြတ်၊ ယာဒိသကီဒိသံ-အလေးအမြတ်မပြုအပ်၍ အမှတ်မဲ့သာဖြစ်သော၊ သိပ္ပကံနာမအပိ-အတတ်ပင်ဖြစ်သော်လည်း၊ သာဓုခေါ-ကောင်းမြတ်သည်သာ(တွဲ-အရှင်မင်းကြီးသည်) ပဿ-ရှုမြင်တော်မူပါ၊ ပီဌ သပ္ပိနာ-သူဆွံ့သည်၊ ခဥ္စပ္ပဟာရေန-ဆိတ်ချေးပစ်ခြင်းဖြင့်၊ စတုဒ္ဒိသာ-

အရပ်လေးမျက်နှာ၌ ဖြစ်ကုန်သော၊ ဂါမာ-ရွာတို့ကို၊ လဒ္ဓါ-ရအပ်ကုန်ပြီ။

ထိုအချိန်၌ ဗာရာဏသီမင်းကိုဆုံးမတတ်သော ထိုအမတ်သည် ဤမြတ်စွာဘုရားသာဖြစ်ခဲ့ပြီ။

ထိုအချိန်မှနောက်၌ ယောက်ျားတစ်ယောက်သည် သူဆွံ့ရအပ်သော စည်းစိမ်ကိုမြင်၍ -

ဤအမည်ရှိသောသူသည် သူဆွံ့ဖြစ်လျက် ဤသို့သောအတတ်ကို အမှီပြု၍ များစွာသော စည်းစိမ်းရှင်အဖြစ်သို့ ရောက်သွားပြီ။ ငါသည်လည်း ထိုအတတ်ကိုသင်ယူသင့်သည်ဟု အကြံဖြစ်လေ၏။

ထိုယောက်ျားသည် ထိုသူဆွံ့ထံချဉ်းကပ်ရှိခိုး၍ ဆရာကျွန်တော့်အား ကျောက်စရစ်ခဲပစ် အတတ်ကို သင်ပေးတော်မူပါဟု ပြောလေ၏။

အမောင်သင်ပေးရန် မတတ်နိုင်ဟု ပြန်ပြောလေ၏။

ထိုယောက်ျားသည် သူဆွံ့သည် ပြစ်ပယ်အပ်သည်ဖြစ်၍-ဖြစ်စေဦး ဆရာကို ကျေနပ်နှစ်သိမ့် စေမည်ဟုကြံစည်ကာ ဆရာ၏လက်ကို ဆုပ်နယ်ခြင်း၊ ခြေကိုဆုပ်နယ်ခြင်း စသည်တို့ကိုပြုလျက် ကြာရှည်စွာ ဆရာကို ကျေနပ်နှစ်သက်စေ၍ ထပ်တလဲလဲ တောင်းဆိုလေ၏။

သူဆွံ့သည် ဤသူသည်ငါ့အား အလွန်ကျေးဇူးများသူဟု ထိုသူကိုဖယ်ရှားခြင်းငှာ မတတ်နိုင်၍ အတတ်ပညာကိုသင်ပေးပြီး -

အမောင်သင့်အဖို့ အတတ်ပညာပြီးစီးပြည့်စုံပြီး ယခုအခါဘာကိုပြုမည်နည်းဟု ပြော၏။

မြို့ပြင်ဘက်၌ သွား၍စုံစမ်းပါမည်ဟု ပြန်ပြောလေ၏။ ဘယ်လိုပြုလုပ် စုံစမ်းမည်နည်း။

နွားမကိုသော်လည်းကောင်း၊ လူကိုသော်လည်းကောင်း ပစ်ခတ်၍ သတ်ပါမည်။

အမောင်-နွားမကိုသတ်သူအား အသပြာတစ်ရာဒဏ်ထိုက်သည်၊ လူကိုသတ်သူအား အသပြာ တစ်ထောင်ဒဏ်ထိုက်သည်၊ သင်သည် သားမယားနှင့်တကွဖြစ်သော်လည်း ထိုဒဏ်ကိုလွတ်မြောက်ရန် (ဆောင်နိုင်ရန်)စွမ်းနိုင်မည် မဟုတ်၊ မပျက်စီးလေနှင့် အကြင်သူ၌ပစ်ခတ်အပ်သော်၊ ငွေဒဏ်မရှိ၊ ထိုသို့ သဘောရှိသော အမိအဖမရှိသောတစ်စုံတစ်ယောက်ကို စုံစမ်းလေတော့(စမ်းသပ်လေတော့ဟု ဆရာက ပြောလေ၏။)

ထိုယောက်ျားသည် ကောင်းပါပြီဟုဝန်ခံ၍ ကျောက်စရစ်ခဲတို့ကို ခါးပိုက်၌ထည့်၍ ဒဏ်မတတ်နိုင်သူ ကိုစုံစမ်းလျက် လှည့်လည်လေသော် နွားမကိုမြင်၍ ဤနွားမသည် ပိုင်ရှင်ရှိသည်ဟုမပစ်ခတ်ရဲ၊ လူကိုမြင်၍ (မြင်သော်)ဤသူသည် မိဘနှင့်တကွဖြစ်သူဟု ပစ်ခတ်ခြင်းငှာမရဲဝံ့လေ။

ထိုအချိန်အခါ၌ သုနေတ္တမည်သောပစ္စေကဗုဒ္ဓါသည် ဗာရာဏသီမြို့ကို အမှီပြု၍ သစ်ရွက်မိုး ကျောင်း၌နေ၏၊ ထိုယောက်ျားသည် ဆွမ်းခံဝင်လာသော ထိုပစ္စေကဗုဒ္ဓါကို မြို့တံခါးကြား၌တွေ့မြင်၍- ဤသူသည် မိဘမဲ့သူဖြစ်၍၊ ဤသူကိုပစ်ခတ်သော် ဆောင်ရမည့်ဒဏ်မရှိ၊ ဤသူကိုပစ်ခတ်၍ အတတ် ပညာကို စုံစမ်းမည်(စမ်းသပ်မည်)ဟု ကြံစည်၍ ပစ္စေကဗုဒ္ဓါ၏ လကျ်ာဘက်နားတွင်းကို ချိန်တွယ်၍ ကျောက်စရစ်ခဲကို ပစ်လိုက်လေပြီ။

ကျောက်စရစ်ခဲသည် လကျ်ာဘက်နားတွင်းဖြင့်ဝင်၍ လက်ဝဲဘက်နားတွင်းဖြင့် ထွက်သွားလေ၏။ ဆင်းရဲဝေဒနာဖြစ်လေပြီ။

ပစ္စေကဗုဒ္ဓါသည် ဆွမ်းအလို့ငှာ လှည့်လည်ရန်မစွမ်းနိုင်တော့ပြီ။ ကောင်းကင်ခရီးဖြင့် မိမိနေရာ သစ်ရွက်မိုးကျောင်းသို့သွား၍ ပရိနိဗ္ဗာန်ပြုလေ၏။

လူတို့သည် ပစ္စေကဗုဒ္ဓါမကြွလာသော် မချမ်းသာမှု တစ်စုံတစ်ခုဖြစ်လိမ့်မည်ဟု ကြံစည်ကုန်၍

သစ်ရွက်မိုးကျောင်း၌သွားကြ၍ ပရိနိဗ္ဗာန်ပြုပြီးသော ပစ္စေကဗုဒ္ဓါကို မြင်ကြလေသော် ပြင်းထန်စွာငိုကြလေကုန်၏။

ထိုယောက်ျားလည်း သွားနေသောလူများစွာကိုမြင်၍ သစ်ရွက်မိုးကျောင်း၌သွား၍ ပစ္စေကဗုဒ္ဓါကို ကောင်းစွာမှတ်မိသဖြင့် ဤပစ္စေကဗုဒ္ဓါသည် ဆွမ်းခံဝင်စဉ် တံခါးကြား၌ ငါ့အားမျက်နှာရှေ့ရှုဖြစ်ခဲ့၏။ ငါသည် ငါ၏အတတ် ကိုစုံစမ်းလို၍(စမ်းသပ်လို၍)ဤပစ္စေကဗုဒ္ဓါကို ကျောက်စရစ်ခဲဖြင့် ပစ်ခဲ့ပြီဟု ပြောလေ၏။

လူတို့သည် ဤသူယုတ်သည် ပစ္စေကဗုဒ္ဓါကို ကျောက်စရစ်ခဲဖြင့် ပစ်အပ်သတဲ့ဟု သူယုတ်ကို ဖမ်းကြ၊ ဖမ်းကြဟုဆိုကာ ရိုက်နှက်ပုတ်ခတ်ကြပြီး ထိုနေရာ၌ပင် ထိုယောက်ျားကို အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏။

ထိုယောက်ျားသည် အဝီစိငရဲ၌ ဤမဟာပထဝီမြေကြီးထု တစ်ယူဇနာမျှ မြင့်တက်သည့်တိုင်အောင် အဝီစိငရဲ၌ကျက်၍ အကျိုးကြွင်း၏အဖြစ်ဖြင့် ဂိဇ္ဈကုဋ်တောင်ထိပ်၌ အထွင့်ခြောက်ဆယ်ရှိသော ပြိတ္တာဖြစ်၍ ဖြစ်လေပြီ။

မြတ်စွာဘုရားသည် ထိုပြိတ္တာ၏ ရှေး၌ဖြစ်သော ဤကံကို မိန့်တော်မူ၍

ရဟန်းတို့ - မိုက်သူ၏ အတတ်ပညာသည်သော်လည်းကောင်း အစိုးရမှုသည်သော်လည်းကောင်း၊ ရှိခဲ့ဖြစ်ခဲ့သော် အကျိုးမဲ့အလို့ငှာဖြစ်၏၊ မှန်၏(သူမိုက်သည် အတတ်ပညာကိုသော်လည်းကောင်း၊ အစိုးရမှုကိုသော် လည်းကောင်း၊ ရအပ်သည်ဖြစ်၍)မိမိ၏အကျိုးမဲ့ကိုသာ ပြုတော့သည်ဟု အနုသန္ဓေကိုစပ်၍ တရားဟောတော်မူလိုရကား -

ယာဝဒေဝ အနတ္ထာယ၊ ဉတ္တံ ဗာလဿ ဇာယတိ။

ဟန္တိ ဗာလဿ သုက္ကံသံ၊ မုဒ္ဓမဿ ဝိပါတယံ။

ဗာလဿ-လူမိုက်၏၊ ဉတ္တံ-အတတ်ပညာနှင့် အစိုးရမှုသည်၊ ယာဝဒေဝ အနတ္ထာယ-အကျိုးမဲ့ဖြစ်ရုံငှာသာ၊ ဇာယတိ-ဖြစ်၏။

ဗာလဿ-လူမိုက်၏၊ ဉတ္တံ-အတတ်ပညာနှင့် အစိုးရမှုသည်၊ သုက္ကံသံ- ကုသိုလ် အဖို့ကို၊ ဟန္တိ ဟနတိ ဝိနာသေတိ-ဖျက်ဆီး၏၊ အဿ-ထိုသူမိုက်၏၊ မုဒ္ဓံ-ပညာဟုဆိုအပ်သောဦးထိပ်ကို၊ ဝိပါတယံ-ဖျက်ဆီးလျက်၊ဝါ-ပြတ်ကျစေလျက်၊ သုက္ကံသံကုသိုလ်အဖို့ကို ဟန္တိ-ဟနတိ-ဝိနာသေတိ-ဖျက်ဆီး လေ၏။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

**အထွတ်ခြောက်ဆယ် ပြိတ္တာ ဝတ္ထု ပြီး၏။**

## ၄၇။ စိတ္တသူကြွယ်ဝတ္ထု

မစ္ဆိကာသဏ္ဍာမြို့၌ စိတ္တအမည်ရှိသော သူကြွယ်သည် ပဉ္စဝဂ္ဂီရဟန်းတို့၏ အတွင်းဖြစ်သော မဟာနာမ်ထေရ် ဆွမ်းခံလှည့်လည်စဉ် တွေ့မြင်ရသော် မဟာနာမ်ထေရ်၏ ဣရိယာပုတ်၌ကြည်ညို၍ သပိတ်ကိုယူ အိမ်တွင်းသို့ပင့်ဆွမ်းကပ်၍ မထေရ်၏ဆွမ်းကိစ္စပြီးဆုံးသောအခါ တရားစကားကိုနာယူလျက် သောတာပတ္တိဖိုလ်သို့ရောက်၍ မတုန်မလှုပ် ခိုင်မြဲသောသဒ္ဓါတရားရှိသူဖြစ်သဖြင့် မိမိ၏အမ္ဗာဋကတော အမည်ရှိသော ဥယျာဉ်ကို သံဃာအာရာမ် ပြုလိုသည်ဖြစ်၍ မဟာနာမ်ထေရ်၏လက်၌ ရေကိုကျစေ၍ (သွန်းလောင်း၍)အပ်နှင်းလေ၏။

ထိုခဏ၌ ဗုဒ္ဓသာသနာတော်တည်ပြီဟူသော အထိမ်းအမှတ်ဖြင့် မဟာပထဝီမြေကြီးသည် ရေအဆုံးတိုင်အောင်ပြု၍ တုန်လှုပ်လေ၏။

သူဌေးကြီးသည် ဥယျာဉ်တွင်း၌ ကျောင်းတော်ကြီးကိုဆောက်လုပ်စေ၍ အရပ်လေးမျက်နှာတို့မှ ရောက်လာကုန်သော ရဟန်းတို့၏ ဖွင့်ထားသောတံခါးရှိသောကျောင်း ဖြစ်လေ၏။

မစ္ဆိကာသဏ္ဍာမြို့၌ သုဓမ္မထေရ်သည် မြို့နေကျောင်းနေ အာဝါသိက ရဟန်းဖြစ်၏။နောက်အချိန်၌ စိတ္တသူကြွယ်၏ဂုဏ်ကို ပြောဆိုအပ်သောစကားကို ကြားတော်မူကြ၍ အဂ္ဂသာဝကထေရ်နှစ်ပါးတို့သည် စိတ္တသူကြွယ်အား ချီးမြှောက်လိုကြသဖြင့် မစ္ဆိကာသဏ္ဍာမြို့သို့ ကြွလာတော်မူကြသည်။

စိတ္တသူကြွယ်သည် အဂ္ဂသာဝကနှစ်ပါးတို့ ကြွလာကြောင်း သတင်းစကားကိုကြားလျှင် ယူဇနာဝက်ခရီးတိုင်အောင် ခရီးဦးကြိုဆို၍ အဂ္ဂသာဝကထေရ်တို့ကို ပင့်ဆောင်ကာ မိမိ၏ ကျောင်းတိုက်သို့ ကြွဝင်စေကြပြီး အာဂန္တုက ဝတ်ကိုပြု၍--

အရှင်ဘုရားတရားစကားအနည်းငယ်ကို နာယူလိုပါ၏ဟု ဓမ္မသေနာ ပတိသာရိပုတ္တထေရ်ကို လျှောက်ထားတောင်းပန်လေ၏။

ထိုအခါ စိတ္တသူကြွယ်ကို အရှင်သာရိပုတ္တထေရ်သည် ဥပါသကာ ငါတို့ ခရီးဝေးမှလာခဲ့ကြ၍ ပင်ပန်းနေကြသည်၊ သို့သော်လည်း အနည်းငယ်သော တရားကိုနာယူပါဟုမိန့်တော်မူကာ စိတ္တသူကြွယ်အား တရားဟောတော်မူသည်။

စိတ္တသူကြွယ်သည် အရှင်သာရိပုတ္တရာထေရ်၏တရားကို နာယူစဉ်မှာပင် အနာဂါမိဖိုလ်သို့ ရောက်လေ၏။

စိတ္တသူကြွယ်သည် အဂ္ဂသာဝကနှစ်ပါးတို့ကို ရှိခိုး၍- အရှင်ဘုရားတို့ ရဟန်းတစ်ထောင်နှင့်အတူ နက်ဖန်တပည့်တော်၏အိမ်၌ ဆွမ်းကို ခံယူတော်မူကြပါဟု ပင့်လျှောက်ပြီးနောက်မှ ကျောင်းနေသုဓမ္မထေရ်ကို အရှင်ဘုရား - အရှင်ဘုရားတို့လည်း နက်ဖြန် အဂ္ဂသာဝကထေရ်တို့နှင့်အတူ ဆွမ်းခံကြွတော်မူကြပါဟု လျှောက်လေ၏။

ကျောင်းနေရဟန်းသည် ဤစိတ္တသူကြွယ်သည် ငါ့ကို နောက်မှပင့်သည် ဟုစိတ်ဆိုး၍ ပင့်လျှောက်မှုကိုပြစ်ပယ်သဖြင့် အကြိမ်ကြိမ်တောင်းပန် ပင့် လျှောက်သော်လည်း ပြစ်ပယ်သည်သာဖြစ်၏။

ဥပါသကာသည် - အရှင်ဘုရား၊ ထင်ရှားကြပ်ါလိမ့်မည်ဟု လျှောက်ထားပြီး ကျောင်းမှထွက်ခဲ့၍ နောက်နေ့၌ မိမိနေအိမ်၌ ကြီးကျယ်သော အလှူကို စီရင်လေ၏။

သုဓမ္မထေရ်သည်လည်း လင်းအားကြီးအချိန်၌ပင် သူကြွယ်သည် အဂ္ဂသာဝကထေရ်တို့အား အဘယ်သို့သောပူဇော်ဖွယ်ကို စီရင်ထားလေသနည်း၊ နက်ဖန်သွား၍ကြည့်ဦးမည်ဟု စိတ်ကူးထားပြီး နံနက်စောစော၌ပင် သပိတ်သင်္ကန်းကိုယူ၍ စိတ္တသူကြွယ်အိမ်သို့ ကြွလေ၏။

သုဓမ္မထေရ်သည် စိတ္တသူကြွယ်က အရှင်ဘုရားထိုင်တော်မူပါဟု လျှောက်အပ်သော်လည်း ငါမထိုင် ဆွမ်းခံလှည့်မည်ဟုပြောဆိုပြီး အဂ္ဂသာဝကတို့အား အဂ္ဂသာဝကတို့အဖို့ စီစဉ်ထားအပ်သော ပူဇော်ဖွယ်ကို ကြည့်၍ သူကြွယ်ကို အမျိုးအားဖြင့် ကဲ့ရဲ့ချုပ်ချယ်လို၍ - သူကြွယ်ပူဇော်ဖွယ်များ မြတ်ပါပေ၏။ သို့သော် လည်း ဤပူဇော်ဖွယ်တို့တွင် တစ်ခုသာမပါမရှိဟု ပြောလေ၏။

အရှင်ဘုရား မပါမရှိသည့်ပစ္စည်းက အဘယ်ပစ္စည်းပါနည်း။

သူကြွယ်, နှမ်းပျစ်မုံ့ဖြစ်သည်။

ဤသို့အမိန့်ရှိလျှင် သူကြွယ်သည် ကျီးကန်းဥပမာဖြင့် ပြစ်တင်မောင်းမဲ အပ်သည်ဖြစ်၍ သုဓမ္မထေရ်သည်စိတ်ဆိုးပြီး သူကြွယ်ထိုကျောင်းသည် သင့်ကျောင်းဖြစ်သည်၊ ငါထွက်သွားမည်ဟုပြောသဖြင့် သုံးကြိမ်တိုင်အောင် တားမြစ်လျှောက်ထားအပ်သော်လည်း ကျောင်းမှထွက်သွားပြီး မြတ်စွာဘုရားထံသွား၍ စိတ္တသူကြွယ်နှင့်မိမိ(သုဓမ္မထေရ်) အပြန်အလှန်ပြောဆိုအပ်သော စကားကို လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် သင်သည် သဒ္ဓါတရားပြည့်စုံသော ရတနာသုံးပါး၌ ကြည်ညိုသောဥပါသကာကို အယုတ်အညံ့ဖြင့် ဆဲရေးအပ်သည်ဟု သုဓမ္မထေရ် အပေါ်၌သာ အပြစ်တင်၍ ပဋိသာရဏီယကံကို (ပြန်လည်စဉ်းစားမှုကို ပြုခြင်းကို)ပြုစေ၍ - သင်ရဟန်းသွားချေ၊ စိတ္တသူကြွယ်ကို သည်းခံစေလော့ (တောင်းပန်လော့) ဟုမိန့်တော်မူကာ စေလွှတ်တော်မူသည်။

သုဓမ္မထေရ်သည် မစ္ဆိကာသဏ္ဍာမြို့၌သွား၍ သူကြွယ် ထိုအဖြစ်သည် ငါ၏အပြစ်သာဖြစ်သည်။ ငါ့အား သည်းခံခွင့်လွှတ်ပါလော့ဟု ပြောဆိုသော် လည်း တပည့်တော်သည်းခံခွင့်မလွှတ်နိုင်ပါဟု စိတ္တသူကြွယ်သည် ပြစ်ပယ်အပ် သည်ဖြစ်၍ နှလုံးမသာမယာဖြစ်လျက် စိတ္တသူကြွယ်ကို သည်းခံစေရန် မတတ် နိုင်လေ။

တဖန် မြတ်စွာဘုရားထံ ပြန်သွားလေ၏။

မြတ်စွာဘုရားသည် စိတ္တဥပါသကာသည် သုဓမ္မထေရ်အား(သုဓမ္မထေရ် ၏အပြစ်ကို) သည်းခံလိမ့်မည်မဟုတ်ဟု သိတော်မူသော်လည်း ဤသုဓမ္မရဟန်းသည် ခက်ထန်သောမာနရှိသူဖြစ်၏၊ ယူဇနာသုံးဆယ် ဝေးသောခရီးကို ရှေးဦးစွာ သွား၍လာစေဦးဟု သည်းခံနိုင်မည့်အကြောင်းကို မိန့်တော်မမူဘဲ စေလွှတ်လိုက်တော်မူသည်။

ထို့နောက်တစ်ဖန် ပြန်လာချိန်၌ နှိပ်ချိုးအပ်ပြီးသောမာနရှိသော သုဓမ္မထေရ်အား အတူသွားဖော်တမန်ကိုပေး၍ သင်သွားချေ၊ ဤရဟန်းနှင့် အတူသွား၍ စိတ္တဥပါသကာကို တောင်းချေလော့ဟု မိန့်တော်မူပြီး-

ရဟန်းမည်သည် ငါ၏ကျောင်း၊ ငါ၏နေရာဌာန၊ ငါ၏ဒကာ၊ ငါ၏ ဒကာမဟု မာနကိုသော် လည်းကောင်း ဣဿာကိုသော်လည်းကောင်း ပြုရန်မသင့်၊ ဤသို့ပြုသောရဟန်းအား လိုလားမှု ဣဿာ၊ လောဘမာနအစရှိသော ကိလေသာတို့ တိုးပွားကုန်၏ဟု အနုသန္ဓေကိုစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် -

၁။ အသန္တံ ဘာဝန မိစ္ဆေယျ ၊ ပုရေက္ခာ ရဋ္ဌဘိက္ခုသု။
အာဝါသေသု ဣဿရိယံ ၊ ပူဇာ ပရကုလေသုစ။
၂။ မ မေဝ ကတ မညန္တု ဂိဟီ ပဗ္ဗဇိတာ ဥဘော။
မ မေဝါတိဝသာ အဿု ၊ ကိစ္စာကိစ္စေသု ကိသ္မိစိ။
ဣတိ ဗာလဿ သင်္ကပ္ပေါ ၊ ဣစ္ဆာမာ နောစ ဝဍ္ဎတိ။
ဤနှစ်ဂါထာတို့ကို ဟောတော်မူသည်။

၁။ ဗာလော- မိုက်သော၊ ယောဘိက္ခု-အကြင်ရဟန်းသည်၊ အသန္တံ - မိမိ၌ထင်ရှားမရှိသော၊ ဘာဝန့်စ- ချီးမွမ်းခြင်းကိုလည်းကောင်း၊ ဘိက္ခုသု- ရဟန်း အချင်းချင်းတို့၌၊ ပုရေက္ခာရဋ္ဌ - ရှေ့သွားခေါင်းဆောင်အဖြစ်ကို လည်းကောင်း၊ အာဝါသေသု - သံဃိကကျောင်းတို့၌၊ ဣဿရိယံစ - မိမိ၏အစိုးရခြင်းကိုလည်းကောင်း ၊ ပရကုလေသု - မိမိ၏မိဘဆွေမျိုးမဟုတ်ကုန်သော ဒါယကာ - ဒါယိကာမတို့၌ ၊ ပူဇာ- ပူဇံစ-မိမိအားသာ ပူဇော်ခြင်းကိုလည်းကောင်း၊ ဣစ္ဆေယျ - အလိုရှိငြားအံ့။

၂။ ဗာလဿ- မိုက်သော၊ ယဿဘိက္ခုနော- အကြင်ရဟန်းအား၊ ဝါ- အကြင်ရဟန်း၏၊ ဂိဟီစ- လူတို့သည်လည်းကောင်း၊ ပဗ္ဗဇိတာ - ပဗ္ဗဇိတာစ - ရှင်ရဟန်းတို့သည်လည်းကောင်း၊ ဥဘော- လူ/ရှင်ရဟန်းနှစ်ဦးလုံးတို့သည် ၊ ကတံ- ပြုလုပ်အပ်သောအမှုကို၊ မ မေဝ- ငါ့ကိုသာလျှင် (နိယာယအမှီပြု၍၊ နိဋ္ဌိတံ- ပြီး၏ဟူ၍) မညန္တု- မှတ်ထင်စေကုန်သတည်း။

ကိစ္စာကိစ္စေသု- ကိစ္စကြီး ကိစ္စငယ်တို့တွင်၊ ကိသ္မိစိ- အမှတ်မပြုတစ်စုံ တစ်ခုသောကိစ္စ၌လည်း၊ မ မေဝ- ငါ၏သာ၊ အတိဝသာ၊ အလိုလိုက်ကုန်သည်၊ အဿု- ဖြစ်စေကုန်သတည်း။

ဣတိ- ဤသို့၊ သင်္ကပ္ပေါစ- အကြံအစည်သည်လည်းကောင်း၊ ဣစ္ဆာစ- အလိုသည်လည်းကောင်း၊ တဿ ဗာလဿ ဘိက္ခုနော- ထိုမိုက်သောရဟန်း ၏၊ ဝိပဿနာမဂ္ဂဖလာနိ- ဝိပဿနာမဂ်ဖိုလ်တရားတို့သည်၊ နဝဍ္ဎန္တိ - မတိုးပွားလေကုန်။ ကေဝလံ-သက်သက်၊ ဣစ္ဆာစ- ခြောက်ဒွါရ၌ဖြစ်သောလိုချင် မှုတဏှာလောဘ သည်လည်းကောင်း၊ မာနောစ-ကိုးပါးအပြားရှိသောထောင်လွှားတက်ကြွမှုမာနသည်လည်းကောင်း၊ ဝဍ္ဎတိ- လထွက်ချိန်ခါသမုဒ္ဒရာထက် ဒီရေတက်သကဲ့သို့ ဆက်ဆက်ကြီးမားတိုးပွားလေတော့သတည်း။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကျ လေကုန်၏။

သုဓမ္မထေရ်သည်လည်း မြတ်စွာဘုရား၏ ဤဩဝါဒဂါထာဒေသနာတော် ကိုကြားနာပြီးသော် မြတ်စွာဘုရားကို ရှိခိုးနေရာမှထ လက်ျာရစ်လှည့်၍ အဖော်တမန်ရဟန်းနှင့်အတူသွား၍ စိတ္တသူကြွယ်၏ မြင်လောက်ရာနေရာ၌ အာပတ်ကို ဒေသနာကြားကုစား၍ စိတ္တသူကြွယ်ကိုတောင်းပန်လေ၏။

သုဓမ္မထေရ်သည် စိတ္တသူကြွယ်က အရှင်ဘုရားတပည့်တော်သည်းခံ ခွင့်လွှတ်ပါ၏။ တပည့်တော်၏ အပြစ်ရှိခဲ့လျှင်လည်း တပည့်တော်၏ အပြစ်ကိုသည်းခံခွင့်လွှတ်တော်မူပါဟု ပြန်လည်တောင်းပန်အပ်သည် ဖြစ်၍ မြတ်စွာဘုရားပေးအပ်သော ဩဝါဒ၌တည်၍ တရားပွားများအားထုတ်လေသော် နှစ်ရက်သုံးရက် ဖြင့်ပင်-ပဋိသမ္ဘိဒါတို့နှင့်အတူ ရဟန္တာအဖြစ်သို့ရောက်လေ၏။

စိတ္တသူကြွယ် ဥပါသကာလည်း -

ငါသည် မြတ်စွာဘုရားကိုမဖူးမြင်ရဘဲ သောတာပတ္တိဖိုလ်သို့ရောက်ခဲ့ပြီ မြတ်စွာဘုရားကို မဖူးမြင်ရဘဲ အနာဂါမိဖိုလ်၌ တည်ခဲ့ရပြီ၊ ငါ့အားမြတ်စွာဘုရား ကိုဖူးမြင်ရန်သင့်၏ဟု အကြံဖြစ်လေ၏။

စိတ္တသူကြွယ်သည် နှမ်း၊ ဆန်၊ ထောပတ်၊ တင်လဲ၊ ကဝတ်အထည်စသည့်တို့ဖြင့် ပြည့်ကုန်သော လှည်းအစီးငါးရာတို့ကိုစီစဉ်စေပြီး၊ မြတ်စွာဘုရားကို ဖူးမြင်လိုသော ရဟန်းတော်များကြွတော်မူကြပါ၊ ဆွမ်းခဲဖွယ်၊ ဘောဇဉ်တို့ဖြင့်ပင်ပန်းကြမည်မဟုတ်ပါဟု ဘိက္ခုသံဃာအားလျှောက်ထားစေပြီး ဘိက္ခုနီသံဃာအားလည်းကောင်း၊ အမျိုးသားဥပါသကာတို့အားလည်းကောင်း၊ အမျိုးသမီး ဥပါသိကာတို့အားလည်းကောင်း လျှောက်ထားပြောကြားစေ၏။

စိတ္တသူကြွယ်နှင့်အတူ ငါးရာစီငါးရာစီဖြစ်ကုန်သော အမျိုးသားရဟန်း အမျိုးသမီးရဟန်း၊ အမျိုးသားဥပါသကာ၊ အမျိုးသမီးဥပါသိကာတို့သည် ထွက်လာကြကုန်၏။

စိတ္တသူကြွယ်သည် ရဟန်းတော်အစရှိသော ပရိသတ်နှစ်ထောင်နှင့် မိမိ၏ပရိသတ်တစ်ထောင်အားဖြင့် ပရိသတ်သုံးထောင်တို့အား ယူဇနာသုံးဆယ်ရှည်သော ခရီး၌ယာဂုဆွမ်းထမင်း စသည့်တို့ဖြင့် တစ်စုံတစ်ခုချို့တဲ့မှု မရှိအောင်စီစဉ်ထားလေ၏။

စိတ္တသူကြွယ် မြတ်စွာဘုရားရှိရာအရပ်သို့ ထွက်ခွာလာကြောင်းကို သိကြ၍ နတ်တို့သည် ယူဇနာတိုင်းယူဇနာတိုင်း၌ စခန်းချကြပြီး နတ်ပြည်၌ဖြစ်သော ယာဂုခဲဖွယ်သောက်ဖွယ်စသည့်တို့ဖြင့် ပရိသတ်အားလုံးကို ဆက်ကပ်ကျွေးမွေးဧည့်ခံကြကုန်၏။

တစ်ဦးတစ်ယောက်အဖို့တစ်မျိုး တစ်မည်ဖြင့်ချို့တဲ့မှုမဖြစ်လေ။

ဤသို့နတ်တို့သည် ဆက်ကပ်ကျွေးမွေးအပ်သည်ဖြစ်၍ နေ့စဉ်နေ့တိုင်း တစ်ယူဇနာခရီးကိုသွားလျက် အချိန်တစ်လဖြင့်သာဝတ္ထိမြို့သို့ ရောက်လေ၏။

လှည်းအစီးငါးရာတို့သည် မူလတင်အပ်သောပစ္စည်းတို့ဖြင့်ပြည့်နေသည့်အတိုင်း ဖြစ်လေကုန်၏။ (ပြည့်မြဲတိုင်းပြည့်နေကုန်၏)နတ်နှင့်လူတို့ ဆက်သသော လက်ဆောင်ပစ္စည်းကို စွန့်ကြလျက်သာသွားလေ၏။

မြတ်စွာဘုရားသည် အာနန္ဒာယနေ့မွန်းတည့်ချိန်၌ စိတ္တသူကြွယ်သည် ဥပါသကာငါးရာခြံရံလျက် လာ၍ ငါဘုရားကိုရှိခိုးလိမ့်မည်ဟု အာနန္ဒာထေရ်ကို မိန့်ထားတော်မူသည်။

မြတ်စွာဘုရား, ဘယ်လိုပါနည်းဘုရား၊ စိတ္တသူကြွယ် အရှင်ဘုရားတို့အား ရှိခိုးရာ၌ တစ်စုံတစ်ခုသော တန်ခိုးပြာဋိဟာ ဖြစ်ပါမည်လားဘုရား။

အာနန္ဒာ, ဖြစ်လိမ့်မည်။

အဘယ်သို့ ဖြစ်ပါမည်နည်းဘုရား။

စိတ္တသူကြွယ်ရောက်လာ၍ ငါဘုရားကိုရှိခိုးရာအချိန်၌ မင်းတို့၏အတိုင်းအတာဖြင့် ရှစ်ကရီသ ရှစ်ပယ်မျှလောက်သောအရပ်၌ ဒူးဆစ်မျှရှိသော အပိုင်းအခြားဖြင့် အဆင်းငါးမျိုးရှိကုန်သော နတ်ပြည်၌ ဖြစ်သောပန်းတို့၏ တခဲနက်သောမိုးသည် ရွာသွန်းလိမ့်မည်ဟုမိန့်တော်မူသည်။

ထိုစကားတော်ကို ကြားကြ၍ မြို့သူမြို့သားတို့သည် ဤသို့ဘုန်းရှိသော စိတ္တသူကြွယ်သည်လာ၍ ယနေ့မြတ်စွာဘုရားကိုရှိခိုးလိမ့်မည်၊ ဤသို့သဘော ရှိသော တန်ခိုးပြာဋိဟာ ဖြစ်ပေါ်လိမ့်မည်တဲ့၊ ငါတို့လည်းထိုမဟာပုညကို ဖူးမြင်ခွင့်ရကြလိမ့်မည်ဟူသော စိတ်ထားဖြင့်လက်ဆောင်ကိုယူ၍ လမ်းဘေးနှစ်ဘက်၌ ရပ်နေကြကုန်၏။

မြတ်စွာဘုရားကျောင်းတော်အနီးသို့ရောက်သောအခါ ရဟန်းငါးရာတို့သည်ဦးစွာရှေ့မှ ကြွလာကုန်၏။

စိတ္တသူကြွယ်သည် -အို-အမိတို့နောက်မှလိုက်ခဲ့ကြပါဟု ဥပါသကာ အမျိုးသမီးကြီးတို့ကိုထားခဲ့၍

အမျိုးသားဥပါသကာငါးရာတို့ ခြံရံလျက် မြတ်စွာဘုရားထံသွားကြလေ၏။

အထူးအားဖြင့် မြတ်စွာဘုရားတို့၏ ရှေ့တည့်တည့်အရပ်၌ နေထိုင် သူတို့သည် ဤနေရာ၊ ထိုနေရာ အသီးသီး၌ ဖြစ်မနေကြကုန်။

မြတ်စွာဘုရားထံသွားရာလမ်း၏ ဘေးနှစ်ဘက်တို့၌ လှုပ်ရှားခြင်းမရှိကုန်ဘဲ ငြိမ်သက်စွာသာ ရပ်တည်နေကြကုန်၏။

စိတ္တသူကြွယ်သည် မြတ်စွာဘုရားထံသွားရာ မြတ်သောလမ်းသို့ ဝင်ရောက်လျက်ခြေနင်းချလေ၏။ ဖိုလ်သုံးဆင့်သို့ရောက်ပြီးသော အရိယာသာဝက ကြည့်တိုင်း-ကြည့်တိုင်း အရပ်သည် တုန်လှုပ်လေ၏။

ဤသူသည် စိတ္တသူကြွယ်တဲ့ဟု များစွာသောလူသည် ကြည့်လေ၏။

စိတ္တသူကြွယ်သည်မြတ်စွာဘုရားထံချဉ်းကပ်၍ ဘုရားရောင်ခြည်တော် ခြောက်သွယ်တို့၏အတွင်း၌ ဝင်၍ မြတ်စွာဘုရားခြေတော်နှစ်ဘက်၊ ဖမျက်နှစ်ခုတို့၌ကိုင်၍ ရှိခိုးလေ၏။

ထိုခဏ၌ပင်လျှင်ဆိုခဲ့ပြီးသော သဘောရှိသော ပန်းမိုးရွာလေ၏။ သာဓုခေါ်သံအထောင်တို့သည် ဖြစ်ပေါ်ကုန်၏။

စိတ္တသူကြွယ်သည် တစ်လပတ်လုံးမြတ်စွာဘုရား အနီး၌နေလေ၏။ နေစဉ်အခါမှာလည်း ဘုရားအမှူး ရှိသော ရဟန်းသံဃာအားလုံးကို ကျောင်းတွင်း၌ သာသီတင်းသုံးစေကာ ကြီးစွာသောအလှူကို ပေးလှူလေ၏။

မိမိနှင့်အတူလာသူတို့ကိုလည်း ကျောင်းတွင်း၌သာနေစေပြီး ကျွေးမွေးပြုစုလေ၏။ တစ်ရက်သော်မျှ မိမိ၏ပစ္စည်းတင်လှည်းတို့၌ ပစ္စည်းတစ်စုံတစ်ခုကိုမျှ မယူရဘဲ နတ်လူတို့ပို့သော လက်ဆောင်ဖြင့်သာ အလှူ ဝတ္ထုကိုပေးလှူ၏။ ပြုဖွယ်ကိစ္စအားလုံးကိုပြုလေ၏။

စိတ္တသူကြွယ်သည် မြတ်စွာဘုရားကို ရှိခိုး၍လျှောက်ထားလေ၏။

မြတ်စွာဘုရားတပည့်တော်သည် အရှင်ဘုရားတို့အား ပေးလှူမည်အကြံဖြင့် လာခဲ့စဉ်လမ်းခရီး အတွင်း၌ တစ်လကြာခဲ့ပါသည်။ ဤကျောင်းတွင်း၌သာ တပည့်တော်၏ နေထိုင်ချိန်သည် တစ်လလွန်ခဲ့ပါပြီ၊ တပည့်တော်ယူခဲ့သော လက်ဆောင်ပစ္စည်းတစ်စုံတစ်ခုကိုမျှ ယူခွင့်မရပါ၊ ဤမျှလောက်သော အချိန် ပတ်လုံး နတ်လူတို့ပို့သော လက်ဆောင်ပစ္စည်းဖြင့်သာ အလှူဝတ္ထုကို ပေးလှူခဲ့ပါပြီ။ တပည့်တော်သည်ဤကျောင်း၌ တစ်နှစ်လုံးနေခဲ့သော်လည်း တပည့်တော်၏ လှူ ဖွယ်ပစ္စည်းကို ပေးလှူခွင့်ရမည်မဟုတ်ပါ။ တပည့်တော်သည် လှည်းငါးရာတို့၌ တင်ဆောင်လာသော၊ ပစ္စည်းတို့ကို လှန်ချ၍ သွားလိုပါသည်။ တပည့်တော်အား သိုမှီး သိမ်းဆည်းဖို့နေရာကို မိန့်တော်မူကြပါဘုရား။

မြတ်စွာဘုရားသည် အာနန္ဒာထေရ်ကို - အာနန္ဒာ, စိတ္တဥပါသကာအားနေရာတစ်ခုကို အချည်းနှီး ပြုစေ၍(ရှင်းလင်း၍)ပေးလိုက်ပါဟု မိန့်တော်မူ၏။

အာနန္ဒာထေရ်သည် မိန့်တော်မူတိုင်းပြုတော်မူ၏။

စိတ္တသူကြွယ်အား ကပ္ပိယဘူမိကို ခွင့်ပြုအပ်၏(စိတ္တသူကြွယ်၏ အလှူပစ္စည်းထားဖို့နေရာကို အကြောင်းပြု၍ ကပ္ပိယဘူမိပစ္စည်းထားရန် အပ်စပ်သည့် မြေကိုခွင့်ပြုတော်မူသည်။)

စိတ္တဥပါသကာလည်း မိမိနှင့်အတူလာ လူသုံးထောင်တို့နှင့်အတူ ဝန်မပါသော လှည်းတို့ဖြင့် ပြန်လမ်း ကိုသွားလေ၏။

နတ်လူတို့သည် ထကြွလုံ့လရှိကုန်၍ အရှင်စိတ္တသူကြွယ် အရှင်သည် ဗလာပစ္စည်း အချည်းနှီးလှည်း တို့ဖြင့် ပြန်သွားမှုကိုပြုအပ်ပေသည်ဟူသော အကြံဖြင့် ရတနာခုနစ်ပါးတို့ဖြင့် လှည်းတို့ကိုပြည့်စေကုန်၏။

စိတ္တသူကြွယ်သည် မိမိအတွက်ယူဆောင်ခဲ့သော လက်ဆောင်ပစ္စည်းတို့ဖြင့်သာ လူများစွာကို ကျွေးမွေးပြုစုလျက်သွားလေ၏။

အာနန္ဒာထေရ်သည် မြတ်စွာဘုရားကိုရှိခိုး၍လျှောက်ထားလေ၏။

မြတ်စွာဘုရား, အရှင်ဘုရားတို့ထံလာခဲ့စဉ်လည်း တစ်လဖြင့်သာလာခဲ့ရသည်။ ဇေတဝန်ကျောင်း၌ နေစဉ်ကလည်း တစ်လပတ်လုံးသာနေရသည်။ ဤမျှလောက်သော အချိန်ပတ်လုံး နတ်လူတို့သည်ပို့အပ်သော လက်ဆောင်ပစ္စည်းဖြင့်သာ အလှူကြီးကိုပေးလှူခဲ့ပြီ။ ယခုလှည်းငါးရာတို့ကို ဗလာပစ္စည်း အချည်းနှီးပြု၍ တစ်လဖြင့်ပင်သွားရမည် စင်စစ်ဖြစ်ပါသည်။

ထိုသို့သွားရမည်ဖြစ်သော်လည်း နတ်လူတို့သည် ထထကြွကြွဖြစ်ကုန်၍ စိတ္တသူကြွယ်အား အရှင်, အရှင်သည် ဗလာပစ္စည်းအချည်းနှီးသော လှည်းတို့ဖြင့် ပြန်သွားမှု ကိစ္စပြုအပ်ပေ၏ဟူသောအကြံဖြင့် လှည်းငါးရာတို့ကို ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေကြပါပြီ။ စိတ္တသူကြွယ်သည် တဖန်မိမိအားပို့ဆောင်အပ်သော လက်ဆောင်ပစ္စည်းဖြင့်သာ လူများစွာကိုကျွေးမွေးပြုစုလျက်သွားမည်စင်စစ် ဖြစ်ပါတော့သည်။

အရှင်ဘုရားမည်သို့ပါနည်း။ စိတ္တသူကြွယ်၏ အရှင်ဘုရားထံလာစဉ်သာ(လာသည့်အခါ၌သာ) ဤသို့ပူဇော်မှုဖြစ်ပါသလား၊ သို့မဟုတ်၊ အခြားနေရာ၌သွားစဉ်လည်း ဤလိုပူဇော်မှုဖြစ်ပါသလားဟု လျှောက်ထားလေ၏။

အာနန္ဒာစိတ္တသူကြွယ်၏ ငါဘုရားထံလာစဉ်လည်းကောင်း အခြားအရပ်၌လည်းကောင်း ဤသို့ ပူဇော်မှုမျိုးဖြစ်သည်သာတည်း။

ဤစိတ္တသူကြွယ် ဥပါသကာသည် ခိုင်မြဲသောသဒ္ဓါတရားရှိသူ၊ ရတနာသုံးပါး၌ ကြည်ညိုသူ၊ သီလနှင့်ပြည့်စုံသူဖြစ်၏။ ဤအရည်အချင်းရှိသောပုဂ္ဂိုလ်သည် အကြင်ကြင်အရပ်သို့သွား၏။ ထိုထိုအရပ်၌သာ ထိုပုဂ္ဂိုလ်အားလာဘ်၊ ပူဇော်မှုဖြစ်သည်သတည်းဟု မိန့်တော်မူကာ မြတ်စွာဘုရားသည် (ပကိဏ္ဏကဝဂ်၌)

သဒ္ဓေါ သီလေန သမ္ပန္နော၊ ယသော ဘောဂသမပ္ပိတော
ယံယံ ပဒေသံ ဘဇတိ၊ တတ္ထ တတ္ထေဝ ပူဇိတော။

ဟူသော ဤဂါထာကိုဟောတော်မူ၏။

ယော-အကြင်သူသည်၊ သဒ္ဓေါ - လောကီလောကုတ္တရာ သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သီလေန- အာဂါရိယ - သီလဟုဆိုအပ်သောအိမ်၌ နေသူလူတို့ကျင့်သုံးအပ်သော ငါးပါးသီလနှင့်၊ သမ္ပန္နော-ပြည့်စုံ၏၊ ယသော-အခြံအရံနှင့်ပြည့်စုံ၏။ ဘောဂသမပ္ပိတော-ခုနစ်ပါးသောအရိယာတို့၏ ဥစ္စာ ဆန်စပါးအစရှိသော ပစ္စည်းဥစ္စာနှင့်ပြည့်စုံ၏။ သော-ထိုသူသည်၊ ယံယံပဒေသံ-အကြင်အကြင်အရပ် မျက်နှာသို့၊ ဘဇတိ- သွားလေ၏၊ တတ္ထတတ္ထ-ထိုထိုရောက်ရာအရပ်၌(လာဘ သက္ကာရေန-လာဘ်ပူဇော်မှုဖြင့်) ပူဇိတော ဧဝ- ပူဇော်အပ်သည်သာတည်း(ပူဇော်ခံရသူဖြစ်သည်သာတည်း)

ဤသို့ မိန့်တော်မူအပ်လေသော် အာနန္ဒာထေရ်သည် စိတ္တသူကြွယ်၏ အတိတ်ကံကို မေးလျှောက်လေ၏။ ထိုအခါအာနန္ဒာထေရ်အားဟောကြားတော်မူသည်။

အာနန္ဒာ, ဤစိတ္တသူကြွယ်သည် ပဒုမုတ္တရမြတ်စွာဘုရား ခြေတော်ရင်း၌ ဆုတောင်းအထူးပြုဘူး၍ ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်လူ့ပြည်တို့၌ကျင်လည်၍ ကဿပမြတ်စွာဘုရား လက်ထက်တော်၌သာ မုဆိုးအမျိုး၌ဖြစ်၍ အရွယ်ကြီးမှုကိုအစွဲပြု၍ တစ်နေ့သ၌မိုးရွာသွန်းနေစဉ် သားကောင်တို့ကို သတ်ဖြတ်ရန်

လှံကိုယူ၍ တောသို့သွားပြီး သားကောင်တို့ကို ကြည့်ရှုရှာဖွေလေသော် ချိုင့်ဝှမ်းမြေတစ်ခု၌ ဦးခေါင်းနှင့်တကွ ခြုံ၍ထိုင်နေသော ရဟန်းတစ်ပါးကိုမြင်လျှင် အရှင်မြတ်တစ်ပါးရဟန်းတရားကို ပြုကျင့်လျက်ထိုင်နေလိမ့်မည် ထိုရဟန်းဖို့ ဆွမ်းကိုဆောင်ချေဦးမည်ဟူသောအကြံဖြင့် လျင်မြန်စွာအိမ်သို့ သွား၍ခုံလောက်တစ်ခု၌ မနေ့ကယူခဲ့သော အသားကိုခုံလောက်တစ်ခု၌ထမင်းကိုချက်စေကာ အခြားသောဆွမ်းခံရဟန်းတို့ကိုမြင် ပြန်၍ ထိုရဟန်းတို့၏လည်း သပိတ်တို့ကိုယူ၍ ခင်းထားအပ်သော နေရာ၌ထိုင်ကြစေကာ ဆွမ်းကိုပြည့်စုံစေ၍ အရှင်မြတ်တို့ကို ဆက်ကပ်ကြပါကုန်ဟု အခြားသူကိုခိုင်းထားခဲ့ပြီး -

ချက်ထားပြီးသော ဆွမ်းကိုခွက်၌ထည့်ကာယူ၍သွားစဉ်အကြားဖြစ်သော လမ်း၌အမျိုးမျိုးသော ပန်းတို့ကိုဆွတ်ခြွေ၍ဖက်ခွက်၌ထည့်ပြီး မထေရ်၏ထိုင် နေရာအရပ်သို့သွာ၍ အရှင်ဘုရား တပည့်တော်အားချီးမြှောက်မှုကိုပြုတော်မူပါဟု လျှောက်ထား၍သပိတ်ကိုယူကာ ဆွမ်းဖြင့်ပြည့်စေပြီး မထေရ်၏ လက်၌ကပ်လှူ၍ ထိုပန်းတို့ဖြင့်ပူဇော်ကာ -

အရှင်ဘုရား အရသာနှင့်ပြည့်စုံသော ဤဆွမ်းသည် ပန်းကိုပူဇော်ရခြင်းနှင့်အတူ တပည့်တော်၏ စိတ်ကို ကျေနပ်နှစ်သိမ့်စေသကဲ့သို့ ထို့အတူဖြစ်ရာဖြစ်ရာ ဘဝတိုင်း၌အထောင်မကသော လက်ဆောင်တို့ကိုယူလာ၍ တပည့်တော် စိတ်ကိုကျေနပ်နှစ်သိမ့်ရစေကုန်သတည်း။

အဆင်းငါးမျိုးရှိသော ပန်းမိုးသည်လည်း ရွာပါစေသတည်းဟု ဆုတောင်းမှုကိုဖြစ်စေပြီ -

ထိုသူသည်အသက်ထက်ဆုံး ကုသိုလ်ပြု၍ နတ်ပြည်၌ဖြစ်လေ၏ဖြစ်ရာ နတ်ပြည်၌ ပုဆစ်ဒူးဝန်း ပမာဏရှိသော အရေးအကြောင်းဖြင့် နတ်ပြည်၌ဖြစ်သော မိုးရွာလေသည်။

ယခုဘဝ၌လည်း စိတ္တသူကြွယ်၏ဖွားမြင်ရာနေ့၌လည်းကောင်း၊ ဤနေရာ၌ လာသောစိတ္တသူကြွယ်၏ ဤနေရာ၌လည်းကောင်း၊ ပန်းမိုးရွာခြင်းသည်လည်းကောင်း၊ လက်ဆောင်ပစ္စည်းတို့ကို ဆောင်ပို့ခြင်းသည်လည်းကောင်း၊ ရတနာခုနစ်ပါးတို့ဖြင့် လှည်း၏ပြည့်ခြင်းသည်လည်းကောင်း၊ ရဟန်းတော်အား ဆွမ်းလှူရခြင်း၊ ပန်းလှူရခြင်း၊ ဆုတောင်းရခြင်း၊ ထိုကုသိုလ်ကံ၏ အကျိုးဆက်သာ ဖြစ်တော့သတည်း။

**စိတ္တသူကြွယ်ဝတ္ထု ပြီး၏။**

## ၄၈။ တောနေတိဿ သာမဏေဝတ္ထု

သာရိပုတ္တထေရ်၏ ခမည်းတော် ဝင်္ဂန္တပုဏ္ဏားၡ၏ မိတ်ဆွေဖြစ်သော မဟာသေနအမည်ရှိသော ပုဏ္ဏားသည်ရာဇဂြိုဟ်မြို့၌နေ၏။

တစ်နေ့သ၌သာရိပုတ္တရာထေရ်သည် ဆွမ်းခံလှည့်စဉ် မဟာသေနပုဏ္ဏား၌ သနားစောင့်ရှောက် ချီးမြှောက်ခြင်းငှာ မဟာသေနပုဏ္ဏား၏အိမ်တံခါးရှိရာသို့ ကြွတော်မူလေ၏။

မဟာသေနပုဏ္ဏားသည်ကား ရှိထားသော စည်းစိမ်ဥစ္စာကုန်လေပြီးဖြစ်၍ ဆင်းရဲသူဖြစ်နေ၏။ မဟာသေနပုဏ္ဏားသည် ငါ့သားသာရိပုတ္တသည် ငါ့အိမ်တံခါးသို့ ဆွမ်းခံလှည့်လည်လာသည် ဖြစ်လိမ့်မည်။ ငါကလည်းဆင်းရဲနေသည်။ ငါဆင်းရဲကြောင်းကိုသူသိမည်မဟုတ်၊ ငါ့မှာလှူစရာဟူ၍ ဘာမျှမရှိဟု သာရိပုတ္တထေရ်နှင့် မျက်နှာချင်းမဆိုင်ရဲ၍ပုန်းနေရရှာသည်။ သာရိပုတ္တထေရ်သည် နောက်နေ့လည်း ကြွတော်မူသည်။ ပုဏ္ဏားသည် ရှေးနည်းတူပုန်းနေသည်။ လှူစရာ တစ်ခုခုရလျှင်လှူမည်ဟု ကြံထား သော်လည်းမရ၊

ထို့နောက်နေ့တစ်နေ့၌ ပုဏ္ဏားတို့ ဗေဒင်ရွတ်ဖတ်ပူဇော်ပွဲတစ်ခုက အဝတ်ထူတစ်ထည်နှင့်အတူ နွားနို့ဆွမ်းတစ်ခွက်စာကိုရခဲ့၍ ယူလာပြီးအိမ်သို့ရောက်လျှင် ဤဆွမ်းကိုငါသည် သာရိပုတ္တထေရ် အားပေးလှူသင့်သည်ဟု သာရိပုတ္တထေရ်ကိုအောက်မေ့နေလေသည်။

သာရိပုတ္တထေရ်လည်း ထိုခဏ၌ဈာန်ဝင်စား၍ သမာပတ်မှထပြီး မဟာ သေနပုဏ္ဏားကို ကြည့်လေသော် ပုဏ္ဏားသည်လှူစရာပစ္စည်းကိုရ၍ ငါ၏ကြွရောက်ခြင်းကို မျှော်လင့်တောင့်တနေသည်၊ ပုဏ္ဏားထံ၌ငါသွားသင့်သည်ဟု သိမြင်၍ဒုကုဋ္ဌသင်္ကန်းကို ရုံတော်မူ၍ သပိတ်ကိုယူပြီး မဟာသေနပုဏ္ဏား၏ အိမ် ဝင်းတံခါးပေါက်၌ ရပ်လျက်သာ မိမိကိုယ်ကို မြင်စေတော်မူသည်။

ပုဏ္ဏားသည် သာရိပုတ္တထေရ်ကို မြင်လေလျှင် စိတ်ကြည်လင်လေ၏။ ထိုအခါသာရိပုတ္တထံချဉ်းကပ်၍ ရှိခိုးနှုတ်ဆက်ပြီးအိမ်တွင်း၌ သီတင်းသုံးစေကာ နွားနို့ထမင်းခွက်ကိုကိုင်၍ မထေရ်၏ သပိတ်၌ လောင်းထည့်လေ၏။

သာရိပုတ္တထေရ်သည် နွားနို့ဆွမ်းထက်ဝက်ကို ခံယူပြီးသော် လက်ဖြင့် သပိတ်ကိုပိတ်လိုက်လေ၏။

ထိုအခါသာရိပုတ္တထေရ်ကို မဟာသေနပုဏ္ဏားက -

အရှင်ဘုရား - ဤနွားနို့ဆွမ်းသည် တစ်ယောက်စာသာဖြစ်သည်။ တပည့်တော်အား တမလွန် လောက၌ ချီးမြှောက်မှုကို ပြုတော်မူကြပါ၊ ယခုမျက်မှောက်လောက၌ ချီးမြှောက်မှုကို ပြုတော်မမူပါနှင့်၊ နွားနို့ဆွမ်းအားလုံးကို သာ လှူလိုပါ၏ဟု လျှောက်ထားပြီး နွားနို့ဆွမ်းအားလုံးကို လောင်းထည့်လိုက်လေ၏။

သာရိပုတ္တထေရ်သည် ပုဏ္ဏား၏အိမ်၌ပင် ဘုဉ်းပေးတော်မူသည်။ ဆွမ်းကိစ္စပြီးစီးသောအခါ၌ ပုဏ္ဏားသည်ရထားသော အဝတ်ထူကိုလည်း သာရိပုတ္တထေရ် အားပေးလှူ၍ ရှိခိုးပြီး -

အရှင်ဘုရား၊ တပည့်တော်သည်လည်း အရှင်ဘုရားတို့သိမြင်အပ်သော တရားကိုသာ မျက်မှောက် ပြုကာ ရောက်ရပါလို၏ဟု ဆုတောင်းလေ၏။

သာရိပုတ္တထေရ်သည်၊ အို-မဟာသေနပုဏ္ဏား သင်တောင်းဆိုသည့်အတိုင်း ဖြစ်ပါစေဟု ပုဏ္ဏားအားအနုမောဒနာပြု၍ (ဝမ်းမြောက်နိုင်ကြောင်းစကားပြော၍ တရားဟော၍)နေရာမှထကာ ရာဇဂြိုဟ်မှ ဖယ်ခွာလျက် ခရီးအစဉ်ဖြင့် ဒေသစာရီလှည့်လည်၍ ဇေတဝန်ကျောင်းသို့ကြွသွားလေ၏။

ဆင်းရဲနေရာအချိန်၌ လှူဒါန်းရသောဒါနသည် အလှူရှင်၏စိတ်ကိုလွန် စွာနှစ်သက်စေတတ်၏။ ထို့ကြောင့်ပုဏ္ဏားသည်လည်း ထိုအလှူဝတ္ထုကို ပေးလှူရ၍ကြည်လင်သောစိတ်ရှိလျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ သာရိပုတ္တထေရ်၌ အတိုင်းအတာကိုလွန်သော(လွန်ကဲသော)မြတ်နိုးမှုကိုပြုလေ၏။

မဟာသေနပုဏ္ဏားသည် သာရိပုတ္တထေရ်၌ မြတ်နိုးခြင်း ကုသိုလ်စိတ်ဖြင့်သာ ကွယ်လွန်လေသော် သာဝတ္ထိမြို့၌ သာရိပုတ္တထေရ်၏ အလုပ်အကျွေးအိမ်၌ ပဋိသန္ဓေယူလေ၏။

ပဋိသန္ဓေယူရာခဏာ၌ပင် သူငယ်လောင်း၏ မိခင်သည် ငါ၏ဝမ်းတိုက်၌ ကိုယ်ဝန်တည်ပြီဟုသိ၍ အိမ်ရှင်ယောကျ်ားအားပြောပြလေ၏။ အိမ်ရှင်ယောကျ်ားသည် ဇနီးအားကိုယ်ဝန် အစောင့်အရှောက်ကို ပေးလေသည်။

အမျိုးသမီးသည် အလွန်ပူသောအစာ၊ အေးလွန်းသောအစာ၊ ချဉ်လွန်းသောအစာ၊ စသည်တို့ကို သုံးဆောင်ခြင်းမှ ရှောင်ကြဉ်၍ ချမ်းသာစွာကိုယ်ဝန် ကိုဆောင်နေအပ်စဉ် ဤသို့သောချင်ခြင်းဖြစ်လာလေ၏။

ငါသည် သာရိပုတ္တထေရ် အမှူးရှိသော ရဟန်းငါးရာတို့ကို ပင့်လျှောက်၍ အိမ်၌သီတင်းသုံးစေပြီး ရေမရောသောနွားနို့ဖြင့် ချက်အပ်သောဆွမ်းကို ပေးလှူ ကိုယ်တိုင်ကလည်း ဖန်ရေဆိုးသောအဝတ်တို့ကိုဝတ်၊ ရွှေခွက်ကိုကိုင်၊ ရဟန်းတော်တို့၏ နေရာအဆုံး၌ထိုင်ပြီး ရဟန်းငါးရာတို့၏ အကျန်ဖြစ်သော နွားနို့ထမင်းကို စားရပါမူ ကောင်းလေစွဟု ချင်ခြင်းဖြစ်လေ၏။

ထိုအမျိုးသမီး၏ ဖန်ရေဆိုးသောအဝတ်ကို ဝတ်လိုခြင်း၌ဖြစ်သော ချင်ခြင်းသည် ဝမ်း၌တည်နေ သောသား၏ မြတ်စွာဘုရား သာသနာတော်၌ သာမဏေဖြစ်ခြင်း၏ ပုဗ္ဗနိမိတ်ဖြစ်သည်။

ထိုအချိန်အခါ၌ ထိုအမျိုးသမီး၏ မိဘဆွေမျိုးတို့သည် ငါတို့သမီး၏ ချင်ခြင်းသည် တရားနှင့် လျော်သော ချင်ခြင်းဖြစ်ပေသည်ဟု အသိအမှတ်ပြုကြပြီး သာရိပုတ္တထေရ်ကို သံဃာ့ထေရ်အဖြစ်ပြုပြီး ရဟန်းငါးရာတို့အား ရေမရောသော နွားနို့ဆွမ်းကို ကပ်လှူကုန်၏။

ထိုအမျိုးသမီးသည်လည်း ဖန်ရေဆိုးသော အဝတ်တစ်ထည်ကိုဝတ် တစ်ထည်ကိုရုံ ရွှေခွက်ကိုကိုင်၍ ရဟန်းတော်တို့၏အဆုံး၌ ထိုင်လျက်နွားနို့ဆွမ်း အကျန်ကိုသုံးဆောင်လေသည်။ ချင်ခြင်းသည်လည်း ငြိမ်းလေ၏။

အမျိုးသမီး၏ကိုယ်ဝန်မှ ထရာအချိန်တိုင်အောင် အကြားအကြား၌ပြုအပ်သော မင်္ဂလာတို့၌ လည်းကောင်း ဆယ်လလွန်ချိန်၌သားကို ဖွားခြင်းပြီးသော် ပြုအပ်သော မင်္ဂလာတို့၌လည်းကောင်း သာရိ ပုတ္တထေရ်အမှူးရှိသော ရဟန်းငါးရာတို့အား ရေမရောသောချိုမြိန်သော နွားနို့ဆွမ်းကိုသာပေးလှူကုန်၏။

ဤသည်ကား သူငယ်သည်. ရှေးအတိတ် မဟာသေနပုဏ္ဏားဖြစ်ခဲ့ချိန်က နွားနို့ဆွမ်းအလှူ၏ အကျိုးဆက်ပင်တည်း။

ဝိဇာတမင်္ဂလာပြုလုပ်ရာနေ့၌ နံနက်စောစောအချိန်ကပင် ရေချိုးပေးပြီး အဆင်တန်ဆာဆင်၍ ကြက်သရေရှိသောအိပ်ရာ၌ အသပြာတစ်သိန်းထိုက် တန်သော ကမ္ဗလာ၏အထက်၌ သိပ်ထားကြကုန်၏။

သူငယ်သည် ထိုနေရာ၌ ပက်လက်အိပ်လျက်ပင် သာရိပုတ္တထေရ်ကို ကြည့်၍ -

ဤအရှင်မြတ်သည် ငါ၏ရှေးဘဝကဆရာဖြစ်ပေသည်၊ ငါသည်မထေရ်ကို အမှီပြု၍ ဤစည်းစိမ် ချမ်းသာကို ရအပ်၏။ ငါသည်မထေရ်အား ပေးလှူစွန့်ကြဲမှုတစ်ခုခုကို ပြုလုပ်သင့်သည်ဟု ကြံစည်နေစဉ် သိက္ခာပုဒ်ကိုခံယူရန် ဆောင်ယူအပ်လေသော် အဖိုးတစ်သိန်းတန် ထိုကမ္ဗလာကို လက်သန်းဖြင့် ရစ်၍ကိုင် ထားလေသည်။

ထိုအခါသူငယ်၏ လက်ချောင်း၌ ကမ္ဗလာငြိနေသည်ဟူသော အထင်ဖြင့် မိဘဆွေမျိုးတို့သည် ငြိနေသောကမ္ဗလာကိုပယ်ရှားရန် အားထုတ်ကြကုန်၏။ သူငယ်သည်ငိုလေ၏။ မိဘဆွေမျိုးတို့သည် ဖယ်ကြ၊ သူငယ်ကိုမငိုကြစေနှင့်ဟု ပြောပြောဆိုဆို ကမ္ဗလာနှင့်အတူ ပွေ့ဆောင်ကြကုန်၏။

သူငယ်သည် သာရိပုတ္တထေရ်ကို ရှိခိုးသည့်အခါ ကမ္ဗလာမှလက်ချောင်းကိုဆွဲငင်၍ ကမ္ဗလာကို မထေရ်၏ခြေရင်း၌ကျစေ၏။

မိဘဆွေမျိုးတို့သည် ကလေးသူငယ်သည် အသိမပါဘဲ ပြုအပ်သည်ဟု မဆိုကြဘဲ- အရှင်ဘုရား တပည့်တော်တို့၏ သားငယ်သည် ပေးလှူအပ်ပါပြီ။စွန့်လွှတ်အပ်ပြီးသာ ဖြစ်ပါစေဘုရားဟု လျှောက်ထား ကြပြီး -

အရှင်ဘုရား, အသပြာတစ်သိန်းတန် ကမ္ဗလာဖြင့် ပူဇော်သောအရှင်ဘုရားတို့၏ ကျွန်သူငယ်အား သိက္ခာပုဒ်တို့ကို ပေးတော်မူကြပါဟု လျှောက်ထားကြသည်။

ဤသူငယ်သည် ဘယ်အမည်ရှိသနည်းဟု သာရိပုတ္တထေရ်ကမေးတော် မူသည်။

အရှင်ဘုရား, အရှင်ဘုရားနှင့်အမည်တူရှိသူပါ၊ ဤသူငယ်သည်တိဿ အမည်ရှိသူဖြစ်ပါလိမ့်မည်ဟု မိဘဆွေမျိုးတို့က လျှောက်ထားကြသည်။

သာရိပုတ္တထေရ်သည် လူအဖြစ်ဖြင့်နေချိန်က ဥပတိဿလုလင်ဟု အမည်ရှိသတတ်။

ထိုသူငယ်၏မိခင်လည်း ငါသည်သား၏ အဇ္ဈာသယအလိုကို မဖျက်သင့် ဟုစိတ်ကူးထားလေ၏။

ဤသို့လျှင် သူငယ်၏ နာမကရဏမင်္ဂလာကိုပြု၍ နောက်ထပ်အာဟာရ ပရိဘောဂမင်္ဂလာ၌ လည်းကောင်း၊ နောက်ထပ်ကဏ္ဏဝိဇ္ဈနမင်္ဂလာ၌လည်းကောင်း၊ ဒုဿဂဟဏ မင်္ဂလာ၊ အဝတ်ဝတ် မင်္ဂလာ၌လည်းကောင်း၊ စူဠာကပ္ပန မင်္ဂလာ(ဦးစွန်းထားမင်္ဂလာ)၌လည်းကောင်း သာရိပုတ္တထေရ် အမှူး ရှိသော ရဟန်းငါးရာတို့အား ရေလည်းမပါ ချိုမြိန်ရသာ နို့ဃနာကိုသာ ပေးလှူကြကုန်၏။

သူငယ်သည် ကြီးရင့်မှုကိုအစဉ်လိုက်၍ ခုနစ်နှစ်ရှိရာအချိန်၌ မိခင်ကို၊

အိုမိခင် အရှင်သာရိပုတ္တရာထေရ်ထံ၌ သားရှင်ပြုလိုပါ၏ဟု ပြောလေ၏။

ချစ်သားကောင်းလှပေ၏။ ငါ မိခင်သည်ရှေးဦးကပင် ငါသည်သား၏ အဇ္ဈာသယအလိုကို မဖျက်ဆီးထိုက်ဟု စိတ်အကြံပြုခဲ့ပြီ၊ ချစ်သား သင်သာမဏေပြုလေတော့ဟု ပြောဆိုပြီး၊ မဟာသာ ရိပုတ္တထေရ်ကို ပင့်လျှောက်၍ကြွရောက်လာသော သာရိပုတ္တထေရ်အား ဆွမ်းကိုလည်းကပ်လှူ၍ -

အရှင်ဘုရား-အရှင်ဘုရားတို့၏ ကျွန်တပည့်တော်မ၏ သားကလေးက ရှင်သာမဏေပြုမည်ဟု ပြောပါသည်။ ဤသားငယ်ကိုခေါ်ဆောင်၍ ညနေချိန်၌ တပည့်တော်များကျောင်းသို့ လာခဲ့ကြပါမည်ဟု လျှောက်ထားပြီး သာရိပုတ္တထေရ်ကို ပြန်ကြွရန်လျှောက်၍ ညနေချိန်၌များစွာသော ပူဇော်ဖွယ်မြတ်နိုးဖွယ် နှင့်အတူ သားငယ်ကိုခေါ်ဆောင်၍ ကျောင်းသို့သွားပြီး သာရိပုတ္တထေရ်အားအပ်နှင်းလိုက်လေ၏။

သာရိပုတ္တထေရ်သည် တိဿသူငယ်နှင့် အတူစကားပြောတော်မူသည် -

မောင်တိဿ-ရှင်အဖြစ်ဆိုတာပြုနိုင်ခဲသည်၊ အပူကိုလိုလျှင်အအေးကိုရသည်။ အအေးကိုလိုလျှင် အပူကိုရသည်၊ ရှင်ရဟန်းတို့သည် ငြိုငြင်ပင်ပန်းစွာအသက်ရှင်နေကြရသည်၊ သင်ကလည်းချမ်းချမ်းသာသာ ကြီးလာသူဖြစ်သည်။

(ဘယ်သို့နည်း)

အရှင်ဘုရားတပည့်တော်သည် အရှင်ဘုရားတို့ မိန့်ကြားအပ်သောစည်းကမ်းနည်းလမ်းဖြင့်သာ

အားလုံးကို ပြုနိုင်စွမ်းရှိပါလိမ့်မည်ဘုရား။ (လျှောက်ထား၏။)

သာရိပုတ္တထေရ်သည် ကောင်းလှပေသည်ဟု မိန့်တော်မူကာ တိဿသူငယ်အား ပဋိကူလမနသိကာရ အလိုအားဖြင့် (စက်ဆုပ်ဖွယ်ဟု ဆင်ခြင်စေလိုခြင်းဖြင့်) တစပဉ္စကကမ္မဋ္ဌာန်းကို ပြောပြတော်မူကာ တိဿသူငယ်ကို ရှင်သာမဏေပြုပေးလေ၏။

သုံးဆယ့်နှစ်မျိုးသော အခြင်းအရာအားလုံးကို ပြောပြသင့်သည်သာ၊ အားလုံးကိုပြောဆို၍ မစွမ်းနိုင်သူဖြစ်မူကား တစပဉ္စက ကမ္မဋ္ဌာန်းကိုမူ ပြောပြရမည်သာဖြစ်၏။

မှန်၏။ ဒွတ္တိံသ ကမ္မဋ္ဌာန်းကို ဘုရားရှင်အားလုံး မစွန့်အပ်သည်သာဖြစ်၏။

ဆံပင်အစရှိသော တစ်ခုခုသောကောဋ္ဌာသတို့၌ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သော အမျိုးသား ရဟန်းတို့၏လည်းကောင်း၊ အမျိုးသမီးရဟန်းတို့၏လည်းကောင်း၊ ဉပါသကာအမျိုးသားတို့၏ လည်းကောင်း၊ ဉပါသိကာအမျိုးသမီးတို့၏လည်းကောင်း ဤ၍၊ ဤမျှရှိကုန်ပြီဟု ပြောဆိုရန်အပိုင်းအခြားမရှိလေပြီ။

(ဤမျှရှိ၏ဟု ပိုင်းခြားပြောဆိုရန် မတတ်နိုင်လောက်အောင်များပြီဟုဆိုလိုသည်။)

အသိ၊ အလိမ္မာမရှိသော ရဟန်းတို့သည်ကား ရှင်သာမဏေပြုပေးကြစဉ် အရဟတ္တဖိုလ်၏ အားကြီးသော မှီရာအကြောင်းကို ဖျက်ဆီးပစ်ကြကုန်၏။

ထို့ကြောင့်သာရိပုတ္တထေရ်သည် ကမ္မဋ္ဌာန်းကိုသင်ကြားပြောဆိုပြီး- ရှင်သာမဏေပြုပေးကာ ဆယ်ပါးသောသီလတို့၌ တည်စေတော်မူပြီ။

အမိအဖတို့သည် သားငယ်တိဿအား ရှင်သာမဏေအဖြစ်ဖြင့် ပူဇော်မှုကိုပြုကြပြီးသော် ခုနစ်ရက်ပတ်လုံး ဇေတဝန်ကျောင်း၌သာ ဘုရားအမှူးရှိသောရဟန်းသံဃာအား ရေမပါသောနွားနို့ဖြင့် ချက်အပ်သောချိုမြိန်သောအရသာရှိသောနွားနို့ဆွမ်းကိုသာ ပေးလှူကြလေကုန်၏။

ရဟန်းတို့လည်း နေ့စဉ်မပြတ်နွားနို့ဆွမ်းကို ငါတို့ဘုဉ်းပေးရန်မတတ်နိုင်ကြတော့ဟူ၍ အပြစ်တင်ကြကုန်၏။

သာမဏေတိဿ၏ မိဘတို့လည်း ခုနစ်ရက်မြောက်သောနေ့၊ ညနေချိန်တွင်အိမ်သို့ပြန်ကြကုန်၏။

သာမဏေသည် ရှစ်ရက်မြောက်သောနေ့၌ ရဟန်းတော်များနှင့်အတူ ဆွမ်းခံဝင်လေ၏။

သာဝတ္ထိမြို့သူမြို့သားတို့သည် တိဿ, သာမဏေသည်ယံနေ့ဆွမ်းခံဝင်လာလိမ့်မည်တဲ့၊ သာမဏေအားပူဇော်စရာပြုကြကုန်အံ့ဟု ပုဆိုးအထည်ငါးရာတို့ဖြင့်ခေါင်းခုတို့ကိုပြု၍ ဆွမ်းအုပ်ငါးရာတို့ကို စီစဉ်ယူဆောင်ခဲ့ကြပြီး၊ ကြွလာမည့်သံဃာတော်များနှင့် ရင်ဆိုင်လမ်း၌ရပ်တည်၍ လှူကြလေကုန်၏။

နောက်နေ့တွင် ကျောင်း၏လမ်းကွေ့အရပ်သို့လာရောက်၍ လှူကြကုန်၏။

ဤသို့လျှင်တိဿသာမဏေသည် နှစ်ရက်တည်းဖြင့်အဝတ်ထည်တစ်ထောင်နှင့်အတူ ဆွမ်းအုပ်တစ်ထောင်ကိုရ၍ ရဟန်းသံဃာအားပေးလှူလေ၏။

ဤသို့ရ၍ ပေးလှူနိုင်ခြင်းသည်အတိတ်ဘဝမဟာသေနပုဏ္ဏားဖြစ်ခဲ့ချိန်က အဝတ်ထူကို ပေးလှူခဲ့ရသောအလှူ၏ အကျိုးဆက်ဖြစ်ပေသည်။ ထိုအခါ တိဿသာမဏေ၏အမည်ကို ရဟန်းတို့က ပိဏ္ဍပါတဒါယကာတိဿ(ဆွမ်းဒကာတိဿ)ဟု မှည့်ခေါ်ကြကုန်၏။

တဖန် နေ့တစ်နေ့၌တိဿ သာမဏေသည် ချမ်းအေးသောအခါတွင်ကျောင်းစဉ် လှည့်ပတ်သွားစဉ် ထိုထို မီးတင်းကုတ်စသည်တို့၌ မီးလှုံနေကြသော ရဟန်းတို့ကိုမြင်၍-အရှင်ဘုရားတို့မီးလှုံနေကြပါသလားဟု လျှောက်ထားလေ၏။

တိဿသာမဏေ၊ ငါတို့ကိုအချမ်းကနှိပ်စက်သည်။

အရှင်ဘုရား-ချမ်းအေးသောရာသီ၌ ကမ္ဗလာသက်န်းကို ရုံသင့်ပါသည်။

မှန်ပါသည်ဘုရား-ကမ္ဗလာသက်န်းသည် အအေးကိုတားမြစ်ဖယ်ရှားနိုင်ပါသည်။

သာမဏေသင်က ဘုဉ်းကြီးသူဖြစ်၍ ကမ္ဗလာသက်န်းကိုရနိုင်သည်၊ ငါတို့အဖို့ဘယ်မှာ ကမ္ဗလာသက်န်းရရှိမည်နည်း။

အရှင်ဘုရားတို့ ကမ္ဗလာသက်န်းမရှိကြလျှင် ကမ္ဗလာသက်န်းအလိုရှိသောရဟန်းတို့သည် တပည့်တော်နှင့်အတူ ကြွတော်မူကြပါဟု ကျောင်းတိုက်တစ်ခုလုံး၌ ရဟန်းတို့ကိုလျှောက်ထားစေ၏။

ထိုအခါရဟန်းတို့သည် တိဿသာမဏေနှင့်အတူလိုက်သွားပြီး၊ ကမ္ဗလာအဝတ်ကို ဆောင်ယူကြမည်ဟူသော အကြံဖြင့်ခုနစ်နှစ်အရွယ်ရှိသောသာမဏေကို အမှီပြု၍ရဟန်းတစ်ထောင်တို့ကျောင်းမှ ထွက်လိုက်ကြကုန်၏။

တိဿသာမဏေသည် တစ်ထောင်မျှသော ဤရဟန်းတော်တို့အဖို့ ကမ္ဗလာအထည်ကို အဘယ်မှရပါမည်နည်းဟု စိတ်မျှကိုသော်လည်းမဖြစ်စေမူ၍ ရဟန်းတစ်ထောင်တို့ကို ပင့်ခေါ်၍ မြို့တွင်းသို့ ရှေးရှုကြွသွားလေ၏။

ကောင်းစွာပေးလှူအပ်သောဒါန၏ ဤသို့သဘောရှိသောအစွမ်းအာနုဘော်ရှိသည်မှာ အမှန်ပင်ဖြစ်၏။

တိဿသာမဏေသည် သာဝတ္ထိမြို့ပြင်ဘက်၌သာ အိမ်စဉ်လှည့်လည်ကြွသွားစဉ် ကမ္ဗလာအထည်ငါးရာတို့ကိုရပြီး၊ မြို့တွင်းသို့ဝင်လေ၏။ ဤအိမ်ဟိုအိမ်မှလူတို့လည်း ကမ္ဗလာထည်တို့ကို ယူဆောင်ခဲ့ကြကုန်၏။

ယောကျ်ားတစ်ယောက်သည်ကား ဈေးတံခါးဝလမ်းဖြင့်လာခဲ့စဉ် ကဗ္ဗလာအထည်ငါးရာတို့ကိုဖြန့်၍ထိုင်နေသောဈေးသည်တစ်ယောက်ကိုမြင်လေသော် -

အို-မိတ်ဆွေ သာမဏေတစ်ပါးသည် ကမ္ဗလာအထည်တို့ကို စုဆောင်းလျက်လာနေသည်၊ သင်၏ကဗ္ဗလာအထည်တို့ကို ဖုံးထားပါဟုပြောလေ၏။ အသို့နည်း(ဘယ်လိုလဲ) ထိုသာမဏေသည် ပေးလှူအပ်သောအထည်တို့ကိုယူသလော(ယူတာလား)သို့မဟုတ် မပေးအပ်သောအထည်တို့ကိုယူသလော -

ပေးအပ်သော အထည်တို့ကိုယူ၏။ (ယူတာပါ)

ဤသို့ဖြစ်လျှင်ငါပေးလှူလိုလျှင် ပေးလှူမည်၊ မပေးလှူလိုလျှင်ပေးမည်မဟုတ်ပါ။ သင်သွားပေတော့ဟု ပြောဆို၍လွှတ်လိုက်လေ၏။

မှန်လှပေ၏၊ မစ္ဆရိယခဲ နှမြောစေးနှဲသဒ္ဓါမဲ့သူလူမိုက်ကန်းတို့သည် သဒ္ဓါတရားရှိသူတို့အလှူဝတ္ထုကိုပေးလှူနေကြစဉ်မချွေရတရားရှိကုန်၍ ကောသလမင်းကြီး၏ အသဒိသအလှူတော်ကိုမြင်၍ ဝန်တိုနှမြောသည့် ကာဠခေါ် အမတ်ကဲ့သို့ ငရဲ၌ဖြစ်ကြကုန်၏။

ဈေးသည်ယောကျ်ားသည်ဤသို့စိတ်ကူးလေ၏။ ဈေးလာဖောက်ပြား ဤယောကျ်ားသည်သူ့သဘောအတိုင်းရောက်လာပြီး သင့်ကမ္ဗလာတို့ကိုဖုံးထားပါဟု ငါ့ကိုပြောသည်။

ထိုသာမဏေသည်ပေးလှူသည်ကိုခံယူစေကာမူ ငါသည်ကားငါ့ဥစ္စာကို လှူလိုလျှင်လှူမည်၊ မလှူလိုလျှင်မလှူဟုငါပြောလိုက်ပြီ၊ သို့သော်လည်းမြင်အပ်သောပစ္စည်းကို မပေးလှူသူမှာရှက်ဖွယ်ဖြစ်သည်၊ မိမိဥစ္စာကိုဖုံးကွယ်ထားသူမှာ အပြစ်မရှိ၊ ငါ၏ဤကမ္ဗလာထည်ငါးရာတို့တွင် ကမ္ဗလာနှစ်ထည်တို့သည်

တန်ဖိုးတစ်သိန်းစီထိုက်တန်ကုန်၏။ ဤကမ္ဗလာနှစ်ထည်တို့ကိုသာ ဖုံးကွယ်ထားသင့်သည်ဟုစိတ်ကူးပြီး၊ ကမ္ဗလာနှစ်ထည်တို့ကို အမြိတ်အဆာခြင်း တွဲချည်ပြီး ကမ္ဗလာတို့၏အတွင်း၌ ထည့်၍ဖုံးထားလေ၏။

တိဿသာမဏေလည်း ရဟန်းတစ်ထောင်နှင့်ထိုဈေးသည်ရှိရာအရပ်သို့ရောက်လာလေ၏။ ဈေးသည်ယောက်ျား၏ တိဿသာမဏေကိုမြင်လျှင်မြင်ခြင်းသားဟူသော ချစ်ခင်ခြင်းသည် ဖြစ်ပေါ်လာ၏။ သူ၏တစ်ကိုယ်လုံးသည်ချစ်ခင်ခြင်းဖြင့်ပြည့်နေလေ၏။

ဈေးသည်ယောက်ျားသည် ကမ္ဗလာတို့ကိုထားလိုက်ဦး၊ ဤသာမဏေကိုမြင်ရ၍နှလုံးသားကိုသော်လည်း ပေးလှူသင့်သည်ဟုစိတ်ကူးပြီး၊ ဖုံးဝှက်ထားအပ်သောကမ္ဗလာနှစ်ထည်တို့ကိုပါထုတ်၍ တိဿသာမဏေ၏ ခြေရင်း၌ထားကာရှိခိုးပြီး -

အရှင်ဘုရားတပည့်တော်သည် အရှင်ဘုရားသိမြင်အပ်သောတရား၏ အဖို့ရှိသူဖြစ်ရပါလို၏ဟု လျှောက်ထားလေ၏။

သာမဏေလည်း ထိုဈေးသည်ယောက်ျားအားတောင်းဆိုသည့်အတိုင်းဖြစ်ပါစေဟု အနုမောဒနာပြုလေ၏။

တိဿသာမဏေသည်သာဝတ္ထိမြို့တွင်း၌လည်း ကမ္ဗလာအထည်ငါးရာတို့ကိုရလေ၏။ ဤသို့လျှင် တစ်ရက်တည်းမှာပင် ကမ္ဗလာအထည်တစ်ထောင်ကိုရ၍ ရဟန်းတစ်ထောင်အား ပေးလှူလေ၏။

ထိုအခါ တိဿသာမဏေ၏အမည်ကို ကမ္ဗလ ဒါယကာတိဿထေရ်ဟုမှည့်ခေါ်ကြကုန်၏။ ဤသို့လျှင် တိဿသာမဏေ၏ နာမကရဏမင်္ဂလာပြုရာနေ့၌ ပေးလှူအပ်သောကမ္ဗလာသည် ခုနစ်နှစ်အရွယ်ရှိရာအချိန်၌ ကမ္ဗလာတစ်ထောင်အဖြစ်သို့ရောက်လေ၏။

မှန်လှပေ၏။ အကြင်အရပ်၌အနည်းငယ်လှူဒါန်းအပ်သော အလှူသည်များသောအကျိုးရှိ၏။ များများလှူအပ်သော အလှူသည်များသည်ထက်များသော အကျိုးရှိ၏။

ဘုရားသာသနာတော်ကိုဖယ်ထားပြီး၊ ဘုရားသာသနာတော်မှတစ်ပါးသော ထိုအရပ်သည် မရှိပါလေ။

ထို့ကြောင့်မြတ်စွာဘုရားသည် -

တထာရူပေါယံ ဘိက္ခဝေ ဘိက္ခုသံဃော၊ ယထာရူပေ ဘိက္ခုသံဃေ အပ္ပံဒိန္နံ ဗဟုံဟောတိ၊ ဗဟုံဒိန္နံ ဗဟုတရံ-(မ-၃-၁၂၃)ဟု ဟောတော်မူသည်။

ဘိက္ခဝေ-ရဟန်းတို့၊ ယထာရူပေ-အကြင်သို့သဘောရှိသော၊ ဘိက္ခုသံ ဃေ- ရဟန်းသံဃာ၌၊ အပ္ပံ-အနည်းငယ်ကို၊ ဒိန္နံ-ပေးလှူအပ်သောဒါနသည်၊ ဗဟုံ-များသောအကျိုးရှိသည်၊ ဟောတိ-ဖြစ်၏ ဗဟုံ-များစွာကို၊ ဒိန္နံ-ပေးလှူအပ်သော ဒါနသည်၊ ဗဟုတရံ-အလွန်များသောအကျိုးရှိ၏။ အယံဘိက္ခုယံဃော-ငါဘုရား၏ တပည့်ဖြစ်သော ဤရဟန်းသံဃာသည်၊ တထာရူပေါ-အနည်းနှင့် အများ-ပစ္စည်းအားအလျောက် အကျိုးမြောက်အောင် ရွက်ဆောင်နိုင်သော ထိုသဘောနှင့် လိုက်လျောညီထွေပြည့်စုံရုံး မှန်ပါပေ သတည်း။

ဤသို့လျှင်တိဿမဏေသည် ကမ္ဗလာတစ်ထည်လှူဒါန်းခဲ့ရသောဒါန၏ အကျိုးဆက်ဖြင့် ခုနစ်အရွယ်ရှိလျှင်(ခုနစ်နှစ်အရွယ်မှာသာ) ကမ္ဗလာတစ်ထောင်ကိုရလေ၏။

တိဿသာမဏေသည် ဇေတဝန်ကျောင်း၌ နေစဉ်မိဘဆွေမျိုးတို့သည် သူ၏အထံသို့မပြတ်လာ၍ စကားပြောကြသည်။

တိဿသာမဏေသည် ငါသည်ဤနေရာ၌ နေလျှင်ဆွေမျိုးဒကာတို့လာ၍ စကားပြောကြစဉ် မပြောဘဲနေရန်မတတ်နိုင်၊ ဆွေမျိုးဒကာတို့နှင့် အတူစကားပြောကြားသဖြင့်မိမိ၏ ယောက်တည်ရာကို

ပြုရန်မတတ်နိုင်-ငါသည် မြတ်စွာဘုရားထံတော်၌ ကမ္မဋ္ဌာန်းကိုသင်ယူ၍တောသို့ဝင်ရပါမူ ကောင်းလေစွဟု စိတ်ကူးလေ၏။

တိဿသာမဏေသည်မြတ်စွာဘုရားထံချဉ်းကပ်ရှိခိုးပြီး၊ အရဟတ္တဖိုလ် ရောက်အောင်အားထုတ်ရမည့် ကမ္မဋ္ဌာန်းကိုဟောပြစေကာ ဉပဇ္ဈာယ်ဆရာ သာရိပုတ္တထေရ်ကို ရှိခိုးပြီးသပိတ်သင်္ကန်းကိုယူ၊ ကျောင်းမှ ထွက်ခဲ့၍ အနီးအရပ်၌ငါနေခဲ့လျှင်ဆွေမျိုးတို့က ငါ့ကိုပြန်ခေါ်ကြလိမ့်မည်ဟုစဉ်းစားပြီးယူဇနာ(၁၂၀) ခရီးသို့ သွားလေ၏။

ထိုအခါရွာတံခါးဝတစ်ခုဖြင့်သွားစဉ် အဖိုးကြီးတစ်ယောက်ကို မြင်၍ဉပါသကာကြီး၊ ဤအရပ်ဒေသ၌ သီတင်းသုံးကြသော ရဟန်းတော်များ၏ နေဖို့ရာတောကျောင်းရှိပါသလောဟုမေးလေ၏။

ရှင်သာမဏေရှိပါ၏ဘုရား -

ရှိလျှင်သာမဏေအား လမ်းကိုပြောပြပါ။

အဘိုးအို ဉပါသကာ၏ သာမဏေကို မြင်မြင်ချင်းသားကဲ့သို့ ချစ်ခြင်းသည် ဖြစ်လေ၏။

ထိုအခါ သာမဏေအား မေးမြန်းရာအရပ်၌သာ ရပ်လျက် မပြောသေးဘဲ ရှင်သာမဏေကြွပါ. အရှင်အား လမ်းကို ပြောပြပါမည်ဟု သာမဏေကို ခေါ်၍သွားလေ၏။

သာမဏေသည် အဘိုးအိုဉပါသကာနှင့် အတူသွားနေစဉ်အကြားလမ်း ခရီး၌ အပွင့်အသီး မျိုးစုံတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော သစ်ပင်တော တောင်အရပ်တို့ကို တွေ့မြင်လျှင် ဉပါသကာကြီး ဤအရပ်ဒေသသည် အဘယ်မည်သော အရပ်ဒေသပါနည်း။

ဉပါသကာကြီး ဤအရပ်ဒေသ၏ အမည်သည် အဘယ်ပါနည်းဟုမေးလေ၏။

ဉပါသကာကြီးလည်း သာမဏေအား မေးအပ်သောအရပ်ဒေသစသည်တို့၏ အမည်တို့ကို ပြောပြလျက် တောကျောင်းသို့ ရောက်ကြလေသော် -

အရှင်ဘုရား-ဤနေရာသည် ချမ်းသာမည့်နေရာဖြစ်ပါသည်။ ဤနေရာ၌သာ နေတော်မူပါဟု လျှောက်ထားပြီး၊ အရှင်ဘုရား၏ အမည်ကအဘယ်ပါနည်းဟု အမည်ကို မေးလေသော်။

ဉပါသကာကြီး, ကျုပ်သာမဏေသည် ဝနဝါသီတိဿအမည်ရှိပါ၏ဟု ပြန်ပြောလေသော်-

နက်ဖန်တပည့်တော်တို့ရွာ၌ ဆွမ်းခံလှည့်ရန်ပင့်ပါသည်ဘုရား၊ လျှောက်ထားပြီးပြန်ခဲ့၍ ရွာတွင်းသို့ရောက်လေသော်၊ ဝနဝါသီတိဿ သာမဏေသည် တောကျောင်းသို့ရောက်လာသည်။ သာမဏေ အဖို့ ယာဂုဆွမ်း စသည်တို့ကို စီစဉ်ကြပါဟု ရွာနေလူတို့အား ပြောဆိုလေ၏။

သာမဏေသည် ရှေးဦးစွာ တိဿအမည်ရှိသူဖြစ်ခဲ့ပြီး၊ ထို့နောက် ပိဏ္ဍပါတ ဒါယကာတိဿအမည် ကမ္ဗလဒါယကာတိဿအမည်၊ ဝနဝါသီတိဿ အမည်အားဖြင့် အမည်သုံးမျိုးတို့ကိုရခြင်းကြောင့် အသက် ခုနစ်နှစ်အတွင်း၌ အမည်လေးမျိုးတို့ကို ရလေ၏။

တိဿသာမဏေသည် နောက်နေ့စောစောအချိန် ရွာတွင်းသို့ဆွမ်းခံဝင်လေ၏။ ရွာနေလူတို့သည် ဆွမ်းကိုလှူပြီး ရှိခိုးကြကုန်၏။

သာမဏေသည် သုခိတာဟောထ ချမ်းသာသူများဖြစ်ကြပါစေ၊ ဒုက္ခာ မုစ္စထဆင်းရဲမှ လွတ်ကင်း ကြပါစေဟု ပြောလေ၏။

ရွာနေသူတစ်ယောက်သော်လည်း သာမဏေအား ဆွမ်းကိုလှူပြီး တဖန် အိမ်သို့ပြန်သွားရန် မတတ်နိုင်ချေ။ ဆွမ်းလောင်းသူအားလုံးတို့ပင် သာမဏေကို ကြည့်ကြလျက် ရပ်နေကြကုန်၏။

သာမဏေလည်း သူ၏မျှတရုံဆွမ်းကိုသာ ခံယူလေ၏။ ရွာနေသူအားလုံးတို့သည် သာမဏေ၏ ခြေရင်း၌ ရင်ဖြင့်ဝတ်စင်းကုန်လျက် အရှင်ဘုရား - အရှင်ဘုရားတို့ ဤဝါတွင်း သုံးလပတ်လုံး ဤရွာတောကျောင်း၌ သီတင်းသုံးနေကြသော် တပည့်တော်တို့သည် သရဏဂုံသုံးမျိုးတို့ကို ခံယူ၍ ငါးပါးသောသီလတို့၌ တည်ကြပြီး တစ်လ၏အတွင်း ရှစ်ပါးသီလဥပုသ် စောင့်သုံးနေကြရပါမည်။

ဤရွာ ဤကျောင်း၌ နေရန်(နေမည်ဟု) တပည့်တော်တို့အား ပဋိညာဉ်ဝန်ခံမှုကို ပေးတော်မူကြပါဟု လျှောက်ထားကြပါကုန်၏။

သာမဏေသည် ကျေးဇူးတရားကို အမှတ်ပြု၍ ရွာသူရွာသားတို့အား ပဋိညာဉ်ပေးပြီး ထိုရွာ၍သာ နေ့စဉ်မပြတ် ဆွမ်းခံလှည့်လည်၏။

ရှိခိုးတိုင်း-ရှိခိုးတိုင်းခဏ၌လည်း သုခိတာဟောထ ဒုက္ခာ မုစ္စထဟူသော ပုဒ်နှစ်ခုကိုသာ ရွတ်ဆို၍ (ဆုပေး၍)ပြန်ကြွလေ၏။

သာမဏေသည် ထိုရွာတောကျောင်း၌သာ ပထမလ၊ ဒုတိယလတို့ကို ကုန်လွန်စေပြီး တတိယလသို့ ရောက်သော် ပဋိသမ္ဘိဒါတို့နှင့်အတူ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုမှနောက် ပဝါရဏာပြု၍ ဝါကျွတ်ပြီးချိန်၌ သာမဏေ၏ ဥပဇ္ဈာယ်-သာရိပုတ္တရာထေရ်သည် မြတ်စွာဘုရားထံချဉ်းကပ်ရှိခိုးပြီး၊ မြတ်စွာဘုရား တပည့်တော် တိဿသာမဏေထံသွားပါမည်ဟု ပန်ကြား လျှောက်ထားလေ၏။

သာရိပုတ္တသွားပါဟု မြတ်စွာဘုရား ခွင့်ပြုတော်မူ၏။

သာရိပုတ္တထေရ်သည် သူ၏အခြံအရံ ရဟန်းငါးရာတို့ကိုခေါ်၍ ဇေတဝန်ကျောင်းမှ ထွက်ခွာစဉ် (ထွက်ခွာခါနီး) ငါ့ရှင်မောဂ္ဂလာန် တပည့်တော် တိဿသာမဏေထံသွားပါမည်ဟု လျှောက်ထား၏။ မဟာမောဂ္ဂလာန်ထေရ်သည် ငါ့ရှင် သာရိပုတ္တတပည့်တော်လည်း သွားပါမည်ဟု ရဟန်းငါးရာတို့နှင့်အတူ ဇေတဝန်ကျောင်းတော်မှ ထွက်ခွာလေပြီ။

ဤနည်းဖြင့် မဟာကဿပထေရ်၊ အနုရုဒ္ဓါထေရ်၊ ဥပါလိထေရ်၊ ပုဏ္ဏ ထေရ် အစရှိကုန်သော မဟာသာဝကအားလုံးတို့သည် အခြံအရံ ရဟန်းငါးရာ၊ ငါးရာတို့နှင့် အတူ ဇေတဝန်ကျောင်းတော်မှ ထွက်ကြွတော်မူကုန်၏။

မဟာသာဝကအားလုံးတို့၏ အခြံအရံအားလုံးတို့သည် ရဟန်းလေးသောင်းဖြစ်ကုန်၏။

ရဟန်းလေးသောင်းတို့သည် ယူဇနာ(၁၂၀)ခရီးသို့ ကြွတော်မူကြ၍ တိဿသာမဏေ၏ ဆွမ်းခံရွာသို့ရောက်ကြကုန်၏။

သာမဏေ၏ နိဗဒ္ဓဥပဋ္ဌာက (အမြဲဝေယျာဝစ္စပြုသူ) ဥပါသကာသည် ရွာတံခါးဝ၌ပင် ရဟန်းတို့ကို မြင်၍ ခရီးဦးကြိုပြီး ရှိခိုးလေ၏။

ထိုအခါ ဥပါသကာကို သာရိပုတ္တထေရ်က ဥပါသကာ-ဤအရပ်ဒေသ၌ တောကျောင်းရှိသလောဟု မေးတော်မူသည်။

အရှင်ဘုရား, ရှိပါသည်။

ရဟန်းရှိသလော မရှိသလော၊

အရှင်ဘုရား, ရဟန်းရှိပါသည်။

ထိုတောရကျောင်း၌ အဘယ်အမည်ရှိသော ရဟန်းနေသနည်း။

အရှင်ဘုရား ဝနဝါသီတိဿသာမဏေနေပါသည်။
သို့ဖြစ်လျှင် ငါတို့အား သွားရာလမ်းကို ပြောပြပါ။
အရှင်ဘုရား-အရှင်ဘုရားတို့က အဘယ်ပုဂ္ဂိုလ်များပါနည်း။
ငါတို့သည်-သာမဏေထံလာကြသည်ဟု မိန့်တော်မူ၏။

ဥပါသကာသည် သေချာစွာ ကြည့်လေသော် ဓမ္မသေနာပတိသာရိပုတ္တထေရ်ကို အစပြုကာ မဟာသာဝကအားလုံးတို့ကို ကောင်းစွာမှတ်မိသဖြင့်ပီတိဖြင့်မပြတ်တွေ့ထိအပ်သော ကိုယ်ရှိလျက် အရှင်ဘုရားတို့ ရပ်တော်မူကြပါဦးဟုလျှောက်ထားကာ လျင်မြန်သောအဟုန်ဖြင့် ရွာတွင်းသို့ဝင်၍ သာရိပုတ္တထေရ်ကို အစပြု၍ရှစ်ကျိပ်သော မဟာသာဝကအရှင်မြတ်တို့ မိမိ-မိမိ အခြံအရံတို့နှင့်အတူ ဝနဝါသီတိဿသာမဏေထံသို့ ကြွလာတော်မူကြသည်။ ညောင်စောင်း၊ အင်းပျဉ် အိပ်ယာခင်း၊ ဆီမီးထွန်းရန် ဆီအစရှိသည်တို့ကိုယူ၍ လျင်မြန်စွာ ထွက်ခဲ့ကြပါလော့ဟု ဟစ်အော်ကြွေကြော်နှိုးဆော်လေ၏။

ရွာသူရွာသားတို့သည် တခဏချင်းပင် ညောင်စောင်းအစရှိသည်တို့ကို ယူကြပြီးမထေရ်တို့၏ ခြေရာကိုအစဉ်လိုက်သော ခြေရှိကုန်၍(ခြေရာထပ်ကြပ်လိုက်ကုန်၍) မထေရ်တို့နှင့်အတူသာ တောကျောင်းသို့ ဝင်ကြကုန်၏။

တိဿသာမဏေသည် ရဟန်းသံဃာကို ကောင်းစွာမှတ်မိ၍ နှစ်ပါးသုံးပါးသော မထေရ်တို့၏ သပိတ်သက်န်းတို့ကို လှမ်းယူကာ ဝတ်ပြုလေ၏။

တိဿသာမဏေသည် မထေရ်တို့ သီတင်းသုံးရန်နေရာ စီစဉ်နေစဉ် သပိတ်သက်နှင်းကို သိုမှီးသိမ်းဆည်းနေစဉ်မှာပင် အမိုက်မှောင်ဖြစ်လာလေ၏။

သာရိပုတ္တထေရ်သည် ဥပါသကာတို့ ပြန်ကြကုန်လော့ သင်တို့မှာ အမိုက်မှောင်ဖြစ်လာပြီဟု ဥပါသကာတို့ကို မိန့်တော်မူ၏။

အရှင်ဘုရား-ဤနေ့သည် တရားနာမည့်နေ့ဖြစ်ပါသည်။ တပည့်တော်များ ပြန်ကြမည်မဟုတ်ပါ၊ တရားကိုနာကြပါမည်။ ဤနေ့မှရှေ့ဖြစ်သောနေ့၌ တရားနာရခြင်းလည်း မရှိပါဟု လျှောက်ထားကြလေ၏။

သာရိပုတ္တထေရ်သည် သာမဏေဝနဝါသီတိဿ ဥပါသကာတို့က တရားနာယူလိုကြသောကြောင့် ဆီမီးညှိထွန်း၍ တရားနာရန်အချိန်ကို ကြွေးကြော်လေလော့ဟု ခိုင်းတော်မူသည်။

သာမဏေသည် ခိုင်းသည့်အတိုင်းပြုလေ၏။

တရားဟောချိန်ရောက်သောအခါ တိဿသာမဏေကို သာရိပုတ္တထေရ်က တိဿသင်၏ အလုပ်အကျွေး ဒါယကာတို့က တရားနာလိုကြပါသည်ဟု လျှောက်ထားကြသည်။ ဒကာတို့အား တရားဟောလော့ဟု မိန့်တော်မူသည်။

ဥပါသကာတို့သည် တစ်ပြိုင်နက်ထကြပြီး -

အရှင်ဘုရား-တပည့်တော်တို့၏ အရှင်တိဿသည် သုခိတာဟောထ ဒုက္ခာ မုစ္စထဤနှစ်ပုဒ်တို့ကို ထား၍ အခြားသောတရားစကားကို မသိပါ၊ တပည့်တော်တို့က အရှင်တိဿမှ တခြားဓမ္မကထိကကို ပေးတော်မူကြပါဟု လျှောက်ထားလေကုန်၏။

တိဿသာမဏေသည်ကား အရဟတ္တဖိုလ်သို့ရောက်ပြီးဖြစ်သော်လည်း အလုပ်အကျွေးဒကာတို့အား တရားမဟောသည်သာဖြစ်၏။

ထိုအချိန်အခါ၌ တိဿသာမဏေကို ဥပဇ္ဈာယ်သာရိပုတ္တထေရ်က သာမဏေတိဿ အဘယ်သို့

ချမ်းသာကြသည်၊ အဘယ်သို့ဆင်းရဲမှလွတ်ကြသည်၊ ဟူသော ဤနှစ်ပုဒ်တို့၏ အနက်ကို ငါတို့အားဟောပြပါဟု မိန့်တော်မူသည်။

တိဿသာမဏေသည် အရှင်ဘုရား ကောင်းပါပြီဟု လျှောက်ထားပြီး ဆန်းကြယ်သော ရပ်ဝန်းကိုကိုင်၍ ဓမ္မာသန တရားဟောပလ္လင်ထက်သို့ တက်ကာနိကာယ်ငါးခုတို့မှ အကျိုးကိုလည်းကောင်း၊ အကြောင်းကိုလည်းကောင်း ဆွဲငင်၍တခဲနက် ရွာသွန်းသော စာတုဒ္ဒီပကမဟာမေဃ လေးကျွန်းလုံးနှံ့သော မိုးကြီးကဲ့သို့ ခန္ဓာဓာတ် အာယတန ဗောဓိပက္ခိယတရားတို့ကိုခွဲခြား ဝေဖန်လျက် အရဟတ္တဖိုလ်အထွတ်ဖြင့် တရားစကားကိုဟောကြား၍ -

အရှင်ဘုရား, ဤသို့အရဟတ္တဖိုလ်ရောက်သူ၏ ချမ်းသာဖြစ်၍ အရဟတ္တဖိုလ်ရောက်သူသာလျှင် ဆင်းရဲမှလွတ်၏။ ကျန်ပုဂ္ဂိုလ်တို့သည် ဇာတိဒုက္ခစသည်တို့မှလည်းကောင်း ငရဲ၌ ဆင်းရဲစသည်တို့မှလည်းကောင်း၊ မလွတ်ကြလေကုန်ဟု လျှောက်ထားလေ၏။

သာမဏေတိဿကောင်းပါပေ၏။ သင်သည် ဉာဏ်အမြင်ကို ဟောပြအပ်ပေသည်၊ ယခုအသံထုတ်၍ ရွတ်ဆိုအပ်သောတရားကို ရွတ်ဆိုပါဦးဟု မိန့်တော်မူ၏။ တိဿသာမဏေသည် အသံဖြင့်ရွတ်ဆိုအပ်သော တရားကိုလည်းရွတ်ဆိုလေ၏။ အာရုံတက်လတ်သော် တိဿသာမဏေ၏ အလုပ်အကျွေးလူတို့သည် နှစ်ဖို့နှစ်စုဖြစ်ကုန်၏။

အချို့လူတို့သည်-ငါတို့သည် ဤအချိန်မှ ရှေ့အဖို့က ဤသို့သဘောရှိသောကြမ်းကြုတ်သူကို စင်စစ် မမြင်ဘူးချေ။ မြင်အပ်ဖူးသည်မဟုတ် ဒေဘယ်မည်သော အကြောင်းကြောင့် ဤသို့သဘောရှိသော ဓမ္မကထာကို သိပါလျက် ဤမျှလောက်သော ကာလပတ်လုံးမိဘတို့၏ နေရာ၌ရပ်တည်နေကြကာ လုပ်ကျွေးကြကုန်သော လူတို့အားတရားတစ်ပုဒ်ကိုသော်လည်း မဟောဘူးချေဟု အမျက်ထွက်ကြကုန်၏။

အချို့လူတို့သည် ငါတို့မှာအရတော်ကြပါပေကုန်၏။ ငါတို့သည်ဤသို့ သဘောရှိသော သာမဏေအရှင်ကောင်းကို ဂုဏ်ရှိသည်ကိုလည်းမသိ၊ ဂုဏ်မရှိသည်ကိုလည်း မသိကြဘဲပြုစုလုပ်ကျွေးခဲ့ကြပြီ၊ ယခုမှာမူကား ထိုတိဿ သာမဏေ၏အထံ၌ တရားနာခွင့်ရခဲ့ကြပြီဟု နှစ်သက်ကြကုန်၏။

မြတ်စွာဘုရားသည်လည်း ထိုနေ့လင်းအားကြီးအချိန်၌ သတ္တလောကကို ကြည့်တော်မူလတ်သော် ဝနဝါသီတိဿသာမဏေ၏ အလုပ်အကျွေးတို့ ကိုယ်တော်၏ဉာဏ်ကွန်ယက်အတွင်း၌ ဝင်နေသည်တို့ကို မြင်တော်မူ၍ အဘယ်သို့ဖြစ်လိမ့်မည်နည်းဟု ဆင်ခြင်ပြန်သော် -

ဝနဝါသီတိဿသာမဏေ၏ အလုပ်အကျွေးအချို့တို့သည် နှစ်သက်ကျေနပ်ကြကုန်၏။

အချို့တို့သည် စိတ်ဆိုး၊စိတ်ပျက်ဒေါသထွက်ကြကုန်၏။ ငါဘုရား၏သားတော် သာမဏေအား အမျက်ထွက်သူတို့သည် ငရဲအဖို့ရှိသူများဖြစ်ကြလိမ့်မည်။ ထိုနေရာသို့ ငါဘုရားသွားထိုက်သည်သာဖြစ်၏။

ငါဘုရားသွားခဲ့သော် အလုံးစုံသောလူတို့သည် သာမဏေအပေါ်၌ မေတ္တာစိတ်ကိုထားကြ၍ ဆင်းရဲမှလွတ်မြောက်ကြလိမ့်မည်ဟူသော ဤအကြောင်းကို ဆင်ခြင်မိလေ၏။

ထိုလူတို့လည်း ရဟန်းသံဃာကို ပင့်လျှောက်၍ ရွာတွင်းသို့သွား၊ မဏ္ဍပ်ကိုထိုး ယာဂုဆွမ်း စသည်တို့ကို ပြည့်စေ၊ နေရာတို့ခင်း၍ သံဃာတော်၏ ကြွလာမည့်လမ်းကို မျှော်ကြည့်ကြလျက် ထိုင်နေကုန်၏။

ရဟန်းတို့လည်း ကိုယ်လက်သုတ်သင်ခြင်းကို ပြုကြပြီး ဆွမ်းခံဝင်ချိန်၌ ရွာတွင်းသို့ ဆွမ်းခံဝင်ကြမည်ဖြစ်၍ တိဿသာမဏေ သင်ငါတို့နှင့်အတူ လိုက်မည်လော၊ သို့မဟုတ် နောက်မှလာမည်လောဟု သာမဏေကို မေးကြကုန်၏။

အရှင်ဘုရားတို့ တပည့်တော်သည် သွားချိန်၌သာသွားပါမည်၊ အရှင်ဘုရားတို့ ကြွတော်မူကြပါဟု လျှောက်ထားလေ၏။

ရဟန်းတို့သည် သပိတ်သင်္ကန်းကိုယူ၍ ရွာတွင်းသို့ ဆွမ်းခံဝင်ကြလေကုန်၏။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌သာ သင်္ကန်းကိုရုံသပိတ်ယူ၍ စိတ္တက္ခဏတစ်ချက် အချိန်ဖြင့်သာ ကြွတော်မူ၍ ရဟန်းတို့၏ရှေ့၌ ရပ်လျက်နေသော ကိုယ်တော်ကို ပြတော်မူသည်။

မြတ်စွာဘုရားကြွလာတော်မူသည်ဟု ရွာအားလုံး တုန်လှုပ်ချောက်ခြားကုန်လျက်တပြိုင်နက် အုတ်အုတ်ကျက်ဖြစ်လေ၏။

လူတို့သည် တက်ကြွသောစိတ်ဖြစ်ကြကုန်လျက် ဘုရားအမှူးရှိသော ရဟန်းသံဃာကို သီတင်းသုံး စေကာ ယာဂုကိုကပ်ပြီး၊ ခဲဖွယ်ကိုလှူကြကုန်၏။

တိဿသာမဏေသည် ရဟန်းတော်တို့ဆွမ်းဘုဉ်းပေးမပြီးမီမှာပင် ရွာတွင်းသို့ဆွမ်းခံဝင်လာပြီး ရွာသူရွာသားတို့သည် တိဿသာမဏေအား ရိုသေစွာဆွမ်းလှူကြကုန်၏။ သာမဏေသည် မျှတရုံဆွမ်းကို ခံယူ၍ မြတ်စွာဘုရားထံ သွားပြီးသပိတ်ကို မြတ်စွာဘုရားအနီး၌ ညွတ်စေ၏(ကပ်လှူ၏) မြတ်စွာဘုရား သည် တိဿယူခဲ့ဟုမိန့်ကာ လက်တော်ဆန့်၍သပိတ်ကိုကိုင်ပြီး သာရိပုတ္တသင့် သာမဏေ၏သပိတ်ကို ကြည့်ပါဟု မိန့်တော်မူကာ သာရိပုတ္တထေရ်အား ပေးတော်မူ၏။

သာရိပုတ္တေထေရ်သည် မြတ်စွာဘုရားလက်တော်မှ သပိတ်ကိုယူပြီး သာမဏေအားပေး၍ သွားတော့သင့်အဖို့ရောက်သည်နေရာ၌ထိုင်၍ ဆွမ်းကိစ္စကိုပြုလော့(ဆွမ်းစား)ဟု မိန့်တော်မူ၏။

ရွာသူရွာသားတို့သည် ဘုရားအမှူးရှိသောရဟန်းသံဃာကို ဆက်ကပ်ကျွေးမွေးပြီး မြတ်စွာဘုရား အားရှိခိုး၍ အနုမောဒနာကိုတောင်းပန်ကြကုန်၏။ မြတ်စွာဘုရားသည် အနုမောဒနာကိုပြုတော်မူလတ်သော် ဤသို့မိန့်တော်မူသည်။

ဥပါသကာတို့ အကြင်သင်တို့သည် မိမိတို့၏ ကုလူပက သာမဏေကိုအမှီပြု၍ သာရိပုတ္တ၊ မောဂ္ဂလာန်၊ ကဿပ၊ အနုရုဒ္ဓါ အစရှိကုန်သောမဟာ သာဝကရှစ်ကျိပ်တို့ကို ဖူးမြော်ခွင့်ရကြသည်။ ငါဘုရား သည်လည်း သင်ဥပါသကာတို့၏ ကုလူပကသာမဏေကိုပင် အကြောင်းပြု၍ကြွလာပေသည်။ သင်တို့သည် ဤသာမဏေကိုအမှီပြု၍သာ ဘုရားဖူးမြင်ခြင်းကိုလည်း ရအပ်ပေသည်။

ထိုသင်တို့သည် အရတော်ကြလေကုန်စွ၊ သင်တို့သည်အရကောင်းကိုရကြပေသည်။ သင်တို့သည် လူ့အဖြစ်ကို ကောင်းစွာရအပ်ပြီဟုမိန့်တော်မူသည်။

လူတို့သည် စိတ်ကူးကြပြန်သည်။ ငါတို့၏ လူ့ဘဝရခြင်းတို့သည် အံ့သြဖွယ်ရှိကုန်၏၊ ဘုရားရှင် တို့၏လည်းကောင်း၊ ရဟန်းသံဃာ၏လည်းကောင်း နှစ်သက်စေခြင်းငှာ စွမ်းနိုင်သော ငါတို့၏အရှင်ကောင်း သာမဏေကို ဖူးမြော်ခွင့်ရကြကုန်၏၊ သာမဏေအား လှူဖွယ်ပစ္စည်းကိုလည်း ပေးလှူခွင့်ရကြကုန်၏ဟု သာမဏေအား အမျက်ထွက်သူလူတို့သည် နှစ်သက်ဝမ်းမြောက်ကြကုန်၏၊ နှစ်သက်ဝမ်းမြောက်ပြီး လူတို့သည် အတိုင်းထက်အလွန် ကြည်ညိုကြကုန်၏။

အနုမောဒနာအဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။

မြတ်စွာဘုရားသည် နေရာမှထကာ ထွက်တော်မူပြီး လူတို့သည်မြတ်စွာဘုရားကို လိုက်ပို့ရှိခိုးပြီး ပြန်လှည့်လာကြကုန်၏။

မြတ်စွာဘုရားသည် သာမဏေနှင့်အတူ ရင်ဘောင်တန်းခြင်းဖြင့် ကြွတော်မူလျက် သာမဏေ-

ဤအရပ်ဒေသသည် အဘယ်အမည်ရှိသနည်း၊ ဤအရပ်ဒေသသည် အဘယ်အမည်ရှိသနည်းဟု ရှေ့ပိုင်း အချိန်က သာမဏေအား အဘိုးအိုဒကာကြီး ပြောပြအပ်သော အရပ်ဒေသတို့ကိုမေးလျက် ကြွတော်မူသည်။

သာမဏေလည်း မြတ်စွာဘုရား ဤအရပ်ဒေသသည် ဤအမည်ရှိပါ၏၊ ဤအရပ်ဒေသသည် ဤအမည်ရှိ၏ဟု ဖြေကြားလျှောက်ထားလျက်သာ ကြွလေ၏။

မြတ်စွာဘုရားသည် တိဿသာမဏေ၏ နေထိုင်ရာအရပ်သို့ ရောက် တော်မူပြီး တောင်ထိပ်ပေါ်သို့ တက်တော်မူ၏။

ထိုတောင်ထိပ်၌ ရပ်နေသူတို့အား မဟာသမုဒ္ဒရာသည် ပေါ်လွင်ထင်ရှားလေ၏။

မြတ်စွာဘုရားသည် သာမဏေကို မေးတော်မူသည်။

တိဿတောင်ထိပ်ပေါ်၌ ရပ်နေသောသင်သည် ဤအရပ် ထိုအရပ်သို့ ကြည့်လျှင် ဘာကိုမြင်ရ သနည်း၊

မြတ်စွာဘုရား မဟာသမုဒ္ဒရာကို မြင်ရပါသည်။

မဟာသမုဒ္ဒရာကိုမြင်ပြီး သင်ဘယ်လိုစဉ်းစားမိသနည်း၊

ငါဆင်းရဲချိန်က ငိုကြွေးစဉ်သမုဒ္ဒရာလေးစင်းရေတို့ထက် အထူးပိုလွန်သောမျက်ရည်ရှိသူဖြစ်ရာ၏။ ဤသို့စိတ်ကူးမိပါသည် မြတ်စွာဘုရား။

တိဿ-ဟုတ်ပေစွ၊ ဟုတ်ပေစွ၊ သင်ပြောသည့်အတိုင်းမှန်ပေ၏။

တစ်ယောက်ယောက်သော သတ္တဝါ၏ဆင်းရဲချိန်က ယိုစီးခဲ့သော မျက်ရည်တို့သည် မဟာသမုဒ္ဒရာ လေးစင်းရှိရေတို့ထက် ပိုလွန်ကုန်သည်သာဖြစ်ကုန်၏ဟူသော ဤစကားတော်ကိုမိန့်တော်မူကာ -

စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊

တတော ဗဟုံ အဿုဇလံ အနပ္ပကံ။

ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊

ကိံကာရဏာ သမ္မ တုဝံ ပမဇ္ဇသိ-

ဟူသော ဤဂါထာကို ဟောတော်မူသည်။

စတူသု သမုဒ္ဒေသု-သမုဒ္ဒရာလေးစင်းတို့၌၊ ဇလံ-ရေသည်၊ ပရိတ္တကံ- နည်းပါးလှ၏၊ တတော- ထိုသမုဒ္ဒရာလေးစင်းရေထက်၊ ဒုက္ခေန-ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲသည်၊ ဖုဋ္ဌဿ-တွေ့ထိအပ်သော၊ နရဿ- သတ္တဝါ၏၊ လူ၏၊ သောစနာ-စိုးရိမ်ခြင်းကြောင့်(ပဂ္ဃရိတံ-ယိုစီးသော) အဿုဇလံ-မျက်ရည်သည်၊ အနပ္ပကံ- အနည်းငယ်မဟုတ်၊ ဗဟုံ-များလှချေ၏။

သမ္မ-အဆွေ၊ တုဝံ-သင်သည်၊ ကိံ-ကာရဏာ-အဘယ်အကြောင်းကြောင့်၊ ပမဇ္ဇသိ-မေ့လျော့နေဘိသနည်း။

ထို့နောက် တိဿသာမဏေကို နောက်ထပ် -

တိဿသာမဏေ-သင်အဘယ်၌နေသနည်းဟု မြတ်စွာဘုရားက မေးတော်မူသည်။

မြတ်စွာဘုရား တပည့်တော် ဤတောင်ချိုင့်ဝှမ်း၌ နေပါသည်ဘုရား။

တောင်ချိုင့်ဝှမ်း၌နေသော သင်သာမဏေသည်ဘာကို စိတ်ကူးမိသနည်း၊

မြတ်စွာဘုရား ဤနေရာ၌သေခဲ့သော တပည့်တော်သည်ပြုအပ်သော - အလောင်းကောင် ပစ်ချခြင်း၏၊ ဝါ၊ ပစ်ချသော အလောင်းကောင်၏ အရေ အတွက် အပိုင်းအခြားမရှိပြီဟု စိတ်ကူးမိပါသည် မြတ်စွာဘုရား။

တိဿ-မှန်ပေ၏၊ မှန်ပေ၏၊ သင်လျှောက်ထားအပ်သော စကားသည် မှန်ပေ၏၊ ဤသတ္တဝါတို့အား (ဤသတ္တဝါတို့၏) မြေကြီးပေါ်၌ အိပ်၍မသေရာ အရပ်မည်သည်မရှိဟု မိန့်တော်မူပြီး -

ဥပသာဠက နာမာနိ၊ သဟဿာနိ စတုဒ္ဒသ၊
အသ္မိံပဒေသေ ဒၑ္ဍာနိ၊ နတ္ထိလောကေ အနာမတံ၊
ယမ္ဟိ သစ္စဉ္စ ဓမ္မောစ၊ အဟိံသာ သံယမော ဒမော။
ဧတံ အရိယာ သေဝန္တိ၊ ဧတံလောကေ အနာမတံ။

ဟူသော ဒုကနိပါတ်၌ ဤဥပသာဠကဇာတ်ကို ဟောတော်မူသည်။

မာဏဝ-ဥပသာဠကနာမထင်ရှား ဖပုဏ္ဏားဏ်၊ တိုးပွားချစ်ခင် အိုသား လုလင်၊ အသ္မိံပဒေသေ-ဤအရပ်ဤဒေသ၌၊ ဥပသာဠကနာမာနိ-ဥပသာဠက ချည်း အမည်ရှိကုန်သော၊ စတုဒ္ဒသ-သဟဿာနိ-လူတစ်သောင်းလေးထောင်တို့ကို၊ ဒၑ္ဍာနိ-မီးရှို့သဂြိုဟ်အပ်ကုန်ပြီ၊ လောကေ-သြကာသလောက၌ အနာမတံ-န-အမတံ-မသေဘူးရာအရပ်သည်၊ နတ္ထိ-မရှိချေ။ ယမ္ဟိ-အကြင် ပုဂ္ဂိုလ်၌၊ သစ္စဉ္စ-မဂ်၏ ရှေးအဖို့၌ဖြစ်သော လောကီသစ္စာသည်လည်းကောင်း၊ ဓမ္မောစ-လောကုတ္တရာတရားသည်လည်းကောင်း၊ အဟိံသာစ-သတ္တဝါတို့ကို မညှင်းဆဲကြောင်း ကရုဏာတရားသည်လည်းကောင်း၊ သံယမောစ-သီလကို စောင့်ဆည်းခြင်းသည်လည်းကောင်း၊ ဒမောစ-စက္ခုစသော ဣန္ဒြေကို ဆုံးမခြင်းသည်လည်းကောင်း၊ အတ္ထိ-ရှိလေ၏။

ဧတံ-ထိုပုဂ္ဂိုလ်ကို၊ အရိယာ-အရိယာ ပုဂ္ဂိုလ်တို့သည်၊ သေဝန္တိ-ဆည်းကပ် ကြကုန်၏၊ ဧတံ-ဆိုခဲ့ပြီးသောတရားအပေါင်းသည်၊ လောကေ-သြကာသ လောက၌၊ အနာမတံ-မသေရာအရပ်မည်၏။

ဤသို့မြေပေါ်၌ အလောင်းကောင်ကို ပစ်ချ၍ သေကြသောသတ္တဝါတို့တွင် မသေဘူးရာအရပ်၌ သေကြသူတို့မည်သည် မရှိလေကုန်။ အထူးဆိုရလျှင် အာနန္ဒာထေရ်နှင့်တူကုန်သော ပုဂ္ဂိုလ်တို့သည် မသေဘူးသောအရပ်၌ ပရိနိဗ္ဗာန်ပြုကြကုန်၏။

## <u>အကျယ်စကားကို ဆိုဦးအံ့</u>

အာနန္ဒာထေရ်သည် သက်တော်နှစ်(၁၂၀)ရှိရာအချိန်၌ အာယုသင်္ခါရကို ကြည့်တော်မူလေသော် ကုန်တော့မည်ကို သိတော်မူ၍ ဤနေ့မှခုနစ်ရက်မြောက်သောနေ့၌ ပရိနိဗ္ဗာန်ပြုမည်ဟု ပြောကြားလေ၏။ ထိုသတင်းစကားကိုကြားကြ၍ ရောဟိနီမြစ်ကမ်းနှစ်ဘက်၌ နေကြသောလူတို့တွင် ဤဘက်ကမ်း၌ နေသူတို့က ငါတို့သည် အာနန္ဒာထေရ်၏ ကျေးဇူးများသူတို့ ဖြစ်ကြသည်၊ ငါတို့၏အနီး၌ ပရိနိဗ္ဗာန်ပြုလိမ့်မည်ဟု ပြောကြသည်။ ရောဟိနီမြစ် ထိုဘက်ကမ်း၌ နေသူတို့ကလည်း ငါတို့သည် အာနန္ဒာထေရ်၏ ကျေးဇူးများသူတို့ ဖြစ်ကြသည်၊ ငါတို့၏အနီး၌ ပရိနိဗ္ဗာန်ပြုလိမ့်မည်ဟု ပြောကြပြန်သည်။

အာနန္ဒာထေရ်သည် နှစ်ဘက်နေသူထိုလူတို့၏ ပြောစကားကိုကြားတော်မူသော်၊ မြစ်ကမ်းနှစ်ဘက်၌ နေသူတို့သည် ငါ၏ကျေးဇူးရှိသူတို့ ချည်းတည်း၊ ဤမည်သောသူတို့သည် ကျေးဇူးမရှိသူတို့ဟု ပြောဆိုရန် မသင့်တော်၊ ငါသည်အကယ်၍ ဤဘက်ကမ်း၌ ပရိနိဗ္ဗာန်ပြုခဲ့လျှင် ထိုဘက်ကမ်းနေသူတို့သည် ဓာတ်တော်ယူရန်အတွက် ဤဘက်ကမ်းနေသူတို့နှင့်အတူ ခိုက်ရန်ပြုကြလိမ့်မည်။

အကယ်၍ ထိုဘက်ကမ်း၌ ပရိနိဗ္ဗာန်ပြုလျှင် ဤဘက်ကမ်းနေလူတို့လည်း ထိုနည်းတူခိုက်ရန်ပြုကြလိမ့်မည်၊ ခိုက်ရန်ဖြစ်ခဲ့သော်လည်း ငါ့ကိုအမှီပြု၍သာဖြစ်လိမ့်မည်၊ ခိုက်ရန်ငြိမ်းသော်လည်း ငါ့ကိုအမှီပြု၍သာ ငြိမ်းလိမ့်မည်ဟု ကြံ၍ ဤဘက်ကမ်းနေလူတို့လည်း ငါ၏ကျေးဇူးရှိသူတို့တည်း၊ ထိုဘက်ကမ်း

လူတို့လည်း ငါ၏ကျေးဇူးရှိသူတို့ပင်တည်း၊ ကျေးဇူးမရှိသူဟူ၍ မရှိပြီ။

ဤဘက်ကမ်းနေလူတို့သည် ဤဘက်ကမ်း၌သာ စုနေကြစေ၊ ထိုဘက်ကမ်းနေလူတို့လည်း ထိုဘက်ကမ်း၌သာ စုနေကြစေဟု မိန့်ထားတော်မူသည်။

ထိုနေ့မှ ခုနစ်ရက်မြောက်နေ့တွင် ရောဟိနီမြစ်အလယ်၊ ထန်းပင်ခုနစ် ပင်အမြင့်ပမာဏရှိသော ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူကာ လူအပေါင်းအားတရားဟောပြီး-ငါ၏ကိုယ်ကောင်သည် အလယ်၌ကွဲ၍ တစ်ဖို့သည် ဤဘက်ကမ်း၌ကျပါစေ တစ်ဖို့သည်ထိုဘက်ကမ်း၌ကျပါစေဟု အဓိဋ္ဌာန်၍ ထိုင်မြဲထိုင်လျက်ပင် တေဇောဓာတ်အဘိညာဉ်ကို ဝင်စားတော်မူပြီး၊ မီးလျှံတို့သည်တက်ကုန်၏။

အလောင်းကောင်သည် အလယ်၌ကွဲ၍တစ်ဖို့သည် ဤဘက်ကမ်း၌ကျလေ၏၊ တစ်ဖို့သည် ထိုဘက်ကမ်း၌ ကျလေ၏။ ထိုအချိန်အခါတွင် လူအပေါင်းသည် ငိုကြွေးလေ၏၊ ငိုကြွေးသံသည် မြေကြီးပြိုသံနှင့်တူလေ၏။

မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုချိန်၌ ငိုသည်ထက်လည်း အလွန်သနားဖွယ်အသံဖြစ်လေ၏။

လူတို့သည် လေးလပတ်လုံးပြင်းပြင်းထန်ထန် ငိုကြွေးကြကာ မြတ်စွာဘုရား၏သပိတ်သက်န်းကို ကိုင်ဆောင်သော ပုဂ္ဂိုလ်တည်ရှိနေလျှင် ငါတို့အဖို့ မြတ်စွာဘုရားတည်ရှိချိန်နှင့်အတူဖြစ်သည်။

ယခုအခါငါတို့၏ဆရာ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုလေပြီတကားဟု တမ်းတငိုကြွေး နေထိုင်ကြလေကုန်သတည်း။

မြတ်စွာဘုရားသည် တိဿသာမဏေကိုနောက်ထပ်မေးတော်မူသည်။

တိဿသာမဏေဤတောအုပ်၌နေသောသင်သည် သစ်၊ ကျား စသည်တို့၏အသံဖြင့် ကြောက်သလော၊ မကြောက်သလော။

မြတ်စွာဘုရား-တပည့်တော်မကြောက်ပါ-မကြောက်သည့်ပြင် ထိုသတ္တဝါတို့၏အသံကိုကြားရလျှင် တပည့်တော်၏တော၌ မွေ့လျော်မှုအမှန်ဖြစ်ပါသည်ဘုရားဟု လျှောက်ထားကာ ဂါထာခြောက်ဆယ်တို့ဖြင့် တောကို ချီးမွမ်းကြောင်းစကားကို(တောလားကို) လျှောက်ထားလေ၏။

ထို့နောက် တိဿသာမဏေကို မြတ်စွာဘုရားက တိဿသာမဏေဟု ခေါ်တော်မူသည်။

· မြတ်စွာဘုရားအဘယ်ပါနည်း အမိန့်ရှိတော်မူပါဟု လျှောက်ထား၏။

တိဿသာမဏေ-ငါတို့ပြန်ကြတော့မည် သင်လိုက်မည်လား၊ သင့်နေရာ၌ နေရစ်မည်လား၊

မြတ်စွာဘုရား-တပည့်တော်၏ဥပဇ္ဈာယ်ဆရာက တပည့်တော်ကိုခေါ်၍ ကြွလျှင်လိုက်ခဲ့ပါမည်။ ပြန်စေလိုလျှင် ပြန်နေပါမည်ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ ထွက်ခွာကြွတော်မူသည်။

တိဿသာမဏေ၏ သူ့တောကျောင်းသို့ ပြန်နေလိုသော အတွင်းအဇ္ဈာသယဆန္ဒရှိ၏။

သာရိပုတ္တထေရ်သည် သာမဏေ၏ထိုဆန္ဒကို သိတော်မူ၍-တိဿ သာမဏေသင်ပြန်လိုလျှင် ပြန်နေရစ်လော့ဟု မိန့်တော်မူသည်။

တိဿသာမဏေသည် မြတ်စွာဘုရားကိုလည်းကောင်း ရဟန်းသံဃာကိုလည်းကောင်း ရှိခိုး၍ တောကျောင်းသို့ ပြန်လာလေ၏။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်သို့သာ ကြွတော်မူလေပြီ။

ရဟန်းတို့၏ မဓ္ဓသဘင်၌ စကားဖြစ်ပေါ်လာ၏။

→ အံ့သြဖွယ်ရှိပါပေစွ၊ ဝနဝါသီတိဿသာမဏေသည် ပြုဖို့ခက်သော အလုပ်ကို ပြုလေ၏။

သာမဏေ၏ပဋိသန္ဓေယူချိန်မှစ၍ မိဘဆွေမျိုးတို့သည် မင်္ဂလာခုနစ်ကြိမ်တို့၌ ရဟန်းငါးရာတို့အား ရေမပါသောနွား၏နို့ဖြင့် ချက်အပ်သော ချိုမြိန်သောအရသာရှိသော နွားနို့ဆွမ်းကိုသာ ပေးလှူခဲ့ကြသည်၊ သာမဏေပြုပြီးရာ အချိန်၌ ဇေတဝန်ကျောင်းတော်အတွင်း ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအား ယခင်နည်းနွားနို့ဆွမ်းကိုသာ ပေးလှူကြသည်။ သာမဏေဖြစ်ပြီး ရှစ်ရက်မြောက်နေ့တွင် မြို့တွင်းသို့ဝင်လျက် နှစ်ရက်တည်းဖြင့်သာ ကမ္ဗလာအဝတ်ထည် တစ်ထောင်နှင့်အတူဆွမ်းဝတ်တစ်ထောင်ကို ရခဲ့လေပြီ။

နောက်တစ်နေ့၌ ကမ္ဗလာအဝတ်တစ်ထောင်ကိုရခဲ့လေပြီ၊ ဤသို့လျှင် တိဿသာမဏေ၏ ဤဇေတဝန်ကျောင်း၌ နေချိန်တွင်များစွာသော လာဘ သက္ကာရဖြစ်ခဲ့ပြီ။

ယခုအခါ ဤသို့သဘောရှိသော လာဘသက္ကာရကို စွန့်ပစ်၍တောဝင်ပြီး အကောင်းအဆိုးနှစ်မျိုး ရောပြွမ်းသော အာဟာရဖြင့်မျှတနေသည်၊ တိဿ-သာမဏေသည် စင်စစ်ပြုနိုင်ခက်သောအမှုကို ပြုပါပေ၏ ဟူသော စကားဖြစ်ပေါ်လေ၏။

မြတ်စွာဘုရားကြွလာတော်မူပြီး၊ အကြောင်းကို မေးမြန်းတော်မူပြီး ဤသို့ မိန့်တော်မူသည်။

ရဟန်းတို့ ဟုတ်ပေ၏၊ လာဘူပနိသာမည်သော လာဘ်ကိုအမှီပြု၍ ကျင့်သောအကျင့်သည် တခြား ဖြစ်၏၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်သည်တခြားဖြစ်၏။

ဤသို့ကျင့်လျှင် လာဘ်ရလိမ့်မည်အကြံဖြင့် အာရညကင်အစရှိသော ဓုတင်ကိုဆောက်တည် ကျင့်သုံးခြင်းအားဖြင့် လာဘ်ကိုမှီသောအကျင့်ကို စောင့်ရှောက်သော ရဟန်း၏အပါယ်လေးဘုံတို့သည် တံခါးပွင့်ကုန်လျက်သာ တည်နေကုန်၏။

နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကြောင့်ဖြစ်ပေါ်လာသော လာဘ်သပ်ပကာကိုပယ်စွန့်၍ တောသို့ဝင်ပြီး ပြင်းထန်စွာအားထုတ်သောသူသည် အရဟတ္တဖိုလ်ကို အရယူလေ၏ဟု မိန့်တော်မူ၍ အနုသန္ဓေစပ်ပြီး တရားဟောတော်မူလို၍ -

အညာဟိ လာဘူပနိသာ၊ အညာနိဗ္ဗာန ဂါမိနီ။

ဧဝမေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော၊

သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေက မနုဗြူဟယေ။

လာဘူပနိသာ-လာဘ်ကိုအမှီပြုသောအကျင့်သည်၊ အညာဟိ-တခြားသာဖြစ်၏၊ နိဗ္ဗာနဂါမိနီ-နိဗ္ဗာန်ရောက်ကြောင်းအကျင့်သည်၊ အညာ-တခြားသာဖြစ်၏။

ဧဝံ-ဤသို့၊ ဧတံ-ထိုအကျင့်နှစ်မျိုးကို၊ အဘိညာယ-အထူးသိ၍၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏၊ သာဝကော - တပည့်ဖြစ်သော၊ ဘိက္ခု-ရဟန်းသည်၊ သက္ကာရံ-တရားနှင့်မလျော်သော ပစ္စည်းလေးပါးဟူသော လာဘ်သပ်ပကာကို၊ နာဘိနန္ဒေယျ-မနှစ်သက်မလိုလားရာ၊ ဝိဝေကံ-ကာယဝိဝေက၊ စိတ္တဝိဝေက- ဉပဓိဝိဝေကကို၊ အနုဗြူဟယေ-အသင့်အသင့် အဆင့်ဆင့်ဖြင့်အကျင့်ကျင့်၍ မလင့်စေသားဖြစ်ပွားစေရာ သတည်း။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြ လေကုန်၏။

## ဖော်ပြခဲ့သော ဂါထာ၏အဓိပ္ပာယ်ကား

လာဘ်ကိုဖြစ်စေတတ်သော ရဟန်းသည် အကုသိုလ်ကံကို အနည်းငယ်ပြုသင့်၏ဟု အမှတ်ရှိ၍ ကာယဝင်္ကကိုယ်ကိုကောက်ခြင်း စသည်တို့ကိုပြု၏။

ကိုယ်ကိုကောက်ခြင်း စသည်တို့တွင်တစ်ခုခုကိုပြု၏၊ ထိုအခါလာဘ်ဖြစ်ပေါ်လာ၏။

ဥပမာအားဖြင့် နို့ယနာထည့်ထားရာ ခွက်၌လက်ကို ကောက်အောင်မပြုဘဲ ဖြောင့်ဖြောင့် လက်ကိုချ၍မြှောက်လိုက်သောသူ၏လက်သည် နို့ယနာဖြင့် လိမ်းကျံ၍ စိုကာမျှသာဖြစ်၏၊ လက်ကိုကောက်၍ ခွက်၌ချပြီး မြှောက်လိုက်သော သူ၏လက်၌ နို့ယနာခဲသည် လက်ကိုထုတ်လိုက်စဉ်မှာပင် ထွက်ပေါ်လာသည်။

ထို့အတူ ကာယဝင်္ကစသည်တို့ကို ပြုလုပ်ချိန်မှာပင်လာဘ်သည် ဖြစ်ပေါ်လာတော့သည်၊ ဤလာဘ်သည် တရားနှင့် မညီသောလာဘ်မည်၏။

ဥပမိနှင့်ပြည့်စုံခြင်း၊ သက်န်းဝတ်ရုံမှု သပ်ယပ်သပ္ပာယ်ခြင်း၊ အကြားအမြင်များခြင်း၊ အခြံအရံ ပေါခြင်း၊ တောကျောင်း၌နေခြင်း အစရှိသောအကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသောလာဘ်သည် ဓမ္မိကလာဘ်တရားနှင့် အညီရရှိသောလာဘ်ဖြစ်သည်။

နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ဖြည့်ကျင့်သောရဟန်းသည် ကာယဝင်္က စသည်တို့ကို ပယ်ရမည်။

မကန်းသော်လည်း ကန်းသကဲ့သို့ မအသော်လည်းအသကဲ့၊ နားမကန်းသော်လည်း ကန်းသကဲ့သို့ ဖြစ်သင့်သည်။

မစဉ်းလဲမကောက်ကျစ်သူ၊ မာယာမထား မလှည့်စားဟန်မဆောင်သူ ဖြစ်သင့်သည်။

မြတ်စွာဘုရား၏တပည့်သား ရဟန်းသည်တရားနှင့်မညီသော ပစ္စည်းလေးပါးဟူသော လာဘ်သပ်ပကာကို မလိုလားမနှစ်သက်ရာ တရားနှင့်အညီ ဖြစ်ပေါ်လာသော လာဘ်သပ်ပကာကိုမူ မတားမြစ်ရာ မတားဖြစ်သင့်။

တစ်ယောက်တည်း တစ်ကိုယ်တည်း နေထိုင်ခြင်းသည် ကာယဝိဝေက၊ ကိုယ်၏ဆိတ်ငြိမ်းခြင်းမည်၏၊ သမာပတ်ရှစ်ပါးသည် စိတ္တဝိဝေကစိတ်၏ ဆိတ်ငြိမ်ခြင်းမည်၏၊ နိဗ္ဗာန်သည် ဥပဓိဝိဝေကကံနှင့် ကိလေသာ ခန္ဓာတို့မှ ဆိတ်ငြိမ်သည်မည်၏။

ကာယဝိဝေကသည် ဂဏာသင်္ဂဏိကအပေါင်းအပေါ်၌ မွေ့လျော်မှုကို ပယ်ဖျောက်သည်။

စိတ္တဝိဝေကသည် ကိလေသာနှင့်မွေ့လျော်မှုကို ပယ်ဖျောက်သည်။

ဥပဓိဝိဝေကသည် သင်္ခါရဟူသော မွေ့လျော်မှုကို ပယ်ဖျောက်သည်။

ကာယဝိဝေကသည် စိတ္တဝိဝေက၏အကြောင်း ဖြစ်သည်။

စိတ္တဝိဝေကသည် ဥပဓိဝိဝေက၏အကြောင်း ဖြစ်သည်။

ဖော်ပြလတ္တံ့ပါအတိုင်း ဟောထားအပ်ပေသည်။

ကာယဝိဝေကော စ ဝိဝေကဋ္ဌကာယာနံ နေက္ခမ္မာဘိ
ရတာနံ၊ စိတ္တဝိဝေကော စ ပရိသုဒ္ဓစိတ္တာနံ
ပရမ ဝေါဒါနပ္ပတ္တာနံ၊ ဥပဓိဝိဝေကော စ နိရုပဓီနံ
ပုဂ္ဂလာနံ ဝိသင်္ခါရဂတာနံ။

(မဟာနိဒ္ဒေသ-၂၆၅)

ထိုသုံးပါးသော ဝိဝေကကိုဖြစ်စေရာ ပွားစေရာ၏၊ ပြည့်စုံ၍နေရာ၏ ဟူလို။
ဝိဝေက၃တည်သော ကိုယ်ရှိကုန်သော နေက္ခမ္မ၌ မွေ့လျော်ကုန်သော ပုဂ္ဂိုလ်တို့၏ ကာယဝိဝေက။
စင်ကြယ်သော စိတ်ရှိကုန်သော မြတ်သောဖြူစင်ခြင်းသို့ ရောက်ကုန်သောသူတို့၏ စိတ္တဝိဝေက။
ဥပဓိကင်းရာသင်္ခါရကင်းရာသို့ ရောက်ကုန်သောပုဂ္ဂိုလ်တို့၏ ဥပဓိဝိဝေကအားဖြင့် ဝိဝေကသုံးပါး။

**တောနေတိဿ သာမဏေ ဝတ္ထု ပြီး၏။**

## ၆။ ပကိဏ္ဏကဝဂ်

## ၄၉။ ရာဓထေရ်ဝတ္ထု

သာဝတ္ထိမြို့၌ ရာဓအမည်ရှိသော ဆင်းရဲသားပုဏ္ဏားတစ်ယောက်ရှိလေ၏။

သူသည် ရဟန်းတော်တို့အနီး၌ နေ၍အသက်မွေးမည်ဟု ကြံစည်ကာ ကျောင်းသို့သွား၍ မြက်စိမ်းမရှိအောင်ပြုလျက်(ကျောင်းဝင်းအတွင်း မြက်ကပ်ပွလျက်)ကျောင်းဝင်းပရိဝုဏ်ကို တံမြက်လှည်းလျက် ရဟန်းတော်တို့ အား မျက်နှာသစ်ရေ စသည်တို့ကို ကပ်လှူလျက်ကျောင်းတွင်း၌သာ နေလေ၏။

ရဟန်းတော်တို့ကလည်း ပုဏ္ဏားကိုစားသောက်ဖွယ်ပေးခြင်း စသည်ဖြင့် ချီးမြှောက်ကြကုန်၏။ သို့သော်လည်း ပုဏ္ဏား၏ရဟန်းအဖြစ်ကို ပြုပေးရန်အလို မရှိကြ။

ပုဏ္ဏားသည် ရဟန်းအဖြစ်ကိုမရ၍ အသားအရေ ပိန်ချုံးနေသည်။

ထိုသို့ဖြစ်နေစဉ် တစ်နေ့သ၌ မြတ်စွာဘုရားသည် နံနက်လင်းအားကြီးအချိန်တွင် ဗုဒ္ဓစက္ခုဖြင့် သတ္တလောကကို ကြည့်တော်မူလေသော် ပုဏ္ဏားကို မြင်၍အဘယ်ဖြစ်မည်နည်းဟု ဆင်ခြင်ပြန်သော် ရဟန္တာ ဖြစ်လိမ့်မည်ကို သိတော်မူ၍ ညနေချမ်းအချိန်၌ ကျောင်းစဉ်ဒေသစာရီ လှည့်သွားသကဲ့သို့ ပုဏ္ဏား ထံသို့သွားတော်မူပြီး -

အို-ပုဏ္ဏားသင်ဘာကို လုပ်နေသနည်း။

မြတ်စွာဘုရား၊ ရဟန်းတော်များ၏ ဝတ်ကြီးဝတ်ငယ်ကို ပြုနေပါသည်ဘုရား။

ရဟန်းတော်များထံမှ ချီးမြှောက်မှုကို ရရဲ့လား၊

မှန်ပါဘုရား၊ စားဖွယ်အာဟာရမျှကိုရပါသည်၊ သို့သော်လည်း တပည့်တော်ကို ရဟန်းပြုမပေးကြပါဘုရား။

မြတ်စွာဘုရားသည် ဤအကြောင်းအရာ၌ ရဟန်းသံဃာကို စည်းဝေးစေပြီး ထိုအကြောင်းကို မေးတော်မူကာ-ရဟန်းတို့ ဤရာဓပုဏ္ဏား၏ပြုဘူးသောကျေးဇူးကို အမှတ်ရသူတစ်ဦးတစ်ယောက်(တစ်ပါး တလေ)မရှိပြီလောဟု မေးတော်မူသည်။

သာရိပုတ္တထေရ်က မြတ်စွာဘုရား ရာဓပုဏ္ဏား၏ ပြုဘူးသောကျေးဇူးကို တပည့်တော်အမှတ်ရပါပြီ။ ဤရာဓပုဏ္ဏားသည် ရာဇဂြိုဟ်မြို့၌ ဆွမ်းခံလှည့်နေသောတပည့်တော်အား သူ့အတွက်ဆောင်ယူခဲ့သော တစ်ဇွန်း တစ်ယောင်းမဆွမ်းကို ပေးလှူပါသည်၊ တပည့်တော်သည် ဤပုဏ္ဏား၏ ဤကျေးဇူးကို အမှတ်ရပါ သည်ဘုရားဟု လျှောက်ထားလေ၏။

သာရိပုတ္တထေရ်သည် (မြတ်စွာဘုရားက သာရိပုတ္တအသို့နည်း၊ သင့်အား ဤသို့ပြုဘူးလေသော ကျေးဇူးရှိသူကို သင်သည်ဆင်းရဲမှ လွတ်စေရန် မသင့်သလောဟု မိန့်တော်မူလေသော်၊

မြတ်စွာဘုရား ကောင်းလှပါပြီ၊ တပည့်တော်ရဟန်းပြုပေးပါမည်ဟု လျှောက်ထားပြီး)

ရာဓပုဏ္ဏားကို ရဟန်းပြုပေးလေ၏။

ရာဓထေရ်၏နေရာသည် ဆွမ်းစားကျောင်း၌ ရဟန်းတော်များ၏ နေရာအဆုံး၌ ရောက်၏။

ယာဂုဆွမ်းစသည်တို့ဖြင့်လည်း ပင်ပန်းငြီးငွေ့ရာ၏၊ သာရိပုတ္တထေရ်သည် ရာဓထေရ်ကိုခေါ်၍ ဒေသစာရီလှည့်ရာအရပ်သို့ ထွက်ခွာသွားလေ၏။ ရာဓထေရ်ကို သင်သည်ဤအမှုကိုပြုသင့်၏၊ ဤအမှုကို မပြုသင့်ဟု အမြဲလည်းဆုံးမကာမြစ်တော်မူသည်။

ရာဓထေရ်သည်ဆုံးမလွယ်သူ ရှိသေစွာလိုက်နာတတ်သူဖြစ်၏၊ ထို့ကြောင့်ဆုံးမသည့်အတိုင်း လိုက်နာဖြည့်ကျင့်သည်ဖြစ်၍ နှစ်ရက်သုံးရက်ဖြင့်သာ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

သာရိပုတ္တထေရ်သည် ရာဓထေရ်ကိုခေါ်၍ မြတ်စွာဘုရားထံ သွားရောက်ရှိခိုးပြီး ထိုင်နေတော်မူပြီ။

ထိုအခါသာရိပုတ္တထေရ်ကို မြတ်စွာဘုရားသည် နှုတ်ခွန်းဆက်ပြီး ဤသို့မိန့်တော်မူသည်။

သာရိပုတ္တ သင်၏အန္တေဝါသိကအတွင်းနေ တပည့်ရာဓသည် ဆုံးမလွယ်ကူသူဖြစ်လေသလော။

မြတ်စွာဘုရား၊ မှန်ပါသည်၊ ရာဓသည်လွန်စွာဆုံးမလွယ်သူ ဖြစ်ပါသည်။ သူ၏အပြစ်တစ်စုံတစ်ခုကို ပြောပြလျှင်စိတ်ဆိုးဘူးသူ မဟုတ်ပါ။

သာရိပုတ္တ-ရာဓသဘောနှင့်တူသော သဘောရှိသော သဒ္ဓိဝိဟာရိက အတူနေတပည့်တို့ကို ရခဲ့သော် အဘယ်မျှကို ယူနိုင်မည်နည်း၊

မြတ်စွာဘုရား များစွာသောတပည့်တို့ကိုလည်း ယူမည်သာဖြစ်ပါ၏ဘုရား။

ထို့နောက် နေ့တစ်နေ့တွင် ဓမ္မသဘင်၌ -

သာရိပုတ္တထေရ်သည် သူတစ်ပါးပြုဘူးသော ကျေးဇူးကိုလည်းသိ၊ သိသည့်အတိုင်းလည်း ကျေးဇူးဆပ်တော်မူပါပေ၏။

တစ်ဇွန်းတစ်ယောင်းမဆွမ်းမျှဖြစ်သော ကျေးဇူးကို အမှတ်ရပြီး၊ ပုဏ္ဏားဆင်းရဲကို ရဟန်းပြုပေးတော်မူသည်၊ သာရိပုတ္တထေရ်လည်း ဆုံးမခြင်းကို ခံယူသူဖြစ်၍ မိမိအဆုံးအမကို ခံယူသူကိုသာရတော်မူသည် ဟူသော စကားကိုဖြစ်စေကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့၏စကားကို ကြားတော်မူ၍ သာရိပုတ္တသည် ယခုဘဝ၌သာ ကျေးဇူးကို သိသူကျေးဇူးဆပ်သူမဟုတ်သေး၊ ရှေးအခါ၌လည်း ကျေးဇူးသိသူ ကျေးဇူးဆပ်သူသာဖြစ်၏ဟု မိန့်တော်မူပြီး ထိုအကြောင်းကို ထင်ရှားစေရန် -

အလီန စိတ္တံ နိဿာယ၊ ပဟဋ္ဌာ မဟတီ စမူ။

ကောသလံ သေန သန္တုဋ္ဌံ၊ ဇီဝဂ္ဂါဟံ အဂါဟယိ။

ဧဝံ နိဿယသမ္ပန္နော၊ ဘိက္ခုအာရဒ္ဓဝီရိယော။

ဘာဝယံ ကုသလံ ဓမ္မံ၊ ယောဂက္ခေမဿ ပတ္တိယာ၊

ပါပုဏေ အနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယံ - ဟူသော ဒုကနိပါတ်၌ ဤအလီနစိတ္တဇာတ်ကို အကျယ်ချဲ့၍ ဟောတော်မူလေပြီ။

အလီနစိတ္တံ - အလီနစိတ္တမင်းသားကို၊ နိဿာယ - အမှီပြု၍၊ ပဟဋ္ဌာ - ရွှင်လန်းဝမ်းမြောက်ကုန်သော၊ မဟတီ၊ များကုန်သော၊ စမူ - စစ်သည်တို့သည်၊ သေန - မိမိတိုင်းပြည်စည်းစိမ်ဖြင့်၊ အသန္တုဋ္ဌံ မရောင့်ရဲသော၊ ကောသလံ - ကောသလမင်းကို၊ ဇီဝဂ္ဂါဟံ - အရှင်ဖမ်းယူခြင်းကို(ကတွာ - ပြု၍) အဂ္ဂါဟယိ - ဖမ်းယူလေပြီ။

ဧဝံ - ဤအတူ - ယောဂက္ခေမဿ- ယောဂလေးပါးကုန်ရာ နိဗ္ဗာန်ကို၊ ပတ္တိယာ-ရောက်ခြင်းငှာ။ နိဿယသမ္ပန္နော- ကလျာဏမိတ်ဟူသော မှီရာကောင်းနှင့်ပြည့်စုံသော၊ ဘိက္ခု - ရဟန်းသည်၊ အာရဒ္ဓဝီရိယော အားထုတ်အပ် သောဝီရိယရှိသည် (ဟုတွာ-ဖြစ်၍) ကုသလံဓမ္မံ- ဗောဓိပက္ခိယတရား(၃၇)ပါးတည်းဟူသော ကုသိုလ်တရားကို၊ ဘာဝယံ- ဘာဝယန္တော- ပွားများသည်(သမာနော-ဖြစ်လတ်သော်)အနုပုဗ္ဗေန- အစဉ်အားဖြင့်၊ သဗ္ဗသံယောဇနက္ခယံ - သံယောဇဉ်အားလုံး၏ကုန်ရာ အရဟတ္တဖိုလ်နိဗ္ဗာန်သို့၊ ပါပုဏေ-

ပါပုဏ္ဏေယျ- ရောက်လေရာ၏။

ထိုအချိန်အခါ၌ လက်သမားတို့သည် (ခြေ၏အနာပျောက်အောင်) ပြုပေးအပ်သော ကျေးဇူးကိုသိ၍ ကိုယ်လုံးဖြူသောဆင်ငယ်ကိုပေးသော တစ်ကောင်တည်းနေသော ဆင်ပြောင်ကြီးသည် သာရိပုတ္တထေရ် ဖြစ်လေပြီဟု သာရိပုတ္တထေရ်ကို အကြောင်းပြု၍ ဇာတ်ကိုဟောတော်မူပြီးသော် ရာဓထေရ်ကို အကြောင်းပြု၍

ရဟန်းတို့ ရဟန်းမည်သည် ရာဓကဲ့သို့ဆုံးမလွယ်သူဖြစ်သင့်သည်၊ အပြစ် ကိုပြ၍ ဆုံးမသဖြင့်လည်း အမျက်မထွက်သင့်၊ အဆုံးအမကို ပေးသူကိုကား ရွှေအိုးကိုပြောပြသူကဲ့သို့ မှတ်သင့်သည်ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောလိုသော မြတ်စွာဘုရားသည် -

နိဓီနံဝ ပဝတ္တာရံ၊ ယံပဿေ ဝဇ္ဇဒဿိနံ။

နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။

တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ နပါပိယော။

ဟူသောဂါထာကို ဟောတော်မူသည်။

ယံ-ယာဒိသံ-အကြင်သို့သဘောရှိသော၊ ဝဇ္ဇဒဿိနံ-အပြစ်ကိုရှုမြင်လေ့ရှိသော၊ နိဂ္ဂယှဝါဒိံ- အပြစ်ကိုပြကာနှိပ်၍ ပြောဆိုလေ့ရှိသော၊ မေဓာဝိံ - လောကုတ်လောကီ ထိုနှစ်လီကို ပြီးပြီးမြင်သိပညာရှိကို၊ ပဿေယျ-အကယ်၍ မြင်တွေ့ငြားအံ့၊ တာဒိသံ-ထိုသို့သဘောရှိသော၊ ပဏ္ဍိတံ-ပညာရှိကို၊ နိဓီနံ- ရွှေငွေ စသည်အလီလီပြည့်ဖြိုး၊ ရတနာအိုးကို၊ ပဝတ္တာရံ-ဣဝ-ပြောပြသူကိုကဲ့သို့၊ ဘဇေ-ဆည်းကပ်ခစားရာ၏၊ တာဒိသံ - ထိုသို့သဘောရှိသော ပညာရှိကို၊ ဘဇမာနဿ-ဆည်းကပ်ခစားသူ၏၊ သေယျော-မြတ်သူ၏ အဖြစ်သည်၊ ဟောတိ-ဖြစ်၏။ ပါပိယော-ယုတ်မာသူ၏အဖြစ်သည်၊ နဟောတိ - မဖြစ်။

အပြစ်ကိုရှုမြင်သူနှစ်မျိုးရှိသည်၊ ထိုသူကိုဤမလျောက်ပတ်မှုဖြင့်သော်လည်းကောင်း၊ ဤချွတ်ယွင်း ချက်ဖြင့်သော်လည်းကောင်း။ သံဃာ့အလယ်၌ ဖိနှိပ်မည်အကြံဖြင့် အပြစ်ရှာသူတစ်ယောက်။

မသိအပ်သေးသည်ကိုသိစေရန်၊ သိအပ်ပြီးသည်ကို ခိုးမြောက်ရန်၊ ထိုသူ၏သီလအစရှိသည် တိုးတက် ကြီးမားမှုကို လိုလားသူ၏အဖြစ်ဖြင့် ထိုထို အပြစ်ကိုကြည့်မြင်ခြင်းဖြင့် မစလိုခြင်း၊ ကယ်တင်လိုခြင်းသဘော၌ တည်သူ တစ်ယောက်၊ ဤနှစ်ယောက်တည်း။

ဤနှစ်ယောက်တွင် ဤဂါထာအလိုနောက်ပုဂ္ဂိုလ်ကို ယူရမည်။

ချဲ့ဦးအံ့-ဆင်းရဲသူသည် ဤရတနာအိုးကို ယူပေတော့ဟု ငေါက်ငမ်းခြိမ်းခြောက်၍သော် လည်းကောင်း၊ ရိုက်နှက်ပုတ်ခတ်၍ သော်လည်းကောင်း၊ ရတနာအိုးကိုပြခဲ့သော် အမျက်မထွက်၊ စိတ်မဆိုး၊ ဝမ်းမြောက်ဝမ်းသာသူသာ ဖြစ်သကဲ့သို့ -

ထိုနည်းအတူ မသင့်လျော်သည်ကိုလည်းကောင်း၊ ချွတ်ချော်မှုကိုသော်လည်းကောင်းမြင်၍ ပြောပြ သူ၌အမျက်မထွက်သင့် စိတ်မဆိုးသင့်၊ နှစ်သက်ဝမ်းမြောက်သူသာဖြစ်ထိုက်သည်။

အရှင်ဘုရား-တပည့်တော်၏ဆရာ ဥပဇ္ဈာယ်အရာ၌တည်၍ ဆုံးမတော်မူကုန်သော အရှင်ဘုရား တို့သည် မြင့်မြတ်သောအလုပ်ကို လုပ်တော်မူအပ်ပါသည်။ နောက်ထပ်လည်း တပည့်တော်ကို ပြောဆို ဆုံးမတော်မူကြပါဟု ဖိတ်ကြားထားသင့်သည်သာ။

ပုဂ္ဂိုလ်အချို့သည် အတူနေတပည့်တို့၏မသင့်တော်၊ မလျောက်ပတ်သည်ကိုသော်လည်းကောင်း၊ ချွတ်ချော်သည်ကိုသော်လည်းကောင်း၊ တွေ့မြင်ခဲ့သော် ဤသူသည်ငါ့အား မျက်နှာသစ်ရေပေးခြင်း၊ စသည် တို့ဖြင့် ရိုရိုသေသေပြုစုသူ၊ လုပ်ကျွေးသူဖြစ်၏။ သူ့ကိုအကယ်၍ ငါကပြောလျှင် သူငါ့ကိုပြုစု လုပ်ကျွေးတော့

မည်မဟုတ်၊ သူမပြုစုမလုပ်ကျွေးလျှင် ငါ၏ဆုတ်ယုတ်မှု ဖြစ်လိမ့်မည်ဟူသော စိတ်ထားဖြင့် ပြောဆိုမရဲသူသည် မပြောဝံ့သူသည် နိဂ္ဂယှဝါဒီမဟုတ်၊ ထိုသူသည် ဤသာသနာတော်၌ အမှိုက်ရှုပ်ကို ပစ်ကြဲသူဖြစ်၏။

အကြင်သူသည်ကား - ထိုသို့သဘောရှိသောအပြစ်ကိုမြင်တွေ့သော် အပြစ်အားလျော်စွာ ခြိမ်းခြောက်လျက်၊ မောင်းမဲလျက်၊ ဒဏ်ထားလျက် ကျောင်းမှနှင်ထုတ်လျက်ကျင့်သုံးစေ၏။ ဤသူသည် နိဂ္ဂယှဝါဒီမည်၏။

ဥပမာအားဖြင့်- မြတ်စွာဘုရားကဲ့သို့တည်း၊ မှန်၏၊ မြတ်စွာဘုရားသည် နိဂ္ဂယှ - နိဂ္ဂယှာဟံ အာနန္ဒ ဝက္ခာမိ၊ ပဝယှ- ပဝယှ အာနန္ဒာဝက္ခာမိယော သာရော သောဌဿတိဟု မိန့်အပ်တော်မူပြီ။

အာနန္ဒ - အာနန္ဒာ၊ အဟံ - ငါဘုရားသည်၊ နိဂ္ဂယှ - နိဂ္ဂယှ - နှိပ်၍နှိပ်၍ ဝက္ခာမိ - ဆိုပေ၏။

ပဝယှ - ပဝယှ - စိုင်းပြင်း၍ စိုင်းပြင်း၍ဝါ၊ မြှောက်၍မြှောက်၍၊ ဝက္ခာမိ- ဆိုပေ၏။ ယော- အကြင်သူသည်၊ သာရော- အနှစ်ရှိသူဖြစ်၏၊ သော - ထိုသူသည်၊ ဌဿတိ- သာသနာတော်၌၊ ရပ်တည်ပေလိမ့်မည်။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

**ရာမထေရ် ဝတ္ထု ပြီး၏။**

## ၅ဝ။ အဿဇိပုနဗ္ဗသုကဝတ္ထု

အဿဇိရဟန်းနှင့် ပုနဗ္ဗသုကရဟန်းတို့သည် အဂ္ဂသာဝကဖြစ်တော်မူကြသော အရှင်သာရိပုတ္တ အရှင်မောဂ္ဂလာန်တို့၏ အတူနေတပည့်များဖြစ်ကြသည်။ သို့သော်လည်း ထိုရဟန်းတို့သည် အလဇ္ဇီနှင့် ပါပဘိက္ခုများဖြစ်ကြသည်။ ထိုရဟန်းနှစ်ပါးသည် သူတို့၏အခြံအရံဖြစ်သော ပါပကဘိက္ခုငါးရာတို့နှင့်အတူ ကီဋာဂိရိဇနပုဒ်၌နေကြပြီး ပန်းပင်ငယ်စိုက်ပျိုးခြင်းကို ကိုယ်တိုင်လည်းပြု၊ တခြားသူကိုလည်းပြုခိုင်းခြင်း အစရှိသော အမျိုးမျိုးမသင့်တော်သောအပြုအမူကို ပြုကြကုန်လျက် ကုလဒူသက(ဒါယကာ- ဒါယိကာမ တို့၏သဒ္ဓါတရားကိုဖျက်ဆီးခြင်း)အမှုကိုပြုလုပ်ကြပြီး ထိုအလုပ်မှဖြစ်ပေါ်လာသောပစ္စည်းတို့ဖြင့် အသက်မွေး ကြကာ သူတို့နေရာကိုသီလချစ်မြတ်နိုးသော ရဟန်းတို့မနေနိုင်အောင်ပြုလုပ်နေကြသည်။

မြတ်စွာဘုရားသည် ထိုအကြောင်းသတင်းကိုကြားတော်မူ၍ အဿဇိနှင့် ပုနဗ္ဗသုကတို့ကိုနှင်ထုတ်မှု ပဗ္ဗာဇနီယကံပြုလုပ်ရန် အခြံအရံရဟန်းတို့နှင့်အတူ အဂ္ဂသာဝကနှစ်ပါးကိုမိန့်ခေါ်ပြီး -

သာရိပုတ္တနှင့်မောဂ္ဂလာန်တို့ သင်တို့သွားကြချေ၊ ကီဋာဂိရိနေပါပဘိက္ခုတို့တွင် သင်တို့၏စကားကို မလိုက်နာသောရဟန်းတို့အား ပဗ္ဗာဇနီယကံကိုပြုလိုက်ကြ၊ လိုက်နာသောရဟန်းတို့ကို ဆုံးမကြ၊ ကံမြစ်ကြ။

မှန်ပေသည်၊ ဆုံးမသူ ကံမြစ်သူကိုပညာမဲ့သူတို့ကသာ မချစ်ခင် မမြတ်နိုးဘဲ ပညာရှိသူတို့ကမူ ချစ်ခင်မြတ်နိုးသည်ဟု အနုသန္ဓေစပ်၍တရားဟောလိုသော မြတ်စွာဘုရားသည် -

ဩဝဒေယျာနုသာသေယျ၊ အသဗ္ဘာစ နိဝါရယေ။

သတံ ဟိသော ပိယော ဟောတိ၊ အသတံ ဟောတိ အပ္ပိယော

ဟူသောဤဂါထာကို ဟောတော်မူသည်။

ဩဝဒေယျ- မှုခင်းဖြစ်လာသော်ဆုံးမခြင်း၊ မျက်မှောက်၌ဆုံးမခြင်း၊ တစ်ကြိမ်တစ်ခါဆုံးမခြင်း မျိုးဖြင့်ဆုံးမရာ၏၊ အနုသာသေယျ - မှုခင်းမဖြစ်ပေါ်မီအနာဂတ်အပြစ်ကိုပြ၍ ကံမြစ်ခြင်း၊ မျက်ကွယ် ၌တမန်လွှတ်၍သော်လည်းကောင်း ဆုံးမစာရေးပေး၍သော်လည်းကောင်း၊ ကံမြစ်ခြင်းအကြိမ်ကြိမ် ဆုံးမခြင်းမျိုးဖြင့် ကံမြစ်ရာ၏၊ အသဗ္ဘာစ- အကုသိုလ်တရားတို့မှလည်း၊ နိဝါရယေ- တားမြစ်ရာ၏၊

→ သော- ထိုသို့ဆုံးမကံမြစ်တတ်သူသည်၊ သတံဟိ- သတံဇဝ- ဘုရားအစရှိသောသူတော်ကောင်း တို့သည်သာ၊ ပိယော- မြတ်နိုးလိုလားအပ်သူသည်၊ ဟောတိ-ဖြစ်၏၊ အသတံ- တရားမပေါက်မကျုးမြောက် သေးသောလောကရှိသူ၊ အာမိသကိုကြည့်သူ အသက်မွေးချောင်ရန် ရဟန်းပြုသူတည်းဟူသောမသူတော် တို့သည်၊ အပ္ပိယော - သင်သည်ငါတို့ဥပဇ္ဈာယ်မဟုတ်၊ ဆရာမဟုတ်ပါဘဲအလုပ်ပြုကာ ဘာကြောင့်ငါတို့ကို ဆုံးမရလေသနည်းဟု၊ နုတ်လှံ့ထိုးခံအပ် မမြတ်နိုး၊ မလိုလားအပ်သူသည်၊ ဟောတိ- ဖြစ်၏။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည်သောတာပတ္တိဖိုလ်စသည် တို့သို့ရောက်ကြကုန်၏။

အရှင်သာရိပုတ္တရာနှင့်အရှင်မောဂ္ဂလာန်တို့လည်း ကီဋာဂိရိဇနပုဒ်သို့ ကြွတော်မူကြပြီး၊ အဿဇိနှင့် ပုနဗ္ဗသုကဦးဆောင်သော ပါပဘိက္ခုတို့ကိုဆုံးမကြကုန်၏။ ကံမြစ်ကြကုန်၏။

ထိုပါပဘိက္ခုတို့တွင်ရဟန်းအချို့တို့သည် ဩဝါဒကိုခံယူ၍ကောင်းစွာကျင့်နေကုန်၏၊ ရဟန်းအချို့ တို့သည် လူထွက်ကုန်၏။ ရဟန်းအချို့တို့သည် ပဗ္ဗာဇနီယကံ အပြုခံကြရလေကုန်သတည်း။

**အဿဇိပုနဗ္ဗသုက ဝတ္ထု ပြီး၏။**

## ၅၁။ ဆန္နထေရ်ဝတ္ထု

မြတ်စွာဘုရား သာဝတ္ထိဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်ဆန္နထေရ်သည် အဂ္ဂသာဝကနှစ်ပါးတို့ကိုဆဲဆိုလေ၏။

ဆဲဆိုပုံမှာ -

ငါသည် ငါတို့၏ သိဒ္ဓတ္ထကုမာရအရှင့်သားနှင့်အတူ မြတ်သောတောထွက်ခြင်းကိုထွက်လာစဉ် အချိန်၌ ငါမှတစ်ပါးမည်သူတစ်ယောက်ကိုမျှ မတွေ့မမြင်ခဲ့ရ၊ အရှင့်သားဘုရားဖြစ်ပြီးရာ ဤအချိန်မှာကား

ငါကသာရိပုတ္တဖြစ်သည်၊ ငါကမောဂ္ဂလာန်ဖြစ်သည်၊ ငါတို့က အဂ္ဂသာဝကတွေဟု ပြောဆိုကြပြီး သွားလာနေထိုင်ကြသူများ ဖြစ်ကြသည်ဟူသည့်တည်း။

မြတ်စွာဘုရားသည် ရဟန်းတို့အထံမှ ထိုသတင်းစကားကိုကြားတော်မူ၍ ဆန္နထေရ်ကို မိန့်ခေါ် ခိုင်းပြီး ဆုံးမတော်မူသည်။

ဆန္နထေရ်သည် ဆုံးမစဉ်အခါ၌သာဆိတ်ဆိတ်နေပြီး၊ တစ်ဖန်သွား၍ မထေရ်တို့ကို ဆဲရေးပြောဆို ပြန်သည်။

ဤနည်းဖြင့်သုံးကြိမ်တိုင်အောင်ဆဲရေးသူ ဆန္နထေရ်ကိုခေါ်၍ မြတ်စွာဘုရားသည် ဆုံးမတော်မူပြီး ဆန္န - အဂ္ဂသာဝကနှစ်ဦးတို့သည် သင်၏ ကလျာဏမိတ်ယောကျ်ားမြတ်တို့ဖြစ်ကြသည်။

ဤလိုကလျာဏမိတ်တို့ကိုမှီဝဲဆည်းကပ်ပါဟု မိန့်တော်မူကာ တရားဟောလိုသောမြတ်စွာ ဘုရားသည်။

နဘဇေ ပါပကေ မိတ္တေ ၊ နဘဇေ ပုရိသာဓမေ။

ဘဇေထ မိတ္တေ ကလျာဏေ ၊ ဘဇေထ ပုရိသုတ္တမေ- ဟူသောဂါထာကို ဟောတော်မူသည်။

ပါပကေ- အကုသလ ဒုစ္စရိတ ပါပညစ်ကျူမကောင်းမှု၌ မွေ့လျော်ကုန်သော၊ မိတ္တေ- မိတ်ဆွေတို့ကို၊ နဘဇေ-မမှီဝဲမဆည်းကပ်ရာ။ ပုရိသာဓမေ-ဖောက်ထွင်းခိုးယူခြင်း အစရှိသည်သော်လည်းဖြစ်သော၊ အနေသန(၂၁)ပါးစသည့်အပြားရှိသည်သော်လည်းဖြစ်သော မကောင်းရာ၌ တိုက်တွန်းတတ်သော ယောကျ်ားယုတ်တို့ကို၊ နဘဇေ-မမှီဝဲမဆည်းကပ်ရာ။

ကလျာဏေ-ဆိုအပ်ပြီးသည်မှ အပြန်ဖြစ်၍ကောင်းကုန်သော၊ မိတ္တေ-မိတ်ဆွေတို့ကို၊ ဘဇေထ- မှီဝဲဆည်းကပ်ကုန်ရာ၏၊ ပုရိသုတ္တမေ-ဆိုအပ်ပြီးသည်မှ အပြန်ဖြစ်သော ယောကျ်ားမြတ်တို့ကို၊ ဘဇေထ- မှီဝဲဆည်းကပ်ကုန်ရာ၏။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ရောက်ကြ လေကုန်၏။

ဆန္နထေရ်သည် မြတ်စွာဘုရား၏ဩဝါဒတော်ကို ကြားနာရသော်လည်း ရှေးနည်းအတိုင်းသာ ဆဲရေးခြိမ်းခြောက်နေလေ၏။

နောက်ထပ်လည်း မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည်- ရဟန်းတို့ ငါဘုရားထင်ရှားရှိတော်မူစဉ် ဆန္နကို လိုက်နာကျင့်သုံးစေရန် မတတ်နိုင်ကြကုန်၊ ငါဘုရားပရိနိဗ္ဗာန်ပြုပြီးသောအခါ တတ်နိုင်ကြလိမ့်မည်ဟု မိန့်မှာထားပြီးနောက်၊ ပရိနိဗ္ဗာန် ပြုကာနီးအချိန်၌ အရှင်အာနန္ဒာက-မြတ်စွာဘုရားတပည့်တော်များ ဆန္နထေရ်အပေါ် မည်သို့ကျင့်သုံးရပါ

မည်နည်းဟု မေးလျှောက်အပ်လေသော် -

အာနန္ဒာ ဆန္နရဟန်းအား ဗြဟ္မဒဏ်ပေးရမည်ဟု မိန့်မှာခဲ့တော်မူသည်။

ဆန္နထေရ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်လေသော် အာနန္ဒာထေရ် ပြောဆိုအပ်သော ဗြဟ္မဒဏ်ကိုကြားရသဖြင့် ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်လျက် သုံးကြိမ်တွေဝေမိန်းမောပြီးလဲကျပြီးသော် -

အရှင်ဘုရားတို့- တပည့်တော်ကိုမဖျက်ဆီးကြပါနှင့်ဟု တောင်းပန်၍ - ကောင်းစွာကျင့်ဝတ်ကို ဖြည့်ကျင့်လေသဖြင့် ရက်မကြာမီမှာပင် -

ပဋိသမ္ဘိဒါတို့နှင့်အတူ ရဟန္တာအဖြစ်သို့ ရောက်တော်မူလေသတည်း။

**ဆန္နထေရ် ဝတ္ထု ပြီး၏။**

## ၅၂။ မဟာကပ္ပိနထေရ်ဝတ္ထု

အရှင်မဟာကပ္ပိနသည် လွန်လေပြီးသောအခါ ပဒုမုတ္တရမြတ်စွာဘုရား ခြေတော်ရင်း၌ အထူးဆုတောင်းပြုခဲ့၍ သံသရာ၌ကျင်လည်နေစဉ် ဗာရာဏသီမြို့အနီး ရက်ကန်းသည်ရွာတစ်ရွာ၌ ခေါင်းဆောင်ရက်ကန်းသည်ကြီးဖြစ်ခဲ့၏။ ထိုအချိန်တွင် တစ်ထောင်မျှကုန်သော ပစ္စေကဗုဒ္ဓါတို့သည် ဆောင်းနှင့်နွေရှစ်လပတ်လုံးဟိမဝန္တာတော၌နေ၍ မိုးလေးလတို့ပတ်လုံး ဇနပုဒ်၌နေကြသည်။ ထိုပစ္စေကဗုဒ္ဓါတို့သည် တစ်ကြိမ်တွင် ဗာရာဏသီမြို့အနီး၌သက်ဆင်းကြ၍ နေရာကျောင်းပြုလုပ်ရန် ဟတ္ထကံကို(အလုပ်သမားကို) တောင်းခံကြချေဟုပစ္စေက ဗုဒ္ဓါရှစ်ပါးတို့ကိုဗာရာဏသီမင်းထံ စေလွှတ်ကြကုန်၏။

ထိုအချိန်၌ ဗာရာဏသီမင်း၏ စပါးစိုက်ပျိုးမှုမင်္ဂလာအချိန် ဖြစ်သည်၊ ဗာရာဏသီမင်းသည်ပစ္စေကဗုဒ္ဓါများကြွလာကြသည်ဟုကြား၍ ထိုခဏ၌ ထွက်လာပြီးလာခြင်း အကြောင်းကိုမေး၍ -

အရှင်ဘုရားတို့ ယနေ့အချိန်မရှိတော့ပါ။ နက်ဖန်လည်းတပည့်တော်တို့၏ လယ်စိုက်မင်္ဂလာပါ။ တတိယမြောက်နေ့၌ပြုပေးပါမည်ဟု လျှောက်ထားပြီးပစ္စေကဗုဒ္ဓါတို့ကို ဆွမ်းဖြင့်အထူးမဖိတ်ဘဲသာနန်းတော်တွင်းသို့ ဝင်သွားလေ၏။

ပစ္စေကဗုဒ္ဓါတို့သည် တခြားအရပ်၌သွားကြမည်ဟု ထွက်ခဲ့ကြကုန်၏။ ထိုခဏ၌ ခေါင်းဆောင်ရက်ကန်းသည်ကြီး၏ဇနီးသည်ကိစ္စတစ်ခုဖြင့်ဗာရာဏသီမြို့သို့ သွားစဉ်ထိုပစ္စေကဗုဒ္ဓါတို့ကိုမြင်၍ -

အရှင်ဘုရားတို့အချိန် မဟုတ်သောအခါ၌ အရှင်တို့အဘယ်သို့ ကြွခဲ့ကြပါသနည်းဟု မေးလျှောက်အစမှစ၍မိန့်ဆိုကြကုန်၏။

ထိုအကြောင်းကိုကြားသိ၍သဒ္ဓါတရားအသိဉာဏ်နှင့်ပြည့်စုံသော အမျိုးသမီးသည်-အရှင်ဘုရားတို့နက်ဖြန်တပည့်တော်တို့ဆွမ်းကိုခံယူတော်မူကြပါဟု ပင့်လျှောက်လေ၏။

အို-နှမ(အမျိုးသမီး) ငါတို့ကအများကြီး -

အရှင်ဘုရားတို့ဘယ်လောက်များကုန်ပါသနည်း။

တစ်ထောင်မျှဖြစ်ကုန်၏။

အရှင်ဘုရားတို့ ဤရွာ၌ရက်ကန်းသည် တစ်ထောင်တို့နေကြပါသည်။ ရက်ကန်းသည်တစ်ဦးတစ်ဦးသည်ပစ္စေကဗုဒ္ဓါတစ်ပါး တစ်ပါးအားဆွမ်းကို ပေးလှူပါလိမ့်မည်။ ဆွမ်းကိုလက်ခံတော်မူကြပါ၊ တပည့်တော်မသည်ပင်အရှင်ဘုရားတို့ နေစရာဌာနကိုလည်း ပြုပေးစေပါမည်ဟုလျှောက်ထားလေ၏။

ပစ္စေကဗုဒ္ဓါတို့သည်လျှောက်ထားမှုကိုလက်ခံခွင့်ပြုကြကုန်၏၊

ထိုအမျိုးသမီးသည်ရွာတွင်းသို့ဝင်၍ဟစ်အော်ကြွေးကြော်လေပြီ -

ကျွန်တော်မသည် ပစ္စေကဗုဒ္ဓါတစ်ထောင်ကိုတွေ့မြင်ခဲ့ရ၍ ပင့်လျှောက်ခဲ့ပါပြီ၊ အရှင်တို့သီတင်းသုံးဖို့နေရာကိုစီစဉ်ကြပါ၊ ယာဂုဆွမ်းစသည်တို့ကို ပြည့်စုံကြပါစေဟု ဟစ်အော်ကြွေးကြော်လေ၏။

ရွာလယ်အရပ်၌မဏ္ဍပ်ကို ဆောက်လုပ်စေ၍ နေရာတို့ကိုခင်းပြီးနောက်နေ့၌ ပစ္စေကဗုဒ္ဓါတို့ကိုသီတင်းသုံးစေကာမွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ဆက်ကပ်ပြုစုကြပြီး ဆွမ်းကိစ္စပြီးဆုံးရာအချိန်တွင်ထိုရွာ၌နေကြသောအမျိုးသမီးအားလုံးတို့ကိုခေါ်၍ ထိုအမျိုးသမီးတို့နှင့်အတူပစ္စေကဗုဒ္ဓါတို့ကိုရှိခိုးပြီး။

အရှင်ဘုရားတို့ ဝါတွင်းသုံးလပတ်လုံးသီတင်းသုံးနေထိုင်ရန် ပဋိညာဉ်ဝန်ခံမှုကို ပေးတော်မူကြပါဟုလျှောက်ထား၍ပစ္စေကဗုဒ္ဓါတို့၏ ပဋိညာဉ်ကို ရယူပြီးသော် -

တဖန်ရွာတွင်း၌ အမိတို့အမောင်တို့ တစ်အိမ်တစ်အိမ်မှတစ်ယောက် တစ်ယောက်သောယောကျ်ား သည် ပုဆိန် ပဲကွပ်စသည်တို့ကိုယူ၍ တောတွင်းသို့ဝင်ပြီး သစ်သားပစ္စည်းတို့ကို ဆောင်ခဲ့ပြီးအရှင်တို့၏ သီတင်းသုံးရန်နေရာကိုပြုပါဟု ဟစ်အော် ကြွေးကြော်လေ၏။

ရွာသူရွာသားတို့သည် ထိုအမျိုးသမီး၏ စကားကိုကြားကုန်၍ ယောကျ်ားတစ်ယောက် တစ်ယောက်သည် သစ်ရွက်မိုးကျောင်း တစ်ဆောင်တစ်ဆောင်ကို ဆောက်လုပ်၍ ညနေရာ နေ့နေရာတို့နှင့် အတူ သစ်ရွက်မိုးကျောင်းတစ်ဆောင်ကိုဆောက်လုပ်စေကာ မိမိ-မိမိ၏ သစ်ရွက်မိုးကျောင်း၌ ဝါကပ် ကုန်သောပစ္စေကဗုဒ္ဓါတို့ကို တပည့်တော်တို့ ရိုသေစွာပြုစုပါမည်။ တပည့်တော်ရိုသေစွာပြုစုပါမည်ဟု- လျှောက်ထားကာ အသီးသီးပြုစုကြလေကုန်၏။

ဝါကျွတ်ချိန်တွင်မိမိ-မိမိ၏သစ်ရွက်မိုးကျောင်း၌အသီးသီးဝါကျွတ်ကြကုန်သော ပစ္စေကဗုဒ္ဓါတို့ အဖို့သင်္ကန်းလျာအဝတ်တို့ကိုစီစဉ်ကြကုန်လော့ဟု ပြောဆိုကာ တာဝန်ယူစေပြီးသော် တစ်ပါးတစ်ပါးသော ပစ္စေကဗုဒ္ဓါအား တစ်ထောင်-တစ်ထောင်တန်သင်္ကန်းကို ပေးလှူလေ၏။

ပစ္စေကဗုဒ္ဓါတို့သည် ဝါကျွတ်ကုန်သော် အနုမောဒနာပြု၍ ထွက်ခွာကြွတော်မူကြကုန်၏။

ရွာသူရွာသားတို့လည်း ဤကောင်းမှုကံကို ပြုကြသောကြောင့် ဤဘဝမှ စုတေကုန်၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်ကြပြီးဂဏဒေဝပုတ္တ(နတ်သားအပေါင်း)အမည်ရကြလေကုန်၏။

ထိုနတ်သားတို့သည် ထိုနတ်ပြည်၌ နတ်စည်းစိမ်ကို ခံစားကြပြီးသော်၊ ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ဗာရာဏသီမြို့တွင် သူကြွယ်တို့အိမ်၌ဖြစ်ကြကုန်၏။

ခေါင်းဆောင်ရက်ကန်းသည်ကြီးသည် ခေါင်းဆောင်သူကြွယ်၏သားဖြစ်လေ၏။ ခေါင်းဆောင် ရက်ကန်းသည်ကြီး၏ ဇနီးလည်း ခေါင်းဆောင် သူကြွယ်တစ်ဦး၏ သမီးဖြစ်လေ၏။

ထိုအမျိုးသမီးအားလုံးတို့လည်း အရွယ်ရောက်ကြသဖြင့် သူတစ်ပါးအိမ်သို့ (လင်ယောကျ်ားရှိရာ အိမ်သို့)လိုက်သွားကြရာ ထိုသူကြွယ်တို့၏ နေအိမ်တို့သို့ ရောက်ကြလေကုန်၏။ ထိုအချိန်မှ နောက်ကာလ တွင် တစ်နေ့သ၌ ကျောင်း၌ တရားနာယူမှုကို ကြွေးကြော်လေ၏။ မြတ်စွာဘုရား တရားဟောလိမ့်မည်ဟု ကြားကြ၍ ထိုသူကြွယ်အားလုံးလည်း တရားနာကြမည်ဟူသော စိတ်ကူးဖြင့်ကျောင်းသို့ သွားကြကုန်၏။

ထိုသူတို့ကျောင်းတိုက်အလယ်ဝင်မိရာ ခဏ၌မိုးတက်လာလေ၏။ ကုလူပကရဟန်းတို့သော် လည်းကောင်း၊ ဆွေမျိုးသာမဏေစသည်တို့သော်လည်းကောင်း ရှိထားသူလူတို့သည် ထိုကုလူပကရဟန်း၊ ဆွေမျိုးသာမဏေ စသည်တို့၏ ပရိဝုဏ်တို့သို့(ကျောင်းတွင်းတို့သို့)ဝင်ကြလေကုန်၏။

ထိုသူကြွယ်ဇနီးမောင်နှံနှင့် အစုံစုံတို့သည်ကား ကုလူပကရဟန်းဆွေမျိုး သာမဏေစသည်တို့မရှိ ကြသောကြောင့် တစ်စုံတစ်ခုသောနေရာ၌ ဝင်ရန် မရဲဝံ့ကြ၍ ကျောင်းတိုက်အလယ်၌သာ ရပ်နေကြကုန်၏။

ထိုအခါ ထိုလူတို့ကိုခေါင်းဆောင် သူကြွယ်ကငါတို့၏ မမှန်မကန် ဖေါက်ပြန်ပုံကို ကြည့်ကြကုန်လော့၊ အမျိုးကောင်းသားတို့ မည်သည်ဤမျှ လောက်ဖြင့် ရှက်သင့်လှပေသည်ဟုပြောလေ၏။

အရှင်သူကြွယ် ဘာကိုပြုကြမည်နည်းဟု မေးကြကုန်၏။

ငါတို့အကျွမ်းဝင်သူနေရာမရှိသောကြောင့် ဤသို့မမှန်မကန် ဖေါက်ပြန်ခြင်းသို့ ရောက်ခဲ့ကြသည်၊ ငါတို့အားလုံးဥစ္စာ ကိုစုဆောင်း၍ ပရိဝုဏ်ကိုပြုကြ ကုန်အံ့ဟုပြော၏။ အရှင်သူကြွယ်ကောင်းပါပြီဟု ပြောဆို ကြပြီး ခေါင်းဆောင်သူကြွယ်သည် အသပြာကျပ်တစ်ထောင်ကို ကြွင်းကျန်သော သူကြွယ်တို့သည် အသပြာ ကျပ်ငါးရာ ငါးရာစီတို့ကိုပေးလှူကြကုန်၏။

အမျိုးသမီးတို့သည် အသပြာကျပ်(၂၅၀)၊ (၂၅၀)တို့ကိုထည့်ဝင်ကြကုန်၏။

ထိုသူကြွယ်တို့သည်ထိုဥစ္စာအသပြာတို့ ကိုစုဆောင်းကြပြီး ဘုရားသီတင်းသုံးတော်မူရန်အတွက် အထွတ်တပ်သော ကျောင်းဆောင်တစ်ထောင်အခြံအရံရှိသော ပရိဝုဏ်ကြီးကို ပြီးစီးရန်အားထုတ်ကြကုန်၏။ လုပ်ငန်းသစ်၏ ကြီးကျယ်မှုကြောင့် အသပြာငွေဥစ္စာ မလောက်လေသော် ရှေးပထမထည့်ခဲ့သော ငွေပမာဏမှ တစ်ဖန်ထက်ဝက်စီ၊ ထက်ဝက်စီ အသပြာဥစ္စာကို ထည့်ဝင်ကြကုန်၏။ ပရိဝုဏ်ပြီးစီးသဖြင့် ကျောင်းပူဇော်ပွဲကိုပြုကြသော် ဘုရားအမှူးရှိသော ရဟန်းသံဃာအား ခုနစ်ရက်ပတ်လုံး ကြီးကျယ်သော အလှူကို ပေးလှူကြ၍ ရဟန်းတော်နှစ်သောင်းအဖို့ သင်္ကန်းတို့ကိုစီစဉ်ကြကုန်၏။

ခေါင်းဆောင်သူကြွယ်၏ ဇနီးသည် တခြားလူအားလုံးတို့နှင့် အတူမပြုမူ၍ မိမိ၏ အသိဉာဏ်၌ ရပ်တည်ကာ အလွန်ထူးကဲအောင်ပြု၍ မြတ်စွာဘုရားကို ပူဇော်မည်ဟုကြံပြီး၊ ဆူးပန်းရွှေပန်းပွင့်ရောင် အဆင်းရှိသော အသပြာတစ်ထောင်တန်ဖိုးထိုက်သော အဝတ်ထည်နှင့်အတူ ဆူးပန်းရွှေပန်းခြင်း တောင်း ကိုယူ၍ ဝမ်းမြောက်ဖွယ် အကြောင်းကောင်းမှုပြုသောအခါ မြတ်စွာဘုရားကို ဆူးပန်းရွှေပန်းပွင့်တို့ဖြင့် ပူဇော်၍ အဝတ်ထည်ကို မြတ်စွာဘုရား ခြေတော်ရင်း၌ ချထားပြီး -

မြတ်စွာဘုရား, ဖြစ်ရာ ဖြစ်ရာသုဂတိဘုံဘဝတိုင်း၌ တပည့်တော်မ၏ ခန္ဓာကိုယ်သည် ဆူးပန်း ရွှေပန်းပွင့်အဆင်းရှိသော ကိုယ်သာဖြစ်ပါစေဘုရား၊ တပည့်တော်မ၏ နာမည်သည်လည်း အနောဇာဟူသော အမည်သာဖြစ်ပါစေ ဘုရားဟု ဆုတောင်းလေ၏။

မြတ်စွာဘုရားသည် တောင်းဆိုသည့်အတိုင်းဖြစ်စေဟု အနုမောဒနာပြုတော်မူသည်။

ခေါင်းဆောင်သူကြွယ် အမှူးရှိသော လူအားလုံးတို့သည် လူ့ပြည်၌ အသက်ထက်ဆုံးနေကြပြီး လူ့ပြည်မှကွယ်လွန်ကြသော် နတ်ပြည်၌ဖြစ်ကြပြီး၊ ဤလူ့ပြည်ဝယ် ဘုရားပွင့်ကာနီးအချိန်တွင် နတ်ပြည်မှ ကွယ်လွန်ခဲ့ကြပြီး၊ ခေါင်းဆောင်သူကြွယ်သည် ကုက္ကုဋဝတီမြို့မင်းမျိုး၌ဖြစ်၍ အရွယ်ရောက်လတ် သော် မဟာကပ္ပိန အမည်ရှိသော မင်းဖြစ်လေ၏။

ကျန်ယောကျ်ားတို့သည် အမတ်ကြီးများအိမ်အသီးသီး၌ ဖြစ်ကြကုန်၏။

ခေါင်းဆောင်သူကြွယ်၏ ဇနီးသည် မဒ္ဒတိုင်းသာဂလမြို့မင်းမျိုး၌ ဖြစ်လေ၏။ ထိုအမျိုးသမီးသည် ဆူးပန်းရွှေပန်းအဆင်းနှင့်တူသော အဆင်းရှိသောခန္ဓာကိုယ် ရှိသူဖြစ်လေ၏ အနောဇာဟူသောအမည်ကို မှည့်ထားကြကုန်၏။ အနောဇာအမျိုးသမီး အရွယ်ရောက်လတ်သော် မဟာကပ္ပိနမင်း၏ နန်းတော်သို့ ရောက်၍ အနောဇာဒေဝီအမည်ရှိ မိဖုရားဖြစ်လေ၏။

ကျန်အမျိုးသမီးတို့လည်းအမတ်ကြီးများအိမ်အသီးသီးတို့၌ဖြစ်ကြ၍ အရွယ်ရောက်ကုန်လတ်သော် အမတ်တို့၏ သားအသီးသီးတို့အိမ်တို့ကို ရောက်ကြလေကုန်၏။

အမတ်အားလုံးတို့သည်မဟာကပ္ပိနမင်း၏ စည်းစိမ်နှင့်တူသော စည်းစိမ်ကိုခံစားကြကုန်၏။

မဟာကပ္ပိနမင်းသည် အဆင်တန်ဆာအားလုံးဖြင့် တန်ဆာဆင်၍ဆင်ကိုစီးပြီးသွားလျှင် အမတ်တို့လည်းထိုနည်းပင်သွားကြကုန်၏။

မဟာကပ္ပိနမင်းသည်မြင်းဖြင့် သော်လည်းကောင်း၊ ရထားဖြင့်သော်လည်းကောင်း သွားခဲ့သော် အမတ်တို့လည်း ထိုနည်းတူသွားကြကုန်၏။

ဤသို့လျှင်ထိုမင်းနှင့် အမတ်တို့သည်တပေါင်းတည်းပြုခဲ့သော ကောင်းမှု၏ အစွမ်းအာနုဘော် ကြောင့် တပေါင်းတည်းသာ စည်းစိမ်ကိုခံစားကြရကုန်၏။

မဟာကပ္ပိနမင်း၏ ဗလမည်သောမြင်း၊ ဗလဝါဟနမည်သောမြင်း၊ ပုပ္ဖမည်သောမြင်း၊ ပုပ္ဖဝါဟနမည်သောမြင်း၊ သုပတ္တမည်သော မြင်းအားဖြင့် မြင်းငါးစီးဖြစ်ကုန်၏။ မဟာကပ္ပိနမင်းသည် ထိုမြင်းငါးစီးတို့တွင် သုပတ္တအမည်ရှိသောမြင်းကို ကိုယ်တိုင်စီး၍ ကျန်မြင်းလေးစီးကို မြင်းစီးသူရဲကောင်းတို့အား စုံစမ်းစုဆောင်းဖို့ရာ ပေးထားလေ၏။

မဟာကပ္ပိနမင်းသည် ထိုမြင်းစီးသူရဲတို့ကို နံနက်စောစော ထမင်းကျွေး၍ သင်တို့သွားကြ၊ ခရီးနှစ်ယူဇနာ သုံးယူဇနာတိုင်အောင် လှည့်လည်၍ ဘုရားပွင့်တော်မူသည်ကို သော်လည်းကောင်း၊ တရားတော်ပေါ်ထွန်းသည်ကိုသော်လည်းကောင်း၊ သံဃာတော်ပေါ်ထွန်းသည်ကို သော်လည်းကောင်း၊ သိအောင်စုံစမ်းကြ၍ ငါ့အားချမ်းသာဖြစ်ကြောင်း ကောင်းသတင်းကို ဆောင်ခဲ့ကြရမည်ဟု ပြောဆိုစေလွှတ်လေ၏။

မြင်းစီးသူရဲလေးယောက်တို့သည် မြို့တံခါးလေးခုတို့မှထွက်ခွာကြပြီး ခရီးသုံးယူဇနာတိုင်အောင် လှည့်လည်ကြသော် သတင်းစကားကိုမရကြဘဲ ပြန်လာခဲ့ကြကုန်၏။

ထိုအချိန်မှနောက်တစ်နေ့သ၌ မဟာကပ္ပိနမင်းသည် သုပတ္တမြင်းကိုစီး၍ အမတ်တစ်ထောင်ခြံရံလျက် ဉယျာဉ်သို့သွားစဉ် ပင်ပန်းသော ရုပ်အသွင် ရှိကုန်သော ကုန်သည်ငါးရာတို့ မြို့တွင်းသို့ဝင်လာကြစဉ် တွေ့မြင်ရ၍ ဤသူတို့သည် ခရီးပန်းလာကြသည်၊ မချွတ်ကေန် ဤသူတို့ထံမှ သတင်းကောင်းတစ်ခုကို ကြားရလိမ့်မည် အကြံဖြင့် ကုန်သည်တို့ကို အခေါ်စေလွှတ်၍မေးလေ၏။

သင်တို့ အဘယ်တိုင်းပြည် မြို့ရွာမှ လာခဲ့ကြသနည်း။

အရှင်မင်းကြီး, ဤသာဂလမြို့မှခရီးယူဇနာ(၁၂၀)အကွာတွင်သာဝတ္ထိမြို့ရှိပါသည်၊ ထိုမြို့မှ လာခဲ့ကြပါသည်။

ကောင်းပြီ။ သင်တို့နေထိုင်ရာအရပ်၌ ဖြစ်ပေါ်နေသော သတင်းတစ်စုံ တစ်ခုရှိလေသလော။

အရှင်မင်းကြီး, အခြားသတင်းတစ်စုံတစ်ခုမရှိပါ၊ မြတ်စွာဘုရား ပွင့်တော်မူပါပြီဟု လျှောက်တင်ကြကုန်၏။

မဟာကပ္ပိနမင်းသည် ထိုသတင်းစကားကို ကြားလိုက်စဉ်မှာပင် ပီတိငါး မျိုး ဖြင့်တွေ့ထိအပ်သော ကိုယ်ရှိရကား တစ်စုံတစ်ခုကိုမမှတ်သားနိုင်ဘဲ မုဟုတ်အချိန်ကိုလွန်စေပြီးမှ အမောင်တို့ဘာကို ပြောလိုက်ကြသနည်း။

အရှင်မင်းကြီး, မြတ်စွာဘုရား ပွင့်တော်မူပါပြီ။

မဟာကပ္ပိနမင်းကြီးသည် သုံးကြိမ်တိုင်အောင် မုဟုတ်အချိန်ကို လွန်စေပြီး လေးခုမြောက်အကြိမ်၌ အမောင်တို့ ဘာကိုပြောလိုက်ကြသနည်းဟု မေးပြန်၍ -

အရှင်မင်းကြီး, မြတ်စွာဘုရား ပွင့်တော်မူပါပြီဟု လျှောက်တင်လေသော် အမောင်တို့ သင်တို့အား ငါသည် အသပြာတစ်သိန်းသတင်းဆုကိုပေးပါ၏ဟု ပြောဆိုပြီး၊ အခြားသတင်းတစ်စုံတစ်ခု ရှိသေးသလော (မေး)

အရှင်မင်းကြီး, ရှိပါသည်၊ တရားတော်ထွန်းပေါ်ပါပြီ (တင်)

မဟာကပ္ပိနမင်းသည် ထိုသတင်းစကားကိုလည်းကြားရ၍ ရှေးနည်းဖြင့် သာသုံးကြိမ်တို့ကိုလွန်စေ၍ လေးခုမြောက်အကြိမ်၌ တရားတော်ထွန်းပေါ်ပါပြီဟု တင်လျှောက်လေသော် အမောင်တို့ ဤသတင်းစကားအရာ၌လည်း သင်တို့အား အသပြာတစ်သိန်းသတင်းဆုကို ပေးပါ၏ဟု ပြောဆို၍ -

အမောင်တို့ အခြားသတင်းရှိသေးသလော ( မေး )

အရှင်မင်းကြီး ရှိပါသည်၊ သံဃာရတနာဖြစ်ပေါ်နေပါပြီ ( တင် )

မဟာကပ္ပိနမင်းသည် ထိုသတင်းကိုလည်းကြားရ၍ မုဟုတ်သုံးကြိမ်တို့ကိုလွှန်စေ၍ လေးခုမြောက်အကြိမ်၌ သံဃာဟူသော စကားလုံးကို ကြားရလေသော် - ဤသတင်းစကား၌လည်း သင်တို့အား ငါသည် အသပြာတစ်သိန်းသတင်းဆုကိုပေးပါ၏ ဟုပြောဆိုပြီး အမတ်တစ်ထောင်ကိုကြည့်ကာ- အမောင်တို့ ဘယ်လိုလုပ်ကြမည်နည်း( မေး )

အရှင်မင်းကြီး - အရှင်မင်းကြီးတို့ကောဘာလုပ်တော်မူကြမည်နည်း၊(တင်)

အမောင်တို့ ငါသည် မြတ်စွာဘုရားပွင့်တော်မူပြီ၊ တရားတော်ထွန်းပေါ်နေပြီ၊ သံဃာတော်ဖြစ်ပေါ်နေပြီဟု ကြား‌ရ၍ နန်းတော်သို့တစ်ဖန်ပြန်မည်မဟုတ်၊
မြတ်စွာဘုရားကို ရည်စူးကာသွား၍ မြတ်စွာဘုရားထံ၌ ရဟန်းပြုတော့မည်။

အရှင်မင်းကြီး, ကျွန်တော်တို့လည်း အရှင်မင်းကြီးတို့နှင့်အတူ ရဟန်းပြုကြပါမည် ( တင် )

မဟာကပ္ပိနမင်းကြီးသည် -

ရွှေပြား၌ အက္ခရာတို့ကိုရေးစေပြီး ကုန်သည်တို့ကို ဤသို့မိန့်ဆိုလေ၏။

အမောင်တို့ အနောဇာအမည်ရှိ မိဖုရားသည် သင်တို့အားအသပြာသုံးသိန်းကိုပေးလိမ့်မည်၊ မိဖုရားကို ဤသို့လည်းတင်လျှောက်ကြ -

မင်းကြီးသည် အရှင်မိဖုရားအား အစိုးရမှုစည်းစိမ်အားလုံးကို စွန့်ပေးအပ်ပါပြီတဲ့၊ အရှင်မိဖုရားသည် စိတ်တိုင်းကျ ချမ်းသာသလိုစည်းစိမ်ကို သုံးဆောင်ခံစားပါတဲ့ ဟုပြောကြ။

အကယ်၍သင်တို့ကို မင်းကြီးက ဘယ်သွားသနည်းဟုမေးလျှင် မြတ်စွာဘုရားကို ရည်စူးပြီး ရဟန်းပြုတော့မည်ဟု ပြောကြားသွားကြောင်း တင်လျှောက်ကြလေ။

အမတ်ကြီးတို့လည်းမိမိ မိမိ၏ဇနီးတို့အားထိုနည်းတူသတင်း ပို့ကြကုန်၏။

မဟာကပ္ပိနမင်းသည် ကုန်သည်တို့ကိုသွားစေပြီး မြင်းစီးကာ အမတ်တစ်ထောင် ခြံရံလျက် ထိုခဏမှာပင် မြို့တော်မှထွက်ခွာသွားလေပြီ။

မြတ်စွာဘုရားလည်း ထိုနေ့နံနက်စောစောအချိန် သတ္တလောကကို ရှုကြည့်လတ်သော် မဟာကပ္ပိနမင်းကို အခြံအရံနှင့်အတူမြင်တော်မူ၍ -

ဤမဟာကပ္ပိနမင်းသည် ကုန်သည်တို့ထံမှ -

ရတနာသုံးပါး ဖြစ်ထွန်းပေါ်ပေါက်ကြောင်းကိုကြားရ၍ ကုန်သည်တို့၏ စကားကို အသပြာသုံးသိန်းဖြင့် ပူဇော်ပြီး၊ ထီးနန်းစည်းစိမ်ကို ပယ်စွန့်ကာအမတ် တစ်ထောင်ခြံရံလျက် ငါဘုရားကို ဦးတည်ရည်စူး၍ ရဟန်းပြုလိုသဖြင့် နက်ဖန်ထွက်လာလိမ့်မည်။ သူသည်အခြံအရံနှင့်အတူ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လိမ့်မည်။ သူ့အားခရီးကြိုဆိုမှုကို ငါဘုရားပြုမည် အကြံဖြင့် နောက်နေ့၌ ရွာငယ်ကိုစားရသော ရွာစားကိုခရီးဦးကြိုပြုသော စကြာဝတေးမင်းကဲ့သို့ ကိုယ်တော်တိုင်သာ သပိတ်သင်္ကန်းကိုယူ၍ ယူဇနာ(၁၂၀)ခရီးတိုင်အောင် ခရီးဦးကြိုပြု၍ စန္ဒဘာဂါမြစ်ကမ်းအနီး ပညောင်ပင်ရင်း၌ ရောင်ခြည်တော်ခြောက်သွယ်တို့ကို လွှတ်တော်မူလျက် ထိုင်တော်မူပြီ -

ကပ္ပိနမင်းလည်း မြတ်စွာဘုရားထံလာနေစဉ် မြစ်တစ်ခုသို့ရောက်၍ မေးလေ၏။

ဤမြစ်၏ အမည်ကား အဘယ်နည်း။

အရှင်မင်းကြီး အပရစ္ဆာမည်ပါသည်။

အမောင်တို့ ဤမြစ်၏ ပမာဏအဘယ်မျှရှိသနည်း၊

အရှင်မင်းကြီး ဤမြစ်သည် အနက်အားဖြင့် တစ်ဂါဝုတ်ရှိ၍ အကျယ်အားဖြင့် နှစ်ဂါဝုတ်ရှိပါသည်။

ဤမြစ်ကမ်း၌ လှေ သို့မဟုတ် ဖောင်ရှိသလော။

အရှင်မင်းကြီး, မရှိပါ။

လှေစသည်တို့ကို စောင့်မျှော်နေလျှင် ငါတို့ကိုဇာတိတရားသည် ဇရာ တရားထံပို့နေသည်၊ ဇရာ တရားသည် မရဏတရားထံပို့နေသည်။

ငါသည် ယုံမှားမဲ့ရတနာသုံးပါးတို့ကို ရည်စူးဦးတည် ထွက်လာခဲ့သည်။

ရတနာသုံးပါးတို့၏ တန်ခိုးအာနုဘော်ကြောင့် ငါ့အဖို့မြစ်၌ရှိသော ဤရေသည် ရေကဲ့သို့မဖြစ်ပါစေသတည်းဟု ရတနာသုံးပါးတို့၏ဂုဏ်ကို ဆင်ခြင်၍ -

ထိုမြတ်စွာဘုရားသည် သံသရာစက်၏ အကန့်အကွက်တို့ကို ပယ်ဖျက်ပြီးဖြစ်သောကြောင့် အရဟံဂုဏ်တော်နှင့်ပြည့်စုံတော်မူပါပေ၏။ မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် သစ္စာလေးတန် တရားမှန်ကို ကိုယ်တော်တိုင်သိတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။ အစရှိသည်ဖြင့် ဗုဒ္ဓါနုဿတိကို အဖန်ဖန်အမှတ်ရလျက် အခြံအရံနှင့်အတူ မြင်းတစ်ထောင်ဖြင့် ရေမျက်နှာပြင်ပေါ်၌ ပြေးသွားလေ၏။

သိန္ဓောမြင်းတို့သည် ကျောက်ဖျာပေါ်၌ ပြေးသွားကုန်သကဲ့သို့ပြေးသွားကြကုန်၏။ မြင်းခွာတို့၏ အောက်ဆုံးအပြင်ကိုသာ ရေစွတ်ကုန်၏။

မဟာကပ္ပိနမင်းသည် အပရစ္ဆာမြစ်ကို ကူး၍ရှေ့သို့သွားပြန်သော် အခြားမြစ်တစ်ခုကိုလည်း မြင်တွေ့ပြန်၍ ဤမြစ်သည် အဘယ်အမည်ရှိသော မြစ်နည်းဟု မေးပြန်၏။

အရှင်မင်းကြီး နီလဝါဟိနီ အမည်ရှိသော မြစ်ဖြစ်ပါသည်။

ဤမြစ်၏ပမာဏသည် အဘယ်မျှရှိသနည်း၊ အရှင်မင်းကြီး ဤမြစ်သည် အနက်အားဖြင့်လည်းကောင်း၊ အကျယ်အားဖြင့်လည်းကောင်း ယူဇနာဝက်ရှိသည်။

(ကျန်သော ဖြစ်ရပ်သည် ရှေ့ဖြစ်ရပ်နှင့် တူလေ၏။)

နီလဝါဟိနီမြစ်ကို တွေ့မြင်လေသော် မြတ်စွာဘုရား၏ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်တရားတော်သည် ကောင်းစွာဟောအပ်သောကြောင့်သွာက္ခာတ ဂုဏ်တော်နှင့်ပြည့်စုံတော်မူပါပေ၏ စသည်ဖြင့် ဓမ္မာနုဿတိကို အဖန်ဖန် အမှတ်ရလျက် ပြေးသွားလေ၏။

ထိုမြစ်ကိုလည်း ကျော်၍သွားလေသော် အခြားမြစ်တစ်ခုကို မြင်တွေ့ပြန်၍ အဘယ်အမည်ရှိသော မြစ်နည်းဟု မေးပြန်၏။

အရှင်မင်းကြီး စန္ဒဘာဂါအမည်ရှိသော မြစ်ပါ။

ဤမြစ်၏ ပမာဏအဘယ်မျှနည်း။

အရှင်မင်းကြီး အနက်အားဖြင့်လည်းကောင်း၊ အကျယ်အားဖြင့် လည်းကောင်း တစ်ယူဇနာရှိပါသည်၊ (ကျန်သောဖြစ်ရပ်သည် ရှေ့ဖြစ်ရပ်နှင့်တူလေ၏)

ဤမြစ်ကိုမြင်၍ မြတ်စွာဘုရား၏ တပည့်သံဃာတော်သည် ကောင်းစွာ ကျင့်ကြံအားထုတ်တော်မူပါပေ၏။ စသည်ဖြင့် သံဃာနုဿတိကို အဖန်ဖန် အမှတ်ရလျက် ပြေးသွားလေ၏။

ထိုမြစ်ကို ကျော်လွန်၍သွားလေသော် မြတ်စွာဘုရားကိုယ်တော်မှ ထွက်ကုန်သော ခြောက်မျိုးသော အဆင်းရှိသော ရောင်ခြည်တော်တို့ကို မြင်လေပြီ။

ပဉောင်ပင်၏ အခက်၊ အခွ၊ အရွက်တို့သည် ရွှေဖြင့်ပြီးကုန်သကဲ့သို့ ဖြစ်ကုန်၏။

မဟာကပ္ပိနမင်းသည် -

ဤအရောင်သည် လရောင်လည်းမဟုတ်၊ နေရောင်လည်းမဟုတ်၊ ရှီးရှီးနတ်၊ မာရ်နတ်၊ ဗြဟ္မာ၊ နဂါး၊ ဂဠုန်စသည်တို့တွင် တစ်ဦးဦး၏ အရောင်လည်းမဟုတ်၊ မချွတ်ဧကန် မြတ်စွာဘုရားကို ရည်စူးဦးတည်၍လာသော ငါ့ကို မဟာဂေါတမဗုဒ္ဓသည် မြင်တော်မူအပ်သည် ဖြစ်လိမ့်မည်ဟု စဉ်းစားမိလေ၏။

မဟာကပ္ပိနမင်းသည် စဉ်းစားမိပြီး ထိုခဏမှာပင် မြင်းကျောက်ကုန်းပေါ်မှသက်ဆင်း၍ ကိုင်းညွတ်သောကိုယ်ရှိလျက် ရောင်ခြည်တို့ကို အစဉ်လိုက်သွားခြင်းဖြင့် မြတ်စွာဘုရားထံချဉ်းကပ်၍ ဆေးဒါန်းမြင်းသီလာ ရေအတွင်း၌ ငုပ်နေသကဲ့သို့ ဘုရားရောင်ခြည်တော်တို့၏ အတွင်း၌ ဝင်၍မြတ်စွာဘုရားကို ရှိခိုးပြီး အမတ်တစ်ထောင်နှင့် အတူသင့်လျော်သောနေရာ၌ထိုင်နေလေ၏။

မြတ်စွာဘုရားသည် မဟာကပ္ပိနမင်းအား အစဉ်အတိုင်းဖြစ်သော တရားစကားကို ဟောကြားမြွက်ဟတော်မူပြီ -

ဒေသနာတော်အဆုံး၌ မဟာကပ္ပိနမင်းသည် အခြံအရံအားလုံးနှင့်အတူ သောတာပတ္တိဖိုလ်၌ တည်လေပြီ။

ထိုအခါ လူအားလုံးတို့သည်နေရာမှထကြပြီး၊ ရှင်ရဟန်းအဖြစ်ကို တောင်းဆိုကြကုန်၏။

မြတ်စွာဘုရားသည် ဤအမျိုးသားတို့အဖို့ တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းသည် ရောက်လာလိမ့်မည်လော ဟုဆင်ခြင်လတ်သော် -

ဤအမျိုးကောင်းသားတို့သည် ပစ္စေကဗုဒ္ဓါတစ်ထောင်အား သင်္ကန်း တစ်ထောင်ကို ပေးလှူခဲ့ဘူးကြပြီ၊ ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ရဟန်းတော် နှစ်သောင်းတို့အားလည်း သင်္ကန်းနှစ်သောင်းတို့ကို ပေးလှူခဲ့ကြပြီ၊ ဤအမျိုးသားတို့အဖို့ တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်း ရောက်လာခြင်းသည် အံ့ဩဖွယ်မဟုတ်ဟု သိတော်မူ၍ လက်ျာလက်ကို ဆန့်တန်းပြီးလျှင် -

ဧထ ဘိက္ခဝေါ စရထဗြဟ္မ စရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ - ဟု မိန့်ခေါ်တော်မူ၏။

ဘိက္ခဝေါ-ရဟန်းတို့၊ ဧထ-လာကြကုန်လော၊ တစ်နည်း၊ ဘိက္ခဝေါ- ရဟန်းဖြစ်လိုသူတို့၊ ဧထ-သင်တို့အလိုရှိသော ရဟန်းအဖြစ်ကို ယူကြကုန်လော၊ ဒုက္ခဿ- ဘဝအဖုံဖုံဆင်းရဲမျိုးစုံ၏၊ အန္တကိရိယာယ-အဆုံးအဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသောအားဖြင့် မိမိတို့သန္တာန်၌ပြုခြင်းငှာ၊ သမ္မာ-မဖောက်မပြန် နည်းမှန်လမ်းမှန်၊ ဗြဟ္မာစရိယံ - မဂ်တည်းဟူသော အကျင့်မြတ်ကို၊ စရထ-ကျင့်ကြကုန်လော။

မြတ်စွာဘုရား ထိုသို့ မိန့်ခေါ်ရာ ခဏမှာပင် မဟာကပ္ပိနမင်းနှင့် အမတ်တစ်ထောင်တို့သည် ပရိက္ခရာရှစ်ပါးတို့ကို ကိုယ်စီဆောင်ကြကုန်လျက်၊ ဝါခြောက်ဆယ်ရပြီးသော ထေရ်တို့ကဲ့သို့ဖြစ်၍ ကောင်းကင်သို့ပျံတက်ပြီး အောက်သို့ ပြန်ဆင်းကြကာ မြတ်စွာဘုရားကို ရှိခိုး၍ထိုင်နေကြကုန်၏။

ကုန်သည်တို့လည်း မင်း၏ နန်းတော်သို့သွားကြကုန်၍ မဟာကပ္ပိနမင်း စေလွှတ်အပ်သူများဖြစ်ကြောင်းကို အကြောင်းကြားစေ၍ အနောဇာမိဖုရားက လာကြစေကုန်ဟု ပြောဆိုအပ်သော် နန်းတော်တွင်းဝင်ရှိခိုးပြီး သင့်တော်ရာ နေရာ၌ နေကြကုန်၏။

ထိုအခါ ကုန်သည်ကို့ကို မိဖုရားကြီးကမေးလေ၏။

အမောင်တို့, ဘယ်အကြောင်းကြောင့် လာကြသနည်း။

ကျွန်တော်မျိုးတို့ကို မဟာကပ္ပိနမင်းကြီးက ရှင်မိဖုရားတို့ထံ စေလွှတ်လိုက်ပါသည်၊ ကျွန်တော်မျိုးတို့အား အသပြာသုံးသိန်းပေးတော် မူလိုက်ပါတဲ့။

အမောင်တို့, အလွန်များစွာပြောဆိုကြသည်။ သင်တို့က မင်းကြီး၏ ဘယ်လိုကိစ္စကို ပြုအပ်သနည်း။

မင်းကြီးက သင်တို့၏ အဘယ်အရာ၌ စိတ်ကြည်လင်တော်မူ၍ ဤမျှလောက်များပြားသော ဥစ္စာတို့ကိုပေးစေသနည်း။

အရှင်မိဖုရား, ကျွန်တော်မျိုးတို့သည် အခြားကိစ္စတစ်စုံတစ်ခုကို မပြုအပ်ပါ။

သို့သော် မင်းကြီးအား သတင်းစကားတစ်ခုကို တင်လျှောက်ကြပါသည်။

အမောင်တို့, ထိုသတင်းစကားကို ငါ့အားပြောနိုင်ကြသလော။

အရှင်မိဖုရား, ပြောနိုင်ကြပါသည်။

အမောင်တို့, ပြောနိုင်ကြလျှင် ပြောကြစမ်းပါ။

အရှင်မိဖုရား, သတ္တလောက၌ လောကထွတ်ထား မြတ်ဘုရားထင်ရှား ပွင့်ပါပြီ။

အနောဇာမိဖုရားလည်း ထိုသတင်းစကားကိုကြားရ၍ ရွှေနည်းဖြင့်ပင် ပီတိဖြင့်ပြီးသော ကိုယ်ရှိရကား သုံးကြိမ်တိုင်အောင် ဘာကိုမျှမမှတ်မိနိုင်ဘဲ လေးခုမြောက်အကြိမ်၌ ဘုရားဟူသော စကားကို ကြားရ၍- အမောင်တို့ ဤစကားအရာ၌ မင်းကြီးသည် သင်တို့အား အသပြာဥစ္စာဘယ်မျှကို ပေးအပ်သနည်း။

အရှင်မိဖုရား, အသပြာတစ်သိန်းပေးပါသည်။

အမောင်တို့, ဤသို့ထူးခြားသတင်းစကားကိုကြားရ၍ သင်တို့အား အသပြာတစ်သိန်းကို ပေးစေသော မင်းကြီးသည် အသိဉာဏ်ဖြင့် မချင့်နိုင်တတ်၊ မလျောက်ပတ်သည်ကို ပြုအပ်ပေသည်။

မိဖုရားဖြစ်သူ ငါတမူကားသင်တို့အား ငါ၏ ဆင်းရဲသောလက်ဆောင်တွက် ကိန်းအသပြာ သုံးသိန်းတို့ကို ပေးပါ၏။

သင်တို့သည် မင်းကြီးအား ပြောအပ်ပြီးသည်မှ တခြားလည်းဖြစ်သော အဘယ်စကားကို တင်လျှောက် အပ်သေးသနည်း (မေး)

ကုန်သည်တို့သည်- အရှင်မိဖုရား, ဤစကားကိုလည်း တင်လျှောက်အပ် ပါသည်၊ ဤစကားကိုလည်း တင်လျှောက်အပ်ပါသည်ဟု အခြားသတင်းစကား နှစ်ခုတို့ကိုလည်း တင်လျှောက်ကြကုန်၏။ (တင်)

အနောဇာဒေဝီမိဖုရားကြီးသည် ရွှေနည်းဖြင့်ပင် ပီတိဖြင့်တွေ့ထိအပ် သောကိုယ်ရှိရကား သုံးကြိမ်တိုင်အောင်ဘာကိုမျှမမှတ်သားနိုင်ဘဲ လေးခုမြောက်အကြိမ်၌ရွှေနည်းတူကြားရ၍ အသပြာသုံးသိန်း, သုံးသိန်းစီပေးလေ၏။

ဤသို့လျှင်ကုန်သည်တို့သည် အားလုံးပေါင်း အသပြာတစ်သန်းနှစ်သိန်း တို့ကိုရကြကုန်၏။

ထို့အပြင်ကုန်သည်တို့ကို မိဖုရားသည် မေးပြန်၏။

အမောင်တို့ မဟာကပ္ပိနမင်း ဘယ်ကိုကြွသွားသနည်း။

အရှင်မိဖုရား မြတ်စွာဘုရားကို ရည်မှန်းဦးတည်ပြီး ရဟန်းပြုတော့မည်ဟု ပြောဆိုကြွသွားပါသည်။

မဟာကပ္ပိနမင်းက မိဖုရားဖြစ်သူငါ့အား ဘယ်သတင်းစကားကို ပေးလိုက်သေးသနည်း။

မဟာကပ္ပိနမင်းသည် အရှင်မိဖုရားတို့အား အစိုးရမှုအားလုံးကို စွန့်လွှတ်လိုက်ပါသည်တဲ့။ အရှင်မိဖုရားတို့သည် အလိုရှိတိုင်းစည်းစိမ်ချမ်းသာကို သုံးဆောင်ခံစားကြပါတဲ့။

အမောင်တို့ အမတ်ကြီးများကား ဘယ်ကိုသွားကြသနည်း။

အရှင်မိဖုရား အမတ်ကြီးများလည်း မဟာကပ္ပိနမင်းနှင့်အတူပင် ရဟန်းပြုကြမည်ဟု ပြောဆိုလိုက်သွားကြပါသည်။

အနောဇာဒေဝီမိဖုရားသည် အမတ်ကြီးတို့၏မိဖုရားတို့ကိုခေါ်၍ -

အမိတို့ သင်တို့၏အရှင်လင်ယောကျ်ားတို့သည် မင်းကြီးနှင့်အတူ ရဟန်းပြုကြမည်ဟုလိုက်သွားကြပြီ၊ သင်တို့ဘယ်လိုလုပ်ကြမည်နည်း။

အရှင်မိဖုရား သူတို့ကကျွန်တော်မတို့ထံ ဘယ်လိုသတင်းပို့အပ်ပါသနည်း။

သူတို့က သူတို့ဥစ္စာစည်းစိမ်ကို သင်တို့အားစွန့်လွှတ်အပ်ပါပြီတဲ့၊ သင်တို့ သည်ထိုစည်းစိမ်ချမ်းသာကို နှစ်သက်သလို သုံးဆောင်ကြပါတဲ့။

အရှင်မိဖုရား - အရှင်မိဖုရားတို့ကကော ဘယ်လိုလုပ်ကြပါမည်နည်း။

အမိတို့ - မဟာကပ္ပိနမင်းသည် ဘုရားတရားသံဃာပွင့်ထွန်းပေါ်လာပြီဟူသော သတင်းစကားကြားရုံဖြင့် လမ်း၌ရပ်လျက်ပင် အသပြာသုံးသိန်းတို့ဖြင့် ရတနာသုံးပါးတို့ကိုပူဇော်၍ စည်းစိမ်ဥစ္စာကို တံတွေးပေါက်ကဲ့သို့ စွန့်ပစ်၍ ရဟန်းပြုတော့မည်ဟု တိုင်းပြည်မှ ထွက်ခွာသွားသည်။

ငါတမူကား ရတနာသုံးပါးတို့၏ ဖြစ်ပေါ်ထွန်းလင်းနေကြောင်းသတင်း စကားကိုကြားရ၍ ရတနာသုံးပါးတို့ကိုအသပြာကိုးသိန်းတို့ဖြင့် ပူဇော်အပ်ကုန်၏။ ဤစည်းစိမ်ချမ်းသာမည်သည် မဟာကပ္ပိနမင်း၏သာဆင်းရဲမဟုတ် ငါ၏လည်း ဆင်းရဲသာဖြစ်၏။

မဟာကပ္ပိနမင်းသည် ထွေးပစ်အပ်သောတံတွေးပေါက်ကို အဘယ်သူသည်ဒူးတုပ်၍ ပါးစပ်ဖြင့် စုတ်ယူမည်နည်း။

ငါ့အားနန်းစည်းစိမ်ချမ်းသာဖြင့်အကျိုးမရှိ၊ ငါလည်းမြတ်စွာဘုရားကို ရည်စူးဦးတည်ကာ သွား၍ ရဟန်းပြုတော့မည်ဟု ပြောလေရာ -

အရှင်မိဖုရား၊ ကျွန်တော်မတို့လည်း အရှင်မတို့နှင့်အတူသာ ရဟန်းပြုကြပါမည်။

အမိတို့ - ရဟန်းပြုနိုင်ကြရင်ကောင်းပါ၏။

အရှင်မိဖုရား ရဟန်းပြုနိုင်ကြပါသည်။

အမိတို့ - ကောင်းလှပါပြီ၊ ရဟန်းပြုကြမည်ဖြစ်လျှင်လာသွားကြစို့ဟုခေါ်ပြီး ရထားတစ်ထောင်ကို တပ်ဆင်စေကာ ရထားပေါ်သို့တက်၍ အမတ်ကတော်အားလုံးတို့နှင့်အတူ နေပြည်တော်မှထွက်ခဲ့၍ အကြားဖြစ်သောလမ်း၌ ရှေးဦးစွာသောမြစ်ကိုမြင်တွေ့လေသော် မဟာကပ္ပိနမင်းမေးသကဲ့သို့မေး၍ ဖြစ်ပုံ အားလုံးကို ကြားသိပြီးသော် -

မဟာကပ္ပိနမင်းသွားရာလမ်းကြောင်းကိုကြည့်ကြကုန်လောဟု ပြောဆိုလျှင် - အရှင်မိဖုရား သိန္ဓောမြင်းတို့၏ခြေရာကိုမမြင်ကြရပါဟု တင်အပ်လေသော် မဟာကပ္ပိနမင်းသည် ရတနာသုံးပါးတို့ကို ရည်စူးဦးတည်၍ နေပြည်တော်မှထွက်သွားစဉ် သစ္စာဆို၍သွားလိမ့်မည်၊ ငါလည်းရတနာသုံးပါးတို့ကိုဦး တည်ရည်စူး၍ ထွက်လာသူဖြစ်၏၊ ရတနာသုံးပါးတို့၏ သာတန်ခိုးအာနုဘော်ကြောင့် ဤမြစ်ရေသည် ရေကဲ့သို့ မဖြစ်ပါစေသတည်းဟု ရတနာသုံးပါးတို့၏ ဂုဏ်ကို မပြတ်အောင်မေ့ပြီး ရထားတစ်ထောင်ကို မောင်းနှင်စေ၏။

မြစ်ရေသည် ကျောက်ဖျာနှင့်တူလေ၏။ ရထားတို့၏ဘီးဝန်းတို့၏အစွန် အကွပ်ဖျားအလုံးတို့သည် ရေမစွတ်လေကုန်၊ ဤနည်းဖြင့်သာ အခြားသောမြစ် နှစ်ခုတို့ကိုကူးခဲ့လေပြီ။

ထိုအချိန်အခါတွင် မြတ်စွာဘုရားသည် အနောဇာဒေဝီမိဖုရားရောက်လာမည်ကိုသိ၍ ကိုယ်တော်

မြတ်၏အနီး၌ ထိုင်နေကြသော ရဟန်းတို့ကို မမြင်ရအောင်တန်ခိုးဖြင့်ပြုတော်မူလေ၏။

အနောဇာဒေဝီလည်းသွားဆဲသွားဆဲပင် မြတ်စွာဘုရား၏ကိုယ်တော်မှ ထွက်ပေါ်ကွန့်မြူးကုန်သော ရောင်ခြည်တော်ခြောက်သွယ်တို့ကိုမြင်ရလေသော်၊ မဟာကပ္ပိနမင်းစိတ်ကူးနှင့်အတူသာ စိတ်ကူး၍မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးသင့်လျော်ရာနေရာ၌ထိုင်ကာ မြတ်စွာဘုရားကို -

မြတ်စွာဘုရား မဟာကပ္ပိနမင်းသည် အရှင်ဘုရားတို့အား ရည်စူး၍ ဦးတည်၍ထွက်သွားစဉ် အရှင်မြတ်တို့ သီတင်းသုံးရာဤနေရာ၌ရောက်နေပြီ ထင်ပါသည်။ ထိုမဟာကပ္ပိနမင်း အဘယ်မှာပါနည်း၊ မဟာကပ္ပိနမင်းကို တပည့်မတို့အားလည်း ပြတော်မူကြပါဟု မေးလျှောက်လေ၏။

ထိုအခါမြတ်စွာဘုရားသည် ထိုင်နေကြဦး ထိုမဟာကပ္ပိနမင်းကို ဤနေရာ၌ပင် မြင်ကြရလိမ့်မည်ဟု မိန့်တော်မူ၏။

အနောဇာဒေဝီနှင့် အမတ်ကတော် တစ်ထောင်တို့လည်းရွှင်လန်း ဝမ်းမြောက်သောစိတ်ရှိကြကာ ဤနေရာ၌ပင်ထိုင်နေသော ငါတို့သည် ငါတို့၏ ပိုင်ရှင်ယောက်ျားအသီးသီးတို့ကို မြင်ကြရမည်တဲ့ဟု ထိုင်နေကြကုန်၏။

မြတ်စွာဘုရားသည် ထိုအမျိုးသမီးတို့အား အစဉ်အတိုင်းဖြစ်သောတရား စကားကို ဟောကြားတော်မူသည်။

ဒေသနာတော်အဆုံး၌ အနောဇာဒေဝီသည် အခြံအရံအမတ်ကတော်တို့နှင့်အတူ သောတာပတ္တိဖိုလ်သို့ရောက်လေ၏။

မဟာကပ္ပိနထေရ်သည် ထိုအမျိုးသမီးတို့အား ဆင့်ပွားဟောကြားအပ်သော ဓမ္မဒေသနာတော်ကို နာကြားနေစဉ် အခြံအရံအားလုံးနှင့်အတူပဋိ သမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်လေ၏။

ထိုခဏ၌မြတ်စွာဘုရားသည် အမျိုးသမီးတို့အား အရဟတ္တဖိုလ်သို့ရောက်ပြီးဖြစ်ကုန်သော ထိုရဟန်းတို့ကိုမြင်စေတော်မူပြီ။

စင်စစ်သော်ကား ထိုအမျိုးသမီးတို့ရောက်လာရာခဏ၌သာ မိမိတို့ပိုင်ရှင် လင်ယောက်ျားတို့ကို ဖန်ရေဆိုးအဝတ်တို့ကိုဝတ်ကုန်လျက် ဦးပြည်းသောဦးခေါင်းတို့နှင့်အတူ တွေ့မြင်ရလျှင်တည်ကြည်သော စိတ်မဖြစ်နိုင်ရာ၊ ထို့ကြောင့်မဂ်ဖိုလ်တို့ကို ရောက်ခြင်းငှာမတတ်နိုင်လေကုန်ရာ၊ ထို့ကြောင့်လှုပ်ရှား မယိုင်မြဲခိုင်သော သဒ္ဓါတရား၌တည်ကြရာအခါ၌ ထိုအမျိုးသမီးတို့အား အရဟတ္တဖိုလ်သို့ရောက်ပြီးသာဖြစ်ကုန်သောထို ရဟန်းတို့ကို မြင်စေတော်မူသည်။

ထိုအမျိုးသမီးတို့လည်း ထိုရဟန်းတို့ကိုမြင်ကြလေသော် ငါးမျိုးသော တည်ခြင်းရှိသောရှိခိုးနည်းဖြင့် ရှိခိုးကြပြီး -

အရှင်ဘုရားတို့ - အရှင်ဘုရားတို့၏ရဟန်းကိစ္စသည် အပြီးအဆုံးသို့ ရောက်နှင့်ပါပြီဟု လျှောက်ထားကြ၍ မြတ်စွာဘုရားကို ရှိခိုးကြကာ လျှောက်ပတ်သောအရပ်၌နေကြကုန်လျက် ရဟန်းအဖြစ်ကို တောင်းဆိုကြကုန်၏။

တဆင့်စကားကြားရသည်ကား ဤသို့လျှောက်ထားအပ်သော် မြတ်စွာဘုရားသည် ဥပ္ပလဝဏ်ထေရီလာ စေဟု ကြံစည်တော်မူသည်ဟု အချို့ထေရ်တို့ဆိုကြကုန်၏။

အမှန်သော်ကား မြတ်စွာဘုရားသည် အနောဇာဒေဝီနှင့် ထိုအမျိုးသမီးတို့ကို သာဝတ္ထိသို့သွား၍ အမျိုးသမီးရဟန်းများနေရာကျောင်း၌ရဟန်းပြုကြချေဟု မိန့်တော်မူ၏။

ထိုအမျိုးသမီးတို့သည် ခရီးစဉ်အားဖြင့် ဇနပုဒ်တို့၌လှည့်လည်သွားခြင်းဖြင့် သွားကြလေသော်

အကြားခရီး၌လူအပေါင်းသည် ရှေ့ရှုဆောင်အပ်သော ပူဇော်ဖွယ်မြတ်နိုးမှုရှိကြကုန်၍ ယူဇနာ(၁၂၀) ဝေးကွာသော သာဝတ္ထိသို့ ခြေလျင်သွားကြကာ အမျိုးသမီးရဟန်းတို့နေရာကျောင်း၌ရဟန်းပြုကြပြီး အရဟတ္တဖိုလ်သို့ရောက်ကြလေကုန်၏။

မြတ်စွာဘုရားလည်း ရဟန်းတစ်ထောင်ကိုယူဆောင်၍ ကောင်းကင်ခရီးဖြင့်သာ ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူလေ၏။

ထိုဇေတဝန်ကျောင်းတော်တွင်း၌ အရှင်မဟာကပ္ပိနသည် ညဉ့်နေရာ နေ့နေရာစသည်တို့၌ -

အဟောသုခံ အဟောသုခံ - သြော် ချမ်းသာစွ၊ သြော် ချမ်းသာစွဟု ဥဒါန်းကျူးလျက်သွားလာ နေထိုင်၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား -

မြတ်စွာဘုရား မဟာကပ္ပိနသည် အဟောသုခံ - အဟောသုခံဟု ဥဒါန်းကျူးလျက် သွားလာနေပါသည်။ သူ၏ကာမချမ်းသာဖြစ်သော မင်းစည်းစိမ်ချမ်းသာကို အကြောင်းပြု၍ ပြောဆိုသည်ထင်ပါ၏ဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် မဟာကပ္ပိနကို အခေါ် လွှတ်ပြီး - ကပ္ပိန သင်သည် ကာမချမ်းသာဖြစ်သော မင်းစည်းစိမ်ချမ်းသာကိုအကြောင်းပြု၍ ဥဒါန်းကျူးရင့်နေသည်ဟု ငါဘုရားကြားရသည်။ ကြားရတိုင်း မှန်သလော -

မြတ်စွာဘုရား - မြတ်စွာဘုရားသည် တပည့်တော်၏ထိုမင်းစည်းစိမ် ကာမချမ်းသာကို အကြောင်းပြု၍ဥဒါန်းကျူးသည် - မကျူးသည်ကိုသိတော်မူပါသည် ဟုလျှောက်ထားလေသော် -

မြတ်စွာဘုရားသည် - ရဟန်းတို့ ငါဘုရားသားတော်ကပ္ပိနသည် ကာမချမ်းသာဖြစ်သော မင်းစည်းစိမ်ချမ်းသာကို အကြောင်းပြု၍ ဥဒါန်းကျူးသည်မဟုတ် -

အဟုတ်သော်ကား ငါဘုရားသားတော်ကပ္ပိနအား (ကပ္ပိန၏) တရားတော်ကို သောက်သုံးမှု၊ တရားတော်၌မွေ့လျော်မှုသည်ဖြစ်လေ၏။

ကပ္ပိနသည် အမတမဟာနိဗ္ဗာန်ကိုအကြောင်းပြု၍သာ ဥဒါန်းကျူးလေသည်ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုရကား -

ဓမ္မပီတိ သုခံ သေတိ ၊ ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ ၊ သဒါရမတိ ပဏ္ဍိတော။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ပဏ္ဍိတော - မဂ်ဉာဏ်ဖိုလ်ဉာဏ်အသိဉာဏ်နှင့် အမှန်စုံပြည့် ပညာရှိသည်၊ ဓမ္မပီတိ - တရားကိုးတန် လောကုတ်မှန်ကို နာမ်ကိုယ်နှင့်တွေ့ဆုံ အာရုံပြုမြင်ပရိညာဘိသမယစသည်တို့ဖြင့်၊ ဒုက္ခစထား အရိယသစ္စာများကိုထိုးထွင်း မြင်သိသောအားဖြင့် တရားကိုသောက်သုံးသူသည်၊ သုခံ - ချမ်းသာစွာ - သေတိ၊ အိပ်,ထိုင်, ရပ်,သွားဣရိယာလေးပါးဖြင့် သွားလာနေထိုင်ရလေ၏။ ဝိပ္ပသန္နေန- ဓမ္မကိုသောက်သုံးအစဉ်ကြည်လင်သော။ စေတသာ - ရောင်လျှံဖိတ်ဖိတ်ဖိုလ်စိတ်ဖြင့် ၊ အရိယပ္ပဝေဒိတေ - ဘုရားစသား အရိယာများတို့ ထင်ရှားသိအပ်သော၊ ဓမ္မေ - သတိပဋ္ဌာန်စထား ဗောဓိပက္ခိတရား၌၊ သဒါရမတိ - နေ့ညမစဲအမြဲ တွေ့မွေ့လျော်လေသတည်း။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပန်စသည်တို့ ဖြစ်ကြလေကုန်၏။

**မဟာကပ္ပိနထေရ် ဝတ္ထု ပြီး၏။**

# ၅၃။ ပဏ္ဍိတသာမဏေဝတ္ထု

လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရားသည် ရဟန္တာနှစ်သောင်း ခြံရံလျက် ဗာရာဏသီမြို့သို့ ကြွလာတော်မူသည်။

လူတို့သည် မိမိတို့အင်အားကိုမှတ်သား၍သံဃာရှစ်ပါး သံဃာ(၁၀)ပါး တပေါင်းတည်းပြု၍ အာဂန္တုက ဒါနညေ့သည် ရဟန်းတို့အား ပေးလှူခြင်းစသည်တို့ကိုပြုကြကုန်၏။

တစ်နေ့အခါမြတ်စွာဘုရားသည် ဆွမ်းကိစ္စပြီးဆုံးရာအချိန်၌ ဤသို့အနုမောဒနာပြုတော်မူသည်။

ဥပသကာတို့ ဤလောက၌ပုဂ္ဂိုလ်အချို့သည် မိမိဥစ္စာကိုသာပေးလှူသင့်သည်၊ သူတစ်ပါးကို ဆောက်တည်စေခြင်း တိုက်တွန်းခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု မိမိကိုယ်တိုင်သာ အလှူဝတ္ထုကို ပေးလှူသည်၊ သူတစ်ပါးကို ပေးလှူရန်မတိုက်တွန်းခဲ့၊ ဝါ - သူတစ်ပါးကိုပေးလှူမှုမဆောက်တည်စေ။ ထိုပုဂ္ဂိုလ် သည် ဖြစ်ရာဖြစ်ရာ သုဂတိဘုံဌာန၌ ဘောဂသမ္ပဒါ - စည်းစိမ်နှင့်ပြည့်စုံခြင်းကိုရ၏၊ ပရိဝါရသမ္ပဒါ - အခြံအရံ နှင့်ပြည့်စုံခြင်းကိုမရ။

ပုဂ္ဂိုလ်အချို့သည် သူတစ်ပါးကိုပေးလှူရေး၌တိုက်တွန်းနှိုးဆော်၏၊ ဝါ၊ ဆောက်တည်စေ၏၊ ကိုယ်တိုင်သော်ကားမပေးလှူ။ ထိုသူသည် ဖြစ်ရာဖြစ်ရာ သုဂတိဘုံဌာန၌ ပရိဝါရသမ္ပဒါကိုရ၏၊ ဘောဂသမ္ပဒါ ကိုမရ။

ပုဂ္ဂိုလ်အချို့သည် ကိုယ်တိုင်လည်းမပေးလှူ၊ သူတစ်ပါးကိုလည်း မတိုက်တွန်း၊ ဝါ မဆောက်တည်စေ၊ ထိုပုဂ္ဂိုလ်သည် ဖြစ်ရာဖြစ်ရာဘုံဌာန၌ ဘောဂသမ္ပဒါကိုလည်းမရ၊ ပရိဝါရသမ္ပဒါကိုလည်းမရ၊ စားကြွင်းစား‑ တောင်းစား သူကဲ့သို့ဖြစ်၍ အသက်ရှင်ရသည်။

ပုဂ္ဂိုလ်အချို့သည် ကိုယ်တိုင်လည်းပေးလှူ၏၊ သူတစ်ပါးကိုလည်း ပေးလှူခြင်း၌ တိုက်တွန်း၏၊ ဆောက်တည်စေ၏၊ ထိုပုဂ္ဂိုလ်သည် ဖြစ်ရာဖြစ်ရာ သုဂတိဘဝ ဘုံဌာန၌ဘောဂသမ္ပဒါကိုလည်းရ၏၊ ပရိဝါရသမ္ပဒါကိုလည်းရ၏ဟု အနုမောဒနာပြုတော်မူသည်။

မြတ်စွာဘုရားအနီး၌နေသော အသိအလိမ္မာရှိသော ယောကျ်ားတစ်ယောက်သည် မြတ်စွာဘုရား၏ ထိုအနုမောဒနာကိုနာကြားရ၍ -

ငါသည် သမ္ပဒါ-သမ္ပတ္တိ-ပြည့်စုံမှုနှစ်မျိုးလုံးကိုရအောင်ဒါနပြုမည်ဟု ကြံစည်ပြီး မြတ်စွာဘုရားကိုရှိခိုး၍

မြတ်စွာဘုရား - နက်ဖန်တပည့်တော်၌ဖြစ်ပေါ်လာမည့် ပီတိပါမောဇ္ဇ အကျိုးငှာ တပည့်တော် လှူဒါန်းမည့်ဆွမ်းကိုခံယူတော်မူကြပါဟု လျှောက်ထားလေ၏။

အဘယ်မျှသောရဟန်းတို့ဖြင့် သင်အလိုရှိသနည်း၊

မြတ်စွာဘုရား အရှင်ဘုရားတို့၏အခြံအရံသည် မည်မျှရှိပါသနည်း။

ဥပါသကာ - အခြံအရံ ရဟန်းနှစ်သောင်းရှိပါသည်။

မြတ်စွာဘုရား - အခြံအရံရဟန်းနှစ်သောင်းလုံးနှင့်အတူ နက်ဖန် တပည့်တော်၏ဆွမ်းကို ခံယူကြပါဟု ပင့်လျှောက်လေ၏။

မြတ်စွာဘုရားသည် လက်ခံတော်မူသည်။

ထိုယောကျ်ားသည် ရွာတွင်းသို့ဝင်သွားပြီး -

အမိတို့ - အမတို့ - နှမတို့ - အကိုတို့ - ညီတို့ ကျွန်တော်သည် နက်ဖြန်တရွာလုံးကုသိုလ်ရရန်

ဘုရားအမှူးရှိသော ရဟန်းသံဃာကိုပင့်လျှောက်ခဲ့ပါသည်။ သင်တို့သည်ပေးလှူနိုင်သလောက် ရဟန်းတို့အား ပေးလှူကြပါဟု လှည့်လည်ပြောကြားလေသော်၊ မိမိ-မိမိ၏လှူနိုင်စွမ်းအားကိုအမှတ်ပြု၍ ကျုပ်တို့သည် ရဟန်းဆယ်ပါးတို့အားပေးလှူပါမည်၊ ကျုပ်တို့က ရဟန်းနှစ်ကျိပ်၊ ကျုပ်တို့အား ရဟန်းတစ်ရာအား၊ ကျုပ်တို့က ရဟန်းငါးရာတို့အား ပေးလှူပါမည်ဟု ပြောဆိုအပ်သော် အလှူရှင်အားလုံး၏စကားကို အစမှစ၍ကမ္ပည်းတင် မှတ်သားထားလေ၏။

ထိုအချိန်အခါ၌ ဗာရာဏသီမြို့တွင် အလွန်ဆင်းရဲသူဖြစ်သောကြောင့် မဟာဒုဂ္ဂတဟု ထင်ရှားသော ယောကျ်ားတစ်ယောက်ရှိ၏။

နိဗ္ဗာန်ဆော်ယောကျ်ားသည် သူ၏ရှေ့ရောက်လာသော မဟာဒုဂ်ကိုလည်း မြင်တွေ့ရ၍ -

မိတ်ဆွေ - မဟာဒုဂ် နက်ဖန်အလို့ငှာ ဘုရားအမှူးရှိသော ဘိက္ခုသံဃာကို ကျုပ်ပင့်လျှောက်ခဲ့ပြီ၊ နက်ဖန်မြို့နေသူများ အလှူဝတ္ထုကိုပေးလှူကြလိမ့်မည်၊ သင် ရဟန်းမည်မျှကို ဆွမ်းကျွေးနိုင်မည်နည်း၊

အို - ကောင်းမှုရှင် ၊ ကျုပ်မှာရဟန်းတို့ဖြင့်ဘယ်အကျိုးရှိမည်နည်း၊ ဝါ ဘာလုပ်မည်နည်း။

ရဟန်းတို့မည်သည် ပစ္စည်းရှိသူတို့၏အကျိုးဖြစ်သည်။

ပစ္စည်းရှိသူတို့အား ရဟန်းတိုဖြင့်အကျိုးရှိသည်၊ ကျုပ်မှာမူ နက်ဖန်နံနက် ယာဂုအတွက် ဆန်တစ်လမြက်မျှမရှိပါ။ ကျုပ်သည် လုပ်ခယူ၍အသက်မွေးရသူပါ၊ ကျုပ်အဖို့ ရဟန်းတို့ဖြင့်ဘာလုပ်မည်နည်းဟု ပြောဆိုလေ၏။

ကုသိုလ်ရေး၌ဆောက်တည်စေသူမည်သည်၊ ဝါ တိုက်တွန်းသူသည် လိမ္မာသူဖြစ်သင့်သည်၊ ထို့ကြောင့် နိဗ္ဗာန်ဆော်ယောကျ်ားသည် မဟာဒုဂ်က လှူစရာမရှိပါဟု ပြောဆိုသော်လည်း ဆိတ်ဆိတ်မနေဘဲ ဤသို့ ပြောဆိုလေ၏။

အို - အဆွေမဟာဒုဂ် ဤဗာရာဏသီမြို့၌ အစားကောင်းကိုစား၊ အဝတ်ကောင်းကိုဝတ်၊ အဆင် တန်ဆာအမျိုးမျိုးတွေဖြင့် တန်ဆာဆင်ကျက်သရေရှိသော အိပ်ရာ၌အိပ်ကြသူ လူများစွာတို့သည် စည်းစိမ်ကို ခံစားကြကုန်၏။ သင့်မှာမူကား တစ်နေ့လုံးအခစားအလုပ်ကိုလုပ်၍ ဝမ်းပြည့်ရုံမျှကိုလည်းမရသူဖြစ်သည်။

ဤသို့ဖြစ်ပါသော်လည်း ငါသည် ရှေးအတိတ်ဘဝကကောင်းမှုကိုမပြုခဲ့သောကြောင့် ပစ္စည်း တစ်စုံတစ်ခုကိုမရသူပါလားဟု သင်မသိသလော။

အို - ကောင်းမှုရှင် ကျုပ်သိပါသည်။

သို့သိလျက် အဘယ့်ကြောင့်ယခုဘဝ၌ကောင်းမှုကိုမပြုသနည်း၊ သင်သည်ပျို့ရွယ်အားရှိသူဖြစ်သည်၊ အသို့နည်း သင်သည်လုပ်ခရအလုပ်ကို လုပ်၍သော်လည်း စွမ်းအားအလျောက်ပေးလှူရန် မသင့်လေသလော ဟု ပြောဆို၏။

မဟာဒုဂ်သည် နိဗ္ဗာန်ဆော်ပြောဆိုစဉ်မှာပင် သံဝေဂရသူဖြစ်ပြီး ကျုပ်အတွက်လည်းရဟန်းတစ်ပါးကို စာရင်းသွင်းလိုက်ပါ။

လုပ်ခရမည့်အလုပ်တစ်ခုခုကိုလုပ်ပြီး ရဟန်းတစ်ပါးအားဆွမ်းလှူပါမည်ဟု ပြောဆို၏။

နိဗ္ဗာန်ဆော်ယောကျ်ားသည် ရဟန်းတစ်ပါးတည်းကိုစာရင်း ရေးမှတ်ထားခြင်းဖြင့် ဘာလုပ်မည်နည်း ဟူသောအကြံဖြင့် စာရင်းမှတ်မထားချေ။

မဟာဒုဂ်လည်း အိမ်သို့ပြန်သွားပြီး ဇနီးဖြစ်သူကို -

ရှင်မ - မြို့သူမြို့သားတို့သည် နက်ဖန်သံဃာတော်များအား ဆွမ်းလှူကြလိမ့်မည်၊ နိဗ္ဗာန်ဆော်က

ငါ့ကိုလည်းရဟန်းတစ်ပါးအားဆွမ်းလှူပါဟု ပြောသည်။

ငါတို့လည်း နက်ဖန်ရဟန်းတစ်ပါးအား ဆွမ်းလှူကြမည်ဟု ပြောဆိုလေ၏။

ထိုအခါ မဟာဒုဂ်၏ဇနီးသည် ငါတို့ဆင်းရဲကုန်၏၊ အဘယ့်ကြောင့် သင်ယောက်ျားသည် ဆွမ်းကျွေးမည်ဟု ဝန်ခံအပ်ခဲ့ရသနည်းဟု မပြောမူ၍ - အို - အိမ်ရှင် - အရှင်သည် ကောင်းသောအမှုကိုပြုအပ်ပါသည်။ ကျုပ်တို့သည် ရှေးဘဝ၌လည်း တစ်စုံတစ်ခုအလှူဝတ္ထုကိုမလှူခဲ့ကြ၍ ဤဘဝ၌ ဆင်းရဲကြသည်။ ကျုပ်တို့ နှစ်ဦးလုံးလုပ်ခရမည့်အလုပ်ကိုလုပ်ကြပြီး ရဟန်းတစ်ပါးအား ဆွမ်းလှူရမည်ဟု ပြောဆိုကာ နှစ်ဦးလုံးအိမ်မှ ထွက်ခဲ့ကြပြီး လုပ်ခစားလုပ်ရာဌာနသို့ သွားကြလေကုန်၏။

ဗာရာဏသီသူဌေးကြီးသည် မဟာဒုဂ်ကိုမြင်လေသော် - အို - မဟာဒုဂ် အလုပ်လုပ်မည်လော။

အရှင် - အလုပ်လုပ်ပါမည်၊

ဘာကိုလုပ်မည်နည်း၊

အရှင်တို့ခိုင်းရာကိုလုပ်ပါမည်၊

အလုပ်လုပ်မည်ဆိုလျှင် ငါတို့နက်ဖန်ရဟန်းနှစ်ရာသုံးရာကို ဆွမ်းကျွေးကြမည်လာခဲ့၊ ထင်းခွဲလော့ဟု ဆိုကာ ပဲကွပ်၊ပုဆိန်ကိုထုတ်ပေးစေ၏။

မဟာဒုဂ်သည် မြဲမြံစွာအောက်ပိုးကျိုက်ပြီး(ခါးတောင်းကျိုက်ပြီး)
အလွန်အားစိုက်လျက် ပဲကွပ်ကိုဖယ်၍ ပုဆိန်ကိုကိုင်၊ ပုဆိန်ကိုဖယ်၍ ပဲကွပ်ကိုကိုင်လျက် ထင်းတို့ကိုခွဲလေ၏။

ထိုအခါ မဟာဒုဂ်ကို သူဌေးကြီးက -

အို - မဟာဒုဂ် သင်ယနေ့အလွန်အားစိုက်ပြီးအလုပ်ကိုလုပ်ပေသည်။ ဘယ်လို အကြောင်းရှိလေသနည်းဟု မေးလေ၏။

အရှင် - ကျုပ်နက်ဖန်ရဟန်းတစ်ပါးကို ဆွမ်းကျွေးပါမည်ဟု ပြန်ပြောသည်။

သူဌေးကြီးသည် မဟာဒုဂ်ပြောစကားကိုကြားရလျှင်ကြည်လင်သော စိတ်ထားဖြင့် -

အံ့သြဖွယ်ရှိပါပေစွ - ဤမဟာဒုဂ်သည် ပြုအပ်ပြုသင့်သောအလုပ်ကို ပြုအပ်ပေသည်၊ ငါဆင်းရဲသားပါလားဟု ပါးစပ်ကိုပိတ်တိတ်တိတ်မနေဘဲ လုပ်အားခရမည့်အလုပ်ကိုလုပ်ပြီး ရဟန်းတစ်ပါးကိုဆွမ်းကျွေးမည်ဟု သူပြောပါလားဟု စဉ်းစားလေ၏။

သူဌေးကတော်သည်လည်း မဟာဒုဂ်၏ဇနီးကိုမြင်လျှင် -

အမိကဘာအလုပ်ကိုလုပ်မည်နည်းဟု မေးလေသော် - သခင်မတို့ခိုင်းမည်ကို လုပ်ပါမည်ဟု ပြောအပ်သော် -

မောင်းထဲသို့ဝင်စေပြီး ဇကော၊ မောင်းကျောက်စသည်တို့ကို ပေးစေ၏။

မဟာဒုဂ်ဇနီးသည် ကခုန်တော့မည်ကဲ့သို့ ရွှင်လန်းဝမ်းမြောက်လျက် စပါးကိုထောင်းလည်းထောင်း၏၊ ပြာလည်းပြာ၏။

ထိုအခါ မဟာဒုဂ်၏ဇနီးကို သူဌေးကတော်သည် -

အို - အမိ , သင်သည် အလွန်ရွှင်လန်းဝမ်းမြောက်လျက် အလုပ်ကို လုပ်ပေသည်။ အဘယ်အကြောင်းရှိသနည်းဟုမေး၏။

သခင်မ - ဤလုပ်ခစားအလုပ်ကိုလုပ်ပြီး ကျုပ်တို့လည်း ရဟန်းတစ်ပါးကို ဆွမ်းကျွေးကြပါမည်ဟု ပြန်ပြော၏။

ထိုစကားကိုကြားရလျှင် သူဌေးကတော်လည်း မဟာဒုဂ်ဇနီးအပေါ်၌ အံ့ဩဖွယ်ရှိပါပေစွ၊ ဤအမျိုးသမီးသည် ပြုနိုင်ခက်သော အမှုကိုပြုရှာပေသည်ဟု ကြည်ညိုလေ၏။

သူဌေးကြီးသည် ထင်းခွဲပြီးသောအခါ ဤသည်ကား သင်၏လုပ်ခဖြစ်သည်ဟု သလေးဆန် လေးစလယ်ကို ပေးစေ၍ ဤသည်ကားသင်၏ နှစ်သိမ့်ဆုဖြစ်သည်ဟု နောက်ထပ်လေးစလယ်ကိုလည်း ပေးစေ၏။

မဟာဒုဂ်သည် အိမ်သို့ပြန်သွားပြီး ဇနီးဖြစ်သူကို ငါသည်လုပ်ခစား အလုပ်ကိုလုပ်၍ သလေးဆန် ရခဲ့သည်၊ ဤသလေးဆန်ကဆွမ်းအတွက်ဖြစ်လိမ့်မည်၊ သင်ရသောလုပ်ခဖြင့် နို့ဓမ်း၊ ဆီ၊ ငရုတ်သီးဟင်းလျာ တို့ကို ယူခဲ့ပါဟုပြောလေ၏။

သူဌေးကတော်လည်း နောက်ထပ်မဟာဒုဂ်ဇနီးအား ထောပတ်ခွက်တစ်ခု၊ နို့ဓမ်းအိုးတစ်လုံး ငရုတ်သီး နှင့်စင်ကြယ်သော ဆန်တစ်စလယ်ကိုလည်းပေးစေ၏။

ဤသို့ဖြင့် မဟာဒုဂ်ဇနီးမောင်နှံနှစ်ဦးလုံးတို့၏ ဆန်ကိုးစလယ်ဖြစ်ကုန်၏။

သူတို့သည် ငါတို့လှူစရာရပြီဟု အားရဝမ်းသာဖြစ်ကြကာ နံနက်စောစောအချိန်၌ အိပ်ရာမှ ထကြကုန်၏။

မဟာဒုဂ်၏ဇနီးသည် မဟာဒုဂ်ကို အို အိမ်ရှင်သွားပါဦး၊ ဟင်းရွက်ရှာပြီး ယူခဲ့ပါဟုပြော၏။

မဟာဒုဂ်သည် ဈေးအတွင်း၌ ဟင်းရွက်ကိုမတွေ့မြင်၍မြစ်ကမ်းအနီးသို့သွားပြီး ယနေ့အရှင်မြတ် တို့အား ဆွမ်းလှူရတော့မည်ဟု ရွှင်လန်းဝမ်းမြောက်သောစိတ်ဖြင့် သီချင်းဆိုကာ ဟင်းရွက်ကို ရှာဖွေ ရွေးချယ်နေ၏။

ကွန်ကြီးကိုပစ်၍ရပ်နေသော တံငါသည်သည် ဤသီချင်းသံသည် မဟာဒုဂ်၏ သီချင်းသံဖြစ်မည်ဟု စိတ်ကူး၍မဟာဒုဂ်ကိုခေါ်ပြီးမေးလေ၏။

သင်သည်အလွန်ရွှင်လန်းဝမ်းမြောက်သောစိတ်ရှိ၍ သီချင်းဆိုသည်၊ အကြောင်းကား အဘယ်သို့နည်း။

မိတ်ဆွေ - ဟင်းရွက်ခူးပါမည်။

ဘာလုပ်ဖို့လဲ။

ရဟန်းတစ်ပါးကို ဆွမ်းကပ်ဖို့ပါ။

အံ့ဩပါ၏၊ ရဟန်းဟူသည် ချမ်းသာသူဖြစ်၏၊ ရဟန်းကသင်၏ ဟင်းရွက်ကို ဘယ်မှာစားလိမ့်မည်နည်း၊

မိတ်ဆွေ ဘာကိုပြုရမည်နည်း၊ ရသောဟင်းရွက်ဖြင့် ကျွေးရမှာဘဲ၊

ဒါဖြင့်လျှင် ဒီကိုလာပါ၊

မိတ်ဆွေ ဘာကိုလုပ်ရမည်နည်း၊

ဤငါးတို့ကိုယူ၍ တစ်မတ်တန်ငါး၊ ငါးမူးတန်ငါး၊ တစ်ကျပ်တန်ငါတို့ကို အစုလိုက်ချည်ထားပါ။

မဟာဒုဂ်သည် တံငါသည်ခိုင်းသည့်အတိုင်းလုပ်လေ၏။

အစုလိုက်ချည် - သိထားသောငါးတို့ကို မြို့သူမြို့သားတို့သည် မိမိအသီးသီး ပင့်အပ်သော ရဟန်းတို့အားကပ်လှူရန် ယူဆောင်သွားကြကုန်၏။

မဟာဒုဂ် ငါးတို့ကိုအစုလိုက်ချည်သီနေစဉ်မှာပင် ဆွမ်းခံချိန် ရောက်လာလေ၏။

မဟာဒုဂ်သည် အချိန်ကိုမှတ်သားပြီး မိတ်ဆွေတံငါသည် - ငါသွားတော့မည်၊ ဤအချိန်သည် ရဟန်းတို့ဆွမ်းခံလာမည့်အချိန်ဖြစ်သည်ဟု ပြောလေ၏။

ချည်တွဲထားသော ငါးတွဲရှိသေးသလော။

မိတ်ဆွေ တံငါသည် မရှိတော့ဘူး၊ အားလုံးကုန်သွားပြီ။

ဒါဖြင့်လျှင် ငါ့အတွက်သဲပြင်ကိုတူး၍ ငါးကြင်းလေးကောင်မြှုပ်ထားသည်၊ သင်သည် ရဟန်းကို ဆွမ်းကျွေးလိုလျှင် မြှုပ်ထားသော ဤငါးတို့ကိုယူ၍သွားပါဟု ထိုငါးတို့ကို မဟာဒုဂ်အားပေးလိုက်လေ၏။

ထိုနေ့နံနက်စောစောအချိန် မြတ်စွာဘုရားသည် သတ္တလောကကို ရှုကြည့်တော်မူလတ်သော် ကိုယ်တော်၏ဉာဏ်ကွန်ယက်အတွင်းဝင်လာသော မဟာဒုဂ်ကိုမြင်တော်မူလျှင် အဘယ်သို့ဖြစ်မည်နည်းဟု ဆင်ခြင်တော်မူလတ်သော် -

မဟာဒုဂ်သည် ရဟန်းတစ်ပါးကို ဆွမ်းကျွေးမည်ကြံရွယ်ပြီး ဇနီးနှင့်အတူ မနေ့ကလုပ်ခစားအလုပ်ကို လုပ်ခဲ့လေပြီ၊ သူသည် အဘယ်ရဟန်းကို ဆွမ်းကပ်လှူရန်ရလိမ့်မည်နည်းဟု ကြံစည်၍ -

လူတို့သည် စာရင်းတင်ထားအပ်သောအမှတ်အသားဖြင့် ရဟန်းတို့ကိုပင့်၍ မိမိ - မိမိတို့နေအိမ်တို့၌ သီတင်းသုံးနေထိုင်နေကြစေလိမ့်မည်။

မဟာဒုဂ်သည် ငါဘုရားမှတစ်ပါး အခြားရဟန်းကို ရလိမ့်မည်မဟုတ်ဟု မှတ်ယူတော်မူသည်။

မြတ်စွာဘုရားတို့သည် ဆင်းရဲသူတို့၌ သနားစောင့်ရှောက်ချီးမြှောက်မှုကို ပြုကြမြဲဖြစ်သည်။

ထို့ကြောင့် မြတ်စွာဘုရားသည် နံနက်စောစော ကိုယ်လက်သုတ်သင်တော်မူပြီး မဟာဒုဂ်ကို ချီးမြှောက်မည်အကြံဖြင့် ဂန္ဓကုဋီအတွင်းသို့ ဝင်တော်မူကာ သီတင်းသုံးတော်မူ၏။

မဟာဒုဂ်လည်း ငါးတို့ကိုယူ၍ အိမ်တွင်းသို့ဝင်လေသော် - သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်နေရာသည် ပူနွေးသောအချင်းအရာကိုပြလေ၏။

သိကြားမင်းသည် အဘယ်အကြောင်းနည်းဟု ရှုကြည့်လတ်သော် - မနေ့က မဟာဒုဂ်သည် ရဟန်းတစ်ပါးအားဆွမ်းကပ်လှူမည်ရည်ရွယ်၍ သူ၏ဇနီးနှင့်အတူ လုပ်ခစားအလုပ်ကိုလုပ်ခဲ့ပြီ၊ အဘယ်သို့သော ရဟန်းကို ရလိမ့်မည်နည်းဟု ကြံတွေးလတ်သော် မဟာဒုဂ်အဖို့ ဘုရားမှတစ်ပါး ရဟန်းမရှိ မြတ်စွာဘုရားသည် မဟာဒုဂ်အားချီးမြှောက်မည်ရည်ရွယ်၍ ဂန္ဓကုဋီတိုက်တော်တွင်း၌ သီတင်းသုံးနေတော်မူ၏။

မဟာဒုဂ်သည် သူနှင့်ထိုက်တန်သော ယာဂုဆွမ်း၊ ဟင်းရွက်ဟင်းကိုလည်း မြတ်စွာဘုရားအား ကပ်လှူရာ၏၊ ငါသည် မဟာဒုဂ်အိမ်သို့သွား၍ ထမင်းချက်အလုပ်ကိုလုပ်ရပါမူ ကောင်းလေစွဟု ကြံစည်၍ မထင်ရှားသောအသွင်ဖြင့် မဟာဒုဂ်အိမ်အနီးသို့သွား၍ တစ်ဦးတစ်ယောက်၏လုပ်ခဖြင့် ပြုရမည့်အလုပ်တစ်စုံ တစ်ရာ ရှိပါသလောဟု မေးလေ၏။

မဟာဒုဂ်သည် ထိုသူကိုမြင်လျှင် မိတ်ဆွေ သင်ဘာအလုပ်ကို လုပ်နိုင်သနည်း၊

အို - အရှင် ကျုပ်သည်အတတ်မျိုးစုံတတ်သူဖြစ်သည်၊ ကျုပ်မှာ မတတ်သောအတတ်ပညာဆိုတာ မရှိပါ၊ ယာဂုထမင်းစသည်တို့ကိုလည်း ပြီးစီးစေနိုင်မည့် နည်းလမ်းကိုသိပါ၏။

မိတ်ဆွေ - ငါတို့သည် သင့်အလုပ်ဖြင့်အလိုရှိပါကုန်၏၊

သို့သော် - သင့်အား ပေးသင့်သည့်လုပ်ခတစ်စုံတစ်ခုကိုမမြင်ကြပါ၊

သင်က ဘာကိုပြုမည်နည်း၊

ရဟန်းတစ်ပါးအား ဆွမ်းကပ်လှူလိုပါ၏၊ ထိုရဟန်းအဖို့ ယာဂုထမင်း စီစဉ်မှုကို အလိုရှိပါ၏။

ရဟန်းအားဆွမ်းကပ်လှူမည်ဖြစ်လျှင် ကျုပ်လက်ခကြေးငွေဖြင့် အလို မရှိပါ။

အသို့နည်း - ကျုပ်အဖို့ ကောင်းမှုကိုမပြုသင့်ပါသလား၊

မိတ်ဆွေ - ဒါဖြင့်လျှင်ကောင်းပါ၏၊ အိမ်တွင်းသို့ဝင်ခဲ့ပါဟု မဟာဒုဂ်က ပြောလေ၏။

လူအသွင်ဆောင်ထား ထိုသိကြားသည် မဟာဒုဂ်အိမ်တွင်းသို့ဝင်ပြီး ဆီ၊ ဆန်စသည်တို့ကိုယူစေကာ သွားပါ၊ သင့်အဖို့ရောက်သော ရဟန်းကိုပင့်ဆောင်ချေပါဟု မဟာဒုဂ်ကို စေလွှတ်လိုက်လေ၏။

အလှူဝေယျာဝစ္စပြုသူလည်း စာရွက်၌စာရင်းတင်ရေးသားထားအပ်သော အမှတ်အသားဖြင့်သာ ထိုထိုကုသိုလ်ရှင်တို့၏ အိမ်တို့သို့ ရဟန်းတို့ကို ပင့်ဆောင်စေ၏။

မဟာဒုဂ်သည် စာရင်းကိုင်ထံသို့သွား၍ ကျုပ်အား ပင့်ရမည့်ရဟန်းကို ပေးပါဟုပြော၏။

စာရင်းကိုင်သည် ထိုခဏ၌ အမှတ်ရပြီး ငါသည် သင့်အတွက်ပေးရမည့် ရဟန်းကိုစာရင်းရေးဖို့ မေ့သွားသည်ဟု ပြော၏။

မဟာဒုဂ်သည် ထက်လှစွာသော လှံဖြားဖြင့် ဝမ်းဗိုက်၌ အထိုးခံလိုက်ရ သကဲ့သို့ -

အို - အရှင်စာရင်းကိုင်၊ အဘယ်ကြောင့် ကျုပ်ကို ဖျက်ဆီးရသနည်း။ သင်သည် ယမန်နေ့က ဆောက်တည်စေအပ်၊ တိုက်တွန်းအပ်၍ ကျုပ်ဇနီးနှင့် အတူတနေ့လုံး လုပ်ခစားအလုပ်လုပ်ပြီး ယနေ့နံနက် စောစော ဟင်းရွက်ရှာရန် မြစ်ကမ်းအနီး၌ လှည့်လည်၍လာခဲ့ပြီ၊ ကျုပ်အား ရဟန်းတစ်ပါးကိုပေးပါဟု ပြောပြော ဆိုဆို လက်မောင်းတို့ကိုမြှောက်၍ ငိုကြွေးလေ၏။

လူတို့သည် စုဝေးလာကြပြီး၊ အို - မဟာဒုဂ်, ဘာကြောင့် သင်ငိုသနည်းဟု မေးကြကုန်၏။

မဟာဒုဂ်သည် ထိုအကြောင်းကို ပြောဆိုလေ၏။

ထိုဝေယျာဝစ္စဆောင်ရွက်သူကို မိတ်ဆွေ - သင်သည် ဤမဟာဒုဂ်ကို လုပ်ခစားလုပ်၍ ရဟန်းတစ်ပါး အားဆွမ်းလှူပါဟု ဆောက်တည်စေအပ်၊ တိုက်တွန်းအပ်သည်ဟု ကြားသိရသော စကားသည် အမှန်ပင် ဖြစ်လေသလောဟု မေးကြကုန်၏။

အရှင်တို့ - မှန်ပါသည်ဟု ပြောလေ၏။

သင်သည် ဤမျှလောက်သော ရဟန်းတို့ကို စီစဉ်နေသူဖြစ်လျက် မဟာဒုဂ် အားရဟန်းတစ်ပါးကို မပေးသော သင်သည် ဝန်လေးလှသော အမှုကိုပြုအပ်ပေ၏ဟု ပြောဆိုကြကုန်၏။

ဝေယျာဝစ္စဆောင်ရွက်သူသည် ထိုလူတို့၏ စကားဖြင့် နှလုံးမသာမယာဖြစ်ပြီး မဟာဒုဂ်ကို -

မိတ်ဆွေ မဟာဒုဂ် - ကျုပ်ကို မဖျက်ဆီးပါနှင့်၊ ကျုပ်သည် သင့်အတွက်ကြောင့် ကြီးစွာသော ပင်ပန်းခြင်း ကို ရောက်ရပါပြီ၊ လူတို့သည် စာရွက်၌ စာရင်းတင်ထားအပ်သော အမှတ်အသားဖြင့် မိမိ,မိမိအတွက် ရောက်သောရဟန်းတို့ကို ပင့်သွားကြကုန်ပြီ၊ မိမိအိမ်၌ထိုင်ပြီးသော ရဟန်းကို အိမ်မှထုတ်၍ပေးသည်မှာမရှိပါ။

မြတ်စွာဘုရားသည်ကား မျက်နှာတော်ကို သုတ်သင်၍ ဂန္ဓကုဋီတိုက်တော်တွင်း၌သာ ထိုင်နေတော်မူ ပါသည်။

မင်းကြီး၊ မင်းငယ်၊ စစ်သူကြီး အစရှိသော သူတို့သည် မြတ်စွာဘုရား ဂန္ဓကုဋီတိုက်တော်တွင်းမှ ထွက်လာမည်ကို စောင့်မျှော်ကြကာ မြတ်စွာဘုရား၏ သပိတ်ကို အရင်ယူ၍ သွားကြမည်ဟု ထိုင်နေကြသည်။

ဘုရားရှင်တို့ဆိုတာ ဆင်းရဲသူတို့ကို သနားစောင့်ရှောက် ချီးမြှောက်တော်မူကြသည်။ သင်သည် ကျောင်းသို့သွား၍ မြတ်စွာဘုရား, ဘုရားတပည့်တော်သည် ဆင်းရဲသူဖြစ်ပါ၏။ တပည့်တော်အား ချီးမြှောက် မှုကို ပြုတော်မူကြပါဟု လျှောက်ထားပြီး မြတ်စွာဘုရားကို ရှိခိုးကာ သင်ကုသိုလ်ရှိလျှင် မချွတ်ဧကန် ရပါလိမ့်မည်ဟု ပြောလေ၏။

မဟာဒုဂ်သည် ကျောင်းတော်သို့သွားလေ၏။ ထိုအချိန်တွင် အခြားသော နေ့တို့၌ ကျောင်းတွင်

မဟာဒုဂ်ကို စားကြွင်းစားအဖြစ်ဖြင့် မြင်အပ်သောကြောင့် မင်းအို၊ မင်းပျို အစရှိသူတို့က မဟာဒုဂ် ယခု ဆွမ်းစားချိန်မဟုတ်သေး အဘယ့်ကြောင့် သင်လာသနည်းဟု ပြောကြလေ၏။

မဟာဒုဂ်က အရှင်, ကျုပ်ဆွမ်းစားချိန်မဟုတ်ကြောင်းသိပါ၏။ သို့သော်လည်း မြတ်စွာဘုရားကို ရှိခိုးရန်လာခဲ့ပါ၏ဟု ပြောပြောဆိုဆိုသွား၍ ဂန္ဓကုဋီ တံခါးခုံ၌ ဦးခေါင်းကိုထား၍ ထိခြင်းငါးမျိုးရှိသော ရှိခိုးနည်းဖြင့် ရှိခိုးပြီး -

မြတ်စွာဘုရား, ဤဗာရာဏသီမြို့၌ တပည့်တော်ထက် ဆင်းရဲသူ မရှိပါ။ တပည့်တော်၏ မှီခိုအားထားရမည့် အရှင်မြတ်ဖြစ်တော်မူပါ။ တပည့်တော်အား ချီးမြှောက်မှုကို ပြုတော်မူပါဘုရားဟု လျှောက်ထားလေ၏။

မြတ်စွာဘုရား ဂန္ဓကုဋီတိုက်တံခါးကို ဖွင့်တော်မူ၍ သပိတ်ကိုထုတ်ပြီး မဟာဒုဂ်၏ လက်၌ထားလေ၏။

မဟာဒုဂ်သည် စကြာဝတေးမင်း စည်းစိမ်ကိုရသော၊ စကြာဝတေးမင်းကဲ့သို့ဖြစ်လေ၏။ မင်းအို၊ မင်းပျို အစရှိသူတို့သည် တစ်ယောက်သည်တစ်ယောက်၏ မျက်နှာတို့ကို ကြည့်ကြလေကုန်၏။

မှန်လှပေသည်။ မြတ်စွာဘုရားက ပေးလိုက်သော သပိတ်ကို အစိုးရသူ၏အဖြစ်ဖြင့် ယူခြင်းငှာ စွမ်းနိုင်သူ တစ်ဦးတစ်ယောက်မျှ မရှိချေ။

ဤသို့မူကား ပြောဆိုကြသည်။

မိတ်ဆွေ မဟာဒုဂ်၊ မြတ်စွာဘုရား၏ သပိတ်ကို ငါတို့အားပေးပါ။ သင်အား ဤမျှလောက်သော အသပြာဥစ္စာကို ပေးပါမည်။ သင်သည် ဆင်းရဲသူဖြစ်၍ ငါတို့ပေးမည့် ဥစ္စာကို ယူပါ၊ သင့်အား သပိတ်တော်ဖြင့် အဘယ်အကျိုး ရှိမည်နည်းဟု ပြောကြကုန်၏။

မဟာဒုဂ်သည် မည်သူတစ်ဦးတစ်ယောက်အားမျှ သပိတ်ကို ငါမပေးနိုင်၊ (ပေးမည်မဟုတ်) ငါအား ဥစ္စာအသပြာဖြင့် အလိုမရှိ၊ မြတ်စွာဘုရားကိုသာ ဆွမ်းကပ်လှူမည်ဟု ပြန်ပြောသည်။

မဟာဒုဂ်မှ ကြွင်းသော မင်းအို၊ မင်းပျိုစသူတို့သည် မဟာဒုဂ်ထံတောင်း၍ သပိတ်ကို မရကြ သောကြောင့် ကျောင်းတွင်းမှ ဆုတ်ခွာသွားကြလေကုန်၏။

ဗာရာဏသီမင်းသည် မဟာဒုဂ်သည် ပစ္စည်းဖြင့် ဖြားယောင်းပြောဆိုအပ်သော်လည်း မြတ်စွာဘုရား၏ သပိတ်ကိုပေးသူမဟုတ်၊ မြတ်စွာဘုရားသည် ကိုယ်တိုင်ပေးအပ်ပြီးသော သပိတ်ကိုတစ်စုံတစ်ယောက်သော သူသည် ယူခြင်းငှာ မစွမ်းနိုင်၊ ဤမဟာဒုဂ်၏ အလှူဝတ္ထုသည် အဘယ်မျှဖြစ်မည်နည်း၊ ဤမဟာဒုဂ် သည် အလှူဝတ္ထုကို ပေးလှူချိန်၌ မြတ်စွာဘုရားကို ပင့်၍ အိမ်သို့ဆောင်လျှင် ငါ၏ စီမံအပ်သော အာဟာရကို ပေးလှူမည်ဟု ကြံစည်၍ မြတ်စွာဘုရားနှင့် အတူသာလိုက်သွားလေ၏။

နတ်တို့သေဌ်နင်း သိကြားမင်းလည်း ယာဂုခဲဖွယ် ဆွမ်း၊ ဟင်းရွက်၊ ဆွမ်းဟင်းစသည်တို့ကို ပြည့်စုံစေပြီး မြတ်စွာဘုရား၏ သီတင်းသုံးနေထိုင်ထိုက်သောနေရာကိုခင်း၍ ထိုင်နေလေ၏။

မဟာဒုဂ်သည် မြတ်စွာဘုရားကိုပင့်ခဲ့၍ အိမ်ရောက်သောအခါ အိမ်တွင်းသို့ ဝင်တော်မူပါဟု လျှောက်ထား၏။

မဟာဒုဂ်၏ နေထိုင်ရာ အိမ်သည် တံစက်မြိတ်အိမ်မိုးစွန်းနိမ့်နေသည်။ ကိုယ်ကို မကိုင်းညွတ်ဘဲ ဦးခေါင်းမငုံ့ဘဲ ဝင်ရန် မတတ်နိုင်၊ ဘုရားရှင်တို့မည်သည် မှာလည်း အိမ်တွင်းသို့ ဝင်တော်မူသော် ကိုယ်ကို ကိုင်းညွတ်၍ ဝင်တော်မမူကြ။

မှန်၏။ အိမ်သို့ဝင်ချိန်၌ မြေကြီးသည်သော်လည်း မြေအောက်၌ နိမ့်ဆင်းသွားသည်။ အိမ်သည်သော်

လည်း အထက်သို့ မြင့်တက်သွားသည်။ ဤသို့ ဖြစ်ရခြင်းသည် ဘုရားရှင်တို့၏ ကောင်းမွန်စွာပေးလှူခဲ့ရသော ဒါန၏ အကျိုးဖြစ်သည်။

အိမ်တွင်းမှ ထွက်၍ ကြွသွားချိန်၌ အိမ်၏ အခြေအနေအားလုံးသည် မူလအရှိပကတိအတိုင်းသာ ဖြစ်လေ၏။

ထို့ကြောင့် အိမ်မိုးစွန်းအောက်အရပ်၌ ရပ်တော်မူလျက်သာ အိမ်တွင်းသို့ဝင်၍ သိကြားမင်းခင်းထားအပ်သော နေရာ၌ထိုင်တော်မူသည်။

မြတ်စွာဘုရားထိုင်နေတော်မူသော် - ဗာရာဏသီမင်းသည် -

အဆွေ, မဟာဒုဂ်သင်သည် တောင်းကြသော ငါတို့အားလည်း မြတ်စွာဘုရား၏ သပိတ်ကို မပေးခဲ့၊ ကြည့်ကြရဦးမည်။ သင်မဟာဒုဂ်သည် မြတ်စွာဘုရားအား မည်သို့သော ပူဇော်မှုမျိုးကို ပြုထားအပ်သနည်းဟု ပြောဆို၏။

ထိုအခါ ဗာရာဏသီမင်းအား လူရောင်ဖန်ဆင်းသိကြားမင်းသည် ယာဂု၊ ခဲဖွယ် စသည်တို့ကို ဖွင့်၍ ပြလေ၏။ ယာဂု၊ ခဲဖွယ် စသည်တို့၏ ထုံနေသော အနံ့သည် ဗာရာဏသီတစ်မြို့လုံးကို ဖုံးလွှမ်း၍ တည်နေလေ၏။

ဗာရာဏသီမင်းသည် ယာဂု စသည်တို့ကို ရှုကြည့်ပြီး မြတ်စွာဘုရားကို လျှောက်ထားသည်မှာ -

မြတ်စွာဘုရား တပည့်တော်သည် မဟာဒုဂ်၏ လှူဖွယ်ပစ္စည်းသည် အဘယ်မျှလောက်ရှိမည်နည်း။ မဟာဒုဂ်သည် လှူဖွယ်ပစ္စည်းကို ပေးလှူအပ်သော် မြတ်စွာဘုရားကို နန်းတော်သို့ပင့်၍ တပည့်တော်အတွက် စီစဉ်ထားအပ်သော အာဟာရကို ကပ်မည်ဟု စိတ်ကူး၍လာခဲ့ပါသည်။ တပည့်တော်သည် ဤလို အာဟာရမျိုးကို မမြင်ဖူးပါ။ တပည့်တော် ဤနေရာ၌ တည်ရှိခဲ့သော် မဟာဒုဂ်သည် ကိုယ်နေစိတ်ထား ပင်ပန်းပါလိမ့်မည်။ တပည့်တော်ပြန်သွားပါမည်ဟု လျှောက်ထားကာ မြတ်စွာဘုရားကို ရှိခိုး၍ မဟာဒုဂ်အိမ်မှ ဖယ်ခွာသွားလေ၏။

လူယောင်ဖန်ဆင်းသိကြားမင်းလည်း မြတ်စွာဘုရားကို ယာဂု စသည်တို့ကိုပေးလှူ၍ ရိုသေစွာ ဆက်ကပ်ပြုစုလေ၏။ မြတ်စွာဘုရားလည်း ဆွမ်းကိစ္စပြီးလတ်သော် အနုမောဒနာပြု၍ နေရာမှထပြီး ဖယ်ခွာကြွတော်မူလေ၏။

လူယောင်ဖန်ဆင်းသိကြားမင်းသည် မဟာဒုဂ်အား အမှတ်သညာကို ပေးလေ၏။

မဟာဒုဂ်သည် သပိတ်ကို ကိုင်၍ မြတ်စွာဘုရား နောက်တော်သို့ လိုက်သွားလေ၏။

လူယောင်ဖန်ဆင်းသိကြားမင်းသည် အိမ်တွင်းမှ နောက်ဆုတ်၍ မဟာဒုဂ်၏ အိမ်တွင်းတံခါး၌ ရပ်လျက် ကောင်းကင်ကို မော့ကြည့်လေ၏။ ထိုခဏ၌ပင် ကောင်းကင်မှ ရတနာခုနစ်ပါး မိုးရွာသွန်းကာ မဟာဒုဂ်၏ အိမ်၌ အိုးခွက်အားလုံး တို့ကို ပြည့်စေပြီး အိမ်တစ်ခုလုံးကို ပြည့်စေ၏။

မဟာဒုဂ်၏ အိမ်၌ လူနေဖို့နေရာမရှိ ဖြစ်လေ၏။ မဟာဒုဂ်၏ ဇနီးသည် ကလေးသူငယ်တို့၏ လက်တို့ကို ကိုင်ယူဆွဲထုတ်ပြီး အိမ်ပြင်ဘက်၌ ရပ်တည်နေလေ၏။

မဟာဒုဂ်သည် မြတ်စွာဘုရားကို လိုက်ပို့ပြီး ပြန်ခဲ့လေသော် ကလေးသူငယ်တို့ကို အိမ်ပြင်ဘက်၌ တွေ့မြင်ရလျှင် ဘာကြောင့် ဤသို့ဖြစ်ရသနည်းဟု မေးလေ၏။

အို - အိမ်ရှင်, ကျွန်မတို့ တစ်အိမ်လုံး ရတနာခုနှစ်ပါးဖြင့် ပြည့်နေပါသည်။ ဝင်နေဖို့ နေရာမရှိပါဟု ဇနီးသည်က ပြောဆိုလေ၏။

မဟာဒုဂ်သည် ယနေ့ပင် ငါ၏ဆွမ်းဒါနသည် အကျိုးပေးလေသည်ဟု ကြံသိပြီး မင်းကြီးထံသွား

ရှိခိုး၍ ဘာ့ကြောင့် လာသနည်းဟု မေးအပ်လေသော် -

အရှင်မင်းကြီး ကျွန်တော်မျိုး၏ အိမ်တစ်ခုလုံး ရတနာခုနစ်ပါးတို့ဖြင့် ပြည့်နေပါသည်။ ထိုရတနာဥစ္စာကို ယူတော်မူပါဟု တင်လျှောက်၏။

ဗာရာဏသီမင်းသည် ဘုရားရှင်တို့အား ပေးလှူရသောဒါနသည် အံ့ဩလောက်ပါပေ၏။ ယနေ့ပင် အကျိုးပေးအထွတ်အထိပ်သို့ ရောက်လေပြီဟု စဉ်းစားပြီးမဟာဒုဂ်ကို သင်ဘာကို ရသင့်သနည်းဟုမေးလေ၏။

အရှင်မင်းကြီး ရတနာဥစ္စာတို့ကို တိုက်ယူရန် လှည်းတစ်ထောင်တို့ကို ရဖို့သင့်ပါသည်ဟု တင်လျှောက်လေ၏။

ဗာရာဏသီမင်းသည် လှည်းတစ်ထောင်ကို စေလွှတ်၍ ရတနာဥစ္စာကို သယ်ယူစေပြီး မင်းရင်ပြင်၌ စုပုံစေ၏။ ထန်းပင်ကြီးအရပ်ပမာဏရှိသော ရတနာ အစုအပုံဖြစ်လေ၏။

ဗာရာဏသီမင်းသည် မြို့သူမြို့သားတို့ကို စုဝေးစေပြီး ဤမြို့၌ အဘယ်သူအား ဤမျှလောက် ဥစ္စာရှိသနည်းဟု မေးလေ၏။ အရှင်မင်းကြီး မရှိပါ။

ဤလိုများစွာသောရတနာ ဥစ္စာရှိသူအား အဘယ်သို့ပြုသင့်သနည်း။

အရှင်မင်းကြီး-သူဌေးရာထူးကိုပေးသင့်ပါသည်ဟု တင်လျှောက်ကြ၏။မင်းသည် မဟာဒုဂ်အား ကြီးကျယ်သော ပူဇော်မှုကိုပြု၍ သူဌေးရာထူးကိုပေးလေ၏။ သူဌေး ရာထူးကိုပေးပြီးနောက် ဗာရာဏသီမင်းသည် မဟာဒုဂ်အား ရှေးအခါကသူဌေးကစ်ဦး အိမ်နေရာကိုညွှန်ကြား၍ အိမ်နေရာ၌ ပေါက်နေသော ချုံတို့ကို ဖယ်ရှားစေ၍ အိမ်ကိုတည်ဆောက်စေပြီး နေထိုင်လော့ဟုပြောလေ၏။

မဟာဒုဂ်သည် ထိုအိမ်နေရာကို သုတ်သင်ရှင်းလင်း ညီညွှတ်အောင်ပြု၍ မြေကြီးကိုတူးစဉ် အချင်းချင်းထိလျက် ရတနာအိုးတို့သည် ပေါ်ထွက်လာကုန်၏။

မဟာဒုဂ်သည် ဗာရာဏသီမင်းအားအကြောင်းတင်ပြအပ်သော် သင်၏ ကောင်းမှုကြောင့် ဖြစ်လာကြသည်။ သင်သာယူလော့ဟု ပြောလေ၏။

မဟာဒုဂ်သည် အိမ်ကိုဆောက်လုပ်ပြီးသော် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးပြုသော ရဟန်းသံဃာအား အလှူကြီးကိုပေးလှူလေ၏။

ထိုမှနောက်၌လည်း အသက်ထက်ဆုံးတည်နေလျက် ကောင်းမှုတို့ကို ပြုလုပ်၍ အသက်အဆုံး၌ စုတေကာ နတ်ပြည်၌ဖြစ်လေ၏။

ဘုရားတစ်ဆူအကြားကာလပတ်လုံး နတ်ပြည်စည်းစိမ်ချမ်းသာကိုခံစား၍ ဤမြတ်စွာဘုရား ပွင့်တော်မူပြီးရာအခါ၌ နတ်ပြည်မှစုတေ၍ သာဝတ္ထိမြို့၌ သာရိပုတ္တထေရ်၏ အလုပ်အကျွေးအိမ်တွင် သူဌေးသမီး ၏ ဝမ်းဗိုက်၌ ပဋိသန္ဓေစွဲယူလေ၏။

ထိုအချိန်အခါ သူဌေးသမီး၏မိဘတို့သည် ကိုယ်ဝန်တည်နေကြောင်းကို သိကြ၍ ကိုယ်ဝန်အစောင့် အရှောက်ကိုပေးကြကုန်၏။

တစ်ပါးသောအချိန်၌ သူဌေးသမီး၏ ဤသို့သဘောရှိသော ချင်ခြင်းသည်ဖြစ်လေသည်။

ငါသည် ဓမ္မသေနာပတိ သာရိပုတ္တရထေရ်အစပြု၍ ရဟန်းငါးရာတို့အား ငါးကြင်းသားအရသာဖြင့် ဒါနဝတ္ထုကိုပေးလှူ၍ ဖန်ရေဆိုးအဝတ်တို့ကို ဝတ်ပြီးရဟန်းတော်များ၏ နေရာအဆုံး၌ ထိုင်နေလျက် ရဟန်းတော်တို့၏ အကျန်ဆွမ်းကို စားသုံးရမူ ကောင်းလေစွဟူ၏။

သူဌေးသမီးသည် အမိ၊ အဖတို့အား ပြောကြားပြီး ချင်ခြင်းဖြစ်သည့် အတိုင်းပြုလေ၏။ ချင်ခြင်းသည် ငြိမ်းသွားလေ၏။

ထိုမှတစ်ပါးသူဌေးသမီး၏ ထိုသို့မင်္ဂလာပြုသည်မှတခြားဖြစ်ကုန်သော မင်္ဂလာ ခုနစ်ရက်တို့၌လည်း ငါးကြင်းသားအရသာဖြင့်သာ ဓမ္မဒေသနာပတိ သာရိပုတ္တထေရ် အမှူးရှိကုန်သော ရဟန်းငါးရာတို့ကို ဆက်ကပ်ကြကုန်၏။

ပြုလုပ်မှုအားလုံးကို တိဿသတို့သား၏ ဝတ္ထု၌ဆိုအပ်ခဲ့သော အမှတ်အသားဖြင့်သာသိအပ်၏။

ဤဆိုအပ်ခဲ့ပြီးသည်ကား သတို့သားငယ်၏မဟာဒုက်ဖြစ်ခဲ့ရာ အချိန်၌ပေး လှူအပ်သော ငါကြင်းသားအရသာဒါန၏ အကျိုးဆက်ဖြစ်လေ၏။

နာမဂ္ဂဟနဏမင်္ဂလာပြုရာနေ့၌ သတို့သားငယ်၏ မိခင်ဖြစ်သူက -

အရှင်ဘုရား-အရှင်ဘုရားတို့၏ကျွန်သူငယ်အား သိက္ခာပုဒ်တို့ကို ပေးတော်မူကြပါဟု လျှောက်ထား အပ်လေသော် အရှင်သာရိပုတ္တထေရ်က ဤသူငယ်သည် အဘယ်အမည်ရှိသူနည်းဟု မိန့်တော်မူ၏။

အရှင်ဘုရား ဤသူငယ်၏ အမိဝမ်းတိုက်၌ ပဋိသန္ဓေယူချိန်မှစ၍ ဤအိမ်၌ မိုက်သူ၊ အသူ၊ နားပင်းသူ တို့လည်း အသိအလိမ္မာရှိသူများ ဖြစ်လာကြပါသည်။

ထို့ကြောင့် တပည့်တော်မ၏သားအမည်သည် ပဏ္ဍိတဟုသာဖြစ်ပါလိမ့်မည် ဘုရားဟု လျှောက်ထား လေ၏။

သာရိပုတ္တထေရ်သည် သိက္ခာပုဒ်တို့ကို ပေးတော်မူသည်။ ပဏ္ဍိတသူငယ်၏ ဖွားမြင်ရာနေ့မှစ၍ ငါသည် ငါ့သား၏ အလိုဆန္ဒကို မဖျက်ဟု မိခင်၏ စိတ်သည် ဖြစ်လေ၏။

ပဏ္ဍိတသူငယ်သည် ခုနစ်နှစ်အရွယ်၌ မိခင်ကို၊ အို - မိခင် သာရိပုတ္တ၏အထံ၌ ရှင်ပြုပါမည်ဟု ပြောလေ၏။ ချစ်သား ကောင်းပေစွ - ငါသည် ချစ်သား၏ အလိုဆန္ဒကို မဖျက်ဆီးအံ့ဟုသာ စိတ်ကို ဖြစ်စေခဲ့ ပြီဟု ပြောဆိုကာ သာရိပုတ္တထေရ်ကို ပင့်လျှောက် ဆွမ်းကပ်ပြီး -

အရှင်ဘုရား အရှင်ဘုရားတို့၏ ကျွန်သူငယ်သည် ရှင်ပြုလိုပါသည်။ တပည့်တော်မသည် ဤသူငယ်ကို ညနေချိန်၌ ကျောင်းသို့ခေါ်ခဲ့ပါမည်ဟု လျှောက်ထားကာ သာရိပုတ္တထေရ်ကို ပြန်ကြွစေပြီး ဆွေမျိုးတို့ကို အညီအညွတ်စုဝေးစေ ကာ ကျွန်မ၏သားကလေးအား လူအဖြစ်ဖြင့်နေချိန်၌ ပြုထိုက်သော ချီးမြှောက်မှု ကို ယနေ့ပင်ပြုကြကုန်အံ့ဟု ကြီးကျယ်သော ချီးမြှောက်ပွဲကို ပြုစေပြီး သူငယ်ကိုခေါ်၍ ကျောင်းသို့သွားပြီး

အရှင်ဘုရား ဤသူငယ်ကို ရှင်ပြုပေးတော်မူကြပါဟု သာရိပုတ္တထေရ်အား အပ်နှင်းလေ၏။

အရှင်သာရိပုတ္တထေရ်သည် ပဏ္ဍိတသူငယ်အား ရှင်အဖြစ်ပြုဖို့ခက်ပုံကို မိန့်ကြားလေသော် -

အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားတို့၏ ဩဝါဒကို လိုက်နာပြုကျင့်ပါမည်ဟု လျှောက်ထား အပ်သော် ထိုသို့ဖြစ်လျှင် လာဟုခေါ်ကာ ဆံပင်တို့ကို ရေဆွတ်၍ရိတ်စေပြီး တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောကြား၍ရှင်ပြုစေ၏။

ပဏ္ဍိတသူငယ်၏ မိဘတို့လည်း ခုနစ်ရက်ပတ်လုံးကျောင်း၌သာ နေကြကာ ဘုရားအမှူးရှိသော ရဟန်းသံဃာအား ငါးကြင်းသားအရသာရှိသော ဟင်းဖြင့်သာ အလှူပေး၍ ခုနစ်ရက်မြောက်နေ့၌ ညနေချိန်တွင် အိမ်သို့ပြန်ကြလေ၏။

အရှင်သာရိပုတ္တထေရ်သည် ရှစ်ရက်မြောက်နေ့၌ ရွာတွင်းသို့ ဆွမ်းခံကြွတော်မူသော် ပဏ္ဍိတ သာမဏေကိုခေါ်၍ ကြွတော်မူသည်။ ရဟန်းသံဃာနှင့်အတူ မသွားစေ။ ဘယ့်ကြောင့်နည်း ပဏ္ဍိတ

သာမဏေ၏ သပိတ်သက်န်း ကိုင်ဆောင်ဝတ်ရုံခြင်းတို့သည်လည်းကောင်း၊ ဣရိယာပုတ်သည်လည်းကောင်း၊ ကြည်ညိုဖွယ် မဆောင်သေး၊ ထို့ကြောင့်တည်း။ တစ်နည်းကား ဇေတဝန်ကျောင်းတော်အတွင်း၌ မထေရ်၏ ပြုရမည့် ဝတ္တရားရှိနေ၏။

ချဲ့ဦးအံ့ - သာရိပုတ္တထေရ်သည် ရဟန်းသံဃာရွာတွင်းသို့ဝင်လေသော် ကျောင်းတိုက်တစ်ခုလုံးကို လှည့်လည်၍ တံမြက်မလှည်းရာအရပ်ကို တံမြက်လှည်း၍ ရေမရှိသော အိုးတို့၌ သောက်ရေသုံးဆောင်ရေတို့ကို ထည့်ထား၍ မကောင်းသဖြင့်ထားအပ်ကုန်သော ညောင်စောင်း၊ အင်းပျဉ်စသည်တို့ကို သိုမှီးသိမ်းဆည်း၍ နောက်မှ ရွာတွင်းသို့ဝင်တော်မူသည်။

ထိုမှတစ်ပါးလည်း အညတိတ္ထိ(သာသနာတော်မှ တခြားအယူရှိသူ)တို့သည် သံဃာမရှိချိန် ကျောင်းသို့ ဝင်၍ ရဟန်းဂေါတမ၏ တပည့်သာဝကတို့၏ နေထိုင်ရာတို့ကို ကြည့်ကြကုန်လောဟု ပြောခွင့်မရကြစေရန် ရည်ရွယ်ပြီး ကျောင်းတိုက်တစ်ခုလုံးကို ရှင်းလင်း၍ နောက်မှ ရွာတွင်းသို့ဝင်တော်မူသည်။

ထို့ကြောင့် ထိုနေ့၌လည်း ပဏ္ဍိတ သာမဏေကို သပိတ်သက်န်းကိုင်ယူစေပြီး နေမြင့်ချိန်၌ ဆွမ်းခံဝင်တော်မူသည်။

ပဏ္ဍိတသာမဏေသည် ဥပဇ္ဈာယ်ဆရာနှင့်အတူ ရွာတွင်းသို့ ကြွနေစဉ် ခရီးအကြား၌ ရေမြောင်းကို မြင်သော် -

အရှင်ဘုရား ဤအရာသည် အဘယ်မည်ပါသနည်းဟု မေးလျှောက်၏။

သာမဏေ ရေမြောင်းမည်၏။

ဤရေမြောင်းဖြင့် ဘာကို ပြုကြပါသနည်း ဘုရား။

ဤအရပ်မှ, ဤအရပ်မှ ရေကို ဆောင်၍ မိမိ၏ လယ်လုပ်ငန်းကို ပြီးစေကြ၊ ပြည့်စုံစေကြသည် သာမဏေ။

အရှင်ဘုရား ရေမှာ စိတ်ရှိပါသလား ဘုရား။

ရှင်သာမဏေ မရှိဘူး။

အရှင်ဘုရား စိတ်မရှိသော သဘောရှိသော ရေကို မိမိလိုရာအရပ်သို့ ဆောင်ကြပါသလား၊

ရှင်သာမဏေ၊ ဟုတ်၏၊ ဆောင်ကြသည်ဟု မိန့်တော်မူသည်။

သာမဏေသည် ဤသို့ စဉ်းစားလေ၏။

စိတ်မရှိသော သဘောရှိသော ရေကိုလည်း မိမိအလိုရှိတိုင်းသော အရပ်သို့ ဆောင်၍ အလုပ်ကို လုပ်ကြလျှင် အဘယ့်ကြောင့် စိတ်ရှိသူတို့လည်း စိတ်ကို မိမိအလို၌ဖြစ်စေ၍ ရဟန်းတရားကို ပြုလုပ်ရန် မစွမ်းနိုင်ကြသနည်းဟု စဉ်းစားလေ၏။

ထိုမှ နောက်၌ သာမဏေသည် ရှေ့မှသွားနေစဉ် မြှားတံကို မီး၌ကင်၍ မျက်လုံးအစွန်ဖြင့် ကြည့်၍ ဖြောင့်အောင်ပြုနေကြသော လေးသမားတို့ကို တွေ့မြင်လေသော် -

အရှင်ဘုရား - ဤသူတို့သည် အဘယ်အမည်ရှိသူတို့ပါနည်းဟု မေးလျှောက်၏။

ရှင်သာမဏေ၊ လေးသမားတို့မည်ကုန်၏။

အရှင်ဘုရား ဤလေးသမားတို့သည် အဘယ်ကို ပြုနေကြပါသနည်း၊

မီး၌ကင်၍ မြှားတံကို ဖြောင့်အောင် ပြုနေကြသည် သာမဏေ၊

အရှင်ဘုရား၊ ထိုမြှားတံသည် စိတ်ရှိပါသလား ဘုရား။

ရှင်သာမဏေ၊ စိတ်မရှိဘူးဟု မိန့်တော်မူ၏။

သာမဏေသည် ဤသို့ စဉ်းစားပြန်၏။

အကယ်၍ စိတ်မရှိသော မြှားတံကိုကိုင်၍ မီး၌ကင်ပြီး ဖြောင့်အောင် ပြုနိုင်ကြလျှင် အဘယ့်ကြောင့် စိတ်ရှိသူတို့လည်း မိမိ၏ စိတ်ကို အလို၌ ဖြစ်စေ၍ ရဟန်းတရားကိုပြုရန် မတတ်နိုင်ကြသလောဟု စိတ်ကူးလေ၏။

ထိုမှ နောက်၌သာမဏေသည် ရှေ့မှသွားနေစဉ် အကန့်အကွပ်၊ ပုံတောင်းအစရှိကုန်သော သစ်သားတို့ကို ရွေနေသူတို့ကို မြင်ပြန်သော် -

အရှင်ဘုရား၊ ဤသူတို့သည် အဘယ်အမည်ရှိသူတို့ပါနည်း၊

ရှင်သာမဏေ၊ သစ်ရွေသမား၊ လက်သမားတို့မည်ကုန်၏။

အရှင်ဘုရား၊ ထိုလူတို့သည် ဘာကို ပြုနေကြပါသနည်း ဘုရား။

သစ်သားတို့ကို ယူဆောင်၍ လှည်းယဉ်ရထား စသည်တို့၏ လှည်းဘီး ရထားဘီး စသည်တို့ကို ပြုကြသည် သာမဏေ။

အရှင်ဘုရား ထိုသစ်သားတို့သည် စိတ်ရှိကြပါသလား ဘုရား။

ရှင်သာမဏေ၊ စိတ်မရှိကြဘူးဟု မိန့်တော်မူ၏။

ထိုအခါ သာမဏေ၏ စိတ်အကြံသည် ဤသို့ဖြစ်ပြန်လေ၏။

အကယ်၍စိတ်မရှိကုန်သော သစ်တုံးတို့ကို ယူ၍ လှည်းဘီး စသည်တို့ကို ပြုနိုင်ကြလျှင် အဘယ်ကြောင့် စိတ်ရှိနေသူတို့သည် မိမိ၏ စိတ်ကို မိမိအလို၌ ဖြစ်စေ၍ ရဟန်းတရားကို ပြုရန် မတတ်နိုင်ကြသနည်းဟု စိတ်အကြံဖြစ်လေ၏။

ပဏ္ဍိတသာမဏေသည် ဆိုခဲ့ပြီးသော အကြောင်းတို့ကို မြင်ပြီးသော် -

အရှင်ဘုရား၊ အရှင်ဘုရားတို့၏ သပိတ်သင်္ကန်းတို့ကို အရှင်ဘုရားတို့ပင် ယူသွားတော်မူကြလျှင် တပည့်တော်ကျောင်းသို့ ပြန်ပါမည်ဘုရားဟု လျှောက်ထားလေ၏။

အရှင်သာရိပုတ္တထေရ်သည် ယခုမှပင် ရှင်ဖြစ်ခဲ့သော ဤသာမဏေငယ်သည် ငါ့ကို နောက်မှ လိုက်လျက် ဤသို့ ပြောဆိုသည်ဟူသော စိတ်ကို မဖြစ်စေဘဲ သာမဏေ၊ ငါ၏သပိတ်သင်္ကန်းတို့ကို ယူခဲ့ဟု မိန့်ပြီး မိမိ၏ သပိတ်သင်္ကန်းကို ကိုင်ယူတော်မူသည်။

ပဏ္ဍိတသာမဏေလည်း ဥပဇ္ဈာယ်ဆရာကို ရှိခိုး၍ ပြန်လှည့်မည်ပြုစဉ် အရှင်ဘုရား တပည့်တော် အတွက်အာဟာရကို ဆောင်ခဲ့ပါလျှင် ငါးကြင်းသား အရသာရှိသော အာဟာရကိုသာ ဆောင်တော်မူခဲ့ကြပါဟု လျှောက်ထားလေ၏။

သာမဏေ အဘယ်သို့ရနိုင်အံ့နည်း။

အရှင်ဘုရား၊ အရှင်ဘုရား၏ ဘုန်းကံဖြင့် မရကြလျှင် တပည့်တော်၏ ဘုန်းကံဖြင့် ရကြပါလိမ့်မည်ဟု လျှောက်ထားလေ၏။

သာရိပုတ္တထေရ်သည် သာမဏေငယ်ကျောင်းပြင်ဘက်၌နေလျှင် ဘေးရန်သော်လည်း ဖြစ်လေရာ၏ဟုဆင်ခြင်၍ သံကောက်(သော့)ကိုပေးပြီး ငါ၏ နေရာတိုက်ခန်းတံခါးကိုဖွင့်ပြီး ကျောင်းတွင်းဝင်နေပါဟု မိန့်တော်မူ၏။

သာမဏေသည် မိန့်တော်မူတိုင်းပြု၍ မိမိ၏ ကရဇကာယ(ခန္ဓာကိုယ်)၌ အသိဉာဏ်ကိုချ၍ ခန္ဓာကိုယ် အတ္တဘောကို ဆင်ခြင်သုံးသပ်လျက်နေလေ၏။

ထိုသို့ထိုင်နေစဉ် ပဏ္ဍိတသာမဏေ၏ ဂုဏ်တန်ခိုးကြောင့် သိကြားမင်း၏ နေရာသည် ပူနွေးသော အခြင်းအရာကိုပြလေ၏။

သိကြားမင်းသည် အဘယ်အကြောင်းနည်းဟု ဆင်ခြင်လတ်သော် ပဏ္ဍိတသာမဏေသည် ဥပဇ္ဈာယ် ဆရာအား သပိတ်သက်နန်းကိုပေးခဲ့ပြီး ရဟန်းတရားကို ပြုကျင့်မည်ဟု ပြန်လှည့်လာသည်၊ ငါလည်း ထိုအရပ်၌ သွားသင့်သည်ဟု ကြံစည်ကာ နတ်မင်းကြီးလေးဦးတို့ကို မိန့်ခေါ်၍ ကျောင်း၏ အဝင်ကွေ့၌နေသော ငှက်တို့ ကိုပြေးစေ၍ ထက်ဝန်းကျင်မှ အစောင့်အရှောက်ကိုယူကြဟု ပြောပြီး -

လနတ်သားကို လဝန်းကိုဆွဲငင်၍ ယူထားဟု -

နေနတ်သားကို နေဝန်းကို ဆွဲငင်၍ ယူထားဟု မှာထားပြောဆိုပြီး ကိုယ်တိုင်သွား၍ အကာအကွယ် ကြိုးတပ်ထားအရပ်၌ အစောင့်အရှောက်ကိုယူ၍ တည်နေလေ၏။

ကျောင်းတွင်း၌ သစ်ရွက်ဟောင်းကြွေကျသံသော်လည်း မဖြစ်လေ၊ သာမဏေ၏ စိတ်သည် တည်ကြည်နေ၏။ သာမဏေသည် ဆွမ်းစားချိန်အတွင်း၌ပင် မိမိအတ္တဘောကို ဆင်ခြင်သုံးသပ်၍ ဖိုလ်သုံး ဖိုလ်သို့ ရောက်လေ၏။

သာရိပုတ္တထေရ်လည်း သာမဏေသည် ကျောင်း၌နေပြီ၊ သာမဏေအား သင့်လျော်သော ဘောဇဉ်ကို အဘယ်မည်သော အိမ်၌ ရနိုင်မည်နည်းဟု စဉ်းစား၍ မြတ်နိုးခြင်း၊ လေးစားခြင်းရှိသော အလုပ်အကျွေး အိမ်တစ်အိမ်သို့ ကြွတော်မူသည်။

ထိုအိမ်၌လူတို့သည် ထိုနေ့တွင် ငါးကြင်းငါးတို့ကိုရ၍ မထေရ်၏ ကြွလာခြင်းကိုသာ မျှော်လင့်ကာ နေကြကုန်၏။

ထိုလူတို့သည် ကြွလာတော်မူသော အရှင်သာရိပုတ္တထေရ်ကို မြင်ကြ၍ -

အရှင်ဘုရား ဤအိမ်၌ ကြွလာသော အရှင်ဘုရားတို့သည် ကောင်းရာကို ပြုအပ်ပါပေ၏ဟု လျှောက်ထားပြီး အိမ်တွင်းသို့ပင့်၊ ယာဂုခဲဘွယ်စသည်တို့ကို ကပ်လှူပြီး ငါးကြင်းသားအရသာဖြင့် ဆွမ်းကို လှူကြကုန်၏။

အရှင်သာရိပုတ္တထေရ်သည် ယူဆောင်သွားမည့်အခြင်းအရာကို ပြတော်မူသည်။ လူတို့သည် အရှင် ဘုရား ဘုဉ်းပေးတော်မူပါ၊ ယူဆောင်ဖို့ဆွမ်းကိုလည်း ရပါလိမ့်မည်ဟု လျှောက်ထား၍ မထေရ်၏ ဆွမ်းကိစ္စပြီးဆုံးချိန်၌ သပိတ်ကို ငါးကြင်းသားအရသာရှိသော ဘောဇဉ်ဖြင့် ပြည့်စေ၍ လှူကြကုန်၏။

သာရိပုတ္တထေရ်သည် ငါ၏ သာမဏေသည် ဆွမ်းဆာနေလိမ့်မည်ဟု လျင်မြန်စွာ ကြွသွား တော်မူသည်။

မြတ်စွာဘုရားလည်း ထိုနေ့နံနက် စောစောကပင် ဆွမ်းဘုဉ်းပေးပြီး ကျောင်းသို့ကြွ၍ ဤသို့ဆင်ခြင် တော်မူသည်။

ပဏ္ဍိတသာမဏေသည် ဥပဇ္ဈာယ်ဆရာအား သိပိတ်သက်နန်းကိုပေးခဲ့ပြီး ရဟန်းတရားကို ပြုကျင့်မည်ဟု ပြန်လှည့်လာသည်၊ သာမဏေ၏ ရဟန်းကိစ္စသည် ပြီးစီးလိမ့်မည်လောဟု စူးစမ်းဆင်ခြင်လတ်သော် ဖိုလ်သုံးဖိုလ်ရောက်ပြီးဖြစ်ကြောင်း ကိုသိတော်မူ၍ အရဟတ္တဖိုလ်အားကောင်းသော မှီရာအကြောင်းကို ရှိ/မရှိကို ဆင်ခြင်ပြန်သော် ရှိကြောင်းသိမြင်တော်မူ၍ ဆွမ်းစားချိန်၌သာ အရဟတ္တဖိုလ် ရောက်နိုင်မရောက်နိုင်

စူးစမ်းဆင်ခြင်ပြန်သော် ရောက်နိုင်မည်ဟု သိတော်မူသည်။

ထိုမှ တဖန်မြတ်စွာဘုရား၏ ဤသို့သော စိတ်အကြံတော်ဖြစ်တော်မူသည်။

သာရိပုတ္တသည် သာမဏေအတွက် ဆွမ်းကိုယူ၍ လျင်မြန်စွာလာနေသည်။ သာမဏေ၏ အန္တရာယ်ကိုလည်း ပြုလေရာ၏။ တံခါးမုခ်၌ အစောင့် အရှောက်ကိုယူ၍ ငါဘုရားထိုင်နေမည်၊ ထိုအချိန်တွင် သာရိပုတ္တကို ပြဿနာမေးမည်၊ သာရိပုတ္တသည် ပြဿနာကို ဖြေဆိုအပ်လေသော် သာမဏေသည် ပဋိသမ္ဘိဒါနှင့် တကွဖြစ်သော အရဟတ္တဖိုလ်ရောက်လိမ့်မည်ဟု စိတ်အကြံ ဖြစ်တော်မူသည်။

ထိုသို့ စိတ်အကြံဖြစ်ပြီးသည်မှ နောက်၌ ကြွလာတော်မူ၍ တံခါးမုခ်၌ ရပ်တော်မူကာ-ကြွရောက်လာသော သာရိပုတ္တထေရ်ကို လေးမျိုးသောပြဿနာတို့ကို မေးတော်မူသည်။

သာရိပုတ္တထေရ်သည် မေးတိုင်း၊ မေးတိုင်းသော ပြဿနာကို ဖြေဆိုတော်မူသည်။

ထိုစကားရပ်၌ ဤဆိုလတ္တံ့သည်ကား အမေး၊ အဖြေတည်း။

၁။ သာရိပုတ္တသင်သည် ဘာကိုရခဲ့သနည်း။

မြတ်စွာဘုရား တပည့်တော် အာဟာရကို ရခဲ့ပါသည်။

၂။ သာရိပုတ္တ အာဟာရမည်သည် အဘယ်ကို ဆောင်သနည်း။

မြတ်စွာဘုရား အာဟာရသည် ဝေဒနာကို ဆောင်ပါသည်။

၃။ သာရိပုတ္တ ဝေဒနာသည် အဘယ်ကို ဆောင်သနည်း။

မြတ်စွာဘုရား ဝေဒနာသည် ရုပ်ကို ဆောင်ပါသည်။

၄။ သာရိပုတ္တရုပ်သည် အဘယ်ကို ဆောင်သနည်း။

မြတ်စွာဘုရား ရုပ်သည် ဖဿကိုဆောင်ပါသည်။

ထိုအမေး၊ အဖြေစကားရပ်၌ အဓိပ္ပာယ်ကားဤသို့တည်း။

ဆာလောင်နေသူသုံးဆောင်အပ်သော အာဟာရသည် ထိုသူ၏ မွတ်သိပ် ဆာလောင်မှုကို ဖယ်ရှား၍ သုခဝေဒနာကို ဆောင်လေ၏။

အာဟာရကိုသုံးဆောင်ခြင်းဖြင့် ချမ်းသာနေသူ၏ခန္ဓာကိုယ်၌ သုခဝေဒနာဖြစ်လေသော် အဆင်း၏ ပြည့်စုံမှုသည်ဖြစ်၏။ ဤသို့ဝေဒနာသည် ရုပ်ကိုဆောင်၏။

ချမ်းသာနေသူသည် အာဟာရကြောင့်ဖြစ်သော ရုပ်၏ အစွမ်းဖြင့် သုခ သောမနဿဖြစ်နေရကား၊ ငါ့အဖို့ယခုအခါ သာယာမှုဖြစ်နေပြီဟု အိပ်လျက်သော်လည်းကောင်း ထိုင်လျက်သော်လည်းကောင်း၊ သုခသမ္ဖဿ = ချမ်းသာသော အတွေ့ကို ရလေ၏။ ဤကားအဓိပ္ပာယ်တည်း။

ဤသို့လျှင် ဤပြဿနာလေးရပ်တို့ကို ဖြေဆိုအပ်ကုန်သော် ပဏ္ဍိတ သာမဏေသည် ပဋိသမ္ဘိဒါတို့နှင့် အတူဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်လေ၏။

မြတ်စွာဘုရားသည်လည်း သာရိပုတ္တထေရ်ကို - သာရိပုတ္တ သွားပေတော့၊ သင့်သာမဏေအား ဆွမ်းကိုပေးလိုက်ပါဟု မိန့်တော်မူ၏။

သာရိပုတ္တထေရ်သည် ကြွတော်မူ၍ တံခါးကိုခေါက်လေ၏။ သာမဏေ သည် ကျောင်းခန်းတွင်းမှ ထွက်၍ မထေရ်လက်မှ သပိတ်ကိုယူ တစ်နေရာ၌ ထားပြီး ထန်းရွက်ယပ်ဝန်းဖြင့် မထေရ်ကို ယပ်ခတ်ပေးလေ၏။

ထိုအခါ သာမဏေကို သာရိပုတ္တထေရ်သည် -

သာမဏေဆွမ်းကိစ္စကို ပြုပေတော့ဟု မိန့်တော်မူသည်။

အရှင်ဘုရား, အရှင်ဘုရားတို့မှာ ဆွမ်းကိစ္စပြုပြီးပါပြီလား၊

ငါ - ဆွမ်းကိစ္စကိုပြုပြီးပြီ၊ သင်သာမဏေ ဆွမ်းကိစ္စကိုပြုပေတော့ဟု မိန့်တော်မူသည်။

ခုနစ်နှစ် အရွယ်ရှိ သူငယ်သည် ရှင်ဖြစ်၍ ရှစ်ရက်မြောက်နေ့တွင် တခဏချင်းပွင့်လာသော ပဒုမ္မကြာနှင့် တူစွာအရဟတ္တဖိုလ်သို့ရောက်လေ၏။

ပဏ္ဍိတသာမဏေသည် ဆင်ခြင်သင့်သောအရာကို ဆင်ခြင်လျက်ထိုင်၍ ဆွမ်းကိစ္စကိုပြုလေပြီ။

ပဏ္ဍိတသာမဏေသည် သပိတ်ကိုဆေး၍ သိမ်းပြီးချိန်၌ လနတ်သားသည် - လဝန်းကို လွှတ်လိုက်လေ၏။ နေနတ်သားသည် နေဝန်းကိုလွှတ်လိုက်လေ၏။

နတ်မင်းကြီးလေးဦးတို့သည် အရပ်လေးမျက်နှာ၌ အစောင့်အရှောက်ကို စွန့်လွှတ်လေ၏။

နေမင်းသည် ကောင်းကင်အလယ်အရပ်မှ လျှောသက်သွားလေ၏။

ရဟန်းတို့သည် အရိပ်သည် ရှည်ရမည့်အတိုင်းအတာထက် ပိုရှည်လာသည်၊ နေမင်းသည် ကောင်းကင်အလယ်အရပ်မှ လျှောသက်သွားသည်။

သာမဏေသည်လည်း ယခုပင် ဆွမ်းစားပြီးလေပြီ။ အဘယ်ကြောင်းကြောင့် ဤသို့ဖြစ်လေသနည်းဟု ကဲ့ရဲ့ကြကုန်၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ ကြွလာတော်မူပြီး - ရဟန်းတို့ အဘယ်စကားကို ပြောဆိုကြသနည်းဟု မေးတော်မူသည်။

မြတ်စွာဘုရား ဤမည်သော စကားကို ပြောဆိုကြပါသည်ဟု လျှောက်ထားကြသည်။

ရဟန်းတို့၊ ဟုတ်မှန်ပါပေ၏။ ဘုန်းကံရှိသူ၏ ရဟန်းတရားကို ပြုကျင့်နေချိန်၌ လနတ်သားသည် လဝန်းကို၊ နေနတ်သားသည် နေဝန်းကို ဆွဲယူထားသည်။

နတ်မင်းကြီးလေးဦးတို့သည် ကျောင်းအကွေအရပ်လေးမျက်နှာ၌ အစောင့်အရှောက်ကိုယူကြသည်၊ သိကြားမင်းသည် ကြိုးတန်းထားရာ အရပ်၌ အစောင့်အရှောက်ကိုယူသည်။ ငါဘုရားသည်လည်း ငါဘုရားဘဲဟု ကြောင့်ကြမဲ့နေခွင့်မရ၊ နေရာမှသွား၍ တံခါးမုခ်၌ သားတော်သာမဏေ၏ အစောင့်အရှောက်ကို ယူခဲ့ရလေပြီ။

ရေမြောင်းဖြင့် ရေကိုဆောင်ယူကုန်သော သူတို့ကိုလည်းကောင်း၊ မြားကို ဖြောင့်အောင်ပြုနေသော လေးသမားတို့ကိုလည်းကောင်း၊ သစ်တုံးတို့ကို ခုတ်ရွေနေကုန်သော သစ်ရွေသမား, လက်သမားတို့ကိုလည်းကောင်းမြင်၍ ဤမျှလောက်သော အာရုံကိုယူပြီး ပညာရှိသူတို့သည် မိမိကိုယ်ကို ဆုံးမ၍ အရဟတ္တဖိုလ်ကို အရယူကြကုန်သည်သာဟု မိန့်တော်မူကာ အနုသန္ဓေကိုစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် -

ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊ ဥသုကာရာ နမယန္တိ တေဇနံ။

ဒါရုံ န မယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။

ဟူသော ဤဂါထာကို ဟောတော်မူသည်။

နေတ္တိကာ - ရေဆောင်လုပ်အားလယ်သမားတို့သည်၊ ဥဒကံ-ရေကို၊ နယန္တိ- ရေမြောင်းစသည်ဖြင့် လိုအပ်သောအရပ်သို့ ဆောင်ယူကြကုန်၏။ ဥသုကာရာ- မြားပစ်သမား လေးသမားတို့သည်၊တေဇနံ-မြားကို၊ နမယန္တိ-မီး၌ကင်ကာ ဖြောင့်အောင်ပြုကြကုန်၏။ တစ္ဆကာ - သစ်ရွေသမားလက်သမား တို့သည်၊

ဒါရုံ- အကောက်တစ်မျိုး၊ အဖုတစ်မျိုး အမျိုးမျိုးအစားစားသစ်သားကို နမယန္တိ - အလိုအားလျှော်စွာ ကောက်သည်ကိုဖြောင့်၊ အဖြောင့်ကိုကောက်၊ အဖုကိုဖျောက် လိုရာရောက်အောင်ပြုကြကုန်၏။ ပဏ္ဍိတာ- ဝဋ္ဋသံသရာထွက်မြောက်ရာကို ကောင်းစွာဆင်ခြင် ပညာရှင်တို့သည်၊ အတ္တာနံ- မိမိကိုယ်ကို၊ ဒမယန္တိ- သောတာ ပတ္တိမဂ်အစ အရဟတ္တဖိုလ်အဆုံးရောက်အောင် ကျင့်သုံးနိုင်ပေဆုံးမကြလေကုန်၏။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

**ပဏ္ဍိတသာမဏေ ဝတ္ထု ပြီး၏။**

## ၅၄။ လကုဏ္ဍက ဘဒ္ဒိယထေရ်ဝတ္ထု

မြတ်စွာဘုရား သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပုထုဇဉ် သာမဏေ ပဥ္စင်းငယ်တို့သည် လကုဏ္ဍကဘဒ္ဒိယထေရ်ကိုမြင်တွေ့ကြလျှင် မထေရ်၏ ဦးခေါင်း၌လည်းကောင်း၊ နားရွက်တို့၌လည်းကောင်း၊ နှာခေါင်းဖျား၌လည်းကောင်းကိုင်၍ -

အို - ဘထွေးတော်၊ ဘယ်လိုပါလဲ၊ သာသနာတော်၌မငြီးမငွေ့ပျော်မွေ့ပါသလားဟု ပြောကြကုန်၏။

မထေရ်သည် ထိုသို့ပြုမူပြောဆိုသူသာမဏေ ရဟန်းငယ်တို့၌ စိတ်လည်းမဆိုး အပြစ်လည်းမယူ။

ဓမ္မသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ကြည့်ကြပါကုန်လော့၊ လကုဏ္ဍက ဘဒ္ဒိယထေရ်ကို မြင်တွေ့ကြ၍ သာမဏေ၊ ပဥ္စင်းငယ်တို့သည်၊ ဤသို့ ဤသို့ ညှင်းဆဲကြသည်။ မထေရ်သည် ညှင်းဆဲသူတို့၌ စိတ်လည်းမဆိုး၊ အပြစ်လည်းမယူ ဟူသောစကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားကြွလာ၍ မေးတော်မူသဖြင့်အကြောင်းကို လျှောက်ထားအပ်သော် -

ရဟန်းတို့ ဟုတ်မှန်ပေ၏၊ ရဟန္တာတို့မည်သည် စိတ်လည်း မဆိုး၊ အပြစ် လည်းမယူကြ။ မှန်လှပေ၏။ ထိုရဟန္တာတို့သည် တခဲနက် ကျောက်အတိပြီးသော တောင်နှင့်တူကုန်၍ တုန်လှုပ်ခြင်းမရှိကြလေကုန်ဟု မိန့်တော်မူကာ အနုသန္ဓေကိုစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် -

သေလော ယထာ ဧကဃနော၊ ဝါတေန န သမီရတိ၊

ဧဝံ နိန္ဒာ ပသံသာသု၊ န သမိဉ္ဇန္တိ ပဏ္ဍိတာ - ဟူသော ဤဂါထာတော်ကို ဟောတော်မူသည်။

ဧကဃနော - အခေါင်းမဖက် တခဲနက်ဖြစ်သော၊ သေလော - ကျောက်တောင်သည်၊ ဝါတေန - အရပ်လေးမျက်နှာတိုက်လာ ဝှေ့တိုးလေအမျိုးမျိုးကြောင့်၊ နသမီရတိ ယထာ - မလှုပ်မယိုင်မြဲခိုင်သကဲ့သို့၊ ဧဝံ - ဤအတူ၊ ပဏ္ဍိတာ - အရဟတ္တဖိုလ် ပညာထင်စွာ ကိုယ်ပြည့်ပညာရှိတို့သည်၊ နိန္ဒာပသံသာသု - ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း၊ အစရှိသော လောကဓမ္မရှစ်မျိုးတို့ လွှမ်းမိုးလတ်ကုန်သော်၊ နသမိဉ္ဇန္တိ - အမျက်ထွက်ခြင်းဒေါသ - ချစ်မြတ်နိုးခြင်းလောဘဖြင့် မတုန်လှုပ်ကြလေကုန်။

ဒေသနာတော်အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

လကုဏ္ဍက ဘဒ္ဒိယထေရ်ဝတ္ထု ပြီး၏။

## ၅၅။ ရဟန်းငါးရာ ဝတ္ထု

မြတ်စွာဘုရားသည် ပဉ္စမဝါ(ဝါနှစ်ဆယ်အတွင်း)၌ ဝေရဥ္စာပြည်သို့ ကြွတော်မူ၍ ဝေရဥ္စာပုဏ္ဏား ပင့်လျှောက်အပ်သဖြင့် ရဟန်းငါးရာတို့နှင့်အတူ ဝါကပ်တော်မူသည်။

ဝေရဥ္စာပုဏ္ဏားသည် မာရ်နတ်လှည့်စားအပ်ခံရ၍ တနေ့မျှလည်း မြတ်စွာဘုရားကိုအကြောင်းပြု၍ အမှတ်ရမှုကိုမဖြစ်စေဘဲဖြစ်နေ၏။

ဝေရဥ္စာပြည်လည်း ငတ်မွတ်ခေါင်းပါးနေ၏။ ရဟန်းတို့သည် မြို့တွင်းမြို့ပြင် ဆွမ်းခံလှည့်လည်၍ ဆွမ်းကိုမရကြသဖြင့် ပင်ပန်းကြကုန်၏။

ထိုရဟန်းတို့အား မြင်းကုန်သည်တို့သည် တစ်ကွမ်းစား တစ်ကွမ်းစားသော မုယောဆန်ကို ဆွမ်းအတွက် လှူကြကုန်၏။ ဆွမ်းဖြင့်ပင်ပန်းကုန်သော ထိုရဟန်းတို့ကိုမြင်၍ မဟာမောဂ္ဂလာန်ထေရ်သည် မြေဆီသြဇာကို ကျွေးမွေးလိုသည်။ မြောက်ကျွန်းသို့ ဆွမ်းခံဝင်စေလိုသည်ဖြစ်၏။ မြတ်စွာဘုရားသည် မဟာမောဂ္ဂလာန်၏ ထိုအကြံစည်ကိုတားမြစ်တော်မူသည်။

ဆွမ်းကိုအကြောင်းပြု၍ ရဟန်းတော်တို့၏ တနေ့တစ်ရက်မျှလည်း အနည်းငယ်တောင့်တမှု မဖြစ်ပါချေ။ အလိုဆိုးကိုရှောင်ကြဉ်၍သာ သီတင်းသုံးနေတော်မူကြသည်။

မြတ်စွာဘုရားသည် ဝေရဥ္စာပြည်၌ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးနေတော်မူပြီးသော် ဝေရဥ္စာ ပုဏ္ဏားကို ပန်ကြားသဖြင့် ဝေရဥ္စာပုဏ္ဏားသည် ပူဇော်အပ်၊ မြတ်နိုးအပ်ပြီးသော် ဝေရဥ္စာပုဏ္ဏားကို သရဏဂုံသုံးဖြာ၊ ဘုရား၊တရား၊သံဃာတို့၌ ယုံကြည်သိမှတ် ဆည်းကပ်သောအားဖြင့် တည်စေကာ ဝေရဥ္စာပြည်မှ ထွက်ခွာ၍ အစဉ်အားဖြင့် ဒေသစာရီလှည့်လည်တော်မူစဉ် တစ်ခုသောအချိန်၌ သာဝတ္ထိမြို့သို့ ရောက်တော်မူ၍ ဇေတဝန် ကျောင်းတော်၌ သီးတင်းသုံးနေတော်မူသည်။

သာဝတ္ထိ မြို့သူမြို့သားတို့သည် မြတ်စွာဘုရားအား အာဂန္တုဆွမ်းတို့ကို လှူဒါန်းမှုပြုကြကုန်၏။

ထိုအချိန်တွင် ငါးရာမျှသော စားကြွင်းစားတို့သည် ရဟန်းတို့ကိုမှီခို၍ ဇေတဝန်ကျောင်းတွင်း၌သာ နေကြကုန်၏။ စားကြွင်းစားတို့သည် ရဟန်းတို့သုံးဆောင်၍ ကျန်ကုန်သော မွန်မြတ်သော ဘောဇဉ်တို့ကို စားကြ၊ အိပ်ကြပြီး၊ အိပ်ယာမှထ၊ မြစ်ကမ်းအနီးသို့သွားကြ၊ သီချင်းဆို၊ အစု အစုလက်ဝှေ့ထိုးတိုက်ခိုက်ကြ၊ ပျော်မြူးကြပြီး ကျောင်းတွင်း၌လည်းကောင်း၊ ကျောင်းပြင်ပ၌လည်းကောင်း မသင့်တော်သော အကျင့်ကိုသာ ကျင့်ကြကုန်လျက် လှည့်လည်နေကြကုန်၏။ ရဟန်းတို့သည် ဓမ္မသဘင်၌ ဆိုလတ္တံ့သောစကားကိုဖြစ်စေကုန်၏။

ငါရှင်တို့ ကြည့်ကြကုန်လော့၊ ဤစားကြွင်းစားတို့သည် ငတ်မွတ်ခေါင်းပါးသော အချိန်၌ ဝေရဥ္စာ ပြည်တွင် ဖောက်ပြန်မှုတစ်စုံတစ်ခုကိုမပြုကြလေကုန်။ ယခုအခါမှာမူ ဤသို့သဘောရှိသော မွန်မြတ်သော ဘောဇဉ်တို့ကို စားကြပြီး အမျိုးမျိုးသောဖောက်ပြန်မှုကို ပြုကြကုန်လျက်လှည့်လည်နေကြကုန်၏။

ရဟန်းတော်တို့သည်ကား ဝေရဥ္စာပြည်၌ ငြိမ်သက်သောသဘောရှိကြကုန် လျက်နေတော်မူကြပြီး ဝပြောသာယာ ယခုခါ၌လည်း လွန်စွာငြိမ်သက်ကုန်လျက်သာ နေတော်မူကြသည်ဟူသော စကားကိုဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသည် ဓမ္မသဘင်သို့ကြွလာတော်မူပြီး မေးတော်မူသဖြင့် အကြောင်းကိုလျှောက်ထား အပ်လေသော် ထိုစားကြွင်းစားတို့သည် ရှေးဘဝ၌လည်း မြည်းသတ္တဝါမျိုး၌ ဖြစ်ကြလျက်၊ မြည်းသတ္တဝါငါးရာ ဖြစ်ကြပြီး အာဇာနည် သိန္ဓောမြင်းငါးရာတို့၏ သောက်၍ကျန်သော လတ်ဆတ်သော သပြစ်ဖျော်ရည်၏

စွန့်ပြစ်အပ်သော မုဒရက်သပြစ်ဖတ်ကို ရှေးဖြင့်နယ်၍ အဝတ်ကြမ်းတို့ဖြင့် စစ်အပ်သောကြောင့် ဝါလောဒက ခေါ်သော အရသာနည်းပါးသော၊ ယုတ်ညံ့သော အရည်ကိုသောက်ကြပြီး အချိုရည်ဖြင့်မာန်ရစ်ကုန်သကဲ့သို့ သီချင်းဆိုကြူးရင့်ကြလျက် လှည့်လည်ခဲ့ကြကုန်လေပြီဟု မိန့်တော်မူကာ -

၁။ ဝါလော ဒကံ အပ္ပရသံ နိဟီနံ၊

ပိတွာ မဒေါ ဇယတိ ဂဒြဘာနံ။

ဣမဥ္စ ပိတွာန ရသံ ပဏီတံ၊

မဒေါန သဉ္ဇာယတိ သိန္ဓဝါနံ။

၂။ အပ္ပံ ပိဝိတွာန နိဟီန ဇစ္စော၊

သော မဇ္ဇတိ တေန ဇနိန္ဒ ပုဋ္ဌော။

ဓောရယှ သီလီစ ကုလမှိ ဇာတော၊

နမဇ္ဇတိ အဂ္ဂရသံ ပိဝိတွာ-

ဟူသော ဤဝါလောဒကဇာတ်ကို အကျယ်အားဖြင့် ဟောတော်မူသည်။

၁။ ဝယသ- မိတ်ဆွေအမတ်ကြီး၊ ဂဒြဘာနံ- မြည်းတို့၏၊ အပ္ပရသံ - နည်းသောအရသာရှိသော၊ နိဟီနံ - ယုတ်ညံ့သော ၊ ဝါလောဒကံ- သမန်းအဝတ် ကြမ်းဖြင့်စစ်အပ်သော မုဒရက်သပြစ်ရည်ကို၊ ပိတွာ- သောက်၍၊ မဒေါ- မာန်ရစ်ခြင်း သည်၊ဇာယတိ-ဖြစ်လေ၏။

သိန္ဓဝါနံ-သိန္ဓောမြင်းတို့၏၊ ပဏီတံ-မွန်မြတ်သော၊ ဣမဥ္စရသံ-ဤမုဒရက်သ ပြစ်ရည်ကိုလည်း၊ ပိတွာ- သောက်ရကုန်သောကြောင့်၊ မဒေါ-မာန်ရစ်ခြင်းသည်၊ နသဉ္ဇာယတိ-မဖြစ်ချေ။

ကာရဏံ-အကြောင်းကား၊ ကိံ-အဘယ်ပါနည်း။

၂။ ဇနိန္ဒ-အိုမင်းမြတ်၊ ပုဋ္ဌော- ပေးအပ်သောကျွန်ုပ်သည်၊ ကာရဏံ-အကြောင်းကို၊ ဝက္ခာမိ- လျှောက်ဆိုပါအံ့။

ယော- အကြင်မြည်းသည်၊ နိဟီန ဇစ္စော-ယုတ်ညံ့သောအမျိုး၌ဖြစ်၏။ သော-ထိုမြည်းသည်၊ တေန- ထိုအမျိုးယုတ်သောကြောင့်၊ အပ္ပံ-နည်းသော အရသာရှိသော မုဒရစ်သပြစ်ရည်ကို ၊ ပိဝိတွာန- သောက်ရ၍၊ မဇ္ဇတိ -မာန်ရစ်လေ၏။ ကုလမှိ-မြတ်သောအမျိုး၌၊ ဇာတော-ဖြစ်ခဲ့သော။ ဓောရယှသီလီ ဝန်ကို ဆောင်လေ့ ရှိသော၊ သိန္ဓဝေါစ-သိန္ဓောမြင်းသည်ကား။ အဂ္ဂရသံ-မွန်မြတ်သော အရသာရှိသော၊မုဒရစ်သပြစ်ရည်ကို၊ ပိဝိတွာ - သောက်ရ၍၊ နမဇ္ဇတိ- မာန်မ ရစ်ပါလေ။

ဣဒံ-ဤသည်ကား ၊ ကာရဏံ-အကြောင်းပါတည်း။ ဤသို့ဝါလောကဒက ဇာတ်ကိုဟောတော်မူပြီး၊ ရဟန်းတို့ ဤသို့လျှင် သူတော်ကောင်းတို့သည် လောကဓံကို ရှောင်ကြဉ်၍ ချမ်းသာသောအခါ၌လည်းကောင်း၊ ဆင်းရဲသောအခါ၌လည်းကောင်း၊ ဖောက်ပြန်ခြင်းမရှိကြသည်သာဟု အနုသန္ဓေကို စပ်၍တရားဟောတော်မူ လိုသော မြတ်စွာဘုရားသည် -

သဗ္ဗတ္ထ ဝေ သပ္ပုရိသာ စဇန္တိ၊

န ကာမ ကာမာ လပယန္တိ သန္တော။

သုခေန ဖုဋ္ဌာ အထဝါဒု ခေန၊

န ဥစ္စာဝစံ ပဏ္ဍိတာ ဒဿယန္တိ-ဟူသော ဤဂါထာတော်ကို ဟောတော်မူ၏။

၁။သပ္ပုရိသာ-ဘုရားအစရှိသောသူတော်ကောင်းတို့သည်၊ သဗ္ဗတ္ထ-ခန္ဓာအစရှိသော တရားအားလုံး

တို့၌၊ (ဆန္ဒရာဂံ-တပ်မက်ခြင်းကို) ဝေ-စင်စစ်၊ စဇန္တိ (အရတ္တမဂ်ဉာဏ်ဖြင့် ဖယ်ခွာစွန့်ပစ်ကြကုန်၏။) သန္တော-ဘုရားအစရှိသော သူတော်ကောင်းတို့သည်၊ ကာမ ကာမာ- ကာမဂုဏ်ကို အလိုရှိကြကုန်သည်ဖြစ်၍၊ (ကာမဟေတု-ကာမဟူသော အကြောင်းကြောင့်)နလပယန္တိ-ကိုယ်တိုင်လည်းမပြော၊ သူတပါးကိုလည်း မပြောစေကြကုန်။

ပဏ္ဍိတာ - ပညာရှိတို့သည်၊ သုခေန - ချမ်းသာဖြင့်၊ ဖုဋ္ဌာဝါ - တွေ့ထိ အပ်ကုန်သော်လည်းကောင်း၊ အထ-ထိုမှတစ်ပါး ဝါ-ထိုသို့မဟုတ်)ဒုခေန-ဆင်းရဲဖြင့် ဖုဋ္ဌာဝါ-တွေ့ထိအပ်ကုန်သော်လည်းကောင်း၊ ဥစ္စာဝစံ-နှစ်သက်ခြင်း၊ နှလုံးမသာခြင်း၊ ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းဖြင့် မြင့်တက်သောအခြင်းအရာ၊ နိမ့်ကျသော အခြင်းအရာကို၊ နဒဿယန္တိ-မပြကြလေကုန်။

ဒေသနာတော် အဆုံး၌များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

(နကာမ ကာမာ - လပယန္တိ သန္တော = သူတော်ကောင်းတို့သည် ကာမဟူသော အကြောင်းကြောင့် ကိုယ်တိုင်ကလည်း မပြောမဆို သူတစ်ပါးကိုလည်း မပြောမဆိုစေကုန်ဟူရာ၌)

အကြင်ရဟန်းတို့သည် ဆွမ်းခံနေကြစဉ် အလိုဆိုး၌တည်ကုန်လျက် ဥပါသကာအသို့နည်း ၊သင်၏သားမယားများ ချမ်းသာကြ၏လော -

မင်းသူခိုးစသည်တို့ကြောင့် သင်ဥပါသကာ၏ ခြေနှစ်ချောင်းရှိသော သတ္တဝါခြေလေးကြောင်းရှိ သောသတ္တဝါတို့၌ (ကြက်၊ဝက်၊ ကျွဲ ၊ နွား အစရှိသော သတ္တဝါ တို့၌) တစ်စုံတစ်ခုသော ဘေးရန်မရှိပြီလော အစရှိသောစကားတို့ကို ပြောဆိုကြကုန်၏။ ထိုရဟန်းတို့သည် ကိုယ်တိုင်ရှေးဦးစွာပြောဆိုသူတို့မည်ကုန်၏။

ထိုသို့ပြောဆိုခြင်းကြောင့် အရှင်ဘုရားဟုတ်မှန်ပါသည်။ တပည့်တော်များအားလုံးချမ်းသာကြပါသည်။ ဘေးရန်တစ်စုံ တစ်ခုမျှမရှိပါ။ ယခုတပည့်တော်တို့ အိမ်သည် ထမင်းအဖျော်ပေါပေါများများရှိပါသည်။ ဤအရပ်၌သာ သီတင်းသုံးတော်မူကြပါဟု မိမိကိုယ်ကိုပင် ဖိတ်စေသောရဟန်းတို့သည် ပြောဆိုစေသူတို့ မည်ကုန်၏။ သူတော်ကောင်းတို့သည်ကား ဤနှစ်မျိုးလုံးကိုပြုတော်မမူကြ။

(ဤကား အဌကထာ အဖွင့်ပါ ရဟန်းတော်များမှတ်ဖွယ်တည်း။)

**ရဟန်းငါးရာ ဝတ္ထု ပြီး၏။**

# ၅၆၊ ဓမ္မိကဓေဝန် ဝတ္ထု

သာဝတ္ထိမြို့၌ ဥပါသကာတစ်ဦးသည် တရားနှင့်အညီ အိမ်ထောင်စုကိုအုပ်ချုပ်နေထိုင်၏။

ထိုသူသည် ရဟန်းပြုလို၍ တစ်နေ့သ၌ ဇနီးနှင့်အတူ ချမ်းသာကြောင်း စကားကို ပြောဆိုနေစဉ် - ရှင်မ - ငါရဟန်းပြုလိုသည်ဟု ပြောဆိုလေ၏။

အို - အိမ်ရှင်၊ ကျွန်မဝမ်း၌ တည်နေသော သူငယ်ကို ဖွားမြင်ပြီးအောင် ဆိုင်းငံ့ပါဦးဟု ဇနီးက ပြောလေ၏။ ဥပါသကာသည် ဆိုင်းငံ့နေပြီး သူငယ်၏ ခြေဖြင့်သွားနိုင်ရာအချိန်၌ တဖန်ဇနီးကို ရဟန်းပြု ခွင့်ပန်ကြားပြန်သော် -

အို - အိမ်ရှင် ဤကလေး အရွယ်ရောက်သည့်တိုင်အောင် ဆိုင်းငံ့ပါဦးဟု ပြောဆိုအပ်သော် -

ဤမိန်းမကို ပန်ကြားခြင်းဖြင့်လည်းကောင်း၊ မပန်ကြားခြင်းဖြင့်လည်းကောင်း၊ ငါ့အားအကျိုးမရှိ ငါ၏ ထွက်မြောက်ကြောင်းတရားကို ပြုကျင့်မည်ဟု အိမ်မှထွက်ပြီး ရဟန်းပြုလေ၏။

ထိုရဟန်းသည် ကမ္မဋ္ဌာန်းကိုယူ၍ လုံ့လကြီးကုတ်အားထုတ်လျက်သူ၏ ရဟန်းကိစ္စကို ပြီးဆုံးစေ ပြီးသော် သားမယားတို့ကို ကြည့်ရှုရန် တဖန်သာဝတ္ထိမြို့သို့သွား၍ သားဖြစ်သူအား တရားစကားကို ပြောဆိုလေ၏။ သားဖြစ်သူလည်း အိမ်မှထွက်ခဲ့ပြီး ရဟန်းပြုလေ၏။ ရဟန်းပြု၍ အချိန်မကြာမြင့်မီ၌ပင် အရဟတ္တဖိုလ်သို့ရောက်လေ၏။

ရဟန်းကြီး၏ ဇနီးဟောင်းသည်လည်း ငါသည်လင်ယောကျ်ားနှင့် သားတို့၏ အကျိုးငှါ အိမ်ရာ တည်ထောင်လူတို့ဘောင်၌နေ၍ လင်ယောကျ်ားနှင့် သားနှစ်ဦးလုံးတို့လည်း ရဟန်းပြုသွားကြပြီ၊ ယခုငါ့အား အိမ်၌နေခြင်းဖြင့် အကျိုးမရှိ ရဟန်းပြုတော့မည်ဟု အိမ်မှ ထွက်ခဲ့ပြီး ရဟန်းပြုလေ၏။

ရဟန်းပြုပြီး အချိန်မကြာမြင့်မီ၌ပင် အရဟတ္တဖိုလ်သို့ရောက်လေ၏။

ထိုအချိန်တွင် တစ်နေ့သ၌ ဓမ္မသဘင်ဝယ် -

ငါ့ရှင်တို့ - ဓမ္မိကဥပါသကာသည် သူ၏ တရား၌ တည်သူဖြစ်ခြင်းကြောင့် အိမ်မှထွက်ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ရောက်သူဖြစ်၏။ သားနှင့် မယား၏လည်း ထောက်ရာ တည်ရာဖြစ်ပေသည်ဟူသော စကားကို ဖြစ်စေကြလေ၏။

မြတ်စွာဘုရားသည် ကြွရောက်၍ မေးတော်သဖြင့် အကြောင်းစကားကို လျှောက်ထားအပ်လေသော် ရဟန်းတို့ ပညာရှိသူမည်သည် မိမိဟူသော အကြောင်းကြောင့်လည်း ပြည့်စုံမှုကိုမလိုလားထိုက်၊ တစ်ပါးသူ ဟူသော အကြောင်းကြောင့်လည်း ပြည့်စုံမှုကို မလိုလားထိုက်၊ တရား၌တည်သူသာ တရားကိုမှီခို အားထား သူသာ ဖြစ်ထိုက်သည်ဟု အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် -

န အတ္တဟေတု န ပရဿ ဟေတု၊

န ပုတ္တမိစ္ဆေ နဓနံ နရဋ္ဌံ။

န ဣစ္ဆေယျ အဓမ္မေန သမိဒ္ဓိမတ္တနော။

သ သီလဝါ ပညဝါ ဓမ္မိကော သိယာ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ပဏ္ဍိတော နာမ - ပညာရှိမည်သည်၊ အတ္တဟေတု - မိမိဟူသော အကြောင်းကြောင့် - ဝါ - မိမိ၏ အကြောင်းကြောင့်(ပါပံ - မကောင်းမှုကို) နကရောတိ - မပြု၊ ပရဿ - သူတစ်ပါး၏၊ ဟေတု -

အကြောင်းကြောင့်(ပါပံ - မကောင်းမှုကို) နကရောတိ - မပြု။

ပုတ္တံ - သားကို(ပါပကမ္မေန၊ မကောင်းမှုကိုပြုသဖြင့်)နဣစ္ဆေ - အလိုမရှိရာ။ ဝါ ၊ နဣစ္ဆတိ - အလိုမရှိ၊ ဓနံ - ပစ္စည်းဥစ္စာကို (ပါပကမ္မေန - မကောင်းမှုကိုပြုသဖြင့်) နဣစ္ဆေ - အလိုမရှိရာ၊ ဝါ၊ နဣစ္ဆေ နဣစ္ဆတိ - အလိုမရှိ၊ ရဋ္ဌံ - တိုင်းနိုင်ငံကို (ပါပကမ္မေန၊ မကောင်းမှုကို ပြုသဖြင့်) နဣစ္ဆေ - အလိုမရှိရာ၊ ဝါ နဣစ္ဆေ - နဣစ္ဆတိ - အလိုမရှိ။

(ဧတာနိ - ထိုသားသမီး၊ ဥစ္စာ၊ တိုင်းနိုင်ငံတို့ကို၊ ဣစ္ဆန္တောပိ - အလိုရှိသော် လည်း၊ ပါပကမ္မံ - မကောင်းမှုကို၊ နကရောတိယေဝ - မပြုသည်သာ)

အဓမ္မေန - မတရားဖြင့်၊ ဝါ ၊ တရားမဟုတ်သည်ဖြင့်၊ အတ္တနော - မိမိ၏၊ သမိဒ္ဓိံ - ကြွယ်ဝကုံလုံ ပြည့်စုံခြင်းကို၊ နဣစ္ဆေယျ - အလိုမရှိရာ။

(သမိဒ္ဓိကာရဏာပိ - ပြည့်စုံခြင်း၏ အကြောင်းကြောင့်လည်း၊ ပါပံ - မကောင်းမှုကို၊ နကရောတိ - မပြု) ယော - ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်၊ ဧဝရူပေါ - ဤသို့သဘောရှိ၏။

သသော ပုဂ္ဂလော - ထိုသို့သဘောရှိသောပုဂ္ဂိုလ်သည်၊ သီလဝါ - သီလရှိ သူသည်၊ ပညဝါ - ပညာရှိသူသည်၊ ဓမ္မိကော - တရားရှိသူသည်၊ သိယာဟောတိ - အမှန်စစ်စစ်ဖြစ်တော့၏။

ဒေသနာတော်အဆုံး၌ များစွာသော သတ္တဝါတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

**ဓမ္မိကထေရ် ဝတ္ထု ပြီး၏။**

## ၅၇။ တရားနာ ဝတ္ထု

သာဝတ္ထိမြို့၌ တစ်လမ်းတည်းနေလူတို့သည် ညီညီညွတ်ညွတ်အသင်း အဖွဲ့ဖွဲ့ခြင်းဖြင့် ဒါနပြုကြ၍ ညဥ့်သုံးယံပတ်လုံး တရားနာယူမှုကို ပြုကြစေကုန်၏။ သို့သော်လည်း ညဥ့်သုံးယံပတ်လုံး တရားနာယူရန် မစွမ်းနိုင်ကြကုန်။

အချို့လူတို့သည် ကာမရတိ - ကာမဂုဏ်၌ မွေ့လျော်မှုဟူသော မှီရာအကြောင်းရှိကုန်၍ တဖန်အိမ်သို့သာ ပြန်ကြလေကုန်၏။

အချို့လူတို့သည် ဒေါသဟူသော မှီရာအကြောင်းရှိကုန်၍ အချို့လူတို့သည် မာနဟူသော မှီရာအကြောင်းရှိကုန်၍ တဖန်အိမ်သို့သာပြန်ကြကုန်၏။

အချို့လူတို့သည် ထိနမိဒ္ဓရှိကြသဖြင့် တရားနာယူရာ အရပ်၌သာထိုင်ကြ၍ အိပ်ငိုက်ကုန်လျက် တရားနာယူခြင်းငှာမစွမ်းနိုင်ကြကုန်။

နောက်နေ့၌ ရဟန်းတို့သည် ထိုအကြောင်းကိုသိကြ၍ ဓမ္မသဘင်၌ စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားကြွလာ၍ အကြောင်းကိုမေးသဖြင့် အကြောင်းစကား လျှောက်ထားအပ်လေသော် -

ရဟန်းတို့ ဤသတ္တဝါတို့မည်သည် အများအားဖြင့် ဘဝ၌မှီကြကုန်၏။ ဘဝတို့၌သာ ကပ်ငြိကာနေကြကုန်၏။

တစ်ဖက်ကမ်းသို့ သွားသူတို့မည်သည် နည်းပါးကုန်၏ဟု အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် -

၁။ အပ္ပကာတေ မနုဿေသု ၊ ယေ ဇနာ ပါရဂါမိ နော၊
အထာယံ ဣတရာ ပဇာ၊ တီရ မေဝနုဓာဝတိ။

၂။ ယေ စ ခေါ သမ္မဒက္ခာတေ ၊ဓမ္မေ ဓမ္မာနုဝတ္တိနော။
တေဇနာ ပါရမေဿန္တိ ၊ မစ္စုဓေယျံ သုဒုတ္တရံ။

ဟူသောဂါထာတို့ကို ဟောတော်မူ၏။

၁။ မနုဿေသု- လူဘုံဖြစ်ပွား လူအများတို့တွင်၊ ယေဇနာ-လွတ်မြောက်လို သူ အကြင်လူတို့သည်၊ ပါရဂါမိနော-နိဗ္ဗာန်စခန်း တဘက်ကမ်းသို့ ကူသန်းကြလေ၏။ တေ-ထိုလူတို့သည်၊ အပ္ပကာ- မများလေစွ နည်းပါးလှကုန်၏။ ဣတရာ-တစ်ဖက်ကမ်းသွား အနည်းအပါးမှ အခြားဖြစ်သော၊ အယံပဇာ- များပြားလှစွာ ဤသတ္တဝါသည်၊ တီရမေဝ-သက္ကာယဒိဋ္ဌိမည်ရှိစခန်း ဤဘက်ကမ်းကိုသာ၊ အနုဓါဝတိ-မရပ်မနား လေးလေးစားစား ပြေးသွားနေလေ၏။ (အထသဒ္ဒါ သီးခြားအနက်မရှိ)

၂။ ယေစခေါ-အကြင်လူတို့သည်ကား၊ သမ္မဒက္ခာတေ-အစအလယ်အဆုံး သုံးပါးလုံးမှာ ကောင်းစွာ ဟောပြအပ်သော၊ ဓမ္မေ- ဒေသနာခေါ်ငြား မြတ်တရား၌ ဓမ္မာနုဝတ္တိနော- နားကြားအပ်သော တရားအားလျော်သော အကျင့်ကို ဖြည့်ကျင့်၍ မဂ်ဖိုလ်ကို မျက်မှောက်ပြုခြင်းဖြင့်၊ တရားသို့အစဉ်လိုက်ကုန်၏။ တေဇနာ-တရားရသူ ထိုလူတို့သည်၊ သုဒုတ္တရံ-လွန်မြောက်ရန် အချက်အလွန်ခက်သော၊ မစ္စုဓေယျံ- ကိလေသာ မာရ်ဟု ဆိုအပ်သော သေခြင်းတရား၏ တည်နေရာဖြစ်သော ဘုံသုံးပါး၌ ဖြစ်သောဝဋ်ကို(တရိတွာ-ကူးမြောက်ကြကုန်၍) ပါရံ- နိဗ္ဗာန်စခန်း တစ်ဖက်ကမ်းသို့၊ ဧဿန္တိ-အမှန်ထုတ် ခြောက်ရောက်ကြလေကုန်လတ္တံ့။

ဒေသနာတော်အဆုံး၌ များစွာ သောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

တရားနာ ဝတ္ထု ပြီး၏။

## ၅၈။ အာဂန္တုရဟန်းငါးရာဝတ္ထု

ကောသလတိုင်း၌ ရဟန်းငါးရာတို့သည် ဝါဆိုကြ၍ ဝါမှထကုန်ပြီးသော် မြတ်စွာဘုရားကို ဖူးမြင်ကြမည်ဟု ဇေတဝန်ကျောင်းသို့သွား၍ မြတ်စွာဘုရားကို ဖူးမြင်ကြပြီး တစ်နေရာ၌ ထိုင်နေကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ အကျင့်နှင့် ဆန့်ကျင်မှုကို စဉ်းစားဆင်ခြင်တော်မူ၍ တရားဟောတော်မူလိုရကား ဆိုလတ္တံ့သော ဤဂါထာတို့ကို ဟောတော်မူ၏။

၁။ ကဏှံ ဓမ္မံ ဝိပ္ပဟာယ၊ သုက္ကံ ဘာဝေထ ပဏ္ဍိတော။
ဩကာ အနောကမာဂမ္မ၊ ဝိဝေကေ ယတ္ထ ဒူရမံ။

၂။ တတြာဘိရတိမိစ္ဆေယျ၊ ဟိတွာ ကာ မေ အကိဉ္စနော။
ပရိယောဒပေယျ အတ္တာနံ၊ စိတ္တက္လေသေဟိ ပဏ္ဍိတော။

၃။ ယေသံ သမ္ဗောဓိယင်္ဂေသု၊ သမ္မာစိတ္တံ သုဘာဝိတံ။
အာဒါန ပဋိနိဿဂ္ဂေ၊ အနုပါဒါယ ယေရတာ။
ခီဏာသဝါ ဇုတိမန္တော၊ တေလောကေ ပရိနိဗ္ဗုတာ။

၁။ ပဏ္ဍိတော - ပညာရှိရဟန်းသည်၊ (ယာဝအရဟတ္တမဂ္ဂါ၊ အရဟတ္တမဂ်တိုင်အောင်)
ကဏှံ - မည်းညစ်သော၊ ဓမ္မံ - ကာယဒုစရိုက်စသော အပြားရှိသော၊ အကုသိုလ်တရားကို၊ ဝိပ္ပဟာယ-စွန့်ပယ်၍၊ သုက္ကံ-ဖြူစင်သော၊ ဓမ္မံ-ကာယသု စရိုက်စသည် အပြားရှိသော ကုသိုလ်တရားကို၊ ဘာဝေထ-ဖြစ်ပွားစေရာ၏။ ဩကာ-တပ်မက်တွယ်တာတဏှာမှ၊ နိက္ခမိတွာ-ထွက်၍၊ အနောကံ-တပ်မက် တွယ်တာထိုတဏှာ၏ ကင်းရာအမှန်မြတ်နိဗ္ဗာန်ကို၊ အာဂမ္မ-လိုလားသမှု အကြောင်းပြု၍ ဘာဝေထ-ဖြစ်ပွားစေရာ၏။ ယတ္ထဝိဝေကေ-အာလယကင်းရာ ဝိဝေကမှန်-အကြင်နိဗ္ဗာန်၌ (ဣမေဟိ သတ္တေဟိ-ဤသတ္တဝါတို့သည်) ဒူရမံ-မွေ့လျော်နိုင်ခဲ၏။ ဝါ-မွေ့လျော်နိုင်ဖို့ခက်၏။

၂။ ကာမေ-ဝတ္ထုကိလေ နှစ်ထွေနှစ်ဝ ထိုကာမတို့ကို၊ ဟိတွာ-ပယ်စွန့်၍ အကိဉ္စနော-တစိုးတစိ စိုးရိမ်ကြောင့်ကြမရှိသည်(ဟုတွာ-ဖြစ်၍) တတြတသ္မိံ - ဝိဝေကမှန်ထိုမြတ်နိဗ္ဗာန်၌၊ အဘိရတိံ-ခလွန် မွေ့လျော်မှုကို၊ ဣစ္ဆေယျ-တောင့်တ စိတ်ထားလိုလားရာ၏။ ပဏ္ဍိတော-နိဗ္ဗာန်လိုမိ ပညာရှိသည်၊ အတ္တာနံ-မိမိကိုယ်ကို၊ စိတ္တက္လေသေဟိ-စိတ်ညစ်ညူးကြောင်းတရား၊ နီဝရဏ-ငါးပါးတို့မှ၊ ပရိယော ဒပေယျ- ကောင်းစွာ သုတ်သင်ဖြူစင်စေရာ၏။

၃။ ယေသံ-အကြင်သူတို့သည်၊ စိတ္တံ-မိမိ၏စိတ်ကို၊ သမ္ဗောဓိယင်္ဂေသု-ဗောဇ္ဈင်တရားခုနစ်ပါးတို့၌၊ သမ္မာ-သင့်လျော်အကြောင်း နည်းလမ်းကောင်းဖြင့်၊ သုဘာဝိတံ - ကောင်းစွာပွားအပ်၏။ ယေ-အကြင် ရဟန္တာတို့သည်၊ အာဒါန ပဋိနိဿဂ္ဂေ-စွဲလန်း သည်အမှန် ဉပါဒါန်ကို စွန့်လွှတ်ရာ နိဗ္ဗာန်၌၊ အနုပါဒါယ-တစ်ခုတစ်ခန်း မစွဲလန်းမူ၍၊ ရတာ-မွေ့လျော်ကုန်၏။ တေ-ခီဏာသဝါ-ထိုရဟန္တာ တို့သည်၊ ဇုတိမန္တော-အာနုဘော်နှင့် ပြည့်စုံကုန်၍၊ ဇုတိမန္တော-အရဟတ္တမဂ် ဉာဏ်ရောင်ဖြင့် ခန္ဓာအစရှိ သောတရားဌ် ထွန်းလင်းကုန်၍၊ လောကေ-ခန္ဓာ အစရှိသော လောက၌ ပရိနိဗ္ဗုတာ- သဉပါဒိသေသ- နိဗ္ဗာန် အနုပါဒိသေသ-နိဗ္ဗာန်တို့ဖြင့် အငြိမ်းကြီးငြိမ်း ကြလေကုန်၏။

ပရိနိဗ္ဗုတာ-လောင်စာကုန်၍ ငြိမ်းသွားသော မီးတို့ကဲ့သို့ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွင် ဘယ်ဟာဟူ၍ ပညတ်စရာမရှိတော့သည်၏ အဖြစ်သို့ ဧကန်စင်စစ် ရောက်ကြလေကုန်သတည်း။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြကုန်၏။
တေလောကေပရိနိဗ္ဗုတာ - (ဂါထာပါဌ်)

တေလောကေတိ ဣတ္ထိခန္ဓာဒိလောကေ ပရိနိဗ္ဗုတာ နာမအရဟတ္တပ္ပတ္တိတော ပဋ္ဌာယကိလေသဝဋ္ဋဿ ခေပိတတ္တာ သဉပါဒိသေသေန၊ စရိမစိတ္တနိရောဓေန ခန္ဓဝဋ္ဋဿ ခေပိတတ္တာ အနုပါဒိသေသေနစာတိ ဒွီဟိပရိနိဗ္ဗါ နေဟိ ပရိနိဗ္ဗုတာ၊ အနုပါဒါနောဝိယပဒီပေါ အပဏ္ဏတ္တိကဘာဝံဂတာတိအတ္ထော) (ပါဠိပညာရှင်များအဖို့)

အာဂန္တုရဟန်းငါးရာ ဝတ္ထု ပြီး၏။

# ၇။ အရဟန္တဝဂ္ဂ
## ၅၉။ ဇီဝကအမေးဝတ္ထု

မြတ်စွာဘုရား ရာဇဂြိုဟ်မြို့နေစဉ် တစ်ခုသောအချိန်၌ ဒေဝဒတ်သည် အဇာတသတ်မင်းနှင့် တပေါင်းတည်းဖြစ်၍ ဂိဇ္ဈကုဋ်တောင်ပေါ်သို့တက်ပြီး ဖျက်ဆီးလိုစိတ်ဖြင့် မြတ်စွာဘုရားကို သတ်ပစ်မည်ဟု ကျောက်တုံးကိုလှိမ့်ချလေ၏။

ထိုကျောက်တုံးကို တောင်ထွဋ်နှစ်ခုတို့သည် ဆီး၍ခံလိုက်ကုန်၏။ ကျောက်တုံးမှ ကွဲ၍ကျလာသော ကျောက်ချပ်လွှာသည် မြတ်စွာဘုရား၏ ခြေတော်ကိုရိုက်ခတ်ပြီး သွေးကိုဖြစ်စေ၏။ (သွေးစိမ်းတည်စေ၏) ပြင်းထန်သော ဝေဒနာတို့ ဖြစ်ကုန်၏။

ရဟန်းတို့သည် မြတ်စွာဘုရားကို မဒ္ဒကုစ္ဆိအရပ်သို့ ပင့်ဆောင်ကြကုန်၏။

မြတ်စွာဘုရားသည် မဒ္ဒကုစ္ဆိအရပ်မှလည်း ဇီဝက၏ သရက်ဥယျာဉ်ကြွလိုတော်မူ၍ ငါဘုရားကို ဇီဝကသရက်ဥယျာဉ်၌ ပို့ပေးကြဟု မိန့်တော်မူ၏။

ရဟန်းတို့သည် မြတ်စွာဘုရားကို ပင့်ဆောင်ကြပြီး ဇီဝကသရက်ဥယျာဉ်သို့ သွားကြကုန်၏။

ဇီဝကသည် ထိုသတင်းကိုကြား၍ မြတ်စွာဘုရားထံသွားပြီး အနာကို ဆေးကုရန် အလွန်ထက်သော ဆေးကိုကပ်လူး၍ အနာကိုပတ်တီးစည်းကာ မြတ်စွာဘုရားကို မြတ်စွာဘုရား, တပည့်တော်သည် ရာဇဂြိုဟ်မြို့တွင်း၌ လူနာတစ်ယောက်အတွက် ဆေးစပ်ထားပါသည်။ ထိုသူထံသွားပြီး ပြန်လာပါမည်။ ဤဆေးသည် တပည့်တော် ပြန်ရောက်ချိန်တန်အောင် စည်းထားမြဲအတိုင်းသာတည်ပါစေဟု လျှောက်ထားလေ၏။

ဇီဝကသည် ရာဇဂြိုဟ်မြို့တွင်းသို့သွား၍ လူနာယောက်ျား၏ ဆေးကုသမှုကိုပြု၍ မြို့တံခါးပိတ်ချိန် အနီးတွင် ပြန်လာစဉ် မြို့တံခါးသို့ မရောက်လာချေ။

ထိုအခါ ဇီဝက၏ ဤဆိုလတ္တံ့သော စိတ်အကြံသည် ဖြစ်လေ၏။

အံ့လောက်ပါပေ၏။ ငါသည် ဝန်လေးသော အမှုကိုပြုအပ်ပြီ။ ငါသည် မထင်ရှားသော ယောက်ျား၏ ခြေ၌ကဲ့သို့ မြတ်စွာဘုရား၏ ခြေတော်၌ အစွမ်းထက်သောဆေးကို လိမ်း၍အနာကို စည်းထားခဲ့ပြီ၊ ဤအချိန်သည် စည်းထားသော အဝတ်ကို(ပတ်တီး)ကို ဖြေရမည့်အချိန်ဖြစ်သည်။ ထိုပတ်တီးကို မဖြေခဲ့သော် တညဥ့်ပတ်လုံး မြတ်စွာဘုရား၏ ခန္ဓာကိုယ်၌ ပူလောင်မှုဖြစ်လိမ့်မည်ဟူ၏၊

ထိုအချိန်ခဏ၌ မြတ်စွာဘုရားသည် အာနန္ဒာထေရ်ကို အာနန္ဒာ - ဇီဝကသည် ညနေချိန်ပြန်လာစဉ် မြို့တံခါးသို့ ရောက်မလာချေ။ ဤအချိန်သည် အနာ၏ပတ်တီးကို ဖြေရမည့်အချိန်ကို သူစိတ်ကူးထားသည်။ ထိုပတ်တီးကို ဖြေလော့ဟု မိန့်တော်မူသည်။

အာနန္ဒာထေရ်သည် ပတ်တီးကို ဖြေလိုက်လေ၏။ အနာသည် သစ်ပင်မှ အပွေးကွာသကဲ့သို့ ကင်းပျောက်သွားလေ၏။

ဇီဝကသည် အာရုံတက်နေချိန်အတွင်း၌ပင် မြတ်စွာဘုရားထံ လျင်မြန်စွာလာရောက်ပြီး -

မြတ်စွာဘုရား, အရှင်ဘုရားတို့၏ ခန္ဓာကိုယ်၌ ပူလောင်မှုဖြစ်ပါသလား ဟု မေးလျှောက်၏။

မြတ်စွာဘုရားသည် ဇီဝက, ဗောဓိမဏ္ဍိုင်၌ပင် ငါဘုရား၏ ပူလောင်မှုအားလုံးငြိမ်းခဲ့ပြီဟု အနုသန္ဓေစပ်၍ တရားဟောလိုရကား -

ဂတဒ္ဓိနော ဝိသောကဿ၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။
သဗ္ဗ ဂန္ထပ္ပ ဟီနဿ၊ ပရိဠာဟော န ဝိဇ္ဇတိ။
ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဂတဒ္ဓိနော - ဝဋ်ခရီးကိုသွားပြီးဖြစ်သော၊ ဝိသောကဿ - ဝဋ်လျှင် အကြောင်းရင်းရှိသော, သောက၏ ကင်းပြီးသော၊ သဗ္ဗဓိ - ခန္ဓာအစရှိသော တရားအားလုံးတို့၌၊ ဝိပ္ပမုတ္တဿ - ငြိတွယ်ခပင်းကင်းလွတ်ပြီးသော၊ သဗ္ဗဂန္ထပ္ပ ဟီနဿ - ထုံးဖွဲ့မှုအားလုံးကို ပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏၊ ပရိဠာဟော - စေတသိက ပရိဠာဟ သည်၊ နဝိဇ္ဇတိ - တစိုးတစိမရှိတော့ချေ။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့ကို ရောက်ကြကုန်၏။

သွားရမည့်လမ်းခရီးသည် ကန္တာရအဒ္ဓနှင့် ဝဋ္ဋအဒ္ဓဟုနှစ်မျိုးရှိ၏။

ထိုတွင် ပကတိလမ်းခရီးဖြစ်သော ကန္တာရအဒ္ဓကို သွားနေသူသည် ရောက်လိုရာဌာနကို မရောက်သေး သမျှ အဒ္ဓိက ခရီးသွားဆဲပုဂ္ဂိုလ်ဖြစ်၏။

ရောက်လိုရာဌာနကို ရောက်လျှင်၊ ဂတဒ္ဓိ - ခရီးသွားပြီး ပုဂ္ဂိုလ်ဖြစ်၏။

ဝဋ္ဋသန္ဓိသိတ - ဝဋ်ဆင်းရဲ၌ မှီတွယ်နေကြသော သတ္တဝါတို့သည်၊ ဝဋ်ဆင်းရဲ၌ ဖြစ်နေကြသမျှ ကာလပတ်လုံး၊ အဒ္ဓိက - ခရီးသွားပုဂ္ဂိုလ်ဖြစ်ကုန်၏။ အဘယ်ကြောင့်ဆိုသော် ဝဋ်မကုန်သေးသော ကြောင့်တည်း၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အရိယာတို့လည်း၊ အဒ္ဓိက - ခရီးသွားဆဲပုဂ္ဂိုလ်တို့သာဖြစ် ကုန်၏။

ဝဋ်ကိုကုန်စေပြီးသော ရဟန္တာပုဂ္ဂိုလ်သည်၊ ဂတဒ္ဓိ - ဝဋ်ခရီးသွားပြီး ပုဂ္ဂိုလ်ဖြစ်၏။

ဓိဝက အမေး ဝတ္ထု ပြီး၏။

## ၆၀။ မဟာကဿပထေရ် ဝတ္ထု

တစ်ခုသောအချိန်၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်၌ ဝါကျွတ်ပြီးသော် လခွဲလွန်ရာအချိန်၌ ဒေသစာရီကြွချီလိမ့်မည်ဟု ရဟန်းတော်များအား အသိပေးပြောကြားစေတော်မူ၏။

ဤသို့ပြောလျှင် ရဟန်းတို့သည် မိမိတို့၏ သပိတ်ဖုတ်ခြင်း၊ သင်္ကန်းဆိုးခြင်း စသည်တို့ကိုပြု၍ ချမ်းသာစွာသွားလာနိုင်ကြလိမ့်မည်ဟု ရည်ရွယ်ထားတော်မူ၍ ယခုလခွဲလွန်ချိန်၌ ဒေသစာရီကြွချီလိမ့်မည်ဟု ရဟန်းတော်တို့အား အသိပေးပြောကြားစေခြင်းသည် ရဟန်းတို့နှင့်အတူ ဒေသစာရီကြွချီလိုတော်မူကုန်သော ဘုရားရှင်တို့၏ ကျင့်ဝတ်ဖြစ်လေ၏။

ရဟန်းတို့သည် မိမိတို့၏ သပိတ်ဖုတ်ခြင်း စသည်တို့ကို ပြုကြလေကုန်သော် မဟာကဿပထေရ်သည်လည်း သင်္ကန်းတို့ကို ဖွပ်လျှော်တော်မူသည် -

ရဟန်းတို့သည် ကဲ့ရဲ့ပြစ်တင်ကြကုန်၏။ အဘယ်သို့ ကဲ့ရဲ့ပြစ်တင်ကြသနည်းဟူမူ -

မဟာကဿပထေရ်သည် အဘယ့်ကြောင့် သင်္ကန်းတို့ကို ဖွပ်လျှော်ရသနည်း၊ ဤရာဇဂြိုဟ်မြို့၊ မြို့တွင်း၊ မြို့ပြင်၌ လူတစ်ဆယ့်ရှစ်ကုဋေတို့ နေထိုင်ကြသည်။ ထိုသူတို့တွင် မထေရ်၏ ဆွေမျိုးမတော်သူတို့သည် ဥပဋ္ဌာကအလုပ်အကျွေးတို့ ဖြစ်ကုန်၏။

အလုပ်အကျွေးမဟုတ်သူတို့သည် ဉာတကဆွေမျိုးဖြစ်ကြကုန်၏။ ထို ဥပဋ္ဌာက၊ ဉာတကတို့သည် မဟာထေရ်အား ပစ္စည်းလေးပါးတို့ဖြင့်မြတ်နိုးမှု ပူဇော်မှုကို ပြုကြသည်။ ဤလောက်များပြား ကျေးဇူးရှိသူများကို စွန့်ပယ်၍ ဤမဟာကဿပထေရ်သည် ဘယ်အရပ်သို့သွားမည်နည်း၊ အကယ်၍ သွားခဲ့လျှင် မာပမာဒကန္ဒရထက်လွန်၍ သွားနိုင်မည်မဟုတ်ဟု ကဲ့ရဲ့ပြစ်တင်ကြကုန်၏။

ကြားရဘူးသည်ကား မြတ်စွာဘုရားသည် အကြင်တောင်ချောက်သို့ ရောက်သွားတော်မူလျှင် နောက်ပြန်ဆုတ်စေသင့်သော ရဟန်းတို့ကို သင်တို့သည် ဤနေရာမှ ပြန်ဆုတ်သွားကြ၊ မမေ့မလျော့ကြကုန်လင့်ဟု မိန့်တော်မူ၏။ ထိုတောင်ချောက်ကို မာပမာဒကန္ဒရဟု ခေါ်ဆိုအပ်၏။ ထိုအရပ်ကို ရည်ရွယ်၍ မာပမာဒကန္ဒရ ထက်လွန်၍ သွားနိုင်မည်မဟုတ်ဟူသော စကားကို ပြောဆိုအပ်၏။

မြတ်စွာဘုရားသည်လည်း ဒေသစာရီခရီးသို့ ထွက်ခွာတော်မူစဉ် -

ဤရာဇဂြိုဟ်မြို့၌ မြို့တွင်း၌လည်းကောင်း၊ မြို့ပြင်၌လည်းကောင်း၊ လူတစ်ဆယ့်ရှစ်ကုဋေတို့ နေကြသည်။ လူတို့၏ မင်္ဂလာပြုရာအရပ်၊ အမင်္ဂလာပြုရာအရပ်တို့၌ ရဟန်းတို့ပင့်ဆောင်အပ်သည်ဖြစ်၍ သွားထိုက်သည်၊ သီတင်းသုံးရာ ကျောင်းကို သံဃာမရှိအချည်းနှီးပြုရန် မကောင်း၊ အဘယ်ရဟန်းကို ပြန်ဆုတ်စေသင့်သနည်း(ဝါ)နေရစ်စေသင့်သနည်းဟု စဉ်းစားတော်မူသည်။

ထိုအခါ မြတ်စွာဘုရား၏ ဤရာဇဂြိုဟ်နေသူလူတို့သည် ကဿပ၏ ဆွေမျိုးနှင့် အလုပ်အကျွေး လူတို့ဖြစ်ကုန်၏။ ကဿပကို ပြန်စေသင့်သည်။ (ဝါ) နေရစ်စေသင့်သည်ဟူသော အကြံအစည်ဖြစ်တော်မူ၏။

မြတ်စွာဘုရားသည် ကဿပထေရ်ကို - ကဿပ, နေရာကျောင်းတိုက်ကို ရဟန်းမရှိအချည်းအနှီး ဖြစ်အောင်မပြုသင့်၊ လူတို့၏မင်္ဂလာပြုရာအရပ်၊ အမင်္ဂလာပြုရာအရပ်တို့၌ ရဟန်းတို့ဖြင့် အလိုရှိသည်။ သင်သည် မိမိပရိသတ်နှင့် အတူပြန်ပေတော့ဟု မိန့်တော်မူသည်။

ကဿပထေရ်သည်, မြတ်စွာဘုရား, ကောင်းပါပြီဟု လျှောက်ထား၍ မိမိပရိသတ်တို့ယူခဲ့ပြီး ပြန်လာတော်မူပြီ။ ရဟန်းတို့သည် ကဲ့ရဲ့ကြကုန်၏။

ငါရှင်တို့-သင်တို့မြင်အပ်လေပြီ၊ ယခုပင်မဟာကဿသည် အဘယ့်ကြောင့် သင်္ကန်းကို ဖွပ်လျှော်နေသနည်း၊ ဤကဿပသည် မြတ်စွာဘုရားနှင့်အတူ သွားမည် မဟုတ်ဟု ငါတို့ပြောခဲ့ပြီ။ ပြောသည့်အတိုင်း ဖြစ်ချေ၏ဟု ကဲ့ရဲ့ကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့၏ပြောစကားကို ကြားတော်မူ၍ နောက်သို့ လှည့်ရပ် တော်မူလျက် ရဟန်းတို့ အဘယ်စကားကို ပြောဆိုကြသနည်းဟု မိန့်တော်မူ၏။

မြတ်စွာဘုရား မဟာကဿပထေရ်ကို အကြောင်းပြု၍ ပြောဆိုကြပါသည် ဟု မိမိတို့ ပြောဆိုခဲ့သည့်စကား အစဉ်ဖြင့်သာ စကားအားလုံးကို လျှောက်ထားကြ လေကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့လျှောက်ထားအပ်သော စကားကို ကြား တော်မူ၍-

ရဟန်းတို့ သင်တို့သည် ကဿပကို ဒါယကာ၊ ဒါယိကာမတို့၌ လည်း ကောင်း၊ ပစ္စည်းလေးပါးတို့၌ လည်းကောင်း၊ ကပ်ညိတွယ်တာသူဟု မပြောကြလင့် ကဿပသည် ငါဘုရား၏ စကားကို လိုက်နာမည်ဟူသော စိတ်ဖြင့် ပြန်လှည့်သွား သည်။ မှန်ပေသည်။ ကဿပသည် ရှေးကဆုပန်စဉ် အချိန်၌ ပတ္ထနာကိုပြုစဉ်ကပင် ပစ္စည်းလေးပါးတို့၌ မကပ်ညိမတွယ်တာ၊ ထက်ကောင်းကင်သာ၊ လမင်းပမာဖြစ်၍၊ ဒါယကာ၊ ဒါယိကာမတို့ထံ ချဉ်းကပ်ခြင်းငှာ စွမ်းနိုင်သူ ဖြစ်ရပါလို၏ဟု ပတ္ထနာ ပြုခဲ့လေပြီ။ ထိုကဿပအား ဒါယကာ၊ ဒါယိကာမ တို့၌လည်းကောင်း၊ ပစ္စည်း၌ လည်းကောင်း၊ ကပ်ညိတွယ်တာခြင်းမရှိ၊ ငါဘုရားသည် "လ" ကို ဥပမာပြု၍ ပြဆိုအပ်သော အကျင့်ကိုလည်းကောင်း၊ အရိယာတို့ အနွယ်ကို ပြဆိုအပ်သော အကျင့်ကို လည်းကောင်း၊ ဟောပြလိုသော် ငါဘုရား၏ သားတော် ကဿပကို အဦးအစပြု၍ ဟောခဲ့ပြီဟု မိန့်တော်မူလေ၏။

ရဟန်းတို့သည် မြတ်စွာဘုရားကို၊ မြတ်စွာဘုရား အဘယ်သောအခါ၌ ကဿပထေရ်သည် ပတ္ထနာကို ထားအပ်ပါသနည်းဟု မေးလျှောက်ကြကုန်၏။

ရဟန်းတို့ သင်တို့ နားထောင်လိုကုန်သလောဟု၊ မေးတော်မူရာ ထိုရဟန်း တို့က အာမဘန္တေဟု လျှောက်ထားအပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် ထိုရဟန်း တို့အား ဤသို့ဟောပြတော်မူသည်။

ရဟန်းတို့ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား သည် လောက၌ ပွင့်တော်မူခဲ့ပြီဟု မိန့်တော်မူကာ မဟာကဿပထေရ်သည် ပဒုမုတ္တရ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ထားအပ်သော ဆုတောင်းပတ္ထနာကို အစပြု၍ - ကဿပထေရ်၏ ရှေးကပြုကျင့်ခဲ့သော အကျင့်အားလုံးကို မိန့်တော်မူ သည်။

ထိုအကျင့်အားလုံးကို ထေရပါဠိတော်၌ အကျယ်ချဲ့အပ်ပြီးသည်သာ ဖြစ်၏။

မြတ်စွာဘုရားသည် ကဿပထေရ်၏ ဤရှေး၌ ကျင့်အပ်သော အကျင့်ကို အကျယ်ချဲ့ဟောတော်မူပြီးသော်, ရဟန်းတို့ ဤသို့လျှင် ငါဘုရားသည် စန္ဒောပမ ပဋိပဒါနှင့် အရိယဝံသပဋိပဒါကို ငါဘုရား၏ သားတော် ကဿပကို အစအဦးပြု၍ ဟောခဲ့ပြီ၊ ငါဘုရား၏သားတော် ကဿပ၏ ပစ္စည်းတို့၌ လည်းကောင်း၊ ဒကာ၊ ဒကာမတို့၌ လည်းကောင်း၊ ကျောင်းတို့၌လည်းကောင်း၊ ပရိဝုဏ်တို့၌ လည်းကောင်း၊ ကပ်ညိတွယ်တာခြင်း မည်သည်မရှိ၊ ရွံ့ညွန်၌သက်ဆင်း၍ ရွံ့ညွန်၌ ကျက်စား ပျံသွားသော ဟင်္သာမင်းကဲ့သို့ ငါဘုရား၏ သားတော် ကဿပသည် တစ်စုံတစ်ခု ၌ မညိကပ်၊ မတွယ်တာသည်သာတည်းဟု အနုသန္ဓေစပ်၍ တရားဟောတော် မူလိုရကား -

ဥယျုဉ္ဇန္တိ သတိမန္တော၊ န နိကေတေ ရမန္တိတေ။
ဟံသာဝ ပလ္လလံ ဟိတွာ၊ ဩကမောကံ ဇဟန္တိတေ။

သတိမန္တော - ပြန့်ပြောသော သတိရှိသော ရဟန္တာတို့သည်၊ ဥယျျုဥ္ဇန္တိ - မိမိထိုးထွင်းသိအပ်သော ဂုဏ်ဟုဆိုအပ်သော ဈာန်ဝိပဿနာတို့၌ စဉ်းစားခြင်း၊ ဝင်စားခြင်း၊ ထမြောက်ခြင်း၊ အဓိဋ္ဌာန်ခြင်း၊ ပြန်လည်ဆင်ခြင်ခြင်းတို့ဖြင့် လုံ့လ မယုတ် အားထုတ်ကြကုန်၏။ တေ - ထိုရဟန္တာတို့သည်၊ နိကေတေ - တဏှာ၏ တည်ရာကျောင်းပရိဝုဏ်၊ ပစ္စည်းလေးပါးဒကာ၊ ဒကာမစသည်၌၊ နရမန္တိ - မမွေ့ လျော်ကြလေကုန်၊ ဟံသာ - ဟသ်ာတို့သည်၊ ပလ္လလံ - ရွံ့ညွန်ကို၊ ဟိတွာ - စွန့်ပြစ်၍၊ ပက္ခန္တိက္ကဝ - ပျံသွားကုန်သကဲ့သို့။

တစ်နည်း၊ ဟံသာ - ဟသ်ာအစရှိသော ငှက်တို့သည်၊ ပလ္လလံ - ရွံ့ညွန်နှင့် တကွ ရေပဒုမ္မာကြာစသည်ကို၊ ဟိတွာ -ငါ့ရေ၊ ငါ့ပဒုမ္မာကြာစသည့်ဖြင့် မတွယ် မတာ စွန့်ပစ်၍။ ဂစ္ဆန္တိက္ကဝ - ကောင်းကင်၌ ပျံသွားကုန်သကဲ့သို့၊ တေ - ထိုရဟန္တာ ပုဂ္ဂိုလ်တို့သည်၊ ဩကမောကံ - ကျောင်းကန်စချယ် အသွယ်အသွယ်ကပ်ညှိဖွယ် ကို၊ ဇဟန္တိ - တွယ်တာတရစ်, ပြန်မဖြစ်ဘဲ စွန့်ပစ်ကြလေကုန်သတည်း။

**မဟာကဿပထေရ် ဝတ္ထု ပြီး၏။**

## ၆၁။ ဗေလဋ္ဌသီသထေရ် ဝတ္ထု

မြတ်စွာဘုရား သာဝတ္ထိဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ အရှင်ဗေလဋ္ဌသီသသည်၊ မြို့ရွာအတွင်း၌ လမ်းတစ်လမ်းကို ဆွမ်းခံလှည့်၍ ဆွမ်းကိစ္စကိုပြုပြီး၊ နောက်ထပ်တဖန် အခြားလမ်းတစ်လမ်းကို ဆွမ်းခံလှည့်၍ ခြောက်သော ဆွမ်းထမင်းကိုယူကာ ကျောင်းသို့ဆောင်ယူသိုမှီးထားပြီး အမြဲ မပြတ် ဆွမ်းကို ရှာဖွေရခြင်းသည်၊ ဆင်းရဲသည်ဟု နှလုံးပိုက်၍ နှစ်ရက်သုံးရက် ဈာန်ချမ်းသာဖြင့် အချိန်ကိုလွန်စေ၍ အာဟာရဖြင့် အလိုရှိသော် ထိုဆွမ်းခြောက်ကို ဘုဉ်းပေးလေ၏။

ရဟန်းတို့သည်၊ ဗေလဋ္ဌသီသ၏ ထိုသို့ဘုဉ်းပေးကြောင်းကိုသိကြလျှင် ကဲ့ရဲ့ပြစ်တင်၍ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြလေကုန်၏။

မြတ်စွာဘုရားသည် ဖြစ်ပေါ်လာသော ဤအကြောင်း၌ နောင်အခါသိုမှီး မှုပြုခြင်းမှ ရှောင်ကြဉ်စေရန် အလို့ငှာ ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်သတ်မှတ်ထားသော်လည်း၊ ဗေလဋ္ဌသီသထေရ်သည် သိက္ခာပုဒ် မပညတ်မီအလိုနည်းမှုကို အမှီပြု၍ ပြုအပ်သောကြောင့် ဗေလဋ္ဌသီသထေရ်၏ အပြစ်မရှိကြောင်းကို ထင်ရှားဖော်ပြ၍ အနုသန္ဓေစပ်ပြီး တရားဟောဓာတ်မူလိုရကား -

ယေသံ သန္နိစယော နတ္ထိ၊ ယေ ပရိညာတ ဘောဇနာ။
သုညတော အနိမိတ္တော စ၊ ဝိမောက္ခော ယေသံ ဂေါစရော။
အာကာသေဝ သကုန္တာနံ၊ ဂတိ တေသံ ဒုရန္နယာ။
ဟူသော ဤဂါထာကို ဟောတော်မူသည်။

ယေသံ - အကြင်ရဟန္တာပုဂ္ဂိုလ်တို့အား၊ သန္နိစယော - ကံဟူသော သိုမှီးခြင်းနှင့် ပစ္စည်းသိုမှီးခြင်းသည်၊ နတ္ထိ- မရှိ ၊ယေ - အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည်၊ ပရိညာတဘောဇနာ - ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာတို့ဖြင့် ပိုင်းခြားသိအပ်သော ဘောဇဉ်ရှိကုန်၏၊ ယေသံ - အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့၏၊ ဂေါစရော ကျက်စားရာအာရုံသည်၊ သုညတောဝိမောက္ခော စ - သုညတဝိမောက္ခလည်းဖြစ်၏။ အနိမိတ္တောဝိမောက္ခော စ အနိမိတ္တဝိမောက္ခလည်းဖြစ်၏။ (အပ္ပဏိဟိတော - ဝိမောက္ခော စ၊ အပဏိတဝိ မောက္ခလည်းဖြစ်၏) အာကာသေ - ကောင်းကင်၌၊ သကုန္တာနံ - ငှက်တို့၏၊ ဂတိ - သွားရာသည်၊ ဒုရန္နယာဣဝ - ခြေရာကို မမြင်ရ သဖြင့် မသိနိုင်သကဲ့သို့၊ တေသံ - ထိုရဟန္တာ ပုဂ္ဂိုလ်တို့၏၊ ဂတိ - လားရာဂတိသည်၊ ဒုရန္နယာ - မသိနိုင်ကုန်။

ကုသိုလ်၊ အကုသိုလ်ကံသည် ကမ္မသန္နိစယမည်၏။ ပစ္စည်းလေးပါးတို့သည် ပစ္စယ သန္နိစယမည်၏။ ကျောင်း၌နေသော ရဟန်း၏ တင်းလဲ ခဲတစ်ခဲ၊ ထို၏လေးဖို့တဖို့ထောပတ်၊ ဆန်တစ်ကွမ်းစားသည် ပစ္စယသန္နိစယမဖြစ်၊ ထိုထက် အလွန်ဖြစ်သော တင်းလဲခဲ၊ ထောပတ်ဆွမ်းဆန်သည် ပစ္စယသန္နိစယဖြစ်၏။ ယာဂု အစရှိသော ပစ္စည်းတို့ကို ယာဂုဖြစ်သည် စသည်ကို သိခြင်းသည် ဉာတပရိညာမည်၏။

စားမျိုအပ်သော အာဟာရ၌ ရွံရှာဖွယ်ဟု မှတ်သားခြင်း ပဋိက္ကူလသညာ အစွမ်းအားဖြင့် ဘောဇဉ်ကို သိခြင်းသည် တီရဏ ပရိညာမည်၏။

အလုပ်အလွေးပြု၍ သုံးဆောင်အပ်သော အာဟာရ၌ တပ်မက်မှု ဆန္ဒ ရာဂကို ဆွဲခွာကြောင်းဖြစ်သော အသိဉာဏ်သည် ပဟာနပရိညာမည်၏။

သုညတဝိမောက္ခ အနိမိတ္တဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခတို့သည် နိဗ္ဗာန်၏ အမည်သာဖြစ်ကုန်၏။

နိဗ္ဗာန်သည် ရာဂ၊ ဒေါသ၊ မောဟမရှိသောကြောင့် သုညတမည်၏။ ရာဂ၊ ဒေါသ၊ မောဟတို့မှ ကင်းလွတ်သောကြောင့် ဝိမောက္ခမည်၏။ နှစ်မျိုးပေါင်းသော် သုညတဝိမောက္ခဖြစ်၏။

ရာဂ၊ ဒေါသ၊ မောဟဟူသော အကြောင်းနိမိတ်မရှိသောကြောင့် အနိမိတ္တမည်၏။

ရာဂ၊ ဒေါသ၊ မောဟတို့မှ ကင်းလွတ်သောကြောင့် ဝိမောက္ခမည်၏။ နှစ်မျိုးပေါင်းသော် အနိမိတ္တဝိမောက္ခဖြစ်၏။

ရာဂ၊ ဒေါသ၊ မောဟဟူသော တောင့်တမှု မရှိသောကြောင့် အပ္ပဏိ ဟိတမည်၏။ ရာဂ၊ ဒေါသ၊ မောဟတို့မှ ကင်းလွတ်သောကြောင့် ဝိမောက္ခမည်၏။

နှစ်မျိုးပေါင်းသော် အပ္ပဏိဟိတဝိမောက္ခဖြစ်၏။ ဖလသမာပတ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍နေသော ပုဂ္ဂိုလ်အား ဝိမောက္ခဟူသော ကျက်စားရာအာရုံရှိနေ၏။

ကောင်းကင်၌ ဖြတ်သွားကုန်သော ငှက်တို့၏ (ဂတိကို) ခြေရာကို မမြင်ရ သဖြင့် မသိနိုင်။

ရဟန္တာပုဂ္ဂိုလ်တို့၏ ဘဝသုံးပါး၊ ယောနိလေးပါး၊ ဂတိငါးပါး၊ ဝိညာဏဋ္ဌိတိ ခုနစ်ပါး၊ သတ္တာဝါသ ကိုးပါးဟူသော အစုငါးခုတို့တွင် ဤမည်သော အစုဖြင့်သွားသည်ဟု သွားခြင်းကို မသိမမြင်ရသောကြောင့် ရဟန္တာတို့၏ ဂတိကို မသိနိုင်။

**ဗေလဋ္ဌသီသထေရ် ဝတ္ထု ပြီး၏။**

## ၆၂။ အနုရုဒ္ဓထေရ် ဝတ္ထု

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နေ့တစ်နေ့တွင် အနုရုဒ္ဓထေရ်သည် သင်္ကန်းဟောင်းနွမ်းဆွေးမြေ့သည်ဖြစ်၍ အမှိုက်ပုံစသည်တို့၌ သင်္ကန်းလျာအဝတ်ကို ရှာနေတော်မူ၏။

အနုရုဒ္ဓထေရ်၏ ဤဘဝမှသုံးခုမြောက်ဘဝ၌ ဇနီးဟောင်းသည် တာဝတိံသာ နတ်ပြည်၌ဖြစ်၍ ဇာလိနီအမည်ရှိသော နတ်သမီးဖြစ်နေ၏။

ထိုနတ်သမီးသည် သင်္ကန်းလျာအဝတ်တို့ကို ရှာဖွေနေသော အနုရုဒ္ဓထေရ် ကိုမြင်လေသော် မထေရ်၏ သင်္ကန်းအလို့ငှာ အလျား တစ်ဆယ့်သုံးတောင်၊ အနံလေးတောင်စီရှိ နတ်အဝတ်အထည် သုံးခုတို့ကို ယူခဲ့ပြီး ငါသည် ဤအဝတ် ထည် တို့ကို ဤအတိုင်းပေးလှူခဲ့လျှင် မထေရ်သည် ခံယူမည်မဟုတ်ဟု ကြံစည်၍ သင်္ကန်းလျာအဝတ်တို့ကို ရှာဖွေနေသော အနုရုဒ္ဓထေရ်၏ ရှေ့အမှိုက်ပုံတစ်ခု၌ အဝတ်ထည်တို့၏ အမြိတ်စွန်းမျှကိုသာဖော်၍ ဖုံးထားလေ၏။

အနုရုဒ္ဓထေရ်သည် အမှိုက်ပုံရှိရာ လမ်းဖြင့်အဝတ်ရှာသွားနေစဉ် နတ်သမီး ဖုံးဝှက်ထားခဲ့သော နတ်အဝတ်အထည်တို့၏ အမြိတ်စွန်းကို မြင်၍ အမြိတ်စွန်း၌ပင် ကိုင်၍ဆွဲငင်လေသော် ဆိုအပ်ခဲ့သော ပမာဏရှိကုန်သော နတ်အဝတ်အထည်တို့ကိုမြင်၍ ဤသည်ကားစင်စစ်ကြီးမြတ်သော ပံသုကူ ဖြစ်တော့သည်ဟု အဝတ်အထည်တို့ကိုယူ၍ ထိုနေရာမှ ဖယ်ခွာကြွတော်မူ၏။ ထိုချိန်မှ နောက်၌ အနုရုဒ္ဓါထေရ်၏ သင်္ကန်းချုပ်ရာနေ့၌ မြတ်စွာဘုရားသည် ရဟန်းငါးရာအခြံအရံဖြင့် ကျောင်းသို့သွား၍ ထိုင်နေတော်မူသည်။ မဟာထေရ် ရှစ်ကျိပ်တို့လည်း ထိုကျောင်း၌ပင်ထိုင်နေတော်မူကြသည်။

သင်္ကန်းချုပ်ရန် မဟာကဿပထေရ်သည် အရင်း၌ထိုင်နေသည်။ သာရိပုတ္တထေရ်သည် အလယ်ထိုင်နေသည်၊ အာနန္ဒာထေရ်သည် အဖျား၌ထိုင်နေသည်။ ရဟန်းသံဃာသည် အပ်ချည်ကို ကျစ်ပေးသည်။ မြတ်စွာဘုရားသည် အပ်နဖါး၌ အပ်ချည်ကို ထိုးပေးသည်။ မဟာမောဂ္ဂလာန်ထေရ်သည် လိုရာကို ယူဆောင်ပေးတော်မူသည်။

နတ်သမီးသည်လည်း မြို့ရွာတွင်းသို့ဝင်၍ အို - လူအပေါင်းတို့ ငါတို့၏ အရှင် အနုရုဒ္ဓထေရ်၏ သင်္ကန်းကိုချုပ်တော်မူသော မြတ်စွာဘုရားသည် မဟာသာဝကရှစ်ကျိပ်ခြံရံကာ ရဟန်းငါးရာတို့နှင့် အတူ ကျောင်း၌နေတော်မူသည် ယာဂုအစရှိသည်တို့ကိုယူ၍ ကျောင်းသို့သွားကြကုန်လော့ဟု ဆွမ်းကို ဆောက်တည်စေ၏။ နှိုးဆော်လေ၏။ မဟာမောဂ္ဂလာန်ထေရ်သည်လည်း ဆွမ်းမစားမီ ကြားအချိန်၌ သပြေသီးအခိုင်များစွာကို ဆောင်ယူခဲ့တော်မူသည်။ ရဟန်းငါးရာတို့သည် ကုန်အောင်သုံးဆောင်ရန် မတတ်နိုင်ကြလေကုန်။

သိကြားမင်းသည် သင်္ကန်းချုပ်ရာဌာန၌ မြေကို ပြေပြစ်အောင် ပြုပေးသည် မြေပြင်သည် ချိပ်ရည်ဖြင့် ဆိုးထားသကဲ့သို့ ဖြစ်လေ၏။

ရဟန်းတော်တို့ ဘုဉ်းပေးအပ်သည်မှ ကြွင်းကျန်ကုန်သော ယာဂုခဲဖွယ် ဆွမ်းတို့၏ ကြီးစွာသော အပုံဖြစ်လေ၏။ ရဟန်းတို့သည် ကဲ့ရဲ့ကြကုန်၏။

ဤမျှလောက်သော ရဟန်းတို့အား ဤမျှများလှုကုန်သော ယာဂုစသည်တို့ဖြင့် အဘယ်ကိုပြုမည်နည်း။ အတိုင်းအတာပမာဏကို သတ်မှတ်၍ ဤမျှလောက်သော ယာဂုခဲဘွယ်ဆွမ်းကို ယူခဲ့ကြဟု ဆွေမျိုးနှင့် အလုပ်အကျွေးတို့ကို ပြောသင့်သည် မဟုတ်ကုန်လော၊ အနုရုဒ္ဓထေရ်သည် သူ၏ ဆွေမျိုးနှင့် အလုပ်

အကျွေးတို့များကြောင်းကို သိစေလိုသည်ထင်၏ဟု ကဲ့ရဲ့ကြကုန်၏။

ထိုအခါ ထိုရဟန်းတို့ကို မြတ်စွာဘုရားသည် ရဟန်းတို့ အဘယ်စကားကို ပြောကြသနည်းဟု မေးတော်မူသဖြင့် မြတ်စွာဘုရား၊ ဤမည်သော စကားကို ပြောကြပါသည်ဟု ရဟန်းတော်တို့က လျှောက်ထားအပ်လေသော် -

ရဟန်းတို့ အသို့နည်း၊ သင်တို့သည် ဤယာဂုခဲဖွယ်ဆွမ်းကို အနုရုဒ္ဓါသည် ဆောင်ယူစေအပ်သည် ပို့စေအပ်သည်ဟု ထင်နေကြသလောဟု မေးတော်သည်။

မြတ်စွာဘုရား, ဟုတ်မှန်ပါသည် ထင်နေကြပါသည်ဟု လျှောက်ထားကြကုန်၏။

ရဟန်းတို့ ငါ၏ သားတော် အနုရုဒ္ဓါသည် ဤသို့သဘောရှိသော စကားကိုပြောဆိုသူမဟုတ်၊ မှန်ပေသည်၊ ရဟန္တာတို့သည် ပစ္စည်းနှင့် စပ်သော စကားကို မပြောဆိုကြကုန်၊ ဤဆွမ်းသည်ကား နတ်၏ တန်ခိုးအာနုဘော်ကြောင့် ဖြစ်သည်ဟု အနုသန္ဓေစပ်၍ တရားဟောတော်မူလိုရကား -

ယဿာသဝါ ပရိက္ခီဏာ၊ အာဟာရေစ အနိဿိတော။

သုညတော အနိမိတ္တောစ၊ ဝိမောက္ခော ယဿ ဂေါစရော။

အာကာသေဝ သကုန္တာနံ၊ ပဒံ တဿ ဒုရန္နယံ။

ဟူသော ဤဂါထာကို ဟောတော်မူသည်။

ယဿ - အကြင်ရဟန္တာ ပုဂ္ဂိုလ်၏၊ အာသဝါ - အာသဝေါ တရားလေးပါး တို့သည်၊ ပရိက္ခီဏာ - ကုန်လေကုန်ပြီ၊ အာဟာရေစ - အာဟာရ၌လည်း၊ အနိဿိ တော - တဏှာဒိဋ္ဌိစွဲမှီခြင်းတို့ဖြင့် စွဲမှီခြင်းမရှိ။ ယဿ - အကြင်ရဟန္တာပုဂ္ဂိုလ်၏၊ ဂေါစရော - ကျက်စားရာအာရုံသည်၊ သုညတောဝိမောက္ခောစ - သုညတဝိမောက္ခလည်းဖြစ်၏။ အနိမိတ္တောဝိမောက္ခောစ - အနိမိတ္တဝိမောက္ခလည်းဖြစ်၏။ အပ္ပဏိဟိတော - ဝိမောက္ခောစ အပ္ပဏိဟိတဝိမောက္ခလည်းဖြစ်၏။

အာကာသေ - ကောင်းကင်၌၊ သကုန္တာနံ - သွားကုန်သော ငှက်တို့၏။ ပဒံ - ဤအရပ်၌ ခြေတို့ဖြင့် နင်း၍သွားသည်။ ဤအရပ်ကိုရင်ဖြင့် ရိုက်ခတ်၍သွားသည်။ ဤအရပ်ကို ဦးခေါင်းဖြင့်ထိခိုက်၍ သွားသည်။ ဤအရပ်ကို အတောင်တို့ဖြင့် ရိုက်ခတ်၍ သွားသည်ဟုသွားရာသည်၊ ဒုရန္နယံဣဝ -မသိမမြင်နိုင်သကဲ့သို့၊ တဿ - ထိုရဟန္တာပုဂ္ဂိုလ်၏၊ ပဒံ - လူပြည်၊ နတ်ပြည်စသည်သွားရာသည်၊ ဒုရန္နယံ - မသိမမြင်နိုင်။

ဒေသနာတော်အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

**အနုရုဒ္ဓထေရ် ဝတ္ထု ပြီး၏။**

# ၆၃။ မဟာကစ္စာယနထေရ် ဝတ္ထု

တစ်ခုသောအချိန်၌ မြတ်စွာဘုရားသည် မဟာပဝါရဏာနေ့၌ မိဂါရ သူဌေး၏အမိအရာ ဝိသာခါ၏ ပြဿဒ်ကျောင်းအောက်၌ မဟာသာဝကများ ခြံရံလျက် ထိုင်နေတော်မူသည်။

ထိုအချိန် မဟာကစ္စာယနထေရ်သည် အဝန္တိတိုင်းတို့၌ နေတော်မူသည်။

အထူးအားဖြင့် မဟာကစ္စာယနထေရ်သည် အဝေးမှသော်လည်းကြွလာ၍ တရားနာယူခြင်းကို ချီးမြှောက်သည်သာဖြစ်၏။ ထို့ကြောင့် မဟာထေရ်တို့သည် ထိုင်နေတော်မူကြစဉ် မဟာကစ္စာယနထေရ်၏ နေရာကိုထား၍ ထိုင်နေတော်မူကြသည်။

သိကြားမင်းသည် စတုမဟာရာဇ် တာဝတိံသာနတ်ပြည်နှစ်ထပ်မှ နတ်ပရိသတ်တို့နှင့်အတူလာ၍ နတ်ပြည်၌ဖြစ်သောနံ့သာပန်း စသည်တို့ဖြင့် မြတ်စွာဘုရားကို ပူဇော်၍တည်နေလတ်သော် မဟာကစ္စာယန ထေရ်ကို မမြင်ရ၍ ငါ၏အရှင်သည် အဘယ့်ကြောင့်မထင်လေသနည်း။ မဟာကစ္စာယနထေရ် ကြွလာလျှင် ကောင်းလေစွဟု အကြံဖြစ်လေ၏။

မဟာကစ္စာယနထေရ်သည်လည်း ထိုခဏ၌ပင် မိမိ၏နေရာ၌ထိုင်နေသည်သာဖြစ်သော မိမိကိုယ်ကို ပြတော်မူသည်။

သိကြားမင်းသည် မဟာကစ္စာယနထေရ်ကိုမြင်လျှင် လျင်မြန်စွာခြေဖမျက်တို့၌ မြဲမြံစွာကိုင်၍၊ ကောင်းပါလေစွ၊ တပည့်တော်၏ အရှင်ကြွလာတော်မူသည်။ တပည့်တော်သည် ၊အရှင်၏ ကြွလာခြင်းကိုသာ မျှော်လင့်တောင့်တပါသည်ဟု ပြောဆို၍ လက်နှစ်ဖက်တို့ဖြင့် ခြေတို့ကိုဆုပ်၍ နံ့သာပန်းစသည်တို့ဖြင့် ပူဇော်ရှိခိုးပြီး တစ်နေရာ၌တည်နေတော်မူ၏။

ရဟန်းတို့သည် ကဲ့ရဲ့ကြကုန်၏။

သိကြားမင်းသည် မျက်နှာကိုကြည့်၍(မျက်နှာလိုက်ပြီး)ပူဇော်မှုကိုပြုသည်။ ကြွင်းသောမဟာသာဝက တို့အား ဤသို့ပူဇော်မှုကိုမပြုမူ၍၊ မဟာကစ္စာယနကိုမြင်လျှင် ၊ လျင်မြန်စွာခြေဖမျက်တို့ကိုကိုင်၍ ၊ကောင်းပါ လေစွ၊တပည့်တော်၏ အရှင်သည်ကြွလာတော်မူသည်။တပည့်တော်သည် အရှင်၏ကြွလာခြင်းကိုသာ မျှော်လင့်တောင့်တပါ၏ဟု ပြောဆို၍ လက်နှစ်ဖက်တို့ဖြင့်ခြေထောက်ကို ဆုပ်ကိုင်ပူ ဇော်ရှိခိုးပြီး တစ်နေရာ၌ တည်နေသည်ဟု ကဲ့ရဲ့ကြကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ ထိုကဲ့ရဲ့စကားကို ကြားတော်မူ၍၊ ရဟန်းတို့ငါဘုရား၏သားတော် မဟာကစ္စာယနနှင့်တူကုန်သော ဣန္ဒြေတို့၌လုံခြုံသော တံခါးရှိကုန်သော ရဟန်းတို့ကို နတ်တို့သည် လည်းကောင်း၊ လူတို့သည်လည်းကောင်း၊ ချစ်မြတ်နိုးအပ်ကုန်သည်သာဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုရကား -

ယဿိန္ဒြိယာနိ သမထင်္ဂတာနိ၊

အဿာ ယထာ သာရထိနာ သုဒန္တာ။

ပဟီနမာနဿ အနာသဝဿ၊

ဒေဝါပိ တဿပိဟယန္တိ တာဒိနော

ဟူသော ဤဂါထာကို ဟောတော်မူသည်။

သာရထိနာ - ရထားထိန်းသည်(ဒမနေန - ဆုံးမခြင်းကြောင့်)၊ သုဒန္တာ - လိမ္မာယဉ်ကျေးကုန်သော၊ အဿာဟယထာ - မြင်းတို့ကဲ့သို့ ယဿ - အကြင် ရဟန္တာပုဂ္ဂိုလ်၏၊ ဣန္ဒြိယာနိ - စက္ခုအစရှိသော ဣန္ဒြေတို့သည်၊ သမထင်္ဂတာနိ - တည်ကြည်ငြိမ်သက်ယဉ်ကျေးခြင်းသို့ ရောက်ကုန်၏။ ပဟီနမာနဿ - မာန်ကိုးပါးကို ဖယ်ရှားပြီးသော၊ အနာသဝဿ - အာသဝေါတရားလေးပါးကင်းပြီးသော၊ တာဒိနော - လာဘအလာဘ စသည်ရှစ်တန်လောကဓံကြောင့်၊ ဖေါက်ပြန် မတုံတာဒိဂုဏ်နှင့် ပြည့်စုံသော၊ တဿ - တာဒိတဿ - ထိုသို့သဘောရှိသော ရဟန္တာပုဂ္ဂိုလ်အား၊ ဒေဝါပိ - နတ်တို့သည်လည်း၊ ပိဟယန္တိ - ဖူးမြင်ရလို ကြွလာစေလို အလိုလိုဖြင့် ကြည်ညိုမြတ်နိုးကြလေကုန်သတည်း။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

**မဟာကစ္စာယနထေရ် ဝတ္ထု ပြီး၏။**

## ၆၄။ သာရိပုတ္တာထေရ် ဝတ္ထု

တစ်ခုသောအချိန်၌ အရှင်သာရိပုတ္တာသည် ဝါမှထပြီးသော် ဒေသစာရီ လှည့်လည်ကြွသွားလိုသည်ဖြစ်၍၊ မြတ်စွာဘုရားကို ပန်ကြားရှိခိုးပြီး မိမိ၏အခြံအရံနှင့်အတူ ဇေတဝန်ကျောင်းတော်မှ ထွက်ခွာတော်မူသည်။

အခြံအရံရဟန်းမှ တစ်ပါးလည်းဖြစ်ကုန်သော များစွာသော ရဟန်းတို့သည် ရှင်သာရိပုတ္တာထေရ် နောက်သို့လိုက်ကြလေကုန်၏။

ရှင်သာရိပုတ္တာထေရ်သည် အမည်အနွယ်အားဖြင့် ထင်ရှားကုန်သော ရဟန်းတို့ကို အမည်အနွယ်အားဖြင့် သုံးနှုန်းခေါ်ဆို၍ ကျောင်းသို့ပြန်စေသည်။

အမည်အနွယ်အားဖြင့် မထင်ရှားသော ရဟန်းတစ်ပါးသည် -

ငါ့ကိုလည်း အမည်အနွယ်အားဖြင့် ချီးမြှောက်လျက် သုံးနှုန်းခေါ်ဆို၍ ကျောင်းသို့ပြန်စေပါမူ ကောင်းလေစွဟု အကြံဖြစ်နေ၏။ ရှင်သာရိပုတ္တာထေရ်သည် ရဟန်းသံဃာများစွာ၏ အတွင်း၌ ထိုရဟန်းကို မမှတ်မိလေ၊ ထိုရဟန်းသည် အခြားရဟန်းတို့ကဲ့သို့ ငါ့ကို မချီးမြှောက်ဟု အရှင်သာရိပုတ္တာထေရ်၌ ရန်ငြိုးဖွဲ့ထားလေ၏။

အရှင်သာရိပုတ္တာထေရ်၏ သင်္ကန်းအနားစွန်းသည်လည်း၊ ထိုရဟန်း၏ ကိုယ်ကိုထိမိလေ၏။ ထို့ကြောင့်လည်း ရန်ငြိုးဖွဲ့သည်သာဖြစ်၏။ ထိုရဟန်းသည် ယခုအချိန် သာရိပုတ္တာထေရ်သည် ကျောင်းဥပစာကို ကျော်လွန်သည်ဖြစ်လိမ့်မည်ဟုသိ၍၊ မြတ်စွာဘုရားထံချဉ်းကပ်ပြီး မြတ်စွာဘုရား, ရှင်သာရိပုတ္တာသည် တပည့်တော်ကို(ငါသည် အရှင်ဘုရားတို့၏ အဂ္ဂသာဝကတစ်ပါးဖြစ်သည်ဟု) နားရွက်ကို ရိုက်ခွဲသကဲ့သို့ ပုတ်ခတ်ပြီး၊ သည်းမခံစေပဲသာ(မတောင်းပန်ပဲသာ) ဒေသစာရီကြွသွားတော်သည်ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် သာရိပုတ္တာထေရ်ကို ခေါ်စေတော်မူသည်။

ထိုခဏ၌ မဟာမောဂ္ဂလာန်ထေရ်နှင့် အာနန္ဒာထေရ်တို့သည် ငါတို့၏ နောင်တော်မြတ်ကြီးသည် ဤရဟန်းကို မပုတ်ခတ်သည်ကို မြတ်စွာဘုရားသည် မသိသည်မဟုတ်၊ သိသော်လည်း ခြင်္သေ့မင်း၏ အသံနှင့်တူသော အသံကို မြွက်ဆိုစေ လိုသည်ဖြစ်လိမ့်မည် ပရိသတ်ကိုစုဝေးစေကြမည်ဟု ကြံစည်ကြကုန်၏။

ထိုအရှင်တို့သည် သံကောက်(သော့)လက်စွဲကြကုန်၍ ပရိဝုဏ်တံခါးတို့ ကိုဖွင့်ကြပြီး ငါ့ရှင်တို့ အမြန်လာကြကုန်လော့၊ ငါ့ရှင်တို့ အမြန်လာကြကုန်လော့၊ ယခု ရှင်သာရိပုတ္တာသည် မြတ်စွာဘုရား၏ ရှေ့တော်၌ ခြင်္သေ့မင်း၏ အသံနှင့်တူသော ရဲတင်းသံကို မြွက်ဆိုလိမ့်မည်ဟု မိန့်ကြလျက်ရဟန်းသံဃာတော်များစွာကို စုဝေးစေကုန်၏။ သာရိပုတ္တာထေရ်သည်လည်း ကြွလာတော်မူ၍ မြတ်စွာဘုရားကို ရှိခိုးပြီးထိုင်နေတော်မူသည်။ ထိုအခါ ရှင်သာရိပုတ္တာထေရ်ကို ယခင်ရဟန်းတိုင်တန်းအပ်သော အကြောင်းကို မေးတော်မူ၏။

အရှင်သာရိပုတ္တာထေရ်သည် တပည့်တော်သည် ဤရဟန်းကို မပုတ်ခတ်ပါဟု မလျှောက်ထားမူ၍ မိမိ၏ ဂုဏ်နှင့် စပ်သော စကားကို လျှောက်ထားလိုသည်ဖြစ်၍ -

မြတ်စွာဘုရား အကြင်ရဟန်း၏ ကိုယ်ကာယ၌ ကာယဂတာသတိသည် စင်စစ်မတည်သည်ဖြစ်အံ့၊ ထိုရဟန်းသည် ဤသာသနာတော်၌ မိမိမှတပါးသော သီတင်းသုံးဖော်ရဟန်းကို ထိခိုက်ထိုးဝှေ့၍ ဒေသစာရီလှည့်လည်ကြွသွားလေရာ၏ဟု အစပြုလျှောက်ထား၍ -

မြတ်စွာဘုရား - ဥပမာအားဖြင့် မြေကြီး၌ စင်ကြယ်သော အရာကိုလည်း ပစ်ချကြပါသည်။

မစင်ကြယ်သော အရာကိုလည်း ပစ်ချကြပါသည်။ ဤသို့ အစရှိသောနည်းဖြင့် မိမိ၏ မြေကြီးနှင့်တူသော စိတ်ထားရှိသူ၏အဖြစ်ကို လည်းကောင်း၊ ရေ မီး၊ လေ၊ ခြေသုတ်ပုဆိုး(ခြေသုတ်ခုံ) ဒွန်းစဏ္ဍားငယ်၊ ချိုနှစ်ဖက်ကျိုးနွားလားနှင့်တူသော စိတ်ထားရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ အပုတ် စသည်တို့ဖြင့် စက်ဆုပ်သကဲ့သို့ မိမိ၏ ကိုယ်ကာယဖြင့် စက်ဆုပ် ငြီးငွေ့ခြင်းကိုလည်းကောင်း၊ အတွင်းပုပ်သိုး အဆီအိုးကဲ့သို့ မိမိ၏ ကိုယ်ကို ဆောင်နေခြင်းကို လည်းကောင်း၊ ထင်ရှားပြတော်မူသည်။

ဤဥပမာ - ၉ -မျိုးတို့ဖြင့် အရှင်သာရိပုတ္တထေရ်သည် မိမိ၏ ဂုဏ်ကိုပြောဆိုလျှောက်ထားလေသော် ဥပမာကိုးဌာနတို့၌လည်း ရေအဆုံးရှိသည်ကိုပြု၍ မဟာပထဝီမြေကြီးတုန်လှုပ်လေ၏။ ခြေသုတ်ခုံ ဥပမာ၊ ဒွန်းစဏ္ဍားငယ် ဥပမာ၊ အတွင်းပုပ်သိုး အဆီအိုး ဥပမာတို့ကိုဆောင်၍ ပြောဆိုချိန်၌ ပုထုဇဉ်ရဟန်းတို့သည် မျက်ရည်မဆည်နိုင်ဖြစ်ကြကုန်၏။ ရဟန္တာရဟန်းတို့အား ဓမ္မသံဝေဂ ဖြစ်လေ၏။ သာရိပုတ္တထေရ်သည် မိမိဂုဏ်ကို လျှောက်ထားပြောဆိုနေစဉ်မှာပင် မဟုတ်မမှန် ကြံဖန်စွပ်စွဲပြောဆိုသော ရဟန်း၏ ကိုယ်တစ်ခုလုံး၌ ပူလောင်ခြင်းဖြစ်လေ၏။ ထိုရဟန်းသည် ထိုခဏ၌ပင် မြတ်စွာဘုရား၏ ခြေတော်တို့၌ ဝပ်စင်း၍ မိမိ၏ စွပ်စွဲခြင်းအပြစ်ကို ထင်ရှားပြု၍ အပြစ်ကိုသည်းခံခွင့်လွှတ်ရန် တောင်းပန်လေ၏။

မြတ်စွာဘုရားသည် သာရိပုတ္တထေရ်ကို မိန့်ခေါ်၍ သာရိပုတ္တ, ဤမောဃ ပုရိသယောကျ်ား၏ ဦးခေါင်း ခုနစ်စိပ်မကွဲမီသည်းခံ လိုက်ပါဟု မိန့်တော်မူ၏။

သာရိပုတ္တထေရ်သည် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီပြီး မြတ်စွာဘုရား တပည့်တော်ကို မတရားစွဲဆိုသော ထိုရဟန်းအားတပည့်တော်သည်လည်း သည်းခံခွင့်လွှတ်ပါ၏။ တပည့်တော်၏ အပြစ်ရှိခဲ့လျှင် တပည့်တော်၏ အပြစ်ကို စွပ်စွဲသော ထိုရဟန်းသည် သည်းခံခွင့်လွှတ်ပါစေဘုရားဟု လျှောက်ထားလေ၏။

ရဟန်းတို့သည် ငါ့ရှင်တို့ယခုသာရိပုတ္တထေရ်၏ နှိုင်းယှဉ်ပြောစရာ ဥပမာမရှိသော ဂုဏ်ကိုရှုမြင်တော်မူကြပါ။ မုသာဝါဒဖြင့် မဟုတ်မမှန်စွပ်စွဲသော ရဟန်း၏အပေါ်၌ အနည်းငယ်မျှသော်လည်းဖြစ်သော အမျက်ဒေါသကို မပြုမထားတော်မူ၍ ကိုယ်တိုင်ကပင် ဆောင့်ကြောင့်ထိုင်လက်အုပ်ချီပြီး သည်းခံစေသည်၊ တောင်းပန်နေ၏ဟု ပြောဆိုကြကုန်၏။

မြတ်စွာဘုရားသည် ထိုစကားကို ကြားတော်မူ၍ ရဟန်းတို့သင်တို့သည် ဘယ်စကားကို ပြောဆိုကြသနည်းဟု မေးတော်မူ၍ မြတ်စွာဘုရား ဤအမည်ရှိသော စကားကို ပြောဆိုကြပါသည်ဟု လျှောက်ထားအပ်လေသော် ရဟန်းတို့ သာရိပုတ္တနှင့်တူသူတို့အား(တူသူတို့၏) အမျက်ဒေါသကို ဖြစ်စေခြင်းငှါ မတတ်ကောင်း၊ ရဟန်းတို့ သာရိပုတ္တ၏စိတ်သည် မဟာပထဝီမြေကြီးနှင့်လည်းတူ၏၊ တံခါးတိုင်နှင့်လည်းတူ၏၊ ကြည်လင်သော ရေရှိသော ရေအိုင်နှင့်လည်းတူ၏ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုရကား -

ပထဝီသမော နော ဝိရုဇ္ဈတိ၊
ဣန္ဒခိလုပ မော တာဒိ သုဗ္ဗတော။
ရဟဒေါဝ အပေတကဒ္ဒ မော၊
သံသာရာန ဘဝန္တိ တာဒိနော

ဟူသော ဂါထာကို ဟောတော်မူသည်။

ယော ပုဂ္ဂလော - အကြင်ပုဂ္ဂိုလ်သည်၊ ပထဝီသမော - ကောင်းမကောင်း စုံထိုအာရုံကြောင့် တုန်လှုပ်မရှိ ပကတိသဘောသာ ရှိသောကြောင့်မဟာ ပထဝီမြေကြီးနှင့်တူ၏၊ နော ဝိရုဇ္ဈတိ - ဆန့်တျင်ခြင်းမရှိ ဣန္ဒခိလုပ မော - မြို့တံခါးအနီး၌ စိုက်ထားအပ်သော တံခါးတိုင်နှင့် တူ၏၊ တာဒိ - အကောင်းအဆိုး

ထိုနှစ်မျိုးကြောင့် ကိုယ်ညှိုးစိတ်ရှင်မထင် မတုံတာဒိဂုဏ်နှင့် ပြည့်စုံ၏၊ သုဗ္ဗတော - ကောင်းသောအကျင့်ရှိ၏၊ အပေတကဒ္ဒမော - နွံ့ညွန်ကင်းသဖြင့် ကြည်လင်သော ရဟာဒေါက္ကဝ - ရေအိုင်ကဲ့သို့( ဝိပ္ပသန္နောဝ ဟောတိ ကိလေသာ ကင်းသဖြင့် ရာဂနွံ့ညွန် အစရှိသော နွံ့ညွန်မရှိ ပကတိကြည်လင်သည်သာဖြစ်၏)။

တာဒိနော - ထိုသို့သဘောရှိသော ပုဂ္ဂိုလ်၏၊ သံသာရာ - သုဂတိ ဒုဂ္ဂတိ တို့၌ ဖြစ်ခြင်းဟူသော သံသရာတို့သည်၊ နဘဝန္တိ - မဖြစ်ကုန်သတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းကိုးသောင်းတို့သည် ပဋိသမ္ဘိဒါတို့နှင့် အတူဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

သာရိပုတ္တာထေရ် ဝတ္ထု ပြီး၏။

## ၆၅။ ကောသမ္ဗိနေတိဿ ထေရ်ဝတ္ထု

ကောသမ္ဗီမြို့သား အမျိုးသားတစ်ယောက်သည်။ မြတ်စွာဘုရား သာသနာတော်၌သာမဏေပြု၍ ရဟန်းအဖြစ်ရပြီးသော် ကောသမ္ဗိဝါသီတိဿထေရ်ဟု ထင်ရှားလေ၏။ ကောသမ္ဗီမြို့၌ဝါကျွတ်ပြီးသော် ထိုတိဿထေရ်၏ အလုပ်အကျွေးဒါယကာသည် သင်္ကန်းသုံးထည်နှင့် ထောပတ်တင်းလဲတို့ကို ယူခဲ့ပြီး မထေရ်၏ ခြေရင်း၌ချထားလေ၏။

ထိုအခါတိဿထေရ်သည် ဒါယကာကို ဥပါသကာ ဤသည်ကား အဘယ်နည်းဟုမိန့်၏။

အရှင်ဘုရား-အရှင်ဘုရားတို့သည် ဝါကျွတ်ကုန်ပြီမဟုတ်ပါလော၊ တပည့်တော်တို့၏ကျောင်း၌ ဝါကျွတ်သောရဟန်းတို့သည်၊ သင်္ကန်းအစရှိသော ဤလာဘ်ကို ရတော်မူကြပါသည်၊ အရှင်ဘုရားတို့ အလှူခံတော်မူကြပါဟု လျှောက်ထားလေ၏။

ဥပါသကာ သင်လှူဒါန်းမှုသည်ဖြစ်ပါစေတော့၊ ဤပစ္စည်းဖြင့် ငါအား အလိုမရှိ။

အရှင်ဘုရားအဘယ်အကြောင်း ကြောင့်အလိုမရှိပါသနည်း။

ငါ့အနီး၌ ကပ္ပိယကာရကဖြစ်သော သာမဏေလည်းမရှိဘူးဥပါသကာ။

အရှင်ဘုရား- ကပ္ပိယကာရကမရှိလျှင် တပည့်တော်၏သားသည် အရှင်ဘုရား၏ထံတော်၌ သာမဏေဖြစ်ပါလိမ့်မည်ဟုလျှောက်ထား၏။

တိဿထေရ်သည် လျှောက်ထားအပ်သည်ကို လက်ခံခွင့်ပြုလေ၏။

ဥပါသကာသည် မိမိ၏ အသက်ခုနစ်နှစ်ရှိသော သားကိုတိဿထေရ် ထံခေါ်ခဲ့ပြီး ဤသူငယ်ကို ရှင်ပြုပေးတော်မူကြပါဟု အပ်နှင်းလေ၏။

ထိုအခါတိဿထေရ်သည် ထိုသူငယ်အားဆံပင်တို့ကို ရေဆွတ်၍ တစပဉ္စက-ကမ္မဋ္ဌာန်းကို ပေး၍သာမဏေပြုစေ၏၊ ထိုသာမဏေသည် ဆံရိတ်ခြင်း၏ အဆုံး၌ပင်(ဆံချပြီးချိန်၌ပင်) ပဋိသမ္ဘိဒါတို့နှင့် အတူဖြစ်သောအရဟတ္တဖိုလ်သို့ရောက်လေ၏။

တိဿထေရ်သည်သူငယ်ကို သာမဏေပြုစေပြီးလခွဲပတ်လုံး ကောသမ္ဗီ မြို့၌နေ၍ မြတ်စွာဘုရားကို ဖူးမြင်မည်အကြံဖြင့်သာမဏေကို သင်္ကန်းပစ္စည်းကို ယူစေ၍သာဝတ္ထိသို့သွားစဉ် ခရီးအကြား၌ ကျောင်းတစ်ကျောင်းသို့ဝင်လေ၏၊ သာမဏေသည် ဥပဇ္ဈာယ်အဖို့ကျောင်းအိပ်ရာ နေရာကိုယူ၍သုတ်သင် ရှင်းလင်းလေ၏။

သာမဏေကျောင်းအိပ်ရာနေရာကို သုတ်သင်ရှင်းလင်းနေစဉ်ပင်ညဉ့် နက်လာလေ၏။ ထို့ကြောင့် သာမဏေသည် မိမိ၏ကျောင်းအိပ်ရာနေရာကို သုတ်သင်ရှင်းလင်းရန်မတတ်နိုင်ဖြစ်လေ၏။

ထိုအခါဥပဇ္ဈာယ်ထံဆည်းကပ်ရာအချိန်၌ ဥပဇ္ဈာယ်ထံလာ၍ ထိုင်နေ သောသာမဏေကို ဥပဇ္ဈာယ် တိဿထေရ်သည် -

သာမဏေသင်နေဖို့နေရာကို သုတ်သင် ရှင်းလင်းပြီးပြီလောဟု မေး၏။

အရှင်ဘုရားသုတ်သင် ရှင်းလင်းရန် အခွင့်မရဖြစ်ပါသည် ဘုရားဟု လျှောက်ထား၏။

တိဿထေရ်သည် ထိုသို့ဖြစ်လျှင် ငါနေဖို့နေရာ၌သာနေပါ သင်၏ အာဂန္တုနေရာ၌ဖြစ်သော ပြင်ပ၌နေလျှင် ဆင်းရဲလိမ့်မည်ဟုဆိုကာသာမဏေကို ခေါ်ယူ၍သာ ကျောင်းအိပ်ရာနေရာသို့ ဝင်လေ၏။

တိဿထေရ်သည် ပုထုဇဉ်ရဟန်းဖြစ်၍ အိပ်ခါမျှဖြစ်သော်သာ အိပ်ပျော်လေ၏၊ သာမဏေသည်

ဥပဇ္ဈာယ်ဆရာနှင့်အတူ တစ်ကျောင်းတည်း၌ အိပ်နေသော ငါ့အားသုံးရက်မြောက်နေ့ဖြစ်၏၊ ငါသည်အကယ်၍လှဲလျောင်း၍ အိပ်ခဲ့လျှင် ငါ၏ဥပဇ္ဈာယ်ထေရ်သည် သဟသေယျအာပတ်သင့်လေရာ၏ဟုအကြံဖြစ်၍ ထိုင်လျက်သာ ညဉ့်အချိန်ကို လွန်စေမည်ဟူသော စိတ်ဖြင့် ဥပဇ္ဈာယ် ဆရာ၏ ညောင်စောင်းငယ် အနီး၌တင်ပလ္လင် ခွေ၍ထိုင်လျက်သာညဉ့်အချိန်ကို ကျော်လွန်စေ၏။

တိဿထေရ်သည်နံနက်စောစောလင်းအားကြီးအချိန်၌ အိပ်ရာမှနိုး၍ သာမဏေကို ကျောင်းပြင်ပထွက်စေသင့်သည်ဟူသောအကြံဖြင့် ညောင်း စောင်းငယ်ဘေး၌ထားအပ်သော ယပ်ဝန်းကို ကိုင်၍ယပ်ဝန်းအရွက်အစွန်းဖြင့် သာမဏေ၏အိပ်ရာသင်ဖြူးကို ရိုက်ပုတ်၍ ယပ်ဝန်းကို အထက်သို့ မြောက်လျက် သာမဏေ ကျောင်းပြင်ဘက်ထွက်လေလော့ဟုမိန့်လေ၏၊ ယပ်ဝန်းရွက်ရိုးသည်- သာမဏေ၏မျက်စိ၌ ထိခိုက်မိလေ၏။ ထိုခဏ၌ပင် သာမဏေ၏ မျက်လုံးကွဲသွားလေ၏။

သာမဏေသည် အရှင်ဘုရား၊ အဘယ်ပါနည်းဟု လျှောက်ထားလေသော် သင်သည် အိပ်ရာမှထ၍ ကျောင်းပြင်ဘက်ထွက်လောဟု ဥပဇ္ဈာယ် ဆရာကမိန့်ဆို အပ်သော်အရှင်ဘုရား၊ တပည့်တော်၏မျက်လုံးကွဲပါပြီဟု မလျှောက်မူ၍လက်တစ်ဖက်ဖြင့်မျက်လုံးကို အုပ်ဖုံး၍ ကျောင်းပြင်ဘက်ထွက်လေ၏။

ဥပဇ္ဈာယ်ဝတ်ကိုပြုရမည့်အချိန်၌ ငါ့မျက်လုံးကွဲနေသည်ဟု ဆိတ်ဆိတ်ထိုင်မနေမူ၍ လက်တစ်ဖက်ဖြင့် မျက်လုံးကိုအုပ်ကိုင်၊ လက်တစ်ဖက်ဖြင့် တံမြက်ဆုပ်ကိုကိုင်၍ ဝစ္စကုဋီကိုလည်းကောင်း၊ မျက်နှာသစ်ရာအရပ်ကိုလည်းကောင်း၊ တံမြက်လှဲ၍၊ မျက်နှာသစ်ရေကိုလည်းထားခဲ့ပြီး ကျောင်းပရိဝုဏ်ကိုတံမြက်လှဲလေ၏။

သာမဏေသည် ဥပဇ္ဈာယ်ဆရာအား ဒန်ပူကိုပေးလတ်သော် လက်တစ်ဖက်ဖြင့်သာပေးလေ၏။ ထိုအခါ သာမဏေကို ဥပဇ္ဈာယ်ဆရာသည် ဤသာမဏေသည် ကျင့်ဝတ်ကိုမကျင့်သူစစ်စစ်ဖြစ်၏။

ဆရာဥပဇ္ဈာယ်တို့အား လက်တစ်ဖက်ဖြင့် ဒန်ပူကိုပေးခြင်းငှာ မအပ်ဟု မိန့်လေ၏။

အရှင်ဘုရား - တပည့်တော်သည် ဤသို့ပြုလျှင် မအပ်ဟုသိပါသည်ဘုရား။ တပည့်တော်၏ လက်တစ်ဖက်သည် အချည်းနှီးအလုပ်မလုပ်သော လက်တစ်ဖက်မဟုတ်ပါဘုရား ဟုလျှောက်ထားလေ၏။ သာမဏေ - သင်ဘာကိုဆိုလိုသနည်းဟု ဥပဇ္ဈာယ်ဆရာကမေးလေသော် သာမဏေသည် အစမှစ၍ ထိုအကြောင်းကို လျှောက်ထားလေ၏။ တိဿထေရ်သည် ထိုစကားကိုကြားရလျှင်ပင် ထိပ်လန့်သောစိတ်ရှိ၍ အံ့ဩလောက်ပေ၏။ ငါသည် ဝန်လေးသောအမှုကို ပြုအပ်ပြီဟုပြောပြီး -

အို - သူတော်ကောင်း၊ ကျွန်ုပ်အားသည်းခံပါ။ ကျွန်ုပ်သည် ထိုသို့ဖြစ်သည်ကို မသိပါ။ ကျွန်ုပ်၏ မှီခိုရာဖြစ်တော်မူပါဟု လက်အုပ်ချီကာ အသက်ခုနစ်နှစ်ရှိသော သူငယ်သာမဏေ၏ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်နေ၏။

ထိုအခါသာမဏေသည် ဥပဇ္ဈာယ်တိဿထေရ်ကို အရှင်ဘုရား-တပည့်တော်သည် ဤသို့ရှိခိုးတောင်းပန်စေရန်အလို့ငှာ လျှောက်ထားသည် မဟုတ်ပါ။ အရှင်ဘုရားတို့၏ စိတ်ကို အစဉ်စောင့်ရှောက်သောတပည့်တော်သည် ဤသို့လျှောက်ထားအပ်ပါသည်။ ဤသို့ဖြစ်ရာ၌ အရှင်ဘုရားတို့၏ အပြစ်လည်းမရှိပါ၊ တပည့်တော်၏ အပြစ်လည်းမရှိပါ၊ ဤအပြစ်သည်ဝဋ္ဋရား၏ အပြစ်သာဖြစ်ပါသည်။ စိတ်ထားမငြိမ်မစိုးရိမ်တော်မူပါလင့်၊ တပည့်တော်သည် အရှင်ဘုရားတို့၏ နှလုံးမသာမှုကို စောင့်ရှောက်သည်ဖြစ်၍မလျှောက်အပ်ခဲ့ပါဟု လျှောက်ထားလေ၏။

တိဿထေရ်သည် သာမဏေသည် သက်သာရာရစေအပ်ပါသော်လည်း သက်သာရာမရမူ၍ သံဝေဂဖြစ်လျက်သာမဏေကို သက်န်းပစ္စည်းကို ကိုင်စေ၍ မြတ်စွာဘုရားထံတော်သို့သွားလေ၏။

မြတ်စွာဘုရားသည်လည်း တိဿထေရ်၏လာရောက်ခြင်းကို စောင့်မျှော် လျက်သာနေတော်မူသည်၊ တိဿထေရ်သည် သွားရောက်၍ မြတ်စွာဘုရားကို ရှိခိုးကာ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ်စကားကို အပြန်အလှန်မိန့် ကြားပြောဆို၍ -

ရဟန်းသင်သည် ခန့်ကျန်း၏လော၊ တစ်စုံတစ်ခု လွန်လွန်ကဲကဲမချမ်းသာမှုရှိလေသလောဟု မေးတော်မူအပ်သော် -

မြတ်စွာဘုရား-တပည့်တော်သည်ခန့်ကျန်းပါ၏။ တစ်စုံတခုလွန်လွန်ကဲကဲမချမ်းသာမှုမရှိပါ၊ စင်စစ်သော်ကား တပည့်တော်သည် ဤသာမဏေယ်ကဲ့သို့ လွန်ကဲသောဂုဏ်ရှိသော အခြားသူ တစ်ယောက်ကို မတွေ့မမြင်ဘူးပါဟု လျှောက်ထားလေ၏။

ရဟန်း- ဤသာမဏေသည် အဘယ်ကို ပြုအပ်လေသနည်းဟု မိန့်တော်မူလေသော် တိဿထေရ်သည် အစမှစ၍ ဖြစ်ခဲ့ပုံအားလုံးကို လျှောက်ထားလျက် မြတ်စွာဘုရား - တပည့်တော်သည် ဤသို့ တောင်းပန်အပ်သော် တပည့်တော်ကို ဤသို့ဖြစ်ရာ၌ အရှင်ဘုရားတို့၏ အပြစ်လည်းမရှိပါ၊ တပည့် တော်၏ အပြစ်လည်းမရှိပါ၊ဤအပြစ်သည်ဝဋ်တရား၏အပြစ်သာဖြစ်ပါသည်။အရှင်ဘုရားတို့သည် စိတ်ထားမငြိမ် စိုးရိမ်တော်မမူကြပါနှင့်ဟု ပြောဆိုပါသည်။

ဤသို့တပည့်တော်ကိုနှစ်သိမ့်စေပါသည်။ သက်သာရာရစေအပ်ပါသည်။ တပည့်တော်၌အမျက် ဒေါသကိုမပြုပါ၊ မြတ်စွာဘုရား-တပည့်တော်သည်၊ဤသို့သဘောရှိသော ဂုဏ်နှင့်ပြည့်စုံသူကို မတွေ့မမြင်ဘူး ပါဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် တိဿထေရ်ကို ချစ်သား-ရဟန်း၊ ရဟန္တာတို့ မည်သည် တစ်စုံတယောက်သောသူအား အမျက်မထွက်ဒေါသ မဖြစ်ကြကုန်၊ ငြိမ်သက်သော ဣန္ဒြေရှိကြ၍ ငြိမ်သက်သော စိတ်ရှိကြသည်သာဖြစ်ကုန်၏ဟု မိန့်တော်မူကာ-အနုသန္ဓေစပ်၍တရား ဟောတော်မူလိုရကား

သန္တံ တဿ မနံ ဟောတိ၊ သန္တာ ဝါစာစကမ္မစ။
သမ္မ ဒညာ ဝိမုတ္တဿ၊ ဥပသန္တဿ တာဒိနော။

ဟူသောဤဂါထာကိုဟောတော်မူသည်။

သမ္မဒညာ=မှန်ကန်သောနည်းလမ်းဖြင့်သိ၍၊ ဝိမုတ္တဿ၊ ဝိမုတ္တိငါးမျိုးတို့ဖြင့် ကိလေသာမှ လွတ်ပြီးသော၊ ဥပသန္တဿ=ကိုယ်တွင်း၌ရာဂအစရှိသည်တို့၏ ငြိမ်းခြင်းဖြင့်ငြိမ်းပြီးသော၊ တာဒိနော - လောကဓံကြောင့်ဖောက်ပြန်မတုံတာဒိဂုဏ် နှင့်ပြည့်စုံသော၊ တဿ=ထိုရဟန္တပုဂ္ဂိုလ်၏၊ မနံ=စိတ်သည်၊ သန္တံ ငြိမ်သက်သည်၊ ဟောတိ=ဖြစ်၏။ ဝါစာစ=စကားသည်လည်း၊ သန္တာ=မုသာဝါဒ,စသည်တို့၏ မ ရှိခြင်း ကြောင့်ငြိမ်သက်သည်။ ကမ္မံစ=ကာယကံသည်လည်း၊သန္တံ=ပါဏာတိပါတ စသည့်တို့၏ မရှိခြင်းကြောင့် ငြိမ်သက် သည်သာ။ ဟောတိ=အမှန်စင်စစ်ဖြစ်တော့သတည်း။

ဒေသနာတော်အဆုံး၌ကောသမ္ဗီမြို့နေတိဿထေရ်သည်ပဋိသမ္ဘိဒါတို့နှင့် အတူဖြစ်သော အရဟတ္တဖိုလ်သို့ရောက်လေ၏။ ကြွင်းသောလူများ၏လည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေ၏။

**ကောသမ္ဗီနေတိဿ ထေရ်ဝတ္ထု ပြီး၏။**

## ၆၆။ သာရိပုတ္တာထေရ်ဝတ္ထု

မြတ်စွာဘုရားသာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်၌နေတော်မူစဉ် တစ်ခုသောအချိန်၌ တောနေရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားထံလာ ရောက်ရှိခိုးထိုင်နေကြကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းသုံးကျိပ်တို့၏ ပဋိသမ္ဘိဒါတို့နှင့်တကွဖြစ်သော အရဟတ္တဖိုလ်၏ အားကောင်းသော မှီရာအကြောင်းကို မြင်တော်မူ၍ သာရိပုတ္တထေရ်ကိုမိန့်ခေါ်၍ -

သာရိပုတ္တ-သင်သည် ပွားများအပ်သာ ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သော သဒ္ဓိန္ဒြေသည် အမြိုက်နိဗ္ဗာန်အတွင်းဝင်သည်၊ အမြိုက်နိဗ္ဗာန်အဆုံးရှိသည်ဟု ယုံကြည်လေသလော၊ ဤသို့အစရှိသော ဣန္ဒြေငါးပါးတို့ကိုအကြောင်းပြု၍ ပြဿနာကို မေးတော်မူသည်။

ရှင်သာရိပုတ္တထေရ်သည် မြတ်စွာဘုရား - ဤအမေးပြဿနာ၌ပွားများအပ်၊ ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သော သဒ္ဓိန္ဒြေသည်အမြိုက် နိဗ္ဗာန်အတွင်းဝင်သည်၊ အမြိုက်နိဗ္ဗာန်အဆုံးရှိသည်ဟု မြတ်စွာဘုရားအား ယုံကြည်ခြင်းဖြင့်ယုံကြည်သည်မဟုတ်ပါ။

မြတ်စွာဘုရား - အကြင်လူတို့သည် သဒ္ဓိန္ဒြေကိုမသိအပ်၊ မမြင်အပ်၊ ထိုးထွင်းမသိအပ်၊ မျက်မှောက်မပြုအပ်၊ မတွေ့ထိအပ်ပါလေ၊ ထိုသူတို့သည် ထိုသဒ္ဓိန္ဒြေ၌ပွားများအပ်၊ ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သော သဒ္ဓိန္ဒြေသည် အမြိုက်နိဗ္ဗာန်အတွင်းဝင်သည် အမြိုက်နိဗ္ဗာန်အဆုံးရှိသည်ဟု သူတစ်ပါးတို့အားယုံကြည်ခြင်းဖြင့် ယုံကြည်ကုန်ရာပါ၏ဟု ထိုအမေးပြဿနာကို ဖြေဆိုလေ၏။

ထိုသို့ဖြေဆိုအပ်သာ စကားကို ကြားကုန်၍ရဟန်းတို့သည် သာရိပုတ္တထေရ်သည် မိစ္ဆာအယူကို မစွန့်သူသာဖြစ်၏၊ ယနေ့တိုင်အောင်လည်း မြတ်စွာဘုရားအားမယုံကြည်သူသာဖြစ်၏ဟူသော စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ကို ပြောဆိုအပ်သော စကားကို ကြားတော်မူ၍ ရဟန်းတို့သင်တို့သည် အဘယ်စကားကို ပြောဆိုကြသနည်း။

ငါဘုရားသည် ငါးပါးသော ဣန္ဒြေတို့ကို မဖြစ်စေဘဲ သမထဝိပဿနာကို မပွားစေဘဲ မဂ်ဖိုလ်တို့ကို မျက်မှောက်ပြုခြင်းငှာ စွမ်းနိုင်မည့်သူရှိ၏ဟု သင် သာရိပုတ္တယုံကြည်သလောဟု မေးခြင်းဖြစ်သည်။

သာရိပုတ္တသည် မြတ်စွာဘုရားမိန့်တော်မူသည့် အတိုင်းမဂ်ဖိုလ်တို့ကို မျက်မှောက်ပြုသူမည်သည် ရှိ၏ဟု တပည့်တော်မယုံကြည်ပါ ဘုရားဟုလျှောက်ထားခြင်းဖြစ်သည်၊ ပေးလှူအပ်သောဒါန၏ အကျိုးရင်း အကျိုးဆက်ကိုလည်းကောင်း၊ ပြုအပ်ပြီးသောကောင်းမှုကုသိုလ်၏ အကျိုးဆက်ကိုလည်းကောင်း၊ မယုံကြည်သူမဟုတ်၊ ဘုရားအစရှိသော ရတနာတို့၏ ဂုဏ်ကိုလည်း မယုံကြည်သူမဟုတ်၊ အဟုတ်သော်ကား ဤသာရိပုတ္တသည် သူထိုထွင်း၍သိအပ်ကုန်သောဈာန်ဝိပ ဿနာမဂ်ဖိုလ်တရားတို့၌ သူတပါးတို့အားယုံကြည်သူမဟုတ်၊ (ကိုယ်တိုင်ပွားများအပ်ကြိမ်ဖန်များစွာ ပြုအပ်ကုန်သောဣန္ဒြေတို့သည်အမြိုက်နိဗ္ဗာန်အတွင်းဝင်ကုန်သည် အမြိုက်နိဗ္ဗာန်အဆုံးရှိကုန်သည်ဟု ကိုယ်တိုင်သိခြင်းဖြင့် ယုံကြည်သူဟု မိန့်တော်မူလိုရင်းဖြစ်သည်။)

ထိုကြောင့်အရှင်သာရိပုတ္တသည် အပြစ်ရှိသူမဟုတ်ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုရကား -

အဿဒ္ဓေါ အကတညူစ၊ သန္ဓိစ္ဆေ ဒေါစ ယော နရော။
ဟတာဝကာသော ဝန္တာသော၊ သဝေဥတ္တမ ပေါရိသော။

ဟူသော ဤဂါထာကို ဟောတော်မူသည်။

ယောနရော-အကြင်ပုဂ္ဂိုလ်သည်။ အဿဒ္ဓေါစ-မိမိထိုးထွင်းသိအပ်သော ဂုဏ်ကျေးဇူးတရားကို သူတစ်ပါးတို့၏စကားဖြင့် ယုံကြည်သူလည်းမဟုတ်၊ အကတညူစ-မည်သည့်အကြောင်းကမျှ မစီမံ မပြုအပ်သောနိဗ္ဗာန်ကို သိသူလည်းဖြစ်၏။ သန္ဓိစ္ဆေဒေါစ- ဝဋ္ဋသံသရာဟူသော အဆက်အစပ်ကို ဖြတ်ပြီးသူလည်းဖြစ်၏၊ ဟတာဝကာသော-ကုသိုလ်အကုသိုလ်ကံဟူသောမျိုးစေ့ကုန်ပြီး ဖြစ်ရကားပယ်ဖြတ်အပ်ပြီးသော ဖြစ်ပေါ်ခွင့်ရှိသူလည်းဖြစ်၏။ ဝန္တာသော- မင်္ဂလေးပါးတို့ဖြင့်ပြုထိုက်သောကိစ္စကို ပြုပြီးဖြစ်ရကား လိုလားတောင့်တမှု အာသာအားလုံးကို အံထုတ်ပြီးသူလည်းဖြစ်၏ သသော - ထို့သို့ သဘောရှိသော ပုဂ္ဂိုလ်သည် ဝေ - စင်စစ်။ ဥတ္တမပေါရိသော လောကုတ္တရာတရားကို ထိုးထွင်းသိထားသူဖြစ်ရကား ယောကျ်ား တကာတို့တွင် အမြတ်ဆုံးယောကျ်ား ဖြစ်လေ၏။

ဂါထာတော်အဆုံး၌တော နေရဟန်းသုံးကျိပ်တို့သည် ပဋိသမ္ဘိဒါတို့နှင့် တကွဖြစ်သော အရဟတ္တဖိုလ်သို့ရောက်ကြလေကုန်၏၊

ကြွင်းသူများ၏လည်း အကျိုးရှိသောဓမ္မဒေသနာတော် ဖြစ်လေပြီ။

**သာရိပုတ္တထေရ် ဝတ္ထု ပြီး၏။**

## ၆၇။ ရှားတောနေရေဝတဝတ္ထု

ရှင်သာရိပုတ္တသည် ရှစ်ဆယ်ခုနစ်ကုဋေဥစ္စာကိုစွန့်ပယ်၍ ရဟန်းပြုခဲ့ပြီးစာလာဥပစာလာ သီသူပစာလာဟူသော နှမသုံးယောက်နှင့် စုန္ဒဥပသေနဟူသော ညီနှစ်ယောက်တို့ကို ရဟန်းပြု စေတော်မူသည်။

ရေဝတသတိုးသားတစ်ယောက်တည်းသာ အိမ်၌ကျန်ရစ်လေ၏။

ထိုအခါ ရှင်သာရိပုတ္တ၏ မယ်တော်သည်ဤသို့ ကြံစည်လေ၏။ ငါ၏သားကြီး ဥပတိဿသည် ရှစ်ဆယ်ခုနှစ်ကုဋေဥစ္စာကို စွန့်ပယ်၍ ရဟန်းပြုပြီး နှမသုံးယောက်နှင့် ညီနှစ်ယောက်တို့ကိုလည်း ရဟန်းပြုစေသည်၊ ရေဝတ တစ်ယောက်သာ ကျန်ရစ်သည်၊ ဤရေဝတကိုလည်း အကယ်၍ရဟန်းပြုစေ ခဲ့သည်ဖြစ်အံ့၊ ငါတို့၏ ဤမျှလောက်များသော ပစ္စည်းဥစ္စာသည် ပျက်စီးတော့မည်၊ အမျိုးအနွယ်သည်-ပြတ်စဲတော့မည်၊ ရေဝတကို ငယ်ရွယ်စဉ်အချိန်၌သာ အိမ်ထောင်မှုဖြင့်ထုပ်ချည်ထားရတော့မည်ဟု ကြံစည်ထားလေ၏။

သာရိပုတ္တထေရ်သည်လည်း အချိန်စောစောကပင်ရဟန်းတို့ကို၊ ငါ့ရှင်တို့ ရေဝတသည် ရဟန်းပြုလို၍လာခဲ့လျှင် ရောက်ရောက်ခြင်းသာ ရေဝတကို ရဟန်းပြုပေးကြပါ၊ တပည့်တော်၏မိဘတို့သည် မိစ္ဆာဒိဋ္ဌိ-အယူမှားရှိသူများဖြစ်ကြပါသည်။ ပန်ကြားအပ်ကုန်သော ထိုမိဘတို့ဖြင့် အဘယ်အကျိုးရှိမည် နည်း၊ တပည့်တော်သာ ထိုရေဝတ၏ အမိ လည်းဟုတ်ပါသည်၊ အဖလည်း ဟုတ်ပါသည်ဟု ပြောဆိုထားလေ၏။

ရေဝတ၏မိခင်သည်လည်း ခုနစ်နှစ်သာရှိသေးသော ရေဝတသတိုးသားကို အိမ်ထောင်အနှောင်အဖွဲ့ဖြင့်ထုပ်နှောင်ဖွဲ့ချည်လို၍ ဇာတ်တူအမျိုး၌ သူငယ်မတစ်ယောက်ကို တောင်းဆို၍နေ့ရက်ကို သတ်မှတ်ထားပြီး ရေဝတသတိုးသားကို အဆောင်အယောင် အဝတ်အထည်တန်ဆာဆင်ဖွယ်တို့ဖြင့် တန်ဆာဆင်ခြယ်လှယ်၍၊ အခြံအရံများစွာနှင့်အတူခေါ်၍ သတိုးသမီး၏ မိဘအိမ်သို့သွားလေ၏။

ထိုအခါ မင်္ဂလာဆောင်မှုကိုပြုကြသော ရေဝတသတို့သားနှင့်သတို့သမီးနှစ်ဦးတို့၏ ဆွေမျိုးတို့ စုဝေးကြပြီး ရေခွက်၌လက်တို့ကိုချစေ၍ မင်္ဂလာစကားကို ရွက်ဆို၍ သတို့သမီး၏ကြီးပွားမှုကို လိုလားကုန်သော ဆွေမျိုးတို့သည်သင်သတို့သမီး၏အဖွားသည်၊ ဒိဋ္ဌသိမြင်အပ်သောတရားကို သိမြင်ပါစေ၊ အဖွားကဲ့သို့ ရှည်ကြာစွာအသက်ရှည်ပါစေဟု ပြောဆိုကြကုန်၏။

ရေဝတသတို့သားသည် ဤသတို့သမီး၏ အဖွားသည် မြင်သိအပ်သောတရားကား အဘယ်နည်းဟု ကြံစည်၍ ဤသတို့သမီး၏အဖွားသည် အဘယ်သူပါနည်းဟု မေးလေ၏။ ထိုအခါ ရေဝတသတို့သားကို ဤသို့ပြောဆိုကြကုန်၏။ မောင်ရဝတအသက်တစ်ရာနှစ်ဆယ်ရှိ သွားကျိုးဆံဖြူအရေတွန့်လျက် မှဲ့မဲပေါက် တို့ပေါက်ရောက်နေသော ကိုယ်ရှိသော အိမ်အချင်ယနယ်ကဲ့သို့ ကောက်ကိုင်းသော ကိုယ်ရှိသော ဤအဖွားကို သင်မမြင်သလော၊ ဤအဖွားသည် သင့်ဇနီးသမီးပျို၏ အဖွားပင်တည်းဟုပြောဆိုကြသည်။

ကျွန်တော်၏ဇနီးဤအမျိုးသမီးသည်လည်း အဖွားနှင့်တူသောသဘော ရှိသူဖြစ်မည်လောဟု မေးလေ၏။

အမောင်ရေဝတ အသက်ရှင်နေလျှင် ဤသဘောရှိသူဖြစ်လိမ့်မည်ဟု ပြောဆိုကြသည်၊ ထိုအခါ ရေဝတသည် ဤသို့လှပတင့်တယ်ရှုချင်ဖွယ်ရှိသော ခန္ဓာကိုယ်သည်လည်းအိုခြင်းတရားကြောင့်၊ သွားကျိုး ဆံဖြူအစရှိသော ဤဖောက်ပြန်ခြင်းသို့ရောက်လိမ့်မည်၊ ဤသဘောကိုငါ၏နောင်တော်ကြီးဥပတိဿသည်

သိမြင်အပ်သည်ဖြစ်လိမ့်မည်၊ ငါသည်ယနေ့ပင်ထွက်ပြေး၍ ရဟန်းပြုသင့်တော့သည်ဟု ကြံစည်မိလေ၏။

ထိုနောက်ဆွေမျိုးတို့သည် ရေဝတကို သတို့သမီးနှင့်အတူယာဉ်တစ်ခုတည်းပေါ်တင်၍ ခေါ်ယူကာ ထွက်လာကြကုန်၏။

ရေဝတသည် ခရီးအနည်းငယ်သွားမိသော် ခန္ဓာကိုယ်ကိစ္စကိုညွှန်းဆို၍ ယာဉ်ကိုရပ်ပါဦး၊ သက်ဆင်း၍ သွားပါမည်ဟုဆိုကာ ယာဉ်မှသက်ဆင်း၍ တောချုံတစ်ခုအတွင်း၌ အချိန်အတန်ငယ်ကြာအောင်နေ၍ လာလေ၏။ နောက်ထပ်လည်းခရီးအနည်းငယ်သွားရောက်ပြီး ရှေးနည်းတူညွှန်းပြခြင်းဖြင့်ပင် ညွှန်ပြ၍ ယာဉ်ပေါ်မှ သက်ဆင်း၍ယာဉ်ပေါ်သို့တက်စီးလေ၏။ နောက်ထပ်လည်း ထိုနည်းတူပြုလေ၏။ ထိုအခါ ရေဝတ၏ဆွေမျိုးတို့သည်၊ ဤရေဝတ အားထသွားရန်အကြောင်းတို့သည် မုချဖြစ်ကုန်၏ဟု မှတ်ထင်ကြပြီး အစောင့်အရှောက်ကို မမြဲလွန်းအောင်ပြုထားကြကုန်၏။

ရေဝတသည် နောက်ထပ်လည်း အနည်းငယ်သွား၍ ထိုသို့သော ညွှန်ပြခြင်းဖြင့် ညွှန်ပြပြီးယာဉ်ပေါ်မှ သက်ဆင်း၍ သင်တို့ယာဉ်ကို မောင်းနှင်လျက် ရှေ့ကသွားနှင့်ကြပါ၊ ကျွန်တော်နောက်က ဖြည်းဖြည်းလိုက်ခဲ့ပါမည်ဟုပြော၍ ယာဉ်ပေါ်မှ သက်ဆင်းပြီး တောချုံသို့ ရှေ့ရှုသွားလေ၏။

ရေဝတ၏ ဆွေမျိုးတို့သည် နောက်မှလိုက်လာလိမ့်မည် အထင်ဖြင့်ယာဉ်ကို မောင်းနှင်၍ သွားကြလေကုန်၏။

ရေဝတလည်း ထိုအရပ်မှပြေး၍တစ်ခုသော နေရာ၌ရဟန်းသုံးကျိပ်တို့ နေကြကုန်၏၊ ထိုရဟန်းတို့အထံသွားရောက်ရှိခိုး၍ အရှင်ဘုရားတို့တပည့်တော်ကို ရဟန်းပြုပေးတော်မူကြပါဟု လျှောက်ထားလေ၏။

အို- ဒကာလေး သင်သည် အဝတ်အဆင်တန်ဆာ ပြည့်ပြည့်စုံစုံ ဝတ်ဆင်ထားသူဖြစ်သည်၊ ငါတို့သည် သင်၏မင်းသားဖြစ်မည်၊ အမတ်ကြီး၏ သားဖြစ်မည်ကို မသိကြ၊ အဘယ်သို့ရဟန်းပြုရမည်နည်းဟုမေးတော်မူကြရာ အရှင်ဘုရားတို့ တပည့်တော်ကို မသိကြပါသလား။

ဒကာလေး၊ ဟုတ်၏၊ သင့်ကို ငါတို့မသိကြ၊ တပည့်တော် ဥပတိဿ၏ ညီငယ်ဖြစ်ပါသည်ဘုရား၊ သင်ပြောသည့် ဥပတိဿဆိုသူကား အဘယ်သူနည်း။ အရှင်မြတ်တို့ဘုရား၊ အရှင်မြတ်တို့သည် တပည့်တော်၏နောင်တော်ကြီးကို ဥပတိဿဟု ခေါ်ဆိုကြပါသည်။ ထိုကြောင့် တပည့်တော်က ဥပတိဿဟု ပြောအပ်သော် မသိဘဲဖြစ်ကြပါသည်။

အသို့နည်းသင်သည် သာရိပုတ္တထေရ်၏ ညီငယ်ဖြစ်သလော။

အရှင်ဘုရားတို့မှန်ပါသည်၊ တပည့်တော် အရှင်သာရိပုတ္တထေရ်၏ ညီငယ်ဖြစ်ပါသည်ဟု လျှောက်ထားလေ၏။ သာရိပုတ္တထေရ်၏ညီဖြစ်လျှင် သင်လာလော့၊ သင်၏နောင်တော်သည် သင်၏ရဟန်းအဖြစ်ကို ခွင့်ပြုအပ် သည်သာ ဖြစ်၏ဟု ပြောကြပြီး၊ ရဟန်းတို့သည် ရေဝတ၏ အဝတ်တန်ဆာတို့ကို ချွတ်စေကာ တစ်နေရာ၌ ထားစေပြီးရေဝတကို သာမဏေပြုပေးပြီး သာရိပုတ္တထေရ်ထံ သတင်းပို့ကြလေ၏။

သာရိပုတ္တထေရ်သည် ထိုသတင်းကို ကြားရသော်မြတ်စွာဘုရားအား(လျှောက်ထားလေ၏။) မြတ်စွာဘုရား တောနေရဟန်းတို့သည် တပည့်တော်၏ ညီရေဝတကို သာမဏေပြုပေးအပ်ပြီဟု သတင်းစကားကို ပို့ကြပါသည်၊ တပည့်တော်သွား၍ ရေဝတကို ကြည့်ရှုပြီး ပြန်လာပါမည်ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် သာရိပုတ္တဆိုင်းငံ့ဦးလောဟု မိန့်၍သွားခွင့်မပြုပါချေ။

သရိပုတ္တထေရ်သည် နောက်တဖန်နှစ်ရက်သုံး ရက်လွန်ချိန်၌မြတ်စွာ ဘုရားတို့ ပန် ကြား လျှောက်ထားပြန်သည်။

မြတ်စွာဘုရားသည် သာရိပုတ္တဆိုင်းငံ့ဦးလော့၊ ငါတို့လည်း သွားကြမည် ဟုသွားခွင့်မပေးပါချေ၊ ရေဝတသာမဏေလည်း ငါသည် ဤနေရာ၌ နေခဲ့လျှင်- ဆွေမျိုးတို့သည် ငါ့ကိုလိုက်ခေါ်ကြလိမ့်မည်ဟု ကြံစည်၍ထိုရဟန်းတို့၏အထံ၌ အရဟတ္တဖိုလ်ပေါက်ကမ္မဋ္ဌာန်းကို သင်ယူ၍ သပိတ်သင်္ကန်းကို ကိုင်ဆောင်လျက် ဒေသစာရီလှည့်လည်၍ ထိုအရပ်မှ ယူဇနာ(၃၀)ကွာသော အရပ်၌ရှားတောသို့သွား၍ ဝါတွင်းသုံးလ၌ ပင်လျှင် ပဋိသမ္ဘိဒါတို့နှင့်တကွဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်လေ၏။

သာရိပုတ္တထေရ်သည်လည်း ပဝါရဏာပြုပြီး၍ မြတ်စွာဘုရားကို တဖန်ရေဝတရှိရာအရပ်၌ သွားရောက်ရန်ပန်ကြားပြန်၏၊ မြတ်စွာဘုရားသည် သာရိပုတ္တ ငါတို့လည်းသွားကြမည်ဟုပြောကာ ရဟန်းငါးရာတို့နှင့်အတူကျောင်း မှထွက်တော်မူသည်။ ခရီးအနည်းငယ်ရောက်ရာအချိန်၌ အာနန္ဒာထေရ်သည် လမ်းနှစ်ခွ၌ရပ်၍ မြတ်စွာဘုရားကို အရှင်ဘုရား၊ ရေဝတထံသွားရာ ခရီးတို့တွင် ဤခရီးသည် ကောက်ကွေ့သောလမ်းခရီးဖြစ်၍ယူဇနာ(၆၀)ကွာဝေးပါသည်။ လူတို့နေထိုင်ရာ ခရီးဖြစ်ပါသည်။

ဤခရီးသည် ဖြောင့်မတ်သောခရီးဖြစ်၍ ယူဇနာ ၃၀ ကွာဝေးပါသည်၊ ဘီလူးတို့သိမ်းဆည်းအပ်သော ခရီးဖြစ်ပါသည်၊ အဘယ်လမ်းခရီးဖြင့် ကြွကြပါမည်နည်းဟု လျှောက်ထားလေ၏။

အာနန္ဒာ သီဝလိသည် ငါတို့နှင့်အတူ လိုက်လာသ လာ။

မြတ်စွာဘုရားလိုက်လာပါသည်၊

သီဝလိသည် ငါတို့နှင့်အတူလိုက်လာလျှင် ဖြောင့်မတ်သော ခရီးကိုသာယူလေလော့ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ငါသည် သင်တို့အားယာဂုဆွမ်းကို ဖြစ်စေမည်၊ ဖြောင့်တန်းသောလမ်းကို ယူလော့ဟုမပြောမူ၍ ဤဌာနသည် ထိုထိုပုဂ္ဂိုလ်တို့၏ ကုသိုလ်ကောင်းမှုတို့၏ အကျိုးပေးရာဌာနတည်းဟု သိ၍ အကယ်၍သီဝလိပါလာလျှင် ဖြောင့်တန်းသောလမ်းကို ယူလောဟုမိန့်တော်မူခြင်းဖြစ်သည်။

မြတ်စွာဘုရားသည် ထိုခရီးလမ်းသို့ကြွတော်မူလေသော်နတ်တို့သည် ငါတို့၏အရှင်သီဝလိထေရ်အား ပူဇော်မှုကို ပြုကြကုန်အံ့ဟု ကြံစည်တိုင်ပင်ကြ၍ တစ်ယူဇနာ၌ ကျောင်းအသီးသီးတို့ကို ဆောက်လုပ်စေပြီး တစ်ယူဇနာမှအထက်ဖြစ်သော ခရီးကိုသွားခွင့်မပြုကြပဲ နံနက်စောစောထ၍ နတ်ပြည်၌ဖြစ်သော ယာဂု စသည့်တို့ကိုယူ၍ ငါတို့၏အရှင်သီဝလိထေရ် အဘယ်မှာနေသနည်းဟု လှည့်လည်ကြကုန်၏။

ရှင်သိဝလိထေရ်သည် မိမိအား ရှေးရှုဆောင်အပ်သောပစ္စည်းကို ဘုရားအမှူးရှိသော ရဟန်းသံဃာ အားပို့စေ၏၊ ဤသို့လျှင် မြတ်စွာဘုရားသည် အခြံအရံနှင့် အတူယူဇနာ ၃၀ ရှိသော ခရီးခဲကို သီဝလိထေရ်၏ ကောင်းမှုအကျိုးကို ခံစားလျက်သာကြွတော်မူလေ၏။

ရေဝတထေရ်သည်လည်း မြတ်စွာဘုရားကြွလာကြောင်းကို သိ၍မြတ်စွာဘုရား၏ ဂန္ဓကုဋီကို ဖန်ဆင်း၍ စူးလစ်မွန်းချွန်အထွဋ်တပ်သော ကျောင်းငါးရာတို့ကိုလည်းကောင်း၊ စင်္ကြံကျောင်းငါးရာတို့ကို လည်းကောင်း၊ နေ့သန့်ရာ ညဥ့်သန့်ရာကျောင်းငါးရာတို့ကိုလည်းကောင်း ဖန်ဆင်းထားလေ၏။

မြတ်စွာဘုရားသည် ရေဝတထေရ်၏ထံ၌တစ်လမျှသာ နေတော်မူသည် ထိုနေရာ၌နေတော်မူသော် လည်း သီဝလိထေရ်၏ ကောင်းမှုအကျိုးကိုသာ သုံးဆောင်ခံစားတော်မူသည်။

ထိုသို့ခံစားသီတင်းသုံးရာ၌ သက်ကြီးရဟန်းနှစ်ပါးတို့သည် မြတ်စွာဘုရား ရှားတောတွင်းသို့ ဝင်ရာအချိန်၌ ဤသို့ကြံစည်မိကြကုန်၏။ ဤရဟန်းသည် ဤမျှလောက်သော အမှုသစ်ကို ပြုနေသော် ရဟန်းတရားကို ပြုလုပ်ရန် အဘယ်မှာစွမ်းနိုင်တော့မည်နည်း၊ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တ၏

ညီအငယ်ဆုံး ဖြစ်သည်ဟု မျက်နှာကြည့်ခြင်းကိစ္စကို ပြုတော်မူလျက် ဤသို့သဘောရှိသော အမှုသစ်လုပ်ကိုင်နေသော ရဟန်း၏အထံသို့ ကြွလာ တော်မူ၏ဟုကြံစည် စိတ်ကူးကြကုန်၏။

မြတ်စွာဘုရားသည်လည်း ထိုနေ့မိုးသောက်ခါနီးလင်းအားကြီးအချိန်၌ သတ္တလောကကို ရှုကြည့်တော်မူလျှင် ထိုရဟန်းတို့ကို မြင်တော်မူ၍ထိုရဟန်းတို့၏ စိတ်အကျင့်စိတ်နေသဘောထားကို သိတော်မူသည်၊ ထို့ကြောင့်ထိုအရပ်၌ တစ်လမျှနေ၍ ထွက်ခွာရာနေ့၌ ထိုရဟန်းတို့သည် မိမိ-မိမိ၏ဆီကျည်တောက်ကိုလည်းကောင်း၊ ရေဗူးကိုလည်းကောင်း၊ ဖိနပ်တို့ကိုလည်းကောင်း၊ မေ့လျော့နေအောင်အဓိဋ္ဌာန်၍ ထွက်လာတော်မူစဉ် ကျောင်းဥပစာမှ အပြင်ဘက်သို့ထွက်ချိန်၌ တန်ခိုးကို စွန့်လွှတ်တော်မူသည်။

ထိုအခါ ထိုရဟန်းတို့သည် ငါသည် ဤမည် ဤမည်သော ပစ္စည်းကို မေ့ကျန်ရစ်၏၊ ငါသည်လည်း မေ့ကျန်ရစ်ဟု ရဟန်းနှစ်ပါးတို့သည် ပြန်လာခဲ့သော် ထိုအရပ်ကို မမှတ်မိကြ၍ ရှားစွက်ရှားဆူးတို့ဖြင့် အထိုးခံလျက်ရှိသော မိမိ၏ပစ္စည်းကို တွေ့မြင်၍ ယူပြီးထွက်သွားကြကုန်၏။

မြတ်စွာဘုရားသည်လည်း ရဟန်းသံဃာကိုခေါ်၍ နောက်ထပ်တစ်လမျှဖြင့်ပင် သီဝလိထေရ်၏ ကောင်းမှုအကျိုးကို သုံးဆောင်ခံစားလျက်ပြန်လာ၍ ပုဗ္ဗာရုံကျောင်းတော်သို့ ဝင်တော်မူလေသည်။

ထိုအချိန်ခါ၌ ထိုသက်ကြီးရဟန်းတို့သည် နံနက်စောစောကပင် မျက်နှာသစ်၍ အာဂန္တုကဆွမ်းကို ပေးလှူသော ဝိသာခါအိမ်၌ ယာဂုကို သောက်ကြကုန်အံ့ဟု ကြွတော်မူကြ၍ယာဂုသောက်ပြီး ခဲဖွယ်ကိုခဲ၍ ထိုင်နေကြကုန်၏။

ထိုအခါ ထိုရဟန်းကြီးတို့ကို ဝိသာခါကျောင်းအမကြီးသည် အရှင်ဘုရားတို့ အရှင်ဘုရားတို့လည်း မြတ်စွာဘုရားနှင့်အတူ ရေဝတထေရ်၏ နေရာအရပ်သို့ရောက်ခဲ့ကြကုန်သလောဟုမေးလေ၏။

ဥပါသိကာမကြီးဟုတ်ပါ၏၊ ရောက်ခဲ့ကြပါသည် အရှင်ဘုရား၊ ရေဝတထေရ်၏နေရာဌာနသည် မွေ့လျော်ဖွယ်ရှိပါသလော၊

ဥပါသိကာမကြီး ရေဝတထေရ်၏ နေရာသည် အဘယ်မှာ မွေ့လျော်ဖွယ်ရှိမည်နည်း၊ ဆူးဖြူဆူးရှိသော ရှားပင်ချုံသာတည်း၊ ပြိတ္တာတို့၏နေရာဌာနနှင့်တူနေသည်ဟု ပြောကြကုန်၏။

ထိုအခါအခြား ရဟန်းငယ်နှစ်ပါးတို့ကြွလာကြသည်၊ ဝိသာခါဥပါသိကာသည် ထိုရဟန်းငယ်နှစ်ပါးတို့အားလည်း ယာဂုခဲဖွယ်ကို ပေးလှူပြီး ရှေးနည်းအတိုင်းသာ မေးပြန်သည်၊ ထိုရဟန်းငယ်တို့သည် ဥပါသကာမကြီး ချီးမွမ်းခြင်းငှာ မတတ်နိုင်ကြပါ၊ ရေဝတထေရ်၏နေရာသည် သုဓမ္မာနတ်သဘင်နှင့်တူပါသည်။ တန်ခိုးဖြင့် စီမံထားအပ်သည်နှင့်တူပါသည်ဟု ပြောဆိုကြသည်။ ဝိသါခါ= ဥပါသိကာမသည် ရှေးဦးစွာကြွလာကြသော ရဟန်းတို့သည် တစ်မျိုးတခြားပြောကြသည်၊ ဤရဟန်းတို့သည် တစ်မျိုးတခြားပြောကြပြန်သည်၊ ရှေးဦးစွာကြွလာကြသောရဟန်းတို့သည် ပစ္စည်းတစ်စုံတစ်ခုမေ့ခဲ့၍ တန်ခိုးကိုစွန့်လွှတ်ချိန်၌ ပြန်လာကြလိမ့်မည်၊ ဤရဟန်းတို့ကား တန်ခိုးဖြင့်အထူးပြုပြင်၍ ဖန်ဆင်းထားချိန်၌ ရောက်သွားကြသည်ဖြစ်လိမ့်မည်ဟု မိမိ၏ တတ်သိလိမ္မာသူဖြစ်ခြင်းကြောင့် ထိုအကြောင်းကိုသိပြီး -

မြတ်စွာဘုရား ကြွလာချိန်တွင် မေးမည်ဟု စကားမဆက်တော့ဘဲတည်နေလေ၏၊ ထိုမှ နောက်တစ်မုဟုတ်ခန့်အကြာတွင် မြတ်စွာဘုရားသည် ရဟန်းသံဃာခြံရံလျက် ဝိသာခါ၏ နေအိမ်သို့ကြွ၍ ခင်းထားအပ်သောဘုရား နေရာ၌ထိုင် နေတော်မူသည်။

ဝိသာခါသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ရိုသေစွာဆက်ကပ် ကျွေးမွေး၍ ဆွမ်းစားကိစ္စအဆုံး၌ မြတ်စွာဘုရားကိုရှိခိုး၍ တဖန်မေးလျှောက်လေ၏။

မြတ်စွာဘုရား၊ အရှင်ဘုရားတို့နှင့်အတူ ကြွကြသောရဟန်းတို့တွင် အချို့ရဟန်းတို့သည် ရေဝတထေရ်၏ နေရာဌာနသည်ရှားချုံတောဟု ပြောကြပါသည်၊ အချို့ရဟန်းတို့က မွေ့လျော်ဖွယ်ရှိသည်ဟု ပြောဆိုကြပါသည်၊ အဘယ်အကြောင်းကြောင့် ဤသို့နှစ်မျိုးနှစ်ထွေ ပြောဆိုကြပါသနည်းဟု မေးလျှောက်လေ၏။

ထိုမေးလျှောက်စကားကို ကြားတော်မူ၍ မြတ်စွာဘုရားသည် -

အို - ဝိသာခါ ဥပါသိကာရှာဖြစ်စေ၊ တောဖြစ်စေ၊ အကြင်အရပ်၌ ရဟန္တာတို့နေကြသည်၊ ထိုအရပ်သည် မွေ့လျော်ဖွယ်ရှိသည်သာဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် -

ဂါမေဝါ ယဒိဝါရညေ ၊ နိန္နေဝါယဒိဝါထလေ။

ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံ ဘူမိရာမ ဏေယျကံ။

ဟူသော ဤဂါထာကို ဟောတော်မူသည်။

ဂါမေဝါ-ရွာ၌သော်လည်းကောင်း။ ယဒိ-အကယ်၍၊ အရညေဝါ တော၌သော်လည်းကောင်း။ နိန္နေဝါ၊ ချိုင့်ဝှမ်းရာ၌သော်လည်းကောင်း ယဒိ -အကယ်၍၊ တလေဝါကြည်းကုန်းအရပ်၌သော်လည်းကောင်း။ ယတ္ထ-အကြင် အရပ်၌၊ အရဟန္တော၊ ရဟန္တာတို့သည်။ ဝိဟရန္တိ - နေကြကုန်၏။ တံဘူမိ ရဟန္တာတို့ နေရာ ထိုမြေအရပ်သည်၊ ရာမဏေယျကံ -မွေ့လျော်ဖွယ်ရာအရပ်တည်း။

ဒေသနာတော်ဆုံး၌များစွာသော လူတို့သည် သောတပတ္တိဖိုလ်စသည် တို့သို့ရောက်ကြလေကုန်၏။

တစ်ခုသောအချိန်၌ ရဟန်းတို့သည် စကားကိုဖြစ်စေကြကုန်၏၊ အဘယ်သို့ဖြစ်စေကြသနည်းဟူမူ၊ ငါ့ရှင်တို့ အဘယ်ကြောင်းကြောင့် ရှင်သီဝလိ ထေရ်သည် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တို့ပတ်လုံး၊ အမိဝမ်း၌နေရသနည်း၊ အဘယ်ကြောင်းကြောင့် ငရဲ၌ကျက်ရသနည်း၊ အဘယ်အကျိုးအာနိသင်ကြောင့် လာဘ်ပေါများသူတို့၏ အထွဋ်အထိပ် အခြံအရံပေါများသူတို့၏ အထွဋ်အထိပ်သို့ ရောက်ရလေသနည်းဟု စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသည် ရှင်သီဝလိထေရ်၏ ပုဗ္ဗကမ္မ - ရှေးအတိတ်ကံကို ဟောပြလိုဖြစ်၍ ဘိက္ခဝေ ဣတော ဧကနဝုတိကပ္ပေ-အစချီသော စကားတော်ကို ဟောတော်မူသည်။

ရဟန်းတို့ ဤကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာ၌ ဝိပဿီမြတ်စွာဘုရားသည် လောက၌ဖြစ်ပွင့်တော်မူ၍ တစ်ခုသောအချိန်၌ ဇနပုဒ်၌လှည့်လည်ခြင်းကို(ဇနပုဒ်၌သွားလာခြင်းကို)ကြွသွားတော်မူ၍ ခမည်းတော်၏ မြို့သို့ရောက်တော်မူသည်။

ခမည်းတော်မင်းကြီးသည်ဘုရားအမှူးရှိသော ရဟန်းသံဃာအား အာဂန္တုကဒါနကို စီစဉ်၍မြို့သူ မြို့သားတို့ထံ သင်တို့လာကြပြီး ငါ၏ဒါန၌ အဖော်သဟဲဖြစ်ကြကုန်လော့ဟု သတင်းပို့လေ၏။

မြို့သူမြို့သားတို့သည် မင်းကြီးပေးလှူအပ်သော ဒါနထက် အထူးပိုလွန်သောဒါနကို လှူကြမည်ဟု မြတ်စွာဘုရားကို ပင့်လျှောက်၍နောက်နေ့၌ ဒါနဝတ္ထုကို စီစဉ်ကြပြီး မင်းကြီးထံသတင်းပို့ကြကုန်၏။

မင်းကြီးသည်လာရောက်၍ မြို့သူမြို့သားတို့၏ ဒါနဝတ္ထုကိုမြင်လျှင် ဤဒါနဝတ္ထုထက် အထူးလွန်ကဲသောဒါနဝတ္ထုကို ပေးလှူဟုကြံစည်ပြီး နောက်နေ့ကုသိုလ်အကျိုးငှာ မြတ်စွာဘုရားကို ပင့်လျှောက်လေ၏။

မင်းကြီးသည်လည်း မြို့သူ၊ မြို့သားတို့ကို အနိုင်မယူနိုင်။မြို့သူ၊ မြို့သားတို့သည်လည်းမင်းကြီးကို အနိုင်မယူနိုင်ဖြစ်နေ၏။

မြို့သူမြို့သားတို့သည် ခြောက်ခုမြောက်အကြိမ်၌ ယနေ့လှူသကဲ့သို့ နက်ဖြန်၌ ဤဒါနဝတ္ထုတွင် ဤမည်သောဒါနဝတ္ထု မပါ၊မရှိဟု မပြောနိုင်အောင် ဒါနဝတ္ထုကို လှူကြမည်ဟု ကြံစည်ကြပြီး နောက်နေ့၌ ဒါနဝတ္ထုကို စီစဉ်ကြပြီးသော် ဤဒါနဝတ္ထုတို့တွင် အဘယ်ဒါနဝတ္ထုမျိုးသည် မပါ၊မရှိလေသနည်းဟု ကြည့်ကြလေကုန်သော် လတ်ဆတ်သော ပျားရည်ကိုသာ မတွေ့မြင်ကြလေကုန်၊ ပျားရည်ဟောင်းသည်ကား များစွာရှိ၏။ မြို့သူမြို့သားတို့သည် လတ်ဆတ်သောပျားရည်အလို့ငှာ မြို့တံခါးလေးခုတို့၌ အသပြာလေးထောင်တို့ကိုယူစေ၍ စေလွှတ်ကြကုန်၏။

ထိုအချိန်တွင် ဇနပုဒ်လူတစ်ယောက်သည် ရွာစားနှင့်တွေ့ရန်လာခဲ့စဉ် လမ်းခရီးအကြား၌ ပျားအုံကိုတွေ့၍ ပျားကောင်တို့ကိုပြေးစေပြီး သစ်ခက်ကိုချိုး၍ သစ်ခက်ဒုတ်တံနှင့်အတူသာ ပျားသလက်ကို ယူခဲ့၍ ရွာသားအားပေးအံ့ဟု မြို့တွင်းသို့ဝင်လေ၏။

လတ်ဆပ်သောပျားရည်အလို့ငှာ သွားသောသူသည် ထိုဇနပုဒ်သားကိုတွေ့မြင်၍ အို- မိတ်ဆွေရောင်းမည့်ပျားအုံလောဟု မေးလေ၏။

အို -အရှင်မရောင်းပါ။

ယခု ဤအသပြာတစ်ကျပ်ကိုယူ၍ရောင်းပေးပါဟုပြောဆို၏။

ဇနပုဒ်သားသည် ဤပျားသလက်သည် တစ်မတ်မျှလောက်လည်းတန်ဖိုး မထိုက်၊ဤသူသည် အသပြာတစ်ကျပ်ကိုပေး၏။ ပိုက်ဆံပေါသူထင်၏။ ငါသည်တန်ဖိုးကိုတိုးပွားစေရန် (တန်ဖိုးကိုတိုးတောင်းရန်)သင့်၏ဟု ကြံစည်လေ၏။

ထိုအခါ ပျားရည်ရှာသူကို ငါမပေးဟုပြောလေ၏။ သို့ဖြစ်လျှင်အသပြာနှစ်ကျပ်ကိုယူပါဟု ပြောပြန်၏။ အသပြာနှစ်ကျပ်တို့ဖြင့်လည်း ငါမပေးဟုပြောပြန်၏။ ဤနည်းဖြင့် ကျပ်တစ်ထောင်တိုင်အောင်တန်ဖိုးကို တိုးပွားစေ၏။ ပျားရည် အလိုရှိသူသည် ထိုသို့ဖြစ်လျှင်ဤအသပြာတမ်ထောင်ကို ယူပါဟုပြောဆိုကာ အသပြာတစ်ထောင်ထုပ်ကိုပေးလေ၏။

ထိုအခါ ပျားရည်ရှာသူကို ဇနပုဒ်သားက သင်သည် ရူးသလော။ သို့မဟုတ် အသပြာတို့၏ ဖြစ်ပေါ်ရာ အရပ်ကို မသိသူလော။ တစ်မတ်မျှလည်း တန်ဖိုးမထိုက်သော ပျားသလက်ကို ငွေတစ်ထောင်ကို ယူ၍ပေးပါဟုပြောသည်။ အဘယ်သဘောနည်းဟု ပြောလေ၏။ အို-မိတ်ဆွေ ငါသည် သင့်ပျားသလက် တစ်မတ်မျှ တန်ဖိုးမထိုက်သည်ကို သိပါ၏။ သို့သော်လည်း ကျွန်ုပ်အား(ကျွန်ုပ်မှာ)ဤပျားသလက်ဖြင့် ပြုရန်အလုပ်ရှိနေပါသည်။ ထို့ကြောင့် ဤသို့ပြောဆိုခြင်း ဖြစ်ပါ၏ဟု ပြောလေ၏။

အို-အရှင် ပြုဖွယ်အလုပ်ဟူသည် အဘယ်ပါနည်းဟုမေးလေ၏။

ငါတို့သည် ရဟန်းခြောက်သောင်းရှစ်ထောင် အခြံအရံရှိသော ဝိပဿီမြတ်စွာဘုရားအားပေးလှူရန်များစွာသောဒါနဝတ္ထုကို စီစဉ်အပ်ပါ၏။ ထိုဒါနဝတ္ထုတို့တွင် လတ်ဆတ်သောပျားရည် ဒါနဝတ္ထုတစ်ခုသာ မပါမရှိပါ။ ထို့ကြောင့် သင့်ပျားသလက်ကို အသပြာတစ်ထောင်ပေး၍ ကျပ်ယူပါ၏ဟု ပြန်ပြောလေ၏။

ဤသို့ဖြစ်လျှင် ကျွန်တော်တန်ဖိုးဖြင့်မပေးလိုပါ။ ကျွန်တော်လည်း အလှူ၌ အဖို့ပါဝင်ရလျှင် ပေးပါမည်ဟု ပြန်ပြောသည်။ ပျားရည်ရှာသူ၊ ထိုသူသည်သွား၍ မြို့သူမြို့သားတို့အားထိုအကြောင်းကို ပြောလေ၏။ မြို့သူမြို့သားတို့သည် ဇနပုဒ်သား၏ သဒ္ဓါတရားအားကြီးသူ၏အဖြစ်ကို သိကြ၍ကောင်းပါ၏။

ကုသိုလ်အဖို့ရှိသူ ဖြစ်ပါစေဟု ခွင့်ပြုကြကုန်၏။

မြို့သူမြို့သားတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို သီတင်းသုံးထိုင်နေစေ၍ ယာဂုခဲဖွယ်ကို ပေးလှူပြီး ကြီးစွာသောရွှေခွက်ကိုယူစေ၍ပျားလဖို့ကို ညှစ်စေကြလေကုန်၏။

ထိုဇနပုဒ်သားသည်ပင် လက်ဆောင်အလို့ငှာဆောင်ယူအပ်သော နို့ဓမ်းအိုးသည်လည်းရှိ၏။ ဇနပုဒ်သားသည် ထိုနို့ဓမ်းအိုးကိုလည်း ရွှေခွက်၌သွန်းလောင်း၍ ထိုပျားရည်နှင့် မွှေနှောက်ယောစပ်ပြီး ဘုရားအမှူးရှိသော ရဟန်းသံဃာအား အစမှစ၍ပေးလှူလေ၏။ ထိုနို့ဓမ်းပျားရည်သည် အလိုရှိသလောက်ခံယူကြသောရဟန်းသံဃာအားလုံးတို့အားလောက်ငှလေ၏။ (ရဟန်းသံဃာအားလုံးအား ပေးလှူလောက်သည် ဟူလို)

အပိုအလွန်လည်းကျန်သေးသည်သာဖြစ်၏။ ဤသို့လျှင် အနည်းငယ်သောပျားရည်သည် အဘယ်သို့ပင် ထိုမျှလောက် များပြားကုန်သော ရဟန်းသံဃာတော်တို့အား လောက်လေသနည်းဟု မစဉ်းစားထိုက်။ မှန်ပေ၏။ ထိုအနည်းငယ်သောပျားရည်သည် ဘုရားတန်ခိုးအာနုဘော်ကြောင့် ထိုမျှလောက် များပြားကုန်သော ရဟန်းသံဃာတော်တို့အား ရောက်လေပြီ။ ဘုရားရှင်တို့၏ အရာကိုမကြံ စည်သင့်၊ မကြံစည်ထိုက်၊ မှန်၏။ အစိန္တေယျလေးပါးတို့ကို ဟောထားအပ်ပေ၏။ ထိုအစိန္တေယျတို့ကို ကြံစည်သူသည် ရူးသွပ်ခြင်း၏ အဖို့ရှိသူသာဖြစ်၏ဟု မှတ်သင့်သည်။

ထိုဇနပုဒ်သားယောကျ်ားသည် ဤမျှသာဖြစ်သော ကုသိုလ်ကံကိုပြု၍ အသက်ဆုံး၌ နတ်ပြည်၌ဖြစ်ပြီး ကိုးဆယ်တစ်ကမ္ဘာခန့်ကာလပတ်လုံး ကျင်လည်၍တစ်ခုသောအချိန်၌ နတ်ပြည်၌စုတေပြီး၊ ဟာရာဏသီပြည်ဝယ် မင်းမျိုး၌ဖြစ်၍ ခမည်းတော်နတ်ရွာစံလွန်သောအခါ မင်းအဖြစ်သို့ရောက်လေ၏။

ထိုမင်းသည် မြို့တစ်မြို့ကို သိမ်းယူမည်ဟုသွား၍ စစ်တပ်ဖြင့်မြို့ကိုဝိုင်းရံ ထားလေ၏။ ငါ့အား မင်းစည်းစိမ်မှုလည်း ပေးကြမည်လော။ စစ်မှုလည်းတိုက်ကြမည်လောဟု မြို့သူ၊ မြို့သားအားလည်း သတင်းပို့လေ၏။

မြို့သူ၊ မြို့သားတို့သည် မင်းအဖြစ်ကိုလည်း ပေးမည်မဟုတ်။ စစ်လည်းတိုက်မည်မဟုတ်ဟု ပြောဆိုကြပြီး တံခါးပေါက်ငယ်တို့မှထွက်၍ ရေစသည်တို့ကို သယ်ဆောင်ကြကုန်၏။ ပြုဖွယ်ကိစ္စအားလုံးကို ပြုကုန်ကြ၏။

ဟာရာဏသီမင်းသည်လည်း မြို့တံခါးကြီးလေးပေါက်တို့ကို စောင့်လျက် ခုနစ်နှစ်၊ ခုနစ်လပတ်လုံး မြို့ကိုပိတ်ဆို့ထားလေ၏။

ထိုအခါဟာရာဏသီမင်း၏ မယ်တော်သည် ငါ၏သားတော်သည် အဘယ်ကိုပြုသနည်းဟု အမတ်တို့ကို မေးလေသော် မယ်တော်ဖုရားကြီး၊သားတော်သည် ဤမည်သောအမှုကိုပြုပါ၏ဟု တင်လျှောက်ကြသည်။ ထိုအကြောင်းကို ကြားရလေသော် ငါ၏သားတော်သည် မိုက်သူတည်း၊ သွားကြလော့ တံခါးပေါက်ငယ်တို့ကို ပိတ်၍မြို့ကို ပိတ်ဆို့ထားလော့ဟု သားတော်အားပြောဆိုကြလောဟု ပြောလေ၏။

ဟာရာဏသီမင်းသည် မယ်တော်၏သတင်းစကားကို နားထောင်၍ မယ်တော်အမိန့်အတိုင်းပြုလေ၏။

မြို့သူမြို့သားတို့သည်လည်း မြို့ပြင်သို့ထွက်ခွင့်မရကြကုန်ရကား ခုနစ်ရက်မြောက်သောနေ့၌ မိမိတို့ မင်းကိုသတ်ပစ်၍ ဟာရာဏသီမင်းအား ထီးနန်းစည်းစိမ်ကို ပေးလိုက်ကြကုန်၏။

ဟာရာဏသီမင်းသည် ဤမကောင်းမှုကံကိုပြု၍ အသက်၏အဆုံး၌ အဝီစိငရဲ၌ဖြစ်ပြီး၊ ဤမဟာပထဝီမြေကြီး တစ်ယူဇနာမျှ မြေသားတက်သည့်တိုင်အောင် ငရဲ၌ကျက်ခဲ့၍ မြို့တံခါးကြီးလေးပေါက်နှင့် တံခါးငယ်

တို့ကိုပိတ်ဆို့အပ်ခဲ့သည်၏ အဖြစ်ကြောင့် ထိုငရဲမှစုတေခဲ့သော် ယခင်မယ်တော်မိဖုရားကြီးဖြစ်ခဲ့ဖူးသော ထိုမိခင်၏ဝမ်း၌သာ ပဋိသန္ဓေယူ၍ ခုနစ်နှစ်၊ ခုနစ်လပတ်လုံး မိခင်ဝမ်းတွင်း၌ နေရပြီး ခုနစ်ရက်ပတ်လုံး ယောနိဝ၌ ကန့်လန့်အိပ်ခဲ့ရလေပြီ။

ရဟန်းတို့ ဤသို့လျှင်သီဝလိသည် ထိုအခါ၌မြို့ကိုပိတ်ဆို့၍သိမ်းယူအပ်သော အကုသိုလ်ကံကြောင့် မြေသားထုတစ်ယူဇနာ ခန့်တက်ရာ အချိန်ပတ်လုံး ငရဲ၌ကျက်ခဲ့၍ မြို့တံခါးငယ်လေးခုတို့ကို ပိတ်ဆို့ခဲ့သောကြောင့် ထိုငရဲမှစုတေကာ ထိုမိခင်၏ဝမ်း၌ပင် ပဋိသန္ဓေယူ၍ ခုနစ်နှစ်၊ခုနစ်လ၊ခုနစ်ရက်ပတ်လုံး အမိဝမ်း၌နေခဲ့ရပြီး လတ်ဆတ်သောပျားရည်ကို ပေးလှူခဲ့သောကြောင့် လာဘ်အထွဋ် အထိပ်၊အခြံအရံ ကျော်ဇောခြင်း၊ အထွဋ်အထိပ်သို့ရောက်သူဖြစ်လေ၏ဟု မိန့်တော်မူလေသည်။

တဖန်နောက်တစ်နေ့၌ ရဟန်းတို့သည် ရှားတောနေ သာမဏေရေဝတ၏ လာဘ်သည် အံ့ဩလောက်ပါပေ၏။ ကုသိုလ်ကောင်းမှုသည် အံ့ဩလောက်ပါပေ၏၊ တစ်ပါးတည်းသော ယင်းသာမဏေသည် ရဟန်းငါးရာတို့အဖို့ စုလစ်မွန်းချွန် အထွဋ်တတ်သော ကျောင်းငါးရာစသည်တို့ကို ပြုအပ်ကုန်၏ဟူသော စကားကို ဖြစ်ကြကုန်၏။

မြတ်စွာဘုရားကြွလာ၍ မေးတော်မူသဖြင့် အကြောင်းကို လျှောက်ထားအပ်သော် -

ရဟန်းတို့ငါဘုရား၏ သားတော်ရှင်ရေဝတအားကောင်းမှုလည်းမရှိ၊ မကောင်းမှုလည်းမရှိ၊ သားတော်ရှင်ရေဝတသည်ကောင်းမှု၊ မကောင်းမှု၊ နှစ်မျိုးလုံးကို ပယ်စွန့်အပ်ပြီဟု မိန့်တော်မူကာ ဗြာဟ္မဏဝတ်၌

> ယောဓပုညဉ္စ ပါပဉ္စ၊ ဥဘော သင်္ဂံ မုပစ္စဂါ၊
> အသောကံ ဝိရဇံ သုဒ္ဓံ ၊တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဟူသော ဤဂါထာကို ဟောတော်မူသည်။

ဤမ=ဤသာသနာတော်၌၊ ယော=အကြင်ပုဂ္ဂိုလ်သည်၊ ဥဘော=နှစ်မျိုး ကုန်သော၊ပုညဉ္စ=ကောင်းမှုကိုလည်းကောင်း၊ ပါပဉ္စ=မကောင်းမှုကိုလည်းကောင်း(ဆမေတွာ=စွန့်ပစ်၍) သင်္ဂံ- ရာဂအစရှိသော ကပ်ညိမှုကို၊ ဥပစ္စဂါ=လွန်မြောက် လေ၏။ အသောကံ = ဝဋ်၏အမြစ်အရင်းဖြစ်သော၊ စိုးရိမ်မှုသောကမရှိသော၊ ဝိရဇံ- ရာဂအစရှိသော မြူမရှိသော ၊သုဒ္ဓံ=ညစ်ညူးကြောင်း၊ ကိလေသာမရှိသဖြင့် စင်ကြယ်သော၊ တံ - ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ-မကောင်းမှုကိုအပ ပြုပြီးသောရဟန္တာ ဟု၊ အဟံ-ငါဘုရားသည်၊ဗြူမိ-ဟောတော်မူ၏။

**ရှားတောနေ ရေဝတ ဝတ္ထု ပြီး၏။**

# ၈။ သဟာသဝဂ်

## ၆၈။ ကြြင်စွယ်နီ လူသတ်ယောကျ်ားဝတ္ထု

ရာဇဂြိုဟ်ပြည်၌ လေးရာကိုးကျိပ်ကိုးယောက်ကုန်သော ခိုးသူခားပြတို့သည် ရွာကိုလုယက်ဖျက်ဆီးခြင်း စသည်တို့ကိုပြုကြလျက် အသက်မွေးနေထိုင်ကြသည်။ ထိုအချိန်တွင် တစ်ကိုယ်လုံးပျောက်ကျားသော၊ နီသောကြြင်စွယ်ရှိသော ယောကျ်ားတစ်ယောက်သည်၊ ထိုခိုးသူခားပြတို့ထံသွား၍ ငါလည်းသင်တို့နှင့်အတူ အသက်မွေးပါမည်ဟု ပြောဆို၏။

ထိုအခါ ကြြင်စွယ်နီယောကျ်ားကို ခိုးမှူးကြီးအားပြကြပြီး၊ ဤသူလည်းကျုပ်တို့ထံ၌ နေလိုသူဖြစ်ပါသည်ဟု ပြောဆို၏။

ထိုအခါ တမ္ဗဒါဌိက(ကြြင်စွယ်နီယောကျ်ား)ကို ခိုးမှူးကြီးသည် သေချာစွာကြည့်ရှုပြီး ဤသူသည် သူ့မိခင်၏ သားမြတ်ကိုဖြတ်၍သော်လည်းကောင်း၊ သူ့ဖခင်၏လည်ချောင်းသွေးကို ဖောက်ထုပ်၍သော်လည်းကောင်းစားနိုင်သောက်နိုင်စွမ်းရှိသော အလွန်ကြမ်းတမ်းသူတည်းဟု စဉ်းစား၍၊ ငါတို့ထံ၌ ထိုသူ၏နေဖို့ကိစ္စ မရှိဟုပယ်လေ၏။

တမ္ဗဒါဌိကသည် ဤသို့ပယ်အပ်သော်လည်းလာပြန်၍ ထိုခိုးမှူးကြီး၏ သားအတွင်းတပည့်တစ်ယောက်ကိုပြုစုလုပ်ကျွေးလျက် နှစ်သက်စေ၏။ အတွင်းတပည့်သည် တမ္ဗဒါဌိကကိုခေါ်၍ ခိုးမှူးကြီးထံချဉ်းကပ်ပြီး -

အရှင်ခိုးမှူးကြီး တမ္ဗဒါဌိကသည် လူကောင်းပါ၊ ကျွန်တော်တို့အား ကျေးဇူးများသူပါ၊ တမ္ဗဒါဌိကကိုချီးမြှောက်ကြပါဟု တောင်းပန်၍ ခိုးမှူးကြီးကိုလက်ခံစေ၏။

ထိုအချိန်မှ နောက်တစ်နေ့သည်၌ မြို့သူ၊ မြို့သားတို့သည်၊ မင်းချင်းယောကျ်ားတို့နှင့်အတူ တပေါင်းတည်းဖြစ်ကြပြီး ထိုခိုးသူ ခားပြတို့ကို ဖမ်းယူ၍ တရားသူကြီး အမတ်ထံပို့ကြ၏။

တရားသူကြီးအမတ်တို့သည် ပုဆိန်ဖြင့် ထိုခိုးသူခားပြတို့၏ ဦးခေါင်းကိုဖြတ်ခြင်းကို ခိုင်းစေကြကုန်၏။ ထိုသို့ခိုင်းစေသောကြောင့် အဘယ်သူသည် ဤခိုးသူခားပြတို့ကိုသတ်မည်နည်းဟု၊ သတ်မည့်သူကိုရှာဖွေကြသော်၊ထိုခိုးသူ ခားပြတို့ကိုသတ်လိုသူ တစ်ယောက်ကိုမျှမတွေ့မြင်ကြ၍ -

ခိုးမှူးကြီးကို သင်သည် ဤခိုးသူခားပြတို့ကိုသတ်ခဲ့သော် အသက်ရှင်ခြင်းကိုလည်း ရလိမ့်မည်၊ မင်း၏မြတ်နိုးခြင်းကိုလည်းရလိမ့်မည်၊ ဤခိုးသူခားပြတို့ကို သတ်လောဟုပြောဆိုကြသည်။

ခိုးမှူးကြီးသည်လည်း မိမိကိုမှီတွယ်၍ နေခဲ့သူများဖြစ်သောကြောင့် ထိုခိုးသူခားပြတို့အား မသတ်လိုချေ။ ဤနည်းဖြင့် လေးရာကိုးကျိပ်ကိုးယောက်သော ခိုးသူခားပြတို့ကိုမေးကြကုန်၏။ ထိုသူအားလုံးတို့သည်လည်း မသတ်လိုကြကုန်၊ အားလုံးတို့၏နောက်ဆုံး၌ ကိုယ်လုံးပျောက်ကျားနေသော ထိုတမ္ဗဒါဌိကကိုမေးကြကုန်၏။ တမ္ဗဒါဌိကသည် ကောင်းပြီဟုဝန်ခံ၍ ထိုခိုးသူခားပြအားလုံးကို သတ်ပြီးသော် အသက်ရှင်ခြင်းကိုလည်းရ၏၊ မင်း၏မြတ်နိုးခြင်းကိုလည်းရလေ၏။

ဤနည်းဖြင့် မြို့၏တောင်အရပ်မှလည်း ခိုးသူခားပြငါးရာတို့ကို ဖမ်းဆီးခေါ်ဆောင်၍ တရားသူကြီးအမတ်တို့အားပြကြသည်။ အမတ်တို့သည် ထိုခိုးသူခားပြတို့၏လည်း ဦးခေါင်းဖြတ်ခြင်းကို ခိုင်းစေအပ်သော်၊ ခိုးမှူးကြီးကိုအစပြု၍ မေးကြကုန်သည်ရှိသော် သတ်လိုသူတစ်ယောက်ကိုမျှ မမြင်

တွေ့ကြ၍၊ ရှေ့ဖြစ်သောနေ့၌ ယောကျ်ားတစ်ယောက်သည် ခိုးသူစားပြငါးရာတို့ကို သတ်ပစ်သည် အဘယ်မှာ နည်းဟု မေးလေသည်၊ ထိုယောကျ်ားအဘယ်မှာနည်းဟုမေးကြ၍ ထိုယောကျ်ားကို ဤမည်ရှိသောအရပ်၌ ကျွန်တော်တို့မြင်တွေ့အပ်ပါသည်ဟု ပြောဆိုအပ်လေသော်၊ထိုယောကျ်ားကိုခေါ်ခိုင်းပြီး ဤခိုးသူစားပြတို့ကို သတ်ပစ်ပါလော့။ မြတ်နိုးခြင်းကိုလည်း ရလိမ့်မည်ဟုခိုင်းစေကြကုန်၏။

တမ္ဗဒါဌိကက ထိုယောကျ်ားသည် ကောင်းပြီဟုဝန်ခံ၍ ထိုခိုးသူစားပြအားလုံးကိုလည်း သတ်ပစ်ပြီးသော် မြတ်နိုးခြင်းကိုရလေ၏။

ထိုအချိန်မှနောက်ကာလ၌ ဤယောကျ်ားသည် သူကောင်းဖြစ်သည်။ အမြဲမပြတ် ဤယောကျ်ားဖြင့် ခိုးသူစားပြသတ်ဖြတ်ခြင်းကို ပြုကြကုန်အံ့ဟုတိုင်ပင်ကြပြီး တမ္ဗဒါဌိကအား သူသတ်ရာထူးကိုပေးကုန်၍သာ မြတ်နိုးမှုကိုပြုကြကုန်၏။

တမ္ဗဒါဌိကသည် အနောက်အရပ်မှလည်းကောင်း၊ မြောက်အရပ်မှလည်းကောင်း၊ ခေါ်ဆောင် အပ်ကုန်သော ငါးရာကုန်သော ခိုးသူစားပြတို့ကိုသတ်ပစ်လေ၏။

ဤသို့လျှင် မြို့၏အရပ်လေးမျက်နှာတို့မှ ခေါ်ဆောင်အပ်ကုန်သော ခိုးသူစားပြနှစ်ထောင်တို့ကို သတ်ပစ်ပြီးချိန်မှစ၍ နေ့စဉ်နေ့တိုင်း တစ်ယောက်၊ နှစ်ယောက်ဖြင့်ခေါ်ဆောင်အပ်ကုန်သော ခိုးသူစားပြ လူဆိုးတို့ကိုသတ်၍ ငါးဆယ်ငါးနှစ်တို့ပတ်လုံး ခိုးသူသတ်အလုပ်ကိုလုပ်ကိုင်နေလေပြီ။

တမ္ဗဒါဌိကသည် အသက်ကြီးရင့်လာချိန်၌ တစ်ချက်တည်းဖြင့် ဦးခေါင်းကိုဖြတ်ရန် မစွမ်းနိုင်ချေ၊ နှစ်ကြိမ်၊ သုံးကြိမ်ဖြတ်လျက် လူတို့ကိုပင်ပန်းစေ၏။ မြို့သူမြို့သားတို့သည် အခြားလည်းဖြစ်သော ခိုးသူသတ် ယောကျ်ားသည်ပေါ်လာလိမ့်မည်။ ဤတမ္ဗဒါဌိကသည် လူဆိုးတို့ကို အလွန်ပင်ပန်းစေသည်။ ဤတမ္ဗဒါဌိက ဖြင့် ဘာအကျိုးရှိမည်နည်းဟု ကြံစည်ကြပြီး တမ္ဗဒါဌိက၏ ထိုခိုးသူသတ်ရာထူးကို ရုပ်သိမ်းလိုက်ကြကုန်၏။

တမ္ဗဒါဌိကသည် ရှေးအချိန်၌ ခိုးသူသတ်အလုပ်ကို လုပ်နေရ၍ အဝတ်သစ်တို့ကို ဝတ်ရုံခြင်းငှာ၊ ထောပတ်သစ်ဖြင့်စီရင်အပ်ကုန်သော နွားနို့ယာဂုကိုစားသောက်ခြင်းငှါ၊ မြတ်လေးပန်းတို့ကို ပန်ဆင်ခြင်းငှာ၊ နံ့သာတို့ကို လိမ်းကျံခြင်းငှာဟုဆိုအပ်ကုန်သော ဤလေးမျိုးတို့ကို မရနိုင်ချေ။

သူသည်ရာထူးမှ ရွှေ့လျောရာနေ့၌ ငါ့အဖို့နွားနို့နှင့်ကျိုသော ယာဂုကျိုကြဟုပြော၍ အဝတ်သစ် မြတ်လေးပန်းနှင့် လိမ်းကျံစရာနံ့သာတို့ကိုယူစေ၍ မြစ်ဆိပ်သို့ သွားရေချိုး၊ အဝတ်သစ်တို့ကိုဝတ်၊ မြတ်လေးပန်းတို့ကို ပန်ဆင်၊ နံ့သာတို့ဖြင့် ကိုယ်ကိုလိမ်းကျံ၍ အိမ်သို့ပြန်လာပြီးထိုင်နေလေ၏။

ထိုအချိန်ခါတွင် တမ္ဗဒါဌိက၏ရှေ့၌ ထောပတ်သစ်ဖြင့်စီရင်အပ်သော နို့ယာဂုကိုထား၍ လက်ဆေး ရေကိုယူခဲ့ကြကုန်၏။ ထိုခဏ၌ သာရိပုတ္တထေရ်သည် သမာပတ်မှထ၍ ငါသည်ယနေ့ ယခုဘယ်အရပ်သို့ သွားသင့်သနည်းဟု မိမိ၏ဆွမ်းခံရမည့်အရပ်ကိုကြည့်တော်မူလတ်သော် တမ္ဗဒါဌိကယောကျ်ားသည် ငါ့ အားချီးမြှောက်မှုကို ပြုနိုင်မည်လောဟု စူးစမ်းဆင်ခြင်လတ်သော် ငါ့ကိုမြင်လတ်သော် ငါ့ကိုမြင်လျှင် ငါ့အားချီးမြှောက်မှုကိုပြုလတ္တံ့၊ ချီးမြှောက်မှုပြုပြီးသော်ကား၊ ကြီးကျယ်သောစည်းစိမ်ချမ်းသာကို ရလိမ့်မည်ဟု သိမြင်တော်မူ၍ သင်္ကန်းကိုရုံ သပိတ်ကိုကိုင်ပြီး တမ္ဗဒါဌိက၏ အိမ်ဝင်းတံခါး၌ ရပ်တည်နေသော ကိုယ်ကို ပြလေ၏။

တမ္ဗဒါဌိကသည် သာရိပုတ္တထေရ်ကိုမြင်လျှင် ကြည်လင်သောစိတ်ရှိ၍ ကြံစည်လေ၏။

ငါသည်နှစ်ပရိစ္ဆေကြာမြင့်စွာ သူသတ်အလုပ်ကိုလုပ်အပ်ပြီ၊ များစွာသော လူတို့ကိုသတ်အပ်ပြီ ယနေ့ယခုငါ၏အိမ်၌ နို့ယာဂုကိုစီစဉ်ထားအပ်၏။ သာရိပုတ္တထေရ်သည် ကြွလာပြီးငါ၏အိမ်တံခါးဝ၌

ရပ်နေတော်မူသည်၊ ယခုငါသည် အရှင်မြတ်အားလှူဖွယ်ဝတ္ထုကို ပေးလှူသင့်သည်ဟု ကြံစည်ပြီး မိမိရှေ့၌ ချထားအပ်သော နို့ယာဂုကို ဖယ်ထားခဲ့၍ သာရိပုတ္တထံချဉ်းကပ်ရှိခိုးပြီး အိမ်တွင်း၌ သီတင်းသုံးနေထိုင်စေကာ မထေရ်၏သပိတ်၌ နို့ယာဂုကိုထည့်၍ ထောပတ်သစ်ကိုသွန်ထည့်ပြီး မထေရ်ကိုရှိခိုးလျက်တည်နေလေ၏။

ထိုအချိန်တွင် တမ္ဗဒါဌိက၏ရှည်ကြာစွာသော နေ့ညဉ့်ကာလပတ်လုံး မရအပ်ဖူးသောကြောင့် နို့ယာဂုကို သောက်ခြင်းငှာ ကြီးသောအလိုဆန္ဒသည် ဖြစ်နေလေ၏။

သာရိပုတ္တထေရ်သည် တမ္ဗဒါဌိက၏အလိုဆန္ဒကိုသိ၍ ဥပသကါ၊ သင်သည် သင်၏ယာဂုကို သောက်ပါဟု မိန့်တော်မူသည်။

တမ္ဗဒါဌိကသည် အခြားလူ၏လက်၌ယပ်ဝန်းကိုပေး၍ယာဂုကို သောက်လေ၏။ သာရိပုတ္တထေရ်သည် ယပ်ခပ်နေသော ယောကျ်ားကိုသင်သွားပါ၊ တမ္ဗ ဒါဌိက ဥပါသကာကိုသာ ယပ်ခပ်ပေးပါဟု မိန့်တော်မူ၏။

တမ္ဗဒါဌိကသည် ယပ်ခပ်ခံလျက်ဝမ်းပြည့်အောင်ယာဂုကိုသောက်၍လာပြီး မထေရ်ကိုယပ်ခပ်ပြီးသော် ဆွမ်းကိစ္စပြုပြီးသော မထေရ်၏သပိတ်ကိုကိုင်ယူလေ၏။

မထေရ်သည် တမ္ဗဒါဌိက အားဝမ်းမြောက်ကြောင်း အနုမောဒနာတရားကိုစ၍ ဟောလေ၏။ တမ္ဗဒါဌိကသည် သူ၏စိတ်ကိုမထေရ်၏ ဓမ္မဒေသနာတော်သို့ အစဉ်လိုက်အောင်ပြုခြင်းငှါ မစွမ်းနိုင်လေ၊ မထေရ်သည် မှတ်သား၍ ဥပါသကာ အဘယ့်ကြောင့်သင်၏စိတ်ကို ဒေသနာသို့အစဉ်လိုက်အောင်ပြုခြင်း ငှာမတတ်နိုင်ရသနည်းဟု မေးတော်မူ၏။

အရှင်ဘုရား တပည့်တော်သည် ရှည်လျားလှသော နေ့ညဉ့်ပတ်လုံး ကြမ်းတမ်းသောအလုပ်ကို လုပ်အပ်ပါပြီ၊ များစွာသောလူတို့ကို သတ်အပ်ပါကုန်ပြီ၊ တပည့်တော်သည် တပည့်တော်၏ထိုအလုပ်ကို အမှတ်ရအောက်မေ့လျက် စိတ်ကိုအရှင်ဘုရား၏ ဒေသနာတော်သို့အစဉ်လိုက်အောင် ပြုခြင်းငှာမတတ်နိုင်ပါ ဘုရားဟု လျှောက်ထားလေ၏။

ရှင်သာရိပုတ္တထေရ်သည် တမ္ဗဒါဌိကကို ငါလှည့်စားဦးမည်ဟုကြံစည်၍ အို-တမ္ဗဒါဌိက အဘယ်သို့နည်း၊ သင်သည် သင်၏အလိုဖြင့်ပြုခဲ့သလော၊ သူတစ်ပါးတို့ အပြုခိုင်း၍ ပြုခဲ့သလောဟု မေးတော်မူလေ၏။ အရှင်ဘုရား တပည့်တော်ကို မင်းသည်ပြုခိုင်းပါသည်ဟု လျှောက်ထား၏။ အို-ဥပါသကာ အဘယ်သို့နည်း၊ ပြုခိုင်း၍ပြုခဲ့သော် သင်၏အကုသိုလ် ဖြစ်လေသလောဟု မိန့်တော်မူ၏။

တမ္ဗဒါဌိကဥပသပကါသည် နုံသောစာတ်ခံရှိသူဖြစ်၍ သာရိပုတ္တထေရ်သည် ဤသို့မိန့်အပ်သော် ငါ့အားအကုသိုလ်မရှိဟူသောအမှတ်ရှိပြီး အရှင်ဘုရား-ထိုသို့ဖြစ်လျှင် တရားဟောတော်မူပါဟု လျှောက်ထားလေ၏။

တမ္ဗဒါဌိကသည် အရှင်သာရိပုတ္တသည် အနုမောဒနာကိုပြုတော်မူစဉ် တည်ကြည် သောစိတ်ရှိသည် ဖြစ်၍၊ တရားကိုနာယူလျက် သောတာပတ္တိမဂ်၏ရှေ့အဖို့ အတွင်းဘက်၌ဖြစ်သော အနုလောမိကခန္တီ ဝိပဿနာဉာဏ်ကို ဖြစ်စေလေပြီ၊ ရှင်သာရိပုတ္တထေရ်သည်လည်း အနုမောဒနာကိုပြု၍ တမ္ဗဒါဌိကနေအိမ်မှဖယ်ခွာကြွတော်မူလေ၏။

သာရိပုတ္တထေရ်ကို လိုက်ပို့ပြီး ပြန်လှည့်လာသော တမ္ဗဒါဌိကဥပါသကာကို ဘီလူးမတစ်ယောက်သည် နွားမအသွင်ဖြင့် ရင်၌တိုးဝှေ့၍ သေစေလေ၏။တမ္ဗဒါဌိကသည် ကွယ်လွန်ပြီး တုသိတာနတ်ပြည်၌ ဖြစ်လေ၏။

ရဟန်းတို့သည် ဓမ္မသဘင်၌ ခိုးသူသတ်ယောကျ်ား တမ္ဗဒါဌိကသည် ငါးဆယ်ငါးနှစ်တို့ပတ်လုံး

ကြမ်းတမ်းသောအလုပ်ကိုလုပ်ခဲ့ပြီး ယနေ့ပင် ထိုအလုပ်မှလွတ်မြောက်ခဲ့၏။ ယနေ့ပင်သာရိပုတ္တထေရ်အား ဆွမ်းလှူ၍ ယနေ့ ပင်ကွယ်လွန်လေပြီ။ အဘယ်ဘဝဘုံ၌ာနၵ ဖြစ်လေသနည်းဟူသောစကားကို ပြောဆိုကြကုန်၏။

မြတ်စွာဘုရားကြွလာ၍ မေးတော်မူသဖြင့် ရဟန်းတို့က လျှောက်ထားအပ်လေသော်၊ ရဟန်းတို့ တမ္ဗဒါဌိကသည် တုသိတာနတ်ပြည်၌ ဖြစ်လေပြီဟု မိန့်တော်မူ၏။

မြတ်စွာဘုရား-အဘယ်သို့ မိန့်တော်မူကြပါသနည်း။ ဤမျှလောက်သော ကာလပတ်လုံး ဤမျှလောက်သောလူတိုကို သတ်ခဲ့ပြီး တုသိတာနတ်ပြည်၌ ဖြစ်ပါလေရော့လားဟု လျှောက်ထားကြကုန်၏။ ရဟန်းတို့ တမ္ဗဒါဌိကတုသိတာ နတ်ဘုံ၌ဖြစ်သည်မှာ ဟုတ်မှန်ပေ၏။တမ္ဗဒါဌိကသည် ကြီးလှသောကလျာဏ မိတ်ကို ရအပ်သူဖြစ်၏။ သူသည် သာရိပုတ္တ၏ ဓမ္မဒေသနာကို နာကြား၍ အနုလောမ ဝိပဿနာ ဉာဏ်ကို ဖြစ်စေပြီး ဤလူဘုံမှကွယ်လွန်သော် တုသိတာနတ်ဘုံ၌ဖြစ်လေ၏ဟု မိန့်တော်မူပြီး -

သုဘာသိတံ သုဏိတွာန၊ နဂရေ စောရဃာတကော။
အနုလောမ ခန္တိံ လဒ္ဓါန၊ မောဒတိ တိဒိဝံ ဂတော၊

ဟူသော ဤဂါထာကိုဟောတော်မူ၏။

နဂရေ-ရာဇဂြိုဟ်မြို့၌၊ စောရဃာ တကော- ခိုးသူသတ်ယောကျ်ား တမ္ဗ ဒါဌိကသည်၊ သုဘာသိတံ-သာရိပုတ္တထေရ်သည် ကောင်းစွာဟော ပြအပ်သော အနုမောဒနာ တရားတော်ကို၊ သုဏိတွာန-နာကြားရ၍၊ ဝါ-နာကြားရသောကြောင့်၊ အနုလောမခန္တိံ - သောတာပတ္တိမဂ်၏အတွင်းဘက်၌ဖြစ်သော၊ အနုလောမခန္တီ ခေါ်သောဝိပဿတနာဉာဏ်ကို၊ လဒ္ဓါန-ရ၍၊ ရသောကြောင့်၊ တိဒိဝံ- တုသိတာနတ်ပြည်သို့၊ ဂတော- လားရောက်သည်၊(ဟုတ္ဂာ-ဖြစ်၍) မောဒတိ-ဝမ်းမြောက်နေလေ၏။

မြတ်စွာဘုရား-အနုမောဒနာတရားမည်သည်မှာ အားမကောင်းပါ။ တမ္ဗဒါဌိကသည် ပြုအပ်သော အကုသိုလ်ကံသည် အလွန်ကြီးမားပါသည်၊ ဤမျှလောက်တရားနာယူရုံဖြင့် အဘယ်သို့ဝိပဿနာတရား အထူးကိုဖြစ်စေပါ သနည်းဟု မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ အသို့နည်း ငါဘုရားဟောအပ်သော တရား၏ အနည်းငယ်ဟူ၍ လည်းကောင်း၊ အများဟူ၍ လည်ကောင်း၊ အတိုင်းအတာပမာဏကိုမယူကြကုန်လင့်၊ မှန်လှပေ၏။ စကားတစ်ခွန်းပင်ဖြစ်သော်လည်း အကျိုးစီးပွား၌မှီခဲ့သော် မြတ်သည်သာတည်းဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုရကား -

သဟဿမပိ စေ ဝါစာ ၊ အနတ္ထပဒ သံဟိတာ။
ဧ် အတ္ထပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

ဟူသော ဤဂါထာကို ဟောတော်မူသည်။

ဝါစာ-စကားသည်၊ သဟဿံ-သဟဿေန- အထောင်သောပုဒ်ဖြင့်၊ (ပရိစ္ဆိန္နာ-ပိုင်းခြားအပ်သည်) စေအပိဟောတိ-ဖြစ်စေကာမူ၊အနတ္ထပဒသံဟိတာ- အကျိုးမရှိသောကောင်းကင်ကို ချီးမွမ်းခြင်း တော၊တောင် စသည်တို့ကိုချီးမွမ်း ခြင်းတို့ကို ဖော်ပြကုန်သော ထွက်မြောက်ကြောင်းမဟုတ်သည်ကို ထွန်းပြကုန် သော အကျိုးမရှိသောပုဒ်တို့နှင့် စပ်ယှဉ်သည်၊ သမာနာ-ဖြစ်လတ်သော်၊ ပါပိကာ ဧဝ-ယုတ်ညံ့သည်သာတည်း၊ ယံ-အကြင်ပုဒ်ကို၊ သုတွာ-ကြားနာရလေသော်၊ ဥပသမ္မတိ-ရာဂအစရှိသော ပူပန်မှုငြိမ်းလေ၏။ ဧကံ-တစ်ခုသော၊ တံအတ္ထပဒံ- ဤသည်ကားကာယ ၊ဤသည်ကား ကာယသဂတာသတိ၊ဤသည်ကားဝိဇ္ဇာ သုံးပါး

တို့သို့ဆိုက်ရောက်သည်။ မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်ကို ပြုအပ်သည်အစရှိသော အကျိုးကိုပြီး စေတတ်သော နိဗ္ဗာန်နှင့်စပ်ယှဉ်သော ခန္ဓာစသည်ကို ပြတတ်သောပုဒ်သည်၊ သေယျော-သေယျော ဇဝ-မြတ်သည်သာတည်း။

ဒေသနာတော်၏အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ကြင်စွယ်နီ လူသတ်ယောကျ်ား ဝတ္ထု ပြီး၏။

## ၆၉။ ဗာဟိယ ဒါရု စီရိယထေရ်ဝတ္ထု

တစ်ခုသော အချိန်၌ များစွာသောလူတို့သည် လှေဖြင့် မဟာသမုဒ္ဒရာအတွင်းသို့ သွားကြလေကုန်ရာ မဟာသမုဒ္ဒရာအတွင်း၌ လှေကွဲပျက်ခြင်းကြောင့် ငါးလိပ်တို့၏ အစာဖြစ်ကြလေကုန်၏။

ထိုလူများစွာတို့တွင် တစ်ယောက်သောလူသည်သာ ပျဉ်ချပ်တစ်ချပ်ကို ကိုင်တွယ်လျက် လှိုင်းလထုတ်ကူးခပ်သူဖြစ်၍ သုပ္ပါရကသင်္ဘောဆိပ်ကမ်းသို့ သက်ဆင်းမိလေ၏။ ထိုလူ၏ ခါးဝတ်အထည်နှင့် ကိုယ်ရုံအဝတ်အထည်သည် မရှိတော့ချေ။

ထိုလူသည် ဝတ်ရုံစရာ အခြားပစ္စည်းတစ်စုံတစ်ခုကို မမြင်မတွေ့ရ၍ သစ်သားခြောက်ဒုတ်တံတို့ကို လျှော်မျှင်တို့ဖြင့် ရစ်သီ၍ ဝတ်ရုံခြင်းကိုပြု၍ နတ်စင်မှ အိုးကိုကိုင်၍ သုပ္ပါရကဆိပ်ကမ်းရွာသို့သွားလေ၏။

လူတို့သည် ထိုလူကို တွေ့မြင်ကြသော် ယာဂုထမင်းစသည်တို့ကို ပေးကမ်းကြပြီး ဤပုဂ္ဂိုလ်သည် ရဟန္တာတစ်ဆူဖြစ်သည်ဟု ချီးမွမ်းကြကုန်၏။ ထိုလူသည် အဝတ်အထည်တို့ကို ကပ်ဆောင်အပ်ကုန်သော် (ပေးအပ်ကုန်သော်) ငါသည် အကယ်၍ အဝတ်အထည်ကို ဝတ်ရုံသည်ဖြစ်အံ့၊ ငါ၏ လာဘသက္ကာရ သည် ဆုတ်ယုတ်သွားလိမ့်မည်ဟု ထိုအဝတ်တို့ကို တားမြစ်ဖယ်ရှားပြီး၊ သစ်ခြောက်စီ အဝတ်တို့ကိုသာ ဝတ်ရုံသုံးစွဲလေ၏။ ထိုအချိန်၌ လူများစွာတို့က ရဟန္တာ၊ ရဟန္တာဟု ပြောဆိုခံရသော ထိုလူ၏ ဤသို့သော စိတ်အကြံအစည်သည် ဖြစ်ပေါ်လာလေ၏။

လောက၌ အကြင်သူသည် ရဟန္တာနှင့် အရဟတ္တမဂ်သို့ရောက်သူတို့ဖြစ်ကုန်၏။ ငါသည် ထိုသူတို့တွင် တစ်ယောက်အပါအဝင်ဖြစ်၏ဟု စိတ်အကြံအစည်ဖြစ်ပေါ်လေ၏။

ထိုအချိန်တွင် ထိုသူ၏ ရှေးကသားချင်းတော်စပ်ခဲ့ဘူးသော ဗြဟ္မာသည် ဤသို့ စဉ်းစားမိလေ၏။ ရှေးကသားချင်းတော်စပ်ခဲ့ဘူးသော ဗြဟ္မာသည် ရှေးကအတူတကွ ရဟန်းတရားကို အားထုတ်ဖူးသူဖြစ်သည်။

အကျယ်ကို ဆိုဦးအံ့၊ ရှေးအခါ ကဿပမြတ်စွာဘုရား သာသနာဆုတ်ယုတ်ချိန်၌ သာမဏေအစ ရှိသူတို့၏ ဖောက်ပြန်သောအမူအရာကို တွေ့မြင်ကြ၍ ရဟန်းခုနစ်ပါးတို့သည် ထိတ်လန့်မှု သံဝေဂသို့ ရောက်ကြ၍ သာသနာတော် မကွယ်ပျောက်မီ မိမိတို့၏ ထောက်တည်ရာကို ပြုကုန်အံ့ဟု ကဿပမြတ်စွာ ဘုရား၏ ရွှေစေတီကို ရှိခိုးခဲ့ကြပြီး၊ တောတွင်းသို့ဝင်ရောက်ကြကုန်သော် တောင်တစ်လုံးကို မြင်တွေ့ကြ၍ မိမိအသက်၌ တွယ်တာသူတို့သည် ပြန်ဆုတ်သွားကြကုန်လော့၊ မိမိအသက်၌ မတွယ်တာသူတို့သည် ဤတော်ပေါ်သို့တက်ကြကုန်လောဟု ပြောဆိုကြပြီး လှေခါးချည်၍ ရဟန်းခုနစ်ပါးလုံးတောင်ပေါ်သို့တက်၍ လှေကားကို တွန်းချလိုက်ကြပြီး ရဟန်းတရားကို အားထုတ်ကြကုန်၏။

ထိုရဟန်းခုနစ်ပါးတို့တွင် သံဃာထေရ်သည် တစ်ညဉ့်ကျော်လွန်သဖြင့်သာ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုသံဃာထေရ်သည် အနောတတ်ရေအိုင်၌ ကွမ်းရိုးဒါန်ပူကို ခဲစားပြီး မြောက်ကျွန်းမှ ဆွမ်းကို ယူဆောင်ခဲ့၍ ထိုရဟန်းတို့ကို ငါ့ရှင်တို့ ဤဒန်ပူကို ခဲစားကြပြီး ခံတွင်းကိုသုတ်သင်၍ ဤဆွမ်းကို ဘုဉ်းပေးကြပါဟု ပြောဆို၏။ အရှင်ဘုရားအသို့နည်း၊ အကြင်ရဟန်းသည် ရှေးဦးစွာ အရဟတ္တဖိုလ်သို့ရောက်၏။ ထိုရဟန်းသည် ယူဆောင်အပ်သော ဆွမ်းကို ကျန်ရဟန်းတို့သည် သုံးဆောင်ကြရမည်ဟု တပည့်တော်တို့သည် ဤကတိကဝတ်ကို ပြုအပ်ခဲ့ပါသလောဟု မေးကြသည်၊ ငါ့ရှင်တို့ ထိုသို့သော ကတိကဝတ်ကို မပြုခဲ့ပါဟု ပြန်ပြောသည်။

ထိုသို့ဖြစ်မူ တပည့်တော်တို့လည်း အရှင်ဘုရားတို့ကဲ့သို့ တရားထူးကို ဖြစ်စေနိုင်ခဲ့ကြသော် ဆွမ်းကို ကိုယ်တိုင်ယူဆောင်၍ သုံးဆောင်ကြပါမည်ဟု ပြောဆိုကြလျက်ယူခဲ့သော ဆွမ်းကို သုံးဆောင်ခြင်းငှာ အလိုမရှိကြကုန်။

ဒုတိယနေ့၌ ဒုတိယထေရ်သည် အနာဂါမိဖိုလ်သို့ရောက်လေ၏။ ထိုဒုတိယထေရ်သည်လည်း မဟာထေရ်နှင့်အတူသာ ဆွမ်းကိုဆောင်၍ အခြားရဟန်းတို့ကို ဆွမ်းဖြင့် ဖိတ်မန်လေ၏။ ထိုရဟန်းတို့သည်,

အရှင်ဘုရား အသို့ပါနည်း၊ မဟာထေရ်သည် ဆောင်အပ်သောဆွမ်းကို မသုံးဆောင်ကြမူ၍ အနုထေရ်သည် ဆောင်အပ်သောဆွမ်းကို သုံးဆောင်ကြမည်ဟူ၍ ကတိကဝတ်ကို တပည့်တော်တို့ ပြုအပ်ခဲ့ပါသလောဟု မေးကြသည်။

ငါ့ရှင်တို့ ဤသို့သော ကတိကဝတ်ကို ငါတို့မပြုခဲ့ဟု ပြန်ပြော၏။

ဤသို့ မပြုအပ်သည်ဖြစ်ခဲ့သော် အရှင်ဘုရားတို့ကဲ့သို့ တပည့်တော်တို့လည်း တရားထူးကို ဖြစ်စေ၍ မိမိတို့ယောက်ျားစွမ်းအားဖြင့် သုံးဆောင်ရန်စွမ်းနိုင်သော် သုံးဆောင်ကြပါမည်ဟု ပြောဆိုကြပြီး အနုထေရ် ဆောင်အပ်သော ဆွမ်းကို သုံးဆောင်ခြင်းငှာ အလိုမရှိကြကုန်။

ထိုရဟန်းခုနစ်ပါးတို့တွင် အရဟတ္တဖိုလ်သို့ရောက်သော ရဟန်းသည် ပရိနိဗ္ဗာန်ပြုလေပြီ၊ အနာဂါမ် ရဟန်းသည် သုဒ္ဓါဝါသဗြဟ္မာဘုံ၌ ဖြစ်လေသည်။

ထိုနှစ်ပါးမှ တပါးကုန်သောထေရ်ငါးပါးတို့သည် တရားထူးကိုဖြစ်စေခြင်းငှာ မစွမ်းနိုင်ကြ၍ သွေးသားခြောက်ခန်းပြီး ကွယ်လွန်ကြပြီး နတ်ပြည်၌ဖြစ်ကြကာ မြတ်စွာဘုရားပွင့်ရာအချိန်၌ နတ်ပြည်မှ စုတေကြပြီး ထိုထို အမျိုးအိမ်တို့၌ ဖြစ်ကြကုန်၏။

ထိုငါးယောက်တို့တွင် တစ်ယောက်သည် ပုက္ကုသာတိမင်းဖြစ်လေ၏။

တစ်ယောက်သည် ကုမာရ ကဿပဖြစ်လေ၏။

တစ်ယောက်သည် ဗာဟိယဒါရုစီရိယဖြစ်လေ၏။

တစ်ယောက်သည် မလ္လာမင်း၏သား ဒဗ္ဗဖြစ်လေ၏။

တစ်ယောက်သည် သဘိယ ပရိဗိုဇ်ဖြစ်လေ၏။

ဆိုခဲ့ပြီးသော ရဟန်းခုနစ်ပါးတို့တွင် ဗြဟ္မာဘုံ၌ ဖြစ်သော ရဟန်းကို ရည်ရွယ်၍ ရှေး၌ သားချင်း တော်စပ်ခဲ့သော ဗြဟ္မာဟူသောစကားကိုဆိုအပ်ပေ၏။

အကျယ်ချဲ့ဆိုဦးအံ့ - ထိုဗြဟ္မာ၏ ဤသို့သော အကြံအစည်ဖြစ်လေ၏။

ဤဗာဟိယသည် ငါနှင့်အတူ လှေကားကိုချည်၍ တောင်ပေါ်သို့တက်ပြီး ရဟန်းတရားကို အားထုတ် ခဲ့၏။ ယခုအချိန်၌ ဤအယူကိုယူ၍ လှည့်လည်နေထိုင်ခဲ့သော် ပျက်စီးလေရာ၏။ ဗာဟိယကို ထိတ်လန့် တုန်လှုပ်စေအံ့ဟူသော အကြံအစည်ဖြစ်လေ၏။

ထိုသို့ဖြစ်ပြီးနောက် ဗာဟိယထံ ချဉ်းကပ်၍ ဤ - ဗာဟိယ သင်သည် ရဟန္တာမဟုတ်သူသာဖြစ်၏။ အရဟတ္တမဂ်သို့ရောက်သူလည်း မဟုတ်၊ အကြင်သို့သော အကျင့်ဖြင့် သင်သည်ရဟန္တာသော်လည်းဖြစ်ရာ၏။ အရဟတ္တမဂ်သို့ ရောက်သူသော်လည်းဖြစ်ရာ၏။ ရဟန္တာဖြစ်ကြောင်း အရဟတ္တမဂ်သို့ရောက်ကြောင်း ဖြစ်သော ထိုအကျင့်သည် သင့်အားမရှိဟု ပြောလေ၏။

ဗာဟိယသည် ကောင်းကင်၌ ရပ်တည်၍ ပြောနေသော ဗြဟ္မာကြီးကို မော့ကြည့်ပြီး -

အံ့ဩဖွယ်ကောင်းပါပေစွ၊ ငါသည် ဝန်လေးသော အလုပ်ကို လုပ်အပ်ပြီ၊ ငါသည် ရဟန္တာဖြစ်သူဟု

အကြံဖြစ်ခဲ့ပြီ၊ ဤပြဟ္မာသည်လည်း ငါ့ကို သင်သည် ရဟန္တာမဟုတ်၊ အရဟတ္တမဂ်သို့ရောက်သူလည်း မဟုတ်ဟုပြောလေ၏။ လောက၌ ငါမှတစ်ပါး အခြားသော ရဟန္တာသည် ရှိလေသလောဟု အကြံဖြစ်လေ၏။

ထိုသို့ဖြစ်ပြီးနောက် ထိုပြဟ္မာကို အို - ပြဟ္မာ ယခုအချိန်တွင် ရဟန္တာသည်သော်လည်းကောင်း၊ အရဟတ္တမဂ်သို့ ရောက်သောသူသည်သော်လည်းကောင်း၊ ရှိသလောဟုမေးလေ၏။

ထိုအခါ ဗာဟိယအား ပြဟ္မာသည် အို - ဗာဟိယအထက်ဖြစ်သော ဇနပုဒ်တို့တွင် သာဝတ္ထိမည်သော မြို့သည်ရှိလေ၏။ ထိုမြို့၌ ကိလေသာဟူသော ရန်သူတို့ကို သတ်ပယ်ပြီးသော ကိုယ်တိုင်မဖောက်မပြန် အမှန်အတိုင်း သစ္စာတရားတို့ကို ထိုးထွင်းသိမြင်ပြီးသော ထိုမြတ်စွာဘုရားသည် ယခုသီတင်း သုံးနေတော်မူသည်။ အို - ဗာဟိယထို မြတ်စွာဘုရားသည် စင်စစ်ရဟန္တာလည်းဖြစ်၏။ ရဟန္တာဖြစ်ရန် တရားကိုလည်း ဟောနေတော်မူ၏ဟု ပြောလေ၏။

ဗာဟိယသည် ညဉ့်အဖို့၌ ပြဟ္မာ၏ စကားကို ကြားရပြီး ထိတ်လန့်တုန်လှုပ်သော စိတ်နှလုံးရှိ သည်ဖြစ်၍ ထိုခဏ၌ပင် သုပ္ပါရကရွာအနီးမှ ထွက်ခဲ့၍ တစ်ညဉ့်နေခြင်းဖြင့် သာဝတ္ထိမြို့သို့သွားလေ၏။ ယုဇနာတစ်ရာနှစ်ဆယ်ရှိသော ခရီးအားလုံးကို တစ်ညဉ့်နေခြင်းဖြင့်သာ အရောက်သွားလေ၏။ အထူးအားဖြင့် သွားနေစဉ် ပြဟ္မာ၏ တန်ခိုးအာနုဘော်ဖြင့် သွားသူဖြစ်၏။ ဘုရား၏ တန်ခိုးအာနုဘော်ဖြင့် သွားသူဖြစ်၏ ဟုလည်း ဆိုကြကုန်၏။

ဗာဟိယ၏ သာဝတ္ထိမြို့သို့ရောက်လေရာ ထိုခဏ၌ မြတ်စွာဘုရားသည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံ ဝင်နေတော်မူသည်။

ဗာဟိယသည် နံနက်အချိန်ဆွမ်းစားပြီးကုန်သော ခန္ဓာကိုယ်၏ ပျင်းရိပြီး ငြီးငွေ့ခြင်းမှကင်းလွတ်ခြင်း အကျိုးငှာ လွင်တီးခေါင်အရပ်၌ စင်္ကြံသွားနေကုန်သော များစွာသော ရဟန်းတို့ကို မြတ်စွာဘုရားသည် ယခုအဘယ်မှာရှိသနည်း ဟုမေးလေ၏။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်နေတော်မူ သည်ဟု ရဟန်းတို့ကပြောပြီး ဗာဟိယကို သင်သည်ကား အဘယ်အရပ်မှ လာသနည်းဟု မေးကြကုန်၏။

တပည့်တော် သုပ္ပါရက သင်္ဘောဆိပ်ရွာမှလာခဲ့ပါသည်။

ဘယ်အချိန်မှ ထွက်လာခဲ့သနည်း။

ယမန်နေ့ညဉ့်အချိန်၌ ထွက်လာခဲ့ပါသည်။

သင်သည် ခရီးဝေးမှ လာသူဖြစ်သည်။ ထိုင်ပါဦး၊ သင်၏ ခြေတို့ကို ရေဆေး၍ ဆီဖြင့်လိမ်းပြီး အချိန်အနည်းငယ်ပင်ပန်းဖြေပါဦး၊ ကြွလာချိန်၌ မြတ်စွာဘုရားကို ဖူးမြင်ရပါလိမ့်မည်။

အရှင်ဘုရားတို့ တပည့်တော်သည် မြတ်စွာဘုရား၏ အသက်အန္တရာယ် ကိုသော်လည်းကောင်း၊ တပည့်တော်၏အသက်အန္တရာယ်ကိုသော်လည်းကောင်း မသိပါ၊တစ်စုံတစ်ခုသော အရပ်၌ မရပ်ခဲ့မူ၍ (မထိုင်ခဲ့မူ၍)(မရပ်ခဲ့ဘဲ) (မထိုင်ခဲ့ဘဲ) ယူဇနာတစ်ရာနှစ်ဆယ်ရှိသော ခရီးကို တညဉ့်တည်းဖြင့်သာ လာခဲ့သူ ဖြစ်ပါ၏။ မြတ်စွာဘုရားကို ဖူးမြော်၍သာ အပန်းဖြေပါတော့မည်ဟု ပြောဆိုလေ၏။

ဗာဟိယသည် ဤသို့ပြောဆိုပြီး လျင်မြန်သော သဘောရှိသည်ဖြစ်၍ သာဝတ္ထိမြို့တွင်းသို့ဝင်၍ တိုင်းတာဖွယ်၊ နှိုင်းယှဉ်ဖွယ်မရှိသော မြတ်စွာ ဘုရားကို မြင်ရလေသော် ငါသည် အလွန်ကြာမြင့်မှ ဂေါတမ သမ္မာသမ္ဗုဒ္ဓကို ဖူးမြင်အပ်လေစွတကားဟု မြင်ရာအရပ်မှစ၍ ကိုင်းညွတ်သော ကိုယ်ရှိလျက်သွား၍ ဆွမ်းခံ လမ်းအလယ်၌ပင်လျှင် ထိခြင်းငါးပါးရှိသော ရှိခိုးခြင်းဖြင့် ရှိခိုး၍ မြတ်စွာဘုရား၏ ဖမျက်တော်တို့၌ မြဲမြန်စွာကိုင်ပြီး -

မြတ်စွာဘုရား, မြတ်စွာဘုရားသည် တပည့်တော်အား တရားဟောတော် မူပါ၊ ကောင်းမြတ်သော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တပည့်တော်အား တရားဟောတော်မူပါ၊ ယင်းတရားတော်သည် တပည့်တော်၏ ရှည်လျားစွာသော နေ့ညဥ့်ပတ်လုံးစီးပွားချမ်းသာ အလို့ငှာ ဖြစ်ရာပါ၏ဟု လျှောက်ထားလေ၏။

ထိုသို့လျှောက်ထားသောအခါ ဗာဟိယကို မြတ်စွာဘုရားသည် အို ဗာဟိယ တရားဟောရန် အချိန်မဟုတ်သေး၊ ငါတို့သည် အိမ်အကြား၌ ဆွမ်းခံဝင်ဆဲ ဖြစ်ကုန်၏ ဟုတားမြစ်တော်မူသည်။

ဗာဟိယသည် ထိုစကားကိုကြားရ၍ မြတ်စွာဘုရား သံသရာ၌ ကျင်လည် သူသည်က ဗလီကာရ အာဟာရကို မရဘူး သူမဟုတ်ပါ၊ အရှင်ဘုရားတို့၏ အသက် အန္တရာယ်ကိုသော်လည်းကောင်း၊ တပည့်တော် အသက်အန္တရာယ်ကိုသော်လည်းကောင်း မသိပါ၊ တပည့်တော်အား တရားဟောတော်မူပါဟု လျှောက်ထားပြန်၏။

မြတ်စွာဘုရားသည်လည်း နှစ်ကြိမ်မြောက်တားမြစ်တော်မူသည်သာ။

ထိုမြတ်စွာဘုရား၏ ဤသို့သော စိတ်တော်သည် ဖြစ်တော်မူသတတ်။

ငါဘုရားကို တွေ့မြင်ချိန်မှစ၍ ဤဗာဟိယ၏ တစ်ကိုယ်လုံးကို ပီတိသည် မပြတ်လွှမ်းမိုးထားအပ်၏။ အားကြီးသော ပီတိအဟုန်ရှိသူသည် တရားကို ကြားနာသော်လည်း တရားကို ထိုးထွင်းသိမြင်ခြင်းငှာ စွမ်းနိုင်သူမဟုတ်၊ အလယ်အလတ်လျစ်လျူရှုမှု၌ တည်စေဦးလော့၊ တစ်ညဥ့်တည်းဖြင့်သာ ယူဇနာတစ်ရာ့ နှစ်ဆယ်ရှိသော ခရီးကိုလာခဲ့သူဖြစ်သောကြောင့် ဗာဟိယ၏ ပူပန်ခြင်းသည်လည်း အားကောင်းနေသည်၊ ထိုပူပန်ခြင်းသည်လည်း ငြိမ်းစေဦးတော့ဟူသော စိတ်တော်ဖြစ်တော်မူ၏။

ထို့ကြောင့်နှစ်ကြိမ်တားမြစ်ပြီး သုံးကြိမ်မြောက်တောင်းပန်အပ် သည်ဖြစ် ၍ ဆွမ်းခံလမ်းအလယ်၌ ရပ်တော်မူလျက်ပင် -

အို - ဗာဟိယ၊ ထိုသို့သင်သည် အတန်တန်တောင်းပန်ခြင်းကြောင့်၊ ငါဘုရား သာသနာတော်၌ သင်သည် ဤသို့ကျင့်အပ်၏၊ ကျင့်ရမည်၊ ကျင့်လေ၊ မြင်အပ်သော အာရုံ၌ မြင်ရုံမျှဖြစ်လတ္တံ့၊ ဤသို့အစရှိသော နည်းဖြင့်တရားဟောတော်မူသည်။

ဗာဟိယသည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာနေဆဲဖြစ်၍လျှင် အာသဝေါတရား အားလုံးတို့ကို ကုန်စေပြီး၊ ပဋိသမ္ဘိဒါတို့နှင့်အတူဖြစ်သော အရဟတ္တဖိုလ်သို့ရောက်လေ၏။

အရဟတ္တဖိုလ်သို့ရောက်ပြီးဖြစ်ရာ ထိုခဏ၌ပင်လျှင် မြတ်စွာဘုရားကို ရဟန်းအဖြစ်တောင်း ဆိုလေ၏။ သင့်အားသပိတ်သင်္ကန်း ပြည့်စုံပြီလော မေးတော်မူအပ်သော်, မပြည့်စုံပါဟု လျှောက်ထားလေ၏။

ထိုအခါ ဗာဟိယကို မြတ်စွာဘုရားသည် သပိတ်သင်္ကန်းမပြည့်စုံလျှင် သပိတ်သင်္ကန်းကို ရှာလေဦးဟု မိန့်တော်မူသည်ဖြစ်၍ ဗာဟိယသည် သပိတ်၊ သင်္ကန်းရှာရန် ထိုနေရာမှ ဖယ်ခွာသွားလေ၏။ ဗာဟိယသည် အနှစ်နှစ်သောင်းတို့ပတ်လုံး ကမ္မဋ္ဌာန်းတရားကို ဖြည့်ကျင့်စဉ် ရဟန်းမည်သည်၊ ကိုယ်တိုင်ပစ္စည်းတို့ကိုရပြီး အခြားသူကိုငဲ့ကွက်မှုကို မပြုဘဲ၊ ကိုယ်တိုင်သာ သုံးစွဲသင့်သည်ဟူသော စိတ်ထားဖြင့် ရဟန်းတစ်ပါး အားသော်လည်း သပိတ်ဖြင့်သော်လည်းကောင်း၊ သင်္ကန်းဖြင့်သော်လည်းကောင်း၊ ချီးမြှောက်ခြင်းကို မပြုခဲ့၊ ထို့ကြောင့် ဗာဟိယအား တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းသည်ဖြစ်မည်မဟုတ်ဟု မြတ်စွာဘုရား သိတော်မူ၍ ဧဟိဘိက္ခု အဖြစ်ဖြင့် ရဟန်းအဖြစ်ကို မပေးပါချေ။ ဗာဟိယကိုလည်း သပိတ်၊ သင်္ကန်းရှာနေစဉ်ပင် ဘီလူးမ တစ်ယောက်သည် နွားမတစ်ကောင်အသွင်ဖြင့်လာပြီး ရင်ဝ၌ တိုးဝှေ့၍ အသက်ကုန်ခြင်းသို့ ရောက်စေပြီ

မြတ်စွာဘုရားသည် ဆွမ်းခံလှည့်၍ ဆွမ်းကိစ္စပြုပြီးများစွာသော ရဟန်းတို့နှင့်အတူ သာဝတ္ထိမြို့တွင်းမှ ထွက်လာတော်မူစဉ် အမှိုက်ပုံ၌ လဲကျနေသော ဗာဟိယ၏ ကိုယ်ကိုမြင်တော်မူ၍ ရဟန်းတို့ကို(စေခိုင်းတော်မူသည်)။

ရဟန်းတို့တစ်ခုသော အိမ်တံခါး၌ ရပ်၍ ညောင်စောင်းကို ယူဆောင်စေပြီး ဤအလောင်းကောင်ကို မြို့တွင်းမှထုတ်၍ မီးသင်္ဂြိုဟ်ပြီးစေတီတည်ထားကြဟု စေခိုင်းတော်မူသည်။

ရဟန်းတို့သည် မြတ်စွာဘုရားစေခိုင်းသည့်အတိုင်း ပြုတော်မူကြသည်။ ပြုကြပြီးသော် ကျောင်းသို့ သွား၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မိမိတို့ပြုခဲ့ပြီးကိစ္စကို လျှောက်ထားကာ ဗာဟိယ၏ လားရာဘဝကို မေးလျှောက်ကြကုန်၏။

ထိုအခါ ထိုရဟန်းတို့အား မြတ်စွာဘုရားသည် ဗာဟိယ၏ ပရိနိဗ္ဗာန်ပြုသူ၏အဖြစ်ကို မိန့်တော်မူပြီး

ရဟန်းတို့ လျင်မြန်သော အသိဉာဏ်ရှိကြကုန်သော ငါ့ဘုရား၏ တပည့်ရဟန်းတို့တွင် ဗာဟိယ ဒါရုစိရိယသည် အထူးချွန်ဆုံး အမြတ်ဆုံးဖြစ်ပါပေ၏ဟု ဧတဒဂ်ထားတော်မူသည်။

ထိုအခါ မြတ်စွာဘုရားကို ရဟန်းတို့သည် မြတ်စွာဘုရား အရှင်ဘုရားတို့သည် ဗာဟိယသည် အရဟတ္တဖိုလ်သို့ ရောက်ပြီးသူဟု မိန့်တော်မူကြပါသည်။ အဘယ်အချိန်၌ ဗာဟိယသည် အရဟတ္တဖိုလ်သို့ ရောက်ပါသနည်းဟု မေးလျှောက်ကြကုန်၏။

ရဟန်းတို့ ငါဘုရား၏ တရားကို နာကြားချိန်၌ အရဟတ္တဖိုလ်သို့ရောက်လေသည်။

မြတ်စွာဘုရား အဘယ်အချိန်၌ မြတ်စွာဘုရားသည် ဗာဟိယအား တရားဟောအပ်ပါသနည်း၊ ဆွမ်းခံလှည့်လည်ဆဲဖြစ်သော ငါဘုရားသည် ဆွမ်းခံလမ်းအလယ်၌ ရပ်၍တရားဟောအပ်ပေသည်။

မြတ်စွာဘုရား အရှင်ဘုရားတို့ ဆွမ်းခံလမ်းအလယ်၌ရပ်၍ ဟောအပ်သော တရားသည် အနည်းငယ်မျှသာဖြစ်ပါသည်။ အဘယ်သို့လျှင် ထိုဗာဟိယသည် အနည်းငယ်မျှသာဖြစ်သော ထိုတရားဖြင့် တရားထူးကို ဖြစ်စေ ပါသနည်းဟု လျှောက်ထားကြပြန်သည်။

ထိုအခါ ထိုရဟန်းတို့ကို မြတ်စွာဘုရားသည် ရဟန်းတို့၊ အသို့နည်း၊ သင်တို့သည်ငါဘုရား၏ တရားတော်ကို နည်း၏ဟူ၍သော်လည်းကောင်း၊ များ၏ဟူ၍သော်လည်းကောင်း၊ အတိုင်းအတာပမာဏကို မယူကြကုန်လင့်၊ မှန်ပေသည်။ အကျိုးမဲ့ကိုမှီကုန်သော များစွာကုန်သော ဂါထာအထောင်တို့ သည်လည်း မမြတ်ချေ။ အကျိုးကိုမှီသော ဂါထာတစ်ပုဒ်သည်လည်းမြတ်ပေ သည် ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုရကား -

> သဟဿမပိ စေဂါထာ၊ အနတ္ထ ပဒသံဟိတာ။
> ဧကံ ဂါထာ ပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

ဟူသော ဤဂါထာကို ဟောတော်မူသည်။

သဟဿံ၊ သဟဿေန = အထောင်ဖြင့်၊ ပရိ စ္ဆိန္နာ = ပိုင်းခြားအပ်သော၊ ဂါထာ = ဂါထာသည်၊ အနတ္ထပဒသံဟိတာ = အကျိုးမရှိသော ပုဒ်တို့နှင့် စပ်ယှဉ် သည်၊ စေဟောတိ = အကယ်၍ ဖြစ်အံ့၊ ပါပိကာဧဝ = ယုတ်ညံ့သည်သာတည်း၊ ယံ = အကြင်ဂါထာပုဒ်ကို၊ သုတွာ = ကြားရ၍၊ ဥသမ္မတိ = ရာဂအစရှိသော ကိလေသာငြိမ်းလေ၏။ ဧကံ = တစ်ခုသော၊ တံ ဂါထာပဒံ = ထိုဂါထာပုဒ်မည်၊ သေယျော = မြတ်လေ၏။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ရောက်ကြလေ၏။

**ဗာဟိယ ဒါရု စိရိယထေရ် ဝတ္ထု ပြီး၏။**

## ၇၀။ အနတ္ထ ပုစ္ဆက ဗြာဟ္မဏ ဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနတ္ထပုဏ္ဏားသည် အသို့နည်း၊ မြတ်စွာဘုရားသည် အကျိုးရှိသည်ကိုသာ သိလေသလော သို့မဟုတ် အကျိုးမရှိသည်ကိုလည်း သိလေသလော၊ မြတ်စွာ ဘုရားကို မေးမည့်အကြံဖြင့် မြတ်စွာဘုရားထံ ချဉ်းကပ်၍

မြတ်စွာဘုရား - အရှင်ဘုရားတို့သည် အကျိုးရှိကြောင်းကိုသာ သိကြသည်ထင်ပါ၏။ အကျိုးမရှိကြောင်းကို မသိကြဟု ထင်ပါ၏ဟု မေးလေ၏။

အို - ပုဏ္ဏား၊ ငါဘုရားသည် အကျိုးရှိကြောင်းကိုလည်း သိ၏။ အကျိုးမရှိကြောင်းကိုလည်း သိ၏ဟုမိန့်တော်မူသည်။

အကျိုးမရှိကြောင်းကိုလည်းသိလျှင် တပည့်တော်အား အကျိုးမရှိကြောင်းကို ဟောပြတော်မူပါရန်ဟု လျှောက်ထားလေ၏၊ ထိုအခါထိုပုဏ္ဏားအား မြတ်စွာဘုရားသည် -

ဥဿူရသေယျံအာလဿံ၊ စဏ္ဍိက္ကံဒီဃသောဏ္ဍိယံ၊

ဧကဿဒ္ဓါန ဂမနံ၊ ပရဒါရူပသေဝနံ၊

ဧတံဗြာဟ္မဏသေဝဿု၊ အနတ္ထံတေဘဝိဿတိ၊

ဟူသော ဤဂါထာကိုဟောတော်မူလေသည်။

ဥဿူရသေယျံ-နေမြင့်အောင်အိပ်ခြင်း၊ အာလဿံ-ပျင်းရိခြင်း၊ စဏ္ဍိက္ကံ- ကြမ်းကြုတ်ခက်ထန်ခြင်း၊ ဒီဃသောဏ္ဍိယံ-နေ့ညရှည်ကြာ သေရည်သောက်ခြင်း၊ ဧကဿဒ္ဓါနဂမနံ-တစ်ယောက်တည်းခရီးသွားခြင်း၊ ပရဒါရူပသေဝနံ-သူတစ်ပါး သားမယား၌သွားလာယှက်စပ်မှီဝဲခြင်း၊ ဗြာဟ္မဏ-ပုဏ္ဏား၊ (တွံ-သင်သည်) ဧတံ-ထိုတရားအားလုံးကို၊ သေဝဿု-မှီဝဲပြုလုပ်လော့၊ တေ-သင်၏၊အနတ္ထံ-အကျိုး မဲ့သည်၊ ဘဝိဿတိ-ဖြစ်လတ္တံ့။

ထိုတရားစကားကို ကြားရ၍ ပုဏ္ဏားသည်၊ ဂိုဏ်းဆရာကြီး၊ ဂိုဏ်း၏ အကြီးအကဲကြီး-ကောင်းလှပါ၏၊ ကောင်းလှပါ၏၊ အရှင်မြတ်တို့သည်၊ အကျိုးစီးပွား၏ အကြောင်းကိုလည်းသိကြပါပေ၏။

အကျိုးမဲ့ဖြစ်ခြင်း၏ အကြောင်းကိုလည်း သိကြပါပေ၏ဟု ကောင်းချီးပေးလေ၏။

ပုဏ္ဏား "ဤသို့လျှင် ငါဘုရားနှင့်တူသော အကျိုးစီးပွားဖြစ်ခြင်း၏ အကြောင်း၊ အကျိုးမဲ့ဖြစ်ခြင်း၏ အကြောင်းကို သိသူမည်သည်မရှိပါလေဟု-မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူပြီး မြတ်စွာဘုရားသည် ပုဏ္ဏား၏ အတွင်းဓာတ်ခံ ကို ဆင်ခြင်တော်မူ၍ ပုဏ္ဏား၊ သင်သည် အဘယ်အလုပ်ဖြင့် အသက်မွေးသနည်းဟု မေးတော်မူသည်၊ အရှင်ဂေါတမ, ကျွန်ုပ်သည် ကြွေအံကစားခြင်း အလုပ်ဖြင့် အသက်မွေးပါသည်။

အသို့နည်း(ဘယ်လိုလဲ)သင်၏ အောင်နိုင်ခြင်း၊ ဆုံးရှုံးခြင်းဖြစ်သလော။

အောင်နိုင်ခြင်းလည်း ဖြစ်ပါသည်၊ ဆုံးရှုံးခြင်းလည်းဖြစ်ပါသည်ဟု ပြောဆိုအပ်သော် ၁ည်း ပုဏ္ဏား၊ ထိုအောင်နိုင်ခြင်းသည် အနည်းငယ်မျှဖြစ်၏။ သူတစ်ပါးကို အောင်နိုင်သူ၏ အောင်နိုင်ခြင်း မည်သည် မြတ်သော အောင်နိုင်ခြင်းမဟုတ်၊

အကြင်သူသည်ကား ကိလေသာကို အောင်နိုင်ခြင်းဖြင့် မိမိကိုယ်ကို အောင်နိုင်၏၊ ထိုသူ၏ အောင်နိုင် ခြင်းသည် မြတ်သော အောင်နိုင်ခြင်းဖြစ်၏။

မှန်ပေသည်။ ထိုမိမိကိုယ်ကို အောင်နိုင်ခြင်းကို တစ်စုံတစ်ယောက်သော သူသည် ရှုံးခြင်းကိုပြုခြင်းငှာ မတတ်နိုင်( :အောင်မလုပ်နိုင်)

ဤသို့ မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုရကား -

၁။ အတ္တာ ဟဝေ ဇိတံ သေယျော၊ ယာစာယံ ဣတရာပဇာ၊
အတ္တဒန္တဿ ပေါသဿ၊ နိစ္စံ သညတစာရိနော။

၂။ နေဝ ဒေဝေါ န ဂန္ဓဗ္ဗော၊ န မာရော သဟ ဗြဟ္မုနာ။
ဇိတံ အပဇိတံ ကယိရာ၊ တထာရူပဿ ဇန္တုနော။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

အတ္တာ = မိမိကိလေသာကိုအောင်ခြင်းဖြင့်၊ ဇိတံဇိတော = အောင်ခြင်းသည်၊ ဟဝေ = စင်စစ် + သေယျော = မြတ်၏။ ဣတရာ = မိမိ၏ကိလေသာကို အောင်နိုင်ခြင်းဖြင့် အောင်သူမှတစ်ပါးသော၊ ယာအယံ ပဇာ = အကြင်သတ္တဝါသည်၊ အတ္ထိ = ရှိ၏။ ( သာယပဇာယ = ထိုသတ္တဝါ၏၊ ဇူတေနဝါ = ကြွေအံကစား ခြင်းဖြင့်သော်လည်းကောင်း၊ ဓနဟရဏေနဝါ = ဥစ္စာကိုယူဆောင်ခြင်းဖြင့် သော်လည်းကောင်း၊ သင်္ဂါမေနဝါ စစ်ထိုးခြင်းဖြင့် သော်လည်းကောင်း၊ ဗလာဘိဘဝေနဝါ = အင်အားဖြင့် ဖိစီးလွှမ်းမိုးခြင်းဖြင့် သော်လည်းကောင်း၊ ဇိတော = အောင်ခြင်းသည်၊ န သေယျော = မမြတ်၊) ကသ္မာ = အဘယ်ကြောင့် နည်းဟူမူကား၊ အတ္တဒန္တဿ = ကိလေသာမရှိသည်၏ အဖြစ်ဖြင့်မိမိကိုယ်ကို ဆုံးမယဉ်ကျေးပြီးသော၊ နိစ္စံ အမြဲ၊ သညတစာရိနော = ကိုယ်ကိုစောင့်စည်း ခြင်းအစရှိသော အကျင့်ရှိသော။ တထာရူပဿ = ထိုသို့သဘောရှိသော၊ ဇန္တုနော ဇန္တုဟုဆိုအပ်သော၊ ပေါသဿ = ယောကျ်ား၏၊ ဇိတံ = အောင်ခြင်းကို၊ ဒေဝေါ = တာဝတိံသာ နတ်အစရှိသော နတ်သည်၊ အဝဇိတံ = ရှုံးသည်ကို၊ဝါ၊ တဖန်ရှုံး အောင်၊ နေဝကယိရာ မပြုနိုင်ရာ၊ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ်သည်၊ အဝဇိတံ = ရှုံးသည်ကို၊ ဝါ၊ တဖန်ရှုံးအောင်၊ နကယိရာ = မပြုနိုင်ရာ၊ ဗြဟ္မုနာ = ဗြဟ္မာနှင့်၊ သဟ = အတူတကွ၊ မာရော = မာရ်နတ်သည်၊ အဝဇိတံ = ရှုံးသည်ကို၊ ဝါ၊ တဖန်ရှုံးအောင်၊ နကယိရာ = မပြုနိုင်ရာ၊ တသ္မာ = ထို့ကြောင့်ပေတည်း။

ဒေသနာတော်အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ရောက်ကြကုန်၏။

**အနတ္ထ ပုစ္ဆက ဗြာဟ္မ ဝတ္ထု ပြီး၏။**

## ၇၁။ သာရိပုတ္တာထေရ်၏ ဦးရိုးတော်ပုဏ္ဏား ဝတ္ထု

တစ်နေ့သ၌ သာရိပုတ္တာထေရ်သည် ဦးရိုးတော်ပုဏ္ဏားကြီးထံသွား၍ အို - ဦးရိုးတော် အသို့နည်း၊ ကုသိုလ်တစ်စုံတစ်ခုကို ပြုပါ၏လောဟု မေးလေ၏။

အရှင်ဘုရား တပည့်တော် ကုသိုလ်တစ်စုံတစ်ခုကို ပြုပါ၏။

အဘယ်ကုသိုလ်ကို ပြုပါသနည်း။

လတိုင်း၊ လတိုင်း အသပြာတစ်ထောင်စွန့်ကြဲခြင်းဖြင့် ဒါနဝတ္ထုကို ပေးလှူပါ၏။

အဘယ်ပုဂ္ဂိုလ်အား ပေးလှူသနည်း။

အရှင်ဘုရား, နိဂဏ္ဌာတို့အား ပေးလှူပါသည်။

အဘယ်ကို လိုလားတောင့်တလျက် ပေးလှူပါသနည်း။ အရှင်ဘုရား, ဗြဟ္မာလောကကို လိုလားတောင့်တလျက် ပေးလှူပါသည်။

အသို့နည်း၊ ဤသို့ပေးလှူခြင်းသည် ဗြဟ္မလောက၏ လမ်းကြောင်းလေလော။

အရှင်ဘုရား, ဟုတ်ပါသည်။

အဘယ်သူသည် ဤသို့ပြောဆိုသနည်း။

အရှင်ဘုရား, တပည့်တော်အား ဆရာတို့သည် ပြောဆိုအပ်ပါသည်။

အို - ဦးရိုးတော်၊ ဦးရိုးတော်သည် ဗြဟ္မာလောက၏ လမ်းခရီးကို မသိသူသာဖြစ်၏။

ဦးရိုးတော်၏ ဆရာတို့လည်း မသိကြ၊ မြတ်စွာဘုရားတစ်ပါးတည်းကသာ ဗြဟ္မာလောက၏ လမ်းခရီးကိုသိတော်မူသည်၊ ဦးရိုးတော်ပုဏ္ဏားလိုက်ခဲ့ပါ။

ဦးရိုးတော်အား ဗြဟ္မာလောက၏ လမ်းခရီးကို ဟောပြစေပါမည်ဟု မိန့်တော်မူကာ ဦးရိုးတော် ပုဏ္ဏားကို ခေါ်၍ မြတ်စွာဘုရားထံတော်သို့ ပို့ဆောင်ပြီး -

မြတ်စွာဘုရား, ဤပုဏ္ဏားကြီးသည် ဤသို့ပြောဆိုပါသည်ဟု ပြောဆိုခဲ့သော ထိုအကြောင်းကို လျှောက်ထား၍ မြတ်စွာဘုရား တပည့်တော် တောင်းပန်ပါသည်။ ဤပုဏ္ဏားကြီးအား ဗြဟ္မာလောက၏ လမ်းခရီးကိုဟောပြတော်မူပါဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် အို - ပုဏ္ဏားကြီး, သာရိပုတ္တလျှောက်ထားသည့် အတိုင်းမှန်သလောဟု မေးတော်မူ၍၊ အို - ရှင် ဂေါတမ, မှန်ပါ၏ဟု လျှောက်ထားအပ်လေသော် -

အို - ပုဏ္ဏားကြီး, သင်သည် ဤသို့ပေးလှူခြင်းဖြင့် နှစ်တစ်ရာပတ်လုံး ပေးလှူအပ်သော ဒါနထက်လည်း တစ်မုဟုတ်မျှ ကြည်ညိုသောစိတ်ဖြင့် ငါဘုရား၏ တပည့်သံဃာအား ဖူးမြင်ရခြင်းသည်လည်းကောင်း၊ တစ်ဇွန်းမျှလောက်သောဆွမ်းကို ပေးလှူရခြင်းသည်လည်းကောင်း၊ ထူးကဲလွန်မြတ်သော အကျိုးရှိ ပေသည်ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုရကား -

> မာသေ မာသေ သဟဿေန၊ ယော ယဇေထ, သတံ သမံ။
>
> ဧကဉ္စ ဘာဝိတတ္တာနံ၊ မုဟုတ္တမပိ ပူဇယေ။
>
> သာယေဝ ပူဇနာ သေယျော၊ ယဉ္စေ ဝဿသတံ ဟုတံ၊

ဟူသော ဤဂါထာကို ဟောတော်မူသည်။

ယော = အကြင်ပုဂ္ဂိုလ်သည်၊ မာသေမာသေ = လတိုင်းလတိုင်း၊ သဟဿေန = အသပြာ တစ်ထောင်ကို စွန့်လွှတ်ခြင်းဖြင့်၊ သတံ သမံ = နှစ်တစ်ရာ ပတ်လုံး၊ ယဇေထ = လောကီလူအပေါင်းအား၊ ပေးလှူရာ၏။ (ယောပန = အကြင်ပုဂ္ဂိုလ်သည်ကား) ဘာဝိတတ္တာနံ = သီလအစရှိသော ဂုဏ်အထူးဖြင့် ပွားများအပ်သော ကိုယ်ရှိသော၊ ဇက်-အောက်ဆုံးအပိုင်းအခြားအားဖြင့် သောတာပန်ပုဂ္ဂိုလ် တစ်ယောက်ကို မုဟုတ္တံအပိ = တစ်မုဟုတ်မျှလည်း၊ ပူဇယေ = ဖူးမျှော်ခြင်း၊ လှူဒါန်းခြင်းစသည်ဖြင့် ပူဇော်ရာ၏။ သာယေဝပူဇနာ = ထိုပူဇော် ခြင်းသည်သာ၊ ယံဝဿသတံဟုတံ = ယတောဝဿ သတဟုတတော = ယင်း နှစ်တစ်ရာ ပတ်လုံး ပူဇော်ခြင်းထက်၊ သေယျော = မြတ်လှပေသတည်း။

ဒေသနာတော်အဆုံး၌ သာရိပုတ္တထေရ်၏ ဦးရီးတော်ပုဏ္ဏားသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

တခြားလည်း ဖြစ်ကုန်သော လူများစွာတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြကုန်၏။

**သာရိပုတ္တထေရ်၏ ဦးရီးတော်ပုဏ္ဏား ဝတ္ထုပြီး၏။**

## ၇၂။ သာရိပုတ္တထေရ်၏တူ ပုဏ္ဏားဝတ္ထု

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ သာရိပုတ္တ ထေရ်သည် တူဖြစ်သူ ပုဏ္ဏားထံ ချဉ်းကပ်၍ အို - ပုဏ္ဏားသင်သည် ကုသိုလ်ကို ပြုသလောဟု မေးလေ၏။

အရှင်ဘုရား တပည့်တော်ကုသိုလ်ကို ပြုပါ၏။

အဘယ်ကုသိုလ်ကို ပြုပါသနည်း။

လတိုင်း, လတိုင်း တစ်ကောင် တစ်ကောင်သော သားကောင်ကို သတ်၍ မီးကိုလုပ်ကျွေးပါသည်။

အဘယ်အကျိုးငှာ ဤသို့ပြုသနည်း။

ဤသို့ပြုခြင်းသည် ဗြဟ္မာပြည်၏ လမ်းခရီးဖြစ်ပါသတဲ့ ထို့ကြောင့်ပြုပါသည်။

အဘယ်သူသည် ဤသို့ပြောဆိုအပ်သနည်း။

အရှင်ဘုရား, တပည့်တော်၏ ဆရာတို့ ပြောဆိုအပ်ပါသည်ဟု လျှောက်ထား၏။

သင်သည် ဗြဟ္မာလောက လမ်းခရီးကို မသိသူသာဖြစ်၏။ သင်၏ဆရာတို့လည်း မသိသူများသာ ဖြစ်ကြသည်။

လိုက်ခဲ့, မြတ်စွာဘုရားထံသို့ သွားကြမည်ဟု တူပုဏ္ဏားကို မြတ်စွာဘုရားထံ ခေါ်ဆောင်၍ ထိုအကြောင်းကို လျှောက်ထားပြီး မြတ်စွာဘုရား ဤပုဏ္ဏားအား ဗြဟ္မာလောက၏ လမ်းခရီးကို ဟောပြ တော်မူပါဟု လျှောက်ထာလေ၏။

မြတ်စွာဘုရားသည် ပုဏ္ဏားအား သာရိပုတ္တလျှောက်ထားတိုင်းမှန်သလောဟု မေးတော်မူ၍ အရှင် ဂေါတမ ဟုတ်မှန်ပါ၏ပြောဆိုအပ်သော် -

ပုဏ္ဏား - နှစ်တစ်ရာပတ်လုံး မီးလုပ်ကျွေးသောသင်၏ မီးလုပ်ကျွေးခြင်းသည် ငါဘုရား၏ တပည့်သံဃာအား တစ်ခဏမျှ ပူဇော်ခြင်း၏ အကျိုးကိုလည်း မမှီနိုင်ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုရကား -

> ယောစ ဝဿသတံ ဇန္တု၊ အဂ္ဂိံပရိစရေ ဝနေ။
> ဧကဉ္စ ဘာဝိတတ္တာနံ၊ မုဟုတ္တမပိ ပူဇယေ။
> သာယေဝ ပူဇနာ သေယျော၊ ယဉ္စေ ဝဿသတံ ဟုတံ။

ဟူသော ဤဂါထာကိုဟောတော်မူသည်။

ယောဇန္တု - အကြင်သတ္တဝါသည်၊ ဝဿသတံ - နှစ်တစ်ရာပတ်လုံး၊ ဝနေ - တော၌၊ အဂ္ဂိံ - မီးကို ပရိစရေ - လုပ်ကျွေးရာ၏၊ တဿ - ထိုသတ္တဝါ၏၊ ယံ ဝဿသတံ ဟုတံ ယတော ဝဿသတ ဟုတတော - နှစ်တစ်ရာပတ်လုံး ယင်းပူဇော်ခြင်းထက်၊ ဘာဝိတတ္တာနံ - သီလအစရှိသော ဂုဏ်အထူးဖြင့် ပွားအပ် ပြီးသော ကိုယ်ရှိသော၊ ဧကံ - သောတာပန်အစရှိသည်တို့တွင် တစ်ယောက် သော သူကို၊ မုဟုတ္တံအပိ - တစ်မုဟုတ်မျှလည်း၊ ယာပူဇယေ - တစ်ဇွန်းမျှသော ဆွမ်းကို လှူဒါန်းခြင်း စသည်ဖြင့်၊ အကြင် - ပူဇော်ရာ၏၊ သာယေဝပူဇနာ - ထိုပူဇော်ခြင်းသည်သာ၊ သေယျော - မြတ်ပါပေသတည်း။

ဒေသနာတော်အဆုံး၌ သာရိပုတ္တထေရ်၏ တူဖြစ်သူ ပုဏ္ဏားသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

တခြားလူများစွာတို့လည်း သောတာပတ္တိဖိုလ်စသည်တို့ကို ရောက်ကြလေကုန်၏။

သာရိပုတ္တထေရ်၏တူပုဏ္ဏား ဝတ္ထု ပြီး၏။

## ၇၃။ သာရိပုတ္တထေရ်၏ မိတ်ဆွေ ပုဏ္ဏား ဝတ္ထု

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ သာရိပုတ္တထေရ်သည် မိတ်ဆွေပုဏ္ဏားတစ်ဦးထံချဉ်းကပ်၍ အို-မိတ်ဆွေပုဏ္ဏား-အသို့နည်း(ဘယ်လိုလဲ) ကုသိုလ်တစ်စုံတစ်ခုပြုပါ၏လောဟု မေးတော်မူသည်။ အရှင်ဘုရား ကုသိုလ်တစ်စုံတစ်ခုပြုပါ၏။

အဘယ်သို့ပြုပါသနည်း။

ယိဋ္ဌယာဂ မည်သောယစ်ကိုပူဇော်ပါ၏ ဟုပြောဆို၏။ ထိုအချိန်၌ ထိုယိဋ္ဌ ယာဂမည်သောယစ်ကို ပစ္စည်းဥစ္စာများစွာကို စွန့်ကြဲခြင်းဖြင့် ပူဇော်ကြကုန်သတဲ့။

ဤသို့ မေးဖြေပြီးသည်မှ နောက်၌သာရိပုတ္တထေရ်သည် ရှေ့ဖြစ်သော နည်းဖြင့်ပင်မေး၍ မိတ်ဆွေပုဏ္ဏားကို မြတ်စွာဘုရားထံခေါ်ခဲ့ပြီး ထိုအကြောင်းကို လျှောက်ထား၍ မြတ်စွာဘုရားတပည့်တော်၏မိတ်ဆွေ ဤပုဏ္ဏားအား ဗြဟ္မာလောက၏ ခရီးလမ်းကိုဟောပြတော်မူကြပါဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ပုဏ္ဏား၊သာရိပုတ္တပြောစကားမှန်သလားဟု မေးတော်မူသဖြင့် အရှင်ဂေါတမ မှန်ပါ၏ဟုပြောအပ်သော် -

ပုဏ္ဏားတနှစ်ပတ်လုံး ယိဋ္ဌယာဂကို ပူဇော်သောသင်သည် လောကီလူများစွာအား ပေးကမ်းအပ်သော ဒါနသည် ကြည်ညိုသောစိတ်ဖြင့် ငါဘုရား၏ တပည့်သံဃာတို့အား ရှိခိုးသူတို့၌ ဖြစ်လာသော ကုသိုလ်စေတနာ၏ လေးဖို့တစ်ဖို့ မျှလည်းတန်ဖိုးမထိုက်ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် -

> ယံကိဉ္စိ ယိဋ္ဌံဝ ဟုတံဝ လောကေ၊
> သံဝစ္ဆရံ ယ ဇေထ ပုည ပေက္ခော။
> သဗ္ဗမ္ပိတံ န စတုဘာဂမေတိ၊
> အဘိဝါဒနာ ဥဇုဂတေသု သေယျော။

ဟူသော ဤဂါထာကိုဟောတော်မူသည်။

လောကေ-လောက၌၊ပုညပေက္ခော-ကောင်းမှုကိုအလိုရှိသူသည်၊ သံဝစ္ဆရံ -တစ်နှစ်ပတ်လုံး၊ ယံကိဉ္စိ-အလုံးစုံသော၊ ယိဋ္ဌံဝ-များသောအားဖြင့် မင်္ဂလာပြုရာနေ့စသည်တို့၌ ပေးကမ်းအပ်သောဒါနကိုလည်းကောင်း၊ဟုတံဝ-အထူးစီစဉ်ပြုအပ်သော ဧည့်သည်တို့အား ပေးကမ်းအပ်သောဒါန၊ ကံနှင့် အကျိုးကို ယုံကြည်၍ပြုအပ်သော ဒါနကိုလည်းကောင်း၊ ယဇေထ-လောကီလူအပေါင်းအား ပေးလှူပူဇော်ရာ၏။ တံသဗ္ဗမ္ပိ - ထိုအလုံးစုံသောဒါနသည်လည်း၊ ဥဇုဂတေသု - ဖြောင့်မတ်စွာကျင့်ကုန်သော သောတာပန် အစရှိသော ပုဂ္ဂိုလ်တို့၌၊အဘိဝါဒ နာ-အဘိဝါဒနာယ-ကြည်ညိုသောစိတ်ဖြင့် ကိုယ်ကိုညွတ်ကိုင်း၍ ရှိခိုးသူ၏ ကုသိုလ်စေတနာ၏၊ အကျိုး၏၊ စတုဘာဂံ-လေးဖို့ တစ်ဖို့အကျိုးကိုလည်း၊ နဧတိ- မမှီမရောက်နိုင်၊တသ္မာ- ထို့ကြောင့်၊ ဥဇုဂတေသု-ဖြောင့်မတ်စွာကျင့်ကုန်သော သောတာပန်အစရှိသော ပုဂ္ဂိုလ်တို့၌၊ အဘိဝါဒနံ- ရှိခိုးခြင်းသည်၊ သေယျော-မြတ်လှပါပေသတည်း။

ဒေသနာတော်အဆုံး၌ သာရိပုတ္တထေရ်၏မိတ်ဆွေပုဏ္ဏားသည် သောတာပတ္တိဖိုလ်သို့ရောက်လေ၏။ တခြားများစွာသော လူတို့သည်လည်း သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

**သာရိပုတ္တထေရ်၏ မိတ်ဆွေ ပုဏ္ဏား ဝတ္ထု ပြီး၏။**

## ၇၄။ အာယုဝဍ္ဎနကုမာရဝတ္ထု

တစ်ခုသောအချိန်၌ မြတ်စွာဘုရားသည် ဒီဃလဃိက မြို့ကိုအမှီပြု၍ တောကျောင်း၌ သီတင်းသုံးနေတော်မူသည်။ ထိုသို့သီတင်းသုံးရာ အချိန်မှ ရှေးနှစ်ပေါင်းငါးဆယ်ခန့်ကာလက ဒီဃလဃိကမြို့သားပုဏ္ဏားနှစ်ယောက်တို့သည် သာသနာပဖြစ်သောရသေ့ရဟန်းအဖြစ်ပြုကြပြီး လေးဆယ်ရှစ်နှစ်တို့ ပတ်လုံးတပစရဏ(ခြိုးခြံသောအကျင့်)ကို ကျင့်ကြကုန်၏။ ထိုနှစ်ယောက်တို့တွင် တစ်ယောက်သောသူသည် ငါ၏အမျိုးစဉ်အဆက်ပျက်စီးတော့မည်။ လူထွက်တော့မည်ဟု ကြံစည်၍ မိမိပြုအပ်ပြီးသော တပကိုသူတစ်ပါးတို့အား ရောင်းသဖြင့် နွားတစ်ရာ၊ အသပြာတစ်ရာတို့နှင့်အတူ ဇနီးမယားကိုရ၍ဥစ္စာအစုကိုဖြစ်စေ၏။ (အိမ်ထောင်စုကိုဖြစ်စေ၏)

ထိုအခါ ထိုသူ၏ဇနီးသည် သားကိုဖွားမြင်လေ၏။ ထိုသူမှတစ်ပါးသော ထိုသူ၏မိတ်ဆွေရသေ့သည် အရပ်တစ်ပါးသို့သွားနေပြီး တဖန်ဒီဃလဃိကမြို့ပြန်လေ၏။ ရသေ့လူထွက်သည် မိတ်ဆွေရသေ့၏ရောက်လာကြောင်းကိုကြားရလေသော် သားနှင့်ဇနီးကိုခေါ်၍ မိတ်ဆွေရသေ့အား ဖူးမြင်ရန်သွားလေ၏။

ရသေ့ထံရောက်ပြီးသော် သားငယ်ကိုမိခင်၏လက်၌ပေး၍ ကိုယ်တိုင်ရှေး ဦးစွာရှိခိုးလေ၏။ မိခင်ဖြစ်သူသည်လည်း သားငယ်ကိုအဖ၏လက်၌ပေး၍ ရှိခိုးလေ၏။ မိတ်ဆွေရသေ့သည် အသက်ရှည်သူများဖြစ်ကြပါစေဟုပြော၏။ သားငယ်ကို ရှိခိုးစေအပ်သော် မိတ်ဆွေရသေ့သည် နှုတ်ကိုပိတ်၍ တိတ်တိတ်နေလေ၏။ ထိုအခါ ရသေ့ကို အရှင်ဘုရား, အဘယ်အကြောင်းကြောင့် တပည့်တော်တို့ ရှိခိုးအပ်သော်အသက်ရှည်သူများဖြစ်ကြပါစေဟုဆိုပြီး ဤသူငယ်ရှိခိုးချိန်၌ စကားတစ်ခွန်းကိုမျှ မဆိုကြပါလားဟုပြောလေ၏။

အို - မိတ်ဆွေပုဏ္ဏား သင့်သား ဤသူငယ်၏အန္တရာယ်တစ်ခုရှိသည်။ ထို့ကြောင့် စကားတစ်ခွန်းကိုမျှငါမပြော -

အရှင်ဘုရား - တပည့်တော်၏သား ဤသူငယ်သည် အဘယ်မျှလောက် အသက် ရှည်ပါလိမ့်မည်နည်း။

အို-ပုဏ္ဏားသင့်သား ဤသူငယ်သည် ခုနစ်ရက်အသက်ရှည်လိမ့်မည်။

အရှင်ဘုရား-အန္တရာယ်ကို တားမြစ်ကာကွယ်ခြင်း၏ အကြောင်းရှိပါသလော။

အို-ပုဏ္ဏား၊ ငါသည်သင့်သား၏ အသက်အန္တရာယ်ကို တားမြစ်ကာကွယ်ခြင်း အကြောင်းကိုမသိ၊

အရှင်ဘုရား၊ အဘယ်သူသိပါမည်နည်း။

ရဟန်းဂေါတမသည် သိပါလိမ့်မည်။ သူ့ထံသွားပြီး မေးလေလော့။

ရဟန်းဂေါတမထံ၌ သွားသောတပည့်တော်သည် တပဆုတ်ယုတ်မည်မှ ကြောက်ပါ၏။

သင့်အားသား၌ ချစ်ခြင်းရှိခဲ့လျှင် တပဆုတ်ယုတ်မည်ကို မကြံစည်မတွေးတောဘဲ၊ ရဟန်းဂေါတမထံသွားမေးပါလော့ဟု ပြောလေ၏။

ရသေ့လူထွက်သည် မြတ်စွာဘုရားထံသွားရောက်ပြီး ကိုယ်တိုင်ရှေးဦးစွာ ရှိခိုးလေ၏။ မြတ်စွာဘုရားသည် အသက်ရှည်သူဖြစ်ပါစေဟု မိန့်တော်မူ၏။ဇနီးဖြစ်သူ၏ ရှိခိုးသည့်အခါ၌လည်း ရှေးနည်းအတူမိန့်တော်မူ၍ သားငယ်ကို ရှိခိုးစေရာအခါ၌ နှုတ်ကိုပိတ်၍တိတ်တိတ်နေတော်မူ၏။

ထိုပုဏ္ဏားသည် ရှေးနည်းဖြင့်သာ မြတ်စွာဘုရားကိုမေးလျှောက်၏။ မြတ်စွာဘုရားသည်လည်း

ရသေ့ဟောသည့်အတိုင်းသာ ဟောကြားတော်မူသည်။

ထိုရသေ့သည် သဗ္ဗညုတဉာဏ်ကိုထိုးထွင်းမသိဘဲသာ မိမိ၏မန္တာန်ကို သဗ္ဗညုတဉာဏ်တော်နှင့် ညီညွတ်နိုးနှောစေ၏။ သို့သော်လည်း အန္တရာယ်ကို ကာကွယ်နိုင်ခြင်း နည်းလမ်းကိုကားမသိလေ။

ရသေ့လူထွက်ပုဏ္ဏားသည် မြတ်စွာဘုရားကို -

အရှင်ဘုရား-တပည့်တော်သားကလေး၏ အသက်အန္တရာယ်ကို ကာကွယ်နိုင်ကြောင်း၊ နည်းကောင်း ရှိပါသလား။

အို-ပုဏ္ဏားသင်သည် ဖြစ်နိုင်လေသလော၊

အရှင်ဘုရား-အဘယ်ကိုဖြစ်နိုင်ရပါမည်နည်း၊

သင်သည် သင်အိမ်တံခါးဝ၌ မဏ္ဍပ်ဆောက်လုပ်စေ၍မဏ္ဍပ်အလယ်၌ ညောင်စောင်းကို ခင်းထား စေပြီး၊ ထိုညောင်စောင်းကို ဝန်းရံလျက် နေရာရှစ်ခု(သို့မဟုတ်)တစ်ဆယ့်ခြောက်ခုတို့ကို ခင်းစေပြီး ထိုနေရာတို့၌ ငါဘုရား၏တပည့် ရဟန်းကို သီတင်းသုံးထိုင်နေစေ၍ ခုနစ်ရက်ပတ်လုံးအကြားမလပ် တလစပ် အကာအကွယ် ပရိတ်ရွတ်ခြင်းကို ပြုနိုင်လျှင် သင့်သား၏အသက်အန္တရာယ် ပျက်စီးကွယ်ပျောက်လေရာဟု မိန့်တော်မူ၏။

အို အရှင်ဂေါတမ, မဏ္ဍပ်စသည်တို့ကို ပြုလုပ်ရန် ကျုပ်တတ်နိုင်ပါသည်။ အရှင်တို့၏ တပည့် ရဟန်းတို့ကို အဘယ်သို့ရနိုင်ပါမည်နည်းဟုပြော၏။

သင်သည် သင်တတ်နိုင်သလောက်ပြုအပ်လေသော် ငါဘုရားသည် ငါဘုရား၏ တပည့်ရဟန်းတို့ကို စေလွှတ်လိုက်မည်။

ထိုပုဏ္ဏားသည် အရှင်ဂေါတမ, ကောင်းပါပြီဟု ပြောဆို၍ မိမိအိမ်တံခါးဝ၌ ပြုဖွယ်အားလုံးကို ပြုစေပြီး မြတ်စွာဘုရားထံသွားလေ၏။ မြတ်စွာဘုရားသည် ရဟန်းတို့ကို စေလွှတ်တော်မူ၏။

ထိုရဟန်းတို့သည်သွားကြပြီး ပုဏ္ဏား၏မဏ္ဍပ်၌ သီတင်းသုံးထိုင်နေတော်မူကြသည်။ သူငယ်ကိုလည်း မဏ္ဍပ်အလယ်ညောင်စောင်းပေါ်၌ သိပ်ထားကြကုန်၏။ ရဟန်းတို့သည် ခုနစ်ရက် နေ့ညဥ့်ပတ်လုံး အကြားမလပ် တလစပ် ပရိတ်ကို ရွတ်ကြကုန်၏။ ခုနစ်ရက်မြောက်သောနေ့၊ ညနေချိန်၌ မြတ်စွာဘုရား ကြွလာတော်မူသည်။ မြတ်စွာဘုရား ကြွလာလတ်သော် စကြာဝဠာတိုက်နေ နတ်အားလုံးတို့သည် လာရောက် စုဝေးကြလေကုန်၏။

အဝရုဒ္ဓကမည်သော နတ်ဘီလူးသည် တစ်ဆယ့်နှစ်နှစ်ပတ်လုံး ဝဿဝဏ်နတ်မင်းကို ပြုစုလုပ် ကျွေး၍ ထိုနတ်မင်းထံမှ ဆုရသည်ဖြစ်၍ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ဤသူငယ်ကို ယူလေ လော့ဟူသော ဆုကိုရခဲ့သည်။ ထို့ကြောင့် ထိုနတ်ဘီလူးသည်လည်း ထိုနေရာ၌ လာ၍တည်နေလေ၏။

မြတ်စွာဘုရားသည် ထိုနေရာ၌ ကြွရောက်လာတော်မူလျှင် တန်ခိုးကြီးသော နတ်တို့ စုဝေးကြ ကုန်သော် တန်ခိုးငယ်သော နတ်တို့သည် နောက်ဆုတ်၍၊ နောက်ဆုတ်၍ နေစရာအရပ်ကို မရကြကုန်၍ တစ်ဆယ့်နှစ်ယူဇနာတိုင်အောင် နောက်ဆုတ်သွားကြကုန်၏။

အဝရုဒ္ဓက ဘီလူးသည်လည်းထိုနည်းတူပင် ဖယ်ခွာသွားလေ၏။ မြတ်စွာဘုရားသည်လည်း တစ်ညဉ့်ပတ်လုံး ပရိတ်တော်ကို ပြုတော်မူသည်။ ခုနစ်ရက်လွန်လတ်သော် အဝရုဒ္ဓကဘီလူးသည် သူငယ်ကို မယူရတော့ပြီ။

ရှစ်ရက်မြောက်သောနေ့ အရဏ်တက်ခါမျှအချိန်၌ သူငယ်ကိုယူဆောင်၍ မြတ်စွာဘုရားကို ရှိခိုးစေ၏။

မြတ်စွာဘုရားသည် အသက်ရှည်သူဖြစ်ပါစေဟု မိန့်တော်မူသည်။

အရှင်ဂေါတမ, တပည့်တော်၏ သားသူငယ်သည် အဘယ်မျှကြာအောင် အသက်ရှည်တည် နေပါမည်နည်း။

အို - ပုဏ္ဏား၊ သင်၏ သားသူငယ်သည် အသက်နှစ်တစ်ရာ့နှစ်ဆယ်ပတ်လုံး အသက်ရှည်တည် နေလိမ့်မည်ဟု မိန့်တော်မူသည်။ ထိုသို့ မိန့်တော်မူသောကြောင့် ထိုသူငယ်၏ အမည်ကို အာယုဝဍ္ဍန (မောင်သက်ပွား)ဟု မည့်ခေါ်ကြကုန်၏။

အာယုဝဍ္ဍန သတို့သားသည် အသက်ကြီးလာမှုကို အစဉ်လိုက်၍ ဥပါသကာငါးရာတို့ ခြံရံလျက် သွားလာနေထိုင်၏။ ထိုအခါ တစ်နေ့သ၌ ဓမ္မသဘင်ဝယ် ရဟန်းတို့သည် -

ငါ့ရှင်တို့ကြည့်ကြကုန်လော့၊ အာယုဝဍ္ဍနသတို့သားသည် ခုနစ်ရက်မြောက်သောနေ့၌ စင်စစ်သေ ထိုက်သူဖြစ်ခဲ့ရာ၏။ သူသည် ယခု အသက်နှစ်တစ်ရာ့နှစ်ဆယ်ရှည်မည့်သူဖြစ်၍ ဥပါသကာငါးရာတို့ခြံရံကာ သွားလာနေထိုင်၏။ ဤသတ္တဝါတို့၏ အသက်တိုးပွားကြောင်းတရားသည် ရှိမည်ထင်၏ဟူသော စကားကို ပြောဆိုကြကုန်၏။

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ အကြောင်းကိုမေးသဖြင့် လျှောက်ထားအပ်လေသော် -

ရဟန်းတို့ အသက်တိုးပွားကြောင်း တစ်ခုသက်သက်သာ မဟုတ်သေး၊ ဤသတ္တဝါတို့သည် သီလအစ ရှိသော ဂုဏ်ရှိသူတို့ကို ရိုရိုရှိခိုး၊ အထူးရှိခိုးကုန်သည်ဖြစ်၍ လေးမျိုးသောအကြောင်းတို့ဖြင့် တိုးပွားကြကုန်၏။ ဘေးရန်မှ ကင်းလွတ်ကြကုန်၏။ အသက်ထက်ဆုံးသာ တည်နေကြကုန်၏ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် -

အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာ ပစာယိနော။

စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယုဝဏ္ဏော သုခံ ဗလံ။

ဟူသော ဤဂါထာကို ဟောတော်မူသည်။

အဘိဝါဒနသီလိဿ = ရှိခိုးလေ့ရှိသော(မပြတ်ရှိခိုးခြင်းကိစ္စ၌ အလေ့အလာပြုသော)၊ နိစ္စံ - အမြဲ၊ ဝုဍ္ဎာပစာယိနော = ဂုဏ်ကြီးသူတို့ကို ဆည်းကပ် တတ်သူ၏၊ ဝါ၊ ဂုဏ်ကြီးသူတို့ကို ရှိခိုးခြင်းဖြင့် အမြဲပူဇော်သူ၏၊ အာယုံ = အသက်သည်၊ ဝဏ္ဏော = ကိုယ်ရေအဆင်းသည်၊ သုခံ = ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာသည်၊ ဗလံ ကိုယ်အား၊ ဉာဏ်အားသည်၊ ဣတိ = ဤသို့၊ စတ္တာရော = လေးမျိုးကုန်သော၊ ဓမ္မာ = တရားတို့သည်၊ ဝဍ္ဎန္တိ တိုးပွားကုန်၏။

အကြင်သူသည် အသက်နှစ်ငါးဆယ်ကို ဖြစ်စေနိုင်သော ကုသိုလ်ကိုပြုခဲ့၏။ ထိုသူ၏ အသက် နှစ်ဆယ့်ငါးနှစ်ရှိရာအချိန်၌ အသက်အန္တရာယ်သည် ဖြစ်လာငြားအံ့၊ ထိုအသက်အန္တရာယ်သည် ရှိခိုးလေ့ရှိသော ကြောင့် ငြိမ်းလေ၏။ ထိုသူသည် အသက်ဆုံးသည်တိုင်အောင်သာ အသက်ရှည်တည်နေလေ၏။ ထိုသူ၏ ဝဏ္ဏ, စသည်တို့လည်း အသက်နှင့်အတူသာ တိုးပွားကုန်၏။ အသက်နှစ်ငါးဆယ်မှ အထက် ငါးဆယ် ထက်ပိုလွန်သော အသက်ရှည်မည့်သူသည်လည်း ဤနည်းသာရှိ၏။

အန္တရာယ်ကြောင့်ဖြစ်သော အသက်တိုးပွားခြင်း မည်သည်မရှိ၊ (အဋ္ဌကထာဖွင့်အမိပ္ပါယ်)

ဒေသနာတော် အဆုံး၌ အာယုဝဍ္ဎန သတို့သားသည် ဥပါသကာငါးရာတို့နှင့်အတူ သောတာပတ္တိဖိုလ်၌ တည်လေသည်။ တခြားလူများစွာတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

**အာယုဝဍ္ဎနကုမာရ ဝတ္ထု ပြီး၏။**

## ၇၅။ သံကိစ္စသာမဏေဝတ္ထု

သာဝတ္ထိပြည်၌ အမျိုးသားသုံးကျိပ်တို့သည် မြတ်စွာဘုရား၏ တရားစကားတော်ကိုကြားနာကြရသောကြောင့် သာသနာတော်၌ ရင်ကိုပေး၍ ရဟန်းပြုကြကုန်၏။

ထိုရဟန်းတို့သည် ရဟန်းအဖြစ်ဖြင့်(ဝါ)ရဟန်းဖြစ်သည်မှစ၍ ငါးဝါစီရကြပြီးသော် မြတ်စွာဘုရားထံချဉ်းကပ်၍ ဂန္ထဓူရ-ကျမ်းဂန်တာဝန်၊ ဝိပဿနာတာဝန်ဟု တာဝန်နှစ်မျိုးကို ကြားနာကြပြီးသော်ငါတို့သည် အသက်ကြီးရာအချိန်၌ ရဟန်းပြုခဲ့ကြသည်ဟုဂန္ထဓုရ၌ အားထုတ်ခြင်းကို မပြုကြဘဲ ဝိပဿနာဓုရကိုဖြည့်ကျင့်လိုကြ၍ အရဟတ္တဖိုလ်တိုင်အောင် ကမ္မဋ္ဌာန်းကို ဟောပြစေပြီး -

မြတ်စွာဘုရား၊ တောအုပ်တစ်ခုသို့သွားကြပါမည်ဟု မြတ်စွာဘုရားကို ပန်ကြားကြကုန်၏၊ မြတ်စွာဘုရားသည်၊ အဘယ်အရပ်သို့သွားကြမည်နည်းဟုမေးတော်မူ၍ ဤအမည်ရှိသောအရပ်သို့သွားကြပါမည်ဟု လျှောက်ထားအပ်သော် ထိုအရပ်၌ထိုရဟန်းတို့၏ စားကြွင်းစားတစ်ယောက်ကို အကြောင်းပြု၍ ဘေးဖြစ်လိမ့်မည်၊ ထိုဘေးကိုလည်းလိုက်ပါသွားသော သံကိစ္စသာမဏေသည် ငြိမ်းအေးစေလိမ့်မည်။ ထိုအခါ ထိုရဟန်း တို့၏ကိစ္စသည်ပြည့်စုံခြင်းသို့ ရောက်လိမ့်မည်ဟုမြင်သိတော်မူသည်၊ သံကိစ္စသာမဏေမည်သည်ကား သာရိပုတ္တတေရ်၏ ဖွားမြင်သည်မှ ခုနစ်ရှိသော သာမဏေတည်း။

အကျယ်ကိုပြဆိုဦးအံ့ -

ထိုသာမဏေ၏ မယ်တော်သည် သာဝတ္ထိမြို့၌ ကြွယ်ဝချမ်းသာသော အမျိုး၏သမီးဖြစ်သည်။ ထိုအမျိုးသမီးသည် သံကိစ္စသာမဏေဝမ်း၌ တည်နေစဉ် ရောဂါတစ်ခုဖြင့် ထိုခဏ၌ပင် ကွယ်လွန်လေ၏၊ ထိုအမျိုးသမီးကို မီးသင်္ဂြိုဟ်အပ်သော် ကိုယ်ဝန်အသားကိုထား၍ ကျန်အသားသည် မီးလောင်လေ၏။

ထိုအခါထိုအမျိုးသမီး၏ ကိုယ်ဝန်အသားကို ထင်းပုံထက်မှချ၍ နှစ်နေရာ၊ သုံးနေရာတို့၌ တံစူးဝါးတို့ဖြင့် ထိုးကြကုန်၏၊ တံစူးဝါးအစွန်းသည် သူငယ်၏မျက်လုံးထောင့်ကိုထိုးမိလေ၏။ ကိုယ်ဝန်အသားကို ဤသို့ထိုးပြီး မီးကျီးခဲပုံ၌ပစ်ချ၊ မီးကျီးခဲတို့ဖြင့်သာဖုံးအုပ်ပြီးဖယ်ခွါသွားကြကုန်၏၊ ကိုယ်ဝန်သားကို မီးလောင်ကျွမ်းလေ၏။ သို့သော်လည်းမီးကျီးခဲပုံထိပ်၌ ရွှေဆင်းတုနှင့်တူသော သူငယ်သည်ပဒုမ္မာကြာပွင့်အတွင်း၌ အိပ်နေသကဲ့သို့ဖြစ်လေပြီ။

မှန်လှပေ၏၊ နောက်ဆုံးဘဝ၌ဖြစ်သော သတ္တဝါ၏ မြင့်မိုရ်တောင်ဖြင့် ကြိတ်အပ်သော်လည်း အရဟတ္တဖိုလ်သို့ မရောက်မူ၍ အသက်ကုန်သည် မရှိပါလေ။

နောက်နေ့၌မီးပုံကို ငြိမ်းစေကြကုန်အံ့ဟု လာသူတို့သည် ထိုသို့အိပ်နေသော သူငယ်ကို မြင်ကြသော် ချီးမွမ်းအံ့ဩစိတ်ဖြစ်ကြကာ အဘယ်အကြောင်းကြောင့် ဤမျှလောက်သောထင်းတို့ မီးလောင်ကျွမ်း၍ကုန်ကြသော် အလောင်းကောင်တစ်ခုကို မီးလောင်ကျွမ်းအပ်သော်လည်း သူငယ်သည် မီးမလောင် အဘယ်သို့သောအကြောင်း ဖြစ်လိမ့်မည်နည်းဟု သူငယ်ကိုယူ၍ ရွာတွင်းသို့သွားကြပြီး နိမိတ်ဖတ်ဆရာတို့ကို မေးကြကုန်၏။ နိမိတ်ဖတ်ဆရာတို့သည် ဤသူငယ်သည် အိမ်ရာတည်ထောင်လူဘောင်၌နေခဲ့သော် အမျိုးခုနစ်ဆက်တို့သည် ဆင်းရဲသူများဖြစ်လိမ့်မည်၊ အကယ်၍ရဟန်းပြုလျှင် ရဟန်းငါးရာခြံရံလျက်သွားလာနေထိုင်လိမ့်မည်ဟု နိမိတ်ဖတ်ကြကုန်၏။

ထိုသူငယ်၏အမည်ကိုတံစူးဝါးကြောင့် မျက်ထောင့်ပျက်စီးခဲ့သောကြောင့် သံကိစ္စဟု မည်ခေါ်ကြကုန်၏။ ထိုသူငယ်သည် နောက်အချိန်၌ သံကိစ္စသူငယ်ဟု ထင်ရှားလေ၏။ ထိုအချိန်မှ နောက်ကာလ၌

သံကိစ္စသူငယ်ကို ဆွေမျိုးတို့သည်ဖြစ်စေရှိစေဦး၊ ကြီးလာသောအချိန်၌ငါတို့၏ အရှင်သာရိပုတ္တထံ၌ ရှင်ပြုပေးကြမည်ဟု ရည်ရွယ်ကြလျက် ကျွေးမွေးစောင့်ရှောက်ကြကုန်၏။

သံကိစ္စသူငယ်သည် အသက်ခုနစ်နှစ် ရှိရာအချိန်၌ သင်အမိဝမ်းတွင်း၌ နေစဉ်အချိန်က သင်၏မိခင်ကွယ်လွန်ခဲ့ပြီ၊ သင့်မိခင်အလောင်းကို မီးသင်္ဂြိုဟ်အပ်သော်လည်း သင်သည်မီးမလောင်သူဖြစ်သည်ဟု သူငယ်ဖော် တို့၏စကားကို ကြားသိလေသောကြောင့် ငါသည် ဤသို့သဘောရှိသော ဘေးမှလွတ်ခဲ့သတတ်၊ ငါ့အားအိမ်ရာတည်ထောင် လူ့ဘောင်၌နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ရှင်ရဟန်းပြုတော့အံ့ဟု ကြံစည်၍ ဆွေမျိုးတို့အားပြောဆိုလေ၏။

ဆွေမျိုးတို့သည် ချစ်သားကောင်းပေစွဟုပြောကြပြီး ရှင်သာရိပုတ္တထေရ်ထံ ခေါ်ဆောင်၍ အရှင်ဘုရား ဤသူငယ်ကို ရှင်ပြုပေးတော်မူကြပါဟု လျှောက်ထားပြီးပေးကြကုန်၏၊ သာရိပုတ္တထေရ်သည် (တစပဉ္စက=ကိုယ် အရေလျှင်ငါးခုမြောက်ရှိသော) ကမ္မဋ္ဌာန်းကိုပေး၍ရှင်ပြုတော်မူသည်၊ ထိုသာမဏေသည် ဆံရိပ်ပြီးသည်၏ အဆုံး၌ပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွဖြစ်သော အရဟတ္တဖိုလ်သို့ရောက်လာလေ၏။

မြတ်စွာဘုရားသည် ဤသံကိစ္စသာမဏေ လိုက်ပါသွားခဲ့သော် ဖြစ်လာမည့်ထိုဘေးသည် ငြိမ်းလိမ့်မည် ထိုအခါထိုရဟန်းတို့၏ ရဟန်းကိစ္စသည် ပြည့်စုံခြင်းသို့ရောက်လိမ့်မည်ဟု မြင်သိတော်မူ၍ ရဟန်းထို သင်တို့၏ နောင်တော်ကြီးသာရိပုတ္တထေရ်ကို ဖူးမျှော်၍သွားကြဟုမိန့်တော်မူ၏။

ထိုရဟန်းတို့သည် ကောင်းပါပြီမြတ်စွာဘုရားဟု လျှောက်ထားကြပြီး သာရိပုတ္တထေရ်ထံသွားကြ၍ ငါ့ရှင်တို့ ဘယ်အကြောင်းရှိသနည်းဟု သာရိပုတ္တထေရ်က မိန့်အပ်သော်

တပည့်တော်တို့သည် မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းကိုတောင်းယူ၍ တောသို့ဝင်လိုကြသဖြင့် မြတ်စွာဘုရားအား ပန်ကြားလျှောက်ထားကြသောအခါ မြတ်စွာဘုရားသည် သင်တို့၏နောင်တော်ကြီးကို ဖူးမျှော်၍သွားကြကုန်ဟု မိန့်တော်မူပါသည်။ ထို့ကြောင့်အရှင် ဘုရားရှိရာ ဤအရပ်၌တပည့်တော်များ လာခဲ့ကြပါသည်ဟု လျှောက်ထားကြ၏။

ရှင်သာရိပုတ္တထေရ်သည် မြတ်စွာဘုရားသည် အကြောင်းတစ်ခုကို မြင်တော်မူ၍ ဤရဟန်းတို့ကို ငါ့ထံ၌ ပို့အပ်ကုန်သည်ဖြစ်လိမ့်မည်။ ထိုအကြောင်းကား အဘယ်နည်းဟု ဆင်ခြင်တော်မူလတ်သော် မြတ်စွာဘုရား မြင်တော်မူသော ထိုအကြောင်းကိုသိ၍ ငါ့ရှင်တို့သင်တို့အားသာမဏေ ရှိသလောဟု မေးတော်မူ၏၊ အရှင်ဘုရား တပည့်တော်တို့အား သာမဏေမရှိပါ။

သာမဏေမရှိလျှင် ဤသံကိစ္စသာမဏေကိုခေါ်၍ ကြွတော်မူကြပါ။ ငါ့ရှင်တို့ ဤသာမဏေကို အမှီပြု၍ သင်တို့အား ကြောင့်ကြမှုမဖြစ်၊ စင်စစ်သော်ကား သင်တို့နှင့်အမှီပြု၍ ဤသာမဏေ၏ ကြောင့်ကြမှုသာဖြစ်လိမ့်မည်။

မြတ်စွာဘုရားသည်လည်း သင်တို့ကို တပည့်တော်ထံ စေလွှတ်တော်မူသည်မှာ သင်တို့နှင့်အတူ သာမဏေအား စေလွှတ်ခြင်းကို မျှော်လင့်တောင့်တတော်မူလျက် စေလွှတ်တော်မူသည်၊ ဤသာမဏေကို ခေါ်၍သွားတော်မူကြပါဟု မိန့်တော်မူ၏။

ထိုရဟန်းတို့သည် ကောင်းပါပြီဘုရားဟု တောင်းပန်ကြပြီး သာမဏေနှင့်အတူ သုံးကျိပ်တစ်ယောက်သော အရှင်မြတ်တို့သည် အရှင်သာရိပုတ္တ ထေရ်ကို ပန်ကြားခဲ့ကြပြီး ကျောင်းမှထွက်ကြကာ ဒေသာစာရီ လှည့်လည်သွားကြ၍ခရီးယူဇနာတစ်ရာနှစ်ဆယ်ထက်၌ အိမ်ခြေတစ်ထောင်ရှိသောရွာသို့ ရောက်ကြလေပြီ။

ရွာနေလူတို့သည် ထိုရဟန်းတို့ကိုမြင်ကြလေသော် ကြည်ညိုစိတ်ရှိကြ၍ ရိုသေစွာပြုစုကြပြီး အရှင်ဘုရားတို့ အဘယ်အရပ်၌ကြွကြပါမည်နည်းဟု မေးကြကုန်သော် ဒကာဒကာမတို့ချမ်းသာမည့် အရပ်ဌာနသို့သွားကြမည်ဟု မိန့်အပ်သော် ရဟန်းတော်တို့၏ ခြေရင်း၌ ဦးတိုက်ကြပြီး အရှင်ဘုရားတို့ အရှင်မြတ်တို့သည် ဤအရပ်ကိုအမှီပြု၍ ဝါတွင်းပတ်လုံး သီတင်းသုံးတော်မူကြသော် တပည့်တော်တို့သည်

ငါးပါးသီလကို ကောင်းစွာယူ၍(ဆောက်တည်၍)ဥပုသ်စောင့်သုံးမှုကို ပြုနိုင်ကြပါမည်ဟု တောင်းပန်ကြကုန်၏။ မထေရ်တို့သည် လက်ခံကြကုန်၏။

ထိုအခါရဟန်းတို့၏ ညနေရာအရပ်၊ နေ့ နေရာဌာနစကြံ သစ်ရွက်မိုးကျောင်းတို့ကို စီစဉ်ကြပြီး ယနေ့ငါတို့ဆည်းကပ်မည်။ နက်ဖန် ငါတို့ ဆည်းကပ်မည်ဟု အားစိုက်ကြကုန်လျက် ဆည်းကပ်ခြင်းကို ပြုကြကုန်၏။

မထေရ်တို့သည် ဝါကပ်ရာနေ့၌ကတိကဝတ်ကို ပြုကြကုန်၏။

အဘယ်သို့ ပြုကြသနည်းဟူမူ -

ငါ့ရှင်တို့ ငါတို့သည် သက်တော်ထင်ရှားရှိသော မြတ်စွာဘုရား၏ထံတော်၌ ကမ္မဋ္ဌာန်းယူအပ်ခဲ့ပြီး၊ ပဋိပတ်ပြည့်စုံမှုကိုကြဉ်၍ မြတ်စွာဘုရားတို့ကို နှစ်သက်စေရန်မတတ်နိုင်၊ ငါတို့၏လည်း အပါယ်တံခါးတို့သည် ပွင့်နေကုန်သည်သာ၊ ထို့ကြောင့် နံနက်ဆွမ်းခံချိန်နှင့် ညနေမထေရ်အား ဆည်းကပ်ချိန်ကိုချန်လှပ်၍ ကျန်အချိန်၌ ရဟန်းနှစ်ပါးတို့သည် တစ်နေရာတည်း၌ မဖြစ်ကြကုန်အံ့၊ အကြင်ရဟန်းအား မချမ်းသာမှု ဖြစ်လတ္တံ့၊ ထိုရဟန်းသည် ထိုးစည်ကြေးမောင်းကိုထိုးခဲ့သော် ထိုရဟန်းအထံသို့သွား၍ ဆေးကုကြကုန်အံ့၊ ဆိုအပ်ခဲ့ပြီးသော ဤအချိန်အခါမှ တစ်ပါးဖြစ်သောညဉ့်အဖို့ နေ့အဖို့အချိန်၌ မမေ့လျော့ကြဘဲ ကမ္မဋ္ဌာန်းကို အားထုတ်ကြကုန်အံ့၊ ဤသို့ ကတိကဝတ်ကို ပြုကြကုန်၏။

ထိုရဟန်းတို့သည် ဤသို့ကတိကဝတ်ကိုပြု၍ သီတင်းသုံးနေကြလေကုန်သော် သူဆင်းရဲယောကျ်ား တစ်ယောက်သည် သမီးကိုအမှီပြု၍ အသက်မွေးနေစဉ်ထိုနေရာ၌ ငတ်မွတ်ခြင်း ဘေးဖြစ်လတ်သော် အခြားသမီးကိုအမှီပြုကာ အသက်မွေးလို၍သွားလေ၏။ မထေရ်တို့လည်း ရွာတွင်း၌ ဆွမ်းခံလှည့်၍ နေရာဌာနသို့ ပြန်လာကြသော် ခရီးအကြားမြစ်တစ်ခု၌ ရေချိုး၍သဲပုံ၌ ထိုင်ကြပြီး ဆွမ်းကိစ္စကို ပြုကြကုန်၏။ ထိုခဏ၌ ထိုဆင်းရဲသားယောကျ်ားသည် ထိုဋ္ဌာနသို့ ရောက်လာပြီး -

တစ်နေရာ၌ ရပ်နေ၏၊ ထိုအခါ ဆင်းရဲသားယောကျ်ားကိုထေရ်တို့သည် အဘယ်အရပ်သို့ သွားမည်နည်းဟု မေးကြကုန်၏၊ ဆင်းရဲသားယောကျ်ားသည် မိမိသွားမည့်အကြောင်းကို ပြောဆို၏။ ထေရ်တို့သည် ထိုယောကျ်ား၌ သနားကြ၍ ဥပါသကာသင်သည် အလွန်ဆာနေသူဖြစ်၏။ သွားပါသစ်ရွက်ကိုယူခဲ့ပါ၊ သင့်အား ဆွမ်းခဲတစ်ခဲစီကို ငါတို့ပေးမည်ဟုပြော၍ ဆင်းရဲသားယောကျ်ားသည် သစ်ရွက်ကိုယူဆောင် အပ်သော် မိမိ, မိမိသည် စားမြိန်းဖြင့်သာ ဟင်းလျာတို့ဖြင့် စုပေါင်း၍ တစ်ခဲတစ်ခဲသော ဆွမ်းကိုပေးကြကုန်၏။

ဆွမ်းစားချိန်၌ ရောက်လာသူအား ဆွမ်းကိုပေးလိုသောရဟန်းသည် ဦးဦးဖျားဖျားဆွမ်းကို မပေးမူ၍ မိမိသုံးဆောင်မြဲနည်းဖြင့် အနည်းငယ်ကိုသော်လည်းကောင်း၊ အများကိုသော်လည်းကောင်းပေးခြင်းသည် ရဟန်းတော်တို့၏ ဝတ္တရားဖြစ်သတတ်၊ ထို့ကြောင့် ထိုရဟန်းတို့သည်လည်း ထိုဝတ္တရားအတိုင်း ပေးကြကုန်၏။

ဆင်းရဲသားယောကျ်ားသည် ထမင်းကိစ္စပြီး၍ မထေရ်တို့ကို ရှိခိုးပြီး အရှင်ဘုရားတို့ အရှင်မြတ်တို့ကို ကုသိုလ်ရှင်တစ်ယောက်သည် ပင့်ဖိတ်အပ်ကုန်ပါသလောဟုမေးလေ၏။

ဥပါသကာ ပင့်ဖိတ်မှုမရှိပါ၊ လူတို့သည် နေ့စဉ်နေ့တိုင်း ဤသို့သဘောရှိသည်သာဖြစ်သော အာဟာရကိုပေးလှူကြကုန်၏။

ဆင်းရဲသား ယောကျ်ားသည် ငါတို့သည် အမြဲမပြတ်လုံ့လကြီးစွာဖြင့် အလုပ်လုပ်ကြကုန်သော်လည်း

ဤသို့သဘောရှိသော အာဟာရကိုရရန် မစွမ်းနိုင်ကြ၊ ငါ့အားတစ်ပါးအရပ်၌ သွားခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ဤရဟန်းတို့ထံ၌သာ အသက်မွေးနေတော့မည်ဟု ကြံစည်လေ၏။

ထိုသို့ကြံစည်ပြီးနောက် ထိုရဟန်းတို့ကို တပည့်တော် ဝတ်ကြီးဝတ်ငယ်ကိုပြုစု၍ အရှင်မြတ်တို့ အနီး၌ နေလိုပါသည်ဟု လျှောက်ထားလေ၏။

ဥပါသကာ, ကောင်းပါ၏ဟု မိန့်တော်မူကြသည်။

ဆင်းရဲသားယောက်ျားသည် ရဟန်းတို့နှင့်အတူ ရဟန်းတို့ နေရာဌာနသို့ လိုက်သွားပြီး ကောင်းမွန်စွာ ဝတ်ကြီးဝတ်ငယ်ကို ပြုကျင့်လျက် ရဟန်းတို့ကို လွန်စွာနှစ်သက်စေပြီး နှစ်လလွန်ချိန်၌ သမီးကိုမြင်လို၍ -

ငါသည်အရှင်မြတ်တို့ကို ပန်ကြားလျှင်ငါ့ကို လွှတ်ကြမည်မဟုတ် မပန်ကြားဘဲသွားတော့မည် အကြံဖြင့်ထိုရဟန်းတို့အား မပန်ကြားဘဲ ထွက်လာခြင်းမျှသည်သာ ဆင်းရဲသားယောက်ျား၏ ကြမ်းတမ်းသော ချွတ်ယွင်းမှု စင်စစ်ဖြစ်လေ၏။

ထိုယောက်ျား၏သွားရာလမ်း၌ တောအုပ်တစ်ခုရှိ၏၊ ထိုတောအုပ်၌ အကြင်သူသည် ဤတောအုပ်သို့ ဝင်လာ၏။ ထိုသူကိုသတ်၍ ထိုသူ၏ အသားအသွေးဖြင့် သင်နတ်မင်းအား ပူဇော်မှုကို ပြုကြပါမည်ဟု တောစောင့် နတ်အားတောင်းပန်၍နေကြသော ခိုးသူငါးရာတို့၏ ခုနစ်ရက်မြောက်သောနေ့ဖြစ်၏။ ထို့ကြောင့် ခုနစ်ရက်မြောက်သော ထိုနေ့၌ ခိုးသူမှူးကြီးသည် သစ်ပင်ပေါ်တက်၍ ကြည့်လေသော် ဆင်းရဲသား ယောက်ျား လာနေသည်ကို မြင်၍ ခိုးသူတို့အား အမှတ်ကိုပေးလေ၏၊ ခိုးသူတို့သည် ဆင်းရဲသားယောက်ျား၏ တောအုပ် အလယ်ဝင်လာသည်ကိုသိကြ၍ ဝိုင်းရံ၍ ဆင်းရဲသားယောက်ျားကိုဖမ်းပြီး လက်ပြန်ကြိုးချည်၍ မီးပွတ်ခုံ ပွတ်ကျည်ဖြင့် မီးကိုဖြစ်စေ၍ထင်းတို့ကို စုရုံးပြီး၊ ကြီးစွာသောမီးပုံကိုပြု၍တံစို့တို့ကို ချွန်နေကြကုန်၏။

ဆင်းရဲသားယောက်ျားသည် ထိုအမူအရာကိုမြင်၍ အရှင်ဤဌာန၌ တောဝက်တို့ မထင်ရှားကုန်သမင် စသည်တို့မထင်ရှားကုန်၊ အဘယ်အကြောင်း ကြောင့် မီးဖိုခြင်း၊ တံစို့ချွန်ခြင်းကို ပြုကြပါသနည်းဟု မေး၏။

သင့်ကိုသတ်၍သင်၏အသားအသွေးဖြင့် တောစောင့်နတ်အား ပူဇော်မှုကိုပြုကြမည်။ ဆင်းရဲသား ထိုယောက်ျားသည် သေဘေးဖြင့် ခြိမ်းခြောက် ခံရ၍ ရဟန်းတို့၏ကျွေးမွေးစောင့်ရှောက်မှု၊ ကျေးဇူးကိုမသိတော့ဘဲ မိမိ၏ အသက်, သက်သက်ကိုသာစောင့်ရှောက်လို၍ -

အရှင်ကျွန်ုပ်သည်စားကြွင်းစားကျန်ကိုစားနေသူပါ၊ စွန့်ပစ်အပ်သော ထမင်းကိုစား၍ ကြီးပွားနေ ရသူပါ စားကြွင်းစားမည်သည် ကျက်သရေကင်းမဲ့သူ၊ သူယုတ်မာပါ၊ အရှင်မြတ်တို့သည်ထိုထိုမြို့ရွာမှထွက်ခဲ့၍ ရဟန်းပြုကြသော်လည်း မင်းမျိုးတို့သာဖြစ်ကြပါသည်။ ဤမည်သောနေရာဌာန၌ ရဟန်းသုံးကျိပ် တစ်ယောက် တို့နေကြပါသည်။ ထိုရဟန်းတို့ကိုသတ်၍ နတ်အားပူဇော်မှုကို ပြုကြပါ။ နတ်သည် သင်တို့ကို အလွန်နှစ်သက် ပါလိမ့်မည်ဟု ပြောလေ၏။

ထိုစကားကိုကြားသော် ခိုးသူတို့သည် ဤသူသည် ကောင်းတာကိုပြောသည်၊ ဤသူယုတ်ဖြင့် အဘယ် အကျိုးရှိမည်နည်း၊ မင်းသားတို့ကိုသတ်၍ နတ်ပူဇော်မှုကို ပြုကြကုန်အံ့ဟု တိုင်ပင်ကြပြီးသင်လာခဲ့၊ ထိုရဟန်းတို့၏ နေရာဌာနကိုပြလော့ဟုပြောပြီး၊ ဆင်းရဲသားထိုယောက်ျားကို လမ်းညွှန်ပြု၍ ရဟန်းတို့၏ နေရာထိုဌာနသို့ရောက်၍ ကျောင်းအလယ်၌ ရဟန်းတို့ကို မတွေ့မြင်ကြသော်၊ ရဟန်းတွေအဘယ်မှာနည်းဟု ဆင်းရဲသားယောက်ျားကို မေးကြကုန်၏။

ထိုယောက်ျားသည် နှစ်လပတ်လုံးနေခဲ့သူဖြစ်သောကြောင့် ရဟန်းတို့၏ ကတိကဝတ်ကိုသိသူဖြစ်၍ မိမိတို့နေ့နေရာဌာန၊ ညဥ့်နေရာဌာနတို့၌ နေကြသည်။ ဤထိုးစည်ကြေးမောင်းကို ထိုးလိုက်ကြပါ၊ ကြေးမောင်း

သံဖြင့် စုဝေးကြပါလိမ့်မည်ဟု ပြော၏။

နိုးမှုကြီးသည် ကြေးမောင်းကိုထိုးလိုက်လေပြီ၊ ရဟန်းတို့သည် ကြေးမောင်းသံကိုကြား ကြကုန်သော် အခါမဟုတ်ချိန်၌ ကြေးမောင်းကို ထိုးအပ်သည် ရဟန်းတစ်ပါးပါး၏ မချမ်းသာမှု ဖြစ်လိမ့်မည်အထင်ဖြင့် ကြွလာကြ၍၊ ကျောင်းအလယ်၌ အစဉ်အတိုင်းခင်းထားအပ်ကုန်သော ကျောက်ဖျဉ်ကျောက်ဖျာတို့၌ ထိုင်ကြကုန်၏။

သံယာ့ထေရ်သည်နိုးသူတို့ကိုကြည့်၍ ဥပါသကာတို့ အဘယ်သူသည် ဤကြေးမောင်းကို ထိုးအပ်သနည်းဟု မေးလေ၏။ နိုးမှုကြီးသည် တပည့်တော်ထိုးအပ်ပါ၏ဟုပြော၏။ အဘယ်ကြောင့်ထိုးသနည်း။

တပည့်တော်တို့သည် တောအုပ်စောင့်နတ်အား တောင်းပန်ထားအပ်သော ကိစ္စရှိပါ၏။ ထိုတော အုပ်စောင့်နတ်အား ပူဇော်ခြင်းကိုအကျိုးငှာ ရဟန်းတပါးကိုယူ၍ သွားကြပါမည်ဟုပြော၏။

ထိုစကားကိုကြား၍ မဟာထေရ်ရဟန်းသည် ငါ့ရှင်တို့ ညီအစ်ကိုဖြစ်သူတို့၏ ဖြစ်ပေါ်လာသော ကိစ္စကို အစ်ကိုကြီးက ရွက်ဆောင်ရမည်။ တပည့်တော်သည် မိမိ၏အသက်ကို အရှင်ဘုရားတို့အား စွန့်ပေးခဲ့ပြီး၊ ဤနိုးသူတို့နှင့် အတူလိုက်သွားပါမည်။ ရဟန်းအားလုံးတို့၏ အန္တရာယ်မဖြစ်ပါစေလင့် မမေ့လျော့ကုန်၍ ရဟန်းတရားကို ပြုလုပ်ကြပါဟုမိန့်လေ၏။

အနုထေရ်သည် အရှင်ဘုရား၊ နောင်တော်ကြီးပြုရမည့်ကိစ္စသည် ညီ၏တာဝန်ဖြစ်ပါသည်၊ တပည့်တော် လိုက်သွားပါမည်၊ အရှင်ဘုရားတို့ မမေ့မလျော့သူများဖြစ်ရစ်ကြပါဟု လျှောက်ထားလေ၏။ ဤနည်းဖြင့် တပည့်တော်သာလိုက်သွားပါမည်၊ တပည့်တော်လိုက်သွားပါမည်ဟုပြောကြကာ ရဟန်းသုံးကျိပ်လုံး အစဉ်အတိုင်း နေရာမှထကြကုန်၏။

ဤသို့လျှင်ထိုရဟန်းတို့သည် မိခင်တစ်ဦးတည်း၏သားများလည်း မဟုတ်ကြ၊ ဖခင်တစ်ယောက်တည်း၏ သားများလည်း မဟုတ်ကြ၊ ရာဂကင်းပြီးသော ရဟန္တာများလည်းမဟုတ်ကြ၊ ထိုသို့မဟုတ်ကြပါဘဲ ကျန်ရဟန်းတို့၏ အကျိုးငှာအစဉ်အတိုင်း အသက်ကိုစွန့်ကြကုန်၏။ ထိုရဟန်းတို့တွင် သင်နေရစ်ပါဟု ပြောစွမ်းနိုင်သူ ရဟန်းတစ်ပါးသော်လည်း မရှိဖြစ်လေပြီ။

သံကိစ္စသာမဏေသည် ထိုရဟန်းတို့၏စကားကိုကြား၍ အရှင်ဘုရားတို့ အရှင်ဘုရားတို့ သည် ဤနေရာ၌ တည်နေတော်မူကြပါ၊ တပည့်တော်သည် အရှင်ဘုရားတို့အား အသက်ကိုစွန့်၍ လိုက်သွားပါမည်ဟု လျှောက်ထားလေ၏။

ထိုရဟန်းတို့သည်ငါ့ရှင့်သာမဏေ ငါတို့ရဟန်းအားလုံးတစ်စုတည်း၊ တပြိုင်နက် အသတ်ခံအပ် ကုန်သော်လည်း သင်တစ်ယောက်တည်းကို မစွန့်ကြကုန်အံ့ဟု မိန့်တော်မူကြသည်။

အရှင်ဘုရားတို့ အဘယ်ကြောင်းကြောင့်ပါနည်း၊ ငါ့ရှင်သာမဏေ သင်သည် တရားသူကြီးဖြစ်တော် မူသော သာရိပုတ္တထေရ်၏ သာမဏေဖြစ်သည်၊ အကယ်၍သင့်ကို ငါတို့စွန့်ကြကုန်အံ့ ငါ၏သာမဏေကို ခေါ်သွားကြပြီး နိုးသူတို့အားအပ်နှင်းလိုက်ကြသည်ဟု သာရိပုတ္တထေရ်သည် ငါတို့ကို ကဲ့ရဲ့လိမ့်မည်၊ ထိုကဲ့ရဲ့ မှုကို လွတ်မြောက်ရန် ငါတို့မတတ်နိုင်ကြ၊ ထိုကြောင့် သင်သာမဏေကို ငါတို့မစွန့်ကြကုန်အံ့ဟု မိန့်တော်မူ ကြသည်။

အရှင်ဘုရားတို့အရှင်ဘုရားတို့ကိုတပည့်တော်၏ ဥပဇ္ဈာယ်ထံ စေလွှတ်တော်မူသော မြတ်စွာဘုရား သခင်သည်လည်းကောင်း၊ တပည့်တော်ကို အရှင်ဘုရားတို့နှင့်အတူစေလွှတ်တော်မူသော တပည့်တော်၏ ဥပဇ္ဈာယ်သည်လည်းကောင်း၊ ဤအကြောင်းကိုသာမြင်တော်မူ၍ စေလွှတ်တော်မူပါပြီ၊ အရှင်ဘုရားတို့

ရပ်တည်ရစ်တော်မူကြပါ၊ တပည့်တော်သာ လိုက်သွားပါမည်ဟု ပြောပြောဆိုဆို သံကိစ္စသာမဏေသည် ရဟန်းသုံးကျိပ်တို့ကိုရှိခိုး၍ အရှင်ဘုရားတို့တပည့်တော်၏ အပြစ်ရှိခဲ့ပါလျှင် သည်းခံခွင့်လွှတ်တော်မူကြပါဟု လျှောက်ထား၍ ကျောင်းမှထွက်ခွာသွားလေ၏။

ထိုအခါရဟန်းတော်တို့၏ ကြီးစွာသောသံဝေဂဖြစ်လေပြီး၊ မျက်လုံးတို့သည် မျက်ရည်တို့ဖြင့် ပြည့်နေကုန်ပြီး၊ နှလုံးသားသည်တုန်လှုပ်လေပြီ၊ မဟာထေရ်သည်ဥပါသကာတို့ ဤသာမဏေငယ်သည် မီးဖိုကြကုန်သော တံစို့ချွန်ကြကုန်သော သစ်ရွက်တို့ကို ခင်းကြကုန်သောသင်တို့ကိုမြင်လျှင် ကြောက်မိပါလိမ့်မည်၊ ဤသာမဏေငယ်ကို သင့်လျော်သည့် တစ်နေရာ၌ထားကြပြီး ထိုကိစ္စတို့ကို ပြုလုပ်ကြပါဟု မိန့်တော်မူ၏။

ခိုးသူတို့သည် သံကိစ္စသာမဏေကို ခေါ်သွားကြပြီး တစ်နေရာ၌ ထားကာပြုဖွယ်ကိစ္စအားလုံးကို ပြုကြကုန်၏။ ပြုဖွယ်ကိစ္စပြီးဆုံးချိန်၌ ခိုးမှူးကြီးသည် သန်လျက်ကိုအိမ်မှ ဆွဲထုတ်၍ သာမဏေထံချဉ်းကပ်လေ၏။ သာမဏေသည် ထိုင်လျက်စျာန်ဝင်စား၍သာနေလေ၏၊ ခိုးမှူးကြီးသည် သန်လျက်ကိုလှည့်ပတ်၍ သာမဏေ၏ ပုခုံး၌ကျစေ၏။ သံလျက်သည် ညွတ်ကိုင်း၍(ခွေ၍) အသွားချင်း ရိုက်ခတ်မိလေ၏။ ခိုးမှူးကြီးသည် ကောင်းကောင်း မခုတ်မိဟု မှတ်ထင်လျက် တဖန်သန်လျက်ကိုအဖြောင့်ပြု၍ ခုတ်ပြန်လေ၏။ သံလျက်သည် ထန်းရွက်ကဲ့သို့ အရိုးရင်းတိုင်အောင်ခွေလိပ်သွားလေ၏။

မှန်ပေသည်။ ထိုအချိန်၌သာမဏေကို မြင့်မိုရ်တောင်ဖြင့် ဖိသတ်သော်လည်း သေအောင်စွမ်းနိုင်သူမည်သည်မရှိ၊ သံလျက်ဖြင့် ထိုးခုတ်သူသည် အဘယ်မှာ သေအောင်စွမ်းနိုင်မည်နည်း။

ထိုတန်ခိုးပြာဋိဟာကိုမြင်၍ ခိုးမှူးကြီးသည် ဤသို့ကြံမိလေ၏၊ ရှေးအချိန်၌ ငါ၏သန်လျက်သည် ကျောက်တိုင်ကိုသော်လည်းကောင်း၊ ရှားသစ်ငုတ်ကိုသော်လည်းကောင်း၊ ဝါးမြစ်ကိုဖြတ်သကဲ့သို့ ဖြတ်လေ၏၊ ယခုအခါတစ်ကြိမ် ညွတ်ကိုင်းသွားလေ၏၊ တစ်ကြိမ်ထန်းရွက်ကို ခွေလိပ်သကဲ့သို့ ဖြစ်သွား၏။ဤသန်လျက်မည်သည် အသိစိတ်စေတနာမရှိပါလျက်လည်း ဤသာမဏေ၏ဂုဏ်ကိုသိသည် ငါသည် စိတ်စေတနာရှိသူဖြစ်လျက်လည်း သာမဏေ၏ဂုဏ်ကို မသိဟုကြံမိလေ၏။

ခိုးမှူးကြီးသည် သန်လျက်ကိုမြေ၌ပြစ်ချပြီး သာမဏေ၏ ခြေရင်း၌ ရင်ဖြင့် ဝတ်စင်း၍

အရှင်ဘုရား၊ တပည့်တော်တို့သည် ပစ္စည်းဥစ္စာဟူသောအကြောင်းကြောင့် တောအုပ်သို့ ဝင်နေသူတွေပါ၊ တပည့်တော်တို့ကိုအဝေးမှပင်မြင်ကြသော တစ်ထောင်မျှသော လူတို့သည်လည်းတုန်လှုပ်ကြပါသည်၊ စကားနှစ်ခွန်းသုံးခွန်းမပြောနိုင်ကြပါ၊ အရှင်ဘုရားမှာမူကား ထိတ်လန့်ခြင်းမျှလည်းမရှိပါ။ ရွှေလျှော်ရာမိုက်ဖိုဝ၌၊ ရွှေကဲ့သို့ကောင်းစွာပွင့်သော မဟာလှေခါးပန်းကဲ့သို့၊ အရှင်ဘုရား၏ မျက်နှာတော်သည်တင့်တယ်နေပါသည်။ ယင်းသို့ဖြစ်ခြင်း၏ အကြောင်းကားအဘယ်ပါနည်းဟု မေးလို၍ -

တဿ တေ နတ္ထိ ဘီတတ္တံ၊ ဘိယျော ဝဏ္ဏော ပသီဒတိ။

ကသ္မာ န ပရိဒေဝေသိ၊ ဧဝရူပေ မဟဗ္ဘ ယေ

ဟူသော ဤဂါထာကို ရွတ်ဆိုလေ၏။

သာမဏေရ-အိုသာမဏေ၊ ဧဝရူပေ - သေရတော့မည်သဘောရှိသော၊ မဟဗ္ဘယေ-ကြီးမားသော ကြောက်မက်ဖွယ်ဘေး၌၊ တဿ တေ-ထိုအရှင်ဘုရား၏၊ ဘီတတ္တံ-ကြောက်ရွံ့သည်၏ အဖြစ်သည်၊ နတ္ထိ မရှိပါချေ၊ တေ- အရှင်ဘုရား၏၊ ဝဏ္ဏော-ရုပ်ရည်အဆင်းသည်၊ ဘိယျော-လွန်စွာ၊ ပသီဒတိ-ကြည်လင်နေပါ၏၊ ကသ္မာ-အဘယ် ကြောင့်၊ နပရိဒေဝေသိ-မငိုပါသနည်း။

သာမဏေသည်စျာန်မှထ၍ ခိုးမှူးကြီးအား တရားဟောလို၍ ဥပါသကာ ခိုးမှူးကြီး ကိလေကင်းကွာ ရဟန္တာအဖို့ ခန္ဓာကိုယ်အတ္တဘောမည်သည် ဦးခေါင်း၌တင်ထားအပ်သော ဝန်ထုပ်ကြီးနှင့်တူသည်၊ ထိုရဟန္တာသည် မိမိ၏ ခန္ဓာကိုယ်အတ္တဘော ပြိုကွဲပျက်စီးခဲ့သော် နှစ်သက်သူသာဖြစ်၏၊ ကြောက်လန့် သူမဟုတ်ဟု မိန့်တော်မူကာ -

၁။ နတ္ထိ စေတသိကံ ဒုက္ခံ၊ အနပေက္ခဿ ဂါမဏိ။
အတိက္ကန္တာဘယာသဗ္ဗေ၊ ခီဏသံယောဇနဿဝေ၊

၂။ ခီဏာယ ဘဝ နေတ္တိယာ၊ ဒိဋ္ဌေ ဓမ္မေ ယထာတထေ။
နဘယံ မရဏေ ဟောတိ၊ ဘာရနိက္ခေပနေယထာ။

ဟူသော ဤဂါထာတို့ကိုဟောလေ၏။

ဂါမဏိ-ခိုးမှူးကြီး၊အနပေက္ခဿ-ဘဝတွယ်တာ တဏှာတင်းပြီး သူအား၊ စေတသိကံ-စိတ်၌ဖြစ်သော၊ ဒုက္ခံ-ဆင်းရဲသည်၊ နတ္ထိ-တစိုးတစ်စိမ ရှိပါချေ၊ ခီဏသံယောဇနဿ-သံယောဇဉ်ကုန်ပြီးသူအား၊ ဝေစင်စစ်၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ ဘယာ-ကြောက်ဖွယ်ဘေးတို့သည်၊ အတိက္ကန္တာ-လွန်သွားလေကုန်ပြီ။

ဘဝနေတ္တိယာ-ဘဝသို့ပို့ဆောင်ချည်နှောင်တတ်သော တဏှာသည်၊ ခီဏာယ-တစ်ခုမသန်းကုန်ခမ်းလေသော်။ ယထာတထေ-မှန်ကန်သော၊ ဓမ္မေ-သစ္စာတရားကို၊ ဒိဋ္ဌေ-အရိယာမဂ်ဉာဏ်ဖြင့် မြင်သိအပ်သော်။ တဿ တာဒိတဿ-ထိုသို့သဘောရှိသော ပုဂ္ဂိုလ်အား။ ဘာရနိက္ခေပနေ-ဝန်ထုပ်ကိုပစ်ချခြင်း၌၊ ဘယံ-ကြောက်ခြင်းသည်။ နဟောတိယထာ-မဖြစ်သကဲ့သို့၊ မရဏေ-သေခြင်း၌၊ ဘယံ-ကြောင်ခြင်းသည်၊ နဟောတိ-မဖြစ်တော့ချေ။

ခိုးမှူးကြီးသည်သာမဏေ၏ တရားစကားကိုကြားနာပြီးသော် ခိုးသူငါးရာတို့ကိုကြည့်၍ သင်တို့ဘယ်လိုပြုကြမည်နည်းဟု ပြောလေ၏။

အရှင်ခိုးမှူးကြီး၊ အရှင်တို့က ဘယ်လိုပြုကြပါမည်နည်းဟု မေးကြသည်။

အို - ခိုးသားတို့၊ ငါ့အားရှေးဦးစွာ ဤသို့သဘောရှိသော တန်ခိုးပြာဋိဟာကိုမြင်ရ၍ (မြင်ရသောကြောင့်) အိမ်ထောင်စုအလယ်၌ ပြုဖွယ်မရှိတော့ပြီ၊ ရှင်သာမဏေ၏အထံ၌ သာမဏေပြုတော့မည်ဟုပြော၏ ကျွန်တော်တို့လည်း ခိုးမှူးကြီးအတူပင် သာမဏေပြုကြပါမည်ဟု ပြောကြသည်။

အမောင်ခိုးသားငယ်တို့ကောင်းပါပြီဟုပြောပြီး၊ တောအုပ်တွင်းမှ ခိုးသားငါးရာလုံး သာမဏေကိုရှိခိုး၍ ရှင်အဖြစ်ကိုတောင်းဆိုကြသည်။ သံကိစ္စသာမဏေသည် ခိုးသားအားလုံးတို့၏ ဆံပင်နှင့်အဝတ်အမြိုက်အဆာတို့ကို သန်လျက်အသွားတို့ဖြင့်သာဖြတ်ပစ်၍ မြေနီဖြင့်ဆိုးပြီး ဖန်ရေဆိုး အဝတ်တို့ကိုဝတ်ရုံစေကာဆယ်ပါးသီလ၌ တည်စေပြီး ခိုးသားတို့ကိုခေါ်၍သွားစဉ် စိတ်အကြံဖြစ်လေ၏။

ငါသည်ထေရ်ရဟန်းတို့ကို မဖူးမြင်ဘဲသာသွားခဲ့လျှင် ထေရ်ရဟန်းတို့သည် ရဟန်းတရားကို ပြုစွမ်းနိုင်ကြမည်မဟုတ်။

မှန်ပေ၏ ငါ့ကိုယူ၍ခိုးသူတို့ကျောင်းမှ ထွက်လာချိန်မှစ၍ ထိုရဟန်းတို့တွင် တစ်ပါးမျှသော်လည်း မျက်ရည်ဆယ်မထားနိုင်။

ငါတို့သာမဏေသည် အသတ်ခံရ၍သေလေပြီလော၊ မသေလေ သလောဟု စဉ်းစားကုန်သော ရဟန်းတို့၏ စိတ်သည် ကမ္မဋ္ဌာန်းသို့ ရှေးရှု ဖြစ်မည်မဟုတ်၊ ထို့ကြောင့် ထိုရဟန်းတို့ကိုဖူးမြင်ပြီး၍သာ ငါသွားမည်ဟု စိတ်အကြံဖြစ်လေ၏။

သံကိစ္စသာမဏေသည် ရဟန်းငါးရာခြံရံလျက် ရဟန်းတော်တို့နေရာ ထိုအရပ်၌သွား၍ မိမိကိုမြင်ရသဖြင့် သက်သာခွင့်ကိုရကြသော ထိုရဟန်းတို့က -

သူတော်ကောင်းကြီး၊ အို- သံကိစ္စ၊ အဘယ်သို့နည်း၊ သင်သည် သင့်အသက်ကို ရအပ်ခဲ့လေသလောဟု ပြောဆိုအပ်သော်၊ အရှင်ဘုရားတို့ တပည့်တော်အသက်ကို ရခဲ့သည်မှန်ပါ၏။ ဤခိုးသားတို့သည် တပည့်တော်ကို သတ်လိုကြလျက် သေအောင်မတတ်နိုင်ကြ၍ တပည့်တော်၏ဂုဏ်ကို ကြည်ညိုကြကာ တရားနာကြပြီး သာမဏေပြုခဲ့ကြပါကုန်ပြီ။

တပည့်တော်သည် အရှင်ဘုရားတို့ကို ဖူးမြင်ပြီး၍ သွားမည်အကြံဖြင့် လာခဲ့ပါသည်။ မမေ့မလျော့တော်မူကြဘဲ ရဟန်းတရားကိုပြုတော်မူကြပါ။ တပည့်တော် မြတ်စွာဘုရားထံ သွားပါတော့မည်ဟု လျှောက်ထားလျက် ထိုရဟန်းတို့ကို ရှိခိုး၍ ခိုးသားရဟန်းငါးရာတို့ကိုခေါ်ယူခဲ့ကာ ဥပဇ္ဈာယ် သာရိပုတ္တရာထေရ်ထံ သွားရောက်ပြီး "တပည့်သံကိစ္စ" အသို့နည်း(ဘယ်လိုလဲ)သင်သည် အတွင်းနေ တပည့်တို့ကို ရအပ်ကုန်သလောဟု မိန့်အပ်လေသော် မှန်ပါ့ဘုရားဟု လျှောက်ထားပြီးဖြစ်ခဲ့ပြီးသော ထိုအကြောင်းကို လျှောက်ထားလေ၏။

သာရိပုတ္တထေရ်သည် မောင်သံကိစ္စသွားလေဦး၊ မြတ်စွာဘုရားကို ဖူးမြင်ချေဦးဟု မိန့်တော်မူအပ်သော်ကောင်းပါပြီးဟု လျှောက်ထားကာ သာရိပုတ္တထေရ်ကိုရှိခိုး၍ ခိုးသားရဟန်းတို့ကို ခေါ်ယူပြီး မြတ်စွာဘုရားထံသွား၍ရောက်လျှင် မြတ်စွာဘုရားသည်လည်းသာမဏေသံကိစ္စအသို့နည်း၊ သင်သည် အတူနေ တပည့်တို့ကို ရအပ်ကုန်သော၊ မှန်ပါ၏ဘုရားဟုလျှောက်ထားကာဖြစ်ခဲ့ပြီးသော ထိုအကြောင်းကို လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် အိုခိုးသား ရဟန်းတို့သံကိစ္စသာမဏေလျှောက်ထားအပ်သော စကားသည် မှန်လေသလောဟု မေးတော်မူ၍ မှန်ပါ၏ဘုရားဟု လျှောက်ထားအပ်လေသော် -

ရဟန်းတို့ သင်တို့၏ ခိုးဆိုးတိုက်ခိုက်မှုကိုပြုပြီး၊ သီလမရှိသူအဖြစ်၌ ရပ်တည်ကြ၍ နှစ်တစ်ရာပတ်လုံး အသက်ရှင်ရခြင်းထက် ယခုအခါသီလ၌ တည်ကြ၍ တစ်ရက်သော်လည်း အသက်ရှင်ရခြင်းသည် မြတ်လှပေသည် ဟုမိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုရကား -

ယော စ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။

ဧကာဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။

ဟူသော ဤဂါထာကိုဟောတော်မူသည်။

ယော စ-အကြင်သူကား။ ဒုဿီလော-သီလမရှိဘဲ၊ အသမာဟိတော သမာဓိမရှိဘဲ၊ ဝဿသတံ- နှစ်တရာပတ်လုံး၊ ဇီဝေဇီဝတိ-အသက်ရှင်နေ၏၊ တဿထိုသူ၏၊ ဇီဝိတတော-အသက်ရှင်ခြင်းထက်၊ သီလဝန္တဿ-သီလရှိသော၊ ဈာယိနော-ဈာန်သမာဓိရှိသူ၏၊ ဧကာဟံ-တစ်ရက်၊ ဇီတိတံ-အသက်ရှင်ခြင်းသည်။ သေယျော-မြတ်လှပေ၏။

ဒေသနာတော်အဆုံး၌ ခိုးသားရဟန်း ငါးရာတို့သည် ပဋိသမ္ဘိဒါတို့နှင့်အတူဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ရောက်နေသူများစွာ ၏လည်းအကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်ခဲ့လေပြီ။

နောက်အဖို့ဖြစ်သောအချိန်၌ သံကိစ္စသာမဏေသည် ရဟန်းဖြစ်၍ ဆယ်ဝါရှိလတ်သော် တပည့်သာမဏေကိုခေါ်ယူထားလေ၏။

ထိုတပည့်သာမဏေသည်ကားသံကိစ္စရဟန်း၏ပင်တူဖြစ်သူအဓိမုတ္တအမည်ရှိသော သာမဏေတည်း၊

သာမဏေပြုပြီး နောက်အချိန်၌ သံကိစ္စထေရ်သည် အဓိမုတ္တသာမဏေကို အသက်နှစ်နှစ်ဆယ်ပြည့်ရာ အချိန်၌ခေါ်၍ သင်အား ရဟန်းပြုပေးမည်၊ သွားချေ၊ မိဘဆွေမျိုးတို့ထံ၌ အသက်နှစ် အရေအတွက်ကို မေး၍ ပြန်လာခဲ့ဟုစေလွှတ်လိုက်လေ၏။

အဓိမုတ္တသာမဏေသည် မိဖတို့ထံသို့သွားစဉ်၊ ခရီးလမ်းအလယ်၌ ခိုးသားငါးရာတို့သည် နတ်ပူဇော်ခြင်း ဗလိကံအလို့ငှာ သတ်မည်ဖြစ်လတ်သော် ခိုးသူတို့ကိုတရားဟော၍ ကြည်ညိုစိတ်ရှိကုန်သော ထိုခိုးသူတို့သည် သင်သည် ဤအရပ်၌ငါတို့ရှိကြောင်းကို တစ်ဦးတစ်ယောက်အား မပြောထိုက်၊ မပြောနှင့်ဟုပြောဆိုကြပြီး လွှတ်လိုက်လေသော် ခရီးရင်ဆိုင်လာကြသော အမိအဖတို့ကိုမြင်၍ ထိုခရီးကိုပင် သွားကြကုန်သော်လည်း ထိုခိုးသူတို့၏ နှုတ်ကတိကိုစောင့် သည်ဖြစ်၍ မိဖတို့အား မပြောကြားလေ။

ခိုးသူတို့သည် သာမဏေ၏ မိဖတို့ကို ညှဉ်းဆဲအပ်ကုန်သော် မိဖတို့က သင်သာမဏေသည်လည်း ခိုးသူတို့နှင့်အတူတကျိတ်တည်းဖြစ်ပြီး ငါတို့ကို ညှဉ်းဆဲသည်ထင်၏၊ ထို့ကြောင့်ငါတို့အား သင်မပြောခြင်း ဖြစ်သည်ဟု ပြောဆိုငိုကြွေးကုန်သော် ခိုးသူတို့သည် မိဖတို့၏အသံကိုကြားကြလေသော် မိဖတို့ အားသော်လည်းမပြောသူဖြစ်ကြောင်းကိုသိကြ၍ ကြည်ညိုစိတ်ရှိကြကာ ရှင်အဖြစ်ကိုတောင်းဆိုကြကုန်၏။

အဓိပုတ္တသာမဏေသည်လည်း သံကိစ္စသာမဏေကဲ့သို့ခိုးသူအားလုံးတို့ကို သာမဏေပြုပေးပြီး ဥပဇ္ဈာယ်ထံ ခေါ်ဆောင်ခဲ့လေသော် ဥပဇ္ဈာယ်ဆရာသည် မြတ်စွာဘုရားထံ စေလွှတ်အပ်သည်ဖြစ်၍ မြတ်စွာဘုရားထံသို့ သွားရောက်ပြီးဖြစ်ခဲ့ပြီးသောထိုအကြောင်းကို လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် ရဟန်းတို့ အဓိမုတ္တသာမဏေ လျှောက်ထားသော စကားမှန်သလောဟု မေးတော်မူသဖြင့် မှန်ပါသည်ဘုရားဟု လျှောက်ထားအပ်သော် ရှေ့ဖြစ်သောသံကိစ္စဝတ္ထု၌ ဆိုအပ်သောနည်းဖြင့်သာအနုသန္ဓေစပ်၍တရားဟောတော်မူလိုကား -

ယောစ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။

ဟူသော ဤဂါထာကို ဟောတော်မူ၏။ (အနက်တူပြီ)

**သံကိစ္စသာမဏေဝတ္ထု ပြီး၏။**

## ၇၆။ ခါဏုကောဏ္ဍညထေရ်ဝတ္ထု

မြတ်စွာဘုရားသာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောဏ္ဍညထေရ်သည် မြတ်စွာဘုရားထံတော်၌ ကမ္မဋ္ဌာန်းကိုယူ၍တောသို့နေလျက် တရားအားထုတ်လေသော် အရဟတ္တဖိုလ်သို့ရောက်၍ မြတ်စွာဘုရားအား ဝမ်းသာစကားလျှောက်ထားမည်ဟုတောတွင်းမှ လာခဲ့စဉ် လမ်းခရီး အလယ်၌ ပင်ပန်းသည်ဖြစ်၍ လမ်းမှသက်ဆင်းပြီး ကျောက်ဖျာတစ်ခုပေါ်၌ထိုင်လျက် ဈာန်ဝင်စားနေ၏၊ ထိုအခါ၌ရွာတစ်ရွာကို တိုက်ခိုက်လုယက်ပြီး မိမိ၏ စွမ်းအားလျော်စွာ ဥစ္စာကိုထုတ်၍ ဦးခေါင်းဖြင့်ရွက်ကုန်လျက်လာကြသော ခိုးသူငါးရာတို့သည် ဝေးကွာသော ခရီးသို့လာကြသည်၊ ဤကျောက်ဖျာ၌ အပန်းဖြေကြဦးမည်ဟု ခရီးမှသက်ဆင်းကြပြီး ကျောက်ဖျာအနီးသို့သွားကုန်၍ မထေရ်ကိုမြင်သော်လည်း ဤအရာကား သစ်ငုတ်တည်းဟု မှတ်ထင်ကြကုန်၏။

ထိုအခါခိုးသူတစ်ယောက်သည် မထေရ်၏ဦးခေါင်းထက်၌ ဥစ္စာကိုတင်ထားလေ၏၊ တစ်ယောက်သောခိုးသူသည်လည်း မထေရ်ကိုမှီ၍ဥစ္စာထုပ်ကို ထားလေ၏။ ဤသို့လျှင်ခိုးသူငါးရာလုံး ဥစ္စာထုပ်ငါးရာတို့ဖြင့်မထေရ်ကိုဝန်းရံထားကြပြီး ကိုယ်တိုင်လည်း ထိုင်လျက်အိပ်ကြကုန်၍ အရုဏ်တက်ချိန်၌ အိပ်ရာမှနိုးကြပြီးသော် မိမိ၏ဥစ္စာထုပ်ကိုယူစဉ် မထေရ်ကိုမြင်ကြ၍ ဘီလူးဟူသောအမှတ်ဖြင့် ထွက်ပြေးရန် အားထုတ်ကြကုန်၏။

ထိုအခါမထေရ်သည် ခိုးသူတို့ကိုဥပါသကာတို့မကြောက်ကြကုန်လင့် ငါကားရဟန်းတည်းဟု မိန့်လေ၏။ ခိုးသူတို့သည် မထေရ်၏ ခြေရင်း၌ဝတ်စင်းကြပြီး အရှင်ဘုရား သည်းခံခွင့်လွှတ်တော်မူပါ၊ တပည့်တော်တို့သည်သစ်ငုတ်ဟု မှတ်ထင်မိကြပါကုန်သည်ဟု မထေရ်ကိုတောင်းပန်ပြီး ခိုးမျူးကြီးသည် တပည့်တော်အရှင်ဘုရား ထံရဟန်းပြုပါမည်ဟု လျှောက်ထားအပ်သော် ကျန်ခိုးသားတို့သည် တပည့်တော်တို့လည်း ရဟန်းပြုပါမည်ဟုလျှောက်ကြပြီး ခိုးသူအားလုံး သဘောဆန္ဒတူညီကြ၍ မထေရ်ကို ရဟန်းအဖြစ် တောင်းဆိုကြကုန်၏။

ကောဏ္ဍညထေရ်သည် သံကိစ္စသာမဏေကဲ့သို့ ခိုးသူအားလုံးတို့ကို ရှင်ရဟန်းပြုစေ၏။ ထိုအချိန်မှစ၍ ခါဏုကောဏ္ဍည(သစ်ငုတ်ထင်ခံရသော ကောဏ္ဍည)ဟု ထင်ရှားလေ၏။

ကောဏ္ဍညထေရ်သည် ထိုရဟန်းတို့နှင့်အတူ မြတ်စွာဘုရားထံသွားရောက်၍ မြတ်စွာဘုရားသည် အိုကောဏ္ဍညရဟန်း၊ သင်သည် အတွင်းနေတပည့်တို့ကိုရအပ်ကုန်သလေဟု မိန့်တော်မူအပ်သော် တွေ့ကြုံခဲ့သော ထို့ကြောင်းကိုလျှောက်ထားလေ၏၊ မြတ်စွာဘုရားသည် ရဟန်းတို့ကိုကောဏ္ဍည လျှောက်ထားအပ်သော စကားသည် မှန်လေသလောဟု မေးတော်မူလေသော် မှန်ပါသည် မြတ်စွာဘုရား၊ တပည့်တော်တို့သည် ကောဏ္ဍညထေရ်မှတစ်ပါးသော ရဟန်း၏ ဤသို့သဘောရှိသော အာနုဘော်ကို မမြင်ဘူးပါ၊ ထို့ကြောင့် တပည့်တော်တို့ ရဟန်းပြုခဲ့ကြပါသည်ဟု လျှောက်ထားအပ်သော် -

ရဟန်းတို့ ဤသို့သဘောရှိသော ပညာမဲ့သူတို့၏အလုပ်၌တည်၍ နှစ်တစ်ရာပတ်လုံး အသက်ရှင်နေရခြင်းထက် ပညာနှင့်ပြည့်စုံရာ ယခုအခါ ရဟန်းဖြစ်ကြကုန်သော သင်တို့၏ တစ်ရက်သော်လည်း အသက်ရှင်ရခြင်းသည် သာမြတ်လှပေသည်ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် -

ယောစ ဝဿသတံ ဇီဝေ၊ ဒုပ္ပညော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊ ပညဝန္တဿ ဈာယိနော။

ဟူသော ဤဂါထာတော်ကို ဟောတော်မူသည်။

ယောစ-အကြင်သူသည်ကား၊ ဒုပ္ပညော-ပညာမရှိဘဲ၊အသမာဟိတော-သမာဓိမရှိဘဲ၊ ဝဿသတံ-နှစ်တစ်ရာပတ်လုံး၊ ဇီဝေ-ဇီဝတိ-အသက်ရှင်နေ၏၊ တဿ-ထိုသူ၏၊ ဇီဝိတတော-အသက်ရှင်ရခြင်းထက်၊ ပညဝန္တဿ-ပညာရှိသော ဈာယိနော- ဈာန်သမာဓိနှင့် ပြည့်စုံသောသူ၏၊ ဧကာဟံ-တစ်ရက်၊ ဇီဝိတံ-အသက်ရှင်ရခြင်းသည်၊ သေယျော-မြတ်လှပါပေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းငါးရာတို့လည်း ပဋိသမ္ဘိဒါတို့နှင့်အတူ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ရောက်လာသူများစွာလည်း အကျိုးရှိသော ဓမ္မဒေသနာတော်ဖြစ်လေပြီ။

ခါဏုကောဏ္ဍညထေရ်ဝတ္ထု ပြီး၏။

## ၇၇။ သပ္ပဒါသထေရ် ဝတ္ထု
## (ကျွန်ဖြစ်ခဲ့ဖူးသော မြွေမကိုက်ရဲသော ရဟန်း)

သာဝတ္ထိပြည်၌ အမျိုးသားတစ်ယောက် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ကြားနာရ၍ သာမဏေပြုပြီး ရဟန်းအဖြစ်ရရှိပြီးသော် တစ်ခုသောအချိန်၌ ရဟန်းဘဝ၌ ငြီးငွေ့သည်ဖြစ်၍ ငါသို့သော အမျိုးသား၏ လူဖြစ်ရခြင်း မည်သည်မသင့်လျော်၊ ရဟန်းအဖြစ်၌ရပ်တည်၍ သေရခြင်းသည်သာ ငါ့အားမြတ်လေ၏ဟုကြံစည်၍ မိမိသေရန်အကြောင်းကို စဉ်စားလျက်သွားလာနေ၏။

ထိုအချိန်တွင် တစ်နေ့သ၌ နံနက်စောစောပင် ဆွမ်းကိစ္စပြုပြီးကြသော ရဟန်းတို့သည် ကျောင်းသို့ သွားရောက်ကြ၍ မီးတင်းကုပ်၌ မြွေကိုတွေ့မြင်ကြလေသော် ထိုမြွေကိုအိုးတစ်ခု၌ထည့်၍ အိုးကိုပိတ်ပြီး ကျောင်းမှထွက်ခဲ့ကြကုန်၏။ ငြီးငွေ့သော ရဟန်းသည်လည်း ဆွမ်းကိစ္စပြုပြီးပြန်လာစဉ် ထိုရဟန်းတို့ကို တွေ့မြင်၍ အရှင်ဘုရားတို့ ဤဟာသည် အဘယ်ပါနည်းဟုမေး၍ ငါ့ရှင်မြွေတည်းဟုပြောအပ်သော် ဤမြွေဖြင့် အဘယ်ကိုပြုကြပါမည်နည်း၊ ဤမြွေကိုစွန့်ပစ်ကြမည်ဟု ပြောကြသည်။

ငြီးငွေ့သောရဟန်းသည် ထိုရဟန်းတို့၏စကားကိုကြားရ၍ ငါ့ကိုယ်ကို ဤမြွေကိုကိုက်စေပြီး ငါသေအံ့ဟုအကြံရပြီး အရှင်တို့ယူခဲ့ကြပါ၊ တပည့်တော်သည် ထိုမြွေကိုစွန့်ပစ်ပါမည်ဟု ထိုရဟန်းတို့၏လက်မှ အိုးကိုယူ၍တစ်ခုသော ဌာန၌ထိုင်လျက် မြွေကိုသူ၏ ကိုယ်ကိုကိုက်စေသည်၊ မြွေသည်ကိုက်ခြင်းငှာ အလိုမရှိ၊ ထိုရဟန်းသည်၊ အိုးတွင်း၌ လက်ကိုချ၍ ဤအရပ်မှလည်း မွှေနှောက်လေ၏၊ ပြင်းထန်သော အဆိပ်ရှိသော မြွေ၏ ခံတွင်းကိုဖွင့်၍လက်ညှိုးကိုထည့်၏။မြွေသည် ထိုရဟန်းကိုမကိုက်သည်သာ။ ထိုရဟန်းသည် ဤမြွေသည် အဆိပ်ရှိသောမြွေမဟုတ်၊ ဤမြွေသည် လင်းမြွေတည်းဟု ထိုမြွေကိုစွန့်ပစ်၍ ကျောင်းသို့သွားလေ၏။

ထိုအခါ ထိုရဟန်းကို ရဟန်းတို့သည် ငါ့ရှင်သင်သည်မြွေကို စွန့်ပစ်ခဲ့ပြီးလောဟု မေးကြသည်၊ ထိုရဟန်းသည် ငါ့ရှင်တို့ထို မြွေသည်အဆိပ်ပြင်းသော မြွေမဟုတ်၊ ထိုမြွေသည် လင်းမြွေတည်းဟုပြော၏။

ငါ့ရှင်အဆိပ်ပြင်းသော မြွေသာဖြစ်သည်၊ ကြီးစွာသောပါးပျဉ်းကိုထောင်၍ ရှူးရှူးဟုအသံပြုနေစဉ် ငါတို့ခဲခဲယဉ်းယဉ်း ဆင်းရဲစွာဖမ်းယူအပ်သည်။ သင်သည် အဘယ်ကြောင့် ဤသို့ပြောသနည်းဟု ဆိုကြကုန်၏၊ ငါ့ရှင်တို့ တပည့်တော်သည် တပည့်တော်၏ ကိုယ်ကို ထိုမြွေကိုကိုက်စေသော်လည်း မြွေခံတွင်း၌ လက်ညှိုးကိုထည့်သော်လည်း ထိုမြွေကို ကိုက်စေခြင်းငှာ တပည့်တော်မတတ်နိုင်ပါဟု ပြန်ပြောလေ၏။

ထိုစကားကို ကြားရသော် ရဟန်းတို့သည် စကားမပြော တုဏှီဘောဖြစ်ကုန်၏၊ ထိုအချိန်မှ နောက်ဖြစ်သော နေ့တစ်နေ့၌ ဆတ္တာသည်(ခေါင်းရိတ်သမားသည)သင်တုန်းဓားနှစ်ချောင်း၊ သုံးချောင်းတို့ကိုယူ၍ ကျောင်းသို့ သွားပြီးတစ်ချောင်းနှစ်ချောင်းကိုမြေကြီးပေါ်သို့ချထား၍တစ်ချောင်းဖြင့် ရဟန်းတို့၏ ဆံပင်တို့ကိုချပေးလေ၏။ (ရိတ်ပေးလေ၏)

ငြီးငွေ့သောထိုရဟန်းသည် မြေကြီးပေါ်ချထားအပ်သော သင်တုန်းဓားဖြင့် ငါ့လည်ပင်းကိုဖြတ်၍ သေမည်ဟူသောအကြံဖြင့် သစ်ပင်တစ်ပင်၌ တင်၍ရပ်လျက် ရဟန်းဖြစ်ရာတန်ဆောင်းတွင်းမှစပြု၍ မိမိသီလကို ဆင်ခြင်လတ်သော် အညစ်အကြေးကင်းသော လဝန်းနှင့်တူသော ကောင်းစွာဆေးကြော အပ်သော ပတ္တမြားတုံးနှင့်တူသော အညစ်အကြေးကင်းသော မိမိသီလကိုမြင်လေ၏၊ စင်ကြယ်သော ထိုသီလကို ရှုမြင်သော ထိုရဟန်း၏ တစ်ကိုယ်လုံးကို ဖြန့်လျက်ပီတိဖြစ်လေ၏။ ထိုရဟန်းသည် ပီတိကိုခွာ၍-ဝိပဿနာကို ရှုပွားလတ်သော် ပဋိသမ္ဘိဒါတို့နှင့်အတူ အရဟတ္တဖိုလ်သို့ရောက်၍-

သင်တုန်းဓားကိုယူခဲ့ပြီး ကျောင်းတိုက်အလယ်သို့ဝင်လာလေ၏၊ ထိုအခါထိုရဟန်းကို ရဟန်းတို့သည် ငါ့ရှင်သင် အဘယ်သို့သွားပါ သနည်းဟုမေးကြကုန်၏၊ ငါ့ရှင်တို့ ငါသည် ဤသင်တုန်းဓားဖြင့် ငါ၏လည်မျိုအကြောကိုဖြတ်၍ သေမည်အကြံဖြင့်သွားပါသည်။

ထိုသို့သွားပါလျက် အဘယ်ကြောင့် မသေသနည်း၊ ယခုအချိန်ငါသည် ဓားလက်နက်ကိုဆောင်ခြင်းငှာမထိုက်သူဖြစ်၏၊ မှန်၏၊ ငါသည်ဤ သင်တုန်းဓားဖြင့်လည်မျိုအကြောကို ဖြတ်မည်ဟုကြံစည်ပြီး ဉာဏ်သင်တုန်းဖြင့် အားလုံးသော ကိလေသာတို့ကိုဖြတ်ခဲ့ပြီးဟု ပြောလေ၏။

ရဟန်းတို့သည် ဤရဟန်းသည် မဟုတ်မမှန်လုပ်ကြံ၍ အရဟတ္တဖိုလ် ပြောဆိုပါသည်ဟု မြတ်စွာဘုရားအား လျှောက်ထားကြလေကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့စကားကိုကြားတော်မူသော် ရဟန်းတို့ အာသဝေါကုန်ခမ်း ရဟန္တာတို့မည်သည် မိမိလက်ဖြင့် မိမိကိုယ်ကို ဇီဝိတိန္ဒြေ မှမချကြလေကုန်ဟုမိန့်တော်မူလေ၏။

မြတ်စွာဘုရား, အရှင်ဘုရားတို့သည် ဤရဟန်းကို ရဟန္တာဟုမိန့်တော်မူကြပါသည်၊ အရဟတ္တဖိုလ်၏ အားကောင်းသောအကြောင်း ဥပနိဿယနှင့် ပြည့်စုံသော ဤရဟန်းသည် အဘယ်ကြောင့်ငြီးငွေ့ရလေသနည်း၊ ဤရဟန်း၏ အရဟတ္တဖိုလ်၏အကြောင်း ဥပနိဿယသည် အဘယ်နည်း၊ အဘယ်ကြောင့်ထိုမြွေသည် ဤရဟန်းကို မကိုက်လေသနည်းဟု မေးလျှောက်ကြကုန်၏။

ရဟန်းတို့ထိုမြွေသည် ဤရဟန်း၏ ဤဘဝမှ သုံးခုမြောက်ကိုယ်ဖြစ်၏အဖြစ်၌ ကျွန်ဖြစ်ခဲ့သည်၊ ထိုမြွေသည် မိမိအရှင်သခင်၏ကိုယ်ကို မကိုက်ရဲလေဟု မြတ်စွာဘုရားသည် ထိုရဟန်းတို့အား ရှေးဦးစွာ ဤသို့လျှင်တစ်ခုသော အကြောင်းကို မိန့်ကြားတော်မူသည်။ ထိုအချိန်မှစ၍ ထိုရဟန်းသည် သပ္ပဒါသ အမည်ရှိသော ရဟန်းဖြစ်လေ၏။

ကဿပမြတ်စွာဘုရား လက်ထက်တော်၌ အမျိုးသားတစ်ယောက်သည် မြတ်စွာဘုရား၏ တရားစကားကိုကြားနာရ၍ သံဝေဂဖြစ်လျက် သာမဏေပြုပြီး ရဟန်းအဖြစ်ရလေ၏။ တစ်ပါးသောအချိန်၌ မမွေ့လျော်မှုဖြစ်လတ်သော် ရဟန်းတစ်ပါးအားပြောကြားလေ၏။ ထိုရဟန်းသည်ပြောလာသော ထိုရဟန်းအား လူ၏အဖြစ်၌ အပြစ်ကိုမပြတ်ပြောဆိုလေ၏။ ထိုစကားကိုကြားရ၍ ငြီးငွေ့သော ရဟန်းသည်သာသနာတော်၌ ပျော်မွေ့ပြီး ရှေးဖြစ်သော မမွေ့လျော်ချိန်၌ အညစ်အကြေးတင်နေကုန်သော ရဟန်းအသုံးအဆောင်ပရိက္ခရာတို့ကို တစ်ခုသော ရေအိုင်ကမ်း၌ အညစ်အကြေးကင်းအောင် ရေလျှော်လျက်နေ၏။ ထိုရဟန်း၏ အတူနေမိတ်ဆွေရဟန်းသည်လည်းအနီး၌သာထိုင်နေ၏။ ထိုအခါ ထိုမိတ်ဆွေရဟန်းကိုငြီးငွေ့ဘူးခဲ့သော ထိုရဟန်းက ငါ့ရှင်, ငါသည်လူထွက်ခဲ့သော် ဤရဟန်းအသုံးအဆောင် ပရိက္ခရာတို့ကို သင့်အားပေးလိုသော ဆန္ဒဖြစ်ခဲ့ဘူးပြီဟု ပြောလေ၏။

မိတ်ဆွေရဟန်းသည် လိုချင်မှုလောဘကိုဖြစ်စေပြီး ဤရဟန်းသည် ရဟန်းဖြစ်နေသော်လည်းကောင်း၊ လူထွက်သော်လည်းကောင်း၊ ငါ့အား အဘယ်အကျိုးရှိမည်နည်း၊ ယခုသူ၏ရဟန်းအသုံးဆောင် ပရိက္ခရာတို့ကို ငါယူမည်ဟု ကြံစည်လေ၏။

ထိုမိတ်ဆွေရဟန်းသည် ထိုအကြံအစည်ဖြစ်ချိန်မှစ၍ ငါ့ရှင်ယခုငါတို့၏ အသက်ရှင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါတို့သည် ခွက်လက်စွဲကုန်လျက် သူတစ်ပါးအိမ်တို့၌ ဆွမ်းအလို့ငှာသွားကြရသည်။ သားမယားတို့နှင့်အတူ အာလာပသလ္လာပ-မိတ်ဆွေစကားနှီးနှောစကား၊ ပြောဆိုခြင်းကို မပြုကြရကုန် ဤသို့အစရှိသော စကားတို့ကို ပြောဆိုလျက် လူအဖြစ်၏ ဂုဏ်ကျေးဇူးကို ပြောပြလေ၏။

ငြီးငွေ့ဘူးသော ရဟန်းသည် မိတ်ဆွေရဟန်း၏ စကားကိုကြားရလျှင် တဖန်ငြီးငွေ့သူဖြစ်၍ ဤရဟန်းသည် ယခင်အခါက ငါက သာသနာတော်၌ ငြီးငွေ့ပါသည်ဟု ပြောအပ်သော် ရှေးဦးစွာ လူအဖြစ်၌ အပြစ်ကို ပြောပြ၍ ယခုအခါ လူအဖြစ်၏ ဂုဏ်ကျေးဇူးကို မပြတ်ပြောနေသည်။ အဘယ်အကြောင်းရှိမည်နည်းဟု စဉ်းစား လတ်သော် ငါ၏ ဤရဟန်းအသုံးအဆောင်ပရိက္ခရာတို့၌ လိုချင်လောဘကြောင့်ပြောသူဖြစ်သည်ဟု သိမြင်ပြီး မိမိအလိုလိုပင် မိမိ၏ ငြီးငွေ့စိတ်ကို ဆုတ်နစ်စေ၏။ (ရုပ်သိမ်းလိုက်လေ၏)

ဤသို့လျှင် ကဿပမြတ်စွာဘုရားလက်ထက်တော်၌ ဤရဟန်း၏ ရဟန်းတစ်ပါးကို ငြီးငွေ့စေခဲ့သူဖြစ်သောကြောင့် ယခုဘဝ၌သာသနာတော်၌ မပျော်မမွေ့ ငြီးငွေ့ခြင်းဖြစ်လေ၏။ ထိုရဟန်းသည်ပင် ထိုအချိန်၌ နှစ်ပေါင်းနှစ်သောင်းတို့ပတ်လုံး အကြွင်ရဟန်းတရားကို ပြုကျင့်အပ်၏။ ထိုရဟန်းတရားသည် ဤရဟန်း၏ ယခုဘဝ ယခုအချိန်၌ အရဟတ္တဖိုလ်၏အားကောင်းသော မှီရာအကြောင်းဖြစ်လေပြီဟု မိန့်တော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရားထံတော်မှ ဤအကြောင်းကို ကြားပြီးသော် မြတ်စွာဘုရား ဤရဟန်းသည် သင်တုန်းဓားအသွားကို လည်မျိုအကြောပေါ်၌ထားပြီး ရပ်လျက်သာ အရဟတ္တဖိုလ်သို့ ရောက်သည်ဟု ဆိုပါသည်။ ဤမျှလောက်သော ခဏဖြင့် အရဟတ္တမဂ်သည် ဖြစ်နိုင်ပါမည်လောဟု အပိုမေးခွန်းကို မေးကြပြန်သည်။

ရဟန်းတို့ ဖြစ်နိုင်သည် မှန်ပေ၏။ ပြင်းပြင်းထန်ထန်အားထုတ်အပ်သော ဝီရိယရှိသော ရဟန်း၏ ခြေကိုမြှောက်၍ မြေ၌ချစဉ် မြေပေါ် မရောက်မီမှာပင် အရဟတ္တမဂ်သည် ဖြစ်လေ၏။ ပျင်းရိသော ပုဂ္ဂိုလ်၏ အနှစ်တစ်ရာပတ်လုံး အသက်ရှင်ရခြင်းထက် ပြင်းပြင်းထန်ထန်အားထုတ်အပ်သော ဝီရိယရှိသော ရဟန်း၏ ခဏမျှလည်း အသက်ရှင်ရခြင်းသည် မြတ်လှပေ၏ဟု မိန့်တော်မူကာ အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသော မြတ်စွာဘုရားသည် -

> ယောစ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။
>
> ဧကာဟံ ဇီဝိတံ သေယျော၊ ဝီရိယ မာရဘတော ဒဠှံ။

ဟူသော ဤဂါထာကို ဟောတော်မူသည်။

ယောစ - အကြင်သူသည်ကား၊ ကုသီတော - ပျင်းရိသူသည်၊ ဟီနဝီရယော - ယုတ်လျော့သော ဝီရိယရှိသူသည် (ဟုတ္ဝာ-ဖြစ်၍)၊ ဝဿသတံ - နှစ်တစ်ရာပတ်လုံး၊ ဇီဝေ - ဇီဝတိ - အသက်ရှင်နေ၏။ (တဿ - ထိုသူ၏၊ ဇီဝိတတော - နှစ်တစ်ရာအသက်ရှင်နေရခြင်းထက်) ဝီရိယံ၊ အာရမ္ဘဏူပစျာန်၊ လက္ခဏူပစျာန်၊ ဤနှစ်တန်ကိုဖြစ်စေရန် စွမ်းနိုင်သော ဝီရိယကို၊ ဒဠှံ - မြဲမြံစွာ၊ အာရဘတော - အာရဘန္တဿ - အားထုတ်သူ၏၊ ဇီဝိတံ - အသက်ရှင်ရခြင်းသည်၊ သေယျော - မနှိုင်းယှဉ်အပ်၊ မြတ်လှပေသတည်း။

ဒေသနာတော်အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ရောက်ကြလေကုန်၏။

**သပ္ပဒါသထေရ် ဝတ္ထု ပြီး၏။**

သာသနာတော်ထွန်းကားပြန့်ပွားရေး ... ဌာန
အမှတ် ၂၂၂၆
ရက်စွဲ ...............
ဟု...တေသနစာကြည့်တိုက်

**...အဋ္ဌကထာ ပဥ္စမအုပ်၌ ပါဝင်သော အမျိုးသားဆိုင်ရာ**
**ဓမ္မပဒဝတ္ထုများ ပြည့်စုံပြီ။**

အကုသလ၊ ကုသလ၏၊ ကမ္မဿကာ၊ လက္ခဏာကို၊
မြဲစွာဝမ်းတွင်း၊ နလုံးသွင်းလော့၊ မပျင်းကုသိုလ်၊
ထိုပုဂ္ဂိုလ်ကား၊ ကိုယ့်ကိုချစ်သူ၊ မည်သောဟူ၏၊
အယူမယွင်း၊ ဆောက်တည်ခြင်းဖြင့်၊ ကံရင်းမူလ၊
ဝီရိယနှင့်၊ ဉာဏထောက်ကူ၊ ရှိသောသူမှ၊ လူတွင်လူလွန်၊
လွှားတံခွန်သို့၊ လူမွန်တစ်ယောက်၊ တစ်ခေါ်လောက်အောင်၊
ခါရောက်ချိန်ဆုံး၊ တုမဲ့နှုန်း၍၊ ရွှေဘုန်းမော်ရမည်ကိုကား။

(မဃဒေဝလင်္ကာသစ်၊ ပိုဒ်ရေ-၂၇၉)

